# LIFT
# နှစ်ပတ်လည် အစီရင်ခံစာ

၂၀၁၈







**Livelihoods and Food Security Fund**

LIFT

UKaid from the British people

European Union

Australian Aid

DENMARK

USAID FROM THE AMERICAN PEOPLE

SWEDEN

GRAND DUCHY OF LUXEMBOURG

Irish Aid

# LIFT

# နှစ်ပတ်လည် အစီရင်ခံစာ ၂၀၁၈

ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံရှိ ကျေးလက်နေနွမ်းပါးသူများ၏ အသက်မွေးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုတို့ ပိုမိုတိုးတက် ကောင်းမွန်ရေးအတွက် ထည့်ဝင်လှူဒါန်းကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊အိုင်ယာလန်၊အီတလီ၊လူဇင်ဘတ်၊နယ်သာလန်၊နယူးဇီလန်၊ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်းနှင့် အမေရိကန်ပြည်ထောင်စု အစိုးရများကို ကျေးဇူးတင်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ(LIFT) ကို ပံ့ပိုးကူညီကြခြင်းအတွက် ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ ထို့ပြင် LIFT ၏ ပထမဦးဆုံးသော ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်ဖြစ်သည့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်း ကိုလည်း ကျေးဇူးတင်ပါသည်။

အသိပေးကြေညာချက်

ဤ အစီရင်ခံစာ ကို ၂၀၁၈ ခုနှစ်အတွင်း LIFT မှ ရန်ပုံငွေ ထောက်ပံ့ခဲ့သည့် စီမံချက်များမှ ရရှိသည့် အချက်အလက်များအပေါ် အခြေခံပြီး ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပ သမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာနယ်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်း နှင့် အမေရိကန် ပြည်ထောင်စု  နှင့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်း တို့၏ ဘဏ္ဍာရေး အထောက်အပံ့ဖြင့် ရေးသားပြုစုထားပါသည်။ ဤအစီရင်ခံစာတွင် ရေးသားဖော်ပြထားသော အမြင်များအား  LIFT တွင် ထည့်ဝင် လှူဒါန်း ထားကြသည့် အလှူရှင်များ၏ တရားဝင်အမြင်များဟု မယူဆနိုင်ပါ။

ငွေလဲလှယ်နှုန်း - ဤ အစီရင်ခံစာတွင်  ၂၀၁၈ခုနှစ်အတွင်း ပျမ်းမျှ ငွေလဲနှုန်း ဖြစ်သည့် အမေရိကန် ၁ ဒေါ်လာ ကို မြန်မာကျပ်ငွေ ၁၄၄၁ ဖြင့် ဖော်ပြထားသည်။

ဓါတ်ပုံများကို  LIFT နှင့် အကောင်အထည်ဖော်ရေးမိတ်ဖက်အဖွဲ့များမှ ရိုက်ကူးထားပါသည်။

အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ
UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး
၁၂(ဏ) ပြည်သူ့လမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်၊ မြန်မာ
ဖုန်း ။      ။ +၉၅ ၁ ၆၅ ၇ ၂၈၀~၈၇ ဖက်စ်။  +၉၅ ၁ ၆၅ ၇၂ ၇၉
အီးမေးလ်။။ lift@unops.org
lift-fund.org | facebook.com/liftfund| twitter.com/liftfund

ဤအစီရင်ခံစာကို LIFT မှ ထုတ်ဝေပြီးသည့် နှစ်ပတ်လည်အစီရင်ခံစာများကို အခြေခံ၍ ရေးသားပြုစုထားပြီး ယင်း အစီရင်ခံစာ များအား www.lift-fund.org/publications တွင် ရယူနိုင်ပါသည်။

# မာတိကာ


၅ အားလုံးပါဝင်စေသော အသွင်ပြောင်းလဲမှု ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း

၁.၀
## ၈ အနှစ်ချုပ်တင်ပြချက်

၈ အနှစ်ချုပ်တင်ပြချက်
၁၃ အစိုးရအား မူဝါဒ ရေးရာ နှင့် ပံ့ပိုးပေးခြင်း
၁၅ လေ့လာ ဖော်ထုတ်ခဲ့သော သင်ခန်းစာများ

၂.၀
## ၂၃ အကျိုးရလဒ်များ

၂၃ မိတ်ဆက်
၂၃ LIFT ၏ ယုတ္တိဗေဒမူဘောင်
၂၃ အချက်အလက်ကောက်ယူသည့် ရင်းမြစ်များနှင့် ဆန်းစစ်လေ့လာမှု
၂၆ LIFT ၏ ညွှန်းကိန်း ရလဒ်များနှင့် ပြီးစီးမှုများ
၄၁ LIFT ၏ ၂၀၁၈ ခုနှစ် ရလဒ်များ အကျဉ်းချုပ်
၄၃ လုပ်ငန်းစောင့်ကြည့်စစ်ဆေးမှု

၃.၀
## ၄၉ နယ်မြေဒေသများ

၅၀ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ
၆၈ အပူပိုင်းဇုန်
၈၄ ရခိုင်ဒေသ
၉၆ တောင်တန်းဒေသ

၄.၀
## ၁၁၇ အကြောင်းအရာလိုက် စီမံကိန်းများ

၁၁၇ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု
၁၂၀ ပုဂ္ဂလိက ကဏ္ဍ နှင့် ပူးပေါင်းဆောင်ရွက်မှု
၁၂၇ လုံခြုံစိတ်ချရပြီး အကျိုးရှိသည့် ရွှေ့ပြောင်းသွားလာမှု
၁၃၈ အရပ်ဘက် လူမှုအဖွဲ့အစည်း အားကောင်းစေခြင်း

၅.၀
## ၁၄၇ အားလုံးနှင့် အကျုံးဝင်သည့် နယ်ပယ်များ

၁၄၇ အာဟာရဖွံ့ဖြိုးမှု
၁၅၃ ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်
၁၅၆ လူမှု ကာကွယ်စောင့်ရှောက်ရေး
၁၅၇ ကျားမ ရေးရာ

၆.၀
## ၁၆၅ မူဝါဒရေးရာ

၁၆၅ အာဟာရ
၁၆၇ စိုက်ပျိုးရေး
၁၆၈ မြေယာလုပ်ပိုင်ခွင့်
၁၇၀ ရွှေ့ပြောင်းသွားလာမှု
၁၇၃ ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်မှုနှင့် အသေးစားငွေရေးကြေးရေး လုပ်ငန်း
၁၇၄ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား LIFT မှ နည်းပညာပံ့ပိုးပေးမှု

၇.၀
## ၁၈၁ ငွေကုန်ရကျိုးနပ်မှု

၁၈၄ LIFT စီမံကိန်းများ နှင့် စီမံချက် သက်တမ်းများ တလျှောက်ရှိ ငွေကုန်ရကျိုးနပ်မှု
၁၈၆ ငွေကုန်ရကျိုးနပ်မှု ၂၀၁၈ - ၂၀၂၃

၈.၀
## ၁၉၁ ရန်ပုံငွေ စီမံခန့်ခွဲမှု

၁၉၁ LIFT ၏ စီမံအုပ်ချုပ်မှု
၁၉၃ LIFT ၏ ရန်ပုံငွေများခွဲဝေမှု
၁၉၄ ရန်ပုံငွေ စီးဆင်းမှု နှင့် မိတ်ဖက်များ၏ စွမ်းဆောင်မှု
၁၉၅ ဘဏ္ဍာရေး
၁၉၇ တာဝန်ခံမှု နှင့် သင်ယူမှုအတွက် စောင့်ကြည့် လေ့လာခြင်း နှင့် အကဲဖြတ်ခြင်း (MEAL)
၂၀၁ ဆက်သွယ်ရေး
၂၀၁ အသိပညာ စီမံခန့်ခွဲခြင်း နှင့် သင်ယူခြင်း

၉.၀
## ၂၀၈ LIFT ၂၀၁၉ -၂၀၂၃

၁၀.၀
## ၂၁၅ နောက်ဆက်တွဲများ

၂၁၅ LIFT ၏ ဆောင်ရွက်ဆဲစီမံချက်များနှင့် နေရာဒေသများ ၂၇၈
၂၁၇ LIFT ၏ ယုတ္တိဗေဒ မူဘောင်
၂၂၀ ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ဆဲ စီမံချက်များ
၂၂၅ စီမံချက်များ၏ လုပ်ငန်းဆောင်ရွက်မှုများ

၂၂၅ မြစ်ဝကျွန်းပေါ်ဒေသ
၂၂၇ အပူပိုင်းဇုန်
၂၃၁ ရခိုင်ဒေသ
၂၃၅ တောင်တန်းဒေသ
၂၄၄ ရွှေ့ပြောင်းသွားလာရေး
၂၄၈ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု
၂၅၂ ပုဂ္ဂလိက ကဏ္ဍ

၂၅၄ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ အထိ LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု
၂၅၆ ၂၀၁၈ ခုနှစ်အတွင်း မူဝါဒရေးရာ ထိတွေ့ဆောင်ရွက်မှုများ
၂၆၆ ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် LIFT ၏ လေ့လာမှုများ
၂၇၄ LIFT ၏ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ

# အတိုကောက် အသုံးအနှုန်းများ

ADB
Asian Development Bank

ASEAN
Association of Southeast Asian Nations

CBO
Community-based Organisation

CSO
Civil Society Organisation

DAR
Department of Agricultural Research

DC
Donor Consortium

DoA
Department of Agriculture

DoF
Department of Fisheries

DRD
Department for Rural Development

DSW
Department of Social Welfare

FMO
Fund Management Office

FB
Fund Board

FDI
Foreign Direct Investment

FRD
Financial Regulatory Department

FSWG
Food Security Working Group

GRET
Group de Recherches et d'Echanges Technologiques

IDP
Internally Displaced Person

IFC
International Finance Corporation

HH
Households

IP
Implementing Partner

LBVD
Livestock Breeding and Veterinary Department

LEARN
Leveraging Essential Nutrition Actions To Reduce Malnutrition project

MADB
Myanmar Agriculture Development Bank

MCCT
Maternal and Child Cash Transfer

MEAL
Monitoring and Evaluation for Accountability and Learning

MFI
Microfinance Institution

MMK
Myanmar Kyat

MoAI
Ministry of Agriculture and Irrigation

PGMF
Pact Global Microfinance

PoVAW
Prevention of Violence Against Women Law

QSEM
Qualitative Social and Economic Monitoring (report)

SPPRG
Social Policy & Poverty Research Group

SRI
System of Rice Intensification

UNOPS
United Nations Office for Project Services

VDC
Village Development Committee

VSLA
Village Savings and Loan Association

WASH
Water, Sanitation, and Hygiene

WHH
Welthungerhilfe

# အားလုံးပါဝင်စေသော အသွင်ပြောင်းလဲမှု ဖြစ်ထွန်းစေရန် ဆောင်ရွက်ခြင်း

အလှူရှင်အများ စုပေါင်းထည့်ဝင်ထားသည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (Livelihoods and Food Security Fund, LIFT) သည် မြန်မာနိုင်ငံရှိ ကျေးလက်နေ ပြည်သူများအား စီးပွားရေးအလားအလာ အပြည့်အဝ ရရှိလာစေရန်နှင့် ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်များ ပိုမိုအားကောင်းလာစေရန်အတွက် အာဟာရဖွံ့ဖြိုးမှု တိုးတက်လာစေခြင်း၊ ဝင်ငွေရလမ်းအမျိုးမျိုး ဖန်တီးပေးခြင်းနှင့် လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာစေခြင်းတို့ဖြင့် ပံ့ပိုးကူညီရန်အတွက် ၂၀၁၀ခုနှစ်မှစ၍ စီမံကိန်းများ ဆောင်ရွက်လျက် ရှိပါသည်။

တောင်သူများ၏ အမြတ်ဝင်ငွေ တိုးတက်စေခြင်း၊ စိုက်ပျိုးရေးတွင် သီးနှံအမျိုးမျိုးအား စိုက်ပျိုးရန် အားပေးကူညီခြင်းနှင့် ပိုမို မြင့်မားသော လစာရရှိသည့် အလုပ်အကိုင်သစ်များ ရရှိရန်အတွက် လူအများအား ကျွမ်းကျင်မှုများတိုးတက်လာအောင်ဆောင်ရွက်ပေးခြင်းတို့ဖြင့် မြန်မာ့ကျေးလက် စီးပွားရေး ခေတ်မီဖွံ့ဖြိုးအောင် LIFTက ပံ့ပိုး ကူညီလျက်ရှိပါသည်။

LIFT၏ ပံ့ပိုးမှုဖြင့် ၂၀၁၆ ခုနစ်ကတည်းက စတင်ခဲ့သည့် ဆောင်ရွက်ဆဲ သုတေသနများမှ မြန်မာနိုင်ငံ၏ စီးပွားရေးတွင် ဖြစ်ပေါ်လျက်ရှိသည့် ဖွဲ့စည်းတည်ဆောက်ပုံ အသွင်ပြောင်းလဲရေးများ ဖြစ်ပေါ်စေရန် ရှင်းလင်းတိကျသည့် အထောက်အထားများကို ပံ့ပိုးပေးပါသည်။[၁] လက်တွေ့တွင်မူ ကျေးလက်ဒေသတွင် လုပ်အားခများ ကြီးမြင့်လျက်ရှိသဖြင့် တောင်သူများအနေဖြင့် စက်မှုလယ်ယာသို့ အသွင်ပြောင်းကာ ဆန်စပါးထက် အကျိုးအမြတ်ပိုမိုရသည့် သီးနှံများစိုက်ပျိုးရန် အားပေးပါသည်။ အထူးသဖြင့် ပဲခူးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ငါးမွေးမြူရေးသည် ဆန်စပါးစိုက်ပျိုးသည်ထက် အကျိုးအမြတ် ပိုမိုရရှိသဖြင့် လျင်မြန်စွာ တိုးတက်များပြားလျက် ရှိပါသည်။ ငါးမွေးမြူရေးသည် ဆန်စပါးစိုက်ပျိုးသည်ထက် တဧကချင်းတွင် အလုပ်သမားအင်အား လေးဆမျှ ပိုမိုခန့်ထားရသဖြင့် လုပ်သားလိုအပ်ချက် ပိုမိုများပြားလာခြင်းနှင့် ငါးစာနှင့် ငါးထုတ်လုပ်ရေး လုပ်ငန်းများတွင် ဝယ်လိုအား မြင့်တက်လာခြင်းတို့ကြောင့် ကျေးလက်လုပ်အားခများ ပိုမိုမြင့်တက်လာပါသည်။ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ပြုလုပ်ခဲ့သည့် သုတေသနအရ ၂၀၁၂ ခုနစ်မှ စတင်၍ ကျေးလက်ဒေသတွင် လယ်ယာပြင်ပအလုပ်အကိုင်များ အလျင်အမြန် တိုးတက်များပြားလာကြောင်း တွေ့ရှိရပါသည်။[၃] [၂] ၂၀၁၇ခုနှစ်က အပူပိုင်းဇုန်ဒေသတွင် ဆောင်ရွက်ခဲ့သည့် သုတေသနမှလည်း ၂၀၁၁ ခုနှစ်မှစ၍ လယ်ယာပြင်ပ စီးပွားရေးလုပ်ငန်းများ လျင်မြန်စွာ ဖြစ်ထွန်းလာကြောင်း၊ လက်လီအရောင်းလုပ်ငန်းများ နှစ်ဆကျော်မျှ ရှိလာကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ ကုန်သွယ်မှုနှင့် ထုတ်လုပ်မှုမှာလည်း သုံးဆ တိုးတက်လာကြောင်းနှင့် အငှားဝန်ဆောင်မှုပေးသည့်သူများမှာလည်း လေးဆကျော်ရှိလာကြောင်းကို ပြသနေပါသည်။ငွေလွှဲပေးပို့ခြင်းအပါအဝင် လယ်ယာပြင်ပ ဝင်ငွေသည် ထိုစီးပွားရေးလုပ်ငန်းများ အစပြုရန်အတွက် အရေးအပါဆုံးသော မတည် ရင်းနှီးမှုများ ဖြစ်ပါသည်။[၄]

ဤကဲ့သို့ ပြောင်းလဲနေသည့် ပတ်ဝန်းကျင်တွင် LIFTသည် အသိပညာ အသစ်များ၊နည်းပညာ အသစ်များနှင့် ငွေကြေးနှင့် စျေးကွက်လက် လှမ်းမီမှုများကို ပေးအပ်လျက်ရှိပါသည်။ထို့ပြင် ကျေးလက်နေနွမ်းပါးသူများ၏ ဘဝများတိုးတက်လာစေမည့် မူဝါဒများ အကောင်အထည်ဖော်ရာတွင် ကျောထောက်နောက်ခံပေးမည့် အထောက်အထားများကိုလည်း ဖော်ထုတ်ပေးပါသည်။

LIFT မှ ထောက်ပံ့ပေးသည့် အမေရိကန်ဒေါ်လာ ၅၀၃သန်းသည် တနိုင်ငံလုံးရှိ ကျေးလက်နေ ပြည်သူလူထု၏ အကြမ်းဖျင်း ၃၃ ရာခိုင်နှုန်းဖြစ်သည့် ကျေးလက်လူဦးရေ ၁၁.၆ သန်းထံသို့ ရောက်ရှိခဲ့ပါသည်။

စီမံချက်များအား မိတ်ဖက်အဖွဲ့များဖြစ်သော ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ ပညာရေးနှင့် သုတေသန အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ဖြင့် အကောင်အထည် ဖော်လျက်ရှိပါသည်။LIFTသည် နိုင်ငံတော်အစိုးရအား နည်းပညာ အထောက်အပံ့နှင့် နည်းပညာဆိုင်ရာ လမ်းညွှန်မှုများကို ကူညီပံ့ပိုးပေးနေပါသည်။

၂၀၁၈ ခုနှစ်တွင် LIFTသည် အစိုးရမှ စတင်ဆောင်ရွက်သည့် အာဟာရဆိုင်ရာ အစီအစဉ်များတွင် အားဖြည့်ပေးရန်အတွက် အောင်မြင်မှုရပြီးသော အထောက်အထား အခြေပြု ချဉ်းကပ်နည်းလမ်းများဖြင့် ပေးအပ်သည့် အာဟာရဆိုင်ရာ လုပ်ငန်းများကို မြန်မာတနိုင်ငံလုံးတွင် ဆက်လက်ဆောင်ရွက်နေပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန်၊ ရခိုင်နှင့် တောင်တန်းဒေသများတွင် စီမံကိန်းများအား ဆက်လက်ဆောင်ရွက်ခဲ့ပြီး ကောင်းမွန်သည့် ရလဒ်များကိုလည်း ရရှိခဲ့ပါသည်။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်မှု စီမံကိန်းမှာ ကြီးထွားလာခဲ့ပြီး ယခုအခါ အသေးစားငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများအား လူဦးရေ ၂.၆သန်းထံ ရောက်ရှိခဲ့ပါသည်။အဆိုပါ စီမံကိန်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သော အစီအစဉ်များသည် ရည်ရွယ်ထားသည့် အကျိုးခံစားခွင့်ရှိသည့် အုပ်စုများအား ကူးသန်းရောင်းဝယ်ရေး တန်ဖိုးမြှင့်ကွင်းဆက်ဆီသို့ "တက်လှမ်း"နိုင်ရန်၊ အမြတ်ဝင်ငွေ နည်းပါးသည့် စိုက်ပျိုးရေးမှ "ထွက်ခွာ"၍ပိုမိုအမြတ်ရရှိသာ စိုက်ပျိုးရေးနှင့် လယ်ယာပြင်ပ အထောက်အကူပြု အလုပ်အကိုင်များသို့ ကူးပြောင်းစေရန်နှင့် နောက်ပိုင်းတွင် ပိုမိုကောင်းမွန်သည့် အာဟာရ နှင့် ကျွမ်းကျင်မှု များရရှိပြီး "တက်လှမ်း" (သို့) "ထွက်ခွာ" နိုင်ရန်အတွက် "တောင့်ထား" နိုင်စေရန် ကူညီခြင်းအား LIFT ၏ ၂၀၁၄-၂၀၁၈ မဟာဗျူဟာတွင် ထည့်သွင်းထားပါသည်။

မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးတွင်ကျေးလက်ဒေသများရှိ ပြည်သူများအတွက် အပြောင်းအလဲများဖြစ်စေရန် ပံ့ပိုးပေးသည့် အချက်များစွာ ရှိပါသည်။၂၀၁၈ ခုနစ်တွင် LIFT ၏ စီမံချက် နယ်မြေလေးခုလုံးရှိ ကျေးလက်နေ ပြည်သူများအတွက် စက်မှုလယ်ယာ၊ အသေးစား ငွေရေးကြေးရေး လုပ်ငန်းနှင့် ရွှေ့ပြောင်းသွားလာရေးကဏ္ဍတို့သည် သိသာထင်ရှားသည့် သက်ရောက်မှုများရှိခဲ့ပါသည်။ LIFT၏ရွှေ့ပြောင်းသွားလာရေး အစီအစဉ်သည် မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းသွားလာရေးကဏ္ဍ၌ အကြီးမားဆုံး ရန်ပုံငွေ ထောက်ပံ့မှု ဖြစ်ပါသည်။ မြို့ပြရှိ အလုပ်အကိုင်များသည် စိုက်ပျိုးရေးလုပ်ငန်းမှ "ထွက်ခွာ"လိုသည့်ကျေးလက်နေ ပြည်သူများကိုဆွဲဆောင်လျက်ရှိနေသဖြင့် ကျေးလက်ဒေသများမှ ရွှေ့ပြောင်းသွားလာမှုသည် ဆက်လက်များပြားလာလျက် ရှိပါသည်။ LIFT ၏ မိတ်ဖက်အဖွဲ့များသည် ရွှေ့ပြောင်းသွားလာသူများနှင့် ရွှေ့ပြောင်းသွားလာရန် ဆန္ဒရှိသူများအတွက် လုပ်ငန်းကျွမ်းကျင်မှုများ၊ ငွေရေးကြေးရေးဆိုင်ရာ အသိပညာများ ရရှိစေခြင်းနှင့် ၎င်းတို့ကိုယ်တိုင်နှင့် ၎င်းတို့၏ မိသားစုများအား အလုပ်အကိုင်နှင့် ဘဏ္ဍာရေး ရည်မှန်းချက်များ ရရှိနိုင်မည့် အခွင့်အလမ်းသစ်များဆီသို့ "ထွက်ခွာ" နိုင်ရန် ကူညီပံ့ပိုးပေးပါသည်။

ရွှေ့ပြောင်းသွားလာမှုသည် လူတိုင်းအတွက် 'ထွက်ခွာ' ရသည့် ဖြေရှင်းနည်းလမ်း မဟုတ်ပါ။ မိမိတို့၏ လူမှုအဖွဲ့အစည်းအတွင်း ဆက်လက်နေထိုင်ရန်

၁။ မီချိဂန် ပြည်နယ် တက္ကသိုလ်၊ USAID၊ LIFT၊ CESD၊ IFPR 'မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ စက်မှုလယ်ယာဖြစ်စေရေးနှင့် အသွင်ပြောင်းလဲရေး'၊ ၂၀၁၆ စက်တင်ဘာ

၂။ မီချိဂန်ပြည်နယ် တက္ကသိုလ်၊ စားနပ်ရိက္ခာဖူလုံရေး စီမံချက် သုတေသန ၂၀၁၆

၃။ ကမ္ဘာ့ဘဏ်နှင့် ပညာအလင်းပွင့်မြန်မာ သုတေသန ဖောင်ဒေးရှင်း 'မြန်မာနိုင်ငံ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ နှင့် လူမှုရေးဆိုင်ရာ အပြောင်းအလဲ၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာစောင့်ကြည့်လေ့လာမှု (QESM) ဆဌမ အကြိမ်၊ ၂၀၁၇ မေ

၄။ မီချိဂန် ပြည်နယ် တက္ကသိုလ်၊ 'မြန်မာ့ အပူပိုင်းဇုန်တွင် ကျေးလက်ဒေသ လယ်ယာပြင်ပ ဝင်ငွေများ' ၂၀၁၇ ဒီဇင်ဘာ

ရွေးချယ်နိုင်ပြီး၊ စိုက်ပျိုးလုပ်ငန်းတွင် ပေါ်ပေါက်လာမည့် စီးပွားရေး အခွင့်အလမ်း သစ်များ နှင့် လယ်ယာပြင်ပ စီးပွားရေးလုပ်ငန်းများ၏ အားသာချက်ကို ရယူနိုင်ပါသည်။ ၂၀၁၈ ခုနှစ်ကုန်ပိုင်းတွင် LIFT ၏ စိုက်ပျိုးစီးပွား ငွေကြေးထောက်ပံ့မှု စီမံကိန်းမှ စက်ပစ္စည်းငှားရမ်းသည့် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ဆောင်နေသည့် ကျေးလက် စွန့်ဦးတီထွင် လုပ်ငန်းရှင်များမှ အမေရိကန် ဒေါ်လာ ၁၃၈ သန်း တန်ဖိုးရှိသော စိုက်ပျိုးရေး ကိရိယာများ ဝယ်ယူရာတွင် ငွေကြေး အထောက်အပံ့များ ပေးအပ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်ကုန်တွင် LIFT မှ မြို့နယ်ပေါင်း ၂၄၇ မြို့နယ်တွင် ဆောင်ရွက်နေသည့်ငွေရေးကြေးရေးဆိုင်ရာအဖွဲ့အစည်း ၂၆ ဖွဲ့အား ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပြီး အသင်းဝင် ၂၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ပါသည်။ အသင်းဝင်အများစုတို့သည် ချေးငွေများအား မွေးမြူရေး၊ သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ငါးမွေးမြူရေးတို့တွင် အသုံးပြုပါသည်။ စက်မှုလယ်ယာနှင့် ချေးငွေများသည့် လုပ်ကွက်ငယ်တောင်သူများအား လယ်ယာ စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းအား တိုးမြှင့်နိုင်ခြင်း ဆီသို့ "တက်လှမ်း" နိုင်ရန် ကူညီပေးပြီး၊ အခြားသူများအား "ထွက်ခွာ" ရန် အတွက် ကူညီကာ လုပ်ငန်းများဖန်တီး၍ လယ်ယာပြင်ပဝင်ငွေတိုးလုပ်ငန်းများမှ ဝင်ငွေ ရရှိအောင် ဆောင်ရွက်ပေးပါသည်။

၂၀၁၈ ခုနှစ်အတွင်းတွင် LIFTမှ ဆောင်ရွက်နေသည့် စီမံကိန်းနယ်မြေများရှိမြန်မာ့စီးပွားရေး အသွင်ကူးပြောင်းမှုတွင် ပါဝင်နေသည့် ကျေးလက်နေ ပြည်သူများအတွက် အာဟာရဖွံ့ဖြိုးမှု ၊ ကြံ့ကြံ့ခံနိုင်မှု၊ ကျား၊ မ ရေးရာနှင့် လူမှုကာကွယ် စောင့်ရှောက်ရေး အစီအစဉ်များအား ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ အာဟာရဆိုင်ရာ စီမံကိန်းများသည် ကလေးဘဝအစ ပထမရက် ၁,၀၀၀ အတွင်း မိခင်များ နှင့် ၎င်းတို့၏ ကလေးများ အာဟာရ ပြည့်ဝရေးအတွက် အာဟာရဆိုင်ရာအသိပညာပေးခြင်း နှင့် မိခင်နှင့်ကလေးများအား ငွေကြေးထောက်ပံ့မှုကို အထူးအလေးပေးဆောင်ရွက်ပါသည်။ အာဟာရဆိုင်ရာ အစီအစဉ်များသည် လူများအား "တောင့်ခံ" နိုင်ရန် ကူညီပေးပြီး နောက်မျိုးဆက်အား "ထွက်ခွာ" နိုင်ရန် စွမ်းရည် တည်ဆောက်ပေးပါသည်။

၂၀၁၇ခုနှစ်တွင် LIFT၏ ရန်ပုံငွေ ဘုတ်အဖွဲ့ဝင် အလှူရှင်များမှ LIFT၏ နောက်အဆင့် (၂၀၁၉-၂၀၂၃) အတွက် ရန်ပုံငွေထောက်ပံ့ပေးရန် ကတိကဝတ်ပြုခဲ့ပါသည်။ နောက်အဆင့်အတွက် ဒီဇိုင်းနှင့် မဟာဗျူဟာအား ရေးဆွဲခဲ့ပြီး၊ ၂၀၁၈ခုနှစ်တွင် အပြီးသတ်ခဲ့ပါသည်။နောက် အဆင့်တွင် ထိခိုက်လွယ်ဆုံးသော အုပ်စုများနှင့် အားလုံးအကျုံးဝင်ပါဝင်ရေးကို အလေးထား ဆောင်ရွက်မည် ဖြစ်ပါသည်။LIFTသည် အားလုံးပါဝင်စေခြင်းနှင့် လူမှုပေါင်းစည်းခြင်းတို့အား ပိုမို အာရုံစိုက်ခြင်း၊ ကျား၊မ ရေးရာနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်း တို့အပေါ် အာရုံစိုက်မှုကို ပိုမို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခြင်း၊ နယ်စပ်ဒေသများ နှင့် ပဋိပက္ခဖြစ်ပွားသည့် ဒေသများအား အာရုံစိုက်မှုကို ပိုမိုတိုးမြှင့်ခြင်း၊ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် နေရပ်ပြန်လာသူများကို LIFT ၏ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်စေခြင်းနှင့် စီမံချက်၏ ဝန်ဆောင်မှု အနည်းငယ်သာရရှိသည့် မြို့ပြနှင့် မြို့ပြ ဝန်းကျင်ဒေသများတွင် အစီအစဉ်များဆောင်ရွက်နိုင်ရန် ဖော်ထုတ်ခြင်း မူဝါဒပြုပြင်ပြောင်းလဲမှုများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အတွက် အထောက်အကူ ပေးခြင်းများ ဆောင်ရွက်မည် ဖြစ်ပါသည်။

ပြည်သူများအား "တက်လှမ်း"၊ "ထွက်ခွာ" "တောင့်ထား" နိုင်ရန် အကူအညီပေးမည့် ကွဲပြားခြားနားသည့် အသက်မွေးဝမ်းကျောင်းမှု မဟာဗျူဟာသည် (၂၀၁၉-၂၀၂၃) LIFT၏ စီမံကိန်းလုပ်ငန်းများ၏ အဓိကဗဟိုချက်အဖြစ် ဆက်လက်ရှိနေပါသည်။

*LIFT ကို ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ယူနိုက်တက် ကင်းဒမ်း၊ အမေရိကန် ပြည်ထောင်စု တို့ မှ ပံ့ပိုးထားပြီး မစ်ဆူဘီရှီ ကော်ပိုရေးရှင်းသည် ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်အဖြစ် ပါဝင်ပါသည်။ အကူအညီ ထိရောက်မှု ရှိစေရေးအတွက် ရန်ပုံငွေများကိုစုပေါင်းကာ အသုံးပြုခဲ့သည်။ UNOPS ၏ စီမံခန့်ခွဲမှုအောက်တွင် ရန်ပုံငွေ၏ လုပ်ပိုင်ခွင့် သက်တမ်း အားတိုးချဲ့ ခဲ့ပြီးဖြစ်သည့်အပြင် LIFT ၏ နောက်အဆင့် (၂၀၁၉-၂၀၂၃)အတွက် ဒီဇိုင်းအားရေးဆွဲပြီး ဖြစ်ပါသည်။*

# ၂၀၁၀-၂၀၁၈ အတွင်း LIFT၏ ပံ့ပိုးမှုများ ရောက်ရှိခဲ့သည့် မိသားစုများ



# အနှစ်ချုပ် တင်ပြချက်

၁။ LIFT သည် ကောင်းမွန်သည့် ရလဒ်များကို ဆက်လက်ပေးအပ်ပါသည်။

၂၀၁၈ ခုနှစ်အတွင်း LIFT မှ အိမ်ထောင်စုများ၏ ဝင်ငွေများတိုးတက်လာခြင်း၊ အခြေခံပစ္စည်းပိုင်ဆိုင်မှု၊ ဝင်ငွေရလမ်းအမျိုးမျိုး၊ အစားအစာ အမျိုးအမည်စုံလင်စွာ လက်လှမ်းမီ စားသုံးနိုင်မှု၊ စားနပ်ရိက္ခာ ပံ့ပိုးပေးမှု နှင့် မူဝါဒ အစီအစဉ် များ ပါဝင်သည့် LIFT ၏ ရည်မှန်းချက် အဆင့် ရလဒ်အားလုံး ၏ အချက်အလက်များ ကောက်ယူခဲ့ပါသည်။ ၎င်းမှ ရရှိသည့် ရလဒ် ညွှန်းကိန်း ၂၈ ခုအနက်မှ ၂၆ ခုတွင် ပြည့်မီခဲ့သည် (သို့) ကျော်လွန်စွာ ရရှိခဲ့သည်။LIFT ၏ စီမံကိန်းသက်တမ်းတလျှောက်၌ အဆိုပါ ရလဒ်များက အိမ်ထောင်စုအတွင်း နေထိုင်ကြသည့် ခန့်မှန်းချေ လူဦးရေ ၅.၂ သန်း နှင့် ၄.၈ သန်း သည် ၎င်းတို့၏ ဝင်ငွေများနှင့် အခြေခံပစ္စည်း ပိုင်ဆိုင်မှုများအသီးသီး တိုးပွားလာကြောင်း၊ လူဦးရေ ၆ သန်းခန့်တွင် ကြံ့ကြံ့ခံနိုင်စွမ်းရည်များ ရှိလာကြောင်း နှင့် အိမ်ထောင်စု ပေါင်း ၄၈၈,၀၀၀ ခန့်သည် ကောင်းမွန်သည့် အစားအစာများ ပိုမိုစားသုံးလာနိုင်ကြောင်း ဖော်ပြနေပါသည်။ LIFT သည် ကိုယ်ဝန်ဆောင် မိခင်များ၏ အာဟာရ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ ငွေကြေးဆိုင်ရာ အသိပညာများ တိုးမြှင့်ပေးခြင်း၊ ချေးငွေအား လက်လှမ်းမီစေခြင်း - LIFT မှ အထောက်အပံ့ပေးနေသည့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုများ ရယူနေသည့် အသင်းဝင် ၉၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများ ဖြစ်ပြီး အမျိုးသမီးများအား ကူညီပံ့ပိုးပေးခြင်းဖြင့် အမျိုးသမီး နှင့် ကလေးသူငယ်များအား နှိပ်စက်ညှဉ်းပန်းခြင်းနှင့် လူကုန်ကူးခြင်းတို့ လျော့ကျစေရန် အတွက် ဆက်လက် ဆောင်ရွက်နေပါသည်။

၂။ ၂၀၁၈ခုနှစ်အား ပြည်သူများထံ ရောက်ရှိမှုအား ဆက်လက် ကျယ်ပြန့်အောင် ဆောင်ရွက်ပေးနေသည့် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ၏ ၉ နှစ်မြောက်နှစ် အဖြစ် သတ်မှတ်ပါသည်။

၂၀၁၈ ခုနှစ်အတွင်း LIFT သည် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်များ၏ ၆၉% ဖြစ်သော မြို့နယ်ပေါင်း ၂၄၇မြို့နယ်တွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ နှစ်အကုန်တွင် LIFT မှ ကျေးလက်ဦးရေ ၁၁.၆ သန်း (သို့) အကြမ်းဖျင်းအားဖြင့် မြန်မာ့ကျေးလက်နေ လူဦးရေ စုစုပေါင်း ၏ ၃၃% ထံ ဝန်ဆောင်မှုများ ရောက်ရှိခဲ့ပါသည်။ ဤအရေအတွက်သည် ပြီးခဲ့သည့်နှစ် နှင့် နှိုင်းယှဉ်လျှင် ၂၃% တိုးတက်ခဲ့ပါသည်။ LIFT ၏ ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် အသေးစား ငွေရေးကြေးရေး ရင်းနှီး မတည်မှုဈေးကွက်အား တွန်းအား ပေးဖြစ်ထွန်းစေခြင်းမှတဆင့် ကြီးထွားလာခဲ့သည့် အသေးစား ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းများ လက်လှမ်းမီ ရောက်ရှိမှု တိုးတက်များပြားလာခြင်း၏ ဦးဆောင်မောင်းနှင်မှုကြောင့် ရောက်ရှိမှုများ ဆက်လက် တိုးတက်လျက် ရှိပါသည်။

၃။ LIFT မှ ၂၀၁၈ ခုနှစ်တွင် ယခင်ကထက် ပိုများသည့် စီမံချက်များကို စီမံခန့်ခွဲခဲ့ပါသည်။

LIFT မှ စီမံချက် စတင်လုပ်ကိုင်ခဲ့သည့် အချိန်မှစ၍ အမြင့်ဆုံးသော အရေအတွက် ဖြစ်သည့် ဆောင်ရွက်ဆဲ စီမံချက် ၇၇ ခုအား ၂၀၁၈ ခုနှစ်ကုန်ချိန်အထိ စီမံ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် LIFT သည် ပံ့ပိုးမှု ၈၇ ခု အား စီမံခန့်ခွဲခဲ့ပြီး မိတ်ဖက်အဖွဲ့ ၆၀ နှင့် လက်တွဲ၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

၄။ LIFTသည် ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းကို ဖြစ်မြောက်အောင် ဆောင်ရွက်သည့် အဖွဲ့အစည်းအဖြစ် ဆက်လက် တည်ရှိနေပါသည်။

လေးနှစ်တာ ကာလအတွင်း ပုဂ္ဂလိကကဏ္ဍ နှင့် မိတ်ဖက်ပြုမှုတွင် ပါဝင်သည့် LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု အစီအစဉ်၏ ခွင့်ပြုဘတ်ဂျက်သည် အမေရိကန် ဒေါ်လာ ၈၁.၁ သန်းမှ ၃၆၃.၂ သန်း အထိ တိုးတက်လာခဲ့ပြီး တိုးပွားလာသည့် ပမာဏမှာ ၂၈၂.၁ သန်း ဖြစ်ပါသည်။ LIFT ၏ ရင်းနှီးမြှုပ်နှံမှု ၂ ခုသည် ရန်ပုံငွေ အများအပြား ထပ်မံရရှိစေရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အမေရိကန်ဒေါ်လာ ၁၀ သန်း ရင်းနှီးမြှုပ်နှံခဲ့သည့် The Currency Exchange Fund (TCX) သည် မြန်မာနိုင်ငံရှိ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများမှ ငွေကြေးထောက်ပံ့သည့် ချေးငွေအဖြစ် အမေရိကန် ဒေါ်လာ ၈၅.၇ သန်း ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ LIFT ၏ ရိုးမဘဏ်တွင် အမေရိကန် ဒေါ်လာ ၁၈ သန်း ရင်းနှီးမြှုပ်နှံမှုကြောင့် တန်ဖိုးမြှင့်ကွင်းဆက်တွင် လုပ်ရှားဆောင်ရွက်သူများ၏ လိုအပ်ချက်များ ရရှိစေနိုင်ရန် အရစ်ကျ ငွေချေစနစ်ဖြင့် ဝယ်ယူခြင်းနှင့် ချေးငွေအမျိုးမျိုးတို့မှတဆင့် လယ်ယာ စိုက်ပျိုးရေးဖွံ့ဖြိုး တိုးတက်မှုအတွက် ရိုးမဘဏ်မှ ဆောင်ရွက်လျက်ရှိသည့် အမေရိကန် ဒေါ်လာ ၁၉၆.၄ သန်းအား စီမံချက်လုပ်ငန်းအဖြစ် အကောင်အထည်ဖော်ရာတွင် ပူးတွဲ ထောက်ပံ့မှုပေးနိုင်သည့် ရလဒ်ကို ရရှိခဲ့ပါသည်။ စီမံချက် လုပ်ငန်းများ၏ ရလဒ်အဖြစ် တိုးတက်လာသည့် လယ်ယာ ပြင်ပစီးပွားရေးအဖြစ် စက်ကိရိယာငှားရမ်းပေးသည့် ဝန်ဆောင်မှုမှ ဆင်းရဲနွမ်းပါးသည့် လုပ်ကွက်ငယ် တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်နိုင်မှု စွမ်းရည်ကို တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်း၊ မြေပြုပြင်သည့်အချိန် နှင့် စက်ကိရိယာ ငှားရမ်းရသည့် စရိတ်များ လျှော့ချနိုင်ခြင်း စသည့် အပြုသဘောဆောင်သည့် သက်ရောက်မှုများ ရရှိစေပါသည်။ LIFT၏ ရိုးမဘဏ်နှင့် ချိတ်ဆက်၍ လယ်ယာသုံး စက်ကိရိယာများ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်သည့် အစီအစဉ်ကြောင့် အခြားဘဏ်များမှလည်း အရစ်ကျ ငွေချေစနစ်ဖြင့် ဝယ်ယူနိုင်မည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ မိတ်ဆက်လာကြ ပါသည်။ ရိုးမဘဏ်၏ အစီအစဉ်ကို အတုယူ၍ နောက်မှလိုက်ဆောင်ရွက်သူများက လယ်ယာသုံးစက်ကိရိယာများ အရစ်ကျငွေချေ စနစ်ဖြင့် ဝယ်ယူခြင်း အစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာခြင်းကြောင့် စိုက်ပျိုးငွေကြေး ဆက်လက် ဖွံ့ဖြိုး တိုးတက်မှုအတွက် တန်ဖိုး ရှိလာမည်ဖြစ်သည်။

၅။ LIFT ၏ ဒေသအလိုက် အစီအစဉ်များသည် သက်ဆိုင်ရာဒေသ၏ အခြေအနေနှင့် ကိုက်ညီအောင် စီမံ ဆောင်ရွက်ထားသော်လည်း ကျေးလက်နေ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများအား စီးပွားရေး အလားအလာများဖြင့်"တက်လှမ်း"နိုင်ရန်၊ အခြား သူများအား ပိုမိုကောင်းမွန်သည့် အသက်မွေး ဝမ်းကျောင်းမှုများဖြင့် စိုက်ပျိုးရေးမှ "ထွက်ခွာ" နိုင်ရန်အတွက် ကူညီနိုင်ရန်နှင့် အခြားသူများ ပိုမိုကောင်းမွန်သည့် အာဟာရ ပြည့်ဝမှုနှင့် စားနပ်ရိက္ခာ ဖူလုံမှုတို့ဖြင့်"တောင့်ထား" နိုင်ရန်အတွက် အကူအညီပေးမည့် LIFT ၏ ရည်မှန်းချက် ပန်းတိုင်များ၊ မဟာဗျူဟာများနှင့် ခိုင်မြဲစွာ ချိတ်ဆက်ထားပါသည်။

ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသသည် မြန်မာနိုင်ငံ၏ အဓိက ဆန်စပါး စိုက်ပျိုးထုတ်လုပ်သည့် ဒေသအဖြစ် ဆက်လက်ရှိနေပြီး တောင်သူလယ်သမား အများစုမှာ လုပ်ကွက်ငယ်တောင်သူများ ဖြစ်ကြပါသည်။ LIFT သည် ပုဂ္ဂလိက ဆန်စက်ပိုင်ရှင်များ၊ သွင်းအားစုရောင်းဝယ်သူများနှင့် ကုန်သည်များအား တောင်သူများနှင့် ချိတ်ဆက်မှုကို တည်ဆောက်ပေးခြင်းနှင့် တောင်သူများ အနေဖြင့် အရည်အသွေးမြင့် မျိုးစပါးရရှိနိုင်ရန် လက်လှမ်းမီမှုအား

တိုးတက်စေခြင်းဖြင့် ဆန်စပါးတန်ဖိုးမြှင့်ကွင်းဆက်တွင် လုပ်ကွက်ငယ် တောင်သူများအနေဖြင့် ခိုင်မာသည့် နေရာတခုရရှိရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်အတွင်း သိသာထင်ရှားသည့် တိုးတက်မှုမှာ စျေးနှုန်း တခု သတ်မှတ်ထားသည့် လယ်ယာ ငှားရမ်း လုပ်ကိုင်ခြင်းကို စတင်ခဲ့နိုင်ခြင်းဖြစ်ပါသည်။ အထူးသဖြင့် ငါးမွေးမြူရေးမှတဆင့် အလုပ်အကိုင်သစ်များတွင် အလုပ်ခန့်ထားမှု အပါအဝင် လယ်ယာပြင်ပ ဝင်ငွေရှာဖွေသည့် လုပ်ငန်းများ ဆက်လက်တိုးတက်လျက်ရှိပါသည်။ ဤဆောင်ရွက်မှုများသည် လယ်ယာထွက်ကုန် ထုတ်လုပ်မှု တိုးတက်စေပြီး မြစ်ဝကျွန်းပေါ်ဒေသမှ လုပ်ကွက်ငယ် တောင်သူများအား ကူးသန်းရောင်းဝယ်ရေး အလားအလာများဖြင့် "တက်လှမ်း" နိုင်ရန် ကူညီ ပံ့ပိုးပေးပါသည်။မြန်မာနိုင်ငံတွင် အဓိကပဲ ၂ မျိုး၏ ၉၈ ရာခိုင်နှုန်းအား ထုတ်လုပ်ပေးနေသည့် အပူပိုင်းဇုန်သည်လည်း အရေးကြီးသည့် စိုက်ပျိုးရေး ဒေသတခုဖြစ်ပါသည်။ အပူပိုင်းဇုန်တွင် LIFT သည်မြေဆီလွှာစီမံခန့်ခွဲမှုနှင့်ကောက်ပဲသီးနှံမျိုးစုံ စိုက်ပျိုးခြင်းမှတဆင့် လယ်ယာထွက်ကုန် ထုတ်လုပ်မှုစွမ်းရည် တိုးတက်စေခြင်းဖြင့် တောင်သူများ "တက်လှမ်း" နိုင်ရန်အတွက် လှုံ့ဆော်ခြင်း၊ ပုဂ္ဂလိက ကဏ္ဍမှ တောင်သူများနှင့် ထိတွေ့ဆောင်ရွက်မှု တည်ဆောက်ရန် တွန်းအားပေးခြင်း၊ ပိုမို ကောင်းမွန်သည့် သွင်းအားစုများနှင့် ဝန်ဆောင်မှုများကို တောင်သူများမှ လက်လှမ်းမီမှု တိုးတက်အောင် ဆောင်ရွက်ခြင်းတို့ဖြင့် ကူညီပေးခဲ့ပါသည်။ LIFT ၏ အပူပိုင်းဇုန် အစီအစဉ်တွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများအတွက် စီမံကိန်းဒီဇိုင်းရေးဆွဲရာတွင် တတ်နိုင်သလောက် အားလုံး ပါဝင်နိုင်စေရန်နှင့် ထိခိုက်လွယ် အိမ်ထောင်စုများ"တောင့်ထား" နိုင်ပြီး နောက်ချန်ခဲ့ခြင်း မရှိစေရန် လူမှု ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ချက်များအား ထည့်သွင်းထားပါသည်။နိုင်ငံတော်ဘတ်ဂျက်မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့် လူမှုရေးပင်စင် အစီအစဉ် တိုးချဲ့ဆောင်ရွက်နိုင်ရန် LIFT မှ လူမှုရေးပင်စင်ပေးခြင်း ရှေ့ပြေး အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ပြီး လူမှု ကာကွယ်စောင့်ရှောက်ရေး ကော်မတီများ၊ အစိုးရဝန်ထမ်းများနှင့် ပူးပေါင်း လုပ်ဆောင် လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်တွင် LIFT မှ သက်ကြီးပင်စင်ပေးရာတွင် အီလက်ထရွန်နစ် စနစ်ဖြင့်ပေးခြင်းကို ရှေ့ပြေးစမ်းသပ်ခဲ့ပြီး မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေကိုလည်း ပေးအပ်ခဲ့ပါသည်။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးဒေသများထဲမှ တခုဖြစ်ပြီး လူမှုအဖွဲ့အစည်းအချင်းချင်း အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိနေကာ၊အကျိုးဆက်အနေဖြင့် လူအများအပြား နေရပ်စွန့်ခွာ တိမ်းရှောင်နေကြရပါသည်။ ၂၀၁၈ ခုနှစ်အတွင်း ဝင်ရောက် သွားလာမှုများ ကန့်သတ်ထားသော်လည်း LIFTမှ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မွတ်စ်လင်မ်နှင့် ဗုဒ္ဓဘာသာ လူငယ်များ အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများပေးခြင်း အစီအစဉ်ကို စတင်ခဲ့ပြီး လူအများအနေဖြင့်စိုက်ပျိုးရေးမှ"ထွက်ခွာ" ပြီး မြန်မာနိုင်ငံ (သို့) ရခိုင်ပြည်နယ်ရှိ စီးပွားရေး ကဏ္ဍမှ အလုပ်ပိုမိုဖြစ်နိုင်သည့် ကဏ္ဍများသို့ ဝင်ရောက်နိုင်ရန်အတွက် နေရပ်စွန့်ခွာ တိမ်းရှောင်စခန်းများတွင် ကျွမ်းကျင်မှုသင်တန်းများ ဆက်လက် ပို့ချပေးခဲ့ပါသည်။ LIFT မှ လူအများ၏ အာဟာရဖွံ့ဖြိုးမှု တိုးတက်ကောင်းမွန်လာခြင်း၊ စားနပ်ရိက္ခာ ဖူလုံမှု၊ ငွေကြေးဆိုင်ရာ လက်လှမ်းမီမှုနှင့် ရာသီဥတုဒဏ်ခံနိုင်သည့် စိုက်ပျိုးရေးတို့တွင်လည်း ဆက်လက်အာရုံစိုက် ဆောင်ရွက်လျက်ရှိပါသည်။ တောင်တန်းဒေသတွင် နောက်ခံအခြေအနေများ အမျိုးမျိုး ကွဲပြားလျက်ရှိသည့်အပြင် ပဋိပက္ခဖြစ်ပွားဆဲ (သို့) ပဋိပက္ခကြောင့် ထိခိုက်မှု များရှိသည့် ဒေသများ ပါဝင်ပါသည်။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသများတွင် LIFT မှ အာဟာရဖောင်းပေး စိုက်ပျိုးရေးပညာပေးခြင်း၊လယ်ယာစိုက်ပျိုးရေးစျေးကွက် အခြေပြုချဉ်းကပ်နည်းများနှင့် ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်ပြုမှုနှင့်အတူ ပိုမိုကောင်းမွန်သည့် အာဟာရနှင့် စိုက်ပျိုး ထုတ်လုပ်မှုကို ရရှိနိုင်ရန် တောင်သူလူမှုအဖွဲ့အစည်းများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်နေပါသည်။ LIFT ၏ ဒေသအလိုက် စီမံကိန်းနှစ်ခုဖြစ်သော မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန် စီမံကိန်းများသည် ၂၀၁၉ ခုနှစ်တွင် ပြီးဆုံးမည် ဖြစ်ပါသည်။ ထို စီမံကိန်း ၂ ခုမှ ရယူခဲ့သည့် သင်ခန်းစာများမှ LIFT ၏ နောက်တဆင့် ဖြစ်သည့် ၂၀၁၉ -၂၀၂၃ အတွက် သတင်းအချက်အလက်များ ပေးမည်ဖြစ်ပါသည်။ အပူပိုင်းဇုန်မှ အောင်မြင်သည့် စီမံချက် နှစ်ခုသည် ၂၀၁၉ ခုနှစ်တွင် ၎င်းတို့၏ စီမံချက် လုပ်ငန်းများအား တောင်တန်း ဒေသများ၌ ပုံတူပွား ဆောင်ရွက်မှုများ စတင်မည် ဖြစ်ပါသည်။

၆။ ၂၀၁၇ ခုနှစ်အတွင်း လူပေါင်း ၇၀၀,၀၀၀ အား နေရပ်စွန့်ခွာ တိမ်းရှောင်စေခဲ့သည့် အကြမ်းဖက်မှုနောက်ပိုင်း ရခိုင်ပြည်နယ်တွင် LIFTမှ ၎င်း၏ စီမံကိန်းချဉ်းကပ်နည်းလမ်းအား ဆက်လက် စောင့်ကြည့်ကြီးကြပ်ပြီး အခြေအနေနှင့် ကိုက်ညီစေရန် ပြုပြင်ပြောင်းလဲခဲ့ပါသည်။

၂၀၁၈ ခုနှစ်အတွင်းတွင် LIFT ၏ ရခိုင် အစီအစဉ်နှင့် ရန်ပုံငွေဘုတ်အဖွဲ့တို့သည် ရခိုင်ပြည်နယ်ရှိ အခြေအနေများကို သတိထား စောင့်ကြည့်ခဲ့ပြီး မိတ်ဖက်များနှင့် မကြာခဏ တွေ့ဆုံကာ စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများအား ကူညီထောက်ပံ့မှုများ အပါအဝင် ရခိုင်ပြည်နယ်ရှိ လူမှုအဖွဲ့အစည်းအားလုံး ပါဝင်စေမည့် စီမံကိန်း လုပ်ဆောင်မှု ချဉ်းကပ်နည်းလမ်းများအား ဦးစားပေး စဉ်းစားခဲ့ပါသည်။ LIFT သည် ရခိုင်ပြည်နယ်ရှိ ထိခိုက်လွယ်သူများအားလုံး၏ လိုအပ်ချက် များကို ရရှိစေရန် လူသားချင်း စာနာထောက်ထားသည့် လုပ်ငန်းများကို ဆောင်ရွက်နေသူများနှင့် ထိတွေ့ဆောင်ရွက်ခဲ့ကာ ရခိုင်ပြည်နယ်အကြံပေးကော်မရှင်၏ ထောက်ခံချက်များနှင့်အညီ ဝင်ရောက်လုပ်ကိုင်ရန် စောင့်ဆိုင်းလျက်ရှိပါသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ဖိတ်ခေါ်ခဲ့သည့် အမေရိကန်ဒေါ်လာ ၁၀သန်းတန် အဆိုပြုလွှာ ဖိတ်ခေါ်ချက်များ၏ ရလဒ်အဖြစ် စီမံချက် အသစ် သုံးခု အား စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး လုပ်ငန်းများ စတင်လည်ပတ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကောင်းမွန်သည့် ရလဒ်များ ရရှိနေသော စီမံချက်များနှင့် ပြည်နယ်အတွင်း အဖြစ်အပျက်များကြောင့် လုပ်ငန်းများအား နှောင့်ယှက်မှု မရှိသော စီမံချက် လုပ်ငန်းများကို တိုးချဲ့ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ပထမနှစ်ဝက်တွင် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင်ဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့များသည်၎င်းတို့၏စီမံချက် ဆောင်ရွက်နေသည့် ဒေသများသို့ သွားရောက်နိုင်ခဲ့ခြင်း မရှိသလောက် နည်းပါးခဲ့(သို့)လုံးဝ သွားရောက်နိုင်ခြင်း မရှိခဲ့ပါ။ စီမံချက်တခုအား ပိတ်သိမ်းခဲ့ပြီးနောက် စီမံချက်တခုမှ ဦးတည်ထားသည့် ရွာများမှ မွတ်စ်လင်မ်နှင့် ဗုဒ္ဓဘာသာ လူမှုအဖွဲ့အစည်းများနှင့်အတူ အလုပ်လုပ်ကိုင်နိုင်မည့် လက်လှမ်းမီ ရောက်ရှိနိုင်သည့် ဒေသများသို့ပြောင်းရွှေ့လုပ်ကိုင်ခဲ့ပါသည်။၂၀၁၈ ခုနှစ် ဒုတိယ နှစ်ဝက်တွင် ဝင်ရောက် သွားလာနိုင်မှု တိုးတက်လာသော်လည်း နိုဝင်ဘာလတွင် နောက်ထပ် အကြမ်းဖက်မှု အသစ်များ ပြန်လည်စတင်ခဲ့ပြီး နေရပ်စွန့်ခွာ တိမ်းရှောင်မှုများ ပိုမိုများပြားလာခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် IDP စခန်းများ ပိတ်သိမ်းခြင်းကြောင့် သက်ရောက်မှုရှိမည့်သူများအတွက် ကူညီပံ့ပိုးပေးရန် မိတ်ဖက်အဖွဲ့တဖွဲ့အား LIFT မှ ခေါ်ယူခဲ့သည်။

၇။ ဒေသအားလုံးတွင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား ပိုမိုလက်လှမ်းမီမှုသည် LIFT ၏ အဓိကကျသည့် ချဉ်းကပ်နည်းလမ်း ဖြစ်ပါသည်။

ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုသည် ဘတ်ဂျက် အရသာမကလွှမ်းခြုံသည့်ဒေသအရပါအကြီးမားဆုံးစီမံကိန်း ဖြစ်ပါသည်။ ပိုမိုအားကောင်းသည့် အားလုံးပါဝင်စေသော ကျေးလက်ငွေကြေးစျေးကွက်သည် ပြည်သူများအတွက် စီးပွားရေး အခွင့်အလမ်းများ၏ အားသာချက်ကို ရယူရန်၊ ပိုင်ဆိုင်မှုများ ရရှိတည်ဆောက်နိုင်စေရန်၊ အလုပ်အကိုင်များ ဖန်တီးပေးရန်၊ စွန့်စားနိုင်ခြေများအား စီမံခန့်ခွဲနိုင်ရန်နှင့် ပြင်ပ ရိုက်ခတ်မှုများကြောင့် ဆင်းရဲနွမ်းပါးသူများ၏ ထိခိုက်လွယ်မှုများအား လျှော့ချရန်တို့အတွက် ကူညီ

ပေးပါသည်။ ၂၀၁၈ ခုနှစ် နှစ်ကုန်တွင် LIFT တွင် ဝန်ဆောင်မှုရယူသူပေါင်း ၂.၆ သန်း (အမျိုးသမီး ၉၁ ရာခိုင်နှုန်း) ထံရောက်ရှိသည့် အားလုံး ပါဝင်သည့် ငွေကြေးမိတ်ဖက်အဖွဲ့ ၂၈ ဖွဲ့ (နိုင်ငံတကာအသေးစား ငွေရေးကြေးရေး လုပ်ငန်း များ ၁၄ဖွဲ့၊ ပြည်တွင်း ငွေရေးကြေးရေး လုပ်ငန်းကိုးခု၊ ပြည်တွင်းဘဏ်လုပ်ငန်းတခု၊ ဖက်စပ်ကုမ္ပဏီ တခု နှင့် သမဝါယမ အသင်း သုံးဖွဲ့) ရှိပါသည်။ LIFT မှ ပံ့ပိုးပေးသည့် အသေးစားငွေရေးကြေးရေး ဆိုင်ရာလုပ်ငန်းသည် ငွေအပ်နှံခြင်းကို လက်ခံသည့် ဝန်ဆောင်မှု၊ ငွေချေးသူအား အကြွေးပမာဏ တခုအထိ ပေးထားခြင်း၊ ငှားရမ်းခြင်း၊ ကာလတိုညှိနှိုင်းချေးငွေ၊ ကုန်ကျစရိတ်များသည့် အကြွေးတင်မှုများအား ပြေလည်စေမည့် ချေးငွေများ၊ ရာသီသီးနှံများ၊ မွေးမြူရေး၊ အငယ်စား စီးပွားရေးလုပ်ငန်းများအတွက် ငွေကြေး ပံ့ပိုးပေးခြင်းနှင့် ဝင်ငွေနည်း အမျိုးသမီးများ၊ ရွှေ့ပြောင်းသွားလာသူများ၊ မသန်စွမ်းများနှင့် ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများ အတွက် သက်ဆိုင်ရာအခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရန် စီမံထားသည့် ချေးငွေများအား ပံ့ပိုးပေးလျက် ရှိပါသည်။

၈။ LIFT ၏ကျေးလက်ဒေသ ငွေကြေးထောက်ပံ့ပေးသည့် အစီအစဉ်သည် စက်မှုလယ်ယာ ပြောင်းလဲရေးကို အရှိန်အဟုန်မြှင့်စေလျက် ကျေးလက်ဒေသ လယ်ယာ ပြင်ပ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို လှုံ့ဆော် ပေးခြင်းဖြင့် ပံ့ပိုးပေးခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် စိုက်ပျိုးစီးပွား ငွေကြေး ထောက်ပံ့မှု စီမံချက်မှ စက်ကိရိယာ ရောင်းဝယ်သူ ၁၈ ဦး အား ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၂ ခု ရှိ ရိုးမဘဏ်ခွဲ ပေါင်း ၄၇ ခုမှ တဆင့် အမေရိကန်ဒေါ်လာ ၁၃၈သန်း တန်ဖိုးရှိသည့် စက်ကိရိယာ ငှားရမ်းမှု ၆,၅၀၃ ခုအတွက် ငွေကြေး ထောက်ပံ့ခဲ့ပါသည်။ ရိုးမဘဏ်၏ အရစ်ကျငွေချေ စနစ်ဖြင့် ဝယ်ယူထားသည့် ချေးငွေ ကြွေးဆုံးနိုင်ခြေကိုလျှော့ချရန် LIFT မှ စွန့်စားရနိုင်ခြေများအတွက် တပိုင်းတစ အာမခံ ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ ၉ သန်းကို အာမခံထားပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇွန်လတွင် AFP (Agribusiness Finance Programme) လယ်ယာစီးပွား ငွေကြေးပံ့ပိုးမှု အစီအစဉ်၏ ဝန်ဆောင်မှု အသုံးပြုသူ ၂,၆၃၇ ဦးသည် ချေးငွေများအား အပြည့်အဝ ပြန်ဆပ်ခဲ့ပါသည်။ ငွေကြေးထောက်ပံ့ပေးခဲ့သည့် စက်ပစ္စည်းများတွင် လယ်ထွန်စက်စီးရေ ၄,၀၀၀ကျော်၊ ရိတ်သိမ်းချွေလှေ့စက်စီးရေ ၉၀၀ကျော်နှင့် သယ်ယူ ပို့ဆောင်ရေးယာဉ် ၁,၅၀၀စီးနှင့် စိုက်ပျိုးရေး စက်ကိရိယာများ ပါဝင်ပါသည်။ အရစ်ကျ ငွေချေစနစ်နှင့် ငွေကြေးပံ့ပိုးမှု ရယူနိုင်ခြင်း၊ လယ်ယာပြင်ပ စီးပွားရေး အလုပ်အကိုင်များ ပေါ်ထွက်လာခြင်း၊ တောင်သူများ၏ ထုတ်လုပ်မှုစရိတ် လျော့ကျခြင်းနှင့် လယ်ယာပြုပြင်ခြင်းနှင့် ရိတ်သိမ်းခြင်းတို့အတွက် အချိန်ကန့်သတ်မှုအပေါ် ပိုမို ထိန်းချုပ်လာနိုင်ခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်လာသည့် စက်ကိရိယာငှားရမ်းသည့် လုပ်ငန်းများမှ ခန့်မှန်းချေ တောင်သူ ၁၀၀,၀၀၀ ခန့်သည် ထွန်ယက်ခြင်းနှင့် ရိတ်သိမ်းခြင်းအတွက် စက်ပစ္စည်းများကို ငှားရမ်း အသုံးပြု ခဲ့ကြပါသည်။ လယ်ယာစီးပွား ငွေကြေးထောက်ပံ့မှု စီမံကိန်းသည် စိုက်ပျိုးရေး တန်ဖိုးမြှင့်ကွင်းဆက်တွင် လုပ်ဆောင်နေသူများအား ငွေကြေးထောက်ပံ့မှုများ ဆက်လက်ပေးအပ်ခဲ့ပါသည်။ ရရန်ရှိငွေများအားလျှော့ချ ပေးခြင်းသည် တန်ဖိုးမြှင့်ကွင်းဆက်အတွင်းသို့ ငွေများ ထည့်သွင်းခြင်းဖြစ်သဖြင့် ရလဒ်အနေဖြင့် တောင်သူများအား ပေးသွင်းနေသည့် သွင်းအားစုများတိုးတက် လာခဲ့ပါသည်။ ၂၀၁၈ ခုနှစ်နှစ်ကုန်တွင် တောင်သူ ၂၀,၃၃၀ ဦးအား အမေရိကန်ဒေါ်လာ ၇.၄ သန်း ထုတ်ပေးခဲ့ပါသည်။ ကုန်အမှာငွေစိုက်ချေးငွေသည် လယ်ယာသွင်းအားစုများ ရောင်းဝယ်နေသူများအား ပစ္စည်းတင်သွင်းသူများထံမှ အကြွေးရယူနိုင်ရန် အခွင့်အရေးပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်ကုန်ပိုင်းတွင် အမေရိကန် ဒေါ်လာ ၈ သန်း ထုတ်ပေးခဲ့သဖြင့် တောင်သူဦးရေ ၁၅,၀၀၀ ကျော် အကျိုးခံစားခဲ့ရပါသည်။ ဘဏ်မှရာသီအလိုက် ငွေပိုထုတ်၍ ရသော ချေးငွေအား အငယ်စားနှင့်အလတ်စားပြောင်းကုန်သည်များ၏ ကုန်သွယ်မှု စွမ်းဆောင်ရည်တိုးတက်ရန်နှင့် ဈေးကွက် တိုးချဲ့ရန်အတွက် အမေရိကန်ဒေါ်လာ ၉သန်း ထုတ်ပေးခဲ့သဖြင့် ပြောင်းကုန်သည် (၇၂) ဦးနှင့် ထိတွေ့ ဆက်ဆံနေသည့် တောင်သူ ခန့်မှန်းခြေ ၁၄,၄၀၀ ဦးထံ ရောက်ရှိခဲ့ပါသည်။ ၂၀၁၈ခုနှစ်တွင် စတင်မိတ်ဆက်ခဲ့သည့် ဒီဂျစ်တယ်ချေးငွေ ပလက်ဖောင်း တခုမှတဆင့် တောင်သူ များအား ချေးငွေလျှောက်ထားရာတွင် ဘဏ်ခွဲများသို့ သွားရောက်ရန် မလိုဘဲလျှောက်ထားနိုင်ခဲ့ပါသည်။

၉။ LIFT ၏ ရွှေ့ပြောင်းသွားလာရေး အစီအစဉ်သည် ကျွမ်းကျင်မှုသင်တန်းများနှင့် လုံခြုံစိတ်ချရပြီး အကျိုး ရှိသည့်ရွှေ့ပြောင်းသွားလာရေးနှင့် ပတ်သက်သည့် သတင်းစကားများနှင့်အတူ မြန်မာနိုင်ငံတဝှမ်းလုံးရှိ ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ မိသားစုထံ ရောက်ရှိခဲ့ပါသည်။

စုဆောင်းငွေအား ပြန်လည်လွှဲပို့ခြင်း၏ အရေးပါပုံ အကြောင်းအား ကျေးရွာပေါင်း ၇၃၂ရွာမှ လူဦးရေပေါင်း ၅၄,၀၀၀ ကျော်တို့ လေ့လာသင်ယူခဲ့ရပါသည်။ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းစကားများ မျှဝေရာတွင် တိုက်ရိုက်တင်ဆက်သည့်တခန်းရပ်ပြဇာတ် ပုံစံဖြင့် ဆန်းသစ်တီထွင်သည့် ချဉ်းကပ်နည်းလမ်းအား အသုံးပြုခဲ့ရာ ချင်းပြည်နယ် တခုတည်းတွင်ပင် တက်ရောက်ကြည့်ရှုသူပေါင်း ၁၀,၀၀၀ ခန့် ရှိခဲ့ကြပါသည်။ ဘီဘီစီမီဒီယာအက်ရှင်၏ ရေဒီယိုအစီအစဉ်မှ အပတ်စဉ် တင်ဆက်သည့် အစီအစဉ်တွင် အပိုင်း သစ် (၅၂) ပိုင်း ထုတ်လွှင့်ခဲ့ပါသည်။ ပြည်တွင်း အသံလွှင့်ဌာနများမှလည်း ပရိသတ်မှ တိုက်ရိုက်မေးမြန်းနိုင်သည့် ရေဒီယိုအစီအစဉ်တွင် ပါဝင်ခဲ့သဖြင့် ရန်ကုန်မြို့ရှိ အထည်ချုပ်လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် ရွှေ့ပြောင်းသွားလာသူများမှ အစိုးရ၊ သမဂ္ဂနှင့် လုပ်ငန်းအတွင်းမှ ခေါင်းဆောင်များအား အလုပ်သမား အခွင့်အရေးနှင့်လုပ်ငန်းခွင် အခြေအနေများကို မေးမြန်းရန် အခွင့်အရေးရရှိခဲ့ပါသည်။ ၂၀၁၈ခုနှစ်အတွင်း တွင် မူဝါဒရေးရာ နယ်ပယ်တွင် သိသာထင်ရှားသည့် တိုးတက်မှုများရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ LIFT က ငွေကြေးပံ့ပိုးပေးပြီး ILO မှ အကူအညီ ပေးလျက်ရှိသည့် အလုပ်သမားနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် ၂၀၁၈ ခုနှစ်ကုန်တွင် အပြီးသတ်ခဲ့သည့် လုပ်သားများ ရွှေ့ပြောင်းခြင်း စီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်(၂၀၁၈-၂၀၂၃)အတွက် နည်းပညာဆိုင်ရာ အကြံဉာဏ်များ ပေးခဲ့ပါသည်။ ၂၀၁၆ခုနှစ်တွင် စတင်ခဲ့သည့် LIFT ၏ ရွှေ့ပြောင်းသွားလာရေး စီမံကိန်းသည် မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာခြင်းနှင့် ပတ်သက်သည့် နားလည်သဘောပေါက်မှုကို ပြောင်းလဲစေသည့် သက်ရောက်မှုဖြစ်စေခဲ့ပါသည်။ မြန်မာနိုင်ငံအတွက် ရွှေ့ပြောင်းသွားလာသူများမှ ကောင်းစွာ အကျိုးပြုပေးနိုင် သည်ဆိုသည့်အချက်ကို အသိအမှတ်ပြုလာပြီး ရွှေ့ပြောင်း သွားလာရာတွင် ကြုံတွေ့နိုင်ခြေရှိ သည့် အမြတ်ထုတ်ခံရမှု နှင့် မတရားခံရမှုများအား လျော့ကျသွားစေသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် ပိုမို ထိတွေ့ဆောင်ရွက်နိုင်ပြီး အပြုသဘောဆောင်သည့် ချဉ်းကပ်နည်းလမ်း ဖြစ်ထွန်းလာခဲ့ပါသည်။

၁၀။ LIFT ၏ အာဟာရဆိုင်ရာ ဆောင်ရွက်ချက်များသည် လွှမ်းခြုံသည့် နယ်ပယ်အရရော အရေးပါမှုတွင်ပါ ဆက်လက် တိုးတက်လျက်ရှိပါသည်။

စိုက်ပျိုးရေးကဏ္ဍ၌ LIFT နှင့် လူမှုအဖွဲ့အစည်းအုပ်စုများ နှင့် လက်တွဲဆောင်ရွက်နေသည့် လုပ်ငန်းများတွင် LIFT ၏ အာဟာရဖော်ဆောင်ပေး အမူအကျင့်နှင့် အာဟာရဆိုင်ရာ သတင်းစကားများအား ပေါင်းစည်း ထည့်သွင်းခြင်းအား သက်ဆိုင်ရာနယ်မြေဒေသ များတွင် ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။ LIFT ၏ အနာဂတ်တွင်ဆောင်ရွက်မည့် အာဟာရဖော်ဆောင်ပေး

စိုက်ပျိုးရေးလုပ်ငန်းများတွင် လမ်းညွှန်ပေးနိုင်ရန်အတွက် LIFT၏ အာဟာရဇောင်းပေး စိုက်ပျိုးရေးဆောင်ရွက်ချက်များနှင့် တကမ္ဘာလုံးမှ ရရှိသည့် အာဟာရဆိုင်ရာ ရလဒ်အထောက်အထားများ သုံးသပ်ခြင်းကို ၂၀၁၈ခုနှစ် အတွင်းတွင် ဆောင်ရွက်ခဲ့ပါသည်။ LIFT ၏ အဏုအာဟာရဖြည့်ဆန် ခေါ်အားဖြည့်ဆန်နှင့် ပတ်သက်သည့် ဆောင်ရွက်ချက်ကိုလည်း ဆက်လက်တိုးတက်စေရန်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အားဖြည့်ဆန် ဖြန့်ဖြူးပေးမည့် အဖွဲ့အသစ် ၁၅ ဖွဲ့နှင့် မိတ်ဖက် ပြုနိုင်ခဲ့ပါသည်။ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ လူမှုဝန်ထမ်းဦးစီးဌာနမှအောက်ရှိ မူကြိုကျောင်းများတွင် အားဖြည့်ဆန်ဖြင့် ကျောင်းနေ့လည်စာ ကျွေးမွေးသည့်အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်ခဲ့ရာ ကလေးငယ် ၁၂,၅၀၀ ထံ ထပ်မံရောက်ရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ် နှစ်ကုန်တွင် ရခိုင်ပြည်ရှိ ဆန်စက်အသစ် ၂ လုံးမှ အားဖြည့်ဆန်စတင် ထုတ်လုပ်ရန် အသင့်ဖြစ်ခဲ့ပြီး ကမ္ဘာ့ စားနပ်ရိက္ခာ အဖွဲ့မှ ရခိုင်ပြည်နယ်ရှိ IDP စခန်းများရှိ လူပေါင်း ၁၀၀,၀၀၀ ကျော်ထံ အားဖြည့်ဆန် ၃၀၄ မက်ထရစ်တန် ဖြန့်ဖြူးပေးခဲ့ပါသည်။ LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးနေသည့် ဒေသကြီး (၄)ခု စလုံးတွင် မိခင် နှင့် ကလေးများအား ငွေကြေးပံ့ပိုးခြင်း (Maternal and child cash transfer, MCCT) နှင့် အမူအကျင့်ပြောင်းလဲရေး သတင်းစကား ပြောကြားမှုများ (SBCC)အား ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။LIFTမှ မိုဘိုင်းလ်ငွေကြေးစနစ်ဖြင့် SBCCပေးပို့မှုနှင့် ငွေလွှဲပေးပို့မှု နည်းလမ်းအမျိုးမျိုးကို ရှေ့ပြေးစမ်းသပ်မှုများအား အစိုးရမှ ဦးဆောင်သည့် MCCT စီမံကိန်းများတွင် မရှိမဖြစ် အစိတ်အပိုင်းအနေဖြင့် ထည့်သွင်းရန်အတွက် ထောက်ခံမှုကို ရယူရာတွင် အကူအညီပေးလျက်ရှိပါသည်။

၁၁။ ဘ၀အစ ရက်ပေါင်း ၁,၀၀၀ အတွင်း မိခင်နှင့် ကလေးသူငယ်များအတွက် အာဟာရဖွံ့ဖြိုးမှုနှင့် အစိုးရ၏ အာဟာရဆိုင်ရာ စီမံကိန်းများအတွက် LIFT မှ ပံ့ပိုးပေးသည့် အာဟာရဆိုင်ရာ ထောက်ပံ့မှုများမှ အစိုးရစီမံကိန်းများ၊ စီမံကိန်း နေရာသစ်များသို့ တိုးချဲ့ရောက်ရှိရန်အတွက် နိုင်ငံတော်ဘတ်ဂျက် ခွဲဝေချထားပေးမှုတိုးမြှင့်နိုင်စေခြင်းသို့ ဦးတည်စေပါသည်။

LIFT သည် ကလေးတယောက်၏ ဘ၀အစ ရက်ပေါင်း ၁,၀၀၀ အတွင်း မိခင်နှင့် ကလေးများကို အဓိကထားသည့် အာဟာရဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ရန် မဟာဗျူဟာကျသည့် ကတိကဝတ် ထားရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ် LIFT မှ မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်၊ ချင်းပြည်နယ် နှင့် ရခိုင်ပြည်နယ်တွင် ကိုယ်ဝန်ဆောင် မိခင်နှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက်၂နှစ်အောက် ကလေးများအား ငွေကြေးအထောက်အပံ့ပေးခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ချင်းပြည်နယ်တခုလုံးအတွက် LIFTမှ ရန်ပုံငွေပေးအပ်၍ ကူညီထောက်ပံ့ပေးပြီး နှစ်ကုန် အထိ လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်သည့် ချင်းပြည်နယ် MCCT စီမံကိန်းသည် အကျိုးခံစားခွင့် ရှိသူပေါင်း ၂၆,၉၁၇ ဦး ထံ ခြောက်ကြိမ်ခွဲ၍ ငွေထုတ် ပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့သည့် LIFT ၏ရန်ပုံငွေ ထောက်ပံ့မှုနှင့်စီမံကိန်းမှ မူလရည်ရွယ်ထားသည့် ချင်းပြည်နယ်တခုလုံးအတွက် စီမံကိန်းအား ၂၀၁၉ ခုနှစ်မှ စတင်၍ ဆောင်ရွက်ရန် အတွက် ရန်ပုံငွေကို ၂၀၁၈ ခုနှစ်အတွင်းတွင် အစိုးရမှ ဘတ်ဂျက် ခွဲဝေပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း ချင်းပြည်နယ်၌ အရေးအရေးကြီးသည့် ဖွံ့ဖြိုးတိုးတက်မှုမှာ MCCT စီမံကိန်းများအား ပိုမိုပြည့်စုံသွားစေရန်အတွက် အမူအကျင့်ပြောင်းလဲရေး သတင်းစကား ပြောကြားမှု (SBCC) မဟာဗျူဟာကို အကောင်အထည်ဖော်မည့် ဝန်ကြီးဌာန ပေါင်းစုံပါဝင်သည့် အဖွဲ့အား ဖွဲ့စည်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် အစိုးရမှလည်း ရခိုင်ပြည်နယ်အတွက်ရန်ပုံငွေနှင့်MCCTထောက်ပံ့ခြင်းများကို ဆောင်ရွက်ပေးခဲ့သဖြင့် LIFT ၏ အကျိုးခံစားခွင့်ရှိသူများအား လွှဲပြောင်း တာဝန်ယူခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၁၉ ခုနှစ်တွင် MCCT အစီအစဉ်အား ကရင်နှင့် ကယားပြည်နယ်များတွင် စတင် ဆောင်ရွက်ရန် ကြိုတင် စီစဉ်ဆောင်ရွက်နေပြီး LIFT မှ နည်းပညာ အထောက်အပံ့ပေးလျက်ရှိပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် MCCT ပေးအပ်ငွေများကို အီလက်ထရွန်နစ်နည်းပညာဖြင့် ငွေပေးသည့် စနစ်အား စမ်းသပ်ခဲ့ပြီး အစိုးရမှ အနာဂတ်ကာလ ငွေပေးအပ်မှုများကို အီလက်ထရွန်နစ်နည်းဖြင့် ဆောင်ရွက်နိုင်ရန် သတင်းအချက်အလက် ပေးနိုင်ခဲ့ပါသည်။

၁၂။ မသန်စွမ်းသူများအတွက် LIFT ၏ ထောက်ပံ့ပေးမှုကို တိုးချဲ့ခဲ့ပြီး LIFT ရန်ပုံငွေပံ့ပိုးသည့် ရှေ့ပြေး စီမံချက်၏ ရလဒ်ကောင်းများကြောင့် နိုင်ငံတော်အစိုးရမှ သက်ကြီးပင်စင်အစီအစဉ်အား တိုးချဲ့ဆောင်ရွက်ခဲ့ပါသည်။

အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ရည်မှန်းချက်အား LIFT မှ ထောက်ခံအားပေးခဲ့ပါသည်။ LIFT၏ရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့သည့် ရှေ့ပြေး စီမံချက်၏ ရလဒ်ကောင်းများကြောင့် အစိုးရမှပင်စင် အစီအစဉ် အမျိုးမျိုးအတွက် ရန်ပုံငွေချထားပေးရန် ၂၀၁၇ ခုနှစ်တွင် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ၂၀၁၈ခုနှစ်တွင်အသက်ကန့်သတ်ချက် ၉၀နှစ်မှ ယခုလက်ရှိ တနိုင်ငံလုံးရှိ ၈၅နှစ်နှင့် အထက် ဘိုး၊ဘွားများအား အမျိုးသား လူမှုရေးပင်စင် ပေးရေးလုပ်ငန်းအစီအစဉ်တွင် သတ်မှတ်သည့်အတိုင်း ၈၅ နှစ်အထိ လျှော့ချပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၌ LIFT မှ အပူပိုင်းဇုန်တွင် လူမှုရေးပင်စင်ပေးခြင်းအား အီလက်ထရွန်နစ် ငွေလွှဲပို့သည့် စနစ်ဖြင့်ပေးပို့ခြင်းကို စမ်းသပ်ခဲ့ပြီး ထိုနှစ်အကုန်တွင် အကျိုးခံစားခွင့်ရှိသူ ၁,၁၁၉ ဦးသည် သူတို့၏ပင်စင်များအားအီလက်ထရွန်နစ် ငွေလွှဲပေးခြင်းမှတဆင့်လက်ခံရရှိခဲ့ပါသည်။LIFT မှ မသန်စွမ်းသူများအား မသန်စွမ်း ထောက်ပံ့ငွေများ ကူညီပံ့ပိုးပေးခြင်းအား ၂၀၁၈ခုနှစ်တွင်လည်း ဆက်လက်ဆောင်ရွက်ခဲ့ပြီး လူဦးရေ ၂,၀၀၀ကျော် ကူညီပံ့ပိုးပေးခဲ့ပါသည်။အားလုံးပါဝင်စေသည့် ငွေကြေးစီမံကိန်းမှလည်း မသန်စွမ်းသူများအတွက် အသေးစားချေးငွေများအား လက်လှမ်းမီစေရန် ဆောင်ရွက်ပေးခြင်းဖြင့် ကူညီပံ့ပိုးပေးခဲ့ပါသည်။

၁၃။ အချိုးကျကျ တိုးပွားလာသည့် LIFT ရန်ပုံငွေများကို ဒေသအားလုံးတွင် လွတ်လပ်သည့် သီးခြားဒေသခံ အဖွဲ့အစည်းများမှ စီမံခန့်ခွဲပါသည်။

LIFT ၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာ ဖူလုံရေး စီမံချက်များမှ အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ ပေးအပ်သည့် ထောက်ပံ့ငွေအား အချိန်နှင့်အမျှ တဖြည်းဖြည်း တိုးမြှင့်ပေးခဲ့ပြီး ၂၀၁၈ခုနှစ် အသုံးစရိတ်သည် စီမံချက်တခုလုံး အသုံးစရိတ်ဖြစ်သည့် အမေရိကန်ဒေါ်လာ ၆၂.၄၄သန်း၏ ၂၁ရာခိုင်နှုန်း ရှိခဲ့ပါသည်။ အသေးစား ထောက်ပံ့သည့် ရန်ပုံငွေ ၃ ခုစလုံးသည် ၂၀၁၈ ခုနှစ်တွင် စတင်လုပ်ငန်းလည်ပတ်နိုင်ခဲ့ပြီး နှစ်ကုန်သည့်အချိန်တွင် အမေရိကန် ဒေါ်လာသုံးသန်း နီးပါးရှိသောပံ့ပိုးမှု ၂၆၇ခုကို ပေးအပ်ခဲ့ပါသည်။ LIFT အလှူရှင်များအနေဖြင့် LIFT၏ နောက်လာမည့် လုပ်ငန်းသက်တမ်းတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများအား စီမံကိန်းဗဟိုချက်အဖြစ် ဆက်လက်ရှိနေသည်ကို မြင်တွေ့ရမည်ဖြစ်ပြီး ၂၀၁၉ ခုနှစ်မှစ၍ ရန်ပုံငွေအားလုံး၏ အချိုးတခုအား အရပ်ဘက်လူမှုအဖွဲ့အစည်း မိတ်ဖက်များအသုံးပြုရန်အတွက် ချန်လှပ်ထားရန် ဆုံးဖြတ်ထားပါသည်။

၁၄။ LIFTသည် ကျား၊မ ရေးရာ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေးကို ဆောင်ရွက်ရန် ကတိကဝတ်များအား ပိုမို ခိုင်မာစေခဲ့ပါသည်။

၂၀၁၈ခုနှစ်တွင်LIFTသည် စီမံကိန်း တခုချင်းစီအတွက် ကျား၊မ ရေးရာနှင့် နီးနွယ်နေသည့် ဆောင်ရွက်ချက်များ၊ ကျား၊မ ရေးရာ သီးသန့်ဖြစ်သော အသေးစိတ် ဆောင်ရွက်ချက်များနှင့် ညွှန်းကိန်းများပါဝင်သည့် ကျား၊မ ရေးရာဆိုင်ရာလုပ်ငန်း အစီအစဉ်အား အပြီးသတ်ခဲ့ပါသည်။ LIFT စီမံကိန်း တခုချင်းစီမှ တာဝန်ခံများနှင့် LIFT ၏ ကျား၊မ ရေးရာ

အရာရှိတို့မှ တိုးတက်မှုများအား ညွှန်းကိန်းများဖြင့် တနစ်လျှင် (၂) ကြိမ် အကဲဖြတ် ဖြတ်ခဲ့ပါသည်။ မိတ်ဖက်အဖွဲ့များသည် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိရေး တိုးတက်စေရန်နှင့် လူမှုအဖွဲ့အစည်းများ ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများ ပါဝင်လာစေရန်အတွက် အောင်မြင်သည့် ချဉ်းကပ်နည်းလမ်းများကို ဖော်ထုတ်နိုင်ခဲ့သဖြင့် တိုးတက်ကောင်းမွန်မှုရှိခဲ့ပါသည်။ အမျိုးသမီးများအား အသက်မွေးဝမ်းကျောင်းလုပ်ငန်း အမျိုးမျိုးကို ရွေးချယ်စေခြင်း၊ မြို့ပြဒေသများတွင် လုပ်ခလစာရရှိသော အလုပ်များ၌ ခန့်ထားနိုင်ရန် အထောက်အကူပေးခြင်းတို့ဖြင့် LIFT သည် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းရှိစေရန် ဆောင်ရွက်ခြင်းအား စရိတ်သက်သက်သာသာဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်းတွင် အောင်မြင်မှု စီမံချက်မှ ပို့ချသည့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများသည် အမျိုးသမီး ၁,၇၆၄ ဦးအား ရန်ကုန်မြို့တွင် အလျင်အမြန်ကြီးထွားတိုးတက်လာသည့် အထည်ချုပ်လုပ်ငန်းကဏ္ဍ၌ အလုပ်ရရှိစေရန် အထောက်အကူပေးခဲ့ပါသည်။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများအား တိုးတက်အောင် ဆောင်ရွက်ပေးသည့် သင်တန်းများမှ အမျိုးသမီးများအား အလုပ်အကိုင် ရရှိအောင်ဆောင်ရွက်ပေးနိုင်ရုံသာမက သက်ဆိုင်ရာ ကဏ္ဍများအတွင်း ပိုမိုကောင်းမွန်သည့် လုပ်ခလစာနှင့် ပိုမိုကောင်းမွန်သည့် လုပ်ငန်းခွင်အခြေအနေရရှိအောင် ဆောင်ရွက်ပေးခဲ့ပါသည်။ သင်တန်းဆင်းပြီးနောက် ဆောင်ရွက်သည့်လေ့လာမှုတွင် အောင်မြင်မှုစီမံချက်မှ လေ့ကျင့်သင်ကြားပေးခဲ့သည့် အမျိုးသမီးများ၏ ၆၄ရာခိုင်နှုန်းသည် လေ့ကျင့်သင်ကြားခြင်း မရှိခဲ့သူများထက် ပိုမိုမြင့်မားသည့် လစာရရှိသည်ကို တွေ့ရှိခဲ့ပါသည်။ အမျိုးသမီးများသည် မိသားစုအတွက် ဝင်ငွေရှာနိုင်သူ ဖြစ်လာသည့်အခါ မိသားစု၏ ငွေရေးကြေးရေးဆိုင်ရာ အရင်းအမြစ်များအား မိမိကိုယ်ကို ယုံကြည်မှုရှိစွာ ပိုမိုထိန်းချုပ်နိုင်လာမည်ဖြစ်သည်။ LIFT၏ အားလုံးပါဝင်သည့် ငွေကြေးဆိုင်ရာ စီမံကိန်းများတွင် မြို့ပြများ၌ လာရောက်လုပ်ကိုင်နေသည့် ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးများကို ၎င်းတို့နှင့် ကိုက်ညီမည့် ဝန်ဆောင်မှုများနှင့် ငွေကြေးဆိုင်ရာ အသိပညာပေးသင်တန်းများပေးနိုင်မည့် အထည်ချုပ်ကဏ္ဍအား သီးသန့်ရည်မှန်းချက်ထား၍ ပေါင်းစည်းခဲ့ပါသည်။ ၂၀၁၈ခုနှစ်တွင် LIFT၏ အားလုံးပါဝင်သည့် ငွေကြေးဆိုင်ရာ စီမံကိန်းများသည် မြို့နယ် ၂၂၃ မြို့နယ်မှ အမျိုးသမီး ၉၁ ရာခိုင်နှုန်းပါဝင်သည့် လူဦးရေ ၂.၆ သန်းထံ ရောက်ရှိခဲ့ပါသည်။ ၅၈ ရာခိုင်နှုန်း သည် မွေးမြူရေးလုပ်ငန်းအတွက်နှင့် ၂၇ရာခိုင်နှုန်းသည် စိုက်ပျိုးရေးအတွက် အသုံးပြုခဲ့ကြပြီး ၁၄ ရာခိုင်နှုန်းသည် အသေးစားနှင့်အလတ်စားလုပ်ငန်းများ အတွက်ပေးသည့်ချေးငွေကို ရယူကာ၊ ၁ ရာခိုင်နှုန်းသည် လူမှုရေးချေးငွေ ရယူခဲ့ကြသည်။၎င်းမှာ အကျိုးခံစားခွင့်ရှိသူ အများစုဖြစ်သော အမျိုးသမီးများသည် အသေးစားချေးငွေများကိုအတိုးထက် ပိုရမည့် ရင်းနှီးမြှုပ်နှံမှုတွင် အသုံးပြုခြင်းနှင့် အသက်မွေးဝမ်းကျောင်းမှုအတွက် ဆောင်ရွက်နေခြင်းကိုညွှန်ပြနေပါသည်။ အသေးစား ငွေကြေးဝန်ဆောင်မှုတွင် လူမှုရေးချေးငွေအား မိတ်ဆက်ခြင်းသည် MFI များမှ အမျိုးသမီးအများစုပါဝင်သည့် ဝန်ဆောင်မှု ရယူသူများ၏ လိုအပ်ချက်နှင့်လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နေခြင်းကိုလည်း ညွှန်ပြနေပါသည်။

၁၅။LIFTသည် စီမံကိန်းကြီးတခုလုံးနှင့် စီမံချက်အများအပြားတွင် အစိုးရ၏မူဝါဒများနှင့် ထိတွေ့ဆောင်ရွက်မှုအား ဆက်လက် လုပ်ဆောင်နေပါသည်။

၂၀၁၈ ခုနှစ်အတွင်းတွင် မြန်မာနိုင်ငံ အစိုးရ ၏စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (Agriculture Development Strategy - ADS) အား အကောင်အထည်ဖော်မည့် အစီအစဉ်နှင့်အတူ စတင် မိတ်ဆက်ခဲ့ပြီး ဒုတိယနှစ်တဝက်တွင် အစိုးရမှ မဟာဗျူဟာအား အသက်ဝင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ကိုင်ဆောင်ရွက်နေပါသည်။ LIFTမှ မဟာဗျူဟာ ရေးဆွဲရာတွင် နည်းပညာအထောက်အပံ့ပေးခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဦးစီးဌာနမှ စီမံကိန်း စီမံခန့်ခွဲမှု အတွက် နည်းပညာ အကူအညီများနှင့် ဘတ်ဂျက်အား သေချာစွာ အကျိုးရှိရှိအသုံးချနိုင်ရန်အတွက် နိုင်ငံတကာစံနှုန်းများ၊ အလေ့အကျင့်ကောင်းများအား ပံ့ပိုးပေးရန် LIFT အား မေတ္တာရပ်ခံခဲ့ပါသည်။ ဤအနှစ်ချုပ်တင်ပြချက်အပြီးတွင် ၂၀၁၈ ခုနှစ်အတွင်း စိတ်ဝင်စားဖွယ် အကောင်းဆုံး LIFT ၏ မူဝါဒဆိုင်ရာ လုပ်ဆောင်ချက်များအား တင်ပြထားပါသည်

၁၆။ LIFT ၏ ရန်ပုံငွေသက်တမ်း နောက်အဆင့် ၂၀၁၉ -၂၀၂၃ အတွက် ဒီဇိုင်းရေးဆွဲနိုင်ခဲ့သည်။

LIFT၏ ရန်ပုံငွေနောက်အဆင့် (၂၀၁၉-၂၀၂၃) ဒီဇိုင်းပုံစံအတွက် ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်နှင့် LIFT၏ မဟာဗျူဟာကို ပြန်လည် ဆန်းသစ်မှုအား ၂၀၁၇ခုနှစ် ဒုတိယ နှစ်ဝက်တွင် စတင်ခဲ့ကာ ၂၀၁၈ ခုနှစ်တလျှောက်လုံး ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ ရန်ပုံငွေဘုတ်အဖွဲ့သည် ရည်မှန်းထားသည့် အကျိုးခံစားခွင့်ရှိသူ အုပ်စုများအား "တက်လှမ်း" "ထွက်ခွာ" (သို့) "တောင့်ထား" နိုင်ရန်အတွက် အကူအညီပေးရန် ဖြစ်သော LIFT၏ မဟာဗျူဟာမြောက် အာရုံစိုက် အလေးထားမှုအား ဆက်လက် လုပ်ဆောင်ရန် ကတိပြုခဲ့ပြီး LIFT၏ ၂၀၁၉-၂၀၂၃ အဆင့်အား အားလုံးပါဝင်မှုနှင့် လူမှုရေးပေါင်းစည်းညီညွတ်မှု အပေါ် တိုးမြှင့်၍ အာရုံစိုက်ခြင်း၊ ကျား၊မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများလုပ်ကိုင်နိုင်စွမ်းရှိရေးအတွက် အားထုတ်မှုများ၊ တိုင်းရင်းသား လူမျိုးစု/နယ်စပ်ဒေသရှိ ပြည်နယ်များ နှင့် ပဋိပက္ခ ခံစားနေရသည့် ဒေသများအပေါ် တိုးမြှင့်အာရုံစိုက်ခြင်း၊ နေရပ်စွန့်ခွာ တိမ်းရှောင်သူများနှင့် နေရပ်ပြန်သူများအား LIFT ၏ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်လာစေရန် ဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှု အနည်းငယ်သာရရှိခဲ့သည့် မြို့ပြနှင့် မြို့ပြအနီးတဝိုက်ရှိ ဒေသများတွင် စီမံချက် လုပ်ဆောင်မှုများ တိုးမြှင့်ခြင်းနှင့် ရည်မှန်းထားသည့် မူဝါဒများနှင့် မူဝါဒပြောင်းလဲမှုများ ပြုလုပ်သည့်အဆင့်ဟု သတ်မှတ်ရန် သဘောတူညီခဲ့ပါသည်။အကြောင်းအရာ နယ်ပယ်(၄) ခု၏ အရေးကြီးသည့် မဟာဗျူဟာမူကြမ်းရေးဆွဲသည့် အလုပ်အား နှစ်လည်တွင် ပြီးစီးခဲ့ပါသည်။ ရန်ပုံငွေပေါင်းကူးခြင်းနှင့် အပြောင်းအလဲပြုလုပ်နိုင်ရန်အတွက် အပိုရန်ပုံငွေ ရယူထားပြီး LIFT၏ လက်ရှိစီမံချက်များနှင့် စီမံကိန်းများအား ၂၀၁၉-၂၀၂၃ အဆင့်အတွက် ကြိုတင် အစီအစဉ်ချထားသည့် အပြောင်းအလဲများနှင့် ကိုက်ညီစေရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါ သည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ရန်ပုံငွေဘုတ်အဖွဲ့သည် ၂၀၁၉ - ၂၀၂၃ မဟာဗျူဟာအား အတည်ပြုခဲ့ပြီး LIFT ၏ အင်တာနက် ဝက်ဘ်ဆိုဒ်ပေါ်တွင် ထုတ်ပြန်ခဲ့ပါသည်။

# အစိုးရအား မူဝါဒ ရေးရာ နှင့် ပံ့ပိုးပေးခြင်း

LIFT ၏စီမံကိန်းအားလုံးသည် အစိုးရအား အကူအညီပေးခြင်း နှင့် မူဝါဒဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပံ့ပိုးပေးခြင်း အပေါ် အာရုံစိုက်ပါသည်။ အဆိုပါ မူဝါဒဆိုင်ရာ အားထုတ်မှုများနှင့် အောင်မြင်ဖြစ်ထွန်းမှုများအား အခန်း (၂) တွင် အကျိုးရလဒ်များ၊ အခန်း (၃) တွင် နယ်မြေဒေသအလိုက် စီမံကိန်းများ၊ အခန်း (၄) အကြောင်းအရာအလိုက် စီမံကိန်းများ၊ အခန်း (၅) တွင် အားလုံးနှင့်အကျုံးဝင်သည့် နယ်ပယ်များ၊ အခန်း (၆) နှင့် နောက်ဆက်တွဲ (၆) တွင် အစိုးရအား မူဝါဒရေးရာနှင့် အကူအညီပေးခြင်းတို့ဖြင့် အစီရင်ခံ တင်ပြထားပါသည်။ဤအပိုင်းသည် ၂၀၁၈ ခုနှစ်တွင် အရေးပါသည့် မူဝါဒရေးရာ အောင်မြင်မှုများ ရရှိခဲ့သည့် ကာလများအား မီးမောင်းထိုးပြနေပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ငါးလုပ်ငန်းကဏ္ဍများတွင် -

*ဧရာဝတီ ရေချိုငါးလုပ်ငန်း ဥပဒေအား ၂၀၁၈ ခုနှစ် မတ်လတွင် ပြဌာန်းခဲ့ပါသည် -*

ဤဥပဒေသည် မြစ်ဝကျွန်းပေါ်ဒေသတွင် ရေရှည်တည်တံ့မည့် ငါးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှု၏ အလှည့်အပြောင်းဖြစ်ပါသည်။LIFT၏ မိတ်ဖက်ဖြစ်သည့် ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (Network Activities Group-NAG) သည် ဥပဒေရေးဆွဲ အကောင်အထည်ဖော်ရာတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအား ပံ့ပိုးပေးခဲ့ပါသည်။ဤဥပဒေသည် လိုင်စင်ရယူခြင်းနှင့် ရပ်ရွာလူထုမှ ပူးတွဲ စီမံခန့်ခွဲသည့် အသေးစား ငါးလုပ်ငန်းများမှ ပြည်တွင်းရေကြောင်း အသုံးပြုမှုကိုခွင့်ပြုခဲ့ပါသည်။ ဥပဒေသည် မြစ်ဝကျွန်းပေါ်ဒေသ အနှံ့အပြားရှိ ငါးလုပ်ငန်းဆိုင်ရာ အရင်းအမြစ်များမှ ရယူခဲ့သည့် အကျိုးကျေးဇူးများနှင့် ကျား၊မ ရေးရာအား ပြည်နယ်/တိုင်းဒေသကြီးအဆင့် စီမံအုပ်ချုပ်မှုတွင် ပါဝင်စေမည့် အခွင့်အလမ်းများ အပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်လာခြင်းတို့ အတွက် အခြေခံအုတ်မြစ်ကို ချမှတ်ပေးခဲ့ပါသည်။

*တရုတ်နိုင်ငံသို့ ကျွဲနွားတင်ပို့ခြင်းကို ၂၀၁၈ ခုနှစ်တွင် ပြန်လည် စတင်ခဲ့ပါသည် -*

၂၀၁၈ခုနှစ်အတွင်း တရုတ်နိုင်ငံနှင့် ကျွဲနွားကုန်သွယ်ရေး ကိစ္စရပ်များ ညှိနှိုင်းနေချိန်တွင် မြန်မာအစိုးရသည် LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးသော FAO ၏ မွေးမြူရေး စီမံချက်မှ ကောက်ယူခဲ့သည့် တိရစ္ဆာန်ကောင်ရေ စာရင်းစစ်တမ်း၏ အချက်အလက်များအပေါ် အားပြုခဲ့သည်။ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ပြီးနောက် တရုတ်နိုင်ငံနှင့် ကျွဲနွားကုန်သွယ်ရေးအား ၂၀၁၈ ခုနှစ်တွင် ပြန်လည် စတင်ခဲ့ပါသည်။ အဆိုပါ ကုန်သွယ်ရေးမှ မြန်မာနိုင်ငံရှိ တိရစ္ဆာန်မွေးမြူသည့် အိမ်ထောင်စုများအပေါ် သိသာထင်ရှားသည့် သက်ရောက်မှုများ ရှိခဲ့ပါသည်။ FAO စီမံချက်မှ ကျွဲနွားမူဝါဒနှင့် တရုတ်ပြည်နှင့် ကုန်သွယ်ခြင်းတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများမှ ပတ်သက်ဆက်နွယ်နေသူများအား စုစည်း၍ ကျွဲနွား ကုန်သွယ်ရေး အကြံပေးအဖွဲ့အား ထူထောင်ရာတွင် အထောက်အပံ့ပေးခဲ့ပါသည်။

*အစိုးရ၏ အထောက်အပံ့ရယူနိုင်ရန်အတွက် ဖာလာစေ့အား ဦးစားပေးသီးနှံအဖြစ်ကြေညာခဲ့ပါသည် -*

တောင်တန်းဒေသ စီမံကိန်း၏ စီမံချက်တခုဖြစ်သော ဖာလာစေ့ တန်ဖိုးမြှင့်ကွင်းဆက် စီမံချက်မှ ဖာလာစေ့အား တန်ဖိုးရှိသည့် သီးနှံတခုအဖြစ် အထောက်အထား ဖော်ထုတ်ပေးခဲ့ပြီး အစိုးရ၊ စိုက်ပျိုးသူများနှင့် ပုဂ္ဂလိက ကဏ္ဍမှ အသင်းအဖွဲ့များအား ချိတ်ဆက်ပေးမည့် ပတ်သက် ဆက်နွယ်သူမျိုးစုံပါဝင်သည့် ပလက်ဖောင်းအား တည်ဆောက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အစိုးရမှ ဖာလာစေ့အား စိုက်ပျိုးရေးသီးနှံ အဖြစ် သတ်မှတ်ကြောင်း ကြေညာခဲ့ပြီး တောင်သူများအတွက် အခွန်လျှော့ချပေးရန်နှင့် တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းလမ်းများအား လမ်းဖွင့်ပေးထားပါသည်။

လူမှုရေး ပင်စင်ကဏ္ဍတွင်-

*နိုင်ငံတော် အစိုးရသည် သက်ကြီး လူမှုရေးပင်စင်များ ပေးအပ်၍ ပင်စင်ရယူနိုင်သည့် အခြေအနေအား တိုးချဲ့ပေးပါသည် -*

LIFT မှ ရန်ပုံငွေပံပိုးသည့် သက်ကြီးလူမှုရေးပင်စင် ရွေ့ပြေးစမ်းသပ် အစီအစဉ်၏ ကောင်းမွန်သည့် ရလဒ်များကြောင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနမှ ၂၀၁၇ ခုနှစ်တွင် အသက် (၉၀) နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား၂၀၁၇ ခုနှစ်တွင် လူမှုရေး ပင်စင်များ စတင်ပေးအပ်ခဲ့ပြီး၊၂၀၁၈ ခုနှစ်တွင် လူမှုရေးပင်စင်ရရန် အကျုံးဝင်သည့်အသက် ၈၅နှစ်အထက်ရှိသူ လူဦးရေ ၁၆၈,၅၇၈ ဦး အကျိုးခံစားခွင့် ရရှိခဲ့ပါသည်။

အာဟာရ ဖွံ့ဖြိုးရေးတွင်-

*ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်း (MS-NPAN)-*

၂၀၁၇ ခုနှစ်တွင် အစိုးရမှ အာဟာရနှင့် ပတ်သက်၍ ဝန်ကြီးဌာနများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု စတင်ခဲ့ပြီး၊၂၀၁၈ ခုနှစ်တွင် လုပ်ငန်း စတင်လည်ပတ်ခဲ့သည့် MS-NPAN ရေးဆွဲခြင်းတွင် LIFT မှ တက်ကြွစွာ ပံ့ပိုးကူညီခဲ့ပါသည်။ LIFT သည် ၂၀၁၈ ခုနှစ် တွင် MS-NPAN လုပ်ငန်း စတင်သည့် အဆင့်အတွက် အထောက်အပံ့ပေးရန် ကတိကဝတ်ထားရှိခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရေး ရန်ပုံငွေ (Access to Health Fund) အဖွဲ့နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန (MoALI) နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MSWRR) တို့အား ဘဏ္ဍာရေးပိုင်းနှင့် နည်းပညာပိုင်းတို့ဖြင့် အထောက်အကူ ပေးလျက်ရှိပါသည်။

*နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသနှင့် ချင်းပြည်နယ်တို့တွင် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာမည့် အသက်၂နှစ်အောက် ကလေးသူငယ်များ အားလုံးအတွက် ငွေကြေးထောက်ပံ့ရန် ဘတ်ဂျက်ခွဲဝေ သတ်မှတ် ပေးခဲ့ပြီး ကယားပြည်နယ်နှင့် ကရင်ပြည်နယ် တို့သို့ လွှမ်းခြုံမှု တိုးချဲ့ရန် စီစဉ်လျက်ရှိပါသည် -*

MCCT သည် မြန်မာနိုင်ငံ၏ *လူမှု ကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ*စီမံချက်တွင် ဖော်ပြထားသည့် အဓိကကျသော ဦးဆောင် စီမံချက်ဖြစ်ပါသည်။၂၀၁၇ ခုနှစ်တွင် LIFTသည် ချင်းပြည်နယ်တွင်ဆောင်ရွက်နေသော အစိုးရဦးဆောင်သည့် MCCT စီမံချက်အတွက် ရန်ပုံငွေနှင့် နည်းပညာပံ့ပိုးမှုများ ပေးအပ်ခဲ့ပါသည်။ ချင်းပြည်နယ်တွင် ၂၀၁၉ ခုနှစ်အတွင်း MCCT စီမံကိန်း ဆက်လက်ဆောင်ရွက်ရန်အတွက် ဘတ်ဂျက်ခွင့်ပြုပေးခဲ့ကြောင်းကို အစိုးရမှ၂၀၁၈ ခုနှစ်တွင် ကြေညာခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အစိုးရမှ MCCT အစီအစဉ်အား ရခိုင်ပြည်နယ်တခုလုံးတွင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် LIFT ၏ MCCT အကျိုးခံစား ခွင့်ရှိသူများအား လွှဲပြောင်းရယူခဲ့ပါသည်။ လူမှုဝန်ထမ်း ဦးစီးဌာနမှ MCCT

အစီအစဉ်အား ကယားပြည်နယ် နှင့် ကရင်ပြည်နယ်တို့၌ ၂၀၁၉ ခုနှစ်တွင် စတင် အကောင်အထည်ဖော်မည် ဖြစ်ပါသည်။အစိုးရ၏ အရေးကြီးသည့် အာဟာရဆိုင်ရာ အစီအစဉ်များ အတွက် LIFT ၏ နည်းပညာပံ့ပိုးမှု အား ဆက်လက် ပေးအပ်သွားမည် ဖြစ်ပါသည်။

*အစိုးရ၏ MCCT စီမံကိန်း မဟာဗျူဟာ ရေးဆွဲရာတွင် အမူအကျင့်ပြောင်းလဲရေးသတင်းစကား ပြောကြားမှုများ (SBCC) အား ထည့်သွင်းထားပါသည်-*

LIFTသည် MCCT စီမံကိန်းအား ၂၀၁၃ခုနှစ်တွင် ပထမဦးဆုံးစတင်ခဲ့ပြီး ရခိုင်၊ မြစ်ဝကျွန်းပေါ်၊ အပူပိုင်းဇုန်နှင့် ချင်းပြည်နယ်ရှိ စီမံကိန်းများသည် SBCCနှင့်ငွေကြေးထောက်ပံ့ရာတွင် အာဟာရဆိုင်ရာ ရလဒ်များရရှိရန် သက်ရောက်မှုအရှိဆုံး ချဉ်းကပ်နည်းလမ်း ဖြစ်ကြောင်း ဆုံးဖြတ်ရန်အတွက် နည်းစနစ်အမျိုးမျိုးအား အသုံးပြု၍ ရှေ့ပြေးစမ်းသပ်မှုများ ပြုလုပ်ခဲ့ပါသည်။ LIFT၏ အထောက်အထား အခြေခံနည်းလမ်းက ငွေကြေးထောက်ပံ့မှုနှင့် အတူတွဲ၍ ဆောင်ရွက်သည့် SBCC၏အရေးပါမှုကို ပြသခဲ့ပါသည်။ငွေကြေးသက်သက် ထောက်ပံ့ခြင်းဖြင့် အာဟာရ ဖွံ့ဖြိုးမှုကို ပိုမိုကောင်းမွန်စေနိုင်မည် မဟုတ်ပါ။ ၂၀၁၈ ခုနှစ်အတွင်း လူမှုဝန်ထမ်းဦးစီးဌာနသည် LIFT ၏ မိတ်ဖက်များနှင့် လက်တွဲ၍ ချင်းပြည်နယ်အတွက် SBCC မဟာဗျူဟာကို ရေးဆွဲခဲ့ပါသည်။SBCC သည် အစိုးရမှ ဦးဆောင်သည့် MCCT အာဟာရ စီမံကိန်းများ နှင့် အနာဂတ် စီမံကိန်းများ၏အစိတ်အပိုင်း ဖြစ်လာမည်ဆိုသည်ကို ညွှန်ပြနေပါသည်။ ဤအတွက် LIFT မှ ဆက်လက် ကူညီပံ့ပိုးပေးမည် ဖြစ်ပါသည်။

*နိုင်ငံတော်အစိုးရသည် မိခင်နှင့်ကလေးများအားငွေကြေး ပံ့ပိုးခြင်းနှင့် လူမှုရေး ပင်စင်များအတွက် အီလက်ထရွန်နစ် ငွေကြေးစနစ်ဖြင့် ပေးနိုင်ရန်နည်းလမ်းများရှာဖွေနေပါသည်-*

၂၀၁၈ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပုဂ္ဂလိက ကဏ္ဍနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ တက်ရောက်ခဲ့ကြပြီး လူမှုကာကွယ်စောင့်ရှောက်ရေးအတွက်ငွေကြေးပံ့ပိုးပေးရာတွင် အီလက်ထရွန်နစ် နည်းပညာဖြင့် ငွေလွှဲသည့်စနစ်ကို အသုံးပြုနိုင်ရန် ရှာဖွေဖော်ထုတ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်တို့၌ စမ်းသပ်အသုံးပြုခဲ့သည့် အီလက်ထရွန်နစ် နည်းပညာဖြင့် ငွေပေးမှုများမှ ရရှိခဲ့သည့် အထောက်အထားများနှင့် သင်ခန်းစာများမှာ ဤအစီအစဉ်အတွက် အထောက်အကူ ဖြစ်စေခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှလည်း ဆောင်ရွက်လျက် ရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက်များအား အီလက်ထရွန်နစ် နည်းပညာအသုံးပြုသည့် ပလက်ဖောင်းသို့ ပြောင်းရွှေ့ရန် ကတိပြုခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ရရှိနိုင်ရန် မျှော်မှန်းထားသည့် အောင်မြင်မှုမှာ မူဝါဒဆိုင်ရာ ပြောင်းလဲမှု နှင့် စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နှင့် စာရင်းချုပ်ရုံး၏ လမ်းညွှန်မှုအပေါ်တွင် မူတည်နေပါသည်။

သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သား ရွှေ့ပြောင်းမှုတွင်-

*အစိုးရသည် အထည်ချုပ်ကျွမ်းကျင်မှု သင်တန်း စင်တာများကို ပုံတူပွားဆောင်ရွက်နိုင်ရန် စဉ်းစားလျက် ရှိပါသည် -*

LIFT ၏ အောင်မြင်မှု စီမံချက်သည် ရန်ကုန်တွင် အထည်ချုပ်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်း စင်တာတခု တည်ထောင်၍ လုပ်ငန်းလည်ပတ်ခဲ့ပြီး အသိအမှတ်ပြု ရရှိနိုင်မည့် ကျွမ်းကျင်မှုဆိုင်ရာ သင်ရိုးညွှန်းတမ်း များအား ရေးဆွဲထားပါသည်။ စီမံချက်မှ ကျွမ်းကျင်မှုဆိုင်ရာ စံနှုန်းများအတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍတို့နှင့် မိတ်ဖက်ပြုမှုကို တည်ဆောက်ခဲ့ပါသည်။၂၀၁၈ ခုနှစ်အတွင်းတွင် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ အခြားတိုင်းဒေသကြီးများတွင် သင်တန်းစင်တာ ပုံစံအတိုင်း ပုံတူပွားဆောင်ရွက်ရန် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ စီမံချက်ကို ၂၀၁၉ခုနှစ်အထိ သက်တမ်းတိုးမြှင့်ခဲ့ပြီး ကျွမ်းကျင်မှုဆိုင်ရာ အဆင့်အတန်းအား တရားဝင် အသိအမှတ်ပြုရန်အတွက် အစိုးရနှင့် ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

*မူဝါဒချမှတ်သူများထံ ရောက်ရှိနိုင်မည့် နည်းကိရိယာများ တီထွင်ပြုလုပ်ခြင်းနှင့် သုတေသန -*

LIFT၏ ရွှေ့ပြောင်းသွားလာရေး အစီအစဉ်၏ စီမံချက်များသည် မူဝါဒချမှတ်သူများထံ ရောက်ရှိရန် ဦးတည်သည့် နည်းလမ်းများနှင့် သုတေသနများကို အကောင်အထည် ဖော်လျက်ရှိပါသည်။မြန်မာနိုင်ငံ ဆင်းရဲ နွမ်းပါးမှုလျှော့ချရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးအတွက် လုပ်သားရွှေ့လျားမှုကို ရင်းနှီးမတည်ခြင်း (CHIME) လေ့လာမှုအား ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် နေပြည်တော်တွင် အစိုးရမှ ပြုလုပ်သော အခမ်းအနားတခုတွင် စတင်မိတ်ဆက်ခဲ့ပါသည်။ မြန်မာရွှေ့ပြောင်းလုပ်သားများနှင့် ယင်းတို့၏ မိသားစုများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းသွားလာရသည့် အမှန်တရားများ၊ ဖွံ့ဖြိုးတိုးတက်ရန်အတွက်ရွှေ့ပြောင်းသွားလာခြင်းကို တွန်းအားပေးသည့် ထောက်ခံမှုများ ပြုလုပ်ရန်အတွက် ပြည့်စုံလုံလောက်သည့် အထောက်အထားများအား CHIME လေ့လာမှုမှ ပေးအပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ အစိုးရမှ လုံခြုံစိတ်ချရသည့် အလုပ်အကိုင်နှင့်ရွှေ့ပြောင်းသွားလာခြင်းနှင့် သက်ဆိုင်သော မူဝါဒနှင့် ဥပဒေများ ပြန်လည်ပြင်ဆင်ရန်နိုင်အတွက် အားသွန်ခွန်စိုက် ကြိုးစားအားထုတ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ILO ၏ရွှေ့ပြောင်း သွားလာခြင်းအစီအစဉ်၏ စီမံချက်မှ မူဝါဒ အနှစ်ချုပ်များနှင့် အသိအမြင်ဆိုင်ရာ အထောက်အထားများအား ထုတ်ဝေခဲ့ပါသည်။ အစီရင်ခံစာများတွင် သုတေသန ဆောင်ရွက်ချက်၏ စိတ်ဝင်စားဖွယ် အကောင်းဆုံးအချက်များ ဖော်ပြထားပါသည်။

# လေ့လာ ဖော်ထုတ်ခဲ့သော သင်ခန်းစာများ

ပိုမိုကျယ်ပြန့်စွာ ဆွေးနွေးတိုင်ပင်ရန်အတွက်ခေတ္တ ရပ်ဆိုင်းခြင်းသည် ရှင်းလင်းတိကျသည့် သိမြင်နားလည်မှုများအား အစဉ်သဖြင့် ဆောင်ယူလာပြီး LIFT စွန့်စားရနိုင်ချေများကို စီမံခန့်ခွဲရန် အကူအညီ ပေးပါသည်။

မကွေးတိုင်းဒေသကြီးတွင် ဆင်းရဲနွမ်းပါးသူများ၏ ပါဝင်ဆောင်ရွက်မှုဖြင့် မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ ပြန်လည်စွန့်လွှတ် လွှဲပြောင်းပေးခြင်း၊ပြန်လည်ခွဲဝေချထားခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း စီမံကိန်း (REAL-DEV) ကို LIFT က စတင် ဆောင်ရွက်သည့်အချိန်တွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ဝေဖန်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးစုများ၏ ဓလေ့ထုံးတမ်း လယ်ယာလုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ မြေလွတ်၊မြေလပ်နှင့်မြေရိုင်း ဥပဒေကို LIFTက ထောက်ခံသကဲ့သို့ ဖြစ်နေခြင်း အပေါ်တွင် လူသိရှင်ကြားသော်လည်းကောင်း၊ သီးသန့်အားဖြင့်သော်လည်းကောင်း မေးခွန်းထုတ်ခဲ့ကြသည်။ အဆိုပါ စိုးရိမ်မကင်းဖြစ်မှုများကို တုံ့ပြန်နိုင်ရန်အတွက် ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးသည် LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်များအပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများနှင့် သဘောထား ရယူသည့် တိုင်ပင်ဆွေးနွေးမှုများစွာပြုလုပ်ခဲ့ပါသည်။ အဆိုပါ တန်ဖိုးရှိသည့် အတွေ့အကြုံများမှ အဓိက သင်ခန်းစာ နှစ်ခု ရရှိခဲ့ပါသည်။ ပထမတခုအနေဖြင့် မြေယာနှင့် ပတ်သက်၍ LIFT ၏ သဘောထားရယူသည့် တိုင်ပင်ဆွေးနွေးမှု အတိုင်းအတာ တိုးချဲ့ရန်အတွက် မြေယာလုပ်ပိုင်ခွင့် မူဝါဒနှင့် ဥပဒေအရ စီမံဆောင်ရွက်ထားမှုများနှင့် သက်ဆိုင်သည့် အမြင်အမျိုးမျိုးရှိသော အဖွဲ့အစည်းများ ပါဝင်လာရန် လိုအပ်ပါသည်။ ဒုတိယအနေဖြင့် ပဋိပက္ခများ ဖြစ်ပွားလျက်ရှိသည့် ဒေသများရှိ လုပ်ငန်းများနှင့် ပတ်သက်၍ LIFT နှင့် LIFT ၏ မိတ်ဖက်များအတွက် အရေးပါသည့်အချက်မှာ လူမှုအဖွဲ့အစည်းအပါအဝင် အဆင့်တိုင်းရှိ ပတ်သက်ဆက်နွယ်သူအမျိုးမျိုးနှင့် တိုင်ပင်ဆွေးနွေးမှုများအား ပိုမို၍ တက်ကြွစွာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ LIFT အနေဖြင့် မိမိ၏ အဖွဲ့များ၊ မိတ်ဖက်များ၊ ကွန်ရက်များ၊ LIFTနှင့် ဆက်စပ်မှု ရှိသော်လည်း သီးခြားရပ်တည်နေသည့် ရန်ပုံငွေအဖွဲ့များထဲမှ အသိအမြင်များကို အကျိုးရှိအောင် အသုံးပြုကာ လွတ်လပ်သည့် အကြံပေးများ၏ ကျွမ်းကျင်မှုများကို ရယူပြီး အတွေးအခေါ်များကို စိန်ခေါ်ကာ ရှုထောင့် အမြင်များကို အကျယ်ပြန့်ဆုံး ဖြစ်အောင် ဆောင်ရွက်သင့်ပါသည်။

LIFT၏ ရခိုင်ပြည်နယ်ရှိ တက်လမ်းစီမံချက် မိတ်ဖက်များသည် ရပ်ရွာလူထုများ၏ တုံ့ပြန်မှုများ ပေးအပ်နိုင်သည့် အစီအစဉ်မှတဆင့် အလေးအနက်ထားနားထောင်ခဲ့ပြီး ထိရောက်စွာ တုံ့ပြန် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် Careမှ ကျင်းပခဲ့သည့် စီမံချက်တခုလုံးအတွက် နှစ်ပတ်လည် လေ့လာသင်ယူခြင်း အခမ်းအနား တွင် International Rescue Committee-IRC ၊ Save the Children၊ LIFT နှင့် CARE၏ ရသေ့တောင် စီမံချက်မှ ဝန်ထမ်းများ တက်ရောက်ခဲ့ပါသည်။အဆိုပါ အခမ်းအနားတွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြပြီး အောင်မြင်ခဲ့သည့် အကြောင်းအရာများနှင့်အတူ အကောင်အထည်ဖော်ရန်အတွက် ကျန်ရှိနေသေးသည့် ကာလအတွင်း တွေ့ရှိနိုင်မည့် အကျပ်အတည်းများကိုလည်း ရှာဖွေဖော်ထုတ်ခဲ့ပါသည်။ တက်လမ်း - ၂ စီမံကိန်းတွင် Care ၏ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်း စီမံချက်၏ အဓိက စိတ်ဝင်စားဖွယ် အကောင်းဆုံးအချက်မှာ ပြင်ဆင်မွမ်းမံလိုက်သော ရပ်ရွာလူထုများ၏ တုံ့ပြန်မှုများ ပေးအပ်နိုင်သည့် အစီအစဉ်ကို အောင်မြင်စွာ အသုံးပြုနိုင်ခြင်းဖြစ်ပါသည်။ အကောင်ထည်ဖော်သည့် မိတ်ဖွဲ့များသည် ၎င်းတို့၏ လုပ်ငန်းများအပေါ် စီမံချက်များတွင် ပါဝင်သူများမှ ပေးပို့လာသော အရည်အသွေးပိုင်းဆိုင်ရာ အသေးစိတ် တုံ့ပြန်မှုများကို ထိုအစီအစဉ်မှတဆင့် ပုံမှန်ရရှိကြသည်။ယင်းမှ ရပ်ရွာလူထုအတွင်း ဆက်ဆံရေးများ တိုးတက်လာရန် ကူညီပံ့ပိုးပေးပါသည်။စီမံကိန်းတိုးတက်မှု၏ ဦးတည်ရာများကို ပိုမိုနားလည်စေရန်အတွက် ပါဝင်သူများ၏ တုံ့ပြန်မှုကို နှစ်ပတ်လည် ရလဒ်စောင့်ကြည့် စစ်ဆေးခြင်းနှင့် စီမံချက်အရည်အသွေးသုံးသပ်ခြင်း လုပ်ငန်းစဉ်တွင် အသုံးပြုခဲ့ပါသည်။

စီမံကိန်းများ ပေါင်းစည်းလုပ်ကိုင်ခြင်းမှ အကျိုးအမြတ်များ ပေါ်ထွက်လာရာ LIFTအနေဖြင့် အကြောင်းအရာ နယ်ပယ်အလိုက် မဟာဗျူဟာ ဖော်ဆောင်ရာတွင် ကန့်သတ်မှုများ/ သီးသန့်လုပ်ဆောင်မှုများ ရှောင်ရှားရန် လိုပါသည်-

မြစ်ဝကျွန်းပေါ် စီမံချက်ကို သုံးသပ်ခြင်းသည် စပေါင်းလေ့လာသင်ယူခြင်း၊ မိတ်ဖက်များကြား ကွန်ရက်ဖွဲ့ခြင်းနှင့် တိုင်းဒေသကြီး အစိုးရနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းတို့ အားကောင်းသည့် စီမံကိန်းအလိုက် ချဉ်းကပ်နည်းလမ်း၏ အကျိုးကျေးဇူးများကို မှတ်တမ်းတင်ခဲ့ပါသည်။အပူပိုင်းဇုန် စီမံကိန်းမှ ပိုမိုကောင်းမွန်သည့် ရလဒ်များ ရရှိရန်အတွက် အကောင်အထည်ဖော်ရေး မိတ်ဖက်များ ချိတ်ဆက်မှု(ဥပမာအားဖြင့်မြေမဲ့ စိုက်ပျိုးရေးစီမံချက်နှင့် ရေရရှိရေး ဆောင်ရွက်နေသည့် အဖွဲ့များကြား ချိတ်ဆက်မှုများ ဖန်တီးခြင်း)၏ တန်ဖိုးကို ပြသခဲ့ပါသည်။ချိတ်ဆက်မှုများသည်လည်း ဒေသဆိုင်ရာ စီမံကိန်းများကို ကျော်လွန်၍ ကျယ်ပြန့်သည့် ဈေးကွက်သို့ ဦးတည်နေသော ထုတ်လုပ်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။အပူပိုင်းဇုန်တွင် ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရဌာနများ ချိတ်ဆက်မှုများပြုလုပ်ခဲ့သည့်အတွက် LIFT၏ ပံ့ပိုးမှုမပါဘဲ စီမံချက်လုပ်ငန်းများအား ပုံတူပွား ဆောင်ရွက်လာကြပါသည်။ တနည်းအားဖြင့် သီးသန့် ရပ်တည်နေသော စီမံချက်များသည် ကျွမ်းကျင်မှု စွမ်းဆောင်ရည်၊ ပုံတူပွား ဆောင်ရွက်ခြင်း နှင့် ရေတည်တည်တံ့ခိုင်မြဲမှုများကို လျော့ကျစေပါသည်။ ရခိုင်ပြည်နယ်ရှိ အကောင်အထည်ဖော်ရေး မိတ်ဖက်များသည် ကဏ္ဍအမျိုးမျိုးတွင် ဆန်းစစ်မှု ထပ်မံပြုလုပ်ရန်နှင့် ပြည့်စုံကျယ်ပြန့်သည့် စီမံကိန်းဒီဇိုင်းဖြစ်ရန်အတွက် လိုအပ်သော စီမံကိန်းချဉ်းကပ်မှုပုံစံကို ပိုမိုနှစ်သက်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြပါသည်။ ပေါင်းစည်းလုပ်ကိုင်ခြင်း ရှုထောင့်မှ ကြည့်သည့်အမြင်သည် စီမံကိန်းဒီဇိုင်းရေးဆွဲသည့် အဆင့်တွင် အလွန်တန်ဖိုးရှိပါသည်။LIFT၏၂၀၁၉-၂၀၂၃ မဟာဗျူဟာသည် အကြောင်းအရာ နယ်ပယ်အလိုက် ဆောင်ရွက်ရန် မူဘောင်သတ်မှတ် စီမံထားသဖြင့်စောင့်ကြည့် စစ်ဆေးခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းတို့အား ပိုမို လွယ်ကူစေနိုင်ချေရှိပါသည်။သို့သော်လည်း အကြောင်းအရာ အလိုက်ပါဝင်သည့် အစိတ်အပိုင်းများအပေါ် အခြေခံသည့် အဆိုပြုလွှာများခေါ်ယူခြင်းသည် ရပ်ရွာလူထုနှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်များ၏ အကျိုးရရှိမှု လွဲချော်သွားစေနိုင်ပါသည်။ LIFT သည် အကြောင်းအရာတခုထဲ၌ ကန့်သတ်ထားခြင်းကို ရှောင်ရှားရန်လိုပြီး ရှုပ်ထွေးမှုများကို စီမံခန့်ခွဲနိုင်သည့် ချဉ်းကပ်နည်းလမ်းများဖော်ဆောင်၍ ပေါင်းစည်းလုပ်ကိုင်ခြင်းကို မြှင့်တင်ရန် လိုအပ်ပါသည်။

LIFTက ကနဦး ဆောင်ရွက်ခဲ့သည့် ကိုယ်ဝန်ဆောင် မိခင်နှင့်ကလေးများအားငွေကြေးပံ့ပိုးမှုလုပ်ငန်းများအား အစိုးရမှ တိုးချဲ့ဆောင်ရွက်မှုသည် လိုက်လျောညီထွေ ရှိအောင် ပြုလုပ်နိုင်ခြင်း၊ အသင့်ရရှိနိုင်ခြင်း၊ ပြောင်းလွယ်ပြင်လွယ်ရှိသည့် ရင်းမြစ်များ၊ ဆန်းသစ် တီထွင်ခြင်း၊ လျင်မြန် သွက်လက်ခြင်းနှင့် ချင့်ချိန် စဉ်းစားမှုကြားရှိ မျှချေပေါ်တွင် မူတည်နေပါသည်။

စီမံကိန်း၏ ၄ နှစ်တာ ဆန်းသစ်တီထွင်မှုကိုဆောင်ရွက် ပြီးနောက် ချင်း MCCT စီမံကိန်းသည် LIFT မှ အစိုးရအား ပထမဆုံးတိုက်ရိုက် ရန်ပုံငွေ ပံ့ပိုးပေးသော ကိုယ်ဝန်ဆောင်မိခင်များ နှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ်များအားလုံး ပါဝင်သည့် စုစုပေါင်း အကျိုးခံစားခွင့်ရှိသူ ၂၀,၀၀၀ အထိရောက်ရှိခဲ့သည့် ပြည်နယ်တခုလုံးကို လွှမ်းခြုံသော ပထမဆုံး စီမံချက် ဖြစ်လာခဲ့ပါသည်။ ရှင်းလင်းတိကျသော အမျိုးသားအဆင့် မဟာဗျူဟာ၊ နိုင်ငံရေးကတိကဝတ်၊ အချိန်နှင့် တပြေးညီ ရရှိနိုင်သည့် ရင်းမြစ်များ (ရန်ပုံငွေနှင့် နည်းပညာ အကူအညီ)၊ စွန့်စားရနိုင်ချေအား ရင်ဆိုင်ရဲသည့် စိတ်ဓာတ် နှင့် လက်တွေ့ကျသည့် ချဉ်းကပ် နည်းလမ်း ပေါင်းစပ်မှုမှာ စီမံကိန်းတိုးတက်မှုများအတွက် တွန်းအားဖြစ်စေသော လုပ်ကိုင်နိုင်စွမ်းရှိသည့် အကြောင်းအချက်များအဖြစ် သက်သေပြနိုင်ခဲ့ပါသည်။ မည်သည့် အလှူရှင်တဦးချင်းစီမှ တာဝန်မယူနိုင်လောက်သည့် စွန့်စားရနိုင်ချေကို စုပေါင်း ထည့်ဝင်ထားသည့် ရန်ပုံငွေတရပ်အနေဖြင့် LIFT မှ တာဝန်ယူဖြေရှင်းနိုင်ခဲ့ပါသည်။ MCCT အစီအစဉ်မှ LIFT နှင့် LIFT ၏ မိတ်ဖက်များ၏ လုပ်ငန်းဆောင်ရွက်မှု နည်းလမ်းအမျိုးမျိုးအား စမ်းသပ်ဆောင်ရွက်နိုင်ခဲ့သည့် စွမ်းရည်နှင့် အောင်မြင်သည့် အထောက်အထားအခြေပြု ချဉ်းကပ်နည်းလမ်းများနှင့် ဆိုင်သော အချက်အလက်များကို အစိုးရထံ ပေးနိုင်ခဲ့ပါသည်။

ပဋိပက္ခဒေသများအတွင်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုမို အာရုံစူးစိုက်ရသည့် ကြိုးစားအားထုတ်မှုများနှင့် ရင်းမြစ်များလိုအပ်ပြီး LIFT အနေဖြင့် ၎င်းတို့ကို တိုးမြှင့် ဆောင်ရွက်ရန် လိုအပ်ပါမည်။

မိတ်ဖက်များအနေဖြင့် ဝင်ထွက်သွားလာနိုင်ရန် အခက်အခဲများနှင့် MoU ဆိုင်ရာ စိန်ခေါ်မှုများတွေ့ကြုံရခြင်း၊ အကြမ်းဖက်ခံရပြီး လုံခြုံမှုမရှိသည့် ရပ်ရွာလူထုများကြားတွင် အလုပ်လုပ်ကိုင်ခြင်း၊ အကျိုးခံစားခွင့်ရှိသူ အရေအတွက် ပြောင်းလဲမှုကို စီမံခန့်ခွဲခြင်း၊ ပြောင်းလွယ်ပြင်လွယ်နိုင်မှုနှင့် ကန့်သတ်ချုပ်ချယ်မှုများကြားတွင် မျှတအောင် ဆောင်ရွက်ခြင်းတို့အကြား ဟန်ချက်ထိန်းနိုင်အောင် ရုန်းကန် ရမည်ဖြစ်ပါသည်။သို့ဖြစ်ရာအစဉ်သဖြင့် ပြုပြင် ပြောင်းလဲရ လွယ်ကူစေရန် လိုအပ်မည်ဖြစ်သည်။အလှူရှင်အများ အပြားမှ အလှူငွေထည့်ဝင်ပြီး အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အများအပြား ရှိသည့် ရန်ပုံငွေအဖွဲ့ဖြစ်သော LIFTသည် ပြောင်းလွယ်ပြင်လွယ်ရှိသည့် ရန်ပုံငွေ၊ အစိုးရနှင့် ကောင်းမွန်သည့် ဆက်ဆံရေးနှင့် မဆုတ်မနစ်တမ်း ကြိုးပမ်းသည့် ဝန်ထမ်းများဖြင့် ပဋိပက္ခ ဖြစ်ပွားသည့် နေရာများတွင် စီမံကိန်းရလဒ်များ ရရှိအောင် စီမံခန့်ခွဲနိုင်ခဲ့ပါသည်။ LIFT တွင် အတွေ့အကြုံနှင့် စွမ်းဆောင်ရည်များရှိသော်လည်း ပဋိပက္ခကြောင့် ထိခိုက်ခံနေရသည့် ဒေသများတွင် LIFT မှ ဆက်လက် လုပ်ကိုင်နေသည့် စီမံကိန်းများအတွက် တွေးခေါ်သည့် စနစ်/နည်းစနစ်များနှင့် လိုက်လျောညီထွေရှိသည့် မည်သည့် စီမံခန့်ခွဲမှုကိုမဆို ချဲ့ထွင်ရန်၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှတဆင့် စီမံကိန်းလုပ်ဆောင်ချက်များ တိုးတက် လုပ်ဆောင်ရန်နှင့် အစိုးရ မဟုတ်သော လူပ်ရှားဆောင်ရွက်သူများနှင့် ထိရောက်စွာ ပူးပေါင်း ဆောင်ရွက်ရန်အတွက် LIFT အနေဖြင့် အပြည့်အဝ ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်ရန် လိုအပ်မည် ဖြစ်ပါသည်။

လုပ်ငန်းတာဝန်များ များပြားလှသည့် အခြေအနေတွင် ရန်ပုံငွေများကြား သီအိုရီအရ ပူးပေါင်းဆောင်ရွက်ခြင်း မှသည် လက်တွေ့ဆောင်ရွက်ခြင်းသို့ ကူးပြောင်းနိုင်ရန် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်မှုနှင့် ပွင့်လင်းမှုတို့ လိုအပ်ပါသည်။

ထိုသို့ပူးပေါင်း ဆောင်ရွက်နိုင်မည့် အဓိက နယ်ပယ်များကို ဖော်ထုတ်နိုင်ရန်အတွက် အချိန်၊ ဆက်ဆံရေးတည်ဆောက်ခြင်း၊ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှု နှင့် ပွင့်လင်းမှုတို့ လိုအပ်ပါသည်။LIFTနှင့် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီရေး ရန်ပုံငွေတို့သည် လူသားချင်း စာနာမှု နှင့် ဖွံ့ဖြိုးတိုးတက်ခြင်း တို့ကို ဆက်နွယ်၍ ဦးတည်ဆောင်ရွက်နိုင်မည့် ပူးတွဲ စီမံကိန်း ဒီဇိုင်း၊ မူဝါဒဆိုင်ရာတွင် ပေါင်းစပ်ချဉ်းကပ်ခြင်း နည်းလမ်း (MS-NPAN)နှင့် ရန်ပုံငွေတခုချင်းစီ၏ အားသာချက်များကို အကျိုးအရှိဆုံး အသုံးချနိုင်ရန်အတွက် အစိုးရအား ပူးပေါင်းကူညီခြင်းတို့အပါအဝင် ပူးပေါင်း ဆောင်ရွက်ရန်အတွက် အရေးပါသည့်ခြေလှမ်းများ စတင်ခဲ့ပါသည်။ နောက်လာမည့်နှစ်အတွက် ဦးစားပေး လုပ်ငန်းများတွင် အကောင်အထည်ဖော်သည့်အဆင့်၌ ပေါင်းစပ်ညှိနှိုင်းရေး၊ ညွှန်းကိန်းများ ချိန်ညှိခြင်းနှင့် အာဟာရ ဖွံ့ဖြိုးရေး စီမံကိန်းအတွက် ကျယ်ပြန့်ပြည့်စုံသည့် ချဉ်းကပ်နည်းလမ်းအား တိုင်းတာခြင်း နှင့် သက်ရောက်မှု ပိုမိုကောင်းမွန်စေရန် လေ့လာသင်ယူခြင်းတို့ကို အာရုံစိုက် ဆောင်ရွက်မည်ဖြစ်သည်။

LIFTအနေဖြင့် ကျား၊မ ရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း ရှိစေရန်အတွက် ဆက်လက် လုပ်ဆောင်ရန် လိုအပ်ပါသည်

၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် LIFT သည် စီမံချက်များအားလုံးမှ အဓိက လေ့လာသင်ယူခဲ့သည်များကို စုဆောင်းပြုစုသည့် လေ့ကျင့်ခန်းတခုဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ပြန်လည်သုံးသပ်ခြင်းမှ ထောက်ပံ့ငွေ ရွေးချယ်ခြင်း လုပ်ငန်းစဉ်တွင် ကျား၊မ ရေးရာအား ပါဝင်စေခြင်းမှာ လိုအပ်ချက်တရပ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း LIFT အနေဖြင့် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် လုပ်ကိုင်နိုင်စွမ်းအတွက် အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာစေရန် အမျိုးသမီးများ ဦးဆောင်သည့် စီမံချက်များအတွက် ဦးတည်၍ အားသွန်ခွန်စိုက် ကူညီပေးရန် လိုအပ်ပါသည်။ ဒေသခံ အမျိုးသမီးအဖွဲ့များအား မြှင့်တင် ပေးခြင်းဖြင့် စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကျား၊မ ရေးရာ ဆိုင်ရာအမြင်များအား ထည့်သွင်းနိုင်ရန်အတွက် ထိရောက်သည့် ယန္တရားတခုကို ဖန်တီးပေးပါသည်။ စီမံချက်များမှ ကောင်းမွန်သည့် တိုးတက်ပြောင်းလဲမှု များရရှိခြင်းသည် ရေရှည်တည်တံ့ပြီး ကျား၊မ ရေးရာ တန်းတူညီမျှမှု ရှိစေခြင်းဖြင့် ရပ်ရွာလူထုများကြားတွင် ရေရှည်တန်းတူညီမျှမှု ရှိစေရန် ပံ့ပိုးပေးခြင်း ဖြစ်စေပါသည်။ ကျား၊မ ရေးရာဆိုင်ရာ အထောက်အထား အခြေပြု သုတေသနသည် အများလက်ခံထားသည့် ယုံကြည်မှုများမှ လုံးဝ ကွဲပြားခြားနားနေသည့် အချက်များကို ဖော်ထုတ်နိုင်ခဲ့သည်။ ဥပမာအားဖြင့် အမျိုးသမီးများ၏ မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အသိအမြင်များမှာ အထင်ကြီး လေးစာဖွယ်ဖြစ်သည့် ထိုတွေ့ရှိချက်များအား မြေယာ အုပ်ချုပ်မှု မူဝါဒနှင့် အလေ့အကျင့်များတွင် အထောက်အပံ့ဖြစ်နိုင်ရန်အတွက် မူဝါဒ ချမှတ်သူများ၊ ပတ်သက်ဆက်နွယ်သူများနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်ပါသည်။

ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာခြင်းတွင် ကျရောက်နိုင်ချေရှိသည့်အန္တရာယ်များနှင့်ပတ်သက်သည့် အသိပညာပေး သတင်းစကားများသည် ဘေးကင်းလုံခြုံသည့် အမူအကျင့်ဆိုင်ရာ ပြောင်းလဲမှုများအား ထိရောက်နိုင်ရန်အတွက် လုံလောက်မှု မရှိပါ။

ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ချဉ်းကပ်နည်းလမ်းများသည် ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာခြင်းနှင့် ဆက်စပ်နေနိုင်သည့် လူကုန်ကူးခြင်းနှင့် ခေါင်းပုံဖြတ်ခံရခြင်း၏ အန္တရာယ်များ အကြောင်းကို ရွှေ့ပြောင်းသွားလာသူများကြား 'အသိအမြင် မြှင့်တင်ရန်' မကြာခဏဆိုသလို ဦးစားပေး ဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း ဆင်းရဲနွမ်းပါးမှုကြောင့် ရွေးချယ်စရာ အကန့်အသတ်ရှိနေခြင်းနှင့် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် မရှိခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရွှေ့ပြောင်းသွားလာသူများအား ဤကျရောက်နိုင်ခြရှိသည့် အန္တရာယ်များအကြောင်း အသိပညာပေးခြင်းသည် ထိရောက်သည့် ချဉ်းကပ်နည်းလမ်းမဟုတ်ပါ။ မြန်မာနိုင်ငံရှိ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများမှ ဝန်ဆောင်မှုပေးနေသည့်ထိရောက်မှုမရှိ၊စည်းမျဉ်းစည်းကမ်း ထိန်းကွပ်မှုအားနည်းသော ပုံမှန်လမ်းကြောင်း အသုံးပြု၍ ရွှေ့ပြောင်းသွားလာခြင်းက ပိုမို၍ ဘေးကင်းလုံခြုံမှု အမှန်တကယ် ရှိမရှိကို သုတေသန လေ့လာမှုများမှ စတင်၍ မေးခွန်းထုတ်လာခဲ့ကြပါသည်။ သတင်းစကားများ ပေးပို့ခြင်းတွင် သက်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေး လမ်းကြောင်းများမှ ပေးသည့် ကာကွယ်စောင့်ရှောက်မှုနှင့် ဆိုင်သည့် ယုတ္တိမတန်သည့် မျှော်လင့်ချက်များ ဖန်တီးပေးခြင်းထက် ရွှေ့ပြောင်းလုပ်သားများအား ၎င်းတို့ လိုအပ်လာသည့်အချိန်တွင် အလုပ်သမားအခွင့်အရေးဆိုင်ရာ လက်လှမ်းမီနိုင်မည့် အကူအညီများ၊ အသိအမြင်များပေးနိုင်မည့် လက်တွေ့ကျသော သတင်းအချက်အလက်များကို အထူးအလေးပေး၍ ဆောင်ရွက်သင့်ပါသည်။

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာန (Migrant Resource Centres – MRCs) များမှ တဆင့် ပေးအပ်သည့် ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် လက်လှမ်းမီနိုင်မှု အားကောင်းစေရန်အတွက် မိတ်ဖက်ပြု ဆောင်ရွက်ရန် လိုအပ်ပါသည်။

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေး ဗဟိုဌာနများသည် ရွှေ့ပြောင်းလုပ်သားများအား တိုက်ရိုက်ကူညီပံ့ပိုးမှုများ ပေးအပ်ရန်အတွက် ကောင်းမွန်သည့် ကျင့်သုံးမှုတရပ်ဖြစ်သည်ကို ILO၊ IOM၊ IFRC နှင့် အခြားသူများမှ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုခဲ့ပြီး ဖြစ်ပါသည်။ မြန်မာတနိုင်ငံလုံးတွင် အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများ (Labour Exchange Offices, LEOs) ၌ အစိုးရမှ လက်ရှိ ဆောင်ရွက်နေသည့် MRC ၁၄ခု ရှိပါသည်။ ထိုဝန်ဆောင်မှုများကို အစိုးရ ဝန်ဆောင်မှုပေးသူများ၏လက်အောက်တွင် ထားရှိထားသည့်ပုံစံသည် ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ရွှေ့ပြောင်းလုပ်သားများအပေါ် အလုပ်သမားအခွင့်အရေးချိုးဖောက်မှုများအား ဥပဒေကြောင်းအရ အရေးယူခြင်းတို့ကဲ့သို့သော သိသာထင်ရှားသည့် အားသာချက်များရှိသော်လည်း ဝန်ဆောင်မှုများ၏ အရည်အသွေးနှင့် လက်လှမ်းမီမှုတွင် အကန့်အသတ်များ ရှိနေပါသည်။ရွှေ့ပြောင်းသွားလာသူ အများစုမှာ သတင်းအချက်အလက်နှင့် အကူအညီရယူအတွက် LEO များထံ ချဉ်းကပ်ရန် မသေချာသည့်အပြင် ၎င်းတို့တွင်လည်း ထိရောက်သည့် ဝန်ဆောင်မှုများပေးနိုင်ရန် စွမ်းဆောင်ရည် ကွာဟချက်များ ရှိနေပါသည်။ အစိုးရ အေဂျင်စီများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ဥပဒေရေးရာများတွင် မိတ်ဖက်ပြုရန် အာရုံစိုက်ကာ၊ CSO များ၊ အလုပ်သမား အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြု၍ ရပ်ရွာလူထုအဆင့် ဝန်ဆောင်မှုများအား ပံ့ပိုး ကူညီပေးသင့်ပါသည်။ ထိုမှသာ မြန်မာနိုင်ငံရှိ MRCများသည် ရွှေ့ပြောင်းသွားလာသူများအတွက် ကာကွယ်စောင့်ရှောက်ရန် နှင့် လုပ်နိုင်စွမ်း ရရှိစေရန် အတွက် ဝန်ဆောင်မှုများ ပေးအပ်ရာတွင် ပိုမို စွမ်းဆောင်နိုင်လာကာ ထိရောက်ပြီး ယုံကြည်ရသည့် ဝန်ဆောင်မှုများကို ပေးအပ်သည့် ဗဟိုဌာနများ ဖြစ်လာစေနိုင်မည် ဖြစ်ပါသည်။

ရွှေ့ပြောင်းသွားလာခြင်းအားတားမြစ်သည့်အမိန့်များသည် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရာတွင် ထိရောက်မှုမရှိသည့်အပြင် အမှန်စင်စစ်လူကုန်ကူးခံရနိုင်သည့် ထိခိုက်လွယ်မှုကို ပိုမိုမြင့်မားစေပါသည်။

မြန်မာ (နှင့် အခြား အာရှနိုင်ငံ အများအပြားတွင် ညှင်းပန်းနှိပ်စက်ခံရခြင်းမှ ကာကွယ်ရန် အိမ်အကူ အလုပ်သမား အလုပ်လုပ်ကိုင်ရန် နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်း လုပ်ကိုင်မည့် အမျိုးသမီးငယ်များအား ရွှေ့ပြောင်းသွားလာခြင်းမပြုနိုင်ရန် တားမြစ်သည့် အမိန့်အမျိုးမျိုးကို ချမှတ်ခဲ့ကြပါသည်။ သို့သော်လည်း အဆိုပါမူဝါဒများသည် အမျိုးသမီးများရွှေ့ပြောင်းသွားလာခြင်းကို အမှန်တကယ် ရပ်တန့်ခြင်းမပြုနိုင်ပါ။ ထို့အပြင် ထိုအမျိုးသမီးများ အနေဖြင့် တရားဝင် အထောက်အထား ရယူနိုင်ခွင့်နှင့် အကူအညီတောင်းခံရန် လက်လှမ်းမီရယူနိုင်သည့် အခွင့်အရေးများပါ ရုတ်သိမ်းခံရခြင်းကြောင့်၎င်းတို့၏ ထိခိုက်လွယ်မှုအား လျော့နည်းစေရမည့်အစား ပိုမိုများပြားအောင် လုပ်ဆောင်နေသကဲ့သို့ ဖြစ်နေရာ မူဝါဒချမှတ်သူများသည် ရည်မှန်းချက်ရရှိအောင် ဆောင်ရွက်ရာတွင် မအောင်မြင်မှုများ ကြုံတွေ့ရပါသည်။ မြန်မာနိုင်ငံတွင် ဤအကာအကွယ် ပေးရမည့် မူဝါဒအားနောက်ကြောင်း ပြန်လှည့်သည့် အခြားအာရှနိုင်ငံများနည်းတူ တားမြစ်သည့်အမိန့်ကို ရုတ်သိမ်းပေးပြီး နောက်ပိုင်းတွင် ပြန်လည်အသုံးပြုသလို မဖြစ်စေရန်အတွက် စဉ်ဆက်မပြတ် စည်းရုံးလှုံ့ဆော်ရန် လိုအပ်ပါသည်။အထူးသဖြင့် ရွှေ့ပြောင်းသူသည် အမျိုးသမီးများသာ ဖြစ်နိုင်သည်ဟူသော ကြိုတင်ယူဆချက်နှင့် ရွှေ့ပြောင်းသွားလာခြင်းအပေါ် ကန့်သတ်ချက်ထားရှိခြင်းသည် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (UN Convention on the Elimination of All Forms of Discrimination Against Women -CEDAW)နှင့် ဆန့်ကျင်နေသဖြင့် ခွဲခြားဆက်ဆံသည့်ပုံစံဟု ယူဆနိုင်ပါသည်။

စီမံချက်များနှင့် ၎င်းတို့၏ ဆောင်ရွက်ချက်များရေရှည် တည်တံ့ခိုင်မြဲစေရန်အတွက် စီမံကိန်းစတင်ရေးဆွဲသည့် အဆင့်စတင်သည့် အချိန်တွင် ပိုမိုကောင်းမွန်အောင် စဉ်းစားခဲ့ရန် လိုပါသည်။

လက်ရှိအခြေအနေတွင် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုသည့် ကိစ္စရပ်အား စီမံချက်ပြီးဆုံးချိန်အထိ မကြာခဏဆိုသလို အကြိမ်ကြိမ်ပြန်လည် ထည့်သွင်းခဲ့ပါသည်။ရေရှည်တည်တံ့ခိုင်မြဲမှု၏ အကြောင်းခြင်းရာများအား စီမံချက်ဒီဇိုင်းရေးဆွဲသည့်အဆင့်၌ ထည့်သွင်းထားခြင်းနှင့် စီမံချက် လုပ်ငန်းများအား သေချာစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ဖြင့် LIFTက ကြိုးပမ်းနေသည့် ရေရှည် အကျိုးရလဒ်များ တိုးတက်လာမည် ဖြစ်ပါသည်။ ရေရှည်တည်တံ့ခိုင်မြဲစေမည့် အကြောင်းခြင်းရာများ မလိုအပ်သည့် လုပ်ငန်းများနှင့် စီမံကိန်းဆောင်ရွက်ချက်များ ရှိခဲ့ပြီး (ကျေးရွာလည်ပတ်ရန်ပုံငွေ သို့မဟုတ် ထုတ်လုပ်သူ အုပ်စုတစု) အချိန်ကန့်သတ်ချက်လည်းရှိနေပါက ရည်ရွယ်ချက်နှင့် အံဝင်ခွင်ကျဖြစ်မည့် ချဉ်းကပ်နည်းလမ်းတခုကို ရယူသင့်ပါသည်။ စိုက်ပျိုးရေးအခြေခံ စီမံချက် အများအပြားတွင် ပါဝင်လာသည့် စိန်ခေါ်မှုတခုမှာ အထူးသဖြင့် အပြုအမူဆိုင်ရာ ပြောင်းလဲမှု လိုအပ်သည့် နည်းပညာ အသစ်များ စတင်အသုံးပြုသည့်အခါ အကောင်အထည်ဖော်သည့် ၂ နှစ် -၃ နှစ်တာ ကာလမှ အလွန်တိုတောင်းပါသည်။ အဆိုပါ အောင်မြင်မှုများ ရရှိရန်အတွက် စီမံကိန်း သက်တမ်း ၄နှစ်မှ၅နှစ် အထိ ထားရှိခြင်းမှာ ပိုမို လက်တွေ့ကျပါသည်။ ယင်းမှာ အသက်မွေးဝမ်းကျောင်းနှင့် သက်ဆိုင်သည့် အခန်းကဏ္ဍ အမျိုးမျိုး ကွဲပြားသည့် လုပ်ငန်းများအတွက် သီးသန့်ဖြစ်သည့် သာဓကဖြစ်ပြီး ဆင်းရဲနွမ်းပါးသူများထဲမှ အနွမ်းပါးဆုံးသူများအား ဖွံ့ဖြိုး တိုးတက်မှု လှေကားအပေါ်သို့ ထိရောက်စွာ တက်လှမ်းနိုင်စေရန်အတွက် ဖြစ်ပါသည်။







# တာဝန်ခံမှုနှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း မူဘောင်(MEAL)




LIFT ၏ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ(ToC)
LIFT ၏ ယုတ္တိဗေဒ မူဘောင်
LIFT ၏ အကဲဖြတ်သင်ယူသည့် မေးခွန်းများ (ELQ)
IP ၏ လေ့လာစောင့်ကြည့်မှု အစီရင်ခံစာများ
HHS၊ အကဲဖြတ်ချက်၊ အထူးလေ့လာချက်

ဒေသအလိုက် ToC
ဒေသအလိုက် ELQ မေးခွန်းများ
အကဲဖြတ်ချက်၊ အထူးလေ့လာချက်

စီမံချက် ToC
စီမံချက်တိုင်းတာမှု မူဘောင်များ
စီမံချက် ELQ
လေ့လာစောင့်ကြည့်မှု အစီရင်ခံစာများ ၊
ကွင်းဆင်းခြင်း၊ အကဲဖြတ်ချက်
အထူးလေ့လာမှုများ

ပုံတွင် အဆင့်များ အချင်းချင်း ဆက်သွယ်ပုံ နှင့် အဆင့်တိုင်းရှိ MEAL၏ အစိတ်အပိုင်းများကို ဖော်ပြထားသည်။
LIFT ၏ ပြောင်းလဲမှုဆိုင်ရာ သီအိုရီကို နောက်ဆက်တွဲ ၉.၈ တွင် ကြည့်ရှုနိုင်ပါသည်

*MEAL (Monitoring and Evaluation for Accountability and Learning)

*ToC (Theory of Change)

*ELQ (Evaluation & Learning Questions)

◀ ပုံ ၂.၁
MEAL မူဘောင်
ဖော်ပြချက်

၂

# အကျိုးရလဒ်များ

၂.၁

## နိဒါန်း

LIFT ၏ ၂၀၁၄-၂၀၁၈ မဟာဗျူဟာ၏ အစိတ်အပိုင်းအဖြစ် LIFT သည် တာဝန်ခံမှုနှင့် သင်ယူမှုတို့အတွက် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းမူဘောင် (MEAL) အား အောက်ပါ တာဝန်များနှင့် ရေးဆွဲထားသည်-

တာဝန်ခံယူမှုရှိခြင်း (သက်သေပြခြင်း)
မည်သည့် လုပ်ဆောင်ချက်များသည် မည်သည့် အကျိုး၊ ရလဒ်နှင့်ပန်းတိုင်များကို ဦးတည်နေပြီး မည်သို့ငွေကြေးကုန်ကျရကျိုးနပ်စွာ ထိထိ ရောက်ရောက် ရှိလှကြောင်းကို ပြသသည်။

အထောက်အထား အခြေပြုသင်ယူခြင်း
(တိုးတက်ကောင်းမွန်စေခြင်း)
မည်သည့် မဟာဗျူဟာများ၊ လုပ်ဆောင်ချက်များ၊ ချဉ်းကပ်ပုံများ၊ လုပ်ငန်းများသည် သက်ဆိုင်ရာ အခြေအနေတွင် ထိရောက်မှု ရှိမရှိ၊ အဘယ်ကြောင့် ထိုသို့ဖြစ်ရသည် ဟူသော အသိအမြင်၊ အထောက်အထားတို့ကို တည်ဆောက်ပြီး ယင်းတို့ကို အစီအစဉ်၏ ဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုတို့ကို တိုးတက်ကောင်းမွန်စေရန်အတွက် အသုံးပြုသည်။

မူဝါဒရေးဆွဲ အကောင်အထည်ဖော်မှုများတွင်
ထောက်ပံ့ခြင်း (ပံ့ပိုး ဆောင်ရွက်ခြင်း)
အစိုးရ၏မူဝါဒများရေးဆွဲခြင်း၊ အစိုးရ၏ အစီအစဉ်များကို ဒီဇိုင်းရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းတို့တွင် အထောက်အပံ့ ဖြစ်ရန် မူဝါဒကို လည်းကောင်း၊ ကျင့်သုံးမှုနှင့် စပ်လျဉ်းသော အထောက်အထားတို့ကို လည်းကောင်း ပြုစုသည်၊ အသုံးပြုသည်။

အထက်ပါတာဝန်များကို ဖြည့်ဆည်းရန်အတွက် LIFT၏ MEAL မူဘောင်တွင် အောက်ပါ အဆင့် သုံးဆင့် ပါရှိသည်။ အဆိုပါ ရည်ရွယ်ချက်များကို ဖြည့်ဆည်းရန်အတွက် LIFT ၏ MEAL မူဘောင်တွင် အဆင့်(၃)ဆင့် ပါဝင်ပါသည်။ LIFT ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးသည် သက်ဆိုင်ရာ ယုတ္တိဗေဒ မူဘောင်အရ သတ်မှတ်ထားသော အညွှန်းကိန်းများကို အခြေခံကာ LIFT အဆင့် အကဲဖြတ် သုံးသပ်ခြင်းနှင့် လေ့လာသင်ယူခြင်း မေးခွန်းများ (Evaluation and Learning Questions – ELQs) များကို ဖြေကြားခြင်းဖြင့် LIFT ၏ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ (Theory of Change – TOC) အတိုင်း ဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။

ဒေသအလိုက် စီမံကိန်းများ/အစီအစဉ်များ - ဒေသအလိုက် အစီအစဉ်များတွင် LIFT၏အစီအစဉ်အဆင့် နှင့် တာဝန်အဆင့်အကျိုးများ ရရှိအောင် မည်သည့် အစီအစဉ်အစိတ်အပိုင်းများကို မည်သို့ ပေါင်းစည်းဆောင်ရွက်ရမည်ဟု အသေးစိတ် ဖော်ပြထားသောToC များ ရှိသည်။ ထို့ပြင် ဒေသအလိုက် အစီအစဉ်များတွင် ယင်းတို့၏ စီမံချက်များ အထူး လေ့လာချက်များဖြင့် ဖြေကြားရမည့် အဓိကမေးခွန်းများ ပါဝင်သော အသေးစိတ် ELQ မေးခွန်းများ ရှိပါသည်။

စီမံချက်/မိတ်ဖက်အဖွဲ့များ - စီမံချက်များတွင် ဒေသအလိုက် အစီအစဉ်များမှ သက်ဆိုင်ရာ အခန်းကဏ္ဍကို မည်သို့ဆောင်ရွက်ရမည်ဟု အသေးစိတ် ဖော်ပြထားသောToC များ ရှိသည်။ ယင်းတို့တွင် ELQ မေးခွန်းများ ရှိသည့်ပြင် မည်သည့် အချက်အလက်ကို မည်သို့ ကောက်ယူရမည် ဟု အသေးစိတ် ဖော်ပြထားသော တိုင်းတာရေး စီမံချက်လည်းရှိသည်။

၂၀၁၈ ခုနှစ်အတွင်း၌ LIFTသည် ၂၀၁၄-၂၀၁၈ မဟာဗျူဟာအား ၂၀၁၅ ခုနှစ်မှ စီမံကိန်းအစီအစဉ် နှင့် ပြောင်းလဲမှုကို စောင့်ကြည့်မှတ်တမ်းတင်ရန် ရေးဆွဲခဲ့သည့် ယုတ္တိဗေဒ မူဘောင် (logframe)နှင့် နှိုင်းယှဉ်၍ စီမံကိန်း အကောင်အထည်ဖော်ခြင်းနှင့် အစီရင်ခံခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ Logframe သည် LIFT ၏ လက်ရှိ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ နှင့် ကိုက်ညီမှု ရှိပါသည်။ ယခု နှစ်ပတ်လည် အစီရင်ခံစာသည် ၂၀၁၉-၂၀၂၃ အတွက် ချမှတ်ထားသည့် မဟာဗျူဟာ အသစ်နှင့် ပြောင်းလဲမှုဆိုင်ရာ သီအိုရီအား အသုံးပြုထားပါသည်။

LIFT ၏ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ ကို နောက်ဆက်တွဲ (၈) တွင် လေ့လာနိုင်ပါသည်။ အောက်ဖော်ပြပါ ကိန်းဂဏန်းများမှ အဆင့် တစ်ခုချင်းစီ နှင့် အဆင့်တိုင်းရှိ MEAL အစိတ်အပိုင်းများ၏ ဆက်နွယ်မှုကို ပြသပါသည်။
-

၂.၂

## LIFT ၏ ယုတ္တိဗေဒ မူဘောင်

LIFT၏ ယုတ္တိဗေဒ မူဘောင်တွင် တာဝန်အဆင့် အကျိုးရလဒ် ဖော်ပြချက် (အဆင့်မြင့်အကျိုးရလဒ်များ ပြောင်းလဲမှုကို LIFTက စောင့်ကြည့်လေ့ခြင်း) ၄ ခု ပါရှိပါသည်။ ယင်းတို့ကို ၂-ခု မှ ၄-ခုထိ သတ်မှတ်ထားသည့် ညွှန်းကိန်းများဖြင့် တိုင်းတာပါသည်။ ဤတာဝန်အဆင့်ညွှန်းကိန်းများသည် အိမ်ထောင်စုဝင်ငွေ အဆင့်များ၊ ဝင်ငွေအမျိုးအမည်၊ ပိုင်ဆိုင်မှု၊ ကြံ့ကြံ့ခံနိုင်မှု၊ စားနပ်ရိက္ခာဖူလုံမှု၊ ရိက္ခာအမျိုးအမည် စုံလင်စွာ စားသုံးနိုင်မှု၊ ကလေးသူငယ် ပုညက်မှု၊ ပြည်သူ့ ရေးရာ မူဝါဒ နှင့် ဘတ်ဂျက် ခွဲဝေခြင်း/အသုံးပြုခြင်း၊ ပြောင်းလဲမှုများ အပေါ် ရည်မှန်းချက်များ ချမှတ်ပြီး တိုးတက်မှုများ ကို စောင့်ကြည့်ပါသည်။

ယုတ္တိဗေဒမူဘောင်တွင် အကျိုးရလဒ်အဆင့်ညွှန်းကိန်းများအား ပံ့ပိုးပေးသည့် စီမံကိန်းအဆင့် အကျိုးရလဒ် ဖော် ပြချက်(၈)ခု ပါရှိပါသည်။တခုချင်းစီအား ရောက် ရှိမှု (အကျိုးခံစားခွင့်ရှိသူ အရေအတွက်အား အကဲဖြတ်ခြင်း ) နှင့် ရလဒ် အမျိုးအစား ညွှန်းကိန်း နှစ်ခုလုံး ပါဝင်သည့် ၂ခု မှ ၆ခုထိရှိသော သတ်မှတ်ထားသည့် ညွှန်းကိန်း များဖြင့် တိုင်းတာပါသည်။ ယင်းတို့တွင် တိုးတက်လာသည့် စိုက်ပျိုးရေးဆိုင်ရာ အမူအကျင့်များ၊ စိုက်ပျိုးထုတ်လုပ်နိုင်မှု စွမ်းရည်၊ စီးပွားရေးလုပ်ငန်းများ တည်ထောင်မှု၊ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အသုံးပြုခြင်း၊ မိခင် နှင့် ကလေးငယ်များအတွက် အာဟာရ လိုအပ်ချက်များ ဆိုင်ရာ အသိပညာပေးခြင်း၊ ကလေးသူငယ်အတွက် အမျိုးအမည်စုံလင်သည့် အစားအစာ၊ မိခင်နို့သက်သက် တိုက်ကျွေးမှု၊ တိုးတက် လာသည့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ အထောက်အပံ့ များနှင့် ရေအရင်းအမြစ်များ အသုံးပြုမှုနှင့် မူဝါဒရေးဆွဲရေး အတွက် အထောက်အကူပြုသည့် အခမ်းအနားများနှင့် ထုတ်ဝေမှုများတို့ ပါဝင်ပါသည်။

၂.၃

## အချက်အလက် ကောက်ယူသည့် ရင်းမြစ်များနှင့် ဆန်းစစ်လေ့လာမှု

LIFTသည် အတိကျဆုံး၊ ရှေ့နောက် ညီညွတ်မှု အရှိဆုံး နှင့် စရိတ်စက အသက်သာဆုံးနည်းလမ်း များဖြင့် များပြားလှသော အချက်အလက် ရင်းမြစ် များကို ရယူပါသည်။ ၎င်းအချက်အလက်များဖြင့် နယ်မြေဒေသအရ ပြန့်ကြဲနေခြင်း၊ ကဏ္ဍအလိုက် အလေးထားမှုများ၊ ကွင်းဆင်းအဆင့် လုပ်ငန်းနှင့် အဆင့်မြင့် မူဝါဒ ဆိုင်ရာ အစီအစဉ် ပေါင်းစပ်မှု တို့ပေါ်တွင် မူတည်၍ အမျိုးမျိုး

ကွဲပြားနေသည့် စီမံကိန်းများ၏ တိုးတက်မှုအား တိုင်းတာပါသည်။အစီရင်ခံသည့်ညွှန်းကိန်း တခုချင်းစီအတွက် တာဝန်အဆင့်နှင့် စီမံကိန်းအဆင့် ရလဒ်များကို နှိုင်းယှဉ်၍ တိုးတက်မှုအား အစီရင်ခံရန် မူလ အချက်အလက် ရင်းမြစ်ကိုအသုံးပြုခဲ့ခြင်းကို မှတ်သားထားပါသည်။ အချက်အလက်များ၏ အဓိကရင်းမြစ်များမှာ -

အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များမှ အစီရင်ခံသည့် အချက်အလက်များ

အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များ (Implementing partners, IPs)သည် စီမံချက် အချက်အလက်များအား LIFT သို့ ခြောက်လလျှင် တစ်ကြိမ် ပေးပို့ပါသည်။ အချက်အလက်အများစုသည် ရလဒ် အဆင့်နှင့် LIFT ၏ လုပ်ငန်း ဆောင်ရွက်ချက်များမှ တဆင့် ဝန်ဆောင်မှု အမျိုးမျိုး ရောက်ရှိခဲ့သော လူဦးရေနှင့်ပတ်သက်သည့် အချက်အလက်များဖြစ်ပါသည်။ မိတ်ဖက်များ အားလုံးသည် LIFT မှ သတ်မှတ်ထားသည့် လုပ်ငန်းအစီရင်ခံစာ ပုံစံ အသုံးပြု၍ အစီရင်ခံပါသည်။ အချက်အလက်၏ အရည်အသွေးများအား သေချာစေရန်အတွက် IP များကို သင်တန်းပေးပါသည်။ စဉ်ဆက်မပြတ် ရည်ညွှန်းရန်အတွက် အသုံးပြုသူ လက်စွဲအပြင် ပုံစံ/စာရွက်များတွင်ပါဝင်သည့် အစိတ်အပိုင်းများအားဖြည့်သွင်း နိုင်ရန် သင်တန်းမှ ပို့ချပေးပါသည်။ LIFT၏ အချက်အလက် ကောက်ယူသည့်ဖောင်ပုံစံ သည် ကျားမ ရေးရာ၊ အသက်၊ မသန်စွမ်းမှု၊ အကျိုးခံစားခွင့် ရှိသူများ၏အလုပ်အကိုင်နှင့် ဒေသအလိုက် နေရာ များ အပါအဝင် အဆင့် အမျိုးမျိုးအလိုက် သီးခြား အချက်အလက်များကို ရယူပါသည်။

IP များသည် ပထမအဆင့် သုံးသပ်ရန်နှင့် အရည်အသွေး စစ်ဆေးရန် အချက်အလက်များအား အကြောင်းအရာအလိုက်/ ဒေသ အလိုက် စီမံကိန်း အရာရှိများထံ တင်ပြကြပါသည်။ ဤအဆင့်၌ အချက်အလက်၏ အရည်အသွေး စစ်ဆေးခြင်းတွင် အချက်အလက်များ ပေါင်းစပ်ရာ၌ တိကျမှုရှိခြင်း၊ပြည့်စုံမှုရှိခြင်းနှင့် နှစ်ခါပြန်ရေတွက်ခြင်းတို့အပေါ် အာရုံစိုက်၍ စစ်ဆေးပါသည်။ အတည်ပြုပြီးသော အချက်အလက်များအား ဒုတိယအဆင့် သုံးသပ်ရန် အတွက် LIFT ၏ M&E အရာရှိများထံ တင်ပြပါသည်။ ဤအဆင့် တွင် ကိန်းဂဏန်းများပေါင်းခြင်းနှင့် နှစ်ခါပြန် ရေ တွက်ခြင်းတို့ကို စစ်ဆေး အတည်ပြုခြင်း တို့အပြင်၊ ပြီးခဲ့သည့် အစီရင်ခံစာများနှင့် ကိုက်ညီမှု ရှိမရှိ သုံးသပ်မှု ပြုလုပ်ရန် လိုပါသည်။ အတည်ပြုပြီးသော အချက်အလက်အား LIFT ၏ Database အတွင်းသို့ ထည့်သွင်းခြင်း၊ နောက်ဆုံး အရည်အသွေး စစ်ဆေးခြင်းနှင့် ညွှန်းကိန်းများ၏တိုင်းတာမှုများ အရ အောင်မြင်မှု အဆင့်များအား သက်သေပြနိုင်ရန် အတွက် ကိန်းဂဏန်းများ ပေါင်းစပ်ခြင်း တို့အတွက် အချက်အလက် စီမံခန့်ခွဲမှုအရာရှိထံ တင်ပြပါသည်။ LIFT ၏ Database အတွင်း အချက်အလက်အား အတည်ပြုပြီးနောက် အပြီးသတ် ဆောင်ရွက်မှုများနှင့် ညွှန်းကိန်း အချက်အလက် အစီရင်ခံစာများအား ပြုစုပြီး၊ နောက်ဆုံး အပြီးသတ် အစီရင်ခံစာ အတွက် LIFT ၏ MEAL ကျွမ်းကျင်သူထံ တင်ပြပါသည်။

အောက်ဖော်ပြပါ လက်လှမ်းမီရောက်ရှိခြင်းဆိုင်ရာ အချက်အလက်များသည် ၂၀၁၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလထိ ဆက်လက်၍ တဖြည်းဖြည်း စုပေါင်းလာသည့် အချက်အလက်များ ဖြစ်ပါသည်။

အိမ်ထောင်စုစစ်တမ်း (HHS)

LIFT ၏ အိမ်ထောင်စု စစ်တမ်းများအား (၂)နှစ်တကြိမ် ကောက်ယူပါသည်။ ဤစစ်တမ်းမှာ ကြီးမား ကျယ်ပြန့်ပြီး ခက်ခဲနက်နဲသည့် ဆောင်ရွက်မှု ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် နောက်ဆုံးကောက်ယူခဲ့သည့် အိမ်ထောင်စုစစ်တမ်းသည် တနိုင်ငံလုံးရှိ အိမ်ထောင်စု ၇,၁၃၆ စု (အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု ၁၅.၅ %) ထံမှ ကောက်ယူခဲ့ခြင်း ဖြစ်ပါသည်။ စစ်တမ်း မကောက်သည့် ကြားနှစ် များတွင် အိမ်ထောင်စု အညွှန်းစစ်တမ်း (Tracker Survey) အား ပြုလုပ်ခဲ့ပါသည်။ ၂၀၁၈ခုနှစ်တွင်လည်း ထိုကဲ့သို့သော စစ်တမ်းမျိုးကို နမူနာအိမ်ထောင်စု၁,၅၂ထံမှကောက်ယူခဲ့ပြီး ဖြစ်ပါသည်။ အိမ်ထောင်စုအညွှန်းစစ်တမ်း အား အပြည့်အဝ ကောက်ယူရန်အတွက် အချက် အလက် အပြည့်အစုံကို ရယူနိုင်မည့် ဒီဇိုင်းထုတ်ထား ခြင်း မဟုတ်ပါ။ ယင်းစစ်တမ်းသည် အချို့သော တာဝန် အဆင့်ညွှန်းကိန်း အချို့ဖြစ်သော ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအောက် ရောက်ရှိနေသော အိမ်ထောင်စုများ၊ ၅ နှစ်အောက် ကလေးများ၏ ပုညှက်မှု အဆင့်တို့၏ အချက်အလက်များကို ပေးအပ်နိုင်ခြင်း မရှိပါ။ စီမံကိန်းအဆင့်တွင် အိမ်ထောင်စု အညွှန်းစစ်တမ်းများသည် အာဟာရ လိုအပ်မှုအတွက် အသိပညာ ပေးခြင်း၊ အသက် ၆ လမှ ၂၃ လအတွင်းရှိ ကလေးသူငယ်များ၏ လက်ခံနိုင်ဖွယ်ရှိသည့် ရိက္ခာ အမျိုးအမည် စုံလင်စွာ စားသုံးမှု နှင့် လွန်ခဲ့သော ၂၄နာရီအတွင်း မိခင်နို့ တမျိုးတည်းသာ သောက်သုံး ခဲ့ခြင်းတို့နှင့် သက်ဆိုင်သော အချက်အလက် များအား ပံ့ပိုးပေးနိုင်ခြင်း မရှိပါ။ ယခုနှစ် အိမ်ထောင်စုအညွှန်းစစ်တမ်းသည် ညွှန်းကိန်းများအပေါ် အစီရင်ခံရန်အတွက် လွှမ်းခြုံ နိုင်ခဲ့ခြင်း မရှိပါ။ သို့ဖြစ်၍ အပြည့်အဝ ကောက်ယူခဲ့ပြီးခဲ့သည့် အိမ်ထောင်စု စစ်တမ်းမှ ရလဒ်များအား ရယူ ခဲ့ပြီး ဤနှစ် အစီရင်ခံသည့် ကာလအတွက် လွှမ်းခြုံ ခဲ့သည့် အိမ်ထောင်စု ကိန်းဂဏန်းများအား ထိုစစ်တမ်း ရလဒ်အပေါ် အခြေခံ၍ တွက်ချက် ခန့်မှန်းပါသည်။ ပြီးခဲ့သည့်နှစ်က အစီရင်ခံခဲ့သည့် တိုးတက်မှုနှင့် လမ်းကြောင်းများအား ဆက်လက်ထိန်းသိမ်းထားသည်ဟု ယူဆပါသည်။

အိမ်ထောင်စုဆိုင်ရာအချက်အလက် ဆန်းစစ်လေ့လာမှုအား အဆင့်(၂)ဆင့် ခွဲ၍ ဆောင်ရွက်ပါသည်။ ပထမ အဆင့် ဆန်းစစ် လေ့လာမှုအတွက် အဓိက ညွှန်းကိန်းအားလုံးကို ဖော်ပြထားသော ပြည့်စုံ ကျယ်ပြန့်သည့် အချက်အလက်ဇယားပုံစံကို LIFT က ပြင်ဆင်ထားပါသည်။ LIFTနှင့်သက်ဆိုင်သည့် ညွှန်းကိန်းများ၏ အချက်အလက်ကို ဆန်းစစ်လေ့လာရန် အချက်အလက် ကောက်ယူသည့် အဖွဲ့အစည်းသည် SPSS စာရင်းအင်း အချက်အလက် ဆန်းစစ်လေ့လာသည့် ဆော့ဖ်ဝဲရ် (SPSS-Statistical Data Analysis Software) အား အသုံးပြုပြီးထွက်ရှိလာသည့်အချက်အလက်များအား အချက်အလက်ဇယားစာရွက်တွင် ဖြည့်သွင်းပါသည်။ ဤဆန်းစစ် လေ့လာချက်များမှ ထွက်ရှိလာသည့် အချက်အလက်အား “Excel” ပုံစံဖြင့် ပြင်ဆင်ထားပြီး အစီရင်ခံရန်အတွက် (သို့) ညွှန်းကိန်း၏ သဘော သဘာဝပေါ် မူတည်၍ ထပ်မံစမ်းစစ် လေ့လာနိုင်ရန် LIFT ထံသို့ မျှဝေပါသည်။ ရာခိုင်နှုန်း အခြေခံသည့် ညွှန်းကိန်းများ အတွက် အစီရင်ခံမည့် တန်ဖိုးများအား ပထမအဆင့် ဆန်းစစ်လေ့လာမှုအပြီး ထွက်ရှိလာသည့် အချက်အလက်များ- ဥပမာအားဖြင့် (၂၀၁၈ ခုနှစ်တွင် ဤအကြောင်းအရာအား မတိုင်းတာသော်လည်း) တာဝန်အဆင့် အကျိုးရလဒ် ၁.၂ - ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း အောက်တွင် ရှိသည့် LIFT အိမ်ထောင်စု ရာခိုင်နှုန်း မှ တိုက်ရိုက်ရယူပါသည်။

ဒုတိယအဆင့်ဆန်းစစ်လေ့လာမှုသည် ကိန်းဂဏန်းများပေါ် အခြေခံသည့် ညွှန်းကိန်းများ အပေါ်တွင် အာရုံစိုက်ထားပါသည်။ ဥပမာအားဖြင့် ပုံစံ သတ်မှတ်ထားသော ဇယားအတွင်း ထည့်သွင်းထားသည့် အချက်အလက်များရယူ၍ တာဝန်အဆင့် ၁.၁ညွှန်းကိန်းနှင့် သက်ဆိုင်သည့် ရာခိုင်နှုန်းအား အောက်ပါအတိုင်း တွက်ချက်ပါသည်။

(လွန်ခဲ့သည့် ၁၂ လအတွင်း ဝင်ငွေ တိုးတက်လာသည့် အိမ်ထောင်စု ရာခိုင်နှုန်း X အစီရင်ခံသည့် နှစ်အတွင်း ရောက်ရှိခဲ့သည့် အိမ်ထောင်စု အရေအတွက်)

ညွှန်းကိန်းအား လွန်ခဲ့သောနှစ်နှင့်နှိုင်းယှဉ်လျှင် ပြီးခဲ့သည့် ၁၂လအတွင်း ဝင်ငွေတိုးလာသည်ဟု ယူဆကြောင်းပြော ကြားလာသည့် စစ်တမ်းဖြေဆိုသူများ၏ ရာခိုင်နှုန်းမှ ရယူပါသည်။ ဤရာခိုင်နှုန်းကို LIFT ၏ ပထမအဆင့် နှင့် ဒုတိယ အဆင့် အသီးသီးတွင် ပံ့ပိုးမှုများ ရောက်ရှိ သည့် အိမ်ထောင်စုအရေအတွက်ပေါ် အခြေခံ၍ တခုပြီး တခု တွက်ချက်၍ ခန့်မှန်းပါသည်။ ရလဒ်သည် အထက် ဖော်ပြပါ ညွှန်းကိန်း၏ ရရှိခဲ့သည့် အရေအတွက်ကို ကိုယ်စားပြုပါသည်။

ညွှန်းကိန်းအမျိုးအစားများ ကွဲပြားခြားနားသကဲ့သို့ တွက်ချက်မှု ပုံစံများ ကွဲပြားနေပါသည်။ ဤအကြောင်းအား ညွှန်းကိန်းများအား ရည်ညွှန်းသည့်စာရွက် (IRS) တွင် အသေးစိတ် ဖော်ပြထားပါသည်။

ရန်ပုံငွေစီမံခန့်ခွဲရေးရုံး (FMO)

ညွှန်းကိန်းအချို့ (မူဝါဒ ဆိုင်ရာလုပ်ငန်းအတွက် စောင့်ကြည့် မှတ်တမ်းယူသည့် ဆောင်ရွက်မှု၊ အရပ်ဘက် လူမှုအဖွဲ့ အစည်းများအား ကူညီပံ့ပိုးခြင်း) အတွက် စီမံကိန်းလုပ်ငန်းများနှင့် တိုးတက်မှု ဆိုင်ရာ အချက်အလက်ကို ရန်ပုံငွေစီမံခန့်ခွဲရေးရုံး (FMO) မှ ကောက်ယူပါသည်။

စောင့်ကြည့် အကဲဖြတ်ခြင်းနှင့် အထူး လေ့လာမှုများအား နှစ်စဉ် နှစ်တိုင်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ပါသည်။ ရလဒ်များအား အစီရင်ခံစာတင်ပြရာတွင် ပင်မ အချက်အလက် အရင်းအမြစ် အဖြစ် ဖော်ပြထားခြင်း မဟုတ်သော်လည်း စီမံကိန်း နှစ်ပတ်လည် အစီရင်ခံစာ၏ အသေးစိတ် ခေါင်းစဉ်များအောက်တွင် ပါဝင်သည့် သင်ယူ လေ့လာမှုများ၊ ဖြစ်ရပ်မှန် လေ့လာမှုနှင့် ရှုမြင်သုံးသပ်မှု တို့အတွက် ကူညီပံ့ပိုးပေးထားပါသည်။

အစီရင်ခံသည့် ရလဒ်အချက်အလက် အများစုတွင် LIFT၏ လုပ်ငန်းကာလတခုလုံး၏ တိုးတက်မှု ကို ညွှန်ပြရန် ၂၀၁၀ခုနှစ် မှ ၂၀၁၈ခုနှစ်ကုန် အထိ တဖြည်းဖြည်း တိုးပွားလာသည်များကို စုပေါင်းထားသည့် အောင်မြင်မှုများ ပါဝင်ပါသည်။ စီမံကိန်း ကာလအတွင်း ညွှန်းကိန်းအသစ်များအား အကောင်အထည်ဖော်ခဲ့သောကြောင့် အချို့ကိစ္စ များတွင် လွန်ခဲ့သောနှစ်များမှ သက်ဆိုင်သည့် ညွှန်း ကိန်း များ၏ အောင်မြင်မှုများကို မရရှိနိုင်ပါ။ လက်ရှိနှစ်၏ သီးသန့် အောင်မြင်မှုများအား ကော်လံတခုဖြင့် ဖော်ပြပြီး၊ မူလ သတ်မှတ်ထားသည့် စီမံကိန်းလုပ်ငန်း မှတ်တိုင်များ နှင့် ရရှိ အောင်မြင်ခဲ့သည့် ရာခိုင်နှုန်းအား မှတ်ချက်ပြုထား ပါသည်။

ယခုနှစ်များတွင် LIFT၏ အားလုံးပါဝင်စေသည့် ငွေကြေး ဆိုင်ရာ စီမံကိန်းအား အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင် စုများထံ ရောက်ရှိမှုကို အရေအတွက် အားဖြင့် သိသိသာသာ တိုးချဲ့ထားပါသည်။ စီမံကိန်းသည် နိုင်ငံအတွင်းရှိ LIFT ၏ စီမံကိန်းများ မရှိသော နယ်မြေများ တွင်လည်း လုပ်ငန်းများ ဆောင်ရွက် နေပါသည်။ ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု စီမံကိန်း ကြီးထွားလာခြင်းကြောင့် အိမ်ထောင်စု စစ်တမ်း၊ အိမ်ထောင်စုအညွှန်းစစ်တမ်းများအတွက် နမူနာရယူမည့် အရွယ်အစားမှာလည်း နှစ်ဆ နီးပါးခန့် တိုးရန်လိုအပ်ပါသည်။

LIFT ၏ အဓိက စီမံကိန်း နယ်မြေများ (နယ်မြေအလိုက် ၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် အခြား စီမံကိန်းများအား အကောင်အထည်ဖော်နေသည့်ဒေသ များ) နှင့် အားလုံးပါဝင်စေသည့် ငွေကြေး ဆိုင်ရာ လုပ်ငန်း တမျိုးတည်းသာ ဆောင်ရွက်နေသည့်ဒေသ များအကြား ခွဲခြားသုံးသပ်ရန် လိုအပ်မည် ဖြစ်ပါသည်။ အဓိက စီမံကိန်းဒေသများအား tier 1/အလွှာ-၁ ဟု သတ်မှတ်ထားပြီး အားလုံး ပါဝင်စေသည့် ငွေကြေး ဆိုင်ရာ လုပ်ငန်းတမျိုးတည်းဆောင်ရွက်နေသည့်ဒေသ များအား tier 2 ဟု သတ်မှတ်ထားပါသည်။ နှစ်ကြိမ်ရေတွက်ခြင်းမှ ရှောင်ရှားနိုင်ရန် အတွက် tier 2/ အလွှာ-၂ ကိန်း ဂဏန်း များအား ဤနှစ်အတွက် အသေးစားငွေရေးကြေးရေး ဆိုင်ရာ အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင်စုများ အားလုံး တွင် ပါဝင်စေရန်အတွက် တွက်ချက်ထားပြီး tier 1တွင် ပါဝင်နေသည့် အသေးစား ငွေရေးကြေးရေးဆိုင်ရာ အကျိုး ခံစားခွင့်ရှိသည့် အိမ်ထောင်စုများအား ထုတ်နုတ် ထားပါသည်။ ၂၀၁၈ ခုနှစ်၏ ရရှိခဲ့မှုများအား tier 1 နှင့် tier 2 တို့မှ ရရှိခဲ့သည့် အောင်မြင်မှုများ အား အတူတကွ ပေါင်းစည်းထားပါသည်။ ၂၀၁၈ ခုနှစ် အတွက် tier 1 တွင် ရောက်ရှိခဲ့သည့် အိမ်ထောင်စု အရေအတွက်မှာ ၁၄၅,၂၉၅ ဖြစ်ပြီး tier 2 ၏ အိမ်ထောင်စု အရေအတွက်မှာ ၁,၈၃၉ ,၀၆၇ ဖြစ်ပါသည်။

ညွှန်းကိန်းတခုဖြစ်သော အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု ဦးရေအတွက် ကျား၊မသီးသန့် သုတေသနမှ ၂၀၁၈ ခုနှစ်တွင် ရောက်ရှိခဲ့သည့် အိမ်ထောင်စု စုစုပေါင်း ၏ ၁၅.၅ ရာခိုင်နှုန်း ရှိသည်ဟု တွက်ချက်ခန့်မှန်း ထားခဲ့ ပါသည်။

LIFTစီမံကိန်းများနှင့်ဆက်နွယ်နေသည့် ပြောင်းလဲမှု အဆင့်များအား ပိုမိုကောင်းမွန်စွာ ရှာဖွေတွေ့ရှိရန် နှင့် ရမှတ်နှင့် အဆင့်များ ပါဝင်သည့် ညွှန်းကိန်းများအတွက် ၂၀၁၇-၂၀၁၈ ခုနှစ် ပျမ်းမျှ ရာခိုင်နှုန်းအား တစ်နှစ်ချင်းစီ အပြန်အလှန် အခြေခံ တွက်ချက်ထုတ်ယူထားသည်။ ကွဲပြားနေသည့် ရလဒ်များအား၂၀၁၈ခုနှစ်တွင်ရောက်ရှိ ခဲ့သည့် အိမ်ထောင်စုများနှင့် သက်ဆိုင်သော အရေ အတွက် ပေါ် အခြေခံ၍ တွက်ချက် ခန့်မှန်းထားပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ၂၀၁၅ ခုနှစ် ကနဦးစစ်တမ်း ရလဒ်အား ၂၀၁၇ခုနှစ် အိမ်ထောင်စု စစ်တမ်းမှ နမူနာယူသည့်နေရာအသစ်များနှင့် ၂၀၁၈ခုနှစ် စောင့် ကြည့် မှတ်တမ်းတင်သည့် စစ်တမ်းတွင် အသုံးပြု ပါသည်။ကိန်းဂဏန်း အများစုအား လုပ်ငန်းဆောင် ရွက်ခြင်းမှ ရရှိလာသည့် အကျိုးကျေးဇူးများသည် မိသားစု တခုလုံးဆီသို့ ယူဆောင်လာသည်ဟု ကျိုးကြောင်း ညီစွာ ယူဆခဲ့သည့် အိမ်ထောင်စု ကိန်းဂဏန်းများအဖြစ် တွက်ချက်ပါသည်။ လူတဦးချင်းထံ အဓိကထား ရောက်ရှိသည့် အကျိုးအမြတ်ကို (ဥပမာ သင်တန်းတက်ရောက်သူများ၊ ကလေးတဦးချင်းစီ ၏ အာဟာရ ပြည့်ဝမှု အနေဖြင့် တွက်ချက်ပါသည်။) တွက်ချက်သည့်အခါ ညွှန်းကိန်း ရလဒ်များအား အိမ်ထောင်စု တစ်ခုချင်းစီ ထက် လူတစ်ဦးချင်းစီအတွက် တွက်ချက်ပါသည်။

## တာဝန်အဆင့်အကျိုး ရလဒ်များနှင့် ညွှန်းကိန်းများ

တာဝန် ။ ။ မြန်မာ့ကျေးလက်နေ ဆင်းရဲနွမ်းပါးသူတို့၏ ဝင်ငွေ နှင့် စားနပ်ရိက္ခာအဆင့်အတန်းကို မြှင့်တင်ရန် အတွက် ကြံ့ကြံ့ခံနိုင်သော အသက်မွေးဝမ်းကျောင်းမှုများနှင့် ရိက္ခာဖူလုံမှုတို့ကို ဖြစ်ထွန်းအောင် ဆောင်ရွက်ရန်

### အကျိုးရလဒ် ၁ (Purpose-level Outcome, PO)

ကျေးလက်နေ အိမ်ထောင်စုများ ဝင်ငွေတိုးတက်ခြင်း

| | ၂၀၁၀မှ ၂၀၁၇ အထိ ပြီးစီးမှုများ | ၂၀၁၈ ပြီးစီးမှုများ | ၂၀၁၀ မှ ၂၀၁၈ ထိ စုပေါင်းထားသည့် ပြီးစီးမှုများ | ၂၀၁၈ ရည်မှန်းချက် | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| PO ၁.၁။ ဝင်တွေတိုးလာသည့် LIFT အိမ်ထောင်စု အရေအတွက် | ၈၀၆,၂၄၁<br>မ ၁၀၉,၀၉၄<br>ကျား ၆၉၇,၁၄၇ | ၃၈၁,၈၃၂<br>မ ၅၅,၈၃၈<br>ကျား ၃၂၅,၉၉၄ | ၁,၁၈၈,၀၇၈<br>မ ၁၆၄,၉၃၂<br>ကျား ၁,၀၂၃,၁၄၆ | ၅၂၀,၀၀၀ | ၂၂၈ | အိမ်ထောင်စု စစ်တမ်း |

▲ ဇယား ၂.၁
တာဝန်အဆင့် အကျိုးရလဒ် ၁

ညွှန်းကိန်းများ၊ ပြီးစီးမှုများ

PO ၁.၁။ ဝင်တွေတိုးလာသည့် LIFT အိမ်ထောင်စု အရေအတွက်

ဤအချက်အလက်များကို ၂၀၁၈ ခုနှစ် အိမ်ထောင်စု အညွှန်းစစ်တမ်းမှ ရယူခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အိမ်ထောင်စုများ၏ ၂၀ ရာခိုင်နှုန်း နီးပါးခန့်သည် လွန်ခဲ့သည့် ၁၂ လအတွင်း ဝင်ငွေတိုးတက်လာခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။ ဤအချက်အား tier 1နှင့် tier 2 နှစ်ခုလုံး၏ စီမံကိန်းဒေသများပေါ် အခြေခံ၍ တွက်ချက်ခန့်မှန်း သည့်အခါ စုစုပေါင်း အိမ်ထောင်စု အရေအတွက်မှာ ခန့်မှန်းခြေ ၃၈၁,၀၀၀ စု ရှိပါသည်။ အမျိုးသား ဦးစီးသည့် အိမ်ထောင်စုများ၏ ၂၂ ရာခိုင်နှုန်းက ဝင်ငွေတိုးတက်လာသော်လည်း အမျိုးသမီး ဦးစီးသည့် အိမ်ထောင်စုတို့၏ ဝင်ငွေတိုးတက်မှုမှာ ၁၄ ရာခိုင်နှုန်းသာရှိသဖြင့် အိမ်ထောင်ဦးစီး ကွာခြားသည့် အတိုင်း အတန်အသင့် ကွာခြားမှုရှိကြောင်း တွေ့ရသည်။

LIFT ၏ စီမံကိန်းဒေသများတွင် လွန်ခဲ့သည့်နှစ်များမှ ဝင်ငွေတိုးလာသည်ဟု အစီရင်ခံခဲ့သည့် အိမ်ထောင်စု အရေအတွက်နှင့် ထည့်ပေါင်းလိုက်လျှင် LIFTမှ ကူညီပံ့ပိုးပေးခဲ့သည့် ဝင်ငွေတိုးလာသော စုစုပေါင်း အိမ် ထောင်စုမှာ ခန့်မှန်းခြေ ၁,၁၈၈,၀၀၀ စု ရှိပါသည်။ မူလက သတ်မှတ်ခဲ့သည့် ရည်မှန်းချက်ဖြစ်သည့် ၅၂၀ ,၀၀၀ အိမ်ထောင်စုနှင့် နှိုင်းယှဉ်လျှင် ၂၀၁၈ ခုနှစ် အတွက် ညွှန်းကိန်းတွင် ချမှတ်ထားသည့် ရည်မှန်းချက်၏ ၂၂၈ % ရရှိခဲ့ပါသည်။ အိမ်ထောင်စုအညွှန်းစစ်တမ်းကောက်ယူရာတွင် အိမ်ထောင်စုများအား ဝင်ငွေအပေါ် ထင်မြင်ယူဆချက်များအား မေးခွန်းပေါင်းများစွာမေးမြန်းခဲ့ပါသည်။ ယမန်နှစ်က ရရှိခဲ့သည့်ရလဒ်များနှင့် နှိုင်းယှဉ်လျှင် ဝင်ငွေ တိုးလာကြောင်း အစီရင်ခံသည့် အိမ်ထောင်စုများ သိသာစွာ တိုးလာခဲ့ပါသည်။ ၂၀၁၇ခုနှစ် တွင် ၁၇% ရှိရာမှ ၂၀၁၈ ခုနှစ်တွင် ၂၀% ထိ တိုးတက်ခဲ့ပါသည်။

၂၀၁၈ခုနှစ် အိမ်ထောင်စုအညွှန်းစစ်တမ်းအရ အနည်းဆုံး မသန်စွမ်းတဦးရှိနေသည့် အမျိုးသားဦးစီးသော အိမ်ထောင်စု ၂.၄% နှင့် အမျိုးသမီးဦးစီးသော အိမ်ထောင်စု ၂.၅% က လွန်ခဲ့သော ၁၂လအတွင်း ဝင်ငွေတိုးလာသည်ဟု တင်ပြကြသည်။ ကျေးလက် အိမ်ထောင်စုများအဖြစ် တွက်ချက်ပါက အနည်းဆုံး မသန်စွမ်းတဦးရှိသည့် အိမ်ထောင်စုပေါင်း ၄၄,၀၀၀က ဝင်ငွေတိုးတက်ခဲ့ပါသည်။

PO ၁.၂ ။ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအောက်တွင် ရောက်နေသော LIFT အိမ်ထောင်စု %

ညွှန်းကိန်းအား LIFT ၏ အိမ်ထောင်စုစစ်တမ်း၏ အစိတ်အပိုင်းအဖြစ် (၂)နှစ်တကြိမ် ကောက်ယူပါသည်။ သို့ဖြစ်၍ ၂၀၁၈ခုနှစ် အိမ်ထောင်စု အညွှန်းကိန်းတွင် မပါဝင်ပါ။

၂၀၁၈ခုနှစ် အိမ်ထောင်စုအညွှန်းစစ်တမ်း အရ အနည်းဆုံး မသန်စွမ်းတဦးရှိနေသည့် အမျိုးသား ဦးစီးသော အိမ်ထောင်စု ၁.၈% နှင့် အမျိုးသမီး ဦးစီးသော အိမ်ထောင်စု ၂.၂%က လွန်ခဲ့သော ၁၂လ အတွင်း ပိုင်ဆိုင်မှု တိုးလာသည်ဟု တင်ပြကြသည်။ ကျေးလက် အိမ်ထောင်စုများအဖြစ် တွက်ချက်ပါက အနည်းဆုံး မသန်စွမ်းတဦးရှိသည့် အိမ်ထောင်စုပေါင်း ၃၈,၀၀၀က ပိုင်ဆိုင်မှု တိုးတက်ခဲ့ပါသည်။

## အကျိုးရလဒ် ၂

### PO ၂။ ဆင်းရဲနွမ်းပါးသော ကျေးလက် အိမ်ထောင်စုများ ခြောက်ခြားမှု၊ ဖိစီးမှု၊ အကျိုးမဲ့မည့် အခြေအနေတို့ နှင့် ရင်ဆိုင်ရပါက ကြံ့ကြံ့ခံနိုင်ခြင်း

| | ၂၀၁၀မှ ၂၀၁၇ အထိ ပြီးစီးမှုများ | ၂၀၁၈ ပြီးစီးမှုများ | ၂၀၁၀ မှ ၂၀၁၈ ထိ စုပေါင်းထားသည့် ပြီးစီးမှုများ | ၂၀၁၈ ရည်မှန်းချက် | ရရှိခဲ့သည့် % | အချက် အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| PO ၂.၁ ။ ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသော LIFT အိမ်ထောင်စုအရေအတွက် | ၇၅၈,၃၀၅<br>မ ၁၀၇,၈၀၆<br>ကျား ၆၅၀,၄၈၉ | ၃၂၂,၆၂၈<br>မ ၃၈,၂၉၀<br>ကျား ၂၈၄,၃၃၈ | ၁,၀၈၀,၉၃၃<br>မ ၁၄၆,၁၀၆<br>ကျား ၉၃၄,၈၂၇ | ၅၅၀,၀၀၀ | ၁၉၇ | အိမ်ထောင်စု စစ်တမ်း |
| PO ၂.၂။ ဝင်ငွေရလမ်း များပြားလာသော LIFT အိမ်ထောင်စု အရေအတွက် | ၃၄၂,၁၀၉ | ၈၃,၅၄၂ | ၄၂၅,၆၅၁ | ၁၃၀,၀၀၀ | ၃၂၇ | အိမ်ထောင်စု စစ်တမ်း |
| PO ၂.၃။ ကြံ့ကြံ့ခံနိုင်မှုရှိပြီး အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် လူဦးရေ | ၃,၇၄၄,၁၃၉<br>မ ၄၇၄,၅၉၇<br>ကျား ၃,၂၆၉,၅၄၂ | ၂,၂၅၇,၁၆၉<br>မ ၃၂၂,၅၁၂<br>ကျား ၁,၉၃၄,၆၅၇ | ၆,၀၀၁,၃၀၇<br>မ ၇၉၇,၁၀၉<br>ကျား ၅,၂၀၄,၁၉၈ | ၂,၄၀၀,၀၀၀ | ၂၅၀ | အိမ်ထောင်စု စစ်တမ်း |

▲ ဇယား ၂.၂
တာဝန်အဆင့် အကျိုးရလဒ် ၂

ညွှန်းကိန်းများ၊ ပြီးစီးမှုများ

#### PO ၂.၁ ။ ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသော LIFT အိမ်ထောင်စုအရေအတွက်

၂၀၁၈ ခုနှစ်တွင် နမူနာကောက်ယူထားသည့် အိမ်ထောင်စုများမှ လွန်ခဲ့သည့် (၁၂)လ အတွင်း ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသည်ဟု ဖြေဆိုသည့် အိမ်ထောင်စု ၁၆% ရှိသည်ဟု အလွှာ-၁ နှင့် အလွှာ-၂ ပေါင်းစည်းထားသည့် ရလဒ်များမှ ပြသနေပါသည်။ LIFT စီမံကိန်းများအတွင်း ထိုအဆင့် နှစ်ခုကို အခြေခံ၍ တွက်ချက်သည့်အခါ ခန့်မှန်းချေ အိမ်ထောင်စု ၃၂၂,၀၀၀ စု ဖြစ်ပါသည်။ ပိုင်ဆိုင်မှု တိုးတက်လာသည်ဟု အသိပေးသည့် အိမ်ထောင်စုများ နှိုင်းယှဉ်လျှင် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုမှာ (၁၀%) ရှိပြီး အမျိုးသား ဦးဆောင်သည့် မိသားစုမှာ (၁၇%) ရှိပါသည်။ LIFT ၏ ပြီးခဲ့သည့် စီမံကိန်းများ၏ ခန့်မှန်းချေ ရရှိခဲ့သည်များနှင့် ပေါင်းစပ်လျှင် ပိုင်ဆိုင်မှု တိုးတက်လာသည့် LIFT အိမ်ထောင်စု အရေအတွက်မှာ ၁,၀၈၀,၉၃၃ စု ရှိပါသည်။ ထိုအရေအတွက်သည် ၂၀၁၈ ခုနှစ် အတွက် ချမှတ်ထားသည့် ရည်မှန်းချက်၏ ၁၉၇% ဖြစ်ပါသည်။

#### PO ၂.၂။ ဝင်ငွေရလမ်း များပြားလာသော LIFT အိမ်ထောင်စု အရေအတွက်

ဝင်ငွေရလမ်းအမျိုးမျိုးမှ ဝင်ငွေရရှိခြင်းသည် အိမ်ထောင်စုများ၏ ထိခိုက်လွယ်မှုကို လျှော့ချရန် နှင့် ဝင်ငွေ တိုးပွားလာစေရန်အတွက် သိသာ ထင်ရှားသည့် အချက် ဖြစ်ပါသည်။ ထိုမတူညီသည့် ဝင်ငွေရ လမ်းများ အားလုံးသည် ကောင်းမွန်သည့် ဦးတည်ရာအား ကိုယ်စားပြုသည်ဟု မမှတ်ယူသင့်ပါ။ သို့သော်လည်း ယေဘုယျအားဖြင့် ဝင်ငွေရ လမ်း အမျိုးမျိုးရှိခြင်း ၊ ထိခိုက်လွယ်မှုအဆင့် ပြောင်းလဲမှုများနှင့် ကြံ့ကြံ့ခံနိုင်မှု တို့အကြား ခိုင်မာ ကောင်းမွန်သည့် ဆက်နွယ်မှုများ ရှိနေပါသည်။ LIFT ၏ အိမ်ထောင်စု စစ်တမ်းတွင် မွမ်းမံထားသည့် Simpson's Diversity Index ပုံစံကို အသုံးပြု၍ ဝင်ငွေရ လမ်းအမျိုးမျိုးရှိခြင်းကို ကိုယ်စားပြုပါသည်။ ဤသည်မှ ဝင်ငွေရလမ်း အရေအတွက်ကို သာမက မည်သည့် အိမ်ထောင်စုဝင်ငွေသည် ဝင်ငွေ အမျိုးမျိုး၏ ရင်းမြစ်များကြား မည်သို့အညီအမျှ ဖြစ်စေရန် ခွဲဝေ ထားသနည်း ဟူသော အချက်ကိုလည်း တိုင်းတာပါသည်။ ပျမ်းမျှ အိမ်ထောင်စုများ၏ ဝင်ငွေရ လမ်းသည် စိုက်ပျိုးရေးမှ ၃၇%၊ ပုံမှန်မရသည့်နေ့စားခမှ၂၂%နှင့် ငွေလွှဲပေးပို့ခြင်း နှင့် အခြား ရင်းမြစ်များမှ ၁၁% ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်၏ ဝင်ငွေရလမ်းအမျိုးမျိုးရှိခြင်း ပျမ်းမျှ အဆင့်မှာ အဆင့် ၃ ဖြစ်ပြီး၊ ၂၀၁၇ ခုနှစ်တွင် အစီရင်ခံသည့် အဆင့် ၂.၆ နှင့် အတူတူနီးပါး ဖြစ်ပါသည်။ အိမ်ထောင်စုများ၏ သုံးပုံတပုံနီးပါး (၂၈%) သည် သူတို့၏ ဝင်ငွေရလမ်းမှ အမျိုးမျိုးမှ ရရှိသော ဝင်ငွေများ တိုးလာသည်ဟု ရှုမြင်ပါသည်။ သို့သော် လည်း အိမ်ထောင်စုများ၏ လေးပုံ တပုံအောက် ( ၂၄%)သည် ၎င်းတို့၏ ဝင်ငွေရ လမ်း အမျိုးမျိုးမှ ရရှိသော ဝင်ငွေကျဆင်းလာသည်ဟု ရှုမြင်ခဲ့ကြပြီး၊ အခွင့်အလမ်းများ ဆုံးရှုံးမှုနှင့် ဖိစီးမှုများ တွေ့ကြုံ နေရသည့် အိမ်ထောင်စုများသည် ၎င်းတို့၏ ဝင်ငွေအပေါ် မကောင်းသည့် သက်ရောက်မှုများ ရှိနိုင်သည်ကို ထပ်မံ ပြသနေပါသည်။ ဝင်ငွေ ကျဆင်းခဲ့သည်ဟု အစီရင်ခံခဲ့သည့် အိမ်ထောင်စုများသည်ပင် ဝင်ငွေရလမ်း အမျိုးမျိုးမှ ရရှိခဲ့သော အသားတင် ဝင်ငွေ စုစုပေါင်း တိုးတက်မှုသည် ၄.၂ ရာခိုင်နှုန်း တိုးတက်ခဲ့သေးကြောင်း တွေ့ရှိရသည်။ LIFT ၏ အလွှာ -၁ နှင့် အလွှာ-၂ နှစ်ခုလုံးမှ ရောက်ရှိခဲ့သည့် အိမ်ထောင်စုများအပေါ် အခြေခံ၍ တွက်ချက်သည့်အခါ ခန့်မှန်းချေ အိမ်ထောင်စု ၄၂၅,၀၀၀ စုသည် ၂၀၁၅ ခုနှစ်မှ စတင်၍ ကွဲပြားခြားနားသည့် ဝင်ငွေရလမ်းများမှ ပိုမိုများပြားသော ဝင်ငွေကို ရရှိခဲ့သည့် အတွေ့အကြုံများ ရှိပါသည်။ သို့ဖြင့် LIFTသည် ဤညွှန်းကိန်း၏ ၂၀၁၈ ခုနှစ်အတွက် ရည်မှန်းချက် မှတ်တိုင်၏ ၃၂၇ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။

#### PO ၂.၃—ကြံ့ကြံ့ခံနိုင်မှုရှိပြီး အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် လူဦးရေ

လွန်ခဲ့သည့် (၁၂)လအတွင်း ဝင်ငွေ၊ ပစ္စည်းပိုင်ဆိုင်မှု နှင့် အစားအသောက် ရရှိနိုင်မှုတွင် အမြင် ပြောင်းလဲခြင်းဆိုင်ရာ အစီအစဉ်တွင် ပါဝင်သည့် အညွှန်းစာရင်းကို အသုံးပြု၍ ဤညွှန်းကိန်းအား တိုင်းတာပါသည်။ ၂၀၁၈ ခုနှစ်တွင် စစ်တမ်း ကောက်ယူခဲ့သူများအားလုံးမှ ၂၇% သည် ၎င်းတို့၏ ကြံ့ကြံ့ခံနိုင်မှုတိုးတက်လာသည်ဟု ဆိုကြပါသည်။ ၂၀၁၈ ခုနှစ် တွင် ရောက်ရှိခဲ့သည်များအပေါ် အခြေခံ၍ တွက်ချက်သည့်အခါ စုစုပေါင်း လူဦးရေ ၂.၂၆ သန်း နီးပါး ဖြစ်ပါသည်။ LIFT ၏ ယခင်ရလဒ်များနှင့် ပေါင်းစပ်ပါက လူဦးရေ ၆ သန်းခန့်၏ ကြံ့ကြံ့ခံနိုင်မှု တိုးတက်ခဲ့ပါသည်။ ဤအညွှန်းတွင် ၂၀၁၈ ခုနှစ် ရည်မှန်းချက်၏ ၂၅၀ ရာခိုင်နှုန်းအား ရရှိခဲ့ပါသည်။

## အကျိုးရလဒ် ၃
## အမျိုးသမီးများနှင့်ကလေးများ အာဟာရ တိုးတက်ကောင်းမွန်ခြင်း

| | ၂၀၁၀မှ ၂၀၁၇ အထိ ပြီးစီးမှုများ | ၂၀၁၈ ပြီးစီးမှုများ | ၂၀၁၀ မှ ၂၀၁၈ ထိ စုပေါင်းထားသည့် ပြီးစီးမှုများ | ၂၀၁၈ ရည်မှန်းချက် | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| PO ၃.၁။ လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာအမျိုးအမည် စုံလင်စွာ ရရှိသည့် LIFT အိမ်ထောင်စု အရေအတွက် | ၄၃၁,၉၅၆<br>မ ၇၆,၃၄၂<br>ကျား ၃၅၅,၆၄၁ | ၅၅,၈၉၁<br>မ ၇,၃၇၈<br>ကျား ၄၈,၅၁၃ | ၄၈၇,၈၅၇<br>မ ၈၃,၇၀၂<br>ကျား ၄၀၄,၁၅၅ | ၄၀၀,၀၀၀ | ၁၂၂ | အိမ်ထောင်စု စစ်တမ်း |
| PO ၃.၂ ။ ၁၂ လတာ အစားအစာ လုံလောက်မှု ရှိသော LIFT အိမ်ထောင်စု အရေအတွက် | ၄၉၂,၃၄၅<br>မ ၁၀၅,၀၂၃<br>ကျား ၃၈၇,၄၁၂ | ၁၃၀,၄၄၈<br>မ ၂၉,၁၈၉<br>ကျား ၁၀၁,၂၅၉ | ၆၂၂,၈၈၃<br>မ ၁၃၄,၂၁၂<br>ကျား ၄၈၈,၆၇၁ | ၅၄၀,၀၀၀ | ၁၁၅ | အိမ်ထောင်စု စစ်တမ်း |
| PO ၃.၃— LIFT ကျေးရွာများရှိ ၅နှစ်အောက် ကလေးများ၏ အလွန်အမင်း/ အသင့်အတင့် ပုညက်မှု ရာခိုင်နှုန်း | ၂၂% | မရနိုင် | မရနိုင် | ၂၆% | မရနိုင် | အိမ်ထောင်စု စစ်တမ်း |
| PO ၃.၄ - လွန်ခဲ့သော နှစ်ပတ်အတွင်း ၅နှစ်အောက်ကလေးများ ဝမ်းပျက်ဝမ်းလျှောဖြစ်မှု အချိုးအစား | ၁၇.၄% | မရနိုင် | မရနိုင် | ၁၅% | မရနိုင် | အိမ်ထောင်စု စစ်တမ်း |

### PO ၃.၁- လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာအမျိုးအမည် စုံလင်စွာ ရရှိသည့် LIFT အိမ်ထောင်စု အရေအတွက်

LIFT သည် အာဟာရဆိုင်ရာ နည်းပညာ အထောက်အပံ့ (Food and Nutrition Technical Assistant - FANTA) စီမံချက်မှ တတိယမြောက် ဝင်ငွေအုပ်စု၏ ပျမ်းမျှကို အဓိပ္ပါယ် ဖွင့်ဆိုထားသော လက်ခံနိုင်လောက်သည့် ရိက္ခာအမျိုးအမည်စုံလင်စွာ ရရှိသည့် ရမှတ် အဆင့်ကို အသုံးပြုပါသည်။ LIFT ၏ ၂၀၁၅ ခုနှစ် အိမ်ထောင်စုစစ်တမ်းအရ ဤအဆင့်၏ရလဒ်သည် အစားအသောက် အုပ်စု ၆ ခု နှင့်အထက် ဖြစ်ပါသည်။ လက်ခံနိုင်ဖွယ်ရှိသည့် ရိက္ခာ အမျိုးအမည် စုံလင်စွာ ရရှိမှုကို ညွှန်ပြနေသည့် အဆင့်ကို တိုင်းတာရာတွင် ၂၀၁၇ ခုနှစ်၌ အဆင့် ၆နှင့် အထက် ရရှိသော အိမ်ထောင်စု ၆၇% နှင့် နှိုင်းယှဉ်လျှင် ၂၀၁၈ ခုနှစ်၌ အိမ်ထောင်စုများ၏ ၇၀% ရှိပါသည်။ ၂၀၁၈ ခုနှစ်တွင် LIFT မှ ရောက်ရှိသည့် အိမ်ထောင်စုအားလုံးပေါ် အခြေခံ၍ တွက်ချက် ရာတွင် လက်ခံနိုင်လောက်သည့် ရိက္ခာ အမျိုးအမည် စုံလင်စွာ ရရှိသည့် ရမှတ်ရရှိသော အိမ်ထောင်စု ၅၅,၀၀၀ စခန့် တိုးမြှင့် ရရှိခဲ့ပါသည်။ LIFT ၏ ယခင်ရလဒ်များနှင့် ပေါင်းစပ်လိုက်လျှင် အိမ်ထောင်စု ၄၈၇,၀၀၀ စုထက် အနည်းငယ် ကျော်လွန်ခဲ့ပါသည်။ သို့မဟုတ် LIFT ၏ ၂၀၁၈ ခုနှစ် ရည်မှန်းချက် ဖြစ်သည့် လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာအမျိုးအမည် စုံလင်စွာ ရရှိသည့် LIFT အိမ်ထောင်စု အရေအတွက် ၁၂၂% ရရှိခဲ့ပါသည်။

၂၀၁၈ခုနှစ် အိမ်ထောင်စုအညွှန်းစစ်တမ်းအရ အနည်းဆုံး မသန်စွမ်းတဦးရှိနေသည့် အမျိုးသားဦးစီးသော အိမ်ထောင်စု ၁% နှင့် အမျိုးသမီးဦးစီးသော အိမ်ထောင်စု ၀.၅%က လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာ အမျိုးအမည် စုံလင်စွာ ရရှိသည်ဟု တင်ပြကြသည်။ ကျေးလက် အိမ်ထောင်စုများအဖြစ် တွက်ချက်ပါက အနည်းဆုံး မသန်စွမ်းတဦးရှိသည့် အိမ်ထောင်စုပေါင်း ၁၄,၀၀၀ က ရိက္ခာအမျိုးအမည်စုံလင်စွာ ရရှိမှု ရမှတ် ၆မှတ် နှင့် အထက် ရှိခဲ့သည်။

### PO ၃.၂ - ၁၂ လတာ အစားအစာ လုံလောက်မှု ရှိသော LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အကြား နှိုင်းယှဉ်မှုမှ အိမ်ထောင်စုများအား အစားအစာ လုံလောက်မှု တိုးတက်လာသည်ကို ပြသပါသည်။ (၁၂)လလုံး လုံလောက်သည့် အစားအစာ လုံလောက်စွာ ရရှိသည့် အိမ်ထောင်စုအရေအတွက်သည် ၂၀၁၇ ခုနှစ်တွင် ၈၆ % ရှိရာမှ တိုးမြှင့်ပြီး၊ ၂၀၁၈ ခုနှစ်တွင် ၉၂% ရှိသည်ဟု အသိပေးခဲ့ပါသည်။ LIFTက ပံ့ပိုးပေးနေသည့် အလွှာ ၁ နှင့် အလွှာ ၂ နှစ်ခုလုံးရှိ အိမ်ထောင်စုများမှ ရရှိသည့် ဤရလဒ်များအပေါ် အခြေခံ၍ တွက်ချက်သည့်အခါ ၂၀၁၈ ခုနှစ် ရည်မှန်းချက်၏ ၁၁၅ ရာခိုင်နှုန်း ဖြစ်သည့် ခန့်မှန်းခြေ အိမ်ထောင်စု ၆၂၂,၀၀၀ စုထက် အနည်းငယ် ပိုမိုသည့် အိမ်ထောင်စုအရေအတွက် ရရှိခဲ့သည်ဟု မျှော်မှန်းနိုင်ပါသည်။

၂၀၁၈ခုနှစ် အိမ်ထောင်စုအညွှန်းစစ်တမ်းအရ အနည်းဆုံး မသန်စွမ်းတဦးရှိနေသည့် အမျိုးသား ဦးစီးသော အိမ်ထောင်စု ၁% နှင့် အမျိုးသမီး ဦးစီးသော အိမ်ထောင်စု ၀.၂%က အစားအစာ လုံလောက်မှုရှိသည်ဟု တင်ပြကြသည်။ ကျေးလက် အိမ်ထောင်စုများအဖြစ် တွက်ချက်ပါက အနည်းဆုံး မသန်စွမ်းတဦးရှိသည့် အိမ်ထောင်စုပေါင်း ၁၅,၀၀၀က အစားအစာလုံလောက်မှုရှိခဲ့သည်။

### PO ၃.၃ - LIFT ကျေးရွာများရှိ ၅နှစ်အောက် ကလေးများ၏ အလွန်အမင်း/ အသင့်အတင့် ပုညက်မှု ရာခိုင်နှုန်း

### PO ၃.၄ - လွန်ခဲ့သော နှစ်ပတ်အတွင်း ၅နှစ်အောက် ကလေးများ ဝမ်းပျက်ဝမ်းလျှောဖြစ်မှု အချိုးအစား

အဆိုပါ ညွှန်းကိန်း(၂)ခုအား LIFT မှ (၂)နှစ်တကြိမ် ပြုလုပ်သည့် အိမ်ထောင်စုစစ်တမ်း၏ အာဟာရဆိုင်ရာ တိုင်းတာမှုဖြင့် တိုင်းတာပါသည်။ သို့ဖြစ်ပါ၍ ၂၀၁၈ ခုနှစ် အိမ်ထောင်စုအညွှန်းစစ်တမ်းတွင် မပါဝင်ပါ။

▲ ဇယား ၂.၃
တာဝန်အဆင့် အကျိုးရလဒ် ၃

ညွှန်းကိန်းများ၊ ပြီးစီးမှုများ

## အကျိုးရလဒ် ၄
## ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် တိုးတက်သော မူဝါဒများ၊ ထိရောက်သော လူထု အသုံးစရိတ်များ

| | ၂၀၁၀မှ ၂၀၁၇ အထိ ပြီးစီးမှုများ | ၂၀၁၈ ပြီးစီးမှုများ | ၂၀၁၀ မှ ၂၀၁၈ ထိ စုပေါင်းထားသည့် ပြီးစီးမှုများ | ၂၀၁၈ ရည်မှန်းချက် | ရရှိခဲ့သည့် % | အချက် အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| PO ၄.၁—LIFTက ထောက်ပံ့သော ပြည်သူ့ရေးရာ မူဝါဒ နှင့် အစီအစဉ် အပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား | ၃၅ | ၁၄ | ၄၉ | ၂၅ | ၁၉၆ | FMO၊ IP |
| PO ၄.၂—LIFT က ထောက်ပံ့သော လူထု ကဏ္ဍ/ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘတ်ဂျက် ခွဲဝေမှု/သုံးစွဲမှုအပြောင်းအလဲ အရေအတွက်နှင့် အမျိုးအစား | ၁၈ | ၆ | ၂၄ | ၇ | ၃၄၃ | FMO၊ IP |

▲ ဇယား ၂.၄
တာဝန်အဆင့် အကျိုးရလဒ် ၄

ညွှန်းကိန်းများ၊ ပြီးစီးမှုများ

**PO ၄.၁—LIFTက ထောက်ပံ့သော ပြည်သူ့ရေးရာ မူဝါဒ နှင့် အစီအစဉ် အပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား**

LIFTက ထောက်ပံ့သော ပြည်သူ့ရေးရာ မူဝါဒ နှင့် အစီအစဉ် အပြောင်းအလဲ အရေအတွက် နှင့် အမျိုးအစား LIFTသည် FMO နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်များမှ ပံ့ပိုးပေးနေသည့် ပြည်သူ့ရေးရာ မူဝါဒနှင့် အစီအစဉ် ပြောင်းလဲမှုများ၏ အရေအတွက်နှင့် အမျိုးအစားများအား စောင့်ကြည့်ပါသည်။ ၂၀၁၅ခုနှစ်မှ စတင်၍ ပြောင်းလဲမှု စုစုပေါင်း ၄၉ခုအား ပံ့ပိုးပေးပါသည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ် ရည်မှန်းချက် မှတ်တိုင်၏ ၁၉၆ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ပြည်သူ့ ရေးရာ မူဝါဒနှင့် အစီအစဉ် ပြောင်းလဲမှုများ ၁၄ကြိမ် ပံ့ပိုးပေးခဲ့သည်ဟု FMO မှ အစီရင်ခံပါသည်။ ဥပမာအချို့မှာ-

အမူအကျင့် ပြောင်းလဲရေး သတင်းစကား ပြောကြား မှု/ အာဟာရနှင့်ဆိုင်သော လူမှုအမူအကျင့်များ ပြောင်းလဲရေး အသိပညာပေးမှု (Social and behaviour change communication - SBCC) မဟာဗျူဟာ ရေးဆွဲခြင်း - ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးခြင်း (Chin MCCT)အား ကျေးရွာ နှင့် ရပ်ကွက်အဆင့် ကျန်းမာရေး၊ အာဟာရ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းမှုဆိုင်ရာ SBCC လုပ်ငန်းများဖြင့် ပိုမို ပြည့်စုံ စေရန် ရည်ရွယ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ဝန်ကြီးဌာန ပေါင်းစုံ ပါဝင်သည့် SBCC ကော်မတီအား SBCC မဟာဗျူဟာ ရေးဆွဲရန်အတွက် ပထမဆုံးအကြိမ် ဖွဲ့စည်းခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာန၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေး ဌာနခွဲ (Health Literacy Promotion Unit - HLPU) ၊ အမျိုးသား အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသန ဌာနခွဲ (National Nutrition Center - NNC) ၊ LIFT ၊ UNICEF ၊ 3MDG နှင့် Save the Children တို့မှ ဧပြီလတွင်ကျင်းပခဲ့သည့် ပထမဆုံးကော်မတီ အစည်းအဝေးကို တက်ရောက်ခဲ့ပါသည်။ ထို အစည်းအဝေး တွင်လူမှုဝန်ထမ်းဦးစီးဌာနမှ ထောက်ပံ့ငွေပေး ခြင်းနှင့် အတူ အာဟာရဆိုင်ရာ ပညာပေးခြင်း အတွက် ကြိုတင် စီစဉ်ထားရှိသည်များကို တင်ပြခဲ့ပါသည်။ SBCC ဆိုင်ရာ နည်းနာလက်စွဲများနှင့် ပညာပေးခြင်း လုပ်ငန်းမြှင့်တင်ရာတွင် ဦးဆောင်မှုကို HLPU မှတာဝန်ယူဆောင်ရွက်ရန် သဘောတူညီမှု ရရှိခဲ့ပါသည်။ HLPUသည် မကြာသေးခင်ကမှ အကောင်အထည်ဖော်ပြီးစီးခဲ့သည့် မွေးကင်းစနှင့် ငယ်ရွယ်သော ကလေးငယ်များအတွက် ပညာပေးဆိုင်ရာ နည်းနာလက်စွဲများအား အာဟာရဆိုင်ရာ ပညာပေးမှုများ၏ ကနဦးအစတွင် အသုံးပြုသွားမည်ဖြစ်သည်။ သို့သော်လည်း အနာဂတ်တွင် မြန်မာတနိုင်ငံလုံး၌ ပြုလုပ်မည့် MCCT စီမံကိန်းများ ဆောင်ရွက်ရာ၌ ပိုမိုပြည့်စုံရန်အတွက် ကျယ်ပြန့်သည့် SBCC မဟာဗျူဟာအား ရေးဆွဲသွားမည် ဖြစ်ပါသည်။

မွေးမြူရေး ဆိုင်ရာ မူဝါဒ - ၂၀၁၈ ခုနှစ် ပထမနှစ်ဝက်တွင် ကျွဲ၊ နွားတိရစ္ဆာန်ပို့ကုန်လုပ်ငန်းအား ဆက်လက်ဆောင်ရွက်ရန် လွှတ်တော်၌ မဲခွဲ ဆုံးဖြတ်ခဲ့ပါသည်။ ထို ဆုံးဖြတ်ချက်အရ ကျွဲ၊ နွား ကောင်ရေ (၁)သန်းအား တရုတ်နိုင်ငံသို့ တင်ပို့ ရောင်းချရန် သဘောတူညီခဲ့ပါသည်။ ကျွဲ၊ နွား တိရစ္ဆာန် ကုန်သွယ်ရေး ကိစ္စများ ဆွေးနွေးရာတွင် စိုက်ပျိုးရေး၊မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီး ဌာန၏ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တနိုင်ငံလုံးတွင် ကောက်ယူခဲ့သည့် တိရစ္ဆာန်ကောင်ရေစာရင်းမှ ကျွဲ၊ နွားကောင်ရေ စာရင်းအား အထောက်အထားအနေဖြင့် ကိုးကားခဲ့သောကြောင့် LIFT မှ ပံ့ပိုးပေးသော FAO ၏ စီမံကိန်းသည် အထောက်အပံ့ အများအပြားပေးခဲ့ပါသည်။ ကျွဲ၊ နွား ကုန်သွယ်ရေးသည် သိသာထင်ရှားစွာ တိုးတက်ခဲ့ပြီး အိမ်ထောင်စု ထောင်ပေါင်းများစွာ အပေါ် ကောင်းမွန်သည့် သက်ရောက်မှု ရရှိရန် အလားအလာ ရှိပါသည်။ အိမ်ထောင်စု ၂.၂ သန်းသည် ကျွဲ၊ နွားများ မွေးမြူ ပြီး အိမ်ထောင်စု ၄၂၀,၀၀၀ သည် ကျွဲ မွေးမြူ ပါသည်။ မွေးမြူသူများသည် ပို့ကုန်အဆင့်သို့ ရောက်ရှိသည့် ကျွဲ၊နွား များအား ရောင်းချရာတွင် တကောင်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ မှ ၇၀၀ ထိ ပိုမို ရရှိသောကြောင့် လုပ်ကွက်ငယ် တောင်သူများ၏ ဝင်ငွေမှာ အလွန်သိသာစွာ တိုးတက်လာသည်ဟု ကုန်သည်များမှ အစီရင်ခံခဲ့သည်။ ငါးလုပ်ငန်းဥပဒေ - ဧရာဝတီရေချိုငါးလုပ်ငန်း ဥပဒေ အသစ်အား ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (Network Activities Group-NAG) ၏ ပံ့ပိုးမှုဖြင့် ၂၀၁၈ခု မတ်လတွင် အတည်ပြုခဲ့ပါသည်။ ဥပဒေသည် မြစ်ဝကျွန်းပေါ်ဒေသတွင် ငါးလုပ်ငန်းအားရေရှည် တည်တံ့ခိုင်မြဲစွာ စီမံခန့်ခွဲနိုင်ရန်အတွက် မြစ်ဝကျွန်းပေါ် ရေဝေရေလဲဒေသ ဖွံ့ဖြိုးမှုကို ကိုယ်စားပြုပြီး ပိုမိုကျယ်ပြန့်စွာ လက်လှမ်းမီနိုင်မှုနှင့် သာတူညီမျှ မှုကို မြှင့်တင်ပါသည်။ ဤဥပဒေသည်

လိုင်စင်ရယူခြင်း၊ ရပ်ရွာလူထုမှ ပူးတွဲစီမံခန့်ခွဲသည့် အသေးစား ငါးလုပ်ငန်းမှ ပြည်တွင်းရေကြောင်းအား အသုံးပြုနိုင်ခြင်းနှင့် တိုင်းဒေသကြီးအဆင့် စီမံအုပ်ချုပ်မှု တွင် ကျား၊မရေးရာကဏ္ဍ အတွက် သီးသန့် အခွင့်အလမ်းများကို ဖွင့်ပေးလိုက်ပါသည်။ NAG သည် စည်းမျဉ်းစည်းကမ်းများနှင့် နည်းဥပဒေများ ရေးဆွဲရန် ဆက်လက် ကူညီ ပံ့ပိုးပေးပါသည်။ စီမံချက်သည် တိုင်းဒေသကြီး လွှတ်တော်မှ ရေးဆွဲနေသည့် မြန်မာ့ ပင်လယ် ငါးလုပ်ငန်းဥပဒေအတွက်လည်း ပံ့ပိုးပေးနေပါသည်။

အကျိုးတူလယ်ယာစနစ် -အကျိုးတူလယ်ယာစနစ် (contract farming) အတွက် စံသတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Standard Operation Procedure - SOP) နှင့် လမ်းညွှန်ချက်များ ရေးဆွဲရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနအား ကူညီပံ့ပိုးပေးရန်အတွက် မြန်မာ့ စိုက်ပျိုးရေး ကွန်ရက် (Myanmar Agriculture Network – MAN) နှင့် Agri Pro Focus (APF)နှင့် ပူးပေါင်းဆောင်ရွက်ရန် Mercy Corps အား ဖိတ်ကြားခဲ့ပါသည်။ ၎င်းဆောင်ရွက်မှုသည် အကျိုးတူ လယ်ယာစနစ်အတွက် အမျိုးသားအဆင့် ဥပဒေ မူဘောင်၏ အခြေခံများကို စုစည်းပေးနိုင်မည် ဖြစ်ပါသည်။ Mercy Corps သည် မြစ်ဝကျွန်းပေါ်ဒေသရှိ လပွတ္တာအားဈေးကွက်နှင့် ချိတ်ဆက်ခြင်း စီမံချက်မှ တဆင့် အကျိုးတူ လယ်ယာစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

သီးနှံအာမခံမှု ရှေ့ပြေးစီမံချက် - ပထမဆုံး သီးနှံအာမခံစနစ်အတွက် ရှေ့ပြေး စီမံချက်ဆောင်ရွက်ရန် လပွတ္တာနှင့် ဈေးကွက်ချိတ်ဆက်ခြင်း စီမံချက် သည် ဂလိုဘယ်လ်ဝေါ(လ်) အာမခံလုပ်ငန်း (Global World Insurance) နှင့် မိတ်ဖက် ပြုခဲ့ပါသည်။ ဧက တရာခန့်နှင့် တောင်သူ (၁၇)ဦး ပါဝင်ခဲ့ပါသည်။ ၂၀၁၈ ခု နိုဝင်ဘာလတွင် စိုက်-မွေး-ဆည် ဝန်ကြီးဌာနမှ ကျင်းပသည့် သီးနှံ အာမခံစနစ် ဖွင့်လှစ်ပွဲ အလုပ်ရုံဆွေးနွေးပွဲတွင် ကနဦး ရှိခဲ့သည့် သင်ခန်းစာများအား မျှဝေခဲ့ပါသည်။ လပွတ္တာစီမံချက် ၏အဓိက အကြံပြုချက်မှာ အစိုးရအနေဖြင့် သီးနှံအာမခံ ဖွံ့ဖြိုး တိုးတက်ရန်အတွက် လမ်းပြမြေပုံတခု ရေးဆွဲရန်ဖြစ်ပြီး၊ ကနဦးစမ်းသပ်ဆောင်ရွက်မှုများနှင့် အိမ်နီးချင်း နိုင်ငံများမှ လေ့လာသင်ယူခဲ့မှုများကို စုစည်း၍ ရှေ့သို့ လျှောက်လှမ်းရန် ဖြစ်ပါသည်။ နိုင်ငံအတွင်း သီးနှံအာမခံ ဖွံ့ဖြိုးတိုးတက်မှုသည် အစောပိုင်းအဆင့်၌သာ ရှိသေးသည်ကို အသိ အမှတ်ပြုလျက် လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးကော်မတီ၏ ပံ့ပိုးမှုဖြင့် စိုက်-မွေး-ဆည် ဝန်ကြီးဌာနသည် မဝေးတော့သည့် အနာဂတ်တွင် သီးနှံအာမခံဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းပြမြေပုံအား ရေးဆွဲရန် ကတိပြုထားပါသည်။

PO ၄.၂—LIFT က ထောက်ပံ့သော လူထု ကဏ္ဍ/ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘတ်ဂျက် ခွဲဝေမှု/ သုံးစွဲမှုအပြောင်းအလဲ အရေအတွက်နှင့် အမျိုးအစား

LIFTမှ ပံ့ပိုးပေးနေသည့် လူထုကဏ္ဍနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘတ်ဂျက်ခွဲဝေမှုနှင့် သုံးစွဲမှုဆိုင်ရာ အပြောင်းအလဲများ၏ အကြိမ်အရေအတွက်နှင့် အမျိုးအစားကို စောင့်ကြည့် မှတ်တမ်းတင်ပါသည်။ ၂၀၁၅ ခုနှစ်မှစ၍ အဆိုပါ ပြောင်းလဲမှု (၂၄)ခုကို LIFT မှ ကူညီပံ့ပိုးပေးခဲ့သောကြောင့် ၂၀၁၈ ခု LIFT ရည်မှန်းချက်မှတ်တိုင်၏ ၃၄၃ ရာခိုင်နှုန်းကို ရရှိခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် LIFT သည် စိုက်ပျိုးရေး၊ ကျေးလက်ဖွံ့ဖြိုးရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အာဟာရဖွံ့ဖြိုးမှု နယ်ပယ် အတွက် ပြည်သူ့ကဏ္ဍနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဘတ်ဂျက်ခွဲဝေမှုနှင့် သုံးစွဲခြင်းအပေါ်တွင် လွှမ်းမိုးမှု ရှိသော အရေးကြီးသည့် အခန်းမှ ဆက်လက် ပါဝင် ဆောင်ရွက်နေပါသည်။ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ဘတ်ဂျက်နှင့် ဆက်နွယ်နေသည့် ပြောင်းလဲမှု (၆) ခုအား ပံ့ပိုးပေးရန် ရှိသည်ဟု FMO နှင့် IP များမှ အစီရင်ခံပါသည်။ ဥပမာတခုမှာ-

ကရင်နှင့်ကယား MCCT - ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံတော်အစိုးရမှ MCCT စီမံကိန်း လုပ်ဆောင်ချက် များအား အောက်တိုဘာလတွင် ကရင်ပြည်နယ်နှင့် ကယားပြည်နယ်သို့ တိုးချဲ့ရန် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ဘတ်ဂျက်မှ ထောက်ပံ့ငွေ ပေးအပ်သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ ထုတ်ဖော်ပြောကြားခဲ့ပါသည်။ LIFT မှ ပံ့ပိုးပေးသည့် ချင်း MCCT ၏ ဖွံ့ဖြိုးတိုးတက်မှုသည် MCCT စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု၏အယူအဆအား သက်သေပြုပြီး အဖွဲ့အစည်းဆိုင်ရာ ဖြစ်နိုင်ချေများကို ပြသခဲ့သည်ဟု လူမှုဝန်ထမ်းဦးစီးဌာန မှ မှတ်ယူပါသည်။ သို့သော်လည်း ချဲ့ထွင်ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်း များနှင့်အတူ များပြားလှသော စိန်ခေါ်မှုများ ရှိပါသည်။ စိန်ခေါ်မှု တခုမှာ MCCT အစီအစဉ်များနှင့်အတူ SBCC သတင်းစကားများ ပါဝင်ရန် ဖြစ်ပါသည်။ ဤကိစ္စသည် ချင်းပြည်နယ် အပါအဝင် စီမံကိန်း ဆောင်ရွက်သည့် နယ်မြေဒေသများတွင် ဆက်လက်လျှောက်လှမ်းရဦးမည့် ခရီးရှည် ဖြစ်ပါသည်။ ဒုတိယစိန်ခေါ်မှုမှာ MCCT ၏ သက်ရောက်မှုကို တိုင်းတာရန် ဖြစ်ပါသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နှင့် နာဂတွင် လျင်မြန်စွာ တိုးချဲ့ခြင်းအတွက် မည်သည့် ကနဦး စစ်တမ်း ကောက်ယူမှုကိုမျှ မလုပ်ဆောင်နိုင်ခဲ့ပါ။ တတိယစိန်ခေါ်မှုမှာ ထိရောက်သော အကောင်အထည်ဖော်ခြင်းဆိုင်ရာ စောင့်ကြည့် စစ်ဆေးသည့် စနစ်တခု ရှိနေရမည် ဖြစ်ပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ချင်းပြည်နယ်၏ ကောင်းမွန်သည့် တိုးတက်မှုမှ ကရင်ပြည်နယ်နှင့် ကယား ပြည်နယ်တွင် စောင့်ကြည့်စစ်ဆေးသည့် အစီအစဉ်များအတွက် သတင်း အချက်အလက်များ ပေးနိုင်ပါလိမ့်မည်။ LIFTသည် လူမှုဝန်ထမ်းဦးစီးဌာန အား ကူညီပံ့ပိုးပေးမှုကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။

## စီမံကိန်းအဆင့် ညွှန်းကိန်းများ

### စီမံကိန်းအဆင့် ရလဒ်များ (Programme –level Outcome) PR ၁

**လုပ်ကွက်ငယ်တောင်သူ များ၏ ရေရှည်တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်း နှင့် လယ်ယာအခြေပြု ထုတ်လုပ်မှုများ**

| | ၂၀၁၀မှ ၂၀၁၇ အထိ ပြီးစီးမှုများ | ၂၀၁၈ ပြီးစီးမှုများ | ၂၀၁၀ မှ ၂၀၁၈ ထိ စုပေါင်းထားသည့် ပြီးစီးမှုများ | ၂၀၁၈ ရည်မှန်းချက် | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| Pr ၁.၁ — အကြံပေးဝန်ဆောင်မှုရောက်ရှိသော LIFT အိမ်ထောင်စု အရေအတွက် | ၂၀၃,၂၄၈<br>မ ၆၇,၃၁၁<br>ကျား ၁၃၅,၉၇၃ | ၆၁,၃၂၂<br>မ ၂၇,၀၉၇<br>ကျား ၄၈,၅၁၃ | ၂၆၄,၆၀၆<br>မ ၉၄,၄၀၈<br>ကျား ၄၀၄,၁၅၅ | ၂၂၁,၀၀၀ | ၁၂၀ | IP |
| Pr ၁.၂—နည်းနာကောင်းများ၊ သွင်းအားစုများ၊ နည်းပညာများကို စမ်းသပ်သော/ ကျင့်သုံးသော LIFT အိမ်ထောင်စု အရေအတွက် | ၃၂၅,၃၉၀<br>မ ၄၇,၄၀၇<br>ကျား ၂၇၇,၉၈၃ | ၅၇၉,၄၆၇<br>မ ၆၂,၂၉၀<br>ကျား ၅၁၇,၁၇၇ | ၉၀၄,၈၅၇<br>မ ၁၀၉,၆၉၇<br>ကျား ၇၉၅,၁၆၀ | ၃၀၀,၀၀၀ | ၃၀၂ | အိမ်ထောင်စု စစ်တမ်း |
| Pr ၁.၃— သီးနှံထုတ်လုပ်မှုတိုးတက်လာသော LIFT အိမ်ထောင်စုအရေအတွက် | ၂၉၁,၄၀၁<br>မ ၄၀,၁၈၈<br>ကျား ၂၅၂,၂၁၃ | ၁၃၁,၄၅၆<br>မ ၁၁,၆၄၈<br>ကျား ၁၁၉,၈၉၈ | ၄၂၃,၉၄၇<br>မ ၅၁,၈၃၆<br>ကျား ၃၇၂,၁၁၁ | ၂၅၁,၀၀၀ | ၁၆၉ | အိမ်ထောင်စု စစ်တမ်း |

▲ ဇယား ၂.၅
စီမံကိန်း အဆင့်ရလဒ် ၁ ညွှန်းကိန်းများ၊ ပြီးစီးမှုများ

**PR ၁.၁ —အကြံပေးဝန်ဆောင်မှုရောက်ရှိသော LIFT အိမ်ထောင်စု အရေအတွက်**

LIFTစီမံကိန်းများ စတင်သည့် ၂၀၁၀ ခုနှစ်မှစ၍ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့အစည်းဝန်မှ ပေးအပ်သော အကြံပေးဝန်ဆောင်မှုများ ရောက်ရှိသည့် အိမ်ထောင်စုများမှာ စုစုပေါင်း ၂၆၅,၀၀၀နီးပါး ဖြစ်ပြီး ထိုအထဲမှ ၃၆% မှာ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ ဖြစ်ပါသည်ဟု အစီရင်ခံပါသည်။ ဤတွင် ဖော်ပြထားသည့် အောင်မြင်မှုအရ LIFT သည် ၎င်း၏ ၂၀၁၈ ခုနှစ် ရည်မှန်းချက်၏ ၁၂၀% ကို ရရှိခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် အကောင်အထည်ဖော်ရေးမိတ်ဖက် (၁၈) ဖွဲ့မှ LIFT ၏ စီမံကိန်း ဒေသများရှိ အိမ်ထောင်စု ၆၁,၀၀၀ ကျော်ထံ ရောက်ရှိခဲ့သည်ဟု အစီရင်ခံခဲ့သည်။ ကျယ်ပြန့်ပြီး အမျိုးမျိုးသော အကြံပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ဥပမာများတွင် ပါဝင်သည်မှာ-

- မေတ္တာသည် လုပ်ကွက်ငယ်တောင်သူများအား မြေနှင့် အပင်များ ဖွံ့ဖြိုးခြင်းနှင့် မှန်ကန်သည့် ရေစီမံခန့်ခွဲမှု အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (General Agricultural Practices - GAP) ဆိုင်ရာ လုပ်ငန်းစဉ်များ၊ နည်းလမ်းများနှင့် စံနှုန်းများ သင်ကြားပေးရန် တောင်သူ သင်တန်းကျောင်းများကို ဦးစီးလမ်းပြ ဆောင်ရွက်ပါသည်။ အကယ်၍တောင်သူများမှ စိုက်ပျိုးရေး ဆိုင်ရာ ကောင်းမွန်သည့် အမှုအကျင့်များကို (၃)နှစ်ဆက်တိုက် ကျင့်သုံးပါက တောင်သူများ အနေဖြင့် စိုက်ပျိုးရေး ဦးစီးဌာနမှ အသိအမှတ်ပြု လက်မှတ်ကို ရယူနိုင်ပါသည်။ မေတ္တာဖောင်ဒေးရှင်းသည် မျိုးစေ့ ထုတ်လုပ်သူ အသင်းများ ၃ခုကို ဖွဲ့စည်းပြီး လေ့ကျင့်ပေးပါသည်။ အပြန်အလှန်အားဖြင့် စိုက်ပျိုးရေးဦးစီး ဌာန ဝန်ထမ်းများနှင့် ပူးပေါင်းကာ တောင်သူများ၏ စိုက်ပျိုးကွက်များကို စစ်ဆေးပါသည်။
- WHH နှင့် GRET တို့သည် စုပေါင်းအာမခံစနစ် (Participatory Gurantee System - PGS)ဖြင့် အကြံပေး ဝန်ဆောင်မှုများ ပေးအပ်ပြီး အဓိက တောင်သူများကို သင်တန်းပေးခြင်း၊ တောင်သူ ဦးဆောင်သည့် သရုပ်ပြမှုများအား အထောက်အပံ့ပေးခြင်းနှင့် အပြန်အလှန် လေ့လာရေး ခရီးများ စီစဉ် ဆောင်ရွက်ပေးပါသည်။ အဓိက ခေါင်းစဉ်များဖြစ်သော ဆန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်ခြင်း၊ တိရစ္ဆာန်မွေးမြူခြင်းနှင့် မြေဆီလွှာ အာဟာရ ပြည့်ဝမှု စီမံခန့်ခွဲခြင်းတို့တွင် ထောက်ပံ့မှု များ ပြုပါသည်။
- ရတနာရောသည် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ နှင့် အတူ အကြံပေးဝန်ဆောင်မှုများ ပေးအပ်ပြီး တောင်သူများအား အရည်အသွေးကောင်း မျိုးစေ့ ထုတ်လုပ်ခြင်း၊ ရိတ်သိမ်းချိန်လွန် ဆောင်ရွက်မှုများ တိုးတက်ခြင်း၊ တောင်သူ ဦးဆောင်သည့် လုပ်ငန်းများ ချဲ့ထွင်ခြင်း၊ စုပေါင်း ဈေးကွက်ရှာဖွေခြင်းနှင့် ပုဂ္ဂလိက နှင့် အကျိုးတူ လယ်ယာစနစ် လုပ်ဆောင်ခြင်း အပါအဝင် ဆန်စပါး တန်ဖိုးမြှင့် ကွင်းဆက် ကဏ္ဍများအား သင်တန်းပေးပါသည်။
- ရပ်ရွာလူထု ပါဝင်မှုဖြင့် စိုက်ပျိုးထုတ်လုပ်မှု ကောင်းမွန်ခြင်း (Productive Agriculture through Community Engagement – PACE) စီမံချက်ဖြင့် CRS နှင့် KMSS တို့သည် ပျိုးကြဲခြင်းနှင့် စောလျှင်စွာ ကြီးထွားလာမှု၊ အမျိုးသမီးများ အတွက် အိမ်ခြံဝင်း စိုက်ခင်းသင်တန်းများ၊ မျိုးစေ့ အရည်အသွေးနှင့် လေအလုံပိတ်နှင့် လေအလုံပိတ် မဟုတ်သော သိုလှောင်ထားမှုကို နှိုင်းယှဉ်ခြင်း နှင့် တန်ဖိုးမြှင့် ကွင်းဆက် ဖွံ့ဖြိုးမှု အပါအဝင် စိုက်ပျိုး ထုတ်လုပ်မှု စံပြအုပ်စု များမှ တဆင့် အကြံပေး ဝန်ဆောင်မှု များကို ပေးအပ်ပါသည်။
- IFDC သည် တောင်သူများအား အရည်အသွေးမြင့် မျိုးစေ့သိုလှောင်မှုနှင့် အသုံးပြုခြင်း၊ စီးပွားဖြစ် ဓာတ်မြေသြဇာ အသုံးပြုခြင်း၊ သီးနှံကာကွယ်သည့် ကုန်ပစ္စည်းများနှင့် ရေထိန်းသိမ်းခြင်းအတွက် လယ်ယာသုံး ကိရိယာများနှင့် စက်ပစ္စည်းများ၏ အခန်း ကဏ္ဍနှင့် သက်ဆိုင်သော အကြံပေး ဝန်ဆောင်မှုများကို ပေးအပ်ပါသည်။ ၎င်းတို့သည် လယ်ယာသွင်းအားစုများ၊ နည်းပညာများနှင့် ရာသီဥတုနှင့်လိုက်လျောညီထွေရှိသည့် စိုက်ပျိုးရေး နည်းလမ်းများကိုလည်း ပံ့ပိုးပေးပါသည်။

**PR ၁.၂ — နည်းနာကောင်းများ၊ သွင်းအားစုများ၊ နည်းပညာများကို စမ်းသပ်သော/ ကျင့်သုံးသော LIFT အိမ်ထောင်စု အရေအတွက်**

၂၀၁၈ ခုနှစ်တွင် အလွှာ (၁)နှင့် အလွှာ (၂) ဒေသ (၂) ခုလုံး တွင် ကောက်ယူခဲ့သည် စစ်တမ်းအရ ၃၀% သည် တိုးတက် လာသည့် အလေ့အကျင့်များ၊ သွင်းအားစုများနှင့် နည်းပညာများ (အမျိုးသားဦးဆောင်သည့် အိမ်ထောင်စု ၃၄ ရာခိုင်နှုန်းနှင့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု ၂၂ ရာခိုင်နှုန်း) အား စမ်းသပ် (တနှစ်အောက်) နှင့်/(သို့) (တနှစ်နှင့်အထက်) လက်ခံကျင့်သုံးနေပါသည်။ ၂၀၁၈ ခုနှစ်တွင် ရောက်ရှိခဲ့သည့် အိမ်ထောင်စုများ အားလုံးအပေါ် အခြေခံ၍ တွက်ချက်သည့်အခါ အိမ်ထောင်စု ၅၇၉,၀၀၀ သည် တိုးတက်လာသည့် အလေ့အကျင့်များ၊ သွင်းအားစုများနှင့် နည်းပညာများအား စမ်းသပ် နှင့်/(သို့) လက်ခံကျင့်သုံးနေသည်ဟု ခန့်မှန်းပါသည်။ LIFT ၏ ၂၀၁၈ ခုနှစ် အထိ ရလဒ်များအား စုပေါင်းလိုက်လျှင် ၂၀၁၈ ခုနှစ် ညွှန်းကိန်း၏ ရည်မှန်းချက်၏ ၃၀၂% ကို ရရှိခဲ့ပါသည်။

**PR ၁.၃ - သီးနှံထုတ်လုပ်မှုတိုးတက်လာသော LIFT အိမ်ထောင်စု အရေအတွက်**

၂၀၁၈ ခုနှစ် အိမ်ထောင်စု အညွှန်းစစ်တမ်းတွင် အလွှာ-၁ နှင့် အလွှာ-၂ မှ ပျမ်းမျှ ၅၄ ရာခိုင်နှုန်းသည်

## အကျိုးရလဒ်များ

လွန်ခဲ့သည့် (၁၂)လအတွင်း သီးနှံများ စိုက်ပျိုးခဲ့သည်ဟု အစီရင်ခံ ခဲ့ပါသည်။ ဤအိမ်ထောင်စုများ၏ ပျမ်းမျှ ၁၂ ရာခိုင်နှုန်းသည် ပြီးခဲ့သည့်နှစ်နှင့် နှိုင်းယှဉ်ပါက စိုက်ပျိုး ရာသီတိုင်း၌ စိုက်ပျိုးခဲ့သည့် အဓိကသီးနှံ စိုက်ပျိုး ထုတ်လုပ်မှုစွမ်းရည်မှာ တိုးတက်မှု ရှိသည်ဟု အစီရင်ခံကြသည်။ သီးနှံထုတ်လုပ်မှုတိုးတက်လာသည်ဟု အစီရင်ခံသည့် အမျိုးသားဦးဆောင်သော အိမ်ထောင်စုမှာ ၁၃ ရာခိုင်နှုန်း ရှိပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုမှာ ၈ ရာခိုင်နှုန်းသာ ရှိသောကြောင့် အမျိုးသား ဦးဆောင်သည့် အိမ်ထောင်စုနှင့် အမျိုးသမီး ဦးဆောင်သည့် မိသားစုတို့အကြား ကွဲပြားခြားနားမှု ရှိပါသည်။

၂၀၁၈ ခုနှစ်တွင် LIFT မှ ရောက်ရှိသည့် အိမ်ထောင်စုများအားလုံးပေါ် အခြေခံ၍ တွက်ချက်သည့်အခါ ခန့်မှန်းချေအားဖြင့် အဓိကသီးနှံထုတ်လုပ်မှု တိုးတက်လာသည့် အိမ်ထောင်စုမှာ ၁၃၁,၀၀၀ ဖြစ်ပါသည်။ ဤညွှန်းကိန်းတွင် LIFT ၏ ယခင်ရလဒ်များ နှင့် ပေါင်းစပ်လိုက်သည့်အခါ LIFT သည် ၂၀၁၈ ခုနှစ် ရည်မှန်းချက်၏ ၁၆၉% ကို ရရှိခဲ့ပါသည်။

## PR ၂
## လုပ်ကွက်ငယ် တောင်သူများ ဈေးကွက် လက်လှမ်းမီမှု နှင့် ဈေးကွက် အခြေအနေ တိုးတက်လာခြင်း

| | ၂၀၁၀မှ ၂၀၁၇ အထိ ပြီးစီးမှုများ | ၂၀၁၈ ပြီးစီးမှုများ | ၂၀၁၀ မှ ၂၀၁၈ ထိ စုပေါင်းထားသည့် ပြီးစီးမှုများ | ၂၀၁၈ ရည်မှန်းချက် | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| Pr ၂.၁—ထုတ်လုပ်သူ အုပ်စုဝင် LIFT အိမ်ထောင်စု အရေအတွက် | ၆၄,၅၃၂<br>မ ၁၉,၇၀၀<br>ကျား ၄၄,၈၃၂ | ၁၁,၀၅၉<br>မ ၅,၀၃၆<br>ကျား ၆,၀၂၃ | ၇၅,၅၉၁<br>မ ၂၄,၇၃၆<br>ကျား ၅၀,၈၅၅ | ၈၃,၀၀၀ | ၉၁ | IP |
| Pr ၂.၂ —ဈေးကွက်နည်းနာအသစ်များကို ကျင့်သုံးသည့် LIFT အိမ်ထောင်စု အရေအတွက် | ၁၅,၄၉၅<br>မ ၁,၃၂၂<br>ကျား ၁၄,၁၇၃ | ၄,၇၈၆<br>မ၂၇၀<br>ကျား ၄,၅၁၆ | ၂၀,၂၈၁<br>မ ၁,၅၉၂<br>ကျား ၁၈,၆၈၉ | ၁၇,၀၀၀ | ၁၁၉ | အိမ်ထောင်စု စစ်တမ်း |
| Pr ၂.၃—စိုက်ပျိုးရေး/ မွေးမြူရေး/ ရေလုပ်ငန်း တို့မှ အမြတ်အစွန်းရရှိသည့် LIFT အိမ်ထောင်စု အရေအတွက် | ၄၈၄,၈၄၄<br>မ ၄၈,၆၄၁<br>ကျား ၄၃၆,၂၀၃ | ၃၇၃,၁၈၅<br>မ ၃၇,၈၂၂<br>ကျား ၃၃၅,၃၆၃ | ၈၅၈,၀၂၉<br>မ ၈၆,၄၆၃<br>ကျား ၇၇၁,၅၆၆ | ၂၃၀,၀၀၀ | ၃၇၃ | အိမ်ထောင်စု စစ်တမ်း |

### PR ၂.၁ — ထုတ်လုပ်သူ အုပ်စုဝင် LIFT အိမ်ထောင်စု အရေအတွက်

အိမ်ထောင်စု ၇၅,၀၀၀ ကျော်သည် ၂၀၁၀ ခုနှစ်မှစ၍ ထုတ်လုပ်သူများ အဖွဲ့၏ အဖွဲ့ဝင်ဖြစ်ခဲ့သည် (သို့) ဖြစ်လာ ခဲ့သည်ဟု အကောင်အထည်ဖော်ရေး မိတ်ဖက်များမှ အစီရင်ခံခဲ့ပါသည်။ ထိုအထဲမှ အိမ်ထောင်စု ၂၅ ,၀၀၀ (အကြမ်းဖျင်း ၃၃ ရာခိုင် နှုန်း)သည် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ ဖြစ်ပါသည်။ မိတ်ဖက်များ အစီရင်ခံသည့် အမြင့်ဆုံး အရေအတွက်တွင် Mercy Corps ၊ CDN ၊ Oxfam ၊ ActionAid ၊ CESVI နှင့် Proximity Designs တို့ပါဝင်ပါသည်။ ထိုအထဲမှ အိမ်ထောင်စု ၁၁ ,၀၅၉ စုသည် ၂၀၁၈ ခုနှစ်တွင် အဖွဲ့ဝင်အသစ်များ ဖြစ်ပါသည်။ ဤညွှန်းကိန်းတွင် LIFT သည် ၂၀၁၈ ခုနှစ် ရည်မှန်းချက်၏ ၉၁ ရာခိုင်နှုန်းကို ရရှိခဲ့ပါသည်။

ယခုအထိ အဖွဲ့အများစု တူညီနေသည့် အမျိုးအစားမှာ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်လုပ်သူများအဖြစ် ဆက်လက် ရှိနေပါသည်။ ၂၀၁၈ ခုနှစ်အတွက် အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု ဥပမာများတွင် အောက်ပါတို့ ပါဝင်ပါသည်

- NAGသည် ကျေးရွာနှင့် အစုအဖွဲ့အဆင့် ငါးလုပ်ငန်း အုပ်စုများအား ကူညီခဲ့ပြီး ငါးနှင့်ပုဇွန် ရေထွက် ပစ္စည်း များ ဖမ်းဆီးမှုကို အာရုံစိုက်သည့် မြို့နယ်အဆင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အသင်းအား ပံ့ပိုးပေးခဲ့ပါသည်။
- CORAD ၏ ဈေးကွက်နှင့် တန်ဖိုးမြှင့် ကွင်းဆက် အကြံပေးများသည် စပျစ်သီး၊ ကြက်သွန်၊ ဝဥ နှင့် ပဲတောင့်ရှည် တန်ဖိုးမြှင့်ကွင်းဆက်များတွင် ထုတ်လုပ်သူ အုပ်စုများ ဖွဲ့စည်းမှုအတွက် ပံ့ပိုးပေးခဲ့ပါသည်။
- CDN သည် သီးနှံထုတ်လုပ်သူများအုပ်စု (၅၀)ကျော် အား ပြုပြင်ပြောင်းလဲခဲ့ပြီး အိမ်ထောင်စုပေါင်း ၁,၀၀၀ ကျော်မှ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များအား လေ့ကျင့်ပေးခဲ့ကာ တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးတိုးတက်မှုကို အာရုံစိုက်လျက် ရှိပါသည်။

### PR ၂.၂ —ဈေးကွက်နည်းနာအသစ်များကို ကျင့်သုံးသည့် LIFT အိမ်ထောင်စု အရေအတွက်

ဤညွှန်းကိန်းသည် အလွှာ-၁ အိမ်ထောင်စုများကိုသာ အကျိုး သက်ရောက်စေပါသည်။ ၂၀၁၈ ခုနှစ်တွင် စစ်တမ်း ကောက်ယူခဲ့သည့် အိမ်ထောင်စုများ၏ ၂၀ရာခိုင်နှုန်းသည် LIFTမှ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေး ၊ ငါး လုပ်ငန်း ဆိုင်ရာ သင်တန်းများ ရရှိခဲ့သည်ဟု အစီရင်ခံ ခဲ့ပါသည်။ အဆိုပါ လေကျင့်သင်ကြားပြီးသူများ၏ ၁၅ ရာခိုင်နှုန်းသည် လွန်ခဲ့သည့် (၁၂)လ အတွင်း ဈေးကွက် နည်းနာသစ်များအား လက်ခံ ကျင့်သုံးနေပါသည်ဟု အစီရင်ခံ ခဲ့သည် (အမျိုးသားဦးစီးသည့် အိမ်ထောင်စု (၁၇ ) ရာခိုင်နှုန်းနှင့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု (၈)ရာခိုင်နှုန်း)။ ၂၀၁၈ ခုနှစ်တွင် အလွှာ-၁ တွင် ရောက်ရှိခဲ့သည့် အိမ်ထောင်စုများအပေါ် အခြေခံ၍

▲ ဇယား ၂.၆
စီမံကိန်း အဆင့်ရလဒ် ၂

ညွှန်းကိန်းများ၊ ပြီးစီးမှုများ

တွက်ချက်ရာတွင် ဈေးကွက်တင်သည့် နည်းလမ်း အသစ်များကို လက်ခံကျင့်သုံးနေသည့် အိမ်ထောင်စုမှာ ၄၇,၀၀၀ ခန့်ရှိသည်။ LIFT ၏ ယခင်ရလဒ်များနှင့် ပေါင်းစပ်လိုက်ပါက ၂၀၁၈ ခုနှစ် ရည်မှန်းချက် မှတ်တိုင်၏ ၁၁၉ ရာခိုင်နှုန်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်တွင် အကျိုးခံစားခွင့်ရှိသူများမှ အသိပေးသည့်၊ အသုံးပြုသည့် အကြိမ် အရေအတွက်အရ အစဉ်လိုက် အသုံးပြုခဲ့သည့် ဈေးကွက်တင်သည့် ထိပ်တန်း နည်းလမ်းများမှာ ဈေးကောင်းရရန် ညှိနှိုင်းခြင်း၊ အရည်အသွေးမြင့် ထုတ်ကုန်များကို ရောင်းချရန် ရွေးချယ်ခြင်း၊ မတူညီသည့်အချိန်တွင် ရောင်းချခြင်း၊ ဈေးကွက်အသစ် (သို့) အခြား ဈေးကွက်သို့ ရောင်းချခြင်းနှင့် အခြားနည်းလမ်းများဖြင့် ကုန်စွည်းများအား ထုတ်လုပ်ခြင်းတို့ဖြစ်ပါသည်။

PR ၂.၃ - စိုက်ပျိုးရေး/ မွေးမြူရေး/ ရေလုပ်ငန်းတို့မှ အမြတ်အစွန်း ရရှိသည့် LIFT အိမ်ထောင်စု အရေအတွက်

အိမ်ထောင်စုများအား လွန်ခဲ့သည့် ၁၂ လအတွင်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ငါးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းကြောင့် ၎င်းတို့၏ အကျိုးအမြတ် မည်သို့ပြောင်းလဲသွားသည်ဆိုသည်ကို မေးမြန်းခဲ့သည့် အခါ စီမံကိန်း အလှာ-၁နှင့် အလှာ- ၂ နယ်မြေ ၂ ခု လုံးမှ အိမ်ထောင်စုအားလုံး၏ ပျမ်းမျှ အစီရင်ခံမှုမှာ - သီးနှံရောင်းချခြင်း ၁၃ ရာခိုင်နှုန်း၊ တိရစ္ဆာန်ရောင်း ချခြင်း ၁၁ ရာခိုင်နှုန်း နှင့် ငါးလုပ်ငန်း ၂ ရာခိုင်နှုန်း တို့ဖြစ်သည်ဟု ဖြေဆိုခဲ့ကြပါသည်။

ထပ်နေသည်များကို ဖယ်ထုတ်ပြီးနောက် အိမ်ထောင်စု အားလုံး၏ ၂၂ရာခိုင်နှုန်း (အမျိုးသား ဦးဆောင်သည့် အိမ်ထောင်စု ၂၄ ရာခိုင်နှုန်းနှင့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု ၁၃ ရာခိုင်နှုန်း) မှ လွန်ခဲ့သည့် ၁၂ လ အတွင်း ဤအသက်မွေးဝမ်းကျောင်း လုပ်ငန်းများမှ အကျိုးအမြတ် ပိုမို ရရှိခဲ့သည်ဟု အစီရင်ခံခဲ့ပါသည်။ LIFT မှ ၂၀၁၈ ခုနှစ် တွင် လွှမ်းခြုံခဲ့သော အိမ်ထောင်စုများအပေါ် အခြေခံ၍ တွက်ချက်ရာတွင် အကျိုးအမြတ်ပိုမို ရရှိခဲ့သည့် အိမ်ထောင်စုအရေအတွက်မှာ ၃၇၃,၀၀၀ နီးပါးဟု ခန့်မှန်းပြီး LIFT ၏ ယခင်ရလဒ်များနှင့် ပေါင်းစပ်လိုက်ပါက LIFT ၏ ၂၀၁၈ ခု ရည်မှန်းချက်၏ ၃၇၃ ရာခိုင်နှုန်းကို ရရှိခဲ့သည်။

PR ၃.၁—စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်း ကျွမ်းကျင်မှု တိုးတက်ရေးအတွက် အထောက်အပံ့ ရရှိသော LIFT အိမ်ထောင်စု အရေအတွက်

၂၀၁၀ ခုနှစ်မှ ၂၀၁၈ နှစ်ကုန်အထိ လူဦးရေ စုစုပေါင်း ၆၅,၀၀၀ (အမျိုးသမီး ၆၃ ရာခိုင်နှုန်း) အား လယ်ယာပြင်ပ လုပ်ငန်းကျွမ်းကျင်မှု ဖွံ့ဖြိုးရေးတွင် ပံ့ပိုးပေးနေပါသည်ဟု အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့ ၃၉ ဖွဲ့မှ အစီရင်ခံခဲ့ပါသည်။ LIFTသည် ၎င်း၏ ၂၀၁၈ ခုနှစ် ရည်မှန်းချက်၏ ၁၀၀ ရာခိုင်နှုန်းကို ရရှိခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၁၄,၀၀၀ ကျော်တို့ ပံ့ပိုးမှုများ ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဥပမာများတွင် ပါဝင်သည်မှာ-

- KDNသည် ရပ်ရွာလူထု အသက်မွေးမှု သင်တန်းကျောင်းတွင် အချက်အပြုတ်နှင့် မုန့်ဖုတ်၊ စက်ချုပ်၊ လက်သမား၊ စက်ပြင်၊ ယက်ကန်း၊ ပန်းရံတို့နှင့် ဆိုင်သည့် စီးပွားရေး သင်တန်းများ ပို့ချပေးခဲ့ပါသည်။
- CDNမှ ကော်ဖီ ကျွမ်းကျင် ပညာရှင်များသည် စိုက်ပျိုးရေး ဦးစီး ဌာန၏ ကော်ဖီ သုတေသနနှင့် စိုက်ပျိုးထုတ်လုပ်မှု စိုက်ခင်းတွင် ရေရှည်တည်တံ့မည့် ကော်ဖီ ထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန် နည်းပညာများအား ပို့ချသည့် သင်တန်း တခုကို ကျင်းပခဲ့ပါသည်။
- DRC နှင့် NRC တို့သည် လူငယ်များအား လယ်ယာ ပြင်ပလုပ်ငန်း ကျွမ်းကျင်မှု သင်တန်းပေးခဲ့ပါသည်။ ရခိုင်ပြည်နယ်၌ ယာယီစခန်းအတွင်းနှင့် စခန်း ပြင်ပရှိ လူငယ်များအား ဘဝနေထိုင်မှုနှင့် အသက်မွေးဝမ်း ပညာသင်တန်းများကို ပို့ချပေးခဲ့ပါသည်။
- International Organization for Migration (IOM)သည် ရွှေ့ပြောင်းသွားလာမှုနှင့် သက်ဆိုင်သည့် အသိပညာ ပေးခြင်းနှင့် အလုပ်အကိုင်နှင့် ဆက်နွယ်နေသည့် ကျွမ်းကျင်မှုဆိုင်ရာ စီမံကိန်းများကို ဆောင်ရွက် ခဲ့ပါသည်။ IOM သည် ချင်းလူ့အခွင့်အရေး အဖွဲ့ အစည်းများ၊ Mon Women’s Coalition၊ ပါရမီ ဖွံ့ဖြိုးရေး ကွန်ရက်နှင့် Pact Global Microfinance Fund စသော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး၊ မွန်၊ ကရင်၊ တနင်္သာရီ၊ ရှမ်း နှင့် ချင်း ပြည်နယ်များရှိ အစိုးရ နည်းပညာကျောင်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့နှင့် ပူးတွဲ လုပ်ဆောင်ခဲ့သည်။
- Care International ၏ အောင်မြင်မှု စီမံချက်သည် သတင်းအချက်အလက်ဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခဲ့ပြီး သုံးပန်လု တနင်္ဂနွေကော်ဖီဆိုင် (Sunday Café) အစီအစဉ်မှ တဆင့် လုပ်ငန်းတူ ခေါင်းဆောင်များနှင့် ခင်မင်ရင်းနှီးမှု တည်ဆောက်ခြင်းကို အားပေး ဆောင်ရွက်ခဲ့သည်။ Care Internationalသည် အောင်မြင်မှု စီမံချက်၏ ဝန်ဆောင်မှု များကို အသစ်ရောက်ရှိလာသော အမျိုးသမီး ရွှေပြောင်းလုပ်သားများနှင့် စက်ရုံမန်နေဂျာ / ပိုင်ရှင် များထံ ကြေညာပေးခဲ့ပါသည်။ အောင်မြင်မှု သည် စု သက်မွေးဝမ်းကျောင်း သိပ္ပံ (Suu Vocational Institute - SVI) နှင့် မိတ်ဖက်ပြု၍ ရွှေ့ပြောင်းအမျိုးသမီးများအား အရည်အသွေး ထိန်းသိမ်းမှု၊ မော်တာစက်ဖြင့် ပိတ်စ ဖြတ်ညှပ်ခြင်း၊ အပ်ချုပ်စက် ပြုပြင်သည့် စက်ပြင် သင်တန်းများ အတွက် ပံ့ပိုးပေးခဲ့ပါသည်။ SVIသည် စက်ပစ္စည်း အတွက် ရန်ပုံငွေနှင့် သင်တန်းခန်းမများ ပံ့ပိုးပေးပြီး အောင်မြင်မှုမှ နည်းပညာ အထောက်အပံ့ကို ပံ့ပိုးပေးခဲ့ပါသည်။

## PR ၃
## လုပ်ကွက်ငယ် တောင်သူများ နှင့် လယ်မဲ့မြေမဲ့များ အတွက် လယ်ယာ ပြင်ပ အလုပ်အကိုင် တိုးတက်လာခြင်း

| | ၂၀၁၀မှ ၂၀၁၇ အထိ ပြီးစီးမှုများ | ၂၀၁၈ ပြီးစီးမှုများ | ၂၀၁၀ မှ ၂၀၁၈ ထိ စုပေါင်းထားသည့် ပြီးစီးမှုများ | ၂၀၁၈ ရည်မှန်းချက် | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| Pr ၃.၁—စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်းကျွမ်းကျင်မှု တိုးတက်ရေးအတွက် အထောက်အပံ့ ရရှိသော LIFT အိမ်ထောင်စု အရေအတွက် | ၅၀,၂၁၈<br>မ ၃၀,၆၂၇<br>ကျား ၁၉,၅၉၁ | ၁၄,၉၇၄<br>မ ၁၀,၅၇၆<br>ကျား ၄,၃၉၈ | ၆၅,၁၈၆<br>မ ၄၁,၂၀၃<br>ကျား ၂၃,၉၈၃ | ၆၅,၀၀၀ | ၁၀၀ | IP |
| Pr ၃.၂—လုပ်ငန်းထူထောင်နိုင်သော/ အလုပ်ရသော သင်တန်းဆင်းဦးရေ | ၇၉,၈၈၈<br>မ ၃၃,၇၁၉<br>ကျား ၄၆,၁၆၉ | ၁၀,၁၅၆<br>မ၁,၉၃၂<br>ကျား ၈,၂၂၄ | ၉၀,၀၄၄<br>မ ၃၅,၆၅၁<br>ကျား ၅၄,၃၉၃ | ၉၆,၀၀၀ | ၉၄ | IP |
| Pr ၃.၃—စိုက်ပျိုးရေး မဟုတ်သော အလုပ်ဖြင့် ဝင်ငွေတိုးတက်လာသော LIFT အိမ်ထောင်စု အရေအတွက် | ၄၈၉,၅၈၈<br>မ ၅၉,၂၇၅<br>ကျား ၄၃၀,၃၁၃ | ၂၁၂,၃၅၅<br>မ ၂၃,၇၂၂<br>ကျား ၁၈၈,၅၈၃ | ၇၀၁,၉၄၃<br>မ ၈၃,၀၄၆<br>ကျား ၆၁၈,၈၉၇ | ၃၀၀,၀၀၀ | ၂၃၄ | အိမ်ထောင်စု စစ်တမ်း |

### PR ၃.၂—လုပ်ငန်းထူထောင်နိုင်သော/အလုပ်ရသော သင်တန်းဆင်းဦးရေ

၂၀၁၀ ခုနှစ်မှ ၂၀၁၈ နှစ်ကုန်အထိ အကောင်အထည်ဖော်ရေး မိတ်ဖက်များသည် ကိုယ်ပိုင် စီးပွားရေးလုပ်ငန်း ထူထောင်သည့် (သို့) အလုပ်ရသည့် လူပေါင်း ၉၀,၀၀၀ ကျော်အား ပံ့ပိုးနေပြီး ၎င်းတို့ထဲမှ ၄၀ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများ ဖြစ်သည်။ LIFT သည် ၎င်း၏ ၂၀၁၈ ရည်မှန်းချက် မှတ်တိုင်၏ ၉၄ရာခိုင်နှုန်းကို ရောက်ရှိအောင်မြင်ခဲ့ပါသည်။

LIFT ၏ ၂၀၁၄ ခုနှစ်အထိ ပြီးစီးခဲ့သည့် စီမံကိန်းများတွင် ဤညွှန်းကိန်း အတွက် အမြင့်ဆုံးရရှိခဲ့သည့် အဖွဲ့များတွင် MARC ၊ UNDP နှင့် PACT တို့ ပါဝင်ခဲ့ပါသည်။ World Vision ၊ ဒေဒ် စီမံချက် ၊ IOM ၊ Care (အောင်မြင်မှု) ၊ KDN ၊ WHH / GRET နှင့် LEAD အပါအဝင် အကောင်အထည်ဖော်ရေး မိတ်ဖက် ၅ ဖွဲ့မှ ပို့ချပေးခဲ့သည့် သင်တန်းများ တက်ရောက်ခဲ့သည့် ၆၆၆ ဦးသည် ကိုယ်ပိုင် စီးပွားရေး လုပ်ငန်း တည်ထောင်ခဲ့သည် (သို့) အလုပ်ရရှိခဲ့သည်ဟု အစီရင်ခံခဲ့ပါသည်။ ဥပမာ အားဖြင့် LEAD သည် အသေးစား စီးပွားရေး အုပ်စု များအား ငွေကြေး ထောက်ပံ့မှုကို ဆက်လက်ပံ့ပိုးပေးခဲ့ပြီး အသေးစားကုန်စုံဆိုင်၊ ငါးခြောက်နှင့်ပုဇွန်ခြောက် ရောင်းဝယ်ရေး လုပ်ငန်းများ၊ မော်တော်ဆိုင်ကယ်ပြုပြင်ရေး ဆိုင်၊ အထည်ဆိုင်၊ လက်ဖက်ရည်ဆိုင် နှင့် ရိုးရာအဆာပြေမုန့်များ ပြုလုပ်ရောင်းချသည့်ဆိုင်များ တည်ထောင်ရန် ကူညီပေးခဲ့ပါသည်။ World Visionသည် အမျိုးသမီးအုပ်စု အဖွဲ့ဝင်များအား ကြက်၊ ဘဲနှင့် ဆန်တို့နှင့် ဆက်နွယ်နေသည့် စီးပွားရေးလုပ်ငန်းများနှင့် အထည်၊ ကုန်စုံနှင့် ရိုးရာအစားအစာ ထုတ်လုပ် ရောင်းချသည့် ဆိုင်များ တည်ထောင်ရန် ပံ့ပိုးပေးခဲ့ပါသည်။ ဒေဒ်၏ ကျောက်မျက်ရတနာ လူမှုစီးပွားရေးလုပ်ငန်းသည် လူကုန်ကူးခံရသည့်သူများအား လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ WHH / GRETသည် အသက်မွေးမှု ကျွမ်းကျင်သင်တန်းများ၊ ငွေကြေး ပညာပေးသင်တန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်းနှင့် စီးပွားရေး စီမံချက်ရေးဆွဲသည့် သင်တန်းများဖြင့် ပံ့ပိုးပေးခဲ့ပါသည်။ကျေးလက်ဖွံ့ဖြိုး တိုးတက်ရေး ကော်မတီအဖွဲ့ဝင်များ၊ လုပ်ကွက်ငယ် တောင်သူများနှင့် မြေယာမဲ့များကို ငွေရေးကြေးရေး ဝန်ဆောင်မှု များပေးအပ်နေသော အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ကုန်ပစ္စည်းအာမခံချေးငွေ (Inventory credit -IC)၊ အရစ်ကျ ငွေချေ စနစ် ဖြင့် ပစ္စည်းဝယ်ယူခြင်း (HP) နှင့် အသေးစား ထုတ်လုပ်သူများအတွက် ချေးငွေ ဝန်ဆောင်မှုများဖြင့် ပံ့ပိုးမှုများ ဆက်လက် ပါဝင်လာပါသည်။

### PR ၃.၃- LIFT ကျေးရွာများရှိ လယ်ယာပြင်ပလုပ်ငန်းများမှ ဝင်ငွေတိုးလာသည့် အိမ်ထောင်စု အရေအတွက်

၂၀၁၈ ခုနှစ်တွင် အဆင့် (၁)နှင့် အဆင့် (၂)ရှိ အိမ်ထောင်စုများ အားလုံး ၏ ပျမ်းမျှ ၁၇ ရာခိုင်နှုန်း (အမျိုးသား အိမ်ထောင်စု ၁၈ ရာခိုင်နှုန်း နှင့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု ၁၂ ရာခိုင်နှုန်း) အား စစ်တမ်းကောက်ယူခဲ့မှုမှ လယ်ယာပြင်ပ လုပ်ငန်း များမှ ဝင်ငွေ တိုးတက်လာကြောင်း အသိပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် LIFT မှ ရောက်ရှိခဲ့သည့် အဆိုပါ အိမ်ထောင်စု များ အပေါ် အခြေခံ၍ တွက်ချက် ခန့်မှန်း ရာတွင် လယ်ယာပြင်ပ လုပ်ငန်းများမှ သူတို့၏ ဝင်ငွေ တိုးတက်လာသည့် ခန့်မှန်းခြေ အိမ်ထောင်စုမှာ ၂၁၂,၀၀၀ စု ဖြစ်ပါသည်။ LIFT ၏ ၂၀၁၀ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ရရှိခဲ့သည့် အောင်မြင်မှုများနှင့် ပေါင်းစပ်လိုက်ပါက LIFT သည် ၎င်း၏ ၂၀၁၈ ရည်မှန်းချက် မှတ်တိုင်၏ ၂၃၄ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။

▲ ဇယား ၂.၇
စီမံကိန်း အဆင့်ရလဒ် ၃

ညွှန်းကိန်းများ၊ ပြီးစီးမှုများ

## PR ၄

### အတိုးနှုန်း သက်သာပြီး လိုအပ်ချက်နှင့် ကိုက်ညီပြည့်စုံမှုရှိသော ငွေကြေး ဝန်ဆောင်မှုများကို လက်လှမ်းမီလာခြင်း

| | ၂၀၁၀မှ ၂၀၁၇ အထိ ပြီးစီးမှုများ | ၂၀၁၈ ပြီးစီးမှုများ | ၂၀၁၀ မှ ၂၀၁၈ ထိ စုပေါင်းထားသည့် ပြီးစီးမှုများ | ၂၀၁၈ ရည်မှန်းချက် | ရရှိခဲ့သည့် % | အချက် အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| Pr ၄.၁—ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သည့် LIFT၏ အသေးစား ငွေကြေးလုပ်ငန်းများ အရေအတွက် | ၂၀ | ၁၈ | ၃၈ | ၁၇ | ၂၂၄ | IP |
| Pr ၄.၂—ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်း မီသောLIFT အိမ်ထောင်စု အရေအတွက် (လက်ရှိ ဝန်ဆောင်မှုအသုံးပြုသူများ) | ၂,၁၃၂,၄၄၇<br>မ ၁,၉၁၀,၅၂၅<br>ကျား ၂၂၁,၉၂၂ | ၂,၆၃၂,၂၈၃<br>မ ၂၃၈၉,၃၇၃<br>ကျား ၂၄၂,၉၁၀ | ၂၆၃၂,၂၈၃<br>မ ၂,၃၈၉,၃၇၃<br>ကျား ၂၄၂,၉၁၀ | ၂,၀၀၀,၀၀၀ | ၁၃၂ | IP |

▲ ဇယား ၂.၈
စီမံကိန်း အဆင့်ရလဒ် ၄

ညွှန်းကိန်းများ၊ ပြီးစီးမှုများ

**PR ၄.၁—ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သည့် LIFT၏ အသေးစား ငွေကြေးလုပ်ငန်းများ အရေအတွက်**

၂၀၁၈ ခုနှစ်တွင် LIFT မှ ပြည်တွင်း အသေးစားငွေကြေး အဖွဲ့အစည်း ၉ဖွဲ့၊ ဖက်စပ်ကုမ္ပဏီ ၁ခု၊ ငွေချေးသမဝါယမ အသင်း၃ဖွဲ့၊နိုင်ငံတကာအသေးစားငွေရေးကြေးရေးဆိုင်ရာ NGO ၁၄ဖွဲ့နှင့် ပုဂ္ဂလိကဘဏ် ၁ ဘဏ် (ရိုးမဘဏ်) အပါအဝင် အသေးစား ငွေကြေးမိတ်ဖက် ၂၈ ဖွဲ့အား ဆက်လက်၍ ပံ့ပိုး ပေးခဲ့ပါသည်။ ဤမိတ်ဖက် ၂၈ ဖွဲ့ ထဲမှ ၁၈ ဖွဲ့သည် ကုန်ကျစရိတ်နှင့် ငွေဖောင်းပွမှုအား ချိန်ညှိပြီးနောက် ၎င်းတို့၏ ဝင်ငွေသည် လုပ်ငန်း လည်ပတ် စရိတ်များကို ကာမိနေသည်ဖြစ်ရာ ဘဏ္ဍာရေး အရ မိမိဘာသာ ရေရှည် ရပ်တည်နိုင်သည့် အဖွဲ့များ အဖြစ် သတ်မှတ်နိုင်ပါသည်။ ဤ ၁၈ ဖွဲ့တွင် ပြည်တွင်း MFI ၈ဖွဲ့ နှင့် နိုင်ငံတကာ MFI ၁၀ ဖွဲ့ ပါဝင်ပါသည်။ LIFT သည် ၎င်း၏ ၂၀၁၈ ရည်မှန်းချက်၏ ၂၂၄ ရာခိုင်နှုန်း ရရှိခဲ့ပါသည်။

**PR ၄.၂—ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်း မီသောLIFT အိမ်ထောင်စု အရေအတွက် (လက်ရှိ ဝန်ဆောင်မှုအသုံးပြုသူများ)**

၂၀၁၁ ခုနှစ်မှ စတင်၍ အသေးစား ငွေရေး ကြေးရေးဆိုင်ရာ မိတ်ဖက်များမှတဆင့် အိမ်ထောင်စုများအား LIFT မှ ပံ့ပိုးပေးမှုမှာ လျင်မြန်စွာ ကြီးထွားလာပါသည်။ ဤစီမံကိန်းသည် အမျိုးသမီး ဝန်ဆောင်မှုရယူသူများ ကို ဦးတည် ရည်ရွယ်ထားပါသည်။ ၂၀၁၈ ခုနှစ်အကုန်တွင် LIFT ၏ MFI မိတ်ဖက်များသည် ဝန်ဆောင်မှု အသုံးပြုသူ ၂.၆ သန်းထံ (အမျိုးသမီး ၉၁ ရာခိုင်နှုန်း) အဓိကအားဖြင့် ချေးငွေ ပုံစံဖြင့် ငွေကြေးဝန်ဆောင်မှုများကို ပံ့ပိုး ပေးခဲ့ ပါသည်။ LIFT ၏ ၂၀၁၈ ရည်မှန်းချက်၏ ၁၃၂ ရာခိုင်နှုန်း ရရှိခဲ့မှုသည် ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ တိုးတက် လာသည့် လက်ရှိ ဝန်ဆောင်မှုအသုံးပြုသူ အရေအတွက် ဖြစ်ပါသည်။

▼ ဇယား ၂.၉ စီမံကိန်း အဆင့်ရလဒ် ၅

ညွှန်းကိန်းများ၊ ပြီးစီးမှုများ

* ၂၀၁၈ခုနှစ် အိမ်ထောင်စုအညွှန်းစစ်တမ်းတွင် ကောက်ယူမထားပါ

## PR ၅

### အာဟာရ၊ ရေနှင့် တစ်ကိုယ်ရေ သန့်ရှင်းမှု တိုးတက်ခြင်း

| | ၂၀၁၀မှ ၂၀၁၇ အထိ ပြီးစီးမှုများ | ၂၀၁၈ ပြီးစီးမှုများ | ၂၀၁၀ မှ ၂၀၁၈ ထိ စုပေါင်းထားသည့် ပြီးစီးမှုများ | ၂၀၁၈ ရည်မှန်းချက် | ရရှိခဲ့သည့် % | အချက် အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| Pr ၅.၁။ အာဟာရဆိုင်ရာ သတင်းအချက်အလက်များကို ရရှိ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက် | ၂,၁၃၂,၄၄၇<br>မ ၁၁၃,၆၄၀<br>ကျား ၄၁,၁၇၄ | ၃၂၇,၅၂၅<br>မ ၂၄၄,၇၃၃<br>ကျား ၈၂,၉၇၂ | ၅၄၀,၈၀၃<br>မ ၄၁၆,၈၇၃<br>ကျား ၁၂၃,၉၆၆ | ၄၀၀,၀၀၀ | ၁၃၅ | IP |
| Pr ၅.၂—အမျိုးသမီး နှင့် ကလေးများ၏ အာဟာရ လိုအပ်ချက်များကို သိရှိသော လူဦးရေ * | ၁၇၂,၉၅၃<br>မ ၁,၉၁၀,၅၂၅<br>ကျား ၅၉,၃၁၃ | မရနိုင်ပါ | မရနိုင်ပါ | ၁၉၀,၀၀၀ | မရနိုင်ပါ | အိမ်ထောင်စု စစ်တမ်း |
| Pr ၅.၃—လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာ အမျိုးအမည် စုံလင်စွာရရှိသည့် ၆လမှ ၂၃လ အရွယ်ကလေးဦးရေ * | ၉,၃၁၃<br>မ ၄,၈၂၆<br>ကျား ၄,၄၈၇ | မရနိုင်ပါ | မရနိုင်ပါ | ၆၀,၀၀၀ | မရနိုင်ပါ | အိမ်ထောင်စု စစ်တမ်း |
| Pr ၅.၄—လွန်ခဲ့သော ၂၄ နာရီအတွင်း မိခင်နို့သက်သက်ကိုသာ သောက်သုံးရသော နို့စို့ကလေး (မွေးစ မှ ၅လ) ဦးရေ | ၅,၀၈၀<br>မ ၂,၅၅၁<br>ကျား ၂,၅၂၉ | မရနိုင်ပါ | မရနိုင်ပါ | ၈၄,၀၀၀ | မရနိုင်ပါ | အိမ်ထောင်စု စစ်တမ်း |
| Pr ၅.၅—စိတ်ချရသော သန့်ရှင်းရေး အဆောက်အဦ /အသုံးအဆောင်များ သုံးစွဲ နေသော LIFT အိမ်ထောင်စုအရေအတွက် | ၂၂၃,၄၅၃<br>မ ၄၅,၆၂၇<br>ကျား ၁၇၇,၈၂၆ | ၁,၇၈၉<br>မ ၈၄၀<br>ကျား ၉၄၉ | ၂၂၅,၂၄၂<br>မ ၄၆,၄၆၇<br>ကျား ၁၇၈,၇၇၅ | ၃၀၀,၀၀၀ | ၇၅ | အိမ်ထောင်စု စစ်တမ်း |
| Pr ၅.၆—စိတ်ချရသော သောက်ရေ အရင်းအမြစ်ကို သုံးစွဲနေသော LIFT အိမ်ထောင်စု အရေအတွက် | ၁၆၅,၈၄၄<br>မ ၅၄,၂၉၆<br>ကျား ၁၁၁,၅၄၈ | ၅,၆၄၈<br>မ ၁,၃၁၀<br>ကျား ၄,၃၃၈ | ၁၇၁,၉၄၂<br>မ ၅၅,၆၀၆<br>ကျား ၁၁၅,၈၆၆ | ၂၆၀,၀၀၀ | ၆၆ | အိမ်ထောင်စု စစ်တမ်း |

PR ၅.၁။ အာဟာရဆိုင်ရာ သတင်းအချက်အလက်များကို ရရှိ လက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက်
LIFT စီမံကိန်းများ စတင်ခဲ့သည့် ၂၀၁၀ ခုနှစ်မှစ၍ အကောင်အထည်ဖော်ရေး မိတ်ဖက် ၃၃ဖွဲ့မှ အထွေထွေကျန်းမာရေး အပေါ် အာရုံစိုက်မှုမှ အာဟာရ ပြည့်ဝမှုအပေါ် တဖြည်းဖြည်းချင်း ပိုမိုအာရုံစိုက်လာသည့် ကျန်းမာရေးနှင့် အာဟာရ ဆိုင်ရာ သင်တန်းအများစုမှတဆင့် အာဟာရ အလေးပေးသည့် သတင်း အချက်အလက်များသည် အိမ်ထောင်စုပေါင်း၅၄၀,၀၀၀ထံ ရောက်ရှိပြီးဖြစ်သည်ဟု အစီရင်ခံခဲ့ပါသည်။ အိမ်ထောင်စုတစုမှတဦး တယောက်ပါဝင်လာခြင်းသည် အိမ်ထောင်စု တစုလုံး၏ အကျိုးဖြစ်ထွန်းမှုကို ဦးတည်သွားလိမ့်မည်ဟု ယူဆပါ သည်။ ဦးတည် ရည်မှန်းထားသည့် ပါဝင်လာမည့်သူများမှာ အမျိုးသမီးများ(ပါဝင်လာသူများ အားလုံး၏ ၇၇ ရာခိုင်နှုန်း) ဖြစ်ပါသည်။ စုစုပေါင်းအနေဖြင့် IPများမှ ၂၀၁၈ ခုနှစ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့်ကလေး အတွက် ပေးအပ်သည့် ထောက်ပံ့ငွေ (MCCT) များ လက်ခံရရှိသည့် အိမ်ထောင်စုမှာ ၄၃,၀၀၀ စုခန့် ဖြစ်ပြီး ကျန်းမာရေးနှင့် အာဟာရ သင်တန်းများတွင် ပါဝင်ခဲ့သည့် အိမ်ထောင်စု အရေအတွက်မှာ ခန့်မှန်းချေ ၂၈၃,၀၀၀ ရှိသည်ဟု အစီရင်ခံ ပါသည်။ LIFT သည် ၎င်း၏ ၂၀၁၈ ခုနှစ် ရည်မှန်းချက်၏ ၁၃၅ ရာခိုင်နှုန်းကို ရရှိခဲ့ပါသည်။ အာဟာရဖောင်းပေးသည့် သတင်းအချက်အလက် ညွှန်းကိန်းတွင် မပါဝင်သော်လည်း LIFT သည် လူပေါင်း ၃၄၆,၀၀၀ ထံ အားဖြည့်ဆန် ဖြန့်ဝေမှုတွင်လည်း ပံ့ပိုးပေးခဲ့ပါသည်။

PR ၅.၂—အမျိုးသမီး နှင့် ကလေးများ၏ အာဟာရ လိုအပ်ချက်များကို သိရှိသော လူဦးရေ

PR ၅.၃—လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာ အမျိုးအမည် စုံလင်စွာရရှိသည့် ၆လမှ ၂၃လ အရွယ်ကလေးဦးရေ

PR ၅.၄—လွန်ခဲ့သော ၂၄ နာရီအတွင်း မိခင်နို့ သက်သက် ကိုသာ သောက်သုံးရသော နို့စို့ကလေး (မွေးစ မှ ၅လ) ဦးရေ
ဤညွှန်းကိန်း ၃ ခုအား ၂ နှစ်လျှင် တစ်ကြိမ် ကောက်ယူသည့် အိမ်ထောင်စု စစ်တမ်းတွင် LIFT ၏ အာဟာရဆိုင်ရာ စစ်တမ်း၏ တစိတ်တဒေသ အနေဖြင့် တိုင်းတာပါသည်။ ထို့ကြောင့် ၂၀၁၈ ခုနှစ် အိမ်ထောင်စုအညွှန်းစစ်တမ်းတွင် မပါဝင်ပါ။

Pr ၅.၅—စိတ်ချရသော သန့်ရှင်းရေး အဆောက်အဦ / အသုံးအဆောင်များ သုံးစွဲ နေသော LIFT အိမ်ထောင်စု အရေအတွက်
ဤညွှန်းကိန်းသည် အလွှာ-၁ နှင့်သာ သက်ဆိုင်ပါသည်။ ဘေးကင်းလုံခြုံစေရန် စီမံခန့်ခွဲထားသည့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီသည်ဟု အစီရင်ခံသည့် အိမ်ထောင်စုများမှာ ၂၀၁၇ ခုနှစ်တွင် ၈၅ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၈ ခုနှစ်တွင် ၈၆ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် မှ ၂၀၁၈ ခုနှစ် အတွင်း အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ၏ အချိုးမှာ ၄ ရာခိုင်နှုန်း မြင့်တက်လာပြီး အမျိုးသား ဦးဆောင်သည့် အိမ်ထောင်စုများ၏ အချိုးမှာ ၁ ရာခိုင်နှုန်း သာ မြင့်တက်ခြင်းနှင့် နှိုင်းယှဉ်ခဲ့ပါသည်။ အလွှာ၁ တခုလုံး ၁ ရာခိုင်နှုန်း တိုးတက်ခြင်းမှာ နောက်ထပ် အိမ်ထောင်စုပေါင်း ၁၇,၀၀၀ သည် ဘေးကင်းလုံခြုံစေရန် စီမံခန့်ခွဲထားသည့် ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ ဝန်ဆောင်မှုများကို အသုံးပြုနေသည် ဟု ခန့်မှန်း ပါသည်။ သို့ဖြင့် ၂၀၁၈ ခုနှစ်အထိ စုစုပေါင်း ခန့်မှန်းချေ အိမ်ထောင်စု ၂၂၅,၀၀၀ စု ရှိခဲ့ပြီး LIFT ၏ ၂၀၁၈ ရည်မှန်းချက်၏ ၇၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၂၀၁၈ခုနှစ် အိမ်ထောင်စုအညွှန်းစစ်တမ်းအရ အနည်းဆုံး မသန့်စွမ်း တဦးရှိနေသည့် အမျိုးသားဦးစီးသော အိမ်ထောင်စု ၁% နှင့် အမျိုးသမီး ဦးစီးသော အိမ်ထောင်စု ၂%က စိတ်ချရသော သန့်ရှင်းရေး အသုံးဆောင်များကို အသုံးပြုကြကြောင်း တင်ပြကြသည်။ ကျေးလက်အိမ်ထောင်စုများအဖြစ် တွက်ချက်ပါက အနည်းဆုံး မသန့်စွမ်းတဦးရှိသည့် အိမ်ထောင်စုပေါင်း ၁၉,၀၀၀ က စိတ်ချရသော သန့်ရှင်းရေး အဆောက်အဦ/ အသုံးအဆောင် များ သုံးစွဲနေကြကြောင်း တွေ့ရှိရသည်။

Pr ၅.၆—စိတ်ချရသော သောက်ရေ အရင်းအမြစ်ကို သုံးစွဲနေသော LIFT အိမ်ထောင်စု အရေအတွက်
ဤညွှန်းကိန်းသည် အလွှာ(၁)နှင့်သာ သက်ဆိုင်ပါသည်။ ၂၀၁၅ ခုနှစ်တွင် စစ်တမ်း ကောက်ယူခဲ့သည့် အိမ်ထောင်စုများ၏ ၈၃ ရာခိုင်နှုန်းသည် ဘေးကင်းလုံခြုံစွာ စီမံခန့်ခွဲထားပြီး အကာအကွယ်ရှိသည့် သောက်သုံးရေ ဝန်ဆောင်မှု များကို အသုံးပြုသည်ဟု အစီရင်ခံခဲ့သည် (အမျိုးသား ဦးဆောင်သည့် အိမ်ထောင်စု ၈၃ ရာခိုင်နှုန်းနှင့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု ၈၆ ရာခိုင်နှုန်း)။ ဤညွှန်းကိန်းတွင် ၂၀၁၈ခုနှစ် ရည်မှန်းချက်၏ ၆၆ ရာခိုင်နှုန်း ရရှိခဲ့သောကြောင့် နောက်ထပ် အိမ်ထောင်စု ၅,၆၀၀ သည် ဘေးကင်းလုံခြုံစွာ စီမံခန့်ခွဲထားပြီး အကာအကွယ်ရှိသည့် သောက်သုံးရေ ဝန်ဆောင်မှုများ အား အသုံးပြုပြီးဟု ခန့်မှန်းထားပါသည်။ မှတ်သားရန်တခုမှာ ဤညွှန်းကိန်းတွင် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်တခုဖြစ်သာ ပိုမိုကောင်းမွန်လာသည့် ရေအရင်းအမြစ်များအား ပါဝင်သည့် အပြင် LIFT အပူပိုင်းဇုန် စီမံချက်များတွင် မြှင့်တင်ဆောင်ရွက်သည့် အကာအကွယ်ရှိသော ရေကန်များလည်း ထပ်မံ ပါဝင်ပါသည်။

၂၀၁၈ခုနှစ် အိမ်ထောင်စုအညွှန်းစစ်တမ်းအရ အနည်းဆုံး မသန့်စွမ်း တဦးရှိနေသည့် အမျိုးသား ဦးစီးသော အိမ်ထောင်စု ၂% နှင့် အမျိုးသမီးဦးစီးသောအိမ်ထောင်စု ၃%က စိတ်ချရသော သောက်ရေ အရင်းအမြစ်ကို အသုံးပြုကြကြောင်း တင်ပြကြသည်။ ကျေးလက်နေ အိမ်ထောင်စုများ အဖြစ် တွက်ချက်ပါက အနည်းဆုံး မသန့်စွမ်း တဦးရှိသည့် အိမ်ထောင်စုပေါင်း ၂,၅၀၀က စိတ်ချရသော သောက်ရေ အရင်းအမြစ်ကို အသုံးပြုကြကြောင်း တွေ့ရှိရသည်။

## PR ၆
## လုပ်ကွက်ငယ် တောင်သူ များနှင့်လယ်မဲ့မြေမဲ့များအနေဖြင့် သယံဇာတများကို လက်လှမ်းမီရေးနှင့် ရေရှည်အသုံးပြုနိုင်ရေးအတွက် အာမခံချက်ရှိခြင်း

| | ၂၀၁၀မှ ၂၀၁၇ အထိ ပြီးစီးမှုများ | ၂၀၁၈ ပြီးစီးမှုများ | ၂၀၁၀ မှ ၂၀၁၈ ထိ စုပေါင်းထားသည့် ပြီးစီးမှုများ | ၂၀၁၈ ရည်မှန်းချက် | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| Pr ၆.၁—အများပိုင်ပစ္စည်း စီမံခန့်ခွဲမှု ရှိသော ကျေးရွာ အရေအတွက် | ၁၇၁* | ၄၈၅** | ၆၅၆ | ၆၄၀ | ၁၀၃ | အိမ်ထောင်စု စစ်တမ်း |
| Pr ၆.၂ —ကာကွယ်/စီမံခန့်ခွဲထားသော သယံဇာတများဖြင့် အကျိုးခံစားရသည့် LIFT အိမ်ထောင်စု အရေအတွက် | ၈၀,၃၄၅<br>မ ၁၂,၄၈၄<br>ကျား ၆၇,၉၅၁ | ၃၈၄<br>မ ၃၈၄<br>ကျား ၀ | ၈၀,၈၁၉<br>မ ၁၂,၈၆၈<br>ကျား ၆၇,၉၅၁ | ၅၅,၀၀၀ | ၁၄၇ | အိမ်ထောင်စု စစ်တမ်း |

* ၂၀၁၅ခုနှစ် ယခင်စီမံကိန်းဒေသများ
** ၂၀၁၆-၁၈ခုနှစ် စီမံကိန်းသစ် ဒေသများ

▲ ဇယား ၂.၁၀
စီမံကိန်း အဆင့်ရလဒ် ၆

ညွှန်းကိန်းများ၊ ပြီးစီးမှုများ

**PR ၆.၁—အများပိုင်ပစ္စည်း စီမံခန့်ခွဲမှု ရှိသော ကျေးရွာ အရေအတွက်**

ဤညွှန်းကိန်းသည် အလွှာ-၁နှင့်သာ သက်ဆိုင်ပါသည်။ စစ်တမ်း ကောက်ယူခဲ့သည့်LIFTကျေးရွာ ၉၅ရွာများရှိ ၁၀ရာခိုင်နှုန်းသည် သဘာဝအရင်းအမြစ်များအား စီမံခန့်ခွဲသည့် လုပ်ငန်းများ အကောင်အထည်ဖော်နေသည်ဟု အစီရင်ခံခဲ့သည်။ အလွှာ ၁ ရှိ ကျေးရွာများအပေါ် အခြေခံ၍ တွက်ချက်သည့်အခါ LIFT ကျေးရွာများတွင် သဘာဝအရင်းအမြစ် စီမံခန့်ခွဲသည့် လုပ်ငန်းများ အကောင်အထည်ဖော်ပြီးသော ကျေးရွာ ၄၈၅ ရွာ ရှိသည်ဟု ခန့်မှန်းပါသည်။ LIFT ၏ ပြီးခဲ့သည့် စီမံကိန်းဒေသမှ ကျေးရွာ ၁၇၁ ရွာနှင့် ပေါင်းစပ်လိုက်လျှင် LIFT သည် ဤညွှန်းကိန်းတွင် ၂၀၁၈ခုနှစ် ရည်မှန်းချက်၏ ၁၀၃ ရာခိုင်နှုန်းကို ရရှိခဲ့ပါသည်။

LIFT ၏ သဘာဝ အရင်းအမြစ် စီမံခန့်ခွဲသည့် အဓိကလုပ်ငန်းများတွင် တာရိုးများ (ရခိုင်ပြည်နယ်တွင် အများဆုံး)၊ အများပိုင် သစ်တောများ (တောင်တန်းဒေသများတွင် အများဆုံး)၊ အများပိုင် စားကျက်မြေနှင့် ရခိုင်နှင့် တောင်တန်း ဒေသတို့၏ ရေဝေရေလဲ စီမံခန့်ခွဲမှုတို့ ပါဝင်ပါသည်။

**PR ၆.၂ - ကာကာကွယ်/စီမံခန့်ခွဲထားသော သယံဇာတများဖြင့် အကျိုးခံစားရသည့် LIFT အိမ်ထောင်စု အရေအတွက်**

ဤညွှန်းကိန်းသည် အလွှာ-၁ တခုတည်း နှင့်သာ သက်ဆိုင်ပါသည်။ ၂၀၁၇ ခုနှစ် မှ ၂၀၁၈ ခုနှစ်ထိ ရပ်ရွာလူထုမှ စီမံခန့်ခွဲနေသည့် သဘာဝရင်းမြစ်များမှ အကျိုးခံစားခဲ့သည်ဟု အစီရင်ခံသူများတွင် ၀.၃ ရာခိုင်နှုန်း ကျဆင်းသွားပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်တွင် ကာကွယ်စောင့်ရှောက်/စီမံ ခန့်ခွဲထားသော သဘာဝအရင်းမြစ်များမှ အကျိုးခံစားခဲ့သည်ဟု အစီရင်ခံသည့် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အချိုးမှာ ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်၌ အလွှာ-၁ မှ ရောက်ရှိခဲ့သည့် အိမ်ထောင်စုများအပေါ် အခြေခံ၍ တွက်ချက် ခန့်မှန်းရာတွင် ရပ်ရွာလူထု စီမံခန့်ခွဲသည့် သဘာဝအရင်းအမြစ်များမှ အကျိုးကျေးဇူး ရရှိခဲ့သည့် နောက်ထပ် အိမ်ထောင်စု ၃၈၀ စု ရှိသည်ဟု ခန့်မှန်းပါသည်။ LIFT၏ ယခင် ရရှိခဲ့မှုများနှင့် ပေါင်းစပ်ပါက ဤညွှန်းကိန်း၏ ၂၀၁၈ ခု ရည်မှန်းချက်၏ ၁၄၇ ရာခိုင်နှုန်းအား LIFT မှ ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ပါသည်။

အစီရင်ခံသည့် အကြိမ်ရေအလိုက် အများဆုံးရရှိသည့် အကျိုး ကျေးဇူးများတွင် ရေပိုင်နက် သယံဇာတများအား သေချာစွာ ကာကွယ်ခြင်း နှင့်/သို့ လက်လှမ်းမီမှု၊ အများပိုင် သစ်တောများနှင့် အများပိုင် စားကျက်မြေများပါဝင်ပါသည်။

၂၀၁၈ခုနှစ်အိမ်ထောင်စုအညွှန်းစစ်တမ်းအရ ကာကွယ်/စီမံခန့်ခွဲထားသောသယံဇာတများဖြင့် အကျိုးဖြစ်ထွန်းမှုမှာ အနည်းဆုံး မသန်စွမ်းတဦး ရှိနေသော အိမ်ထောင်စုများတွင် ၀.၂ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အနည်းဆုံး မသန်စွမ်းတဦး ရှိနေသည့် အမျိုးသား ဦးစီးသော အိမ်ထောင်စု ၀.၆% ရှိသည်။ သို့သော်လည်း အမျိုးသမီးဦးစီးသော အိမ်ထောင်စု ၃% မှာမူ ကာကွယ်/စီမံခန့်ခွဲထားသော သယံဇာတများဖြင့် အကျိုးကျေးဇူး ရရှိခဲ့သည်။ ကျေးလက် အိမ်ထောင်စုများ အဖြစ် တွက်ချက် ပါက အနည်းဆုံး မသန်စွမ်းတဦး ရှိသည့် အိမ်ထောင်စုပေါင်း ၃၃၀သည် ကာကွယ် /စီမံခန့်ခွဲထားသော သယံဇာတများဖြင့် အကျိုးဖြစ်ထွန်းမှုရှိခဲ့ကြောင်း တွေ့ ရှိရသည်။

## PR ၇

## ရိက္ခာနှင့် အသက်မွေးမှု ဖူလုံရေးအတွက် ကူညီ ထောက်ပံ့နိုင်ရန် ရပ်ရွာလူထု၊ ဒေသအာဏာပိုင်၊ အရပ်ဘက်လူမှုအဖွဲ့အစည်း နှင့် လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို အားဖြည့်ခြင်း

| | ၂၀၁၀မှ ၂၀၁၇ အထိ ပြီးစီးမှုများ | ၂၀၁၈ ပြီးစီးမှုများ | ၂၀၁၀ မှ ၂၀၁၈ ထိ စုပေါင်းထားသည့် ပြီးစီးမှုများ | ၂၀၁၈ ရည်မှန်းချက် | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| Pr ၇.၁—ပြည်တွင်းအဖွဲ့အစည်းက ခန့်ခွဲနေသော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်း | ၃၈ | ၃၂ | မရနိုင်ပါ | ၂၈ | ၁၁၄ | IP |
| Pr ၇.၂—ရိက္ခာနှင့်အသက်မွေးမှု ဖူလုံစေရေးတွင် ပါဝင်ရန်အတွက် ထောက်ပံ့မှုများရရှိသော ဒေသခံအဖွဲ့အရေအတွက် နှင့် အမျိုးအစား | ၂,၇၉၀ | ၁၈၈ | ၂,၉၇၈ | ၂,၄၀၀ | ၁၂၄ | IP |

▲ ဇယား ၂.၁၁
စီမံကိန်း အဆင့်ရလဒ် ၇

ညွှန်းကိန်းများ၊ ပြီးစီးမှုများ

**PR ၇.၁—ပြည်တွင်းအဖွဲ့အစည်းများက ခန့်ခွဲနေသော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်း**

LIFT ၏ မဟာဗျူဟာမှ အဓိက အာရုံစိုက်သည့် ဒေသဆိုင်ရာ အစိုးရများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ (CSO) နှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ အပါအဝင် ဒေသခံများ၏ စွမ်းဆောင်ရည် အားကောင်းစေရန် ဆက်လက်ဆောင်ရွက်ပါသည်။ အဆိုပါ အဖွဲ့အစည်းများအတွက် သတ်မှတ်ထားသည့် ဘတ်ဂျက်ပမာဏသည် တစိတ်တဒေသ အားဖြင့် LIFT ၏ ဤရည်မှန်းချက် အပေါ် ကတိကဝတ် ပြုထားမှုနှင့်အတူ လက်လှမ်းမီခြင်းနှင့် ထိတွေ့ဆောင်ရွက်သည့် အဆင့်များအား ပြသပါသည်။ ၂၀၁၈ ခုနှစ်တွင် LIFT သည် ပြည်တွင်းအဖွဲ့အစည်းများနှင့် စာချုပ် အသစ် ၁၂-ခု လက်မှတ်ရေးထိုးခဲ့ပါသည်။ ပြည့်တွင်း အဖွဲ့အစည်းများမှ စီမံခန့်ခွဲရန် အတွက် ၂၀၁၈ ခုနှစ် ဘတ်ဂျက် ခွဲဝေပေးခဲ့သည့် အမေရိကန်ဒေါ်လာ သန်း(၂၀)ကျော်သည် LIFT ၏ ၂၀၁၈ ခုနှစ် စီမံကိန်း အသုံးစရိတ်အဖြစ် အကြမ်းဖျင်း ကြိုတင်ခန့်မှန်းထားသည့် အမေရိကန်ဒေါ်လာ ၅၂ သန်းကျော်၏ ၃၂ ရာခိုင်နှုန်း ဖြစ်ပါသည်။ ဤရရှိမှုသည် LIFT ၏ ၂၀၁၈ ရည်မှန်းချက်၏ ၁၁၄ ရာခိုင်နှုန်း ဖြစ်ပါသည်။

**PR ၇.၂—ရိက္ခာနှင့်အသက်မွေးမှု ဖူလုံစေရေး တွင်ပါဝင်ရန် အတွက် ထောက်ပံ့မှုများရရှိသော ဒေသခံ အဖွဲ့ အရေအတွက် နှင့် အမျိုးအစား**

LIFT စတင်ခဲ့သည့် အချိန်မှစ၍ ၂၀၁၈ ခုနှစ် နှစ်ကုန်အထိ အကောင်အထည်ဖော်ရေး မိတ်ဖက်(၂၉)ဖွဲ့သည် စားနပ်ရိက္ခာ ဖူလုံမှုနှင့် အသက်မွေးဝမ်းကျောင်းလုံခြုံမှုအား မြှင့်တင်ရန်အတွက် ပြည်တွင်းအုပ်စုနှင့် အဖွဲ့အစည်းပေါင်း ၂၉၇၈ ဖွဲ့အား ပံ့ပိုးပေးနေပါသည်ဟု အစီရင်ခံပါသည်။ ၂၀၁၇ ခုနှစ် နှစ်ကုန်မှစ၍ အုပ်စု ၁၈၈ စု ပိုမိုလာခဲ့ပါသည်။ ဤရရှိမှုနှင့်အတူ LIFT သည် ၎င်း၏ ၂၀၁၈ ရည်မှန်းချက်၏ ၁၂၄ ရာခိုင်နှုန်းကို ရရှိခဲ့ပြီး ဖြစ်ပါသည်။

အရေအတွက် များပြားသည့် ပြည်တွင်းအဖွဲ့များအား ပံ့ပိုးပေးနေသည့် မိတ်ဖက်များတွင် တက်လမ်းစီမံချက်၌ Care နှင့် Save the Children ၊ မြစ်ဝကျွန်းပေါ်ဒေသ (၃) စီမံကိန်းတွင် Save the Children ၊ Help Age ၊ Mercy Corps နှင့် ActionAid – SEDAN တို့ပါဝင်ပြီး မကြာသေးမီက တောင်တန်းဒေသ စီမံကိန်းတွင် NAG ပါဝင်ခဲ့ပါသည်။

## PR ၈

## ဆင်းရဲနွမ်းပါးသူများ အကျိုးရှိစေမည့် ဖွံ့ဖြိုးရေးအတွက် မူဝါဒ နှင့် သက်ဆိုင်သော အထောက်အထားများကို ပြုစုခြင်း

| | ၂၀၁၀မှ ၂၀၁၇ အထိ ပြီးစီးမှုများ | ၂၀၁၈ ပြီးစီးမှုများ | ၂၀၁၀ မှ ၂၀၁၈ ထိ စုပေါင်းထားသည့် ပြီးစီးမှုများ | ၂၀၁၈ ရည်မှန်းချက် | ရရှိခဲ့သည့် % | အချက်အလက် ရင်းမြစ် |
|---|---|---|---|---|---|---|
| Pr ၈.၁—LIFT ကထောက်ပံ့ခဲ့သော မူဝါဒ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည့် ဆွေးနွေးပွဲအရေအတွက် | အခမ်းအနား ၃၄၈ ခု | ၂၇၈ | ၆၆၂ | ၁၃၀ | ၅၀၉ | FMO၊ IP |
| Pr ၈.၂—ပတ်သက်ဆက်နွယ်သူများ ထံသို့ LIFTက ထုတ်ဝေ ဖြန့်ချိခဲ့သော မူဝါဒဆိုင်ရာ စာအုပ်စာတမ်းများ | ထုတ်ဝေမှု ၁၀၃ ကြိမ် | ၆၇ | ၁၇၀ | ၇၅ | ၂၂၇ | FMO၊ IP |

▲ ဇယား ၂.၁၂
စီမံကိန်း အဆင့်ရလဒ် ၈

ညွှန်းကိန်းများ၊ ပြီးစီးမှုများ

PR၈.၁—LIFT ကထောက်ပံ့ခဲ့သော မူဝါဒ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည့် ဆွေးနွေးပွဲအရေအတွက်
ဤညွှန်းကိန်းအား ၂၀၁၅ ခုနှစ်မှ စတင်ကောက်ယူခဲ့ရာ LIFT နှင့် IP များသည် မူဝါဒ ဦးစားပေး အခမ်းအနားပေါင်း ၆၆၂ ကြိမ် ကျင်းပခဲ့ပြီး ၂၀၁၈ ရည်မှန်းချက်၏ ၅၀၉ ရာခိုင်နှုန်းကို ရရှိနေပါသည်။

၂၀၁၈ ခုနှစ်အတွင်းတွင် LIFT မှ မူဝါဒဆိုင်ရာ အခမ်းအနား ၂၇၈ ခုအား ထောက်ပံ့ပေးခဲ့ပါသည်။ ထိုအခမ်းအနားများ အနက် ၂၂၇ခုအား အကောင်အထည် ဖော်ရေး မိတ်ဖက်များမှ စီစဉ်ခဲ့ပြီး ၅၁ခုအား ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးမှ စီစဉ်ခဲ့ပါသည်။ အခမ်းအနားများတွင် ပြည်နယ်/တိုင်းဒေသကြီးနှင့် နိုင်ငံတော် အဆင့်အထိ ကျယ်ပြန့်လှသည့် လုပ်ငန်း ဆောင်ရွက်မှုများ ပါဝင်ပြီး အစိုးရ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ကျွမ်းကျင်သည့် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍမှ လုပ်ရှား ဆောင်ရွက်နေသူများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက်များ ပါဝင်သည့် ဆက်နွယ်ပတ်သက်သူများထံ သတင်းအချက်အလက်များ ပေးရန်နှင့် ပံ့ပိုးပေးရန်အတွက် ချဉ်းကပ်နည်းလမ်း အမျိုးမျိုးတို့ ပါဝင်ပါသည်။ ၂၀၁၈ ခုနှစ်တွင် ကျင်းပခဲ့သည့် အခမ်းအနား အချို့၏ စိတ်ဝင်စားဖွယ် ကောင်းသော အချက်များမှာ အောက်ပါတို့ ဖြစ်ပါသည်။

စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် (Agriculture Development Strategy - ADS/ Investment Plan- IP)
ADS/IP အား ၂၀၁၈ ခု၊ ဖွန်လတွင် နေပြည်တော်၌ တရားဝင် မိတ်ဆက်ခဲ့ပါသည်။ ADS/IP မှ အားလုံး ပါဝင်စေခြင်းနှင့် ရေရှည် တည်တံ့မှုအား ရည်မှန်းချက် ထားသည့် လယ်ယာစိုက်ပျိုးထုတ်လုပ်မှု အသွင်ကူးပြောင်းရေးအတွက် မဟာဗျူဟာမြောက် လမ်းညွှန်မှုကို ပေးအပ်ပါသည်။ ပြည်နယ်/တိုင်းဒေသကြီး အဆင့်နှင့် ဒေသဆိုင်ရာအဆင့်များတွင် အဓိက ပတ်သက်ဆက်နွယ်သူများနှင့် နိုင်ငံလုံး ဆိုင်ရာ ဆွေးနွေးတိုင်ပင် သဘောထားရယူခြင်း လုပ်ငန်းစဉ် အပါအဝင် ADS ဖွံ့ဖြိုးတိုးတက်မှု အတွက် ပံ့ပိုးပေးသည့် ADB ၊ FAO နှင့် LIFT တို့၏ လုပ်ဆောင်ချက်များကို တန်ဖိုးထားကြောင်းကို ပြည်ထောင်စုဝန်ကြီးမှ ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ပြည်ထောင်စု ဝန်ကြီးမှ NGO များ ၊ CSO များနှင့် ပုဂ္ဂလိကကဏ္ဍ လုပ်ရှား ဆောင်ရွက်သူများအားလည်း မြန်မာနိုင်ငံ၏ လယ်ယာ စိုက်ပျိုးရေး အသွင်ကူးပြောင်းမှုတွင် အဓိက အရေးပါသည့် ပတ်သက်ဆက်နွယ်သူများ ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ငွေလွှဲပေးပို့ခြင်းများအတွက် မိုဘိုင်းလ်ငွေကြေး ဝန်ဆောင်မှု ဆိုင်ရာ အလုပ်ရုံ ဆွေးနွေး ပွဲများ- ၂၀၁၈ ခု၊ စက်တင်ဘာလတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဆောင်ရွက်သည့် MCCT နှင့် လူမှုရေး ပင်စင်များ ပေးသည့် အစီအစဉ်ရှိ အီလက်ထရွန်နစ်နည်းဖြင့် ကြိုးပမ်း အားထုတ်မှုအား အသိပေးမြှင့်တင့်မည့် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပနိုင်ရန် အတွက် အကူအညီပေးရန် LIFT အား မေတ္တာ ရပ်ခံခဲ့ပါသည်။ အီလက်ထရွန်နစ် ငွေလွှဲပေးပို့မှုများ၏ အကျိုးကျေးဇူးများမှာ လျင်မြန်စွာ တိုးတက်လာသည့် ငွေလွှဲပေးပို့မှု အကြိမ် အရေအတွက်များစွာတွင် ပိုမို ကြီးမားသော စွမ်းဆောင်နိုင်မှုများရှိခြင်းနှင့် ငွေလွှဲပေးပို့မှုများ ၏ တိကျခြင်း နှင့် ပွင့်လင်းမြင်သာမှု ရှိခြင်း တို့ဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ၂ခုအနက်မှ ပထမအလုပ်ရုံ ဆွေးနွေးပွဲအား ၂၀၁၈ခုနှစ် အောက်တိုဘာလ၃၁ ရက်နေ့တွင် နေပြည်တော် ၌ ကျင်းပခဲ့ပါသည်။ ဤနည်းပညာ ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ သည် LIFT ၏ မိတ်ဖက်များနှင့် အခြား အဖွဲ့အစည်းများမှ အီလက်ထရောနစ်နည်းဖြင့် ငွေ လွှဲပို့ရာတွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများမှ ရရှိခဲ့သော သင်ခန်းစာများကို မျှဝေရန် အခွင့်အလမ်း တခုကို ပေးအပ်ခဲ့ပါသည်။ မိုဘိုင်းလ် ငွေကြေး ဝန်ဆောင်မှုပေးသည့်သူများ မှလည်း လူမှုဝန်ထမ်း မှ အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပေး ပို့ရာတွင် တွေ့ကြုံရမည့် နည်းပညာ ဆိုင်ရာ အဓိက စိန်ခေါ်မှုများကိုလည်း ဆွေးနွေးခဲ့ပါသည်။ IFC အပါအဝင် အခြား အဖွဲ့အစည်းများမှလည်း လူမှုဝန်ထမ်းအနေဖြင့် ကြုံတွေ့နိုင်သည့် မူဝါဒဆိုင်ရာ ပြဿနာအချို့အား တင်ပြပေးခဲ့ပါသည်။ ဒုတိယ အလုပ်ရုံ ဆွေးနွေးပွဲအား ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ကျင်းပခဲ့ပြီး လိုက်နာ ဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်းဆိုင်ရာများ အပေါ် အလေးထား ဆွေးနွေးခဲ့သည်။ အလုပ်ရုံ ဆွေးနွေးပွဲ တက်ရောက်သူများအား ရသုံးခန့်မှန်းခြေ ငွေစာရင်းဦးစီးဌာနနှင့် စာရင်းစစ်ရုံး အပါအဝင် အစိုးရဌာနများမှ လိုက်နာရမည့် မူဝါဒရေးရာကိစ္စများအား ရှင်းလင်းတင်ပြ ခဲ့ပါသည်။ များစွာသော ဘဏ်လုပ်ငန်း အဖွဲ့အစည်း များမှလည်း အီလက်ထရွန်နစ် နည်းဖြင့် ငွေပေးပို့မှု ဆိုင်ရာ မူဝါဒများနှင့် သက်ဆိုင်သည့် ၎င်းတို့၏ အတွေ့အကြုံများကိုလည်း မျှဝေခဲ့ပါသည်။

လပွတ္တာနှင့် အပူပိုင်းဇုန် MCCT ကွင်းဆင်းလေ့လာမှုများ- ၂၀၁၈ ခုနှစ်၊ မေလတွင် Save the Childrenသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပြည်ထောင်စု အဆင့် အရာရှိများနှင့်ရောဝတီ တိုင်းဒေသကြီး

အစိုးရတို့အား Bright Sun စီမံကိန်းသို့ တရက်တာ ကွင်းဆင်းလေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ လေ့လာရေးတွင်ပါဝင်သူများသည် ကွင်းဆင်း လေ့လာမှုမှ အကျိုးခံစားခွင့်ရှိသူများ မှတ်ပုံတင်ခြင်း၊ SBCC သတင်းစကားများနှင့် ဒီဂျစ်တယ်နည်းဖြင့် ငွေလွှဲပေးပို့မှုများနှင့် သက်ဆိုင်သော အကောင်အထည်ဖော် ဆောင်ရွက်နေမှုများအား လေ့လာနိုင်ခဲ့ကြသည်။ ကွင်းဆင်းလေ့လာမှုအတွင်း ပါဝင်သူများမှ လေ့လာခဲ့သည့် အကြောင်းအရာများ နှင့် ရယူခဲ့သည့် သင်ခန်းစာများအား အကျဉ်းချုံး ဆွေးနွေးမှုဖြင့် ကွင်းဆင်းလေ့လာမှု အောင်မြင်ပြီးဆုံးခဲ့သည်။ အထူးသဖြင့် အဆိုပါကွင်းဆင်းလေ့လာမှုသည် ကမ္ဘာ့ဘဏ်မှ MCCT အစီအစဉ်ဆောင်ရွက်ရန် ရွေးချယ်ခဲ့သည့် ဒေသ/ပြည်နယ် နှစ်ခုအနက်မှ တခုအဖြစ် ဧရာဝတီတိုင်းဒေသကြီးအား ရွေးချယ်ခဲ့သည့်အချိန်နှင့် တိုက်ဆိုင် နေပါသည်။ စိုးရိမ် ပူပန်မှုများအားဖြေရှင်းရန် အတွက် အရေးကြီးသည့် မူဝါဒဆိုင်ရာနှင့် စီမံကိန်းဆိုင်ရာ ဆုံးဖြတ်ချက်များထဲမှ တခုမှာ MCCT နှင့် SBCC သတင်းပေးမှုတို့အား မည်သို့မည်ပုံ အပြန်အလှန် အကျိုးပြုနိုင်စေရန် ဆောင်ရွက်မည် ဆိုသည့် အချက်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် နိုဝင်ဘာလကုန်တွင် Save the Children မှ အလားတူ ကွင်းဆင်းလေ့လာမှု တခု ဆောင်ရွက်ခဲ့ပါသည်။ လပွတ္တာသို့ ကွင်းဆင်း လေ့လာခြင်း၏ ရည်ရွယ်ချက်မှာ အစိုးရဌာနများမှ တာဝန်ရှိသူများအား LEGACY စီမံချက်အား မည်သို့ အကောင်အထည်ဖော်ခဲ့သည်ကို ပြသရန် နှင့် စီမံချက်အတွင်း ပေးအပ်သည့် ဝန်ဆောင်မှု အမျိုးမျိုးမှ ရရှိသည့် အကျိုးကျေးဇူးများ နှင့် သင်ခန်းစာများနှင့် ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ MCCT စီမံချက်များ ထပ်မံ ဆောင်ရွက်ရန် စဉ်းစားနေသည့် အစိုးရအတွက် ကွင်းဆင်းအထောက်အထားများ ထပ်မံ ပံ့ပိုးလိုသောကြောင့် ဖြစ်ပါသည်။

GRET မြေယာပိုင်ဆိုင်မှုဆိုင်ရာ လုပ်ငန်းများ-
၂၀၁၈ ခုနှစ်၊ ပထမနှစ်ဝက်အတွင်း LIFT၏ FMO သည် တိုင်းဒေသကြီးအဆင့်ရှိ စားကျက်မြေဆိုင်ရာ မူဝါဒကိစ္စရပ်များတွင် တက်ကြွစွာ ပါဝင်ခဲ့ပါသည်။ ဇွန်လတွင် FMO မှ တိုင်းဒေသကြီး အစိုးရအတွက် မြေယာကိစ္စများနှင့် မြေယာ ပြန်လည် ခွဲဝေရေး အစီအစဉ်များအား ဆွေးနွေးရန် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့အား အစည်းအဝေး တခု စီစဉ်ပေးခဲ့ပါသည်။ အစိုးရမှ မြေယာပြန်လည် ခွဲဝေရာတွင် နည်းပညာ ကူညီပံ့ပိုးပေးရန် တောင်းဆိုရာ နေရာ ၃ နေရာတွင် မြေယာဆန်းစစ်မှု ပြုလုပ်ပြီး မြေယာ ပြန်လည် ခွဲဝေရေး လုပ်ငန်းစဉ်တွင် ပံ့ပိုးမှုများ ပေးနိုင်ရန် တိုင်းဒေသကြီး အစိုးရအား GRET နှင့် ချိတ်ဆက် ပေးခဲ့ပါသည်။ LIFTသည် GRETမှ ဧရာဝတီတိုင်းဒေသကြီးအတွင်း ပြုလုပ်ခဲ့သည့် မြေယာဆန်းစစ်မှု ၂၃ ခုမှ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို ဧရာဝတီတိုင်း ဒေသကြီး အစိုးရထံ တင်ပြရန် အစည်းအဝေး တခုကိုလည်း စီစဉ်ခဲ့ပါသည်။ FMO သည် ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မ မြို့နယ်၌ GRETမှ ဦးဆောင် ဆွေးနွေးသည့် မြေယာဆန်းစစ်မှု တခုတွင်လည်း ပါဝင်ခဲ့ပါသည်။

အလုပ်သမားရွှေ့ပြောင်းသွားခြင်း ဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးတွင် လွှတ်တော်အမတ်များ ပါဝင်ပတ်သက်စေခြင်း-
၂၀၁၈ ခုနှစ်အတွင်း ILO မှ ပြောင်း ရွှေ့သွားလာခြင်း ဆိုင်ရာ လွှတ်တော် လုပ်ငန်းအဖွဲ့ အစည်းအဝေး (၃) ခုကို စီစဉ် ပေးခဲ့ပါသည်။ ဤအစည်းအဝေးများအတွင်း လုပ်ငန်း အဖွဲ့သည် ပြည်ပ အလုပ်အကိုင် ဆိုင်ရာ ဥပဒေ ပြင်ဆင်မှုအခြေအနေများ၊ ဥပဒေပြင်ဆင်ခြင်းတွင် လွှတ်တော်အမတ်များ၏ အခန်းကဏ္ဍနှင့် အိမ်အကူအလုပ်သမားများ အတွက် အလုပ်သမား အခွင့်အရေးအား ကာကွယ်ပေးသည့် ဥပဒေ ရေးဆွဲခြင်းဆိုင်ရာ တိုးတက်မှုများအား ဆွေးနွေးခဲ့ပါသည်။ ဤဆွေးနွေး တိုင်ပင်မှုများမှ လွှတ်တော် အစီအစဉ်များတွင် ရွှေ့ပြောင်း သွားလာခြင်းကိစ္စအား ဆွေးနွေးရန် ခေါင်းစဉ် တခု အနေဖြင့် ထားရှိခြင်းက ထပ်မံ၍ အကျိုးအမြတ် ရရှိခဲ့ပါသည်။ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များမှ ပြန်လာသည့် ရွှေ့ပြောင်းသွားလာသူများ အောင်မြင်စွာ ပြန်လည် ပေါင်းစည်းရေး အတွက် အကူအညီပေးရန် ရရှိနိုင်သည့် ဝန်ဆောင်မှုများ၊ မလေးရှားနိုင်ငံရှိ ရွှေ့ပြောင်း သွားလာသူများအတွက် နိုင်ငံကူး လက်မှတ်နှင့် နိုင်ငံသား အထောက်အထား ရယူနိုင်ခြင်းတို့နှင့် ဆက်နွယ်နေသည့် အရေးကြီးသော မေးခွန်းများစွာကို မေးမြန်းခဲ့ ပါသည်။

ရွှေ့ပြောင်းသွားလာခြင်းအား အမျိုးသားဖွံ့ဖြိုးရေး မဟာဗျူဟာများအတွင်းတွင် ပါဝင်စေရန် ထည့်သွင်းခြင်း- IOM သည် အစိုးရ၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုချဉ်းကပ်နည်းလမ်းအား ပံ့ပိုးပေးရန် လက်ရှိ မူဝါဒများ၊ ယန္တယားများနှင့် ပါဝင် ဆောင်ရွက်နေသူများအား ဖော်ထုတ်ရန်အတွက် အကဲဖြတ်လေ့လာမှုတစ်ခုအား ဆောင်ရွက်ခဲ့ပါသည်။ ဤလေ့လာမှု အား ဝန်ကြီးဌာန ၁၃ ခု ၊ နိုင်ငံတော်သမ္မတရုံး၊ နိုင်ငံတော် ၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးနှင့် ပြည်ထောင်စု ဥပဒေချုပ်ရုံးမှ ကိုယ်စား လှယ်များ တက်ရောက်သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ကျင်းပသော အမျိုးသား ဖွံ့ဖြိုးရေး မဟာ ဗျူဟာများအတွင်းသို့ ရွှေ့ပြောင်းသွားလာမှုကဏ္ဍအား ထည့်သွင်းခြင်း အလုပ်ရုံ ဆွေးနွေးပွဲ တွင် ဆွေးနွေးခဲ့ပါသည်။ အကဲဖြတ် လေ့လာမှုမှ တွေ့ရှိချက်များအား အလုပ်ရုံ ဆွေးနွေးပွဲတွင် တင်ပြခဲ့ပြီး မြန်မာနိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအောက်ရှိ သက်ဆိုင်ရာ ကဏ္ဍများ၏ မူဝါဒများနှင့် ရွှေ့ပြောင်းသွားလာခြင်းအကြား ချိတ်ဆက်မှုများကို တက်ရောက်သူများမှ ဆွေးနွေးခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ အစီရင်ခံစာတွင် မြန်မာနိုင်ငံအစိုးရမှ နောက်တဆင့်အတွက် စဉ်းစားရာ၌ ရွှေ့ပြောင်းသွားလာခြင်းကဏ္ဍတွင် ဝန်ကြီးဌာန အချင်းချင်း ပူးပေါင်း ဆောင်ရွက်ရန် ယန္တယား တစ်ခု တည်ဆောက်ရန် အပါအဝင် အကြံပြုချက်များ ပါဝင်ပါသည်။ နောက်ဆက်တွဲ ပြုလုပ်သည့် အစည်းအဝေးများတွင် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့မှ အစီရင်ခံစာနှင့် အစီရင်ခံစာ၏ အကြံပြုချက်များအား အဆင့်မြင့်ပိုင်း အဆင့်များမှ ထောက်ခံမှုပေးရန်အတွက် နိုင်ငံတော် အစိုးရမှ စဉ်းစားနေကြောင်း ပြောကြားခဲ့ပါသည်။

PR ၈.၂—ပတ်သက်ဆက်နွယ်သူများ ထံသို့ LIFTမှ ထုတ်ဝေ ဖြန့်ချိခဲ့သော မူဝါဒဆိုင်ရာ စာအုပ်စာတမ်းများ ၂၀၁၅ ခုနှစ်မှစ၍ LIFT သည် မူဝါဒ ဦးစားပေး ထုတ်ဝေမှု စုစုပေါင်း ၁၇၀ ကို ထုတ်ဝေခဲ့ပါသဖြင့် ၂၀၁၈ ရည်မှန်းချက်၏ ၂၂၇ ရာခိုင်နှုန်းကို ရရှိခဲ့ပါသည်။

၂၀၁၈ ခုနှစ်အတွင်း၌ LIFT FMO နှင့် IP များမှ မူဝါဒ ဦးစားပေးသည့် ထုတ်ဝေမှု ၆၇ ခုကို ထုတ်ဝေ၍ ဖြန့်ချိခဲ့ပါသည်။ ထုတ်ဝေမှုများတွင် သုတေသန တွေ့ရှိချက်များအပါအဝင် မူဝါဒ အနှစ်ချုပ်များနှင့် အကောင်အထည်ဖော်ရေး ဆိုင်ရာ လမ်းညွှန် များ ပါဝင်ပါသည်။ စိတ်ဝင်စားစရာများတွင် ပါဝင်သည်များမှာ-

စိုက်ပျိုးရေးလုပ်ငန်း တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးရေး စီမံကိန်း (Agriculture value chain development – AVCD) စီမံကိန်းသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ မှ ဇွန်လ အတွင်း မြန်မာနိုင်ငံ စိုက်ပျိုးရေး နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး နှင့် သက်ဆိုင်သည့် ခေါင်းစဉ်များ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်သည့် ထုတ်ဝေမှုများကို အများအပြား လုပ်ဆောင်ခဲ့ပါသည်။ ထုတ်ဝေမှုများတွင် ၁) ရာသီဥတု ပြောင်းလဲခြင်း၊ စက်မှုလယ်ယာ ၏ အတိုင်းအတာနှင့် ပင်ကိုလက္ခဏာ၊ စက်မှုလယ်ယာနှင့် လယ်ယာစိုက်ပျိုးထုတ်လုပ်မှု စွမ်းရည် နှင့် အကျိုးအမြတ်တို့ ကြားဆက်စပ်မှု စသည့် အပူပိုင်းဇုန် ကျေးလက်စီးပွားရေးနှင့်

စိုက်ပျိုးရေးစစ်တမ်း (READZ) မှ မီးမောင်းထိုးပြသည့် အချက် ၃ ချက် ၂) READZ သုတေသန ၂-ခု ဖြစ်သော အပူပိုင်းဇုန်တွင် သီးနှံ ထုတ်လုပ်မှု နှင့် အကျိုးအမြတ် အစီရင်ခံစာနှင့် စက်မှုလယ်ယာ နှင့် လယ်ယာ ထုတ်လုပ်မှု စွမ်းရည်ကြား ဆက်စပ်မှု အစီရင်ခံစာ ၃) READZ နှင့် MAAS စစ်တမ်းများအပေါ် အခြေခံသည့် မြန်မာနိုင်ငံတွင် ကျေးလက်ဒေသ အသွင်ကူးပြောင်းရေး နိုင်ငံတကာစာတမ်းတခု၊ ပဲမျိုးစုံကဏ္ဍ၊ အဖွဲ့အစည်းများနှင့် အိန္ဒိယမှ ပဲမျိုးစုံ တင်သွင်းခြင်းနှင့် ဆိုင်သည့် ကန့်သတ်ချက်များ နှင့် သင့်လျော်အောင်စီစဉ်ခြင်းဆိုင်ရာ နောက်ဆုံးအချက်အလက်များ ပါဝင်သည့် သုတေသန အစီရင်ခံစာတို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံရှိ GRET လယ်ယာစိုက်ပျိုးရေးစနစ် - မြန်မာနိုင်ငံတွင် တိုင်းဒေသကြီး ပြည်နယ် (၅) ခု၌ စိုက်ပျိုးရေး စနစ်များကို လေ့လာမှုများအတွက် GRET မှ ပံ့ပိုးပေးခဲ့သည့် အပြင် ကူညီဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လဆန်း၌ ရန်ကုန်မြို့တွင် ကျင်းပခဲ့သည့် ပတ်သက်ဆက်နွယ်သူများ အလုပ်ရုံဆွေးနွေးပွဲ၌ လေ့လာမှုများအားစုစည်းထားသည့် ထုတ်ဝေမှုအား တင်ပြခဲ့ပါသည်။ လေ့လာမှုသည် ချင်းပြည်နယ်၊ ကရင် ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီး တို့မှ သတ်မှတ် ထားသည့် နေရာများတွင် စိုက်ပျိုးစနစ်များ အဆင့်ဆင့် ပြောင်းလဲလာခြင်းကို ဦးတည်ပါသည်။ လေ့လာမှု အစီရင်ခံစာအပေါ် အခြေခံပြီး စိုက်ပျိုးရေး စနစ်များ၏ အခြေခံအကြောင်းရင်းကို ခွဲခြမ်း စိတ်ဖြာ လေ့လာသည့် အလုပ်ရုံ ဆွေးနွေးပွဲကို နေပြည်တော်၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာခြင်းနှင့် ဖွံ့ဖြိုးတိုးတက် ခြင်းတို့၏ ဆက်စပ်မှုကို နားလည် သဘောပေါက်ခြင်း - မြန်မာနိုင်ငံ ဆင်းရဲ နွမ်းပါးမှုလျှော့ချရေး နှင့် ဘက်စုံဖွံ့ဖြိုးရေးအတွက် လုပ်သားရွှေ့လျားမှုကို ရင်းနှီး မတည်ခြင်း (CHIME) လေ့လာမှုမှ အထောက်အထားအခြေပြု မူဝါဒများချမှတ်ခြင်းကို ပံ့ပိုးပေးရန်အတွက် အလုပ်သမား ရွှေ့ပြောင်းသွားလာခြင်း၊ ဆင်းရဲနွမ်းပါးမှု နှင့် ဖွံ့ဖြိုးရေးတိုးတက်မှုတို့အကြား ဆက်နွယ် နေမှုများကို ဦးတည်၍ လေ့လာခဲ့ပါသည်။ လေ့လာမှုအား IOM၊MoLIP၊ Sussexတက္ကသိုလ်နှင့် မေတ္တာ ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်းတို့မှ ပူးပေါင်း ဆောင်ရွက်ပါသည်။ CHIME လေ့လာမှုသည် မြန်မာနိုင်ငံရှိ ဒေသ ၄ခုဖြစ်သည့် ဧရာဝတီ နှင့် မန္တလေးတိုင်းဒေသကြီး၊ ရခိုင် နှင့် ရှမ်းပြည်နယ်များ တွင် ကျပန်းနည်းဖြင့် ရွေးချယ်ထားသည့် နမူနာအိမ်ထောင်စု ၃,၁၁၆စုမှ ကောက်ယူသည့် အိမ်ထောင်စု စစ်တမ်း နှင့် လူပုဂ္ဂိုလ် ၁၂၉ ဦးနှင့် အသေးစိတ် တွေ့ဆုံမေးမြန်းမှုများ ပါဝင်သည့် ပေါင်းစပ်ထားသည့် ချဉ်းကပ်နည်းလမ်း ကို အသုံးပြုပါသည်။ ဤလေ့လာမှု အား ဒီဇင်ဘာလ (၁၈ ) ရက် နေ့ တွင် နေပြည်တော် ၌ အစိုးရမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများ နေ့ အခမ်းအနား တွင် မိတ်ဆက်ခဲ့ပါသည်။ အခမ်းအနားတွင် ဒုတိယ သမ္မတ၊ MoLIP ပြည်ထောင်စု ဝန်ကြီး၊ ညွှန်ကြားရေးမှူး ချုပ်၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ သံတမန်အဖွဲ့အစည်းများ နှင့် အဓိက ဆုံးဖြတ်ချက်ချမှတ်သူများ အပါအဝင် ပရိသတ် (၅၀၀) ကျော် အတွက် လေ့လာမှု ၏ အဓိက လေ့လာတွေ့ရှိချက်များကို ဗွီဒီယိုဖြင့် ပြသခြင်း ပါဝင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ပထမ နှစ်ဝက်အတွက် လေ့လာ တွေ့ရှိမှုများအား အစီရင်ခံစာ အပြည့်အစုံ နှင့် နယ်မြေဒေသ ၁၃ ခုအလိုက် အကြောင်းအရာ နှင့် မူဝါဒ အကျဉ်းချုပ်ကို အင်္ဂလိပ်-မြန်မာ (၂)ဘာသာဖြင့် ဖြန့်ဝေနိုင်မည် ဖြစ်ပါသည်။တွေ့ဆုံဆွေးနွေး သည့် အလုပ်ရုံ ဆွေးနွေးပွဲများအား နေပြည်တော်၊ ရခိုင်၊ မန္တလေး၊ ဧရာဝတီ၊ ရှမ်း နှင့် ရန်ကုန် တို့တွင် ကျင်းပရန် စီစဉ်ထားပါသည်။

မြန်မာနိုင်ငံတွင် ကျွမ်းကျင်မှု ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ထူထောင်ခြင်းအား ပံ့ပိုးပေးရန် အတွက် လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ - အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင် MoLIP မှ နောက်ဆုံး အချက်အလက်များ ထည့်သွင်း ပြင်ဆင်သည့် လုပ်ငန်းစဉ် အဆင့်တွင် ရှိနေပါသည်။ စိစစ်တည်းဖြတ်ပြီးသည့် ဥပဒေတွင် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ ထူထောင်ရန်ပါဝင်ပြီး စနစ်တကျ အကောင်အထည်ဖော်ပါက မြန်မာနိုင်ငံ တဝှမ်းလုံးတွင် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများတိုးချဲ့ရန်အတွက် လိုအပ်သော ရန်ပုံငွေ ထောကပံ့မည့် အလားအလာ ရှိပါသည်။ ဝန်ကြီးဌာန အနေဖြင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ အသစ်ဖွဲ့စည်းတည်ဆောက်ခြင်းနှင့်အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်ရာတွင် နည်းပညာ ပံ့ပိုးမှု ပေးအပ်နိုင်ရန် LIFT မှ ရန်ပုံငွေ ထောက်ပံ့ ပေးနေသည့် အောင်မြင်မှု စီမံချက် နှင့် Overseas Development Institute နည်းပညာအစီရင်စာ နှင့် အကြံပြုထောက်ခံချက်များအား မူကြမ်းပြုစုခဲ့ပါသည်။ မြန်မာနိုင်ငံ၏ ပိုမိုကျယ်ပြန့်သော ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေးမူဝါဒ မူဘောင်တွင် တစိတ်တဒေသအဖြစ် အသုံးပြုနိုင်သည့် အခြား အရှေ့တောင်အာရှနိုင်ငံများမှ ကျွမ်းကျင်မှုများဖွံ့ဖြိုးရေး ရန်ပုံငွေအား တည်ထောင်ခြင်း၊ ထောက်ပံ့ငွေ ပံ့ပိုးခြင်း နှင့် စီမံခန့်ခွဲရေး အတွေ့အကြုံများအပေါ်တွင် အခြေခံသည့် မြန်မာနိုင်ငံအတွက် အရေးပါသည့် သင်ခန်းစာများကို အစီရင်ခံစာမှ အဓိကထား ဖော်ပြခဲ့ပါသည်။ အောင်မြင်မှု စီမံချက်သည် အစီရင်ခံစာ၏ တွေ့ရှိချက်များကို ဝေမျှရန် နှင့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေ စတင် အကောင်အထည်ဖော်ရန် အတွက် အစီအစဉ်များ ရေးဆွဲ ရာတွင် တာဝန်ရှိသူများနှင့် ပတ်သက် ဆက်နွယ်နေသူများမှ အကြံဉာဏ်ပေးနိုင်မည့် အစည်းအဝေးများကို ဖြစ်မြောက်အောင် ပံ့ပိုးပေးခဲ့ပါသည်။

၂.၄

## LIFT ၏ ၂၀၁၈ အောင်မြင်မှု ရလဒ်များ အကျဉ်းချုပ်

တာဝန်အဆင့်တွင် LIFT မှ ၂၀၁၈ ခုနှစ်အတွင်း ညွှန်းကိန်း ၁၀ ခုအနက်မှ ၈ ခုကို အစီရင်ခံနိုင်ပါသည်။ LIFT သည် အဆိုပါ ညွှန်းကိန်း ရှစ်ခု ဖြစ်သည့် - အိမ်ထောင်စုများ ဝင်ငွေတိုးလာခြင်း၊ ပိုင်ဆိုင်မှု၊ ဝင်ငွေအမျိုးမျိုး၊ ကြံ့ကြံ့ခံနိုင်စွမ်း၊ ရိက္ခာအမျိုးအမည်စုံလင်စွာ စားသုံးမှု၊ စားနပ်ရိက္ခာ ပံ့ပိုးမှု နှင့် မူဝါဒ ဆိုင်ရာ ဦးဆောင်မှု တို့တွင် မူလရည်မှန်းထားသည်များကို ပြည့်မီခဲ့ (သို့) မျှော်မှန်းထားသည့်ထက် ကျော်လွန်ရရှိခဲ့ပါသည်။

အထက်ဖော်ပြပါညွှန်းကိန်းများမှ စိတ်ဝင်စားဖွယ် ကောင်းသည့် အချက်များတွင် ခန့်မှန်းခြေ အိမ်ထောင်စု ၁.၂ သန်းသည် ဝင်ငွေများ တိုးတက်လာခဲ့ပြီး အိမ်ထောင်စု ၁ သန်းကျော်တို့သည် ပိုင်ဆိုင်မှု တိုးတက်လာခဲ့ပါသည်။ လူဦးရေ ၆ သန်း ကျော်တို့သည် ကြံ့ကြံ့ခံနိုင်စွမ်း အားကောင်းလာခဲ့ပါသည်။ ခန့်မှန်းခြေ အိမ်ထောင်စု ၄၈,၇၀၀ စုတို့ သည် အစားအစာ စားသုံးမှု ပိုမိုကောင်းမွန်တိုးတက်လာခဲ့ပြီး လူဦးရေ ၆၂၃,၀၀၀ ဦးတို့မှ ၁၂ လစာ လုံလောက်သည့် အစားအသောက် ထောက်ပံ့မှု ရရှိခဲ့သည်ဟု အသိပေးပါသည်။

စီမံကိန်း အဆင့် တွင် LIFT မှ ၂၀၁၈ ခုနှစ်အတွင်း ညွှန်းကိန်း ၂၃ ခု အနက်မှ အခု ၂၀ အား အစီရင်ခံခဲ့ပါသည်။

LIFT သည် ညွှန်းကိန်း ၂၀ခု အနက် ၁၆ခု အား ရည်မှန်းချက် ပြည့်မီ (သို့) ကျော်လွန်ရရှိခဲ့ပါသည်။

စိုက်ပျိုးရေး ဖွံ့ဖြိုးမှုတွင် အကြံပေးဝန်ဆောင်မှုများ၊ နည်းစနစ် အသစ်များကို လက်ခံကျင့်သုံးခြင်း၊ သီးနှံထုတ်လုပ်မှု နှင့် ဈေးကွက် မြှင့်တင်ရေး အမှုအကျင့်အသစ်များတွင် ကောင်းမွန်သည့် စွမ်းဆောင်နိုင်မှုများ ရှိခဲ့ပါသည်။ လယ်ယာပြင်ပ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးရေး နှင့် ဆက်နွယ် နေသည့် အသက်မွေးဝမ်းကျောင်းမှု အမျိုးမျိုးတွင် ကောင်းမွန်သည့် စွမ်းဆောင်မှုများ ရှိပြီး လယ်ယာပြင်ပ လုပ်ငန်းများတွင် ဝင်ငွေများလည်း တိုးလာပါသည်။ လယ်ယာစိုက်ပျိုးရေး အုပ်စု အဖွဲ့ဝင်ခြင်း နှင့် လေ့ကျင့်သင်ကြားပေးခဲ့သူများမှ ကိုယ်ပိုင် စီးပွားရေး လုပ်ငန်းများ တည်ထောင်ခြင်းတို့တွင် စွမ်းဆောင်မှုများ ရည်မှန်းချက် မှတ်တိုင်များ ကို မပြည့်မီခဲ့ပါ။ သို့သော် စွမ်းဆောင်နိုင်မှုမှာ (၉၁% နှင့် ၉၄% အသီးသီး ရှိပြီး) လက်ခံနိုင်သည့်အဆင့် အတွင်းတွင် ရှိနေဆဲ ဖြစ်ပါသည်။

LIFT၏ အားလုံးပါဝင်စေသည့် ငွေကြေးဆိုင်ရာ စီမံကိန်းသည် ဆက်လက်ကြီးထွားနေခဲ့ပြီး ကောင်းမွန်စွာ ဆက်လက် စွမ်းဆောင် နေပါသည်။ စီမံကိန်း ရည်မှန်းချက်များလည်း ကျော်လွန်ရရှိခဲ့ပါသည်။ လူအများအပေါ် သက်ရောက်မှုတွင် ဤစီမံကိန်းသည် အကျိုး ခံစားခွင့်ရှိသည့် အိမ်ထောင်စု ၂.၆ သန်းမှ ငွေကြေးဝန်ဆောင်မှုများ၏ အကျိုးကျေးဇူးများ ရရှိနေသည့် တခုတည်းသော အကြီးမားဆုံး စီမံကိန်း လုပ်ငန်းဆောင်ရွက်ချက် ဖြစ်ခဲ့ပါသည်။ စီမံကိန်း၏ ထင်ရှားပြီး လွှမ်းခြုံမှု ကြီးမားသည့် အခြား အစီအစဉ်များမှ - အိမ်ထောင်စု ၄၂၄,၀၀၀ စုမှ သီးနှံ ထုတ်လုပ်နိုင်မှုစွမ်းရည် တိုးတက်လာခဲ့သည်ဟု အစီရင်ခံခြင်း၊ အိမ်ထောင်စု ၈၅၈,၀၀၀ သည် လယ်ယာစိုက်ပျိုးရေးမှ အမြတ်ငွေများ တိုးတက်ရရှိလာခဲ့ခြင်း၊ အိမ်ထောင်စု ၇၀၀,၀၀၀ ကျော်မှ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများမှ ဝင်ငွေတိုးလာသည်ဟု အစီရင်ခံခဲ့ခြင်းနှင့် အာဟာရ စီမံကိန်းမှ အိမ်ထောင်စု ၅၀၀,၀၀၀ ထံ အာဟာရ ဖော်းပေးသည့် သတင်းအချက်အလက် တို့ ရောက်ရှိခြင်း တို့ ပါဝင်ခဲ့ပါသည်။

နောက်ဆုံးအနေဖြင့် LIFT ၏ သက်တမ်းတလျှောက် အစိုးရ မူဝါဒများ နှင့် စီမံကိန်းများတွင် သိသာထင်ရှားသည့် ပြောင်းလဲမှု ၄၉ ကြိမ် နှင့် အစိုးရ ဘတ်ဂျက်ခွဲဝေမှုတွင် ပြောင်းလဲမှု ၂၄ ကြိမ်အား ပံ့ပိုးပေးခြင်းဖြင့် ၂၀၁၈ ခုနှစ် ရည်မှန်းချက် မှတ်တိုင်များကို လွန်စွာ ကျော်လွန်ရရှိခဲ့သောကြောင့် LIFT သည် မူဝါဒ နယ်ပယ်တွင် ကြီးမားသည့် အောင်မြင်မှုကို ဆက်လက်ရရှိခဲ့ပါသည်။ ဤသို့ ရရှိခဲ့ရာတွင် LIFT နှင့် ၎င်း ၏ မိတ်ဖက်များမှ လွန်ခဲ့သည့် နှစ်များစွာအတွင်း မူဝါဒ ဦးစားပေး သည့် အခမ်းအနားပေါင်း ၆၆၂ ခုအတွက် ကူညီပံ့ပိုးပေးခြင်း နှင့် မူဝါဒ ဦးစားပေးသည့် ထုတ်ဝေမှုပေါင်း ၁၇၀ ကျော် တို့ကို ထုတ်ဝေခြင်းတို့မှလည်း တစိတ် တဒေသ ပါဝင်ခဲ့ပါသည်။ အထက်ဖော်ပြပါ ကဏ္ဍများတွင် မူဝါဒ အစပျိုးမှုများ၊ လေ့လာမှုများ နှင့် အခမ်းအနားများကို ကျယ်ကျယ်ပြန့်ပြန့် တာဝန်ယူဆောင်ရွက်ခဲ့သည့် မှတ်သားဖွယ်ရာ ဥပမာများစွာ ရှိပါသည်။ မူဝါဒများနှင့် ဆက်နွယ်နေသည့် တိကျသော ရည်မှန်းချက်များ ချမှတ်ရာတွင် အထူးသဖြင့် အရေးကြီးသည့် ဖြစ်ရပ်များ သည် ပြောင်းလဲနေသည့် မူဝါဒ ပတ်ဝန်းကျင် အခြေအနေ၏ သက်ရောက်မှု ရှိသဖြင့် အခက်အခဲရှိပါသည်။ ၂၀၁၆ ခုနှစ်အတွင်းက ရည်မှန်းချက်များမှာ ရှေးရိုးဆန်ပြီး မကြာသေးမီနှစ်များမှ စ၍ မူဝါဒ ပတ်ဝန်းကျင် အနေအထားမှ မူဝါဒနှင့် စပ်လျဉ်းသည့် အခမ်းအနားများ ကျင်းပနိုင်ခွင့် ပိုမိုရရှိလာသဖြင့် ရည်မှန်းချက်များမှာ မျှော်မှန်းသည်ထက် များစွာ ကျော်လွန်ရရှိခဲ့ပါသည်။

LIFT သည် ရည်မှန်းချက်များစွာအား ထူးခြားစွာ ကျော်လွန်ရရှိခဲ့ပါသည်။ LIFT ၏ ၂၀၁၄- ၂၀၁၈ တွင် ရည်မှန်းချက်များအား ၂-ကြိမ်တိုင် ပြန်လည် ပြင်ဆင်ခဲ့ပါသည်။ နောက်ဆုံး အကြိမ် နောက်ဆုံးရ အချက် အလက်များ ထည့်သွင်းခြင်းကို ၂၀၁၇ ခုနှစ် မေလ တွင် ပြုလုပ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် များစွာသော ရည်မှန်းချက်မှတ်တိုင်များ ကျော်လွန်ခဲ့ပြီး ဖြစ်ပါသည်။ စီမံကိန်း စွမ်းဆောင်ရည်ကို ဆက်လက် ထိန်းသိမ်းထားနိုင်သောကြောင့် ၂၀၁၈ခုနှစ်တွင်လည်း ရည်မှန်းချက်များအား များစွာ ကျော်လွန်သည့် ရလဒ်ကိုရရှိခဲ့ပါသည်။ အဆိုပြုလွှာအသစ်များ ခေါ်ယူခြင်း၊ စီမံချက်များ သက်တမ်းတိုးခြင်း နှင့် တိုးချဲ့ခြင်းတို့ကို ရည်မှန်းချက်များချမှတ်သည့်အချိန်၌ ကြိုတင် အစီအစဉ် ဆွဲထားခဲ့ခြင်းမရှိပါ။ ယခုနှစ်သည် ဤ ယုတ္တိဗေဒ မူဘောင်ဖြင့် LIFT ၏ အကျိုးရလဒ်များကို အစီရင်ခံတင်ပြသည့် နောက်ဆုံးနှစ်ဖြစ်သည်။ ၂၀၁၉ ခုနှစ်မှ စ၍ ညွှန်းကိန်း တိုင်းတာသည့်ပုံစံ အသစ်များပါဝင်သည့် ယုတ္တိဗေဒ မူဘောင် အသစ် နှင့် ဦးတည်နယ်ပယ် အသစ်များကို အသုံးပြုသွားမည် ဖြစ်ပါသည်။ နောင်လာမည့် ကာလများတွင် LIFT ၏ FMOသည် ရန်ပုံငွေ ဘုတ်အဖွဲ့ အနေဖြင့် ရည်မှန်းချက်များကို မကြာခဏ ချိန်ညှိပြုပြင်ရန် စဉ်းစားသင့်ကြောင်း အကြံပြုနိုင်ပါသည်။

LIFT အတွက် ဤညွှန်းကိန်းများအားလုံးမှ မပံ့ပိုးပေးနိုင်သော်လည်း ဤမျှ များပြား လှသည့် တိုးတက် ဖြစ်ထွန်းမှုများအတွက် LIFT မှ နည်းလမ်းအမျိုးစုံဖြင့် ကူညီပံ့ပိုးပေးခဲ့ပါသည်။ ထို့ပြင် ငွေကြေးဝန်ဆောင်မှုများ ပိုမိုရရှိအောင် တာဝန်ယူ လုပ်ဆောင်ခြင်း ဖြင့် နည်းပညာ ပံ့ပိုးမှုများ ၊ စွမ်းဆောင်ရည် ဖွံ့ဖြိုးမှု နှင့် ပစ္စည်းပံ့ပိုးမှုများကို ထောက်ပံ့ပေးခြင်းအပြင် LIFT နှင့် ၎င်း၏မိတ်ဖက်များသည် ကြီးမားကျယ်ပြန့်သည့် မြန်မာ့ ကျေးလက်နေလူထုများအား ၎င်းတို့ဘဝများအား ၎င်းတို့ ကိုယ်တိုင် တိုးတက်စေရန် ရွေးချယ်မှု များ နှင့် နည်းလမ်းများဖြင့် ပံ့ပိုးပေးရန် ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။

ဇယားနှင့် အစီရင်ခံတင်ပြချက်များအားလုံးတွင် ကျား၊မ ခွဲခြား ၍ စာရင်းကောက်ယူခြင်းကိုအစီရင်ခံရာတွင် တတ်နိုင်သမျှ အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများအား ဆန်းစစ်မှုများ နှင့် အတူတွဲ၍ အစီရင်ခံ ခဲ့ပါသည်။ မြင်သာသည့် အချက်မှာ LIFT ညွှန်းကိန်းများတွင် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုများ ပါဝင်ပတ်သက်မှု နှင့် စွမ်းဆောင်နိုင်မှုများ ပိုမိုနည်းပါးသည့် ကြောင်းကျိုးဆက်စပ်မှုပုံစံကို တွေ့မြင်ရသဖြင့် စီမံကိန်း တစ်ခုလုံးအတွက် ကျား၊မ ညီမျှမှု ရရှိစေရန် လုပ်ဆောင်ရမည့် လုပ်ငန်းများ များစွာ ကျန်ရှိသေးကြောင်း ရှင်းလင်းစွာ ပြသနေပါသည်။ သို့သော် ချွင်းချက်များလည်း ရှိပါသည်။ ဘေးကင်းလုံခြုံစွာ စီမံခန့်ခွဲပြီး ကာကွယ်ထားသည့် သောက်သုံးရေ နှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး ဝန်ဆောင်မှုများ အသုံးပြုခြင်း နှင့် ပတ်သက်၍ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများသည် အမျိုးသား ဦးဆောင်သည့် အိမ်ထောင်စုများထက် ပိုမိုကောင်းမွန်သည့် ရလဒ်များ (တစ်ရာခိုင်နှုန်းဖြင့်) ရရှိသည်ဟု အစီရင်ခံခဲ့ပါသည်။ ဤသည်မှာ မိသားစု ကျန်းမာရေးနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး စီမံခန့်ခွဲမှုတွင် အမျိုးသမီးများ အခန်းကဏ္ဍ၏ ရောင်ပြန်ဟပ်မှုလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အခြား အရေးပါသည့် ချွင်းချက်မှာ အမျိုးသမီးများအား ဦးတည် ဆောင်ရွက်လျက်ရှိသဖြင့် ငွေကြေးဝန်ဆောင်မှုများအား လက်လှမ်းမီသည့်သူများတွင် အကျိုးခံစားခွင့် ရှိသူများ၏ ၉၀ ရာခိုင်နှုန်းကျော်မှ အမျိုးသမီးများ ဖြစ်နေခြင်း ဖြစ်ပါသည်။

၂.၅

# လုပ်ငန်းစောင့်ကြည့်စစ်ဆေးမှု

| | ၂၀၁၀ | ၂၀၁၁ | ၂၀၁၂ | ၂၀၁၃ | ၂၀၁၄ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | စုစုပေါင်း ၂၀၁၀ - ၂၀၁၈ |
|---|---|---|---|---|---|---|---|---|---|---|
| တိုက်ရိုက် အကျိုးခံစား ခွင့်ရှိသော အိမ်ထောင်စု အရေအတွက် စုစုပေါင်း | ၁၅၃,၈၀၈ | ၆၉,၄၂၁ | ၁၄၉,၂၉၉ | ၁၃၈,၉၇၇ | ၁၁၆,၉၂၂ | ၁၉၃,၆၆၈ | ၁၅၉,၂၇ | ၄၉၄,၆၉ | ၅၁၇,၄၅၄ | ၁,၉၉၃,၄၇၂ |
| အမျိုးသမီးဦးစီးသည့် အိမ်ထောင်စု အရေအတွက် | - | ၃,၆၉၁ | ၁၆,၉၄၀ | ၁၉,၇၃၃ | ၁၄,၆၃၇ | ၄၂,၅၁၁ | ၁၅,၂၅၁ | ၁၇,၆၃၇ | ၁၁,၂၈၆ | ၁၄၁,၆၈၆ |
| မသန်စွမ်းသူဦးစီးသည့် အိမ်ထောင်စု အရေအတွက် | - | ၁,၀၆၄ | ၂,၃၅၄ | ၃,၁၁၁ | ၁,၅၀၈ | ၁,၅၈၀ | ၂,၂၀၀ | ၅,၆၅၅ | ၁,၂၀၂ | ၁၈,၆၇၄ |
| **စိုက်ပျိုးရေးလုပ်ငန်း(သီးနှံ)** | | | | | | | | | | |
| စိုက်ပျိုးရေးလုပ်ငန်းအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၄၃,၄၅၄ | ၁၅,၇၀၁ | ၄၂,၈၅၄ | ၅၂,၃၁၀ | ၂၀,၆၅၉ | ၁၄,၈၈၇ | ၇,၇၂၃ | ၁၂,၁၇၀ | ၈,၀၀၉ | ၂၁၇,၇၆၇ |
| **မွေးမြူရေးလုပ်ငန်း** | | | | | | | | | | |
| မွေးမြူရေးလုပ်ငန်းအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၇,၉၃၁ | ၁,၈၁၃ | ၆,၆၅၃ | ၃,၉၅၈ | ၁,၄၄၇ | ၁,၁၇၄ | ၁,၆၃၀ | ၉,၁၂၃ | ၄,၂၀၆ | ၃၇,၉၃၅ |
| **ရေလုပ်ငန်း** | | | | | | | | | | |
| သဘာဝငါးဖမ်းလုပ်ငန်းအတွက် ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၄,၇၉၉ | - | ၃,၁၇၇ | ၁,၉၅၆ | ၁,၆၅၄ | ၃,၉၄၈ | ၂၇၇ | ၂၉၁ | ၃၀၆ | ၁၆,၄၀၈ |
| **အခြားဝင်ငွေ( စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းတို့မှ အပ)** | | | | | | | | | | |
| အခြားဝင်ငွေရလုပ်ငန်းများအတွက်ထောက်ပံ့ခဲ့သော အိမ်ထောင်စု အရေအတွက် | ၁၁,၆၃၅ | ၃,၇၀၀ | ၂,၆၂၀ | ၆,၁၅၇ | ၂,၆၃၆ | ၇၅၂ | ၁,၄၀၃ | ၆၅၄ | ၂၃၃ | ၂၉,၈၇၁ |
| **သင်တန်း** | | | | | | | | | | |
| သင်တန်းသား စုစုပေါင်း | ၂၁,၄၉၁ | ၃၉,၂၃၇ | ၇၀,၉၁၄ | ၈၄,၆၇၉ | ၈၄,၄၃၈ | ၂၆,၅၈၈ | ၅၂,၁၂၈ | ၈၂,၆၅၁ | ၉၆,၉၈၅ | ၅၅၉,၁၁၁ |
| စိုက်ပျိုးရေးဆိုင်ရာ(မွေး/ရေအပါအဝင်) သင်တန်းသားဦးရေ | ၁၀,၄၄၃ | ၈,၅၃၀ | ၄၁,၂၃၁ | ၃၂,၃၆၇ | ၃၇,၁၇၁ | ၉,၃၄၈ | ၂၄,၈၀၃ | ၅၁,၉၀၀ | ၆၁,၃၂၂ | ၂၇၇,၁၁၅ |
| ဝင်ငွေတိုးလုပ်ငန်းဆိုင်ရာ (စိုက်ပျိုးရေးမပါ) သင်တန်းသားဦးရေ | ၆,၂၉၃ | ၄,၀၃၈ | ၃,၁၁၆ | ၃,၂၇၂ | ၅,၄၉၀ | ၂,၄၀၂ | ၈,၄၅၄ | ၃,၂၄၀ | ၅,၅၂၆ | ၄၁,၈၃၁ |
| သဘာဝ ငါးဖမ်း လုပ်ငန်းဆိုင်ရာ သင်တန်းသားဦးရေ | - | - | ၁၉၅ | ၁၂၁ | ၂၈၃ | ၂,၅၀၄ | ၂,၆၅၀ | ၁,၂၄၆ | ၁,၂၉၂ | ၈,၂၉၁ |
| ပညာပေးသင်တန်းသားဦးရေ | ၃,၈၀၁ | ၅၆ | ၁,၄၂၂ | ၆,၉၂၁ | ၃,၀၁၈ | ၂,၁၄၃ | ၇၉၂ | ၃,၀၈၆ | ၃,၂၀၈ | ၂၄,၄၄၇ |
| သဘာဝဝန်းကျင် ထိန်းသိမ်း/ ကာကွယ်ရေး သင်တန်းသားဦးရေ | ၉၅၄ | ၁,၅၈၀ | ၆,၄၇၇ | ၇,၂၂၃ | ၆,၉၇၆ | ၂၇၁ | ၁၀၈ | ၆၂၁ | ၁,၈၁၈ | ၂၆,၀၂၈ |
| CBOများ စီမံခန့်ခွဲမှု စွမ်းရည်ဆိုင်ရာ သင်တန်းသားဦးရေ | - | ၅,၀၃၃ | ၁၈,၄၇၃ | ၃၄,၇၇၅ | ၃၁,၅၀၀ | ၉,၉၂၀ | ၁၅,၃၂၁ | ၂၂,၅၅၈ | ၂၃,၈၁၉ | ၁၈၁,၃၉၉ |

# အောင်မြင်ပြီးစီးခဲ့သော ရလဒ်များ

၂၀၁၀-၂၀၁၈



LIFT ၏ ပံ့ပိုးမှုများသည် လူဦးရေ

## ၁၁.၆ သန်း

ကို ရောက်ရှိခဲ့ပြီဖြစ်သည်



လူဦးရေ

## ၂.၆ သန်း

သည် LIFT မှ ပံ့ပိုးပေးသည့် အသေးစား
ငွေရေးကြေးရေး အဖွဲ့အစည်းများမှ ငွေကြေးဆိုင်ရာ
ဝန်ဆောင်မှုများကို ရရှိကြပြီး
၎င်းတို့ထဲမှ ၈၉% မှာ အမျိုးသမီးများ ဖြစ်ကြသည်



လူဦးရေ

## ၂.၇ သန်း

ခန့်သည် တစ်လထက်ပို၍
စားနပ်ရိက္ခာ ဖူလုံလာကြသည်



လူဦးရေ

## ၆.၀ သန်း

သည် ကြံ့ကြံ့ခံနိုင်မှု
ပိုရှိလာကြသည်



အိမ်ထောင်စုပေါင်း

## ၁,၁၈၈,၀၀၀

ခန့်က ဝင်ငွေတိုးတက်လာသည်ဟု
တင်ပြကြသည်။



အိမ်ထောင်စုပေါင်း

## ၄၈၈,၀၀၀

ခန့် အာဟာရပိုမိုပြည့်ဝစွာ
စားသုံးလာကြသည်



အရပ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်

## ၅၅၅,၀၀၀

သည် LIFT ရန်ပုံငွေ
ပံ့ပိုးသော သင်တန်းများတွင်
တက်ရောက်ခဲ့ကြသည်



အိမ်ထောင်စုပေါင်း

## ၄၉၀,၀၀၀

ခန့်သည် စိုက်ပျိုးရေးပြင်ပ
လုပ်ငန်းများကြောင့်
ဝင်ငွေတိုးတက်လာသည်



အိမ်ထောင်စုပေါင်း

## ၇၅၈,၀၀၀

သည် ပစ္စည်းပိုင်ဆိုင်လာကြသည်







## ၃.၀

# နယ်မြေဒေသများ

ဤအခန်းတွင် ၂၀၁၈ ခုနှစ်အတွင်း LIFT စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည့် နယ်မြေဒေသများဖြစ်သည့်- ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၊ မြန်မာနိုင်ငံအလယ်ပိုင်း၏ အပူပိုင်းဇုန်၊ ရခိုင်ပြည်နယ် နှင့် ချင်း၊ကချင်၊ ရှမ်း နှင့် ကယားပြည်နယ်များရှိ တောင်တန်းဒေသများ၊ မွန်နှင့် တနင်္သာရီတိုင်း ဒေသကြီးများမှ LIFT စီမံကိန်း တိုးတက်မှုအခြေအနေကို အထူးအလေးထား တင်ပြထားပါသည်။ LIFT သည် မြန်မာနိုင်ငံရှိ မြို့နယ်ပေါင်း ၂၄၇ မြို့နယ်တွင် စီမံချက်များ ဆောင်ရွက်လျက် ရှိပါသည်။

စိုက်ပျိုးဂေဟဇုန်များ ကွဲပြားခြားနားမှုပေါ်တွင် မူတည်၍ ကြံ့ကြံ့ခံနိုင်မှု နှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးမှုတို့သို့ သွားရာလမ်းကြောင်းများ ကွဲပြားခြားနားပါသည်။LIFTမှ ဇုန်တစ်ခုချင်းစီအလိုက် အသက်မွေးဝမ်းကျောင်းမှု၊ အာဟာရ ဖွံ့ဖြိုးမှု နှင့် ကြံ့ကြံ့ခံနိုင်မှု ရလဒ်များအား ရရှိရန်၊ စရိတ်ထိရောက်မှုရှိပြီး ဖွံ့ဖြိုးရန် ဆောင်ရွက်နိုင်မည့် နည်းလမ်းများဖြင့် မည်သို့ ဆောင်ရွက်နိုင်မည်ကို ပြသနိုင်ရန်အတွက် စီမံချက်များအား ဒီဇိုင်းရေးဆွဲထားပါသည်။ အဆိုပါဇုန်များရှိ စီမံချက်များ၏ အရေးကြီးသည့် နောက်ဆုံးအခြေအနေ တင်ပြချက်များကို နောက်ဆက်တွဲ ၄ တွင် လေ့လာနိုင်ပါသည်။

ဇုန်အလိုက် ဆောင်ရွက်လျက်ရှိသည့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ ပုဂ္ဂလိက ကဏ္ဍ နှင့် ထိတွေ့ ဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းသွားလာခြင်း နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများဆိုင်ရာ စီမံကိန်း အချက်အလက်များအား အခန်း ၄ တွင် အသေးစိတ် တင်ပြထားပါသည်။

အာဟာရပြည့်ဝမှု၊ ကြံ့ကြံ့ခံနိုင်မှု၊ ကျား၊မ ရေးရာနှင့် လူမှုကာကွယ်စောင့်ရှောက်မှုဆိုင်ရာ LIFT ၏ စီမံကိန်းလုပ်ငန်းများအား အခန်း ၅ တွင် အသေးစိတ် ဖော်ပြထားပြီး LIFT ၏ မူဝါဒဆိုင်ရာ လုပ်ငန်းအသေးစိတ်များကို အခန်း ၆ တွင် ဖော်ပြထားပါသည်။



▲ ပုံ ၃.၁-
မြန်မာနိုင်ငံတွင် LIFT ၏
ပထဝီ အနေ အထားအရ
လွှမ်းခြုံမှု (၂၀၁၈)

၃.၁

# မြစ်ဝကျွန်းပေါ်ဒေသ



▲ ပုံ ၃.၂
၂၀၁၈ ခုနှစ် မြစ်ဝကျွန်းပေါ်
ဒေသ ရှိ LIFT ၏ စီမံကိန်း
လုပ်ငန်းများ

## ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသသည် ၂၀၀၈ ခုနှစ်တွင် ဆိုင်ကလုန်းမုန်တိုင်းနာဂစ်၏ ဒဏ်ကြောင့် ဆိုးရွားပြင်းထန်စွာ ပျက်စီးဆုံးရှုံးခဲ့ပြီး ထိုအချိန်မှ စ၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် အလျင်အမြန်ပြောင်းလဲ လာခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်သည် စိုက်ပျိုးထုတ်ကုန်တိုးတက်လာခြင်း၊ စီးပွားရေးအရ ဆန်စပါးထုတ်လုပ်မှုအား အကြီးအကျယ် ဆောင်ရွက်လာခြင်းနှင့် မြို့ပြသို့ ရွှေ့ပြောင်းသွားလာမှု တိုးတက်များပြားလာခြင်းတို့ဖြင့် အသွင်ကူးပြောင်းဆဲကာလ အတွင်းတွင်ပင်ရှိနေဆဲဖြစ်ပါသည်။ ဒေသတွင်းရှိ တစ်ဦးချင်း ဆင်းရဲနွမ်းပါးမှုနှုန်း ၂၆.၂ ရာခိုင်နှုန်းမှာ အခြားဒေသများနှင့်နှိုင်းယှဉ်ပါက အနိမ့်ဆုံးဖြစ်ပါသည်။ သို့သော်လည်း လူဦးရေ ထူထပ်သိပ်သည်းသဖြင့် ဆင်းရဲနွမ်းပါးသူဦးရေမှာ များပြားလျက်ရှိပြီး နွမ်းပါးသူဦးရေ ခန့်မှန်းခြေ ၅.၅သန်းမျှ ရှိပါသည်။(ဤကိန်းဂဏန်းမှာ ရန်ကုန်အပါအဝင်ဖြစ်ပါသည်)။[၁] အာဟာရ ချို့တဲ့မှုနှုန်းမှ အလွန်မြင့်မားပါသည်-အသက် ငါးနှစ်အောက် ကလေးသူငယ် ၃၆ ရာခိုင်နှုန်းမှာ ပုညက်နေပါသည်။[၂]

မြစ်ဝကျွန်းပေါ်ဒေသသည် မြန်မာနိုင်ငံ၏ အဓိကဆန်စပါး စိုက်ပျိုးထုတ်လုပ်သည့် ဇရိယာများထဲမှ တစ်ခုဖြစ်ပြီး တစ်နိုင်ငံလုံး[၃] ဆန်စပါး ထုတ်လုပ်မှုပမာဏ၏ ၄ပုံ ၁ပုံ ထုတ်လုပ်နိုင်သည့်ဒေသဖြစ်သည့်အပြင် ထိုဒေသ၏တောင်ပိုင်းတွင် မြေယာမဲ့နှုန်း၆၆ ရာခိုင်နှုန်းဖြင့် မြေမဲ့ယာမဲ့နှုန်းအမြင့်မားဆုံး ဒေသများထဲမှ တစ်ခုအပါအဝင်ဖြစ်ပါသည်။[၄]

ရှည်လျားသည့် ကမ်းရိုးတန်း ဒေသများ၊ မြစ်ချောင်းများ၊ ကန်များ နှင့် ရေလှောင်ကန်များရှိ ငါးမွေးမြူရေးလုပ်ငန်းသည် စားနပ်ရိက္ခာ၊ ဝင်ငွေ နှင့် အလုပ်အကိုင်အတွက် အရေးကြီးသည့် ရင်းမြစ်များအဖြစ် ပံ့ပိုးပေးပါသည်။ ရေခန်း ခြောက်လာခြင်း ၊ ဆားငန်ရေဝင်ခြင်းနှင့် ရေကြီးခြင်း အပါအဝင် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက် များသည် မြစ်ဝကျွန်းပေါ် ဒေသများရှိ ရပ်ရွာလူထု၏ ထိခိုက်လွယ်မှုကို ပိုမို ဆိုးရွားစေပါသည်။[၅]

၂၀၁၁ ခုနှစ်မှ စ၍ မြစ်ဝကျွန်းပေါ် ရှိ အထူးသဖြင့် အသက်မွေးမှုအတွက် အသေးစား ငါးလုပ်ငန်း(သို့စိုက်ပျိုးရေးလုပ်ငန်းများအပေါ် အများဆုံး မှီခိုနေရသည့် မြေယာမဲ့ အိမ်ထောင်စုများမှ အလုပ်အကိုင် အခွင့်အလမ်းများ ပိုများသည့် မြို့ပြ ဒေသများသို့ ရွှေ့ပြောင်းသွားလာမှု များ သိသိသာသာ တိုးတက်လာခဲ့ပါသည်။ မြစ်ဝကျွန်းပေါ် ဒေသရှိ အိမ်ထောင်စုများမှ ၁၉ရာခိုင်နှုန်းတွင် ရွှေ့ပြောင်းသွားလာသူများ ရှိနေပြီး အများစုမှာ သိသာ ထင်ရှားစွာ ရန်ကုန်မြို့သို့ ဦးတည် ရွှေ့ပြောင်းခဲ့ ပါသည်။[၆] မြို့ပြသို့ ရွှေ့ပြောင်း သွားလာခြင်းကြောင့် ကျေးလက်ဒေသများတွင် လုပ်သားရှားပါးမှုများ နှင့် စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်အားခများ တိုးမြင့်လာခြင်း ဖြစ်သည်။ ၂၀၁၃ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်းတွင် လုပ် အားခ ၃၂ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ပါသည်။[၇]

ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများနှင့် ဈေးနှုန်းချိုသာသည့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို ပိုမိုကောင်းမွန်စွာ လက်လှမ်းမီရရှိသည့် တောင်သူများသည် ၎င်းတို့၏ လယ်ယာများအား စက်မှုလယ်ယာ အဖြစ် ပြောင်းလဲမှုများ၊ လယ်ယာသုံး စက်ကိရိယာ ငှားရမ်းသည့် လုပ်ငန်းများ ပိုမိုတိုးမြင့်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရေးကဏ္ဍကို ထုတ်လုပ်နိုင်စွမ်းနှင့် အမြတ်အစွန်းရရန်တို့အတွက် ပိုမို ဆောင်ရွက်နိုင်ခဲ့ပါသည်။[၈]

အခြေခံ အဆောက်အဦ ဖွံ့ဖြိုးတိုးတက်မှု၊ အမြဲတမ်းစိုက်ပျိုးရေးသို့ ဦးတည် ဆောင်ရွက်လျက်ရှိခြင်းနှင့် ငွေကြေးဆိုင်ရာ လက်လှမ်းမီမှုတို့က ထုတ်လုပ်မှု ပိုမိုတိုးတက် ကောင်းမွန်အောင် ကူညီပံ့ပိုးပေးပါသည်။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုသည် လယ်ယာပြင်ပ တန်ဖိုးမြှင့်ကွင်းဆက်များ ဖွံ့ဖြိုးတိုးတက်မှုနှင့် ယှဉ်တွဲလျက်ပါလာမည်ဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ လယ်ယာကဏ္ဍ၏ ကုန်ထုတ်လုပ်မှုမတိုင်မီ လိုအပ်သည့် လုပ်ငန်းများနှင့်ထုတ်လုပ်ပြီးနောက် လိုအပ်သည့်လုပ်ငန်းများ၊ အထက်အောက်လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သည့် ဝန်ဆောင်မှု ပံ့ပိုးပေးသူများ ပေါ်ပေါက်လာခဲ့ပါသည်။ အလုပ်အကိုင်အသစ်နှင့် ဝင်ငွေတိုးအခွင့်အလမ်းများက ဝင်ငွေများ ပိုတိုးလာစေပြီး - ငါးမွေးမြူရေး လုပ်ငန်း လုပ်ကိုင်သူများကိုယ်တိုင် တိုက်ရိုက်ရရှိသည့် ဝင်ငွေ တဒေါ်လာတိုင်းမှ ဒေသခံကျေးလက် စီးပွားရေးအတွင်း နောက်ထပ် တစ်ဒေါ်လာထက်ပိုသော ဝင်ငွေကို ဖန်တီးပေးပါသည်။ ဤသို့တိုးတက်လာသည့် တန်ဖိုးမှာ ငါးမွေးမြူရေးကန်များတွင်အလုပ်လုပ်သည့်မြေယာမဲ့များနှင့် (၅ ဧကထက် နည်းသည့်) လုပ်ကွက်ငယ် အိမ်ထောင်စုများ နှင့် သက်ဆိုင်ပါသည်။[၉]

ဝင်ငွေရလမ်းအမျိုးမျိုး နှင့် ကျေးလက်ဒေသ လယ်ယာပြင်ပ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့သည် စီးပွားရေး အသွင်ကူးပြောင်းခြင်း ဖြစ်စဉ်တွင် ကျေးလက်ဒေသ အကူးအပြောင်းကာလ၏ သော့ချက် ဖြစ်ပါသည်။

## LIFT ၏ မြစ်ဝကျွန်းပေါ် အစီအစဉ်

မြစ်ဝကျွန်းပေါ် အစီအစဉ် - ၃ အား မြို့နယ် လေးခုဖြစ်သော ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း နှင့် ပုသိမ် တို့တွင် ဆက်လက်၍ အကောင်အထည်ဖော်လျက်ရှိပါသည်။ ဤအစီအစဉ်သည် LIFT ၏ မဟာဗျူဟာ အဆင့်မြင့် ရလဒ် ၄ ခု ကို ဆောင်ရွက် ပါသည် -

- ဆန်စပါး တန်ဖိုးမြှင့်ကွင်းဆက်တွင် လုပ်ကွက်ငယ်တောင်သူ တို့၏ နေရာကို ပိုမို ခိုင်မာအားကောင်းစေခြင်း - 'တက်လှမ်းခြင်း'
- လယ်ယာပြင်ပ ဝင်ငွေတိုးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ အလုပ်အကိုင်များနှင့် ရွှေ့ပြောင်းသွားလာခြင်းအတွက် ကူညီ ပံ့ပိုးခြင်းအပါအဝင် မြေယာမဲ့များနှင့် ဆင်းရဲနွမ်းပါးသည့်အိမ်ထောင်စုများအတွက် စီးပွားရေး အခွင့်အလမ်းသစ်များအား လက်လှမ်းမီမှု ပိုမိုကောင်းမွန်စေရန် - 'ထွက်ခွာခြင်း'
- ထိခိုက်လွယ်မှုများအား ဖြေရှင်းခြင်း- ပိုမိုကောင်းမွန်သည့် အာဟာရပြည့်ဝမှု၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ ကြွေးမြီတင်ရှိမှုများ လျော့ပါးစေခြင်း၊ သဘာဝဘေးအန္တရာယ် ကြိုတင် ပြင်ဆင်မှု၊ ရာသီ ဥတု ပြောင်းလဲမှုနှင့် လိုက်လျော ညီထွေစွာနေထိုင်ခြင်း - 'တောင့်ထားခြင်း'
- ဆင်းရဲနွမ်းပါးသူများအတွက် အကျိုးပြုမည့် မူဝါဒရေးဆွဲ ဖော်ဆောင်ရာတွင် အထောက်အကူပေးရန် နှင့် ပတ်သက်ဆက်နွယ်သူများနှင့် သင်ယူလေ့လာခြင်း၊ ညှိနှိုင်း ဆောင်ရွက်ခြင်းတို့အတွက် အကူအညီပေးရန်

၁။ မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးမှု ဆန်းစစ်ခြင်း- အပိုင်း ၂။ ၂၀၁၉ ဒီဇင်ဘာလ၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန နှင့် ကမ္ဘာ့ဘဏ် အုပ်စု

၂။ မြန်မာနိုင်ငံ လူနေမှုဘဝ နှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်း ၂၀၁၅-၂၀၁၆၊ ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာန

၃။ မြန်မာ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၊ ၂၀၁၅ မေလ

၄။ LIFT ၏ အိမ်ထောင်စု စစ်တမ်း ၂၀၁၅

၅။ ကမ္ဘာ့ဘဏ်၊ ရွှေ့လျားတိုးတက်နေသည့် တိုင်းပြည်၊ ၂၀၁၆

၆။ CHIME လေ့လာမှု၊ IOM ၂၀၁၈

၇။ မီချီဂန် ပြည်နယ် တက္ကသိုလ်၊ USAID၊ LIFT၊ CESD၊ IFPRI 'မြန်မာ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ စက်မှုလယ်ယာကဏ္ဍနှင့် စီးပွားရေးအခြေခံ ဖွဲ့စည်းတည်ဆောက်ပုံ ပြောင်းလဲခြင်း

၈။ မီချီဂန် ပြည်နယ် တက္ကသိုလ်၊ USAID၊ LIFT၊ CESD၊ IFPRI 'မြန်မာ့ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ စက်မှုလယ်ယာကဏ္ဍ နှင့် စီးပွားရေး အခြေခံ ဖွဲ့စည်းတည်ဆောက်ပုံ ပြောင်းလဲခြင်း'

၉။ မြန်မာနိုင်ငံ၏ ပြောင်းလဲလျက်ရှိသော ကျေးလက်စီးပွားရေး နှင့် LIFT ၏ စီမံကိန်းလုပ်ငန်းများအပေါ် သက်ရောက်မှုများ - စားနပ်ရိက္ခာ ဖူလုံရေး မူဝါဒ စီမံချက်မှ အထောက်အထား၊ MSU

| အကောင်အထည်ဖော်ရေး မိတ်ဖက်များ | တည်နေရာ | ဦးတည်ချက် |
| --- | --- | --- |
| **IOM** | ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း | ရွှေ့ပြောင်းသွားလာမှု နှင့် ဖွံ့ဖြိုးတိုးတက်မှုအား သုတေသနပြုရန် နှင့် အထောက်အကူပေးရန် |
| **Mercy Corps**<br>**Ar Yone Oo**<br>**Swiss Contact** | လပွတ္တာ | ထုတ်လုပ်သည့်တောင်သူလုပ်ငန်းများ အား ထောက်ပံ့ပေးခြင်း၊ မြေယာမဲ့ များ နှင့် အိမ်ထောင် စုများအား အသက်မွေးမှု၊ စီးပွားရေး နှင့် ဘဝရပ် တည်နိုင်စေ နိုင်မည့် ကျွမ်းကျင်မှုများ ဖွံ့ဖြိုး တိုးတက် စေခြင်း နှင့် ရွှေ့ပြောင်း သွားလာ ခြင်း ဆိုင်ရာ သတင်းအချက်အလက် နှင့် ရန်ကုန် အခြေစိုက် အလုပ်ရှင်များ နှင့် ချိတ်ဆက်ခြင်းများ |
| **Welthungerhilfe (WHH)** | ဘိုကလေး၊ မော်လမြိုင်ကျွန်း | တောင်သူအုပ်စုများ၊ မြေယာမဲ့ နှင့် ထိခိုက်လွယ် အိမ်ထောင်စုများ နှင့် စီးပွားရေးလုပ်ငန်း ငယ်များ အား လယ်ယာပြင်ပ အသက် မွေးမှု လုပ်ငန်း များ လုပ်ကိုင်နိုင်ရန် အကူအညီပေးခြင်း။ အာဟာရ ပြည့်ဝမှု နှင့် အခြေခံ တကိုယ်ရေ ကျန်းမာရေး ဆိုင်ရာ အမူအကျင့်များ မြှင့်တင်ခြင်း |
| **Save the Children** | လပွတ္တာ | ကလေး၏ ဘဝအစ ပထမ ရက်ပေါင်း ၁,၀၀၀ အတွင်း မိခင် နှင့် ကလေးများကို ငွေကြေးပံ့ပိုးခြင်း နှင့် အမူအကျင့်ပြောင်းလဲရေး သတင်းစကားများ အား မိခင်များထံ ပေးပို့ခြင်း |
| **WorldFish** | ဘိုကလေး၊ဒေးဒရဲ၊ ကျိုက်လတ်၊ ဖျာပုံ | လယ်ယာတွင်း သုတေသန ပြုခြင်း နှင့် ဖွံ့ဖြိုး တိုးတက်မှု နှင့် အိမ်ထောင်စု တနိုင်တပိုင် ငါးမွေးမြူရေး လုပ်ငန်းအငယ်စားများ ငါးမွေးမြူရေး လုပ်ငန်းအငယ်စားများ ကို အဆင့်မြှင့်တင်ခြင်း အဆင့်မြှင့်တင်ခြင်း |
| **World Vision International Myanmar** | ဘိုကလေး | အသက်မွေးမှု အမျိုးမျိုး ဖွံ့ဖြိုးတိုးတက်စေရန် နှင့် အသက်မွေးကျောင်းလုပ်ငန်း ရွေးချယ်စရာများ ပံ့ပိုး ပေးခြင်း |
| **Metta Development Foundation** | မော်လမြိုင်ကျွန်း နှင့် လပွတ္တာ | လယ်ယာအကြံပေးဝန်ဆောင်မှု၊ ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှု၊ စုပေါင်း သိုလှောင်မှု၊ ဈေးကွက် တင်မှု၊ တောင်သူ အဖွဲ့အစည်းများမှတဆင့် ဆန်စပါး ထုတ် လုပ်မှု၊ အရည်အသွေး နှင့် တန်ဖိုးများ တိုးမြှင့်ခြင်း |
| **Link Emergency Aid & Development (LEAD)** | လပွတ္တာ | ကျေးလက်ဒေသ လယ်ယာပြင်ပ စီးပွားရေး တွင် ဝင်ငွေ ရလမ်း များပြားစေရန် အသက်မွေးမှု ဆိုင်ရာ အထောက်အပံ့ပေးခြင်း |
| **Radanar Ayar** | မော်လမြိုင်ကျွန်း နှင့် ဘိုကလေး | ဒေသတွင်းမျိုးစပါး ထုတ်လုပ်ခြင်းအတွက် ထောက် ပံ့ပေးခြင်း၊ ရိတ်သိမ်းချိန်လွန် နည်းစနစ်များ ပိုမို ကောင်း မွန် စေခြင်း ၊ တောင်သူ ဦးဆောင်သည့် ပညာပေးရေး ဝန်ဆောင်မှုများ၊ စုပေါင်း ဈေးကွက် တင်ခြင်း နှင့် ပုဂ္ဂလိက ကဏ္ဍ နှင့် အကျိုးတူ လယ်ယာ လုပ်ကိုင် ခြင်း |
| **GRET** | မြို့နယ် (၈) မြို့နယ် | မြို့နယ် အခြေစိုက် CSO များအတွက် အသေးစား ထောက်ပံ့ငွေ ပေးခြင်း နှင့် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း |
| **NAG** | မြို့နယ် (၁၁) မြို့နယ် | ဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု - ဧရာဝတီ စိမ့်မြေ/ ရေတိမ်ဒေသ ရင်းမြစ်များ နှင့် ငါးလုပ်ငန်း ကဏ္ဍ စီမံအုပ်ချုပ်မှု တို့အား ပူးတွဲ စီမံခြင်း |
| **Metta Development Foundation** | ပုသိမ်မြို့အား အဓိကထား၍ မြစ်ဝ ကျွန်းပေါ် ဒေသ | မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု - မေတ္တာ ဖောင် ဒေးရှင်း နယ်ပယ်အတွင်း လူမှုစီးပွား လုပ်ငန်း တည်ထောင်ခြင်း၊ သုတေသန နှင့် မူဝါဒ ဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်း၊ မေတ္တာ၏ အဖွဲ့အစည်း ဆိုင်ရာ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း |
| **Welthungerhilfe (WHH) and CDI, University of Wagheningen** | လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ပုသိမ် | တိုင်းဒေသကြီးအတွင် ဆန်စပါး မျိုးစေ့ ကဏ္ဍ ဖွံ့ဖြိုးတိုးတက် ရေးအတွက် ထောက်ပံ့ ပေး ခြင်း၊ အစိုးရနှင့် ပုဂ္ဂလိက မျိုးစပါး မျိုးစေ့ စနစ် ကို အားကောင်းစေခြင်း |
| **ACCU** | ပုသိမ်၊ ဟင်္သာတ၊ ဒေးဒရဲ၊ ကျုံပျော်၊ မြောင်းမြ၊ သာပေါင်း၊ ဝါးခယ်မ၊ ရေကြည်၊ ဇလွန်၊ ဒိုက်ဦး၊ ပဲခူး၊ ကဝ၊ လက်ပံတန်း၊ နတ္တလင်း၊ ညောင်လေး ပင်၊ အုတ်ဖို၊ ပေါင်းတည်၊ ဖြူး၊ ပြည် နှင့် ဝေါ | ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ |

▲ ဇယား ၃.၁ - ၂၀၁၈ ခုနှစ်အတွင်း မြစ်ဝကျွန်းပေါ်တွင် LIFT မှ ထောက်ပံ့ထားသည့် စီမံချက်များ

| | | |
|---|---|---|
| **ECLOF** | ကျုံပျော် | ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ |
| **Fullerton** | ဒေါပုံ၊ ဟသ်ာတ၊ မအူပင်၊ မိတ္ထီလာ၊ မြောင်းမြ၊ ပုသိမ် | ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ |
| **PGMF** | ဘိုကလေး၊ ဓနုဖြူ၊ ဒေးဒရဲ၊ အိမ်မဲ၊ ဟသ်ာတ၊ အင်္ဂပူ၊ ကန်ကြီးဒေါင့်၊ ကျိုက် လတ်၊ ကျောင်းကုန်း၊ လပွတ္တာ၊ လေး မျက်နှာ၊ မော်လမြိုင်ကျွန်း၊ မြောင်း မြ၊ ငပုတော၊ ညောင်တုန်း၊ ပန်းတနော်၊ ပုသိမ်၊ ဖျာပုံ၊ ဝါးခယ်မ၊ ရေကြည်၊ ဇလွန် | ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ |
| **Proximity Designs** | ဘိုကလေး၊ ဓနုဖြူ၊ ဒေးဒရဲ၊ အိမ်မဲ၊ ဟသ်ာတ၊ အင်္ဂပူ၊ ကန်ကြီးဒေါင့်၊ ကွမ်းခြံ ကုန်း၊ ကျိုက်လတ်၊ ကျောင်းကုန်း၊ လပွတ္တာ၊ မအူပင်၊ မော်လမြိုင် ကျွန်း၊ မြောင်းမြ၊ ညောင်တုန်း၊ ဖျာပုံ၊ ဝါးခယ်မ၊ ဇလွန် | ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ |
| **VisionFund** | အိမ်မဲ၊ ဟသ်ာတ၊ မြောင်းမြ၊ ပုသိမ်၊ ဝါးခယ်မ | ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ |
| **YMCA** | မအူပင် | ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ |

စီမံချက်အတွက် LIFT ၏ ရင်းနှီးမြှုပ်နှံမှုမှာ ငွေကြေး ဆိုင်ရာတွင် အားလုံးပါဝင်စေမှု အစီအစဉ်အတွက် ကန်ဒေါ်လာ ၈ သန်း အပါအဝင် စုစုပေါင်း ကန်ဒေါ်လာ ၃၃ သန်းခန့် ရှိပါသည်။ လက်ရှိ စီမံကိန်းအား အဆုံးသတ်မှုကို ၂၀၁၉ နှစ်လယ်တွင် စတင်၍ ဆောင်ရွက်ရန် စီစဉ်ထားပါသည်။

စီမံကိန်း၏ တိုးတက်မှုများအား မူရင်း စီမံကိန်းမူဘောင် မဟာဗျူဟာ နှင့် နှိုင်းယှဉ် သုံးသပ်ရန်၊ ရယူခဲ့သည့် သင်ခန်းစာများအား အနှစ်ချုပ်ပြုစုရန် နှင့် စီမံကိန်း ဆောင်ရွက်ရန် ကျန်ရှိဆဲကာလတွင် လိုအပ်သည့် ချိန်ညှိ မှုများဆောင်ရွက်ရန် ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် လမ်းညွှန်ရန် မဟာဗျူဟာမြောက် သုံးသပ်ချက်များ ပေးရန် နှင့် ထပ်မံ အထောက်အကူပေးရန် ထိုက်တန် သည့် အချက်များ ဖော်ထုတ်ရန်အတွက် စီမံကိန်း သုံးသပ်ချက်အား ၂၀၁၈ခုနှစ်ဇူလိုင်လတွင် ပြင်ပ အကဲဖြတ် သုံးသပ်ရေး အကြံပေးတစ်ဦးမှ ဆောင်ရွက် ခဲ့ပါသည်။ မြစ်ဝကျွန်းပေါ် ၃ စီမံကိန်း၏ ယေဘုယျ စွမ်းဆောင်နိုင်ရည်အား **Organization for Economic Cooperation and Development (OECD)** ၏ ဖွံ့ဖြိုးရေးအကူအညီပေးရေး ကော်မတီ **(Development Assistance Committee -DAC)** ၏ ဖွံ့ဖြိုးရေး အကူအညီများ အကဲဖြတ်ရာတွင် အသုံးပြုသည့် ရွေးချယ်ရန် စံသတ်မှတ်ချက်ကို သုံး၍ အကဲဖြတ်ခဲ့ပါသည်။ စီမံချက်များ၏ စွမ်းဆောင်ရည်ကို အဆိုပါ ရွေးချယ်ရန် စံသတ်မှတ်ချက် နှင့် စုပေါင်း အကဲဖြတ်ပြီး စီမံချက်ဆိုင်ရာ လေ့လာ သင်ယူမှုများ၊ အသိအမြင်ဆိုင်ရာ နည်းနာများ၊မူဝါဒ နှင့် အလေ့ အကျင့် ဆိုင်ရာ ကူညီပံ့ပိုးမှုများ နှင့် ပတ်သက် ဆက်နွယ်မှုများ နှင့် အပြန် အလှန်ဆက်သွယ် ဆောင်ရွက်မှုများ ဆိုင်ရာ အောင်မြင်မှုများအား အရည်အသွေးအရ အကဲဖြတ် သုံးသပ်ခဲ့ပါသည်။ စီမံချက်အား 'စိတ်ကျေနပ်ဖွယ် ရှိသည် (သို့) စိတ်ကျေနပ်ဖွယ်ထက် ပိုမိုသည်' ဟု အကဲဖြတ်ခဲ့ပြီး ကျေနပ်ဖွယ်ကောင်းအောင် ထိရောက်မှု ရှိခြင်း၊ ကျား၊မ ရေးရာ တန်းတူညီမျှမှု နှင့် စွမ်းရည် ပြည့်ဝမှုတွင် ရှိသင့်သည့် လမ်းကြောင်းပေါ်တွင် လုံးဝနီးပါး ရှိခဲ့ပါသည်။

တွေ့ရှိချက်များမှ စီမံချက်၏ကျန်ရှိနေသည့် ကဏ္ဍများတွင် ဆက်လက် အာရုံစိုက်ရမည့် နယ်ပယ်များတွင် (၁) လက်ရှိအချိန်အထိရရှိခဲ့သည့် အောင်မြင်မှုများအား စုစည်းခြင်း (၂) မူဝါဒဆိုင်ရာလုပ်ငန်းများအတွက် အထောက်အကူ ပြုရန် မှတ်တမ်းတင်ခြင်းနှင့် လေ့လာ သင်ယူခဲ့သည့် သင်ခန်းစာများအား ဖြန့်ဝေခြင်း နှင့် (၃) ရေရှည်တည်တံ့ခြင်းတို့ကို ထည့်သွင်းရန် လိုအပ်ကြောင်း ဖော်ပြခဲ့ပါသည်။

## ၂၀၁၈ ခုနှစ်၏ စိတ်ဝင်စားဖွယ် အချက်များ

### ဆန်စပါး တန်ဖိုးမြှင့်ကွင်းဆက်တွင် လုပ်ကွက်ငယ် တောင်သူများ၏ နေရာကို ခိုင်မာအားကောင်းစေခြင်း

ဆန်စပါးကဏ္ဍသည် ယခုလက်ရှိဖွင့်သာမက မဝေးတော့သည့် အနာဂတ်ကာလအတွက်ပါ မြစ်ဝကျွန်းပေါ်ဒေသ စီးပွားရေး၏ အသက်သွေးကြောအဖြစ် ဆက်လက် ရှိနေမည် ဖြစ်သည်။ ဆန်စပါးစိုက်ပျိုးရေးသည် မြေယာမဲ့များအတွက် ကျပန်းအလုပ်အကိုင် အများစုကို ဖော်ဆောင်ပေးပြီး မြစ်ဝကျွန်းပေါ်ဒေသ စီးပွားရေး၏ အဓိကမောင်းနှင်အား ဖြစ်ပါသည်။ LIFT ၏ မြစ်ဝကျွန်းပေါ် စီမံချက်မှ တောင်သူအသင်းများ ဖွဲ့စည်းရန် အထောက်အပံ့ ပေးခြင်း၊ စိုက်ပျိုးရေး ပညာပေးမှုများနှင့် အကြံပေး ဝန်ဆောင်မှုများကို မြှင့်တင်ခြင်း၊ ပုဂ္ဂလိက ကဏ္ဍနှင့် အစိုးရတို့နှင့် ထိတွေ့ ဆောင်ရွက်ခြင်းနှင့် အရည် အသွေးနှင့် ပတ်သက်၍ ကြေညာထားသည့် (သို့) အရည်အသွေး ပြည့်မီကြောင်း အသိအမှတ်ပြု မျိုးစေ့များထုတ်လုပ်ခြင်းနှင့် ရောင်းချခြင်း၊ ပိုမို ကောင်းမွန်သည့် ရိတ်သိမ်းချိန်လွန် စီမံခန့်ခွဲမှုဖြင့် စုပေါင်းဝယ်ယူခြင်း နှင့် ရောင်းချခြင်း၊ ဈေးကွက်များ နှင့် ပုဂ္ဂလိက ကဏ္ဍတို့ နှင့် ချိတ်ဆက်ခြင်းနှင့် ကျေးလက်ဒေသ ငွေကြေး ထောက်ပံ့ခြင်း နှင့် ချေးငွေ လက်လှမ်းမီမှုတို့အတွက် အထောက်အပံ့ ပေးပါသည်။

### တောင်သူလယ်သမား အဖွဲ့အစည်းများ

တောင်သူလယ်သမား အဖွဲ့အစည်းများသည် တောင်သူများနှင့် ၎င်းတို့၏ ထုတ်ကုန်များအား တန်ဖိုးမြှင့် ကွင်းဆက်များထဲသို့ စုစည်းပေးခြင်း၊ အကျိုးအမြတ် ခွဲဝေရာတွင် သာတူညီမျှဖြစ်ရေးအတွက် ပံ့ပိုးပေးခြင်း၊ စီးပွားရေး ဖြစ်ထွန်းမှု တိုးတက်စေခြင်းနှင့် စားနပ်ရိက္ခာ စနစ်တစ်ခုလုံးကို ဒီမိုကရေစီနည်းအတိုင်း ဆောင်ရွက်ခြင်း တို့အတွက် ထိရောက်သည့် မောင်းနှင်အားများဖြစ်ပါသည်။ ယင်းမှာ အထူးသဖြင့် လုပ်ကွက်ငယ်တောင်ယာ လုပ်ငန်းများအတွက်ဖြစ်ပြီး တစုတစည်းတည်း ဆောင်ရွက်ပါက ထုတ်လုပ်သူများဘက်မှ တောင်းဆိုနိုင်အားနှင့် အမြတ်အစွန်း ရရှိမှုတို့ကို ပိုမို အားကောင်းစေနိုင်ပါသည်။ တောင်သူအသင်းအဖွဲ့ အသစ်များတည်ထောင်ခြင်းနှင့်

ရှိဆဲအသင်းအဖွဲ့များ ဖွံ့ဖြိုးခြင်းတို့မှာ လပွတ္တာရှိ Mercy Corps စီမံချက် နှင့် ဘိုကလေး ရှိ Welthungerhilfe/ GRET စီမံချက်တို့မှ ဆောင်ရွက်နေသည့် လုပ်ငန်းများ ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းပုံစံ၏ အခြေခံမှာ အုပ်စုဖွဲ့ ဆောင်ရွက်နိုင်ပြီး ပေါင်းစပ် ညှိနှိုင်းနိုင်သည့် တောင်သူများ အနေဖြင့် တောင်းဆိုနိုင်အား ပိုမို ကောင်းမွန်ပြီးမြင့်မားသည့် စွမ်းဆောင်ရည်နှင့် အဖွဲ့ဝင်များအတွက် ငွေရေးကြေးရေး ဆိုင်ရာ အကျိုးအမြတ်များ ရရှိစေမည့် စီးပွားဖြစ် ထုတ်လုပ်နိုင်စွမ်း ရရှိနိုင်မည်ဟူသည့် ယူဆချက်ပေါ်တွင် အခြေခံပါသည်။ သမဝါယမများ၊ အသင်းအဖွဲ့များနှင့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများ ပါဝင်သည့် စံပုံစံအမျိုးမျိုးအား အဆိုပါ ပုံစံများ၏စွမ်းဆောင်ရည်ကို အကဲဖြတ်မည့် ချဉ်းကပ်နည်းလမ်း အမျိုးမျိုးနှင့် အခွင့်အလမ်း အမျိုးမျိုးအား မြစ်ဝကျွန်းပေါ်ဒေသ တစ်ခုလုံးကို လွှမ်းခြုံပေးအပ်နိုင်ရန် အကောင်အထည် ဖော်လျက် ရှိပါသည်။

**Welthungerhilfe (WHH)/GRET** ၏ **Delta RISE** စီမံချက် မှ မြစ်ဝကျွန်းပေါ်အစီအစဉ်၂ အတွင်း ဖွံ့ဖြိုးလာသည့် ထုတ်လုပ်သူ အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့၏ ဖွဲ့စည်းပုံ တည်ဆောက်ရာတွင် သမဝါယမ အသင်းများ နှင့် အသင်းအဖွဲ့ပုံစံများအား အသုံးပြု၍ တန်ဖိုးမြှင့် ကွင်းဆက် တလျှောက် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် အားဖြည့် တည်ဆောက်ပေးပါသည်။ ထုတ်လုပ်သူ အဖွဲ့အစည်းများမှ ကုန်ထုတ်လုပ်မှုပမာဏ များ ပိုမို တိုးတက်စေခြင်း၊ စံသတ်မှတ်ခြင်းနှင့် ကုန်ထုတ်လုပ်မှု ချောမွေ့စေခြင်းနှင့် ချဉ်းကပ်နည်းလမ်း အသစ်များ နှင့် နည်းပညာအသစ်များ မိတ်ဆက်ခြင်းမှ တဆင့် ကုန်ထုတ်လုပ်မှု စရိတ် လျှော့ချခြင်းကဲ့သို့ အုပ်စုအခြေပြု ပြဿနာ ဖြေရှင်းနည်းလမ်းများအား မြှင့်တင်ခဲ့ကြပါသည်။ GRET နှင့် WHHတို့က ထုတ်လုပ်သူ အဖွဲ့အစည်းများအား ပံ့ပိုးရာတွင် အနည်းငယ် ကွာခြားသည့် ချဉ်းကပ် နည်းလမ်းများ အသုံးပြုပါသည်။ GRET မှ ထုတ်လုပ်သူ အဖွဲ့အစည်းများအား အစုအဖွဲ့ အဆင့်တွင် ပံ့ပိုးကူညီပေးပြီး WHH မှာမူ ကျေးရွာအဆင့်ကိုသာ ဦးတည်ချက် ထား၍ ကူညီလျက် ရှိပါသည်။ GRET နှင့် WHH နှစ်ဖွဲ့ဖြင့် ဆောင်ရွက်သည့် စီမံချက်တွင် အဖွဲ့ဝင်ပေါင်း ၁,၁၄၃ ဦး (အမျိုးသမီး ၂၄ ရာခိုင်နှုန်း) ပါဝင်သည့် ထုတ်လုပ်သူ အုပ်စု ၄၂ ဖွဲ့ အား အကူအညီ ပေးလျက်ရှိပါသည်။ ၂၀၁၈ခုနှစ် ကုန်ပိုင်းတွင် ထုတ်လုပ်သူ အုပ်စုများ အနေဖြင့် ရန်ပုံငွေ နှင့် စုဆောင်းငွေ ကျပ် ၅၀၉,၀၀၀,၀၀၀ (ကန်ဒေါ်လာ ၄၃၀,၀၀၀) ထိ စုဆောင်းမိခဲ့ခြင်းသည် - အဆိုပါ အသင်းအဖွဲ့ ပုံစံများ ဖွဲ့စည်းခြင်းဖြင့် စုစည်းရရှိလာသည့် ငွေရေးကြေးရေးဆိုင်ရာ အကျိုးအမြတ်များ အဖြစ် ရှင်းလင်းပြတ်သားသည့် ညွှန်ပြချက် ဖြစ်ပါသည်။

**Mercy Corps** ၏ လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း စီမံချက် မှ ဈေးကွက် အခြေပြု အစီအမံများ ကို မြှင့်တင်ပေးသည့် ကူညီဆောင်ရွက်သည့် ချဉ်းကပ်နည်းလမ်းကို ကျင့်သုံးခဲ့ပါသည်။ တောင်သူများသည် ရင်းမြစ်များ တစုတစည်းတည်း စုစည်းပြီး ပုဂ္ဂလိက ကဏ္ဍမှာ ဆန်စက်များ၊ သွင်းအားစု ရောင်းချသူများ နှင့် ကုန်သည်များနှင့် ချိတ်ဆက်မှုများ တည်ဆောက်၍ ကောင်းစွာ စီမံခန့်ခွဲမည့် လယ်ယာကုန်ထုတ်လုပ်သူများအဖွဲ့ **(Farmer Producer Enterprises- FPEs)** များ စုပေါင်းဖွဲ့စည်းခဲ့ပါသည်။ စီမံချက်မှ ဈေးကွက်အခြေပြု အစီအစဉ်များ ကျင့်သုံးနေသည့် တောင်သူပေါင်း ၂,၂၀၀ ကျော် (၂၃ ရာခိုင်နှုန်းမှာ အမျိုးသမီး) တို့ဖြင့် လယ်ယာ ကုန်ထုတ်လုပ်သူ အဖွဲ့ပေါင်း ၇၇ ဖွဲ့ကို တည်ထောင်ပေးခဲ့ပါသည်။ ဆန်စပါးများ စုပေါင်း သိုလှောင်သည့်အစီအစဉ်မှာ လယ်ယာ ကုန်ထုတ်လုပ်သူ အဖွဲ့များကြား လူကြိုက်များသည့် အစီအစဉ် အဖြစ် ဆက်လက် ရှိနေပါသည်။ ၂၀၁၈ ခုနှစ် အတွင်းတွင် လယ်ယာ ကုန်ထုတ်လုပ်သူများအဖွဲ့ ၅၀ (တောင်သူ ၈၇၅ ဦးနီးပါး)မှ စုစုပေါင်း ကန်ဒေါ်လာ တန်ဖိုး၂၁၅,၀၀၀ ရှိ ဆန်တင်းပေါင်း ၃၁,၈၁၃ တင်း (၆၆၅ တန်)[၁၀] ကို စုပေါင်း သိုလှောင်ရုံတွင် သေချာစွာ ထားနိုင်ရန် လုံလောက်သည့် အဆောက်အဦ များ ရှိစေမည့် နည်းလမ်းများကို ကိုယ်တိုင်စီစဉ် ဆောင်ရွက်ခဲ့ကြပါသည်။

မေတ္တာ၏ အားလုံးပါဝင်စေသော တိုးတက်ထွန်းကားမှုနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုအတွက် တောင်သူများ စီမံခန့်ခွဲသော စီမံချက် မှ ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများ **(Village Track Development Organisations - VTDOs)** များအား တည်ထောင်ပေးခြင်းဖြင့် တောင်သူများအား စည်းရုံး ပေးလျက်ရှိပါသည်။ VTDO များ သည် သီးနှံလှောင် ချေးငွေ **(Inventory credit -IC)** အစီအစဉ်များ အပါအဝင် ဦးတည် နယ်ပယ် အမျိုးမျိုး ရှိပါသည်။ ယခုအချိန်တွင် လပွတ္တာ နှင့် မော်လမြိုင်ကျွန်းမြို့နယ် များတွင် ရွာသုံးရွာစီ ဖြင့် ဖွဲ့ စည်း ထားသည့် IC ၁၂ ခု ရှိပြီး ဖြစ်ပါသည်။ စုပေါင်း သိုလှောင်ရုံများတွင် IC အစီအစဉ်များ မြှင့်တင်ခြင်း နှင့် ဆန်စပါးရောင်းချခြင်း ကြီးထွားလာခဲ့ပြီး တောင်သူများကြားလွန်စွာ လူကြိုက် များလျက် ရှိပါသည်။ ၂၀၁၈ ခုနှစ် တလျှောက်တွင် တောင်သူ ၆၀ဦး မှ ပါဝင်ဆောင်ရွက်သည့် တောင်သူ များ အတွက် ခန့်မှန်းချေ အကျိုးအမြတ် ကန်ဒေါ်လာ ၇,၁၀၀ ရှိသည့် နွေစပါး ၈,၁၀၀ တင်း (၁၆၉ တန်) များ စုဆောင်းထားရှိရန်အတွက် ဤအစီအစဉ်ကို အသုံးပြုခဲ့ပါသည်။ [၁၁]

တောင်သူလယ်သမား အုပ်စုများဖွဲ့စည်းခြင်း နှင့်၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ပုံကို အကဲဖြတ်သုံးသပ်ခြင်း အား ဖြစ်နိုင်ချေ ရှိသည့် စီးပွားရေးလုပ်ငန်း ပုံစံအဖြစ် ထားရှိခြင်း မှာ မြစ်ဝကျွန်းပေါ် စီမံချက် အဆင့် ၂ နှင့် ၃ ၏ အာရုံစိုက်မှု ဖြစ်ပြီး စီမံချက် မှ အကဲဖြတ်သုံးသပ်မှု နှင့် သင်ယူလေ့လာမှုကို ကိုင်တွယ်ရာတွင် - ထိရောက်မှု အရှိဆုံးနှင့် ရေရှည်တည်တံ့မည့် တောင်သူ တောင်သူ အဖွဲ့အစည်းများက မည်သည်တို့ ဖြစ်သနည်း၊ ထို အဖွဲ့အစည်းများ ဖြစ်လာရန် မည်သို့ ရယူ အောင်မြင် နိုင်မည်နည်း ဟူသော မေးခွန်းကိုဖြေဆိုရန်ဖြစ်သည်။ လုပ်ကွက်ငယ်တောင်သူများအနေဖြင့် တန်ဖိုးမြှင့် ကွင်းဆက်တွင် ပါဝင်ဆောင် ရွက်ရန် တောင်သူ လယ်သမား အဖွဲ့အစည်းများသည် ထိရောက်သည့် လမ်းကြောင်းဖြစ်သည်မှာ ထင်ရှားပါသည်။ အဆိုပါ အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များမှ ပံ့ပိုးပေးသည့် ဝန်ဆောင်မှုများ မှ လုပ်ကွက်ငယ် တောင်သူများ၏ ထုတ်ကုန် ဈေးနှုန်းများ မြင့်မားစေခြင်း နှင့် ချေးငွေ လက်လှမ်းမီမှု တိုးတက်စေခြင်း ရလဒ်များ ရရှိခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်၃ အစီအစဉ်အား ပြင်ပ မှ သုံးသပ်ချက်များ နှင့် စီမံချက်မှ မြှင့်တင်ပေး လိုက်သည့် တောင်သူလယ်သမား အဖွဲ့အစည်းများမှ အဆိုပါ အဖွဲ့အစည်းများ တည်ထောင်ပြီး လုပ်ငန်း ဆောင်ရွက်နိုင်သည့် အဖွဲ့များအဖြစ် ကြီးထွားလာစေရန်သိသာ

၁၀။ စပါး ၁ တင်း မှာ ၂၀.၉ ကီလိုဂရမ် နှင့် ညီပါသည်။

၁၁။ စီမံချက် အဆုံး အကဲဖြတ် သုံးသပ်မှု PowerPoint Presentation၊ မတ် ၂၀၁၉

ထင်ရှားသည့် အထောက်အပံ့လိုကြောင်း အသိအမှတ်ပြုပေးခဲ့ပါသည်။ အဆိုပါ အဖွဲ့အစည်းများ လက်တွေ့လုပ်ကိုင်နိုင်ပြီး ရေရှည် တည်တံ့နိုင်ရန် ရှေ့ပြေးလိုအပ်ချက်များ ရှိပါသည် - ဆန်စပါးသည် အမြတ်အစွန်းနည်းသည့် သီးနှံ ဖြစ်သည်ကို သတိပြုလျက် တန်ဖိုးထပ်ပေါင်းထည့်ပေးသည့် ဘက်စုံ တန်ဖိုးမြှင့်ကွင်းဆက်၊ ကျေးရွာအဆင့် တောင်သူအဖွဲ့အစည်းများအား ရေရှည်တည်တံ့မှုနှင့် တိုးချဲ့နိုင်ရန် အဖွဲ့တစ်ခုတည်းအဖြစ် ပေါင်းစည်းခြင်း၊ တောင်သူများအနေဖြင့်သမဝါယမဖြစ်ထွန်းလာစေ ရန် ၎င်းတို့ကိုယ်ပိုင် ငွေရေးကြေးရေးဆိုင်ရာ ရင်းမြစ် များအား ရင်းနှီးမြှုပ်နှံခြင်း၊ ဆိုလိုသည်မှာ ပိုင်ဆိုင်မှု ရယူခြင်း နှင့် ငွေကြေးဆိုင်ရာ လက်လှမ်းမီမှုတို့မှာ အလွန်အရေးကြီးပါသည်။ အဆိုပါ အခြင်းအရာများ မရှိပါက အောင်မြင်မှုရနိုင်ချေများလည်း ပျောက်ကွယ် သွားမည် ဖြစ်ပါသည်။

## အရည်အသွေးမြင့် စပါး မျိုးစေ့ ထုတ်လုပ်မှု နှင့် ဖြန့်ချီမှု ပိုမိုကောင်းမွန်စေခြင်း

မြစ်ဝကျွန်းပေါ်ဒေသရှိ လက်ရှိ စိုက်ပျိုး ဂေဟ ဇုန်များနှင့် သင့်လျော်စေရန် စီမံထားသည့် အရည်အသွေးမြင့် စပါးမျိုးကောင်း မျိုးသန့်များလက်လှမ်း မီရရှိခြင်းသည် အထွက်တိုးရန်နှင့် ဆန်စက်များသို့ ပို့သည့် ဆန်စပါးများသည် အမျိုးတူများ ဖြစ်ရန် သေချာစေရန် အတွက် ရှေ့ပြေး လိုအပ်ချက်ဖြစ်ပါသည်။ [၁၂]

လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားပြီးအထွက်တိုး စပါးမျိုးများ၏ အရည်အသွေးကောင်းမျိုးစေ့ကိုအသုံးပြုခြင်း မှာ မြန်မာနိုင်ငံရှိဆန်စပါး တန်ဖိုးမြှင့် ကွင်းဆက်၏ အဓိက အကျပ်အတည်းများထဲမှာ တစ်ခုဖြစ်ပါသည်။[၁၃၊ ၁၄၊ ၁၅] ဤ အကျပ်အတည်းကို ဖြေရှင်းရန် LIFT မှ တောင်သူများအနေဖြင့် အရည်အသွေး ကြေညာပြီး (သို့) အသိအမှတ်ပြုပြီးသည့် ဆန်စပါး မျိုးစေ့များ ထုတ်လုပ်ခြင်း နှင့် မျိုးစပါး စီးပွားရေး ဖွံ့ဖြိုးလာစေရန် အာရုံစိုက်ဆောင်ရွက် မည့်စီမံချက် ငါးခုဖြင့် အထောက်အပံ့ ပေးထားပါသည်။ **Welthungerhilfe (WHH)/Centre for Development of Innovation (CDI), Wageningen** တက္ကသိုလ်၏ ဆန်းစပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Rice Seed Sector Develoment - RSSD) စီမံချက်က ဆန်စပါးမျိုးစေ့ကဏ္ဍ တစ်ခုလုံး ဖြစ်ထွန်းစေရန်နှင့် စိုက်ပြီး အခြေခံ မျိုးသန့်မျိုးစေ့ ထုတ်လုပ်ခြင်း၊ မှတ်ပုံတင် မျိုးစပါး ထုတ်ပေးခြင်း၊ တောင်သူအခြေပြု မျိုးစပါး ထုတ်လုပ်ခြင်း နှင့် မျိုးစေ့ဆိုင်ရာ စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ ပါဝင်သည့် အတွက် စိုက်ပျိုးရေးဦးစီးဌာနကို အကူအညီပေးခြင်းတို့ကို လည်း အာရုံစိုက်ပါသည်။ စုပေါင်း အာမခံစနစ် **(Participatory Guarantee System- PGS)** လုပ်ကိုင်ရန်လျှောက်ထားသူ လုပ်ကွက်ငယ် မျိုးစပါး စိုက်ပျိုးသူ ၂၂ ဦး နှင့် အစုအဖွဲ့ ၁၃ ခု တို့ အားရွေးချယ်၍ စီးပွားရေးအရ ရင်းနှီးမြှုပ်နှံမှု အမျိုးမျိုး လုပ်ကိုင်ရန် အတွက် ရန်ပုံငွေ စုစုပေါင်း ကန်ဒေါ်လာ ၁၁၀,၀၀၀ ထောက်ပံ့ပေးခဲ့ပါသည်။ အဆိုပါ ထောက်ပံမှုများတွင် လယ်ယာသုံးစက်ကိရိယာ နှင့် သိုလှောင်ရုံ များအတွက် ရင်းနှီးမြှုပ်နှံမှုများပါ ပါဝင်ပါသည်။

ပုဂ္ဂလိကမျိုးစေ့ ကုမ္ပဏီများအနေဖြင့် အရည်အသွေး အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့များ ရောင်းချနိုင်ရန် စီးပွားရေး စွမ်းဆောင်ရည် မြှင့်တင်နိုင်ရန် အတွက် စီမံချက်မှ ပံ့ပိုးပေးသည့် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ စုစုပေါင်း ကန်ဒေါ်လာ ၁၀၀,၀၀၀ ကို ရရှိနိုင်ရန် ကုမ္ပဏီ ငါးခုမှ စရိတ်မျှခံသည့် ရန်ပုံငွေ သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ပါသည်။ အဆိုပါ ရန်ပုံငွေများ အား မျိုးစေ့ အခြောက်ခံစက်များ၊ မျိုးစေ့များ ပြုပြင်စီရင်သည့် စက်ကိရိယာ၊ မျိုးသန့်စေသည့် ကိရိယာများ ဝယ်ယူရန် နှင့် သိုလှောင်ရုံများ တည်ဆောက်ရန်အတွက် အသုံးပြုကြပါသည်။

ရန်ပုံငွေများအား ခိုင်မာသည့် လုပ်ငန်းစီမံချက်များ ဖော်ဆောင်နိုင်မှုကို အခြေခံ၍ ထောက်ပံ့ပေးခဲ့ပြီး စီမံချက်မှ စီးပွားရေး လုပ်ငန်းများအား မျိုးစေ့လုပ်ငန်းကိုတည်ထောင်ရာတွင် လမ်းညွှန်ပေးခဲ့ပါသည်။ ရန်ပုံငွေ ပံ့ပိုးခြင်း နှင့် လမ်းညွှန်မှုပေးခဲ့ခြင်းမှ စီမံချက်ကို ကျော်လွန်၍ လုပ်ငန်းများရေရှည်တည် တံ့မှုပိုမိုကောင်းမွန်စေရန် ဖြစ်သည်။ အသိအမှတ်ပြု လက်မှတ် ရှိသည့် မျိုးစပါး ဝယ်လိုအားကလည်း လုပ်ငန်းများ၏ ရေရှည်တည်တံ့မှုအတွက် ပံ့ပိုးပေးပါသည်။ တောင်သူများအတွက် အသိအမှတ်ပြုမျိုးစေ့များ ရရှိရန် အဓိကကျသည့် အချက်မှာ ခိုင်မာအားကောင်းသည့် အရည်အသွေး အာမခံစနစ် ဖြစ်သည်။ RSSDစီမံချက်မှ ပုသိမ်မျိုးစေ့ ဓါတ်ခွဲခန်း၏ လုပ်ထုံးလုပ်နည်း များကို ISTA [၁၆] စံနှုန်းများနှင့် အညီ ခေတ်မီစေရန် နှင့် အဆင့်မြှင့်တင်ရန် ရင်းနှီးမြှုပ်နှံ ပေးထားပါသည်။ စီမံချက်မှ စိုက်ပျိုးသူများအား မှတ်ပုံတင်မျိုးစေ့များ ပံ့ပိုးပေးရန် နှင့် သီးသန့်ဆန်စပါး အမျိုးအစားများ အတွက် ဝယ်လိုအားများကို စောင့်ကြည့်ရန် စိုက်ပျိုးရေး ဦးစီးဌာန အတွက် အရေးကြီးသည့် သတင်းအချက်အလက်များ ပံ့ပိုးပေးရန် အတွက် အခြေခံ မျိုးစေ့ ဝယ်လိုအား ခန့်မှန်းရာတွင် အထောက်အကူပြုမည့် မိုဘိုင်းလ် စမတ်ဖုန်း အက်ပလီကေးရှင်း တီထွင်ရာတွင် အထောက်အပံ့ ပေးခဲ့ပါသည်။

**WHH/GRET** ၏ **Delta RISE** စီမံချက် မှ စုပေါင်း အာမခံစနစ်၏ အသိအမှတ်ပြုမှုအောက်တွင် အရည်အသွေး ပြည့်မီသည့် မျိုးစေ့စိုက်ပျိုးသူ ၇၇ ဦးရှိပါသည်။ ၂၀၁၈ ခုနှစ်အတွင်းတွင် အရည်အသွေးပြည့်မီသည့် မျိုးစေ့ တန် ၁၈၀ ထုတ်လုပ်ခဲ့ပါသည်။ အသိအမှတ်ပြု မျိုးစေ့ စိုက်ပျိုးသူ တောင်သူ များ ရရှိသည့် ပျမ်းမျှ အမြတ်မှာ ခန့်မှန်းချေ ကျပ် ၃၇၀,၀၀၀ (ကန် ဒေါ်လာ ၂၅၆) ခန့်ရှိပါသည်။ စီမံချက်မှ တောင်သူများအား စနစ်တကျ မျိုးစေ့ထုတ်လုပ်သူများ ဖြစ်လာစေရန် သင်တန်းပေးခြင်း၊ မှတ်ပုံတင် မျိုးစေ့များ ပံ့ပိုးပေးခြင်း၊ ထုတ်လုပ်သူများအနေဖြင့် မျိုးစေ့များ စမ်းသပ်စစ်ဆေးရန် နှင့် အသိအမှတ်ပြု လက်မှတ်ရယူနိုင်ရန် စိုက်ပျိုးရေး ဦးစီးဌာန နှင့် ချိတ်ဆက်ပေးခြင်း၊ ဈေးကွက်များ နှင့် ချိတ်ဆက်ပေးခြင်း၊ ထုတ်လုပ်သူ အဖွဲ့များ ဖွဲ့စည်းပေးခြင်း နှင့် အချို့အဖွဲ့များအား အသင်းအဖွဲ့များအနေဖြင့် မှတ်ပုံတင်ပေးခြင်းတို့ ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ အလားတူပင် လပွတ္တာနှင့် မော်လမြိုင်ကျွန်းတွင် မေတ္တာမှ အကောင်အထည်ဖော်လျက်ရှိသည့် စီမံချက်မှ မျိုးစပါး စိုက်ပျိုးသူ ၈၄ဦးတို့မှ ဒေသတွင်းဝယ်လိုအားရှိသည့် အရည်အသွေးမြင့် မျိုးစေ့အမျိုးအစားများအား မြေ ၈၆ ဧက ပေါ်တွင် စိုက်ပျိုးလျက် ရှိပါသည်။၂၀၁၈ခုနှစ် မိုးရာသီအတွင်းတွင် အသိအမှတ်ပြု မျိုးစပါး၄,၇၀၀တင်း (၉၈တန်) ထွက်ရှိခဲ့ပါသည်။ မျိုးစေ့ ထုတ်လုပ်သူများမှ မျိုးစေ့ ဈေးနှုန်းမှ ပရီမီယမ်ကြေး ကျပ် ၃,၀၀၀ မှ ၅,၀၀၀

၁၂။ ကမ္ဘာ့ဘဏ် ၂၀၁၇။ ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှု အစီရင်ခံစာ ၂၀၀၈- ဖွံ့ဖြိုးမှု အတွက် စိုက်ပျိုးရေး၊ ကမ္ဘာ့ဘဏ်၊ ဝါရှင်တန် ဒီစီ

၁၃။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ၂၀၁၅။ အမျိုးသားပို့ကုန် မဟာဗျူဟာ၊ ဆန်စပါးမျိုးစေ့ မဟာဗျူဟာ ၂၀၁၅-၂၀၁၉၊ နေပြည်တော်၊ မြန်မာ

၁၄။ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန နှင့် IRRI၊ ၂၀၁၅။ မြန်မာ ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ၊ နေပြည်တော်၊ မြန်မာ

၁၅။ ဘရိုအက်ခ်၊ ဂျေအေဗန် ဒန်၊ ဆူဘောဒီ၊ အေ၊ ဂျွန်ဂဲလန်းန်၊အက်ဖ်၊ လင်းဦး၊ အန်န်၊ ၂၀၁၅၊ မြန်မာနိုင်ငံ မျိုးစပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းများ-လေ့လာမှု။ ဆန်းသစ်တီထွင်မှုဖွံ့ဖြိုးရေးဗဟိုဌာန၊ ဂါက်ဂ်ဂန်နင်ဂန် တက္ကသိုလ် နှင့် သုတေသန

၁၆။ အပြည်ပြည်ဆိုင်ရာ မျိုးစေ့စမ်းသပ်စစ်ဆေးရေး အဖွဲ့

(ကန်ဒေါ်လာ ၂ မှ ၃.၅ ) ကြား ပေးသွင်းခဲ့ရကြောင်း ပြောကြားခဲ့ပါသည်။ ရတနာ ဇေရာမှ ဦးဆောင်သည့် ဘက်စုံစိုက်ပျိုး-စီးပွားလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး **(IARD)** စီမံချက်မှ ဘိုကလေးနှင့်မော်လမြိုင်ကျွန်း မြို့နယ်ရှိ ရွာပေါင်း ၆၀ တွင် တောင်သူ ၁၀၉ ဦးအား အရည်အသွေး ပြည့်ဝသည့် မျိုးစေ့များ စိုက်ပျိုးစေနိုင်ခဲ့ပါသည်။ ထိုတောင်သူများ စုပေါင်း၍ အရည်အသွေးပြည့်ဝသည့် မျိုးစပါး စုစုပေါင်း ၁၁,၈၈၉ တင်း ( ၂၄၈ တန်) ကို စိုက်ပျိုးထုတ်လုပ်ပေးခဲ့ပါသည်။

မြစ်ဝကျွန်းပေါ်ရှိ တောင်သူလယ်သမားများ အနေဖြင့် အရည်အသွေးပြည့် မျိုးစေ့များ ထုတ်လုပ်ခြင်း နှင့် ဖြန့်ချီခြင်းတို့ ဆောင်ရွက်နိုင်ရန် သိသာထင်ရှားသည့် ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်ခဲ့ပါသည်။ မြစ်ဝကျွန်းပေါ် အစီအစဉ်၏ အကဲဖြတ် သုံးသပ်ခြင်း နှင့် လေ့လာသင်ယူခြင်း မေးခွန်းမှာ - အရည်အသွေးပြည့်မီသည့် မျိုးစေ့ဆင့်ပွားခြင်း နှင့် ဖြန့်ချီခြင်း တို့အတွက် ကျွမ်းကျင်ပိုင်နိုင်မှု အရှိဆုံးနှင့်ရေရှည် တည်တံ့မှု အရှိဆုံး ပေါင်းစပ်ထားသည့် ပုံစံမှာ မည်သည်တို့ ဖြစ်သနည်း ဖြစ်ပါသည်။ တောင်သူများ အနေဖြင့် ထုတ်လုပ်မှု စနစ်တွင် အရည်အသွေးပြည့် မျိုးစပါးများ ပုံမှန်အသုံးပြုခြင်း၏ အားသာချက်များကို တွေ့ရှိသဖြင့် ဝယ်လိုအား တိုးတက်လာမည်ဟု မျှော်မှန်းထားပါသည်။ မြစ်ဝကျွန်းပေါ် ၃ အစီအစဉ်တွင် LIFT မှ ဆောင်ရွက်ခဲ့သည့်လုပ်ငန်း အဆင့်များ မှ မျိုးစပါး ထုတ်လုပ်ခြင်း နှင့် ဖြန့်ချီခြင်းတွင်အရေး ပါသည့် ပုဂ္ဂလိက အခန်းကဏ္ဍ ပါဝင်သည့် ဝယ်လိုအား တိုးတက်စေရန် မျှော်မှန်းချက်အား ပြည့်မီစေရန်အတွက် မျိုးစပါး ကဏ္ဍအား ခိုင်မာသည့် အခြေခံကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ [၁၇]

## လယ်ယာ အကြံပေးလုပ်ငန်းများ

တောင်သူအုပ်စုဝင်များမှ တောင်သူလယ်သမားများအား သင်တန်းပေးသည့် ပုဂ္ဂလိက နှင့် အစိုးရ ကဏ္ဍမှ ပံ့ပိုးမှုများ ပိုမိုများပြားလာပါသည်။ စိတ်ဝင်စားသည့် တောင်သူများအား အခြား အဖွဲ့ဝင်များကို အခြေခံ ပညာပေးခြင်း (မိမိ သဘောဆန္ဒ အလျောက် သို့မဟုတ် သင်တန်းကြေး အနည်းငယ်ဖြင့်)အား မည်သို့ ဆောင်ရွက်ရမည်ကို သင်တန်းပေးလျက်ရှိပြီး သွင်းအားစု ပေးသွင်းသူများမှ ၎င်းတို့၏ ထုတ်ကုန်များနှင့် ပတ်သက်၍ အခြေခံ အကြံဉာဏ်ပေးနိုင်ရန် အစီအစဉ်များ ဆောင်ရွက်ပေးလျက် ရှိပါသည်။စီမံချက်များမှ စိုက်ပျိုးရေးဦးစီးဌာန (DoA) နှင့် ပိုမိုကောင်းမွန်သည့် ချိတ်ဆက်မှု များ မြှင့်တင်လျက်ရှိပြီး စီမံချက်၏ ပညာပေးရေး လုပ်ငန်းများတွင် ဌာနမှ ဝန်ထမ်းများ ပါဝင်ဆောင်ရွက်စေပြီး အကြံပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အဓိကတောင်သူများအား သင်တန်းနည်းပြများအဖြစ် လေ့ကျင့်သင်ကြားပေး လျက်ရှိပါသည်။ မကြာသေးမီ နှစ်များအတွင်း စိုက်ပျိုးရေး ဦးစီးဌာန၏ ရင်းမြစ်များ နှင့် ပညာပေးခြင်းလုပ်ငန်းများ တိုးတက်လာခဲ့သော်လည်း ဒေသအများအပြားကိုစနစ်တကျ လွှမ်းခြုံနိုင်ရန်အတွက် ရင်းမြစ်များ လုံလောက်မှု မရှိသေးပါ။ မြစ်ဝကျွန်းပေါ်ရှိ ဆန်စပါး တန်ဖိုးမြှင့် ကွင်းဆက်တွင် ပညာပေး ဝန်ဆောင်မှုများအား တောင်သူ ၁၅,၀၀၀ ဦးခန့်စီအထိ ရောက်ရှိခဲ့ပြီး သိသာထင်ရှားသည့် အထွက်နှုန်းတိုးခြင်း ရလဒ်ကို လည်း ရရှိခဲ့ပါသည်။

မြစ်ဝကျွန်းပေါ်တွင် လယ်ယာ အကြံပေးလုပ်ငန်းများတွင် ပုဂ္ဂလိကနှင့် အစိုးရ၏ ရင်းမြစ်များနှင့် ကျွမ်းကျင်မှုများ ထည့်ပေါင်းခြင်းမှာ အစပျိုးသည့် အဆင့်တွင်သာ ရှိနေသေးသော်လည်း စတင်ဖွံ့ဖြိုးလာနေပြီ ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်အတွင်းတွင် လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း (LLM) စီမံချက်မှ သွင်းအားစု ပံ့ပိုးပေးသည့် ကုမ္ပဏီကြီးဖြစ်သည့် ဩဘာ အပါအဝင် ပုဂ္ဂလိက ကုမ္ပဏီများနှင့် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ကွင်းဆင်း ဝန်ထမ်းများအား အသုံးပြုသည့် ပညာပေးခြင်း ပုံစံကို ဆက်လက် အသုံးမပြုတော့သဖြင့် ဩဘာမှ အခြားနည်းလမ်းများ ရှာဖွေခဲ့ပြီး "ထွက်တိုး" မိုဘိုင်းလ်အက်ပ် ရရှိအောင် ထီထွင်ခဲ့ပြီး မြေဆီလွှာ စစ်ဆေးခြင်းအပါအဝင်၎င်း၏ ဝန်ဆောင်မှုများကို ချဲ့ထွင်ခဲ့ပါသည်။၂၀၁၈ခုနှစ်အတွင်းတွင် LLM စီမံချက်မှ **Greenway** နှင့် **Proximity Designs** တို့မှ တီထွင်ပြီး မြှင့်တင်ပေးသည့် အခြား မိုဘိုင်းလ် အက်ပ် နှစ်မျိုးအား ဆက်လက် ကူညီ ဆောင်ရွက်ပေးခြင်း အပြင် ဩဘာနှင့် ပူးပေါင်း၍ မိုဘိုင်းလ်အက်ပ် နှင့် မြေဆီလွှာ စစ်ဆေးခြင်း ဝန်ဆောင်မှုများအား သွင်းအားစုရောင်းချသူများနှင့် သင်တန်း မန်နေဂျာ များ မှ တဆင့် ဆောင်ရွက်ခဲ့ပါ သည်။ ၂၀၁၈ ခုနှစ် အကုန်တွင် သွင်းအားစုရောင်းချသူများနှင့် သင်တန်းမန်နေဂျာ ၁၁၃ ဦးနှင့် တောင်သူ၃၅၀ဦး (၂၈ ရာခိုင်နှုန်းမှာ အမျိုးသမီးများ)သည် အစိုးရ၏ ပညာပေးရေး ဝန်ထမ်းများ (သို့) ပုဂ္ဂလိက ကုမ္ပဏီများ ထံမှ စိုက်ပျိုးရေးဆိုင်ရာ သင်တန်းပေးမှု (သို့) အကြံဉာဏ်များ ရရှိခဲ့ပါသည်။

မေတ္တာမှ ကျင့်သုံးသည့် တောင်သူသင်တန်းကျောင်း **(Farmer Field School -FFS)** နည်းလမ်း ကို ရွာပေါင်း ၃၆ ရွာ တွင် ဆောင်ရွက်လျက်ရှိပြီး အဖွဲ့ဝင်ပေါင်း ၆၄၄ ဦး ရှိပါသည်။ မျိုးစေ့ချ ကိရိယာများ အသုံးပြုခြင်း ၊ စပါးအထွက်တိုး စိုက်ပျိုးနည်းစနစ် **(System of Rice Intensification - SRI)** နှင့် ထို နည်းလမ်းကို အမျိုးမျိုး ပြောင်းလဲအသုံး ပြုခြင်း များ နှင့် ဇီဝဓာတ်မြေဩဇာ ထုတ်လုပ်ခြင်း အပါအဝင် နည်းပညာများအား မြှင့်တင်ခဲ့ပါသည်။ တောင်သူသင်တန်းကျောင်း အဖွဲ့ဝင် ၅၈၀ တို့ သည် တစ်ခုနှင့် တစ်ခုထက်ပိုသော စိုက်ပျိုးနည်းသစ်များ ကျင့်သုံးခဲ့ကြပြီး FFS အဖွဲ့ဝင် မဟုတ်သည့် ၉၇ ဦး တို့ စိုက်ပျိုးနည်းသစ်များ ကျင့်သုံးခဲ့ကြပါသည်။ အောင်မြင်မှုအရဆုံး စီမံကိန်းဆောင်ရွက်ချက်မှာ SRI နည်းပညာကို တောင်သူ၏ အခြေအနေနှင့် အံဝင်ခွင်ကျဖြစ်စေရန် ပြောင်းလဲအသုံးပြုခြင်းဖြစ် သည်။ ဆန်စပါး စိုက်ဧက ၆၄၀ ကျော်အား SRI နည်းစနစ်အမျိုးမျိုးကို အသုံးပြု၍ တည်ထောင်ထားပါသည်။ လက်ရှိ စိုက်ပျိုးဧရိယာတွင် SRI နည်းစနစ်၏ အကျိုးအမြတ်မှာ ခန့်မှန်းခြေ တစ်နှစ် လျှင် ကျပ် ၆၄ သန်း (ကန်ဒေါ်လာ ၄၄,၀၀၀) ဖြစ်ပါသည်။

**Delta RISE** (ရေရှည်တည်တံ့သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်ဝကျွန်းပေါ် ကျေးလက်ဒေသ အား အလေးထားခြင်း စီမံချက်) ၏ ပညာပေးခြင်း ချဉ်းကပ်နည်းလမ်း မှ ဆန်းသစ် တီထွင်ခြင်းကို မြှင့်တင်ခြင်း နှင့် ရွေးချယ်ထားသည့် တောင်သူများအား ပညာပေးခြင်း ဝန်ဆောင်မှုများ ပေးအပ်လျက်ရှိပါသည်။ မြေဆီလွှာ ကောင်းမွန်စေရန် ပြုပြင်သည့် နည်းပညာ အမျိုးမျိုး ကို မြှင့်တင်ခြင်း၊ (ဥပမာ - ဂုံလျှော် စိုက်ပျိုး၍ သစ်စိမ်းမြေဩဇာ အဖြစ် သုံးခြင်း) ကောက်ရိုးများ ထည့်ခြင်း နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်

၁၇။ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ(ADS)၊ ၂၀၁၆

မှုတွင် မြေဩဇာကို မှန်ကန်သည့် နှုန်းဖြင့် အသုံးပြုခြင်း တို့ ဆောင်ရွက် သည့် ချဉ်းကပ်နည်းလမ်း ဖြင့် တောင်သူ ၇,၂၀၀ ထံ ရောက်ရှိခဲ့ ပါသည်။

အစီအစဉ် သုံးသပ်ချက်မှ ရေရှည်တည်တံ့သည် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးခြင်းစနစ်၊ ချဉ်းကပ်နည်းလမ်းများ ရောစပ် အသုံးပြုခြင်း၊ အစိုးရ၊ တောင်သူ အဖွဲ့အစည်း အမျိုးမျိုး နှင့် ကွဲပြားခြားနားသည့် ပုဂ္ဂလိကကဏ္ဍ လုပ်ရှား ဆောင်ရွက်သူများ (သွင်းအားစု ရောင်းချသူများ၊ ကုန်သည်များနှင့် ဆန်စက်များတို့ ပူးပေါင်း ပါဝင်ခြင်း နှင့် အဆိုပါ အုပ်စုများကြား ခိုင်မာ အားကောင်းသည့်ချိတ်ဆက်မှု များကို မီးမောင်းထိုးပြခဲ့ ပါသည်။ ပုဂ္ဂလိကကဏ္ဍသည် ယခုလက်ရှိတွင် အင်အား အနည်းဆုံးချိတ်ဆက်မှု ဖြစ် သော် လည်း ယင်းကဏ္ဍတွင် အသုံးမပြုရသေးသည့် အကောင်းဆုံး အလားအလာများ ပိုင်ဆိုင်ထားပါသည်။

## စက်မှုလယ်ယာ

စက်မှုလယ်ယာသို့ကူးပြောင်းရာတွင် ကူညီဆောင်ရွက်ရန် ရိုးမဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စက်ကိရိယာ ရောင်းဝယ်သူများနှင့် မိတ်ဖက်ပြု၍ တောင်သူများနှင့် စွန့်ဦးတီထွင်သူများအတွက် ပစ္စည်းများအား အရစ်ကျ ငွေချေစနစ်ဖြင့် ဝယ်ယူစေခြင်း အစီအစဉ်ကို LIFT မှ အထောက်အပံ့ပေး လျက်ရှိပါသည်။ ဝန်ဆောင်မှု အသုံးပြုသူများက ချေးငွေ ရယူသည့် အချိန်တွင် ကနဦးပေးငွေ ပေးချေပြီး ကျန်ငွေအား ထိုပိုင်ဆိုင်ပစ္စည်းကို အသုံးပြုနေသည့် အချိန်ကာလ တစ်ခုအတွင်း ပြန်ဆပ်ကြပါသည်။ LIFT မှ ပံ့ပိုးပေးသည့် စိုက်ပျိုးစီးပွား ဘဏ္ဍာရေး စီမံကိန်း (AFP) အောက်တွင် ရိုးမဘဏ်မှ လက်ငင်း ပေးချေငွေကို အနည်းဆုံး ၁၀ ရာခိုင်နှုန်းအထိ လျှော့ချပေးခဲ့ပြီး နှစ်ရှည်ငှားရမ်းမှုများ ခွင့်ပြုခဲ့ကာ၊ တောင်သူများ ရာသီအလိုက် ငွေကြေး စီးဆင်းမှုများနှင့် အဆင်ပြေကိုက်ညီစေရန် တနှစ် နှစ်ကြိမ် ပြန်ဆပ်နိုင်သည့် ချေးငွေများလည်း ထုတ်ချေးပေးခဲ့ပါသည်။ ဤအစီအစဉ်နှင့် ထိတွေ့ဆောင်ရွက်ကြသည့် ကျေးလက်ဒေသမှ စွန့်ဦးတီထွင်သူ အများစုမှာ မြစ်ဝကျွန်းပေါ်ဒေသ နှင့် အပူပိုင်းဇုန်တို့ မှ ဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင်LIFT မှ ဆောင်ရွက်ခဲ့သည့် သက်ရောက်မှု လေ့လာဆန်းစစ်ချက် မှ အထူးသဖြင့် ချေးငွေ အကြေဆပ်ပြီးချိန်တွင် မိရိုးဖလာအတိုင်း လုပ်အား အသုံးပြုခြင်း နှင့် နှိုင်းယှဉ်လျှင် စက်ကိရိယာ အသုံးပြုခြင်းဖြင့် စရိတ် သိသိသာသာ သက်သာကြောင်း ပြသခဲ့ပါသည်။ တောင်သူ အနေဖြင့် ခြွေလှေ့စက်တလုံး လက်ဝယ်အပိုင် ရရှိချိန်တွင် စွမ်းဆောင်ရည် ပိုကောင်းလာသည့် အတွက် တဧကလျှင် သက်သာသည့် စရိတ်မှာခန့်မှန်းခြေ ကျပ် ၁၀,၀၀၀ - ၂၀,၀၀၀ (ကန်ဒေါ်လာ ၇-၁၄ ) ရှိပါသည်။ ရိတ်သိမ်းရန်အတွက် အလုပ် သမား တစ်ဦးအနေဖြင့် တဧကလျှင် အလုပ်လုပ်ရသည့် ရက်ပေါင်း မှာ စက်ကိရိယာမပါဘဲ ၄.၉ ရက်/ဧက မှ ခြွေလှေ့စက် အသုံးပြုခြင်းဖြင့် ၀.၃ရက်/ဧက အထိ လျော့ကျသွားပါသည်။ လယ်ထွန်စက်များ အသုံးပြုခြင်းမှလည်း တဧက စိုက်ပျိုးစရိတ်သက်သာခြင်း၊ အထွက်နှုန်းမြင့်ခြင်း၊ အချိန်ကို အကျိုးရှိစွာ အသုံးပြုနိုင်ခြင်း နှင့် သီးနှံ စိုက်စွမ်းအား ပိုမိုမြင့်မားစေပါသည်။ အရစ်ကျ ပြန်ဆပ်သည့် ချေးငွေ အစီအစဉ်ဖြင့် စက်ကိရိယာများ ဝယ်ယူသည့် တောင်သူ အများအပြားသည် စက်ကိရိယာ ငှားရမ်းခြင်း လုပ်ငန်းများ တည်ထောင်ကြရာ အခြား တောင်သူများ အနေဖြင့်လည်း စက်ကိရိယာများ ငှားရမ်း အသုံးပြုပြီး စက်မှုလယ်ယာသို့ ပြောင်းလဲစေခြင်း ဖြင့် စရိတ်နှင့် လုပ်အားသက်သာသည့် အကျိုးကျေးဇူးရရှိနိုင်လာ သည်။ ယင်းဖြင့် လယ်ယာ ပြင်ပ စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရန် ကူညီပံ့ပိုးပေးပါသည်။ [၁၈]

## ထုတ်လုပ်သူများ နှင့် ပုဂ္ဂလိက ကဏ္ဍ ချိတ်ဆက်ခြင်း

မြစ်ဝကျွန်းပေါ်တွင် အပြိုင်အဆိုင်များပြီး လှုပ်ရှား တက်ကြွနေသည့် ဆန်စပါး ကဏ္ဍတစ်ရပ် ပေါ်ထွန်း လာစေရန် အတွက် ပုဂ္ဂလိက ကဏ္ဍမှသည် အလွန်အရေးကြီး သည့် အခန်းကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။ LIFT မှ တောင်သူများ နှင့် ပုဂ္ဂလိက ကဏ္ဍ- သွင်းအားစု ဝန်ဆောင်မှု ပေးသူများ၊ လယ်ယာသုံး စက်ကိရိယာ ရောင်းဝယ်သူများ၊ အလားအလာရှိသည့် မျိုးစေ့ရောင်းချသူများ၊ သီးနှံအာမခံ နှင့် ငွေရေးကြေးရေး ဆိုင်ရာ ဝန်ဆောင်မှု ပေးသူများ၊ ဆန်စက်များနှင့် ကုန်သည်များ -တို့ကြား ချိတ်ဆက်မှုများ ဖန်တီးရန် အခွင့် အလမ်းများကို အကောင်အထည်ဖော်ရေး မိတ်ဖက်များ မှတဆင့် စူးစမ်းရှာဖွေခဲ့ပါသည်။ ၎င်းတို့အားလုံးသည် တောင်သူများအနေဖြင့် ၎င်းတို့၏ ထုတ်လုပ်မှုစနစ်များအတွက် အကောင်းဆုံး ဝန်ဆောင်မှုများနှင့် သွင်းအားစုများသေချာစွာ လက်လှမ်းမီ ရရှိစေရန်အခန်းကဏ္ဍ တစ်ခုစီမှ ပါဝင်ပံ့ပိုးပေးပြီး ပုဂ္ဂလိကကဏ္ဍ သည် ဆန်စပါး တန်ဖိုးမြှင့်ကွင်းဆက်တွင် အဓိက လှုပ်ရှားဆောင်ရွက်သူများနှင့် ပတ်သက်ဆက်နွယ်သူများအဖြစ် ပေါင်းစည်း ဝင်ရောက်လာခဲ့ကြပါသည်။အကောင်အထည်ဖော်ရေး မိတ်ဖက်များသည် ဤချိတ်ဆက်မှုများတွင် ယေဘုယျ ဦးတည်ချက်ဖြစ်သည့် ရန်ပုံငွေ ထောက်ပံ့မှုမှ ကင်းလွတ်သည့် ဈေးကွက်များ ဖော်ဆောင်ရေးအား ဖြစ်မြောက်စေရန် ဆောင်ရွက်ပေးသည့် ကဏ္ဍမှ ပါဝင် ဆောင်ရွက်လျက် ရှိပါသည်။

လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း (LLM) စီမံချက်၏ ကြိုးပမ်းမှုများမှ တဆင့် လုပ်ကွက်ငယ် တောင်သူ ၈၇၄ ဦးတို့သည် ဈေးကွက်တွင်းရှိ လှုပ်ရှားဆောင်ရွက်သူများထံမှ ကန်ဒေါ်လာ ၃၃၁,၀၀၀ တန်ဖိုးရှိ အရည်အသွေးမြင့် သွင်းအားစုများ ဝယ်ယူခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်တွင် ပုဂ္ဂလိကကဏ္ဍ မှ လျင်မြန်စွာ ခိုင်မာ အားကောင်းလာခြင်းနှင့် အတူ ပုဂ္ဂလိက ကဏ္ဍ နှင့် ရေရှည်တည်တံ့သည့် ဈေးကွက်ဖွံ့ဖြိုး တိုးတက်စေမည့် နည်းလမ်းများ ရှာဖွေရန် အခွင့်အလမ်း ရှိပါသည်။ နည်းလမ်းတစ်ခုမှာ ဆန်စက်များမှ လုပ်ကွက်ငယ် တောင်သူများ နှင့် တိုက်ရိုက် စာချုပ်ချုပ်ကာ အာမခံချက်ရှိသည့် ဈေးကွက်အတွက် ဆန်စပါး ထုတ်လုပ်ရန် အတွက် အကျိုးတူ လယ်ယာ လုပ်ကိုင်ရန် အစီအစဉ်များကို ကူညီဆောင်ရွက်ပေးခြင်း ဖြစ်သည်။

**Mercy Corps**သည် ဈေးနှုန်းသတ်မှတ်၍ စာချုပ်ချုပ်ဆိုပြီး ဆန်စပါး ထုတ်လုပ်ခြင်းကို မြှင့်တင်ရာတွင် အောင် မြင်လျက် ရှိပါသည်။ ဒေသခံ ဆန်စက်ပိုင်ရှင် ဦးလှရီ နှင့် မိတ်ဖက်ပြု၍ ဤအစီအစဉ်က ဆန်စပါး တန်ဖိုးမြှင့် ကွင်းဆက်တွင် အပြန်အလှန်အားဖြည့်ပေးသည့် ဈေးကွက် အခွင့်အလမ်းကို တည်ဆောက်ရန် အတွက် လယ်ယာကုန် ထုတ်လုပ်သူများ အဖွဲ့များ နှင့် ဆန်စက်ပိုင်ရှင်များ တွေ့ကြုံနေရသည့် ကန့်သတ်ချက် များကို ဖြေရှင်းရန် ကြိုးပမ်း

၁၈။ ရိုးမ ဘဏ် စိုက်ပျိုးစီးပွား ဘဏ္ဍာရေး စီမံကိန်း အစီရင်ခံစာ ၂၀၁၆-၂၀၁၈

နေပါသည်။ ဤအစီအစဉ်မှ ဆန်စက်ပိုင်ရှင် အတွက် လိုအပ်သည့် စံနှုန်းပြည့်မီသည့် ဆန်စပါးအား စဉ်ဆက် မပြတ် သေချာစွာ ပံ့ပိုးပေးပြီး လိုအပ်သည့် အချိန်တွင် ပေးပို့သဖြင့် ရှာဖွေ ဝယ်ယူရသည့်စရိတ် အလွန်နည်းပါသည်။ စာချုပ်ချုပ်ထားသည့် တောင်သူများမှာလည်း ကောင်းမွန်သည့် မျိုးစပါးများ ဝယ်ယူရရှိရန် သေချာသည့် ဈေးကွက်မှ သတ်မှတ်နှုန်းထားဖြင့် လက်လှမ်းမီ ရရှိပြီး ဈေးကွက် တင်ရသည့် စရိတ်နှင့် ငွေပေးငွေယူ စရိတ်များ လျော့ကျစေပါသည်။ ဤပုံစံ အသစ်အောက်တွင် နှစ်ဦးနှစ်ဖက် သတ်မှတ်ထားသည့် အခြေအနေများဖြင့် အာမခံချက်ရှိသော ဈေးနှုန်းဖြင့် စာချုပ်ချုပ်ဆိုသည့်စနစ်ဖြင့် ထုတ်လုပ်ခြင်းကို ဆောင်ရွက်ပါသည်။ စီမံချက်မှ သတ်မှတ် အခြေအနေများ (ဆိုလို ရင်းမှာ ဆန်စက်ပိုင်ရှင်မှ မျိုးစေ့များ ပံ့ပိုးပေးပြီး တောင်သူများက စိုထိုင်းဆ ၁၃ ရာခိုင်နှုန်းပါဝင်သည့် စပါး ပေးရန်ဖြစ်သည်) နှင့် တန်ဖိုးမြင့် မျိုးစပါး အမျိုးမျိုး တို့အား သတ်မှတ်ဈေးနှုန်းဖြင့် ထုတ်လုပ်ပေးရန် စာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်နေသည့် တောင်သူ ၅၄ ဦးဖြင့် ဖွဲ့စည်းထားသည့် လယ်ယာကုန်ထုတ် လုပ်သူများအဖွဲ့ သုံးဖွဲ့ ၏ အကျိုးတူ လယ်ယာစနစ်၏ အစွမ်းကို အကဲဖြတ် သုံးသပ်ခဲ့ပါသည်။ ဈေးနှုန်းအား တတင်းလျှင် မြန်မာကျပ်ငွေ ၉,၀၀၀ကျပ် (ကန်ဒေါ်လာ ၆.၃၀) ကျပ် သတ်မှတ်ပြီး ယင်းမှာ တောင်သူများ အတွက် ပရီမီယံကြေး ၃၀ ရာခိုင်နှုန်း ကို ကိုယ်စားပြုပါသည်။

**Mercy Corps** မှ စက်ာပူ အခြေစိုက်ကုမ္ပဏီ ဖြစ်သည့် **Golden Sunland** နှင့် လက်တွဲ၍ လပွတ္တာရှိ တောင်သူများအတွက် သတ်မှတ်ဈေးနှုန်းဖြင့် အကျိုးတူ လယ်ယာလုပ်ငန်းများ ဆောင်ရွက်နေပါသည်။ **Golden Sunland** နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ပိုမိုပြည့်စုံကျယ်ပြန့်သည့်အကျိုးတူလယ်ယာလုပ်ငန်းအစီအစဉ်ကို ၂၀၁၈-၂၀၁၉ နွေရာသီ အတွင်း လယ်ယာ ကုန်ထုတ်လုပ်သူများ အဖွဲ့ ၃ ဖွဲ့ (ဧက ၂၀၀ ပေါ်တွင် တောင်သူ ၃၉ဦးဖြင့်) တည်ထောင်ထားပါသည်။ ဤအကျိုးတူ လယ်ယာလုပ်ငန်း အစီအစဉ်မှ တောင်သူများအား ဝန်ဆောင်မှုများ လက်လှမ်းမီခြင်း၊ အထွက်နှုန်းကောင်း စပ်မျိုးများနှင့်မြေဩဇာများ လက်လှမ်းမီခြင်းနှင့်ချေးငွေနှင့် ပြန်လည် ဝယ်ယူသည့် နည်းလမ်း များ အတွက် ငွေရေး ကြေးရေး ဆိုင်ရာ လက်လမ်းမှီစေရန် ပံ့ပိုးပေးပါသည်။ **Golden Sunland** နှင့် လယ်ယာ ကုန်ထုတ်လုပ်သူများ အဖွဲ့များသည် ၂၀၁၈ ခုနှစ် မုတ်သုန်ရာသီအတွင်း ကုမ္ပဏီ၏ စပ်မျိုး စပါး SAT-15 ၏ ကွင်းဆင်း စမ်းသပ်မှု/အခြေအနေ သင့်လျော်မှု အကဲဖြတ်သုံးသပ်ခြင်း အောင်မြင်ပြီးနောက် ဤ သဘောတူညီချက်ကို လက်မှတ်ရေး ထိုးခဲ့ပါသည်။ Golden Sunland နှင့်အကျိုးတူ လယ်ယာလုပ်ငန်းသည်အကျိုးတူ လယ်ယာလုပ်ငန်း လုပ်ကိုင်နေသည့် တောင်သူများအတွက် စိုက်ပျိုးရေးသုံးဓာတုဆေးများ ဝယ်ယူရန် ချေးငွေ ထုတ်ချေးပေးသည့် ရှေ့ပြေး အစီအစဉ်ကို စမ်းသပ်ခဲ့ပြီး တောင်သူ လယ်သမားများ ၏ လိုအပ်ချက်များ ရရှိမှုနှင့် လက်လှမ်းမီမှု သေချာစေရန် ပထမသုံးလ အတိုးမဲ့ ထုတ်ချေးပေးရန် မြန်မာနိုင်ငံတွင် အကြီးဆုံး စိုက်ပျိုးရေး သွင်းအားစုထုတ်လုပ်ဖြန့်ဖြူးသည့် မြန်မာ့ဩဘာအား စည်းရုံးနိုင်ခဲ့ပါသည်။ အထွက်နှုန်းကောင်း စပ်မျိုးစေ့များနှင့် **Golden Sunland** မှ တောင်သူများအတွက် ပံ့ပိုးပေးသည့် ကြိုတင်ငွေတို့ ပေါင်းစပ်ထားသည့် သွင်းအားစုများသည် တောင်သူများ၏ အထွက်နှုန်းကောင်းစေရန် မျှော်မှန်းထားပြီး၊ အရည်အသွေးမြင့် ဆန်စိုက်ပျိုးရန် တိုက်တွန်းအားပေးကာ သီးနှံထုတ်လုပ်မှု ပိုတိုးတက်စေရန် ၎င်းတို့၏ ရင်းမြစ်များကို အများဆုံး အသုံးပြုစေပါသည်။ လပွတ္တာကိုဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း **(LLM)**စီမံချက် နှင့် **Golden Sunland** တို့သည်တောင်သူများ အနေဖြင့် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီရန်နှင့် **Golden Sunland**အနေ ဖြင့်လည်း တောင်သူများအတွက် ၎င်း၏ အစီအစဉ်များကို တိုးချဲ့နိုင်ရန် ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေလျက် ရှိပါသည်။ ယေဘုယျ ဦးတည်ချက်မှာ အငယ်စား လယ်ယာများအား စွမ်းဆောင်ရည် နှင့် ကုန်ထုတ်လုပ်မှု မြှင့်တင်ရန် အတွက် 'စုစည်းခြင်း' ၏ တခြားနည်းလမ်း တခု အနေဖြင့် အကျိုးအမြတ်ရရှိနိုင်မည့် အကျိုးတူ လယ်ယာ အစီအစဉ်အား ရှာဖွေရန် ဖြစ်ပါသည်။

"မည်သည်တို့က မြစ်ဝကျွန်းပေါ်ဒေသတွင် အကြံပေးဝန်ဆောင်မှုများ၊ ချေးငွေ၊ သွင်းအားစုများ နှင့် စက်မှုလယ်ယာ တို့အား အားလုံးပါဝင်နိုင်သည့် လက် လှမ်းမီမှု ရရှိရန် အတွက် အထိရောက်ဆုံး၊စရိတ် အသက်သာဆုံး နှင့် ရေရှည်တည်တံ့နိုင်မည့် ဘက်စုံစီမံကိန်းပုံစံများဖြစ်သနည်း" - ဟူသော မြစ်ဝကျွန်းပေါ် အစီအစဉ် အကဲဖြတ် သုံးသပ်ခြင်း နှင့် လေ့လာသင်ယူခြင်း ဆိုင်ရာ မေးခွန်းအတွက် ၂၀၁၈ ခုနှစ်အတွင်းတွင် သတ်မှတ်ဈေးနှုန်းဖြင့် အကျိုးတူ လယ်ယာ လုပ်ငန်း ဆောင်ရွက်သည့် အစီအစဉ်များမှ ရရှိခဲ့သည့် အဖိုးတန် သင်ခန်းစာများမှ ကူညီ၍ အဖြေထုတ်ပေးထားပါသည်။

ငါးမွေးမြူရေး နှင့် ငါးလုပ်ငန်းကဏ္ဍအား ပံ့ပိုးပေးခြင်း

မြန်မာနိုင်ငံတွင် ငါးလုပ်ငန်းကဏ္ဍသည် အမျိုးသားစီးပွားရေးကို ပံ့ဖော်ရာတွင် အဓိက အရေးကြီးသည့် အခန်းကဏ္ဍ မှ ဆောင်ရွက်လျှပ်ရှားနေပြီး ခန့်မှန်းခြေ လူဦးရေ ၂.၆ သန်း အတွက် အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံမှုတို့ ပံ့ပိုးပေးပါသည်။ ဧရာဝတီတိုင်းဒေသကြီးသည် ဇီဝမျိုးစုံမျိုးကွဲများ နှင့် ငါးလုပ်ငန်းတို့ ကြွယ်ဝသည့် ဒေသဖြစ်ပါသည်။ ဤကဏ္ဍမှ အသေးစားငါးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ နှင့် ကျပန်း လုပ်ကိုင်သည့် အိမ်ထောင်စုပေါင်း ထောင်ပေါင်းများစွာ အတွက် ကူညီထောက်ပံ့ပေးလျက်ရှိပါသည်။ ငါးလုပ်ငန်း ကဏ္ဍမှာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအတွက် ဝင်ငွေအမြင့်ဆုံး ဖော်ဆောင်ပေးနေသည့် ကဏ္ဍဖြစ်ပါသည်။

၂၀၁၈ ခုနှစ် မတ်လတွင် ပြဌာန်းခဲ့သည့် ဧရာဝတီ ရေချိုငါးလုပ်ငန်း ဥပဒေ သစ် သည် မြစ်ဝကျွန်းပေါ် ဒေသတွင် ငါးလုပ်ငန်းကဏ္ဍ၏ ရေရှည်တည်တံ့သည့် စီမံခန့်ခွဲမှုတွင် ထူးခြားသည့် အပြောင်းအလဲ တစ်ခုဖြစ်ပါသည်။ LIFT ၏ မိတ်ဖက် ပေါင်းစု လုပ်အား အကူအညီပေးရေးအဖွဲ့ (NAG) သည် ဧရာဝတီ တိုင်း ဒေသကြီး အစိုးရ ၏ ဥပဒေ

ရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ကူညီပံ့ပိုး ပေးခဲ့ပါသည်။ ထိုဥပဒေမှ အငယ်စား ရပ်ရွာလူထု ပူးတွဲစီမံခန့်ခွဲသည့် ငါး လုပ်ငန်းများအား ပြည်တွင်းရေကြောင်း အသုံးပြုခွင့် နှင့် လိုင်စင်လျှောက်ပိုင်ခွင့်တို့ ရရှိစေခဲ့ပါသည်။ ဥပဒေမှ မြစ်ဝကျွန်းပေါ် ဒေသရှိ ငါးလုပ်ငန်း ရင်းမြစ်များ မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်များအား ဖြန့်ကျက်ရန် နှင့် တိုင်းဒေသကြီး စီမံအုပ်ချုပ်မှုရေးတွင် ကျား၊မရေးရာအား အကျုံးဝင် စေရန် အခွင့်အလမ်းများ အပါအဝင် အသက်မွေးမှု ပိုမိုကောင်းမွန်စေရန် အခြေခံ အုတ်မြစ်ချပေး ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်းတွင် မြို့နယ်ပေါင်း ၁၁ မြို့နယ် မှ ကျေးရွာပေါင်း ၁၀၇ ရွာမှ ပူးတွဲ စီမံခန့်ခွဲမှုများ ဆောင်ရွက်နေပြီး အိမ်ထောင်စု ပေါင်း ၆,၀၀၀ ကျော်(လူဦးရေ ၂၇,၀၀၀ နီးပါး) တို့ အားLIFTရန်ပုံငွေ အထောက်အပံ့ဖြင့် NAG မှ အကောင်အထည်ဖော် ဆောင်ရွက်သည့် စီမံချက်မှ တိုက်ရိုက် အကျိုးခံစားခွင့်ကို ရရှိခဲ့ပါသည်။ ရပ်ရွာ လူထု အများအပြား နှင့် ရေလုပ်သားများ အတွက် နှစ်ပေါင်းများစွာအတွင်း အိမ်ထောင်စုစားနပ်ရိက္ခာ ဖူလုံရေး နှင့် ဝင်ငွေတို့အတွက် အရေးပါသည့် သက်ရောက်မှုများ ရှိသည့် တရားဝင်အခွင့်အရေး ကို ပထမဆုံး ကိုယ်စားပြုသည့် ဖြစ်စဉ်ဖြစ်ပါသည်။ NAG သည် စည်းမျဉ်းစည်းကမ်းများ ရေးဆွဲရန် နှင့် ဥပဒေကို အကောင်အထည်ဖော်ရန် အတွက် နည်းဥပဒေများရေး ဆွဲရန် ဆက်လက်၍ ကူညီပံ့ပိုးပေးလျက် ရှိပါသည်။ စီမံချက်မှ ရေချိုငါးလုပ်ငန်း ဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲ ဖော်ဆောင်နိုင်ရန် တိုင်းဒေသကြီးကို ဆက်လက်ကူညီပေးမည် ဖြစ်ပါသည်။

**WorldFish** ၏ **My Culture** စီမံချက် မြန်မာနိုင်ငံတွင် ရပ်ရွာလူထုအတွက် စားနပ်ရိက္ခာ ဖူလုံရေး နှင့် ဝင်ငွေ ပိုမိုကောင်းမွန်စေရန် ငါးမွေးမြူရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးစေရန် မြှင့်တင်ပေးလျက် ရှိပါသည်။ ငါးမွေးမြူရေးသည် မြေယာမဲ့နှင့် ရေလက်လှမ်းမီသည့် ဆန်စပါးစိုက်ပျိုးသည့် အိမ်ထောင်စုများ အတွက် သင့်တော်သည့် စီးပွားရေး အခွင့်အလမ်း ဖြစ်ပါသည်။ စီမံချက် မှ လယ်ယာမြေပေါ်တွင် နည်းပညာ ဖွံ့ဖြိုးစေရန် ပူးပေါင်းဆောင်ရွက်ခြင်း၊ အငယ်စား စပါးငါး စိုက်ပျိုးမွေးမြူသည့် တောင်သူ အုပ်စုများအတွက် ကြီးကြပ်ပညာပေးခြင်းနှင့် အောင်မြင်သည့် ငါးမွေးမြူရေး လုပ်ငန်းများအား အစိုးရ ငါးသားဖောက် လုပ်ငန်းများ၊ ပုဂ္ဂလိကကဏ္ဍ နှင့် အသေးစား ငွေရေးကြေးရေးဆိုင် ရာအဖွဲ့အစည်းများ နှင့် ချိတ်ဆက်ပေးခြင်း တို့ပါဝင် သည့် ဘက်စုံ ချဉ်းကပ် နည်းလမ်းကို အသုံးပြုလျက် ရှိပါသည်။ စီမံချက်မှ တောင်သူပေါင်း ၃,၂၀၀ သို့ တိုက်ရိုက်ရောက်ရှိပြီး အများစုမှ အစားအစာ နှင့် ဝင်ငွေ ရရှိလာသည့် အပိုဆောင်းထုတ်လုပ်နိုင်မှုအပေါ် စိတ်ကျေနပ်မှု ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ စီမံချက်မှ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သည့် ငါးမွေးမြူရေးလုပ်ငန်းကို ပံ့ပိုးပေးရန် ငါးလုပ်ငန်းဦးစီး ဌာနမှ ဆောင်ရွက်လျက် ရှိသည့် လှော်ကားနှင့် ဒေးဒရဲ ငါးသားဖောက်လုပ်ငန်းများရှိ မျိုးရိုးဗီဇ ပိုမိုကောင်းမွန်အောင် ပြုပြင်မွေးမြူထားသည့် တီလားပီးယား မွေးမြူရေး စီမံကိန်းကို အထောက်အပံ့ပေး လျက်ရှိပါသည်။ စီမံချက်မှာ ငါးလုပ်ငန်းဦးစီး ဌာ န (DoF) နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် (MFF) တို့ နှင့် ပူးပေါင်း၍ မန္တလေး နှင့်ရွှေဘိုတို့ တွင် စီမံချက် လုပ်ငန်းများ ချဲ့ထွင်ကာ တီလားပီးယား ငါးသားဖောက်ကန်အသစ် နှစ်ခု တည်ထောင်ပေးခဲ့ ပါသည်။ ရည်ရွယ်ချက်မှာ အစိုးရနှင့် ပုဂ္ဂလိက ငါးသားဖောက် လုပ်ငန်းများကို အရည်အသွေးကောင်း မျိုးစိတ်များ ပံ့ပိုးပေးနိုင်ရန်အတွက် အမျိုးမျိုးသော မျိုးစိတ်များ ပံ့ပိုးမှု ကွန်ရက်ကို တည်ထောင်ရန် ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်အတွင်း တွင် ငါးအသားတိုးမွေးသည့် တောင်သူများ၊ ငါးသားပေါက် လုပ်ငန်းလုပ်သူများ နှင့် ငါးစာ စက်ရုံ လုပ်ငန်းလုပ်ကိုင်သူများအတွက် လုပ်ငန်းပုံစံ ၃ မျိုး ကို ရေးဆွဲပေးခဲ့ပြီး ထိုလုပ်ငန်းများ ရေရှည်တည်တံ့သည့် ဝင်ငွေနှင့် အကျိုးအမြတ်များ ရရှိစေရန် လုပ်ငန်းစီမံချက်များ ကူညီရေးဆွဲပေးခဲ့ပါသည်။ **WorldFish** မှ မြန်မာ နိုင်ငံတွင် အသေးစားနှင့် အလတ်စား (SMEs) များ ဖွံ့ဖြိုးတိုးတက်ရေးကို အဟန့်အတားဖြစ်စေသည့် စိန်ခေါ်မှုအမျိုးမျိုးနှင့် ဆင်းရဲနွမ်းပါးသူ အကျိုးပြု SME များ ရေရှည်ရပ်တည်နိုင်ရန်အတွက် ထို စိန်ခေါ်မှုများအား မည်သို့ ကျော်လွှားနိုင်မည် ကို ဆန်းစစ်သည့် လေ့လာမှု တစ်ခုကို ၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် **GRET** မှ ငါးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် အိမ်ထောင်စုများအား ပြုလုပ် ခဲ့သည့် စစ်တမ်းမှ ဖွဲ့န ကျွေးခြင်းဖြင့် ငါးမွေးမြူ ထုတ်လုပ်မှု လုပ်ငန်းတွင် ပိုမိုအကျိုးရှိလာပြီး ဆန်စပါး နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ခြင်းထက် အကျိုးအမြတ် ပိုမို ရရှိကြောင်း ဖော်ပြခဲ့ပါသည်။ စစ်တမ်း ကောက်ယူခဲ့သည့် အိမ်ထောင်စုများမှ အကြမ်းဖျင်းအားဖြင့် ခန့်မှန်းခြေ ငါးထုတ်လုပ်မှု၏ ၆၅ ရာခိုင်နှုန်း ရောင်းချခဲ့ရပြီး ကျန်ရှိနေသည်များကို အိမ်ထောင်စုများက စားသုံးကြသည်ဟု ဖော်ပြထားပါသည်။ လက်ရှိ ကျေးရွာ ဈေးကွက်တင်ခြင်းစနစ်အရ ထုတ်လုပ်ရေး စက်ဝန်းတလျှောက် ရိတ်သိမ်းပြီး ချိန်တွင် ဆန်စပါးမှ တစ်ကြိမ်သာ ဝင်ငွေကောင်းကောင်း ရရှိနိုင်ပြီး ငါးမွေးမြူခြင်းမှ နေ့စဉ် ဝင်ငွေ အနည်းငယ် ရရှိစေပါသည်။ ငါးမွေးမြူသည့်ကာလ အတွင်း ဆန်စပါးအပြင် ငါးမွေးမြူခြင်း နှင့် အခြားသီးနှံများ စပါးပင်ကွင်းပတ်လည်တွင် စိုက်ပျိုးနိုင်သည့် အိမ်ထောင်စုများ အနေဖြင့် အိမ်တွင် စားသုံးရန် ငါး နှင့် ဟင်းသီးဟင်းရွက်များ ရရှိသဖြင့် ခန့်မှန်းခြေ တပတ်လျှင် ကျပ် ၁၅,၀၀၀ - ၂၀,၀၀၀ အထိ စားစရိတ် လျှော့ချနိုင်ပါသည်။ အိမ်ထောင်စု များအနေဖြင့် ငါးမွေးမြူခြင်းမှရရှိသည့် ဝင်ငွေဖြင့် နေ့စဉ် အသုံးစရိတ်များ ကာမိသောကြောင့် ရာသီအလိုက် ဆန်စပါး စိုက်ပျိုးခြင်းမှ ရရှိသည့် ဝင်ငွေကို စုဆောင်းထားပြီး ကြွေးမြီဆပ်ခြင်းနှင့် နောက်လာမည့် စိုက်ပျိုးရာသီအတွက် ရင်းနှီးမြှုပ်နှံခြင်း တို့တွင် ပိုမို အကျိုးရှိစွာ သုံးစွဲနိုင်ပါသည်။ နောက်ဆုံး အနေဖြင့် ငါးမွေးမြူရေးသည် အခြား ဝင်ငွေတိုး လုပ်ငန်းများ အကန့်အသတ်ရှိသည့် နွေရာသီတွင် ဝင်ငွေရလမ်း အသစ်တစ်ခု အဖြစ် ပံ့ပိုးပေးပါသည်။ ငါးလုပ်ငန်း အနေဖြင့် အိမ်ထောင်စုများအတွက် အတန်အသင့်များပြားသည့် ဝင်ငွေကို ပံ့ပိုးပေး နိုင်ခြင်း မရှိသော်လည်း အိမ်ထောင်စုများ၏ ဘတ်ဂျက် အပေါ်တွင် အပြုသဘောဆောင်သည့် သက်ရောက်မှု ရှိပါသည်။ စစ်တမ်း ကောက်ယူသည့် အိမ်ထောင်စုများ က ငါးစားသုံးမှု သိသိသာသာ တိုးမြင့်လာခဲ့ကြောင်း ဖြေကြားခဲ့ပါသည်။ ၎င်းတို့သည်

ငါးကို မကြာခဏ ပိုမို စားသုံးဖြစ်ပြီး (တစ်ပတ်လျှင် ၂.၂ကြိမ်) ပျမ်းမျှ ၁.၆ ဆ ပိုမို၍ စားသုံးခဲ့ကြပါသည်။ လက်ရှိ ထုတ်လုပ်မှုအဆင့်မှာ အိမ်ထောင်စုများ၏ လိုအပ်ချက်ကို ကာမိစေရန် လုံလောက်ပြီး ထိုအချက်မှာ လည်း နေရာအတော်များများတွင် ဦးစားပေးရမည့် အချက်ဖြစ်ပါသည်။ ကျပန်းအလုပ်ကိုသာ အားထားနေရသူများကဲ့သို့ ထိခိုက်လွယ်ဆုံး အိမ်ထောင်စုများကမူ ငါးကို အိမ်တွင် စားသုံးရန်ထက် ရောင်းချရန် ပိုမို နှစ်ခြိုက်ကြပါသည်။

မြန်မာနိုင်ငံတွင် ရေချိုငါးမွေးမြူရေးလုပ်ငန်း လျင်မြန်စွာ ဖြစ်ထွန်းလာပြီး အမျိုးသား ငါးမွေးမြူထုတ်လုပ်မှုအတွက် ပို၍ အရေးကြီးသည့် အခန်းကဏ္ဍ မှ ပါဝင်လာလျက် ရှိပါသည်။ သို့သော်လည်း ထိုကဏ္ဍ၏ အလားအလာ တစ်ခု လုံး၏ အခြေအနေကို သဘောပေါက်ရန်မှာ အလှမ်း ဝေးနေပါသေးသည်။ ယခင်အချိန်က ထိုသို့သော ကြီးထွားမှုနှုန်းမှာ ကြီးမားသည့် စီးပွားရေးလုပ်ငန်းများ အတွက် အလွန် အထောက်အကူပြုသဖြင့် အခြား အသုံးပြုသူများထံမှ မြေသိမ်းယူခြင်းကြောင့် အနှုတ် လက္ခဏာ ဆောင်သည့် လူမှုရေး သက်ရောက်မှုများ ဖြစ်စေခဲ့ပါသည်။ ဤကဏ္ဍ ဖွံ့ဖြိုးလာခြင်းကို အားပေးရန် တောင်သူများ အားလုံးအတွက် တပြေးညီ လုပ်ရှား ဆောင်ရွက်နိုင်သည့် အခြေအနေမျိုး ဖန်တီးပေးနိုင်မည့် မူဝါဒများ ရေးဆွဲရန် တောင်းဆိုမှုများတွင် လူမှုရေး ရှုထောင့်မှ ထည့်သွင်းစဉ်းစားခြင်းကို ပိုမို အာရုံစိုက်လာခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ငါးလုပ်ငန်းသည် အတော်အသင့် ကောင်းမွန်သည့် ဝင်ငွေရလမ်း၊ အလုပ်အကိုင် နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးလာစေရန် လှုံ့ဆော်ပေးမည့် အလားအလာရှိကြောင်း အထောက်အထားများမှ ညွှန်ပြခဲ့ပါသည်။ စည်းမျဉ်းစည်းကမ်း ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လိုအပ်ပြီး အရေးအကြီးဆုံးမှာ ကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကို ကန့်သတ်သည့် ငါးမွေးမြူရေးကဏ္ဍကို စိုက်ပျိုးမြေတွင် အသုံးပြုသည့် အမျိုးအစားအဖြစ် အသိအမှတ်ပြုခြင်း မရှိသည့် လယ်ယာမြေ ဥပဒေကို ပြန်လည် ပြင်ဆင်ရန် လိုပါသည်။[၁၉]

## ကျွမ်းကျင်မှုများ တည်ဆောက်ခြင်း နှင့် ရွှေ့ပြောင်း သွားလာခြင်း

အသက်မွေးဝမ်းကျောင်း သင်တန်း၊ ရွှေ့ပြောင်းသွားလာခြင်းအတွက် ကူညီပံ့ပိုးပေးခြင်း နှင့် ကိုယ်ပိုင်အလုပ် အပါအဝင် အလုပ်အကိုင် ရရှိစေခြင်းတို့အား ချိတ်ဆက်ထားခြင်းသည် မြစ်ဝကျွန်းပေါ် အစီအစဉ်၏ မဟာဗျူဟာမြောက် ဦးတည်ချက်ဖြစ်ပြီး ၎င်းနှင့် သက်ဆိုင်သည့် အကဲဖြတ်သုံးသပ်ခြင်း နှင့် သင်ယူလေ့လာခြင်း မေးခွန်းမှာ - လူအများအနေဖြင့် ပိုကောင်းသည့် လုပ်ခလစာ နှင့် ဘေးကင်းလုံခြုံသည့် အလုပ်အကိုင် လက်လှမ်းမီ ရရှိနိုင်ရန် ရွှေပြောင်း သွားလာခြင်း နှင့် အလုပ်အကိုင်ဆိုင်ရာ ဆောင်ရွက်ချက်များမှ မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ပေးနိုင်သနည်း ဖြစ်ပါသည်။ အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ သင်တန်း နှင့် အလုပ်အကိုင်ဆိုင်ရာ စီမံချက်များမှ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖော်ဆောင်ပြီး လျှောက်ထားသူ များအား ရွေးချယ်၍ သင်တန်းပေးခြင်း နှင့် အလုပ်အကိုင်ရရှိစေရန် အကူအညီပေးခြင်း (သို့) ကျေးရွာ အခြေစိုက် ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးခြင်းတို့ ဆောင်ရွက်ပါသည်။ Mercy Corps/Swiss Contact/အရှဏ်ဦး လူမှုဖွံ့ဖြိုးရေး အသင်းတို့၏ လပွတ္တာ ဈေးကွက်နှင့် ချိတ်ဆက်ခြင်း စီမံချက် နှင့် World Vision's ၏ ဘိုကလေးတွင် အသက်မွေးမှုတိုးပွားလာခြင်း တို့မှ တူညီသည့် အခြေခံ အာရုံစိုက်မှု နှင့် ဦးတည်ချက်များ ရှိသော်လည်း ထို စီမံချက် နှစ်ခု၏ ချဉ်းကပ်နည်းလမ်း နှင့် မဟာဗျူဟာများ မှာ သိသိသာသာ ကွဲပြားခြားနားပါသည်။ စီမံချက်တစ်ခုမှ ဈေးကွက် စစ်တမ်းမှာ ဖော်ထုတ်ပေး လိုက်သည့် လုပ်ငန်း ၄ ခုအပေါ်တွင် အထူး အာရုံစိုက်ပြီး အခြား စီမံချက်ကမူ ရပ်ရွာလူထုများက ဖော်ထုတ်ပေးသည့် လုပ်ငန်းများပေါ် တွင် အာရုံစိုက်ဆောင်ရွက်လျက် ရှိပါသည်။

ဘိုကလေး တွင် အသက်မွေးမှုတိုးပွားလာခြင်း စီမံချက်မှ လူငယ် ၂၆၀ (အမျိုးသမီး ၅၆ ရာခိုင်နှုန်း) အား အသက်မွေးဝမ်းကျောင်းမှု သင်တန်းသင်ရိုးညွှန်းတမ်းများဖြင့် လေ့ကျင့်ပေးခဲ့ပါသည်။သင်တန်းဆင်းများထဲမှ ၈၇ ရာခိုင်နှုန်းသည် ၁) သင်တန်းနှင့် တိုက်ရိုက်သက်ဆိုင်သည့် အလုပ်အကိုင်/ကိုယ်ပိုင်အလုပ် (သင်တန်းသား ၅၉ ရာခိုင် နှုန်း) ၂) သင်တန်းနှင့် သွယ်ဝိုက် သက်ဆိုင်သည့် အလုပ်အကိုင်/ကိုယ်ပိုင်အလုပ် (သင်တန်းသား ၁၃ ရာခိုင်နှုန်း) ၃) သင်တန်းနှင့် မသက်ဆိုင်သည့် အလုပ်အကိုင်/ ကိုယ်ပိုင်အလုပ် (သင်တန်းသား ၁၅ ရာခိုင်နှုန်း) ရရှိခဲ့ပါသည်။ အလုပ်အကိုင်များတွင် အလုပ်ခန့်ထားသည့် နှုန်း နှင့် ဝင်ငွေ များ အမျိုးမျိုး ကွဲပြားပါသည်။ အနိမ့်ဆုံး ဝင်ငွေမှာ ပျမ်းမျှ တစ်လ လျှင် ကျပ် ၈၀,၀၀၀ (ကန်ဒေါ်လာ ၅၆) ဖြင့် မုန့်ပဲသွားရည်စာ ပြုလုပ်ရောင်းချခြင်း နှင့် အင်ဂျင် စက်ပြင် အလုပ်တို့မှ ရ သည့် ဝင်ငွေဖြစ်ပါသည်။ အမြင့်ဆုံး ဝင်ငွေ ယာဉ်မောင်း၊ စက်ပြင်ဆရာများ နှင့် အထည်ချုပ်လုပ်ငန်း အလုပ်သမားများ ရရှိသည့် တစ်လလျှင် ပျမ်းမျှ ကျပ် ၃၀၀,၀၀၀ (ကန်ဒေါ်လာ ၂၀၈) ခန့်ဖြစ်ပါသည်။ ရွှေ့ပြောင်းသွားလာသည့် သူများ သည် ဝင်ငွေ ပိုမြင့်မားကြပါသည်။ ၎င်းတို့၏ ဇာတိရွာများတွင် ကျန်နေခဲ့ပြီး အလုပ်လုပ်ကိုင်သူများ မှာ အနိမ့်ဆုံး ဝင်ငွေများ ကို ရရှိကြပါသည်။ မတူညီသော သင်တန်းများ၏ ကွဲပြားခြားနားသည့် လိုအပ်ချက်များ နှင့် ကိုက်ညီအောင် ဖြည့်ဆည်းပေးနိုင်မည့် နည်းပညာ သင်တန်းများအား ဖော်ဆောင် ပေးနိုင်ရန် အရေးကြီး ပါသည်။

ရွှေ့ပြောင်းသွားလာခြင်းသည် လူတိုင်းနှင့် ကိုက်ညီသည့် ဖြေရှင်းနည်းလမ်း မဟုတ်ဘဲရွာတွင် ဆက်လက်နေထိုင်မည့် သူများအတွက် အဆာပြေ မုန့်ထုတ်လုပ်ငန်း မျိုးမှ ဝင်ငွေနည်းပါးသော် လည်းအပိုဝင် ငွေရရှိစေပါသည်။ သင်တန်းသား ၆၀ ရာခိုင်နှုန်းတို့သည် အလုပ်အကိုင်အတွက် ရွှေ့ပြောင်းသွားလာကြပြီး နှစ်စဉ်ပျမ်းမျှအားဖြင့် ၁,၉၂၀,၀၀၀ ကျပ် (ကန် ဒေါ်လာ ၁,၃၃၂ ) မျှ ဝင်ငွေ ရရှိခဲ့ကြပါသည်။ ၎င်းတို့၏ ရွာများတွင် ဆက်လက်နေထိုင်သည့် သင်တန်းသားများ သည်နှစ်စဉ်ပျမ်းမျှ ဝင်ငွေ ၁,၀၄၄,၀၀၀ ကျပ် (ကန်ဒေါ်လာ ၇၄၂ ) ရရှိခဲ့ပါ သည်။ ရွှေ့ပြောင်းသွားလာသူများတွင်မူ ရွှေ့ပြောင်းသွားလာခြင်း နှင့် ဆက်စပ်နေသည့် အပိုကုန်ကျစရိတ်များ ရှိပါသည်။

သင်တန်းသားများအား သင်တန်းတက်ရန် ချေးငွေများ

၁၉။ မြန်မာ့ ငါးလုပ်ငန်များ၏ အသွင်ကူးပြောင်းရေးကာလ-မူဝါဒ ပြောင်းလဲမှုအတွက် လက်ရှိ အဆင့်အတန်း နှင့် အခွင့်အလမ်းများ၊ ဇေးဗီးယား တက်ဇ်ဇို၊ ဘန်န် ဘယ်လ်တန်၊ ဂါးရက်သ် ဂျွန်စတန်၊ မာတင် ကယ်လို-အဏ္ဏဝါ ဆိုင်ရာ မူဝါဒ ၉၇ (၂၀၁၈)

ထုတ်ပေးပြီး ၎င်းတို့ အလုပ်အကိုင်ရရှိသည့် အချိန်တွင် ပြန် ဆပ်ရမည် ဖြစ်သည့် စရိတ်ပြန် လည်ရယူခြင်း အခြေခံသည့် သင်တန်းပို့ချသည့် နည်းလမ်းကိုလည်း စဉ်းစားခဲ့ပါသည်။ သို့သော်လည်း ရင်းနှီး မြှုပ်နှံမှုမှ ပြန်လည်ရရှိမည့် ငွေများမှာ ကွဲပြား ခြားနားမှု များစွာရှိပါသည်။ ယာဉ်မောင်း နှင့် စက်ပြင် သင်တန်းများအတွက် ကုန်ကျစရိတ်မှာ ကျပ် ၄၀၀,၀၀၀ (ကန်ဒေါ်လာ ၂၇၇) ခန့်ရှိပြီး တစ်လလျှင် ကျပ် ၃၀၀,၀၀၀ (ကန်ဒေါ်လာ ၂၀၈ ) ခန့် ဝင်ငွေရရှိနိုင်ပြီး အလုပ်အကိုင် ရရှိမှုနှုန်း မြင့်မားပါသည်။ အဆိုပါ သင်တန်းသားများအနေဖြင့် သင်တန်းဆင်းပြီးချိန်တွင် ကြွေး ပြန်ဆပ်ရန် လုံလောက်သည့် ဝင်ငွေရအောင် စွမ်းဆောင်နိုင်စွမ်းရည် ရှိသဖြင့် ၎င်းတို့အတွက် ချေးငွေထုတ်ပေးခြင်းမှာ ဖြစ်နိုင်ချေရှိပါသည်။ အခြား သင်တန်းများမှာ ကုန်ကျစရိတ်ပိုများပြီး ဝင်ငွေရရှိမှု နည်းသဖြင့် ချေးငွေ ပြန်ဆပ်နိုင်ရန် ဖြစ်နိုင်ခြေ နည်းပါးပါသည်။

လပွတ္တာကို ဈေးကွက် နှင့် ချိတ်ဆက်ခြင်းစီမံချက်သည် လပွတ္တာရှိ မြေယာမဲ့များအတွက်နည်းပညာ၊ အသက်မွေးဝမ်းကျောင်း၊ ပညာရေး နှင့် သင်တန်းပေးခြင်းများ ဦးတည် ဆောင်ရွက်ပေးလျက်ရှိပါ သည်။ သင့်လျော်သည့် လုပ်ငန်း ၄မျိုး - စက်ပြင်၊ဆောက်လုပ်ရေး၊ ဧည့်ဝန်ဆောင်မှုနှင့် အထည်ချုပ် တို့ကို ဖော်ထုတ်ခဲ့ပါသည်။ စီမံချက်မှ ၎င်း၏ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများအား အဖွဲ့အစည်းများတွင် ပို့ချနိုင်ရန် ကနဦး ခြေလှမ်းအနေဖြင့် အရပ်ဘက် လူမှုအဖွဲ့အစည်း (Civil Society Organisations- CSOs) နှစ်ဖွဲ့ နှင့် လပွတ္တာရှိ အစိုးရ အသက်မွေးဝမ်းကျောင်းမှု သင်တန်းကျောင်းတို့နှင့် မိတ်ဖက်ပြုခဲ့ပါသည်။ ပုံမှန် သင်တန်းများ နှင့် လုပ်ငန်း ခွင် သင်တန်း နှစ်မျိုးလုံး တိုးတက်မှု ရှိပြီး စီမံချက် မှ သက်တမ်းတိုးထားသည့် သတ်မှတ်ချိန်တွင် လူငယ်ပေါင်း ၁,၄၀၀ ဦးအား ကောင်းမွန်သည့် အလုပ်အကိုင် ရရှိစေရန် ကူညီပေးနိုင်ရမည် ဟူသော ဦးတည်ချက် မှာ အောင်မြင်နိုင်ချေ ရှိပါသည်။

၂၀၁၈ ခုနှစ်အတွင်း ကျွမ်းကျင် သင်တန်းများ ပြီးမြောက်အောင်မြင်ခဲ့သည့် မြေယာမဲ့ ၅၄၆ ဦးဖြင့် စီမံချက် မှ လေ့ကျင့်ပေးခဲ့သူ စုစုပေါင်း ၁,၃၅၀ (အမျိုးသမီး ၂၈ ရာခိုင်နှုန်း) ထိ ရောက်ရှိခဲ့ပါသည်။ သင်တန်းဆင်းပြီးသူ ၈၀ ရာခိုင်နှုန်း နီးပါးအား အလုပ်အကိုင် ပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် စီမံချက်နှင့် ချိတ်ဆက်ထားသည့် လုပ်ငန်းရှင် ၇၇ ဦးအထိ တိုးတက် ခဲ့ပါသည်။

လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ခြင်း စီမံချက်မှ ဈေးကွက်လိုအပ်ချက်ကို အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်စေရန် မြေယာမဲ့များအား ကျွမ်းကျင်မှု သင်တန်းများ ပေးပါသည်။ ၂၀၁၈ ခုနှစ်ကုန်တွင် ကောက်ယူခဲ့သည့် စစ်တမ်းအရ သင်တန်းဆင်းများရှိသည့် မြေယာမဲ့အိမ်ထောင်စုများ အနေဖြင့် သင်တန်းတွင်ပါဝင် တက်ရောက်ပြီးသည့် အချိန်တွင် ငွေကြေး စီးဆင်းမှုများ သိသိသာသာ တည်ငြိမ်လာခဲ့ကြောင်း တွေ့ရှိရပါသည်။ လပွတ္တာရှိ ဦးတည် မြေယာမဲ့နှင့် ထိခိုက်လွယ်သော အိမ်ထောင်စုများကြား မိသားစု ဝင်ငွေတိုးတက်စေရန်နှင့် တည်ငြိမ်မှုခိုင်မာစေရန် လယ်ယာ ပြင်ပ အလုပ်အကိုင်များ၏ မဟာဗျူဟာမြောက် အရေးပါမှုကို ကိုယ်တွေ့ဖြစ်ရပ် ၂ ခုမှ ပြသပေးပါသည်။ (စာမျက်နှာ ၁၁၃ တွင် ဆက်လက်ဖတ်ရှုရန်)

စီမံချက် မှ အောင်မြင်မှုများ ရှိသော်လည်း များပြားလှသည့် စိန်ခေါ်မှုများက အကျိုးသက်ရောက်မှု အပေါ် အကန့်အသတ်များဖြစ်စေခဲ့ပါသည်။

- အထူးသဖြင့် လပွတ္တာမှ ရန်ကုန်သို့ လူငယ်များရွှေ့ပြောင်းသွားလာသည့် လမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနေသည့်အခါ လပွတ္တာ တွင် သင်တန်းတက်ရန် အခွင့်အလမ်းကို စိတ်ဝင်စားသည့် လူငယ်အရေအတွက် လျော့ကျသွား ခဲ့ပါသည်။
- စီမံချက်မှ သင်တန်းများတွင် ဘဝနေနည်းကျွမ်းကျင်မှုများကို ခိုင်မာ အားကောင်းစေရန် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အလုပ်ကမ်းလှမ်းချက်ရရှိပြီး နောက်ပိုင်းမြို့များတွင် အလုပ်အခွင့်အလမ်းများရယူရန်၊ တွန့်ဆုတ်နေဆဲ ဖြစ်သည့် သင်တန်းသား ပြဿနာကိုလျှော့ ကျစေရန်အတွက် ကြိုးပမ်းအားထုတ်ရန်လိုအပ် ပါသည်။ ထို့အတွက် ကျွမ်းကျင်လုပ်သားများအား လုပ်ခလစာ ကောင်းကောင်းများပေးနိုင်မည့် လုပ်ငန်းများနှင့် ညှိနှိုင်းမှုများ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ စီမံချက်မှ သင်တန်းသားများအတွက် ပညာသင်ထောက်ပံ့ကြေး နှင့် အခြား အထောက်အကူများ ပေးနိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းများ နှင့် ညှိနှိုင်းခဲ့ပါသည်။
- အမျိုးသမီးများများ အမျိုးသားများထက် ပါဝင်ဆောင်ရွက်မှု နည်းပါးနေသေးသည်။ အမျိုးသမီးများ ပါဝင် ဆောင်ရွက်မှုမှာ အထည်ချုပ်လုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု ကျွမ်းကျင်မှုများ တွင်သာ ရှိနေပါသည်။




▶ ပုံ ၃.၃
သင်တန်းဆင်းများ၏ အကျိုးရလဒ်များ

အမျိုးသား သင်တန်းဆင်းများနှင့် စာလျှင် အမျိုးသမီး သင်တန်းဆင်းများအား တိုးချဲ့ ထားသည့် ဘဝနေနည်း ကျွမ်းကျင်မှုသင်တန်းတွင်ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်း သွားလာမှု ဆိုင်ရာ သတင်းအချက်အလက်များ ထည့်သွင်း သင်ကြားပေးသော်လည်း လုံခြုံရေးဆိုင်ရာ စိုးရိမ် ပူပန်ပူ များကြောင့် မိသားစု နှင့် ဝေးကွာ သည့် အခြားနေရာဒေသများမှ အလုပ်များကို ရွေးချယ်ခြင်း မပြုပါ။

## အာဟာရ ပြည့်ဝမှု

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဧရာဝတီတိုင်းဒေသကြီးမှာ အာဟာရ နိမ့်ကျမှု နှင့် လူမှုစီးပွား အခြေအနေများ၏ အဆိုးရွားဆုံး သက်ရောက်မှု ခံစားရသည့် ဒေသများထဲမှ တစ်ခု ဖြစ်ပါ သည်။ [၂၀]

- အသက် ငါးနှစ်အောက် ကလေးသူငယ် ၃၇ ရာခိုင်နှုန်းများ ပုညှက်နေပြီး ၄ ရာခိုင်နှုန်းမှာ ပိန်လှီနေပါသည်။
- အသက် ၆ လမှ ၅၉ လအတွင်း ကလေးသူငယ် ၆၂ ရာခိုင်နှုန်းမှာ သွေးအားနည်း ရောဂါ ရှိနေပါသည်။
- အမျိုးသမီးများ အားလုံး၏ ၄၃ ရာခိုင်နှုန်းမှာသွေးအားနည်းနေပါသည်။
- မွေးကင်းစ ကလေး ၁၁ ရာခိုင်နှုန်းမှာ မွေးဖွား ချိန်တွင် သာမာန် အလေးချိန်အောက်တွင် ရှိနေပါ သည်။
- အသက် ၆ လမှ ၂၃ လအတွင်း ကလေး သူငယ်များ၏ ၁၃ ရာခိုင်နှုန်းသာ အနိမ့်ဆုံး လက်ခံနိုင်သည့် အစာအာဟာရ ကို စားသုံးလျက် ရှိပါသည်။
- မိခင် ၃၄ ရာခိုင်နှုန်းမှာ (ကလေးနို့တိုက်ချိန်ကာလ အပါအဝင်) နောက်ဆုံး အကြိမ် ကိုယ်ဝန် ဆောင် ကာလအတွင်းတွင် အမျိုးသား အဏုအာဟာရ အစီအစဉ်၏ အကျိုးကျေးဇူးကို ခံစားရခြင်း မရှိခဲ့ပါ။

မြစ်ဝကျွန်းပေါ် တွင် ၂၀၁၅ ခုနစ် မှ ၂၀၁၇ ကြား ပုညှက်မှု နှင့် ပတ်သက်သည့် ကိန်းဂဏန်းများတွင် ထင်ရှားသည့် ပြောင်းလဲမှု မရှိသည်ကို LIFT ၏ ၂၀၁၇ အိမ်ထောင်စု စစ်တမ်း မှ တွေ့ရှိခဲ့ပါ သည်။ မိခင်နို့သက်သက်ကို ရရှိသည့် ကလေး သူငယ်များမှာ ၄၁ ရာခိုင်နှုန်း မှ ၅၈ ရာခိုင်နှုန်း အထိမြင့်တက်ခဲ့ပြီး အာဟာရဆိုင်ရာ ဖွံ့ဖြိုးမှု အထောက်အကူရရှိသည့် အိမ်ထောင်စုများ နှင့် မရသည့် အိမ်ထောင်စု များကြားတွင် ကွာခြားချက်ကြီးမားခဲ့ပါ သည်။ ကလေးသူငယ် ၂၉ ရာခိုင်နှုန်းမှာ အနိမ့်ဆုံး လက်ခံ နိုင်သည့် အမည်စုံ စားသုံးမှုရရှိပြီး အမျိုးသမီး ၃၀ ရာခိုင်နှုန်းသည် အနိမ့်ဆုံး အမည်စုံ စားသုံးနိုင်မှု ရည်မှန်းချက် ကို ပြည့်မီရရှိပါသည်။

မြစ်ဝကျွန်းပေါ် စီမံချက်၏ အာဟာရ ကဏ္ဍမှ အထူးသဖြင့် ကိုယ်ဝန်စတင် ဆောင်ချိန်မှ အသက်နှစ်နှစ် အထိ ကလေး၏ဘဝ အစ ရက်ပေါင်း ၁,၀၀၀ အတွင်း မိခင် နှင့် ကလေး တို့၏ အာဟာရ ပြည့်ဝမှု နှင့် တကိုယ်ရေ သန့်ရှင်းမှုတို့ကို ဦးတည်အာရုံစိုက် ဆောင်ရွက်လျက် ရှိပါသည်။

မြစ်ဝကျွန်းပေါ် ၃ စီမံချက်မှ ပိုမိုကောင်းမွန်သည့် အာဟာရ ရရှိရန် -

- အာဟာရ ဆိုင်ရာ အသိပညာပေးခြင်း နှင့် အာဟာရဆိုင်ရာ (essential nutrition actions, ENA) နှင့် တကိုယ်ရေ ကျန်းမာရေးဆိုင်ရာ (essential hygiene actions, EHA) များကို အထူး အလေးပေးသည့် ပညာရေး
- အာဟာရပြည့်ဝသည့် အစားအစာများအား လက်လှမ်းမီမှု ပိုမိုကောင်းမွန်စေခြင်း (ဉပမာ - အိမ်ခြံဝင်း စိုက်ခင်းများ၊ မွေးမြူရေး၊ ငါးလုပ်ငန်း တို့ဖြင့်)
- အာဟာရဖောင်းပေး အစီအစဉ်များ - အထူးသဖြင့် အာဟာရ ဖောင်းပေး စိုက်ပျိုးရေး
- ဘဝအစ ပထမ ရက်ပေါင်း ၁,၀၀၀ ကာလအတွင်း (MCCT) အစီအစဉ်တွင် ပါဝင်နိုင်ခွင့်ရှိသည့် အမျိုးသမီးများနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးခြင်း တို့ဖြင့် ထောက်ပံ့ပေးလျက် ရှိပါသည်။

မြစ်ဝကျွန်းပေါ် ၃ မှ လပွတ္တာတွင် စီမံချက်တခုတည်းသာ ရှိပြီး အာဟာရဆိုင်ရာ အမူအကျင့် ပြောင်းလဲရေး သတင်းစကား ပြောကြားမှုများ(social and behaviour change communication, SBCC) နှင့် မိခင်များနှင့် ကလေးသူငယ်များအား ငွေကြေး အထောက်အပံ့ပေးခြင်းကိုသာ လုံးလုံးလျားလျား ဦးတည် ရည်ရွယ်သည့် စီမံချက်ဖြစ်ပါသည်။ ဘိုကလေး နှင့် မော်လမြိုင်ကျွန်းတွင် ရှိသည့် စီမံချက် နှစ်ခုလုံးတွင် ဆန်စပါး တန်ဖိုးမြှင့် ကွင်းဆက်တလျှောက် ရှိ အရေးပါသည့် စီမံချက်လုပ်ငန်းများတွင် သိသာထင်ရှားသည့် အာဟာရဆိုင်ရာ ပညာပေးခြင်း ကဏ္ဍများကို ထည့်သွင်းထားပါသည်။ ငါးမွေးမြူရေး ဖွံ့ဖြိုးမှု စီမံချက်တွင် ရည်ရွယ်ချက်ရှိပြီး ခိုင်မာအားကောင်းသည့် အာဟာရ ဖောင်းပေး ချဉ်းကပ်နည်းလမ်း ရှိပါသည်။ PATH ၏ အားဖြည့်ဆန် စီမံချက်၏ ရည်မှန်းချက်မှာ အားဖြည့်ဆန်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းဖြင့် အဏုအာဟာရ ကဏ္ဍများကို ပိုမို ကောင်းမွန်လာစေရေး ဖြစ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် PATH ၏လုပ်ငန်း တာဝန်မှာ ပုဂ္ဂလိက ဆန်စက်လုပ်ငန်းရှင်များနှင့် လက်တွဲ၍ အားဖြည့်ဆန် ထုတ်လုပ်ခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနစ် ဖွန်လတွင် Save the Children ၏ BRIGHT SUN စီမံချက် မှ လပွတ္တာမြို့နယ်ရှိ ကျေးလက်ကျန်းမာရေးဌာန ငါးခုမှ တစ်ဆင့် ကျေးရွာပေါင်း ၂,၀၀၀ မှ အမျိုးသမီး ၅,၇၇၃ ဦးအား မိခင်နှင့်ကလေး ထောက်ပံ့ကြေး ပေးရန် စာရင်းသွင်း ခဲ့ပါသည်။ စီမံချက် ၏ ကနဦး အစီအစဉ်များအရ နောက်ဆုံး စာရင်းသွင်းခဲ့သည့် အမျိုးသမီးများ အနည်းဆုံး နောက်ထပ်ခြောက်လ ထောက်ပံ့ကြေး ရရန်ဖြစ်ပြီး ၂၀၁၈ ခုနစ် ဖွန်တွင်စာရင်း သွင်းမှု ပြီးဆုံးခဲ့ပါသည်။ ၂၀၁၈ ခုနစ်တွင် အကျိုးခံစား ခွင့်ရှိသူများ ပထမဆုံး ရက် ၁,၀၀၀ ကာလ ပြီးဆုံးခြင်းသို့ စတင်ရောက်ရှိပြီး (ဆိုလိုရင်းမှာ ကလေး အသက် နှစ်နှစ်ပြည့်ခြင်း) အမျိုးသမီး စုစုပေါင်း ၁,၀၀၀ ဦး စီမံချက်မှ ထွက်သွားပါသည်။ ၂၀၁၈ ခုနစ် ဒီဇင်ဘာလကုန်တွင် စီမံချက်မှ လွှမ်းခြုံသည့် ကျေးရွာ ၂၀၂ ရွာ အနက်မှ ၆၃ ရွာတွင် ငွေကြေး ထောက်ပံ့မှုများအား အီလက်ထရွန်နစ် နည်းပညာဖြင့် ပေးအပ်ခဲ့ပြီး အမျိုးသမီး ၂,၀၀၀ နီးပါးထံ သို့ ရောက်ရှိခဲ့ပါသည်။ စီမံချက်မှ လုပ်ငန်းဆောင်ရွက်သည့် ပုံစံ နှစ်မျိုးလုံး (ငွေသားဖြင့် ပေးခြင်းနှင့် မိုဘိုင်းလ်ဖုန်းဖြင့်ပေးခြင်း) အတွက် ငွေထုတ်ပေးပြီးနောက် လေ့လာ စောင့်ကြည့်ခြင်း (Post-Distribution

၂၀။ မြန်မာနိုင်ငံ လူနေမှုဘဝ၊ နှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်း ၂၀၁၅

Monitoring -PDM ) ကို အနည်းငယ်ကွဲပြားသည့် မေးခွန်းများဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း စီမံချက် အကျိုးခံစားခွင့်ရှိသူ ၃,၅၆၆ဦး (လူကိုယ်တိုင်ပေးသည့် နည်းဖြင့် အကျိုးခံစားခွင့် ရှိသူ ၆၃ ရာခိုင်နှုန်း နှင့် Wave Money ဖြင့် အကျိုးခံစားခွင့်ရှိသူ ၃၇ ရာခိုင်နှုန်း ) ဖြင့် PDM တွေ့ဆုံမေးမြန်းမှုပေါင်း ၄,၄၉၄ ခု ဆောင်ရွက်ခဲ့ပါသည်။ ပြီးခဲ့သည့်လေ့လာ စောင့်ကြည့်မှု အကြိမ်များ နှင့် အဓိက တွေ့ရှိချက်များအား လေ့လာခြင်းဖြင့်တွေ့ရှိရသည့် လမ်းကြောင်း ပုံစံများအား PDM ကိန်းဂဏန်းအချက်အလက်များ မှ အတည်ပြုခဲ့ပါသည် -

- အကျိုးခံစားခွင့်ရှိသူ များ၏ ၈၅ ရာခိုင်နှုန်းမှာ ကလေးမွေးဖွားပြီး ဖြစ်ပါသည်။
- လူကိုယ်တိုင်ပေးသည့် နည်းဖြင့် အကျိုးခံစားခွင့် ရရှိသူများ အား မေးမြန်းသည့်အခါ ၁ ရာခိုင်နှုန်းမှသာ ထောက်ပံ့ငွေနှင့်လွှဲချော် (သို့) မရရှိခဲ့ဟု အစီရင်ခံ ပါသည်။
- အီလက်ထရွန်နစ်စနစ်ငွေပေးချေမှု ပုံစံဖြင့် အကျိုး ခံစားခွင့် ရရှိသူ ၄ ရာခိုင်နှုန်းမှ ငွေလက် ခံရယူရာတွင် အခက်အခဲရှိကြောင်း အစီရင်ခံ ခဲ့ပါသည်။
- မေးခွန်းများ ဖြေကြားသူအများစုက ရရှိသည့် ငွေများ အား အစားအစာပိုမိုဝယ်ယူရန် အသုံးပြု ခဲ့သည်ဟု အစီရင်ခံခဲ့ပါသည်။ ဖြေဆိုသူစုစုပေါင်း ၏၉၁ ရာခိုင်နှုန်းမှ ၄၀ရာခိုင်နှုန်းမှ ၎င်းတို့၏ ကလေးသူငယ်များအတွက် ဝယ်ယူခဲ့ပြီး ၂၉ ရာခိုင်နှုန်း မှာ မိသားစုအတွက် ဝယ်ယူခဲ့သည်ဟု ဖြေဆိုခဲ့ပါသည်။
- အကျိုးခံစားခွင့်ရရှိသူ ၇၇ ရာခိုင်နှုန်းမှ MCCT စီမံကိန်းအနေဖြင့် သားဖွားဆရာမများ (သို့) ကျန်းမာရေး ဌာနများ မှ ကိုယ်ဝန်ဆောင် ကာလ နှင့် မွေးဖွားပြီးကာလ စောင့်ရှောက်မှုများ ပိုမို ကောင်းမွန်စွာ လက်လှမ်းမီစေရန် ကူညီပံ့ပိုးပေး ခဲ့ကြောင်း ပြောကြားခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင်း စီမံချက်မှ ဦးတည် မိခင်ပေါင်း ၄,၅၀၀ ကျော် နှင့်အခြား ရပ်ရွာလူထု ၄,၅၀၀ တို့အား ကလေးငယ် နှင့် ၂ နှစ်အောက် ကလေး သူငယ်များများအား အာဟာရ ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်ချိန်နှင့် မီးဖွားပြီးချိန်ကျန်းမာရေး စောင့်ရှောက်မှု၊ ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တကိုယ်ရေ သန့်ရှင်းရေး ဆိုင်ရာ SBCC ဟောပြောမှု/လှုပ်ရှားမှုပေါင်း ၂,၀၀၀ ကျော်ပြုလုပ်ပေးခဲ့ပါသည်။ စီမံချက်မှ လေ့ကျင့်ပေးထားသည့် ပြည်သူ့ကျန်းမာရေး လုပ်သားများ (သို့) အရန်သားဖွားဆရာမများ ပါဝင်သည့်ရပ်ရွာစေတနာ့ဝန်ထမ်းများမှ SBCC များ ဆောင်ရွက် ပေးခဲ့သည်။ စီမံချက်မှ SBCCလုပ်ငန်းများတွင် အမျိုးသမီး ခေါင်းဆောင်များ ပိုမို ထိတွေ့ဆောင်ရွက် စေရန်အတွက်ပံ့ပိုးပေးရန်မိခင် အချင်းချင်း ရိုင်းပင်းကူညီရေး အုပ်စုများ အား ခိုင်မာအားကောင်း စေရန်ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ နှစ်သိမ့်ဆွေးနွေး ပေးသည့်လုပ်ငန်းများအား အားကောင်းစေပြီး ၂၀၁၈ခုနှစ် အတွင်း အကျိုး ခံစားခွင့်ရှိသူပေါင်း ၉၀၀ တို့သည် လေ့ကျင့်ပေးထားသည့် ဝန်ထမ်းများ ထံမှ ကောင်းမွန်သည့် အာဟာရဆိုင်ရာအမူအကျင့်များ နှင့် ပတ်သက်၍ တစ်ဦးချင်း ဆွေးနွေးတိုင်ပင် အကြံပေးမှု ရရှိခဲ့ပါသည်။ ရပ်ရွာ လူထုစေတနာ့ ဝန်ထမ်း များမှမိခင်များ ကောင်းမွန်သည့် အာဟာရ ဆိုင်ရာ အမူအကျင့်များ အကောင်အထည်ဖော်ရာတွင် တိုးတက်မှုများကို စောင့်ကြည့် ကြီးကြပ်ပေးပါသည်။

SBCC တာဝန်ခံများအနေဖြင့် အကျိုးခံစားခွင့်ရှိသူများ မှ အီလက်ထရွန်နစ် ငွေလွှဲစနစ်ဖြင့် ထောက်ပံ့ ငွေ ရရှိသည့် ကျေးရွာများတွင် မိခင်အချင်းချင်း ရိုင်းပင်းကူညီရေး အုပ်စုလိုက် ဟောပြောပွဲများ ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ပိုမိုကြုံတွေ့ရပါ သည်။

၂၀၁၈ ခုနှစ်အတွင်းတွင် LIFT မှ အရေးကြီးသည့် ပထမ ရက် ၁,၀၀၀ အတွက် အာဟာရဆိုင်ရာ သတင်းစကားများ ပေးပို့နိုင်မည့် မိုဘိုင်းလ်အက်ပ် တီထွင်ရန် Koe Koe Tech အား ရန်ပုံငွေ ထောက်ပံ့ခဲ့ပါသည်။ ရည်ရွယ်ချက်မှာ ကျန်းမာရေး လုပ်သားများအတွက်အာဟာရဆိုင်ရာ သတင်းအချက်အလက် နှင့် ဒီဂျစ်တယ်အညွှန်းနည်းလမ်းများ ပိုမိုတိုးမြှင့် ရရှိစေရန် အတွက် ဝန်ဆောင်မှု အပြည့်အဝမရရှိသူများထံ ရောက်ခြင်းဖြင့် ကျန်းမာရေး စနစ်များ အား ကောင်းစေရန် ဖြစ်ပါသည်။ ၂၀၁၉ခုနှစ်တွင် Koe Koe Tech မှ မေမေ အပလီကေးရှင်း နှင့် ပူးပေါင်း ၍ အာဟာရဆိုင်ရာ အပလီကေးရှင်း ကို ပိုမို တိုးမြှင့် အသုံးပြုစေရန် ဆောင်ရွက်မည် ဖြစ်ပါသည်။

အစီအစဉ်၏ အဖွဲ့အစည်းဆိုင်ရာ နှင့် စီးပွားရေးဆိုင်ရာ ရေရှည်တည်တံ့မှုမှာ လူမှုဝန်ထမ်းဦးစီးဌာန (DSW) အနေဖြင့် အစီအစဉ် ဆက်လက် ဆောင်ရွက်ရန် အတွက် ရန်ပုံငွေ ရရှိရန် ဆောင်ရွက်နိုင်မှုအပေါ် မူတည်ပါသည်။ ဧရာဝတီတိုင်းတွင် ကမ္ဘာ့ဘဏ်၏ ပံ့ပိုးမှုဖြင့် အကောင်အထည်ဖော်လျက်ရှိသည် MCCT အစီအစဉ်အတွက် စီမံချက်များအား ၂၀၁၉ ခုနှစ် အကုန်တွင် ထားရှိနိုင်အောင် စီမံထားပါသည်။ Save the Children မှ လုပ်ငန်းလည်ပတ်ခြင်းနှင့် ဆိုင်သည့် အတွေ့အကြုံ နှင့် အထောက်အထားများအား ကမ္ဘာ့ဘဏ် နှင့် လူမှုဝန်ထမ်းဦးစီးဌာန (DSW) တို့ အား ဝေမျှခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာန၏ အစီအစဉ်ကို ပေါင်းကူးပေးရန် နှင့် အကျိုးခံစားခွင့်ရှိသူများ အစီအစဉ်တစ်ခုမှ တစ်ခုသို့ ချောမွေ့စွာ ကူးပြောင်းနိုင်စေရန် စီမံချက်အား ၂၀၁၉ စက်တင်ဘာ အထိ သက်တမ်းတိုး ထားပါသည်။ အနာဂတ်တွင် ဆောင်ရွက်မည့် MCCT အစီအစဉ် ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ရေရှည်ရပ်တည်နိုင်ရန်မှာ DSW ၏ အစီအစဉ်ကို MCCT နှင့်အခြား လူမှု ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ အကောင်အထည် ဖော်လျက်ရှိသည့် မြို့နယ်အဆင့်တွင် ထား ရှိနိုင်ရန် အထိ တိုးချဲ့ရန် လိုအပ်ပါသည်။ DSWတွင် ရပ်ရွာလူထုထံ ရောက်ရှိစေမည့် လူမှုရေး ဝန်ဆောင်မှုများ၊ ရင်းမြစ်များပေးအပ်ခြင်းနှင့်ကလေးသူငယ် ကာကွယ်စောင့်ရှောက်ခြင်း၊ ကျား၊မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ပြီး ကျန်းမာရေး နှင့် အာဟာရ ဆိုင်ရာ ဝန်ဆောင်မှုများအား ချိတ်ဆက်မှုများကို ဖန်တီးပေးမည့် ဖြစ်ရပ် စီမံခန့်ခွဲသူများ ထပ်မံပံ့ပိုးမှုများ စတင် လုပ်ဆောင်ရန် အစီအစဉ်များ ရှိပါသည်။

WorldFish ၏ MyCulture project မှ ဆင်းရဲနွမ်းပါးသည့် ကျေးလက်နေ အိမ်ထောင်စုများအားနေအိမ် ရေကန်များတွင် စီးပွားဖြစ် ငါးမျိုးများ နှင့် အတူ အဏုအာဟာရ ပြည့်ဝသည့် ငါးသေးမျိုးများ မွေးမြူရန် သင်ကြားပေးလျက် ရှိပါသည်။ ဘင်္ဂလားဒေ့ရှ်နှင့် ကမ္ဘောဒီးယားတွင် ပြုလုပ်ခဲ့သည့် သုတေသန မှ

နည်းပညာသည် ငါးကန်၏ ထုတ်လုပ်မှု စွမ်းရည်နှင့် ယေဘုယျ အာဟာရ ပြည့်ဝမှု အရည်အသွေးတို့ကို တိုးမြှင့်စေသည့် ထိရောက်၍၊ စရိတ်နည်းသော၊ အာဟာရဖောင်းပေး ချဉ်းကပ်နည်းလမ်း ဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။ ယင်းက အိမ်ထောင်စုများတွင် သေးငယ်သော ငါးများအား စားသုံးမှုကို အားပေးမြှင့်တင် ပေးသဖြင့် ပိုမို ကောင်းမွန်သည့် အာဟာရ ရလဒ်ကို ရရှိစေခဲ့ပါသည်။ အိမ်ခြံ ရေကန်များတွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းများ ပေါင်းစပ်ပါဝင်လာပြီး ရပ်ရွာလူထုများအနေဖြင့် အာဟာရမျှတစုံလင်စွာ စားသုံးမှု၏ အရေးပါမှုနှင့် ဆိုင်သည့် သတင်းစကားများ ပေးပို့မှုများ ရရှိကြပါသည်။

၂၀၁၈ ခုနှစ်အတွင်း စီမံချက်မှ ဟင်းချက်သရုပ်ပြပွဲ များ၊ ငါးမွေးမြူရေး သင်တန်း ပေးခြင်း နှင့် အာဟာရပြည့်ဝမှု ပိုမို ကောင်းမွန်စေသည့် အာဟာရပြည့်ဝသည့် ငါးသေးများအား အလေးထားသည့် သတင်း အချက်အလက်များ ပေးပို့မှုများ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် မေလတွင် ငါးစားသုံးမှု စစ်တမ်း ကောက်ယူခဲ့ပြီး စီမံချက်မှ မြှင့်တင်ပေးသည့် ငါးဖန်းမသည် ကလေး သူငယ်များ၊ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များအတွက် ကျန်းမာရေး နှင့် အာဟာရပြည့်ဝမှုတို့အတွက် အခြား ငါးမျိုးများထက် ပိုမို၍ ကောင်းမွန်သည့် အကျိုးသက်ရောက်မှုရှိသည်ဟု စစ်တမ်းဖြေဆိုသူများက လက်ခံထားကြသည်ကို တွေ့ရှိ ရပါသည်။

၂၀၁၈ ခုနှစ် အတွင်းတွင် WorldFish မှ ဥပမာ ကျယ်ကျယ်ပြန့်ပြန့် စားသုံးကြသည့် ငါးပိ နှင့် ငါးချဉ် ကဲ့သို့ ငါးအခြေခံ စားသောက်ကုန် အမျိုးမျိုး၏ သေချာစွာ သဘောပေါက်ထားခြင်း မရှိသည့် အာဟာ ရ ပါဝင်ပေါင်းစပ်မှု နှင့် ဘေးကင်း စိတ်ချရမှုကို ဖော်ထုတ်ရန် သုတေသနပြု ဆောင်ရွက်ခဲ့ပါသည်။ ဤအသိအမြင် ကွာဟချက်ကို ဖြေရှင်းခြင်းမှာ စားသုံးသူများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်များ နှင့် ကျန်းမာရေး နှင့် အာဟာရ ပိုမိုကောင်းမွန်စေရန် ပံ့ပိုးကူညီ ပေးနိုင်သည့် ရင်းမြစ်များအား ဦးတည်သည့် အဆုံးအဖြတ်ပေးသူများ အတွက် သတင်းပေးရန် အရေး ကြီးပါသည်။

The Welthungerhilfe/GRET ၏ (ရေရှည်တည်တံ့သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်ဝကျွန်းပေါ် ကျေးလက်ဒေသအား အလေးထားခြင်း စီမံချက်) (Delta RISE) စီမံချက်မှရပ်ရွာ လူထု မှ အာဟာရချို့တဲ့မှု ပြဿနာကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အတွက် အာဟာရချို့တဲ့ခြင်း အကြောင်းရင်း အား အသိပညာပေးခြင်းကို မြှင့်တင်ပေးသည့် စီမံကိန်း၏ အပိုင်း၄ပိုင်းပါသည့် စိုက်ပျိုးရေး၊ သဘာဝသယံဇာတများ နှင့် အာဟာရ တို့ကိုချိတ်ဆက်ခြင်း (Linking Agriculture, Natural Resources and Nutrition -LANN+) ချဉ်းကပ်နည်းလမ်းကို တိုးချဲ့ရန်အတွက် ဆက်လက် အားစိုက် ကြိုးပမ်းခဲ့ပါသည်။ ၂၀၁၈ ခုနှစ် အတွင်းတွင် LANN+ ၏ သင်ကြားမှုများသည် သင်တန်းများမှတဆင့် အိမ်ထောင်စုပေါင်း ၃,၄၀၀ ထံ အာဟာရပြည့်ဝမှု ဆိုင်ရာ သတင်း အချက်အလက်များ နှင့်အတူ ရောက်ရှိခဲ့ပါသည်။ အဆိုပါ အိမ်ထောင်စုများထဲမှ အိမ်ထောင်စု ၁,၀၀၀ တို့မှ စတင်၍ အာဟာရ အမျိုးမျိုးပါဝင်သည့် အစားအစာ ထုတ်လုပ်မှု (သို့) အစားအစာ ပြုပြင် စီရင်မှု များ စတင် လုပ်ကိုင်ခဲ့ကြပါသည်။ ရေရှည် တည်တံ့မှုသေချာစေရန် ကြိုးပမ်းမှုတစ်ရပ် အနေဖြင့် စီမံချက်မှ LANN+ သင်တန်းများအား ဦးတည် ကျေးရွာ ၃၀ တွင် စေတနာ့ ဝန်ထမ်းများအား လေ့ကျင့်ပေးခဲ့ပြီး ယခုအခါ ဤချဉ်းကပ်နည်းလမ်းဖြင့် စေတနာ့ဝန်ထမ်း ၃၃၀ လေ့ကျင့်ပေးထားပြီး ဖြစ်ပါသည်။ အိမ်ထောင်စုအဆင့် အာဟာရ ဆိုသည်မှာ အမျိုးသမီးများ အများစုနှင့်သာ သက် ဆိုင်သည့် နယ်ပယ်ဟု ယူဆထားကြသော် လည်း အမျိုးသားများ အနေဖြင့် ကျေးရွာများတွင် ဟင်းရွက်ဟင်းသီး စိုက်ပျိုးထုတ်လုပ်ခြင်း နှင့် ရေ၊ ပတ်ဝန်း ကျင် သန့်ရှင်းရေး နှင့် တကိုယ်ရေ သန့်ရှင်းရေးတို့မှတဆင့် ပိုမိုကောင်းမွန်သည့် အာဟာ ရဆိုင်ရာရလဒ်များ ရရှိစေရန် ဆောင်ရွက်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း စီမံချက် မှ တွေ့ရှိခဲ့ပါသည်။

မြစ်ဝကျွန်းပေါ်တွင် PATH မှ အကောင်အထည်ဖော်လျက်ရှိသည့် အားဖြည့်ဆန်စီမံချက်မှ ဒုတိယမြောက် စိုက်ပျိုးထုတ်လုပ်သူအား ၂၀၁၈ ခုနှစ် တွင် အားဖြည့်ဆန် စတင်စိုက်ပျိုးရန်မျိုးစေ့များ ပံ့ပိုးပေးခဲ့ပါသည်။ MAPCO ကုမ္ပဏီလီမိ တက် (MAPCO-GL) မှဂူလိုင်လ တွင် ဆန်စေ့ပုံသဏ္ဍာန်ရ ရှိအောင် အပူပေးပုံလောင်းသည့်စက် (Extrusion Machine) တပ်ဆင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာ တွင် ကျန်းမာ့စားနပ်ရိက္ခာအဖွဲ့ ဒေသဆိုင်ရာ အဖွဲ့မှ ထုတ်လုပ်ရန် အတည်ပြု ပေးခဲ့ပါသည်။ MAPCO-GL မှ စီးပွား ဖြစ်ထုတ်လုပ်ခွင့်ရရှိစေရန် မြန်မာ့အစားအစာနှင့် ဆေးဝါး ကွပ်ကဲရေးဦးစီး ဌာနထံ လျှောက်ထားရာတွင် PATH မှ နည်းပညာ အထောက်အကူ ပံ့ပိုးပေးခဲ့ပါ သည်။

PATH မှ ဆန်စက်ပိုင်ရှင်များ အနေဖြင့် အားဖြည့်ဆန် ဈေးကွက်တင်ခြင်း နှင့် ဖြန့်ဖြူးခြင်း လုပ်ငန်းများအတွက် ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပြီး အရောင်းပမာဏမှာ ၃၀ ရာခိုင်နှုန်း တိုးမြှင့်ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အားဖြည့်ဆန် ၁,၅၂၆ မက်ထရစ်တန် ထုတ်လုပ်ခဲ့ပြီး ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်၊ပဲခူး၊ မန္တလေး၊ မကွေး ၊ စစ်ကိုင်းတိုင်းဒေသကြီးများ၊ ရခိုင်နှင့် ရှမ်းပြည်နယ် တို့ရှိ လက်လီဆိုင် ၈၅၀ ဆိုင်မှ မက်ထရစ်တန် ၁,၅၂၆ တန် ရောင်းချခဲ့ပါသည်။

အားဖြည့်ဆန်သည် မြန်မာနိုင်ငံတွင် ကောင်းမွန်သည့် အာဟာရပြည့်ဝမှု အတွက် ကုန်ကျစရိတ် သက်သာစေမည့် အလားအလာကောင်း ရှိပါသည်။ သို့သော်လည်း တနိုင်ငံလုံး အတိုင်းအတာဖြင့် သိသာထင်ရှားသည့် သက်ရောက်မှုရှိစေရန် ပုဂ္ဂလိက ဆန်စက်လုပ်ငန်းများ အနေဖြင့် ၎င်းတို့၏ ထုတ်လုပ်နိုင်မှု စွမ်းရည်ကို တိုးမြှင့်ရန် လိုအပ်ပါသည်။ အစိုးရ-ပုဂ္ဂလိက မိတ်ဖက်ပြုမှုများနှင့် လုပ်ငန်းအား လျင်လျင်မြန်မြန် တိုးချဲ့ရန် လိုအပ်ပါသည်။အခြားနိုင်ငံများ၏ အတွေ့အကြုံများ အရ မိမိ သဘော ဆန္ဒအလျောက်အားဖြည့်ဆန်လုပ်ငန်း လုပ်ကိုင်ခြင်းမှ အားဖြည့် အစားအစာ ထုတ်လုပ်ခြင်းနှင့် စားသုံးခြင်းတို့ ရေရှည် ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာမှုတွင် အကန့်အသတ်နှင့်သာ အောင်မြင်ကြောင်း တွေ့ရှိရပါသည်။ အားဖြည့်ဆန် ထုတ်လုပ်မှုအား မလုပ်မနေရ ဆောင်ရွက်မှသာ ပို၍ ထိရောက်မှု ရှိမည် ဖြစ်ပြီးအစိုးရဘက် မှ ခိုင်မာအားကောင်းသည့် အထောက်အပံ့ပေးရန် နှင့် ကြီးကြပ် ထိန်းသိမ်းပေးရန် လိုအပ် ပါသည်။

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိက ဆန်စပါး စိုက်ပျိုးထုတ်လုပ်သည့် ဒေသ ဖြစ်ပြီး ဆန်စက်ကြီး ၄ လုံး (တစ်ရက် လျှင် မက်ထရစ်တန် ၁၀၀ ကျော် ထုတ်နိုင်စွမ်းရှိသည့်)၊ အလတ်စား ဆန်စက် ၄၆ လုံး ( တရက် လျှင် မက်ထရစ်တန် ၄၀ မှ ၁၀၀ ကြား ထုတ်နိုင် စွမ်းရှိသည့်) နှင့် တစ်ရက်လျှင် မက်ထရစ် တန် ၂၀ နှင့် ၄၀ ကြား ထုတ်လုပ်နိုင်သည့် ဆန်စက်အသေး ၂၆၇ လုံး ရှိပါသည်။

ဧရာဝတီတိုင်းရှိ ဆန်စက်များသည် မှန်ကန်သည့် ကူညီပံ့ပိုးမှုရပါက တနိုင်ငံလုံးသို့ ဖြန့်ဖြူးပေးနိုင်ရန် အတွက် အားဖြည့်ဆန် တိုးမြှင့်ထုတ်လုပ်သည့် အနေအထားကောင်းတွင် ရှိပါသည်။ ဧရာဝတီ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများမှ အားဖြည့်ဆန် ထုတ်လုပ်မှု တိုးမြှင့်ခြင်း မပြုလုပ်မီ လူထုဆက်သွယ်ရေး နည်းလမ်းမှတဆင့် အသိပညာ မြှင့်တင်ရေး နှင့် လူမှုဖူလုံရေး အစီအစဉ်များတွင် အားဖြည့်ဆန် အသုံးပြုရန်အတွက် ကူညီ ပံ့ပိုးပေးမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

## ရှေ့သို့ မျှော်ကြည့်လျှင်

၂၀၁၉ ခုနှစ်တွင် မြစ်ဝကျွန်းပေါ် ၃ စီမံကိန်း သည် စီမံကိန်းကာလ အပြီးသတ် နှစ်သို့ ရောက်ရှိခဲ့ပြီး စီမံချက် အများစုမှာ ပိတ်သိမ်းရန် လုပ်ငန်းများ စတင်နေပြီ ဖြစ်သည်။ ဤကာလအတွင်း စီမံကိန်း အနေဖြင့် ၂၀၁၈ ခုနှစ်တွင် ဆောင်ရွက် ခဲ့သည့် စီမံကိန်း သုံးသပ်ချက်မှ အဓိက အကြံပြုချက် ၃ ခု အပေါ် အာရုံစိုက်လုပ်ဆောင်မည် ဖြစ်သည် - (၁ ) ယခုအချိန်အထိ ရရှိခဲ့သော အောင်မြင်မှုများအား စုစည်းရန် (၂) မူဝါဒနှင့် ကျင့်သုံးမှု အတွက် အထောက်အပံ့ ဖြစ်စေရန် ရယူခဲ့သော သင်ခန်း စာများအား မှတ်တမ်း ပြုစုပြီး ဖြန့်ဝေရန် နှင့် (၃) ရေရှည် တည်တံ့ခိုင်မြဲစေရန် ဖြစ်သည်။

အကဲဖြတ်သုံးသပ်မှုသည် LIFT စီမံကိန်းများ၏ အောင်မြင်မှုများအပေါ် အခြေခံ၍ တည်ဆောက်နိုင်မည့် ဒေသတွင်း ပေါ်ထွက်လာနေသည့် အခွင့်အလမ်း များကို မီးမောင်းထိုးပြခဲ့ပါသည် -

- ဒေသခံများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပိုမို တိုးပွားစေမည့် ခိုင်မာအားကောင်းပြီး တိုးပွားလျက်ရှိသည့် စီးပွားရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်
- ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် တောင်သူအဖွဲ့အစည်းများကြား အကျိုးတူ လယ်ယာလုပ်ငန်းများ အပါအဝင် ပုဂ္ဂလိက ဦးဆောင်သည့် တန်ဖိုးမြှင့် ကွင်းဆက်မြင့်မားလာမှု တို့အတွက် အခွင့် အလမ်း များ တိုးမြှင့်ပေးရန်
- ရေရှည်တည်တံ့မည့် အသေးစား စီးပွားရေး လုပ်ငန်းများ စတင်တည်ထောင်မှုများ အတွက် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများရရှိနိုင်မှု တိုးမြှင့်ရန်
- စိုက်ပျိုးရေး နှင့် စီးပွားရေးလုပ်ငန်းများတွင် စက်ကိရိယာ အသုံးပြုမှု တိုးမြှင့်ရန် နှင့် အလုပ် အကိုင်ရရှိရေးသို့ ဦးတည်သည့် လုပ်ငန်းမှ အထောက်အကူပေးသည့် အသက်မွေးမှု သင် တန်းများ (ဥပမာ အသေးစားစက်ပြင်လုပ်ငန်း) အတွက် အစိုးရ - ပုဂ္ဂလိက မိတ်ဖက်ပြုမှုများ ဖော်ဆောင်ရန်
- ရပ်ရွာလူထုများအတွင်း အလုပ်အကိုင်အတွက် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ အသိအမြင် နှင့် အတွေ့အကြုံ တိုးပွား လာစေရန်
- ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်း သွားလာခြင်း တွင် အဓိက ကျသည့် အခန်းကဏ္ဍမှ လှုပ်ရှား ဆောင်ရွက်နိုင်ရန် အလား အလာရှိသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအား ခိုင်မာ အားကောင်းစေပြီး ရွှေ့ပြောင်းသွားလာ သူများ အား လုပ်ငန်း (သို့) အစိုးရ မှ ပံ့ပိုးပေးသည့် အသက်မွေးဝမ်းကျောင်း သင်တန်း အစီအစဉ် များနှင့် ချိတ်ဆက်ပေးရန်
- မကြာသေးမီက ပြန်လည်ပြင်ဆင်ခဲ့သည့် ရေချိုငါးလုပ်ငန်း ဆိုင်ရာ ဥပဒေသည် NAG မဟာဗျူဟာ မိတ်ဖက်ပြုမှုမှ အထောက်အပံ့ ပေးနေသည့် ပူးတွဲ စီမံခန့်ခွဲမှုအတွက် အခွင့်အလမ်းများပေးပါသည်။အကယ်၍ ပူးတွဲစီမံခန့်ခွဲမှု ပုံစံကို လက်တွေ့ အကောင်အထည် ဖော်၍ရကြောင်း သက်သေပြနိုင်လျှင် ဤအချက်က အထောက်အကူဖြစ်ပါ မည်။
- မျိုးစပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံချက်၏ ပံ့ပိုးမှုဖြင့် မျိုးစေ့ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဖော်ဆောင်ရန်၊ ဤအချက်သည်မျိုးစေ့ ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်း နှင့်အတူ အလုပ်အကိုင် သစ်များ ထပ်မံ ဖော်ဆောင်ပေးရန် ဖြစ်သည်။
- ငါးမွေးမြူထုတ်လုပ်ရေး နှင့် စီးပွားရေးလုပ်ငန်း ပုံစံများက ယင်းလုပ်ငန်းများ ၏ ငွေရေးကြေးရေး ဆိုင်ရာ လက်တွေ့ကျမှု ကို ပိုမိုကောင်းမွန်စေပါက ငါးမွေးမြူရေးကဏ္ဍသည် မြစ်ဝကျွန်းပေါ် ဒေသ တွင် ဖွံ့ဖြိုးရန် အလားအလာကောင်းရှိပြီး ကူညီ ထောက်ပံ့မှု ရရှိနိုင်စေပါမည်။
- LIFT ၏ မိခင်နှင့် ကလေးများအတွက် ထောက်ပံ့ငွေ (MCCT) အစီအစဉ် နှင့် ပတ်သက်သည့် များပြားသည့် အတွေ့ အကြုံများအား အနာဂတ်တွင် တိုးချဲ့နိုင်မည့် MCCT အစီအစဉ်များအတွက် သတင်းပေးနိုင်ရန် နှင့် အထောက်အကူ ဖြစ်စေရန် အသုံးပြုနိုင်ပါသည်။

မြစ်ဝကျွန်းပေါ် အစီအစဉ် တတိယအဆင့်သည် ပြီးဆုံးချိန်နီးကပ်လာပြီး ၂၀၁၉ ခုနှစ်တွင် လက်ရှိအစီအစဉ် အများစု ပြီးဆုံး တော့မည်ဖြစ်သဖြင့် LIFTသည် စီမံကိန်း အောင်မြင်မှုများ၊ စိန်ခေါ်မှုများကို ပြန်လည် သုံးသပ်ပြီး မြစ်ဝကျွန်းပေါ်ဒေသ၏ အနာဂတ် လိုအပ်ချက်များ နှင့် အခွင့်အလမ်းများကို လေ့လာလျက် ရှိပါသည်။

မြစ်ဝကျွန်းပေါ် ဒေသတွင် LIFT၏ကြိုးပမ်းအားထုတ်မှုများ၏ ထင်ရှားသည့် အပိုင်းများအား ဆန်စပါး တန်ဖိုးမြှင့် ကွင်းဆက် ဝန်းကျင်တွင် ဇဟိုပြု ထားပါသည်။ စီမံကိန်းလုပ်ငန်းများသည် ထုတ်လုပ်သည့် ကုန်ပစ္စည်း အရေအသွေးများ မြှင့်တင်ခြင်း နှင့် အတူ စိုက်ပျိုး ထုတ်လုပ်ရေး အောင်မြင်မှုများမှ တဆင့် လယ်ယာ ထွက်ကုန် ပိုမို ကောင်းမွန်စေရန် အာရုံ စိုက်ပြီး၊ ထိုအရာအားလုံး မှ ထုတ်လုပ်သူများ နှင့် ကုန်သည်များ နှင့် ဆန်စက် ပိုင်ရှင်များကဲ့သို့ တန်ဖိုးမြှင့် ဈေးကွက်တွင်ပါဝင် ဆောင်ရွက်သည့် အခြားသူများ အတွက်ပါ အကျိုးများ ရရှိစေမည်ဖြစ်ပါသည်။ထုတ်လုပ် သူများအနေဖြင့် အရည်အသွေး ပိုမို ကောင်းမွန်သည့် သီးနှံ များအတွက် သိသိသာသာ ကောင်းသည့်ဈေးများ မရရှိကြသေးပါ။ သို့ရာတွင်

မြန်မာနိုင်ငံရှိ ပြည်တွင်း စားသုံးသူများ နှင့် တင်ပို့သူများ ၏ အရည်အသွေး ကောင်းများအပေါ် ဝယ်လိုအား နှင့် လိုအပ်သည့် အရည် အသွေးကောင်းရရှိသည့်အခါ ဈေးနှုန်းများ မြင့်တက် လာမည်ဟု မျှော်မှန်းပါသည်။

မြစ်ဝကျွန်းပေါ်ဒေသရှိ ဆန်စပါးထုတ်လုပ်မှု၏ သဘော သဘာဝ နှင့် ဈေးကွက်တွင် ရသည့် တန်ဖိုးနည်း သောကြောင့် LIFTသည် ၎င်း၏ ကြိုးပမ်းအား ထုတ်မှု များအား ထုတ်လုပ်မှုစရိတ် အနည်းဆုံးဖြစ်စေရန် နှင့် လျော့ကျစေရန် အာရုံစိုက်ထားပါသည်။ နည်းပညာ ပိုမိုတိုးတက်စေခြင်း၊ တောင်သူ အဖွဲ့အစည်းများ၏ စုပေါင်း ဆောင်ရွက်မှု နှင့် အကျိုးတူ လယ်ယာတို့မှ ဆန်စပါး တန်ဖိုးမြှင့်ဈေးကွက်ထဲသို့ ပင်မ ထုတ်လုပ်သူ များအား ပေါင်းစည်းစေခဲ့ပါသည်။ ဤ အချက် မှ ထုတ်လုပ် သူများအား အထွက်တိုးစေခြင်း နှင့် ဆန်စက် များသို့ အရည်အသွေး ပိုကောင်းသည့် ဆန်စပါးများ ပေးပို့ခြင်းတို့ဖြင့် သိသာထင် ရှားစွာအကျိုး ဖြစ်စေ ခဲ့ပါသည်။ ယခုအချိန်တွင် ရရှိမည့်အခွင့် အရေးမှာ LIFT မှ ပံ့ပိုးပေးသည့် မျိုးစပါး စိုက်ပျိုးသူများ အတွက် ကျွမ်းကျင်မှု နှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်း အပြင်တိုးတက်များ ပြားလာလျက် ရှိသည့် အရည် အသွေးမြင့် မျိုးစပါး ဝယ်လိုအားကို ဖြည့်ဆည်းရန် ရေရှည် တည်တံ့ပြီး အလုပ်ဖြစ်သည့် မျိုးစေ့ စိုက်ပျိုး ထုတ်လုပ်သည့် လုပ်ငန်းများ ဖန်တီးပေးရန် ဖြစ်သည်။

ထို့ပြင် LIFT ၏ ကြိုးပမ်းမှု များဖြင့်တောင်သူများ၏ စုပေါင်း ဆောင်ရွက်မှု အားကောင်းစေရန်တည်ဆောက် ခြင်းသည် အခြေခံ ထုတ်လုပ်သူများ နှင့် ဆန်စက်ပိုင် ရှင်များ နှစ်ဦးနှစ်ဖက်လုံး အတွက်ကောင်းမွန်သည့် ရလဒ် များ ရရှိစေမည့် လှုပ်ရှားတက်ကြွ သည့်အကျိုးတူ လယ်ယာ လုပ်ငန်းများ ဖော်ဆောင်ရန် အခွင့်အလမ်းများ ရှိပါသည်။

အလုပ်သမားများ ရှားပါးလာသဖြင့် စက်မှုလယ်ယာ သို့ ကူးပြောင်းရေးဆက်လက် ရှိနေပါသည်။ ကိရိယာ များအတွက် ငွေကြေး ပံ့ပိုးမှု နှင့် ဝန်ဆောင်မှုပေး သူများ ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကြေးထောက်ပံ့ ခြင်းမှတဆင့် ဤအသွင် ကူးပြောင်းရေးကို ကူညီ ပံ့ပိုးပေးခြင်းဖြင့် ဆန်စပါး အခြေပြု စနစ်များ၏ စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်စေပြီး တွဲစပ်လျက် ရှိသည့် ဝင်ငွေများလည်း တိုးပွားစေပါသည်။

ငါးလုပ်ငန်း ကဏ္ဍအတွက် LIFT၏ ရင်းနှီးမြှုပ်နှံမှုများမှ မေ့လျော့ခံရမှု အများဆုံးသူများအတွက် လက်လှမ်းမီမှုနှင့် သာတူညီမျှမှု ရရှိစေပြီး ငါးများပေါက်ပွားစေရန် ပြုလုပ်ပေးထားသည့် နေရာများ တည်ထောင်ခြင်း ကဲ့သို့သော ကြိုးပမ်းမှုများမှတဆင့် သယံဇာတများ ရေရှည်တည်တံ့စေရန် အခွင့်အလမ်းများ ပံ့ပိုး ပေးခြင်းဖြင့် သိသာထင်ရှားသည့် မူဝါဒရေးရာပြောင်းလဲမှု များအတွက် ပံ့ပိုးကူညီပေးခဲ့ပါသည်။ သို့ဖြင့် အသက်မွေး ဝမ်းကျောင်းမှု အတွက်အပြု သဘောဆောင်သည့် သက်ရောက်မှုများ ရှိခဲ့ပါသည်။ ရပ်ရွာလူထုများ၏ ဝင်ငွေများတိုးတက်ခဲ့ပြီး ငါးလုပ်ငန်း ဆိုင်ရာရင်းမြစ် များ နှင့် စားသုံးရန် ငါးများ လက်လှမ်းမီ ရရှိခဲ့ပါသည်။ မြစ်ဝကျွန်းပေါ် ရပ်ရွာ လူထုများအနေဖြင့် စဉ်ဆက် မပြတ် ထုတ်လုပ်သည့် ငါးအပြင် ၎င်းနှင့် ဆက်စပ် နေသည့် ကောင်းမွန်သည့် အာဟာရဆိုင်ရာ ရလဒ်များမှ အကျိုး ကျေးဇူးများ ရရှိကြမည် ဖြစ်သည်။ အဆိုပါ ကြိုးပမ်းမှုများကို ဆက်လက် ထောက်ပံ့ပေးရန် အရေးကြီးပါသည်။ နိမ့်ကျပြီး သင့်လျော်မှုမရှိသည့် လုပ်ငန်းခွင် အခြေအနေ များအပါအဝင် ငါးလုပ်ငန်းကဏ္ဍ မှတွေ့ကြုံနေရ သည့် ကိစ္စရပ်များအား ဖြေရှင်းရန် လိုအပ်နေပါသေးသည်။

မြစ်ဝကျွန်းပေါ် အစီအစဉ်မှ မြေယာမဲ့များနှင့်ဆင်းရဲ နွမ်းပါးသည့် အိမ်ထောင်စုများ အတွက် စီးပွားရေး အခွင့်အလမ်းသစ်များအား ပိုမိုကောင်းမွန်စွာလက်လှမ်း မီ ရရှိစေရန် အသက်မွေးဝမ်းကျောင်း သင်တန်းများ၊ အလုပ်အကိုင်နှင့် ရွှေ့ပြောင်းသွား လာ ရေး ချိတ်ဆက်မှု များ ဆောင်ရွက်ခြင်းပေးခြင်းဖြင့် ဆက်လက် လုပ်ဆောင် မည် ဖြစ်ပါသည်။ Swisscontact၊ IOM နှင့် World Vision တို့၏ စီမံချက်များအား မြို့ပြ ဒေသများအပါအဝင် LIFT ၏ အနာဂတ် စီမံကိန်း မျှော်မှန်းချက်များ နှင့် ချိတ်ဆက် ထားပြီး ရေရှည်တည်တံ့နိုင်မည့် ယန္တရားများဖန်တီး နိုင်ရန် ချဉ်းကပ်နည်းလမ်း အသစ်များကို အသုံးပြု မည်ဖြစ်သည်။ လုပ်ငန်းခွင်အခြေပြု အသက်မွေးဝမ်း ကျောင်း သင်တန်းများအတွက် အစိုးရ/ပုဂ္ဂလိ က မိတ်ဖက်ပြုမှုများကို မြှင့်တင်ရန် နှင့် ရပ်ရွာလူထုများ အား သင်တန်းများ နှင့် အလုပ် အကိုင်များအားချိတ် ဆက်ရာတွင် CSO များ၏ တိုးချဲ့လာသည့် အခန်း ကဏ္ဍများကို တိုးမြှင့်ရန် ချဉ်းကပ်နည်းလမ်းများ ဆက် လက် ရှာဖွေမည်ဖြစ်သည်။

မြစ်ဝကျွန်းပေါ်ဒေသရှိဆင်းရဲနွမ်းပါးပြီး မေ့လျော့ခံရပ်ရွာ လူထုများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် ဆောင် ရွက် ပေးရန် ကိစ္စများ များစွာကျန်ပါသေးသည်။ ပြီးခဲ့ သည့် မြစ်ဝကျွန်းပေါ်အစီအစဉ် သုံးခုလုံး၏ အမွေ မှာ LIFT ၏ ဆန်းသစ်တီထွင်မှုများ နှင့် ရင်းနှီးမြှုပ်နှံမှုများ အပေါ် ရပ်ရွာလူထုများ၊ CSO များ၊ အစိုးရ နှင့် ပုဂ္ဂလိက ကဏ္ဍတို့မှ ကောင်းမွန်စွာ အသုံးချနိုင်မှုအပေါ် မူတည်၍ ဆက်လက် ရှင်သန်ကြီးထွား လာမည်ဖြစ်ပါသည်။

၃.၂

# အပူပိုင်းဇုန်



▲ ပုံ ၃.၄
၂၀၁၈ ခုနှစ် -အပူပိုင်းဇုန်ရှိ
LIFT၏ စီမံကိန်း
လုပ်ငန်းများ

## ခြုံငုံဖော်ပြချက်

LIFT ၏ အပူပိုင်းဇုန်စီမံကိန်းအား ၂၀၁၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ခဲ့ပြီး အပူပိုင်းဇုန်၏အလယ်ပိုင်းဖြစ်သောမကွေး နှင့် မန္တလေးတိုင်းဒေသကြီး ရှိ (၆) မြို့နယ်တွင် အကောင်အထည် ဖော်ခဲ့ပါသည်။အချို့မြို့နယ်များသည် ကုန်သွယ်မှုထွန်းကားနေသည့် အချက်အချာဒေသများဖြစ်ပြီး အခြားမြို့ နယ်များမှာ ကုန်သွယ်ရေး အခွင့်အလမ်းနှင့်ဝေးသည့် အရပ်၌ တည်ရှိကာ ကုန်းမြေမြင့်၌ရှိ၍ မြေဩဇာ မကောင်းသည့် မြေများရှိသည့် လယ်ယာစိုက်ပျိုးရေး ဒေသများဖြစ်ပါသည်။အပူပိုင်းဇုန်ရှိ မြေများသည် အော်ဂဲနစ် အနည်းငယ် (သို့) လုံးဝမရှိသည့် သဲမြေဖြစ် ပြီး၊ စိုထိုင်းမှု (သို့) မြေဩဇာများ အာဟာရများအား အကန့်အသတ် နှင့်သာ ထိန်းသိမ်းထားနိုင်ပါသည်။ ဒေသသည် ခြောက်သွေ့ပြီး၊ ရာသီဉတုပြောင်းလဲ ခြင်း၏ သက်ရောက်မှု များကြောင့် စိုက်ပျိုးရေးတွင် ထိခိုက်ဆုံးရှုံးမှုခံရနိုင်ချေ ရှိပါသည်။

အပူပိုင်းဇုန်တွင် အဓိက စိုက်ပျိုးသည့် သီးနှံမှာပဲမျိုးစုံဖြစ်ပြီး ထွက်ရှိလာသည့် သီးနှံများ၏ ၆၀ ရာခိုင်နှုန်းအား တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သို့ အများဆုံးတင်ပို့ပါသည်။ နိုင်ငံ၏ ပဲစင်းငုံနှင့် ကုလားပဲသီးနှံများ ၏ ၉၈ ရာခိုင်နှုန်းအား အပူပိုင်းဇုန်တွင် စိုက်ပျိုးပါသည်။ အပူပိုင်းဇုန်၏ စိုက်ပျိုးရေးလုပ်ငန်းတွင်အထူး သဖြင့်ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများသည် ကာလရှည်ကြာစွာ အလွန် စီးပွားဖြစ်လျက်ရှိပါသည်။ ရေမရရှိမှု နှင့် အရည်အသွေးနိမ့်မျိုးစေ့များသည်စိုက်ပျိုးရေး ထုတ်လုပ်မှု တိုးတက်ရန်နှင့် အကျိုးအမြတ် ပိုမိုရရှိအောင်လုပ် ဆောင်ရာတွင် အဓိက အတားအဆီးများ ဖြစ်ပါသည်။

အပူပိုင်းဇုန်ရှိ အိမ်ထောင်စုများ၏ ၅၃ ရာခိုင်နှုန်းသည်သာ မြေယာပိုင်ဆိုင်သော်လည်း အိမ်ထောင်စုများ၏ ၃၀ ရာခိုင်နှုန်းသည် အုပ်စု ၅ စုထဲမှ အချမ်းသာဆုံး အုပ်စုတွင် ပါဝင်ပါသည်။ အကြွေးနှင့် ချေးငွေဆိုင်ရာ အချက်အလက်များမှ အပူပိုင်းဇုန်ရှိ ချေးငွေ ရယူထားသော အိမ်ထောင်စုအရေအတွက်မှာ ၂၀၁၇ခုနှစ်တွင် ၇၉ ရာခိုင်နှုန်း ရှိရာမှ ၂၀၁၈ခုနှစ်တွင် ၇၀ ရာခိုင်နှုန်း အထိ လျော့ကျသွားသည်ကို ပြသနေပါသည်။

ကလေးများ၏ ၃၁.၂ ရာခိုင်နှုန်းမှာ ပုညက်နေပြီး ၃၆.၆ ရာခိုင်နှုန်းမှာ မွေးကင်းစ အလေးချိန်နည်းနေသည့်အတွက် အပူပိုင်းဇုန်တွင်ပြင်းထန်သည့် အာဟာရဆိုင်ရာ စိန်ခေါ်မှုများ ရှိနေပါသည်။ လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံတွင် အာဟာရ အဆင့်အတန်း တိုးတက်လာရန် လိုအပ်သော အာဟာရ အလွန်ပြည့်ဝသော ပဲမျိုးစုံနှင့်အတူ တန်ဖိုးမြင့် သီးနှံများ ရရှိမှုတိုးပွားလာပါသည်။ အပူပိုင်းဇုန်ရှိ အိမ်ထောင်စုများတွင် အနည်းဆုံး မသန်စွမ်းသူ တစ်ဦးရှိသည့် အိမ်ထောင်စုမှာ ၁၆ရာခိုင်နှုန်းဖြစ်၍ LIFT မှ ပံ့ပိုးပေးနေသည့် အခြား ကျေးရွာများ (၁၄ရာခိုင်နှုန်း) ထက်အနည်းငယ် ပိုများပါသည်။ LIFT မှ ပံ့ပိုးပေးနေသည့်ကျေးရွာများရှိ အိမ်ထောင်စုများတွင် အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စုမှာ ပျမ်းမျှအားဖြင့် ၁၇ ရာခိုင်နှုန်း ရှိသော်လည်း အပူပိုင်းဇုန်တွင်အမျိုး သမီးဦးဆောင်သည့် အိမ်ထောင်စုမှာ ၂၅ ရာခိုင်နှုန်း နီးပါး ရှိပါသည်။ ဤသည်မှာ အပူပိုင်းဇုန်မှ ရွှေ့ပြောင်းသွားလာမှု အဆင့်ကို ညွှန်ပြနေပါသည်။

အပူပိုင်းဇုန်သည် အခြားဒေသသို့ ပြောင်းရွှေ့အခြေချနေသည့် အဓိကနေရာတစ်ခုဖြစ်ပါသည်။ အပူပိုင်းဇုန် ကျေးလက်စီးပွားရေး စုစုပေါင်းဝင်ငွေ၏(၁၅) ရာခိုင်နှုန်းဖြစ်သော ငွေလွှဲပေးပို့မှုသည် အိမ်ထောင်စုများအား ပံ့ပိုးရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ဤသည်အားမြန်မာနိုင်ငံ၏ကျေးလက်စိုက်ပျိုးရေးအခြေခံစီးပွားရေးမှ ပို၍ မြို့ပြ ဆန်သော စက်မှုနှင့် ဝန်ဆောင်မှု အခြေခံစီးပွားရေး သို့ အသွင်ကူးပြောင်းရာ၌ ပြည်တွင်းနှင့် နိုင်ငံတကာ ရွှေပြောင်းသွားလာခြင်း အဆင့်တိုးတက်လာခြင်းနှင့် အတူ နောက်ဆယ်စုနှစ် တခုအထိ တိုးတက်လာမည်ဟု ကြိုတင်ခန့်မှန်းခဲ့ပါသည်။

LIFT အိမ်ထောင်စု စစ်တမ်း၏ အလုပ်သမား ဈေးကွက် အချက်အလက်မှ အလုပ်သမား ငှားရမ်းသည့် အိမ်ထောင်စု အရေအတွက်မှာ ဒေသအားလုံးတွင် ကျဆင်း ခဲ့သည် ဟု ပြသနေပါသည်။ အပူပိုင်းဇုန်တွင် ၂၀၁၅ ခုနှစ် တွင် (၄၆)ရာခိုင်နှုန်း ရှိရာမှ ၂၀၁၇ခုနှစ်တွင် (၃၅)ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ပါသည်။ သို့သော်လည်း ဤကိန်းဂဏန်းသည် အခြားဒေသများရှိ လယ်ယာလုပ်သား ငှားရမ်းသည့် အိမ်ထောင်စုများထက် အချိုးအစား ပိုမိုမြင့်မားပါသည်။ တိုင်းပြည်တွင်းရှိ အခြားဒေသများကဲ့သို့ အပူပိုင်းဇုန်၏ ဒေသ တော်တော်များများတွင် ကျွဲနွားများဖြင့် ထွန်ယက်ခြင်းအား လယ်ထွန်စက်ဖြင့် အစားထိုးခဲ့ပါသည်။ စက်မှုလယ်ယာသည် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုကိုတိုးမြှင့်ပေးကာ လယ်ယာပြင်ပအလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးပါသည်။ အပူပိုင်းဇုန်တွင် စက်မှုလယ်ယာ၏ အဓိကမောင်းနှင်အားများမှာ သီးနှံစက်ဝန်း၏ အဓိက အချိန်များတွင် လုပ်သား ရှားပါးခြင်း၊ ထွန်စက်နှင့် ရိတ်သိမ်းစက်များအား ရင်းနှီးမြှုပ်နှံမှုမှ ပြန်လည်ရရှိသည့် နှုန်းထားမြင့်မားခြင်းနှင့် ဘဏ်များမှ ငွေကြေး ဝန်ဆောင်မှုများ ရရှိခြင်း တို့ဖြစ်ပါသည်။

မီချီဂန်ပြည်နယ် တက္ကသိုလ်၏အပူပိုင်းဇုန်၏ စက်မှုလယ်ယာ လေ့လာမှုမှ စက်ပစ္စည်းများ ရောင်းချသည့် ဆိုင်အရေအတွက်မှာ ၂၀၀၈ခုနှစ်တွင် ၅၄ ဆိုင်ရှိရာမှ ၂၀၁၈ခုနှစ်တွင် ၂၃၄ ဆိုင်အထိ တိုးပွားလာသည်ကို ပြသနေပါသည်။ စတိုးဆိုင်များ၏ ၆၁ရာခိုင်နှုန်းကို ရိုးမဘဏ်နှင့်အတူ ဆောင်ရွက်သည့် LIFT ၏ စက်မှုလယ်ယာစီမံကိန်း စတင်ခဲ့သည့် ၂၀၁၄ မှ ၂၀၁၇ ခုနှစ် အတွင်းတွင် တည်ထောင်ခဲ့ပါသည်။ ရိုးမဘဏ်သည် စက်ပစ္စည်း ရောင်းချသည့် ကိုယ်စားလှယ်များ၏ ၄၁ ရာခိုင်နှုန်းနှင့်၊ ၂၀၁၄ခုနှစ် တွင် မိတ်ဖက်ပြုခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၄၈ ရာခိုင်နှုန်း အထိ တိုးတက်ကာ မိတ်ဖက်ပြုခဲ့ပါသည်။ စက်ပစ္စည်း အရောင်းဆိုင်များ၏ တဝက်မှာ အပူပိုင်းဇုန်တွင် ရှိပါသည်။

## LIFT ၏ အပူပိုင်းဇုန်စီမံကိန်း

LIFT ၏ အပူပိုင်းဇုန်စီမံကိန်းသည် တောင်သူများနှင့် ရပ်ရွာလူထုများမှ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ကြံ့ကြံ့ခံနိုင်စွမ်းကို တိုးမြှင့်ရန်နှင့် ၎င်းတို့၏ သက်မွေးဝမ်းကျောင်းမှုများကို လုံခြုံစိတ်ချရန်အတွက် ပံ့ပိုးပါသည်။

အပူပိုင်းဇုန်စီမံကိန်းတွင် စီမံကိန်းအဆင့် ပြောင်းလဲခြင်းဆိုင်ရာ သီအိုရီ နှင့် အညီဦးစားပေးသည့် အစိတ်အပိုင်း (၇)ခုရှိပါသည်။ အဆိုပါတို့မှာ-

လုပ်ကွက်ငယ်တောင်သူများအတွက် ရေရှည်တည်တံ့ခိုင်မြဲမည့် စိုက်ပျိုးရေးနှင့် လယ်ယာအခြေခံကုန်ထုတ်လုပ်မှု အားတိုးမြှင့်ခြင်း သဘာဝအရင်း အမြစ်များသို့ အကာအကွယ်ရှိသည့် လက်လှမ်းမီမှုနှင့်ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုခြင်း လုပ်ကွက်ငယ် တောင်သူများအတွက် ဈေးကွက်အား လက်လှမ်းမီမှုနှင့် ဈေးကွက်သတ်မှတ်ချက်များအား တိုးမြှင့်ခြင်း အစားအသောက်ဖူလုံမှု နှင့် အသက်မွေးဝမ်းကျောင်းမှု လုံခြုံစေရန် ဒေသခံများ၏ စွမ်းဆောင်ရည် အားကောင်းစေခြင်း လုပ်ကွက်ငယ် တောင်သူများနှင့် မြေယာမဲ့များအတွက် လယ်ယာပြင်ပလုပ်ငန်းများတွင် လုံခြုံစိတ်ချသည့် အလုပ်ခန့်ထားမှုအား တိုးမြှင့်ခြင်း လုပ်ကွက်ငယ် တောင်သူများနှင့် မြေယာမဲ့များအတွက် လုံလောက်ပြီး တတ်နိုင်သည့် ငွေကြေးဝန်ဆောင်မှုများ အတွက် လက်လှမ်းမီမှုအား တိုးမြှင့်ခြင်း အာဟာရ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အမူအကျင့်များ တိုးတက်လာစေခြင်းတို့ ဖြစ်ပါ သည်။

LIFT ၏ အတွေ့အကြုံအရ ပူးပေါင်းထားသော စီမံချက်များသည် တခုချင်းစီအနေဖြင့် ရပ်တည်နေသည့်စီမံချက်များထက် ရေရှည်ကြာမြင့်စွာ သက်ရောက်မှုရှိခြင်းကြောင့် အပူပိုင်းဇုန် စီမံကိန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ရပ်ရွာလူထု အခြေခံဆောင်ရွက်ချက် (၂)ခု စလုံးအား ရည်ရွယ်ချက်ရှိစွာဖြင့် ထည့်သွင်းတည်ဆောက်ခဲ့ပါသည်။ အပူပိုင်းဇုန် စီမံကိန်းအတွင်း ရာသီဉတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေ ဖြစ်သည့်လုပ်ဆောင်မှုများအား ထည့်သွင်းပေါင်း စပ်ထားခြင်းသည် ရပ်ရွာလူထု၏ ကြံ့ကြံ့ခံနိုင်စွမ်းတိုး တက်ရန်နှင့် ၎င်းတို့၏ သက်မွေးဝမ်းကျောင်းမှုများအား ပျက်စီးစေမည့် အဖြစ်များအား ကျော်လွှားနိုင်အောင် အကူအညီ ပေးရန်တို့ ဦးတည်ပါသည်။ အပူပိုင်းဇုန်တွင် အာဟာရ၊ ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တကိုယ်ရေ သန့်ရှင်းရေး (WASH) နှင့် အိမ်တွင်း သစ်သီးဝလံ ပန်းမာန် ဥယျာဉ် စိုက်ပျိုးခြင်းအတွက် လုပ်ဆောင်နေသည့် မိတ်ဖက်များသည် အကျိုး ခံစားခွင့်ရှိသူများဖြစ်သော ရပ်ရွာလူထု ကြံ့ကြံ့ခံနိုင်စွမ်း အတွက် ကောင်းမွန်သည့် ရလဒ်ရရှိရန် အလားအလာ ကောင်းများနှင့်အတူ လုပ်ငန်းများအား ပေါင်းစည်းခဲ့ပါသည်။

စီမံချက်များအား ၂၀၁၅ ခုနှစ်ကုန်တွင် စတင်ခဲ့ပြီးအချို့ စီမံချက်များမှာ ရည်မှန်းထားသည့် အချိန်ကာလ ၂၀၁၈ ခုနှစ်အတွင်း လုပ်ငန်း များအား ပြီးဆုံးသည်ထိ အောင်မြင်စွာ ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်အများစုမှာ၎င်း တို့၏ ရလဒ်များ ရေရှည်တည်တံ့ ခိုင်မြဲမှုကိုအားကောင်းစေရန် ထွက်ပေါက်မဟာဗျူဟာများကို အကောင်အထည်ဖော်မှု များအား အဆုံးသတ်ရန်အတွက် စီမံချက်သက်တမ်းအား တိုးမြှင့်ခဲ့ပြီး ဖြစ်ပါ သည်။

အပူပိုင်းဇုန် စီမံချက်များမှ လေ့လာသင်ယူခဲ့မှုများကို LIFT ၏ ၂၀၁၉-၂၀၂၃ ပြန်လည်ဆန်းသစ်သည့် မဟာဗျူဟာနှင့် ရလဒ်မူဘောင်အား ရေးဆွဲရန်အတွက် သတင်းအချက်အလက်များ ပေးခဲ့ပါသည်။

အပူပိုင်းဇုန် စီမံချက်များအား အိမ်ထောင်စုနှင့်ကျေးရွာအဆင့်၌သာ လုပ်ဆောင်သော်လည်း ၎င်းတို့လွှမ်းမိုးမှုနှင့် သက်ရောက်မှုသည် စနစ်အဆင့်၌ ပြောင်းလဲမှုများအတွက် ပိုမို ကျယ်ပြန့်စွာ လုပ်ဆောင်နိုင်ရန်အစပျိုးပေးပါသည်။ ဤအရာနှင့်ပတ်သက်သည့် ကောင်းမွန်သည့် ဉပမာများမှာ မြေသြဇာ ကြွယ်ဝစေရန်အတွက် စနစ်များ၊ အာဟာရဖွံ့ဖြိုးမှု တန်ဖိုးမြင့်မားသည့်သီးနှံများ စိုက်ပျိုးခြင်း၊ ဒေသနှင့် နိုင်ငံတခုလုံး၏ ဈေးကွက်အတွက် ငွေဖြစ်လွယ်သည့် သီးနှံများစိုက်ပျိုးခြင်းနှင့် LIFT ၏ စိုက်ပျိုးရေးဆိုင်ရာ အလုပ်များတွင် ငွေကြေးဝန်ဆောင်မှုများအား နီးကပ်စွာ ပေါင်းစည်းထားခြင်းတို့ဖြစ်ပါသည်။ အပူပိုင်းဇုန်မှ ရရှိခဲ့သည့် သင်ခန်းစာများမှ LIFT ၏ စီမံချက်များအား ရေရှည် တည်တံ့သည့် ရလဒ်များ ရရှိရန် အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍ နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် မည်သို့ လက်တွဲ ဆောင်ရမည်ဆိုသည်ကို လမ်းညွှန်ပေးပါသည်။

| အကောင်အထည်ဖော်ရေး မိတ်ဖက်များ | တည်နေရာ | ဦးတည်ချက် |
|---|---|---|
| **ActionAid** | ညောင်ဦး၊ မြိုင်၊ ပခုက္ကူ | အသက်မွေးဝမ်းကျောင်း သင်တန်း၊ အလုပ်အကိုင်များနှင့် လူမှုရေး ဝန်ဆောင်မှုများအား လက်လှမ်းမီမှု |
| **Terre des Hommes (TdH)** | နတ်မောက်၊ ရေနံချောင်း၊ မြင်းခြံ၊ တောင်သာ | အဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက် များစိုက်ပျိုးရန် စွမ်းဆောင်နိုင်သည့် ရေ နှင့် ဆိုင်သည့်နည်းပညာများ အသုံးပြုခြင်း |
| **International Fertilizer Development Centre (IFDC)** | မလှိုင်၊ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ပခုက္ကူ၊ ရေစကြို | စိုက်ပျိုးရေးဆိုင်ရာ အကြံပေးဝန်ဆောင်မှုများ |
| **UN Food and Agriculture Organization (FAO)** | မလှိုင်၊ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ပခုက္ကူ၊ ရေစကြို | တိရစ္ဆာန်ကျန်းမာရေးဝန်ဆောင်မှုများ နှင့် တိရစ္ဆာန် ကုန်သွယ်ရေး ဆိုင်ရာ မူဝါဒ လုပ်ငန်း |
| **Golden Plain** | ပခုက္ကူ၊ ရေစကြို | ရေရှည်တည်တံ့သည့် အထွက်နှုန်းများ ရရှိ စေရန်အတွက် စီးပွားဖြစ် မထုတ်လုပ်နိုင်သော မြေများအား တိုးတက်အောင် ဆောင် ရွက်ခြင်း |
| **United Nations Economic and Social Commission for Asia and the Pacific (UNESCAP)** | အပူပိုင်းဇုန် တစ်ခုလုံး | စက်မှုလယ်ယာ၊ မျိုးစေ့ထုတ်လုပ်ခြင်း နှင့် တောင်သူဦးဆောင်သည့် ဆန်းသစ် တီထွင် မှုများအား နည်းပညာ ထောက်ပံ့ပေးခြင်း |
| **Help Age International** | မလှိုင်၊ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ပခုက္ကူ၊ ရေစကြို | ကျေးရွာအခြေခံ လူမှု ကာကွယ် စောင့် ရှောက်ရေး အစီအစဉ် များနှင့် အီလက် ထရွန် နစ်နည်းဖြင့် ငွေလွှဲပေးပို့မှု ကနဦး စမ်းသပ်မှု |
| **Ar Yone Oo** | ကလေး | ငွေကြေးဝန်ဆောင်မှုများ |
| **Microfinance Sussess Asia (ASA) Myanmar** | ချောက်၊ မကွေး၊ မင်းဘူး၊ မြိုင်၊ နတ်မောက်၊ ပခုက္ကူ၊ ပေါက်၊ ပွင့်ဖြူ၊ စလင်း၊ ဆိပ်ဖြူ၊ တောင် တွင်းကြီး၊ ရေနံချောင်း၊ ရေစကြို | ငွေကြေးဝန်ဆောင်မှုများ |
| **Border Development Association** | မုံရွာ | ငွေကြေးဝန်ဆောင်မှုများ |
| **BRAC** | မန္တလေး (အမရပူရ၊ ချမ်းမြ သာစည်၊ ပြည်ကြီးတံခွန်)၊ တောင်သာ၊ ဝမ်းတွင်း၊ ရမည်း သင်း၊ ချောင်းဦး၊ လယ်ဝေး၊ မလှိုင်၊ မိတ္ထီလာ၊ မုံရွာ၊ မြင်းခြံ၊ နွားထိုးကြီး၊ ပျော်ဘွယ်၊ စစ်ကိုင်း၊ ရွှေဘို၊ ပျဉ်းမနား၊ တပ်ကုန်း၊ နေပြည်တော် (ပုဗ္ဗသီရိ) | ငွေကြေးဝန်ဆောင်မှုများ |
| **Canadian Cooperative Association** | မြင်းခြံ၊ နွားထိုးကြီး | ငွေကြေးဝန်ဆောင်မှုများ |
| **Early Dawn** | အောင်လံ၊ ကံမ၊ တောင်တွင်း ကြီး၊ သာစည်၊ ရမည်းသင်း | ငွေကြေးဝန်ဆောင်မှုများ |
| **Fullerton** | မန္တလေး (အမရပူရ၊ အောင်မြေ သာစံ၊ ချမ်းအေးသာဇံ၊ ချမ်းမြ သာစည်၊ မဟာအောင်မြေ၊ ပြည်ကြီးတံခွန်)၊မတ္တရာ၊ မြင်းခြံ၊ မြစ်သား၊ ပျော်ဘွယ်၊ နွားထိုးကြီး၊ စဉ့်ကိုင်၊ သာစည်၊ဝမ်းတွင်း၊ လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ နေပြည်တော် (ဒက္ခိဏ သီရိ၊ ပုဗ္ဗသီရိ၊ ဇမ္ဗူသီရိ၊ ဇေယျာသီရိ) | ငွေကြေးဝန်ဆောင်မှုများ |
| **LOLC** | မိတ္ထီလာ၊ မင်းဘူး၊ ပေါက်ခေါင်း၊ စလင်း | ငွေကြေးဝန်ဆောင်မှုများ |
| **Myanmar Heart Development Organization** | လယ်ဝေး | ငွေကြေးဝန်ဆောင်မှုများ |
| **Thit Sar Oo Yin** | ဘုတလင်၊ မုံရွာ၊ ရေဦး၊ ယင်းမာပင်၊ ကလေး | ငွေကြေးဝန်ဆောင်မှုများ |
| **PGMF** | အောင်လံ၊ အရာတော်၊ ဘုတ လင်၊ ချောက်၊ ချောင်းဦး၊ ကနီ၊ ခင်ဦး၊ ကျောက်ပန်း တောင်း၊ မကွေး၊ မလှိုင်၊ မိတ္ထီလာ၊ မင်းဘူး၊ မြိုင်၊ မြောင်၊ မြင်းခြံ၊ မြင်းမူ၊ ငါန်းဇွန်၊ မြို့သစ်၊ နတ်မောက်၊ နွားထိုးကြီး၊ ညောင် ဦး၊ ပခုက္ကူ၊ ပွင့်ဖြူ၊ စလင်း၊ ရွှေဘို၊ ဆင်ပေါင်ဝဲ၊ ဒီပဲယင်း၊ တောင်တွင်းကြီး၊ တောင် သာ၊ သာစည်၊ ဝက်လက်၊ ရေစကြို၊ ရေနံချောင်း၊ ရေဦး၊ ယင်းမာပင် | ငွေကြေးဝန်ဆောင်မှုများ |
| **Proximity Designs** | အောင်လံ၊ ချောင်းဦး၊ မကွေး၊ ကျောက်ဆည်၊ မလှိုင်၊ မင်းဘူး၊ မုံရွာ၊ မြင်းခြံ၊ မြို့သစ်၊ နတ်မောက်၊ နွားထိုးကြီး၊ ပခုက္ကူ၊ ပုလဲ၊ ပျော်ဘွယ်၊ ရွှေဘို၊ တောင် သာ၊ သာစည်၊ ဝက်လက်၊ ရေစကြို၊ ယင်းမာပင်၊ မိတ္ထီလာ | ငွေကြေးဝန်ဆောင်မှုများ |

| အကောင်အထည်ဖော်ရေး မိတ်ဖက်များ | တည်နေရာ | ဦးတည်ချက် |
|---|---|---|
| **Sathapana** | မန္တလေး (အမရပူရ၊ အောင်မြေ သာစံ၊ ချမ်းအေးသာစံ၊ ချမ်းမြ သာစည်၊ မဟာအောင်မြေ၊ ပြည်ကြီး တံခွန်)၊ အရာတော်၊ ဘုတလင်၊ ချောင်းဦး၊ ကနီ၊ ကျောက်ဆည်၊ မတ္တရာ၊မကွေး၊ မလှိုင်၊ မိတ္ထီလာ၊ မင်းဘူး၊ မုံရွာ၊ မြောင်၊ မြင်းခြံ၊ မြစ်သား၊ မြို့သစ်၊ နွားထိုးကြီး၊ ငါန်းဇွန်၊ ပုလဲ၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ စလင်း၊ ဆားလင်းကြီး၊ ဆင်ပေါင်ဝဲ၊ စဥ့်ကိုင်၊ တံတားဦး၊ တောင်တွင်းကြီး၊ တောင်သာ၊ သာစည်၊ ဝမ်းတွင်း၊ ယင်းမာပင် | ငွေကြေးဝန်ဆောင်မှုများ |
| **Yoma Bank** | အောင်လံ၊ မကွေး၊ မင်းဘူး၊ ပခုက္ကူ၊ ကျောက်ဆည်၊ မန္တလေး မြို့ (ကျွဲဆည်ကန်၊ ဈေး ချိူ၊ မနော်ဟရီ၊ မန္တလေး စက်မှုဇုန်)၊ မိတ္ထီလာ၊ မြင်းခြံ၊ ပြင်ဦးလွင်၊ ကလေး၊ မုံရွာ၊ ရွှေဘို၊ ပျဉ်းမနား (နေပြည်တော်)၊ တောင်တွင်းကြီး | လယ်ယာသုံးစက်ကိရိယာများအား အရစ်ကျ ငွေချေစနစ်ဖြင့် ဝယ်ယူခြင်း |
| **Save the Children** | ပခုက္ကူ၊ ရေစကြို၊ မလှိုင် | ကျပန်း ထိန်းချုပ် သည့် စမ်းသပ်မှု- အာဟာရဆိုင်ရာ အပြုအမူ ပြောင်းလဲခြင်း |
| **VisionFund** | မန္တလေး (အမရပူရ၊ အောင်မြေ သာစံ၊ ချမ်းမြသာစည်၊ မဟာ အောင်မြေ)၊ ကျောက်ဆည်၊ မတ္တရာ၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ စဥ့်ကိုင်၊ မုံရွာ၊ စစ်ကိုင်း၊ ရွှေဘို၊ ချောက်၊ ဝက်လက် | ငွေကြေးဝန်ဆောင်မှုများ |
| **Social Vision Service** | ဝမ်းတွင်း | ငွေကြေးဝန်ဆောင်မှုများ |
| **The Sun Institute** | နေပြည်တော် (ဥတ္တရသီရိ၊ ပုဗ္ဗသီရိ)၊ ပျဉ်းမနား | ငွေကြေးဝန်ဆောင်မှုများ |
| **Myanmar Professional Social Workers Association (MPSWA)** | မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ | အာဟာရဆိုင်ရာ အပြုအမူပြောင်းလဲခြင်း |
| **United Nations Human Settlement Programme (UN-Habitat)** | မလှိုင်၊ မြင်းခြံ၊ နွားထိုးကြီး၊ တောင်သာ၊ ပခုက္ကူ၊ ရေစကြို | ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တကိုယ်ရေသန့်ရှင်းရေး |
| **PACT** | ဆိတ်ဖြူ၊ ကျောက်ပန်းတောင်း၊ ရေစကြို၊ ရေနံ့ချောင်း၊ ပွင့်ဖြူ၊ မြင်းခြံ၊ စလင်း | အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက် အသေးစား ထောက်ပံ့ငွေ ပေးအပ်သည့် ရန်ပုံငွေ |
| **International Water Management Institute (IWMI)** | မြင်းမူ | ဆည်မြောင်း |
| **United Nations Office for Project Services (UNOPS)** | မြင်းမူ | ဆည်မြောင်း |
| **LodeStar/SPPRG** | မြောင် | လူမှုကာကွယ်စောင့်ရှောက်ခြင်း |

▲ဇယား ၃.၂
၂၀၁၈ ခုနှစ်အတွင်း အပူပိုင်း ဇုန်တွင် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးခဲ့သည့် စီမံချက်များ

## LIFT ၏ အပူပိုင်းဇုန်စီမံကိန်းမှ စိတ်ဝင်စားဖွယ်ရာများ

### လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်စွမ်းအား "တက်လှမ်း" နိုင်ရန် စီပွားရေး အလားလာကောင်းများနှင့် အတူ တောင်သူများအား ထောက်ကူပေးခြင်း

### စိုက်ပျိုးရေးဆိုင်ရာ ပညာပေးခြင်း

အပူပိုင်းဇုန်စီမံကိန်း၏ အားသာချက်တခုမှာစီမံကိန်း၏ အိမ်ထောင်စုများအား စီးပွားရေးအရ ပံ့ပိုးပေးမှုဖြင့် "တက်လှမ်း" နိုင်ရန် ဆောင်ရွက်မှုနှင့် ကုန်ထုတ်လုပ်မှု စွမ်းရည် တိုးမြှင့်ခဲ့ခြင်းနှင့် ဈေးကွက်သို့လက်လှမ်းမှီမှုမှ ရရှိသည့် အကျိုးအမြတ်တို့ ဖြစ်ပါသည်။ အပူပိုင်းဇုန်ရှိ LIFT ၏ အထင်ကရဖြစ်သည့် စိုက်ပျိုးရေး ဆိုင်ရာ ပညာပေးခြင်းလုပ်ငန်း စီမံချက်အား IFDCသည် ဓာတ်မြေသြဇာနှင့် အလင်းကာကွယ်သည့်ပစ္စည်းများလက်လီ ရောင်းချသည့် ပုဂ္ဂလိကကဏ္ဍ သွင်းအားစု ရောင်းချသူ (၅၃)ဦးနှင့် ကွန်ရက်ချိတ်ဆက်ကာ အကောင်အထည် ဖော်ခဲ့ပါသည်။ မြို့နယ် (၆)မြို့နယ်ရှိ စိုက်ပျိုးရေး ပညာပေးသည့် လုပ်သားအားလုံး လုပ်ကွက်ငယ် တောင်သူ ၃၀,၀၀၀ ကျော်နှင့်အတူ သင်တန်းများ တက်ရောက်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍနှင့် အစိုးရမှ တောင်သူများ အတွက် ဝန်ဆောင်မှုပေးသူများ၏ အကြံပေး ဝန်ဆောင်မှုများ တိုးတက်ခဲ့ပြီး ထိန်းသိမ်းစောင့်ရှောက်ထားသည့် စိုက်ပျိုးရေးတွင် သွင်းအားစုများ အသုံးပြုမှုနှင့် ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများကို အသိပေးခဲ့ပါသည်။ IFDCမှ ပိုကောင်းသည့် မျိုးစေ့၊ ဓာတ်မြေသြဇာ၊ အသေးစား စက်ကိရိယာများ ကဲ့သို့သော ခေတ်မှီထုတ်လုပ်ရေး နည်းပညာများ ဝယ်ယူခြင်းနှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အမူအကျင့်ကောင်းများ နှင့်သက်ဆိုင်သည့် အသိအမြင်များ တည်ဆောက်ခြင်း တို့မှတဆင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ စီးပွားရေး တန်ဖိုးကွင်းဆက်များအတွင်း "တက်လှမ်း" နိုင်ရန်အတွက် လုပ်ကွက်ငယ် တောင်သူများနှင့် အသေးစား စီးပွားရေး လုပ်ငန်းများအား ပေါင်းစပ်လုပ်ကိုင်ရန် ၎င်းတို့အား တိုက်တွန်းအားပေးသည့် ချဉ်းကပ်နည်းလမ်းကို လက်ခံ ကျင့်သုံးခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် IFDC ၏ စီမံချက်မှ စံပြစိုက်ကွက် ၁၉၉ ကွက်အား ဖော်ဆောင်ခဲ့သောကြောင့် စီမံချက် သက်တမ်း တလျှောက်လုံး စုစုပေါင်း စံပြစိုက်ကွက် ၃၃၇ ကွက်အား တည်ထောင်ခဲ့ပါသည်။ ၂၀၁၈ တောင်သူကွင်းဆင်းနေ့ ရက် ၉၀ ကျင်းပခဲ့ပြီး ကျေးရွာ ပေါင်း ၁၃၃ ရွာမှ တောင်သူ ပေါင်း ၄,၀၀၀ ကျော် (ထိုအထဲမှ ၃၀ ရာခိုင်နှုန်းမှာ အမျိုး သမီးများ ဖြစ်ပါသည်) ပါဝင်ဆင်နွှဲ ခဲ့ပါသည်။ စီမံကိန်းစတင်သည့် အချိန်မှစ၍ တောင်သူကွင်းဆင်း နေ့ပေါင်း ၁၆၆ ရက် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်း ၂၂၂ ဦးတို့မှလည်း တောင်သူ ကွင်းဆင်းနေ့များတွင် ပါဝင်ဆင်နွှဲခဲ့ပါသည်။ ဤသည်မှ တောင်သူများ၊ လက်လီရောင်းချသူများနှင့် အစိုးရတို့အကြား ကြီးမားသည့် ဆက်သွယ်ဆောင်ရွက်မှုများအား ရလဒ်အနေဖြင့်ရရှိခဲ့ပါသည်။၂၀၁၈ ခုနှစ်တွင် အပူပိုင်းဇုန်ဒေသရှိ ဦးတည်ရည် ရွယ်ထား သည့် ၆ မြို့နယ်မှ တောင်သူ ၁၅,၀၀၀ နီးပါး (အမျိုးသမီး ၃၅ ရာခိုင်နှုန်း) ထံ တောင်သူ လယ်သမားသင်တန်း ၂၀၁ ကြိမ် တိုက်ရိုက် ပို့ချ ပေးခဲ့ပါသည်။ စီမံချက် တလျှောက်လုံးတွင် ကျေးရွာ ၁,၃၇၃ ရွာမှ တောင်သူ ၃၁,၀၀၀ သည် (အမျိုးသမီး ၃၀ ရာခိုင်နှုန်း) တောင်သူလယ်သမားသင်တန်း ၄၈၀ ကြိမ် တွင်ပါဝင် တက်ရောက် ခဲ့ပါသည်။ IFDC သည် John Deec နှင့် New Holland လယ်ယာသုံး စက်ကိရိယာ အရောင်း ကိုယ်စားလှယ်များနှင့် ပူးပေါင်းကာ လယ်ထွန်စက် မောင်းနှင် အသုံးပြုသူ ၂၄၀ ဦးအား စက်ကိရိယာ ထိန်းသိမ်းရေး၊ လယ်ထွန်စက် အသုံးပြုနည်း နှင့် အခြေခံသီးနှံ စိုက်ပျိုးရေးပညာများအား လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ လယ်ထွန် စက်မောင်းနှင် အသုံးပြုသူများသည် လယ်သမားများ နှင့် နေ့စဉ်ထိတွေ့မှု ရှိနေသဖြင့် နည်းပညာအကြံပေး ဝန်ဆောင်မှုများတွင် နောက်ထပ်အလွှာတခု အနေဖြင့် ပေါင်းထည့်နေပါသည်။

၂၀၁၈ခုနှစ်တွင် သွင်းအားစု ဝန်ဆောင်မှုပေးသူများသည် ဤလုပ်ငန်းများအား သူတို့၏ တန်ဖိုးထားမှုနှင့် စီမံကိန်း၏ ရလဒ်များ ရေရှည်တည်တံ့ရန်အတွက် ၎င်းတို့၏ တာဝန်ခံထားမှုများကို ပြသည့်အနေဖြင့် သင်တန်းနှင့် ၎င်းတို့ ကိုယ်ပိုင်စံပြ စိုက်ကွက်များအား ဆက်လက်၍ ထောက်ပံ့ပေးခဲ့ ပါသည်။ ၂၀၁၈ခုနှစ်တွင် စီးပွားရေး တိုးမြှင့်ရန် အတွက် စီမံချက်မှထောက်ပံ့ငွေ ရရှိခဲ့သည့် လက်လီ ရောင်းချသူများမှ တောင်သူသင်တန်း အကြိမ် ၂၀ အား စီစဉ် ဆောင်ရွက်ခဲ့သဖြင့် တောင်သူ ၁,၅၀၀ ကျော်ထံ (အမျိုးသမီး ၂၈ ရာခိုင်နှုန်း) ရောက်ရှိခဲ့ပါသည်။ စီမံချက်စတင်သည့် အချိန်မှစ၍ ဤကဲ့သို့သော တောင်သူလယ်သမား သင်တန်း ၆၅ ကြိမ်မှ တောင်သူ ၄,၆၇၇ ရောက် ထံရောက်ရှိခဲ့ပြီး ထိုအထဲမှ ၃၀ရာခိုင်နှုန်း နီးပါးသည် အမျိုးသမီးများဖြစ်ပါသည်။ ၂၀၁၈ခုနှစ်တွင် လက်လီ ရောင်းချသူ ၉ ဦးမှ ဦးဆောင်၍ စံပြစိုက်ကွက် ကွင်းဆင်းသည့်နေ့များ ကျင်းပခဲ့ခြင်းဖြင့် စီမံချက် ကာလ တလျှောက်လုံးတွင် စုစုပေါင်း ၄၄ ရက် ကျင်းပခဲ့ကာ တောင်သူ ၂၆၀၀ ကျော်ထံ ရောက်ရှိခဲ့ပြီး ထိုအထဲမှလေးပုံတစ်ပုံမှာ အမျိုးသမီးများ ဖြစ်ပါသည်။ သွင်းအားစု ဝန်ဆောင်မှုပေးသူများမှ သူတို့၏ သတ်မှတ်ထားသော ဒေသများတွင် ရေဖြန်းသည့် ကိရိယာမှစ၍ သီးနှံခြွေလှေ့စက်များ အထိ ကုန် ပစ္စည်းနှင့် ဝန်ဆောင်မှု အသစ် ၂၂ မျိုးအား မိတ်ဆက် ပေးခဲ့ပါသည်။ တောင်သူများမှ ဝန်ဆောင်မှုများနှင့် ကုန်ပစ္စည်းများသည် ၎င်းတို့ အတွက် အချိန် ကုန်သက်သာပြီးရင်ဆိုင် နေရသည့် အလုပ်သမား ရှားပါးသည့် အကျပ်အတည်းအား အထောက်အကူ ဖြစ်စေသည်ဟု ပြောကြားပါသည်။

### စက်မှုလယ်ယာ

လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို မိတ်ဆက်ပေးရန် အားထုတ်မှုများအားလည်း LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပြီး၊ ရိုးမဘဏ်မှ ၂၀၁၆ ခုတွင် စတင်အကောင်အထည်ဖော်ခဲ့သော အရစ်ကျငွေချေသည့်စနစ် ဖြင့် ဝယ်ယူခြင်း (Hire Purchase) ဖြင့် စိုက်ပျိုးရေး စက်ပစ္စည်းများနှင့် ကိရိယာများအား ဝယ်ယူရန် စီစဉ်ပေးသည့် စိုက်ပျိုး စီးပွား ဘဏ္ဍာရေး စီမံကိန်း (AFP) မှ ထောက်ပံ့ကူညီပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အပူပိုင်းဇုန်ရှိ ခွင့်ပြုချက် ရရှိထားသော လယ်ယာစိုက်ပျိုးရေး စက်ပစ္စည်းအရောင်း ကိုယ်စားလှယ်

၁၇ ဦးထံမှ အမေရိကန်ဒေါ်လာ (၁၁)သန်း တန်ဖိုးရှိသည့် လယ်ယာစိုက်ပျိုးရေး စက်ပစ္စည်းများ အတွက် စုစုပေါင်း အငှားစာချုပ်စုစုပေါင်း ၅၀၁ ခု အား ထုတ်ပေး ခဲ့ပါသည်။ အပူပိုင်းဇုန်ရှိ နေပြည်တော် ၊ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတို့ တွင် ရိုးမဘဏ်ခွဲ ၁၇ ခု ရှိပါသည်။ ၂၀၁၆ ခုနှစ်မှ စတင်၍ အပူပိုင်းဇုန်တွင် အငှားစာချုပ်ပေါင်း ၂,၅၀၀ ကျော်အား အမေရိကန်ဒေါ်လာ ၅၃ သန်း တန်ဖိုးရှိသည့် လယ်ယာ စိုက်ပျိုးရေး စက်ပစ္စည်းများအတွက် ထုတ်ပေး ခဲ့ပါသည်။ ငှားရမ်းခဲ့သည့် စက်ပစ္စည်း အများစုမှာဘီးလေး ဘီးလုံးမောင်းနှင်သည့် လယ်ထွန်စက်၊ ၎င်းနောက်၌ စိုက်ပျိုးရေးသုံး သယ်ယူပို့ဆောင်ရေး ယာဉ် အဖြစ် သာမက ခြွေလှေ့စက် အဖြစ်ပါ အသုံးပြု၍ ရသည့် ပေါင်းစပ် ထားသည့် ယာဉ်များတို့ ဖြစ်ပါသည်။ အစိုးရ၏ စက်မှုလယ်ယာ ဦးစီးဌာန (Agricultural Mechanisation Department, AMD) သည် စီမံကိန်း တွင် လေးဘီး လယ်ထွန်စက်များ ငှားရမ်းရန် အတွက် ရိုးမဘဏ်နှင့်မိတ်ဖက်ပြုပါသည်။။ ၂၀၁၈ ခုနှစ်တွင် AMDသည် ကျေးလက်ရှိ ဝန်ဆောင်မှုအသုံးပြုသူ ၆၆ ဦးအား ဤအစိုးရ နှင့် ပုဂ္ဂလိက အစုစပ်လုပ်ငန်းမှ ဘီးလေး ဘီးလုံး မောင်းနှင် သည့် လယ်ထွန်စက်များ ငှားရမ်းရန် အတွက် လွှဲပြောင်းပေးခဲ့ ပါသည်။ မိမိကိုယ်တိုင် အရစ်ကျငွေချေ စနစ် မဝယ်ယူနိုင်သည့် လုပ်ကွက်ငယ် တောင်သူများအနေဖြင့် ဤ စီမံကိန်း အောက်မှ စက်ကိရိယာများ ရင်းနှီး မြှုပ်နှံထားသည့် ကျေးလက် စွန့်ဦး တီထွင်သူများထံမှ စက်ပစ္စည်းများ ငှားရမ်း ခဲ့ပါသည်။ လုပ်ကွက်ငယ်တောင်သူများသည် အချိန်နှင့် ငွေကို သက်သာကာ ကုန်ထုတ်လုပ်မှု တိုးတက်လာခြင်း နှင့် စွန့်ဦးတီထွင် လုပ်ငန်းရှင် များမှ လယ်ယာပြင်ပ ငှားရမ်းသည့် ဝန်ဆောင် မှု စီးပွားရေးကို ဖွံ့ဖြိုးစေပါ သည်။ အပူပိုင်းဇုန်ရှိ စိုက်ပျိုးရေး ကဏ္ဍတွင် မကြာသေးမီက စက်မှုလယ်ယာ လုပ်ငန်း ရုတ်တရက် မြင့်တက်လာမှုတွင် ရိုးမဘဏ်-LIFTစီမံကိန်း၏ ထည့်ဝင်မှုများ သည် သိသာထင်ရှားပါသည်။

## မြေဆီလွှာ ဖွံ့ဖြိုးခြင်း

မြန်မာနိုင်ငံ အပူပိုင်းဇုန်အလယ်ပိုင်း တခုလုံးတွင်သီးနှံ စိုက်ပျိုးရေး စနစ်များနှင့် ပတ်သက်၍ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများမှာ များပြားလှပါသည်။ အဆိုပါစိန်ခေါ်မှုများတွင် ဆက်တိုက် စိုက်ပျိုးမှုနှင့် တွဲဖက်နေသည့်မြေဆီလွှာ အရည်အသွေး ကျဆင်းခြင်း၊ သီးနှံအကြွင်း အကျန်များကို တိရိစ္ဆာန်များအား ကျွေးမွေးခြင်း၊ မြေအများစုမှာ သဲမြေဆန်သည့် သဘာဝရှိသဖြင့် ရေဓါတ် ထိန်းသိမ်း ထားနိုင်မှု လျော့နည်းခြင်းနှင့် မြေဆီလွှာတွင် အော်ဂဲနစ် ပစ္စည်းများ ပါဝင်သည့် အဆင့် အလွန်နိမ့်ကျခြင်း တို့ဖြစ်ပါသည်။ ရာသီဉတု ပြောင်းလဲခြင်း၏ သက်ရောက် မှုများသည် လက်ရှိ စိုက်ပျိုးရေးစနစ်များအား ပြုပြင် ပြောင်းလဲမှု မှတဆင့် အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းရန် ရွှေလွင်ပြင် (Golden Plain) သည် ပခုက္ကူနှင့် ရေစကြို မြို့နယ်များရှိ ကျေးရွာပေါင်း (၄၂)ရွာမှ တောင်သူများနှင့် လုပ်ကိုင်ဆောင်ရွက်ပါသည်။ သစ်ရွက်စိမ်း/သစ်ရွက်ဆွေး အသုံးပြုသည့် မြေသြဇာ သီးနှံအသစ်ဖြစ်သည့် ပိုက်ဆံလျှော်ကို မိတ်ဆက်ပေးခြင်း နှင့်အတူ အသစ် တိုးတက်လာသည့် စိုက်ပျိုးသက်တမ်းတိုသည့် နမ်း၊ ပဲစင်းငုံနှင့် မြေပဲအမျိုးမျိုး တို့အားလက်ရှိ သီးနှံ စိုက်ပျိုးရေး စနစ်များအတွင်းသို့ မိတ်ဆက်ပေးပါသည်။

| စက်ပစ္စည်း အမျိုးအစား | ငှားရမ်းသည့် အရေ အတွက် | အရစ်ကျ ပြန်ဆပ်သည့် ချေးငွေ စနစ် ချေးငှားခဲ့ သည့် ငွေပမာဏ (ကန် ဒေါ်လာသန်းပေါင်း) | ပစ္စည်းတန်ဖိုး (ကန်ဒေါ်လာ-သန်းပေါင်း) |
|---|---|---|---|
| စိုက်ပျိုးရေးဆိုင်ရာ သယ်ယူ ပို့ဆောင်ရေး ယာဉ် | ၅၀၆ | ၅.၇ | ၇.၂ |
| ရိတ်သိမ်း ခြွေလှေ့စက် | ၁၀၈ | ၂.၇ | ၃.၄ |
| ရိတ်သိမ်းစက် | ၁ | ၀.၀၂ | ၀.၀၃ |
| လက်တွန်းထွန်စက် (2WT) | ၁၉ | ၀.၀၃ | ၀.၀၄ |
| ထွန်စက် (4WT) | ၁,၉၃၆ | ၃၅.၆ | ၄၂.၈ |
| | ၂,၅၇၀ | ၄၄ | ၅၃ |

▲ ဇယား ၃.၃ အချက် အလက်များ (၂၀၁၆ ဇန်နဝါရီ မှ ၂၀၁၈ ဒီဇင်ဘာ) - မကွေးတိုင်းဒေသကြီး ၊ မန္တလေး တိုင်းဒေသကြီး၊ နေပြည်တော် နှင့် စစ်ကိုင်း တိုင်း ဒေသကြီး

ရင်းမြစ်- LIFT ၏ အားလုံးပါဝင်စေသည့် ငွေကြေးစီမံကိန်းများသည် ၂၀၁၈ ခု ကုလသမဂ္ဂ၏ လစဉ်ပျမ်းမျှ ငွေလဲလှယ်နှုန်း အမေရိကန် ၁ ဒေါ်လာ = မြန်မာကျပ် ၁၄၁၄ အား အသုံးပြုပါသည်။

၂၀၁၈ ခုနှစ်တွင် ဤနည်းလမ်းအသစ်အား လက်ခံ အသုံးပြုနေသည့် တောင်သူအရေအတွက် မှာ၁,၃၀၀ ရှိခဲ့ ခြင်း ကြောင့် ၂၀၁၆ ခုနှစ် မှ ၂၀၁၈ ခုနှစ် ကာလအထိ စုစုပေါင်း တောင်သူအရေအတွက်မှာ၂,၂၄ ၅ဦးထိတိုးပွားလာခဲ့ပါသည်။ ဤသစ်စိမ်းသစ်ရွက်ဆွေး မြေသြဇာအား လက်ခံကျင့်သုံးမှု တိုးပွားလာခြင်းတွင် ပိုက်ဆံလျှော် မျိုးစေ့များ ရရှိနိုင်မှုမှာ အကန့်အသတ်ဖြစ် နေပါသည်။ ထို့ကြောင့်တောင်သူ များအားၐင်းတို့၏ ကိုယ်ပိုင်မျိုးစေ့များကို ထုတ်လုပ်နိုင်ရန် လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ နည်းပညာ ပြန့်နှံ့မှုသည် အကျိုးခံ စားခွင့်ရှိသူများထက် ကျော်လွန် ရောက်ရှိလာခြင်းကြောင့် ၂၀၁၉ ခုနှစ် စိုက်ပျိုးရာသီတွင် တောင်သူများ အသုံးပြု ရန်အတွက် ကြီးထွားလာသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ၂၀၁၈ ခုနှစ် တွင် မြေဧရိယာ ၃၂.၉ ဟက်တာ မှ စုစု ပေါင်းမျိုးစေ့ ၁၄.၂ တန်ကို ထုတ်လုပ် ခဲ့ပြီး ဖြစ် သဖြင့် များစွာ အောင်မြင်ခဲ့ပါသည်။ ရွှေလွင်ပြင် စီမံချက် သည်ချဉ်းကပ် နည်းလမ်းအသစ်အားမိတ်ဆက် ပေးရန် တောင်သူဦးဆောင်သည့် သရုပ်ပြမှု ၁၂၀ကြိမ် အား တောင်သူ ၆,၀၀၀ ကျော်နှင့် အတူစီမံဆောင်ရွက် ခဲ့ပါသည်။ စိုက်ပျိုးရာတွင် မိရိုးဖလာမျိုး ဖြစ်စေ၊ ပိုမိုကောင်းမွန်အောင် ပြုပြင်ထားသည့် မျိုးဖြစ်စေ သစ်စိမ်းသစ်ရွက်ဆွေး မြေသြဇာ၏ သက်ရောက်မှုကြောင့် မြေပဲ အထွက်နှုန်း (၂၀ ရာခိုင် နှုန်းမှ ၄၀ ရာခိုင်နှုန်းထိ) နှင့် နမ်းအထွက်နှုန်း (၃၀ ရာခိုင်နှုန်းအထက်မှ ၉၀ ရာခိုင်နှုန်းထိ) တိုးတက်ခဲ့သည်ကို ရလဒ်များမှ သေချာ ရှင်းလင်းစွာ ပြသလျက်ရှိပါသည်။ ပိုက်ဆံလျှော်အား သစ်စိမ်းမြေသြဇာအဖြစ် အသုံးပြုခြင်းကြောင့် စိုထိုင်းမှုကို ထိန်းသိမ်းနိုင်စွမ်းနှင့်အတူ မြေဆီလွှာ ဖွံ့ဖြိုးမှုကို တိုးမြှင့်ပေး ခဲ့ပြီး ထွန်ယက်ခြင်း၊ မြေညှိခြင်းနှင့် ပေါင်းသတ်ခြင်း တို့အတွက် ကုန်ကျသည့် ထုတ်လုပ်မှုစရိတ် သိသိသာ သာ လျော့ကျ သွားစေပါသည်။စီမံကိန်း စတင်သည့် ၂၀၁၆ ခုနှစ်တွင် မြေနမူနာ ယူခဲ့ပြီး၊ ၂၀၁၈ ခုနှစ်တွင် ထပ်မံ၍ မြေနမူနာ ထပ်မံရယူရာတွင် သစ်စိမ်း မြေသြဇာ အား (၃)နှစ် ဆက်တိုက် အသုံးပြုခြင်းဖြင့် မြေတွင် ဟိုက်ဒရိုဂျင် အိုင်းရွန်း ပါဝင်မှု (အချဉ်/အငန်ဓါတ် pH) တွင် အယ်လ်ကာလိုင်းများ ကျဆင်းခဲ့ပြီးပိုမို၍ ကောင်းမွန် သည့် pH အဖြစ် တုန့်ပြန်ပါသည်။ ဤ သစ်စိမ်းမြေသြဇာ နှင့် ဆက်စပ်နေသည့် pH ပြောင်းလဲခြင်းသည် တောင်သူ များ၏ လယ်ကွက်အတွင်း အထွက်နှုန်း တိုးခဲ့သည့် လေ့လာ တွေ့ရှိခဲ့သည့်အတွက် တစိတ်တဒေသအားဖြင့် ပတ်သက်သည်ဟု ယူဆပါသည်။ အော်ဂဲနစ် ပစ္စည်းများ

ပါဝင်မှု ၅၀ ရာခိုင်နှုန်းကျော် တိုး တက်လာခြင်းသည် မြေကြီး၏ ရေနှင့်အာဟာရ ထိန်းသိမ်းထားနိုင်သည့် စွမ်းဆောင်ရည် တိုးတက်ရန် အတွက် ဖြည့်ဆည်းပေးပါသည်။

ရေသွင်းစိုက်ပျိုးခြင်း

လွန်ခဲ့သည့်(၂)နှစ်အတွင်း LIFTသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်တွင် မြစ်ရေတင် ဆည်မြောင်းပြန်လည်မွမ်းမံရေး အစီအစဉ်တွင်ရင်းနှီး မြှုပ်နှံခဲ့ပါသည်။ ပျော့ရွာ မြစ်ရေတင် ဆည်မြောင်းစီမံကိန်းအား ၂၀၁၄ခုနှစ် တွင် တည်ဆောက်ခဲ့ပါပြီး မူးမြစ်မှ ရေအား အဓိကရေစုပ် စက်စခန်း (၁)ခုနှင့်အရံရေစုပ် စက်စခန်း(၂)မှ တဆင့် ရယူခဲ့ပါသည်။ ဤအစီအစဉ်သည် ခန့်မှန်းခြေ လယ်လုပ်သူ အိမ်ထောင်စု ၁၀,၀၀၀ ပိုင်ဆိုင်သည့် ဧက ၅,၀၀၀ ခန့်ရှိသည့် ဒေသအား ရေသွင်းစိုက်ပျိုးနိုင်ရန် ပံ့စံထုတ်ခဲ့ပါသည်။ ဤစီမံချက်အား စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ ဆည်မြောင်း နှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ခဲ့ပါသည်။ ဤစီမံချက်သည် မြန်မာနိုင်ငံအတွင်းရှိ မြစ်ရေတင် ဆည်မြောင်းရှိ သည့်နေရာ ၃၀၀ကျော်တွင် ပြန်လည်မွမ်းမံ ပြင်ဆင်ရန်နှင့် ရေစီမံခန့်ခွဲမှု ပါဝင်ရန် အတွက် နည်းလမ်းများကို စမ်းသပ်ရန် ဆောင်ရွက်သည့် ရှေ့ပြေးစမ်းသပ်မှု ဖြစ်ပါသည်။ တူးမြောင်းစနစ်များ အားလုံး (ပင်မတူးမြောင်းများ၊အရံတူးမြောင်းများ၊ ရေပေးဝေသည့် တူးမြောင်း၊ရေထိန်းတံခါး များ တပ်ဆင် ခြင်းနှင့် ဟိုက်ဒ ရောလစ်အဆောက်အဦများ)၊ ပံ့စံပြန်ထုတ်ခြင်း၊ ရေစုပ်စက်အသစ်များ တပ်ဆင်ခြင်းနှင့် လမ်းအချို့ တည် ဆောက် ခြင်း အပါအဝင် အခြေခံ အဆောက်အဦ ပြန်လည် ပြင်ဆင်မွမ်းမံရေးကို UNOPS ၏ အခြေခံ အဆောက်အဦဌာနမှ အကောင်အထည်ဖော်ပါသည်။ သိသာများပြားသည့် ဆည်မြောင်း ရေပေးဝေမှု ကို ပြုလုပ်ခဲ့၍ ၂၀၁၈ ခု နှစ်လယ်မှ စ၍ တောင်သူများ အနေဖြင့် ရေအား ပိုမို၍ ကောင်းမွန်စွာ လက်လှမ်းမီ ရရှိခဲ့ပါသည်။ အကဲဖြတ် သုံးသပ်ခြင်း နောက်ဆုံး အစီရင်ခံစာတွင် "၂၀၁၈ ခုနှစ် အတွင်းတွင် ပုံမှန်အား ဖြင့် အစီအစဉ်မှဝန်ဆောင်မှု ပေးနေသည့် တောင်သူများ ၏ ၇၆ ရာခိုင်နှုန်းမှ လုံလောက်သည့် ရေကိုရရှိ ခဲ့သည် ဟု အသိပေးခဲ့မှုအား ၂၀၁၆ ခုနှစ် ၏ ၄၁ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်၍ ဖော်ပြထားပြီး၊"ယင်းအချက် အား အုပ်စုလိုက် ဆွေးနွေးပွဲ များတွင် ပါဝင်တက်ရောက်သည့် တောင်သူများမှ အတည်ပြုခဲ့ပါသည်။ PS ၃ တူးမြောင်း၏ အဆုံး၌ ရှိသော ညောင်ရင်း ကျေးရွာမှ လယ်သမားများမှ ယခင် က ရေရရှိရန် ၁၂ နာရီကြာခဲ့သော်လည်း ယခုအခါ ၅ နာရီမှ ၆နာရီ ကြားအတွင်း ရေ ရရှိပါသည်ဟု အစီရင်ခံကြပါသည်။

Welthungerhilfe (WHH) ၊ National Engineering and Planning Services (NEPS) နှင့် International Crops Research Institute for the Semi-Arid Tropics (ICRISAT) တို့နှင့် ပူးပေါင်းဆောင်ရွက်သည့် IWMI အဖွဲ့မှ တိုးတက်လာသည့် ဆည်မြောင်း စနစ်များနှင့် တန်ဖိုးမြင့် ငွေဖြစ်လွယ်သော သီးနှံသစ်များ ဖြစ်သည့် ပဲတီစိမ်း၊ ကုလားပဲ၊ နေကြာနှင့် စပါး၊ငရုပ်၊ ရုံးပတီသီး၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါးသီး၊ ခရမ်းသီးနှင့်သခွားသီး တို့အား စိုက်ပျိုးရန်အတွက် နည်းလမ်း အသစ်များဖြင့် စမ်းသပ်ခဲ့ပါသည်။ ငရုပ်သီး၏ အကြမ်းဖျင်း အမြတ်ငွေသည် အခြားသီးနှံများ၏ အမြတ်ထက်အစဉ်အမြဲ မြင့်မားနေသော်လည်း အမြတ်ငွေသည် တဧကလျှင် မြန်မာကျပ်ငွေ ၆၇၈,၀၀၀ မှ ၁,၃၇၇,၂၀၀ (တစ်ဧက ကန်ဒေါ်လာ ၄၇၀ မှ ၉၁၆ ) ကြား အတက်အကျရှိပါသည်။ ကုန်ကားမောင်းသူများနှင့် လက်ကားရောင်းချသူများမှ ကွင်းထဲသို့ တိုက်ရိုက်ဆင်းဝယ်ခြင်းဖြင့် ဖန်တီးခဲ့သည့်မန္တလေး ဈေးကွက်နှင့် ချိတ်ဆက်နိုင်မှုများသည် စီမံချက် ဒေသအတွင်း သီးနှံများ လျင်မြန်စွာ တိုးချဲ့ခြင်းအတွက် အရေးကြီးပါသည်။ တောင်သူ အသစ် ၆၃ ဦးသည် မိမိကိုယ်ပိုင်ငွေဖြင့် စံပြစိုက်ကွက်များအားပုံတူကူး၍ လာမည့် ရာသီတွင် ငရုပ်စိုက်ပျိုးလာမည်ဖြစ် သည်။ အနည်းဆုံး တောင်သူ ၆၀ သည် ၂၀၁၉ ခုနှစ် သီးနှံစိုက်ပျိုးရေးရာသီ၌ သူတို့၏ စပါးစိုက်ကွက်များတွင် ယူရီးယား ဓါတ်မြေဩဇာတောင့်များအား အသုံးပြုမည် ဖြစ်ပါသည်။

မွေးမြူရေး

အပူပိုင်းဇုန်သည် မြန်မာနိုင်ငံတွင် ကျွဲ၊ နွား၊ ဆိတ်နှင့် သိုးအများစုရှိနေသည့် နေရာဖြစ်ပါသည်။ တိရိစ္ဆာန်မွေးမြူရေးသည် အပူပိုင်းဇုန် စိုက်ပျိုးရေးကဏ္ဍ၏အရေး ပါသည့် အစိတ်အပိုင်း တခုဖြစ်ပါသည်။ တိရိစ္ဆာန် မွေးမြူရေး ကဏ္ဍအား ပံ့ပိုးပေးရန် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ (FAO) မှ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးရှိ မြို့နယ် ၆ ခု တွင် မွေးမြူရေး တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ်စွမ်းအားနှင့်ဈေးကွက်တင်ခြင်းတို့ကို တိုးတက် ကောင်းမွန်စေခြင်းဖြင့် အပူပိုင်းဇုန်ရှိ တောင်သူများ၏ အသက်မွေးမှုကို တိုးတက်ကောင်းမွန်စေခြင်း စီမံချက်အား အကောင်အထည်ဖော်လျက် ရှိပါသည်။ စီမံချက်သည် ဦးတည်ရည်ရွယ်ထားသည့် ဒေသများတွင် တိရိစ္ဆာန် ကျန်းမာရေး၊ အစာကျွေးခြင်း၊ မွေးမြူခြင်းနှင့် ဈေးကွက် မြှင့်တင်ခြင်းတို့ ပိုမိုတိုးတက်လာခြင်းနှင့် နည်းပညာများ တိုးချဲ့ခြင်းတို့အား လူထုအခြေပြု တိရိစ္ဆာန် ကျန်းမာရေး လုပ်သားများနှင့်အတူလုပ် ကိုင်ခြင်းဖြင့် လုပ်ကွက်ငယ် တောင်သူများထံ ပေးအပ်နေသည့် တိရိစ္ဆာန် ကျန်းမာရေး ဝန်ဆောင်မှု များအား အားကောင်းစေပါသည်။ စီမံချက်သည် လုပ်ကွက်ငယ် တောင်သူများ၏ထုတ်လုပ်မှုနှင့် ဈေးကွက်မြှင့်တင်ခြင်း တိုးတက် ကောင်းမွန်ခြင်းနှင့် သက်ဆိုင်သည့် တိရိစ္ဆာန် မွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍ ဆိုင်ရာ မူဝါဒများတွင် အစိုးရနှင့်လည်း လက်တွဲ ဆောင်ရွက်လျက်ရှိပါသည်။

စီမံချက်သည် အစိုးရမှ ရန်ပုံငွေ ထောက်ပံ့သည့် တိရိစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်း အတွက်နည်းပညာ ပံ့ပိုးပေးမှုအား ဆက်လက်ပေးအပ်ပါသည်။ တိရိစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းသည် တနိုင်ငံလုံးရှိ ရပ်ကွက် ကျေးရွာများ၏ ၂၀ ရာခိုင်နှုန်းဖြစ်သော အိမ်ထောင်စု ၁.၇ သန်းကျော်ထံမှ အချက်အလက်များ ကောက်ယူခဲ့ပါသည်။ တိရိစ္ဆာန် ကောင်ရေ စာရင်းကောက်ယူခြင်း၏ အချက် အလက် စီမံခန့်ခွဲသည့် ဗဟိုဌာနအား FAO စီမံချက်ရုံးတွင် ဖွင့်လှစ်ထားပြီး FAO မှ လေ့ကျင့် သင်ကြားပေးထားသည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (Livestock Breeding and Veterinary Department, LBVD) မှ ဝန်ထမ်းများအား

ခန့်အပ်ခဲ့ပါသည်။ စီမံချက်မှ စီးပွားဖြစ် မွေးမြူရေးခြံများ၊ ကြက်မွေးမြူရေးခြံများနှင့် သားဖောက် လုပ်ငန်း ၁၀,၀၀၀ ကျော်ထံမှ စာရင်း ကောက်ယူမှုတွင် LBVD ထံ နည်းပညာ ပံ့ပိုးမှု (စစ်တမ်းဒီဇိုင်း၊ အချက်အလက် ကောက်ယူခြင်း၊ အချက်အလက်စီမံခန့်ခွဲမှု)ကိုလည်း ပေးအပ်ခဲ့ပါသည်။

စီမံချက်သည် မြို့နယ် ၃၃ မြို့နယ်တွင် ရပ်ရွာ တိရိစ္ဆာန် ကျန်းမာရေး လုပ်သားများနှင့် စီမံချက်၏ လုပ်ဆောင်မှုသည် စစ်တမ်းကောက်ယူ ပြီးစီးခြင်းနှင့် အမျိုးသား (၅) နှစ် ဖွံ့ဖြိုးရေး စီမံချက် စတင်ရန် လူထုအခြေပြု တိရိစ္ဆာန် ကျန်းမာရေး လုပ်သားများ အတွက် သင်တန်းပေးခြင်းနှင့် အသိအမှတ်ပြုခြင်း စသည့်ရလဒ်များ ရရှိခဲ့ပါသည်။ဥပဒေ၏ နောက်ဆုံး အတည်ပြုမည့် အဆင့်များတွင် ရပ်ရွာ တိရိစ္ဆာန် ကျန်းမာရေး လုပ်သားများ ခန့်အပ်ရန် လျာထားသည်လည်း ပါဝင်ပါသည်။

မြန်မာနိုင်ငံတော်အစိုးရမှ ၂၀၁၈ ခုနှစ်၌ တရုတ်နိုင်ငံနှင့် ကျွဲနွားကုန်သွယ်ရေးကိစ္စ ညှိနှိုင်းမှုများတွင် တိရိစ္ဆာန် ကောင်ရေ စာရင်းကောက်ယူခြင်း မှကောက်ယူခဲ့သည့် အချက်အလက်များ အပေါ်မှီတည်ခဲ့ပါသည်။ ညှိနှိုင်းဆွေးနွေးမှုများအပြီး ၂၀၁၈ခုနှစ် တွင် တရုတ်နိုင်ငံနှင့် ကျွဲနွားကုန်သွယ်မှုကိုပြန်လည် ခွင့်ပြုခဲ့သောကြောင့် မြန်မာနိုင်ငံရှိ တိရိစ္ဆာန်မွေးမြူသည့် အိမ်ထောင်စုများအပေါ် သိသာထင်ရှားသော သက်ရောက်မှုများ ရှိခဲ့ပါသည်။ ခန့်မှန်းခြေ အိမ်ထောင်စု ၂.၂ သန်း သည် နွားမွေးမြူပြီး၊ အိမ်ထောင်စု ၄၂၀,၀၀၀ သည် ကျွဲမွေးမြူပါသည်။ တိရိစ္ဆာန် ကုန်သွယ်ရေး တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ဝန်းကျင် ရှိပါသည်။ ကုန်သည်များမှ အခုအခါတွင် ကျေနပ်လောက်ဖွယ် အရည်အသွေးရှိပါက တိရိစ္ဆာန် တကောင်လျှင် အမေရိကန် ဒေါ်လာ ၅၀၀ မှ ၇၀၀ အထိ အပိုပေး၍ မွေးမြူရေးခြံထဲအထိ လာရောက်ဝယ်ယူပါသည်။၂၀၁၉ခုနှစ် ဖေဖော်ဝါရီလတွင် ကုမ္ပဏီပေါင်း ၃၅၀၀ ကျော်မှ ကျွဲနွားအကောင်ရေ ၃၀၀,၀၀၀ ကျော်ကို တရုပ်နိုင်ငံသို့ တင်ပို့ခဲ့ပြီး ဖြစ်ပါ သည်။ FAO စီမံချက်မှ တရုတ်နိုင်ငံသို့ ကုန်သွယ်မှုနှင့် ကျွဲနွားတိရိစ္ဆာန် မူဝါဒ ကို ဆောင်ရွက်နေသည့် အစိုးရနှင့် ပုဂ္ဂလိကမှ အဓိက ပတ်သက် ဆက်နွယ်သူများအား စုစည်း၍ ကျွဲနွားတိရစ္ဆာန်ကုန်သွယ်ရေး အကြံပေးအုပ်စု ဖွဲ့စည်းတည်ထောင်နိုင်ရန် ပံ့ပိုးပေးခဲ့ပါသည်။

အဓိက ဝင်ငွေရလမ်းဖြစ်သည့် စိုက်ပျိုးရေးမှ အောင်မြင်စွာ "ထွက်ခွာ" ၍ ကုန်ထုတ်လုပ်မှု စွမ်းရည် ပိုမို မြင့်မားသည့် စီးပွားရေး ကဏ္ဍများသို့ ဝင်ရောက်ရန်အတွက် ကျေးလက် အိမ်ထောင်စုများအား ပံ့ပိုးပေးခြင်း

မကွေးနှင့် မန္တလေးတိုင်းဒေသကြီးတွင် လုံခြုံစိတ်ချပြီး အကျိုးရှိသည့် ရွှေ့ပြောင်းမှု အတွက် သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီမှုအား ချဲ့ထွင်ခြင်း

အားကောင်းသော စီမံအုပ်ချုပ်မှုနှင့် မိတ်ဖက်ပြုမှုတို့မှ တဆင့် အလုပ်သမား ရွှေ့ပြောင်းလာမှု ဖွံ့ဖြိုး တိုးတက်ခြင်း၏ သက်ရောက်မှုအား တိုးပွားစေခြင်း(တွဲလက်) စီမံချက်အား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်သူများ ဆိုင်ရာ အဖွဲ့အစည်း (IOM) မှ ဦးဆောင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီး (၄)ခုတွင် လုံခြုံစိတ်ချသည့် ပြောင်းရွှေ့မှုမပြုမီ နှင့် အကျိုးရှိသည့်ရွှေ့ပြောင်းမှုအား ကူညီပံ့ပိုးပေးပါသည်။ အပူပိုင်းဇုန်တွင် IOM သည် ရွှေ့ပြောင်း သွားလာခြင်းနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချရန် အတွက် သတင်း အချက်အလက် ပေးခြင်းအား ပံ့ပိုးပေးရန် သင်တန်းများ သွားရောက်ပို့ချခဲ့ရာ ရွှေ့ပြောင်း သွားလာရန် ရည်ရွယ် ထားသည့် လူဦးရေ ၆,၀၀၀ ကျော်ထံရောက်ရှိ ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလအတွင်း တွဲလက်၏ ရွှေ့ပြောင်း သွားလာမှု မပြုမီ သင်တန်းပေးခြင်း နှင့် အခြား လုပ်ဆောင်မှုများ၏ ထိရောက်မှုကို စမ်းစစ်ရန် အကျိုးရလဒ် စစ်တမ်းကို ကောက်ယူခဲ့ပါသည်။ အပူပိုင်းဇုန်တွင် အကျိုးခံစား ခွင့်ရှိသူ ၆၀၃ ဦးအား စစ်တမ်း ကောက်ယူခဲ့ရာ ရလဒ် များမှာ ကောင်းမွန်သည့် ဘက်သို့ ဦးတည်နေပါသည်။ ဖြေဆိုသူ၏ ၆၂ ရာခိုင်နှုန်းမှသင်တန်းများ၏ အကျိုးကြောင့် သူတို့၏ လုံခြုံစိတ်ချစွာ ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ ဗဟုသုတများ "များစွာ တိုးပွားလာပါသည်" ဟု အသိပေးခဲ့ပြီး ၉၄ ရာခိုင်နှုန်းမှမထွက်ခွာမီ သူတို့လို အပ်မည့် စာရွက်စာတမ်း (နိုင်ငံသားစိစစ်ရေးကဒ်၊ အလုပ်သမားကဒ် စသဖြင့်...) များ အကြောင်းကို လေ့လာ သင်ယူခဲ့ ရပါသည်ဟု ပြောကြားခဲ့ပါသည်။

BBC Media Action မှ အကောင်အထည်ဖော်ခဲ့သည့် တနိုင်ငံလုံးအတွက် "ရေကြည်ရာ" စီမံချက်သည် တနိုင်ငံလုံးနှင့် ဒေသဆိုင်ရာ မီဒီယာမှတဆင့် ရွှေ့ပြောင်း သွားလာခြင်း နှင့် ငွေကြေးစီမံခန့် ခွဲမှုနှင့်သက် ဆိုင်သည့် သတင်းအချက်အလက် များစွာ ပံ့ပိုးပေးပြီး ရွှေ့ပြောင်း သွားလာသူများနှင့် ကျန်ရစ်ခဲ့သည့် အိမ်ထောင်စုများ ဆုံးဖြတ် ချက်ချ မှတ်နိုင်ရန် ကူညီပံ့ပိုးပေးခြင်းအား အာရုံစိုက်ဆောင် ရွက်ပါသည်။ စီမံချက်မှ အပါတ်စဉ် ရေဒီယို အစီအစဉ်အတွက် ဇာတ်လမ်းတွဲ ၅၂ တွဲကို ထုတ်လုပ်ခဲ့ကာ တနိုင်ငံလုံးသို့ အသံလွှင့်ခဲ့ပြီး၊ပြည်နယ်နှင့် တိုင်းဒေသကြီး ၈ ခုရှိ နားဆင်သူများ အဖွဲ့ ၄၀ မှ နားသောတဆင်ခဲ့ပါသည်။ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးတွင် အကျိုးခံစားခွင့်ရှိသူ ၄၇၅ ဦး အား မြို့နယ် (၄)မြို့နယ်ရှိ နားဆင်သူများ အဖွဲ့များမှ တဆင့် ရွှေ့ပြောင်းသွားလာခြင်း နှင့် ငွေကြေးစီမံ ခန့်ခွဲမှု အကြောင်း ပညာပေးခဲ့ပါသည်။ စီမံကိန်း၏အကျိုးရလဒ်များအား အရည်အသွေးအရ ဆန်းစစ် အကဲဖြတ် မှုမှ မကွေးတိုင်းဒေသကြီးရှိ နားဆင်သူ အဖွဲ့၏အဖွဲ့ဝင်များသည် ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ အကြံပြုချက်များကို အဓိကအားဖြင့် အသီးသီးအကြံပြုခဲ့ကြောင်းကိုတွေ့ရှိခဲ့ပါသည်။ နားဆင် သူအဖွဲ့များနှင့် ပက်သက်သည့် သတင်းအချက်အလက်များကိုပိုမို သိရှိစေရန် အခန်း ၄.၃- လုံခြုံစိတ်ချရပြီး အကျိုးရှိသည့် ရွှေ့ပြောင်းသွားလာခြင်း ခေါင်းစဉ်တွင် အစီရင်ခံထား ပါသည်။

## အသက်မွေးမှုများ ဖွံ့ဖြိုးတိုးတက်ခြင်း

ActionAid မှ အထောက်အပံ့ပေးထားသည့်ဒေသ တွင်းဖွံ့ဖြိုးရေးအတွက် လူမှုစီးပွားရေး ကွန်ရက် (SEDN) သည် ကျေးလက်ရှိ နွမ်းပါးသည့် မိသားစုများ အထူးသဖြင့် အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများနှင့် ငွေကြေးနှင့် စီးပွား ရေးသတင်းအချက်အလက်များအသုံးပြု၍ ဆုံးဖြတ် နိုင်သည့် ကျွမ်းကျင်မှုများ ပေးအပ်ရန် ရည်ရွယ် ဦးတည် လုပ်ဆောင်ပါသည်။

SEDN သည် မကွေးတိုင်း ဒေသကြီးရှိ ကျေးရွာ ၁၃၄ ရွာမှ အမျိုးသမီး ခေါင်းဆောင်များနှင့် အမျိုးသမီးစွန့်ဦးတီထွင် လုပ်ငန်းရှင် (၂,၅၂၀)ဦးအား ယက္ကန်း၊ စက်ချုပ်လုပ်ငန်း၊ ကြိမ်ထည်ပစ္စည်း ပြုလုပ်ခြင်း၊ လက်ဝတ်ရတနာ ပြုလုပ်ခြင်း အပါအဝင်ငွေကြေးနှင့် စီးပွားရေး သတင်းအချက်အလက်များ အသုံးပြု၍ ဆုံးဖြတ်နိုင်သည့် ကျွမ်းကျင်မှု၊ ကိန်းဂဏန်းများကို နားလည်၍ လုပ်ကိုင်နိုင်သည့် ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများကို လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ စီမံချက်၏ ဒုတိယအဆင့်တွင် အမျိုးသမီးများသည် မြန်မာ့အမျိုးသမီး လက်မှုပစ္စည်း ထုတ်လုပ်သူများအသင်း (Myanmar Women Craft Producer Association, MWCPA) အား ဖွဲ့စည်းခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် တရားဝင် မှတ်ပုံတင်ခဲ့ပါသည်။ MWCPA တွင် ကျေးရွာ ၅ ရွာမှ သက်ဆိုင်ရာ ကျွမ်းကျင်လုပ်ငန်းများအတွက်အခြေခံ သင်တန်းနှင့် အဆင့်မြင့် သင်တန်း ၃ကြိမ်လုံး တက်ရောက်ပြီး ဖြစ်သော အမျိုးသမီး ထုတ်လုပ်သူ ၂၀၉ ဦး ရှိပါသည်။ အဖွဲ့မှ မြန်မာကျပ်ငွေ ၉သန်း ခန့် (အမေရိကန် ဒေါ်လာ ၆,၂၅၀)အား လှူမှုရေး ရန်ပုံငွေအဖြစ် စုဆောင်းခဲ့ပါသည်။ထိုအဖွဲ့မှ ထုတ်လုပ်သည့် အဝတ်အထည်များ၊လက်ဝတ် ရတနာများ၊ အထည်အလိပ်များနှင့် လက်မှုပစ္စည်းများကို “Mboutik”ကုန်အမှတ် တံဆိပ်ဖြင့် ဈေးကွက်တင်ပါသည်။ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှ ခရီးသွားများသွားလေ့ရှိသည့် ထင်ရှားကျော်ကြားသည့် နေရာဖြစ်သော ပုဂံမြို့သစ်တွင် လက်လီ အရောင်း ဆိုင်သစ်ကို ဖွင့်လှစ်ခဲ့ပြီး Mboutik၏ အင်တာနက်ဝက်ဘ်ဆိုက်မှနိုင်ငံတကာသို့ ဈေးကွက် ထိုးဖောက်ခြင်းကို အားကောင်းစေခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် အမျိုးသမီးများ စီးပွားရေးဖြစ် ထုတ်လုပ်ခြင်းမှ အပိုဝင် ငွေ တစ်လ ပျမ်းမျှ ကျပ် (၅,၀၀၀ (အမေရိကန်ဒေါ်လာ ၃၅) ရရှိခဲ့ပါသည်။ စီမံချက် စတင်သည့် အချိန်ကတည်းမှ ActionAid သည် ဤအမျိုးသမီးများ ပိုင်ဆိုင်ပြီး စီမံခန့်ခွဲသည့် စီးပွားရေး လုပ်ငန်းအတွက် အစီအစဉ် ရေးဆွဲခြင်းနှင့် တည်ထောင်ခြင်းတွင် ပုဂ္ဂလိကကဏ္ဍ ခရီးသွားလုပ်ငန်းနှင့် အစိုးရ မိတ်ဖက်များအား ပါဝင်စေခဲ့ပါသည်။စီးပွားရေး လုပ်ငန်း စီမံချက်တွင် ActionAid ထောက်ပံ့ပေးခဲ့ခြင်းမှ စတင်ခဲ့သည့် စီးပွားရေးလုပ်ငန်းအဖြစ်မှ ၂၀၂၁ခုနှစ် တွင် ရေရှည်တည်တံ့သည့် စီးပွားရေး လုပ်ငန်းအဖြစ်ကြီးထွားလာသည့် လွတ်လပ်သည့် အဖွဲ့အစည်းအဖြစ် ဖွံ့ဖြိုး တိုးတက်လာစေရန် အတွက် ဖော်ပြထားပါသည်။ ActionAid မှ စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ရေရှည် ပံ့ပိုးမှုနှင့် လမ်းညွှန်မှုများ ပေးသွားပါသည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အဖွဲ့ (HelpAge International) သည် ရပ်ရွာလူထုမှ လယ်ယာပြင်ပ ဝင်ငွေရရှိအောင် ဖန်တီးသည့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ကူညီပံ့ပိုးပေးရန် မန္တလေး နှင့် မကွေးတိုင်း ဒေသကြီးရှိ ကျေးရွာပေါင်း ၉၀ တွင် ဝင်ငွေရရှိအောင် ဆောင်ရွက်သည့် ရန်ပုံငွေ အတွက် လုပ်ငန်းစတင်သည့် အရင်းအနှီးကိုပံ့ပိုးပေးခဲ့ပါသည်။ ပံ့ပိုးပေးခဲ့သော လုပ်ငန်းများတွင်ဓာတ်မြေသြဇာ၊ ဝါဂွမ်း၊ ဆန်၊ စားသုံးဆီ၊ ပြောင်း၊ စပါး၊ ကြံသကာ၊ မြေပဲ၊ ဝါးနှင့် စက်သုံးဆီလက်လီ ဆိုင်များအပြင် တိရစ္ဆာန်မွေးမြူရေးတွင် ရင်းနှီးမြှုပ်နှံခြင်း (ဆိတ်၊ ဝက်၊ နွားမ (သို့) နွားထီး)၊ငါးမွေး ကန် သွင်းအားစုများ၊ ယက္ကန်းလုပ်ငန်း၊ ဖိနပ်ထုတ် လုပ်ခြင်း၊ ပလပ်စတစ်ခြင်းထုတ်လုပ်ခြင်း၊ အသံချဲ့ စက်များအား အလှူဆင် ခြင်းနှင့် ငှားရမ်းခြင်းနှင့် သယ်ယူပို့ဆောင်ရေးအတွက် ဆိုက်ကားများရယူခြင်းတို့ ပါဝင်ပါသည်။ ထိခိုက်လွယ်သော အိမ်ထောင်စုများအတွက်ကောင်းမွန်သောသက်ရောက်မှုအများဆုံးရှိသည့် ဆန်၊ စားသုံးဆီနှင့် မြေသြဇာ လက်လီရောင်းချခြင်းသည် အရေအတွက် များပြားလာသည့် ဝင်ငွေရသည့် လုပ်ငန်းများဖြစ်ပြီး ကုန်ပစ္စည်းများအားဝယ်ယူ၍မိမိဒေသတွင် ပြန်လည် ရောင်းချပေးခြင်းဖြင့် လူအများ၏ သွားလာစရိတ်များကို သက်သာစေပါသည်။ ရရှိလာသည့် အမြတ်များအား ကျေးရွာများတွင်ရှိ ထိခိုက်လွယ်သောသူများနှင့် အိမ်ထောင်စုများကို ပံ့ပိုးပေးရန်ရည်ရွယ်ထားသည့် ကျေးရွာ လူမှုကာကွယ်စောင့်ရှောက်ရေး ရန်ပုံငွေများသို့ ထည့်ဝင်ပါသည်။

အစားအသောက် ဖူလုံမှုနှင့် အာဟာရ အကျိုးရလဒ်များ ရရှိစေရန် စိုက်ပျိုးရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ယန္တရားများနှင့် အာဟာရဆိုင်ရာ ဆောင်ရွက်ချက်များကို အသုံးပြု၍ ကျေးလက်နေ အိမ်ထောင်စုများ “တောင့်ထား” နိုင်ရန် စီးပွားရေး အခွင့်အလမ်းများမပါဘဲ ထောက်ပံ့ပေးခြင်း

LIFT ၏ ၂၀၁၇ ခုနှစ် အိမ်ထောင်စု စစ်တမ်းအရ၊ အပူပိုင်းဇုန်သည် လွန်ခဲ့သည့်နှစ်တွင် အိမ်ထောင်စုများ၏ ၉၁% ရာခိုင်နှုန်းမှ လုံလောက်သည့် ထောက်ပံ့မှုကို ရရှိပြီး ဒေသများအားလုံးတွင် ၁၂လအတွက် လုံလောက်သည့် စားနပ်ရိက္ခာ ရရှိရာတွင် အမြင့်ဆုံးအဆင့် ရရှိခဲ့ပါသည်။ စစ်တမ်းမှလည်း အပူပိုင်းဇုန်ရှိ အမျိုးသမီးများသည် အခြား LIFT မှ ပံ့ပိုးပေးနေသည့် ဒေသများထက် ရိက္ခာအမျိုးအမည်စုံလင်စွာ စားသုံးမှုတွင်ရည်မှန်းထားသည့် အနိမ့်ဆုံးအဆင့်ကို ရရှိခဲ့သည်။ ၎င်းအနေအထားအရ အပူပိုင်းဇုန်ရှိ အမျိုးသမီးများ၏ ထက်ဝက်နီးပါးခန့်မှာရိက္ခာအမျိုး အမည်စုံလင်စွာ စားသုံးမှု ရှိပြီး အခြားတောင်တန်းဒေသ၌ ၃၂ ရာခိုင်နှုန်းနှင့် မြစ်ဝကျွန်းပေါ်နှင့် ရခိုင်တွင် ၃၀ ရာခိုင်နှုန်းသာ ရှိပါ သည်။ LIFT ၏ အိမ်ထောင်စုစစ်တမ်း မှ ၂၀၁၅ ခုနှစ် နှင့် ၂၀၁၇ ခုနှစ်ကြား ပုညက်မှုနှုန်း နှင့် ပတ်သက်၍ စာရင်းအင်းအရ ထင်ရှားသည့် ပြောင်းလဲမှု မတွေ့ရသော်လည်း အပူပိုင်းဇုန်ရှိ ပုညက်မှု နှုန်း (၂၅ ရာခိုင်နှုန်း) မှာ ပြည်နယ်/ တိုင်းများ အဆင့်တွင် အနိမ့်ဆုံး ဖြစ်ပါသည်။ အပူပိုင်းဇုန်တွင် မိခင်နို့ရည် တမျိုးတည်းသာ တိုက်ကျွေးသော တိုးတက်လာသည့် ကလေးအချိုးမှာ ၂၀၁၅ ခုနှစ်တွင် ၆၄ ရာခိုင်နှုန်းရှိရာမှ ၂၀၁၇ ခုနှစ်တွင် ၇၆ ရာခိုင်နှုန်း ဖြစ်ပါသည်။

လွန်ခဲ့သည့် လေးနှစ်အတွင်းတွင် LIFT သည်အပူပိုင်းဇုန်တွင် ကိုယ်ဝန်ဆောင်မိခင်များ နှင့် ၎င်းတို့မှမွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအားငွေကြေးအထောက် အပံ့ပေးခြင်း (MCCT)နှင့် ကောင်းမွန်သည့် အာဟာရဆိုင်ရာ အမူအကျင့်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များအား အမူအကျင့် ပြောင်းလဲရေး သတင်းစကားပြောကြားမှုများ(SBCC) တို့ဆောင်ရွက်ရန် အာဟာရ ဖွံ့ဖြိုးရေး စီမံချက်များ အတွက်ရန်ပုံငွေ ထောက်ပံ့နေပါသည်။ အာဟာရဆိုင်ရာ အကျိုးရလဒ်များအတွက် ငွေလွှဲပေးပို့မှုနှင့် SBCC လုပ်ငန်းများအပေါ် သက်ရောက်မှုအားစမ်းသပ်ရန်

ငွေသား နှင့် (SBCC)ပေးပို့မှုများအား ပူးတွဲ၍သော်လည်းကောင်း ၊ တစ်ခုချင်း သီးခြားစီသော်လည်းကောင်း ချဉ်းကပ်နည်းလမ်း အမျိုးမျိုးကို အသုံးပြုခဲ့ပါသည်။

## Save the Children

Save the Children သည် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားဆရာမအသင်း (Myanmar Nurse and Midwife Association, MNMA) နှင့် Pact Global Microfinance Fund (PGMF) တို့နှင့်ပူးပေါင်း၍ LEGACY စီမံချက်အား အကောင်အထည်ဖော်ပါသည်။ ဤစီမံချက်သည် အကျိုးခံစားခွင့်ရှိသူ ၁၁,၅၈၈ဦး ပါဝင်သည့် ပထမအဆင့် အာဟာရဆိုင်ရာ စီမံချက်ဖြစ်ပါသည်။ အကျိုးခံစားခွင့်ရှိသူ ၈၉ ရာခိုင်နှုန်းသည် ငွေကြေးထောက်ပံ့မှု နှင့် အမူအကျင့်ပြောင်းလဲရေး သတင်းစကား ပြောကြားမှုများ (SBCC) တို့ကို ရရှိပြီး ၁၁ ရာခိုင်နှုန်းသည် ထောက်ပံ့ငွေ တမျိုး တည်းကိုသာ ရရှိပါသည်။ ထောက်ပံ့ငွေလက်ခံရရှိသည့် အမျိုးသမီးများသာကိုယ်ဝန်ဆောင်စောင့်ရှောက်မှု မှတ်တမ်းကဒ်ပြားများ ပေါ်တွင် ပုံနှိပ်ထားသည့် အာဟာရဆိုင်ရာ ရိုးရှင်းသောသတင်းစကားကိုသာမြင်တွေ့ရပါသည်။ စီမံချက်သည် ငွေကြေး ထောက်ပံ့မှုများနှင့် SBCC ပေါင်းစပ်ထားမှုမှအကျိုးခံစား ခွင့်ရှိသူများ အပေါ် သက်ရောက်မှုနှင့်ထောက်ပံ့ငွေသာ လက်ခံရရှိသည့် အကျိုးခံစားခွင့် ရှိသူများ အပေါ် အာဟာရဆိုင်ရာ သက်ရောက်မှုကို နှိုင်းယှဉ်အကဲဖြတ်သည့် ကျပန်း ထိန်းချုပ် သည့် စမ်းသပ်မှု Randomised Control Trial (RTC) အား အကောင်အထည်ဖော်ရန် Innovation for Poverty Action (IPA) နှင့်လည်း မိတ်ဖက်ပြု ဆောင်ရွက်ပါသည်။ RCT စီမံကိန်းအပြီးသတ်ရလဒ်များအား ၂၀၁၉ ခုနှစ်တွင် ရရှိနိုင်မည် ဖြစ်ပါ သည်။

LEGACY စီမံချက်သည် ထောက်ပံ့ငွေ ရရှိသည့်မိခင်များထံ အာဟာရဖွံ့ဖြိုးရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အမူအကျင့် ပြောင်းလဲရေး သတင်းစကားပြောကြားမှုများ(SBCC) ၊ မိခင်အချင်းချင်း ရိုင်းပင်းကူညီရေးအုပ်စုများ၊ အချက် အပြုတ် သရုပ်ပြမှုများ၊တဦးချင်းနှင့်တိုင်ပင် ဆွေးနွေးခြင်းနှင့် အိမ်များသို့ အရောက်သွားခြင်းများမှ တဆင့်ပေးပို့သည့် နည်းလမ်းမျိုးစုံကို စမ်းသပ် ခဲ့ပါ သည်။ ဘဝ အစရက်ပေါင်း ၁,၀၀၀ကာလအတွင်း မိခင်များ နှင့် ကလေးများအတွက် မည်သည့် ချဉ်းကပ်နည်းလမ်းသည် အာဟာရဆိုင်ရာရလဒ်များ အပေါ်သက်ရောက်မှု အရှိဆုံးဆိုသည်နှင့်သက်ဆိုင်သော အထောက်အထား အခြေခံအတွက် ထည့်ဝင်နိုင်ရန် ချဉ်းကပ်နည်းအမျိုးမျိုး၏ သက်ရောက်မှုကို စောင့်ကြည့် စစ်ဆေးပြီး ဆန်းစစ်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် SAVE THE CHILDREN သည် စီမံကိန်း ကာလလယ် ပြန်လည် သုံးသပ်ခြင်း၏ အကြံပြုချက်များအပေါ် အခြေခံ၍ လူမှုရေးနှင့်အပြုအမူ ပြောင်းလဲခြင်းဆိုင်ရာ သတင်းစကားများ ပေးပို့ခြင်း (SBCC) လုပ်ငန်းများကို ပြုပြင် မွမ်းမံခဲ့ပါသည်။ [၂၀] အကျိုးခံစားခွင့်ရှိသူ အများစုအား အထူးသဖြင့်ခြောက် လ ထက်ကြီးသည့် ကလေးများအား ဖြည့်စွက်အစား အစာများ ကျွေးခြင်း အတွက် တဦးချင်းစီနှင့်တိုင်ပင် ဆွေးနွေးခြင်းကို ဦးတည်ရည်ရွယ်၍ ဆောင်ရွက်ပါ သည်။ ကွင်းဆင်းစောင့်ကြည့် စစ်ဆေးသည့် ခရီးစဉ်များ၊ ကာလလယ် RCT စစ်တမ်း၊ ခွဲဝေပေးပြီး နောက်ပိုင်း စောင့်ကြည့်စစ်ဆေးခြင်းနှင့် စီမံချက်ပြန် လည် သုံးသပ်ခြင်းများမှ ၂၀၁၈ ခုနှစ်တွင် မိခင်များ၏ အာဟာရဆိုင်ရာ ကောင်းမွန်သည့် အမူအကျင့်များနှင့် ပတ်သက်သည့် ဗဟုသုတများ ကောင်းမွန်သည့် တိုးတက်မှုများ ရှိကြောင်း ပြသခဲ့ပါသည်။

- ၉၆ ရာခိုင်နှုန်းသော မိခင်များသည် မည်သည့်အချိန် မှစ၍ မိခင်နို့ရည် စတင် တိုက်ကျွေးရမည်ကို သိပါသည်။ (၇၀ ရာခိုင်နှုန်းမှစ၍ တိုးတက်လာသည်)
- ၈၀ ရာခိုင်နှုန်းသော မိခင်များသည် ကလေးများအား (၂)နှစ်အထိ မိခင်နို့ရည် တိုက်ကျွေးခြင်း၏ အရေးပါပုံကို သိရှိပါသည်။ (၂၉ ရာခိုင်နှုန်းမှစ၍ တိုးတက် လာသည်)
- ၅၀ ရာခိုင်နှုန်းသော မိခင်များသည် လုံလောက်သည့် အစားအသောက်ပမာဏကို အသက် ၆လမှ ၂၃လ အထိ ကျွေးရမည်ကို သိရှိပါသည်။ (၄၀ ရာခိုင်နှုန်းမှစ၍ တိုးတက်လာသည်)
- ၄၄ ရာခိုင်နှုန်းသော မိခင်များသည် ကောင်းမွန်သည့် အာဟာရရရှိရန်အတွက် အသက် ၆လမှ ၂၃လထိ ကလေးများအား မည်သည့် အကြိမ်ရေ ကျွေးရမည်ကို သိရှိပါသည်။ (၃၀ ရာခိုင်နှုန်းမှစ၍ တိုးတက်လာသည်)
- ၇၃ ရာခိုင်နှုန်းသော အမျိုးသမီးများသည် ကောင်းမွန်သည့် အာဟာရ ရရှိရန်အတွက် ၎င်းတို့၏ ကလေးများအား အစားအသောက် အမျိုးမျိုးကျွေးရမည်ကို သိရှိပါသည်။ (၆၀ ရာခိုင်နှုန်းမှစ၍ တိုးတက်လာသည်)
- အနည်းဆုံး စားသောက်ရမည့် အစားအသောက် အမျိုးမျိုး စားသုံးသည့် အမျိုးသမီး အချိုးမှာ ( SBCC နှင့် ထောက်ပံ့ငွေ လက်ခံရရှိသည့်အမျိုးသမီးများ) ၆၂ ရာခိုင်နှုန်းထိ တိုးတက်ခဲ့ပြီး (ငွေသားသာ ရရှိပြီး SBCC မရရှိသည့် အမျိုးသမီး များ) ၅၅ ရာခိုင်နှုန်းထိ တိုးတက်ခဲ့ကာ (ငွေနှင့် SBCC မရရှိသော ထိန်းချုပ်ထားသည့် အုပ်စုမှ အမျိုးသမီးများ) ၄၃ ရာခိုင်နှုန်းထိ တိုးတက်ခဲ့ပါသည်။

## မြန်မာနိုင်ငံလူမှုရေး ပညာရှင်များအသင်း (MPSWA)

မြန်မာနိုင်ငံ လူမှုရေးပညာရှင်များအသင်းမှ အကောင်အထည်ဖော်ခဲ့သည့် အပူပိုင်းဇုန်၏ နောက်ထပ် အာဟာရဆိုင်ရာစီမံချက် သည် Save the Children ၏ကျယ်ပြန့်စွာ လုပ်ကိုင်သည့် အာဟာရဆိုင်ရာ လုပ်ဆောင်မှုများမှ မလွှမ်းခြုံနိုင်သည့် မန္တလေးတိုင်း ဒေသကြီးရှိ ၃ မြို့နယ်တွင် အာဟာရဆိုင်ရာ SBCC များ ပေးပို့ပါသည်။ သူတို့၏ အကျိုးခံစားခွင့် ရှိသူများမှာ ထောက်ပံ့ငွေ မရရှိကြပါ။ မြန်မာနိုင်ငံ လူမှုရေးပညာရှင်အသင်းသည် (MPSWA) ဘဝအစ ရက်ပေါင်း ၁,၀၀၀ ကာလနှင့် အမျိုးသမီး များ၏ ခင်ပွန်းများနှင့် ဆွေမျိုးများထဲမှ အခြား အမျိုးသားအား SBCC လုပ်ငန်းများအားလုံးတွင် ပါဝင်ခြင်း တို့ကို ဦးတည် ရည်မှန်းချက်ထား၍ ဆောင်ရွက်ပါသည်။ ထူးခြားသည့် အားထုတ်မှုအနေဖြင့် မိခင်များ၊ အဖွားများ၊ ယောက္ခမများအား သူတို့၏ ကလေးများ အား ကျန်းမာသော ကလေးများအနေဖြင့် ပြုစုပျိုး ထောင်ရန် သိမ်းသွင်းစည်းရုံးမှု ပြုလုပ်ပါသည်။ ဦးတည်ရည်မှန်း ထားသည့် ကျေးရွာများတွင် အမျိုး သားများနှင့် သက်ကြီးရွယ်အိုများ၏ အာဟာရဆိုင်ရာကောင်းမွန်သည့် အမူအကျင့်ကောင်းများ နှင့်အာဟာရဆိုင်ရာ ဗဟုသုတများအား နားလည် သဘောပေါက်မှုမှာ အလွန်မြင့်မားပါသည်။

၂၀။ စီမံကိန်း ကာလလယ် ပြန်လည်သုံးသပ်မှု (MTR) မှ မိခင်များ အနေဖြင့် မိသားစု နှင့် ရင်ဆိုင်ရာသည့် ပြဿနာများ အား ဖော်ထုတ်ဖြေရှင်းရန်၊ မိခင်အချင်းချင်းရိုင်းပင်း ကူညီခြင်း အုပ်စုများတွင် အချက်အပြုတ် သရုပ်ပြ ဟောပြောပွဲများ မိတ်ဆက်ရန်၊ ဖြည့်စွက် အာဟာရ ကျွေးခြင်း အလေ့အထများ ပိုမိုကောင်းမွန်စေရန် နှင့် အမျိုးသမီးများ ကိုယ်ဝန် ဆောင်ချိန် တွင် ကိုယ်အလေးချိန် စောင့်ကြည့်ခြင်း ဆိုင်ရာ အသိပညာပေး မြှင့်တင်ရန် SBCC ဆွေးနွေးအသိပေးခြင်း သတင်းစကားများ အား ပိုမိုတိကျစေရန် နှင့် စေတနာ့ဝန်ထမ်းများအား အထောက်အကူဖြစ်စေရန် အတွက် သင့်လျော်အောင် ပြုလုပ်ရန် အကြံပြုခဲ့ပါသည်။

ရုပ်သေးပြပွဲရုံ ကဲ့သို့သော အစဉ်အလာအတိုင်း မဟုတ်သည့် တိုးချဲ့ချဉ်းကပ် နည်းလမ်းများကို အသုံးပြု၍ စီမံချက်သည် အချက် အပြုတ် သရုပ်ပြပွဲများနှင့် အစားအသောက်၊တစ်ကိုယ် ရည်သန့်ရှင်းရေးနှင့် အာဟာရဖွံ့ဖြိုးမှု တို့နှင့် ပတ်သက်သည့် အုပ်စုငယ် ဆွေးနွေးပွဲများသို့ တက်ရောက်သည့် ကျောင်းသားများနှင့် မူကြိုကလေးငယ်များအား ပိုမို ကောင်းမွန်သည့် အာဟာရ အကြောင်းကို ထောက်ခံ ပေးပါသည်။ ရပ်ရွာလူထုအခြေပြု အာဟာရဖွံ့ဖြိုးရေး အုပ်စုများ (Community Based Nutrition Promotion Group -CBNPG) သည် စီမံချက်၏ ကျောရိုး ဖြစ်ပါသည်။

လေ့ကျင့် သင်ကြားပေးထားသည့် လုပ်အားပေးများသည် အကျိုးခံစားခွင့်ရှိသူများ၏ အိမ်များသို့သွား ရောက်ပြီး၊ ကိုယ်ဝန်ဆောင် နှင့် မိခင်နို့တိုက်ကျွေးနေ သည့် မိခင်များအား လုံလောက်သည့် အာဟာရရရှိသည့် အစားအစာများ စားသောက်ရန်၊ အသက် ခြောက်လအောက် ကလေးငယ်များအား မိခင်နို့သက်သက်သာ တိုက်ကျွေးမှု ပြုလုပ်ရန်၊ ပြည့်စုံမျှတသည့် ဖြည့်စွက် အာဟာရအား သူတို့၏ ၂နှစ်အောက် ကလေးများအား ကျွေးမွေးရန် ကြီးထွားမှုကို စောင့်ကြည့်ရန်အတွက် ကိုယ်အလေးချိန် ပုံမှန်ချိန်ရန် တို့ကို တိုက်တွန်း အားပေးပါသည်။ မှတ်သားထားသည်မှ အာဟာရ မပြည့်ဝဟု ဖော်ပြနေလျှင် (ကိုယ်အလေးချိန် မှတ်တမ်းစာရွက်တွင် အဝါရောင်နှင့် အနီရောင်ဇုန်အတွင်း) လုပ်အား ပေးသူမှ မိခင်ဖြစ်သူအား ကလေး၏ အခြေအနေကို ရှင်းလင်းပြောဆိုပြီး သူတို့အား ပိုမိုကောင်းမွန်သည့် ကျွေးမွေးမှု အလေ့အကျင့်များအား ညွှန်ကြားပေးပါသည်။ ဤလုပ်အားပေးများသည် သေချာစွာ လေ့ကျင့် သင်ကြားပေးထားသူများ ဖြစ်ပြီး၊ အခြေခံ ကျန်းမာရေး ဝန်ထမ်းများနှင့် ကောင်းမွန်စွာ ချိတ်ဆက် ဆောင်ရွက်နေပါသည်။ အချို့မှာလည်း အသေးစား အာဟာရဖွံ့ဖြိုးရေး အစီအစဉ်များကို အကောင် အထည်ဖော်ပါသည်။ သူတို့ ဆောင်ရွက်ချက်များ၏ သက်ရောက်မှုမှာ သိသာထင်ရှားပြီး စီမံချက် ပြီးဆုံး သွားပြီးနောက် CBNPG များမှ ဆက်လက် လုပ်ဆောင် သွားလိမ့်မည် ဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် CBNPG များမှ အာဟာရဆိုင်ရာ အသိပညာပေး သင်တန်းများ၊ ၁,၃၀၀ ကြိမ် ဝန်းကျင်ပို့ချ ခဲ့ပြီး လူဦးရေ ၅၀,၀၀၀ ထံ ရောက်ရှိခဲ့ပါသည်။ CBNPG များမှ အချက်အပြုတ် သရုပ်ပြပွဲများ ၅,၀၀၀ နီးပါး ကျင်းပခဲ့ရာ တက်ရောက်သူ ၁၂,၀၀၀ ကျော်ရှိပါသည်။ အိမ်တွင်း ပန်းဥယျာဉ်သင်တန်းမှ အိမ်ထောင်စုပေါင်း ၄,၀၀၀ ကျော်ထံ ရောက်ရှိပြီး၊ ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင် ၆,၃၅၄ ယောက်နှင့် အဖွဲ့လိုက် အာဟာရ ဆိုင်ရာ ဆွေးနွေးမှုပေါင်း ၈၀၀ ကျော် ပြုလုပ်ခဲ့ပါသည်။ ရလဒ်အနေဖြင့် အိမ် ထောင်စု ၁၅,၅၂၅ မှ အာဟာရ အလေးပေးသည့် သတင်းအချက်အလက်များရရှိခဲ့ပြီး အိမ်ထောင်စု ၉,၃၆၃ စုမှ ကောင်းမွန်သည့် အာဟာရ ဆိုင်ရာ အမူအကျင့်များနှင့် ကောင်းမွန်သည့် သန့်ရှင်း သော အစားအသောက်များကို လုပ်ဆောင်ကြောင်း ပြသနေပါသည်။ စီမံချက်ဒေသတွင်းရှိ မွေးကင်းစ ကလေးငယ် ၅၀၀ နီးပါး (၀ မှ ၆လ) များအား မိခင်နို့ရည် တစ်မျိုးတည်းသာ တိုက်ကျွေးခဲ့ပါသည်။ MPSWA စီမံချက်မှ သူတို့၏ လုပ်ဆောင်ချက်များနှင့် အာဟာရ ဆိုင်ရာ သတင်းစကားများကို ပိုမိုကျယ်ပြန့် သည့်ပရိသတ် များ သိရှိစေရန် Facebook စာမျက်နှာတခု တည်ထောင်ပြီး CBNPG များ၏ အာဟာရနှင့် သက်ဆိုင်သည့် သတင်းအချက်များနှင့် သူတို့၏ ရပ်ရွာ လူထုထံ ရောက်ရှိပြီး ဆောင်ရွက်ခဲ့သည်များကို တင်ပြ ထား ပါသည်။

ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး

၂၀၁၈ ခုနှစ်တွင် UN Habitat ၏ စီမံချက်မှ အပူပိုင်းဇုန် (၆)မြို့နယ်ရှိ ကျေးရွာ ၂၁၂ ရွာတွင် ၎င်းတို့၏ ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တကိုယ်ရေသန့်ရှင်းရေး (WASH) လုပ်ငန်း ဆောင်ရွက်ချက်များကို အဆုံးသပ်ခဲ့ ပါသည်။ စီမံကိန်း၏ ရလဒ်အနေဖြင့် လူဦးရေ ၁၆၀,၀၀၀ သည် လုံခြုံစိတ်ချရသည့် သောက်သုံးရေအား လက်လှမ်း မီ ရရှိခဲ့ပါသည်။ ကျေးရွာ ၁၇၇ ရွာမှ လူဦးရေ ၁၃၀,၀၀၀ ဝန်းကျင်သည် သူတို့၏ အိမ်များသို့ ရေပိုက်များ သွယ် တန်းခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း စီမံချက်မှ ကျေးရွာ ၈၅ ရွာတွင် ရေနှင့်သက်ဆိုင်သည့် အခြေခံ အဆောက်အဦများ တည်ဆောက်ပြီးစီးခဲ့ပါသည်။

တကိုယ်ရေ သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး အသွင်ပြောင်းလဲခြင်းတွင် အားလုံးပါဝင်လာမှုအား အကောင် အထည် ဖော်ရာတွင် ပံ့ပိုးပေးရန်နှင့် သူတို့၏ သက်ဆိုင်ရာ ကျေးရွာများ၏ တိုးတက်မှုကိုစောင့်ကြည့် စစ်ဆေးရန်အတွက် တကိုယ်ရေသန့်ရှင်းရေးမြှင့်တင် မည့် လုပ်အားပေး ၂,၄၁၂ ဦးအား ရွေးချယ်ခဲ့ပြီး လေ့ကျင့်ပေးခဲ့ပါသည်။ ၎င်းတို့၏ မူလအလုပ်မှာ အိမ်သာတည်ဆောက်ခြင်းနှင့် တကိုယ်ရေ သန့်ရှင်းရေး ဆိုင်ရာ အမူအကျင့်များအား အားပေးတိုက်တွန်းရန် ဖြစ်ပါသည်။ လုပ်အားပေး အများစု မှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ဖြစ်ပြီး သူတို့ ကျေးရွာ၏ လူနေမှု အဆင့်အတန်း မြှင့်တင်ခြင်းနှင့် ကလေးများအတွက် ကျန်းမာသန် စွမ်းသည့် ပတ်ဝန်းကျင် ဖန်တီးပေးခြင်းတို့ကို လုပ်ဆောင်ရန် ကတိပြုခဲ့ကြပါသည်။ စီမံချက်သည်မြေပြင် တွင် အညစ်အကြေး စွန့်ခြင်း လုံးဝမရှိရန်၊ မြေပြင်တွင် အညစ်အကြေး စွန့်ခြင်း၏ မကောင်းသော အကျိုး ဆက်များကို ပညာပေးခြင်းဖြင့် လှုံ့ဆော်ခဲ့ ပါသည်။ ၂၀၁၈ ခုနှစ်တွင် မြေပြင်တွင် အညစ် အကြေး စွန့်ခြင်း လုံးဝမရှိစေရေးအတွက် ရပ်ရွာ လူထုအခမ်းအနား (၆၇၀ ) ခုကို ဆောင်ရွက်ခဲ့ပါသည်။ တက်ရောက်ခဲ့သူများ၏ သုံးပုံတပုံမှာ အစားအသောက် ပြင်ဆင် ချက်ပြုတ်ခြင်း၊ ကလေးများအား ထိန်းကျောင်းခြင်းနှင့် ၎င်းတို့၏ တကိုယ် ရေ သန့်ရှင်းရေးအတွက် တာဝန်ယူနေသည့် အမျိုးသမီး များ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်တွင် ကျေးရွာ ၇၁ ရွာတွင် စီမံကိန်းမှ တစိတ်တပိုင်း ပံ့ပိုးပေးသည့် အိမ်သာ (၆၆၁)လုံး အပါအဝင် ယင်လုံ အိမ်သာများ တည်ဆောက်ခဲ့ပြီး ဖြစ်ပါသည်။ စီမံချက်ကျေးရွာ ၂၂၂ ရွာတွင် ၉၆ ရာခိုင်နှုန်းမှာ အိမ်သာများ အသုံးပြုနိုင်ခဲ့ပြီး၊ ကျေးရွာ ၁၉၅ ရွာမှ တောထိုင်ဓလေ့ဖြင့် အညစ်အကြေးစွန့်သူ လုံးဝမရှိတော့ပါဟု အသိပေးခဲ့ပါသည်။ စီမံချက် မစတင်မီ အချိန်၌ တောထိုင်ဓလေ့ဖြင့် အညစ်အကြေး စွန့်သူ အရေအတွက်မှာ ၅၄,၇၄၅ ဦး (စီမံချက် လူဦးရေ စုစုပေါင်း၏ ၃၂ ရာခိုင်နှုန်း) ရှိခဲ့ပြီး၊ စီမံချက် ပြီးဆုံးချိန်တွင် ၆,၆၀၇ ဦး ထိ လျော့ကျခဲ့ပါသည်။

စီမံချက်၏ အချက်အလက်များကို ဆန်းစစ်ခြင်းမှ အိမ်သုံးရေနှင့် သောက်သုံးရေ အသုံးပြုသည့် ပမာဏမှာ တရက် ၈.၅ ဂါလံ အသုံးပြုနေရာမှ တနေ့ ဂါလံ ၂၀ ထိ တိုးတက် အသုံးပြုခဲ့သည်ဟု ပြသနေပါသည်။ ရေရယူရန် လုပ်အား အသုံးပြုမှုမှာ လျော့ကျ ခဲ့ပါသည်။ စီမံချက် မစတင်မီက ၆၂ ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် ရေရယူရန် ရေရှိသည့် နေရာသို့ တစ်နေ့ နှစ်ကြိမ် လမ်းလျှောက်သွားခဲ့ရပြီး စီမံကိန်း ပြီးဆုံးချိန်၌ ၅ ရာခိုင်နှုန်းသော အိမ်ထောင်စုများမှာ ထိုကဲ့သို့ ဆက်လက် လုပ်ဆောင်နေပါသည်။ လွန်ခဲ့သည့် ၃ လတွင် ရေ လုံလောက်မှု မရှိသည့် အိမ် ထောင်စု ရာခိုင်နှုန်းအား ၄၉ ရာခိုင်နှုန်းမှ ၂ ရာခိုင် နှုန်းသို့ လျော့ချခဲ့ပါသည်။

အပူပိုင်းဇုန်တွင် ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ရေပေးဝေသည့် စနစ် တိုးတက်လာမှု၏ သက် ရောက်မှုများ၏ သက်သေ အထောက် အထားကို LIFT ၏ ၂၀၁၇ ခု အိမ်ထောင်စု စစ်တမ်းမှ တွေ့ရှိခဲ့ပါသည်။ အပူပိုင်းဇုန်တွင် စစ်တမ်း ကောက်ယူခဲ့သည့် အိမ်ထောင်စု အများစုမှ ရေ တွင်းသစ်များနှင့် ရေပိုက်သွယ်တန်းခြင်း စတင် လုပ်ဆောင်သည့် အချိန်မှစ၍ ၎င်းတို့၏ ကျေးရွာများ တွင် ရေလုံလောက်စွာ ဖြန့်ဝေပေးနိုင်သည်ဟု အသိပေး ခဲ့ပါသည်။ LIFT မှ ပံ့ပိုးပေးခဲ့သော အခြား ဒေသများ၏ ကာကွယ် စောင့်ရှောက်ထားသည့် ရေအရင်းအမြစ်အား လက်လှမ်းမီသည့် အိမ်ထောင်စု ၇၆ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ် လျှင် ၈၃ ရာခိုင်နှုန်း ရှိပါသည်။ အပူပိုင်းဇုန်ရှိ LIFT မှ ပံ့ပိုးပေးနေသည့် ကျေးရွာများရှိ အိမ်ထောင်စုများ၏ ၈၉ ရာခိုင်နှုန်းမှာ ယခုအခါတွင် တိုးတက်လာသည့် ပတ်ဝန်းကျင် သန့်ရှင်းရေး အသုံးအဆောင်များအား အသုံးပြုနေကြပါသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေးရန်ပုံငွေများ

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အဖွဲ့ (Help Age International) စီမံချက် ကျေးရွာ အားလုံးသည် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ များနှင့် / သို့ လူမှုကာကွယ် စောင့်ရှောက်ရေး ကော်မတီများမှ စီမံခန့်ခွဲသော လူမှုကာကွယ် စောင့်ရှောက်ရေး ရန်ပုံငွေများ တည်ထောင်ရန် ကနဦးပေးငွေမြန်မာ ကျပ် ၃ သန်း (အမေရိကန် ဒေါ်လာ ၂,၁၀၀) လက်ခံရရှိပါသည်။ကော်မတီ များမှ ရပ်ရွာလူထုထံ အတိုးနည်းချေးငွေများ ခွဲဝေပေးပါ သည်။ ၂၀၁၈ ခုနှစ်တွင် အိမ်ထောင်စု ၁၇,၀၀၀ ကျော်သည် ရန်ပုံငွေများမှ ချေးငွေများ ရယူခဲ့ပြီး ထိုအိမ်ထောင်စုများမှ အိမ်ထောင်စု ၈,၀၀၀ နီးပါးသည် ဤချေးယူမှုအား ပထမဆုံး အကြိမ် ချေးယူခဲ့ပါသည်။ ချေးငွေ ရယူနိုင်သည့် သင့်တော်မှုကို ကော်မတီများမှ ချမ်းသာကြွယ်ဝမှုနှင့် ထိခိုက်လွယ်မှု ညွှန်းကိန်းများပေါ်တွင် အခြေခံပါသည်။ ထိခိုက်လွယ်သည့် အိမ်ထောင်စုများမှ ချေးငွေအား သူတို့၏ ကုန်စုံဆိုင်များတွင် ကုန်ပစ္စည်း ဖြည့် ဆည်းခြင်း၊ မွေးမြူရန် တိရိစ္ဆာန် ဝယ်ယူခြင်း၊ လယ်ယာသွင်းအားစုများ ဝယ်ယူခြင်း၊ အိမ်ခြံ ဥယျာဉ်စိုက်ပျိုးခြင်း၊ ယက္ကန်းလုပ်ငန်း တည်ထောင်ခြင်း၊ အမွေးတိုင် ပြုလုပ်သည့် စီးပွားရေး လုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံပါသည်။ အတိုးရရှိငွေ၏ ထက်ဝက်အား လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ် လုပ်ငန်းများတွင် ရန်ပုံငွေ ထောက်ပံ့ရန်အသုံးပြုခဲ့ပါ သည်။ ပြန်လည် ပေးဆပ်မှုများ မြင့်မားခြင်း၏ ရလဒ်အနေဖြင့် လူမှုကာကွယ် စောင့်ရှောက်ရေး ကော်မတီများသည် ကျန်နေသည့် အတိုးရရှိငွေ၏ ထက်ဝက်အား ထိခိုက်လွယ်သည့် အိမ်ထောင်စု များအတွက် အာဟာရ ဆိုင်ရာ ပံ့ပိုးမှု၊ အဝတ်အထည်များ၊ စောင်များနှင့် အခြား အခြေခံ လိုအပ်ချက်များ ပေးအပ်ရန် အသုံးပြု နိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ဤ လူမှုကာကွယ် စောင့် ရှောက်ရေး လုပ်ငန်းများမှ လူဦးရေ ၄၂,၀၀၀ ကျော်သည် အကျိုးကျေးဇူးများ ရရှိ ခဲ့ပါသည်။

အိမ်ထောင်စုများ အရေးပေါ် လိုအပ်နေသည့် အချိန် တွင် ပံ့ပိုးပေးရန် မြန်မာကျပ်ငွေ ၂၀၀,၀၀၀ မှ ၃၀၀,၀၀၀ (ကန်ဒေါ်လာ ၁၃၉ မှ ၂၁၀) အကြားအား အတိုးမဲ့ ချေးငွေအနေဖြင့် ပေးအပ်ခဲ့ပါသည်။ ဤချေးငွေအများ စုအား ထိခိုက်လွယ်သည့် အိမ်ထောင်စုများ၏အရေးပေါ် ကျန်းမာရေးအတွက် ဆေးကုသမှုခံယူရန် အသုံးပြုခဲ့ကြ ပါသည်။ သို့မဟုတ်ပါက ဆေးကုသမှု ခံယူနိုင်မည် မဟုတ် ပါ။ ၂၀၁၈ခုနှစ်တွင် အိမ်ထောင်စု ၁,၂၀၀ ဝန်းကျင်သည် အရေးပေါ် ရန်ပုံငွေအား ဆေးကု သစရိတ်အတွက် အသုံး ပြုခဲ့ပါသည်။

လူမှုကာကွယ် စောင့်ရှောက်ရေး ကော်မတီများသည် စီမံချက်ဝန်ထမ်းများနှင့်အတူ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအား ကူညီပံ့ပိုးပေးရန်အတွက် ရပ်ရွာ လူထုလုပ်အားပေးများအား မိသားစုနှင့်ကျန်းမာရေး ကာကွယ် စောင့်ရှောက်မှုသင်တန်းများအား စီစဉ်ဆောင် ရွက်ခဲ့ပါသည်။ စေတနာ့ဝန်ထမ်း လုပ်အားပေးများ မှ သက်ကြီးရွယ်အို နှင့် မသန်စွမ်းသူ ၆,၀၀၀ နီးပါး အတွက် လူမှုရေး စောင့်ရှောက်မှုများ ပြုလုပ်ပေး ခဲ့ပါသည်။ စီမံ ချက်မှ ကျေးရွာများတွင် ကျွမ်းကျင်သည့် ကျန်းမာရေး စောင့်ရှောက်မှုများ ပံ့ပိုးပေးရန် မြို့နယ်ဆရာဝန်များ နှင့် ချိတ်ဆက်မှုများ ပြုလုပ်ခဲ့ပြီး သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူ ၅,၀၀၀ နီးပါး တို့သည် ကျွမ်းကျင်သည့် ကျန်းမာရေးဝန်ထမ်းများ၏ စောင့်ရှောက်မှုများ ရရှိခဲ့ပါ သည်။ အဆိုပါ ဝန်ဆောင်မှု များမှ ရုပ်ပိုင်းဆိုင်ရာ ကူညီစောင့်ရှောက်မှု များ အပြင် စိတ်ပိုင်း ဆိုင်ရာ အကူအညီများ ပေးခဲ့ပါသည်။ ဝန်ဆောင်မှု လက်ခံရယူ သူများ မှ တကိုယ်ရေ သန့်ရှင်းမှု၊ မိမိကိုယ်ကို ယုံကြည်မှု ပိုမိုကောင်းမွန်လာခြင်း၊ စိတ်ကျရောဂါ ခံစားရမှု လျော့ကျလာခြင်း တို့ကြောင့် ဂုဏ်သိက္ခာ ပိုမိုတက် လာသည်ဟု ခံစားရပြီး အနာဂတ် အတွက် မျှော်လင့်ချက် ပိုရှိသည်ဟု ခံစားရကြောင်း အစီရင်ခံခဲ့ပါသည်။

## လူမှုရေးပင်စင်များ

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေး အဖွဲ့ (HelpAge) မှ အကောင်အထည်ဖော်ခဲ့သည့် စီမံချက်သည် အသက် ၈၅ နှစ်မှ ၉၀ နှစ်ကြား သက်ကြီးရွယ်အိုများအားလူမှုရေးပင်စင်ကိုအစိုးရမှပင်စင် များ စတင်ပေးအပ်ချိန် ၂၀၁၈ခု ၊ အောက်တိုဘာလ အထိ ပေးအပ်ခဲ့ ပါသည်။ ၂၀၁၈ ခုနှစ် စီမံချက်မှ သက်ကြီး ရွယ်အို ၁,၆၇၁ ဦးအား လူမှုရေးပင်စင် ပံ့ပိုးခဲ့ပါသည်။ မသန်စွမ်းသူ ထောက်ပံ့မှုအား အကျိုးခံစားခွင့်ရှိသူ ၂,၁၆၅ ဦးထံပေးအပ်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် HelpAgeမှ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် သက်ကြီးရွယ်အိုများအတွက် လူမှုရေး ပင်စင်အား အီလက်ထရွန်နစ်နည်းဖြင့်ငွေလွှဲပေးပို့မှုကို ကနဦးစမ်းသပ်ခဲ့ပါသည်။ ရှေ့ပြေးစမ်းသပ်ခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသား လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ တိုးချဲ့ရန် အတွက်အထောက်အကူဖြစ်စေရန် အီလက်ထရွန်နစ် နည်းဖြင့်ငွေလွှဲပေးပို့ခြင်းဆိုင်ရာ အချက်အလက် များရယူရန်ဖြစ် သည်။ ရလဒ်များအား လူမှုဝန်ထမ်းဦး စီးဌာနနှင့် LIFT ၏ အကောင်အထည် ဖော်ရေး မိတ်ဖက်များ အပါအဝင် NGO များထံမျှဝေခဲ့ပါသည်။ လူမှုရေးပင်စင်များအား အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲ ပေးပို့မှုများကို ၂၀၁၈ ခုနှစ်ဧပြီလတွင် စတင်ခဲ့ပြီး ငွေပေးချေမှု စက်ဝန်းတခုတိုင်းတွင် ကျေးရွာများအား တဖြည်းဖြည်းချင်း ချဲ့ထွင်ပေးပို့ခဲ့ပါ သည်။ အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း ၁,၁၃၉ ဦး (အမျိုးသမီး ၆၃%) သည် လူမှုရေး ရန်ပုံငွေများအား အီလက်ထရွန်နစ်နည်းဖြင့် ငွေလွှဲပေးမှုများမှ တဆင့် လက်ခံရ ရှိခဲ့ပါသည်။ အစဦးပြဿနာ အချို့မှာ အကျိုးခံစားခွင့် ရှိသူများသည်သူတို့၏ Pin နံပါတ်များအား မေ့နေသည်ကို ကြုံတွေ့ခဲ့ရပါသည်။ သို့သော်လည်း ငွေလက်ခံမည့် သက်ကြီးရွယ်အိုအများစုသည် ငွေထုတ်ပေးသည့် နေရာများသို့ ကိုယ်တိုင်လမ်းလျှောက်ပြီး သွားရောက်ကာ သူတို့အတွက် ငွေပေးချေမှုများကို ကိုယ်တိုင်လက်ခံရ ယူရသည်ကို ဂုဏ်ယူကြောင်း ထုတ်ဖော်ပြသပါသည်။

## စားနပ်ရိက္ခာဖူလုံမှုကို တိုးမြှင့်ခြင်း

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဇုန်ရှိ ထိခိုက်လွယ် အိမ်ထောင်စုများ၊ မြေယာမဲ့နှင့် မြေဧက ၅ဧကအောက်ပိုင်ဆိုင်သည့် ထွန်ယက် စိုက်ပျိုးရန် ခက်ခဲသော တောင်သူများသည် ဝင်ငွေများပုံမှန်မရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ အကန့်အသတ်ရှိခြင်း နှင့်အခြားအကြောင်းအချက်များအရ စားနပ်ရိက္ခာ မဖူလုံသည့် ကာလမှာ လေးလမှ ခြောက်လအထိ ဖြစ်နိုင်ချေရှိပါသည်။ တစ်နှစ်လျှင် အနည်းဆုံး ၅ လမျှ ရေရှားပါးပြီး၊ တောင်သူများသည် ထိုကာလတွင် ဟင်း သီးဟင်းရွက်နှင့် အာဟာရ သိပ်သည်းသည့် ဥယျာဉ်ခြံ မြေသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု မလုပ်နိုင်ပါ။

## Terres de Homeness

Terres de Homeness (TdH)၏ ရေကိုအကျိုးရှိစွာ အသုံးချသည့် ရေသွင်း စိုက်ပျိုးနည်းလမ်းကောင်းဖြင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှုအတွက် အိမ်တွင်း အခြေခံ မြေမဲ့စိုက်ပျိုးခြင်း နည်းစနစ်များအားမိတ်ဆက်ပေးခြင်းဖြင့် လိုက်လျော ညီထွေဖြစ် မည့်ဖြေရှင်းမှုများအား ပေးအပ်ပါသည်။ ဤစနစ်များသည်နေရာ အနည်း ငယ်သာ လိုအပ်ပြီးအပိုဝင်ရရှိနိုင်သည့် အလားအလာနှင့်အတူ အိမ်ထောင်စုများ၏ အမျိုးမျိုးသော အစားအသောက် စားသုံးမှု တိုးတက်လာပါသည်။ TdH သည် မန္တလေးတိုင်းဒေသကြီးရှိ မြင်းခြံ၊ တောင်သာ နှင့် နွားထိုးကြီး မြို့နယ်များတွင် စီမံချက်ကာလဖြစ်သော ၂၀၁၇ ခုနှစ် မှ ၂၀၁၉ခုနှစ် အတွင်း ကျေးရွာ ၄၂ ရွာရှိ အိမ်ထောင်စု ၇၅၃ စုအား မြေမဲ့စိုက်ပျိုးခြင်းစနစ်များ ပေးအပ်ခဲ့ပါသည်။ လုပ်ငန်းခွင်သင်တန်းများနှင့် အာဟာရဆိုင်ရာ သတင်းစကားများ ဖြန့်ဝေမှုအပါအဝင် ဘက်စုံလှုံ့ဆော်မှုမှတဆင့် စီမံကိန်းမှ ပံ့ပိုးပေးသည့် အိမ်ထောင်စုများ၏ ၉၆ ရာခိုင်နှုန်းသည် အစားအသောက်စားသုံးမှုရလဒ်အမှတ်များ တိုးတက်ခဲ့ပါသည်။ စုစုပေါင်းအိမ်ထောင်စု ၇၅၃စု သည် တိုးတက်လာသည့် အလေ့အကျင့်များ၊ သွင်းအားစုများနှင့် နည်းပညာများကို လက်ခံကျင့်သုံးခဲ့ပါသည်။ ဤသည်မှ အစားသောက်အမျိုးမျိုးစားသုံးမှု တိုးတက်လာသည့် ရလဒ်ရရှိသည့် အိမ်ထောင်စုများအတွက် တနှစ်ပတ်လုံးဟင်းသီးဟင်း ရွက်များထောက်ပံ့သည့် ရလဒ်ထွက်ခဲ့ပါသည်။ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ခြင်းသည် အကျိုးခံစားခွင့် ရှိသူများမှ ဟင်းသီးဟင်းရွက်ဝယ်ယူ ခြင်းမှစုဆောင်းနိုင်သကဲ့သို့ အခါအားလျော်စွာထုတ် လုပ်မှုများပိုလျှံသည်များကို ရောင်းချခြင်းဖြင့် ဝင်ငွေအနည်းငယ် ရရှိအောင် ခွင့်ပြုဆောင်ရွက်ပေးခဲ့ပါသည်။ အကျိုး ခံစားခွင့်ရှိသူ အရေအတွက်အနည်း ငယ်သည်သူတို့ထုတ် လုပ်မှုကို အထူးပြုလုပ်ဆောင်ခြင်း မှပုံမှန်ဝင်ငွေများကို ရယူနိုင်ခဲ့ပါသည်။ စရိတ်ကျဉ်းမြေမဲ့အာဟာရရည်ဖြင့် စိုက်ပျိုးသည့်စနစ်များ၏ ၆၃ ရာခိုင်နှုန်းအား အမျိုးသမီးများမှ ပိုင်ဆိုင်၍ စီမံ ခန့်ခွဲနေပြီး သူတို့အိမ်ထောင်စုတွင် ကလေးများ၏ အာဟာရလိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ပံ့ပိုး ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။

## ကျေးလက်နေ နွမ်းပါးသူများအတွက် စနစ်တကျ ပြောင်းလဲခြင်းကို လွှမ်းမိုးမှု ရှိသည့် လေ့လာသင်ယူမှုနှင့် မူဝါဒများသို့ အထောက်အကူပြုမှုများ

LIFT မှ ပံ့ပိုးပေးနေသည့် အပူပိုင်းဇုန်HelpAge စီမံချက်နှင့် နေပြည်တော်တွင် လူမှုဝန်ထမ်းဦးစီးဌာန အားတိုက်ရိုက်ပံ့ပိုးပေးသည့် စီမံချက်များသည်၂၀၁၈ ခုနှစ်တွင် အသက် ၉၀ နှစ်နှင့် အထက် သက်ကြီးရွယ်အို ၄၀,၀၀၀ ကျော် ထံပေးအပ်သည့် တနိုင်ငံလုံး အတိုင်း အတာ သက်ကြီးပင်စင် စတင် ဆောင်ရွက်မှုအား အထောက်အကူပေးခဲ့ပါသည်။ ဤနှစ်အတွင်း အစိုးရသည် သက်ကြီးပင်စင် ခံစားရ ယူနိုင်သည့် အသက်အား ၈၅ နှစ်အထိ လျှော့ချ ခဲ့ပါသည်။ အပူပိုင်းဇုန်တွင် HelpAge မှ ပေးအပ်သည့် လူမှုရေးပင်စင်ရယူနေသည့် အသက် ၈၅ နှစ်မှ ၉၀ ကြားရှိသည့် အကျိုးခံစားခွင့်ရှိသူများအား အစိုးရ၏ အစီအစဉ်သို့ လွှဲပြောင်းပေးခဲ့ပါသည်။

HelpAge မှ ရပ်ရွာလူထု၏ လှုပ်ရှားဆောင်ရွက်မှုများတွင် မသန်စွမ်းသူများ ပါဝင်လာခြင်းနှင့်မသန်စွမ်းသူများအား ပေးအပ်ခဲ့သည့် ထောက်ပံ့ငွေများ အီလက်ထရွန် နစ်စနစ်ဖြင့် စမ်းသပ်ပေးပို့မှုများကိုတိုးတက်သည့် လှုပ်ရှားဆောင်ရွက်မှုများဖြင့် အပူပိုင်းဇုန်ရှိ မသန်စွမ်းသူများကိုလည်း ပံ့ပိုးပေးခဲ့ပါသည်။စီမံချက်များသည် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အနီးကပ် ပူးပေါင်းကာ အကောင်အထည်ဖော်ခဲ့ပြီးစီမံချက်များ၏ အတွေ့အကြုံများကို မျှဝေပေးသည့် လေ့လာသင်ယူမှု အခမ်းအနားများ ကျင်းပခဲ့ကာ အစိုးရများအား ပံ့ပိုးပေးပါသည်။

အပူပိုင်းဇုန်တွင် LIFT မှ ရန်ပုံငွေထောက်ပံ့ပေးသည့် Save the Children၏ မိခင်နှင့်ကလေးများအားငွေကြေးပံ့ပိုးခြင်း စီမံချက်များသည် အာဟာရအား အဓိကအပိုင်းကဏ္ဍအဖြစ် ဆောင်ရွက်ရန်လိုကြောင်း ပြည်ထောင်စုအစိုးရ၏ဆုံးဖြတ်ချက်အတွက် အထောက်အထားများကို ဖော်ထုတ်ခဲ့ပါသည်။မြန်မာနိုင်ငံ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပခုက္ကူမြို့နယ်၊ စံပြကြီးရွာရှိ LIFT မှ ပံ့ပိုး ပေးနေသည့် MCCT စီမံချက်အား ၂၀၁၇ ခုနှစ်

ဇန်နဝါရီလတွင် လာရောက်လေ့လာခဲ့ပြီးသည့်နောက် ပထမအကြိမ် အမျိုးသား အာဟာရဆိုင်ရာ ညှိနှိုင်း အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ခုနှစ်ကုန် တွင် အစိုးရသည် MCCTအား ချင်းနှင့် ရခိုင် ပြည်နယ်၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်ရွက်ရန် ဘတ်ဂျက် ခွဲဝေပေးခဲ့ပါသည်။ LIFT မှ ဆက်လက်၍ အစိုးရဦးဆောင်သည့် အစီအစဉ်များအတွက် စောင့်ကြည့် စစ်ဆေးခြင်း၊ သုံးသပ်အကဲဖြတ်ခြင်းနှင့် စီမံချက်၏ သက်ရောက်မှုကို သတ်မှတ်ရန် စစ်တမ်း ကောက်ယူခြင်းကို နည်းပညာ အထောက်အပံ့ ပေးအပ်ခဲ့ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန (LVBD) သည် အပူပိုင်းဇုန်ရှိ ကုလသမဂ္ဂကမ္ဘာ့စားနပ် ရိက္ခာအဖွဲ့ကြီး ၏ စီမံချက်မှ အထောက်အထားများအပေါ် အခြေခံ၍ လူထုအခြေပြု တိရစ္ဆာန်ကျန်းမာရေး လုပ်သားများအား အကျိုးသက်ရောက်မှုရှိသည့်ဥပဒေဆိုင်ရာ မူဘောင် ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့ပါသည်။ ပြောင်းလဲမှုများ သည် လူထုအခြေပြုတိရစ္ဆာန် ကျန်းမာရေးလုပ်သား များအား မြို့နယ်အဆင့် တိရစ္ဆာန်ကုသရေးဝန်ဆောင် မှုအတွက် ကျွမ်းကျင်မှုရှိသော မိတ်ဖက် များဖြစ်လာ မည်ဟု မျှော်မှန်းထားပါသည်။ လူထု အခြေပြု တိရစ္ဆာန် ကျန်းမာရေး လုပ်သား သင်တန်း နှင့်အသိ အမှတ်ပြု လက်မှတ်ရရှိရန်အတွက် (၅)နှစ် အချိန်ယူရမည်ဖြစ်ပြီး LBVD သည် ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့(FAO) အား အထောက်အပံ့များ ပံ့ပိုးပေး ရန် မေတ္တာရပ်ခံထားသည်။

ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဟာရ နှင့် ကြံ့ကြံ့ခံနိုင်စွမ်း တိုးတက်စေရန်အတွက် ပါဝင်ဆောင်ရွက်နိုင်ရန် အစိုးရ၊ အရပ်ဘက် လူမှု အဖွဲ့အစည်း များနှင့် ပုဂ္ဂလိက ကဏ္ဍအား ပံ့ပိုးပေးခြင်း

၂၀၁၇ ခုနှစ် LIFT ၏ အိမ်ထောင်စု စစ်တမ်း အရ အပူပိုင်းဇုန် ကျေးရွာများ၏ ၉၈ရာခိုင်နှုန်းတွင် လှုပ်ရှား ဆောင်ရွက်နေသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ သည် LIFT၏ အခြားစီမံကိန်းဒေသများရှိ လူမှုအဖွဲ့ အစည်းများထက် ပိုမို၍ များပြားစွာရှိနေသည် ကိုတွေ့ ရှိခဲ့ပါသည်။ စစ်တမ်း၏ အရေအတွက်ဆိုင်ရာ ဆန်းစစ် မှုအရအပူပိုင်း ဇုန်ရှိ ရပ်ရွာလူထုများသည်လူမှု ပေါင်းစည်း ညီညွတ်မှုအား မြှင့်တင်ရန် လွန်စွာမှ တန်ဖိုးထားသည်ကို ပြသခဲ့ပါသည်။

PACTသည် မကွေးနှင့် မန္တလေးတိုင်း ဒေသကြီး၏ (၉)မြို့နယ် တွင် အပူပိုင်းဇုန် အသေးစား ထောက်ပံ့မှု ရန်ပုံငွေအား အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် PACT သည် မြို့နယ် အခြေပြု အရပ်ဘက်လူမှုအဖွဲ့အစည်း ၇၁ဖွဲ့အား ထောက်ပံ့ငွေ ၇၆ ခု ကို ပေးအပ်ခဲ့ပါသည်။ ထောက်ပံ့ငွေ ရယူသူ များ အားလုံးအတွက် PACT မှ ထောက်ပံ့မှု ရယူသူ များပြန်လည်သုံး သပ်ခြင်း စစ်တမ်း (Grantee Reflection Survey –GRS) နှင့် လက်ဝေခံ ရယူသူ ကျရောက်နိုင်ခြေရှိသော အန္တရာယ်နှင့် တာဝန်ယူမှု ဆန်းစစ်ခြင်း (Sub Awardee Risk & Responsibility Assessment - SARRA) နည်းလမ်း များအား ကိုယ်ပိုင် စွမ်းဆောင်မှုနှင့် ဘဏ္ဍာရေးဆိုင်ရာ စွမ်းဆောင်ရည်ကို ဆန်းစစ်ရန် အသုံးပြုခဲ့ပါသည်။ GRS နှင့် SARRA တို့၏ ကနဦး စစ်တမ်းများအရ ထောက်ပံ့ငွေ ရယူသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ အားလုံးသည် မိတ်ဖက် စောင့်ကြည့် စစ်ဆေးသည့်ပုံစံကို အသုံးပြု၍ အဖွဲ့အစည်းဆိုင်ရာ၊ စွမ်းဆောင်ရည်နှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ၏ ဦးစားပေးမှုများကို ရေးဆွဲ ချမှတ်ခဲ့ပါသည်။

PACT မှ မြို့နယ် ၉ မြို့နယ်လုံးတွင် အဆိုပြုလွှာ ခေါ်ယူခြင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက် အသစ်များ မျှဝေသည့် အလုပ်ရုံ ဆွေးနွေးပွဲ ၁၉ ခုအား ကျင်းပခဲ့ပါသည်။ PACT သည် လက်တွဲ ဆောင် ရွက်ရန် စိတ်ဝင်စားကြောင်း ပြသသည့် CSO ၃၃၂ ဖွဲ့အား အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများ ဆိုင်ရာ စနစ်များအားကောင်းစေခြင်းနှင့် ထောက်ပံ့ငွေရယူသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် သတင်းအချက် လက်များ မျှဝေခဲ့ပါသည်။ PACT မှ အပူပိုင်းဇုန်တွင် အသက်မွေးဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ စနစ်များအား ကောင်းစေမည့် ခိုင်မာသော အဆိုပြုလွှာများ လက်ခံရရှိမှု အား သေချာစေရန် အလားအလာရှိသည့် ပြည်တွင်း မိတ်ဖက်များအတွက် အဆိုပြုလွှာ ရေးသားနည်းဆိုင်ရာ အလုပ်ရုံဆွေးနွေး ပွဲ ၁၉ ကြိမ်နှင့် လေးစားလိုက်နာခြင်း၊ စောင့်ကြည့် စစ်ဆေးခြင်း၊ အကဲဖြတ် သုံးသပ်ခြင်းနှင့် လေ့လာ သင်ယူခြင်းနှင့် သက်ဆိုင်သည့် သင်တန်းကို ၁၃ ကြိမ် စီစဉ် ဆောင်ရွက်ခဲ့ပါသည်။

စာချုပ် ၇၆ အနက်မှ ၄၈ခု မှာ စရိတ်ပြန်ထုတ်ပေးသည့် ထောက်ပံ့ ငွေ (Cost Reimbursement Grants - CRGs) ဖြစ်ခဲ့ပြီး ၂၈ ခုမှာ ပုံသေ ထောက်ပံ့ငွေ (Fixed Amount Awards -FAAs) ဖြစ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်ကုန် နောက်ပိုင်းတွင် ထောက်ပံ့ငွေ ၃၁ ခုသည် ဆက်လက်ရှိနေခဲ့ပါသည်။ စီမံချက် ၅၂ ခုမှာ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် သက်ဆိုင်သည့် စနစ် ဦးစားပေးသည့် စီမံချက်များဖြစ်ခဲ့ပြီး စီမံချက် ၂၀ မှ ဒေသခံ CSO များ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးပါသည်။

ActionAid မှ အကောင်အထည်ဖော်ခဲ့သည့် SEDN စီမံချက်သည် မကွေးတိုင်းဒေသကြီး အတွင်းရှိ အမျိုး သမီး ၂၅၀ ကျော်အား ပုဂံတွင်ရှိသည့် ၎င်းတို့၏ ဆိုင်အတွက် လက်မှုပစ္စည်းများ၊အဝတ် အထည် များနှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်းအား မိမိနေအိမ်မှ အလုပ်လုပ်နိုင်သည့် အခွင့်အလမ်း (သို့) အမျိုးသမီးအုပ်စုငယ်များတွင် အလုပ်လုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများနှင့်အတူ ထောက်ပံ့ပေးအပ် ခဲ့ပါသည်။ (ဤအခန်း၏ ရှေ့ပိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည် ) အမျိုးသမီးများသည် နည်းပညာဆိုင်ရာ သင်တန်းများနှင့် ပုဂ္ဂလိက ကဏ္ဍနှင့် အစိုးရတို့ အကြား ဆက်သွယ်ဆောင်ရွက်ရာတွင် သူတို့ကိုယ် သူတို့ ပိုမိုယုံကြည်မှု ရရှိအောင် ပြုလုပ် ပေးပြီး၊ သူတို့၏ ကြံ့ကြံ့ခံနိုင်စွမ်းအား တိုးမြှင့်ပေး သည့် ဘဝ ရပ်တည်နိုင်စေနိုင်မည့် ကျွမ်းကျင်မှု သင်တန်းများ ရရှိခဲ့ပြီး ဖြစ်ပါသည်။

IFDC လယ်ယာစိုက်ပျိုးရေး ပညာပေးခြင်းစီမံချက် တွင် ပါဝင်သည့် သွင်းအားစု ဝန်ဆောင်မှုပေးသူများ (input service provider, ISP) မှ ISP သမဝါယမ အသင်းအား တည်ထောင်ခဲ့ပြီးယင်းတို့ မှာ ISP များ

သည် အပူပိုင်းဇုန်အတွင်း၌ ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ကြံ့ကြံ့ခံနိုင်စွမ်းနှင့် ရေရှည် တည်တံ့နိုင်သည့် ဖွံ့ဖြိုးတိုးတက်မှု များတိုးတက်လာသည် ကို ပြသသည့် ကောင်းမွန်သည့် နောက်ထပ် ဥပမာဖြစ်ပါသည်။ ISP သမဝါယမ အသင်းသည် တရားဝင်အဖွဲ့အစည်း တစ်ခုဖြစ်ရန် ဆောင်ရွက်ဆဲဖြစ်ပါ သည်။ မြို့နယ် အဆင့် ISP (၆)အုပ်စုအား ဖွဲ့စည်းခဲ့ပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး များထံ တောင်သူ သင်တန်းများနှင့် တောင်သူ ကွင်းဆင်းနေ့များ တွင် အသုံးပြု နိုင်ရန် ပစ္စည်းကိရိယာများ (ကွန်ပျူတာများ၊ ပရို ဂျက်တာ ပိတ်ကားများ၊ အသံချဲ့စက်များ၊မီးစက် များ) လှူဒါန်းခဲ့ပါသည်။ ISP အဖွဲ့ခွဲ (၆)ဖွဲ့၏ လှူဒါန်းမှုများ၏ တန်ဖိုးမှာ စုစုပေါင်း မြန်မာကျပ် ၅,၁၆၀ ,၈၀၀ (ကန် ဒေါ်လာ ၃,၅၀၀) ဖြစ်ပါသည်။ ၂၀၁၈ခုနှ စ် ရေကြီးပြီးသည့်နောက်ပိုင်း၊ ပခုက္ကူ ISP အဖွဲ့ခွဲသည် သီးနှံကာကွယ်သည့် ပစ္စည်းများအား သူတို့မြို့နယ်ရှိ တောင်သူများနှင့် သူတို့ သီးနှံများ၏ ရာသီဥတုနှင့် ဆက်နွယ်သည့် ပျက်စီးမှုများအား စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများမှ ကုစားရန်အတွက် လှူဒါန်းခဲ့ပါသည်။ ရေစကြို အဖွဲ့ခွဲသည် LIFT မှ ပံ့ပိုးပေးသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအတွက် အသေးစား ထောက်ပံ့မှု ပေးသည့် အထူးဝန်ဆောင်မှုမှ ထောက်ပံ့ငွေကို ရရှိခဲ့ပါသည်။ ISP သည် ထောက်ပံ့ငွေအား ဆင်းရဲ နွမ်းပါးသည့် တောင်သူများမှ စိုက်ပျိုးရေး သွင်းအားစုများ ဝယ်ယူရာတွင် ငွေပေးချေမှုအား စိုက်ပျိုး ရိတ်သိမ်းပြီးသည့် အချိန်အထိ ဆိုင်းထား ပေးရန်အတွက် အသုံးပြုခဲ့ပါသည်။ ISP အုပ်စုသည် ၎င်းတို့၏ စုစုပေါင်း ထည့်ဝင်မှု၏ ၆ ရာခိုင်နှုန်းအား အချို့တောင်သူများ ပြန် လည် မပေးဆပ်နိုင်သည့်အခါ ဆုံးရှုံးနိုင်မှုကို ကာမိရန် ရင်းနှီးငွေအဖြစ် ထိန်းသိမ်းထားခဲ့ပါသည်။

HelpAge ၏ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း များ နှင့် UN Habitat ၏ WASH ဆိုင်ရာ လုပ်ငန်းများတွင် စီမံချက်မှ စနစ်များနှင့် တည်ဆောက်ခဲ့သည့်လုပ်ငန်း စဉ်များအား ထိန်းသိမ်းရန် ခိုင်မာသည့်ကျေးရွာ အခြေပြု အဖွဲ့အစည်းများ အပေါ်တွင်မှီခိုနေပါသည်။ကျေးလက် ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည်WASH လုပ်ငန်းများ အတွင်း ဒီဇိုင်းရေးဆွဲရာတွင် ပါဝင်ပြီး ကျေးရွာများမှ စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရာတွင်သေချာ စေရန် အတွက် ရေပေးဝေရေး စနစ်များ အား ကျေးရွာများ သို့ လွှဲပြောင်း ပေးအပ်ခြင်းတွင် ပါဝင်ခဲ့ပါသည်။ HelpAge ၏ လူမှုကာကွယ် စောင့် ရှောက်ရေး လုပ်ငန်းများသည် အစိုးရမှ ဦးဆောင်သည့် အစီအစဉ်များအပေါ် အခြေခံ ပါသည်။

## ရှေ့သို့မျှော်ကြည့်လျှင်

၂၀၁၈ ခုနှစ်တွင် လွန်ခဲ့သည့် ၃နှစ်မှရရှိခဲ့သည့် အောင်မြင်မှုများကို ပိုမို ရေရှည်တည်တံ့နိုင်အောင်ပြုလုပ် မည့် ဆုတ်ခွာသည့် မဟာဗျူဟာအား အဓိက အားထားသည့် လုပ်ငန်းများ အဆုံးသတ်ရန်အတွက် အပူပိုင်းဇုန် စီမံကိန်း၏ စီမံချက်အများစုအား သက်တမ်း တိုးခဲ့ပြီးဖြစ်ပါသည်။ အစိုးရမှ စီမံခန့်ခွဲမှုနှင့် ရလဒ်များအား စောင့်ကြည့်ခြင်းအား လွှဲပြောင်းရယူ လုပ် ဆောင်ရာတွင် သေချာစေရန်အတွက် HelpAge ၊ IWMI နှင့် UN-Habitat တို့သည် ၎င်းတို့နှင့် လက်တွဲ ဆောင်ရွက်သည့် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ အလုံးစုံ လွှဲပြောင်းပေးအပ်သည့် လုပ်ငန်းစဉ်များအား ဒီဇိုင်းရေးဆွဲခဲ့ပါသည်။

အောင်မြင်သည့် IFDC စိုက်ပျိုးရေးပညာပေးခြင်းနှင့် HelpAge လူမှုကာကွယ်စောင့်ရှောက်မှု စီမံချက်များ အား LIFT ၏ နောက်အဆင့် ဖြစ်သော ၂၀၁၉-၂၀၂၃ တွင် ပဋိပက္ခသက်ရောက်မှု ရှိသည့် ဒေသများ၌ ပုံတူ ကူးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အပူပိုင်းဇုန်၌ စမ်းသပ်ခဲ့သည့် လုပ်ငန်း ဆောင်ရွက်ပုံဖြင့် မြန်မာ နိုင်ငံရှိ ကွဲပြားခြားနားသည့် စိုက်ပျိုးစီးပွားဇုန်၊ ကွဲပြားခြားနားသည့် နိုင်ငံရေးနှင့် စီးပွားရေး ပတ်ဝန်း ကျင် ရှိသည့် ကရင်နှင့် ကယားပြည်နယ်များတွင် IFDC မှ ပုဂ္ဂလိကကဏ္ဍ လက်လီရောင်းချသူများ နှင့် ထိတွေ့ ဆက်ဆံ ဆောင်ရွက်လျက်ရှိပါသည်။

HelpAgeသည် အပူပိုင်းဇုန်တွင် လူမှုကာကွယ် စောင့်ရှောက်ရေးနှင့် ချိတ်ဆက်နေသည့် ထောက်ပံ့ငွေပေး ပို့သည့်လုပ်ငန်းများအား ကရင်ပြည်နယ်ရှိ မသန်စွမ်းသူများအား ပံ့ပိုးပေးသည့် အဖွဲ့အစည်း၏ စီမံချက်နှင့်အတူ ဆက်လက် ဆောင်ရွက်သွားပါသည်။ မသန်စွမ်းသူများအတွက် ငွေလွှဲ ပေးပို့မှုများ စမ်းသပ်ခြင်းသည် လူမှု ဝန်ထမ်းဦးစီးဌာနမှ စတင်မိတ်ဆက်ပေးသည့် နိုင်ငံအနှံ့ မသန်စွမ်းသူများအား ထောက်ပံ့ငွေများအတွက်ကူညီပေးနိုင်ရန် မျှော်လင့်ပါသည်။

အပူပိုင်းဇုန်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများစွာကျန် ရှိနေဆဲဖြစ်ပါသည်။ လက်ရှိစီမံကိန်းမှ ပြသပေးသည့် အောင်မြင်သည့် ချဉ်းကပ်နည်းလမ်းများစွာအား စီမံကိန်း ၆ မြို့နယ်ကို ကျော်လွန်၍ လုပ်ဆောင် နိုင်ပါလိမ့် မည်။ အချို့ကိစ္စများတွင် စီမံကိန်းမိတ်ဖက်များသည် စီမံ ချက်အား မည်သည့်နေရာ၌ ရပ်တန့်မည်ကို ရွေးချယ် ခဲ့ပြီးဖြစ်ပါသည်။ အစိုးရမှHelpAge စီမံချက်မှ အကြံပြု ချက်အတိုင်း လူမှုရေးပင်စင် စတင် ရယူနိုင်သည့် အသက်အား ဆက်လက် လျှော့ချပေးခဲ့ပါသည်။ IFDC နှင့် လုပ်ကိုင်နေသည့် လက်လီ ရောင်းချသူများသည် တောင်သူများ၏ မြေများအား တိုးတက်ကောင်းမွန်စေမည့် ချဉ်းကပ်နည်းလမ်း ကို လက်ခံကျင့်သုံးနေသည့်တောင်သူ များအား ဝန် ဆောင်မှုပေးရန် ရွက်စိမ်း မြေဩဇာအတွက် မျိုးစေ့ ထုတ်လုပ်ရန်စတင်ခဲ့ပြီး ဖြစ်ပါသည်။

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် FAO၏ဦးဆောင်မှုအောက်ရှိ ကမ္ဘာ့စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ဖူလုံမှု စီမံကိန်း (GASFP) ကဲ့သို့သော အစိုးရ စီမံချက်များမှ တစ်ခုဖြစ်သော မြန်မာနိုင်ငံ အလယ်ပိုင်းရှိ USAID မှ ရန်ပုံငွေ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး စီမံချက်သည် စီမံချက်များ ပိတ်သိမ်းသည့်အခါ LIFT၏ လုပ်ငန်း ဆောင်ရွက်ချက်များမှ ကျန်ရှိမည့် ကွက်လပ်အချို့အား ဖြည့်ဆည်း ပေးနိုင်ပါလိမ့်မည်။

LIFT မှ ပံ့ပိုးပေးခဲ့သည့် အပူပိုင်းဇုန်ရှိ အိမ်ထောင်စု များသည် အခြားနေရာများ၌ ရှိသည့် အိမ်ထောင်စုများထက် ယေဘုယျအားဖြင့် ပိုမိုကောင်းမွန်သည့် အာဟာရ စံနှုန်းများ၊ ချမ်းသာကြွယ်ဝမှုမြင့်မားသည့် အဆင့်နှင့်အတူ အကောင်းဆုံး အိမ်ထောင်စုများ ဖြစ်ကြောင်းကို LIFT၏ ၂၀၁၇ ခုနှစ် အိမ်ထောင်စုစစ်တမ်းတွင် တွေ့ရှိခဲ့ရ သော်လည်း အမှန်စင်စစ် LIFT မှ ပံ့ပိုးပေးမှုသည် အပူပိုင်းဇုန်၏သေးငယ်သည့် အစိတ်အပိုင်း တခုသို့သာ ရောက်ရှိခဲ့ပါသည်။ထပ်မံဆောင်ရွက်စရာများ အများအပြား ရှိနေပါသေးသည်။

၃.၃

# ရခိုင်



▲ ပုံ ၃.၅
၂၀၁၈ခုနှစ်
ရခိုင်ပြည်နယ်ရှိ LIFT ၏
စီမံကိန်း လုပ်ငန်းများ

## ခြုံငုံဖော်ပြချက်

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံး ဒေသများထဲမှ တစ်ခု ဖြစ်ပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံ ၊ ကိုးကွယ်သည့် ဘာသာပေါင်းစုံ ရှိသည့် ပြည်နယ်ဖြစ်ပါသည်။၂၀၁၂ ခုနှစ်၊ ၂၀၁၃ ခုနှစ် နှင့် ၂၀၁၇ ခုနှစ် တို့တွင် ဖြစ်ပွားခဲ့သည့် လူမျိုးရေး ပဋိပက္ခ များကြောင့် လူပေါင်းများစွာ နေရပ် စွန့်ခွာ တိမ်းရှောင်မှုများနှင့် ကြီးမားသည့် လူသားချင်း စာနာမှု ဆိုင်ရာ အကျပ်အတည်းများ ဖြစ်ပေါ်လာခဲ့ ပါ သည်။

ရခိုင်ပြည်နယ်ရှိ လူဦးရေ ၏ ၇၈ ရာခိုင်နှုန်း မှာတစ်ရက် ဝင်ငွေ ကန်ဒေါ်လာ ၁.၂၅ အောက်တွင် ရရှိသည်ဟု ခန့်မှန်းထားပါသည်။ [၂၂] ရခိုင်ပြည်နယ် သည် အလုပ်လက်မဲ့နှုန်း အမြင့်မားဆုံး (၁၅-၆၄ နှစ်) ဖြစ်ပြီး နိုင်ငံ လူဦးရေ၏ ၁၀ ရာခိုင်နှုန်းထက် ပိုများ ပါသည်။ [၂၃]. မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ်သည် လုပ်သား အင်အားပါဝင်မှု အနည်းဆုံး ပြည်နယ်ဖြစ်ပါသည်။ နိုင်ငံအဆင့် ၆၇ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေ၏ ၆၀ ရာခိုင်နှုန်းနီးပါးသည် စီးပွားရေးအရ သက်ဝင်လှုပ်ရှားလျက် ရှိပါသည်။ စိုက်ပျိုးရေးဆိုင်ရာ ကျပန်းလုပ်သားနှင့် ငါးဖမ်းလုပ်ငန်း တို့မှာ ဝင်ငွေ ရင်းမြစ် ၏၂၆ ရာခိုင်နှုန်း ရှိပါသည်။ [၂၄] UNICEF ၏ ကိန်းဂဏန်း များအရ အသက်ငါးနှစ်အောက်ကလေးသူငယ် ၅၀ ရာခိုင်နှုန်း နီးပါးမှာ ပုညက်မှု ခံစားနေရပါသည်။ [၂၅]

ကုလသမဂ္ဂ ဒုက္ခသည်များ မဟာမင်းကြီးရုံး၏ အဆိုအရ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် အာရကန် ရိုဟင်ဂျာ ကယ်တင်ခြင်း တပ်မတော် (ARSA) ၏ ချိန်ကိုက်ထားသည့် လက်နက်ကိုင် တိုက်ခိုက်မှုများအပြီးနယ်မြေလုံခြုံရေးထိန်းသိမ်းသည့် စစ်ဆင်ရေးများကြောင့် မကြုံစဖူးအောင်များပြားသည့် နေရပ်စွန့်ခွာ တိမ်းရှောင်မှုများ ဖြစ်ပွားခဲ့ပြီးနောက် ရခိုင်ပြည်နယ်တွင် နိုင်ငံမဲ့ မွတ်ဆလင် ဦးရေ ၅၃၂,၀၀၀ မှ ၆၀၀,၀၀၀ အထိ [၂၆] ကျန်ရှိနေပါသည်။ မွတ်စ်လင်မ်ပေါင်း ၇၀၀,၀၀၀ ကျော် (ထက်ဝက်ကျော်မှာ အမျိုးသမီးများနှင့် မိန်းကလေး ငယ်များဖြစ်သည်) သည် ၂၀၁၇ခုနှစ်တွင် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင် သွားခဲ့ကြပါသည်။ ဗုဒ္ဓဘာသာ ရခိုင်လူမျိုးများ ၂၇,၀၀၀ ခန့် နှင့် အခြား တိုင်းရင်းသားလူနည်းစု အုပ်စုများလည်း နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့သော်လည်း အများစုမှာနောက်ပိုင်းတွင် နေရပ်သို့ပြန်လာခဲ့ကြပါသည်။ ရခိုင်ပြည်နယ်တွင် လူပေါင်း ၁၂၉,၀၀၀ နီးပါး နေရပ်စွန့်ခွာတိမ်းရှောင်ရေး စခန်း ၂၃ ခု (သို့) စခန်းကဲ့သို့သော နေရာများတွင် နေထိုင် နေကြလျက် ၈၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဖြစ်ပြီး အများစုမှာ၂၀၁၂ ခုနှစ်က တည်းက ထိုအနေအထားဖြင့် နေထိုင်နေခဲ့ကြ ပါသည်။ [၂၇]

UNHCR နှင့် မောင်တောရှိ အဖွဲ့အစည်းပေါင်းစုံ ပါဝင်သည့် အုပ်စု အဆိုအရ မောင်တော ခရိုင်တွင် ခန့်မှန်းချေ နိုင်ငံမဲ့ ၂၀၀,၀၀၀ ကျော် ကျန်ရှိနေသည် ဟု သိရပါသည်။

၂၀၁၈ခုနှစ် နိုဝင်ဘာလတွင် ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် ရခိုင်တပ်မတော်(ရခိုင် တိုင်းရင်းသား)နှင့် မြန်မာ စစ်တပ် (တပ်မတော်)တို့ကြား ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် လူအများအပြား ထပ်မံ နေရပ်တိမ်းရှောင်ခဲ့ကြရပါသည်။ ဤပဋိပက္ခ မှာ ၂၀၁၉ ခုနှစ်အထိ ဆက်လက်အရှိန်မြင့်ခဲ့ပြီး ပိုမို ပြန့်နှံ့လာခဲ့ပါသည်။တိုက်ပွဲအများစုမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဘူးသီး တောင်နှင့် ရသေ့တောင်မြို့နယ်များ၊ ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် ပုဏ္ဏားကျွန်း၊ ကျောက်တော် နှင့် မြောက်ဦး မြို့နယ်များတွင် ဖြစ်ပွားခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသည့် ပဋိပက္ခ နှင့် လူမျိုးရေး တင်းမာမှုများအား နှစ်ရှည်လများ နေရပ်စွန့်ခွာတိမ်းရှောင်ရခြင်း၊ ဆိုးရွားသည့် ဆင်းရဲနွမ်းပါးမှု၊ ခွဲခြားဆက်ဆံမှုများ ရှိနေပြီး၊ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ လက်လှမ်းမီမှု မရှိခြင်း၊ အရည်အသွေးပြည့်ပြီး အားလုံးပါဝင်သည့်ကျန်းမာရေးနှင့် ပညာရေး ဝန်ဆောင်မှုများအား လက်လှမ်းမီမှုမရှိခြင်း တို့က မီးလောင်ရာ လေပင့်သကဲ့သို့ ဖြစ်စေပါသည်။အဆိုပါအချက်များက ထိခိုက်ခံစားရသည့် ရပ်ရွာ လူထုများအတွက် ကျရောက်နိုင်ချေရှိသည့် အန္တရာယ် မြင့်တက်စေပြီး ၎င်းတို့၏ ထိခိုက်လွယ်မှု နှင့် အကူအညီများအပေါ် မှီခိုအားထားနေရပါသည်။ ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် အခြေခံ လိုအပ်ချက်များ ပိုမိုများပြားပြီး ဝန်ဆောင်မှုများအား အကန့်အသတ်ဖြင့်ရရှိသည့် (သို့) လက်လှမ်းမီမှုမရှိသည့် နိုင်ငံမဲ့ မွတ်စ်လင်မ်များ သီးခြားရပ်တည်နေရခြင်း နှင့် လွတ်လပ်စွာသွားလာခွင့်အပေါ် ကန့်သတ်မှုများ ရှိနေခြင်းတို့က ရပ်ရွာလူထုတို့အား အကူအညီပေါ် မှီခိုရခြင်း နှင့် အကာအကွယ်မဲ့နိုင်ချေရှိသည့် အန္တရာယ်ကို တွေ့ကြုံစေပါသည်။

ရခိုင်ပြည်နယ်ရှိ ပြည်သူများ၏ ထိခိုက်လွယ်မှု အပေါ် သက်ရောက်မှုရှိသည့် အခြား အခြေအနေများမှာပြည်နယ်၏ သဘာဝ ဘေးအန္တရာယ်များ လွယ်ကူစွာ ထိခိုက်နိုင်ခြင်း၊ စားနပ်ရိက္ခာဖူလုံမှုမရှိခြင်း၊ လက်နက်ကိုင် ပဋိပက္ခ၊ နိုင်ငံမဲ့မှု၊ ရွှေ့ပြောင်းသွားလာမှု၊ လူကုန် ကူးမှု၊ ကျား၊မ တန်းတူညီမျှမှု မရှိခြင်း နှင့် ရခိုင် နှင့် မွတ်စ်လင်မ် လူမျိုးများ ၏ လူမှု-ယဉ်ကျေးမှု စံများ ဖြစ်ကြပါသည်။ ရခိုင်တိုင်းရင်းသားများနှင့် ဗမာလူမျိုး များကြား နစ်နာမှု၊ မကျေနပ်မှုများလည်း ရှိနေပြီး ဖွံ့ဖြိုး တိုးတက်ရေး နှင့် ငြိမ်းချမ်းရေးတို့ အတွက် ကန့်သတ်မှုများ ရှိနေကာ ဤတင်းမာမှုမှ ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် ပဋိပက္ခအသွင်သို့ ကူးပြောင်းခဲ့ပါ သည်။

၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ယင်းအကျပ်အတည်းကို လျော့လာရန် နှင့် နိုင်ငံမဲ့ မွတ်စ်လင်မ်များ ထွက်ပြေးတိမ်းရှောင်မှု အပါအဝင် နောက်ခံ အကြောင်းရင်းများအား ဖြေရှင်းနိုင်အတွက် အကြံပြုချက်များပေးရန် မြန်မာနိုင်ငံအစိုးရမှ ကိုဖီအာနန် ခေါင်းဆောင်သည့်ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင် ကို ဖွဲ့စည်းပေးခဲ့ပါသည်။ ကော်မရှင် မှ ပဋိပက္ခတားဆီးရေး၊ လူသားချင်း စာနာထောက်ထားသည့် အကူအညီ၊ ပြန်လည်သင့်မြတ်ရေး၊ လူ့အဖွဲ့အစည်းများ တည်ထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် ဆိုင်သည့် အကြံပြု ချက်များ ပါဝင်သည့် အပြီးသတ် အစီရင်ခံစာကို ၂၀၁၇ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ အစီရင်ခံစာ ထုတ်ပြန်သည့်နေ့တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုကြောင့် ခန့်မှန်းချေ လူပေါင်း ၇၀၀,၀၀၀ခန့် နေရပ် စွန့်ခွာ တိမ်းရှောင်ခဲ့ကြရပါသည်။

၂၂။ ကမ္ဘာ့ဘဏ်အုပ်စု၊ မြန်မာ- ကူးပြောင်းရေးကာလအတွင်း ဆင်းရဲနွမ်းပါးမှု အခဲဆုံးသတ်ပြီး ချမ်းသာကြွယ်ဝမှု ကို မျှဝေခြင်းအား တိုးမြှင့်ခြင်း၊ ၂၀၁၄

၂၃။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၊ ပြည်သူ့အင်အား ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ပြည်ထောင်စု အစီရင်ခံစာ၊ သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ ၂၊ မေ ၂၀၁၅၊ စာ-၂၉

၂၄။ LIFT ရန်ပုံငွေအဖွဲ့ နှင့် CARE International မြန်မာ၊ တက်လမ်း၊ ရေရှည်တည်တံ့သည့် စားနပ်ရိက္ခာဖူလုံမှု နှင့် အသက်မွေး ဝမ်းကျောင်းစီမံချက်၊ ကနဦး စစ်တမ်း၊ နိုဝင်ဘာ ၂၀၁၄၊ ပုံနှိပ်

၂၅။ ယူနီဆက်ဖ်၊ ရခိုင်ပြည်နယ်၊ ကလေးသူငယ် ကျန်းမာဖွံ့ဖြိုးမှု အခြေအနေကို လျှပ်တပြက် တင်ပြခြင်း ၂၀၁၃

၂၆။ ၂၀၁၈ မေလတွင် UNHCR ၏ ခန့်မှန်းချက်၊ လက်လှမ်းမီမှု ကန့်သတ်ထားပြီး ကိန်းဂဏန်းများ မှာ အနီးစပ်ဆုံးမှန်းဆမှုများ ဖြစ်ပါသည်။

၂၇။ အမျိုးသား ကာကွယ် စောင့်ရှောက်ရေးကဏ္ဍ နှင့် CCCM/Shelter/NFI Cluster တို့၏ ပူးပေါင်း နေရာယူမှု၊ ၂၀၁၈ ခုနှစ် မတ်လ

| အကောင်အထည်ဖော်ရေး မိတ်ဖက်များ | တည်နေရာ | ဦးတည်ချက် |
|---|---|---|
| **Save the Children** | ပေါက်တော | စိုက်ပျိုးရေး၊ ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု၊ အာဟာရပြည့်ဝမှု၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တကိုယ်ရေသန့်ရှင်းရေး၊ စီမံအုပ်ချုပ်ရေး |
| **International Rescue Committee (IRC)** | မင်းပြား၊ မြေပုံ | စိုက်ပျိုးရေး၊ ငွေကြေးဆိုင်ရာတွင်အားလုံး ပါဝင်စေမှု၊ အာဟာရပြည့်ဝမှု၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တကိုယ်ရေသန့်ရှင်းရေး၊ စီမံအုပ်ချုပ်ရေး |
| **CARE International** | ကျောက်ဖြူ၊ မင်းပြား၊ မြေပုံ၊ ပေါက်တော | တက်လမ်း စီမံကိန်းအား စောင့်ကြည့်ကြီးကြပ် ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း |
| **CARE International** | ရသေ့တောင် | စားနပ်ရိက္ခာ ဖူလုံရေး နှင့် အသက်မွေးဝမ်းကျောင်းမှု |
| **Pact Global Microfinance Fund (PGMF)** | သံတွဲ၊ ကျောက်ဖြူ၊ အမ်း၊ ဂွ၊ တောင်ကုတ်၊ မြေပုံ၊ မင်းပြား၊ ရမ်းဗြဲ | စိုက်ပျိုးစရိတ်ချေးငွေ၊ အသေးစား စီးပွားရေး လုပ်ငန်း ချေးငွေ၊ လူမှုရေး ချေးငွေ၊ စုငွေ၊ ငွေကြေးဆိုင်ရာ အသိပညာ နှင့် အကျိုးခံစား ခွင့်ရှိသူ များ သက်သာချောင်ချိရေး |
| **Wanlark** | စစ်တွေ၊ ပုဏ္ဏားကျွန်း | စိုက်ပျိုးစရိတ်ချေးငွေ၊ အသေးစား စီးပွားရေး လုပ်ငန်း ချေးငွေ၊ လူမှုရေး ချေးငွေ၊ စုငွေ၊ ငွေကြေးဆိုင်ရာ အသိပညာ နှင့် အကျိုးခံစားခွင့်ရှိသူ များ သက်သာချောင်ချိရေး |
| **DRC/NRC** | စစ်တွေ၊ မောင်တော | ငွေကြေးဝန်ဆောင်မှုများ |
| **International Labour Organization** | စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ | အသက်မွေးဝမ်းကျောင်း ဆိုင်ရာ ကျွမ်းကျင်မှု သင်တန်း |
| **Mercy Corps\| East-West Seed\| Swisscontact** | ရခိုင်ပြည်နယ် အလယ်ပိုင်း | ဟင်းသီးဟင်းရွက် စိုက် ပျိုး သူများအား စိုက်ပျိုး ရေး ပညာပေးဝန်ဆောင်မှုများ ပေးခြင်း |
| **Yoma Bank** | ရခိုင်ပြည်နယ် | အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူခြင်း အစီအစဉ်၊ တစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်ရေး ငွေစာရင်းများ၊ ပစ္စည်းအပေါင် ထားသည့် ချေးငွေ နှင့် အပေါင်မဲ့ ချေးငွေ များ |
| **PATH** | ကျောက်တော်၊ မင်းပြား | ရခိုင်ပြည်နယ်တွင် အားဖြည့်ဆန် ထုတ်လုပ်မှု နှင့် ဖြန့်ဖြူးမှု တို့တည်ထောင်ရန် |
| **World Food Programme (WFP)** | ရခိုင်ပြည်နယ် ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများ | ထိခိုက်လွယ်အုပ်စုများအားအတွက် ကယ်ဆယ် ရေး လုပ်ငန်းများတွင် အားဖြည့်ဆန်ကို ဖြန့်ဖြူးပေးခြင်း |
| **International Organization for Migration (IOM), University of Sussex, Metta Development Foundation in partnership with Ministry of Labour, Immigration and Population** | စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူ၊ သံတွဲ နှင့် မောင်တော မြို့နယ်များ | ဘေးကင်းလုံခြုံပြီး အကျိုးရှိသည့် ရွှေ့ပြောင်း သွားလာမှု |
| **VisionFund Myanmar** | စစ်တွေ၊ ကျောက်တော်၊ မြောက်ဦး | အသေးစားငွေရေးကြေးရေးလုပ်ငန်း- ငွေကြေး ဆိုင်ရာ ဝန်ဆောင်မှုများ အား လက်လှမ်းမီမှု |

▲ ဇယား ၃.၃
၂၀၁၈ ခုနှစ်အတွင်း ရခိုင်ပြည်နယ်တွင် LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးသည့်စီမံချက်များ

အကြံပေး ကော်မရှင်၏ ၂၀၁၇ခုနှစ်ကြားဖြတ် အစီရင်ခံစာတွင် အစိုးရအား IDP စခန်းသုံးခုရှိ လူများအားနေရပ်ပြန်/ ပြန်လည်နေရာချထားပေးရာတွင် အကူအညီပေးရန် တိုက်တွန်းခဲ့ပြီး အပြီးသတ် အစီရင်ခံစာ တွင် အကြံပြုချက်များအပေါ် အစိုးရဖက် မှ လျင်မြန်စွာ ဆောင်ရွက်ခဲ့ခြင်းအပေါ် ချီးမွမ်းခဲ့ပါသည်။ စခန်းများ ပိတ်သိမ်းခြင်းမှာ အပြုသဘောဆောင်သည့် ခြေလှမ်း တစ်ရပ်ကို ကိုယ်စားပြု သော်လည်း ပြည့်စုံ ကျယ်ပြန့်သည့် မဟာဗျူဟာနှင့် ထိခိုက်ခံစားရသူများ အတွက် ကျယ်ကျယ်ပြန့်ပြန့် တိုင်ပင် ဆွေးနွေးသဘောထားရယူသည့် လုပ်ငန်းစဉ် တစ်ရပ် အရေးတကြီး လိုအပ်နေသည်မှာ ထင်ရှားပါသည်။၂၀၁၈ခုနှစ် ဩဂုတ်လ တွင် ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး/လူသားချင်းစာနာမှု ဆိုင်ရာ ညှိနှိုင်းရေးမှူး၊ ကုလသမဂ္ဂ ဖွံ့ဖြိုးရေး အစီအစဉ်၊ ကုလသမဂ္ဂ ဒုက္ခသည်များ မဟာမင်းကြီးရုံးနှင့်ဌာနေညှိနှိုင်းရေးမှူးရုံးတို့မှ IDP စခန်းများပိတ်သိမ်းခြင်း နှင့် ပတ်သက်သည့် အကြံပြုစာကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် နေရာချထားရေး ဝန်ကြီးထံပေးပို့ခဲ့သည်။ အဆိုပါ စာတွင် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ နေရပ်စွန့်ခွာတိမ်းရှောင်မှုများအတွက် ဖြေရှင်းနည်းလမ်းများအား သတိပြုမိစေရန် နှင့် ရခိုင်ရှိ IDP စခန်းများပိတ်သိမ်းခြင်း၊ IDP စခန်းများ ပိတ်သိမ်းရန်အတွက် အမျိုးသားအဆင့် မဟာဗျူဟာ ရေးဆွဲခြင်းတို့အတွက် အကူအညီပေးလိုကြောင်း နှင့် ရခိုင်ပြည်နယ်ရှိ IDP များအတွက် ဂုဏ်သိက္ခာရှိသည့် ဖြေရှင်းနည်းများ ဆိုင်ရာ အကြံဉာဏ်များ ပါဝင်ပါ သည်။

LIFT သည် မြန်မာနိုင်ငံရှိ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး နှင့် လူသားချင်းစာနာ ထောက်ထားသည့်အသိုက်အဝန်း နှင့် အနီးကပ် တိုင်ပင်ဆွေးနွေး၍ လုပ်ကိုင်ပြီး အကြံပေးကော်မရှင်၏ အစီရင်ခံစာ၊ အကြံပြုချက်များကို ရယူခဲ့ပါသည်။ နိုင်ငံတကာ အသိုင်း အဝိုင်းမှ အထူးသဖြင့် ကျန်ရှိနေခဲ့သည့် မွတ်စ်လင်မ် လူမှုအဖွဲ့အစည်းများ အပါအဝင် ရခိုင်ပြည်နယ်ရှိထိခိုက်လွယ်သူများ၏ မျှော်လင့်ချက်များ တိုးတက်လာစေရန် ရခိုင်ပြည် နယ် တွင် လုံလောက်သည့် ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များအား လူသားချင်းစာနာ ထောက်ထားခြင်း နှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်းများအတွက် အစဉ်အမြဲ ရှိမည့် တရားဝင်အဖွဲ့အစည်း တစ်ခုထား ရှိရန် သဘောတူပါသည်။ အစိုးရ၊ UNHCR နှင့် UNDP တို့သည် “နိုင်ငံတကာ စံချိန်စံညွှန်းများ နှင့်အညီ ဒုက္ခသည်များ လုံခြုံစိတ်ချစွာ၊ မိမိ သဘောဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာ ပြန်လာ သည်များအတွက် အခြေအနေများကို ထိန်းချုပ်ရန်” ၂၀၁၈ခုနှစ် ဇွန်လတွင် နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါသည်။

၂၀၁၈ ခုနှစ် ပထမနှစ်ဝက်အတွင်း ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် အဖွဲ့အစည်းများ ဝင်ရောက်သွားလာနိုင်မှုများ တိုးတက် ကောင်းမွန်လာသော်လည်း ဆက်လက်ရှိနေဆဲ လုံခြုံရေးအရ တားမြစ်ကန့် သတ်ထားခြင်းနှင့် တိုက်ပွဲများရှိနေသဖြင့်ဖွံ့ဖြိုးရေးစီမံကိန်းများဆောင်ရွက်ရန်မှာ စိန်ခေါ်မှုများရှိနေဆဲ ဖြစ်ပါသည်။ LIFT ၏ အကောင်အထည်ဖော်ရေးမိတ်ဖက်များသည် ၂၀၁၇ ခုနှစ် ဩဂုတ်လနှင့် ၂၀၁၈ ခုနှစ်အတွင်းအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည့် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိမောင်တော၊ ဘူးသီးတောင် နှင့် ရသေ့တောင် မြို့နယ်များသို့ ဝင်ရောက်သွားလာခွင့် မရှိခဲ့ပါ။ ၂၀၁၈ ခုနှစ်တွင် ပြတ်တောင်းပြတ်တောင်း နှင့် အကန့်အသတ်ဖြင့် ဝင်ရောက်ခွင့် ရရှိခဲ့သော်လည်း ဖွံ့ဖြိုးရေး နှင့် လူသားချင်းစာနာမှု ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် လူဦးရေဆိုင်ရာအချက်အလက်များ ကောက်ယူ စုဆောင်းရန်နှင့် အတည်ပြုရန် (သို့) လိုအပ်ချက်ဆန်းစစ်မှု ဆောင်ရွက်နိုင်စွမ်း တို့မှာမူ များစွာ ကန့်သတ်ခြင်း ခံရလျက်ရှိပါသည်။၂၀၁၈ ခုနှစ်နိုဝင်ဘာတွင် စတင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများသည် ထိခိုက်ခံစားရသည့် ပြည်သူများထံ ဖွံ့ဖြိုးရေး မိတ်ဖက်များ မှ သွားရောက်ခွင့်ကို ထပ်မံကန့်သတ်မှုများ ဖြစ်စေခဲ့ပါသည်။

## ရခိုင် စီမံကိန်း

ရခိုင်ပြည်နယ်တွင် LIFT ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ စီမံကိန်းလုပ်ငန်းများမှာ ရခိုင် အကြံပေးကော်မရှင် ၏ အကြံပြုချက်များနှင့်အညီဖြစ်ပါသည်။ လိုအပ်ချက်မှ တွန်းအားပေးသည့် အသက်မွေးဝမ်းကျောင်း သင်တန်းစနစ်များ၊ စပါးခင်းများအား ဆားငန်ရေ မဝင်စေရန် ကာကွယ်တားဆီးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်မှု စွမ်းရည် ပိုမိုကောင်းမွန်စေခြင်း၊ စက်မှု လယ်ယာနှင့် ပိုမိုကောင်းမွန်သည့် နည်းပညာများ အသုံးပြုခြင်း၊ ကျေးလက် ဒေသ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီခြင်း နှင့် လူမှုရေးအရ တာဝန်ခံမှုရှိသော ရင်းနှီးမြှုပ်နှံမှုတို့သည် ရခိုင်ပြည်နယ် တွင် ဆောင်ရွက်မည့် LIFT ၏ မဟာဗျူဟာ ၏ အဓိက မဏ္ဍိုင်များ ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင်ရခိုင် ပြည်နယ် တွင် စတင်ခဲ့သည့် အစိုးရ၏နိုင်ငံအဝှမ်း အာဟာရချို့တဲ့မှု တိုက်ဖျက်ရေး စီမံကိန်းအား LIFT ၏ အာဟာရဆိုင်ရာ အခန်းကဏ္ဍ မှ ကူညီပံ့ပိုးပေးခဲ့ပါသည်။

LIFT ၏ စီမံကိန်းလုပ်ငန်းသည် အခြေအနေနှင့် လိုက်လျော ညီထွေ ဖြစ်ပြီး ရန်ပုံငွေ၏ တာဝန်အဆင့် အကျိုးရလဒ် ၄ ခုစလုံးအား ရရှိရန် ရည်ရွယ်သော ပဋိပက္ခ အလေးထားတုံ့ပြန်ပြီး အားလုံးပါဝင်သည့် ချဉ်းကပ်နည်းလမ်းကို လိုက်နာ ဆောင်ရွက်ပါသည် -

- ပိုမိုကောင်းမွန်သည့် မူဝါဒများနှင့် အစိုးရ အသုံးစရိတ်များ
- ကျေးလက်ဒေသနေ အိမ်ထောင်စုများအတွက် ဝင်ငွေ တိုးပွားစေခြင်း
- ဆင်းရဲနွမ်းပါးသည့် ကျေးလက်နေ အိမ်ထောင်စုများ နှင့် ရပ်ရွာလူထုများ တုန်လှုပ်ခြောက်ခြားမှု၊ ဖိစီးမှု များ နှင့် အကျိုးမဲ့မည့် အခြေအနေများအား ပိုမို ကြံ့ကြံ့ခံနိုင်စွမ်းအားတိုးတက်စေခြင်း
- အမျိုးသမီးများ၊ အမျိုးသားများ နှင့် ကလေးသူငယ်များ အတွက် ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှု တိုးတက်စေခြင်း

LIFTသည်လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု တို့ကြား ကွာဟချက်ကို ချိတ်ဆက်ပေးရန် ဆက်လက် ကူညီပံ့ပိုး ပေးပါသည်။ LIFT သည်ဆွေးနွေးတိုင်ပင်သဘောထားရယူခြင်း လုပ်ငန်းစဉ်မှ ဖော်ထုတ်ထားပြီး ကော်မရှင်၏ အကြံပြု ချက် များနှင့် ကိုက်ညီသည့် စခန်းများ စနစ်တကျ ပိတ်သိမ်း ခြင်းကြောင့်

သက်ရောက်မှုရှိသည့် လူအများအတွက် ဂုဏ်သိက္ခာ ရှိသော နည်းလမ်းများဖြင့် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဖြေရှင်းနည်း လမ်းများအား ဆက်လက် ကြိုးပမ်းရှာဖွေလျက် ရှိပါသည်။ [၂၈]

နိုင်ငံတကာ အသိုင်းအဝိုင်း၊အစိုးရနှင့် ရခိုင်ပြည်သူများ အကြား ယုံကြည်မှုပျက်ပြားသွားခြင်းက ရခိုင်ပြည်နယ် ရှိ ပြည်သူများ အတွက် လူမှု ပေါင်းစည်းညီညွတ်မှု၊ လူသားချင်းစာနာမှု နှင့် ဖွံ့ဖြိုးမှု ဆိုင်ရာ ကြိုးပမ်းအား ထုတ်မှုများကို အားနည်းစေပါသည်။ LIFT ၏ စီမံကိန်း လုပ်ငန်းများသည် အားလုံးပါဝင်စေပြီးအားလုံးအတွက် အကျိုး ကျေးဇူးများ ပေးအပ်မည့်လုပ်ငန်းများဖြစ် ကြောင်း ရခိုင်ပြည်နယ်ရှိ ပတ်သက်ဆက်နွယ်သူများ အားလုံးအား ပွင့်လင်းမြင်သာစွာ သိရှိစေရန် ကြိုးပမ်းခဲ့ပြီး၊ အသိ ပညာ မြှင့်တင်ရန် ရခိုင်ပြည်နယ်အစိုးရ၊ အရပ်ဘက် လူမှု အဖွဲ့အစည်း နှင့် အများပြည်သူနှင့် အပြန်အလှန် ဆွေးနွေး တိုင်ပင်ရန် ဆက်လက် ကြိုးပမ်း ခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် လူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ အကျပ် အတည်းကို တုံ့ပြန်ခြင်း

၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့်တိုက်ခိုက်မှု များ နှင့် ဆက်စပ်သည့် လုံခြုံရေးဆိုင်ရာ စစ်ဆင်ရေးများက ရခိုင်ပြည်နယ်အတွင်း လူထောင်ပေါင်း များစွာ အား နေရပ်စွန့်ခွာတိမ်းရှောင်စေခဲ့ပြီး နိုင်ငံမဲ့ မွတ်စ်လင်မ် ၇၀၀,၀၀၀ နီးပါး ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေး တိမ်းရှောင် သွားခဲ့ကြပါသည်။ အဆိုပါဖြစ်ရပ် များကြောင့် ရခိုင်ပြည်နယ်အတွင်းတွင် မတူ ကွဲပြား သည့် တိုင်းရင်းသား လူမျိုးစုများ အချင်းချင်း၊ပြည်တွင်း နှင့် နိုင်ငံတကာလုပ်ရှားဆောင်ရွက် သူများ အချင်းချင်း ဆက်ဆံရေးများ အပါအဝင်ပတ်သက် ဆက်နွယ်သူများ ကြား ဆက်ဆံရေးများ ထိခိုက်စေခဲ့ပါသည်။ အဆိုပါ ဖြစ်ရပ်များသည် ရခိုင်ပြည်နယ် အနေအထား ပြောင်းလဲခဲ့ပြီး LIFT ၏ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ပုံ နည်းလမ်းတို့ကိုလည်း ပြောင်းလဲ ပုံဖော်ခဲ့ပါ သည်။

၂၀၁၈ ခုနှစ်အတွင်းတွင် LIFT ၏ မိတ်ဖက်အဖွဲ့များသည် ရခိုင်ပြည်နယ်တွင် စီမံကိန်း လည်ပတ်ဆောင် ရွက်မှု စိန်ခေါ်မှုအခက်အခဲများ၊ အခြေအနေများ နှင့် စပ်လျဉ်း၍ တင်ပြရန် LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့ နှင့် ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး တို့နှင့် ပုံမှန် တွေ့ဆုံ ခဲ့ကြပါသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ရခိုင်ပြည်နယ်တွင် ရှိသည့် ပြည်သူ အားလုံး၏ လူသားချင်းစာနာထောက် ထားမှုဆိုင်ရာ နှင့် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ လိုအပ် ချက်များအား ပိုမို တည်ငြိမ်စေမှု၊ အပြန်အလှန်မှီတည်မှု၊ ကြီးပွားချမ်းသာပြီး တိုးတက်မှုရှိစေရန် ပေါင်းစပ် ညှိနှိုင်းသော နည်းလမ်းဖြင့် သေချာစွာ ဖြေရှင်းနိုင်ရန် အတွက် ကန်ဒေါ်လာ ၁၀ သန်းတန် အဆိုပြုလွှာ ဖိတ်ခေါ်ချက်များ ထုတ်ပြန်ခဲ့ပါသည်။ အဆိုပြုလွှာ ဖိတ်ခေါ်ချက်များ၏ ရည်ရွယ်ချက်များအား အကြံပေး ကော်မရှင် ၏ အကြံပြုချက်များ နှင့် ချိန်ညှိထားပါသည်။ အဆိုပြုလွှာ ဖိတ်ခေါ်ချက်များအား စီမံကိန်းဆောင်ရွက် ချက် နယ်ပယ် ၂ ခု - ဘေးကင်းလုံခြုံသည့် အသက်မွေး ဝမ်းကျောင်းမှုကို လက်လှမ်းမီခြင်း နှင့် အာဟာရပြည့်ဝခြင်း တို့တွင် အာရုံစိုက်ထားပါသည်။ လျှောက်ထားသူများ အနေဖြင့် ဖော်ထုတ်ထားသည့် ရခိုင် ပြည်နယ်ရှိ ပြည်သူအားလုံး၏ လိုအပ်ချက် များအား ဖြေရှင်းရန် ပေါင်းစည်းညှိနှိုင်းပြီး ရှေ့နောက် ညီညွတ်သည့် ချဉ်းကပ် နည်းလမ်းကိုသေချာစွာ အသုံးပြုနိုင်ရန် ရခိုင်ပြည်နယ် တွင် စီမံကိန်းလုပ်ငန်း လုပ်ကိုင်သည့် နိုင်ငံတကာ လှုပ်ရှား ဆောင်ရွက် သူများအားလုံး လိုက်နာရန် လိုအပ်သည့်လုပ်ငန်း လည်ပတ်ဆောင်ရွက်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း များအား လိုက်နာရန် ပန်ကြားခဲ့ပါ သည်။ အကောင် အထည်ဖော်ရေး မိတ်ဖက် ၂၃ ဖွဲ့ ပါဝင်ပြီး စုစုပေါင်း တန်ဖိုး ကန်ဒေါ်လာ ၄၁ သန်း နီးပါး တန်ဖိုးရှိသည့် အဆိုပြုလွှာ ရှစ်စောင် လက်ခံရရှိခဲ့ပါသည်။ LIFTမှ ဘေးကင်း လုံခြုံသည့် အသက်မွေးဝမ်းကျောင်းမှုအား လက်လှမ်းမီခြင်း နှင့် အာဟာရပြည့်ဝခြင်းတို့အား ပဋိပက္ခ အလေးထားတုံ့ပြန်သည့် နည်းလမ်းဖြင့်ဖြေရှင်းရန် အဆိုပြုသည့် အဆိုပြုလွှာ ၃ စောင်အား ရွေးချယ်ခဲ့ပြီး ရန်ပုံငွေ ဘုတ်အဖွဲ့ ထံ တင်ပြခဲ့ရာ စီမံချက် သုံးခု အတွက် ရန်ပုံငွေ ဘုတ်အဖွဲ့ ၏ ခွင့်ပြုချက်အား ၂၀၁၈ ခုနှစ် မတ်လ တွင် ရရှိခဲ့ပါသည်။

- VisionFund Myanmar - ပဋိပက္ခ ထိခိုက် ခံစားခဲ့ရသည့် ရပ်ရွာလူထုများအတွက် အားလုံးပါဝင်စေပြီး ရေရှည် တည်တံ့သည် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ အား လက်လှမ်းမီ ရရှိစေရန် အတွက် ပံ့ပိုးပေးရန်
- Save the Children International - ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ ရပ်ရွာလူထုအားလုံးအတွက်အာဟာရ ပြည့်ဝမှု၊ အမူအကျင့် ပြောင်းလဲရေး သတင်းစကားပြောကြားမှုများ(SBCC) နှင့် အလွန်အမင်း အာဟာရ ချို့တဲ့မှုအား ရပ်ရွာလူထု အခြေပြု စီမံခန့်ခွဲခြင်း (community-based management of acute malnutrition - CMAM)တို့တွင် အာရုံစိုက် ပံ့ပိုးပေးရန်
- Danish Refugee Council/Norwegian Refugee Council - IDP စခန်းများ ရှိ လူငယ်များ နှင့် ရခိုင် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းကျွမ်းကျင် မှုဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးခြင်းဖြင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ကွာဟ ချက်ကို ပေါင်းကူးပေးရန်အတွက် ကူညီ ပံ့ပိုး ပေးရန်

အကဲဖြတ်သုံးသပ်ရာတွင် ကောင်းမွန်သည့်မှတ်ချက် ရရှိ သည့် အဆိုပြုလွှာများအား နောင်ရန်ပုံငွေ ရရှိသည့်အခါ ထည့်သွင်းစဉ်းစားရန် ရည်ရွယ်ထား ပါသည်။ ၂၀၁၈ ခုနှစ်ဇွန်လတွင် LIFT ၏ ရန်ပုံ ငွေ စီမံခန့်ခွဲမှု ရုံး (FMO) မှ ရခိုင်ပြည်နယ်ရှိ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် အသက်မွေးဝမ်းကျောင်းမှု နှင့် ဖြေရှင်းနည်းလမ်းများဖြင့် ပြန်လည် ထူထောင်ခြင်း အယူအဆ တင်ပြချက်ကို ရေးသားပြုစုပြီး ဖြန့်ဝေခဲ့ရာ ရန်ပုံငွေ ဘုတ်အဖွဲ့ (Fund Management Office -FMO) မှ စခန်းများပိတ်သိမ်းခြင်း နှင့် ဂုဏ်သိက္ခာရှိသည့် ဖြေရှင်း နည်းလမ်းများ ရှာဖွေရန် စီမံချက်ဒီဇိုင်းများ ရေးဆွဲရန် စိတ်အားထက်သန်ကြောင်း ထုတ်ဖော် ပြောကြားသည့် မိတ်ဖက်အဖွဲ့များ ဖော်ထုတ်ရွေးချယ် ပြီး လက်ခံပေးခဲ့ပါသည်။ UNHCR နှင့် OCHA တို့မှ စခန်းများ ပိတ်သိမ်းမှု နှင့် စပ်လျဉ်းသည့် လူသားချင်း စာနာ ထောက် ထားမှုဆိုင်ရာ နှင့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရန် အတွက် LIFT ၏ ရန်ပုံငွေ

၂၈။ အကြံပြုချက်- ၂၄၊၂၅ နှင့် ၂၆

ဘုတ်အဖွဲ့ နှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး IDP စခန်းအား ပိတ်သိမ်းရာတွင် လူမှု ပြန်လည် ပေါင်းစည်းနိုင်မည့် အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုး တိုးတက်ရေးအတွက် အလားအလာ ရှိသောမြေပုံ မြို့နယ်ရှိ စခန်းတစ်ခုအား ရွေးချယ်ခဲ့ပါသည်။ LIFT သည် တင်သွင်းလာသည့် အဆိုပြုလွှာများအား အကဲဖြတ်သုံးသပ်ခဲ့ပြီး မြေပုံ မြို့နယ်ရှိ IDP စခန်း နှင့် နေရပ်စွန့်ခွာတိမ်းရှောင်သူများ ယခင်က ခိုလှုံခဲ့သည့် မြောက်ဦး အနီးတဝိုက်ရှိ ရပ်ရွာလူထုများ အတွက် ဦးတည်ဆောင်ရွက်မည့် စီမံချက်ကို အကောင်အထည်ဖော်ရန် အတွက် Relief International နှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် စာချုပ်ချုပ်ဆိုခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် ဥရောပ သမဂ္ဂမှ ရခိုင်ပြည်နယ်ရှိ IDP စခန်းများ တွင် စီမံကိန်း လုပ်ငန်းများဆောင်ရွက်ရန် အတွက် မှတ်ချက် ပြုထားသည့် ထပ်ဆောင်း ရန်ပုံငွေ (ယူရို ၅ သန်း) ကို ပံ့ပိုးပေးခဲ့ပါသည်။

၂၀၁၉ခုနှစ် ဖေဖော်ဝါရီလတွင် ကနေဒါ နိုင်ငံအစိုးရ၏ နိုင်ငံတကာရေးရာအဖွဲ့ (Global Affairs Canada) သည် LIFT၏ ဆောင်ရွက်ဆဲ ထိခိုက်လွယ် ရပ်ရွာလူထုများ၏ လိုအပ်ချက်များ နှင့် အခွင့်အရေးများ လူမှု ပေါင်းစည်း ညီညွတ်မှုအတွက် ကူညီပံ့ပိုးရန်၊ ကျား၊မ ရေးရာ တန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းမြှင့်တင်မှု အားကောင်းစေရန် နှင့် LIFT ၏ ကတိကဝတ်များ ရရှိအောင်မြင်စေရန်တို့အတွက် LIFT ၏ ၂၀၁၉-၂၀၂၃ အဆင့်တွင် ရခိုင် စီမံကိန်း အတွက် လျာထားသည့် သုံးနှစ်တာ ကာလအတွက် ကနေဒါ ဒေါ်လာ ၁၆ သန်းပံ့ပိုးရန် ကတိကဝတ်ပြုခဲ့ရာ LIFT ၏ အလှူရှင် အဖွဲ့ဝင် တစ်ဖွဲ့ ဖြစ်လာခဲ့ပါသည်။

၂၀၁၈ ခုနှစ် အတွင်း အကန့်အသတ်များနှင့် လိုက်လျောညီထွေဖြစ်အောင် တုံ့ပြန်မှုများ

၂၀၁၈ ခုနှစ်အတွင်းတွင် အထူးသဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အစိုးရမှ လွတ်လပ်စွာ သွားလာခွင့် အပေါ် ထိန်းချုပ် ကန့်သတ်ထားသဖြင့် အချို့နေ ရာများတွင် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် တင်းကြပ်စွာ ကန့်သတ်ခံခဲ့ရပါသည်။ ၂၀၁၈ ခုနှစ် ဒုတိယနှစ်ဝက်တွင် အကန့်အသတ်နှင့် ခွင့်ပြုချက်များ ကြိုကြားကြိုကြားရရှိခဲ့သဖြင့် အားတက်ဖွယ်ရာ ဖြစ်ခဲ့သည်။ မိတ်ဖက်များအနေဖြင့် တစ်နှစ်ပတ်လုံး ၎င်းတို့၏ စီမံကိန်းချဉ်းကပ်နည်း လမ်းများကို အဆိုပါ ကန့်သတ်ချက်များ နှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခဲ့ကြပါ သည်။

၂၀၁၈ ခုနှစ် ဒုတိယ နှစ်ဝက်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization - ILO)သည် ရခိုင်ပြည်နယ်ရှိ အသက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနနှင့် အတူ လက်တွဲ၍ လုပ်သားဈေးကွက် လေ့လာဆန်းစစ်မှု ဆောင်ရွက်ခဲ့ပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ မွတ်စ်လင်မ်နှင့် ဗုဒ္ဓဘာသာ အကျိုးခံစားခွင့်ရှိသူများအတွက် သက်မွေးပညာသင်တန်းများ စတင်ပို့ချ ပေးနိုင်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ILO ၏ သွားလာ ဆောင်ရွက်မှု ကို ထပ်မံ ကန့်သတ်ခြင်း ခံရပါသည်။

၂၀၁၇ခုနှစ် ဩဂုတ်လ တိုက်ခိုက်မှုများနောက်တွင် Danish Refugee Council (DRC) နှင့် Norwegian Refugee Council (NRC) တို့မှ ၎င်းတို့၏ စီမံချက် လုပ်ငန်းများအား စစ်တွေမြို့နယ်ရှိ ရပ်ရွာလူထုများအတွက် ပြောင်းရွှေ့ ဦးတည်လိုက်ပါသည်။ မိတ်ဖက်အဖွဲ့ နှစ်ဖွဲ့စလုံးသည် မောင်တောတွင် ဒေသခံ ဝန်ထမ်း အနည်းငယ်မျှဖြင့်စီမံကိန်း ရုံးခန်းများ ဆက်လက် ဖွင့်ထားခြင်းဖြင့် လုပ်ငန်းရပ်တည်မှုအား ဆက်လက် ထိန်းသိမ်းထားခဲ့ပါသည်။ ၂၀၁၇ ခုနှစ် နောက်ပိုင်း ပထမဦးဆုံး အကြိမ် အဖြစ် ၂၀၁၈ ခုနှစ် မေလတွင် အခြား DRC နှင့် NRC ဝန်ထမ်းများ မောင်တောဒေသသို့ သွားလာခွင့်ရရှိ ခဲ့ပါသည်။ ခရီးသွားလာခွင့်အား မောင်တောမှ အချင်း ၄မိုင်ပတ်လည် အကွာ အဝေးအတွင်း သာ ခွင့်ပြုခဲ့ပါသည်။ DRC နှင့် NRC တို့သည် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးစုများ ရောနှောနေထိုင်သည့် ရွာများကို ဖော်ထုတ်ရွေးချယ်နိုင်ခဲ့ပြီး ဇွန်လတွင် မောင်တောရုံးမှ မွတ်စ်လင်မ် ဝန်ထမ်းအနည်းငယ်၏ ပံ့ပိုးမှုဖြင့် စီမံကိန်း လုပ်ငန်းများ ပြန်လည် စတင်ရန် စီစဉ်နိုင်ခဲ့ပါသည်။ သို့ရာတွင် ခရီးသွားလာခွင့်မှာ ပြဿနာတစ်ရပ်အဖြစ် ရှိနေဆဲ ဖြစ်ပါသည်။ စီမံချက်မှ ရခိုပြည်နယ်အလယ်ပိုင်းသို့ ရန်ပုံငွေများ ပြောင်းရွှေ့ ခွဲတမ်းချရန် နှင့် အကျိုးခံစားခွင့်ရှိသူများထံ ဦးတည်ရန်အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ ဘတ်ဂျက်မပါသည့် သက်တမ်းတိုးမှု ရရှိခဲ့ပါသည်။

CARE သည် ၂၀၁၇ခုနှစ် ဩဂုတ်လမှ စ၍ ရသေ့တောင်မြို့နယ် ရှိ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ် ရိက္ခာ ဖူလုံမှု စီမံချက် ဒေသများသို့ သွားရောက်နိုင်ခြင်း မရှိခဲ့ပါ။ LIFT ရန်ပုံငွေ ဘုတ်အဖွဲ့သည် ၂၀၁၈ ခုနှစ် အစောပိုင်းတွင် ရက်သတ္တခြောက်ပတ် ကြိုတင်အသိပေး၍ စီမံကိန်း ကို ရပ်ဆိုင်းထားရန် သဘောတူခဲ့ပါသည်။ FMO သည် CARE သို့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် တရားဝင်စာပေးပို့ခဲ့ပြီး စီမံချက်အား ၂၀၁၈ ခုနှစ် ဧပြီမှ စတင်ရပ်ဆိုင်း ခဲ့ပါသည်။ CARE သည် စီမံကိန်း လုပ်ငန်းများ ပြန်လည် စတင်နိုင်ခြင်း မရှိတော့ဘဲ ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် စီမံကိန်း ပိတ်သိမ်းခဲ့ပါသည်။ CARE အနေဖြင့် ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ မြေပုံ၊ မင်းပြား နှင့် ပေါက်တောမြို့နယ်များရှိ တက်လမ်း စောင့်ကြည့်ကြီးကြပ်ရေးနှင့် အကဲဖြတ်သုံးသပ်ရေး စီမံချက် များသို့ လည်း သွားရောက်နိုင်ခြင်း မရှိတော့ပါ။ ၎င်းတို့သည့် မိမိသဘောဆန္ဒနှင့် လုပ်ဆောင်ကြသည့် ငွေစုငွေချေး အသင်းများ (Voluntary Savings and Loans Associations - VSLA) အား လေ့လာရန် နည်းလမ်း အသစ်ကို စမ်းသပ်ခဲ့ပြီး အဓိကသတင်းအချက်အလက်ပေးသူများနှင့် မေးမြန်းခြင်းများအား တယ်လီဖုန်းဖြင့် ပြုလုပ်ကာ အရေအတွက် ကိန်းဂဏန်းများကို စုဆောင်းရယူခဲ့ပါသည်။

တက်လမ်း-၂ စီမံချက်သည်လည်း ၂၀၁၇ ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများ နောက်ပိုင်းတွင် အခြားသော အကောင်အထည်ဖော်ရေး မိတ်ဖက်များကဲ့သို့ ဒေသခံပြည်သူများ၏ INGO ဆန့်ကျင်ရေး စိတ်ခံစားမှုများ မြင့်တက်နေခြင်းကို ကြုံတွေ့ခဲ့ကြရသည်။ ထိုသို့သော အခြေအနေကြောင့် တက်လမ်း - ၂ ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များဖြစ်သည့် IRC နှင့် Save the

Children တို့၏ ရုံးများ ရက်သတ္တပါတ်ပေါင်းများစွာ ပိတ်ထားခဲ့ရပါသည်။ လုပ်ငန်းများ ပြန်လည်စတင်နိုင်သည့် အချိန်တွင်လည်း နိုင်ငံတကာဝန်ထမ်းများ အတွက် ခရီးသွားလာခွင့် ရယူရန် အခက်အခဲများကြောင့် အကျပ်အတည်းများရှိနေဆဲ ဖြစ်ပါသည်။ မိတ်ဖက်အဖွဲ့ နှစ်ဖွဲ့လုံးမှ ရပ်ရွာလူထုများ နှင့်ရော အာဏာပိုင်များနှင့်ပါ ထိတွေ့ဆောင်ရွက်ပြီး ဆက်ဆံရေးများ ပြန်လည် တည်ဆောက်နိုင်ရန်ဆက်လက်လုပ် ဆောင်ခဲ့ကြပါသည်။ Save the Childrenသည် ပေါက်တော၊ မင်းပြားနှင့်မြေပုံ မြို့နယ်များ မှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (General Administration Department -GAD)နှင့် မြို့နယ် ကျန်းမာရေး ဦးစီးဌာန နှင့် လက်တွဲ၍ အကောင်အထည်ဖော်လျက်ရှိသည့် ကျေးရွာများထံ သွားရောက်နိုင်ရန် ကြိုးပမ်းခဲ့ပြီး ၂၀၁၈ ခုနှစ် ဖွန်လတွင် သွားရောက်လုပ်ကိုင် ခွင့်ရရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ် အတွင်း IRC မှ အစိုးရ ဝန်ထမ်းများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ နှင့် CSO များ အတွက် သင်တန်းအမျိုးမျိုး ပို့ချ ပေးခဲ့ပါသည်။ ရလဒ်အနေဖြင့်ထိုနှစ်အတွင်းတွင် ကျေးရွာလူထု နှင့် မြို့နယ် အာဏာပိုင်များကြား ဆက်ဆံရေးများ တိုးတက်ကောင်းမွန်လာခဲ့ကြပါသည်။

ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မိတ်ဖက်များအနေဖြင့် ခရီးသွားလာခွင့် ကန့်သတ်ချက်များ၏ သက်ရောက်မှု နည်းပါးသဖြင့် ၂၀၁၈ ခုနှစ်တလျှောက်လုံး ၎င်းတို့၏ စီမံကိန်း လုပ်ငန်းများအား ဆက်လက် လုပ်ဆောင်နိုင်ခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ်တွင် VisionFund မှ အကောင်အထည်ဖော်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု စီမံချက် အသစ်သည် ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ မြို့နယ် သုံးခုတွင် စတင်ခဲ့ပါသည်။

ကန့်သတ်ချက်များ ရှိသော်လည်း LIFT၏ နိုင်ငံတကာ အကြံပေးပုဂ္ဂိုလ်များ အတွက် ရခိုင်ပြည်နယ်သို့ခရီးသွားလာခွင့် ရယူပေးနိုင်ခဲ့ပြီး ကာလလယ် အကဲဖြတ်သုံးသပ်မှုများ၊ ကွင်းဆင်းစစ်ဆေးရေး ခရီးစဉ်များ နှင့် စီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ နှင့်ဆိုင်သည့် စီစဉ်ထားသည့် လှုပ်ရှားမှုများအတွက် IDP စခန်းများထံ သွားရောက်ခွင့် ရယူနိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း LIFT မှ တောင်းခံခဲ့သည့် ရခိုင်ပြည်နယ်သို့ ခရီးသွားလာခွင့်များအားလုံး ခွင့်ပြု ချက် ရရှိခဲ့ပါသည်။

## စိတ်ဝင်စားဖွယ်ရာများ

နည်းပညာနှင့် အသက်မွေးဝမ်းကျောင်း ပညာရေး

Danish Refugee Council (DRC)/ Norwegian Refugee Council (NRC)နှင့် အသက်မွေးမှု ပညာ သင်တန်းများ နှင့် အသက်မွေး ဝမ်းကျောင်းမှု အခွင့်အလမ်းများ စီမံချက်သည် ၂၀၁၈ ခုနှစ် ဧပြီတွင် သင်တန်းသား အသစ်များ လက်ခံခဲ့ပါသည်။ စီမံချက်သည် ၂၀၁၈ခုနှစ် အတွင်း စစ်တွေရှိ IDP စခန်းများရှိ လူငယ်လူရွယ်ပညာရေးအစီအစဉ် ဌာနများတွင် အသိအမှတ်ပြုလက်မှတ်ရ သင်တန်း ပေးသူများမှ လူငယ် ၃၃၈ ဦးအတွက် ရွှေ့လျား လူမှုဘဝနေထိုင်ရေးဆိုင်ရာ သင်တန်းများ၊ ၂၉၇ ဦးအတွက် ရွှေ့လျား အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများနှင့် လူငယ် ၁၉၇ ဦး အတွက် အသက်မွေး ကျွမ်းကျင်မှု သင်တန်းများအား ပို့ချပေးခဲ့ပါသည်။

ဘတ်ဂျက်မပါဝင်သည့် စီမံကိန်း သက်တမ်းတိုးကာလ (၂၀၁၈ ခုနှစ် ဖွန်လမှ ဒီဇင်ဘာလအတွင်း) အဆိုပါ ပူးပေါင်းအဖွဲ့များသည် ရွာပေါင်း ၂၀ ကို နေရာပြောင်းရွှေ့ပေးခဲ့ပြီး သင်ကြားဆဲ သင်တန်းများအား စခန်းများတွင် အပြီးသတ်ပို့ချခဲ့ပါသည်။ စီမံချက် နေရာအသစ်များကိုလည်း ပဋိပက္ခအလေးထားသည့် ရှုထောင့်မှ ရှုမြင်သုံးသပ်ခဲ့ပါသည်။ ရွေးချယ်ထားသည့် ရွာများတွင် အသက်မွေးမှုဆိုင်ရာ လိုအပ်ချက်များ ဖော်ထုတ်ရန် နှင့် ကျောင်းမတက်နိုင်တော့သူများနှင့် အလုပ်လက်မဲ့ လူငယ်များအား သင်တန်း တက်ရန်အတွက် စည်းရုံးနိုင်ရန် စစ်တမ်းများ ကောက်ယူခဲ့ပါသည်။ သင်တန်းသားများရွေးချယ် ရာတွင် အဖွဲ့အစည်းဆိုင်ရာ အမှတ်ပေးစနစ်အတိုင်း ထိခိုက်လွယ်မှု စံ သတ်မှတ်ချက်ပေါ် အခြေခံပြီး ရွေးချယ်ခဲ့ပါသည်။ DRC မှ လေ့ကျင့်သင်ကြားပေး လျက်သည့် သင်တန်းအမျိုးအစားများအား ၄မျိုးမှ ၁၉ မျိုးအထိ တိုးမြှင့် ပေးခဲ့ပြီး စာတတ်မြောက်ရေး သင်တန်း နှင့် အခြေခံ သင်္ချာ အချက်အလက် နည်းပညာအပါအဝင် အခြား လိုအပ်သည့်ကျွမ်းကျင် မှု ဆိုင်ရာ အခမဲ့ သင်တန်းများ စတင် မိတ်ဆက် ပေးခဲ့ပါသည်။

ဘတ်ဂျက်မတိုးဘဲ စီမံကိန်း သက်တမ်းသာတိုးသည့် ကာလအတွင်း လူငယ် ၃,၈၀၀ ဦး အား လူမှုဘဝနေထိုင်မှု နှင့် ဆိုင်သော သင်တန်းများ၊ လူငယ် ၁,၈၁၃ဦး အား ရွှေ့လျားအသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများအား အသိအမှတ်ပြု လက်မှတ်ရ သင်တန်းပေးသူများဖြင့် သင်တန်းပေးခဲ့ပြီး၊ လူငယ် ၁,၂၉၀ ဦးအား အသက်မွေးမှုဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ ပေးခဲ့ကာ၊ သင်တန်းဆရာ ၄၃ ဦးတို့ စွမ်းဆောင်ရည်တည်ဆောက်မှု သင်တန်းများ ရရှိခဲ့ပါသည်။ ထို့အပြင် နည်းပြ- လမ်းညွှန်သူ တစ်ဦးချင်းစီတို့က အကျိုးခံစားခွင့်ရှိသည့် အိမ်ထောင်စုများထံ ပျမ်းမျှ အကြိမ် ၃၀ ခန့် သွားရောက်ခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) မှ အစိုးရ ၏ အသက်မွေးဝမ်းကျောင်း သင်တန်းကျောင်းသုံးခုအား အထောက်အပံ့ပေးလျက် ရှိပါသည်။ ဝန်ထမ်းခေါ်ယူခန့်ထားသည့် လုပ်ငန်းစဉ် နှင့် စီမံချက်မှ နည်းပညာ၊ အသက်မွေးပညာနှင့် လေ့ကျင့်ရေး (Technical and Vocational Education and Training -TVET) မဟာဗျူဟာ ဒီဇိုင်းဆွဲရန် ရခိုင်ပြည်နယ်အစိုးရနှင့်တိုက်ရိုက် ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ ပါဝင်နေသဖြင့် ၂၀၁၇ ဩဂုတ်နောက်ပိုင်းတွင် ရခိုင်တွင် မည်သည့်အချိန်တွင် မည်သို့ ထိတွေ့ဆောင်ရွက်ရမည်ကို ILO မှ ထည့်သွင်းစဉ်းစားနေခြင်းကြောင့် စီမံချက် စတင်ရန် နှောင့်နှေးခဲ့ပါသည်။ ILOသည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စစ်တွေရှိ စီမံချက် လုပ်ငန်းများ အတွက် ဝါရင့် နည်းပညာဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခေါ်ယူခန့်ထားခဲ့ပြီး စစ်တွေတွင် TVET ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဖွဲ့စည်းခဲ့ပါသည်။ အစိုးရအဖွဲ့ အစည်းအဆင့်ဆင့်နှင့် ဆွေးနွေးညှိနှိုင်းမှုများ

မှတဆင့် ၂၀၁၈ခုနှစ် ဩဂုတ်လတွင် မောင်တော မြို့နယ်ရှိ မွတ်စ်လင်မ် သင်တန်းသားများ နှင့် အခြားတိုင်းရင်းသား လူမျိုးစုများမှ သင်တန်းသားများ အတွက်မော်တော်ဆိုင်ကယ် စက်ပြင်နှင့်ပြုပြင် ထိန်းသိမ်းခြင်း ဆိုင်ရာ နည်းပညာနှင့် အသက်မွေးမှုသင်တန်း စတင်ရန် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး မှ ခွင့်ပြုလိုက်ကြောင်း ILO အား အသိပေးခဲ့ပါသည်။ ILO မှ ရခိုင်ပြည်နယ် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာ နှင့် သင်တန်းကျောင်းနှင့် အတူလက်တွဲပြီး ရခိုင်ပြည်နယ်တွင် လုပ်သားဈေးကွက် လေ့လာဆန်းစစ်မှု နှင့် အစိုးရ နည်းပညာသိပ္ပံ (GTI) များ နှင့် အစိုးရ နည်းပညာ အထက်တန်းကျောင်း (GTHS) များ အား ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် သင်တန်း ပေးခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် နည်းပညာနှင့် အသက်မွေးမှုပညာသင်ကြားရေးတွင် ရင်းနှီးမြှုပ်နှံခြင်းမှာ နိုင်ငံ၏ အနာဂတ် အတွက် ရင်းနှီးမြှုပ်နှံခြင်းဖြစ်ပါသည်။ ထိုရင်းနှီးမြှုပ်နှံမှုမှ ရခိုင်ပြည်နယ်၏ စီးပွားရေးအသစ်တဖန်ပြန်လည် ထူထောင်လာနိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေး မည့် ငယ်ရွယ်သူသင်တန်းသားများအား သင့်လျော် သည့် ကျွမ်းကျင်မှုများ လေ့ကျင့်သင်ကြားပေးပြီး အကောင်း ဆုံး အခြေအနေတွင် စီးပွားရေးလုပ်ငန်းသစ်များ စတင် ထူထောင်နိုင်ရန် ငွေကြေးထောက်ပံ့မှု လက်လှမ်းမှီ စေမည်ဖြစ်ပါသည်။ ထိုငယ်ရွယ်သူများ အနေဖြင့် အတူတကွလေ့ လာသင် ယူရန်၊ သံသယများ နှင့် ယုံကြည်မှုကင်းမဲ့ခြင်းများ ချေဖျက်နိုင်ရန် အခွင့်အလမ်း ရရှိပါက ရပ်ရွာလူထုအဆင့် ငြိမ်းချမ်းရေး တည်ဆောက်မှုတွင် ပါဝင်နိုင်မည်ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းဆောင်ရွက်ချက်များ၏ အလားအလာအား အပြည့်အဝ နားလည်သဘော ပေါက်စေရန်မှာ လက်ရှိ နိုင်ငံတော်အဆင့် နှင့် ပြည်နယ် အဆင့် မူဝါဒ အချို့အား အခြေခံကျကျ ပြောင်းလဲပြီး ရပ်ရွာလူထု ပေါင်းစည်းပါဝင်သည့် နည်းပညာ နှင့် အသက်မွေးပညာကို ဦးစားပေးရန် လိုအပ်ပြီး ပြည်နယ်၏ စီးပွားရေးအပေါ် လုံခြုံရေးအရ ထိန်းချုပ်ကန့်သတ်ထားခြင်းများအား ဖယ်ရှားပစ်ရန် လိုပါသည်။

အာဟာရ ပြည့်ဝမှု

၂၀၁၈ခုနှစ်တွင် IRC နှင့် Save the Children မှ အကောင်အထည်ဖော်သည့် တက်လမ်း စီမံချက် မှ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးခြင်း(MCCT)နှင့် အမူအကျင့်ပြောင်းလဲရေး သတင်းစကား ပြောကြားမှုများ(SBCC) လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၈ ခုနှစ် မတ်လတွင် မိခင်နို့တိုက်ကျွေးသူ များအား ကောက်ယူခဲ့သည့် စစ်တမ်းအရအသက် နှစ်နှစ်အောက် ကလေးသူငယ်များအား ဖြည့်စွက်စာ ကျွေးခြင်း (IYCF) အမူအကျင့်များ ဆိုင်ရာ အမျိုး သမီးများ ၏ အသိအမြင်များ သိသိသာသာ ကောင်းမွန်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်တွင် လူမှုဝန်ထမ်း ဦးစီးဌာန မှ ရခိုင်ပြည်နယ် ရှိ မြို့နယ်များအားလုံးတွင် MCCT စီမံကိန်း စတင် ခဲ့ပါသည်။ Save the Children မှ ရခိုင်ပြည်နယ်နှင့် နေပြည်တော်တွင် နည်းပညာအကူအညီ ပေးခဲ့ပြီး အစိုးရ ဦးဆောင်သည့် MCCTနည်းပညာ ရည်ညွှန်းအုပ်စု ၏ အစိတ်အပိုင်း တစ်ခုဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် မေလ နှင့် ဇွန်လ တွင် Save the Children နှင့် IRC တို့သည် တက်လမ်း စီမံကိန်းမှ လူမှုဝန်ထမ်းဦးစီးဌာန နှင့် စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ တက်လမ်း၏ အကျိုးခံစားခွင့်ရှိသူများ အားလုံးကို နှစ်ခါ ထပ်ခြင်း မရှိဘဲ အားလုံးလွှမ်းခြုံနိုင်အောင် ကြိုးပမ်းခဲ့ပါသည်။ ၂၀၁၈ ခုနှစ် မေလ နှင့် ဇွန်လတွင် တက်လမ်း စီမံချက် နှင့် လူမှုဝန်ထမ်း ဦးစီးဌာန မှ နိုင်ငံတော် အဆင့် နှင့် ပြည်နယ် အဆင့် တို့တွင် ကျင်းပခဲ့သည့် အစည်းအဝေးများမှ အစိုးရ၏ MCCT ကြိုးပမ်းမှု နှင့် တက်လမ်း MCCT စီမံကိန်းလုပ်ငန်းများ ကြား ပိုမို ချိန်ညှိပေါင်းစပ် နိုင်စေခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လ နောက်ပိုင်းတွင် DSW မှ တက်လမ်း စီမံချက်တွင် စာရင်းပေးသွင်း ထားသည့် အမျိုးသမီး များအား ထောက်ပံ့ငွေ ပေးခြင်း တာဝန်ကို လွှဲပြောင်းယူခဲ့ပါသည်။

စီမံကိန်း ၏ အာဟာရဆိုင်ရာ ရလဒ်များ အား စီမံချက်မှ တာဝန်ယူဆောင်ရွက်သည့် အခြေခံ အဆောက်အဦ၊ ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေး ဆိုင်ရာ လုပ်ငန်း များ မှ ထပ်မံ အားဖြည့် ပေးပါသည်။ တာရိုး ၈၂ ကီလိုမီတာကျော် အား ပြန်လည်ပြုပြင်ခဲ့ပြီး ဆန်စပါးစိုက်ကွင်း ဧက ၉,၀၀၀ အား ပင်လယ်ဆားငန်ရေဝင်ခြင်း နှင့် ရေလွှမ်းခြင်းတို့မှ ကာကွယ်ပေးခြင်းဖြင့် ရွာပေါင်း ၂၆ ရွာမှ ပြည်သူများအတွက် အကျိုးပြုပေးခဲ့ပြီး တာရိုးပြုပြင်ရာတွင် ဝင်ရောက် လုပ်ကိုင်ခဲ့သည့် အကျိုးခံစားခွင့်ရှိသူ ၄,၀၀၀ ကျော် အတွက် ထောက်ပံ့ ငွေ ပေးခြင်း ဖြင့် ရပ်ရွာ လူထုအတွက် ကျပ် ၇၁၅,၀၀၀,၀၀၀ (ကန်ဒေါ်လာ ၅၀၀,၀၀၀) ပံ့ပိုးပေး ခဲ့ပါသည်။

စီမံကိန်း အကောင်အထည်ဖော်ကာလအတွင်း အိမ်ထောင်စုများအတွက် အိမ်သာ ၄,၇၀၀ လုံး ၊ ကျောင်း အိမ်သာ ၉၀ လုံး နှင့် ပေါက်တော ဈေးအိမ်သာ ၄ လုံး ဆောက်လုပ်ပေးခဲ့ပါသည်။ ဦးတည် ကျေးရွာများမှ အိမ်ထောင်စုများအတွက် အိမ်သာများအား ထိခိုက်လွယ်မှုအများဆုံး အိမ်ထောင်စုများ၏ ၃၀ ရာခိုင်နှုန်း

အတွက် ပံ့ပိုးပေးခဲ့ပါသည်။ ဤလုပ်ငန်းအား အိမ်ထောင်စု ၆,၆၅၀ အတွက် တကိုယ်ရေ သန့်ရှင်းမှု မြှင့်တင်ရေး ဆောင်ရွက်ခြင်းဖြင့် ကူညီအား ဖြည့်ပေးခဲ့ပါသည်။

ရခိုင်ပြည်နယ်ရှိ လုံခြုံရေး အခြေအနေများကြောင့် စိုက်ပျိုးထုတ်လုပ်မှု စွမ်းရည်နှင့် ကျေးလက်ဒေသ စီးပွားရေးများ အနှောင့်အယှက် ဖြစ်ရခြင်းတို့ကြောင့် အလုပ်အတွက် အခကြေးငွေ ပေးခြင်း (Cash for Work) ၊ မိခင်နှင့် ကလေးအတွက် ထောက်ပံ့ငွေ ပေးခြင်း နှင့် ပစ္စည်း/ဝန်ဆောင်မှုပံ့ပိုးသည့် ဆောင်ရွက်ချက်များ တို့ကဲ့သို့သော အသက်မွေးမှု ဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက်များမှာထိခိုက် လွယ်ပြည်သူများကြား အခြေခံ အာဟာရ စံ သတ်မှတ်ချက်များ ထိန်းသိမ်းရန်အတွက် ပို၍ ပို၍ အရေးကြီးလာခဲ့ပါ သည်။

၂၀၁၈ ခုနှစ်တွင် LIFT ၏ အခြား မိတ်ဖက်အဖွဲ့တဖွဲ့ဖြစ်သည့် PATH မှ ရခိုင်ပြည်နယ်ရှိကျောက်တော် နှင့် မင်းပြားမြို့နယ်မှ ဆန်စက်ပိုင်ရှင် နှစ်ဦးနှင့် အားဖြည့်ဆန် ထုတ်လုပ်ရေးအတွက် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဆန်စက် ပိုင်ရှင် နှစ်ဦးမှ အားဖြည့်ဆန်နှင့် သာမန်ဆန်ရောနှောပေးသည့်စက် များ လက်ခံရရှိခဲ့ပြီး ၂၀၁၉ ခုနှစ် အစောပိုင်း တွင် အစိုးရမှ FDA ခွင့်ပြုချက် ရရှိရန် စက်ရုံများသို့လာရောက် စစ်ဆေးမည် ဖြစ်သည်။ Population Services International (PSI) မှ စစ်တွေတွင် ဝယ်လိုအား ဖော်ထုတ်ခြင်း နှင့် ဈေးကွက် မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇွန်လ တွင် ရန်ကုန်မှ အားဖြည့်ဆန် ထုတ်လုပ်သည့် လုပ်ငန်း "မြ" မှ စစ်တွေ လက်လီ ဈေးကွက်တွင် အားဖြည့်ဆန် ကို စတင်မိတ်ဆက်ခဲ့ ပါသည်။

ကမ္ဘာ့ စားနပ်ရိက္ခာအဖွဲ့ မှ အားဖြည့်ဆန် မက်ထရစ်တန် ၃၀၅ တန် ဝယ်ယူပြီး ရခိုင်ပြည်နယ် စစ်တွေရှိ IDP စခန်း ၆ ခု မှ အကျိုးခံစားခွင့်ရှိသူ ၁၀,၀၀၀ ကျော် အား ဝေမျှခဲ့ပါသည်။

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

တက်လမ်း ၂ စီမံချက် ၏ အစိတ်အပိုင်းအဖြစ် IRCနှင့် Save the Children သည် မိမိသဘောဆန္ဒနှင့် လုပ်ဆောင်သည့် ငွေစုငွေချေး အသင်းများ (Voluntary Savings and Loan associations - VSLA) အား ဆက်လက် ပံ့ပိုးပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် မေလကုန်တွင် CARE နှင့် Save the Children တို့၏ အားလုံးပါဝင်စေသည့် ငွေကြေး အဖွဲ့မှ ၂၀၁၃ ခုနှစ်မှ စ၍ စီမံချက်ကာလအတွင်း မြို့နယ်အားလုံးရှိ တက်လမ်းမှ အထောက်အပံ့ပေးသည့် VSLA အုပ်စုများအား ပြည့်စုံကျယ်ပြန့်သည့် အကဲဖြတ်သုံးသပ်မှု အတွက် ဒီဇိုင်းရေးဆွဲရန် စတင် လုပ်ဆောင်ခဲ့ပါသည်။

LIFTမှ ရန်ပုံငွေ ထောက်ပံ့သည့် ရိုးမဘဏ်၏ စိုက်ပျိုးစီးပွားငွေကြေး စီမံကိန်း (AFP) မှ မြန်မာနိုင်ငံရှိ တောင်သူများ၊ စွန့်ဦးတီထွင် လုပ်ငန်းရှင်များ နှင့် စိုက်ပျိုး စီးပွားလုပ်ငန်းများအား စိုက်ပျိုးရေးဆိုင်ရာ စက်ပစ္စည်းများနှင့် စက်ကိရိယာများအား အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူရန် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးလျက် ရှိပါသည်။ ၂၀၁၈ ခုနှစ်ကုန်၌ ရခိုင်ပြည်နယ်တွင် ငှားရမ်းမှု ၁၈ ခု ထုတ်ပေးခဲ့ပြီးအများစုမှာ ပင္ရိပက္ခများကြောင့် စိုက်ပျိုးရေးအတွက်လုပ်သား ရနိုင်မှု လျော့ကျ သွားချိန်တွင် လုပ်ကွက်ငယ်တောင်သူများ၏ စွမ်းဆောင်မှုကို တိုးမြှင့်စေရန် အထောက်အကူဖြစ်စေမည့် ဘီးလေးဘီးလုံး မောင်းနှင်သည့် ထွန်စက်များ အတွက်ဖြစ်ပါသည်။

Pact အပြည်ပြည်ဆိုင်ရာ အသေးစား ငွေရေးကြေးရေး ဝန်ဆောင်မှု ရန်ပုံငွေ အဖွဲ့အစည်း (PGMF) မှ အားလုံးပါဝင်စေသည့် ငွေကြေးဆိုင်ရာ စီမံချက်များအား ရခိုင်ပြည်နယ်ရှိ မြို့နယ် ရှစ်ခုတွင် (ဂွ၊ ကျောက်ဖြူ၊ တောင်ကုတ်၊ သံတွဲ၊အမ်း၊ မြေပုံ၊ မင်းပြား နှင့် ရမ်းဗြဲ) အကောင်အထည်ဖော်လျက်ရှိသည်။ ဝံလက်အဖွဲ့သည် ၂၀၁၇ ဩဂုတ်လတွင် စတင်ဖြစ်ပွားခဲ့သည့်အကြမ်းဖက်မှုများ မှ ထိခိုက်မှုနည်းပါးသည့် စစ်တွေ နှင့် ပုဏ္ဏားကျွန်းတွင် စီမံချက်များ ဆောင်ရွက်ခဲ့ပြီး အသေးစား ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများအား အနှောင့် အယှက်မရှိ ဆက်လက် တိုးချဲ့နိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် PGMF မှ ဝန်ဆောင်မှု အသုံးပြုသူ ၁၂,၀၀၀ ရှိပြီး ဇူလိုင်လတွင် ဝန်ဆောင်မှု အသုံးပြုသူအရေအတွက်မှာ ၇၁,၀၀၀ ထိ ရှိခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် စစ်တွေ IDP စခန်းများမှ ပြည်တွင်းနေရပ် စွန့်ခွာတိမ်းရှောင်သူ မွတ်စ်လင်မ်များ နှင့် စစ်တွေ၊ ကျောက်တော် နှင့် မြောက်ဦး မြို့နယ်များရှိ ရခိုင်ရွာသားများ အတွက် ဝန်ဆောင်မှုများ ပေးရန် VisionFund Myanmar မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် အားလုံးပါဝင်စေသည့် ငွေကြေးဆိုင်ရာ စီမံချက် အသစ်တစ်ခု စတင်ခဲ့ပါ သည်။ ၂၀၁၈ခုနှစ် ဇူလိုင်လတွင် နေပြည်တော်ရှိ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန သည် VisionFundအား ရခိုင်ပြည်နယ်တွင် လုပ်ငန်း ချဲ့ထွင်ရန်နှင့် ဒေသဆိုင်ရာ ဆန်းစစ်အကဲဖြတ်မှုများ လုပ်ငန်းပြုလုပ်နိုင်ရန် ခွင့်ပြုချက် ရရှိခဲ့ပါသည်။

## ရွှေ့ပြောင်းသွားလာခြင်း

လုပ်သား ရွှေ့ပြောင်းမှုသည် ရခိုင်ပြည်နယ်တွင် ကျေးလက် ဒေသ အသွင်ကူးပြောင်းခြင်း၏ အဓိက မောင်းနှင်အား ဖြစ်လာခဲ့ပြီး အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိသည့် ပြည်သူများ၏ 'ကျေးရွာအပြင် သို့ထွက်' နေသည့် အရွေ့အား သတိထားမိပါ သည်။[၂၉] သို့သော်လည်း LIFT မှ ရန်ပုံငွေထောက်ပံ့ ပေးထားပြီး IOM၊ Sussex တက္ကသိုလ်၊ မေတ္တာ ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း နှင့် အလုပ်သမား၊ လူဝင်မှုကြီး ကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့မှ အကောင်အထည်ဖော် ဆောင်ရွက်သည့် "မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး နှင့် ဘက်စုံဖွံ့ဖြိုးရေး အတွက် လုပ်သား ရွှေ့လျားမှုကိုရင်းနှီး မတည်ခြင်း (CHIME)" လေ့လာမှု မှ ရခိုင်ပြည်နယ်တွင် လုပ်သားရွှေ့ပြောင်းမှုပုံ စံများအား ထိုးထွင်း သိမြင်စေမည့် စာတမ်းများ ပြုစုခဲ့ပြီး အထူးသဖြင့် ရွှေ့ပြောင်း သွားလာရေးသည် အန္တရာယ် ကျရောက်နိုင်ချေများပြီး အစဉ်သဖြင့် အကျိုးရှိနိုင်သည် မဟုတ်ကြောင်း ပြသခဲ့ ပါသည်။

အစီရင်ခံစာသည် လူမျိုးရေး တင်းမာမှုများနှင့် ပဋိပက္ခ များ အား ဖြစ်ပေါ်စေခဲ့သည့် အချက်များအား ထုတ်ဖော် ခဲ့ပါသည်။

- ရခိုင်ပြည်နယ် မှ ရွှေ့ပြောင်းသွားလာခြင်း ၏ အဓိက မောင်းနှင်အားမှာ မိမိတို့၏နေရပ်တွင် အလုပ်အကိုင် အခွင့်အလမ်း မရှိသောကြောင့်ဖြစ်သည်။
- ရခိုင်မှ ရွှေ့ပြောင်းလုပ်သားများ၏ ၃၇ ရာခိုင်နှုန်း သာ ရွှေ့ပြောင်းသွားလာခြင်းမပြုမီ လုပ်ခလစာ ရရှိ သည့် အလုပ်အကိုင်ရှိကြပါသည်။ ကောင်းမွန်စွာ ဖွံ့ဖြိုးပြီးဖြစ်သည့် အလုပ်ပွဲစားကွန်ရက်များက ပြည်ပ ရွှေ့ပြောင်း သွားလာရန် ကူညီပေးကြသော်လည်း အထူးသဖြင့် မလေးရှားသို့ ရွှေ့ပြောင်းသွားလာခြင်း တွင် ဘေးကင်း လုံခြုံသည့် ရွှေ့ပြောင်းသွားလာရေး အတွက် ရွေးချယ် နိုင်မည့် နည်းလမ်း အနည်းငယ် သာ ရှိပါသည်။
- ရခိုင်ပြည်နယ်မှ ရွှေ့ပြောင်းသွားလာသူများသည် အခြား ဒေသမှလူများထက် ဝင်ငွေအတည်တကျ မရှိသော၊ သေချာ ရေရာမှု မရှိသည့် အလုပ်အကိုင် များတွင် လုပ်ကိုင်ရနိုင်ချေ ပိုမိုမြင့်မားပါသည်။
- ရခိုင်ရွှေ့ပြောင်းသွားလာသူများသည် ၎င်းတို့အိမ်သို့ ငွေပေးပို့ခြင်းမျိုး နည်းပါးပြီး အခြားဒေသများမှ ရွှေ့ပြောင်း သွားလာ သူများထက်နည်းသည့် ပမာဏ ကို ပို့ကြပါသည်။ ဖြစ်နိုင်ချေမှာ ၎င်းတို့တွင် ပုံမှန်ဝင်ငွေ မရှိခြင်း နှင့် ဆက်စပ်မှုရှိ နေနိုင်ပါ သည်။
- ရခိုင်ပြည်နယ်၏ ထူးခြားချက်မှာ ရွှေ့ပြောင်းသွားလာ သူရှိသည့် အိမ်ထောင်စုသည် ရွှေ့ပြောင်းသွားလာ သူမရှိသည့် အိမ်ထောင်စုထက် စားဝတ်နေရေးပိုမို ကောင်းမွန်နေခြင်း မရှိဘဲ ယင်းအချက်မှာ မြန်မာနိုင်ငံ ရှိ အခြားဒေသများ မှ ပြည်တွင်း နှင့် ပြည်ပရွှေ့ပြောင်း သွားလာသူများ နှစ်မျိုးလုံး နှင့် နှိုင်းယှဉ်လျှင် မှန်ကန်နေသည့် အချက် ဖြစ်ပါသည်။

[၂၉]။ Save the Children ၂၀၁၆ နှစ်ပတ်လည် အစီရင်ခံစာ

## ရှေ့သို့ မျှော်ကြည့်လျှင်

၂၀၁၈ခုနှစ် ဒီဇင်ဘာလတွင် စာချုပ်ချုပ်ဆိုခဲ့သည့် DRC နှင့် NRC မှ အကောင်အထည်ဖော်ဆောင်ရွက်သည့် အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုဆိုင်ရာသင်တန်း စီမံချက် ဒုတိယအဆင့် မှ စစ်တွေနှင့် ရခိုင်ပြည်နယ် အလယ်ပိုင်းရှိမွတ်စ်လင်မ် IDP စခန်းများ နှင့် ၎င်းစခန်းများ အနီးတဝိုက်တွင် ရှိသည့် ရခိုင်တိုင်းရင်းသားကျေးရွာများ တွင် အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများ ပို့ချပေး မည်ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် Save the Children မှ အကောင်အထည်ဖော်မည့် အာဟာရ စီမံချက်နှင့် အသက်မွေးဝမ်းကျောင်း အစီအစဉ်ကို စုစုပေါင်း ဘတ်ဂျက် ကန်ဒေါ်လာ ၅.၅၆ သန်းဖြင့် စာချုပ်ချုပ် ဆိုခဲ့ပါသည်။ စီမံချက် ၏ အဓိက လုပ်ငန်းများမှာ -

- အာဟာရ ပြည့်ဝမှု (SBCC နှင့် အရည်အသွေး ရှိသည့် WASH ဝန်ဆောင်မှုများပံ့ပိုးပေးမှု ပိုမို ကောင်းမွန်စေရန် စည်းရုံးလှုံ့ဆော်ခြင်း)
- အသက်မွေးဝမ်းကျောင်းမှု (အလုပ်အတွက် အခကြေး ငွေပေးခြင်း၊ ငွေကြေးဆိုင်ရာ အသိပညာ ပေးသင်တန်း၊ စီးပွားရေးလုပ်ငန်း ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ဘဝနေထိုင်မှု နှင့် ဆိုင်သည့် သင်တန်းများ)
- INGO ၏ ပံ့ပိုးဆောင်ရွက်မှု

အဆိုပြုထားသည့် စီမံချက် ဒေသများမှာ စစ်တွေရှိ IDP စခန်း ၂ ခု၊ ပေါက်တောရှိ IDP စခန်း ၄ ခု နှင့် ကျေးရွာ ၂၅ ရွာ၊ မြောက်ဦး ရှိ ကျေးရွာ ၈ ရွာတို့ ဖြစ်ပါသည်။

တက်လမ်း စီမံချက် ဆက်လက် လုပ်ကိုင်နိုင်ရန် IRC ၏ စီမံချက်ကိုလည်း သက်တမ်း တိုးခဲ့ ပါ သည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မြေပုံရှိ IDP စခန်းနှင့် မြောက်ဦး တဝိုက် လူမှု ပေါင်းစည်းညီညွတ်မှု နှင့် ဝန်ဆောင်မှု များ လက်လှမ်းမီ စေရန် ဦးတည်သည့် စီမံချက် ကို အကောင်အထည်ဖော်ရန် Relief International (RI) အား စုစုပေါင်း ဘတ်ဂျက် ကန်ဒေါ်လာ ၃ သန်း ဖြင့် စာချုပ် ချုပ်ဆိုခဲ့ပါသည်။ စီမံချက်မှ -

- အသက်မွေးဝမ်းကျောင်းမှု နှင့် လူမှု ပေါင်းစည်းညီညွတ်မှု ပိုမိုအားကောင်းစေရန်
- IDP စခန်းများ ပြန်နေရာချထားရေး လုပ်ငန်းစဉ်များ နှင့် ဂုဏ်သိက္ခာရှိသည့် ဖြေရှင်းနည်းလမ်းများအတွက် အထောက် အပံ့ပေးရန်
- ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ကြီးကြပ်စောင့် ကြည့်ခြင်း လုပ်ငန်းစဉ်များကို ဦးတည် အာရုံစိုက်မည် ဖြစ်ပါသည်။
- ဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ချက်များ၏ အောင်မြင်မှု မှာ ဖွံ့ဖြိုးရေး လုပ်ရှားဆောင်ရွက်သူများ အားကျေးရွာ များ သို့ လက်လှမ်းမီ သွားရောက်နိုင်ရန်၊ ရပ်ရွာလူထု များ အချင်းချင်း ဆက်သွယ်မှုမြှင့်တင်ရန် နှင့် ဒေသခံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ကူညီ ဆောင်ရွက် ရန် အစိုးရဘက်မှ ပူးပေါင်းကူညီမှု အပေါ် မူတည်နေ

ကြောင်း ၂၀၁၈ ခုနှစ်အတွင်း ရရှိခဲ့ သည့် စီမံကိန်း အကောင် အထည်ဖော်ရေး အတွေ့အကြုံ များမှ ရှင်းရှင်းလင်းလင်း ပြသခဲ့ပါသည်။ ရခိုင်ပြည်နယ် ရှိ လုံခြုံရေးအခြေ အနေသည် အဓိပ္ပါယ် ပြည့်ဝသည့် ငြိမ်းချမ်းရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည် နယ်အဆင့် နှင့် ပြည်ထောင်စုအဆင့်တို့တွင် ထိရောက်သည့် စီမံကိန်းဆောင်ရွက်မှုနှင့် ညှိနှိုင်း ဆွေးနွေးမှုများ အတွက် ကြီးမားသည့် အဟန့်အတား တစ်ခု အဖြစ် ရှိနေဆဲ ဖြစ်ပါသည်။

## ၃.၄

# တောင်တန်းဒေသ



▲ ပုံ ၃.၆
၂၀၁၈ ခုနှစ် တောင်တန်းဒေသရှိ LIFT ၏ စီမံကိန်းလုပ်ငန်းများ

## ခြုံငုံဖော်ပြချက်

မြန်မာနိုင်ငံ၏ တောင်တန်းဒေသသည် နိုင်ငံတခုလုံး၏ မြေမျက်နှာ ဧရိယာ စုစုပေါင်း၏ ၅၅ ရာခိုင်နှုန်း ကို လွှမ်းခြုံထားပြီး လူဦးရေ ၁၃ သန်း နေထိုင်လျက်ရှိပါသည်။ [၃၀] LIFT ၏ တောင်တန်းဒေသ စီမံကိန်းသည် ချင်း၊ ကချင်၊ ရှမ်း၊ ကယား၊ ကရင် နှင့် မွန်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင် စီမံကိန်း လုပ်ငန်းများ လုပ်ဆောင်လျက် ရှိပါသည်။ တောင်တန်းဒေသ ရှိ တိုင်းရင်းသား လူမျိုးစု နှင့် နိုင်ငံရေး အသွင်အပြင်မှာ မတူကွဲပြားမှုများ များစွာရှိပြီး နယ်မြေပိုင်ဆိုင်ခွင့် တောင်းဆိုနေကြသည့် လက်နက်ကိုင် အုပ်စုအမျိုးမျိုးလည်း ရှိနေပါသည်။ တောင်တန်းဒေသ တွင် လက်လှမ်းမီရောက်ရှိနိုင်မှု နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများတွင် ကွဲပြားခြားနားမှု ကြီးမားသည့် ကိစ္စရပ်များ နှင့် အခြေအနေအမျိုးမျိုး ရှိပါသည်။ တောင်တန်းထူထပ်သည့် ဒေသများတွင် လူဦးရေ ၏ ၄၀%မှာ စားနပ်ရိက္ခာ ရှားပါးမှု နှင့် အတူ အလွန်အမင်း ဆင်းရဲနွမ်းပါးမှု ကွာဟချက် သတ်မှတ် ညွှန်းကိန်း အောက်တွင် ရှိပြီး ဆင်းရဲနွမ်းပါးသည့် လူဦးရေ မှာ တနိုင်ငံလုံးတွင် အမြင့်ဆုံးဖြစ်သည်။ [၃၁]

တောင်တန်းဒေသများတွင် အာဟာရချို့တဲ့မှုနှုန်းမှာ ဒေသအလိုက် ကွဲပြားပါသည်။ ပုညက်မှု သည် ချင်းပြည်နယ်တွင် အသက် ငါးနှစ်အောက် ကလေးသူငယ် ၄၁ ရာခိုင်နှုန်း အပေါ် သက်ရောက်မှုရှိပြီး ကရင်ပြည်နယ်တွင်မူ ၂၆ ရာခိုင်နှုန်း အပေါ် သက်ရောက်မှု ရှိပါသည်။ [၃၂] အာဟာရချို့တဲ့မှု ရှိသည့် ဒေသများ အတွင်းတွင် အာဟာရ ချို့တဲ့မှု အလွန်အမင်း ဆိုးရွားသည့် နေရာများလည်း အနှံ့အပြား ရှိပါသည်။ ဥပမာ ကရင်ပြည်နယ် သံတောင် ကြီးတွင် အာဟာရ ချို့တဲ့မှု ဖြစ်ပွားနှုန်းမှာ ကရင်ပြည်နယ် တစ်ခုလုံး၏ ပျမ်းမျှ အာဟာရချို့တဲ့မှု နှုန်း ထက်မြင့်ပြီး ကလေးသူငယ် ၅၃ ရာခိုင်နှုန်းမှာ ပုညက် နေခြင်း၊ ၁၅ ရာခိုင်နှုန်းမှာ ကျုံလှီ နေပြီး ကလေးသူငယ် သုံးပုံ တစ်ပုံခန့်မှာ ရှိသင့်သည့် ကိုယ်အလေးချိန်ထက် လျော့ နည်း နေပါသည်။ ပုညက်မှု အဆင့်မှာ မြို့နယ်ခွဲ များအားလုံးတွင် ၄၀ ရာခိုင်နှုန်းကျော်ပြီး ဝင်ငွေ အုပ်စု အားလုံး တွင် မြင့်မား နေပါသည်။ [၃၃]

ဝေးလံခေါင်ဖျားတောင်တန်းများသစ်တောများထူထပ်ကာ လူဦးရေ သိပ်သည်းမှု နည်းပါးသည့်နေရာများ တွင် စိုက်ပျိုး ထုတ်လုပ်မှုအများစုမှာ လုပ်ကွက်ငယ်တောင်သူများ၏ ဘဝရှင်သန်ရေးအတွက်လောက်ငှရုံသာ ရရှိသည့် တောင်ယာစနစ်များ ဖြစ်ပါသည်။ အချို့ရပ်ရွာ လူထုများကတစ်နှစ်ပတ်လုံး သီးနှံမျိုးစုံ စိုက်ပျိုးနိုင်သည့် လှေကားထစ်စိုက်ခင်းနှင့် ရေသွင်းစိုက်ပျိုးခြင်းကိုစတင် ကျင့်သုံး နေပြီဖြစ်သော် လည်း အများစုမှာ ဆန်နှင့်ပြောင်း အား မိရိုးဖလာ ခ လေ့များအရမြေလွတ်များတွင်အလှည့် ကျ စိုက်ပျိုးခြင်း (ရွှေ့ပြောင်း တောင်ယာစနစ်) ကို အသုံး များ ပါသည်။ အချို့လုပ်ကွက်ငယ် တောင်သူများမှာ နှစ်ရှည် သီးနှံ များ နှင့် စီးပွားဖြစ် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးခြင်း ရင်းနှီးမြှုပ်နှံလျက်ရှိကြသည်။ဝေးလံသည့်အ ရပ်များ ရှိ အိမ်ထောင်စုများမှာ အခြေခံ အဆောက်အဦ ကန့်သတ် ချက်ရှိသကဲ့သို့ အစိုးရမှ ပံ့ပိုးပေးသည့် ကျန်းမာရေး နှင့် ပညာရေး ဝန်ဆောင်မှုများ၊ ပညာပေး ဝန်ဆောင်မှုများ၊ ငွေကြေးဆိုင်ရာ၊ စိုက်ပျိုးရေး ထွက်ကုန် များအတွက် ဈေးကွက်များ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများ နှင့် အသိအမြင် ဗဟုသုတ နှင့် ကျွမ်း ကျင်မှုများ လက်လှမ်းမီရန် ကြီးမားသည့် စိန်ခေါ်မှုများ ရှိနေပါသည်။

## LIFT ၏ တောင်တန်းဒေသ စီမံကိန်း

LIFT ၏ တောင်တန်းဒေသ စီမံကိန်း မိတ်ဖက်များ သည် ပြည်နယ် ၆ ခု နှင့် တိုင်းဒေသကြီး တစ်ခု ရှိ မြို့နယ်ပေါင်း ၄၁ မြို့နယ် ရှိ ကျယ်ပြန့် ပြီး အမျိုးမျိုး ကွဲပြားသော ဒေသများတွင် လှုပ်ရှားဆောင်ရွက် လျက် ရှိပါသည်။ ၎င်းတို့သည့် စီမံကိန်း၏အရေးပါသည့် အစိတ်အပိုင်းများ နှင့် ဆိုင်သည့် ဆောင်ရွက်ချက် များမှာ -

- ဆင်းရဲနွမ်းပါးသူများ အကျိုးအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ
- စိုက်ပျိုးရေး ပညာပေးခြင်း နှင့် တန်ဖိုးမြှင့် ကွင်း ဆက် ဖွံ့ဖြိုးတိုးတက်ရေး
- ရေရှည်တည်တံ့သည့် သဘာဝ သယံဇာတ စီမံခန့် ခွဲမှု
- ကျွမ်းကျင်မှု လေ့ကျင့်ရေး
- အာဟာရ ပြည့်ဝရေး
- ရွှေ့ပြောင်းသွားလာရေး
- ဒေသခံ ပတ်သက်ဆက်နွယ်သူများ အတွက် စွမ်းဆောင် ရည် တည်ဆောက်ခြင်း တို့ ဖြစ်ပါသည်။

မိတ်ဖက်များ သည် အဆိုပါစီမံကိန်းအစိတ်အပိုင်းများအား အတူတကွ ပူးပေါင်းဆောင်ရွက်ရန် အားထုတ် လျက်ရှိပြီး အထူးသဖြင့် ပဋိပက္ခ အလေးထား၊ ကျား၊မရေးရာ နှင့် အာဟာရဆိုင်ရာ တို့တွင် နယ်မြေအခြေအနေနှင့် လိုက်လျောညီထွေဖြစ်သည့် ချဉ်းကပ် နည်းလမ်းများ ဖြင့် ကြိုးပမ်း အားထုတ် လျက်ရှိပါသည်။ စီမံကိန်းမှ ဒေသ ၃ ခုကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည် -

ချင်းပြည်နယ်တွင် အစိုးရနှင့် ပူးပေါင်း၍ အာဟာရပြည့်ဝမှု နှင့် အာဟာရဖောင်းပေး စိုက်ပျိုးရေး ပညာပေးခြင်းတို့အား အထူးအာရုံစိုက် လုပ်ဆောင် လျက် ရှိပါသည်။

ရှမ်းပြည်နယ်တွင် ဦးတည်မှုများမှာ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ စိုက်ပျိုးရေးဈေးကွက် အခြေပြု ချဉ်းကပ်မှု နည်းလမ်းများ နှင့် ပုဂ္ဂလိက ကဏ္ဍ မိတ်ဖက် ပြုမှုများ ဖြစ်ပါသည်။

အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်များ ချုပ်ဆို ထားသည့် အရှေ့တောင်ပိုင်းတွင် စီမံကိန်း၏ ဦးစားပေး လုပ်ငန်းများမှ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများအပါအဝင် ပတ်သက်ဆက်နွယ်သူမျိုးစုံ နှင့် ထိတွေ့ဆောင်ရွက်ခြင်း၊ လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အခြေအနေမှ ရေရှည် ဖွံ့ဖြိုးတိုးတက်မှု မဟာ ဗျူဟာ များသို့ ကူးပြောင်းခြင်း နှင့် ပြည်တွင်း နေရပ် စွန့်ခွာတိမ်းရှောင်သူများ အတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးရန်တို့ ဖြစ်ပါသည်။

၃၀။ လူဦးရေ၏ နှစ်ဆယ့်ခြောက် ရာခိုင်နှုန်း- ဤကိန်းဂဏန်းမှာ အောက်ပါ ပြည်နယ် နှင့် တိုင်းဒေသကြီးတို့အား- ချင်း၊ကချင်၊ရှမ်း၊ ကယား၊ ကရင်၊မွန် နှင့် တနင်္သာရီ- တောင်ပေါ်ဒေသအဖြစ် သတ်မှတ်သည့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းပေါ် အခြေခံထားပါသည်။ အဆိုပါ ပြည်နယ်များ ၏ မြေနိမ့်ပိုင်း နှင့် ကမ်းရိုးတန်း ဒေသများတွင် ထင်ရှားသည့် လူဦးရေ အချိုးအစား နေထိုင်လျက်ရှိပါသည်။

၃၁။ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု ကို ဆန်းစစ်ခြင်း- အပိုင်း -၂၊ ၂၀၁၇ ဒီဇင်ဘာ၊ ကမ္ဘာ့ဘဏ် အုပ်စု

၃၂။ မြန်မာနိုင်ငံ လူနေမှုဘဝ နှင့် ကျန်းမာရေးဆိုင်ရာ အခြေခံအချက်အလက် စစ်တမ်း ၂၀၁၅-၂၀၁၆၊ ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာန

၃၃။ ကရင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးသူများ ၏ ဝင်ငွေများ နှင့် အာဟာရ ပြည့်ဝမှု ဆိုင်ရာ ရလဒ်များ ပိုမို ကောင်းမွန်စေခြင်း- အာဟာရ ပြည့်ဝခြင်း အကြောင်းတရား ဆန်းစစ်ချက်၊ Consortium of Dutch NGO's (CDN)၊ World Concern Myanmar(WCM)၊ Cordaid၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ- ၂၀၁၇ ခုနှစ် ဇန်နဝါရီ

| အကောင်အထည်ဖော်ရေး မိတ်ဖက်များ | တည်နေရာ | ဦးတည်ချက် |
|---|---|---|
| **Consortium of Dutch NGOs (CDN) in consortium with Cordaid and World Concern Myanmar**<br>Partners: Karen Baptist Convention (KBC) and KMSS | ကရင်ပြည်နယ် သံတောင်ကြီး | စိုက်ပျိုးရေး ပညာပေးခြင်း၊ တန်ဖိုးမြှင့် ကွင်းဆက် ဖွံ့ဖြိုးမှု၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု၊ မြေယာပြန်လည် ထူထောင်ရေး နှင့် ဆည်မြောင်း ကဏ္ဍများအား အထောက်အပံ့ပေးခြင်း။ အာဟာရ ပြည့်ဝရေး ဆိုင်ရာ ပညာပေးခြင်း၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တကိုယ်ရေ သန့်ရှင်းရေး တို့အတွက် ပံ့ပိုးပေးခြင်း။ ရပ်ရွာ အခြေပြု အဖွဲ့အစည်းများ (CBO) နှင့် အရပ်ဘက် လူမှု အဖွဲ့အစည်း (CSO) များအတွက် စွမ်း ဆောင် ရည် တည်ဆောက်ပေးခြင်း |
| **Metta Development Foundation** | ကချင်ပြည်နယ် တွင် မိုး မောက်၊ မြစ်ကြီးနား နှင့် ဝိုင်းမော်၊ ရှမ်းပြည်နယ် တွင် လားရှိုး၊ နမ္မတူ | စိုက်ပျိုးရေး ပညာပေးခြင်း၊ တန်ဖိုးမြှင့် ကွင်းဆက် ဖွံ့ဖြိုးမှု၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု တို့အ တွက် အထောက်အပံ့ပေးခြင်း |
| **GRET** | မြစ်ဝကျွန်းပေါ် ဒေသ -(ဘိုကလေး နှင့် မော်လမြိုင် ကျွန်း) နှင့် အပူပိုင်းဇုန် (မုံရွာ၊ မြင်းမီးလောင် နှင့် ယင်းမာပင်) မြို့ပြဒေသ- ရန်ကုန်၊ မန္တလေး | ယာသုတေသန စီမံချက်- မြေယာလုပ်ကိုင်ခွင့် ရရှိမှု နှင့် အသက်မွေးမှု တို့ ဆက်စပ်မှုကို နားလည်သဘောပေါက်ရန် မြန်မာနိုင်ငံရှိ မြေယာ ကိစ္စရပ်များအား လေ့လာခြင်း |
| **Choklei Organisation for Rural and Agricultural Development (CORAD)**<br>Partner- GRET | ချင်းပြည်နယ် တွင် ဖလမ်း၊ ဟားခါး၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန် | စိုက်ပျိုးရေး ပညာပေးခြင်းသည့် ဝန်ဆောင်မှုများ ၊ အာဟာရ ဖွံ့ဖြိုးရေး ပညာပေးခြင်း၊ တန်ဖိုးမြှင့် ကွင်းဆက် ဖွံ့ဖြိုးမှု နှင့် သဘာဝ သယံဇာတ စီမံခန့်ခွဲမှု တို့အတွက် ပံ့ပိုးပေးခြင်း |
| **Department of Social Welfare (DSW)** | ချင်းပြည်နယ် ရှိ မြို့နယ် အားလုံး | အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့် ပြောင်းလဲရေး အသိပညာပေးခြင်း သတင်းစကားများ၊ ဘ၀အစ ပထမ ရက် ၁,၀၀၀ အတွင်း မိခင်နှင့် ကလေးအတွက် ထောက်ပံ့ကြေးများ |
| **Save the Children**<br>Partners: Danish Red Cross, International Rescue Committee | ချင်းပြည်နယ်ရှိ မြို့နယ် အားလုံး | မိခင်များအတွက် အာဟာရဆိုင်ရာသင်တန်းများ နှင့် အသိပညာပေးခြင်းများ၊ ကြိုတင် ပုံဖော် ပုံစံချ ထားသည့် သုတေသန တို့အတွက် ပြည်သူ့ ကျန်းမာရေးဌာနအား အထောက်အပံ့ပေးခြင်း နှင့် အာဟာရဆိုင်ရာ SBCC မဟာ ဗျူဟာ အတွက် ဒီဇိုင်းရေးဆွဲရန် လူမှုဝန်ထမ်း ဦးစီးဌာန အား အထောက်အပံ့ ပေး ခြင်း နှင့် လူမှုဝန်ထမ်း ဦးစီးဌာန စောင့်ကြည့် ကြီးကြပ်ရေး စနစ်များ အတွက် အထောက်အပံ့ ပေးခြင်း |
| **TAG International**<br>Partners: Department of Apiculture, Parami Development Network (PDN) | ရှမ်းပြည်နယ်တွင် ကလော၊ ရပ်စောက်၊ ပင်းတယ၊ တောင်ကြီး နှင့် ကယား ပြည်နယ်တွင် လွိုင်ကော် | ပျားမွေးမြူသူအသစ်များအတွက် အသက်မွေးမှု သင်တန်းများ၊ ပိုမိုကောင်းမွန်သည့် ပျားမွေးမြူရေး အလေ့အကျင့်များ မိတ်ဆက်ပေးခြင်း နှင့် အရည် အသွေးကောင်း ပျားရည်ဈေးကွက် ကို ဖွံ့ဖြိုးတိုး တက်စေခြင်း၊ Plan Bee လူမှု စီးပွားလုပ်ငန်း ၏ အဖွဲ့အစည်းဆိုင်ရာ ခိုင်မာ အားကောင်းစေခြင်း |
| **Karen Development Network (KDN)** Partners: Convenant Consult, Tanintharyi Karen Peace Support Initiative (TKPSI) | တနင်္သာရီ တိုင်းဒေသကြီး တွင် ထားဝယ်၊ ပုလော နှင့် သရက်ချောင်း | အသက်မွေး ဝမ်းကျောင်းသင်တန်းဌာန တည် ထောင်ခြင်း၊ သဘာဝ သယံဇာတ စီမံခန့်ခွဲခြင်း အတွက် အထောက်အပံ့ပေးခြင်း နှင့် IDP များ ၏ ကြံ့ကြံ့ခံနိုင်စွမ်း ကို အားကောင်းစေခြင်း |
| **Myanmar Institute for Integrated Development (MIID)** Partner: Cornell | ချင်းပြည်နယ်၊ ဟားခါး | စိုက်ပျိုးရေး နှင့် ပညာရေး အဖွဲ့အစည်းများ အား ကောင်းစေခြင်း ၊ လယ်ယာမြေအခြေခံ အာဟာရ ဖောင်းပေး စိုက်ပျိုးရေး ပညာပေးခြင်း နှင့် အာဟာရဆိုင်ရာအမူအကျင့်ကောင်းများ အတွက် စွမ်းဆောင်ရည် တည်ဆောက်ခြင်း |
| **SWISSAID**<br>Partners: Metta Development Foundation and GRET | ချင်းပြည်နယ်တွင် ဖလမ်း၊ ဟားခါး၊ တီးတိန်၊ ကချင် ပြည် နယ်တွင် မိုးကောင်း၊ မိုးညှင်း၊ ဝိုင်းမော်၊ ရှမ်းပြည် နယ်တွင် လားရှိုး၊ ဟိုပုန်း၊ ဆီဆိုင်၊ ကွတ်ခိုင်၊ သီနွီ၊ ပင်းတယ၊ ဖယ်ခုံ နှင့် ကယား ပြည်နယ်တွင် လွိုင်ကော် ၊ ဒီမောဆို | မြို့နယ်ရန်ပုံငွေများ- ဒေသခံ CSO များအတွက် အသေးစား ထောက်ပံ့ငွေ၊ စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ရပ်ရွာလူထု မောင်းနှင့်အားဖြင့် အသက်မွေးဝမ်းကျောင်းမှု ဆိုင်ရာ စီမံကိန်း ဆောင်ရွက်ခြင်းများ၊ အစိုးရ၊ အစိုးရမဟုတ်သည့် ဒေသ အာဏာပိုင်များ နှင့် ပုဂ္ဂလိကကဏ္ဍ အား အသိပေး အရေးဆိုခြင်း နှင့် ထိတွေ့ ဆောင်ရွက်ခြင်း ၊ |

▲ ဇယား ၃.၄
၂၀၁၈ ခုနှစ်တွင် တောင်တန်းဒေသများတွင် LIFT မှ ရန်ပုံငွေ ထောက်ပံ့သည့် စီမံချက်များ

| အကောင်အထည်ဖော်ရေး မိတ်ဖက်များ | တည်နေရာ | ဦးတည်ချက် |
|---|---|---|
| **The Border Consortium** Partners: Back Pack Health Workers Team, Human Rights Foundation of Monland, Karen Department of Health and Welfare, Karen Environmental and Social Action Network, Karen Human Rights Group, Karen Office of Relief and Development, Karen Women Organisation, Tanintharyi River Indigeneous People Network | ကရင်ပြည်နယ်တွင် လှိုင်း ဘွဲ၊ ဖားအံ၊ ဖာပွန်၊ ကြာအင်း ဆိပ်ကြီး၊ သံတောင်ကြီး၊ မွန်ပြည်နယ် တွင် ဘီးလင်း၊ ကျိုက်ထို၊ ရေး၊ မော်လမြိုင် တနင်္သာရီ တိုင်းဒေသကြီး တွင် ထားဝယ်၊ ရေဖြူ | သဘာဝ သယံဇာတ စီမံခန့်ခွဲမှု နှင့် စိုက်ပျိုးရေး ပညာပေးမှု၊ လယ်မြေနှင့် အများပိုင် သစ်တော မှတ်ပုံတင်ခြင်း၊ အာဟာရဆိုင်ရာ ပညာပေးခြင်း၊ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တကိုယ်ရေ သန့်ရှင်းရေး၊ လူမှု ကာကွယ်စောင့်ရှောက်ရေး၊ ရပ်ရွာလူထု အားကောင်းလာရေး နှင့် ကျားမရေးရာ အသိပညာပေးခြင်း |

## စိတ်ဝင်စားဖွယ်ရာများ

### အာဟာရ ဆိုင်ရာ အစီအစဉ်

ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့်၎င်းတို့ မှ မွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ ပေးခြင်း

၂၀၁၇ ခုနှစ်တွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန (Ministry of Social Welfare, Relief and Resettlement, MSWRR) သည် LIFT ၏ ရန်ပုံငွေ ပံ့ပိုးမှုဖြင့် လူမှုဝန်ထမ်း ဦးစီးဌာန (Department of Social Welfare, DSW) မှတဆင့် ချင်းပြည်နယ်တစ်ခုလုံးအတွက် ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ် အောက် ကလေးသူငယ်များအား ငွေကြေး အထောက်အပံ့ပေးခြင်း အစီအစဉ်အား လူမှုကာကွယ် စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာ ဗျူဟာ စီမံချက် နှင့် အညီ အကောင်အထည်ဖော် ခဲ့ပါသည်။ ချင်းပြည်နယ် အာဟာရ ဖွံ့ဖြိုးမှု စီမံကိန်း၏ ပြည့်စုံ ကျယ်ပြန့်သည့် ရည်ရွယ်ချက်မှာ သန္ဓေတည်ချိန်မှ အသက် နှစ်နှစ်အထိ ကလေး၏ ဘဝအစ ပထမ ရက်ပေါင်း ၁,၀၀၀ အတွင်း ချင်းပြည်နယ်ရှိ မိခင်များ နှင့် ကလေးသူငယ်များ ၏ အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ရလဒ်များ တိုးတက်ကောင်းမွန်စေရန် ဖြစ်ပါသည်။

စီမံကိန်း စတင်သည့်အချိန်တွင် အချိန်ကာလ တခု ရောက်သည့်အခါ စီမံကိန်း၏ ရလဒ်များအား တိုင်းတာရန်နှင့် အကဲဖြတ်နိုင်ရန် အတွက် ချင်းပြည်နယ် အနှံ့ ကနဦးစစ်တမ်း ကောက်ယူခဲ့ပါသည်။ အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ နိုင်ငံတကာမှ လက်ခံထားသည့် ညွှန်းကိန်း များ၊ နှစ်နှစ်အောက် ကလေးသူငယ်များအား ဖြည့်စွက်စာ ကျွေးခြင်း (IYCF) နှင့် ကျန်းမာရေးစောင့်ရှောက်မှု ရယူခြင်း ဆိုင်ရာ အပြုအမူများအား အကဲဖြတ်သုံးသပ်ခဲ့သည်။ ကနဦးစစ်တမ်း အစီရင်ခံစာ အား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် လူမှုဝန်ထမ်း ဦးစီးဌာန၏ ထောက်ခံမှုဖြင့် အပြီးသတ်ခဲ့ပါသည်။ စစ်တမ်းမှ တွေ့ရှိချက်များ အရ ချင်းပြည်နယ်ရှိ အသက်ငါးနှစ်အောက် ကလေး သူငယ်များ၏ ပုညက်မှု အဆင့် (၃၇ ရာခိုင်နှုန်း) မှာ မြန်မာနိုင်ငံ၏ ပျမ်းမျှ ပုညက်မှု ၂၉ ရာခိုင်နှုန်း ထက် သိသာထင်ရှားစွာ များနေသဖြင့် မိခင်များ နှင့် ကလေးသူငယ်များ အတွက် အာဟာရဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေရန် အတွက် စီမံကိန်း ဆောင်ရွက်ချက်များ လိုအပ်နေကြောင်းမီးမောင်းထိုးပြခဲ့ပါသည်။

ဝင်ငွေနည်း အိမ်ထောင်စုများမှာ ညွှန်းကိန်းအတော်များများ အောက်တွင်ရှိနေကြပါသည်။ သို့သော်လည်း ပိန်လှီခြင်းကဲ့သို့သော အချို့အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာရလဒ် များ မှာ ဝင်ငွေ အဆင့်အတန်း နှင့် ဆက်နွယ်နေခြင်း မရှိဘဲ အစိုးရ စီမံကိန်း မှ ဆောင်ရွက်သည့် ချဉ်းကပ်နည်းလမ်းသည် အားလုံးကို လွှမ်းခြုံနိုင်ရန် လိုအပ်နေသေးကြောင်း အတည်ပြုခဲ့ပါသည်။

ကျန်းမာရေး နှင့် အာဟာရဆိုင်ရာ အသုံးစရိတ်အတွက် ဆုံးဖြတ်မှုများအား အမျိုးသမီးတစ်ဦးတည်း၏ ဆုံးဖြတ်မှု လွန်စွာ နည်းပါး ပါသည်။

ချင်းပြည်နယ်သည်မြန်မာနိုင်ငံတွင်အဆင်းရဲဆုံးဒေသများ ထဲမှ တစ်ခု အပါအဝင်ဖြစ်ပြီးလုံလောက်သည့်အိမ်ထောင်စု ရိက္ခာ ရရှိမှု မှ တနိုင်ငံလုံးပျမ်း မျှအဆင့်ထက် နိမ့်နေဆဲ ရှိပါသည်။ ရိက္ခာအမျိုးအမည်စုံလင်စွာစားသုံးနိုင်မှုမှာလည်း နည်းနေပါသည်။ ကလေး သူငယ် အများစု သည် တနေ့တာစားသုံး သင့်သည့် အကြိမ်ရေအတိုင်း အစားအစာ စားသုံးခွင့် ရကြသော်လည်းအသက် ၁၂လ-၁၃ လအတွင်း လုံလောက်သည့် အစား အသောက် စားသုံးမှု အကြိမ်ရေ သိသိသာသာ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါ သည်။

အသက်နှစ်နှစ်အောက် မိခင်နို့တိုက်ကျွေးဆဲ ကလေးသူငယ်များတွင် ပုညက်မှုနှုန်း သိသိသာသာနည်းပြီး ကူးစက်တတ်သည့် ရောဂါများ ခံစားရနှုန်းလည်း နည်းပါသည်။ အသက် ၁၂ လ အောက် ကလေးသူငယ်များ တွင် မိခင်နို့တိုက်ကျွေးမှု မြင့်မားပြီး အသက် ၁၂လ-၁၃ လ

ရှိသည့် ကလေးသူငယ်များတွင် မိခင်နို့တိုက်ကျွေးမှုနှုန်း သိသိသာသာ ကျဆင်းသွားပါသည်။ စစ်တမ်းဖြေဆိုသူ သုံးပုံတစ်ပုံက အသက် ခြောက်လတွင် မိခင်နို့တိုက်ကျွေးမှု ရပ်တန့်သင့်သည်ဟု ထင်မြင်ကြပါ သည်။

ဝေးလံခေါင်ဖျား အရပ်များတွင် နေထိုင်ခြင်းကလည်း အာဟာရဆိုင်ရာ ရလဒ်များ ၊ အထူးသဖြင့် ကျန်းမာရေး စောင့်ရှောက်မှု ရယူသည့် အမူအကျင့်များအပေါ် သက်ရောက်မှု ရှိပါသည်။ ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမီမှုမရှိခြင်းက အာဟာ ရဆိုင်ရာ အသိအမြင် နှင့် ကောင်းမွန်သည့် အလေ့ အကျင့်များအပေါ် သိသာ ထင်ရှားသည့် သက်ရောက်မှု ရှိပါသည်။

| စက်ပစ္စည်း အမျိုးအစား | ငှားရမ်းသည့် အရေ အတွက် |
|---|---|
| လယ်ယာသုံး သယ်ယူပို့ဆောင်ရေး ယာဉ် | ၃၁ |
| ရိတ်သိမ်းခြွေလှေ့စက် | ၅ |
| ရိတ်သိမ်းစက် | ၁ |
| လက်တွန်းထွန်စက် (2WT) | ၂၁ |
| လယ်ထွန်စက် (4WT) | ၂၅၁ |
| စုစုပေါင်း | ၃၀၉ |

▲ ဇယား ၃.၅

စုပေါင်းလာသည့် အချက်အလက်များ (၂၀၁၆ ဇန် မှ ၂၀၁၈ ဒီဇင်ဘာ) - မကွေးတိုင်းဒေသကြီး ၊ မန္တလေး တိုင်းဒေသကြီး၊ နေပြည်တော် နှင့် စစ်ကိုင်း တိုင်း ဒေသကြီး

ရင်းမြစ်- LIFT ၏ အားလုံးပါဝင်စေသည့် ငွေကြေးစီမံကိန်းများသည် ၂၀၁၈ ခု ကုလသမဂ္ဂ၏ လစဉ်ပျမ်းမျှ ငွေလဲလှယ်နှုန်း အမေရိကန် ၁ ဒေါ်လာ = မြန်မာကျပ် ၁၄၁၄ အား အသုံးပြုပါသည်။

ချင်းပြည်နယ် ကနဦး စစ်တမ်းမှ တွေ့ရှိချက်များမှ အမျိုးသမီးများ နှင့် ၎င်းတို့၏ မိသားစုများအား ကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှု ရရှိစေရန် မည်သို့ ဆောင်ရွက်ရမည်၊ ၎င်းတို့၏ သားသမီးများဘဝ ကို အကောင်းဆုံး စတင်နိုင်ရန် သေချာစွာ ပေးအပ်ရမည့် အရာများတွင် မည်သည်တို့ ပြောင်းလဲရန်လိုအပ်သည် တို့ကို နားလည်စေရန် အထောက် အကူဖြစ်စေမည့် အာဟာရဆိုင်ရာ အသိပညာပေး ဆောင်ရွက်မှု လိုအပ်ချက် နှင့် ဆိုင်သည့် အကြံပြုချက် အများအပြားကို ဦးတည်ပေးအပ်ခဲ့ပါသည်။ သတင်း စကား ပေးမှု မှ ရိက္ခာအမျိုးအမည်စုံလင်စွာ စားသုံးမှု၊ မှန်ကန်သည့် မိခင်နို့တိုက်ကျွေးရေး အလေ့အကျင့်များ နှင့် ကိုယ်ဝန်ဆောင်ကာလ အတွင်း လုံလောက်သည့် ကျန်းမာရေး စောင့်ရှောက်မှု ရယူခြင်းတို့၏ အရေးပါမှုကိုဦးတည် ရန်လိုအပ်ပါသည်။ အမူအကျင့် ပြောင်းလဲရေး သတင်းစကားပြောကြားမှုများအား ဝေးလံခေါင်ဖျားအရပ် ဒေသများ အပါအဝင် ပြည်သူအားလုံးထံရောက်ရှိ စေရန်မှာ စီမံကိန်း ၏ အထူးခြားဆုံး စိန်ခေါ်မှုများထဲမှ တစ်ခု ဖြစ်ပါသည်။

ချင်းပြည်နယ်ရှိ မြို့နယ် ကိုးခုလုံးရှိ ချင်း MCCT စီမံကိန်း အောက်မှ ကိုယ်ဝန်ဆောင် မိခင်များ မှတ်ပုံတင်ခြင်းကို ၂၀၁၇ ဖွန်လ တွင် စတင်ခဲ့ပြီး လစဉ် ဆက်လက် ကောက်ယူခဲ့ပါသည်။ ဖွန်-ဇူလိုင်တွင် မှတ်ပုံတင်သည့် အမျိုးသမီးများအတွက် ပထမဆုံး ထောက်ပံ့ငွေများအား ကနဦး နှောင့်နှေးမှုများ ဖြစ်ပြီးနောက် အောက်တိုဘာ လလယ်တွင် ပေးအပ်နိုင်ခဲ့ပါသည်။ အမျိုးသမီးများတစ်လ လျှင် ကျပ် ၁၅,၀၀၀ (ကန်ဒေါ်လာ ၁၀.၄၀) ဖြင့် နှစ်လလျှင်တစ်ကြိမ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ တဆင့် ပေးအပ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်ကုန်တွင် အကျိုးခံစားခွင့် ရှိသူ စုစုပေါင်း ၂၆,၉၁၇ ဦး အတွက် ထောက်ပံ့ငွေပေးမှု ခြောက်ကြိမ် ပြုလုပ်ခဲ့ ပါသည်။

DSW မှ Save the Children ၏ အကူအညီဖြင့် နည်းနာလက်စွဲများ ရေးဆွဲခြင်း နှင့် ဖြစ်ရပ် စီမံခန့်ခွဲသူများ အား သင်တန်းပေးခြင်း တို့ဆောင်ရွက်ခဲ့ပြီး ငွေထုတ်ပေးပြီးနောက် လေ့လာစောင့်ကြည့်ခြင်း နှစ်ကြိမ်ပြုလုပ်ခဲ့ပါသည်။

ဒုတိယအကြိမ် ငွေပေးပြီးနောက် လေ့လာ စောင့်ကြည့်ခြင်း မှ တွေ့ရှိချက်များအား ယေဘုယျ သဘော ခြုံငုံကြည့်လျှင် ကောင်းမွန်ပါသည်။ နှစ်လတစ်ကြိမ်ပေးသည့် ထောက်ပံ့ကြေးများအား အကျိုးခံစားခွင့် ရှိသူ ၉၁ ရာခိုင်နှုန်းမှ ပုံမှန် လာယူကြ ပါသည်။ ငွေပေးမည့် ရက်စွဲနှင့် နေရာ ကို ကြိုတင်သတင်း ပေးမှုအား MCCT အကျိုးခံစားခွင့် ရှိသူ ၈၉ ရာခိုင်နှုန်းထံ ရောက်ရှိပြီး အကျိုးခံစားခွင့်ရှိသူ ၇၁ ရာခိုင်နှုန်းတို့သည့် ငွေထုတ်ယူရမည့် နေရာသို့ ရောက်သည့်အချိန်မှ မိနစ် ၃၀ အတွင်း ငွေထုတ် ယူနိုင်သဖြင့် စောင့်ဆိုင်းရသည့်အချိန်လျှော့ချနိုင်ခဲ့ပါသည်။ အကျိုးခံစားခွင့်ရှိသူ အမျိုးသမီးအားလုံးနီး ပါး (၉၄ ရာခိုင်နှုန်း) မှ ထောက်ပံ့ငွေ များအား မည်သို့အသုံးပြုမည်ကို ၎င်းတို့ကိုယ်တိုင်ဆုံးဖြတ် သည်ဟု ပြောပါသည်။ ငွေပေးပြီးနောက် လေ့လာစောင့်ကြည့်ခြင်းမှ ငွေသားများအား အမျိုးသမီးများနှင့် ကလေးသူငယ်များ စားသုံးရန်အတွက်အစားအစာ အမျိုးမျိုး ဝယ်ယူရန် အသုံးပြုကြောင်း ရှင်းရှင်းလင်းလင်း သိရှိရပါသည်။ မိခင်များသည် ကလေးများ အတွက် အစားအစာနှင့် လက်ငင်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်ငွေများ သုံးလေ့ပိုများသဖြင့် အမျိုးသမီးများ အား ထောက်ပံ့ငွေပေးခြင်းဖြင့် အမျိုးသမီး များ၏ ကိုယ်စိတ် ချမ်းသာမှု အတွက် ကောင်းမွန်သည့် သက်ရောက်မှု ရှိကြောင်း ကမ္ဘာတဝှမ်းမှ အထောက်အထားများမှ သက်သေပြပေးပါသည်။

ငွေကြေး ပံ့ပိုးပေးပြီးနောက် စောင့်ကြည့်လေ့လာမှုမှ အသေးစိတ် တွေ့ရှိချက်များနှင့် သုံးသပ်ချက်များမှ လူမှုဝန်ထမ်းဦးစီးဌာန၏ လူမှု ကာကွယ် စောင့်ရှောက်ရေး အဖွဲ့အတွက် စီမံကိန်းနှင့် ဆက်သွယ်ဆောင်ရွက် မှု၊ SBCC အသိပညာပေး ဟောပြောပွဲများ ပုံမှန် ဆောင်ရွက်မှုနှင့် အများပြည်သူ နှင့် အကျိုး ခံစားခွင့်ရှိသူများ အတွက် တိုင်တန်းမှုများ၊ တုံ့ပြန် မှတ်ချက်များပေးရန် အသိအမြင်မြှင့် တင်ရေးတို့ကဲ့ သို့ ဖြေရှင်းရန် လိုအပ်သည့် ကိစ္စရပ်များအား မီးမောင်း ထိုးပြခဲ့ပါသည်။ ကလေး နို့မှုန့်နှင့် အခြား အာဟာရ မပါဝင်သည့် အဆာပြေစားစရာမုန့်များအတွက်ငွေကို အသုံးပြုခြင်းကဲ့သို့ အခြား ဆက်လက်စူးစမ်း စုံစမ်းရန် ကိစ္စရပ်များ ရှိနေပါသေးသည်။ အဆိုပါကိစ္စ ရပ်များအား ၂၀၁၉ ခုနှစ် အစောပိုင်းတွင် ဆောင် ရွက်မည့် ကြိုတင်ပုံစံချထားသည့် အကဲဖြတ်သုံးသပ်မှု တွင် အဆိုပါ ကိစ္စရပ်များအား အသေးစိတ် စစ်ဆေး ကြည့်ရှုမည် ဖြစ်သည်။

အမူအကျင့်ပြောင်းလဲရေးအတွက် အထောက်အပံ့ ပေးခြင်း

Save the Children၊ Danish Red Cross နှင့် နိုင်ငံတကာ ကယ်ဆယ်ရေး ကော်မတီ တို့မှ အကောင်အထည်ဖော်သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ၏ ချင်းပြည်နယ် မိခင်နှင့် ကလေး ထောက်ပံ့ငွေပေးခြင်း အစီအစဉ် (TEAM MCCT) စီမံချက်အတွက် နည်းပညာ အကူအညီပေးခြင်းသည် အကောင်းဆုံး အာဟာရအတွက်ဝန်ဆောင်မှုရယူသူဘက်မှ အတားအဆီးများ၊ အထူးသဖြင့်မိခင်နှင့် အသက်နှစ်နှစ်အောက် ကလေးသူငယ် အတွက် အကောင်းဆုံး အာဟာရ ဖွံ့ဖြိုးမှု၊ကျန်းမာရေး နှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးဆိုင်ရာ အသိအမြင် မရှိခြင်းတို့အား ဖြေရှင်းပေးခြင်းဖြင့် လူမှုဝန်ထမ်း ဦးစီးဌာန၏ MCCT စီမံကိန်း၏ အာဟာရ အလေးထားမှုကို ပိုမိုကောင်းမွန်ပါသည်။ ယင်း အတားအဆီးများအား အမူအကျင့် ပြောင်းလဲရေး သတင်းစကားပြောကြားခြင်း လှုပ်ရှားမှုများမှတဆင့် ဖြေရှင်းပါသည်။ လူမှုဝန်ထမ်းဦးစီးဌာန မှ စောင့်ကြည့်ကြီးကြပ်မှု နှင့် MCCT စီမံကိန်း မှ လေ့လာသင်ယူမှုတို့အတွက် TEAM MCCT စီမံချက်မှ အထောက်အကူပေးပါသည်။ အချိန်နှစ်နှစ်မျှဖြင့်ဆောင်ရွက်ရသည့် အကောင်အထည်ဖော်ရေး စက်ဝန်းတိုတောင်းပြီး သင်တန်းပေး လေ့ကျင့်မှုအတွက် ခွင့်ပြုချက်များ ရရှိရာတွင် နှောင့်နှေးမှု များ ရှိခဲ့သော်လည်း စီမံချက် ပထမနှစ်အပြီးတွင် SBCC လှုပ်ရှားမှုများ အလျင်အမြန် တိုးတက်လာခဲ့ပြီး အထူးသဖြင့် ၂၀၁၈ ခုနှစ် နောက်ဆုံး ခြောက်လတွင် စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာခဲ့ပါသည်။ [၃၄]

စီမံချက်မှ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် SBCC မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက်ကို အပြီးသတ်ခဲ့ပြီး ပြည်နယ်-သီးသန့် လုပ်ငန်းစီမံချက်များ ရေးဆွဲ ခဲ့ပါသည်။ ချင်းပြည်နယ်ရှိ အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ဖြည့်စွက်စာကျွေးခြင်း (IYCF) အလေ့အကျင့်များ နှင့် နောက်ခံအကြောင်းအရာများကို ဖော်ထုတ်ရန် ကြိုတင်ပုံဖော် ပုံစံချထားသည့် သုတေသနကို ဆောင်ရွက်ခဲ့ပါသည်။ ဤသုတေသနမ ချင်းပြည်နယ် SBCC လုပ်ငန်းစီမံချက်ကို ပြန်လည် ပြင်ဆင်ရာတွင် အသုံးပြုနိုင်ရန် အထောက် အထားများ ပံ့ပိုးပေးခဲ့ပါသည်။

စီမံချက်မှ သင်တန်းပေးခြင်း နှင့် SBCC အထောက်အကူပစ္စည်းများ ဖြင့် ကျန်းမာရေး စနစ်များ ပိုမိုအားကောင်းစေရန် ဆောင်ရွက်ခဲ့ပါသည်။ အဓိက စီမံချက်လုပ်ငန်းမှာ ချင်းပြည်နယ်ရှိ ရပ်ရွာလူထု အသက်နှစ်နှစ်အောက် ကလေးသူငယ်များ ဖြည့်စွက်စာကျွေးခြင်း (c-IYCF) နှင့် ဆိုင်သည့် ဆရာဖြစ်သင်တန်းပေးခြင်းဖြစ်သည်။ ဤသင်တန်းအား အမျိုးသား အာဟာရဖွံ့ ဖြိုးရေးနှင့် သုတေသနဌာန မှ ချင်းပြည်နယ်ရှိ မြို့နယ်ခြောက်ခုတွင် အခြေခံ ကျန်းမာရေးဝန်ထမ်း ၇၄ ရာခိုင်နှုန်းအား သင်တန်းပေးခြင်းဖြင့် အကောင် အထည်ဖော်ခဲ့ပါသည်။ TEAM MCCT မှ ၎င်း၏ ဝန်ထမ်းများအား လေ့ကျင့်ပေးရန် နှင့် စေတနာ့ဝန်ထမ်းများအား သင်တန်းပေးခြင်း လုပ်ငန်းစဉ် စတင်ရန် c-IYCF သင်တန်းကို အသုံးပြုခဲ့ပါသည်။ အခြား အဓိကကျသည့် သင်တန်းလှုပ်ရှားမှုများတွင် မိခင်အချင်းချင်း ရိုင်းပင်းကူညီရေး အုပ်စုများ၊ မြို့နယ် သုံးခုမှ အခြေခံကျန်းမာရေး ဝန်ထမ်း ၄၈ ရာခိုင်နှုန်း နှင့် ချင်းပြည်နယ်ရှိ စေတနာ့ဝန်ထမ်း ၄၈ ရာခိုင်နှုန်း တို့အတွက် စီမံကိန်း အကြောင်းအရာများ ရှင်းလင်းခြင်း နှင့် စည်းရုံးလှုံ့ဆော်ခြင်း သင်တန်း တို့ပါဝင်ပါသည်။

ကျေးရွာအများအပြားတွင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပခဲ့သော်လည်း ကျေးရွာ အားလုံးအတွက် လစဉ် ပုံမှန် ဟောပြောပွဲများ ကျင်းပခဲ့ခြင်း မရှိခဲ့ပါ။ စီမံချက်မှ ကျေးရွာ စေတနာ့ဝန်ထမ်း များဖြစ်သော အရန်သားဖွား ဆရာမများ နှင့် ပြည်သူ့ ကျန်းမာရေးလုပ်သား ၅၉ ရာခိုင်နှုန်းတို့သည့် မိခင် အချင်းချင်းရိုင်းပင်းကူညီရေး အုပ်စုများ နှင့် လစဉ် အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ကျင်းပလျက်ရှိကြောင်း အစီရင်ခံ ခဲ့ပါသည်။ TEAM MCCT မှ ချင်းပြည်နယ်ရှိ ကျေးရွာများအတွက် အသုံးဝင်သည့် စစ်တမ်းတစ်ခု ကောက်ယူခဲ့ပြီး ကျေးရွာများ၏ ၅၈ ရာခိုင်နှုန်းသည့် သုံးလလျှင် အနည်းဆုံး အာဟာရဖွံ့ဖြိုးမှု ဆိုင်ရာ အသိပညာပေး ဟောပြောပွဲ တစ်ကြိမ် ကျင်းပနိုင်သည့် လှုပ်ရှား ဆောင်ရွက်နေသည့် မိခင်အချင်းချင်း ရိုင်းပင်း ကူညီသည့်အဖွဲ့ ၅၈ ရာခိုင်နှုန်း ရှိကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ ဤစစ်တမ်းမှ အာဟာရ ဖွံ့ဖြိုးမှုနှင့် စပ်လျဉ်းသည့် ရပ်ရွာလူထု လှုပ်ရှားမှုများကို စောင့်ကြည့်ရန် ကောင်းမွန်သည့် အစပျိုးမှုဖြစ်စေခဲ့ပြီး မိခင် အချင်းချင်း ရိုင်းပင်းကူညီရေး အုပ်စုများ လွှမ်းခြုံမှု နှင့် ပတ်သက်၍ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာန နှင့် လူမှုဝန်ထမ်း ဦးစီးဌာန တို့နှင့် ဆွေးနွေးရန်အတွက် အသုံး ဝင်စေခဲ့ပါသည်။

Catholic Relief Services (CRS) ၏ ရပ်ရွာလူထုနှင့် ချိတ်ဆက်သည့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး (Productive Agriculture through Community Engagement PACE) စီမံချက်မှ ရေရှည်တည်တံ့သည့် လယ်ယာထုတ်ကုန် တိုးမြှင့်ရေး နှင့် ရိက္ခာအမျိုးအမည် စုံလင်စွာ စားသုံးမှု ပိုမိုကောင်းမွန်ရေးကို ဦးတည် ဆောင်ရွက်လျက်ရှိပါသည်။ CRS မှ လယ်သမားများ နှင့် အတူလက်တွဲ၍ ပြောင်းနှင့် ပဲ စိုက်ပျိုးထုတ်လုပ်မှု နှင့် အိမ်ခြံ ဥယျာဉ် စိုက်ပျိုးမှု ကောင်းမွန်ရေး၊ ရိက္ခာ အမျိုးအမည် စုံလင်စွာ စားသုံးမှု၏ အကျိုးကျေးဇူးနှင့် ဆိုင်သည့် အချက်အလက်များအား တောင်သူများနှင့် ရပ်ရွာလူထုများ အတွက် ပေးအပ်ခြင်းတို့ ဆောင်ရွက်ပါသည်။ စီမံချက်မှ အကျိုးခံစားခွင့်ရှိသူ အုပ်စုများကြား အပြန်အလှန် ကူညီထောက်ပံ့ပေးရန် အားဖြည့်ပေးပြီး အိမ်ခြံများ နှင့် တောင်ယာများ စိုက်ပျိုးထုတ်လုပ်မှုများမှ ဟင်းသီးဟင်းရွက်များအား လက်လှမ်းမီမှု တိုးမြှင့်စေရေးတို့ အတွက် ဆောင်ရွက်ပါသည်။

ကရင်ဏာ မိခင် အုပ်စုများ နှင့် မိခင်ဦးဆောင်သည့် အိမ်နီးချင်း အမျိုးသမီးများပါဝင်သည့် အုပ်စုများ တည်ထောင်ပေးခဲ့ပြီး အများစု မှာ အခြေအနေကောင်းစွာ လုပ်ကိုင်နေနိုင်ကြပါသည်။ ထိုအုပ်စုများသည် အစပိုင်းတွင် ရပ်ရွာလူထု၏ နားလည်သဘောပေါက်မှု နှင့် အထောက်အပံ့ရရှိမှု နည်းပါးသော်လည်း ကိုယ်ဝန်ဆောင် နှင့် နို့တိုက်မိခင်များသည့် ကလေးသူငယ်၏ ဘဝအစ ရက်ပေါင်း ၁,၀၀၀ အတွင်း အကျိုးဖြစ်စေမည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဗဟုသုတနှင့် အမူအကျင့်များ

၃၄။ စီမံချက် အပြီးသတ် အကဲဖြတ်သုံးသပ်ခြင်း၊ ရေး ဂါလ်လိုပေး

သိသိသာသာ တိုးတက်ရရှိလာခဲ့ကြောင်း ထင်ရှားပါသည်။ ၂၀၁၈ ခုနှစ် အတွင်းတွင် PACE စီမံချက်မှ အာဟာရဆိုင်ရာ အဓိက အမူအကျင့် ၁၁ ခု အား ကရင်မိခင်များအုပ်စု အစည်းအဝေး နှင့် နှစ်သိမ့်ဆွေးနွေးမှု ၂၇၅ ခု မှတဆင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင် ၂,၀၀၀ ဦးထံ အရောက်ပို့ပေးနိုင်ခဲ့သည်။ ဦးတည်ရွာ ပေါင်း ၆၀ မှ လူ ၁,၇၁၄ဦးတို့သည် အချက်အပြုတ် သရုပ်ပြပွဲများ တက်ရောက်ခဲ့ပြီး ဖြည့်စွက်စာ နှင့် အာဟာရ ပြည့်ဝသည့် အစားအစာ ဖန်တီးမှု နည်းလမ်းများအား လေ့လာသင်ယူခဲ့ကြသည်။ အာဟာရဖွံ့ဖြိုးမှု တိုးတက်ရေး ဆွေးနွေး တိုင်ပင် သဘောထားရယူသည့် အလုပ်ရုံဆွေးနွေးပွဲ ၈ ခု အား ကျင်းပခဲ့ပြီး ဘုရားကျောင်းနှင့် ရပ်ရွာမှ ခေါင်းဆောင် ၁၆၇ ဦးထံ ရောက်ရှိခဲ့ပါသည်။ ရပ်ရွာလူထုခေါင်းဆောင်များသည် ရပ်ရွာလူထု နှင့် ဝတ်ပြုပွဲများတွင် ဝေငှနိုင်ရန် တိုက်တွန်းအားပေးသည့် သတင်းစကားများ နှင့် အတူ ၃ လတစ်ကြိမ် ထုတ်ဝေသည့် အာဟာရဆိုင်ရာ လက်ကမ်းစာစောင်များ စဉ်ဆက်မပြတ် ရရှိခဲ့ကြပါ သည်။

စီမံချက်မှ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များကြား အာဟာရ ဆိုင်ရာ အမူအကျင့်များ လက်ခံကျင့်သုံးမှုကို ဆန်းစစ်ရန် အတွက် အုပ်စုလိုက် နမူနာ အရည်အသွေး အာမခံမှု စစ်တမ်း (Lot Quality Assurance Sampling- LQAS) ၂ ခု ကို ဆောင်ရွက်ခဲ့ပါသည်။ ရလဒ်များက အမျိုးသမီးများ၏ အာဟာရ ဆိုင်ရာ အသိအမြင် နှင့် မရှိမဖြစ် လိုအပ်သည့် အာဟာရ ဖွံ့ဖြိုးမှု နှင့် တကိုယ်ရေကျန်းမာရေးဆိုင်ရာ လုပ် ဆောင်ချက်များ မြှင့်တင်ပေးနိုင်ခဲ့သည့် စီမံချက်၏မြင့်မားသည့် စွမ်းဆောင်ရည်ကို ပြသ ခဲ့ပြီး ထိုသို့ မြှင့်တင်ပေးနိုင်စွမ်းရှိသည့် ပတ်ဝန်းကျင်ကို အားကောင်းစေရန် ထပ်မံဆောင်ရွက်ရမည့် လုပ်ငန်းများကိုလည်း ဖော်ထုတ်ပေးခဲ့ ပါသည်။

စီမံကိန်းမှ အာဟာရဆိုင်ရာ အမူအကျင့်များပြောင်းလဲစေသည့် အစိတ်အပိုင်းအတွက် အားဖြည့်ပေးရန်မြှင့်တင်ပေးသည့် စိုက်ပျိုးရေး လုပ်ငန်းများအား လေ့လာသုံးသပ်ခဲ့ပြီး လက်ရှိ စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက် စိုက်ခင်းများနှင့် ယာခင်းများတွင် သီးနှံ အမျိုးအမည် အနည်းဆုံး ၄၅ မျိုးခန့် ရှိကြောင်း တွေ့ရှိခဲ့ပါသည်။ သို့သော်လည်း ထိုကျေးရွာများကြား သီးနှံအမျိုးပေါင်းများစွာ ကွဲပြားနေကြပြီး ရွာအလိုက် စိုက်ပျိုးသီးနှံအမျိုးအစားများ ကျယ်ကျယ်ပြန့်ပြန့် ကွဲပြားပါသည်။ ကနဦး စစ်တမ်း အချက်အလက်များအရ မိခင်များနှင့် ကလေးသူငယ်များ ပရိုတိန်းဓါတ် ပြည့်ဝပြီး နှင့် ဗီတာမင် အေ ပါဝင်မှုများပြားသည့် အစားအစာများအား အချိုးအစား အမျိုးမျိုးစားသုံးလျက်ရှိကြောင်း တွေ့ရပါသည်။ မိခင်များက ဗီတာမင်အေ ပြည့်ဝသည့်အစားအစာ ၈၈ ရာခိုင်နှုန်း စားသုံးသည့်အချိန်တွင် အသက် ၆ လမှ ၂၃ လအတွင်း ကလေးသူငယ်များက ထိုအစားအစာများအား ၄၇ ရာခိုင်နှုန်းသာ စားသုံးလျက်ရှိနေပြီး ရပ်ရွာများတွင် ရရှိနိုင်သည့် အစိမ်းရင့်ရောင် ဟင်းရွက်များအား ကလေးများ ပုံမှန် စားသုံးလေ့မရှိကြောင်း တွေ့ရှိရပါသည်။ ပရိုတိန်းဓါတ် ပြည့်ဝသည့် အစားအသောက်များအား အုပ်စုနှစ်ခုလုံး စားသုံးမှု လျော့ နည်းကြောင်းတွေ့ရပြီး - လွန်ခဲ့သည့် ၂၄ နာရီအတွင်း မိခင် ၅၃ ရာခိုင်နှုန်း နှင့် ကလေးသူငယ် ၄၃ ရာခိုင်နှုန်းသာ ထိုအစားအစာများ စားသုံးခဲ့ကြပါသည်။ တောင်သူများက ဝင်ငွေရရန်အတွက် သီးနှံအမျိုးမျိုး စိုက်ပျိုးလျက်ရှိကြောင်း အထူးပြု ပြောကြားခဲ့ပါသည်။ လေ့လာမှု မှ အကြံပြုထားသည့်အချက်များမှာ -

- မိခင်နှင့် ကလေးသူငယ်များ ပရိုတိန်းအာဟာရ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန် ပရိုတိန်းဓါတ် ပြည့်ဝသည့် သီးနှံများ ဦးတည်ခြင်း
- ချင်းပြည်နယ် တစ်ခုလုံးရှိ ကျေးရွာအချင်းချင်း အတွေးအမြင်များ ဖလှယ်နိုင်သည့် နည်းလမ်း ရှိခဲ့ပါက တောင်သူများ အနေဖြင့် မတူညီသည့် အသက်မွေးဝမ်းကျောင်းမှု မဟာ ဗျူဟာ အမျိုးမျိုးမှ ကြီးမားသော အကျိုးကျေးဇူး ရရှိနိုင်ခြင်း
- မျိုးစေ့စနစ်များ နှင့် သိုလှောင်မှု စနစ်များအားပံ့ပိုးပေးခြင်း ဖြင့် တောင်သူများအချင်းချင်း ချိတ်ဆက်မှုများ တည်ဆောက် နိုင်သည့်အပြင် လေအလုံပိတ်မျိုးစေ့ သိုလောင်ထားရှိမှု စီမံဆောင် ရွက်ရာတွင် စီမံချက်၏ အောင်မြင်မှုများ ကို ထူထောင် ပေးနိုင်ခြင်း
- ဖြည့်စွက်စာ ရရှိနိုင်မှု နှင့် လက်လှမ်းမီနိုင်မှု အတွက် အခြားသီးနှံများ ထပ်မံ စဉ်းစားခြင်း

## တောင်တန်းဒေသများတွင် စိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးမြှင့် ကွင်းဆက်များ အားကောင်းစေခြင်း

တောင်တန်းဒေသ စီမံကိန်း၏ ရည်ရွယ်ချက် တစ်ခုမှ စိုက်ပျိုးရေးဆိုင်ရန် တန်ဖိုးမြှင့် ကွင်းဆက်များနှင့်ဆိုင်သည့် မိတ်ဖက်များ၏ အသိအမြင် နှင့် စွမ်းဆောင်ရည်များ တိုးမြှင့်ရေး ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း CORAD၊ Metta နှင့် CDN အဖွဲ့များသည် တန်ဖိုးမြှင့် ကွင်းဆက်များ ဆန်းစစ်ခြင်း ဆောင်ရွက်မှု နှင့် တန်ဖိုးမြှင့်ကွင်းဆက်ဆိုင်ရာ စီမံကိန်း ဆောင်ရွက်ချက် များအား ဒီဇိုင်း ဆွဲရန် အတွက် အထောက်အပံ့ များရရှိခဲ့ ပါသည်။

စိုက်ပျိုးရေး စီမံကိန်းများ အားလုံးနှင့်သက်ဆိုင်သည့် ပါဝင်အခြင်းအရာမှာ စီမံချက်များ၏ လုပ်ငန်းတာဝန်များတွင် တောင်သူ အခြေပြု အဖွဲ့အစည်းများ တည်ထောင်ခြင်း ဖြစ်ပါသည်။ ယင်းမှာ လုပ်ကွက်ငယ် တောင်သူများ စုပေါင်းခြင်း ဖြင့် ဈေးကွက် နှင့် ဝန်ဆောင်မှုများအား လက်လှမ်းမှုအား အကောင်းဆုံး အကျိုးရှိစွာ အသုံးချနိုင်ခြင်း၊ ထိုမှ တဆင့် ပိုမိုကြီးမားသည့် သာတူညီမျှမှုကို ဖန်တီးခြင်း နှင့် အတွက် ညှိနှိုင်းနိုင်စွမ်း အား ပိုမို ကောင်းမွန်စေသည် ဟူသော အချက်ပေါ်တွင် အခြေခံထား ပါသည်။ ယင်းမှ ပုဂ္ဂလိကကဏ္ဍ နှင့် ပိုမိုထိတွေ့ ဆောင်ရွက်ခွင့် ရရန် နှင့် တောင်သူအခြေပြု စီးပွားရေးလုပ်ငန်းများ ဈေးကွက်ထဲတွင် အဓိက လှုပ်ရှားဆောင်ရွက်သူများ အဖြစ် ဖွံ့ဖြိုးအောင်မြင်လာစေရန် အခွင့်အလမ်း ပံ့ပိုးပေးပါသည်။

CORAD ၏ ချင်းပြည်နယ်မြောက်ပိုင်းတွင် စိုက်ပျိုးရေး လုပ်ငန်းမျိုးစုံ ဖြစ်ထွန်း ရေးကို မြှင့်တင်ပြီး ဘက်စုံစီးပွား ဖြစ်ထွန်းရေး စီမံချက် မှ ထုတ်လုပ်သူ အုပ်စုအဖွဲ့ဝင်များအား ပိုမိုကောင်းမွန်သည့် အရောင်းဈေးနှုန်းများ ရရှိစေခြင်း ဖြင့် ဝင်ငွေတိုးလာစေရန် ဆောင်ရွက်ပေးပါသည်။ ထုတ်လုပ်သူ အုပ်စုများ ဖွဲ့စည်းပြီး စပျစ်၊ ကြက်သွန်၊ မျောက်ငိုသီးနှင့် ဝဥ တို့အတွက် ဈေးကွက်ဆိုင်ရာ လက်လှမ်းမီမှု ပိုမို

ကောင်းမွန်စေရန် လုပ်ဆောင်ခဲ့သည်။ ထုတ်လုပ်သူများ၊ ဝယ်ယူသူများကြား ထိရောက်စွာချိတ်ဆက်နိုင်ရန် လိုအပ်သည့် စီမံခန့်ခွဲမှု၊ ဈေးကွက်တင်မှုနှင့် နည်းပညာကျွမ်းကျင်မှုများ ရရှိနိုင်စေ ရန် ၎င်းတို့အုပ်စုများအား ပံ့ပိုးပေးလျက် ရှိပါသည်။

စပျစ်သည် ချင်းပြည်နယ် တီးတိန် နှင့် ဖလမ်းမြို့ရှိ စပျစ်စိုက်ပျိုးထုတ်လုပ်ရေး အတွေ့အကြုံများစွာ ရှိသည့် ကျေးရွာအများအပြား အတွက် အရေးပါ သည့် သီးနှံဖြစ်ပါသည်။ အချို့နေရာများတွင်တောင်သူ များသည် နှစ်ပေါင်း ၂၅ နှစ် ကျော် စပျစ်စိုက်ပျိုး လာခဲ့ကြပါသည်။ စပျစ် စိုက်ပျိုးမှု တန်ဖိုးမြှင့်ကွင်းဆက် အဆင့်တိုင်း (ထုတ်လုပ်မှု အရည်အသွေး နှင့် အရေအတွက်၊ ဝိုင်ထုတ်လုပ်သည့် လုပ်ငန်းစဉ် နှင့် ဈေးကွက်တင်ခြင်း) တို့တွင် ပိုမိုကောင်းမွန်အောင် လုပ်နိုင်သည့် အလားအလာ ရှိပါသည်။ လက်ရှိ ဝိုင်ထုတ်လုပ်မှု မှာ ချင်းတောင်ရှိ စားသုံးသူများက အဓိကဝယ်ယူကြပြီးချင်းတောင် ထုတ်ဝိုင်မှာ အရည် အသွေးပိုင်းတွင် ရှမ်းပြည်နယ် မှ ကျွမ်းကျင် သည့် ဝိုင်ထုတ်လုပ်မှု နှင့် အချိန်တိုတို ဖြင့် ယှဉ်နိုင်ရန် ဖြစ်နိုင်ချေ မရှိသေးပါ။ သယ်ယူပို့ဆောင် ရေး စရိတ် မှာလည်း အဓိက ကန့်သတ်ချက် ဖြစ်နေပါသည်။ CORAD ၏ ချဉ်းကပ်နည်းလမ်းမှာ ပိုမိုကောင်းမွန်အောင် လုပ်ရန် စိတ်ဝင်စားသည့် တောင်သူများ နှင့် ထုတ်လုပ်သူအဖွဲ့များ ဖွဲ့ပြီး တန်ဖိုးမြှင့်ကွင်းဆက် ကန့်သတ်ချက်များ နှင့် အခွင့်အလမ်းများအားဆန်းစစ်ကာ၊ ထုတ်လုပ်သူများ၊ ဝယ်ယူသူများ နှင့် ပြုပြင်ထုတ်လုပ်သူများအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်းဖြင့် တစ်ဖက်ချင်းစီ၏ စရိတ်များနှင့် ကန့်သတ်ချက်များအား နားလည်သဘောပေါက်ပြီး ညှိနှိုင်းမှုများ အစပျိုးကာ ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်စေခြင်း ဖြစ်ပါသည်။ စိုက်ပျိုးထုတ်လုပ်သူများအဖွဲ့များသည် ရေရှည် ဖွံ့ဖြိုးတိုးတက်စေရန် ၎င်းတို့ ကိုယ်ပိုင် လုပ်ငန်းစီမံချက်များ ရေးဆွဲကြပါသည်။ စီမံချက်မှ စိုက်ပျိုးထုတ်လုပ်သူ ၂၅၉ဦးဖြင့် ထုတ်လုပ်သူ အဖွဲ့ ၁၁ ဖွဲ့ ဖွဲ့စည်းပေးခြင်းဖြင့် အားပေးမြှင့်တင်ပေးခဲ့ပါသည်။

ကနဦး ရင်းနှီးမြှုပ်နှံမှုကို အကန့်အသတ်ဖြင့် တစ်ဆင့်ချင်း ဆောင်ရွက်သည့် ချဉ်းကပ်နည်းလမ်းသည် ဆုံးရှုံးရနိုင်ချေ အန္တရာယ်ကို အနည်းဆုံးဖြစ်စေပါသည်။ ကနဦးအကျိုးအမြတ်များမှာ အုပ်စုလိုက် ဈေးကွက်တင်ခြင်း နှင့် စရိတ်နည်းနည်း ဖြင့် အရည်အသွေးစီမံခန့်ခွဲခြင်းတို့ဖြင့် အရေအတွက်အပေါ် အခြေခံသည့်ဈေးနှုန်းသတ်မှတ်ခြင်းမှတဆင့် ထုတ်လုပ်သူများအား ပိုမို ကောင်းမွန် သည့် အကျိုးအမြတ်ရရှိစေရန်အတွက် အခွင့် အလမ်းများအပေါ် လက်တွေ့ကျကျဦးတည်ထား ပါသည်။ စပျစ်စိုက်ပျိုးထုတ်လုပ်သူ အုပ်စုများမှဝယ်လက်များ၊ အထူးသဖြင့် ကလေးမြို့မှဝိုင်ထုတ်လုပ်သူများ နှင့် ဈေးနှုန်း ညှိနှိုင်းမှုများ စတင်ခဲ့ပါသည်။ ၎င်းတို့သည် ၂၀၁၈ ခုနှစ် ရိတ်သိမ်းရာသီအတွက် ဈေးနှုန်းများ ညှိနှိုင်းခဲ့ပြီး ကြားခံ ပွဲစားများ မပါဝင်စေဘဲ ရောင်းဝယ်ရန် သဘောတူညီ ခဲ့ကြပါသည်။ ကိုင်းဖြတ်ခြင်း၊ မြေဆွေးပြုလုပ်ခြင်း၊ ဘက်စုံ ပိုးမွှား စီမံခန့်ခွဲခြင်း သင်တန်း များ နှင့် နိုင်ငံတွင်းရှိ အခြား စပျစ် ထုတ်လုပ်သည့်ဒေသများသို့ လေ့လာရေး ခရီးသွားရောက်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

မေတ္တာ ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၏ တောင်တန်းဒေသ စားနပ်ရိက္ခာဖူလုံရေး နှင့် ဈေးကွက်ဝင်ရောက်ခြင်း စီမံချက် မှ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တရုတ်ကုန်သည်များ ရောင်းချသည့် စားအုန်းဆီ နှင့် ဓာတုပစ္စည်းများ ပါဝင်သည့် 'စားသုံးဆီ အတုများ'အား ဒေသတွင်း ဈေးကွက်တွင် အစားထိုးရန် စားသုံးဆီအသစ်တခု ဖန်တီးထုတ်လုပ်ရန် ရည်မှန်းထားပါသည်။မေတ္တာမှ ပြောင်းစိုက်ပျိုးမှု တိုးချဲ့လာခြင်းကြောင့် လျော့ကျသွားသည့် မြေပဲ နှင့်မုန်ညင်း စိုက်ပျိုးရေးကို ပြန်လည်အသက်သွင်းခဲ့ပြီး အော်ဂဲနစ် ဆီသန့်ထုတ်လုပ်ရန် တောင်သူ ဦးဆောင်သည့် လုပ်ငန်းများ တည်ထောင်ပေးခဲ့ပါသည်။ စီမံချက်မှ တန်ဖိုးမြှင့် ကွင်းဆက် ထုတ်လုပ်သူအုပ်စု ၅၈ ခု နှင့် တွဲစပ်လျက်ရှိသည့် တောင်သူ သင်တန်းကျောင်းများ အား ဖန်တီးပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် အတွင်းတွင် ထုတ်လုပ်သူ ၁,၀၀၀ ကျော် ( အမျိုးသမီး ၃၄ ရာခိုင်နှုန်း) တို့ မြေပဲနှင့် မုန်ညင်း ထုတ်လုပ်မှု သင်တန်းများ ရရှိခဲ့ပါသည်။ ယင်း စိုက်ပျိုးထုတ်လုပ်သူ အုပ်စုများ အား စုစည်းပြီး ဒါရိုက်တာဘုတ် အဖွဲ့ ၆ ဖွဲ့ (ကချင်တွင် လေးဖွဲ့ နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် နှစ်ဖွဲ့) ဖွဲ့စည်းပြီး ဆီစက်များအား ပူးတွဲ စီမံခန့်ခွဲ ကြီးကြပ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်းတွင် အဆိုပါ အသေးစား နှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ၏ လုပ်ငန်းပုံစံအား ဆီထုတ်လုပ်မှုလုပ်ငန်းရှိ ထုတ်လုပ် သူအုပ်စုများ နှင့် ရှယ်ယာရှင်များအား ကိုယ်စားပြုနိုင်ရန် ပြန်လည်ပြုပြင်ဖွဲ့စည်းခဲ့ပါသည်။ ထုတ်လုပ်သူများမှ ဆီစက်အတွက် ကုန်ကြမ်းများ ပံ့ပိုးပေးပြီး အစုရှယ်ယာရှင် အစီအစဉ်သစ်တွင် တောင်သူများအား ရှယ်ယာ တစ်စုလျှင် ကျပ် ၅၀,၀၀၀ (ကန်ဒေါ်လာ ၃၅ ) ဖြင့် လုပ်ငန်း၏ အစုရှယ်ယာ ၁၀ စု အထိ ဝယ်ယူခွင့် ရရှိကြပါသည်။ အစုရှယ်ယာ ပိုင်ဆိုင်သူများအနေဖြင့် မြေပဲနှင့် မုန်ညင်းဆီ ရောင်းချခြင်းဖြင့် ရရှိလာသည့် အကျိုးအမြတ်များ မှ နှစ်စဉ် အမြတ်များရပိုင်ခွင့် ရရှိကြပါသည်။ လက်ရှိတွင် ကချင်ပြည်နယ်မှ လုပ်ငန်းများသည် မြို့နယ် ၇ မြို့နယ်တွင် အမြဲတမ်း လက်ကားရောင်းချသူ ၃၃ ဦး နှင့် လက်လီရောင်းချသူ ၂၇ ဦး တို့မှ တဆင့် ပုံမှန်ရောင်းချလျက် ရှိပါသည်။

အဆိုပါ စုပေါင်း စိုက်ပျိုးစီးပွားလုပ်ငန်းများ ၏ စီးပွားရေး စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှုများ နှင့် စွမ်းရည်များ တည်ဆောက်ခြင်း နှင့် ဈေးကွက်တင်ခြင်းတို့သည် အခြေတည်စ အခြေအနေတွင်သာရှိသေးပြီးလက်တွေ့ကျသည့် စီးပွားရေး ပုံစံများ သေချာစွာ ဖြစ်လာစေရန် စဉ်ဆက်မပြတ် ပံ့ပိုးပေးမှု နှင့် လမ်းညွှန်မှုတို့ လိုအပ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် ပုဂ္ဂလိက ကဏ္ဍ နှင့် ပိုမိုအပြည့်အဝ ထိတွေ့ ဆောင်ရွက်နိုင်ရန် လှုပ်ရှားတက်ကြွပြီး ပြည့်စုံကျယ်ပြန့်သည့် စီးပွား ရေး လုပ်ငန်း စီမံချက်များ ဖွဲ့စည်းဖြစ်ပေါ်စေပြီး ဈေးကွက် အခွင့်အလမ်းများ စူးစမ်းရှာဖွေမည် ဖြစ်ပါသည်။ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တွင် မြောက်ပိုင်း ဖြစ်ပွားလျက်ရှိသည့် မငြိမ်မသက် ဖြစ်မှုများက စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် အများပိုင် သစ်တောလုပ်ငန်းများ တိုးချဲ့မှုတို့အား အတားအဆီး များ ဖြစ်ပေါ်စေခဲ့ပါသည်။

CDN နှင့် လက်တွဲဆောင်ရွက်သည့် SNV သည် ၂၀၁၇ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ဖာလာစေ့ တန်ဖိုးမြှင့်ကွင်းဆက် ဆန်းစစ်မှ ပုံမှန်တည်ငြိမ်သည့် ဈေးကွက်နှင့်အတူ

ဖာလာစေ့မှာ အရေးပါသည့် သီးနှံ ဖြစ်ကြောင်း အတည်ပြု ခဲ့ပါသည်။ ဖာလာမှာ မြန်မာနိုင်ငံတွင် လျစ်လျူရှု ထားလေ့ရှိသည့် သီးနှံဖြစ်ပြီး ကချင်ပြည်နယ် သံတောင်ကြီးဒေသမှ တောင်သူများအတွက်နှစ်စဉ် ၃.၄ တန်ခန့် ထုတ်လုပ်ပြီး တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၄ သန်း ကုန်သွယ်တန်ဖိုးရှိသည့် အဓိက ဝင်ငွေ ရင်းမြစ်ဖြစ်ပါသည်။ ဖာလာစေ့၏ အရည်အသွေး တိုးတက်ကောင်းမွန်စေခြင်းသည် တန်ဖိုးမြှင့်ကွင်းဆက် ရေရှည်တည်တံ့မှုနှင့် အမြတ်ငွေ ပိုတိုးလာစေရန် အခြေခံ ဖြစ်ပါသည်။ စီမံချက် မှ ဖာလာစေ့ထုတ်ကုန် အရည်အသွေးအပေါ် အခြောက်ခံခြင်း၏သက်ရောက်မှုကို ဆန်းစစ်ရန် နှင့် နှင့်နွေးအား ဒုတိယသီးနှံ အနေဖြင့် အခြောက်ခံစက်အား အသုံးပြု ၍ ရမရ စမ်းသပ်ရန် သီးနှံအခြောက်ခံစက် ၂လုံးအား စမ်းသပ်အစီအစဉ် အနေဖြင့် တပ်ဆင်ပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်းတွင် SNV မှ အခြောက်ခံစက် များ တပ်ဆင်ခြင်းအား ဆန်းစစ် အကဲဖြတ်ရန်နှင့် လေ့လာသင်ယူမှုများ သုံးသပ်ရန်၊ ကိုယ့်အား ကိုယ်ကိုး အဖွဲ့များ၏ ပါဝင်ပတ်သက်မှု နှင့် အခြားပတ်သက်ဆက်နွယ်သူများ တင်ပြသည့် စိုးရိမ်ပူ ပန်မှုများ အား ဆန်းစစ်မှု တစ်ခု ဆောင်ရွက်ခဲ့ ပါသည်။ ဆန်းစစ်မှု မှ အကျိုးခံစားခွင့်ရှိသူ ရပ်ရွာလူထုများ၏ အဆင့်အတန်းနှင့် တိုင်းတာလျှင် ဈေးကြီးသော်လည်း ပိုမိုကောင်းမွန်သည့် အခြောက်ခံစက်များမှာငွေရေးကြေး ရေးအရ ခိုင်မာသည့် ရင်းနှီးမြှုပ်နှံမှုများ ဖြစ်ကြောင်း မှတ်ချက်ချခဲ့ပါသည်။ သို့သော်လည်း လက်ရှိ အနေအထားတွင် စရိတ်စက၊ လုံလောက်သည့် ဈေးကွက်ဆိုင်ရာ အချက်အလက်မရှိခြင်း၊ အသုံးပြု သည့်ပစ္စည်း၏ အသုံးဝင်ပုံ သဘောပေါက် နားလည်မှု အားနည်းခြင်း နှင့် စီမံအုပ်ချုပ်ရာတွင် ရှင်းလင်းတိကျမှု မရှိခြင်း တို့က ပြန်ဆပ်ရမည့်ငွေ နှင့် အကျိုးအမြတ်တို့ သေချာစေရန် အတွက် ကျယ်ကျယ် ပြန့်ပြန့် လက်ခံကျင့် သုံးရာတွင်ကြီးမားသည့် အခက် အခဲများ ဖြစ်စေပါသည်။ အဆိုပါအခြောက်ခံ စက် နှစ်လုံး မှ ရသည့် အတွေ့ အကြုံကို အခြေခံ၍ SNV မှ လာအိုနိုင်ငံတွင်အောင်မြင် စွာ လည်ပတ်နေသည့် ငွေကြေးအားဖြင့် တတ်နိုင် မည့် အခြောက်ခံစက် ဒီဇိုင်း အသစ်တစ်ခုကို မိတ်ဆက်ပေးခဲ့ ပါသည်။ ဒေသတွင်း ရနိုင်သည့် ပစ္စည်း များ အသုံးပြု၍ တည်ဆောက်သည့် အခြောက်ခံစက်၏ စရိတ်မှာ ကန်ဒေါ်လာ ၅၅၀ သာ ကုန်ကျပါသည်။ ဖာလာစေ့ ရာသီမှာ အောက်တိုဘာ/ နိုဝင်ဘာတွင် စတင်မည်ဖြစ်ပြီး SNV မှ အခြောက်ခံစက် ဒီဇိုင်း သုံးမျိုး၏ စီးပွားရေးအရ စွမ်းဆောင်ရည်ကို မှတ်တမ်း တင်ပြီး အကဲဖြတ်မည်ဖြစ်သည်။

ပတ်သက်ဆက်နွယ်သူ ပေါင်းစုံပါဝင်သည့် ပလက်ဖောင်း (Multi-Stakeholder Platform -MSP) သည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန (DICA) တွင် တရားဝင်မှတ်ပုံတင်ခြင်း ပြုလုပ်၍ ရှေ့သို့တက်လှမ်းသည့် အဆင့်အနေအထားတွင် ရောက်ရှိနေပါသည်။ MSPမှတရားဝင်အမည်မြန်မာ ချဉ်ပေါင် ဖာလာ (MCPP) အောက်တွင် လုပ်ငန်း လည်ပတ် ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။ တရားဝင် အသင်းအဖွဲ့ ဖွဲ့စည်းပုံ ရည်မှန်းချက်တာဝန်၊ အနာဂတ်မျှော်မှန်းချက် နှင့် မဟာ ဗျူဟာမြောက် စီမံချက် တို့အား သတ်မှတ်ထားရှိပြီးဖြစ်သည်။ MSP သည် ဖာလာစေ့ တန်ဖိုးမြှင့်ကွင်းဆက်ဆိုင်ရာ ကိစ္စရပ်များ နှင့် စိုးရိမ်ပူပန်မှုများကိုဖြေရှင်းရန် ပုံမှန် တွေ့ဆုံလေ့ရှိသည်။ MSP မှ သက်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် စိုက်ပျိုးရေး ဦးစီးဌာန (DOA) ၊ မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် သစ်သီးဝလံ၊ ပန်းမန် နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများ အသင်း (MFVP)တို့နှင့် ဆက်ဆံရေးများ တည်ဆောက် ထားပါသည်။

MSP မှ တိုက်တွန်းစည်းရုံးခဲ့သည့် ကြိုးပမ်းမှုသည် ပတ်သက်ဆက်နွယ်သူများအား တိုက်ရိုက် အကျိုးရှိ စေမည့် ဖာလာစေ့ တန်ဖိုးမြှင့်ကွင်းဆက် နှင့် ပတ်သက်သည့် မူဝါဒ ကြေငြာချက်နှစ်ခုကို အစိုးရမှ ထုတ်ပြန်ကြေငြာရန်အထိ ဦးတည်စေခဲ့ပါသည်။ဖာလာ စေ့သည် နိုင်ငံအတွက် ကြီးမားသည့် စီးပွားရေးအလား အလာကောင်းရှိကြောင်း အစိုးရမှ အသိအမှတ်ပြုခြင်း ကြောင့် အစိုးရ၏ ထောက်ခံမှုဖြင့် ဦးစားပေး သီးနှံ အဖြစ် ကြေငြာခဲ့ပါသည်။ ယင်းမှာ MSP၊ UMFCCI၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန နှင့် စိုက်ပျိုးရေး ဦးစီး ဌာန တို့ နှင့် မူဝါဒဆွေးနွေးမှုများ၏ ရလဒ် ဖြစ်ပါသည်။

မူဝါဒ ဆိုင်ရာ နောက်ထပ် အပြောင်းအလဲတစ်ခုမှာဖာလာ စေ့အား သစ်မဟုတ်သော သစ်တောထွက် ပစ္စည်းမှ စိုက်ပျိုးသီးနှံအဖြစ် ပြောင်းလဲကြေငြာလိုက် ခြင်းဖြင့် တောင်သူများအတွက် အခွန်များလျော့ကျ စေရန်လမ်းဖွင့် ပေးခဲ့ခြင်း ဖြစ်ပါသည်။

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

LIFT မှ ရန်ပုံငွေ ထောက်ပံ့သည့် ရိုးမဘဏ်- AFP စီမံချက်မှ ၂၀၁၆ ဇန်နဝါရီလမှစ၍ ကချင်ပြည် နယ်၊ မွန်ပြည်နယ် နှင့် ရှမ်းပြည်နယ်များ နှင့် တနင်္သာရီ တိုင်းဒေသကြီး မှ တောင်သူများ နှင့် စွန့်ဦးတီ ထွင်သူများ အား စိုက်ပျိုးရေးသုံး စက်များ နှင့် ကိရိယာ များအား အရစ်ကျ ငွေချေစနစ်ဖြင့် ဝယ်ယူရန် ငွေကြေး ဆိုင်ရာ ဝန်ဆောင်မှု များ ပံ့ပိုးပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ရှမ်းပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ ရိုးမဘဏ်ခွဲ ၇ခုမှ တဆင့် စက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ၁၀ ဦး ထံမှ လယ်ယာသုံး စက်ပစ္စည်းများ ဝယ်ယူရန် ဝန်ဆောင်မှု ရယူသူများ အတွက် အရစ်ကျငွေချေ စနစ်ဖြင့် ချုပ်ဆိုသည့် စာချုပ်ပေါင်း ၉၈ ခု ထုတ်ပေးခဲ့ပါသည်။ ယင်းတို့မှာ စုစုပေါင်း ကန်ဒေါ်လာ ၂.၅ သန်းတန်ဖိုးရှိ ဘီးလေးဘီးလုံး မောင်းနှင်သည့် ထွန်စက် ၉၄ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၂ လုံး နှင့် အခြား စိုက်ပျိုးရေး ဆိုင်ရာ ယာဉ်နှစ်စီးဖြစ်ပါသည်။ အခြား လုပ်ကွက်ငယ်တောင်သူများ သည် AFP ၏ ဝန်ဆောင်မှု ယူသူများ မှ ပံ့ပိုးသည့် စက်ကိရိယာ ငှားရမ်းခြင်း လုပ်ငန်းများမှ တဆင့် စက်များကို လက်လှမ်းမီ ရရှိကြပါသည်။ ၂၀၁၆ ခုနှစ်တွင် စီမံကိန်း စတင်ခဲ့သည့် အချိန်မှ စ၍ တောင်တန်းဒေသများအတွက် ကန်ဒေါ်လာ ၆.၈ သန်းတန် ငှားရမ်းမှု ၃၀၉ ခု ဆောင်ရွက်ခဲ့ပါသည်။ ရှမ်းပြည်နယ်ရှိ ပြောင်းကုန်သည် ၇၂ ဦးတို့သည် ရိုးမဘဏ်၏ AFP စီမံချက်မှ အပေါင်ပစ္စည်း မရနိုင်သည့် ချေးငွေ များ မှ စာရင်းပိုထုတ်ချေးငွေ ကန်ဒေါ်လာ ၉.၁၂ သန်း အထိ ရရှိခဲ့ပြီး ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်တွင် လုပ်ကွက်ငယ် တောင်သူ ၁၄,၄၀၀ တို့အား သွယ်ဝိုက် အကျိုးသက်ရောက်ခဲ့ပါသည်။

မီချီဂန်ပြည်နယ် တက္ကသိုလ် (MSU) မှ ဆောင်ရွက်ခဲ့သည့် သုတေသန မှ အထူးသဖြင့် ၂၀၁၃ ခုနှစ် နောက်ပိုင်းတွင် တောင်ပိုင်း ရှမ်းပြည်နယ်တွင် ဖြစ် ပေါ်ခဲ့သည့် လျင်မြန်သော စက်မှုလယ်ယာ ကူးပြောင်းမှု ကို လေ့လာခဲ့ပါသည်။ ³⁵

တောင်သူအများစုက စိုက်ပျိုးရေးသုံး စက်ပစ္စည်းများအား ပြောင်း နှင့် ပဲစင်းငုံစိုက်ပျိုးရန်အတွက် မြေယာပြုပြင်ခြင်း၊ ပျိုးပင်စိုက်ခြင်း နှင့် ခြွေလှေ့ခြင်း တို့တွင် အသုံးပြုကြပါသည်။ စက်များအသုံးပြု မှု ထွန်းကားလာခြင်းသည့် လယ်ယာ အရွယ်အစား အမျိုးမျိုးအတွက် စက်ကိရိယာ ရနိုင်သည့် ပုဂ္ဂလိကစက်ငှားရမ်းခြင်း ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာမှု အတွက် အထောက် အကူ ဖြစ်စေသဖြင့် ထိုကျင့်သုံးမှု ကို သိသိသာသာလက်ခံကျင့်သုံးလာကြပါသည်။ ရှမ်းပြည်နယ် တောင်ပိုင်းတွင် နိုင်ငံ အတွင်းရှိအခြား ဒေသများနှင့် မတူဘဲ လွန်ခဲ့သည့် ငါးနှစ်အတွင်း စိုက်ပျိုးရေးကဏ္ဍတွင် လုပ်အားခများမှာ သိသိသာသာ တိုးမြင့်လာခြင်းမရှိပါ။ သို့ဖြစ်၍ ရှမ်းပြည် နယ် တောင်ပိုင်းတွင် စက်မှုလယ်ယာ ဖြစ်စေရန်အဓိက မောင်းနှင်အား တစ်ခု အဖြစ်ဖြစ်ပေါ် လာခြင်း မရှိပါ။ အဆင်ပြေမှု၊ ရရှိနိုင်မှုနှင့် ဈေးနှုန်းများမှာ ပို၍အရေးကြီးသည့်အချက် များဖြစ်ပါသည်။ သို့သော်လည်း ရွှေ့ပြောင်း သွားလာခြင်း စီးဆင်းမှု ပိုမိုများပြားလာလျက်ရှိပြီး နောင် လာမည့်နှစ်များအတွင်း လုပ်သား ပိုမိုရှားပါးခြင်းနှင့် လုပ်အားခများ လျင်မြန်စွာမြင့်မား လာခြင်းတို့ ကြုံတွေ့ နိုင်မည်ဖြစ်ပါသည်။

ဤအခြေအနေ သည် ပေါင်းသင်ခြင်း နှင့် ရိတ်သိမ်းခြင်း ကဲ့သို့ လုပ်သား အင်အား အများအပြား လိုအပ်သည့် လုပ်ငန်းများအတွက် စက်မှုလယ်ယာ သို့ ကူးပြောင်းရန် လိုအပ်ချက် ကို ပိုမို ဖန်တီးပေးလျက်ရှိပါသည်။

LIFT မှ တောင်တန်းဒေသများတွင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် အသေးစားငွေရေးကြေးရေး လုပ်ငန်းများအားလည်း အထောက်အပံ့ပေးလျက် ရှိပါသည်။ ၂၀၁၈ခုနှစ် ဒီဇင်ဘာလတွင် ဝန်ဆောင်မှုအသုံးပြုသူ ၂၃၅,၀၀၀ ခန့်သည် ကန်ဒေါ်လာ ၅၆ သန်းခန့် အသေးစား ငွေရေးကြေးရေးဆိုင်ရာ ချေးငွေများ ရရှိခဲ့ကြ ပါသည်။ အဆိုပါ ဝန်ဆောင်မှု အသုံးပြုသူများ ထဲမှ ၉၀% မှာ အမျိုးသမီးများ ဖြစ်ပါသည်။ VisionFundမြန်မာသည် ကချင်ပြည်နယ်ရှိ IDP စခန်းများတွင် နေထိုင်သူများအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးပါသည်။ ၂၀၁၂ ခုနှစ် မှ စ၍ ဗိုင်းမော်မြို့နယ်တွင် IDP စခန်း ရှစ်ခု တည် ထောင်ခဲ့ပြီး စခန်းတစ်ခု ချင်းစီတွင် အိမ်ထောင်စု ၅၀ မှ ၁၂၀ အထိ ရှိပါသည်။ ကချင်ပြည်နယ်ရှိ IDP စခန်းများရှိ လူဦးရေ ၏ ၆၀ ရာခိုင်နှုန်းမှာ ကချင်၊ ၃၀ ရာခိုင်နှုန်းမှာ ရှမ်း နှင့် ၁၀ ရာခိုင်နှုန်းမှာ ဗမာ၊ ပလောင် နှင့် အခြား တိုင်းရင်းသား လူနည်းစုများ ဖြစ်ကြသည်။ ၆၅ ရာခိုင်နှုန်းမှာ သက်ကြီးများ သို့မဟုတ် ကလေး သူငယ်များဖြစ်ကြသည်။ စခန်း များရှိ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိသူများသည် စခန်းမှ ထွက်ကာ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၊ ကျောက်စိမ်းမော်များနှင့် လယ်ယာ လုပ်ငန်းများတွင် သွားရောက် အလုပ်လုပ် ကိုင်ကြပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ တွင် VisionFund မှ စခန်း ခုနစ်ခုရှိ အိမ်ထောင်စု ၃၈၈ စုအား ချေးငွေ ကန်ဒေါ်လာ ၇၈,၇၃၈,၇၀၀ အထိ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်ခဲ့ပြီး IDP စခန်းများရှိ အိမ်ထောင်စု စုစုပေါင်း၏ ၂၆ ရာခိုင်နှုန်း လွှမ်းခြုံနိုင်ကာ ပျမ်းမျှ ချေးငွေ ပမာဏ မှာ ကန်ဒေါ်လာ ၁၇၃ ဖြစ်ပါသည်။ အမျိုးသမီးများသည်ချေးငွေများ၏ ၆၄ ရာခိုင်နှုန်းကို ရရှိခဲ့ပါသည်။ ချေးငွေ များ၏ ၈၀ ရာခိုင်နှုန်းအား အသေးစား စီးပွားရေး လုပ်ငန်းများ အဓိက အားဖြင့် မွေးမြူရေးတွင် ရင်းနှီးမြှုပ်နှံပြီး ၂၀%မှာ ဝန်ဆောင်မှု ရယူသူများ၏ ကလေးငယ်များ ၏ ပညာရေး သို့မဟုတ် ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ အတွက် အသုံးပြုပါသည်။

သဘာဝ သယံဇာတ စီမံခန့်ခွဲမှု

မြေ၊ ရေ၊ သစ်တောများ နှင့် အခြား သဘာဝသယံဇာတများအား လက်လှမ်းမီမှုသည် တောင်တန်းဒေသ အိမ်ထောင်စုများ နှင့် ရပ်ရွာလူထုများ၏စားနပ် ရိက္ခာ၊ ကြံ့ကြံ့ခံနိုင်စွမ်း နှင့် စီးပွားရေး အလားအလာများ အတွက် အခြေခံကြသည့် အရာများ ဖြစ်ပါသည်။ သစ်တောများသည် ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ သဘာဝမှ ရသည့် အစားအစာများ နှင့် အဖိုးတန် ထွက်ကုန်များ ထုတ်ယူခြင်းအတွက် အသုံးပြုခဲ့သည့် တောင် တန်းဒေသ စိုက်ပျိုးဂေဟစနစ်၏ အရေးပါ သည့် အစိတ် အပိုင်းဖြစ်ပြီး ရေဝေရေလဲ ကာကွယ် စောင့်ရှောက်ရေး တွင် ၎င်းတို့ ပါဝင်သည့် အခန်းကဏ္ဍများအတွက် သစ်တောများ သည် အရေးပါသည့် အစိတ်အပိုင်း ဖြစ်ပါသည်။ တောင်တန်းဒေသ၏ နေရာအများအပြားတွင် သစ်တော ပတ်ဝန်းကျင်မှာ ဖိစီးမှုရှိနေပြီးတိကျ ရှင်းလင်းမှုမရှိသည့် အငြင်းပွားဖွယ် အခွင့်အရေးများကြောင့် ဒေသခံရပ်ရွာ လူထုအနေဖြင့် ရေရှည် တည်တံ့သည့် စီမံခန့်ခွဲမှု အလေ့အကျင့်များ ဖော်ဆောင် နိုင်ခြင်း မရှိပါ။ သဘာဝ သယံဇာတများ လက်လှမ်းမီနိုင်ရန် မြေယာ လုပ်ပိုင်ခွင့် နှင့် ဥပဒေရေးရာ လုံခြုံမှု မရှိခြင်းက တောင်သူများ အနေဖြင့် သဘာဝ သယံဇာတများ နှင့် ဆက်နွယ်နေသည့် စီးပွားရေး အကျိုးခံစားခွင့်များ ထုတ်ယူရန် အကန့် အသတ် ဖြစ်စေပါသည်။ တောင်တန်းဒေသ စီမံကိန်း၏ ဤ အစိတ်အပိုင်းမှ လုပ်ကွက်ငယ် တောင်သူများနှင့် ဒေသခံပြည်သူများအား သဘာဝသယံဇာတများ လက်လှမ်းမီရရှိနိုင်သည့် အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ရန် နှင့် ရင်းနှီး မြှုပ်နှံပြီး ရေရှည် စီမံခန့်ခွဲရန် အထောက်အပံ့ပေးပါသည်။

CORAD နှင့် မိတ်ဖက် အဖွဲ့များ အကောင်အထည်ဖော် ဆောင်ရွက်သည့် ချင်းပြည်နယ် မြောက်ပိုင်းတွင် စိုက်ပျိုးရေး လုပ်ငန်းမျိုးစုံ ဖြစ်ထွန်းရေးကို မြှင့်တင်ပြီး ဘက်စုံစီးပွား ဖြစ်ထွန်းရေး စီမံချက်မှ စီမံကိန်းဆောင်ရွက်ချက် အမျိုးမျိုး ဖြင့် အသေးစား လယ်ယာ စနစ် အမျိုးမျိုး အားကောင်းဖြစ်ထွန်းစေရန်ဦးတည် ဆောင်ရွက်လျက် ရှိပါသည်။ ဆန်းသစ်တီထွင်သည့် ချဉ်းကပ် နည်းလမ်းအဖြစ် မိတ်ဆက်ပေးခဲ့သည့် မြေသြဇာရည် နှင့် မြေဖုံးပစ္စည်း နည်းလမ်း သည် အရှေ့တောင်အာရှ နိုင်ငံများရှိ တောင်ပေါ်ဒေသများတွင် အသုံးများ သည့် ရိုးရာအစဉ်အလာ တောင်ယာခုတ်ထွင် မီးရှို့ရှင်းလင်းသည့် နည်းစနစ် နေရာတွင်အစားထိုးဝင်ရောက်ပြီး စီမံကိန်း အကောင်အထည်ဖော်ခြင်း ဒုတိယနှစ်တွင် လက်ခံကျင့်သုံးသူများ ဆက်လက် တိုးပွားလာခဲ့ပြီးရွာ

³⁵။ ရှမ်းပြည်နယ် တောင်ပိုင်းတွင် စက်မှုလယ်ယာ ကူးပြောင်းခြင်း၊ ၂၀၁၉ ဖေဖော်ဝါရီ FEED the FUTURE အစီအစဉ်

ပေါင်း ၅၈ ရွာမှ တောင်သူပေါင်း ၅၄၇ ဦး အထိ ရှိလာခဲ့ပါသည်။ လက်ခံ ကျင့်သုံးသူများပြားလာစေရန် အဓိကတွန်းအားပေး သည့် အချက်မှာ သီးနှံအထွက်နှုန်း တိုးလာခြင်းကြောင့် ဖြစ်ပြီး ရိုးရာအစဉ်အလာတောင်ယာ ခုတ်ထွင် မီးရှို့ရှင်းလင်းသည့် ချဉ်းကပ်နည်းလမ်းနှင့် နှိုင်းယှဉ်လျှင် ပျမ်းမျှ ၄၀ရာခိုင်နှုန်း ပိုတိုးလာသော ကြောင့်ဖြစ်ပါသည်။ အထွက်တိုးလာခြင်း အများစုမှာမြေဆီလွှာစိုထိုင်းဆ ပြောင်းလဲလာခြင်း၊ ထိရောက်သည့် ပေါင်းမြက် ထိန်းချုပ်မှုနှင့်မြေဆီလွှာ အရည်အသွေး ကောင်းမွန်လာခြင်း တို့နှင့် တွဲစပ်လျက် ရှိပါသည်။ ယင်းမှာ ကြံ့ကြံ့ခံနိုင်စွမ်း နှင့် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ အခြေအနေများ ပါဝင်သည့် ရာသီဥတုနှင့် သဟဇာတ ဖြစ်သည့် စီမံကိန်း ဆောင် ရွက်ချက် ဖြစ်ပါသည်။ စီမံချက် မှ အမျိုးတူဆန် စပါးများ ရရှိစေရန် အရည်အသွေး ကောင်းမျိုးစပါးများ အသုံးပြုရန်အတွက် မြှင့်တင် ပေးပြီး တောင်သူပေါင်း ၁၉၀ ကျော်တို့သည်၎င်းတို့၏ စိုက်ပျိုးထုတ်လုပ်မှု စနစ်များတွင် အရည်အသွေးကောင်း မျိုးစပါး များ အသုံးပြု စပြီး ပျမ်းမျှ ထွက်နှုန်း ၅၈ ရာခိုင်နှုန်း တိုးတက်ရရှိစေခဲ့ပါသည်။ တနေရာတွင် မျိုးစေ့ ၁ စေ့မှ ၂ စေ့ ကြား တူညီစွာ နေရာခြား ပြီး ပြန်လည်စိုက်ပျိုးခြင်း၊ စောစီးစွာ ပေါင်းသင်ခြင်း တို့ အပါအဝင် စပါးအထွက်တိုး နည်းစနစ်များ၏ ရွေးချယ် ထားသည့်အခြင်းအရာ များ အား မိတ်ဆက်ပေးခြင်းဖြင့် စပါး ထွက်နှုန်း ၄၅ မှ ၇၂ ရာခိုင်နှုန်းထိ တိုးမြင့်လာခဲ့သည်။ ချင်းတောင်သူ အများ အပြားသည် ဆန်စပါး တစ်မျိုးတည်းအား ၁ဧက ၂ ဧက တွင် စိုက်ပျိုး ကြပြီး စပါး အထွက်တိုး နည်းစနစ် များ အတွက် ပြုပြင်ထားသည့် ချဉ်းကပ်နည်းလမ်းများနှင့် ကောင်းစွာ သင့်တော် ပါသည်။ ၂၀၁၈ခုနှစ်ကုန်တွင် တောင်သူ ၃၅၁ ဦးတို့မှ နည်းပညာ ကို အသုံးပြု၍ စမ်းသပ် စိုက်ပျိုးပြီး ဖြစ်ကြသည်။ တောင်သူ ၂၀၀ ကျော် သည် မြေသြဇာ ကောင်းစေရန် မြေဆွေးပြုလုပ် ပုံနည်းစနစ်ကို ကျင့် သုံးခဲ့ကြပါသည်။

မေတ္တာအဖွဲ့ မှ အကောင်အထည်ဖော်ခဲ့သည့် စီမံချက် မှ ကျေးရွာ ၂၆ ရွာ (ကချင် ပြည်နယ်တွင် ၉ ရွာ နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ၁၇ ရွာ) တို့အား အများပိုင် သစ်တောများ တည်ထောင်ခြင်းဖြင့် သဘာဝ သယံဇာတ နှင့် တွဲစပ်လျက် ရှိသည့် လက်လုပ်မီမှု တို့အား ရေရှည် အသုံးပြုခြင်း ကို မြှင့်တင်ရန် ကြိုးပမ်းမှု ၏ အစိတ်အပိုင်း အဖြစ် သဘာဝ သယံဇာတ စီမံခန့်ခွဲမှု ဆိုင်ရာ အထောက်အပံ့ ပေးခြင်း နှင့် သင်တန်းပေးခြင်း တို့ ကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း အဖွဲ့ဝင် ပေါင်း ၂,၆၀၀ (အမျိုးသမီး ၃၈ ရာခိုင်နှုန်း) တို့သည်သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲ မှု ဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။ ပါဝင် သူများကသဘာဝ သယံဇာတ စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်း နှင့် ဥပမာအားဖြင့် ကျွန်းသစ်စိုက်ခင်း ကဲ့သို့ နှစ်ရှည် သီးနှံများ အောက်တွင် အလားအလာရှိ သည့် သီးနှံများ ဖြစ်သည့် ချင်း၊ နနွင်း နှင့် ဝဥ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ သီးနှံ သစ်တော နည်းလမ်းများနှင့် ပတ်သက်သည့် သင်တန်းများ ရရှိခဲ့ပါသည်။ စီမံချက်မှ ရပ်ရွာလူထုများ အနေဖြင့် မြေယာ ငှားရမ်းလုပ်ကိုင်ခွင့်ကို ကာကွယ် စောင့်ရှောက်ရန် နှင့် ဒေသတွင်း သဘာဝ သယံဇာတ များ အား တစ်စုတစ်စည်း နှင့် စဉ်ဆက် မပြတ် စီမံခန့်ခွဲရန်အတွက် သဘာဝ သယံဇာတ စီမံခန့်ခွဲမှု စီမံချက်များ ရေးဆွဲရန် သဘာဝ သယံဇာတ စီမံချက် ရေးဆွဲရေး အဖွဲ့များအား အဖွဲ့ဝင် ၃၁၂ဦး (အမျိုး သမီး ၃၇ ရာခိုင်နှုန်း) ဖြင့် ဖွဲ့စည်းပေးခဲ့ပါ သည်။ ရွာပေါင်း ၂၆ ရွာအတွင်း သစ်တော အသုံးပြုသူ အဖွဲ့များ မှ အများပိုင် သစ်တော စီမံခန့်ခွဲမှုကော်မတီ များ ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၈ခုနှစ်အတွင်း သစ်တော ဧက ၅,၄၃၂ ( ကချင်တွင် ၅၅ ရာခိုင်နှုန်း နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ၄၅ ရာခိုင်နှုန်း) တို့အား အများပိုင် သစ်တော အဖြစ် သတ်မှတ်ရန် စဉ်းစားလျက် ရှိပါသည်။ အများပိုင်သစ်တောနှင့် စပ်လျဉ်းသည့် ဥပဒေ နှင့် စည်းမျဉ်းစည်းကမ်းများ၏ တရားစီရင်ရေး၊ အုပ်ချုပ်ရေး နှင့် နည်းပညာဆိုင်ရာ အသေးစိတ်များသည် လမ်းညွှန်ထိန်းကျောင်းရာတွင် စိန်ခေါ်မှုများ ရှိနေပါသည်။ ၂၀၁၈ ခုနှစ် အစောပိုင်း တွင် တောင်တန်းဒေသ မိတ်ဖက်များ နှင့် လက်တွေ့ ကျင့်သုံးနေသည့်အသိုက် အဝန်း မှ ကျင်းပသည့် ဓလေ့ထုံးတမ်းမြေယာ လုပ်ပိုင်ခွင့် ဆိုင်ရာအလေ့အထ များ အား သဘောပေါက် နားလည် ခြင်း နှင့် အများပိုင်သစ်တော ဆိုင်ရာ ညွှန်ကြားချက် ဆွေးနွေးပွဲ မှ အများပိုင်သစ်တော စနစ် ဖော်ဆောင် ရာတွင် ပါဝင် ပတ်သက်နေသည့် အစိုးရ ဌာနများကြား ပေါင်းစပ်ညှိ နှိုင်းမှု မည်မျှ နည်းပါး နေသည်ကို ပြသ ခဲ့ပါသည်။

Border Consortium ၏ STAND UP စီမံချက် မှ မွန်နှင့် ကရင်ပြည်နယ်များ နှင့် တနင်္သာရီ တိုင်းဒေသကြီး တွင် သဘာဝ သယံဇာတ စီမံခန့်ခွဲ ရေးအား အခွင့်ရေးအခြေခံ ချဉ်းကပ်နည်းလမ်းများဖြင့် မြှင့်တင်ပေးလျက်ရှိပါ သည်။ ကရင်အမျိုးသား အစည်းအရုံး (KNU)သို့ တစ်ဦးချင်း မြေယာမှတ်ပုံ တင်ခွင့် တောင်းခံသည့် လျှောက်လွှာပေါင်း ၉,၅၀၀ ကျော် တင်သွင်းခဲ့ပြီး အခြား လျှောက်လွှာ အစောင် ၄၅၀ မှာ အစိုးရ၏ မြေယာ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် တွင် အသိအမှတ်ပြုခြင်း ခံရရန်ကြိုးပမ်း လျက်ရှိပါသည်။ အခြား တောင်သူ ၂,၀၀၀ ကျော်တို့သည် နှစ်ပေါင်းများစွာ ဖြစ်ပွားသည့်ပဋိပက္ခကြောင့် နေရပ် စွန့်ခွာ တိမ်းရှောင်ရ သဖြင့် စွန့်ခွာခဲ့ရ သည့် အတွက် ကြောင့်သော်လည်းကောင်း (သို့) ရေရှည် တည်တံ့သည့် စိုက်ပျိုးရေးတွင် ၎င်းတို့ ၏ ကျွမ်းကျင်မှုများ ပိုမိုကောင်းမွန် လာခြင်းကြောင့် လည်းကောင်း စိုက်ပျိုးမြေများအား ပြန်လည် တောင်းဆို လာကြပါသည်။ စီမံချက်မှ တောင်သူများအနေဖြင့် ၎င်းတို့၏ လယ်ယာမြေများအား အစိုးရ၏ ပုံစံ - ၇ လုပ်ငန်းစဉ် မှ တဆင့် မှတ်ပုံတင်နိုင်ရန် ကူညီပေး ခဲ့ပြီး KNU စိုက်ပျိုးရေးဌာန၏ မြေယာ မှတ်ပုံတင်ခြင်းတွင် ပါဝင်နိုင်ရန်အတွက်နည်းလမ်းများ ရှာဖွေရန် KNU ဒေသခံ အရာရှိများနှင့် တွေ့ဆုံ ဆွေးနွေးမှု တစ်ကြိမ် ဆောင်ရွက်နိုင်ရန်ကူညီပေး ခဲ့ပါသည်။ အဆိုပါမြေများမှာ ပြည်ထောင်စုအစိုးရမှ တစ်စိတ်တစ်ပိုင်း အုပ်ချုပ်ပြီး KNU မှတစ်စိတ်တစ်ပိုင်း အုပ်ချုပ်သည့် နယ်မြေများ ဖြစ်ပါသည်။ KNU ၏ အသိအမှတ်ပြုမှု အချို့သည် အနိမ့်ဆုံးအဆင့်တွင် မြေယာ တောင်းခံမှုကို ခိုင်မာစေရန်နှင့် မြေယာအငြင်းပွား မှု ဖြစ်နိုင်ချေ ရှိသည့် အန္တရာယ်ကို လျော့ကျစေရန် ဖြစ်စေရ မည်ဟု သဘောတူညီထား ပါသည်။ KNU မြေယာ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်မှ ထုတ်ပေးသည့် မြေယာ အသုံးပြုခွင့် လက်မှတ်များရှိပြီး နောက် ဒေသခံများ၏ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်အား အသိအမှတ်ပြုခံရသဖြင့် ရွာသူ ရွာသားများအနေဖြင့်

စိတ်ချလုံခြုံမှုကို ခံစားရစေခဲ့ပါသည်။ တိုင်းရင်းသား လူမျိုးများသည် ၎င်းတို့၏ ဓလေ့ထုံး တမ်း မြေယာ လုပ်ပိုင် ခွင့်အား မည်သည့် ဥပဒေ (သို့) မူဝါဒများ ၏ ကာကွယ် စောင့်ရှောက်မှုဖြင့်မဆို အာမခံချက် ရှိရန် ဆန္ဒရှိကြပါသည်။ ထိုနယ်မြေများတွင် မတူညီသည့် အုပ်ချုပ်ရေးစနစ်နှစ်ခု လွှမ်းမိုးမှု အောက်တွင်ရှိနေသဖြင့် ရပ်ရွာလူထုအနေဖြင့်၎င်းတို့၏ဓလေ့ထုံးတမ်းအရမြေယာ ပိုင်ဆိုင်ခွင့်ကိုအာမခံ ချက် ရှိစေမည့် ဥပဒေကြောင်းအရ အကာအကွယ် ပေးနိုင်မည့် မြေယာဆိုင်ရာ ဥပဒေ (သို့) မူဝါဒများ ရွေးချယ်ရန် နှင့် အသုံးချရန် အခက်အခဲ ရှိကြပါသည်။ ၎င်းတို့သည် ဓလေ့ထုံးတမ်းအရ မြေယာ စီမံခန့်ခွဲမှု စနစ်များ ကျင့်သုံးရာတွင် စိန်ခေါ်မှုများ တွေ့ကြုံ နေရပါသည်။ [၃၆]

အသက်မွေးမှုပညာ သင်တန်း

၂၀၁၈ ခုနှစ် အစောပိုင်းတွင် ကျင်းပခဲ့သည့် အသစ် တည်ဆောက်ခဲ့သည့် လူထုအခြေပြု သက်မွေးပညာ သင်တန်းကျောင်း (Community Vocational Training Centre - CVTC) ဖွင့်ပွဲ အခမ်းအနားတွင် ရပ်ရွာလူထု ကိုယ်စားလှယ်များနှင့် စီမံချက်မိတ်ဖက်များ တက်ရောက်ခဲ့ကြပါသည်။ သင်တန်းကျောင်းဖွံ့ဖြိုး တိုးတက်မှုအတွက် နေရပ်စွန့်ခွာ နေထိုင်သူများ၏ အသက်မွေးမှုများ ပိုမို ကောင်းမွန်လာရေး (ELDP) စီမံချက် ၏ အစိတ်အပိုင်းအဖြစ် Karen Development Network မှ ဦးဆောင်ပါသည်။ CVTC မှ အသက်အရွယ်၊ ဘာသာစကား (သို့) ရင်းမြစ်များ ကြောင့် အစိုးရ နည်းပညာကျောင်းများ လက်လှမ်းမမီသည့် သူများ အတွက် ကရင်ဘာသာဖြင့် သင်တန်းများ ပို့ချပေး လျက် ရှိပါသည်။ သင်တန်းကျောင်းတွင် အခမဲ့ ပညာရေး နှင့် ကျောင်းအိပ် ကျောင်းစားနေခွင့်ပေးထားပါသည်။ သင်ရိုးညွှန်းတမ်းအား ထိုင်းနိုင်ငံရှိအလားတူ သင်တန်းကျောင်းများမှ သင်ရိုးကို အခြေခံ ထားပြီး သင်တန်းဆင်း လက်မှတ်အား မြန်မာနိုင်ငံတွင်သာမက ထိုင်းနိုင်ငံတွင်ပါ အသိအမှတ် ပြုရန် မျှော်မှန်းထား ပါသည်။

လက်ရှိတွင် သင်တန်းကျောင်းမှ စံသတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းဖြင့် နည်းပညာ သင်တန်းခြောက်မျိုး ပို့ချပေးလျက်ရှိပြီး ၂၀၁၈ ခုနှစ်အတွင်း သင်တန်း အပါတ်စဉ် ငါး ခု အောင်မြင်စွာ ပြီးဆုံးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် အကုန်တွင် သင်တန်းသား ၃၅၄ ဦး ( အမျိုးသမီး ၅၀ဦး) တို့ ဘဝသက်တာ ကျွမ်းကျင်မှု သင်တန်းအပါအဝင် ခြောက်ပါတ်ကြာ သင်တန်းအစီအစဉ် ပြီးဆုံးခဲ့ကြပါသည်။သင်တန်း ပြီးဆုံးပြီးနောက် သင်တန်း ဆင်းများအနေဖြင့်စီးပွား ရေးလုပ်ငန်း အောင်မြင်စေရန် မည်သို့လည်ပတ် ဆောင်ရွက်ရသည် ဆိုသည့် နည်းလမ်း နှင့် အသေးစား ထောက်ပံ့ကြေးများရရှိရန် လို အပ်ချက်တစ်ခုဖြစ်သည့် စီးပွားရေး လုပ်ငန်းစီမံချက် ရေးဆွဲရန် လိုအပ်သည့် ကျွမ်းကျင်မှုများတတ်မြော က်နိုင်ရန် နှစ်ပါတ်ကြာစီးပွား ရေးဆိုင်ရာ သင်တန်း တက်ရောက်ခွင့် ရရှိ ခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ်အတွင်း တွင် သင်တန်းသား ၁၇၇ ဦး (အမျိုးသမီး ၅၂ ရာခိုင်နှုန်း) တို့အတွက် စီးပွားရေး ဆိုင်ရာ သင်တန်း အပါတ်စဉ် ၅ ခု သင်ကြားပေးခဲ့ပြီး၊ သင်တန်း ခြောက်မျိုး ပြီးစီးခဲ့ပြီး ကိုယ်ပိုင်စီးပွားရေး လုပ်ငန်း တည်ထောင်ရန် ဆုံးဖြတ်ခဲ့သည့် အကျိုးခံစား ခွင့်ရှိသူ ၁၀၆ ဦး (အမျိုးသမီး ၅၅ ရာခိုင်နှုန်း) အတွက် စီးပွားရေး လုပ်ငန်း စတင်ရန် ထောက်ပံ့ငွေများ ပေးခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် သင်တန်းကျောင်းအား တနင်္သာရီ တိုင်းဒေသကြီးအတွက် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့(National Skill Standard Authority, NSSA)အသိအမှတ်ပြု လုပ်သားများကျွမ်းကျင်မှုများ စစ်ဆေးသည့် ဌာနဖြစ် လာစေရန် မြန်မာနိုင်ငံ လုပ်သွားကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့ နှင့် သဘောတူညီမှု ရရှိခဲ့ပြီး နှစ်နှစ်ကြာ စစ်ဆေးစမ်းသပ်မှု ပြုလုပ်ရန်ခွင့်ပြုခဲ့ ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း CVTC တွင် ကျွမ်းကျင်မှု စစ်ဆေးမှု တခု ဆောင်ရွက် ခဲ့ပြီး သင်တန်းသား ၄၀ ဦး သည် ပန်းရံလုပ်ငန်း ကျွမ်းကျင်မှု နှင့် လက်သမား လုပ်ငန်း ကျွမ်းကျင်မှုများ စစ်ဆေးမှုခံယူခဲ့ပြီး သင်တန်း သား ၈၈ ရာခိုင်နှုန်းတို့ သည် သတ်မှတ် အရည် အချင်းပြည့်မီခဲ့ပြီး NSSA ပထမဆင့် အသိအမှတ် ပြု လက်မှတ်ရရှိခဲ့ကြပါသည်။ နယ်ပယ်အချို့တွင် CVTC ၏ ကျွမ်းကျင်မှု တည်ဆောက်ပေးခြင်းလုပ်ငန်း သည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ တို့၏ ဈေးကွက် လိုအပ်ချက်နှင့် သင့်တော်သည့် ကျွမ်းကျင်မှုများတည် ဆောက်ပေးခြင်း ဆိုင်ရာ မဟာဗျူဟာများ အတွက် အထောက်အကူဖြစ်စေပါသည်။ CVTC မှ ပို့ချပေး သည့် သင်တန်းများအားလုံးသည် ဈေးကွက် လိုအပ် ချက်အတွက် သင့်လျော်သော်လည်း သင်တန်းအနည်း ငယ်သာ NSSA နှင့် လက်ရှိ ကျွမ်းကျင်မှု စံသတ်မှတ် ချက်များ နှင့် ချိတ်ဆက်ထားပါသည်။ စီမံချက်မှ မော်တော် ဆိုင်ကယ် ပြုပြင်ခြင်း၊ အချက်အပြုတ် နှင့် မုန့်ဖုတ်ခြင်း ဆိုင်ရာ ကျွမ်းကျင်မှု များ စစ်ဆေးခြင်း တို့အား စတင် မိတ်ဆက်ရန် စီစဉ်ထားပါသည်။

ချင်းပြည်နယ်၊ရှမ်းပြည်နယ်နှင့် အရှေ့တောင်ပိုင်းတွင်း ဘေးကင်းလုံခြုံပြီးအကျိုးရှိသည့်ရွှေ့ပြောင်းသွားလာမှု အတွက် အထောက်အပံ့ပေးခြင်း

အားကောင်းသည့် စီမံအုပ်ချုပ်မှု မှတဆင့် လုပ်သား ရွှေ့ပြောင်း သွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအ ကျိုးဆက်များ တိုးမြင့်အောင် ပြုလုပ်ခြင်း (တွဲလက်) စီမံချက် မှ အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင် သူများ ဆိုင်ရာ အဖွဲ့အစည်း (IOM)၊ ချင်းလူ့အခွင့် အရေးအဖွဲ့အစည်း (CHRO) ၊ မွန်အမျိုးသမီးအဖွဲ့ အစည်း နှင့် ပါရမီ ဖွံ့ဖြိုးရေးကွန်ရက်တို့ နှင့် မိတ်ဖက် ပြုခြင်းမှ တဆင့် ရွှေ့ပြောင်း အိမ်ထောင်စုများ အတွက် သတင်း အချက်အလက်များ နှင့် လေ့ကျင့် သင်တန်းပေးခြင်း ဝန်ဆောင်မှုများ ပေးလျက် ရှိပါသည်။

ချင်းပြည်နယ်၏ ခက်ခဲသည့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် CHRO မှသတင်း အချက် အလက် လက်လှမ်းမီရရှိမှုတိုးမြှင့်ရန် ရွှေ့ပြောင်းသွားလာခြင်းမပြုမီ ရောက်ရှိနိုင်မည့် ကျယ်ပြန့်သည့် မဟာဗျူ ဟာ တစ်ခုကို ရေးဆွဲပေးခဲ့ပါသည်။ သတင်းစကားရောက်ရှိမှုအား ဟားခါး၊ ဖလမ်း၊ တီးတိန် နှင့်တွန်း ဇန်ရှိ ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ အကြံပေးရေးဌာနများတွင် ပညာပေး ဖျော်ဖြေရေးဇာတ်ပွဲများမှ တဆင့်ဆောင် ရွက် ပေးခဲ့ပြီးကျေးရွာအဆင့်တွင် လုပ်ရှားဆောင် ရွက်နေသည့်ဘေးကင်း လုံခြုံသည့် ရွှေ့ပြောင်းသွားလာ

၃၆။ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့် နှင့် တိုင်းရင်းသားများ စီမံအုပ်ချုပ်သည့် ဒေသများ၊ ကရင်ပြည်နယ်မှ ဖြစ်ရပ်မှန်လေ့လာခြင်း၊ မြန်မာ၊ ၂၀၁၉ ဖေဖော်ဝါရီလ၊ မြေယာမဏ္ဍိုင်အဖွဲ့

၃၇။ ၂၀၁၈ ခုနှစ်အတွင်း ကရင် အသက်မွေးဝမ်း ကျောင်းပညာသင်တန်း အမည်မှ လူထုအခြေပြု အသက်မွေးပညာ သင်တန်းကျောင်း အမည် သို့ ပြောင်းခဲ့ပါသည်။

ခြင်း မြှင့်တင်ပေးသူများမှတဆင့်လည်း ဆောင်ရွက်ပေးခဲ့ပါသည်။ CHRO မှ အကျိုးခံ စားခွင့် ရှိသူပေါင်း ၁၂,၀၀၀ အား ဤချဉ်းကပ်နည်းလမ်းမှ တဆင့် ရောက်ရှိခဲ့ပြီး အကျိုးခံစားခွင့် ရှိသူ ၂၀၀ ဦးကို စစ်တမ်းကောက်ယူခြင်းမှ ၈၃ ရာခိုင်နှုန်းသည် စိတ်ကျေနပ်ဖွယ် ရှိသည့်ရွှေ့ပြောင်းသွားလာမှု အတွေ့အကြုံရရှိ သည်ဟု ဖြေဆိုခဲ့ကြပါသည်။

ရှမ်းပြည်နယ်တွင် ပါရမီ ဖွံ့ဖြိုးရေး ကွန်ရက်သည် ရည်မှန်းချက်ပြင်းပြ သည့် စွန့်ဦးတီထွင်သူများ အတွက် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး သင်တန်းများ ပေးခြင်းဖြင့် ရွှေ့ပြောင်းသွားလာသူအိမ်ထောင်စု များအတွက် ငွေရေးကြေးရေး ဆိုင်ရာ ရင်းမြစ် များအား တိုးမြှင့်၍ အကောင်းဆုံးအသုံးချနိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ (ILO) ၏ သင်တန်းပေးခြင်းဆိုင်ရာ ကျွမ်းကျင်သူ အကူအညီဖြင့် "သင့်၏စီးပွားရေးလုပ်ငန်းစတင်ခြင်း နှင့် တိုးတက်အောင်လုပ်ခြင်း" ဆရာဖြစ် သင်တန်းအတွက် သင်ရိုးညွှန်းတမ်း ရေးဆွဲခဲ့ပြီး သင်တန်းပို့ချရာတွင် အသုံးပြုသည့် နည်းကိရိယာများအား ဒေသအခြေအနေ နှင့် ကိုက်ညီစေရန် ပြုပြင်ပေးခဲ့ပါသည်။ စီးပွားရေးလုပ်ငန်း စီမံချက်များရေးဆွဲရာတွင် သင်တန်းသားများကိုယ်တိုင် ပါဝင်ဆောင်ရွက်စေသည့် နည်းလမ်း အသုံးပြုခြင်းဖြင့် သင်တန်းသား ၁၀၀ ကျော်အား စီးပွားရေးလုပ်ငန်း အသစ်စတင်ရန် (သို့) ရှိဆဲ လုပ်ငန်းအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန် သင်တန်းမှ အထောက်အကူပေးခဲ့ပါသည်။

အရှေ့တောင်ဒေသတွင် မွန်အမျိုးသမီးများ အဖွဲ့မှ ကျွမ်းကျင်မှု ဖွံ့ဖြိုးရေး သင်တန်းအား လူပေါင်း ၁၆၆ဦးထံ ရောက်ရှိစေခဲ့ပါသည်။ အဆိုပါသင်တန်းများကရည်ရွယ်ချက် ကြီးမားသည့် ရွှေ့ပြောင်းသွားလာသူများအလုပ်အကိုင် ရရှိနိုင်မှု ပိုမို တိုးမြင့်လာစေရန်နှင့် ဆိုက်ရောက်ဒေသများတွင် ပိုမိုကောင်းမွန်သည့် အလုပ် အကိုင်အခွင့်အလမ်း များ လက်လှမ်းမီ ရရှိနိုင်ရန် အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများ လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။ သင်တန်းများအား အလုပ်အကိုင်ရှာဖွေခြင်း ဝန်ဆောင်မှု နှင့် တွဲဖက်စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် မွန်အမျိုးသမီးအဖွဲ့မှ သင်တန်းဆင်း ၁၅၂ ဦး အား အလုပ်အကိုင် အခွင့်အလမ်းများ နှင့် ချိတ်ဆက်ပေး နိုင်ခဲ့ပါသည်။ အဖွဲ့အနေဖြင့် ကျား၊မ တန်းတူညီမျှမှု ဆိုင်ရာ ကိစ္စရပ်များတွင် အလေးထား ဦးစားပေးမှု ကြောင့် သင်တန်းများအား အထူး သဖြင့်မြန်မာနိုင်ငံ ရှိ အလုပ်သမားများကြား ကျား၊မ ခွဲခြားမှု ပြင်းထန်ခြင်းအား ချိုးဖျက်ရန် ဦးတည် စီမံထားပါသည်။ မွန်အမျိုးသမီး အဖွဲ့၏ အစီအစဉ် ညှိနှိုင်းရေးမှူးမှ "ကျွမ်းကျင်မှု ဖွံ့ဖြိုးစေခြင်းဖြင့် ထုံးတမ်းအစဉ်အလာ ကျား၊မ ရေးရာ ပုံသေစိတ်စွဲမှုများပုံစံ ခွက်များကို ဖြေရှင်းနိုင်ပြီး အမျိုးသမီးများ နှင့် အမျိုးသားများသည် အလုပ်အားလုံး ကို လုပ်နိုင်စွမ်းရှိကြောင်းကို လူအများ စိတ်အားထက်သန်လာစေရန် ပြသနိုင်မည်ဖြစ်သည်" ဟု ပြောကြားခဲ့ပါသည်။

အရပ်ဘက် လူမှု အဖွဲ့အစည်းများအား အားကောင်းစေခြင်း

ဒေသခံ အရပ်ဘက် လူမှု အဖွဲ့အစည်းများ (CSO) များနှင့် ရပ်ရွာလူထု အခြေပြု အဖွဲ့အစည်း(CBO)များ သည် သီးခြား ဖြစ်နေသည့် ဒေသများနှင့် ပဋိပက္ခ ဖြစ်ပွားမှုဒဏ်ခံနေရသည့် ဒေသများအတွက် ဝန်ဆောင်မှုပေးရာတွက် အဓိကကျသည့် အခန်း ကဏ္ဍမှ ပါဝင်ပါသည်။ အများစုမှ အခြေအနေနှင့် ဆိုင်သည့် အသိအမြင် ကောင်းစွာ ရှိပြီး ရပ်ရွာလူထု အဆင့် ဆက်ဆံရေးများ ကာလကြာရှည်စွာ တည် ဆောက် ထားပြီး ဖြစ်ကာ မြို့နယ် နှင့် ကျေးရွာအဆင့် ပတ်သက်ဆက်နွယ်သူများ နှင့် ယုံကြည်မှု တည်ဆောက် ပြီး ဖြစ်သဖြင့် ထိလွယ်ရှလွယ် နိုင်ငံရေး နှင့် လူမှုရေး နယ်ခြားမျဉ်းများကို ဖြတ်သန်းကျော်လွှားကာ လုပ်ငန်းများ လုပ်ဆောင်နိုင်သည့် အဖွဲ့များဖြစ်ကြပါသည်။

၂၀၁၈ ခုနှစ်တွင် SWISSAID ၏ တောင်တန်းဒေသ အရပ်ဘက် လူမှုအဖွဲ့အစည်းများ အတွက်အသေးစား ရန်ပုံငွေ ပံ့ပိုးခြင်း စီမံချက်အား ၂၀၁၇ ခုနှစ် ရခဲ့ သည့် ကောင်းမွန်သည့် ရလဒ်များ ကြောင့်လည်း ကောင်း၊ အသေးစားရန်ပုံငွေ ပံ့ပိုးခြင်းဆိုင်ရာ အတွေ့အကြုံများအား စုစည်းရန် နှင့် တောင်တန်းဒေသတွင် ၂၀၁၈ ခုနှစ်နောက်ပိုင်း LIFT ၏ အရပ်ဘက် လူမှုအဖွဲ့ အစည်း နှင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက်ကောင်းမွန်သည့် အချက်အလက်များပေးရန် အတွက်လည်းကောင်း ၂၀၁၉ သြဂုတ်လအထိ သက်တမ်းတိုး ခဲ့ပါသည်။ အသေးစားရန်ပုံငွေပံ့ပိုးမှုမှ တဆင့်စီမံချက် သည် အသက်မွေးဝမ်းကျောင်းမှု ဖွံ့ဖြိုး တိုးတက်မှု အတွက် ပံ့ပိုးရန် မြို့နယ်အဆင့်၊ မဲဆန္ဒ နယ်အခြေပြု အဖွဲ့အစည်းများ အတွက်ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပါသည်။ အသေးစား ရန်ပုံငွေ စီမံချက် သည်တောင်းဆိုမှု အလိုက် နှင့် နှင့်အခြေအနေ အလိုက် စွမ်းဆောင်ရည် တည်ဆောက်မှုနှင့် မျှဝေသင်ယူခြင်း၊ ပြန်လည်သုံးသပ်ခြင်း နှင့် ကွန်ရက် ချိတ်ဆက်ခြင်း တို့အတွက် အခွင့်အလမ်းများပံ့ပိုးပေး လျက်ရှိပါသည်။ ရန်ပုံငွေ အဖွဲ့သည် ရန်ပုံငွေ ရယူမည့်အဖွဲ့ ခန့်မှန်းချေအားဖြင့် ၇၆ ဖွဲ့- ချင်းပြည် နယ်တွင် ၁၄ ဖွဲ့၊ ကချင်ပြည်နယ်တွင် ၁၅ ဖွဲ့၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၁၁ ဖွဲ့၊ ရှမ်းပြည်နယ် မြောက်ပိုင်း တွင် ၁၈ ဖွဲ့ နှင့် ကယားပြည်နယ်တွင် ၁၈ ဖွဲ့ ကို ပံ့ပိုးပေးရန် ဦးတည်ထားပါသည်။

## ရှေ့သို့မျှော်ကြည့်လျှင်

တောင်တန်းဒေသ အစီအစဉ်သည် ၂၀၁၇ ခုနှစ် တွင် သိသိသာသာ တိုးတက်လာခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် လည်း ဒေသခံ အခြေအနေများအား နားလည် သဘောပေါက်မှု၊ လုပ်ငန်းစဉ်များ ဖွံ့ဖြိုးတိုးတက်မှု နှင့် ပြည်သူ များထံ ပိုမိုရောက်ရှိမှု တို့အား တိုးမြှင့်စေ လျက် ၂၀၁၈ ခုနှစ်တွင် ဆက်လက် ဖွံ့ဖြိုး လာခဲ့ပါသည်။

၂၀၁၈ ခုနှစ် အစောပိုင်းတွင် ဆောင်ရွက်ခဲ့သည် စီမံချက် ကာလလယ် သုံးသပ်မှုများမှ အောင်မြင်မှုများ နှင့် ရယူခဲ့သည့် သင်ခန်းစာများအား မှတ်တမ်းတင်ပြီး အနာဂတ်ကာလ စီမံကိန်း ဆောင်ရွက်မှု နှင့်

တိုးချဲ့ရန်အတွက် အကြံပြုချက်များ ပေးခဲ့ပါ သည်။ စိန်ခေါ်မှုများသည့် အခြေအနေကို ထည့်သွင်းစဉ်းစား လျက် ပဋိပက္ခဒဏ် ခံစားရသည့် ဒေသများတွင်သတ်မှတ် ထားသည့်အကန့်အသတ်များကြားမှ လုပ်ငန်း ဆောင်ရွက် ရာတွင် ပြောင်းလွယ်ပြင်လွယ်ရှိရန် လိုအပ်ပြီး LIFT ၏ ၂၀၁၈ ခုနှစ် နောက်ပိုင်း မဟာဗျူဟာရည်ရွယ်ချက်အရ တောင်တန်း ဒေသများ တွင် LIFT မှ ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း အသစ်များအတွက် ကာလလယ် သုံးသပ်မှုများမှ ပေးအပ်သည့် အကြံပြုချက်များပေါ်တွင် အခြေခံ၍ အချို့စီမံချက်များ သက်တမ်းတိုးရန် အဆိုပြုခဲ့ ပါသည်။

CORADသည် ဘတ်ဂျက်ပါဝင်သည့် သက်တမ်းတိုးမှု တစ်နှစ် ရရှိခဲ့ပြီး ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရန် အစိတ်အပိုင်း အသစ်အတွက် ရန်ပုံငွေ ထပ်မံရရှိခဲ့ကာ အဓိကအားဖြင့် ရေသွင်းစိုက်ပျိုးခြင်း၊ လေှကားထစ် စိုက်ပျိုးခြင်း နှင့် စိုက်ခင်း အား ခြံစည်းရိုး ကာရံ ခြင်းတို့ အတွက် ပေးအပ်ခြင်း ဖြစ်ပါသည်။

KDN သည် ဘတ်ဂျက်ပါဝင်သည့်သက်တမ်းတိုးမှု တစ်နှစ် ရရှိခဲ့ပြီး လူထုအခြေပြု အသက်မွေး ပညာသင် ကျောင်းအတွက် ကျောင်း၏ စီမံအုပ်ချုပ်မှု ဖွဲ့စည်းပုံကို ပြန်လည်ပြင်ဆင်ရန် နှင့် သိပ်သည်းကျစ်လစ်စေရန်၊ သက်ဆိုင်ရာ သင်တန်းများ တွင် သင်တန်းသားများ နှင့် ကိုက်ညီမည့် သင်ခန်းစာများအား ထပ်မံ သင်ကြားလေ့ကျင့်ပေးရန် နှင့် စီမံချက်၏ တန်ဖိုး နှင့် ငွေကြေးမျှတမှု ကို တိုးမြှင့်ရန် ဖြစ်သည်။

CDNသည် ဘတ်ဂျက်ပါဝင်သည့် သက်တမ်းတိုးမှု တစ်နှစ်ရရှိခဲ့ပြီး စီမံချက်၏ ပင်မရွာ ၄၀ ထက် ကျော်လွန်ပြီး ဝန်ဆောင်မှု ပေးရန် စီမံချက် ရလဒ်များ ရယူအောင်မြင်နိုင်ရန် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် တို့ ဖြစ်ပါသည်။

LIFT မှ လူမှုဝန်ထမ်းဦးစီးဌာန ၏ စောင့်ကြည့်ကြီး ကြပ်မှု နှင့် အကဲဖြတ်သုံးသပ်မှု စနစ်ကို ပိုမို ကောင်းမွန်စေရန် နှင့် စုစုစည်းစည်း ဖြစ်စေရန် ကူညီပေးခြင်း ဖြင့် ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသောအသက် ၂နှစ်အောက် ကလေးသူငယ် များအား ငွေကြေးအထောက်အပံ့ ပေးခြင်း အစီအစဉ် အတွက် ဆက်လက်ထောက်ပံ့ပေး ခဲ့ပါသည်။ MCCT ထောက်ပံ့ငွေ ပေးခြင်း အား ၂၀၁၇ခုနှစ် မူလ LIFT ၏ ထောက်ပံ့မှု စတင်စဉ်ကတည်းက ရည်ရွယ် ထားသည့်အတိုင်း ၂၀၁၉ စက်တင်ဘာလမှစ၍ အစိုးရ၏ ဘတ်ဂျက် ခွဲဝေပေးမှုမှ စတင် ထောက်ပံ့ပေးမည် ဖြစ်ပါသည်။

LIFT မှ ကယား နှင့် ကရင်ပြည်နယ်များတွင်လူမှု ဝန်ထမ်း ဦးစီးဌာန၏ MCCT စီမံကိန်းအား လုပ်ငန်း လည်ပတ် စရိတ်များ ပံ့ပိုးမှုဖြင့် တစ်နှစ် သက်တမ်းတိုး ခဲ့ပြီး အချိန်ကာလတစ်ခုတွင်ရလဒ်များ နှင့်စီမံကိန်း၏ သက်ရောက်မှု တို့ကို တိုင်းတာရန် နှင့် အကဲဖြတ်သုံး သပ်ရန် အခြေခံအဖြစ် ပံ့ပိုးပေးမည့် ကနဦး စစ်တမ်း ဒီဇိုင်းနှင့်အကောင် အထည်ဖော်ခြင်း တို့အပြင် နောင်အနာဂတ်တွင် ကနဦးစစ်တမ်း ကောက်ယူနိုင်ရန် လူမှုဝန် ထမ်းဦးစီးဌာန၏ ကျွမ်းကျင် မှု နှင့် စွမ်းဆောင်ရည် ဖွံ့ဖြိုးလာစေမည့် အခွင့် အရေး ကို ပံ့ပိုးပေးခဲ့ပါသည်။

၂၀၁၈ ခုနှစ်အတွင်းတွင် Save the Children ၏ TEAM MCCT စီမံချက်မှ ချင်းပြည်နယ်အတွက် အမူအကျင့်ပြောင်းလဲရေး သတင်းစကား ပြောကြားမှု (SBCC) မဟာဗျူဟာနှင့်အတူ သိသာထင်ရှားသည့် တိုးတက်မှု ရရှိခဲ့ပြီး အခြေခံ ကျန်းမာရေး ဝန်ထမ်းများ နှင့် ရပ်ရွာလူထု စေတနာ့ဝန်ထမ်းများ အတွက် SBCC လှုပ်ရှားမှုများ စတင် ဆောင်ရွက်ခဲ့သည်။ စီမံချက် လုပ်ငန်းများ အား ရပ်ရွာလူထု အဆင့် ထိ ရောက်အောင် တိုးချဲ့ရန်အတွက် စီမံချက် သက်တမ်းတစ်နှစ်တိုးမြှင့် ခဲ့သည်။ ဘတ်ဂျက်မပါဝင်သည့်သက်တမ်း တိုးမှုမှ အောက်ပါ လုပ်ငန်းများအား ခိုင်မာအားကောင်း စေရန် - အခြေခံ ကျန်းမာရေး ဝန်ထမ်းများ နှင့် စေတနာ့ ဝန်ထမ်းများကြား ကောင်းမွန်သည့်ချိတ်ဆက်မှု များ တည်ဆောက်ရန်၊ အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှုများအား စောင့်ကြည့်မှတ်တမ်း တင်ခြင်း၊ သတင်းအချက် အလက်များ နှင့် လှုပ်ရှားမှုဆိုင်ရာရ လဒ်များ ဖြန့်ဝေရန် ကူညီဆောင်ရွက်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်သည်။ စီမံချက်မှ ချင်း SBCC မဟာ ဗျူဟာအတွက် ပြန်လည်ပြင် ဆင်မှုများအတွက် အသိပေးရန် ကြိုတင်ပုံဖော် ပုံစံချ ထားသည့် သုတေသန ကို ဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၈ ခုနှစ် နောက်ဆုံး သုံးလတွင် LIFT မှ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ IDP စခန်းများမှ ထိခိုက်လွယ် အိမ်ထောင်စုများ နှင့် ဌာန ရပ်ရွာလူထု အတွက် အကျိုးကျေးဇူးဖြစ်စေမည့်“အာဟာ ရဖွံ့ဖြိုးမှုနှင့် ကောင်းမွန်သည့် အလုပ်အကိုင်စီမံကိန်းများ” အတွက် အဆိုပြုလွှာ ဖိတ်ခေါ်မှုများကို ထုတ်ပြန်ခဲ့ သည်။ ဇန်နဝါရီတွင် အဆိုပြုလွှာများ ရရှိခဲ့ပြီးရွေးချယ် ခံရသည့် မိတ်ဖက်များသည် ၂၀၁၉ခုနှစ် မေလလောက် တွင် စတင်၍ အကောင်အထည်ဖော် မည်ဖြစ်သည်။ ဤအဆင့်တွင် အဆိုပြုလွှာ ဖိတ်ခေါ်ချက်များ အတွက် တင်သွင်းသည့် အဆိုပြုလွှာများတွင် ပါဝင်သည့် ဆောင် ရွက်မည့် လုပ်ငန်းများသည် ပြည့်စုံခြင်း မရှိပါ။ LIFTသည် အဆိုပါ ကွက်လပ်များ ဖြည့် ပေးရန်ပြောင်းလွယ်ပြင်လွယ် ရှိသည့် ချဉ်းကပ် နည်းလမ်း လိုအပ်ပါသည်။ LIFT သည် ပေါင်းစုထားသည့် မိတ်ဖက်ပြုမှု၏ အလားအလာကို မြှင့်တင်ပေးရန် သီးသန့်ရည်ရွယ်သည့် စုပေါင်းထားသည့် ရလဒ်များရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ပြည့်စုံ ကျယ်ပြန့်သည့်ပေါင်းစည်း ထားသည့် စနစ်များ ချဉ်းကပ်နည်းလမ်းကို အသုံးပြု၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စီမံကိန်းဆောင်ရွက်မှုများ လုပ်ဆောင်မည်ဖြစ်သည်။ ၂၀၁၉ခုနှစ် ဒုတိယနှစ်ဝက်တွင် ချင်းပြည်နယ်နှင့် အရှေ့တောင်ဒေသအတွက် ပြန်လည်ဆန်းသစ်ထားသည့် LIFT ၏ ၂၀၁၉ -၂၀၂၃ မဟာဗျူဟာအောက်တွင် တောင်တန်းဒေသ စီမံကိန်းကို တိုးချဲ့ရန်အတွက် ဆက်လက် လုပ်ဆောင် မည် ဖြစ်သည်။

## ပဋိပက္ခအလေးထားတုံ့ပြန်ဆောင်ရွက်မည့် မဟာဗျူဟာ ရေးဆွဲပြင်ဆင်ခြင်း

LIFT ၏ ၂၀၁၈ခုနှစ် အလွန် မဟာဗျူဟာမှ အရွေ့ အပြောင်း တစ်ခုမှာ ပထဝီအနေအထားအရ တိုင်းရင်းသား လူမျိုးများ နေထိုင်သည့် ပြည်နယ်များမှလက် လှမ်းမီရန် ခက်သည့် နယ်စပ်ဒေသများနှင့် ပဋိပက္ခဖြစ်ပွားသည့် ဒေသများအား ဦးတည်ခြင်း နှင့် ကာလ ရှည်ကြာဖြစ်ပွားနေ သည့် အကျပ်အတည်းများကြားမှ ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်ခေါင်းပါးမှုတို့ လျှော့ချရန် အတွက် ပို၍ ရေရှည်တည်တံ့ပြီး ခန့်မှန်းနိုင်မည့် ချဉ်းကပ်နည်းလမ်းများအား ကူညီပံ့ပိုးပေးရန် ဖြစ်ပါသည်။ သို့ဖြစ်၍ LIFTသည် ပဋိပက္ခအလေးထားမှု အတွက် ပို ၍ မဟာဗျူဟာကျသည့် ချဉ်းကပ်နည်းလမ်းအား ရေး ဆွဲလျက် ရှိပါသည်။

၂၀၁၅ ခုနှစ်တွင် LIFT မှ အကောင်အထည်ဖော်ရေး မိတ်ဖက်များအား လမ်းညွှန်ပေးရန် ပဋိပက္ခအလေးထားသည့် စည်းမျဉ်းစည်းကမ်းဥပဒေသများ ချမှတ်ပေးခဲ့ပါသည်။ LIFT သည် 'မည်သူ့မျှထိခိုက်နစ်နာခြင်း မရှိစေရ' ဟူသော စည်းမျဉ်းနှင့် သက်ဆိုင်သည့် နိုင်ငံတကာ အလေ့အကျင့်ကောင်းများ ဆိုင်ရာ အကြံဉာဏ်များ ပေးရန် နှင့် တိုင်းရင်းသား ပဋိပက္ခများ၊ ကွဲပြားမှုများ၊ နိုင်ငံတော်မှ ပျက်ကွက်ခဲ့ခြင်းနှင့် သံသယများ ရှိနေသည့် ဒေသအသစ်များတွင်ထိတွေ့ ဆောင်ရွက်ရန် ကြိုးပမ်းမှုများအတွက် ကူညီ ထောက်ပံ့ပေးရန် ပဋိပက္ခရေးရာ အကြံပေးပုဂ္ဂိုလ်အား ခေါ်ယူခန့်ထားခဲ့ပါသည်။

၂၀၁၅ ခုနှစ်မှ စ၍ တောင်တန်းဒေသ အစီအစဉ် အတွင်း ဒေသအခြေပြု အစီအစဉ်များ နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းအတွက် ဦးတည် ထောက်ပံ့ကူညီမှုတို့ဖြင့် LIFT ၏ ပဋိပက္ခအလေးထားမှု ချဉ်းကပ်နည်းလမ်းကို တိုးမြှင့် ဆောင်ရွက် နိုင်ခဲ့ပါသည်။ သို့သော်လည်း အဆိုပါ အစီအစဉ်များသည် အမျိုးမျိုးကွဲပြားပြီး စိန်ခေါ်မှုများသည့် လုပ်ရှားဆောင်ရွက်ရမည့် ပတ်ဝန်းကျင်တွင် ပဋိပက္ခ အလေးထားမှုကို ပါဝင်စေခြင်း၏ စိန်ခေါ်မှုများအား ပြည့်စုံကျယ်ပြန့်သော (သို့) မဟာ ဗျူဟာကျသောတုံ့ပြန်မှုကို ကိုယ်စားပြုနိုင်ခြင်း မရှိသေးပါ။ LIFT သည် ပဋိပက္ခအလေးထားစည်းမျဉ်း စည်းကမ်းများမှ လမ်းညွှန်မှုပေးသည့် စောင့်ကြည့် ကြီးကြပ်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း နှင့်စီမံကိန်း ဆိုင်ရာ သင်ခန်းစာများ ဖော်ထုတ်ခြင်း ကာလအပါ အဝင် စီမံကိန်း၏ ဦးတည်ချက်၊ စီမံကိန်း နှင့် စီမံချက်ဒီဇိုင်းများ နှင့် အကောင် အထည်ဖော်ခြင်း တို့ သေချာစွာ ပါဝင်စေရန် ဆက်လက် လုပ်ဆောင် လျက်ရှိပါသည်။ ယင်းမှာ LIFT၏စီမံကိန်း လုပ်ငန်းများကြောင့် ပဋိပက္ခများ ပိုမိုဆိုးရွားမသွားစေရန်၊ မည်သူ့ကိုမျှ နောက်ချန်ခဲ့ခြင်း မရှိစေရန် နှင့် ပဋိပက္ခ ဖြစ်ပွားသည့်ဒေသများတွင် အရေးပါသည့် ဒေသခံ လှုပ်ရှားဆောင်ရွက်သူများမှ LIFT ၏ လုပ်ငန်းများ ကို လက်ခံစေရန် သေချာစေမည့် LIFT ၏ ကတိက ဝတ်များ၏ အစိတ်အပိုင်း တစ်ရပ်ဖြစ်ပါသည်။

LIFT ၏ ပဋိပက္ခ အလေးထား စည်းမျဉ်းစည်းကမ်းများအား ပဋိပက္ခ အခြေအနေရှိအပြောင်း အလဲများကို အသိအမှတ်ပြုကာ ပြန်လည်ပြင်ဆင်ပြီး နောက်ဆုံးရရှိသည့်အချက်အလက်များ ထည့်သွင်းမည်ဖြစ်သည်။ အဆိုပါ စည်းမျဉ်းစည်းကမ်းများ အား ပြန်လည်ပြင်ဆင်ထားသည့် LIFT ၏ မဟာဗျူဟာ နှင့် ပေါင်းစပ်ပြီး LIFT ၏ ဝန်ထမ်းများကြား နက်ရှိုင်းသည့် အသိအမြင်၊ မည်သူ့မျှ ထိခိုက်နစ်နာခြင်း မရှိစေရေးနှင့် ပဋိပက္ခအလေး ထားမှုတို့အား စီမံခန့်ခွဲခြင်းကိုတည်ဆောက်ပေးပြီး LIFT မှ အထောက် အပံ့ပေးနေသည့်အကောင်အထည်ဖော်ရေး မိတ်ဖက်များ ဆောင်ရွက်နေသည့်နေရာများရှိ ရပ်ရွာလူထုကြားရွေ့လျား ပြောင်းလဲနေမှု များအား ဆန်းစစ်ရန် နှင့် နားလည် သဘောပေါက်စေရန် စွမ်းဆောင်ရည် တည်ဆောက် ပေးမည် ဖြစ်သည်။ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့များအတွက် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း လုပ်ငန်းစဉ်ကိုလည်း LIFT ၏ အထောက် အပံ့ဖြင့် ဒီဇိုင်းရေး ဆွဲအကောင်အထည် ဖော်မည် ဖြစ်သည်။ သို့ဖြင့် ထောက်ပံ့ငွေရရှိသူအားလုံးကြား အလေးထားမှုဆိုင်ရာ အနိမ့်ဆုံး မျှော်လင့်ချက်များကို ရရှိနိုင်အောင် လုပ်ဆောင်နိုင်မည် ဖြစ်သည်။

ပတ်သက်ဆက်နွယ် သူမျိုးစုံပါဝင်သည့် တိုင်ပင်ဆွေးနွေး သဘောထားရယူသည့်လုပ်ငန်းစဉ် နှင့် အားလုံးပါဝင် သည့် အသေးစိတ် ဆန်းစစ်မှုသည် ဒီဇိုင်းရေးဆွဲပြီး အကောင် အထည်ဖော်မည့် နည်းလမ်းများ ပါဝင်သည့် စီမံကိန်းမှ လုပ်ဆောင်မည့် လုပ်ငန်း အမျိုးအစားများနှင့် သက်ဆိုင်သော LIFT ၏ ၂၀၁၉- ၂၀၂၃ မဟာဗျူဟာ အကောင်အထည်ဖော်ရေးအတွက် သတင်းပေးလမ်းညွှန်မည်ဖြစ်သည်။ ဤအခြေခံဆန်းစစ် မှု အား နောက်ဆုံးပေါ် အချက်အလက်များ ပုံမှန် ထည့်သွင်းမည်ဖြစ်ပြီးအခြေအနေ ဆိုင်ရာရွေ့လျား ပြောင်းလဲမှုများထဲမှ အပြောင်းအလဲများ အားလိုက် လျော ညီထွေဖြစ်အောင် ဆောင်ရွက်မှုများ နှင့်တုံ့ပြန်မှု များ အတွက် အသိပေးမည်ဖြစ်ပါသည်။

အောက်ပါတို့ကို ဦးတည်သွားရန် စီစဉ်ထားပါသည် -

- ပဋိပက္ခဆိုင်ရာ ကိစ္စရပ်များ အား မဟာဗျူဟာအဆင့်ဟု သတ်မှတ်ပြီး ပဋိပက္ခ အလေးထားခြင်းအား စီမံကိန်း ချဉ်းကပ် နည်းလမ်းများ၊ အဆိုပြုလွှာ ဖိတ်ခေါ်ခြင်းများ၊ စောင့်ကြည့်ကြီးကြပ်ခြင်း နှင့် အကဲ ဖြတ်သုံးသပ်ခြင်းနှင့် အခြား လုပ်ငန်းစဉ်များတွင် ပေါင်းစပ်ထည့်သွင်းရန်
- အသက်မွေးမှုဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ လိုအပ်ချက်များအား အခြေခံ၍ ဘက်စုံ စီမံကိန်း ဆောင်ရွက် ချက်များ ဆောင်ရွက်ရန် အတွက် ပဋိပက္ခ ထိခိုက်ခံစားရသည့် လူများနှင့် ပဋိပက္ခ ထိခိုက်ခံစားရသည့် ဒေသများ ဖော် ထုတ်ရန် နှင့် LIFT ၏ အဓိက မဟာဗျူဟာ ရည်ရွယ်ချက်များနှင့် နှိုင်းရ အကျိုးဖြစ်ထွန်းမှု ရှိသည့် နယ်ပယ်များ ရှုထောင့်မှ အချက် များ အား ဖြေရှင်းရန်
- ပဋိပက္ခ ထိခိုက်ခံစားရသည့် ဒေသများတွင် ဆက်လက် တိုးမြှင့်ဆောင်ရွက်ခြင်း နှင့် အစပိုင်းတွင် လုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံ နှင့် အသိအမြင်များသည့် မိတ်ဖက်များအား ဦးစားပေး၍ လက်ရှိ အောင်မြင်နေသည့် မိတ်ဖက်ပြုမှုများ ပေါ်တွင် တည်ဆောက်ရန်
- အစိုးရမဟုတ်သည့် အရပ်ဘက် အဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း (EAO) များ နှင့် ဆက်စပ်နေ သည့်အဖွဲ့များ အပါအဝင် ဝန်ဆောင်မှုပေးသူ မျိုးစုံ ရှိနေခြင်းကို အသိအမှတ်ပြုပြီး

နှစ်ဖက် ပဋိပက္ခ ဖြစ်နေ သည့် နယ်စပ်နေရာများတွင် အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံမှု ကိစ္စရပ်များနှင့်စပ်လျဉ်း ၍ နှစ်ဦး နှစ်ဖက် နားလည်မှု တည်ဆောက်ရန်နှင့် အချို့ကိစ္စရပ်များတွင် ဒေသခံ ပတ်သက်ဆက်နွယ် သူများ နှင့် ယုံကြည်မှုနှင့် အလုပ် သဘောဆက်ဆံ ရေး တည်ဆောက်ရန် ရည်ရွယ်၍ ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး အနေဖြင့် တိုက်ရိုက် ထိတွေ့ ဆက်ဆံရန်

- နိုင်ငံတော် အဆင့် နှင့် မြို့နယ်အဆင့် ချိတ်ဆက်မှုများအား ခိုင်မာအားကောင်းစေခြင်းနှင့်ပတ်သက်ဆက်နွယ် သူများ နှင့်ဆက်ဆံရေးတည် ဆောက်နိုင်ရန် အတွက်ချိတ်ဆက်မှုများ ဆောင်ရွက်ရန် နှင့် လူမှုပေါင်းစည်းညီညွတ်မှုအတွက် ကူညီပံ့ပိုး ရန်
- အကောင်အထည်ဖော်ရေး မိတ်ဖက်များနှင့် တွဲဖက်များ ပါဝင်စေပြီး ပဋိပက္ခ နှင့် အသက်မွေးဝမ်း ကျောင်းဆိုင်ရာ အလေ့အကျင့်ကောင်းများ နီးနှောဖ လှယ်သည့် အဖွဲ့များ တည်ထောင်ရန်
- ထိရောက်စွာ ဆောင်ရွက်နိုင်မည့် အလားအလာရှိသည့် မိတ်ဖက် အလွန်နည်းပါးသဖြင့် အခြား ရန်ပုံငွေ ပုံစံများ ရရှိရန် ကြိုတင်ဆောင်ရွက်သည့် ချဉ်းကပ်နည်းလမ်းအား ချမှတ်ကျင့်သုံးရန်
- မဟာဗျူဟာရေးဆွဲခြင်းတွင်ပဋိပက္ခဆိုင်ရာအချက်များအား ထည့်သွင်းစဉ်းစားသည့် ပိုမိုစနစ်ကျသည့် ချဉ်းကပ်နည်းလမ်းကို သုံးရန်နှင့် ရန်ပုံငွေအဆိုပြု လွှာများအား အကဲဖြတ်သုံးသပ်ရာတွင်အစောပိုင်းအဆင့် မှ စတင်၍ ပဋိပက္ခ ဆိုင်ရာ အချက်များအား ထည့်သွင်းစဉ်းစားရန်

# ကျွမ်းကျင်မှု သင်တန်းမှ မိသားစုများ၏ ဝင်ငွေကို တိုးတက်စေပြီး တည်ငြိမ်သည့် ဝင်ငွေ ရရှိစေရန် အကူအညီပေးပါသည်

လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ခြင်း စီမံချက် မှ ဈေးကွက်လိုအပ်ချက်ကို အခြေခံသည့် အလုပ် အကိုင် အခွင့်အလမ်းများ တိုးတက်စေရန် မြေယာ မဲ့များအား ကျွမ်းကျင်မှု သင်တန်းများ ပေးပါသည်။ ၂၀၁၈ ခုနှစ်ကုန်တွင် ကောက်ယူခဲ့သည့် စစ်တမ်း အရ သင်တန်းဆင်းများ ရှိသည့် မြေယာမဲ့ အိမ် ထောင်စုများ အနေဖြင့် သင်တန်းတွင် ပါဝင်တက် ရောက်ပြီးသည့် အချိန်တွင် ငွေကြေး စီးဆင်းမှု များ သိသိသာသာ တည်ငြိမ်လာခဲ့ကြောင်း တွေ့ရှိ ရပါသည်။ လပွတ္တာရှိ ဦးတည် မြေယာမဲ့နှင့် ထိခိုက် လွယ်သော အိမ်ထောင်စုများကြား မိသားစု ဝင်ငွေ တိုးတက်စေရန်နှင့် တည်ငြိမ်မှုခိုင်မာစေရန် လယ်ယာ ပြင်ပ အလုပ်အကိုင်များ၏ မဟာဗျူဟာမြောက်အရေး ပါမှုကို အောက်ပါ ကိုယ်တွေ့ဖြစ်ရပ် ၂ ခုမှ ပြသပေး ပါသည်။



**လက်သမား/ ပန်းရံ ကျောင်းဆင်း-** ကျွန်တော်က လပွတ္တာ မြို့နယ် သက်တရန် ကျေးရွာက ရန်နိုင်ဖြစ်ပါ တယ်။ ကျွန်တော်တို့ရွာမှာ ပြုလုပ်တဲ့အလုပ် ရှုံဆွေးနွေး ပွဲမှာ လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ခြင်း စီမံချက် အကြောင်း သိရှိခဲ့ပါတယ်။ လူတွေ့ စစ်ဆေး မေးမြန်းမှုမှာ ပါဝင်ခဲ့ပြီး လပွတ္တာမှာ လက်သမား/ပန်းရန် သင်တန်း အပတ်စဉ် ၁ တွင် တက်ရောက်ခဲ့ပါတယ်။

သင်တန်းမတက်ခင်က ကျွန်တော် ဆောက်လုပ်ရေး လုပ်ငန်းခွင် တစ်ခုမှာ အလုပ်လုပ်နေပြီး တစ်လကို ကျပ် ၂၅၀,၀၀၀ (ကန်ဒေါ်လာ ၁၇၃) ရပါတယ်။ ကျွန်တော့်မှာ လက်သမား အလုပ်နှင့် ပတ်သက်ပြီး အခြေခံ ဗဟုသုတ မရှိခဲ့လို့ ကျွမ်းကျင်မှုသင်တန်းက ကျွန်တော့် နည်းပညာကျွမ်းကျင်မှုကို ပိုမို ကောင်းမွန်အောင် အရောင် တင်ပေးနိုင်မယ်လို့ ထင်မြင်မိပါတယ်။သင်တန်း တက်ရောက်ဖို့ တော်တော်ကို စိတ်အား ထက်သန်ခဲ့ပါ တယ်။ သင်တန်း တက်နေစဉ်ကာလ အတွင်းမှာလည်း လက်သမား ပညာရပ်နှင့်ပတ်သက်လို့ စာတွေ့ လက်တွေ့ သင်ခန်းစားတွေသင်ကြားခဲ့ရပါတယ်။ လပွတ္တာမှာ တက် ရောက်တဲ့ သင်တန်းပြီးဆုံးပြီး နောက်ပိုင်း ကျွန်တော် အလုပ်ခွင် ပြန်ဝင်တော့ ကိုယ့်ကိုယ်ကို ယုံကြည်မှု ပိုရှိလာတယ်လို့ ခံစားရပါတယ်။

ပိုမိုသိရှိလိုပါက... မြစ်ဝကျွန်းပေါ်ဒေသ ကျွမ်းကျင်မှုများ တည်ဆောက်ခြင်း စာမျက်နှာ..၆၀ တွင် ဖတ်ရှုနိုင်ပါသည်။



**စက်ပြင် သင်တန်းဆင်း-** ကျွန်တော်က ဇင်ကိုကိုဖြစ်ပါ တယ်။ ရွှေထွက်တိုး မှာ အလုပ်လုပ်နေတာနှစ်နှစ် နီးပါး ရှိပါပြီ။ ကျွန်တော်တို့ရွာမှာ လာလုပ်တဲ့ ရပ်ရွာလူထု စည်းရုံး လှုံ့ဆော်ရေး အလုပ်ရှုံဆွေးနွေးပွဲတက် ပြီး လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ခြင်း စီမံချက် အကြောင်းကိုသိခဲ့ ရပါတယ်။ လပွတ္တာမှာလုပ်ပေးတဲ့ စက်ပြင်သင်တန်း အပတ်စဉ် ၄မှာ တက် ရောက်ခဲ့ပြီး အခုကုမ္ပဏီတွင်အလုပ် နေရာရခဲ့ပါ တယ်။ အဲဒီအချိန်ကစပြီး ခြေခံ စက်ပြင် သင်တန်းက ရခဲ့တဲ့ အသိအမြင်တွေနဲ့ ကျွမ်းကျင်မှုတွေကို လက် တွေ့အသုံးချနေပါတယ်။

သင်တန်းမတက်မီကတော့ကျွန်တော်တို့မြို့နားကဆောက် လုပ်ရေး လုပ်ငန်းခွင်တစ်ခုမှာ နေ့စား ဝင်လုပ်ခဲ့ပါတယ်။ အဲဒီအလုပ်မှာ တလကို ကျပ် ၁၈၀,၀၀၀ - ၂၀၀,၀၀၀ (ကန်ဒေါ်လာ ၁၂၅-၁၃၈ ) ရပြီး ကုမ္ပဏီက နေစရာ လည်း ပေးထားပါတယ်။မွေးချင်း သုံးယောက်မှာ ကျွန်တော်က အကြီးဆုံးပါ။ ကျွန်တော့် ညီငယ်ကတက္ကသိုလ် ဝင်တန်း အောင်ပြီးခါစ၊ အငယ်ဆုံးကတော့ အလယ်တန်း တက်နေ ပါတယ်။ မိသားစုမှာကျွန်တော်နှင့် ကျွန်တော့် အဖေတို့ပဲ အလုပ် ရှိပြီး မိသားစုကို ထောက်ပံ့ပေးနေ ပါတယ်။

ပိုမိုသိရှိလိုပါက... မြစ်ဝကျွန်းပေါ်ဒေသ ကျွမ်းကျင်မှုများ တည်ဆောက်ခြင်း စာမျက်နှာ..၆၀ တွင် ဖတ်ရှုနိုင်ပါသည်။

## ILO၏ ဖြစ်ရပ်မှန် လေ့လာမှု

" ကျွန်တော် သင်ယူရတာကို ရော မတူကွဲပြားတဲ့ အုပ်စုတွေ နဲ့ အလုပ်လုပ်ရတာကိုရော အင်မတန် နှစ်သက်ပါသည်။ အားလုံးနဲ့ အတူတကွ ရှိရတာပျော်စရာ ကောင်းပါတယ်" အသက် ၃၉ နှစ်အရွယ် မိုဟာမက် ဇော်မေးလ်သည် မြန်မာနိုင်ငံ၏ အရှုပ်ထွေးဆုံး ဒေသများ အနက် တစ်ခုဖြစ်သည့် ရခိုင်ပြည်နယ် မြောက်ပိုင်း ဘူးသီးတောင်မြို့နယ်ရှိ ဟိန္ဒူ၊ မွတ်စ်လင်မ် နှင့် ရခိုင် တိုင်းရင်းသားများထဲမှ အမျိုးသမီး၊ အမျိုးသား ၅၈ ဦး အတူ တကွပါဝင် တက်ရောက်သည့် ဂဟေဆော် ကျွမ်းကျင် သင်တန်း တွင် တက်ရောက်ခဲ့ပြီး မကြာသေးမီကမှ သင်တန်း ဆင်းခဲ့သူ တစ်ဦး ဖြစ်ပါသည်။

▼ ဓါတ်ပုံ -
ဇော်မီးလ် ညာစွန် ပထမ နှင့် ၎င်း၏ သင်တန်းဖော်များ
© ILO

၂၀၁၈ ခုနှစ် နိုဝင်ဘာလကုန်တွင် ဂဟေဆော်ခြင်း၊ ပန်းရန်လုပ်ငန်း နှင့် နေအိမ်ဝါယာကြိုး ဆင်ခြင်းဆိုင်ရာ ၁၀ရက်ကြာ စွမ်းရည် အခြေခံ သင်ရိုးတစ်ခု၏သီးခြား ယူနစ် လိုက်ခဲ့၍ သင်သည့် ကာလတို သင်တန်းအပြီး တွင် မိုဟာမက်ကဲ့သို့သော သင်တန်းသားများအား လုပ်ငန်းခွင် သင်ကြားမှုအဖြစ်အလုပ်ရှံ အမျိုးမျိုးတွင် တာဝန်ပေးအပ် ခဲ့ပါသည်။ သင်တန်း အား ILO ၏ အကူအညီဖြင့် နည်းပညာ၊ အသက် မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာန (Department of Technical Vocational Training, DVET) မှ စစ်တွေ အစိုးရ နည်းပညာ အထက်တန်းကျောင်း တွင် စတင်ပို့ချပေးခဲ့ပါသည်။

ရခိုင်ပြည်နယ်ရှိ ILO ၏ စီမံချက်ကို စာမျက်နှာ စာမျက်နှာ ၉၀ တွင် ဖတ်ရှုနိုင်ပါသည်။



## IRC ၏ ဖြစ်ရပ်မှန် လေ့လာမှု

မဌေးဌေးဝင်းသည် ပေါက်တောမြို့နယ် ဂျင်းဒွေရွာမှ ၃၅ နှစ်အရွယ် ကလေးသုံးဦး မိခင်ဖြစ်ပါသည်။ Save the Children ၏ တက်လမ်း၏ အခြေခံ အဆောက်အဦ အဖွဲ့ဝင် တစ်ဦးဖြစ်သည့် သူမသည် တာရိုးများပြန် လည်ပြုပြင် ရာတွင် အလုပ်လုပ်ကိုင်လျက် ရှိပြီးအလုပ် အတွက် အခကြေးငွေပေးခြင်း မှ သူမ ရရှိသည် ငွေများ သည့် သူမ၏ မိသားစု အတွက် မရှိမဖြစ် လိုအပ် သည့် ဝင်ငွေဖြစ်ပါသည်။

"ကျွန်မအမျိုးသားက ကဏန်း ဖမ်းတဲ့သူပါ။ ကျွန်မ လုပ်အားအတွက် ပထမဆုံး ရတဲ့ အခကြေးငွေ နဲ့ ကျွန်မ အမျိုးသား အလုပ် အတွက် ကဏန်း ထောင်ချောက် ၁၀ ခု ဝယ်ပေးပြီး ကျွန်မ သမီးအတွက် ကျူရှင်လခ ပေးလိုက်ပါတယ်။ ဒီတစ်ကြိမ်မှာ ကျွန်မ ဝင်ငွေကို ရွာ က ငွေစုငွေချေး အသင်းမှာ ငွေစုမှာပါ။ ဒါမှ ကျွန်မသမီးအကြီး ရဲ့ ပညာရေးအတွက် ကျွန်မ ပေးနိုင်မှာပါ။ ဒီနှစ် သူ grade 11 ရောက်ပြီး ဆယ်တန်းစာမေးပွဲဖြေဖို့ စာသင်နေပါတယ်"

မဌေးဌေးဝင်း သည် သူမ၏ တစ်နေ့တာ လုပ်အားခ ကျပ် ၄,၈၀၀ (ကန်ဒေါ်လာ ၃.၄၀) ရရှိပါသည်။

ရခိုင်ပြည်နယ်ရှိ IRC ၏ စီမံချက်ကို စာမျက်နှာ စာမျက်နှာ ၉၂ တွင် ဖတ်ရှုနိုင်ပါသည်။





၄.၀

# အကြောင်းအရာအလိုက် စီမံကိန်းများ

LIFT မှ ဒေသအလိုက် ခွဲခြားထားသည့် ဇုန် (၄) ခုလုံးတွင် ဆောင်ရွက်နေသည့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု၊ ပုဂ္ဂလိက ကဏ္ဍနှင့် ထိတွေ့ဆောင်ရွက်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများဆိုင်ရာ အကြောင်းအရာအလိုက် စီမံကိန်းများအား ရန်ပုံငွေထောက်ပံ့ပေးလျက်ရှိပါသည်။ ယင်းတို့မှာ LIFT မှ သတ်မှတ်ဆောင်ရွက်လျက်ရှိသည့် ဒေသဆိုင်ရာ စီမံကိန်းများအပြင် အပိုဖြည့်စွက်ဆောင်ရွက်သည့် စီမံကိန်းများ ဖြစ်ပါသည်။

၄.၁

## ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

လွန်ခဲ့သော (၄)နှစ်အတွင်း ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်ပြုမှုများပါဝင်သည့် LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေသည့် စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၈၁.၁ သန်း ဘတ်ဂျက်ခွင့်ပြုခဲ့သည်မှ အမေရိကန်ဒေါ်လာ ၃၆၃.၂သန်းထိ ခွင့်ပြုသည့်အထိ အမေရိကန်ဒေါ်လာ ၂၈၂.၁ သန်း တိုးပွားခြင်းဖြင့် ရန်ပုံငွေများ များပြားလာခဲ့ပါသည်။ LIFT မှ စီမံကိန်းအတွက် ရန်ပုံငွေ ပံ့ပိုးမှုမှာ အသေးစားငွေရေးကြေးရေးဆိုင်ရာ အဖွဲ့အစည်း (၂၇ )ဖွဲ့အတွက် အမေရိကန်ဒေါ်လာ ၄၉.၄ သန်း၊ The Currency Exchange (TCX) အတွက် အမေရိကန်ဒေါ်လာ ၁၀သန်း၊ ရိုးမဘဏ်၏ စိုက်ပျိုးစီးပွား ငွေကြေးပံ့ပိုးမှု အစီအစဉ်အတွက် အမေရိကန်ဒေါ်လာ ၁၈ သန်း နှင့် ဩဘာမှ အကောင်အထည်ဖော်နေသည့် စီမံချက်အတွက် အမေရိကန် ဒေါ်လာ ၃.၇ သန်း တို့ဖြစ်ပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများထဲမှ (၂)ခုသည် သိသိသာသာများပြားသည့် အပိုရန်ပုံငွေများကို အသုံးပြုခဲ့ပါသည်။ TCX ၏ ငွေလွှဲနှုန်းကြောင့် ဆုံးရှုံးမှုကို ကာကွယ်ပေးသည့် အထောက်အပံ့သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများမှ အကြွေးအနေဖြင့် ငွေကြေးထောက်ပံ့ထားသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအား အမေရိကန်ဒေါ်လာ ၈၅.၇ သန်း ပေးအပ်ခဲ့ပါသည်။ရိုးမဘဏ်မှလည်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် ထည့်ဝင်ရန်အတွက် ပူးတွဲ ငွေကြေးထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၉၆.၄သန်းအသုံးပြုခဲ့ပါသည်။ ဤရင်းနှီးမြှုပ်နှံမှုများသည် ရပ်ရွာလူထုအတွင်းရှိ စီးပွားရေး အဆင့်အတန်း အမျိုးမျိုးရှိသူများအားလုံးနှင့် အကျုံးဝင်သည့်ရလဒ်များကို မြှင့်တင်ပေးခဲ့ပြီး ပြည်သူများ စီးပွားရေးအခွင့်အလမ်းများ ရယူပြီး အကျိုးဖြစ်ထွန်းခြင်း၊ အခြေခံပစ္စည်း ပိုင်ဆိုင်မှု တည်ဆောက်ခြင်း၊ အလုပ်အကိုင် ဖန်တီးခြင်း၊ ကျရောက်နိုင်ချေရှိသည့် အန္တရာယ်များအား စီမံခန့်ခွဲခြင်းနှင့် ပြင်ပ ရိုက်ခတ်မှုများကြောင့် ဖိအားများအပေါ် ဆင်းရဲနွမ်းပါးသူများ၏ ထိခိုက်လွယ်မှုများအား လျှော့ချခြင်းတို့တွင် ကူညီပေးနေသော အားလုံးပါဝင်သည့် ကျေးလက်ငွေကြေးဆိုင်ရာ ဈေးကွက် ခိုင်မာစေရန်အတွက် ပံ့ပိုးကူညီပေးလျက်ရှိပါသည်။

### အသေးစားငွေကြေးလုပ်ငန်း တိုးချဲ့ခြင်း

ကျေးလက်ဒေသတွင် ငွေကြေးဝန်ဆောင်မှုပေးသည့်အဖွဲ့များအတွက် LIFT မှ ပံ့ပိုးပေးသည့် အထောက်အပံ့သည် မြန်မာနိုင်ငံ၏ အသေးစားငွေရေးကြေးရေးကဏ္ဍတွင် မရှိမဖြစ် အရေးကြီးသည့် အခန်းကဏ္ဍမှ ဆက်လက်ပါဝင်ဆောင်ရွက်နေပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ မြို့နယ်ပေါင်း(၂၂)ခု မှ ဝန်ဆောင်မှုအသုံးပြုသူ ၂,၆၃၂,၂၈၃ဦး (အမျိုးသမီး ၉၁ ရာခိုင်နှုန်း)ထံ ရောက်ရှိသော ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေသည့် မိတ်ဖက် (၂၆)ဖွဲ့ (ပြည်တွင်း MFI ၉ ဖွဲ့၊ နိုင်ငံတကာ MFI ၁၃ဖွဲ့၊ ဖက်စပ်ကုမ္ပဏီတစ်ခု၊ သမဝါယမအသင်း ၂ ဖွဲ့နှင့် ပြည်တွင်းဘဏ်တစ်ခု)ကို LIFT က ရန်ပုံငွေပံ့ပိုးပေးလျက်ရှိပါသည်။ UNCDF ထံ ပေးအပ်သည့် ရန်ပုံငွေမှာ ၂၀၁၈ ခုနှစ်တွင် ပြီးဆုံးသွားပြီ ဖြစ်သော်လည်း LIFT ၏ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုရယူ အသုံးပြုသူအရေအတွက် ပိုမိုတိုးတက်လာခဲ့ပါသည်။ အကြောင်းမှာ လုပ်ငန်းရင်းနှီးမြှုပ်နှံမှု မြှင့်တင်ပေးရန်အတွက် LIFT ငွေကြေးပံ့ပိုးပေးသည့် အစီအစဉ်မှတဆင့် TCX (ငွေလွှဲနှုန်းကြောင့် ဆုံးရှုံးမှုကို အကာအကွယ်ပေးသည့် အထောက်အပံ့) နှင့် ရိုးမဘဏ် (ပြန်လည်ထုတ်ချေးရန် ပေးအပ်သည့် ချေးငွေ၊ Wholesales Loan) တို့မှ MFI (၁၁) ဖွဲ့အား ပံ့ပိုးခဲ့သည့် ရလဒ်များကြောင့် ဖြစ်ပါသည်။ LIFT ၏ အသေးစားငွေရေးကြေးရေး မိတ်ဖက်များ၏ စွမ်းဆောင်မှုအား နောက်ဆက်တွဲ ၅ တွင် အသေးစိတ် ဖော်ပြထားပါသည်။ MFI အများစုသည် မြန်မာကုမ္ပဏီများဥပဒေနှင့် မြန်မာ့အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေအရ အကျိုးအမြတ်




▶ ပုံ ၄.၁
၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ရက်ထိ စိုက်ပျိုးဂေဟဇုန်အလိုက် ချေးငွေ ရယူသူဦးရေ




| | ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ | အပူပိုင်းဇုန် | ရခိုင် | တောင်တန်းဒေသ |
|---|---|---|---|---|
| ပညာရေး | 0.04% | 0.15% | 0.00% | 0.28% |
| ကျန်းမာရေး | 0.00% | 0.00% | 0.00% | 0.00% |
| အသေးစားစီးပွားရေးလုပ်ငန်းချေးငွေ | 5.80% | 6.64% | 3.68% | 2.86% |
| အငယ်စားစီးပွားရေးလုပ်ငန်းများ | 43.34% | 55.52% | 84.02% | 41.53% |
| လူမှုရေးဆိုင်ရာချေးငွေ | 1.58% | 0.46% | 0.35% | 0.85% |
| စိုက်ပျိုးရေး | 49.24% | 37.23% | 11.94% | 54.47% |

▶ ပုံ ၄.၂
၂၀၁၈ ခုနှစ် ဒီဇင်ဘာလ (၃၁) ရက်နေ့ထိ စိုက်ပျိုးဂေဟဇုန် တခုချင်းစီရှိ ချေးငွေများအား အသုံးပြုပုံ

ရှာသည့် ကုမ္ပဏီအနေဖြင့် ထုတ်ပေးသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း လိုင်စင်များရှိနေပါသည်။ ၂၀၁၈ ခုနှစ်အတွင်းရရှိခဲ့သည့် အသေးစား ငွေရေးကြေးရေး လုပ်ငန်းများ ဆိုင်ရာ အဓိက ရလဒ်များတွင် -

- မြို့နယ်ပေါင်း ၂၂၃ မြို့နယ်ရှိ ဝန်ဆောင်မှုအသုံးပြုသူ ၂.၆ သန်း (၂၀၁၆ခုနှစ်မှစ၍ ၆၁ ရာခိုင်နှုန်း တိုးတက်ခြင်း)
- အခြေခံပစ္စည်းပိုင်ဆိုင်မှု စုစုပေါင်း အမေရိကန်ဒေါ်လာ သန်း ၆၀၀ (၂၀၁၆ ခုနှစ်မှစ၍ ၁၄၉ ရာခိုင်နှုန်း တိုးတက်ခြင်း)
- ထုတ်ချေးခဲ့သည့် ချေးငွေ အမေရိကန်ဒေါ်လာ ၈၀၃ သန်း (၂၀၁၈ ခုနှစ်အတွင်း)
- ရရန်ရှိသည့် ချေးငွေ အမေရိကန်ဒေါ်လာ ၅၈၄ သန်း (၂၀၁၆ ခုနှစ်မှစ၍ ၁၄၅ ရာခိုင်နှုန်း တိုးတက်ခြင်း)
- စုဆောင်းသည့် စုငွေ အမေရိကန်ဒေါ်လာ ၉၆ သန်း တို့ပါဝင်ပါသည်။

ရရန်ကျန်သည့် ချေးငွေနှင့် အခြေခံပစ္စည်း ပိုင်ဆိုင်မှု စုစုပေါင်း၏အချိုးမှာ ၀.၈၃ ဖြစ်သဖြင့် MFI ရင်းနှီးမြှုပ်နှံမှုအား အကျိုးရှိစွာ အသုံးပြုနေသည်ကို ညွှန်ပြလျက်ရှိသည့် ကောင်းမွန်သည့် အချိုးအစား ဖြစ်ပါသည်။ ၈၅ ရာခိုင်နှုန်းနီးပါးအား မွေးမြူရေးနှင့် အသေးစား စီးပွားရေးလုပ်ငန်းများအတွက်၊ ၂၇ ရာခိုင်နှုန်းအား စိုက်ပျိုးရေးအတွက်၊ ၁၄ ရာခိုင်နှုန်းအား အသေးစားနှင့် အလတ်စား လုပ်ငန်း ချေးငွေအတွက်နှင့် ၁ ရာခိုင်နှုန်းအား လူမှုရေးချေးငွေများအတွက် အသုံးပြုခဲ့ပါသည်။

LIFTမှ ပံ့ပိုးပေးသည့် MFI အားလုံးသည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ရေရှည်ရပ်တည်နိုင်မှု (operationally self-sufficient, OSS) ရှိပါသည်။ ဆိုလိုသည်မှာ MFI များသည် ၎င်းတို့၏ လုပ်ငန်းလည်ပတ်သည့် ကုန်ကျစရိတ်များအား ကာမိနေပါသည်။ ထိုအထဲတွင် ကိုယ့်အားကိုယ်ကိုး လုပ်ငန်းရပ်တည်နိုင်သည့် ၉၇ ရာခိုင်နှုန်းသာ ရှိသည့် The Sun Institute တစ်ဖွဲ့သာ ခြွင်းချက် ဖြစ်ပါသည်။ နိုင်ငံတကာ MFI (၄) ဖွဲ့မှာ တိုးတက်လာခဲ့ပါသည်။ သို့သော်လည်း ဘဏ္ဍာရေးအရ မိမိဘာသာ ရပ်တည်နိုင်ခြင်း (financial self-sufficiency, FSS) အထိ မရရှိသေးပါ။ ဆိုလိုသည်မှာ ၎င်းတို့၏ လုပ်ငန်းလည်ပတ်သည့် ကုန်ကျစရိတ်နှင့် ဘဏ္ဍာရေး စရိတ်များအား ကာမိခြင်းမရှိသေးပါ။ ၂၀၁၈ ခုနှစ်နှစ်ကုန်ပိုင်းတွင် အဆိုပါ MFI များသည် အများအားဖြင့် ဝန်ဆောင်မှုပေးသည့် နယ်မြေတိုးချဲ့ခဲ့ခြင်းကြောင့် ဘဏ္ဍာရေးအရ မိမိ ဘာသာ ရပ်တည်နိုင်ခြင်းတွင် ၉၂ ရာခိုင်နှုန်း (သို့) ထို့ထက် ပိုခဲ့ပါသည်။

မြန်မာ့ကျေးလက်ချေးငွေ လက်လှမ်းမီရေး စီမံကိန်း (MARC) အား NGO အခြေခံ MFI အဖွဲ့အစည်းများ အဖြစ်မှ အဖွဲ့အစည်း ဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ရေရှည်ရပ်တည်နိုင်သည့် အသေးစား ငွေကြေး အဖွဲ့အစည်းများအဖြစ် မှတ်ပုံတင်ထားသည့် ကုမ္ပဏီအခြေခံ MFI များအဖြစ် အသွင်ကူးပြောင်းရန်အတွက် PACT ၏ မိတ်ဖက် ၉ ဖွဲ့အား LIFT မှ ပံ့ပိုးပေးနေပါသည်။ ပြည်တွင်း MFI ၉ ဖွဲ့မှ ၄ ဖွဲ့ (ECLOF၊ BDA၊ MHDO နှင့် AYO) တို့သည် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန (Financial Regulatory Department, FRD) ထံမှ အသေးစားငွေကြေး လိုင်စင်များ ရရှိခဲ့ပါသည်။ အဖွဲ့ ၃ ဖွဲ့ဖြစ်သည့် Wanlark Foundation၊ YMCA နှင့် The Sun Institute တို့ သည် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန (FRD) မှ ထောက်ခံမှုကို ရရှိခဲ့ပြီး ၎င်းတို့၏ အသေးစား ငွေရေးကြေးရေး လုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် နောက်ဆုံးအဆင့်အနေဖြင့် အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှု ကော်မတီထံ တင်ပြခဲ့ပါသည်။ ပြည်တွင်း MFI ၉ ဖွဲ့သည် လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ ရေရှည်ရပ်တည်နိုင်မှု နှင့် ရေရှည်တည်တံ့သည့် ဘဏ္ဍာရေး အခြေအနေသို့ ရောက်ရှိခဲ့သည်။ ခြွင်းချက်မှာ The Sun Institute ဖြစ်ပါသည်။ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန မှ The Sun Institute အား ငွေချေးလုပ်ငန်းရပ်ဆိုင်းရန်နှင့် လုပ်ငန်းထပ်မံဆောင်ရွက်ခြင်း မပြုရန် တားမြစ်သည့် ညွှန်ကြားချက် ထုတ်ပြန်ခဲ့သည့်အတွက် ၂၀၁၈ ခုနှစ် မတ်လလယ်တွင် SUN ၏ လုပ်ငန်းလည်ပတ်မှုများ ရပ်ဆိုင်းခဲ့ရပြီး ဘဏ္ဍာရေးအရ ရေရှည်တည်တံ့နိုင်မှုအပေါ်တွင် ၎င်းသက်ရောက်မှုမှာ သိသိသာသာ ကြီးမားပါသည်။

LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမည့် စီမံကိန်းသည် MFI များအား ကွဲပြားခြားနားသည့် ဈေးကွက် အခြေအနေ အမျိုးမျိုးအလိုက် ငွေကြေး ဝန်ဆောင်မှုများနှင့် ကိုက်ညီမည့် ဈေးကွက်ကောင်းဆိုသော ဝန်ဆောင်မှုများပေးရန် ဆက်လက်ပံ့ပိုးပေးလျက်ရှိပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ နှစ်ကုန်ပိုင်းတွင် LIFT မှ ပံ့ပိုးပေးနေသည့် MFI များသည် ငွေအပ်နှံခြင်းကို လက်ခံသည့် ဝန်ဆောင်မှု၊ ငွေချေးသူအား အကြွေးပမာဏ တစ်ခုအထိ ချေးပေးခြင်း၊ ငှားရမ်းခြင်း၊ ကာလအလိုက် ညှိနှိုင်းချေးငွေ၊ ကုန်ကျစရိတ်များသည့် အကြွေးတင်မှုများအား ပြေလည်စေမည့် ချေးငွေများ၊ ရာသီအလိုက် သီးနှံများ (ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ပြောင်း) မွေးမြူရေးနှင့် အသေးစား စီးပွားရေး လုပ်ငန်းများအတွက် ငွေကြေးပံ့ပိုးပေးခြင်းနှင့် ဝင်ငွေနည်း အမျိုးသမီးများ၊ ရွှေ့ပြောင်းသွားလာသူများ၊ မသန်စွမ်းများ နှင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများအတွက် ဖန်တီးပေးထားသည့် ချေးငွေများဖြင့် ပံ့ပိုးပေးခဲ့ပါသည်။ စီမံကိန်းမှလည်း MFI များ၏ ဝန်ဆောင်မှုများကို ပဋိပက္ခ ဖြစ်ပွားလျက်ရှိသည့် (သို့) ပဋိပက္ခ ကြောင့် ဖြစ်ပေါ်လာသည့် နယ်မြေများ အပါအဝင် ဝန်ဆောင်မှု မပေးသေးသည့် (သို့) ဝန်ဆောင်မှု အနည်းငယ်သာ ရရှိသည့် ရခိုင်ပြည်နယ်နှင့် တောင်တန်းဒေသများရှိ ဒေသများသို့ တိုးချဲ့ခဲ့ပါသည်။ MFIများအတွက် ချေးငွေရင်းနှီးမြှုပ်နှံမှုရရှိရေး/မတည်ရင်းနှီးမှုဈေးကွက် စီမံချက်သည် အရင်းအနှီးများ ပိုမိုဆွဲဆောင်ရန်နှင့် တိုးချဲ့မှုကို မြှင့်တင်ရန်အတွက် မရှိမဖြစ် လိုအပ်ပါသည်။

### အသေးစားငွေကြေးလုပ်ငန်းများ၏ ဝန်ဆောင်မှု အသုံးပြုသူများအား ကာကွယ်စောင့်ရှောက်မှုနှင့် လူမှုဘဝ ဖွံ့ဖြိုးရေး စွမ်းဆောင်နိုင်မှု

MFIများ၏ ဝန်ဆောင်မှု အသုံးပြုသူများအား မည်သို့သော ထိခိုက်နစ်နာမှုများမျှ မရှိစေရအောင် သေချာစေရန်အတွက် ဝန်ဆောင်မှုအသုံးပြုသူများအတွက် ကာကွယ်စောင့်ရှောက်မှု မရှိမဖြစ် လိုအပ်ပါသည်။ ဆိုလိုသည်မှာ MFI များသည် ၎င်းတို့၏စီးပွားရေး လုပ်ငန်းဆောင်ရွက်ရာတွင် ဝန်ဆောင်မှုအမျိုးအစားများ၊ မူဝါဒများနှင့် ကျင့်သုံးမှုများအား သေချာစွာ ဂရုစိုက် ဆောင်ရွက်ရန်၊ ထိခိုက်နစ်နာစေမည့် (သို့) မမျှတစွာ ဆက်ဆံခြင်းကို ရှောင်ရှားရန်နှင့် ဝန်ဆောင်မှုအသုံးပြုသူနှင့် ၎င်းတို့ လုပ်ငန်း၏ အကျိုးအမြတ်အကြား သင့်တင့်မျှတအောင် ချိန်ဆရန်တို့ဖြစ်ပါသည်။ MFI များ၏ တိကျသည့် ရည်မှန်းချက် ပန်းတိုင်၊ အကျိုးအမြတ် ရည်မှန်းချက်များ (သို့) ပိုင်ဆိုင်မှု ပုံစံများ မည်သို့ပင် ရှိစေကာမူ “မည်သူမျှ ထိခိုက်နစ်နာမှု မရှိစေရ” ဟူသော အနိမ့်ဆုံးရှိရမည့် စံနှုန်းသည် MFI လုပ်ငန်းများ၏ မရှိမဖြစ် ကောင်းမွန်သည့် စီးပွားရေးဆိုင်ရာ ကျင့်ဝတ် ဖြစ်ပါသည်။ အကယ်၍ MFI များသည် လူမှုရေးအတွက်သီးသန့်ထားရှိသည့် ရည်မှန်းချက်ပန်းတိုင်အား တိုင်းတာရန်နှင့် စီမံခန့်ခွဲရန်အတွက် ရည်မှန်းချက်အတိုင်း လုပ်ဆောင်မှုအား ဝန်ဆောင်မှု အသုံးပြုသူအတွက် ထိရောက်သည့် အကျိုးအမြတ်ဖြစ်စေခြင်း၊ ဝန်ထမ်း၊ ရပ်ရွာလူထုနှင့် ပတ်ဝန်းကျင်အတွက် သင့်တင့်မျှတစွာ ပြုမူဆောင်ရွက်ရန်အတွက် ဝန်ဆောင်မှု အသုံးပြုသူ ကာကွယ်စောင့်ရှောက်ခြင်း စံနှုန်းဖြစ်သည့် “မည်သူ့ကိုမျှ ထိခိုက်နစ်နာမှု မရှိစေရ” ထက် ပိုမိုကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့လျှင် လူမှုဘဝဖွံ့ဖြိုးရေး စွမ်းဆောင်နိုင်မှုကို ပြည့်မီရရှိမည် ဖြစ်ပါသည်။MFI များ၏ လူမှုရေးဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များအမျိုးမျိုးကွဲပြားနေနိုင်သော်လည်း အများဆုံး တူညီနေသည့် လူမှုရေးဆိုင်ရာ ပန်းတိုင်မှာ

ဝန်ဆောင်မှု အနည်းငယ်သာ ရရှိနေသည့် သူများနှင့် ထိခိုက်လွယ်သူများထံသို့ ရောက်ရှိခြင်း၊ ဆင်းရဲနွမ်းပါးမှု လျော့ခြင်းနှင့် အမျိုးသမီးများ ပိုမိုလုပ်ကိုင်နိုင်စွမ်း ရှိစေရန် ကြိုးပမ်းခြင်း ဖြစ်ပါသည်။

LIFT၊ LIFT ၏ MFI များ၊ MFI များအတွက်ချေးငွေရင်းနှီးမြှုပ်နှံမှု ဈေးကွက် စီမံကိန်းတွင် အကျိုးသက်ရောက်မှုရှိသည့် ရင်းနှီး မြှုပ်နှံသူများ၊ မိတ်ဖက်အဖွဲ့ဖြစ်သည့် TCX နှင့် အစိုးရ အဖွဲ့အပါအဝင် အားလုံးတို့သည် ထိခိုက်လွယ်သူများ၏ ဘဝများ တိုးတက်စေရန် ဝန်ဆောင်မှု ပေးသည့်ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုအား ပံ့ပိုးပါသည်။ မကြာသေးမီနှစ်များအတွင်း တာဝန်ယူမှု ရှိသည့် ငွေကြေးဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုအရ ငွေကြေးဝန်ဆောင်မှုပေးသူများသည့် ဝန်ဆောင်မှုရယူသည့် ဆင်းရဲနွမ်းပါးသူအတွက် ငွေကြေးဝန်ဆောင်မှုများကို ပွင့်လင်းမြင်သာ၊ လုံခြုံစိတ်ချရပြီး အကျိုးအမြတ်ဖြစ်ထွန်းစေသည့် နည်းလမ်းဖြင့် ပေးအပ်ရန် တာဝန်ရှိသည်ဟူသော ယုံကြည်မှုအား ပုံဖော်ခဲ့ကြပါသည်။

LIFTသည် ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့မှုကို အလေးထားပါသည်။ ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့ ခိုင်မြဲမှုကို ရရှိနိုင်ရန်အတွက် မဟာဗျူဟာနှင့် လုပ်ငန်းဆုံးဖြတ်ချက်များ ချမှတ်ရာတွင် MFI ဝန်ဆောင်မှု အသုံးပြုသူများအား ဗဟိုပြုစဉ်းစားရမည် ဖြစ်သည်။ ငွေကြေးဝန်ဆောင်မှုများသည် လုံခြုံစိတ်ချရပြီး၊ ဝန်ဆောင်မှု အသုံးပြုသူများအတွက် အကျိုးရှိကာ၊ ဈေးကွက် လိုအပ်ချက်မှ တောင်းဆိုလာသည့် ဝန်ဆောင်မှုများ ဖြစ်ရပါမည်။ LIFT ၏ လူမှုဘဝဖွံ့ဖြိုးရေး စွမ်းဆောင်နိုင်မှု မူဘောင်အား LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမည့် မိတ်ဖက်များမှ အကောင်အထည် ဖော်ပါသည်။

TCX သည် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်း (IFC) ၏ စွမ်းဆောင်မှုဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နေပြီး အကျိုးသက်ရောက်မှုရှိစေရန်အတွက် TCX၏ ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များမှလည်း လိုက်နာရန် လိုအပ်ပါသည်။ LIFT ၏ MFI များအတွက် အရင်းအနှီးများရရှိရေး အစီအစဉ်/ မတည်ရင်းနှီးမြှုပ်မှု ဈေးကွက်စီမံကိန်းအား အကဲဖြတ်သုံးသပ်လျက်ရှိသည့် TCX နှင့် ရင်းနှီးမြှုပ်နှံသူ များသည် ၎င်းတို့၏ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းစဉ်နှင့် သဘောတူညီချက်များတွင် ဝန်ဆောင်မှု အသုံးပြုသူ ကာကွယ်စောင့် ရှောက်မှု၊ လူမှုဘဝဖွံ့ဖြိုးရေး စွမ်းဆောင်နိုင်မှု စီမံခန့်ခွဲမှုဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ၊ မတရားမှုနှင့် ဥပဒေနှင့် ကိုက်ညီမှုမရှိခြင်းများကို ရှောင်ရှားနိုင်မည့် ဆောင်ရွက်မှုများကိုလည်း ပေါင်းစည်း ထည့်သွင်းထားပါသည်။

ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ လူမှုရေးဆိုင်ရာ ရည်မှန်းချက် ပန်းတိုင်များနှင့်အညီ လူမှုဘဝဖွံ့ဖြိုးရေး စွမ်းဆောင်နိုင်မှုစံသတ်မှတ်ချက်များပြည့်မီသည့် MFI များနှင့် ပူးပေါင်း လုပ်ဆောင်ပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်နည်းလမ်းများနှင့် လူမှုဘဝဖွံ့ဖြိုးရေး စွမ်းဆောင်နိုင်မှု စံနှုန်းများ ဆန်းစစ်သည့် နည်းလမ်းများ ဖြစ်သော Cersies / MIX/ SPTF[၄၂] တို့ကိုလည်း အသုံးပြုပါသည်။ ဥပမာ - BlueOrchard (JAWEF၊ MIFA၊ BOMF) သည် လူမှုစွမ်းဆောင်ရေးစံကို ယင်းတို့၏ ကိုယ်ပိုင်နည်းလမ်းဖြစ်သည့် SPI4 အပေါ် အခြေခံ၍ ပုံစံထုတ်ထားသော SPIRIT ဟု ခေါ်သည့် နည်းလမ်း ကို အသုံးပြု၍ စနစ်တကျ ဆန်းစစ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် ဝန်ဆောင်မှု ပေးနေသည့် LIFT MFI များအားလုံးကို လူမှုရေးဆန်းစစ်မှုများ ပြုလုပ်ပါသည်။

LIFT မှ ပံ့ပိုးပေးနေသည့် MFI အဖွဲ့ ၅ ဖွဲ့သည် The Smart Campaign မှ ပေးအပ်သည့် ဝန်ဆောင်မှုအသုံးပြုသူ ကာကွယ် စောင့်ရှောက်ရေး အသိအမှတ်ပြု လက်မှတ် (Smart Protection Certificate) ရရှိခဲ့ပါသည်။ The Smart Certification အစီ အစဉ်[၄၃] သည် MFI တခုအနေဖြင့် ဝန်ဆောင်မှု အသုံးပြုသူများအား မည်သို့ ဆက်ဆံသည်ကို ဂရုစိုက်မှုစံနှုန်းများနှင့် နှိုင်းယှဉ်၍ လွတ်လပ်သည့် ဆန်းစစ် အကဲဖြတ်ခြင်းအပေါ် အခြေခံပါသည်။ ယင်းမှ လုပ်ငန်း၏ ဝန်ဆောင်မှု အသုံးပြုသူများအား ကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာမှုများအား ထိန်းသိမ်းလိုက်နာမှုကို ပြသပါသည်။

နိုင်ငံတော် အစိုးရမှ လူမှုဘဝဖွံ့ဖြိုးရေး စွမ်းဆောင်နိုင်မှု စံသတ်မှတ်ချက်များအား စည်းမျဉ်းစည်းကမ်း (၃)ခုဖြင့် ဆောင်ရွက်ခဲ့သည်။ ယင်းတို့မှာ - ၁) MFI များသည် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန (FRD) ၏ ဝန်ဆောင်မှုအသုံးပြုသူ ကာကွယ်ရေးမူများအတိုင်း လိုက်နာရန် လိုအပ်ပါသည်။ ၂) ရရန်ရှိသည့် ချေးငွေ ပမာဏ၏ အတိုးနှုန်းအား တစ်နှစ်လျှင် အမြင့်ဆုံး၃၀ ရာခိုင်နှုန်း သတ်မှတ်ခြင်းအား အကောင်အထည်ဖော်ခဲ့ပြီး ဖြစ်ပါသည်။ ၃) MFI ၏ တစ်နှစ်ပေးရသည့် အတိုးနှုန်း (Annual Percentage Rate - APR) အား စောင့်ကြည့် စစ်ဆေးခြင်း တို့ဖြစ်ပါသည်။ LIFT သည် စားသုံးသူ ကာကွယ်စောင့်ရှောက်ခြင်းတွင် ပါဝင်ဆောင်ရွက်လျက် ရှိပါသည်။ LIFTသည် FRD အတွက် နည်းပညာအကူအညီအနေဖြင့် စားသုံးသူများအတွက် အရေးပေါ် လိုင်းအား အထောက်အပံ့ပေးခဲ့သည်။ အစိုးရအနေဖြင့် လျင်မြန်စွာ တိုးတက်လာသည့် ပွင့်လင်းမြင်သာမှု၊ ရွေးချယ်မှု၊ ပြန်လည် ပြင်ဆင်ခြင်းနှင့် ကိုယ်ရေးကိုယ်တာ လုံခြုံမှုနှင့် အတူ ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်လွယ်သူများအား ပံ့ပိုးပေးသည့် အသိပေး ကြေညာခြင်းများနှင့် တိုင်ကြားခြင်းစနစ်များတွင် တက်ကြွသည့် အခန်းကဏ္ဍမှ တာဝန်ယူခဲ့ပါသည်။

၂၀၁၅ ခုနှစ်တွင် LIFT ၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမည့် စီမံကိန်းသည် MFIများအား ၎င်းတို့ ဆောင်ရွက်နိုင်သည့် ဝန်ဆောင်မှုများပေးနေခြင်းထက် ဈေးကွက် လိုအပ်ချက်မှ တောင်းဆိုငွေကြေးဝန်ဆောင်မှုများ (ဥပမာ- ပြန်လည် ပေးဆပ်ရမည့် အစီအစဉ်များ၊ ပြန်ဆပ်ရမည့် အချိန်ကာလများ၊ ကုန်ကျစရိတ် များသည့် အကြွေးတင်မှုများအား ပြေလည်စေမည့် ချေးငွေများ၊ ပညာရေး ချေးငွေ၊ အသေးစား စီးပွားရေး လုပ်ငန်းများအတွက် ချေးငွေ နှင့် အရေးပေါ် ချေးငွေများ အပါအဝင် ချေးငွေအမျိုးအစားများ) ဆီသို့ ဦးတည် သွားရောက်ရန် ဆွဲဆောင်သည့် အနေဖြင့် ရန်ပုံငွေ အများအပြား ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမည့် စီမံကိန်းအတွက် အဆိုပြုလွှာ ဖိတ်ခေါ်ရာ၌ ဤအချက်သည် အဓိက အလေးထားသည့် အချက် ဖြစ်ပါသည်။

LIFT မှ ပံ့ပိုးပေးသည့် MFI များ အားလုံးတွင်အဆိုပါ ဈေးကွက်တောင်းဆိုသော ငွေကြေးဝန်ဆောင်မှုများအား ပေါင်းစည်းထည့်သွင်းထားပါသည်။ MFI များမှ ဈေးကွက် သုတေသန၊ စနစ်များ အဆင့်မြှင့်တင်ခြင်း၊ ဝန်ထမ်းများအား သင်တန်းပေးခြင်း၊ ဌာနတွင်း စာရင်းစစ်မှုများနှင့်ချေးငွေ ဝန်ဆောင်မှုများအားဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်ရန်အတွက် LIFTက ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။

MFI များသည် ပြည့်စုံမှုရှိသည့် အချက်အလက်များဖြင့် အစီရင်ခံကြသည်။ ၎င်းအချက်အလက်များမှာငွေကြေးဆိုင်ရာ တွင်အားလုံးပါဝင်စေမှု အစီအစဉ် စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်း နှင့် သင်ယူခြင်းဆိုင်ရာ မူဘောင်၏ တစိတ်တဒေသ ဖြစ်သည်။ ယင်းမူဘောင်သည် (ယခုအခါ ဆင်းရဲနွမ်းပါးမှု ဖြစ်နိုင်ချေ အညွှန်းဟု ခေါ်ဆိုသည့်) (ဆင်းရဲနွမ်းပါးမှုမှ ထွက်ခွာမှု အညွှန်း Poverty Probability Index ၊ PPI ကို အသုံးပြုခြင်းမှ တဆင့်တိုင်းတာသည့်) ငွေကြေးဆိုင်ရာ စွမ်းဆောင်နိုင်မှု၊ လက်လှမ်းမီရောက်ရှိခဲ့သည့် ဝန်ဆောင်မှုအသုံးပြုသူ / ရောက်ရှိမှု အကွာအဝေးတို့အား အဓိက ထားသည့် လုပ်ငန်းစံနှုန်းများနှင့် နှိုင်းယှဉ်၍ စွမ်းဆောင်နိုင်မှုများကို တိုင်းတာသည်။ MFI များသည် လုပ်ငန်း ၏ လူမှုဘဝဖွံ့ဖြိုးရေး စွမ်းဆောင်နိုင်မှု စံသတ်မှတ်ချက် အညွှန်း နှင့် အစိုးရ၏ ဝန်ဆောင်မှုအသုံးပြုသူများအား ကာကွယ်စောင့်ရှောက်

၄၂။ https://cerise-spm.org/; www.themix.org/; https://sptf.info/

၄၃။ www.smartcampaign.org

သည့် မူများနှင့် နှိုင်းယှဉ်၍ ဖော်ထုတ်ထားသည့် LIFT ၏ လူမှုဘဝဖွံ့ဖြိုးရေး စွမ်းဆောင်နိုင်မှုအညွှန်းမှ တဆင့် ၎င်းတို့၏ လူမှုဘဝ ဖွံ့ဖြိုးရေး စွမ်းဆောင်နိုင်မှု များအား LIFT ထံသို့ အစီရင်ခံ ပါသည်။

LIFT သည် LIFT ၏ အသေးစား ငွေရေးကြေးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့များအား သူတို့၏ အသေးစားငွေကြေး စီးပွားရေး လုပ်ငန်းများတွင် သူတို့ ပြောကြားထားသည့် လူမှုဘဝဖွံ့ဖြိုးရေး စွမ်းဆောင်နိုင်မှု၏ အတိုင်းအတာကို တိုင်းတာရန် လေ့လာမှု တခု ပြုလုပ် ဆောင်ရွက်ခဲ့ပါသည်။ ထိုစစ်တမ်းတွင် Grassroot Capital[၄၄]မှ အသုံးပြုသည့် လူမှုဘဝဖွံ့ဖြိုးရေး စွမ်း ဆောင်နိုင်မှု အညွှန်း (SPI) ကို တိုင်းတာသော မေးခွန်းများ အား အသုံးပြုခဲ့ပါသည်။ MFI (၁၆) ဖွဲ့အား ကောက်ယူခဲ့သည့် စစ်တမ်းမှ တွေ့ရှိသည်မှာ -

- မိတ်ဖက်များအားလုံးသည် သူတို့၏ အသေးစား ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို လွန်ခဲ့သည့် ၁၂ လ အတွင်းတွင် ကျေးလက်ဒေသများသို့ ချဲ့ထွင်ခဲ့ပြီး ထိုမိတ်ဖက်များထဲမှ ၈၁ ရာခိုင်နှုန်းသည် ယင်းတို့၏ စုစုပေါင်း ချေးငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းကျော်အား ကျေးလက်ဒေသများတွင် ထုတ်ချေး ပေးထားပါသည်။
- MFI များ၏ ၈၈ ရာခိုင်နှုန်းသည် သူတို့ ဝန်ဆောင်မှု အသုံးပြုသူများ၏ ဆင်းရဲနွမ်းပါးမှုအဆင့်ကို တိုင်းတာခဲ့ ပါသည်။
- MFI အားလုံးသည် ဝန်ဆောင်မှုပေးသည့်အချိန်တွင် ပွင့်လင်းမြင်သာမှုရှိပြီး ရှင်းလင်းစွာ ပြဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရာတွင် အနီးကပ် ကြီးကြပ်မှုဖြင့် လိုက်နာဆောင်ရွက်ခဲ့ပါသည်။
- ဝန်ဆောင်မှုများ မပေးအပ်မီ ချေးငွေလျှောက်ထားသည့် အဆိုပြုလွှာများအား သေချာစွာ စီစစ်ခြင်းဖြင့် အကြွေး အလွန်အကျွံတင်နေသည့် ပြဿနာများအား ဖြေရှင်းခဲ့ပါ သည်။ဝန်ဆောင်မှုအသုံးပြုသူ၏ အချက်အလက်များကို ကောင်းမွန်စွာ ကာကွယ်ထားပါသည်။
- ၆၉ရာခိုင်နှုန်းသော MFIများတွင် ခွင့်ပြုထားသည့်အမြင့်ဆုံး အတိုးနှုန်း တစ်လ ၂.၅ရာခိုင်နှုန်းထက်နည်းသည့် ချေးငွေ ဝန်ဆောင်မှု ရှိခဲ့ပါသည်။ (ဥပမာ လူမှုရေး ချေးငွေအား တစ်လလျှင် ၂ ရာခိုင်နှုန်းဖြင့်)
- ၉၄ ရာခိုင်နှုန်းသော MFI များသည် တိုင်ကြားချက်များကို ကောက်ယူရန်နှင့် စုံစမ်းစစ်ဆေးရန်အတွက် လူသိများပြီးဖြစ်သည့် ဝန်ဆောင်မှုအသုံးပြုသူများ၏ စွပ်စွဲတိုင်တန်းချက်ကို ဖော်ထုတ်စစ်ဆေးရေး အရာရှိ ခန့်ထားသည့်စနစ် (သို့) အလားတူ စနစ်ကို အကောင်အထည်ဖော်ခဲ့ပါသည်။
- ၈၈ ရာခိုင်နှုန်းသော MFI များသည် လွန်ခဲ့သည့် (၁၂)လအတွင်း၌ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု အသစ်များအား ဖော်ဆောင်ခဲ့ပါသည်။
- LIFT သည် အစိုးရမှ ဒီဇိုင်းနှင့် ထုတ်လုပ်မှုအား တာဝန်ယူခဲ့ပြီး ကျယ်ပြန့်စွာ ဖြန့်ဝေထားပြီးဖြစ်သော “ငွေကို ပညာသားပါပါ စီမံခန့်ခွဲမှု” ဟု အမည်ရသည့် အခြေခံ ငွေကြေးဆိုင်ရာ အသိပညာပေး စာအုပ်ငယ်လေး မှတဆင့် ဝန်ဆောင်မှု အသုံးပြုသူများ၏ ဝန်ဆောင်မှုများအပေါ် နားလည်မှုနှင့် ထိရောက်စွာ အသုံးချခြင်းတို့ တိုးတက်စေရန်အတွက် ငွေကြေးဆိုင်ရာ အသိပညာ ပေးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပေးခဲ့ပါသည်။ ၂၀၁၉ခုနှစ်တွင် အဆိုပါ စာအုပ်ငယ်လေးထဲ၌ ဒီဂျစ်တယ် နှင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ အသိပညာများ ထပ်မံဖြည့်စွက်မည်ဖြစ်ပါသည်။

၄.၂

## ပုဂ္ဂလိက ကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှု

### စိုက်ပျိုးစီးပွားငွေကြေးဆိုင်ရာ အစီအစဉ်

LIFTသည် ၂၀၁၆ ခုနှစ်တွင် ရိုးမဘဏ်နှင့်အတူ စိုက်ပျိုးစီးပွားငွေကြေး အစီအစဉ် (AFP)ဖြင့် ကျေးလက်ဒေသနေ စွန့်ဦးတီထွင် လုပ်ငန်းရှင်များသို့ လယ်ယာသုံး စက်ကိရိယာများအား အရစ်ကျ ငွေချေစနစ်ဖြင့် ဝယ်ယူရာတွင် ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများပေးအပ်ရန် စတင် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် AFP သည် ကျေးလက် ငွေကြေး ဝန်ဆောင်မှုများ ပိုမို ပေးအပ်နိုင်ရန် ချဲ့ထွင်ခဲ့ပါသည်။ စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက်တွင် လုပ်ရှားဆောင်ရွက်နေသူများအတွက် ငွေကြေးဆိုင်ရာ လက်လှမ်းမှီမှုအား တိုးမြှင့်ရန် အာမခံ တန်ဖိုးထက်များသော ချေးငွေ တစ်ခုကို မိတ်ဆက်ပေးခဲ့ပါသည်။ လုပ်ကွက်ငယ်တောင်သူများ ငွေစုဆောင်းလာစေရန် ဈေးကွက်အများအပြားအတွက် ဒီဂျစ်တယ် နည်းပညာဖြင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား ဖော်ဆောင်ခဲ့ပြီး ရိုးမဘဏ်သည် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများကို မြန်မာကျပ်ငွေဖြင့် ချေးငွေများ စတင်ပေးအပ်ခဲ့ပါသည်။၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ဒီဂျစ်တယ်စနစ်ဖြင့် ချေးငွေ လျှောက်လွှာများ လျှောက်ထားမှုကို ခွင့်ပြုသည့် ပထမအဆင့်ဖြစ်သည့် အွန်လိုင်းလျှောက်လွှာစနစ် (Dealer Portal) အား စတင်ဆောင်ရွက်ပါသည်။ ထိုလုပ်ဆောင်မှုသည် ရိုးမဘဏ်ခွဲ နှင့် ဝေးကွာသော ဒေသများရှိ ဘဏ်ဝန်ဆောင်မှုအသုံးပြုသူများထံ ရောက်ရှိမှုကို သိသာထင်ရှားစွာ တိုးချဲ့နိုင်ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် AFPသို့ LIFT ၏ အမေရိကန်ဒေါ်လာ ၁၈ သန်းထည့်ဝင်မှုသည် ရိုးမဘဏ်မှ ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးငွေ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀၁ သန်း (မြန်မာကျပ်ငွေ ၂၆၈ ဘီလီယံ)အား ထုတ်ချေးခဲ့သည့် ရင်းနှီးငွေအဖြစ် အသုံး ပြုခဲ့ပါသည်။ စီမံကိန်းအနေဖြင့် ဤဆန်းသစ်တီထွင်သည့် ချဉ်းကပ်နည်းလမ်းမှတဆင့် ကျေးလက်နေ မိသားစု ၄၅၀,၀၀၀ ထံသို့ ရောက်ရှိခဲ့သည်ဟု ခန့်မှန်းထားပါသည်။

စီမံကိန်းစတင်သည့် ၂၀၁၆ခုနှစ်မှ စတင်၍ အမေရိကန်ဒေါ်လာ ၁၃၈သန်း တန်ဖိုးရှိသည့် စိုက်ပျိုးရေးသုံး စက်ပစ္စည်း အသစ်များအတွက် အသေးစားနှင့် အလတ်စား ကျေးလက် စိုက်ပျိုးစီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်သူများအား ငွေကြေး ပံ့ပိုးပေးခဲ့ပါသည်။ ငွေကြေးပံ့ပိုးမှုအား ပြည်နယ်နှင့် တိုင်းဒေသကြီး (၁၂)ခုရှိ ရိုးမဘဏ်ခွဲ (၄၇)ခုမှ ဆောင်ရွက်ခဲ့သည်။ လယ်ယာသုံးစက်ပစ္စည်းအား အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူမှုအတွက် တိုက်ရိုက်ငွေကြေးပံ့ပိုးခြင်းနှင့် ရလဒ်အနေဖြင့် လယ်ယာသုံး စက်ပစ္စည်းငှားရမ်းသည့် ဝန်ဆောင်မှုများနှင့်အတူ စီမံကိန်းသည် ကျေးလက်မိသားစု ၂၀၀,၀၀၀ ခန့်ထံ ရောက်ရှိခဲ့ သည်ဟု ခန့်မှန်းခဲ့ပါသည်။ ချေးငွေပြန်လည်ပေးဆပ်ရမည့် ပျမ်းမျှအချိန်ကာလမှာ AFP မတိုင်မီက တနှစ်ဖြစ်ပြီး စီမံကိန်းတိုးတက်ခဲ့သည်နှင့်အညီ ၂နှစ်ခွဲထက် ကျော်လွန်ခဲ့ပါသည်။ စိုက်ပျိုးရေးတန်ဖိုးမြှင့် ကွင်းဆက်တွင် လှုပ်ရှားဆောင်ရွက်သူများအတွက် အမေရိကန် ဒေါ်လာ ၈၆ သန်းခန့် ထုတ်ပေးခဲ့ပြီး တဆက်တည်းမှာပင် အသေးစားငွေရေးကြေးရေး လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများအတွက် ၁၀၀ရာခိုင်နှုန်း အာမခံထားရှိရန် မလိုသော ငွေကြေးဝန်ဆောင်မှုများ ဖြစ်လာပါသည်။

၂၀၁၈ ခုနှစ်တွင် စီမံကိန်းမှ အစပျိုးခဲ့သည့် ချေးငွေ ဝန်ဆောင်မှုများအတွက် ရိုးမဘဏ်၏ ရင်းနှီးမတည်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ နီးပါး (မြန်မာကျပ် ၁၄၂ ဘီလီယံ) အား AFP မှ အသုံးပြုခဲ့ပါသည်။

၄၄။ www.microfinancegateway.org/sites/default/files/mfg-en-case-study-social-impact-social-performance-indicators-2009.pdf

| ချေးငွေဝန်ဆောင်မှုများ | ဝန်ဆောင်မှု အသုံးပြုသူ ဦးရေ | စုစုပေါင်း ထုတ်ပေးသည့် ချေးငွေ (ကန်ဒေါ်လာ သန်းပေါင်း ) ၂၀၁၆ ဇန်နဝါရီ -၂၀၁၈ ဒီဇင်ဘာ | သက်ရောက်မှုရှိသည့် ကျေးလက်ဒေသ အိမ်ထောင်စုများ/ တောင်သူဦးရေ | ရိုးမ ဘဏ်ခွဲများ | ရိုးမဘဏ် ခွဲများမှ ဝန်ထမ်းဦးရေ(#) |
|---|---|---|---|---|---|
| AFP အရစ်ကျ ချေးငွေ စနစ်ဖြင့် ဝယ်ခြင်း | 6,503 | 115.09 | 200,000 | 47 | 90 |
| အပေါင်ပစ္စည်းဖြင့် ချေးငှားခြင်း | 4 | 7.79 | 20,330 | 2 | 4 |
| ပြန်လည်ပေးဆပ်ရမည့် ငွေကြေးပံ့ပိုးမှု | 60 | 7.96 | 15,733 | 19 | 38 |
| ရာသီအလိုက်ပိုထုတ် ချေးငွေ | 72 | 9.43 | 14,400 | 6 | 12 |
| MFI သို့ချေးငွေ | 11 | 60.77 | 191,500 | | |
| | 6,677 | 201.05 | 441,963 | 74 | 144 |

▲ ဇယား ၄.၁
AFP၏ဝန်ဆောင်မှုများ၊ ငွေကြေးတန်ဖိုးနှင့် သက်ရောက်မှု(၂၀၁၆၊ ဇန်နဝါရီမှ ၂၀၁၈၊ ဒီဇင်ဘာလအထိ)

၂၀၁၈ ခုနှစ်တွင် (၃)နှစ်တာ စာချုပ်ချုပ်ဆိုခဲ့သည့် AFP အား ၂၀၁၉ ခုနှစ် ဒီဇင်ဘာအထိ သက်တမ်းတိုးခဲ့ပါသည်။ AFP သည် LIFT မှ ပံ့ပိုးပေးသည့် စွန့်စားရနိုင်ချေများအတွက် တစ်ပိုင်းတစ်စ အာမခံ ရန်ပုံငွေ (Partial Risk Guarantee-PRGs) မှတဆင့် ရိုးမဘဏ်၏ အကောင်အထည်ဖော်မှုကို ဆက်လက်လုပ်ဆောင်ရန် အထောက်အကူပေးပါသည်။ AFP ၏ စီမံချက်သက်တမ်း ကျော်လွန်သည့် အချိန်တွင် PRG ရန်ပုံငွေ၏ သဘောသဘာဝအရ လုပ်ငန်း ဆက်လက်ရှင်သန်နေစေရန် အာမခံချက်ပေးထားခြင်း အားဖြင့် မြန်မာ့ ကျေးလက်လူထုထံ ပေးအပ်သည့် ငွေကြေးဝန်ဆောင်မှုများအား ချဲ့ထွင်ရန်အတွက် ဆက်လက်ပံ့ပိုးပေးမည် ဖြစ်ပါသည်။

AFP ၏ လယ်ယာသုံး စက်ပစ္စည်းနှင့် စက်ကိရိယာများအား အရစ်ကျငွေချေ စနစ်ဖြင့် ဝယ်ယူမှုအတွက် ငွေကြေး ပံ့ပိုးမှု

AFP အစီအစဉ်မှတဆင့် စက်ပစ္စည်းများရောင်းချသည့် ကိုယ်စားလှယ်များသည် ကျေးလက်ဒေသများရှိ စိုက်ပျိုးစီးပွားလုပ်ငန်း ပိုင်ရှင်များအား လယ်ယာသုံး စက်ပစ္စည်းနှင့် ကိရိယာများအတွက် အရစ်ကျစနစ်ဖြင့် ဝယ်ယူရာတွင် ငွေကြေးပံ့ပိုးမှုကို ပေးအပ်သည့် ရိုးမဘဏ်၏ ဝန်ဆောင်မှုများအား အသုံးပြုရန်အတွက် အကြံပြုလမ်းညွှန်ပေးခဲ့ပါသည်။ ကမ်းလှမ်းခဲ့သည့် စည်းကမ်းချက်များသည် ယခင်ဈေးကွက်အတွင်း ရရှိနေသည်များထက် ပိုမို၍ အထောက်အပံ့ ဖြစ်စေပါသည်။ AFP မတိုင်မီက ဝန်ဆောင်မှုအသုံးပြုသူများသည် ၃၀ ရာခိုင်နှုန်းအားလက်ငင်းငွေပေးချေရန် လိုအပ်ခဲ့ပါသည်။ AFP အကောင်ထည်ဖော်သည့် အခါတွင် လက်ငင်း ငွေပေး ချေရမှုမှာ တဖြည်းဖြည်းချင်း လျော့နည်းလာခဲ့ပါသည်။ ၂၀၁၆ ခုနှစ်တွင် ၂၁ ရာခိုင်နှုန်း၊ ၂၀၁၇တွင် ၁၄ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ၁၃ ရာခိုင်နှုန်းသို့ အသီးသီး လျော့ကျလာခဲ့ပါသည်။ အစီအစဉ် မစတင်မီက ဝန်ဆောင်မှုအသုံးပြုသူများသည် ချေးငွေအား ၁၂ လအတွင်း ပြန်ဆပ်ခဲ့ရသော်လည်း၊ အစီအစဉ်စတင်သည့်အချိန်မှစ၍ ချေးငွေပြန်လည်ပေးဆပ်ရန် (၃)နှစ် အချိန်ရရှိပါသည်။ ပြန်လည်ပေးဆပ်မှုများအား စီးပွားရေးလုပ်ငန်းများ၏ ရာသီအလိုက် ငွေကြေးလည်ပတ်မှုများနှင့်အညီ တနှစ်လျှင်(၂)ကြိမ်ပေးဆပ်နိုင်ပါသည်။ ယခင်ကလစဉ် ပုံမှန် ပြန်ပေးဆပ်ရပါသည်။ AFP တွင် ကျေးလက် စွန့်ဦးတီထွင်သူများသည် အရည်အသွေးပိုမိုမြင့်မားပြီး ပိုမိုအားကောင်းသည့် စက်ပစ္စည်းနှင့် ကိရိယာများအား ဝယ်ယူလာနိုင်ပြီး၊ စက်ပစ္စည်းများ ငှားရမ်းသည့် ဝန်ဆောင်မှု လုပ်ငန်းလည်း တည်ထောင်ခြင်းဖြင့် ဝယ်ယူရန်အဆင်သင့် မဖြစ်သေးသည့် လုပ်ကွက်ငယ် တောင်သူများ အနေဖြင့် စက်မှုလယ်ယာမှ အကျိုးကျေးဇူး ရရှိနိုင်ကာ စိုက်ပျိုးထုတ် လုပ်မှုစွမ်းရည်လည်း တိုးတက်လာမည်ဖြစ်ပါသည်။ AFP တွင် ပါဝင်သည့် ရန်ကုန်၊ မန္တလေး၊ ဧရာဝတီ၊ မကွေးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးရှိ အသေးစားနှင့် အလတ်စား စိုက်ပျိုး စီးပွားရေးလုပ်ငန်းများသည် သီးနှံအမျိုးမျိုး စိုက်ပျိုးရန် မြေပြုပြင်ခြင်းနှင့် ရိတ်သိမ်းခြင်းတို့အတွက် ရာသီအလိုက် လိုအပ်ချက်များအရ ၎င်းတို့၏ စက်ကိရိယာများကို အငှားဝန်ဆောင်မှုများ နိုင်ငံတဝှမ်းတွင် ပေးအပ်လျက်ရှိပါသည်။

အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူသည့် ချေးငွေများ ပြန်လည် မပေးဆပ်နိုင်သည့်အခါ ဆုံးရှုံးနိုင်ချေရှိမှုကို လျော့ချရန်နှင့် ပုဂ္ဂလိကကဏ္ဍမှ အရင်းအနှီးချေးငွေအတွက် အသုံးပြုနိုင်ရန် အမေရိကန်ဒေါ်လာ (၉)သန်းအား စွန့်စားရနိုင်ချေများ အတွက် တစ်ပိုင်းတစ်စ အာမခံမှုပေးသည့် ရန်ပုံငွေအဖြစ် ရိုးမဘဏ်အား ပေးအပ်ခဲ့ပါသည်။ ထို့အပြင် ဆုံးရှုံးနိုင်ချေ မြင့်မားသည့် ကဏ္ဍများသို့ ငွေထုတ်ချေးရာတွင် ပိုမို ကောင်းမွန်သည့် စည်းကမ်း သတ်မှတ်ချက်များနှင့် ချေးငှား နိုင်ရန်အတွက် ရိုးမဘဏ်မှ ဘဏ်ရုံးခွဲကွန်ရက်၊ အရည်အချင်း ပြည့်မီသည့် ဝန်ထမ်းများနှင့် ဘဏ်၏ ကုန်အမှတ်တံဆိပ်တို့ဖြင့်လည်း ပါဝင်ပါသည်။

၂၀၁၈ ခုနှစ်ကုန်အထိ AFP ၏ အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူသည့်အစီအစဉ် ၃နှစ်ကျော်ကာလရလဒ်မှာ အထင်ကြီးလေးစားဖွယ်ရာ ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ (၁၁၅)သန်း မြန်မာကျပ် ၁၅၃ ဘီလီယံ ငွေကြေးပံ့ပိုးမှုမှ အမေရိကန်ဒေါ်လာ (၁၃၈)သန်း မြန်မာကျပ်၁၈၃ ဘီလီယံ တန်ဖိုးရှိသည့် စိုက်ပျိုးရေးသုံးစက်ပစ္စည်းနှင့် ကိရိယာများအား ကျေးလက်ဒေသရှိ စွန့်ဦး တီထွင်သူ/ ကျေးလက် စိုက်ပျိုးစီးပွား လုပ်ငန်းရှင်၆,၅၀၃ ဦး တို့မှ ဝယ်ယူနိုင်ခဲ့သည့် ရလဒ်ကို ရရှိခဲ့ပါသည်။ လက်ငင်းငွေပေးချေရသည့် ပမာဏကို လျှော့ချပေးခဲ့ခြင်းနှင့် ချေးငွေသက်တမ်း တိုးမြှင့်ပေးခဲ့ခြင်းတို့သည် ကျေးလက်စိုက် ပျိုးစီးပွားရေးလုပ်ငန်းများအား အရည်အသွေးပိုကောင်းပြီး၊ စွမ်းအားပိုမြင့်သည့် စက်ပစ္စည်းနှင့် ကိရိယာများ ဝယ်ယူနိုင်ရန်အတွက် အထောက်အကူများ ဖြစ်ထွန်း စေခဲ့သည်။

ငွေကြေးပံ့ပိုးပေးခဲ့သော စက်ပစ္စည်းများတွင် လေးဘီး ထွန်စက် (4WT) ၄,၀၀၂ စီး၊ ရိတ်သိမ်းခြွေလှေ့စက် (ရိတ်သိမ်းခြင်းနှင့် ခြွေလှေ့ခြင်း) ၉၅၄ လုံး၊ လက်တွန်းထွန်စက် (2WTs) ၂၇၂ စီး၊ ရိတ်သိမ်းစက် (၁၃)လုံး ၊ လယ်ယာစိုက်ပျိုးရေးသုံး သယ်ယူ ပို့ဆောင်ရေးယာဉ် ၁,၂၈၉ စီး တို့ ပါဝင်ပါသည်။ ရိုးမဘဏ်၏ အချက်အလက်များအရ၊ စိုက်ပျိုးရေးသုံး စက်ပစ္စည်းများနှင့် ကိရိယာများအား အရစ်ကျငွေချေစနစ်ဖြင့် ရယူခဲ့သည့် ၁၈ ရာခိုင်နှုန်းသော စိုက်ပျိုးစီးပွား လုပ်ငန်းများတွင် အမျိုးသမီးများသည် ငွေကြေးကိစ္စများရပ်များတွင် ဦးဆောင်သူများဖြစ်ကြပါသည်။ သို့သော်လည်း အမျိုးသမီးများသည် အခြေခံပစ္စည်း ပိုင်ဆိုင်မှု၊ စိုက်ပျိုးရေးသုံး စက်ကိရိယာများအတွက် ချေးငွေ အပေါ်ထိန်းချုပ်မှု ရရှိခဲ့သော်လည်း ပိုင်ဆိုင်မှုအတွက် စာရင်းပေးသွင်းရာတွင် အမျိုးသားအမည်ဖြင့် ပြောင်းလဲစာရင်းသွင်းပါသည်။ ထို့ကြောင့် အမျိုးသမီးများ၏

အမည်ဖြင့် စာရင်းသွင်းမှုအား ချေးငွေယူသူများ ၏(၇) ရာခိုင်နှုန်းသာ ပြုလုပ်ပါသည်။

၂၀၁၈ ခုနှစ်တွင် ကျေးလက် စိုက်ပျိုးစီးပွားရေး လုပ်ငန်းများ/ကျေးလက်စွန့်ဦး တီထွင်သူ ၁,၄၀၃ ဖွဲ့ / ဦးမှ အမေရိကန်ဒေါ်လာ ၃၃ သန်း တန်ဖိုးရှိသည့် စက်ကိရိယာများအား ဝယ်ယူခဲ့ပါသည်။ လယ်ယာသုံးစက်ကိရိယာအရောင်းတွင် လေးဘီးမောင်း ထွန်စက် ၁,၄၀၅စီး၊ ၂ဘီးသုံး လက်တွန်းထွန်စက် ၁၉စီး၊ ၂မျိုးသုံး ရိတ်သိမ်းချွေလှေ့စက် (၂၇၆)လုံးနှင့် သယ်ယူပို့ဆောင်ရေးယာဉ် ၆၃ စီး တို့ ပါဝင်ပါသည်။ ၂၀၁၈ခုနှစ်အတွင်း ဤချေးငွေများအတွက် လက်ငင်း ငွေပေးချေရသည်မှာ ပျမ်းမျှ ၁၃ရာခိုင်နှုန်းဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် ချေးငွေ၏ သက်တမ်းအား ၂.၅ နှစ်မှ ၂.၇၅ နှစ်အထိ တိုးမြှင့်ပေးခဲ့ပါသည်။ ငွေကြေးပံ့ပိုးမှု ကာလတိုးမြှင့်ပေးခြင်းကြောင့် လယ်သမားများအတွက် ပိုမို ဆွဲဆောင်မှုရှိလာသည့်အပြင်၊ ဤပိုမို ပျော့ပြောင်းသည့် အကြွေးစနစ် ပုံစံကြောင့် စက်ပစ္စည်း ရောင်းချသည့် ကိုယ်စားလှယ်များအနေဖြင့် ပို၍ အဆင်ပြေလာကြောင်းကို ငွေကြေးပံ့ပိုးမှုတွင် ဖြစ်ထွန်းလာခြင်းမှ ပြသလျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်တွင် AFP ၏ အရစ်ကျပြန်ဆပ်သည့် စနစ်ဖြင့် ဝယ်ယူခြင်းအား ငွေကြေး ပံ့ပိုးပေးမှုသည် ကျေးလက် အိမ်ထောင်စု ၃,၅၀၀စုတို့အတွက် အကျိုးရှိစေခဲ့ပါသည်။

၂၀၁၈ခုနှစ်အတွင်းတွင် AFP ၏ အရစ်ကျစနစ်ဖြင့် ဝယ်ယူသည့် အစီအစဉ်၏ ဖွံ့ဖြိုးမှု နှောင့်နှေးလာခြင်းသည် အိန္ဒိယနိုင်ငံသို့ ရောင်းချသည့် ပဲမျိုးစုံ၏ ဈေးနှုန်းနှင့်အရောင်း နှစ်မျိုးလုံး ကျဆင်းခြင်း၊ အခြားဘဏ်များနှင့် စက်ပစ္စည်း ရောင်းချသည့် ကိုယ်စားလှယ်များ၏ စည်းကမ်းချက်များ ဈေးကွက်အတွင်း ပိုမို ယှဉ်ပြိုင်နိုင်လာခြင်းနှင့် ဂျပန် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency) မှ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့်အတူ အရစ်ကျ ငွေချေးစနစ်ဖြင့် ဝယ်ယူခြင်း အစီအစဉ်အတွက် ငွေကြေး ထောက်ပံ့မှုအပေါ် ရန်ပုံငွေ ရင်းနှီးမြှုပ်နှံခဲ့ခြင်း တို့ကြောင့်ဟု မှတ်ယူရပါသည်။ ၂၀၁၈ ခုနှစ်တွင် AFP ၏ အရစ်ကျ ငွေချေးစနစ်ဖြင့် ဝယ်ယူခြင်း အစီအစဉ်အတွက် ငွေကြေးပံ့ပိုးမှုအား တောင်တန်းဒေသတွင် ရှမ်းပြည်နယ်နှင့် ရခိုင်နှင့် တနင်္သာရီ ကမ်းရိုးတန်း ဒေသသို့ တိုးချဲ့ခဲ့ပါသည်။

AFP အစီအစဉ်တွင် အရည်အချင်းပြည့်မီသည့် စက်ပစ္စည်း ကိရိယာများ ရောင်းချသူ ကိုယ်စားလှယ် အရေအတွက်မှာ ၂၀၁၆ ခုနှစ်တွင် ၁၁ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၁၇ ဦး ရှိရာမှ ၂၀၁၈ ခုနှစ်တွင် ၁၈ ဦးထိ တိုးတက်လာခဲ့ပါသည်။ စီမံချက်၏ သက်တမ်း တလျှောက်လုံးတွင် အရောင်းကိုယ်စားလှယ် အမျိုးမျိုးတို့သည် စီမံကိန်းအစီအစဉ်၏ အဆင့်အမျိုးမျိုး၌ ပိုမို ရောင်းချနိုင်ရန် ကြိုးစားအားထုတ်ခဲ့ကြပါသည်။ စီမံချက်အဆင့် (၁)နှင့် (၂)၏ အရောင်းကိုယ်စားလှယ်များ ကမ်းလှမ်းခဲ့သော မျှတသည့် ကုန်ပစ္စည်း အမျိုးအစား အစုံနှင့် ကျယ်ပြန့်သည့် အရည်အသွေးမြှင့် ကုန်အမှတ် တံဆိပ်မျိုးစုံတို့နှင့်အတူ ရိုးမဘဏ်သည် ၎င်း၏AFP အရစ်ကျစနစ်ဖြင့် ဝယ်ယူခြင်း စာရင်းဇယားအား အကောင်းဆုံး အသုံးပြုပြီး၊၂၀၁၈ ခုနှစ်အလွန် ကာလများတွင် ပိုမိုကောင်းမွန်စွာ ချဲ့ထွင်ရန်အတွက် စဉ်းစားလျက်ရှိပါသည်။ AFP ၏ အရစ်ကျငွေချေးစနစ်ဖြင့် ဝယ်ယူခြင်းအစီအစဉ် အတွက် ဝန်ဆောင်မှု ပေးအပ်သည့် ရိုးမဘဏ်၏ ဘဏ်ခွဲ အရေအတွက်မှာ ၂၀၁၆ ခုနှစ်တွင် (၂၈) ခု၊ ၂၀၁၇ ခုနှစ်တွင် ဘဏ်ခွဲ အခု (၄၀)နှင့် ၂၀၁၈ ခုနှစ်တွင် (၄၇)ခု တို့ ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် AFP ၏ဝန်ဆောင်မှု အသုံးပြုသူ စိုက်ပျိုးစီးပွားလုပ်ငန်း ၂,၆၃၇ ခု သည် ပြန်ဆပ်ရမည့်ငွေ အပြည့်ပြန်ဆပ်ခဲ့ပြီး ဖြစ်ပါသည်။ ပြန်လည်ပေးဆပ်ရမည့် ကာလကျော်လွန်နေသည့် ငွေစာရင်းများမှာ ရင်းနှီးမြှုပ်နှံထားသည့် ပမာဏ ၏ ၁၂ ရာခိုင်နှုန်းအား ကိုယ်စားပြုပြီး ရရန်ကျန်ရှိသည့် ပမာဏမှာ အမေရိကန်ဒေါ်လာ (၅၁)သန်း မြန်မာကျပ် ၆၉ ဘီလီယံ ဖြစ်ပါသည်။ ငွေချေးမှု ပုံစံအသစ်အား မြှင့်တင်ရန်အတွက် ၂၀၁၈ ခုနှစ် နှစ်ကုန်တွင် LIFT

| နှစ် | ဝယ်ယူသူ အရေအတွက် | အရစ်ကျ ငွေချေ စနစ်ဖြင့် ဝယ်ယူသည့် ချေးငွေပမာဏ (ကန်ဒေါ်လာ သန်းပေါင်း ) | ပစ္စည်းတန်ဖိုး (ကန် ဒေါ်လာ သန်းပေါင်း) | ငွေအပြည့် ပေးချေပြီး ဝယ်သူများ | ပြန်လည် ပေးဆပ်ငွေ (ကန်ဒေါ်လာ သန်းပေါင်း) | ပေးရန် ကျန်သေးသည့် ဝယ်သူများ | ပေးရန်ကျန်ရှိနေသည့် အရစ်ကျ ငွေချေစနစ်ဖြင့် ဝယ်ယူသည့် ပမာဏ (ကန်ဒေါ်လာ သန်းပေါင်း) |
|---|---|---|---|---|---|---|---|
| ၂၀၁၆ | 2,974 | 44 | 56 | - | 4 | 2,974 | |
| ၂၀၁၇ | 2,153 | 43 | 50 | 257 | 24 | 1,896 | |
| ၂၀၁၈ | 1,403 | 28 | 33 | 2,380 | 34 | (977) | 54 |
| | 6,530 | 115 | 138 | 2,637 | 61 | 3,893 | 54 |

▲ ဇယား ၄.၂
AFP ၏ အရစ်ကျစနစ်ဖြင့်ဝယ်ယူခြင်းအတွက် ငွေကြေးပံ့ပိုးမှု (၂၀၁၆ ဇန်နဝါရီမှ- ၂၀၁၈ ဒီဇင်ဘာ)




▲ ပုံ ၄.၃
AFP မှ ငွေကြေးပံ့ပိုးမှုပေးခဲ့သည့် စက်ပစ္စည်းအမျိုးအစားနှင့် အရေအတွက် (၂၀၁၆ ဇန်နဝါရီလ မှ ၂၀၁၈ ဒီဇင်ဘာလအထိ)

| အခြေအနေ | ဝန်ဆောင်မှု ရယူသူ အရေအတွက် | ရရန်ကျန်ရှိသည့် ငွေပမာဏ (ကန်ဒေါ်လာ သန်းပေါင်း) | ရင်းနှီးမြှုပ်နှံမှု၏ % |
|---|---|---|---|
| ၀ ရက် | 5,740 | 46.63 | 91% |
| ၁ ရက် မှ ရက် ၃၀ | 200 | 1.87 | 4% |
| ၃၁ ရက် မှ ရက် ၆၀ | 143 | 1.30 | 3% |
| ၆၁ ရက် မှ ရက် ၉၀ | 93 | 0.80 | 2% |
| ၉၁ ရက် မှ ရက် ၁၈၀ | 47 | 0.25 | 0% |
| ၁၈၁ ရက် နှင့် အထက် | 307 | 0.31 | 1% |
| | 6,530 | 51.17 | 100% |

▲ ဇယား ၄.၃
AFP အငှားအဝယ်စနစ်
ရင်းနှီးမြှုပ်နှံမှု၏ စွန့်စားရနိုင်ချေ




▲ ပုံ ၄.၄
ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ငွေကြေးပံ့ပိုးပေးခဲ့သည့် စက်ပစ္စည်းများ (ဇန်နဝါရီ ၂၀၁၆ - ဒီဇင်ဘာ ၂၀၁၈)

သည် AFP အတွက် ပေးအပ် ထားသည့် စွန့်စားရနိုင်ချေများအတွက် တစ်ပိုင်းတစ်စ အာမခံ ရန်ပုံငွေ မှ အမေရိကန် ဒေါ်လာ (၁.၄) သန်း မြန်မာကျပ် ၂ဘီလီယံကို တစိတ်တဒေသ ကျခံပေးသည့်အနေဖြင့် စာရင်းမှ ပယ်ဖျက်ပေးခဲ့ပါသည်။ တဖက်စာမျက်နှာတွင် ဖော်ပြထားသည့် ဇယား ၄.၃တွင် အချိန်တခုတွင် ပြန်လည်ပေးဆပ်ရမည့် ကာလကျော်လွန်သွားသည့် (သို့) ပြန်လည် မပေးဆပ်နိုင်သည့် ငွေစာရင်းများ ဖြစ်ပါသည်။ သို့သော်လည်း စွန့်စားရနိုင်ချေများအတွက် တစ်ပိုင်းတစ်စ အာမခံ ရန်ပုံငွေကြားခံ၍ ထည့်သွင်းပေးထားသည့် အမေရိကန်ဒေါ်လာ ၁.၄ သန်း အပါအဝင် ငွေစာရင်းများအား အသစ်တဖန် ပြန်လည် စတင်ခဲ့ပြီး ဖြစ်ပါသည်။

ချေးငွေစာရင်း၏ စွမ်းဆောင်ရည်မှာ အရောင်းကိုယ်စားလှယ်များ၏ (၁) အလားအလာရှိသည့် ချေးငွေရယူသူများအား စိစစ်ခြင်း (၂) အရစ်ကျ ဆပ်ငွေအား အချိန်မှီ ကောက်ခံခြင်း (အချို့အရောင်းကိုယ်စားလှယ်များသည် ချေးငွေအတွက် ပြန်လည်ပေးဆပ်သည်များကို ဘဏ်ကိုယ်စား ကောက်ခံပါသည်) (၃) အကယ်၍ ဝန်ဆောင်မှုအသုံးပြုသူမှ ချေးငွေအား ပြန်မဆပ်နိုင်သည့်အခါ အကြွေးအတွက် အာမခံမှုအား ဖြည့်ဆည်းပေးခြင်း စသည့် စွမ်းရည်တို့ အပေါ်တွင် များစွာမူတည်နေပါသည်။ ၂၀၁၇ခုနှစ်တွင်စက်ပစ္စည်းကိရိယာအရောင်းကိုယ်စားလှယ်တစ်ဦးသည် ချေးငှားထားသည့် ငွေစာရင်းများ အားလုံးပေးရန် ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိခဲ့ပြီး၊ စီးပွားရေးအရဆက်ဆံဆောင်ရွက်နေမှုကို အဆုံးသတ်ခဲ့ပါသည်။ အဆိုပါအရောင်းကိုယ်စားလှယ်တစ်ဦး၏ ဖောက်ဖျက်မှုကြောင့် စီမံကိန်းအတွက် ပြန်လည် မပေးဆပ်သည့် ကိန်းဂဏန်းများ ပိုမိုမြင့်တက်သွားခဲ့သည်။ ရိုးမဘဏ်သည် တရားမဝင်ရယူသွားသည့် ရန်ပုံငွေများအား ပြန်လည်ရရှိအောင် လုပ်ဆောင်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် အမြင့်ဆုံးဖြစ်သည့် မြန်မာကျပ် ၁၉ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄သန်း) မှ ၂၀၁၈ ခုနှစ် စာရင်းပိတ်ချိန်တွင် မြန်မာကျပ် (၁) ဘီလီယံ (အမေရိကန်ဒေါ်လာ ၇ သိန်းနှင့် ၇ ထောင်) ထက် လျော့နည်းသည်အထိ ကျဆင်းသွားခဲ့ခြင်းကြောင့် စီမံကိန်းတွင် ဆုံးရှုံးသွားသည်များကို အောင်မြင်စွာ ပြန်လည် ရယူနိုင်ခဲ့ပါသည်။ ဤကိန်းဂဏန်းသည် အမှန်တကယ် ပြန်လည်ပေးဆပ်ရမည့်အချိန်ကို ကျော်လွန်သွားသည့် ငွေစာရင်းများ ဖြစ်သဖြင့် စွန့်စားရနိုင်ချေများအတွက် တစ်ပိုင်းတစ်စ အာမခံ ရန်ပုံငွေ အမြင့်ဆုံးသတ်မှတ်ချက် မြန်မာကျပ်ငွေ ၂ ဘီလီယံ တွင် လျှော့ချထားခဲ့ပြီး ဖြစ်ပါသည်။ အကယ်၍ မရိုးသားသည့် အရောင်းကိုယ်စားလှယ်၏ ဝန်ဆောင်မှုအသုံးပြုသူများထံမှ ပြန်လည်ပေးဆပ်သည့်ငွေများ ထပ်မံဝင်ရောက်လာပါက စွန့်စားရနိုင်ချေများအတွက် တစ်ပိုင်းတစ်စ အာမခံ ရန်ပုံငွေတွင် အတိတ်က ဖြစ်ပျက်ခဲ့သည့်အနေဖြင့် နောက်ကြောင်းပြန် ပြန်လည် ဖြည့်ဆည်းပေးသွားမည် ဖြစ်ပါသည်။

နောက်ကျမှ ပြန်လည် ပေးဆပ်မှုများအတွက် အကြောင်းရင်းများမှာ အမျိုးမျိုး ကွဲပြားခြားနားပါသည်။ စိုက်ပျိုးရေးတွင် ထုတ်လုပ်သူ၏ ငွေကြေးလည်ပတ်မှုကို သက်ရောက်စေသော များပြားလှသည့် အမျိုးမျိုးသော အကြောင်းရင်းခံများတွင် ရာသီဥတု ပြောင်းလဲမှုပုံစံများမှ မတည်ငြိမ်သည့် ကုန်ပစ္စည်း ဈေးနှုန်းများအထိ ပါဝင်ပါသည်။ စက်မှုလယ်ယာ သွင်းအားစုများ တိုးတက်များပြားလာသည်နှင့်အမျှ စက်ပစ္စည်း ငှားရမ်းခများ ကျဆင်းသွားမည်ဖြစ်ပြီး စက်ကိရိယာ ငှားရမ်းသည့် လုပ်ကွက်ငယ်တောင်သူများအတွက်မူ အလွန်ကောင်းပါသည်။ သို့သော်လည်း ၎င်းသည် စက်ကိရိယာပိုင်ရှင်များအတွက်မူ အကြွေးပြန်ဆပ်ရန်အတွက် မူတည်နေသည့် ငွေကြေးလည်ပတ်မှုအပေါ် သက်ရောက်မှုရှိစေပါသည်။ ရိုးမဘဏ်သည် အငှားလုပ်ငန်းမှ ရရှိသည့် ဝင်ငွေနှင့် ကိုယ်တိုင်ရှာဖွေသည့်ဝင်ငွေ (ဥပမာ ၎င်းတို့၏ ကိုယ်ပိုင်လယ်ယာလုပ်ငန်းများမှ) အကြား မျှော်မှန်းထားသည့် ငွေကြေး လည်ပတ်မှုကို ခွဲခြားသိမြင်စေသည့် စိုက်ပျိုးစီးပွားလုပ်ငန်းများအတွက် ရမှတ်များကို မှတ်သားထားသည့်

စနစ်ကို ဖော်ဆောင်ခြင်းခြင့် ၎င်းစွန့်စားရနိုင်ချေကို စတင်ကိုင်တွယ် ဖြေရှင်းဆောင်ရွက်နေပါသည်။

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ပထမအဆင့်အနေဖြင့် ကျေးလက်စွန့်ဦး တီထွင်သူများမှ ဒီဂျစ်တယ် ပလက်ဖောင်းကိုအသုံးပြု၍ ချေးငွေ လျှောက်ထားနိုင်သည့် အရောင်းကိုယ်စားလှယ် အွန်လိုင်းလျှောက်လွှာစနစ် (Dealer Portal) ကို စတင်ခဲ့ပါသည်။AFP အရောင်းကိုယ်စားလှယ် ၁၈ ဦးအနက်မှ ၁၃ဦးသည် ဤအွန်လိုင်းလျှောက်လွှာစနစ်တွင် ပါဝင်လုပ်ဆောင်ခဲ့ပါသည်။ဝန်ဆောင်မှု အသုံးပြုသူများသည် ငွေစာရင်းများ ဖွင့်နိုင်ပြီး ဘဏ်ခွဲများသို့ ကိုယ်တိုင်သွားရောက်ရန် မလိုပဲ အရောင်းကိုယ်စားလှယ်များထံ ကနဦး လက်ငင်း ငွေပေးချေမှုများ တိုက်ရိုက် ပြုလုပ်နိုင်ပါသည်။ အချို့တောင်သူများအတွက် ဘဏ်ခွဲများသို့ သွားရောက်ရသည့် ခရီးမှာ ၅ နာရီခန့်အထိ အချိန်ပေးရပါသည်။ ကျေးလက်စွန့်ဦးတီထွင် လုပ်ငန်းရှင်များသည် ချေးငွေများအား ၎င်းတို့၏ လုပ်ငန်းခွင်မှပင် လျှောက်ထားနိုင်ပါသည်။ လယ်ထွန်စက်သရုပ်ပြပွဲများ ကျင်းပနေသည့်အခါ စက်ပစ္စည်းအရောင်းကိုယ်စားလှယ်များသည် ရိုးမဘဏ်မှ ပေးအပ်ထားသည့် တက်ဘလက် ကွန်ပျူတာများကို ယူဆောင်လာပါသည်။ အင်တာနက် ချိတ်ဆက်မှုမရှိသည့်အချိန်တွင် အပလီကေးရှင်းမှ သိမ်းဆည်းထားပြီး၊ အရောင်းကိုယ်စားလှယ်မှ အင်တာနက် ချိတ်ဆက်မှု ရရှိသည့်အချိန်တွင် အချက်အလက်များအား ပေးပို့နိုင်ပါသည်။

LIFT ၏ AFP စီမံချက်အား အကဲဖြတ် ဆန်းစစ်ခြင်းကို ၂၀၁၉ ခုနှစ် ဒုတိယ သုံးလပတ်တွင် ပြုလုပ်သွားပါမည်။

အာမခံမထားသော/ အာမခံထက် ချေးငွေတန်ဖိုးမြင့်သော ချေးငွေများ

၂၀၁၇ ခုနှစ် ဒုတိယနှစ်ဝက်တွင် ရိုးမဘဏ်၏ စိုက်ပျိုးစီးပွားငွေကြေး ပံ့ပိုးမှုအစီအစဉ်သည်ငွေချေးသည့် ဝန်ဆောင်မှုအသစ် (၄)မျိုးဖြစ်သည့် ရရန်ရှိသည်များအတွက် လျှော့ပေးသည့် ငွေကြေးပံ့ပိုးမှု၊ ပေးရန်ရှိသည်များအတွက် ငွေကြေး ပံ့ပိုးမှု၊ ရာသီအလိုက် ငွေပိုထုတ်ပေးခြင်းနှင့် အသေးစား ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းများမှ ချေးငွေများအတွက် ပြန်လည် ထုတ်ချေးသော ရာနှုန်းပြည့် အာမခံပေးစရာမလိုသော (၃)နှစ် တာကာလအတွက် ချေးငွေထုတ်ပေးခြင်းတို့အား မိတ်ဆက်ခဲ့ပါသည်။ ဤငွေကြေးပံ့ပိုးပေးသည့် ဝန်ဆောင်မှုများမှာ မြန်မာနိုင်ငံဈေးကွက်တွင် အသစ်အဆန်းများဖြစ်ပြီး မြန်မာနိုင်ငံ၏ စိုက်ပျိုးစီးပွားရေးကဏ္ဍတွင် အာမခံမထားသော/ အာမခံထက် ချေးငွေတန်ဖိုးမြင့်သော ချေးငွေများပေးအပ်မှု တိုးမြှင့်ရန်အတွက် ပုံစံ ထုတ်ထားခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ ဘဏ်များ၏ ထုံးစံအတိုင်း ချေးငွေ ဝန်ဆောင်မှုများအတွက် မြေ(သို့) အဆောက်အဦအား အပေါင်ပစ္စည်းအဖြစ် ပေးအပ်ရန် လိုအပ်သောကြောင့် စိုက်ပျိုးစီးပွားလုပ်ငန်းများတွင် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအတွက် ပေးအပ်မှုရော လိုအပ်ချက်ပါ လျော့နည်းစေသည့် ရလဒ်ကို ရရှိပါသည်။

၂၀၁၈ ခုနှစ် အကုန်တွင် AFP သည် အာမခံမထားသော/ အာမခံထက် ချေးငွေတန်ဖိုးမြင့်သော ချေးငွေထုတ်ချေးခြင်းအတွက် အမေရိကန် ဒေါ်လာ (၈၂) သန်းအား ရန်ပုံငွေမှ ထုတ်ပေးခဲ့ပါသည်။ စီမံကိန်းသည် ဤလုပ်ငန်းများအား ရိုးမဘဏ်ခွဲ (၂၇)ခုမှတဆင့် ကျေးလက် မိသားစု ၂၄၀,၀၀၀ စု ထံ ရောက်ရှိစေခဲ့သည်ဟု ခန့်မှန်းပါသည်။

ရရန် အကြွေးလျှော့ စာရင်း။ ။ဤဝန်ဆောင်မှုမှ တန်ဖိုးမြှင့်ကွင်းဆက်တွင်ငွေများထည့်ဝင်ပေးမှုဖြင့် ပံ့ပိုးပေးခြင်းသည် သွင်းအားစု အရောင်းကိုယ်စားလှယ်များအား ပိုမိုများပြားသည့်တောင်သူများထံ အကြွေးစနစ်ဖြင့် ရောင်းချနိုင်ရေးကို ဆောင်ရွက်ပေးနေပါသည်။ ရလဒ်အနေဖြင့် ဈေးကွက်အတွင်းတွင် စိုက်ပျိုးရေး

| ချေးငှားသူ၏ တန်ဖိုးမြှင့် ကွင်းဆက် | ချေးငှားသူ၏ ချေးငွေ ကန့်သတ်ချက် (မြန်မာကျပ်-သန်း) | ကုန်လက်ကျန်/ ရရန်ရှိသည့် တန်ဖိုး (မြန်မာကျပ်-သန်း) | ရရှိရန် ကျန်ရှိနေသည်များ (၃၁.၁၂.၂၀၁၈) (မြန်မာကျပ်-သန်း) | ခန့်မှန်းချေ ရောက်ရှိသည့် တောင်သူ အရေအတွက် |
|---|---|---|---|---|
| ဓာတ်မြေသြဇာနှင့် မျိုးစေ့များ | 1,000 | 1,333 | 1,000 | 550 |
| သြဂဲနစ် ဓာတ်မြေသြဇာ | 500 | 686 | 464 | 580 |
| ဓာတ်မြေသြဇာ | 6,000 | 13,142 | 5,711 | မသိပါ |
| ဓာတ်မြေသြဇာ | 2,000 | 4,282 | 1,932 | 19,200 |
| | 9,500 | 19,443 | 9,106 | 20,330 |

▲ ဇယား ၄.၄
ချေးငှားမှုအပေါ် အခြေခံသည့် ရရန် အကြွေးလျှော့ စာရင်း

| တင်သွင်း ရောင်းချသူများ၏ တန်ဖိုးမြှင့် ကွင်းဆက် | စီမံကိန်း၏ ကန့်သတ်တန်ဖိုး (မြန်မာကျပ်-သန်း) | ခွင့်ပြုထားသည့် အရောင်း ကိုယ်စားလှယ် အရေအတွက် | စုစုပေါင်း ခွင့်ပြုထားသည့် ကန့်သတ်တန်ဖိုး (မြန်မာကျပ်-သန်း) | ရရှိရန် ကျန်ရှိနေသည့် ချေးငွေ အရေအတွက် | စုစုပေါင်း ရရှိရန် ကျန်ရှိနေသည့် တန်ဖိုး (မြန်မာကျပ်-သန်း) |
|---|---|---|---|---|---|
| Animal feed | 6,000 | 13 | 1,970 | 89 | 904 |
| Fertiliser, seeds | 2,000 | 15 | 1,504 | 44 | 1,323 |
| Fertiliser | 1,000 | 4 | 331 | 4 | 28 |
| Fertiliser | 1,000 | 1 | 140 | 9 | 102 |
| | 10,000 | 33 | 3,945 | 146 | 2,357 |

▲ ဇယား ၄.၅
ပထမအဆင့် (တင်သွင်းရောင်းချသူများ၏ တစိတ်တဒေသ အာမခံအပါအဝင်)

| ခွင့်ပြုထားသည့် အရောင်း ကိုယ်စားလှယ် အရေအတွက် | စုစုပေါင်း ခွင့်ပြုထားသည့် ကန့်သတ် တန်ဖိုး (မြန်မာကျပ်-သန်း) | ရရှိရန် ကျန်ရှိနေသည့် ချေးငွေ အရေအတွက် | စုစုပေါင်း ရရှိရန် ကျန်ရှိနေသည့် တန်ဖိုး (မြန်မာကျပ်-သန်း) | ခန့်မှန်းချေ ရောက်ရှိခဲ့သည့် တောင်သူ အရေအတွက် |
|---|---|---|---|---|
| 27 | 3,051 | 125 | 2,019 | 10,429 |

▲ ဇယား ၄.၆
ဒုတိယအဆင့် (တင်သွင်းရောင်းချသူများ၏ တစိတ်တဒေသ အာမခံ ပါဝင်မှုရှိပဲ)

| တင်သွင်းရောင်းချသူ၏ တန်ဖိုးကွင်းဆက် | စီမံကိန်း၏ ကန့်သတ် တန်ဖိုး (မြန်မာကျပ်-သန်း) | ခွင့်ပြုထားသည့် အရောင်း ကိုယ်စားလှယ် အရေအတွက် | စုစုပေါင်း ခွင့်ပြုထားသည့် ကန့်သတ်တန်ဖိုး (မြန်မာကျပ်-သန်း) | ရရှိရန် ကျန်နေသည့် ချေးငွေ အရေအတွက် |
|---|---|---|---|---|
| အောင်ပန်း | 21 | 3,060 | 2,728 | 4,200 |
| ကျောက်မဲ | 24 | 2,103 | 1,972 | 4,800 |
| လားရှိုး ၁ | 6 | 960 | 959 | 1,200 |
| ပြင်ဦးလွင် | 2 | 250 | 67 | 400 |
| တောင်ကြီး ၁ | 17 | 1,895 | 1,693 | 3,400 |
| တောင်ကြီး ၂ | 2 | 300 | 265 | 400 |
| | 72 | 8,568.00 | 7,685 | 14,400 |

▲ ဇယား ၄.၇
တရာသီ ထုတ်ချေးငွေ/ ရာသီအလိုက် ငွေပိုမိုထုတ်ပေးခြင်း

| အစိတ်အပိုင်း | ရည်ရွယ်ချက် | အခြေအနေ |
|---|---|---|
| SMART ငွေစာရင်းကို အဝေးတနေမှ စာရင်းသွင်းခြင်း | ဝန်ဆောင်မှုအသုံးပြုသူများအား ၎င်းတို့၏ မိုဘိုင်းလ်ဖုန်းများ မှတဆင့် ဘဏ်ငွေစာရင်း ဖွင့်ခွင့်ပေးခြင်း | မြန်မာနိုင်ငံ ဗဟိုဘဏ်၏ ခွင့်ပြုမှုရရန် ကျန်ရှိနေပါသည်။ |
| Wave Money ပလက်ဖောင်းနှင့် ပေါင်းစည်း၍ မြှင့်တင်ခြင်း | ရိုးမဘဏ် ဝန်ဆောင်မှု အသုံးပြုသူများအား Wave Money ကိုယ်စားလှယ်များထံ၌ ငွေသွင်း (သို့) ငွေထုတ်ခြင်းအား ခွင့်ပြုရန် | ဥပဒေဆိုင်ရာ အခက်အခဲများအား ဖယ်ရှားပြီးသည့်နောက် စတင်မိတ်ဆက်ရန် အသင့်ရှိနေပါသည်။ |
| Small Credit ချေးငွေ ဝန်ဆောင်မှု (တဦးချင်းပိုင်ဆိုင်မှု ပြစရာ မလိုသည့် ချေးငွေနှင့် ဒီဂျစ်တယ်နည်းပညာဖြင့် လေ့ကျင့်သင်ကြားပေးခြင်း) | ဝန်ဆောင်မှု အသုံးပြုသူများ အနေဖြင့် ၎င်းတို့၏ မိုဘိုင်းဖုန်းပေါ်မှ ကိုယ်ရေး ကိုယ်တာချေးငွေအား တောင်းခံနိုင်ပါသည်။၎င်းတို့၏ စုဆောင်းငွေများနှင့် ငွေသွင်း ငွေထုတ် မှတ်တမ်းများအပေါ် အခြေခံ၍ ခွင့်ပြုခဲ့ပါသည်။<br><br>၎င်းသည် အပြန်အလှန် ဆက်သွယ်နိုင်သည့် လမ်းကြောင်း ဖြစ်ပြီး ရိုးမဘဏ်၏ ဝန်ဆောင်မှု အသုံးပြုသူများအား ငွေကြေးဆိုင်ရာ ပညာပေးခြင်း၊ လေ့ကျင့် သင်ကြားပေးခြင်းနှင့် ဝန်ဆောင်မှု အသုံးပြုသူများမှ မေးခွန်းများ မေးရန်အတွက် လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ | ချေးငွေ စမ်းသပ်မှုကို ၂၀၁၈ ၊ ဇူလိုင်တွင် စမ်းသပ်ခဲ့ပြီး ဒီဇင်ဘာလထိ ချေးငွေ ၂,၅၀၀ ခုအား ရိုးမဘဏ် ဝန်ဆောင်မှုအသုံးပြုသူ ၁,၀၀၀ နီးပါးထံ ထုတ်ပေးခဲ့ပါသည်။ ဇန်နဝါရီ လဆန်းတွင် ရိုးမဘဏ်အား ဤဝန်ဆောင်မှုကို SMART ငွေစာရင်း ရှိသူ ၁၇၅,၀၀၀ ကျော်ထံသို့ ကမ်းလှမ်းရန် ခွင့်ပြုပါသည်။ |

▲ ဇယား ၄.၈
၂၀၁၈ ခုနှစ် ဒီဇင်ဘာလရှိ IDA ၏ အဓိက အစိတ်အပိုင်းများနှင့် အခြေအနေ

သွင်းအားစုများ၏ ရောင်းလိုအား တိုးတက်လာပါသည်။ ရိုးမဘဏ်သည် သွင်းအားစု ပေးသွင်းနေသူများအား သူတို့၏ အရောင်း ကိုယ်စားလှယ်ထံ အကြွေးရောင်းချသည့် ငွေပမာဏ အပေါ် အခြေခံ၍ လုပ်ငန်းလည်ပတ်သည့် အရင်းအနှီးကို ပံ့ပိုးပေးပါသည်။ ၂၀၁၈ ခုနှစ်ကုန်တွင် မြန်မာကျပ် ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇.၄ သန်း) အား ထုတ်ပေးခဲ့ပြီး တောင်သူ ၂၀,၃၃၀ ဦးတို့အတွက် အကျိုး ရှိစေပါသည်။

ကုန်အမှာစိုက်ချေးငွေ။ ။ သွင်းအားစုရောင်းချသူများကို ဦးစားပေးနေခြင်းထက် တန်ဖိုးမြှင့် ကွင်းဆက်၏ အလယ်၌ ရှိနေသည့် အရောင်းကိုယ်စားလှယ်များအား ဘဏ်ဝန်ဆောင်မှု အသုံးပြုသူများဖြစ်လာစေရန် ဤဝန်ဆောင်မှုကို ပုံစံထုတ်ထားခြင်း ဖြစ်ပါသည်။ရေးဆွဲ အရောင်းကိုယ်စားလှယ်များသည်တင်သွင်း ရောင်းချသူများထံမှ ၎င်းတို့ဝယ်ယူသည့် သွင်းအားစုများအတွက် ရိုးမ ဘဏ်မှ ချေးငွေ လျှောက်ထားပါသည်။ ရိုးမဘဏ်သည် တင်သွင်း ရောင်းချသူများကို တိုက်ရိုက်ပေးချေပေးပါသည်။ တင်သွင်းရောင်းချသူများအနေဖြင့် အရောင်း ကိုယ်စားလှယ်များဘက်မှ ၅၀ ရာခိုင်နှုန်းအထိ ချေးငွေ ပေးဆပ်ရန် ပျက်ကွက်နိုင်ချေရှိသည့် အခြေအနေကို လက်ခံပါသည်။ ၂၀၁၈ ခုနှစ် နှစ်ကုန်တွင် မြန်မာကျပ်ငွေ ၁၀.၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈ မီလီယံ) အား ထုတ်ပေးခဲ့ပြီး ခန့်မှန်းချေ တောင်သူ ၁၅,၀၀၀ ကျော် အကျိုးဖြစ်ထွန်းသည်ဟု ခန့်မှန်းခဲ့ ပါသည်။

တရာသီကြို ထုတ်ချေးငွေ ။ ။ ဤချေးငွေသည် အသေးစားနှင့် အလတ်စား ပြောင်းကုန်သည် များအား ၎င်းတို့၏ ရောင်းဝယ်နိုင်စွမ်းကို တိုးမြှင့်ရန်နှင့် ဈေးကွက် တိုးချဲ့ရန်အတွက် ဖြစ်ပါသည်။ ကုန်သည်များသည် ရိတ်သိမ်းချိန်ဖြစ်သည့် နိုဝင်ဘာလတွင် ရိုးမဘဏ်မှ ထုတ်ယူပြီး ပိုမိုထုတ်ယူသည့် ငွေအား ဇူလိုင်လတွင် အပြည့်အဝ ပြန်လည်ပေးဆပ်ရန် လိုအပ်ပါသည်။ ပြီးခဲ့သည့် နှစ်မှ အမြင့်ဆုံး အရောင်းပမာဏအပေါ် မူတည်၍ ငွေကြေး ပံ့ပိုးမှုကို ဆောင်ရွက်ပါသည်။ ၂၀၁၈ ခုနှစ် နှစ်ကုန်တွင် မြန်မာကျပ် ၁၃ ဘီလီယံ (အမေရိကန် ဒေါ်လာ ၉ သန်း) ထုတ်ပေးခဲ့ပြီး ဤချေးငွေအား လက်ခံရရှိခဲ့သည့် ပြောင်းကုန်သည် ၇၂ ဦးနှင့် အရောင်းအဝယ်ကိစ္စ ဆက်ဆံနေသည့် ပြောင်းစိုက် တောင်သူ ခန့်မှန်းချေ ၁၄,၄၀၀ ဦး တို့ အကျိုးခံစားရပါသည်။

MFI များသို့ ငွေချေးခြင်း ။ ။ ဤချေးငွေများအတွက် ပြန်လည် ချေးငှားပေးသည့် ရာနှုန်းပြည့် အာမခံပေးရန်မလိုသော ရန်ပုံငွေ ဝန်ဆောင်မှုသည် နိုင်ငံရပ်ခြား ရန်ပုံငွေအား ဆုံးရှုံးမှုမှ ကာကွယ်ပေးသည်။ AFP သည် ချေးငွေအား ချေးငွေဆိုင်ရာ မူဝါဒ ဒီဖိုင်းရေးဆွဲခြင်းနှင့် မိတ်ဆက်ခြင်း၊ ဥပဒေဆိုင်ရာ အထောက်အထားများ၊ MFI ရမှတ်များ မှတ်သားထားသည့် ကာဒ်ပြား၊ လုပ်ငန်းလည်ပတ်သည့်ပုံစံ၊ ချေးငွေ လျှောက်ထား သည့်ပုံစံ၊ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက် အားလုံးအား စာရင်းစစ်သည့် စံနှုန်းနှင့် လုပ်ငန်းဆောင်ရွက်မှုရှုထောင့်မှ ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ပုံစံတို့ပါဝင်သော ချေးငွေကို ဖော်ဆောင်ခဲ့သည်။ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမေရိကန်ဒေါ်လာ ၅၈ သန်းအား MFI ၁၁ ဖွဲ့အား ထုတ်ပေးခဲ့ပြီး တောင်သူ ၁၉၁,၅၀၀ ဦးထံ အကျိုးရှိစေသည်ဟု ခန့်မှန်းခဲ့ပါသည်။

တဦးချင်း ဖွံ့ဖြိုးရေး ငွေစာရင်း (Individual Development Account, IDA) အစီအစဉ်

ရိုးမဘဏ်၏ပြန်လည်ပြင်ဆင်ထားသော IDAအစီအစဉ်သည် ၂၀၁၈ ခုနှစ်တွင် သက်တမ်းတိုးမြှင့်ထားသည့် AFP ၏ တခုတည်းသော စီမံချက် အစိတ်အပိုင်း ဖြစ်ပါသည်။ ဤအစီအစဉ်သည် ဘဏ်ငွေစာရင်း မရှိသေးသည့် ကျေးလက်နေ ပြည်သူများအား အဓိကထား၍ ဒီဂျစ်တယ် ပလက်ဖောင်းကို အသုံးပြုကာ မြန်မာ့ကျေးလက်ဒေသတွင် ငွေစုဆောင်းသည့် အလေ့အကျင့်များဖြစ်ထွန်းရန်အတွက် ဒီဇိုင်းရေးဆွဲခဲ့ပါသည်။ ဤအစီအစဉ်ဖြင့် ငွေစုနိုင်မည် ဖြစ်သော်လည်း အဓိကအားဖြင့် ငွေချေးခြင်း၊ ငွေစုခြင်းနှင့် ရိုးမဘဏ်၏ SMART အပလီကေးရှင်းအား အသုံးပြု၍ စမတ်တယ်လီဖုန်းမှတဆင့် ငွေပေးငွေယူ ပြုလုပ်ခြင်း အားလုံးကို တစုတစည်းတည်း ပေးအပ်ပါသည်။ ၂၀၁၈ ခုနှစ် တလျှောက်လုံးတွင် ရိုးမဘဏ်သည် သတင်းအချက်အလက် နည်းပညာပလက်ဖောင်း၊ လမ်းကြောင်းများနှင့် ဝန်ဆောင်မှုများကို တည်ဆောက်ပြီး IDA အစီအစဉ်အား စတင် စမ်းသပ်ခဲ့ပါသည်။ ငွေအား Wave Money ၏ ကိုယ်စားလှယ် ၃၈,၀၀၀ ရှိသည့် ကွန်ရက်ကို အသုံးပြု၍ ငွေထုတ်၊ ငွေသွင်းခြင်းများ ပြုလုပ်ပါသည်။ ၂၀၁၈ ခုနှစ်အတွင်းတွင် ရိုးမဘဏ်သည် နည်းပညာနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အခက်အခဲများကို ကျော်ဖြတ်ခဲ့ပြီး IDA အစီအစဉ်အား ၂၀၁၉ နှစ်ဆန်းပိုင်းတွင် စတင် မိတ်ဆက်ရန် အသင့် ဖြစ်နေပါသည်။

မြန်မာ့တောင်သူများနှင့် ဖက်စပ် ဖွဲ့စည်းထားသည့် ပထမမျိုးစေ့ ကုမ္ပဏီ (Myanmar Allied Farmers Seed Company, MAFSCO)

LIFTသည် မြန်မာ့တောင်သူများနှင့် ဖက်စပ် ဖွဲ့စည်းထားသည့် ပထမမျိုးစေ့ ကုမ္ပဏီအား အပူပိုင်းဇုန်တွင် ရန်ပုံငွေ ပံ့ပိုးပေးလျက်ရှိပြီး ဦးစားပေး သီးနှံများ၏ မျိုးစေ့များ၊ အထူးသဖြင့် ပဲမျိုးစုံ၊ ဆီထွက် သီးနှံမျိုးစေ့များနှင့် အခြား လွတ်လပ်စွာ ဝတ်မှုန်ကူးသည့် သီးနှံများအား ထုတ်လုပ်၊ သန့်စင်၍ ဈေးကွက်တင်ရန် ဖြစ်ပါသည်။ တောင်သူများ၏ မျိုးစေ့များထုတ်လုပ်ရန် တစိုက်မတ်မတ် ကြိုးစားဆောင်ရွက်မှုနှင့် ဆက်စပ်ပြီး ဒေသခံများပိုင်ဆိုင်သည့် ကုမ္ပဏီဖြစ်သော MAFSCOအား အဖွဲ့ဝင်ခြင်း၊ ရှယ်ယာထားခြင်း၊ အမြတ်ငွေ ခွဲဝေခြင်းနှင့် အကျိုးခံစားခွင့်များပေးခြင်းတို့ အတူ စတင် တည်ထောင်ရန် အတွက် LIFTက ပံ့ပိုးပေး နေပါသည်။ ဤကုမ္ပဏီသည် သမဝါယမ မူဝါဒများနှင့်အညီ ဆောင်ရွက်နေသည့် ပုဂ္ဂလိက ကုမ္ပဏီဖြစ်ပြီး ဘဏ္ဍာရေးအရ

ရေရှည်တည်တံ့သည်အထိ တက်လှမ်းသွားမည် ဖြစ်ပါသည်။ ဤစီမံချက်အား ပုဂ္ဂလိက ကဏ္ဍတွင် ဦးဆောင်နေသည့် သွင်းအားစုများ ထုတ်လုပ်ရောင်းချသော ဩဘာမှ အကောင်အထည်ဖော်ပါသည်။ MAFSCO တွင် ကုမ္ပဏီ၏ မျိုးစေ့ဖြန့်ဖြူးသူဖြစ်သည့် ဩဘာ၏ အခန်းကဏ္ဍမှာ စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှု၊ မတည်ငွေ ရင်းနှီးမြှုပ်နှံမှုနှင့် တနိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဈေးကွက် သုတေသန ပြုလုပ်ခြင်းတို့ ဆောင်ရွက်ရန် ဖြစ်ပါသည်။

စီမံချက် စတင်သည့် အဆင့်အား ၂၀၁၈ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလထိ ဆောင်ရွက်ခဲ့ပါသည်။စီမံချက် စတင်လုပ်ကိုင်သည့် အဆင့်တွင် စီမံချက်သည်-

- အဓိက တာဝန်ယူရမည့် ပုဂ္ဂိုလ်များအား ခန့်အပ် လေ့ကျင့်ပေးခဲ့ပါသည်။ အဖွဲ့အစည်း၏ ဖွဲ့စည်းပုံနှင့် ဘဏ္ဍာရေး စနစ်များအား တည်ဆောက်ခဲ့ပါသည်။
- တောင်သူအဖွဲ့အစည်းနှင့် MAFSCO မှတ်ပုံတင်ခြင်းနှင့် ဆက်နွယ်နေသည့် ဥပဒေရေးရာကိစ္စများ ပြန်လည်ပြင်ဆင်ခြင်းအပါအဝင် ပြင်ဆင်ထားသည့် စီးပွားရေး လုပ်ငန်းစီမံချက်အား ရေးဆွဲပြီးစီးခဲ့ပါသည်။ အဖွဲ့အစည်း (၂)ခုလုံး၏ နည်းဥပဒေများနှင့် အဖွဲ့အစည်း (၃)ဖွဲ့ အကြား စပ်တူ လုပ်ကိုင်သည့် သဘောတူညီမှုကို LIFT နှင့် ပြင်ပဥပဒေ အကြံပေး အဖွဲ့တို့မှ သုံးသပ်ခဲ့ပါသည်။
- မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ အချိန်ဇယားပါဝင်သည့် စီမံချက်၏ အသေးစိတ် အစီအစဉ်ကို ၁၂လစာ ရေးဆွဲခဲ့ပါသည်။ ပထမနှစ်၏ လှုပ်ရှားဆောင်ရွက်မှုများသည် ပဲတီစိမ်း၊ မတ်ပဲနှင့် နှမ်း စိုက်ပျိုးထုတ်လုပ်ခြင်းအား အဓိက ထားပြီး ထို့နောက်၌ စိုက်ပျိုးထုတ်လုပ်သည့် နေရာအသီးသီးတွင် မြေပဲ၊ ကုလားပဲနှင့် ပဲစင်းငုံ ကဲ့သို့သော ရာသီသီးနှံ အမျိုးမျိုး အား အာရုံစူးစိုက်ဆောင်ရွက်ပါသည်။ အစီအစဉ်တွင် သတ်မှတ်ပြီးသား စိုက်ပျိုးရမည့်အချိန်ကို ကန့်သတ်ထားခြင်း မရှိဘဲ စီမံချက်အဖွဲ့မှ အကောင်အထည်ဖော်ရာတွင် တောင်သူများအနေဖြင့် ပါဝင်လာစေရန်အတွက် ပိုမို၍ ပြောင်းလွယ်ပြင်လွယ် ရှိမှုကို ခွင့်ပြုထားပါသည်။
- MAFSCO သည် စိုက်ပျိုးရေးဦးစီးဌာန (DOA)၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR) နှင့်စက်မှုလယ်ယာဦးစီးဌာန (AMO) နှင့် မြေအောက်ရေဌာနတို့မှ နိုင်ငံတော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်ရှိအစိုးရ အရာရှိကြီးများနှင့် နေပြည်တော်၌ တွေ့ဆုံဆွေးနွေး သဘောထားရယူမှု အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် MAFSCO မှ ထုတ်လုပ်ရန် မျှော်မှန်းသည့် သီးနှံအမျိုးအစားတခုချင်းစီအတွက် သီးနှံမျိုးစိတ်ဆိုင်ရာ အကြောင်းအရာနှင့် ပိုးမွှားနှိမ်နင်းခြင်းကို အကောင်အထည်ဖော်ခဲ့ပါသည်။ သီးနှံတမျိုးချင်းစီအတွက် စံသတ်မှတ်ထားသည့် စိုက်ပျိုးရေး လမ်းညွှန်အား အသုံးပြုမည်ဖြစ်ပြီး စိုက်ပျိုးသူများနှင့် ကွင်းဆင်းဝန်ထမ်းများ အတွက် သင်တန်းအစီအစဉ်များ ပေးအပ် သွား မည်ဖြစ်ပါသည်။
- စိုက်ပျိုးသူများ၏ စွမ်းဆောင်မှုကို စောင့်ကြည့်တိုင်းတာသည့် နည်းလမ်းတခုလည်းဖြစ်ပြီး အထူးပြုထားသည့် မျိုးစေ့ထုတ်လုပ်ခြင်းအတွက် ပံ့ပိုးပေးသော အစီအစဉ်ဖြစ်သည့် FarmForce အက်ပလီကေးရှင်းမှတဆင့် အချက်အလက်များအား အီလက်ထရွန်နစ်နည်းဖြင့် စုစည်းရန်အတွက် နေ့စဉ် သီးနှံမှတ်တမ်းများ ထိန်းသိမ်းခြင်း၊ သတင်းအချက်အလက် စုစည်းသည့် ပုံစံများနှင့် အရည်အသွေးညံ့ဖျင်းသည့် အပင်(သို့) အစေ့များအား ဖယ်ရှားသည့် အစီရင်ခံစာ အပါအဝင် လယ်ယာစီမံခန့်ခွဲသည့် စနစ်များအား အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ပါသည်။
- မျိုးစေ့ထုတ်လုပ်ရန် စာချုပ်များချုပ်ဆိုခဲ့ပြီး အဆင့်ဆင့်သော တောင်သူအစည်းအဝေးများအား မြို့သစ်၊ မကွေး၊ ပွင့်ဖြူ၊ ကျောက်ဆည်နှင့် ပဲခူးအနောက်ပိုင်းတွင် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်မှ ပဲတီစိမ်း ၁၀.၄ ဧက၊ နှမ်း၁ဧက ၊ ကုလားပဲ၂၄ဧက နှင့် ပဲတီစိမ်း မျိုးစေ့ထုတ်လုပ်ရန် ၁၅ဧက တို့အတွက် စာချုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။ နောက်လာမည့် စိုက်ပျိုးရာသီတွင် နေကြာစေ့၊ နှမ်းနှင့် ပဲတီစိမ်း မျိုးစေ့များ စိုက်ပျိုးရန် ထုတ်လုပ်ရန် ၁၅ဧက ထည့်သွင်းရန်အတွက် စီစဉ် ထားခဲ့ပါသည်။
- ပဲတီစိမ်း၏ ပထမဆုံးရာသီအား မေလနှင့် ဒုတိယရာသီအား ဩဂုတ်လတွင် ရိတ်သိမ်းခဲ့ရာ မျိုးစေ့ တဧက ပျမ်းမျှ ၁၂တင်းမှ ၁၄တင်းကြား ရရှိခဲ့ပါသည်။ သန့်စင်ထုတ်လုပ်မှုအား စိုက်ပျိုးရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်ပြီး၊ အညှောင့်ဖောက် စမ်းသပ်မှုကို ပြုလုပ်ခဲ့ပါသည်။ သီးနှံတမျိုးချင်းစီအတွက် နည်းပညာ ဆိုင်ရာအချက်အလက် စာရွက် များဖြင့် မှတ်တမ်းတင်ခဲ့ ပါသည်။ လက်ရှိတွင် စီမံချက်၌ စာရင်းသွင်းမှတ်တမ်း တင်ထားသည့်မျိုးစေ့ (၁.၆) တန်ရှိပါသည်။
- မျိုးစေ့စမ်းသပ်ထုတ်လုပ်မှုများအား စီမံကိန်းစတင်သည့် အဆင့်အတွင်း၌ နေပြည်တော်တွင် လုပ်ဆောင်ခဲ့ပါသည်။
- ၂၀၁၈ခုနှစ် ဒီဇင်ဘာလတွင် စီမံချက်သည် ဒေသခံများ ပိုင်ဆိုင်သည့် ပထမမျိုးစေ့ ကုမ္ပဏီအား အောင်မြင်စွာ တည်ထောင် ပေးနိုင်ခဲ့ပါသည်။
- ပြန်လည်ပြင်ဆင်ထားသည့် လုပ်ငန်းစီမံချက် အစီအစဉ်နှင့် အဆိုပြုလွှာတွင် ရှယ်ယာရှင် တောင်သူများနှင့် ဩဘာတို့အား ခြုံငုံထားသည့် အစုစပ်သဘောတူညီမှုများ ပါဝင်ပါသည်။
- ကုမ္ပဏီဖွဲ့စည်းရာတွင် တောင်သူ အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် ဆောင်ရွက်မည့် ကုမ္ပဏီ လီမိတက် (Company Limited by Guarantee) အမျိုးအစားကို ရွေးချယ်ခဲ့ပါသည်။ ပထမမျိုးစေ့ ကုမ္ပဏီ၏ မဟာဗျူဟာ အောင်မြင်စေရန်အတွက် တောင်သူ အဖွဲ့အစည်းအနေဖြင့် အရည်အသွေးမြင့် မျိုးစေ့များအား ပထမမျိုးစေ့ ကုမ္ပဏီသို့ ပံ့ပိုးပေးခြင်း၊ လိုက်လျောညီထွေရှိသည့် ဝန်ဆောင်မှုများပေးခြင်း၊ ကိုယ်စားပြုခြင်းတို့ ပံ့ပိုးဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ တောင်သူအဖွဲ့အစည်း အတွက် တောင်သူများ စုဆောင်းရာတွင် ပံ့ပိုးကူညီပေးရန်အတွက် စီမံချက် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအခြေစိုက် INGO များနှင့် စတင်ညှိနှိုင်းခဲ့ပါသည်။
- ၂၀၁၈ ခုနှစ် ဒီဇင်ဘာလထိ ပထမမျိုးစေ့ ကုမ္ပဏီလီမိတက်သည် ပဲတီစိမ်း မျိုးစေ့ထုတ်လုပ်ရန် အတွက် ပုလဲ၊ သုံးခွနှင့် မုံရွာရှိ စိုက်ပျိုးသူ ၆၀ ကျော်နှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။

## ရှေ့သို့မျှော်ကြည့်ခြင်း

ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမည့် စီမံကိန်းနောက်အဆင့်ဖြင့် အဓိက အာရုံစိုက်လုပ်ကိုင်မည့် နယ်ပယ်များတွင် ငွေကြေးစုဆောင်းရန် စည်းရုံးခြင်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှုအတွက် ပြန်ပြည့်မြဲစွမ်းအင် (ဆိုလာစွမ်းအင် )ဈေးကွက်၊ ရခိုင်ပြည်နယ်တွင် ငါးမွေးမြူရေး ဖွံ့ဖြိုးမှုနှင့်မဟာဗျူဟာ မိတ်ဖက်များအဖြစ် သမဝါယမအသင်းများ ဖော်ဆောင်ခြင်းတို့ကို မြှင့်တင်ခြင်းတို့ ပါဝင်မည် ဖြစ်ပါသည်။

ငွေကြေးစုဆောင်းမှုအတွက် စည်းရုံးဆောင်ရွက်မှုသည် ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမည့် စီမံကိန်း၏ တာဝန်ယူမှုရှိသည့် ငွေကြေးဆိုင်ရာကဏ္ဍအား ရှေ့သို့ တက်လှမ်းရန်အတွက် ဗဟိုအချက်အချာကျသည့် အပိုင်းဖြစ်ပါသည်။ ငွေကြေးစုဆောင်းသည့် ဝန်ဆောင်မှုများသည် MFI ဝန်ဆောင်မှုအသုံးပြုသူများမှ တောင်းခံလာသည့် ဝန်ဆောင်မှုဖြစ်ပြီး တိုးတက်စေရန်နှင့် တိုးချဲ့နိုင်ရန်အတွက် အရေးကြီးသည့် MFI ငွေကြေး ဝန်ဆောင်မှုဖြစ်သည်။MFIများအတွက် ငွေကြေး စုဆောင်းခြင်းသည် အနာဂတ်ချေးငွေများ၏ မတည်ရင်းနှီးမှုအတွက် အရေးအပါဆုံးသော ရင်းမြစ်အဖြစ် ကိုယ်စားပြုပါသည်။

ပြန်ပြည့်မြဲစွမ်းအင်သည် အစိုးရ၏ မဟာဓာတ်အားလိုင်း

မရောက်ရှိသည့် ဝေးလံခေါင်ဖျား ကျေးရွာများတွင် စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုစွမ်းရည် တိုးတက်စေရန် ဆောင်ရွက်ရာ၌ အဓိကကျသည့် အချက်များထဲမှ တခုဖြစ်ပါသည်။စွမ်းအင် လက်လှမ်းမီမှုသည် ဆည်မြောင်း ကဏ္ဍနှင့် အအေးခန်းသိုလှောင်သည့်ဈေးကွက်ကို ထပ်မံ၍ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်တွင် ငါးမွေးမြူရေးကဏ္ဍပြန်လည် ထူထောင်ခြင်းနှင့် ကြီးထွားလာခြင်းသည် သက်မွေးဝမ်း ကျောင်းလုပ်ငန်းများ ဖန်တီးနိုင်မည့် အခွင့်အလမ်းများကို ကိုယ်စားပြုပါသည်။ စီမံကိန်းသည် ဆိုင်ကလုန်း မုန်တိုင်း 'ဂီရိ' မတိုင်မီက ရခိုင်ပြည်နယ်၏ စီးပွားရေးတွင် ထင်ရှားသည့် အစိတ်အပိုင်းဖြစ်သည့် ပုဇွန်မွေးမြူ ထုတ်လုပ်ရေးလုပ်ငန်းများ ပြန်လည်ထူထောင်ခြင်းကို အလေးထား ဆောင်ရွက်မည်ဖြစ်ပါသည်။

အစိုးရ၏ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာသည် အနာဂတ်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုတွင် သမဝါယမ အသင်းများ၏ အရေးပါမှုကို မီးမောင်းထိုးပြနေပါသည်။ လက်ရှိချေးငွေအား သမဝါယမပုံစံမှ မြို့နယ်ငွေစုနှင့် ငွေချေးအသင်းပုံစံသို့ စံပြောင်းလဲ သွားသည့်အရွေ့တွင် LIFT ၏လက်ရှိရင်းနှီးမြှုပ်နှံမှုမှာ အောင်မြင်ပါသည်။ ဤစီမံကိန်း ဆောင်ရွက်ချက်အား မြန်မာနိုင်ငံ၏ အခြား ဒေသများ အထူးသဖြင့် ကချင်ပြည်နယ်သို့ အစိုးရ၏ပံ့ပိုးမှုဖြင့် တိုးမြှင့်ခြင်းသည် LIFT ၏ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများအား မြှင့်တင်ခြင်းနှင့် ကိုက်ညီမှုရှိပါသည်။

၄.၃

## ဘေးကင်းလုံခြုံပြီး အကျိုးရှိသော ရွှေ့ပြောင်း သွားလာမှု

ခြုံငုံဖော်ပြချက်

လုပ်သားရွှေ့ပြောင်းမှုသည် မြန်မာနိုင်ငံပြည်သူများအတွက် အရေးကြီးသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မဟာဗျူဟာ ဖြစ်ပါသည်။ ပြည်တွင်း နှင့် နိုင်ငံတကာ ရွှေ့ပြောင်းခြင်းဖြင့် ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့၏ ရပ်ရွာလူထုများသည် အလွန်ပြင်းထန်သည့် စီးပွားရေး အကျပ်အတည်းများ၊ ရပ်တန့်နေမှုများကို ကျော်လွှားကာ ခံနိုင်ရည်စွမ်းရှိနေပြီ ဖြစ်သည်။ လက်ရှိတွင် ပြည်ပသို့ရွှေ့ပြောင်းသွားလာသူ[၄၅] ၄.၂၅ သန်းနှင့်ပြည်တွင်း ရွှေ့ပြောင်းသူများမှာ ထိုထက်နှစ်ဆကျော်၉.၃၉သန်း ရှိသည်ဟု ခန့်မှန်းထားပါသည်။[၄၆] မြန်မာနိုင်ငံရှိ လူလေးဦးလျှင် တစ်ဦးက ရွှေ့ပြောင်းသွားလာသူဖြစ်ပါသည်။

မက်ကရို စီးပွားရေးအဆင့်တွင် ရွှေ့ပြောင်းသွားလာခြင်း၏ သက်ရောက်မှုမှာ ကြီးမားပါသည်။ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်များအရ ၂၀၁၈ခုနှစ်အတွင်း ပြည်ပသို့ သွားရောက်သည့် ရွှေ့ပြောင်းသွားလာသူများမှ ပြန်လည် ပေးပို့ငွေမှာ ကန်ဒေါ်လာ ၂.၈ သန်းခန့် ၄၇ ရှိပြီး ထိုပမာဏတွင် တရားမဝင်လမ်းကြောင်းများမှ တဆင့် ငွေလွှဲပေးပို့သည့် ကျပ်ဘီလျံပေါင်းများစွာ မပါဝင်ပါ။ တရားဝင် ငွေလွှဲပေးပို့မှုများသည် မြန်မာနိုင်ငံ ဂျီဒီပီ ၏ ၄ ရာခိုင်နှုန်းဖြစ်ပြီး အလှူရှင်နိုင်ငံများမှ ပံ့ပိုးပေးသည့် တရားဝင်ဖွံ့ဖြိုးရေး အကူအညီများ အားလုံးထက် သိသိသာသာ ပိုများနေပါသည်။

အထူးသဖြင့်ကျေးလက်ဒေသနှင့်ပဋိပက္ခထိခိုက်ခံစားရသည့် နယ်မြေများတွင် နေထိုင်သူများ အပါအဝင် ပြည်သူများ၏ ရွှေ့ပြောင်းသွားလာလိုစိတ်ကို တွန်းအားပေးသည့် အချက်များမှာ မိမိတို့၏ နေရပ်တွင် အလုပ်အကိုင် အခွင့်အလမ်းများ လုံလုံလောက်လောက် မရှိခြင်းနှင့် ဆိုက်ရောက်ဒေသများတွင် လုပ်အားခပိုမိုရမည်ဆိုသည့် အာမခံချက်တို့ကြောင့် ဖြစ်ပါသည်။[၄၈] ရှမ်းပြည်နယ်တွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ကြီးမှ ပြုလုပ်ခဲ့သည့် လေ့လာမှုအရ လယ်ယာပြင်ပ အလုပ်အကိုင်များ အကန့်အသတ်ရှိနေခြင်းက ငယ်ရွယ်သည့် အလုပ်သမားများအား ပြည်ပသို့ ရွှေ့ပြောင်းသွားလာစေခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။[၄၉] ရွှေ့ပြောင်းသွားလာခြင်းသည် ကျေးလက်ဒေသများရှိ အိမ်ထောင်စုများအတွက် ၎င်းတို့၏ ဝင်ငွေရလမ်း အမျိုးမျိုးဖြစ်စေခြင်းနှင့် ဝင်ငွေတည်ငြိမ်စေခြင်း တို့ဖြစ်စေသည့် အရေးကြီးသော အသက်မွေးမှု မဟာဗျူဟာ ဖြစ်ပါသည်။ မြို့ကြီးနှင့် နိုင်ငံခြားတွင် အလုပ်လုပ်ရန် မိသားစုဝင်တဦးအား ပို့ခြင်းသည် လူမှုကာကွယ်စောင့်ရှောက်မှု နည်းလမ်းတစ်ခု ဖြစ်ပါသည်။ အကြောင်းမှာ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများအား ရုတ်တရက် ဝင်ငွေ ဆုံးရှုံးခြင်း နှင့် ဆက်စပ်နေသည့် လူမှုရေးနှင့်စီးပွားရေးအရ ဒုက္ခအမျိုးမျိုးကျရောက်ခြင်း မှ အကာအကွယ်ပေးရန် လုံလောက်သည့် အစီအစဉ်များ အစိုးရတွင် မရှိခြင်းကို လျှော့ချနိုင်သည့် အတွက် ဖြစ်သည်။

ရွှေ့ပြောင်းသွားလာရေး သည် လူမှုရေး နှင့် စီးပွားရေးအရ အရေးကြီးသည့် ကိစ္စရပ်ဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာမှု အများအပြား ဖြစ်ထွန်းနေမှု နှင့် အံဝင်ခွင်ကျဖြစ်စေမည့် ရွှေ့ပြောင်းသွားလာမှု ဆိုင်ရာ စီမံအုပ်ချုပ်မှု မူဘောင်တစ်ခု တည်ဆောက်ပေးနိုင်ခြင်း မရှိသေးပါ။ ရလဒ်အနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းသည် ရွှေ့ပြောင်းလုပ်သားများ နှင့် ၎င်းတို့၏ မိသားစုများ အတွက် အလုပ်အကိုင်ရရှိရန် ရွေးချယ်စုဆောင်းခြင်း နှင့် အလုပ်အကိုင်ရရှိခြင်း ကာလများအတွင်း နှိုင်ထက်စီးနင်းပြုခြင်း အများအပြားခံကြရသော ကြီးမားသည့် အလောင်းအစားတစ်ရပ်ဖြစ်လာသည်။ ရွှေ့ပြောင်းသွားလာခြင်း၏ အလွန်များပြားသည့် အကျိုးအမြတ်များသည် ရွှေ့ပြောင်းသွားလာသူများ၏ အိမ်ထောင်စုများအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး တွင် အထောက်အကူပေးရမည့်အစား ရိုးသားမှုမရှိသည့် အလုပ်ရှာဖွေပေးသူများ၊ ခေါင်းပုံဖြတ်သည့် အလုပ်ရှင်များ နှင့် ကိုယ်ကျိုးရှာသည့် အာဏာပိုင်များထံ ရောက်ရှိ သွားပါသည်။

လုပ်သားရွှေ့ပြောင်းမှုအား နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အလေ့အကျင့်ကောင်းများနှင့်အညီ စည်းစားချင့်ချိန်မှုရှိပြီး အခွင့်အရေးအခြေခံသော နည်းလမ်းကို စတင်ရေးဆွဲ ဖော်ဆောင်နိုင်ရန် မကြုံစဖူးထူးခြားသည့် အခွင့်အလမ်းကို မြန်မာနိုင်ငံတွင် မကြာသေးမီက ဆောင်ရွက်ခဲ့သည့် နိုင်ငံရေး နှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများမှ ဖွင့်ပေးခဲ့ပါသည်။[၅၀] အရေးကြီးသည့် အကူးအပြောင်း ကာလတွင် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်အားဖြည့်ပေးရန် လူမှုရေးနှင့် ငွေကြေးဆိုင်ရာ ပေးပို့ထည့်ဝင်မှုများဖြင့် ပေးဆပ်ခဲ့ကြသည့် ရွှေ့ပြောင်းလုပ်သားများအတွက် ပိုမိုကောင်းမွန်သည့် စောင့်ရှောက်မှုကို စီးပွားရေးအရ သာမက လူ့အခွင့်အရေးအရပါ အရေးကြီးသည့် ရှုထောင့်မှ ရှုမြင်သင့်ပါသည်။

၂၀၁၆ ခုနှစ်တွင် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာမှု အခွင့်အလမ်းများကို ချဲ့ထွင်ရန်အတွက် LIFT မှ ရွှေ့ပြောင်းသွားလာခြင်း အစီအစဉ်အတွက် ရန်ပုံငွေ ကန်ဒေါ်လာ ၂၄ သန်း စတင် ထောက်ပံ့ခဲ့ပါသည်။ စီမံကိန်းမှ ရွှေ့ပြောင်းသွားလာခြင်း အတွေ့အကြုံများအား ပိုမို ဘေးကင်းလုံခြုံစေရန် နှင့် ပိုမို အကျိုးရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် မြန်မာနိုင်ငံတဝှမ်းရှိ ဆင်းရဲ နွမ်းပါးပြီး ထိခိုက်လွယ်ပြည်သူများ၏ ဝင်ငွေများနှင့် ကြံ့ကြံ့ခံနိုင်မှုစွမ်းရည် ပိုမို တိုးတက်ကောင်းမွန်စေရန် ကူညီပံ့ပိုးပေးလျက် ရှိပါသည်။ LIFT ၏ ရွှေ့ပြောင်း သွားလာခြင်း အစီအစဉ်သည် မြန်မာနိုင်ငံတွင် စီမံချက် ၇ ခု အတွက် ရန်ပုံငွေများ နှင့် ကူညီ ထောက်ပံ့မှုများ ပံ့ပိုးပေးလျက်ရှိသည့် ရွှေ့ပြောင်းသွားလာခြင်းအတွက် အများဆုံးထောက်ပံ့ပေးနေသည့် ရန်ပုံငွေ အဖွဲ့ဖြစ်ပါသည်။

၄၅။ ။အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီး (၂၀၁၆ )။ ၂၀၁၄ မြန်မာနိုင်ငံ လူဦးရေ နှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း- လူဦးရေ ရွှေ့လျား ပြောင်းလဲမှုအားများ ဆိုင်ရာ အစီရင်ခံစာ (နေပြည်တော်)

၄၆။ ။အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီး (၂၀၁၅)။ ပြည်ထောင်စုအစီရင်ခံစာ- သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ ၂ (နေပြည်တော်)

၄၇။ ။ကမ္ဘာ့ဘဏ် (၂၀၁၈) နှစ်အလိုက် ငွေလွှဲပေးပို့ခြင်းဆိုင်ရာ ကိန်းဂဏန်းများ ( ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် နောက်ဆုံး အချက်အလက်များ ထည့်သွင်းထားသည်) (ဝါရှင်တန် ဒီစီ)

၄၈။ ။IOM နှင့် Sussex တက္ကသိုလ် (၂၀၁၉) မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး နှင့် ဘက်စုံ ဖွံ့ဖြိုးရေး အတွက် လုပ်သားရွှေ့လျားမှု ကို ရင်းနှီး မတည်ခြင်း၊ ရန်ကုန်

၄၉။ ။ကွန်စတန်ဇာ၊ ဘီ (၂၀၁၇)၊ ပဋိပက္ခ ထိခိုက်ခံစားရပြီး ထိခိုက်လွယ် လူငယ်များအတွက် အခွင့်အလမ်း - ရှမ်းပြည်နယ်တောင်ပိုင်းတွင် ပဋိပက္ခ အလေးထား စီးပွားရေးဆန်းစစ်မှု (ရန်ကုန်)

၅၀။ ။ILO (၂၀၁၅) ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိအမြင်၊ သဘောထားအမြင်များ နှင့် အလေ့အကျင့်များ (ဘန်ကောက်)

## စိတ်ဝင်စားဖွယ်ရာများ

လုပ်သားရွှေ့ပြောင်းမှု စီမံအုပ်ချုပ်မှု မူဘောင်ကို အားကောင်းစေခြင်း နှင့် ကဏ္ဍဆိုင်ရာ မူဝါဒများတွင် ရွှေ့ပြောင်းသွားလာမှု ပါဝင်စေခြင်း

မြန်မာနိုင်ငံ အစိုးရ၏ မူဝါဒသည် လုပ်သားရွှေ့ပြောင်းခြင်းအား ထိထိရောက်ရောက် စီမံခန့်ခွဲမှု ပြုနိုင်ခဲ့ပါက လူမှုရေး နှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများ ဆောင်ကျဉ်းလာနိုင်မည်ဖြစ်သည့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွင် သဘာဝအလျောက် ပါဝင်နေသော အစိတ်အပိုင်းအဖြစ် ရှုမြင်ရမည့်အစား ပြဿနာ တစ်ရပ်အဖြစ်သာ ဖြေရှင်းခဲ့ပါသည်။ သို့အတွက်ကြောင့် လုပ်သားရွှေ့ပြောင်းခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုကို ကူညီပံ့ပိုးပေးမည့် ဥပဒေ နှင့် အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းပုံများ ဖွံ့ဖြိုးမှုနေးကွေးဆဲဖြစ်ပြီး ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အတွေ့အကြုံများအား ပုံဖော်ရာတွင် အကန့်အသတ်ဖြင့်သာ အကျိုး သက်ရောက်မှု ရှိပါသည်။

LIFTသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာန(Ministry of Labour, Immigration and Population, MoLIP) အတွက် နည်းပညာ အကူအညီပေးနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization (ILO) အား ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ စ၍ ပြည်တွင်းနှင့် နိုင်ငံတကာ လုပ်အားရွှေ့ပြောင်းခြင်း ဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး (Development of Internal and International Migration Governance - DIILM) စီမံချက် အား အကောင်အထည်ဖော်ရန် ကူညီပံ့ပိုးပေးခဲ့ပါသည်။ ဤ အစီအစဉ်၏ ယေဘုယျ ရည်မှန်းချက် ပန်းတိုင်မှာ အမျိုးသမီးများ နှင့် အမျိုးသားများ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာ နိုင်စေရန် နှင့် ပြည်ပအလုပ်အကိုင်များမှ အကျိုးအမြတ်များရရှိနိုင်ရန် မြန်မာနိုင်ငံတွင် လုပ်အားရွှေ့ပြောင်း ခြင်းဆိုင်ရာ စီမံ အုပ်ချုပ်မှု မူဘောင်တစ်ခု တည်ဆောက်ရေးဖြစ်ပါသည်။ ILO ၏ သုံးပွင့်ဆိုင် အဖွဲ့များနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ နှင့် အနီးကပ်လက်တွဲ ဆောင်ရွက်ရင်းဖြင့် ရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲရေးအတွက် ပြည့်စုံကျယ်ပြန့်ပြီး ကျိုးကြောင်း ညီညွတ်သည့် မူဝါဒများ ရေးဆွဲနိုင်ရေးကို DIILM စီမံချက်မှ မြှင့်တင်ပေးလျက်ရှိပါသည်။

၂၀၁၈ ခုနှစ် ပထမနှစ်ဝက်တွင် DIILM စီမံချက်သည် လူဝင်မှုကြီးကြပ်ရေး၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ နှင့် အမျိုးသမီး နှင့် ကလေးသူငယ် အခွင့်အရေး ကော်မတီ တို့မှ လွှတ်တော် ကိုယ်စားလှယ် ၁၁ ဦးနှင့် အကြိမ်ပေါင်းများစွာ တွေ့ဆုံ ဆွေးနွေးခဲ့ပါသည် ။ အဆိုပါ ဆွေးနွေးမှုများသည် ILOအနေဖြင့် MoLIP သို့ တိုက်ရိုက်အကူအညီပေးရာတွင် အထောက်အကူ ဖြစ်စေသည့် မြန်မာနိုင်ငံ လုပ်အား ရွှေ့ပြောင်းခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖော်ဆောင်ရေးအတွက် မူဝါဒရေးဆွဲသူများနှင့် ထိတွေ့ ဆောင်ရွက်ခွင့်ရသည့် အခွင့်အလမ်းကောင်းကို ရရှိစေပါသည်။ ပြည်သူ့လွှတ်တော်မှတ်တမ်းများရှိ လွှတ်တော်အမတ်များနှင့် တွေ့ဆုံဆွေးနွေးမှုများမှ နေရပ်ပြန်လာသည့် ရွှေ့ပြောင်းသွားလာသူများအတွက် အကူအညီပေးရေး၊ မလေးရှားရှိ တရားဝင် နေထိုင်ခွင့် မရှိသည့် ရွှေ့ပြောင်းသွားလာသူများ တရားဝင် ဖြစ်နိုင်ရေး၊ နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း လုပ်ငန်းစဉ် ရိုးရှင်း လွယ်ကူစေရေး နှင့် ရွှေ့ပြောင်းသွားလာသူတို့ မှ ငွေလွှဲပေးပို့ခြင်းဆိုင်ရာ အချက်အလက်များ ပိုမို ကောင်းမွန်စေခြင်း အပါအဝင် ၂၀၁၈ ခုနှစ်အတွင်း အရေးကြီးသည့် ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ ကိစ္စများ နှင့် ပတ်သက်သည့် ဆွေးနွေးမှု လေးကြိမ်အတွက် အထောက်အကူဖြစ်ခဲ့ပါသည်။

၂၀၁၈ ခုနှစ် နှစ်ကုန်တွင် MoLIP ၏ ဦးဆောင်မှု၊ ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း(IOM)၏ နည်းပညာပံ့ပိုးမှု နှင့် အလုပ်သမားနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ရန် ILO ၏ ပံ့ပိုးကူညီမှုတို့ဖြင့် နိုင်ငံတကာ လုပ်သားများ ရွှေ့ပြောင်းခြင်း စီမံခန့်ခွဲမှုဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ (၅) နှစ်တာ လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂) ကို ရေးဆွဲမှု ပြီးစီးခဲ့ပါသည်။ အစိုးရဘက်မှ လုပ်ငန်းစီမံချက် ရေးဆွဲခြင်းနှင့် အစိုးရအဖွဲ့တစ်ဖွဲ့လုံး၏ ချဉ်းကပ်နည်းလမ်း ကို အထောက်အကူပြုရန် ဝန်ကြီးဌာန ပေါင်းစုံ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်စေခဲ့ခြင်းဖြင့် တာဝန်ယူမှုဆောင်ရွက်မှုကို ပြသခဲ့ပါသည်။ စီမံချက်အသစ်အား အကောင်အထည်ဖော်ရာတွင် တာဝန်ခံမှုကိုသေချာစေရန်အတွက် နှစ်အလိုက် လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်း၊ စောင့်ကြည့် ကြီးကြပ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း စနစ်များ အပါအဝင် နည်းစနစ်များ ရှိထားပြီးဖြစ်ပါသည်။

၂၀၁၈ ခုနှစ်အတွင်း ပြည်ပ အလုပ်အကိုင်ဆိုင်ရာ ဥပဒေ ပြင်ဆင်ရေးအတွက်လည်း ရှေ့ဆက်လှမ်းနိုင်ခဲ့ပါသည်။ ရှိဆဲဥပဒေမှာ ၁၉၉၉ ခုနှစ် တွင် အတည်ပြုခဲ့သည်ဖြစ်ရာ လုပ်အား ရွှေ့ပြောင်းခြင်းလုပ်ငန်းစဉ်အား ထိရောက်သည့် စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းရေး လုပ်ရန် ခေတ်နှင့်မညီတော့ပေ။ ထိရောက်သည့် အကောင်အထည်ဖော်မှု အတွက် အထောက်အပံ့ပေးရန် လိုအပ်သည့် ဒုတိယ ဥပဒေ တစ်ခု လည်း ရှိမနေချေ။ ILO ၏ အကူအညီဖြင့် လူမှုရေး မိတ်ဖက်များ နှင့် သဘောထား ဆွေးနွေး ရယူခြင်း၊ မူဝါဒဆိုင်ရာ ဆန်းစစ်မှု ပြုလုပ်ခြင်း နှင့် ILO မှ တိုက်ရိုက်ပေးသည့် နည်းပညာဆိုင်ရာမှတ်ချက်များ ထင်ဟပ်ထားသည့် ဥပဒေမူကြမ်းများ အများအပြား ပြုစုရေးဆွဲခဲ့ပါသည်။ MoLIPသည် ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် နောက်ဆုံး မူကြမ်းအား ILO မှ သုံးသပ်ပေးရန် ပန်ကြားခဲ့ပြီး ပြင်ဆင်ထားသည့် ဥပဒေအား ၂၀၁၉ ခုနှစ်အတွင်း ထုတ်ပြန်နိုင်ရန် ရည်မှန်းထားပါသည်။

ရွှေ့ပြောင်းလုပ်သားများ တိုင်ကြားနိုင်သည့်စနစ်များအတွက် လုပ်ငန်းဆောင်ရွက်မှုကို အသိပညာပေးရန်နှင့် ပိုမိုကောင်းမွန်စေရန် အထောက်အပံ့ပေးခြင်းဖြင့် တရားမျှတမှု ပိုမိုရရှိစေလာမည် ဖြစ်ပါသည်။ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၏ ကိန်းဂဏန်းများအရ ရွှေ့ပြောင်းသွားလာသူ ၂,၀၀၀ ကျော်တို့သည် စာချုပ် အစားထိုးပြောင်းလဲခြင်း၊ အလွန်တရာ များပြားသည့် အလုပ်အကိုင်ရှာဖွေရေး စရိတ်၊ လူပျောက်တိုင်ခြင်း၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရခြင်း နှင့် သေဆုံးမှုများအတွက် တိုင်တန်း ခဲ့ကြပါသည်။ တိုင်တန်းမှုအများအပြားမှာ မြန်မာ ရွှေ့ပြောင်းလုပ်သားအများဆုံး သွားရောက်ကြသည့် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းသွားလာခြင်း နှင့် ဆက်စပ်သည့် အမှုများ ဖြစ်ပါသည်။ (ပုံ ၄.၄) အကူအညီလိုအပ်မှုများ တိုးတက်များပြားလာခြင်းသည် ILO အနေဖြင့် အထူးသဖြင့် အချိန်မီ ဖြေရှင်းနိုင်ရန် နှင့် ကျေနပ်လောက်ဖွယ်ရှိသည့် ကုစားမှုများ ပြုလုပ်ပေးခြင်း အပါအဝင် ဝန်ဆောင်မှု အားကောင်းစေရန် အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနနှင့် ပူးပေါင်း၍ ဆောင်ရွက် ခွင့်ရစေပါသည်။ DIILM စီမံချက်သည် နိုင်ငံတဝှမ်းရှိ ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီပေးရေး ဗဟိုဌာနများနှင့် အလုပ်သမား ရှာဖွေရေးရုံးများသို့ တိုင်ကြားလာသည့် အမှုများအား ကိုင်တွယ်ဖြေရှင်းရာတွင် ကူညီပံ့ပိုးပေးရန် အဆင့်မြင့် ခွင့်ပြုမိန့် ရရှိခဲ့ပါသည်။

ILOသည် MoLIP ၏ အဆင့်မြင့် အရာရှိများအတွက် လုပ်သား ရွှေ့ပြောင်းမှု စီမံအုပ်ချုပ်ရေးဆိုင်ရာ သင်တန်းများ ပေးခြင်းဖြင့် စွမ်းဆောင်ရည် တည်ဆောက် ပေးခဲ့ပါသည်။ စီမံချက်သည် အီတလီနိုင်ငံ တူရင်မြို့ရှိ ILO နိုင်ငံတကာ သင်တန်းကျောင်းတွင် ရွှေ့ပြောင်း လုပ်သားများ၊ ဒုက္ခသည်များနှင့် ၎င်းတို့၏မိသားစုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အလုပ်ရှင်အလုပ်သမား နှစ်ဦးနှစ်ဖက်ချုပ်ဆိုသည့်စာချုပ်များ ညှိနှိုင်းခြင်းဆိုင်ရာ သင်တန်းများတွင် အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူးများ ပါဝင်တက်ရောက်နိုင်ရန် ပံ့ပိုးပေးခဲ့ပါသည်။မြန်မာ

| IP | ဘတ်ဂျက် နှင့် သတ်မှတ် အချိန်ကာလ | တည်နေရာ | ဦးတည်ချက် |
|---|---|---|---|
| IOM၊ University of Sussex၊ မေတ္တာ ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း | ကန်ဒေါ်လာ ၂ သန်း ၂၀၁၆-၂၀၁၉ | နိုင်ငံတဝှမ်း (ဧရာဝတီ၊ မန္တလေး၊ ရခိုင် နှင့် ရှမ်း တို့အား ဦးတည်၍) | ရွှေ့ပြောင်းသွားလာမှု နှင့် ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာအရေးအတွက် နှင့် အရည်အသွေး သုတေသန |
| အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ | ကန်ဒေါ်လာ ၄ သန်း ၂၀၁၆-၂၀၂၀ | နိုင်ငံတဝှမ်း | ပြည်တွင်း နှင့် နိုင်ငံတကာ လုပ်သား ရွှေ့ပြောင်းမှု စီမံအုပ်ချုပ်ရေး ဖွံ့ဖြိုးမှု |
| BBC Media Action | ကန်ဒေါ်လာ ၃ သန်း ၂၀၁၆-၂၀၂၀ | နိုင်ငံတဝှမ်း | ဘေးကင်းလုံခြုံပြီး အကျိုးရှိသည့် ရွှေ့ပြောင်း သွားလာခြင်းအကြောင်း မီဒီယာ သတင်းအချက်အလက် လှုပ်ရှားမှု |
| IOM၊ PGMF၊ မွန်အမျိုးသမီးများ အဖွဲ့၊ ပါရမီ ဖွံ့ဖြိုးရေး ကွန်ရက်၊ ချင်း လူ့အခွင့်ရေးအဖွဲ့ | ကန်ဒေါ်လာ ၆.၅ သန်း ၂၀၁၇-၂၀၁၉ | ချင်း၊ မန္တလေး၊ မကွေး၊ ရှမ်း၊ မွန်၊ ကရင်၊ တနင်္သာရီ | ရွှေ့ပြောင်းသွားလာရေးအား မူဝါဒရေးဆွဲ ဖော်ဆောင်ရေး တွင် ပါဝင်စေခြင်း နှင့် CSO များ နှင့် မိတ်ဖက်ပြုခြင်းဖြင့် လုပ်သားရွှေ့ပြောင်းမှု၏ ဖွံ့ဖြိုးရေးဆိုင်ရာ သက်ရောက်မှု တိုးမြှင့်ခြင်း |
| CARE, Business Kind Myanmar | ကန်ဒေါ်လာ ၆ သန်း ၂၀၁၇-၂၀၂၁ | ရန်ကုန် | ရန်ကုန်ရှိ အထည်ချုပ်လုပ်ငန်းများရှိ ရွှေ့ပြောင်း အမျိုးသမီးများအတွက် ကျွမ်းကျင်မှုများ လေ့ကျင့်သင်တန်း ပေးခြင်း၊ ကွန်ရက်ချိတ်ဆက်ခြင်း နှင့် ဝန်ဆောင်မှုများ |
| EDEN စီမံချက် | ကန်ဒေါ်လာ ၁ သန်း ၂၀၁၇-၂၀၂၁ | ရန်ကုန်နှင့် ရှမ်း | လိင်အမြတ်ထုတ်ရန် နှင့် အတင်း အဓမ္မ လက်ထပ်ရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခြင်းခံရသည့် အမျိုးသမီးများ အတွက် ခိုလှုံရာ နှင့် ပြန်လည်ထူ ထောင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုများ |
| IOM | ကန်ဒေါ်လာ ၁.၅ သန်း ၂၀၁၅-၂၀၂၀ | ဧရာဝတီ | လုံခြုံစိတ်ချ၍ အကျိုးရှိသည့် ရွှေ့ပြောင်းသွားလာမှုအား အသက်မွေးမှု မဟာဗျူဟာအဖြစ် ဆောင်ရွက်ရန် |

▲ ဇယား ၄.၉
၂၀၁၈ ခုနှစ်အတွင်း LIFT မှ ရန်ပုံငွေ ထောက်ပံ့ခဲ့သည့် စီမံချက်များ

နိုင်ငံသည် ဂျပန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာ (Memorandum of Cooperation) ရေးဆွဲရန် ဆောင်ရွက်လျက်ရှိပြီး မလေးရှားနိုင်ငံရှိ မြန်မာ ရွှေ့ပြောင်း လုပ်သားများ အတွက် လူမှုကာကွယ်စောင့်ရှောက်မှုပေးရေး သဘောတူညီချက်ဆိုင်ရာ ညှိနှိုင်းမှုများ စတင်နေပြီ ဖြစ်သဖြင့် အဆိုပါ သင်တန်း နှစ်မျိုးစလုံးမှာ မြန်မာနိုင်ငံ အခြေအနေနှင့် များစွာ ဆီလျော်မှုရှိပါသည်။ ILO စီမံချက်သည် ရွှေ့ပြောင်းလုပ်သားများအား အကူအညီပေးရေး ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ထိုင်းနိုင်ငံ၊ မလေးရှား နှင့် ကိုရီးယားသမ္မတ နိုင်ငံတွင် တာဝန်ခန့်အပ်မည့် အလုပ်အသမား သံအရာရှိ အသစ်များ အား လည်း သင်တန်းပေးခဲ့ပါသည်။

LIFT ရန်ပုံငွေပံ့ပိုးမှုဖြင့် IOMသည် အားကောင်းသည့် စီမံအုပ်ချုပ်မှု မှတဆင့် လုပ်သားရွှေ့ပြောင်း သွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအကျိုးဆက်များ တိုးမြင့်အောင် ပြုလုပ်ခြင်း (တွဲလက်) စီမံချက်အား ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ စ၍ အကောင်အထည်ဖော် လျက်ရှိပါသည်။ စီမံချက်၏ စီမံအုပ်ချုပ်မှုအပိုင်းတွင် မြန်မာနိုင်ငံရှိ လုပ်အား ရွှေ့ပြောင်းသွားလာရေး စီမံ အုပ်ချုပ်မှုအား အစိုးရအဖွဲ့ တဖွဲ့လုံး အနေဖြင့် ချဉ်းကပ်နည်းလမ်း ဖော်ဆောင်ရန် IOM မှ MoLIP အတွက် နည်းပညာ အကူအညီ ပေးရန် ပါဝင်ပါသည်။

၂၀၁၈ ခုနှစ်အတွင်းတွင် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများတွင် ရွှေ့ပြောင်းသွားလာခြင်းအား ထည့်သွင်းရန် လေ့လာသုံးသပ်မှု ပြီးစီးခဲ့ပါသည်။ အစိုးရအနေဖြင့် မူဝါဒ ရေးဆွဲရာတွင် ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာကိစ္စရပ်များ ပိုမို ကောင်းမွန်စွာ ပေါင်းစပ်ထည့်သွင်းနိုင်ရန်အတွက် မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းသွားလာခြင်း နှင့် ဖွံ့ဖြိုးရေးတို့တွင် ပါဝင်ပတ်သက်နေသည့် ရှိဆဲမူဝါဒများ၊ ယန္တရားများ နှင့် လှုပ်ရှားဆောင်ရွက်သူများအား လေ့လာမှုမှ ဖော်ထုတ်ခဲ့ပါသည်။ အစီရင်ခံစာ၏ အဓိက အကြံပြုချက်များထဲမှ တခုမှာ မြန်မာအစိုးရအနေဖြင့် ရွှေ့ပြောင်းသွားလာခြင်းအား ပါဝင်လာစေရန် သတ်မှတ်ထားသည့် အဖွဲ့ဝင်မှု၊ လုပ်ကိုင်ခွင့် အပ်နှင်းထားသည့် အေဂျင်စီ/ရုံးအဖွဲ့နှင့် ရှင်းလင်းတိကျသည့် လုပ်ငန်းလမ်းညွှန်တို့ဖြင့် ဝန်ကြီးဌာနအချင်းချင်း ညှိနှိုင်း ဆောင်ရွက်ရေး ယန္တရားတည်ဆောက်ရန် ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် မေလတွင် အဓိက ပတ်သက်ဆက်နွယ်သူများ အနေဖြင့် သုံးသပ်လေ့လာမှု၏ တွေ့ရှိချက်များအား ဆွေးနွေးရန် အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုအား MoLIP မှ IOM ၏ ပံ့ပိုးမှုဖြင့် နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲတွင် ဝန်ကြီးဌာန၁၃ခု၊ သမ္မတရုံး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပါသည်။IOMသည်ရှေ့လုပ်ငန်း စဉ်များအတွက် အကြံပြုချက်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲရလဒ် အစီရင်ခံစာအား ရေးသားပြုစုခဲ့ပြီး အဓိက အကြံပြုချက်များအား အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် MoLIP ပြည်ထောင်စု ဝန်ကြီးတို့အား တင်ပြရန် နောက်ဆက်တွဲ အစည်းအဝေးတစ်ခုကိုလည်း ကျင်းပခဲ့ပါသည်။ ဝန်ကြီးဌာနသည် အစီရင်ခံစာ အကြံပြုချက်များအား အဆင့်မြင့် ထောက်ခံချက်ပေးရန်နှင့် ၂၀၁၉ အထိ ဆက်လက်ယူဆောင်သွားရန် စဉ်းစားလျက် ရှိပါသည်။

ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းသွားလာရေးအား တာဝန်ယူမှုရှိပြီး အကျိုးရှိရှိဖြစ်ထွန်းစေရန်အတွက် ပုဂ္ဂလိက ကဏ္ဍနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံသည် ကျေးလက်စိုက်ပျိုးရေးအခြေခံသည့် စီးပွားရေးမှ စက်မှုစီးပွားပုံစံသို့ ကူးပြောင်းနေသည့် ဖွဲ့စည်းပုံ အပြောင်းအလဲ ကာလတွင် ရောက်ရှိနေပါသည်။

ပြောင်းလဲမှုများသည် အလုပ်သမားများအတွက် ပိုမိုမြင့်မားသည့် လုပ်ခလစာများရရှိစေမည့် အလားအလာကောင်းများနှင့် တရားဝင် အလုပ်အကိုင်ဆိုင်ရာ အစီအစဉ်များအား ယူဆောင်လာခဲ့ပါသည်။ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးမှု၏ မောင်းနှင်အားမှာ အထည်ချုပ်ကဏ္ဍဖြစ်ပါသည်။ အထည်ချုပ်လုပ်ငန်းသည် လွန်ခဲ့သည့် နှစ်များအတွင်း သိသိသာသာ ဖွံ့ဖြိုးလာခဲ့ပြီး ၂၀၁၇ ခုနှစ် ဝင်ငွေမှာ ကန်ဒေါ်လာ ၂.၇ သန်းကျော်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အထည်ချုပ်ကဏ္ဍသည် ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ကျေးလက်ဒေသများမှ ရန်ကုန်သို့ ရွှေ့ပြောင်းလာခဲ့ကြသည့် အမျိုးသမီးငယ်များ အများစုပါဝင်သည့် အလုပ်သမားပေါင်း ၄၅၀,၀၀၀ နီးပါးအတွက် အလုပ်အကိုင်များ ပေးအပ်နိုင်သည့် လုပ်ငန်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်ဘေးကင်းလုံခြုံသည့်ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ လုံလောက်သည့် သတင်းအချက်အလက် နှင့် ရယူနိုင်သည့် ဝန်ဆောင်မှုများ မရှိသဖြင့် ပြည်တွင်းရွှေ့ပြောင်းသွားလာသူများအတွက် မြို့ပြဒေသများတွင် ကောင်းမွန်သည့်အလုပ်အကိုင်များ ရှာဖွေမှုမှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေဆဲ ရှိပါသည်။ သင်တန်းများ တက်ရောက်ရန် အခွင့်အလမ်းမရှိခြင်းကြောင့် အလုပ်အကိုင်ရရှိရန်မှာ စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်း ရွှေ့ပြောင်းအမျိုးသမီးလုပ်သားအများစုက အစီရင်ခံကြပါသည်။ အလုပ်ရှင်များသည် သင်ကြားလေ့ကျင့်ထားခြင်းမရှိသည့် လုပ်သားများအား အလုပ်ခန့်ထားရန် တွန့်ဆုတ်ကြသဖြင့် ကျွမ်းကျင်မှု မရှိသည့် ရွှေ့ပြောင်းသွားလာသူများအနေဖြင့် စက်ရုံအလုပ်ရုံများတွင် အလုပ်ရရန် ခက်ခဲပါသည်။ အကယ်၍ အမျိုးသမီးရွှေ့ပြောင်းသွားလာသူများ အနေဖြင့် လုံလောက်သည့် ဝင်ငွေကို မြန်မြန်ဆန်ဆန်မရှာနိုင်ပါက အကြွေးနွံနစ်ခြင်း (သို့) အမြတ်ထုတ်ခြင်းခံရသည့် အလုပ်အကိုင်များ လုပ်ကိုင်ရန် တွန်းပို့ခြင်း ခံကြရနိုင်ပါသည်။

အထည်ချုပ်လုပ်ငန်းတွင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု ပြဿနာများ အများအပြားရှိသဖြင့် ထိုလုပ်ငန်းတွင် ဆက်လက် အလုပ်လုပ်ကိုင်ရန် အမျိုးသမီးများ အနေဖြင့် စိတ်အားထက်သန်မှုမရှိခြင်းလည်း ဖြစ်စေနိုင်ပါသည်။ ရန်ကုန်နှင့် မန္တလေးတို့ရှိ ရွှေ့ပြောင်းလုပ်သားများနှင့် တွေ့ဆုံကာ CARE မှ ပြုလုပ်ခဲ့သည့် စစ်တမ်းတွင် အမျိုးသမီး ၄၂ ရာခိုင်နှုန်းတို့သည် နှုတ်အားဖြင့် နှောင့်ယှက်ခြင်းကို ခံခဲ့ကြရကြောင်း တွေ့ရှိရပါသည်။ ထို့ထက်ပို၍ ဆိုးရွားသည့် ရုပ်ပိုင်းဆိုင်ရာ နှင့် လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုများလည်း ရှိကြောင်းအသိပေးခဲ့ကြပါသည်။ မြန်မာနိုင်ငံရှိအလုပ်သမားဥပဒေများတွင် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုကို တားဆီးရန် သို့မဟုတ် ဖော်ဆောင်ပေးရန် လုံလောက်သည့် ယန္တရားများ ပါဝင်ခြင်း မရှိသည့်အပြင် စက်ရုံပိုင်ရှင်များကြားတွင် ဂုဏ်သိက္ခာပိုင်းဆိုင်ရာ စိုးရိမ်ပူပန်မှုများရှိသဖြင့် ပြဿနာအဖြစ် အသိအမှတ်ပြုရန် အပြင်းအထန် ငြင်းဆန်နေခြင်းလည်း ရှိပါသည်။

LIFTရန်ပုံငွေ ထောက်ပံ့သည့် အောင်မြင်မှု (Aung Myin Hmu, AMH) စီမံချက်သည် အဆိုပါ စိန်ခေါ်မှုများအား ဖြေရှင်းပေးလျက် ရှိပါသည်။ CARE International နှင့် Business Kind Myanmar တို့မှ ပူးပေါင်း အကောင်အထည်ဖော်သည့် ဤစီမံချက်ကို ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ပါသည်။ AMH စီမံချက်မှ ရန်ကုန်မြို့ပြနှင့် အနီးတဝိုက်နေရာများ၊ အထူးသဖြင့် လှိုင်သာယာ နှင့် ရွှေပြည်သာ မြို့နယ်များရှိ အမျိုးသမီးရွှေ့ပြောင်းလုပ်သားများအား ဦးတည်၍ သင်တန်းပေးခြင်း၊ ဘဝတူချင်းချင်း ကွန်ရက်ချိတ်ဆက်မှုများ နှင့် အထောက်အကူပေးသည့် ဝန်ဆောင်မှုများ ပိုမိုလက်လှမ်းမီစေခြင်းမှ တဆင့် ကောင်းမွန်သည့် အလုပ်အကိုင် ရရှိစေမည့် အခွင့်အလမ်းများ ချဲ့ထွင်ပေးလျက် ရှိပါသည်။ ထို့ပြင် စီမံချက်မှ အထည်ချုပ်စက်ရုံ များတွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုဆိုင်ရာ မူဝါဒနှင့် တိုင်တန်းနိုင်သည့် နည်းလမ်းများ ရေးဆွဲအကောင်အထည်ဖော်ရန် စည်းရုံးလှုံ့ဆော်လျက်ရှိပါသည်။




▲ပုံ ၄.၅
အလုပ်သမားညွှန်ကြားမှု ဦးစီးဌာနသို့ နေရာဒေသအလိုက် အစီရင်ခံထားသည့် ရွှေ့ပြောင်းလုပ်သားများ၏ တိုင်တန်းမှုများ

AMH သင်တန်းကျောင်းနှင့် စက်ရုံလုပ်ငန်းခွင်အတွင်းတွင် သင်ကြားပေးသည့် ကျွမ်းကျင်မှုသင်တန်း ရလဒ်များမှာ ကောင်းမွန်ပြီး အထည်ချုပ်ကဏ္ဍရှိ အမျိုးသမီး နှင့် အမျိုးသား ၂,၀၀၀ နီးပါး လုပ်ငန်းခွင်ကျွမ်းကျင် သင်တန်းများ တက်ရောက်အောင်မြင်ခဲ့ပါသည်။ စီမံချက်မှ ကောက်ယူခဲ့သည့် ရလဒ် စစ်ဆေးခြင်းဆိုင်ရာ အချက်အလက်များအရ ပို့ချခဲ့သည့်သင်တန်း များသည် အရည်အသွေး မြင့်ကြောင်း ပြသနိုင်ခဲ့ပြီး မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ် ပြဋ္ဌာန်း ရေး အဖွဲ့ (National Skills Standards Authority-NSSA) ၏ အရည်အချင်းစစ်စာမေးပွဲများအား AMH ကျောင်းဆင်း ၉၅ ရာခိုင်နှုန်း အောင်မြင်ခဲ့ပါသည်။ ပို၍အရေးကြီးသည့်အချက်မှာ AMH မှ လေ့ကျင့်သင်တန်းပေးသူ ၆၄ ရာခိုင်နှုန်းတို့မှာ သင်တန်းတက်ရောက်ဖူးခြင်း မရှိသူ အမျိုးသမီးများထက် ပိုကောင်းသည့်လစာကို ရရှိခြင်းဖြင့် သင်တန်းမှ အထည်ချုပ်ကဏ္ဍရှိ ရွှေ့ပြောင်းအမျိုးသမီးများအတွက် ကောင်းမွန်သည့် လုပ်ငန်းခွင် အခြေအနေများ ပံ့ပိုးပေးလျက်ရှိပါသည်။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ ကုမ္ပဏီများအကြား ခိုင်မာအားကောင်းသည့်မိတ်ဖက်ပြုမှုများသည် AMHစီမံချက်လုပ်ငန်းများအတွက် များစွာ အထောက်အကူပြုခဲ့ပါသည်။ CARE နှင့် အဆိုပါ ပတ်သက်ဆက်နွယ်သူများကြား ထိတွေ့ဆောင်ရွက်မှုများတွင် အမျိုးသမီးကော်မတီများ တည်ထောင်ရာတွင် မြို့နယ်အဆင့် ကော်မတီများအား ပါဝင်စေခြင်း၊ အမျိုးသားအဆင့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှု စံနှုန်း (National Occupational Competency Standards –NOCS) များ သတ်မှတ်နိုင်ရန် အလုပ်သမားညွှန်ကြားမှု ဦးစီးဌာန နှင့် လုပ်ငန်းရှင် အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း နှင့် အထည်ချုပ်စက်ရုံအတွင်း သင်ကြားရေး လိုင်းများ တည်ထောင်လေ့ကျင့်ပေးရန် H&M ကဲ့သို့သော နာမည်ရ အဝတ်အထည် တံဆိပ်ကုမ္ပဏီများထံမှ ကူညီပံ့ပိုးမှု ရရှိခြင်း တို့လည်းပါဝင်ပါသည်။ အဆိုပါ ဆက်ဆံရေးများ ထူထောင်နိုင်ရန် အချိန်နှင့် ရင်းမြစ်များ ရင်းနှီးထည့်ဝင်ခြင်းဖြင့် ပဲခူး၊ ပုသိမ်၊ ဘားအံ နှင့် စစ်တွေ တို့ကဲ့သို့သော အခြား အရပ်ဒေသများတွင် AMH သင်တန်းပုံစံအား ပုံတူပွားရန် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောဆိုခြင်းအပါအဝင် စီမံချက်အတွက် အခွင့်အလမ်းအသစ် အများအပြား ဖန်တီးပေးခဲ့ပါသည်။
*အောင်မြင်မှုသင်တန်းကျောင်းအကြောင်းကို စာမျက်နှာ ၁၄၃တွင် ဖတ်ရှုနိုင်ပါသည်။*

အလုပ်အကိုင်ရရှိပြီးသည့် အထည်ချုပ်စက်ရုံ အလုပ်သမားများ၏ လိုအပ်ချက်များအား ဖြေရှင်းရန် Business Kind Myanmar မှ သုံးပန်လှအသင်းမှတဆင့် ဘဝတူအချင်းချင်း ကူညီရိုင်းပင်းရန် လှုပ်ရှားတက်ကြွသည့် ကွန်ရက်ကြီးတစ်ခု တည်ဆောက်ပေးခဲ့ပါသည်။၂၀၁၈ ခုနှစ်အတွင်းတွင် ရွှေ့ပြောင်းအမျိုးသမီး ၈,၀၀၀ ခန့်အား သတင်းအချက်အလက်များ ဝေမျှရန် နှင့် ကူညီရိုင်းပင်းသည့် ဆက်ဆံရေးများတည်ဆောက်ရန် သုံးပန်လှ၏ 'တနင်္ဂနွေ ကော်ဖီဆိုင်' (Sunday Café) အားလပ်ရက်လှုပ်ရှားမှုတွင် ပါဝင် လှုပ်ရှားခဲ့ကြပါသည်။ အပတ်စဉ် စုဝေးပွဲများသို့ အဖွဲ့ဝင်အသစ်များ စည်းရုံးခေါ်ဆောင်လာလေ့ရှိသည့် တက်ကြွသော အဖွဲ့ခေါင်းဆောင် ၇၀ ဦး ၏ လက်လှမ်းမီ ရောက်ရှိမှုဖြင့် ဤလူထုအခြေပြု ကွန်ရက်အား လည်ပတ်လျက်ရှိပါသည်။သုံးပန်လှ သည် လူမှုကွန်ရက်မှတဆင့် အဖွဲ့ဝင်များ တိုးတက်ရရှိရန် နှင့် ထိတွေ့ဆောင်ရွက်ရန် တက်ကြွစွာ ဆောင်ရွက်လျက်ရှိပြီး အလုပ်သမား အခွင့်အရေး၊ ကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးမှု နှင့် အခြားကိစ္စရပ်များဆိုင်ရာ အရေးကြီး သတင်းအချက်အလက်များအား ဖေ့စ်ဘုတ် စာတိုပေးပို့မှုပေါင်း ၁၀၀,၀၀၀ ကျော် ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။

၂၀၁၈ ခုနှစ်အတွင်းတွင် ကျား၊မ အခြေပြု အကြမ်းဖက်မှုနှင့် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုဆိုင်ရာ CARE ၏ အသိပညာပေး လုပ်ငန်းများ အခြေခိုင်မာစရှိလာခဲ့ပါသည်။ AMH စီမံချက်အဖွဲ့သည် လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ပူးပေါင်း၍ ကျား၊မ အခြေပြု အကြမ်းဖက်မှု နှင့် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုများအား တုံ့ပြန်ဆောင်ရွက်ရာတွင် လွှဲပြောင်းပေးနိုင်မည့် လမ်းကြောင်းများဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ နှစ်ခုအား လှိုင်သာယာမြို့နယ်တွင် ကျင်းပပေးခဲ့ပါသည်။ CARE မှ မြို့ပြနှင့် အနီးတဝိုက်ရှိ ဆင်ခြေဖုံးနေရာများမှ ရွှေ့ပြောင်း အမျိုးသမီးများအတွက် ဥပဒေရေးရာ အကူအညီပေးရေး ဝန်ဆောင်မှုများပေးရန် ဥပဒေရေးရာ ကုစားရေးအဖွဲ့ (မြန်မာ) နှင့် မိတ်ဖက်ပြုခဲ့ပါသည်။ ဥပဒေရေးရာ ကုစားရေး အဖွဲ့ (မြန်မာ) သည် ရပ်ရွာလူထု အသိပညာပေးရေးအတွက် ကြိုးပမ်းလျက်ရှိပြီး ရပ်ရွာလူထုအနေဖြင့် သင့်လျော်ကောင်းမွန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်သည့် ဥပဒေရေးရာ ဝန်ဆောင်မှုများကို အကဲဖြတ် သုံးသပ်ရာတွင် အကူအညီပေးနိုင်ရန် အတွက် ဥပဒေ အထောက်အကူပြုသူများအား လေ့ကျင့်သင်ကြားပေးလျက် ရှိပါသည်။ ၂၀၁၈ ခုနှစ်အတွင်း အမှုပေါင်း ၁၇၉ မှုအတွက် ဥပဒေရေးရာ ဆွေးနွေးတိုင်ပင်ခြင်း နှင့် ဖြန်ဖြေပေးခြင်း ဝန်ဆောင်မှုများ ပေးခဲ့ပြီး၊ အမှုပေါင်း ၂၃ မှုအတွက် တရားစွဲဆိုခြင်း နှင့် အမှုပေါင်း ၁,၅၄၅ မှုအတွက် ၂၄ နာရီ တယ်လီဖုန်း ဖြင့် ဥပဒေရေးရာ အကြံဉာဏ် ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါသည်။

AMH သင်တန်းဝန်ဆောင်မှုများ ရေရှည်တည်တံ့နိုင်မှုအတွက် အာမခံချက်ရှိစေရန် ဘတ်ဂျက်ပါဝင်သည့် စီမံကိန်း သက်တမ်းတိုးခြင်းဖြင့် အထူးအလေးထား ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်းတွင် Overseas Development Institute မှ မြောက်ဒဂုံရှိ သင်တန်းကျောင်း နှင့် စက်ရုံ သင်ကြားရေးလိုင်းများအတွက် ရေရှည်တည်တံ့နိုင်မည့် စီးပွားရေးလုပ်ငန်းပုံစံ ဖော်ဆောင်ရန် မဟာဗျူဟာကို အပြီးသတ်ရေးဆွဲခဲ့ပါသည်။ ရည်ရွယ်ချက်မှာ LIFT ၏ ရန်ပုံငွေ ပံ့ပိုးမှု မပြီးဆုံးခင် နောက်လအလို ၂၀၂၀နှစ်ကုန်တွင် အဆိုပါ ဝန်ဆောင်မှုများအတွက် ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့မှု ရရှိစေရန်ဖြစ်ပါသည်။ စီမံကိန်း အစပိုင်းတွင် သင်တန်းဝန်ဆောင်မှုများ ရေရှည်တည်တံ့နိုင်ရန် စတင်လုပ်ဆောင်ခြင်းဖြင့် AMH ၏ မဟာဗျူဟာအား တိုင်းတာ၍ရပြီး တိုင်ပင်ဆွေးနွေးသဘောထားရယူသည့် ပုံစံဖြင့် ဆက်လက်ဆောင်ရွက်နိုင်ကာ သင်တန်းအစီအစဉ်များ၏ ဝန်ဆောင်မှု အရည်အသွေး သိသိသာသာ လျော့ကျခြင်းမရှိဘဲ ဆက်လက် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

လုံခြုံစိတ်ချပြီး အကျိုးရှိသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ သတင်းအချက်အလက်များ ပေးပို့ရန် အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် မီဒီယာတို့၏ စွမ်းဆောင်ရည် တည်ဆောက်ခြင်း

လိုင်စင်ရ အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများမှတဆင့် တရားဝင် အလုပ်အကိုင်ရှာဖွေရာတွင် ကုန်ကျစရိတ်များပြားပြီး၊ ရှုပ်ထွေးကာ အချိန်ကုန်သည့် လုပ်ထုံးလုပ်နည်း လိုအပ်ချက်များကြောင့် ရွှေ့ပြောင်းလုပ်သားအများစုသည် ပွဲစားများ၊ မိတ်ဆွေများ (သို့) မိသားစုများ၏ အကူအညီဖြင့် တရားမဝင်နည်းလမ်းများမှတဆင့် ရွှေ့ပြောင်းသွားလာရန် ဆက်လက် ကြိုးပမ်းကြဆဲဖြစ်ပါသည်။အဆိုပါ ရွှေ့ပြောင်းသွားလာမှုများအား ကူညီဆောင်ရွက်ပေးသည့် ကွန်ရက်များသည် မြန်မာနိုင်ငံတွင် လုပ်သားရွှေ့ပြောင်းခြင်းအား တရားဝင်ဖြစ်စေရန် ဆောင်ရွက်ပေးသည့် အစိုးရစနစ်များ မတိုင်ခင် အချိန်အတော်ကြာကတည်းက ရှိနှင့်ပြီးဖြစ်ရာ အလုပ်ဖြစ်ရန် ပိုမိုထိရောက်သည့် နည်းလမ်းများ ကြိမ်ရေများစွာ ပံ့ပိုးပေးနိုင်ပါသည်။

သို့သော်လည်း ရိုးဖြောင့်မှုမရှိသည့် လှုပ်ရှားဆောင်ရွက်သူများ ပါဝင်ပတ်သက်နေခြင်း နှင့် တိကျပြီး

ဘက်လိုက်မှုကင်းသည့် သတင်းအချက်အလက်များ မရှိခြင်းက ရွှေ့ပြောင်းသွားလာသူများအားညှင်းပန်းခံရသည့် သားကောင်များ ဖြစ်စေနိုင်သည့် အန္တရာယ် မြင့်မားလှသည်။ ဆိုက်ရောက်ဒေသများတွင် အလုပ်သမားများဖြစ်သည့် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားများသည် မကြာခဏ ဆိုသလို ၎င်းတို့၏ အလုပ်သမား အခွင့်အရေးများနှင့် ပတ်သက်၍ အချက်အလက်များ မှန်မှန်ကန်ကန် သိရှိခြင်း မရှိဘဲ ကျူးလွန်ခြင်းကို ရင်ဆိုင်ရသည့်အခါ ၎င်းတို့သည် အခွင့်အရေးများနှင့်ပတ်သက်၍ အခိုင်အမာ တောင်းဆိုနိုင်ခြင်း မရှိကြပါ။ အထူးသဖြင့် အမျိုးသမီးများ နှင့် တိုင်းရင်းသား လူနည်းစု အုပ်စုများသည် သတင်းအချက်အလက် နှင့် အကူအညီ လက်လှမ်းမီ ရရှိမှုတွင် အခွင့်အရေး နည်းပါးကြပါသည်။[၅၁]

၂၀၁၆ ခုနှစ်တွင် BBC Media Action သည် LIFTနှင့် မိတ်ဖက်ပြု၍ ရွှေ့ပြောင်းသွားလာခြင်းနှင့် ငွေကြေး ဆိုင်ရာ စီမံခန့်ခွဲမှု တို့တွင် ဆုံးဖြတ်ချက်ချရာတွင် သတင်းအချက်အလက် ပိုမိုပံ့ပိုးပေးနိုင်ရန် နိုင်ငံပိုင်နှင့် ဒေသခံ မီဒီယာပလက်ဖောင်းများအားအကောင်းဆုံးအသုံးပြုနိုင်မည့် စီမံချက် ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်၏ အဓိက လုပ်ငန်းများတွင် နိုင်ငံပိုင် ရေဒီယို အစီအစဉ်မှတဆင့် အပါတ်စဉ် ဇာတ်လမ်းတွဲ တင်ဆက်ခြင်း၊ ရွှေ့ပြောင်း သွားလာခြင်း နှင့် အိမ်ထောင်စုများအတွက် ငွေကြေး ဆိုင်ရာများနှင့်သက်ဆိုင်သည့် အကြောင်းအရာများအား အားလုံးပါဝင်သည့် ရပ်ရွာလူထု ဆွေးနွေးပွဲများဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရှစ်ခုတွင် ဆောင်ရွက်ရာတွင် အရပ်ဘက် လူမှုအဖွဲ့အစည်း မိတ်ဖက်များအား အထောက်အကူပေးခြင်း နှင့် နားဆင်သူ ကလပ်အသင်း တွေ့ဆုံပွဲများ အပတ်စဉ် ကျင်းပပေးခြင်းတို့ ပါဝင်ပါသည်။ BBC Media Action မှ အရပ်ဘက် လူမှုအဖွဲ့ အစည်းများ၏ ဦးဆောင်ဆွေးနွေးမှု/လွှယ်ကူချောမွေ့အောင် ပံ့ပိုးကူညီမှု ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီပံ့ပိုးပေးခြင်း ၊ ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ ကိစ္စရပ်များ ထိတွေ့ဆောင်ရွက်စေခြင်းဖြင့် ဒေသခံ နှင့် နိုင်ငံပိုင် မီဒီယာ ကွန်ရက်များ ဖွဲ့စည်းပေးခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းနှင့် ငွေကြေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် နိုင်ငံပိုင်၊ တိုင်းရင်းသားနှင့် ရပ်ရွာလူထု မီဒီယာများမှတဆင့် ပရိသတ်များအား သတင်းအချက်အလက်ပေးရန်နှင့် ထိတွေ့ဆောင်ရွက်နိုင်မည့် အစီအစဉ်များ ထုတ်လွှင့်နိုင်ရန် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက် လျက်ရှိပါသည်။

၂၀၁၇ ခုနှစ်ကတည်းက အပတ်စဉ် ထုတ်လွှင့်ခဲ့သည့် ရေကြည်ရာရေဒီယိုအစီအစဉ်သည် ယုံကြည်ရသည့်၊ သတင်းအချက်အလက်ပေးသည့်၊စိတ်ဓါတ် တက်ကြွ ထက်သန်မှု ဖြစ်စေသည့် အစီအစဉ်ဖြစ်ပါသည်။၂၀၁၈ ခုနှစ်တွင် ရေကြည်ရာ ဇာတ်လမ်းအပိုင်းသစ် ၅၂ ပိုင်း ကို ထုတ်လွှင့်ခဲ့ပါသည်။ အစီအစဉ်သည် ပရိသတ်များ အတွက် ဖြစ်ရပ်မှန် သတင်းအချက်အလက်ပေးရန်အတွက် အချက်အလက် အမျိုးမျိုး၊ ကျွမ်းကျင်ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းမှုများ၊ ဆွေးနွေးမှုများနှင့်ကိုယ်တွေ့ဖြစ်ရပ် များအား တက်ကြွစွာ တင်ဆက်ခဲ့ပါသည်။ BBC Media Actionသည် ရေကြည်ရာအား ဦးတည်အုပ်စုများကို ဖျော်ဖြေပေးရန်နှင့် ချိတ်ဆက်ထိတွေ့မှုရှိစေရန် ပုံစံမျိုးစုံ နှင့် စမ်းသပ်ခဲ့ပါသည်။ ဥပမာ သင်္ကြန်နှစ်သစ်ကူးပွဲတော်ကာလ အတွင်း အစီအစဉ်မှတဆင့် ပြည်တွင်း အနုပညာရှင်များ နှင့် ပူးပေါင်း၍ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာခြင်း နှင့် ငွေကြေး စီမံခန့်ခွဲမှုဆိုင်ရာ မူရင်းသီချင်းအား ရိုးရာ သံချပ် ဂီတ ပုံစံယူကာ ထုတ်လုပ် တင်ဆက်ခဲ့ပါသည်။

BBC Media Actionသည် မိတ်ဖက်များ နှင့် လက်တွဲ၍ မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုတွင် ရေကြည်ရာအစီအစဉ် နားဆင်သူပေါင်း ၂,၀၀၀ ကျော် ဖြင့် အပါတ်စဉ် နားဆင်သူ ကလပ်များ အကြိမ်ရေ ၄၀ကို စီစဉ် ဆောင်ရွက်ခဲ့ပါသည်။ ထုတ်လွှင့်မှု မိတ်ဖက်များသည် ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်နေသူများ၏




▲ ပုံ ၄.၆
နေရာဒေသအလိုက် ရေကြည်ရာ ရေဒီယို အစီအစဉ် ပုံမှန်နားဆင်ကြသူများ

လုပ်ငန်းခွင် အခြေအနေများဆိုင်ရာ အစီအစဉ်အတွက် ရန်ကုန်ရှိ အထည်ချုပ်စက်ရုံ အလုပ်သမားများ နှင့် တိုက်ရိုက်ဆွေးနွေးခန်း အစီအစဉ်များ ထုတ်လုပ်ခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ် မတ်လနှင့် ဇူလိုင်လတွင် အသံသွင်းခဲ့သည့် အစီအစဉ်များတွင် အလုပ်သမား အခွင့်အရေးများနှင့် လုပ်ငန်းခွင် အခြေအနေများဆိုင်ရာ မေးခွန်းများအား အစိုးရ၊ သမဂ္ဂနှင့် လုပ်ငန်းအလိုက် ကိုယ်စားလှယ်များ ထံ တိုက်ရိုက်မေးမြန်းခွင့် ရရှိခဲ့ကြပြီး လူမှုရေးရာ အပြန်အလှန် ဆွေးနွေးမှု နှင့် တာဝန်ခံမှုကို တိုးချဲ့ပေးနိုင်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ သုတေသန လေ့လာမှုများအရ ရေကြည်ရာ ရေဒီယို အစီအစဉ် နှင့် ရေဒီယို စကားဝိုင်း အုပ်စု ဆွေးနွေးပွဲများသည် လုံခြုံစိတ်ချသည့် ရွှေ့ပြောင်း သွားလာမှု နှင့် ငွေကြေး ဆိုင်ရာ စီမံခန့်ခွဲမှုတို့နှင့် ဆိုင်သည့် အသိအမြင် နှင့် အပြုအမူများအား သိသိသာသာ လွှမ်းမိုးမှု ရှိကြောင်း ပြသခဲ့ပါသည်။ အစီအစဉ်၏ ရောက်ရှိမှုနှင့် သက်ရောက်မှုကို တိုင်းတာရန် ၂၀၁၈ ခုနှစ်တွင် တနိုင်ငံလုံးကို ကိုယ်စားပြုသည့် စစ်တမ်းအား ဖြေဆိုသူ ၃,၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ စစ်တမ်းရလဒ်များအား အခြေခံသည့် ယေဘုယျ ခန့်မှန်းချက်များအရ အစီအစဉ် အနေဖြင့် နားထောင်သူ ၃.၂ သန်းထံ ရောက်ရှိခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။ မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် သုံးနှစ်အတွင်း ရေဒီယို နားထောင်သူ အရေအတွက် ကျဆင်းခဲ့သော်လည်း နိုင်ငံအတွင်း ရေဒီယို နားထောင်သူများ ၏ ၄ ပုံ ၁ ပုံ တို့က ဤအစီအစဉ်ကို နားထောင်ခဲ့ကြပါသည်။ ပုံမှန် နားထောင်သူ ၁.၈ သန်း အနက်မှ ၃၈ ရာခိုင်နှုန်းသည် အစီအစဉ် ကို နားထောင်ခြင်းများဖြင့် စိတ်ချလုံခြုံသည့် ရွှေ့ပြောင်းသွားလာမှု ဆိုင်ရာ အသိအမြင်များ "များစွာ" တိုးတက်လာသည်ဟု အစီရင်ခံခဲ့ပါသည်။ ထိုအုပ်စု အတွင်းမှ ၄၃ ရာခိုင်နှုန်းသည် ရေကြည်ရာအစီအစဉ်ကို နားထောင်ခြင်းဖြင့် ၎င်းတို့၏ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု ပိုမို ကောင်းမွန်စေသည့် လုပ်ဆောင်ချက် အနည်းဆုံးတခု လုပ်ခဲ့သည်ဟု ပြောခဲ့ကြပါသည်။

ရေဒီယိုစကားဝိုင်းအုပ်စုများနှင့် အိမ်တွင် နားထောင်သူ

၅၁။ ILO.(၂၀၁၅) မြန်မာနိုင်ငံရှိ လုံခြုံစိတ်ချရသည့် ရွှေ့ပြောင်း သွားလာမှုဆိုင်ရာ အသိအမြင်၊ သဘောထားများ နှင့် အလေ့အကျင့်များ (ဘန်ကောက်)

| ပြည်နယ်/တိုင်းဒေသကြီး | ရွှေ့ပြောင်းသွားလာမှု မပြုမီ | ငွေစုဆောင်းခြင်း၏ အရေးပါပုံ | ဝင်ငွေတိုး လုပ်ငန်း | ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်မှု | စုစုပေါင်း |
|---|---|---|---|---|---|
| မကွေး နှင့် မန္တလေး | 7,007 | 9,134 | 584 | 854 | 17,579 |
| မွန်၊ကရင်နှင့် တနင်္သာရီ | 5,325 | 5,648 | 536 | 384 | 11,893 |
| ရှမ်း | 3,516 | 3,819 | 411 | 601 | 8,346 |
| ချင်း | 11,947 | 3,420 | 304 | 944 | 16,615 |
| | 27,795 | 22,021 | 1,835 | 2,783 | 54,434 |

▲ ဇယား ၄.၁၀ ဒေသအလိုက် ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ မိသားစုများထံ အသိပညာပေးမှုများ ရောက်ရှိမှု နှင့် သင်တန်းဝန်ဆောင်မှုများ

များအား ကောက်ယူသည့် အရည်အသွေးဆိုင်ရာ သုတေသနသည် စစ်တမ်း တွေ့ရှိချက်အများအပြားထင်ဟပ်လျက်ရှိပြီး လေ့လာမှုရလဒ်များကိုလည်း ထပ်မံအတည်ပြုနိုင်ပါသည်- "ရေကြည်ရာမှာ ငွေပမာဏ နည်းနည်းပဲ.. တစ်နေ့ကျပ် ၁,၀၀၀ စုပြီး စီးပွားရေးလုပ်ငန်းတစ်ခု စနိုင်တယ်ဆိုတာကို ပြောထားတယ် အလုပ်ကြိုးစားလုပ်ရင် လုပ်ငန်းကြီးကြီးလုပ်နိုင်မယ်၊ ဒါကို နားထောင်ပြီး ကျွန်မစိတ်ခွန်အားရမိတယ်.. အခု စပြီး စုနေပါပြီ" ဟု ရန်ကုန်မှ အစီအစဉ် နားထောင်သူ အမျိုးသမီး တစ်ဦးက ပြောပါသည်။

အကျိုးခံစားခွင့်ရှိသူများနှင့် ထိတွေ့ဆောင်ရွက်ရန် လူမှုကွန်ရက် အသုံးပြုခြင်းမှာ ၂၀၁၈ ခုနှစ်တွင် ပိုမိုများပြားလာခဲ့ပါသည်။ နှစ်ကုန်ချိန်တွင် ရေကြည်ရာ ဖေ့စ်ဘုတ်စာမျက်နှာ၌ like ပေါင်း ၄၅၅,၉၁၁ ရရှိခဲ့ပြီး ၁၂ လအတွင်း ၂၉၀,၀၀၀ တိုးတက် လာခဲ့ပါသည်။ ယင်း၏ ရောက်ရှိမှုကို တိုးချဲ့ရန် ရေကြည်ရာ ဒီဂျစ်တယ် အဖွဲ့မှ ဖေ့စ်ဘုတ်စာမျက်နှာတွင် ဖော်ပြသည့် အကြောင်းအရာပုံစံအသစ်ကို နာမည်ကျော် ကာတွန်းရေးဆရာ မောင်မောင်ဖောင်တိန်၏ အပတ်စဉ် ကာတွန်း ဇာတ်လမ်းတွဲများဖြင့် စတင်ခဲ့ပါသည်။ စီမံချက်မှ ပရိတ်သတ်များနှင့် အပြန်အလှန်ဆက်သွယ်နိုင်ရန် ဖေ့စ်ဘုတ် တိုက်ရိုက် live ထုတ်လွှင့်ခြင်းကိုလည်း စတင်ခဲ့ပါသည်။ တိုက်ရိုက်ထုတ်လွှင့်ခြင်း အစီအစဉ် ဆယ်ခုဆောင်ရွက်ခဲ့ပြီး ဖေ့စ်ဘုတ်စာမျက်နှာမှတဆင့် စတူဒီယိုတွင်း ပြုလုပ်သည့် ဆွေးနွေးပွဲများကိုလည်း တိုက်ရိုက် livestream ထုတ်လွှင့်တင်ဆက်ခဲ့ပါသည်။ ဤတင်ဆက်မှု ပုံစံတွင် တင်ဆက်သူများအနေဖြင့် မေးခွန်းများအား တယ်လီဖုန်း၊ ဖေ့စ်ဘုတ် မှတ်ချက်များနှင့် ဖေ့စ်ဘုတ် မှတဆင့် ဗွီဒီယိုဖြင့် တိုက်ရိုက်စကားပြောခြင်း (video chat) တို့ဖြင့် ပြန်လည်တုံ့ပြန်ဖြေကြားနိုင်ကြပါသည်။ မေးမြန်းသည့် မေးခွန်းများတွင် ထိုင်းနိုင်ငံ၊ ကိုရီးယား နိုင်ငံ နှင့် ဂျပန်နိုင်ငံတို့သို့ ရွှေ့ပြောင်းသွားလာခြင်း၊ အလုပ်အကိုင်ရှာဖွေခြင်း၊ ကျပ် ၁၀၀,၀၀၀ (ကန်ဒေါ်လာ ၇၀၀) ဖြင့် စီးပွားရေးလုပ်ငန်းစတင်ခြင်း၊ အလုပ်သမားများအတွက် လျော်ကြေးနှင့် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါး နှောင့်ယှက်မှု တို့နှင့်ဆိုင်သည့် မေးခွန်းများ ပါဝင်ပါသည်။

၂၀၁၈ ခုနှစ်တွင် တိုင်းရင်းသားနှင့် ဒေသအခြေစိုက် မီဒီယာ အဖွဲ့အစည်းများအား ဖော်ထုတ်ပြီး စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သတ်မှတ်ရွေးချယ်ရန် လေ့လာသုံးသပ်မှုတစ်ခု ပြုလုပ်ခဲ့ပါသည်။ လေ့လာမှုအပြီးတွင် ရေဒီယို၊ အွန်လိုင်း နှင့် ပုံနှိပ်မီဒီယာ များပါဝင်သည့် မီဒီယာ မိတ်ဖက်အဖွဲ့ ကိုးဖွဲ့ နှင့် မိတ်ဖက်ပြုမှု သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့ပါသည်။ BBC Media Action သည် ရန်ကုန်၊ ကယား နှင့် တနင်္သာရီမှ မိတ်ဖက်အဖွဲ့ ၉ဖွဲ့ အတွက် အထူးဆောင်းပါး/တင်ဆက်မှုပုံစံ ရေးသားနည်း (Feature Reporting) သင်တန်းပို့ ချပေးခဲ့ပြီး ရွှေ့ပြောင်းသွားလာခြင်း နှင့် အခြား ဆက်စပ် အကြောင်းအရာများနှင့်ပတ်သက်သော အစီအစဉ် ၇ ခု ကို ထုတ်လွှင့်ခဲ့ပါသည်။ BBC Media Action သည် ILO နှင့် ပူးပေါင်း၍ မီဒီယာ၊ အစိုးရ နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ အဓိက ပတ်သက်ဆက်နွယ်သူများအတွက် စွမ်းဆောင်ရည် တည်ဆောက်ရန် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို တောင်ကြီးမြို့တွင် ကျင်းပပေးခဲ့ပါသည်။ သင်တန်းများတွင် မီဒီယာအတွက် တွေ့ဆုံမေးမြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ၊ သတင်းထုတ်ပြန်ချက်များ ရေးသားပြုစုနည်း နှင့် စိန်ခေါ်မှုများသည့် အခြေအနေများတွင် မီဒီယာမှ မေးမြန်းချက်များအား တုံ့ပြန်ဖြေဆိုနည်းများ ပါဝင်ပါသည်။

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားများ အထိမ်းအမှတ်နေ့ အခမ်းအနား ကျင်းပရန် အရပ်ဘက်လူမှုအဖွဲ့အစည်း နှင့် အလုပ်သမားအဖွဲ့အစည်းများ ကွန်ရက် နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) တို့မှ ပူးပေါင်း၍ ရန်ကုန်ရှိ နာရေးကူညီမှုအသင်းတွင် အသိပညာပေး သတင်းအချက်အလက်မျှဝေသည့် အခမ်းအနားကို ကျင်းပခဲ့ပါသည်။ ထိုအခမ်းအနားတွင် ရွှေ့ပြောင်းသွားလာသူများ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် မိသားစုဝင်များ ၁,၀၀၀ ကျော် တက်ရောက်ခဲ့ပြီး ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းသွားလာခြင်းနှင့် ရွှေ့ပြောင်းသွားလာရေးအတွက် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှု လိုအပ်ကြောင်း သတင်းစကားများ ဖြန့်ဝေခဲ့ကာ မီဒီယာ အများအပြားမှ ဖော်ပြခဲ့ကြပါသည်။

LIFT ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း(I-OM)၏ တွဲလက်စီမံချက်မှ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ အရှေ့တောင်ပိုင်း နှင့် အပူပိုင်းဇုန်တွင် လုံခြုံစိတ်ချရပြီး အကျိုးရှိသည့် ရွှေ့ပြောင်းသွားလာခြင်းကို အထောက်အကူပေးရန် လက်လှမ်းမီရောက်ရှိမှု နှင့် သင်တန်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ IOM နှင့် လက်တွဲဆောင်ရွက်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ပြည်နယ်နှင့် တိုင်းဒေသကြီး ၇ ခု ရှိ ကျေးရွာပေါင်း ၇၃၂ မှ ရွှေ့ပြောင်းသွားလာသူပေါင်း ၅၄,၀၀၀ အတွက် တိုက်ရိုက် ဝန်ဆောင်မှုများ ပေးခဲ့ပါသည်။ အဓိက ပံ့ပိုးပေးခဲ့သည့် ဝန်ဆောင်မှု လေးမျိုးမှာ (၁) ရွှေ့ပြောင်းသွားလာခြင်းမပြုမီ ကြိုတင်ပြင်ဆင်အသိပေးခြင်း (၂) ငွေလွှဲပေးပို့မှုများ စုဆောင်းခြင်း၏ အရေးပါပုံဆိုင်ရာ သင်တန်း (၃) ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများဆိုင်ရာသင်တန်း (၄) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး သင်တန်းနှင့် အလုပ်အကိုင်ရှာဖွေရေးတို့ ပါဝင်ပါသည်။ ရွှေ့ပြောင်းသွားလာမှုမပြုမီ ကြိုတင်ပြင်ဆင်အသိပေးခြင်း၊ ရွှေ့ပြောင်းလုပ်သားများနှင့် ထိတွေ့မှု တိုးမြှင့်စေရေးတို့အတွက် ဆန်းသစ်တီထွင်သည့် ချဉ်းကပ်နည်းလမ်းဖြင့် ချင်းပြည်နယ်တွင် ပညာပေးပြဇာတ်များ တင်ဆက်ခြင်းမှတဆင့်ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ သတင်းစကားများ ဖြန့်ဝေခဲ့ပြီး ဟားခါး၊ ထန်တလန်၊ ဖလမ်းနှင့် တီးတိန် မြို့နယ်များရှိ လူပေါင်း ၁၀,၀၀၀ ထံ ရောက်ရှိခဲ့ပါသည်။

*ပြဇာတ်များနှင့်ပညာပေးမှုကို စာမျက်နှာ ၁၄၃တွင် ဖတ်ရှုနိုင်ပါသည်။*

၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် တွဲလက် စီမံချက်မှ ပို့ချပေးခဲ့သည့် သင်တန်းများ၏ ရလဒ်များအား ဆန်းစစ်အကဲဖြတ်ရန် အကျိုးရလဒ်စစ်တမ်းကောက်ယူခဲ့ပါသည်။စီမံချက်လုပ်ငန်းများ ဆောင်ရွက်သည့်ဒေသများမှ အကျိုးခံစားခွင့်ရှိသူပေါင်း ၂,၀၀၀ ကျော်တို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။ စစ်တမ်းမှ ရွှေ့ပြောင်းသွားလာခြင်းမပြုမီ သိသင့်သည်များကို သင်တန်း မရရှိမီနှင့် ရရှိပြီးနောက်ပိုင်းက အသိအမြင်များ နှိုင်းယှဉ်ကြည့်ရာတွင် မိသားစုများနှင့် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးရန် လိုအပ်ခြင်း၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များ သတ်မှတ်ခြင်း နှင့် မထွက်ခွာမီ သွားရောက်မည့် နိုင်ငံနှင့် ပတ်သက်သည့် အချက်အလက်များ စုဆောင်းခြင်းတို့ အပါအဝင် ဘေးကင်း

လုံခြုံသည့် ရွှေ့ပြောင်းသွားလာမှု အလေ့အထများဆိုင်ရာ အသိအမြင်များ သိသိသာသာ တိုးတက်ခဲ့ကြောင်း တွေ့ရှိခဲ့ပါသည်။ ငွေကြေးဆိုင်ရာ အသိပညာပေး သင်တန်းများမှာလည်း ထိရောက်အောင်မြင်မှု ရှိကြောင်းတွေ့ရှိရပါသည်။ တက်ရောက်သူ အများစု (၇၁ ရာခိုင်နှုန်း) တို့အား ငွေလွှဲပေးပို့မှုများကို ပိုမို စုဆောင်းစေရန် သင်တန်းမှ တိုက်တွန်းအားပေးနိုင်ခဲ့ပါသည်။ ကျွမ်းကျင်မှု ဆိုင်ရာ သင်တန်းများတွင် တက်ရောက်ခဲ့သည့် အကျိုးခံစားခွင့်ရှိသူများမှ ၄၁ ရာခိုင်နှုန်းသည် အလုပ်အသစ် သို့မဟုတ် စီးပွားရေး အခွင့်အလမ်းအသစ်များ တွေ့ရှိခဲ့ကြောင်းနှင့် ၇၅ ရာခိုင်နှုန်းမှာ သင်တန်းတက်ရသည့် ရလဒ်အနေဖြင့် ဝင်ငွေ တိုးလာခဲ့ကြောင်း အစီရင်ခံခဲ့ပါသည်။

IOM ၏ အသိပညာပေးလုပ်ငန်းများကို ရပ်ရွာထဲတွင် ယုံကြည်မှုရရှိပြီးဖြစ်ကာ ပတ်သက်ဆက်နွယ်သူမျိုးစုံ နှင့် ကျယ်ကျယ်ပြန့်ပြန့်ထိထိရောက်ရောက်လုပ်ဆောင်နိုင်သည့် တိုင်းရင်းသား အရပ်ဘက် လူမှု အဖွဲ့အစည်း သုံးဖွဲ့နှင့် မိတ်ဖက်ပြု၍ အကောင်အထည်ဖော်ခဲ့ပါသည်။ မိတ်ဖက်များတွင် ချင်း လူ့အခွင့်အရေး အဖွဲ့၊ မွန် အမျိုးသမီး အဖွဲ့ နှင့် ပါရမီ ဖွံ့ဖြိုးရေးကွန်ရက် တို့ ပါဝင်ပါသည်။ IOM မှ ဆောင်ရွက်လျက် ရှိသည့် တွဲလက်စီမံချက်၏ အဓိက ရည်ရွယ်ချက်မှာ စီမံကိန်းဆောင်ရွက်ချက်များ ရေရှည်တည်တံ့နိုင်ရန်အတွက် အရပ်ဘက်လူမှုအဖွဲ့အစည်း မိတ်ဖက်များ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ရန် ဖြစ်သည်။ ဤထောက်ပံ့မှုသည် လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့် နည်းပညာ စွမ်းဆောင်ရည်မှစပြီး လက်တွဲပါဝင်သည့် အဖွဲ့အစည်းများ ၏ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ကို တည်ဆောက်ရန်အထိ ရည်ရွယ်ပါသည်။ ၂၀၁၈ ခုနစ် အတွင်းတွင် ရွှေ့ပြောင်းသွားလာရေး နှင့် ဖွံ့ဖြိုးရေး၊ ဆက်သွယ်ရေး၊ အစီရင်ခံစာ ရေးသားနည်းနှင့် ကျား၊ မ ရေးရာတို့အား ဖွံ့ဖြိုးမှုအခင်းအကျင်းတွင် ပါဝင်လာစေရေး၊ လိမ်လည်လှည့်ဖျားမှုများဆိုင်ရာ အသိပညာပေးခြင်း၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် ကျူးလွန်ခြင်းများမှ ကာကွယ်ခြင်းတို့နှင့် ဆိုင်သည့် စွမ်းဆောင်ရည် ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ များအား ယခင်ကပို့ချပေးခဲ့သည့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း သင်တန်းများအပေါ် အခြေခံ၍ တည်ဆောက်ထားပြီး စွမ်းဆောင်ရည်ကို ပြသနိုင်သော တိုးတက်မှုများအတွက် ကူညီပံ့ပိုးပေးပါသည်။

ရွှေ့ပြောင်းသွားလာခြင်း၏ ကောင်းမွန်သော အကျိုးသက်ရောက်မှုများကို အသုံးချရန်နှင့် ရွှေ့ပြောင်းသွားလာခြင်းနှင့် ဖွံ့ဖြိုးရေး မည်သို့ ချိတ်ဆက်သည်ကို ပိုမိုနားလည်သဘောပေါက်ရန် IOM မှ ရွှေ့ပြောင်းသွားလာမှုအား အသက်မွေးမှု မဟာဗျူဟာ အဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုခြင်း (MILDAS) စီမံချက်အား အကောင်အထည်ဖော်လျက်ရှိပါသည်။ စီမံချက်မှ ဒေသခံ CSO ၁၀ ဖွဲ့နှင့် ပူးပေါင်း၍ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာ ၂၂၁ ရွာတွင် သင်တန်းများ ပို့ချလျက် ရှိပါသည်။ အကျိုးရှိသည့် ရွှေ့ပြောင်းသွားလာခြင်း သင်တန်းမှ ရွှေ့ပြောင်းသွားလာရန် အလားအလာ ရှိသူ ၉,၀၀၀ နီးပါး နှင့် မိသားစုဝင် ၆,၀၀၀ ခန့်အား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အကျိုးကျေးဇူးများအား အကျိုးရှိအောင် အသုံးချနည်းများ သင်ကြားပေးခဲ့ပါသည်။ သင်တန်းတွင် ပါဝင်တက်ရောက်သူများထဲမှ ကျပန်းနည်းဖြင့် ရွေးချယ်ပြီး သင်တန်းရလဒ်ကို တိုင်းတာသည့် စစ်တမ်း ကောက်ယူခဲ့ပါသည်။ ရွှေ့ပြောင်းသွားလာရန် ဆုံးဖြတ်ချက်ချသူ ၆၇ ရာခိုင်နှုန်း တို့က သင်တန်းသည် ၎င်းတို့၏ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အတွေ့အကြုံများ အပေါ် ကောင်းကျိုး သက်ရောက်မှုများ ရှိသည်ဟု ဖြေကြားခဲ့ပါသည်။

CSO မိတ်ဖက်များသည် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ပြည့်စုံကျယ်ပြန့်ပြီး တိကျသည့် နောက်ဆုံးရ သတင်းအချက်အလက်များအား ရွှေ့ပြောင်းသွားလာရန် အလားအလာရှိသူများ အဆင်ပြေလွယ်ကူစွာ ရယူနိုင်ရန် အွန်လိုင်းတွင် တင်ပေးရန် အကြိမ်ကြိမ် တောင်းဆိုခဲ့ကြပါသည်။သို့ဖြစ်၍IOM သည် မယ်ရွှေ့ပြောင်း အမည်ဖြင့် ဖေ့စ်ဘုတ် စာမျက်နှာမှ အလိုအလျောက် တုံ့ပြန်ပြောဆိုနိုင်သည့် ချက်ဘော့ (Chatbot)ကို တီထွင်ဖန်တီးခဲ့ပြီး အပြန်အလှန် ဆွေးနွေးခြင်း နှင့် သက်ဆိုင်သည့် သတင်းအချက်အလက် ပေးခြင်းတို့ ဆောင်ရွက်လျက် ရှိပါသည်။ ၂၀၁၈ ခုနစ် မေလတွင် စတင်ခဲ့သည့် မယ်ရွှေ့ပြောင်းသည် ၂၀၁၈ ခုနစ်ကုန်တွင် မေးခွန်းပေါင်း ၄,၃၀၀ ကျော် ဖြေဆိုပေးခဲ့ပြီး ဖေ့စ်ဘုတ် စာမျက်နှာအား like ပေးသူပေါင်း ၁၁,၀၇၃ ဦး ရှိခဲ့ပါသည်။ အဆိုပါ အလိုအလျောက်တုံ့ပြန်နိုင်သည့် Chatbot ကို လူသိများစေရန် ဒီမိုကရက်တစ် မြန်မာ့အသံ နှင့် မဇ္ဈိမ မဂ္ဂဇင်းတို့မှ ကူညီ မြှင့်တင်ပေးခဲ့ပါသည်။

ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှုတွင် ကျား၊မ ရပိုင်ခွင့်၊ တာဝန် ပိုမို တန်းတူညီမျှရေး တုံ့ပြန်မှု ချဉ်းကပ်နည်းလမ်း တည်ဆောက်ပေးခြင်း နှင့် လိင်လုပ်ငန်းတွင် အမျိုးသမီး ရွှေ့ပြောင်းလုပ်သားများအား အမြတ်ထုတ်ခြင်းကို ဖြေရှင်းခြင်း

မြန်မာနိုင်ငံရှိ အမျိုးသမီးများအနေဖြင့် လုံခြုံစိတ်ချရပြီး တရားဝင်ရွှေ့ပြောင်းသွားလာရေး အခွင့်အလမ်းများအား ရယူရာတွင် ရံဖန်ရံခါ၌ ၎င်းတို့ ရနိုင်သည့် အလုပ်အမျိုးအစားများမှာ တရားဝင်မဟုတ်သည့်အခါ လုပ်ခလစာ ပိုနည်းခြင်း နှင့် အလုပ်သမား အခွင့်အရေးကာကွယ်စောင့်ရှောက်မှု ပိုနည်းခြင်း စသည့် စိန်ခေါ်မှုများ ထပ်မံ ကြုံကြရပါသည်။ ယင်းမှာ ထုံးတမ်းစဉ်လာအရ အမျိုးသမီးများ နှင့်သာ ဆိုင်သည့်အလုပ်ဟု ရှုမြင်သည့် အလုပ်အကိုင်များအား တန်ဖိုးထားမှုလျော့နည်းခြင်းနှင့်အမျိုးသားရောအမျိုးသမီးပါ အလုပ်ခန့်ထားသည့် ကဏ္ဍများတွင် ခွဲခြားဆက်ဆံသည့် အလေ့အကျင့်များကြောင့် ဖြစ်ပါသည်။[၅၂]ထို့ပြင် အမျိုးသမီး ရွှေ့ပြောင်းလုပ်သားများသည် ဆိုက်ရောက် နိုင်ငံများတွင် နိုင်ငံခြားသား အလုပ်သမားများ အဖြစ်ဖြင့် လုပ်ကိုင်ရာတွင် တန်းတူညီမျှ ဆက်ဆံမှု မခံရခြင်း တို့အား ကြုံတွေ့ကြရခြင်းများလည်း ပါဝင်ပါသည်။[၅၃]

၂၀၁၈ ခုနစ်အတွင်းတွင် ရွှေ့ပြောင်းအိမ်အကူ အလုပ်သမားများ အမြတ်ထုတ်ခံရခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အခွင့် အရေး အခြေခံ ဆွေးနွေးမှုများ ပိုမိုအားကောင်းစေရန် ဆောင်ရွက်ရာတွင် သိသိသာသာ တိုးတက်မှုများ ရှိပါသည်။ နေရပ်ပြန် လာသည့် အိမ်အကူအလုပ်သမားများသည် ၎င်း တို့၏ အတွေ့အကြုံများနှင့် အကြံပြုချက်များအား လူထုတွေ့ဆုံပွဲများ နှင့် သတင်းမီဒီယာများမှ တဆင့် ပြောကြားခွင့်ရရန် အကူအညီပေးခဲ့ပါသည်။ လူထုတွေ့ဆုံပွဲတစ်ခုတွင် သမဂ္ဂ ဦးဆောင်သူ တစ်ဦးမှ အိမ်အကူအလုပ်အား မြန်မာနိုင်ငံ အလုပ်သမားဥပဒေအောက်တွင် အကျုံးဝင်သည့် အလုပ်အကိုင်အဖြစ် အသိအမှတ် ပြုရန် တောင်းဆိုခဲ့သည်။ ယေဘုယျအားဖြင့် ကုန်သွယ်ရေးသမဂ္ဂများသည် ထိုကဏ္ဍတွင် ယခင်က ပါဝင်ဆောင်ရွက်ခြင်းမျိုး မရှိခဲ့ရာ ယင်းအဆိုမှာ အလွန်အရေးပါသည့် ခြေလှမ်းသစ်တစ်ရပ် ဖြစ်ခဲ့ပါသည်။ ထို့ပြင် ILOသည် လွှတ်တော်အမတ်များနှင့် ထိတွေ့ ဆောင်ရွက်မှုမှ မြန်မာနိုင်ငံ အိမ်အကူ အလုပ်သမားဆိုင်ရာ ဥပဒေတစ်ရပ် ပေါ်ထွန်းလာရေးကို အထောက်အကူပေးမည့် အလွတ်သဘော လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန် အဆိုပြုချက်ကို ဦးတည်စေခဲ့ပါသည်။

TILOသည် ဇွန်လတွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ အိမ်အကူအလုပ်သမားများနေ့ အတွက် စည်းရုံးလှုံ့ဆော်ရေး လှုပ်ရှားမှုများဖြင့် ရန်ကုန်မြို့ အနှံ့အပြားရှိ ဈေးများ နှင့် စတိုးဆိုင်များသို့ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် Juction Square တွင် ကျင်းပသည့်ပွဲ တို့မှတဆင့် လူထောင်ပေါင်းများစွာထံ ရောက်ရှိခဲ့ပါသည်။ မီဒီယာများတွင် ဖော်ပြသည့် အဓိက စည်းရုံးလှုံ့ ဆော်သည့်

၅၂။ ကုလသမဂ္ဂအမျိုးသမီးရေးရာ အဖွဲ့(၂၀၁၇)၊ အာဆီယံ စီးပွားရေး အသိုက်အဝန်းထဲမှ အမျိုးသမီးရွှေ့ပြောင်း လုပ်သားများ (ဘန်ကောက်)

၅၃။ILO(၂၀၁၇)။ ကာကွယ် စောင့်ရှောက်ထားမှာလား(သို့) အန္တရာယ်ကျရောက်စေမှာလား။ အာဆီယံနိုင်ငံများမှ အမျိုးသမီး လုပ်သား ပြောင်းရွှေ့မှုများအပေါ် တားမြစ်မိန့်များနှင့် ကန့်သတ်ချုပ်ချယ်မှုများ (ဘန်ကောက်)

အချက်သုံးချက်မှာ (၁) အိမ်အကူအလုပ်သမားများအား မြန်မာနိုင်ငံရှိ အလုပ်သမားဥပဒေမှ စောင့်ရှောက် ကာကွယ်ပေးသည့် အလုပ်သမားများအဖြစ် အသိအမှတ်ပြုရန် လိုအပ်ခြင်း (၂) နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်နေသည့် အိမ်အကူ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ရန် နှစ်နိုင်ငံသဘောတူစာချုပ်များ ဖော်ဆောင်ရန် အရေးကြီးခြင်းနှင့် (၃) တရားဥပဒေ မူဘောင်အား နိုင်ငံတကာ အလုပ်သမားဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန်အတွက် ILO၏ အိမ်အကူ အလုပ်သမားဆိုင်ရာ ပြဌာန်းချက်(အမှတ်. ၁၈၉) ကို အတည်ပြုရန် လိုအပ်ခြင်း တို့ဖြစ်ပါသည်။

အိမ်အကူလုပ်သားများအတွက် ကောင်းမွန်သော အလုပ်အကိုင်များဖြစ်ထွန်းရန် လက်ရှိဆောင်ရွက်နေဆဲ စည်းရုံးလှုံ့ဆော်မှုများ၊ လှုပ်ရှားမှုများတွင် အထောက်အကူ ဖြစ်စေမည့် နည်းနာလက်စွဲများကို DIILM စီမံချက်မှ ပြုစုခဲ့သည်။ ယင်း စာတမ်းများတွင် အစီအစဉ်တကျ ဖြစ်စေခြင်း- မြန်မာနိုင်ငံတွင် အိမ်အကူအလုပ်သမား ကူညီပံ့ပိုးရေးအဖွဲ့များအတွက် လက်တွေ့လမ်းညွှန်နှင့် ကာတွန်းပုံများဖြင့် ပုံဖော်ထားသည့် ILO ပြဌာန်းချက် ၁၈၉ နှင့် သက်ဆိုင်သည့် လမ်းညွှန် (တို့အိမ်ဖော်အလုပ်သမား- တင့်တင့်တယ်တယ် လုပ်အားရှင်များ) တို့ပါဝင်ပါသည်။ ထို့ပြင် အိမ်အကူ အလုပ်သမားများအတွက် ကောင်းမွန်သည့် အလုပ်အကိုင်ဆိုင်ရာ သဘောတူစာချုပ်အား အတည်ပြုခြင်းဆီသို့ ၊ အိမ်အကူ အလုပ်သမားများအား ဥပဒေဖြင့် အကာအကွယ်ပေးခြင်းနှင့် မြန်မာနိုင်ငံဥပဒေနှင့် သဘောတူစာချုပ် ပြဌာန်းချက် အမှတ် ၁၈၉ နှင့် အကြံပြုချက် အမှတ် ၂၀၁တို့ကြား ကွာဟချက်ကို ဆန်းစစ်ခြင်း အပါအဝင် ရေးသားပြုစုထားပြီးဖြစ်သည့် မူဝါဒဆိုင်ရာ အစီရင်ခံစာများ ပါဝင်ပါသည်။ အဆိုပါ မူဝါဒရေးဆွဲသူများ နှင့် စည်းရုံးလှုံ့ဆော်သူများအတွက် အထောက်အကူပြု စာရွက်စာတမ်းများအား မြန်မာဘာသာ နှင့် အင်္ဂလိပ် ဘာသာတို့ဖြင့် ထုတ်ဝေခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း စောင်ရေ ၉,၀၀၀ ဖြန့်ဝေခဲ့ပြီးဖြစ်ပါသည်။

အိမ်အကူ အလုပ်သမားများအနေဖြင့် အလုပ်အကိုင် ရရှိရေးအတွက် နိုင်ငံခြားသို့ သွားရောက်ခြင်းကို တားမြစ်ထားမှုအား ဖြေလျှော့လိုက်ပြီဖြစ်ကြောင်း တရားဝင်ကြေညာထားခြင်း မရှိသော်လည်း မကြာမီ ထိုသို့ဖြစ်လာလိမ့်မည်ဟူသော ညွှန်ပြချက်များ ရှိပါသည်။ မြန်မာနိုင်ငံ နိုင်ငံခြား အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများ အသင်းချုပ်မှ လိုင်စင်ရ အသင်းဝင်များ ဖြစ်သည့် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများသည် အိမ်အကူ အလုပ်သမားများအား ပွင့်ပွင့်လင်းလင်း ခေါ်ယူခြင်းများ ပြန်လည် စတင်လာခဲ့ပါသည်။ မူဝါဒအဆင့်တွင် ထိုင်း၊ မလေးရှား၊ ဟောင်ကောင်၊ စင်္ကာပူ နှင့် ထိုင်ဝမ်နိုင်ငံများသို့ အိမ်အကူ အလုပ်သမားများ စေလွှတ်ခြင်းဆိုင်ရာ သဘောတူညီချက်များ ရေးဆွဲနိုင်ရန် နှစ်နိုင်ငံဆွေးနွေးမှုများ စတင် ဆောင်ရွက်ခဲ့ပါသည်။ ထိလွယ်ရှလွယ် အခြေအနေများ ပါဝင်ပတ်သက်နေသောကြောင့် အလုပ်အကိုင်ခန့်ထားရေးဆိုင်ရာ တားမြစ်ပိတ်ပင်ချက်ကို တရားဝင် ကြေညာခြင်းမရှိဘဲ ဖြေလျှော့သည့် အခြေအနေက ဖြစ်နိုင်ချေ ပိုများပါသည်။

မြန်မာနိုင်ငံသည် ပြည်တွင်းတွင်သာမက ပြည်ပတွင်ပါ အမျိုးသားများ၊ အမျိုးသမီးများ နှင့် ကလေးသူငယ်များအား လုပ်အားနှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် ရည်ရွယ်၍ လူကုန်ကူးခံရသည့် မူရင်းနိုင်ငံအဖြစ် သတ်မှတ်ခြင်းခံရပါသည်။[၅၄] LIFTသည် ၂၀၁၇ ခုနှစ် မတ်လမှစ၍ ရန်ကုန်ရှိ လိင်လုပ်ငန်းတွင် လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူများအား အသိပညာပေးမှုများရောက်ရှိရန် နှင့် အကူအညီပေးရန် အတွက် Eden စီမံချက်ဖြင့် အထောက်အပံ့ပေးခဲ့ပါသည်။ စီမံချက်သည် အမျိုးသမီးများ နှင့် မိန်းကလေးများအား အမြတ်ထုတ်ခံရသည့် အလုပ်အကိုင်အခြေအနေများမှ ထွက်ခွာပြီး ရေရှည်ရပ်တည်နိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးပါသည်။

၅၄။ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဌာန (၂၀၁၈) လူကုန်ကူးမှု အစီရင်ခံစာ (ဝါရှင်တန်ဒီစီ)

Edenစီမံချက်သည် ရန်ကုန်ရှိလိင်လုပ်သားများ စုဝေးတတ်သည့်နေရာများသို့ လက်လှမ်းမီ ရောက်ရှိခြင်း မှတဆင့် လိင်မှတဆင့် ကူးစက်တတ်သောရောဂါများနှင့် ပတ်သက်သည့် အသိပညာပေးခြင်းများနှင့် လိင်လုပ်သားများအတွက် အခမဲ့ HIV ပိုး စစ်ဆေးပေးသည့် ဝန်ဆောင်မှုများ ပံ့ပိုးပေးခဲ့ပါသည်။ စီမံချက်သည် လိင်လုပ်ငန်းလုပ်ကိုင်နေသူ ၂၀၅ ဦးအား HIV စစ်ဆေးပေး ခဲ့ပြီး ပိုးတွေ့ရှိသူများအတွက် နှစ်သိမ့်ဆွေးနွေးမှုပေးခြင်းနှင့် လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ စီမံချက်၏ ရွေ့လျားဆေးပေးခန်းမှ HIV ပိုး အခမဲ့ စစ်ဆေးပေးခြင်းဖြင့် Eden၏ ဖြစ်ရပ်လေ့လာစီမံခန့်ခွဲသူများအနေဖြင့် လိင်လုပ်သားများ နှင့် ဆက်ဆံရေးတည်ဆောက်နိုင်ပြီး ၎င်းလုပ်သားများတွင် လူကုန်ကူးခံရခြင်း ရှိ၊မရှိ သုံးသပ်နိုင်မည်ဖြစ်သည်။ စီမံချက် စတင်သည့် အချိန်မှ စ၍ လူကုန်ကူးခံရသူ အမျိုးသမီး နှင့် မိန်းကလေးငယ် ၆၂ ဦး တို့အား ဖော်ထုတ်ပြီး ကာကွယ်စောင့်ရှောက်မှုများ ပေးခဲ့ပါသည်။

စီမံချက်သည်လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာ သူများအတွက် အလုံးစုံပံ့ပိုးပေးသည့် နားခိုရာနှင့် ပြန်လည် ထူထောင်ရေး ဝန်ဆောင်မှုများ ပေးပါသည်။Eden ၏ ခိုလှုံရာနေရာသည် လူကုန်ကူးခံရသူများအတွက် စိတ်ဒဏ်ရာ အထူးပြု နှစ်သိမ့်ဆွေးနွေးခြင်း နှင့် ၎င်း တို့၏ ဂုဏ်သိက္ခာနှင့် စိတ်ကျန်းမာရေး ပြန်လည် ရှင်သန်လာစေရန် နှင့် ကုထုံးများဖြင့် ၎င်းတို့၏ အတွေ့အကြုံများမှ ပြန်လည်ကုစားနိုင်ရန်တို့အတွက် လုံခြုံသည့် ပတ်ဝန်းကျင် တစ်ခု ပံ့ပိုးပေးပါသည်။ ခိုလှုံရာ၏ ဝန်ဆောင်မှုများ မှ အမျိုးသမီးများ၏ ရုပ်ပိုင်း၊ စိတ်ခံစားမှုပိုင်း၊ စီးပွားရေးနှင့် လူမှုရေးရာ ကောင်းကျိုးများအတွက် စောင့်ရှောက်ပေးရန် ရည်ရွယ်ပြီး ၎င်းတို့တွင် ရှိသည့် လုပ်ကိုင်နိုင်စွမ်းအား အပြည့်အဝကို နားလည် သဘောပေါက်စေနိုင်မည့် အခွင့်အလမ်းများ ပေးပါသည်။ Eden မှ အကျိုးခံစားခွင့်ရှိသူများ အလုပ်အကိုင်ရှာဖွေရာတွင် အထောက်အကူဖြစ်စေရန် အတွက် လက်ဝတ်ရတနာ လုပ်ခြင်း၊ ဆံပင်အလှပြုပြင်ခြင်း၊ ကွန်ပျူတာ သင်တန်း၊ ကော်ဖီ ဖျော်ခြင်း၊ မုန့်ဖုတ်ခြင်း၊ အရောင်းအတတ်ပညာ နှင့် ဘာသာစကား ကျွမ်းကျင်မှုသင်တန်းများ သင်ကြားပေးလျက်ရှိပါသည်။

Eden စီမံချက်သည် ၂၀၁၉ ခုနှစ်တွင် လိင်လုပ်ငန်းများသို့ လူကုန်ကူးခြင်းခံရသည့် အမျိုးသမီးများအတွက် ပေးသည့် ရှိဆဲဝန်ဆောင်မှုများအပြင် ထပ်မံတိုးချဲ့ရန် စီစဉ်ထားပါသည်။ စိတ်ဒဏ်ရာများအတွက် နှစ်သိမ့် ဆွေးနွေးခြင်း၊ ကျူးလွန်ခံရသူ ဗဟိုပြု တရားစွဲဆိုပေးခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက် အသိပေး အရေးဆိုခြင်း၊ လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူများ အတွက် ပိုမိုကောင်းမွန်သည့် တရားမျှတမှု ရရှိစေရန် တရားဥပဒေရေးရာ မဟာဗျူဟာများ ရေးဆွဲခြင်း နှင့် လူကုန်ကူးမှု တားဆီးရေးအတွက် အသိပညာပေးခြင်းများ ဆောင်ရွက်နေသည့် ဝန်ဆောင်မှုပေးသူများအား စီမံချက်မှ စွမ်းဆောင်ရည်တည်ဆောက်ရေးအတွက် ပံ့ပိုးကူညီမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် စီမံချက် လုပ်ငန်းများအား ရန်ကုန်အပြင် ရှမ်းပြည်နယ် လားရှိုးနှင့် တာချီလိတ်တို့အထိ ချဲ့ထွင်ပြီး ထိုနေရာ နှစ်ခုလုံးတွင် ခိုလှုံရာ နေရာအသစ်များဖွင့်နိုင်ရန် ပြင်ဆင် ထားပါသည်။

ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးမှုများ ဆောင်ရွက်နိုင်ရန်အတွက် အသိအမြင်များကို ပေါင်းစည်းခြင်း/ ပူးပေါင်းဆောင်ရွက်ခြင်း

မကြာသေးမီနှစ်များအတွင်းက မြန်မာအစိုးရအနေဖြင့် မူဝါဒများနှင့် ဥပဒေများကို ပြောင်းလဲရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ မူဝါဒ အသစ်များ နှင့် ဥပဒေအသစ်များ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ပြန်ခဲ့သည် ဖြစ်ရာ ပြန့်ကျဲနေခြင်း နှင့် ကျိုးကြောင်းဆီလျော်မှု

မရှိခြင်းကဲ့သို့သော အခြေအနေလည်း ရှိနေပါသည်။ မူဝါဒ မူဘောင်၏ လစ်ဟာမှုများကို ဆန်းစစ်ရန် ILO ၏ DIILM စီမံချက်သည် မြန်မာနိုင်ငံတွင် လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာမူဝါဒ ဆက်စပ်ကိုက်ညီမှုကို တည်ဆောက်ခြင်းအတွက် စာတမ်းတွဲများ ရေးသားပြုစုခဲ့ရာ ကောင်းမွန်သော သုံးသပ်ချက်များ ရခဲ့သည်။ အဆိုပါစာတမ်းများသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် မူဝါဒဆိုင်ရာ ဆက်စပ်ကိုက်ညီမှု၊ လုပ်သားရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒနှင့် လူကုန်ကူးမှုတားဆီးရေး မူဝါဒ၊ ကျား၊မ ရေးရာ တန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း ဆိုင်ရာမူဝါဒတို့၏ ဆက်စပ်ကိုက်ညီမှုကို သုံးသပ်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် ဖြန့်ဝေပေးမည့် ဤအသိအမြင်ဖွင့်ပေးသည့် စာတမ်းများသည် မြန်မာနိုင်ငံ၏ လုပ်သား ရွှေ့ပြောင်းသွားလာခြင်း စီမံအုပ်ချုပ်မှုဆိုင်ရာ ကဏ္ဍပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းမှု ကို ပိုမိုကောင်းမွန်စေနိုင်မည့် ရင်းမြစ်များအား စုစည်းမှုတစ်ခုအဖြစ် ဖန်တီးပေးနိုင်ခဲ့ပါသည်။

တရားဝင်ကိန်းဂဏန်းအချက်အလက်များ ကောက်ယူခြင်းနှင့် ဆန်းစစ်ခြင်း စွမ်းဆောင်ရည်ဆိုင်ရာ အကန့်အသတ်ရှိခြင်းသည် မြန်မာနိုင်ငံတွင် လုပ်သားရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ မူဝါဒရေးဆွဲရန်အတွက် နောက်ထပ်အရေးကြီးသည့် စိန်ခေါ်မှုတခုအဖြစ် မီးမောင်းထိုးပြခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း အထောက်အထား အခြေပြု မူဝါဒရေးဆွဲရေးအတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက် စာတမ်းကို ILO မှ ရေးသားပြုစုခဲ့ပါသည်။ အဆိုပါ အစီရင်ခံစာသည် လက်ရှိရနိုင်သည့်နိုင်ငံတကာ လုပ်သား ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ တရားဝင်ကိန်းဂဏန်းများ နှင့် စာရင်းအင်းများကို သုံးသပ်ထားပါသည်။ ၎င်းသည် အရေးကြီးသည့် အသိအမြင်ဆိုင်ရာ ကွာဟချက်များ ဖြည့်ဆည်းရန်အတွက် အကြံပြုမှုများ ပြုလုပ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ပန်းတိုင်များအတွက် အစိုးရ၏အစီရင်ခံရမည့် တာဝန်ကို ဖြည့်ဆည်းပေးရန်အတွက် အစိုးရအား ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ဤစာတမ်းအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် မြန်မာဘာသာဖြင့် ထုတ်ဝေမည်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ စ၍ IOM၊ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းနှင် University of Sussex တို့သည် မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာခြင်း နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကြီးစား သုတေသန လုပ်ငန်း တစ်ခုဆောင်ရွက်ရန်အတွက် LIFT မှ ပံ့ပိုးပေးခဲ့ပါသည်။ မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး နှင့် ဘက်စုံဖွံ့ဖြိုးရေး အတွက် လုပ်သားရွှေ့လျားမှုကို ရင်းနှီးမြှုပ်နှံခြင်း (CHIME) စီမံချက်သည် အိမ်ထောင်စု၊ ရပ်ရွာလူထုနှင့် ဒေသန္တရ အဆင့်များရှိ ရွှေ့ပြောင်းသွားလာခြင်း၏ သက်ရောက်မှုကို ဆန်းစစ်ပြီး ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းမှု အတွက် ကောင်းမွန်သည့် ကူညီပံ့ပိုးမှုများ အမြင့်ဆုံး ဆောင်ရွက်ပေးနိုင်မည့် အကြံပြုချက်များ ပေးပါသည်။

CHIMEလေ့လာမှုတွင် မြန်မာနိုင်ငံရှိ အဓိက ရွှေ့ပြောင်းသွားလာမှုစတင်သည့် ဒေသများဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ရွှေ့ပြောင်း သွားလာသူများ၏ အချက်အလက်များ ကောက်ယူပြီး အရေအတွက်နှင့် အရည်အသွေးဆိုင်ရာ သုတေသန ပေါင်းစပ်ထားသည့် ချဉ်းကပ်ပုံနည်းလမ်းကို အသုံးပြုထားပါသည်။ ကျပန်းစနစ်ဖြင့် ရွေးချယ်ထားသည့် အိမ်ထောင်စု စုစုပေါင်း ၃,၁၁၆ စုအား နမူနာယူ၍ စီးပွားရေးဖြစ်ထွန်းမှုနည်းသော အိမ်ထောင်စုများမှ စစ်တမ်းဖြေဆိုသူ ၁၉၂ဦးနှင့် အရည်အသွေးဆိုင်ရာ အသေးစိတ်တွေ့ဆုံမေးမြန်းမှု များကို ဆောင်ရွက်ခဲ့ပါသည်။သုတေသန တွေ့ရှိချက်များ၏ ခိုင်မာမှုကို အတည်ပြုနိုင်ရန်အတွက် ဦးတည်ဆောင်ရွက်သည့် ပြည်နယ်နှင့်တိုင်းဒေသကြီး လေးခုမှ ပတ်သက်ဆက်နွယ်သူများနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ် အစောပိုင်းတွင် Sussex တက္ကသိုလ် မှ အစီရင်ခံစာ ပထမမူကြမ်းအား တင်သွင်းခဲ့ပါသည်။ IOM၊ LIFT နှင့် အခြားနည်းပညာ ကျွမ်းကျင်သူများသည် ပညာရှင်အချင်းချင်း သုံးသပ် အကဲဖြတ်မှုများကို အထူးအလေးထားကာ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် အစောပိုင်းတွင် အစီရင်ခံစာ အပြီးသတ်မူကြမ်း ထွက်ရှိနိုင်မည်ဟု မျှော်မှန်းထားပါသည်။

မြန်မာနိုင်ငံ၌ လေ့လာခဲ့သည့် ဒေသလေးခုရှိ ပြည်သူများ၏ လှုပ်ရှားသွားလာမှုမှာ မြင့်မားပြီး ဒေသတစ်ခုချင်းစီတိုင်းရှိ ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ မောင်းနှင်အားများနှင့် အကျိုးရလဒ်များ၏ ပြောင်းလဲမှုများကို သုတေသန၏ အဓိက တွေ့ရှိချက်များတွင် အသေးစိတ် ဖော်ပြထားပါသည်။လေ့လာမှုအရ မြန်မာနိုင်ငံသည် အမှန်တကယ် ဆက်လက် ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး ပြည်တွင်း နှင့် ပြည်ပသို့ သွားလာရန် အခွင့်အလမ်းများ ဖြစ်ထွန်းလျက်ရှိကာ လုပ်သားရွှေ့ပြောင်းသွားလာမှုမှာလည်း ဆက်လက်များပြားလာနေကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။ ဤသုတေသန လေ့လာမှုသည် ရွှေ့ပြောင်းသွားလာမှု၏ ကောင်းမွန်သည့် သက်ရောက်မှုများအား ပံ့ပိုးပေးခြင်းနှင့် ပိုမို အားကောင်းစေခြင်း၊ ရွှေ့ပြောင်းသွားလာသူများ ရင်ဆိုင်တွေ့ကြုံနေရသည့် စွန့်စားရမှုနှင့် ထိခိုက်လွယ်မှုများကို လျှော့ကျစေခြင်းတို့အတွက် ခိုင်မာ အားကောင်းသည့် မူဝါဒ အစီအမံများ ချမှတ်ထားရန် အကြံပြုထားပါသည်။

CHIME အစီရင်ခံစာကို နေပြည်တော်တွင် အစိုးရက ဦးဆောင်ကျင်းပသည့် ၂၀၁၈ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားတွင် မိတ်ဆက်ခဲ့ပါသည်။ ဒုတိယသမ္မတမှ တက်ရောက်အမှာစကားပြောကြားသည့် အဆိုပါ နိုင်ငံတော်အဆင့် အခမ်းအနားတွင် ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ သံအမတ်ကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ အကြီးအကဲများနှင့် အခြား ပတ်သက်ဆက်နွယ်သူများ အပါအဝင် စုစုပေါင်း တက်ရောက်သူ ၅၀၀ ကျော် ရှိခဲ့ပါသည်။ အခမ်းအနားတွင် အစီရင်ခံစာ၏ အရေးပါသည့် တွေ့ရှိချက်များအား ဗွီဒီယိုဖြင့် ပြသခဲ့ရာ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း၊ Sussex တက္ကသိုလ်၊ IOM နှင့် LIFT ၏ ရန်ပုံငွေဘုတ်အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းမှုများလည်း ပါဝင်ပါသည်။ အခမ်းအနားတက်ရောက်သူများအားလုံးအတွက် အစီရင်ခံစာ အနှစ်ချုပ်အား အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖြန့်ဝေပေးခဲ့ခြင်းဖြင့် လေ့လာမှု၏ ရလဒ်များအား အဓိက ဆုံးဖြတ်ချက်ချသူများ၏ လက်ထဲသို့ အရောက်ပို့ပေးနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံရှိ ရွှေ့ပြောင်းသွားလာသူများနှင့် ၎င်းတို့ မိသားစုများ၏ အမျိုးမျိုးသော ဖြစ်ရပ်မှန်များအား ကောင်းမွန်သည့် အထောက်အထားအဖြစ် CHIME လေ့လာမှုမှ ဖော်ထုတ်ပေးခဲ့ပါသည်။ သို့သော်လည်း CHIME စီမံချက်၏ ရည်ရွယ်ချက်မှာ အစီရင်ခံစာ ထုတ်ပြန်ရုံသက်သက်မဟုတ်ဘဲ ထိုထက်ပို၍ ကျော်လွန်မျှော်မှန်းထားပါသည်။လေ့လာမှုကို ဆောင်ရွက်ရခြင်းမှာ အသိအမြင် ကွာဟချက်များကို ဖြည့်စွက်ရန်ဖြစ်ပြီး သို့မှသာ ရွှေ့ပြောင်းသွားလာခြင်းနှင့် ဖွံ့ဖြိုးရေး ချိတ်ဆက်မှုအား မြန်မာ အစိုးရ၊ ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်သူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင် ပုဂ္ဂလိက ကဏ္ဍမှ ပိုမို သဘောပေါက် နားလည်ကာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွှေ့ပြောင်းသွားလာရေးအား အကျိုးအရှိဆုံး အသုံးချပြီး အထောက်အထား အခြေပြု အကြံပြုချက်များကို အရေးယူဆောင်ရွက်ရန် စည်းရုံးတိုက်တွန်းနိုင်မည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် CHIME စီမံချက်၏ နောက်ဆုံး လက်ကျန် ခြောက်လအတွင်း စီမံချက်မှ လေ့လာတွေ့ရှိချက်များအား အွန်လိုင်း၊ သတင်းစာဂျာနယ်များနှင့် အခြားမီဒီယာ ထုတ်လွှင့်မှုများ မှတဆင့် ဦးတည် ပရိသတ်များထံ ရောက်ရှိစေရန် ဆောင်ရွက်မည်ဖြစ်သည်။

## ရှေ့သို့ မျှော်ကြည့်လျှင်

LIFT၏ စီမံကိန်းနောက်တစ်ဆင့် (၂၀၁၉-၂၀၂၃) အတွက် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့်လုပ်သားရွှေ့လျားမှုတို့အား အကြောင်းအရာတစ်ခုအဖြစ် ထည့်သွင်းရေးဆွဲပြီး ဖြစ်ပါသည်။ ယင်းမှာ မြန်မာနိုင်ငံတွင် ပြည်တွင်းနှင့်ပြည်ပ ရွှေ့ပြောင်းလုပ်သားများအား ထိခိုက်လွယ်ဆုံး လုပ်သားအုပ်စုထဲတွင် ဆက်လက် ထည့်သွင်းထားပြီး သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်အခြေအနေများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းလာရေးအတွက် ဆောင်ရွက်မည့် မဟာဗျူဟာပြောင်းလဲမှုကို ကိုယ်စားပြုပါသည်။

ဤအကြောင်းအရာ နယ်ပယ် မူဘောင်တွင် မြန်မာနိုင်ငံ၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်များ ဖြစ်ထွန်းရေးအတွက် အခြေခံအလုပ်သမား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းအား အခြေခံအုတ်မြစ်အနေဖြင့် ထားရှိမည် ဖြစ်သည်။ ဤချဉ်းကပ်နည်းလမ်းတွင် ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်စေသည့် စီးပွားရေးဖွံ့ဖြိုးမှုရရှိစေမည့် လမ်းကြောင်းကို လုပ်သားဈေးကွက်အတွင်း အခြေခံထားရမည်ဖြစ်သည်။ ၎င်းလုပ်သားဈေးကွက်သည် လုပ်ခလစာ သင့်တင့်မျှတစွာရသော လုပ်ငန်းခွင်ဖြစ်ထွန်းစေပြီး၊ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခြင်းနှင့် စုပေါင်း ဈေးနှုန်းညှိနှိုင်းမှုများလည်း လုပ်ဆောင်လာနိုင်ကာ အဓမ္မအလုပ်ခိုင်းစေခြင်းနှင့် ကလေးလုပ်သားခိုင်းစေခြင်းကို ခွင့်မပြုသော (သို့) အလုပ်ခန့်ထားခြင်းနှင့် ပတ်သက်၍ ခွဲခြားဆက်ဆံမှု မရှိသော ဈေးကွက်ဖြစ်လာမည် ဖြစ်သည်။

ဤမဟာဗျူဟာအား အကောင်အထည်ဖော်ရန်အတွက် ဦးတည်ချက်ကို ပြန်လည်ချိန်ညှိရန် လိုအပ်မည် ဖြစ်ပါသည်။ လုပ်အား အမြတ်ထုတ်ခံရခြင်းနှင့် ကျူးလွန်ခံရခြင်းအမှုများအား တမူချင်းစီ ဦးတည်ကူညီပံ့ပိုးပေးမည့် စီမံကိန်း ဆောင်ရွက်ချက်များ လုပ်ဆောင်မည့်အစား မြန်မာနိုင်ငံအတွက် အသွင်ကူးပြောင်းသည့် ပြုပြင်ပြောင်းလဲမှုများရရှိအောင်မြင်စေမည့် ကဏ္ဍအလိုက် အချက်များအား ဆောင်ရွက်မည် ဖြစ်သည်။ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် နှင့် လုပ်သားပြောင်းရွှေ့ခြင်း အစီအစဉ်သည် အမျိုးသမီးများ၊ ရွှေ့ပြောင်းသွားလာသူများ၊ တိုင်းရင်းသား လူနည်းစုများ၊ ပြင်ပလမ်းကြောင်းမှ အလုပ်သမားများ၊ နေရပ်စွန့်ခွာ တိမ်းရှောင်သူများ၊ မသန်စွမ်းများနှင့် LGBTQI အသိုက်အဝန်းမှသူများ အပါအဝင် အဖယ်ကြဉ်ခံ/လစ်လျူရှုခံ လုပ်သားအုပ်စုများမှ တွေ့ကြုံခံစားရသည့် ကဏ္ဍဆိုင်ရာ ထိခိုက်လွယ်မှုများ လျော့ကျစေရန် ဦးတည်ဆောင်ရွက်မည်ဖြစ်သည်။ စီမံကိန်းဆောင်ရွက်ချက်များသည် အလုပ်သမား ဥပဒေနှင့် လူမှုကာကွယ် စောင့်ရှောက်ရေး ဥပဒေများမှ ဖယ်ထုတ်ထားသည့် ကဏ္ဍများ၊ ထိရောက်မှုမရှိသည့် လုပ်သား ရွှေ့လျားမှု စနစ်များ၊ တာဝန်ခွဲဝေမှုတွင် ကျား၊မ အခြေပြု တားမြစ်ပိတ်ပင်မှုများ၊ လိင်လုပ်ငန်းအား ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်းနှင့် အခြား ကျူးလွန်ခံရနိုင်သည့် အန္တရာယ်များ တွေ့ကြုံနိုင်သည့် အခြေအနေများကို ဖြေရှင်းဆောင်ရွက်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ခိုင်ခိုင်မာမာ အမြစ်တွယ်နေပြီးဖြစ်သည့် ကျား၊မ ရေးရာ တန်းတူညီမျှမှု မရှိခြင်းကြောင့် ကောင်းမွန်သည့် အလုပ်ဖြစ်ပေါ်လာရန် အတွက် ကြီးမားသည့် စိန်ခေါ်မှုများရှိနေသည်ဖြစ်ရာ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် နှင့် လုပ်သား ရွှေ့ပြောင်းမှုမှု အစီအစဉ်သည် "လမ်းနှစ်သွယ်" ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ပထမလမ်းကြောင်းဖြင့် စီမံကိန်း လုပ်ငန်း အားလုံးတွင် ကျား၊မ ရေးရာအား ပါဝင်လာစေရေးအတွက် စေ့စပ်သေချာစွာ ဆောင်ရွက်မည် ဖြစ်ပါသည်။ ဒုတိယအနေဖြင့် အမျိုးသမီးများ၏ အသံ၊ ကိုယ်စားပြုမှုနှင့် ပါဝင်ဆောင်ရွက်မှု တို့ တိုးမြှင့်ပေးရန် သီးသန့် ရည်ရွယ်ကာ စီမံကိန်းလုပ်ငန်းများအား ဦးတည်ဆောင်ရွက်မည်ဖြစ်သည်။

ကျား၊မ ရေးရာအတွက် အချိုးကျ ဘတ်ဂျက် ခွဲဝေမှုအား ထည့်သွင်းခြင်းနှင့် ထိုဦးတည်ချက်များနှင့် ဆိုင်သည့် သီးသန့် ကုန်ကျစရိတ်များအတွက် အစီရင်ခံခြင်းတို့ဖြင့် စီမံကိန်း ဆောင်ရွက်ချက်များတွင် လုံလောက်သည့် ရင်းမြစ်များ ရယူနိုင်စေမည်ဖြစ်သည်။

သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်နှင့် လုပ်သားရွှေ့ပြောင်းမှုမဟာဗျူဟာ စတင် အကောင်အထည်ဖော်ရန်အတွက် အကြောင်းအရာအလိုက် စုစည်းထားသည့် အဆိုပြုလွှာများကို ၂၀၁၉ ခုနှစ်တွင် ဖိတ်ခေါ်ဆောင်ရွက်မည်ဖြစ်သည်။

## သင့်တင့်လျောက်ပတ်သော အလုပ်ဆိုသည်မှာ

*အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) မှ အဓိပ္ပါယ်ဖွင့်သည့် သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဆိုသည်မှာ " အကျိုးဖြစ်ထွန်း၍ သင့်တင့်မျှတသည့် ဝင်ငွေရစေကာ၊လုပ်ငန်းခွင်ဘေးကင်းလုံခြုံပြီး မိသားစုများအတွက် လူမှုကာကွယ်စောင့်ရှောက်မှုရှိပြီး မိမိ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုပေါင်းစည်းရေးအတွက် အလားအလာကောင်းများရှိသည့်၊ လူအများနေဖြင့် ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို လွတ်လပ်စွာထုတ်ဖော်နိုင်ခွင့်ရှိပြီး၊၎င်းတို့၏ ဘဝများအပေါ် သက်ရောက်မှုရှိသည့် ဆုံးဖြတ်ချက်များချရာတွင် ကိုယ်တိုင်စီစဉ်ခြင်းနှင့် ပါဝင်ဆောင်ရွက်ခြင်းအပြင် အမျိုးသမီးများ နှင့် အမျိုးသားများအားလုံးအတွက် တူညီသည့် အခွင့်အလမ်းနှင့် ဆက်ဆံမှု" တို့ရှိသည့် အလုပ်အကိုင်ကို ဆိုလိုပါသည်။ သို့ဖြစ်ရာ ထိုအလုပ်အကိုင်အား အဆိုးရွားဆုံး အတိုင်းအတာဖြင့် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်း ဟူသော အခမ့်ခိုင်းစေခြင်းနှင့် လူကုန်ကူးခြင်းတို့သည် ဆန့်ကျင်ဘက်လားရာ၏ အဆုံးအစွန်းတစ်ဖက်ဟု မှတ်ယူနိုင်ပါမည်။*




▲ ပုံ ၄.၇
LIFT ရန်ပုံငွေများမှ ဒေသဆိုင်ရာ အဖွဲ့အစည်းများမှ စီမံခန့်ခွဲနေသည့် ဘတ်ဂျက် ပါဝင်မှုရာခိုင်နှုန်း

၄.၄

# အရပ်ဘက် လူမှုအဖွဲ့အစည်းအား ကောင်းစေခြင်း

မြန်မာနိုင်ငံတွင် အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ရေရှည်တည်တံ့ခိုင်မြဲစွာ ဖွံ့ဖြိုးမှုကို ပံ့ပိုးပေးရန်အတွက် ဒေသခံအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်းသည် LIFT၏ပံ့ပိုးမှုများအား ပြည့်စုံစေမည့် အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ စီမံကိန်းစတင်သည့် ကာလမှစ၍ LIFT သည် အမျိုးမျိုးသော ရန်ပုံငွေ အခွင့်အလမ်းများမှတဆင့် အရပ်ဘက် လူမှု အဖွဲ့အစည်း မိတ်ဖက်များနှင့် လက်တွဲဆောင်ရွက်ခဲ့ပါသည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ အဆိုပြုလွှာ လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးနိုင်ရန်အတွက် လုပ်ငန်းစဉ်အသစ်များကို ၂၀၁၆ ခုနှစ်တွင် အကောင်ထည်ဖော်ခဲ့သည်။ ရလဒ်အနေဖြင့် LIFT ၏ ရန်ပုံငွေ အခွင့်အလမ်းများမှတဆင့် မြန်မာ CSO များသို့ LIFT ရန်ပုံငွေ ပေးအပ်ခဲ့သည့် အချိုးမှာ တိုးတက်မှု ရှိပါသည်။ ၂၀၁၆ ခုနှစ်တွင် မဟာဗျူဟာမြောက် မိတ်ဖက်မှုပုံစံကို တည်ထောင်ခဲ့ခြင်းနှင့် အသေးစားထောက်ပံ့ ရန်ပုံငွေများကိုလည်း မြစ်ဝကျွန်းပေါ်ဒေသ အပူပိုင်းဇုန်နှင့်တောင်တန်းဒေသတို့တွင် ထူထောင်ခဲ့ပါသည်။ LIFT ၏ ရန်ပုံငွေဘုတ်အဖွဲ့သည် ၂၀၁၉ ခုနှစ်မှစ၍ LIFTရန်ပုံငွေ အခွင့်အလမ်းများ အားလုံး၏ ဝေစုတစုအား CSO မိတ်ဖက်များအတွက်မှတပါး အခြားအရာများအတွက် အသုံးမပြုရန်အတွက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဆုံးဖြတ်ခဲ့ပါသည်။

LIFT သည် ရန်ပုံငွေစုစုပေါင်းမှ ပြည်တွင်း CSO အဖွဲ့များမှ တိုက်ရိုက်စီမံခန့်ခွဲနေသည့် ဘတ်ဂျက် ပါဝင်မှုရာခိုင်နှုန်းအား ဆက်လက်၍ စောင့်ကြည့်မှတ်တမ်းတင်ခဲ့ရာ ၂၀၁၈ ခုနှစ်တွင် ရန်ပုံငွေ၏ ၂၁ ရာခိုင်နှုန်းရှိပါသည်။

အသေးစား ရန်ပုံငွေထောက်ပံ့မှုများ

၂၀၁၈ ခုနှစ်၊ ပထမနစ်ဝက်တွင် အသေးစား ရန်ပုံငွေ (၃)ခုလုံးသည် ၎င်းတို့၏ နည်းစနစ်များကို အကောင်အထည်ဖော်စမ်းသပ်ခဲ့ခြင်း၊ မြို့နယ်အကဲဖြတ်မှုများ ပြုလုပ်ခဲ့ခြင်း၊ မြို့နယ်အဆင့်ကွန်ရက်များ ဖွဲ့စည်းထူထောင်ခြင်းအား ပံ့ပိုးပေးခဲ့ခြင်းနှင့် ပံ့ပိုးမှုခွင့်ပြုရန်အတွက် ကိုယ်စားလှယ်နှင့် အကြံပေးကော်မတီများ တည်ထောင်ခဲ့ခြင်းများ ပြုလုပ်ခဲ့ပြီး အသေးစားရန်ပုံငွေပံ့ပိုးမှုများအား အပြည့်အဝလည်ပတ်ဆောင်ရွက်နေခဲ့ပါသည်။

တောင်တန်းဒေသ အသေးစားရန်ပုံငွေအား SWISSAID ၊ မေတ္တာနှင့် GRET တို့ ပေါင်းစပ်ပါဝင်ထားသည့် အဖွဲ့မှဆောင်ရွက်ပါသည်။ ၂၀၁၈ ခုနှစ်နှစ်ကုန်တွင် တောင်တန်းဒေသ အသေးစား ရန်ပုံငွေမှ မြို့နယ်ပေါင်း ၁၅ခု နယ်ရှိ မြို့နယ်အဆင့် မိတ်ဖက်၁၂၁ ဖွဲ့အား ရန်ပုံငွေများပေးအပ်ခဲ့ပါသည်။ရန်ပုံငွေသည် ပင်မ ထောက်ပံ့မှုများ၊ ကနဦး ပံ့ပိုးမှုများနှင့် အခွင့်အလမ်းများအတွက် ပံ့ပိုးမှုများ ထုတ်ပေးပါသည်။ ပင်မထောက်ပံ့မှုများသည် ရန်ပုံငွေ၏ အဓိက ရည်မှန်းချက်နှင့် စီမံကိန်း၏ အကျိုးစီးပွားအတွက် တိုက်ရိုက်ထည့်ဝင်သည့် စီမံချက်များအတွက်ဖြစ်ပြီး ၆လကျော် လုပ်ဆောင်မည့် စီမံချက်များအတွက် ပံ့ပိုးငွေများမှာ ကန်ဒေါ်လာ ၁၃,၀၀၀ မှ ၄၆,၀၀၀ ကြားရှိပါသည်။ ကနဦးပံ့ပိုးမှုများမှာ အမြင့်ဆုံး အမေရိကန် ဒေါ်လာ၂,၀၀၀ဖြင့် ပိုမိုသေးငယ်သော CSOများအား ပံ့ပိုးပေးခြင်း ဖြစ်သည်။ အဓိကအားဖြင့် ပင်မပံ့ပိုးမှု လျှောက်ထားရန်အတွက် စီမံချက်အတွေးအခေါ်များ အရည်အချင်းပြည့်မီသည့် အခြေအနေသို့ ရောက်ရှိသည်အထိ တည်ဆောက်နိုင်ရန်အတွက် ပံ့ပိုးပေးရန် ဒီဇိုင်းရေးဆွဲခဲ့ပါသည်။အခွင့်အလမ်းပံ့ပိုးမှုမှာ ရန်ပုံငွေ၏ အဓိက ရည်ရွယ်ချက်များအတိုင်း ကြိုတင်စီစဉ်ထားခြင်းတွင်မပါဝင်ဘဲအခြေအနေအရပေါ် ပေါက်သည့် စည်းရုံးလှုံ့ဆော်ရေး လှုပ်ရှားမှုများဆောင်ရွက်ရန် အခွင့်အလမ်းများအတွက် အဖြစ်ပြီး စီမံကိန်း အကျိုးဖြစ်ထွန်းမှု နှင့် တိုက်ရိုက် လိုက်လျောညီထွေဖြစ်သည့် တကြိမ်တခါသာပေါ် ပေါက်လာသည့် အခွင့်အလမ်းများကို ရယူနိုင်ရန် အသေးစား ပံ့ပိုးမှု လိုအပ်သော အရပ်ဘက် လူမှုအဖွဲ့အစည်း အုပ်စုများအတွက် ဖြစ်ပါသည်။ အမြင့်ဆုံး ပံ့ပိုးမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁,၃၀၀) ဖြစ်ပါသည်။

မြစ်ဝကျွန်းပေါ်ဒေသ အသေးစားရန်ပုံငွေအား GRET မှ ဆောင်ရွက်ပါသည်။ ၂၀၁၈ ခုနှစ် နှစ်ကုန်တွင် မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့နယ်များတွင် ထောက်ပံ့ငွေ လက်ခံထားသည့် CSO အဖွဲ့ (၇၀) ရှိခဲ့ပါသည်။ မြစ်ဝကျွန်းပေါ် အသေးစား ရန်ပုံငွေမှာ စီမံချက် ထောက်ပံ့မှုနှင့် အထူးထောက်ပံ့မှုများအတွက် ပံ့ပိုးပေးပါသည်။ စီမံချက်ထောက်ပံ့မှု ရန်ပုံငွေအမျိုးအစားမှာ ရန်ပုံငွေ ရည်ရွယ်ချက်အား ပံ့ပိုးသည့် အဓိက လုပ်ငန်းများအား ပံ့ပိုးပေးရန် အမေရိကန်ဒေါ်လာ ၁၃,၀၀၀ နှင့် ၂၀,၀၀၀ ကြားရှိသည့် ထောက်ပံ့မှုများ ဖြစ်ပါသည်။ အထူးပံ့ပိုးမှု အမျိုးအစားမှာ ရန်ပုံငွေ ပမာဏနည်းပါးပြီး အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှု၊ အထောက်အထား တည်ဆောက်ခြင်း၊ အလေ့အကျင့်ကောင်းများနှင့် သုတေသန ဆောင်ရွက်ခြင်းများ နှင့် သက်ဆိုင်သော လုပ်ငန်းများအတွက် ရည်ရွယ်ပါသည်။

| | အထူး ထောက်ပံ့မှု | စီမံချက် ထောက်ပံ့မှု | ကုန်ကျစရိတ်ပြန်လည် ထုတ်ပေးသည့် ထောက်ပံ့မှု | သတ်မှတ် ပမာဏဖြင့် ထောက်ပံ့မှု | ပင်မ ထောက်ပံ့မှု | ကနဦး ထောက်ပံ့မှု | အခွင့်အလမ်း ထောက်ပံ့မှု | စုစုပေါင်း | ထောက်ပံ့မှုများ တန်ဖိုး (ကန် ဒေါ်လာ) |
|---|---|---|---|---|---|---|---|---|---|
| မြစ်ဝကျွန်းပေါ်ဒေသ | 20 | 50 | | | | | | 70 | 674,092 |
| အပူပိုင်းဇုန် | | | 48 | 28 | | | | 76 | 363,836 |
| တောင်တန်းဒေသ | | | | | 92 | 14 | 15 | 121 | 1,958,721 |
| | | | | | | | | 267 | 2,996,649 |

▲ဇယား ၄.၁၁
အသေးစားရန်ပုံငွေများမှ ပံ့ပိုးပေးခဲ့သည့်ထောက်ပံ့မှု အရေအတွက်နှင့် စုစုပေါင်း တန်ဖိုး

အပူပိုင်းဇုန် အသေးစားရန်ပုံငွေအား PACTမှဆောင်ရွက်ပြီး ၂၀၁၈ ခုနှစ်တွင် ထောက်ပံ့ငွေများ စတင် ထုတ်ပေးခဲ့ပါသည်။ နှစ်အကုန်တွင် ရန်ပုံငွေတွင် မြို့နယ် (၉) မြို့နယ်မှ မိတ်ဖက် (၇၆)ဖွဲ့ ရှိခဲ့ပါသည်။ အပူပိုင်းဇုန် ရန်ပုံငွေသည် ကုန်ကျစရိတ် ပြန်လည်ထုတ်ပေးသည့် ထောက်ပံ့မှုနှင့် သတ်မှတ်ပမာဏဖြင့် ထောက်ပံ့ပေးမှု ၂မျိုးကို ဆောင်ရွက်ပါသည်။ ကုန်ကျစရိတ် ပြန်လည် ထုတ်ပေးသည့် ထောက်ပံ့မှုများသည် လစဉ် (သို့) ၃လ တစ်ကြိမ် ဘဏ္ဍာရေး အစီရင်ခံစာများ၌ ဖော်ပြထားသည့် အမှန်တကယ် ကုန်ကျခဲ့သော ကုန်ကျစရိတ်များပေါ်တွင် အခြေခံထားပါသည်။ တာဝန်ယူမှုရှိသည့် စီမံခန့်ခွဲမှု စွမ်းဆောင်ရည်ဆိုင်ရာ တိကျသောဝိသေသများ ပြသနိုင်သည့် အဖွဲ့အစည်းများသို့ ပေးအပ်ပြီး ပမာဏမှာ အမေရိကန် ဒေါ်လာ ၅,၀၀၀ နှင့် ၂၀,၀၀၀ ကြား ရှိပါသည်။ သတ်မှတ် ပမာဏဖြင့် ပံ့ပိုးမှုမှာ ပံ့ပိုးမှုရရှိသော အဖွဲ့များအနေဖြင့် အမှန်တကယ် ကုန်ကျငွေများအား စောင့်ကြည့်စစ်ဆေးရန် မလိုအပ်သော လုပ်ငန်းများ အတွက် ဖြစ်ပါသည်။ လုပ်ငန်းများနှင့် ပတ်သက်သော အမှန်တကယ်ကုန်ကျမှုများရှိပြီး ရည်မှန်းချက်အတိုင်း ရရှိခဲ့မှုများအတွက် အသုံးပြုရန် ရည်ရွယ်သည့် ပံ့ပိုးမှုဖြစ်သည်။

LIFTသည် မြို့နယ်အဆင့် CSO များတွင် ရှိနေသည့် ရန်ပုံငွေ ကွာဟချက်များအား ဦးတည်၍ အသေးစား ပံ့ပိုးမှုများအတွက် ရန်ပုံငွေဒီဇိုင်းများ ရေးဆွဲခဲ့ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် မြို့နယ်အဆင့်တွင် လှုပ်ရှားတက်ကြွမှု မရှိ ဟူသော အမြင်များ ရှိခဲ့ပါသည်။ အပူပိုင်းဇုန်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့် CSOများကို စာရင်းပြုစုခဲ့ရာ လှုပ်ရှား ဆောင်ရွက်နေသည့် CSO ၃၂၅ ဖွဲ့မှ ၂၁၄ ဖွဲ့သည် ထောက်ပံ့မှုများကို လျှောက်ထားခဲ့ကြောင်း တွေ့ရှိရပါသည်။ လျှောက်ထားသည့်အဖွဲ့များ၏ ၃၆ ရာခိုင်နှုန်းခန့်သည် ယခုအခါတွင် ရန်ပုံငွေပံ့ပိုးမှု ရရှိခဲ့ပြီး ဖြစ်ပါသည်။ LIFT သည် ဤအဆင့်၌ ပံ့ပိုးမှုများ ဆက်လက်ပေးအပ်သွားပါမည်။ အကြောင်းမှာ မြို့နယ်များသည် သိသာထင်ရှားသည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၏ အလေ့အကျင့်များနှင့် မူဝါဒများအား လက်တွေ့ကျင့်သုံးပြီး ပြည်သူတို့၏ ဘဝများအပေါ် သက်ရောက်မှုရှိသည့် နေရာများ ဖြစ်သောကြောင့် ဖြစ်ပါသည်။ ဤအဆင့်တွင်လည်း ကျေးရွာများနှင့် ပြည်နယ် / တိုင်းဒေသကြီး / နိုင်ငံတော်အဆင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများအကြား အားနည်းသည့် ချိတ်ဆက်မှုများကိုလည်း အားကောင်းလာစေနိုင်မည် ဖြစ်ပါသည်။

## အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပေါင်းစည်း ချိတ်ဆက်မှု

အသေးစားရန်ပုံငွေ မိတ်ဖက်များသည် အသက်မွေးမှုစနစ်အားကောင်းစေမည့် ချဉ်းကပ်နည်းများနှင့်အတူ ဆက်လက် ရှန်းကန်နေရသော်လည်း ချဉ်းကပ်နည်းလမ်းအားနားလည်လက်ခံကျင့်သုံးပြီး စနစ်အတွင်း ပုဂ္ဂလိက ကဏ္ဍ၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် အရပ်ဘက် လူမှုရေး လုပ်ငန်းများ၊ လှုပ်ရှားဆောင်ရွက်နေသူများ အပါအဝင် စနစ်အတွင်းရှိ ဆက်နွယ် ပတ်သက်သူများနှင့် အတူတကွ စတင် ပူးပေါင်း လုပ်ဆောင်ခဲ့သည့် အထောက်အထားများ ရှိပါသည်။ တောင်တန်းဒေသရှိ CSO ၇၆ ဖွဲ့၏ ၅၂ ရာခိုင်နှုန်းသည် ၎င်းတို့အား ဒေသအာဏာပိုင်များ၏ အသိအမှတ်ပြုခြင်းမှာတိုးတက်လာပါသည်ဟု အစီရင်ခံခဲ့ပါသည်။

မြို့နယ်အဆင့် CSOများအား ပုဂ္ဂလိက ကဏ္ဍမှ အသိအမှတ်ပြုမှုများလည်း တိုးတက်လာခဲ့ပါသည်။ တောင်တန်းဒေသ အသေးစားရန်ပုံငွေမှ ပံ့ပိုးမှုများ ပေးအပ်ထားသော CSO အဖွဲ့ ၂၀သည် မြန်မာ့ လက်ဖက်အသင်းနှင့် မြန်မာဩဂဲနစ်စိုက်ပျိုး ထုတ်လုပ်သူများအသင်း ကဲ့သို့သော ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့များနှင့်အတူ လုပ်ဆောင်နေပါသည်။ အဆိုပါ ပုဂ္ဂလိက အဖွဲ့များသည် တောင်သူများအား ဈေးကွက် သတင်းများနှင့် နည်းပညာဆိုင်ရာ သင်တန်းများပံ့ပိုးပေးမှုနှင့် တောင်သူများ နှင့် ကုန်သည်များအကြား ဈေးကွက် ချိတ်ဆက်မှုရှိသည့် ဒေသများသို့ သွားရောက် လေ့လာမှုများ အတွက် ပံပိုးမှုတို့ကို ဆောင်ရွက်နေပါသည်။

အသေးစား ရန်ပုံငွေများကြောင့် မြို့နယ်အဆင့် CSO များသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ ကွန်ရက် ချိတ်ဆက်မှုများ တိုးမြင့်လာပြီး မြို့နယ်အဆင့် အာဏာပိုင်များနှင့် ပူးတွဲ၍ မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ စတင်လုပ်ဆောင်ခဲ့ကြသည်။ အပူပိုင်းဇုန် စလင်းမြို့နယ်တွင် CSOအဖွဲ့ (၃၀)သည် ကျန်းမာရေး၊ ပညာရေးနှင့် မြို့နယ်နှင့် ပတ်သက်သည့် အခြားကိစ္စရပ်များ ဆွေးနွေးရန် လစဉ် အစည်းအဝေးများကို တက်ရောက်ခဲ့ကြသည်။ အရေးပေါ် ကျန်းမာရေးအတွက် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကိစ္စများအား ဖော်ထုတ်နိုင်ခဲ့ပြီး အရေးပေါ် ကျန်းမာရေးကိစ္စ သယ်ယူပို့ဆောင်ရေးအတွက် အသုံးပြုရန် မော်တော်ယာဉ်များအား မြို့နယ်အာဏာပိုင်များမှ လိုင်စင်ခွင့်ပြုပေးရန် လှုံ့ဆော်ခဲ့ပါသည်။ အဖွဲ့များသည် ရဲတပ်ဖွဲ့၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနနှင့် ကျန်းမာရေးဌာနများကဲ့သို့ အခြားဌာနဆိုင်ရာများနှင့် ပူးပေါင်း လုပ်ဆောင်ပါသည်။

ဩဂဲနစ် နည်းစနစ်ဖြင့် စိုက်ပျိုးသော တောင်သူများ အဖွဲ့ကဲ့သို့ ပေါင်းစည်း ချိတ်ဆက်မှု တိုးတက်လာသည့် သာဓကများလည်း ရှိခဲ့သည်။ ၎င်းအဖွဲ့သည် စားနပ်ရိက္ခာ ဖူလုံမှုပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ (FSWG) နှင့် NAG အဖွဲ့တို့နှင့် စတင်ဆက်သွယ်ခဲ့ပြီး အစီအစဉ် ရေးဆွဲခြင်းနှင့် ဥယျာဉ်ခြံ ပုံစံထုတ်ခြင်းတို့နှင့် ဆိုင်သော နည်းပညာ ဗဟုသုတများ လေ့လာသင်ယူခဲ့ကြသည်။

တောင်တန်းဒေသ အသေးစားရန်ပုံငွေဖြင့် ပံ့ပိုးမှုရသော CSO ၈၀ ရာခိုင်နှုန်းသည် ၎င်းတို့မြို့နယ်များရှိ အခြား အရပ်ဘက် အုပ်စုများနှင့် ပေါင်းစည်း ချိတ်ဆက်မှု ပိုမိုအားကောင်းလာသည်ဟု အစီရင်ခံခဲ့ကြပါသည်။ ယခုအခါတွင် တောင်တန်းဒေသရှိ မြို့နယ်အဆင့် CSO ၆ ဖွဲ့၏ ကွန်ရက်သည် နိုင်ငံအဆင့် CSO ကွန်ရက်များနှင့် ချိတ်ဆက်ခဲ့ပြီး ဖြစ်ပါသည်။ မသန်စွမ်းသူများအတွက် ပိုမိုကြီးမားသည့် ထောက်ပံ့မှုများ ရရှိနိုင်ရန်အတွက် လားရှိုးရှိ ရွှေပုလဲအဖွဲ့သည် လွှတ်တော်အမတ်များနှင့် လူမှုဝန်ထမ်း ဦးစီးဌာနတို့နှင့် ဆက်သွယ် ဆောင်ရွက်ခဲ့ပါသည်။ ဤသို့ ဆက်သွယ် ဆောင်ရွက်ခဲ့မှုကြောင့် မသန်စွမ်းသူ ခန့်မှန်းခြေ ၃၀၀ ဦး အတွက် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် ပံ့ပိုးမှုသစ်များ ရရှိခဲ့သည်။ ဒေသခံ လွှတ်တော် အမတ်များသည် မသန်စွမ်းသူများ၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် အများပြည်သူနှင့်ဆိုင်သော အခြေခံအဆောက်အဦများ တည်ဆောက်ခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များအား




▲ ပုံ ၄.၈
၂၀၁၀ -၂၀၁၈ အတွင်း သင်တန်းဆိုင်ရာ အောင်မြင်မှုများ (၂၀၁၀-၂၀၁၈)

အမျိုးသားလွှတ်တော်၌ တင်ပြခဲ့ပါသည်။

## အရပ်ဘက် လူမှုအဖွဲ့အစည်းနှင့် ကျား၊မ ရေးရာ

အမျိုးသမီးများ စီးပွားရေးတွင် ပါဝင်လာမှုနှင့် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် စည်းရုံးလှုံ့ဆော်မှု တို့ တိုးတက်ရရှိလျက်ရှိနေသည်ဟု အသေးစား ပံ့ပိုးမှု ရန်ပုံငွေများမှ အစီရင်ခံခဲ့ပါသည်။ ထို့အပြင် အမျိုးသမီးများ ဦးဆောင်သည့် အရည်အချင်း ပြည့်မီသော CSO ၁၉ ဖွဲ့ အတွက် LIFT ၏ ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါသည်။ ဝင်ငွေတိုးစေခြင်းနှင့် ငွေရေးကြေးရေးအရ မှီခိုမှုကို လျှော့ချခြင်းဆိုင်ရာ အသက်မွေး ဝမ်းကျောင်း သင်တန်းများ၏ ရလဒ်အနေဖြင့် အမျိုးသမီးများသည် တခုနှင့်တခု အပြန်အလှန် ဆက်စပ်နေသည့် အသက်မွေးဝမ်းကျောင်း ဆိုင်ရာ စနစ်များအတွင်းသို့ ကိုယ်တိုင်ပါဝင်ကာ လုပ်ဆောင်မှု တိုးမြှင့်လာသည်။
*စီမံချက်တွင် ပါဝင်ခဲ့သည့် ဒေါ်ဝင်းစေးအကြောင်းကို စာမျက်နှာ ၁၄၄ တွင် ဖတ်ရှုနိုင်ပါသည်။*

LIFT၏ မဟာဗျူဟာမြောက် မိတ်ဘက်များထဲမှ တဖွဲ့ဖြစ်သည့် ကျား၊ မ ရေးရာတန်းတူညီမျှရေး ကွန်ရက် (Gender Equality Network, GEN)သည် အမျိုးသမီးများ၏ အခန်းကဏ္ဍများမြှင့်တင်ရန်အတွက် စည်းရုံးဆောင်ရွက်ပါသည်။ GEN ၏ အတွင်းရေးမှူးရုံးအဖွဲ့၊ အဖွဲ့ဝင်များနှင့် ဦးဆောင်ကော်မတီသည် ဒေသအဆင့်၊ နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများနှင့် ဖိုရမ်များ၊ အစည်းအဝေးများ စီစဉ်ဆောင်ရွက်ခဲ့ပြီး အခမ်းအနားများတွင် တက်ရောက်သူများ၊ အဖွဲ့ဝင်များအနေဖြင့် အမျိုးသမီးများ၏ ခေါင်းဆောင်မှုကိုမြှင့်တင်ကာ အမျိုးသမီးများ၏ ဦးဆောင်မှုကဏ္ဍကို သတင်းမီဒီယာမှတဆင့်ဖြန့်ဝေမှုများအားရရှိနေပါသည်။ လူထုလှုံ့ဆော်ပွဲများ၊ မူဝါဒဆိုင်ရာ ထုတ်ပြန်မှုများနှင့် သတင်းမီဒီယာများမှ သတင်းယူခြင်းများဖြင့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် အမျိုးသမီးများ၏ ပါဝင်စေမှု တိုးမြှင့်ရန်အတွက် GEN၏ စဉ်ဆက်မပြတ် လှုံ့ဆော်တင်ပြခြင်းသည် နယ်ပယ်အသီးသီးတွင် အမျိုးသမီးများ၏ ဦးဆောင်မှု တိုးမြှင့်လာသော သိသာထင်ရှားသည့် သက်ရောက်မှုများ ရှိခဲ့ပါသည်။

GENသည် အထောက်အထားအခြခံသည့် လှုံ့ဆော်မှုများအတွက် သုတေသနလေ့လာမှု များစွာကို ၂၀၁၈ ခုနှစ်တွင် လုပ်ဆောင်ခဲ့ပါသည်။

- တရားရေးစနစ်အား လက်လှမ်းမှီမှုတွင် အမျိုးသမီးများ ကြုံတွေ့နေရသည့် အတားအဆီးများအား မီးမောင်းထိုးပြနေသည့် အကြမ်းဖက်မှု ၁၀၀
- ကျား၊မ အခြေပြုအကြမ်းဖက်မှုများမှ လွတ်မြောက်လာသူများအတွက် ပြီးပြည့်စုံသည့် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရာတွင် ရှိနေသည့် ကွာဟချက်များ မီးမောင်းထိုးပြသည့် ကျား၊မ အခြေပြု အခြေခံ အကြမ်းဖက်မှုကို တွေ့ကြုံခံစားခဲ့ရသူများအတွက် ပေးအပ်လျက်သော မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုများ
- အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရန်နှင့် အကြမ်းဖက်မှုအား ကာကွယ်ရန် လိုအပ်နေသော ဥပဒေ မူဘောင်များအား ရှာဖွေဖော်ထုတ်ခဲ့သည့် တိမ်မြုပ်နေသော ဖြည့်ဆည်းရန် ကွက်လပ်များ

လေ့လာမှုများသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် တားဆီးရေး (POVAW) ဥပဒေ ပြဌာန်းရာတွင် လိုအပ်ချက်များနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်အကြမ်းဖက်မှုမျိုးစုံ တွေ့ကြုံခံစားနေရသော အမျိုးသမီးများအတွက် ပြဿနာများအား တစ်နေရာတည်းတွင် ကူညီဖြေရှင်းပေးနိုင်သည့် စင်တာများ (One Stop Service Centres, OSSC) ထူထောင်ဖွင့်လှစ်နိုင်ရေးအတွက် ထပ်မံအားဖြည့်ပေးခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနသည် အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းဆိုင်ရာ နည်းပညာအဖွဲ့၏ နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက်တွင် OSSC အရေအတွက် ပိုမိုများပြားလာရန် ထောက်ခံပါဝင်ခဲ့သည်။
*အရပ်ဘက်အဖွဲ့အစည်းနှင့် မသန်စွမ်းမှုကို စာမျက်နှာ ၁၄၅ တွင် ဖတ်ရှုနိုင်ပါသည်။*

## အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် ဆက်လက် လုပ်ဆောင်သွားမည့် စွမ်းဆောင်ရည်ဆိုင်ရာ ပံ့ပိုးမှု

LIFT၏ မိတ်ဖက်များသည် အသေးစား ရန်ပုံငွေများ၏ စွမ်းဆောင်ရည်အပေါ် အထူးအလေးထားဆောင်ရွက်နေသည့်အပြင် စီမံချက်၏ အကျိုးခံစားခွင့်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းအုပ်စုများ/ အဖွဲ့များ၊ စီမံချက် ဝန်ထမ်းများနှင့်အစိုးရဝန်ထမ်းများအား စီမံချက် အကောင်အထည်ဖော်ရန်နှင့် အသိအမှတ်ပြုကိုးစားမှုများ ရရှိစေရန်တို့အတွက် စွမ်းဆောင်ရည်များကို အားကောင်းစေမည့် အခွင့်အလမ်းများစွာအား ဆက်လက် ပေးအပ်ပါသည်။ပါဝင်သူ အရေအတွက်နှင့် အမျိုးသမီး ပါဝင်သူအရေအတွက်မှာ ဆက်လက် တိုးတက်နေပါသည်။LIFTမိတ်ဖက်များ၏ စွမ်းဆောင်ရည်ဆိုင်ရာ ပံ့ပိုးမှုမှာ မြန်မာ့ ကျေးလက်ဒေသ ၃၇ ရာခိုင်နှုန်းကို လွှမ်းခြုံခဲ့ပါသည်။

LIFT ၏ အသေးစားရန်ပုံငွေများသည် မြို့နယ်အဆင့် CSO များအား နိုင်ငံတကာအဖွဲ့အစည်းများထံမှ ရန်ပုံငွေ လျှောက်ထားနိုင်ရန်အတွက် လှေကားထစ်များအနေဖြင့် ပံ့ပိုးပေးပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ အသေးစားရန်ပုံငွေမှ ပံ့ပိုးပေးခဲ့သည့် မြို့နယ်အဆင့် CSO များသည် IOM၊ Oxfam ၊ UN-Habitat၊ ILO ၊ SUN CSA ၊ Swisscontact နှင့် ActionAid စသော နိုင်ငံတကာ အဖွဲ့အစည်းများနှင့် သာသည့်မြေအဖွဲ့ တို့၏ ရန်ပုံငွေခေါ်ယူမှုများကို အောင်မြင်စွာ လျှောက်ထားနိုင်ခဲ့ပါသည်။

## မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်းများ

LIFTသည် အမျိုးသားအဆင့်၌ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မဟာဗျူဟာမြောက်မိတ်ဖက်ပြုမှု ၆ခုနှင့် စတင်ခဲ့သည်။ စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (FSWG)၊ ကျား၊မ ရေးရာ တန်းတူညီမျှရေး ကွန်ရက် (GEN) နှင့် မြေယာမဏ္ဍိုင်အဖွဲ့ (LCG) တို့သည် ကွန်ရက်အခြေခံ အဖွဲ့များဖြစ်ပြီး အဓိကအားဖြင့် ကျား၊မ အခြေပြု အကြမ်းဖက်မှု၊ မြေဩဇာကြွယ်ဝမှု၊ အစားအသောက်ဖူလုံမှု၊ လယ်ယာမြေ ဥပဒေနှင့် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်မှုစသည့် ကိစ္စရပ်များအပေါ်တွင် အမျိုးသားအဆင့် မူဝါဒများ ချမှတ်နိုင်ရန်အတွက် သုတေသနနှင့် စည်းရုံးလှုံ့ဆော်မှု လုပ်ငန်းများကို ဆောင်ရွက်ပါသည်။ LIFTသည် ဤမဟာဗျူဟာ ပူပေါင်းဆောင်ရွက်သည့် မိတ်ဖက်အဖွဲ့များအားငင်းတို့၏ သက်ဆိုင်ရာကွန်ရက်များတွင် အဖွဲ့ဝင်ဖြစ်မှုများရေရှည်တည်တံ့ အားကောင်းစေရန်နှင့်ကွန်ရက်များ လေ့လာမှုများအား အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် အစိုးရတို့မှ အသုံးပြုနိုင်ရန်အတွက် ထုတ်ဝေဖြန့်ချိပေးနိုင်ရန် ပံ့ပိုးပေးပါသည်။

LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့ ၃ ဖွဲ့ဖြစ်သည့် မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း၊ NAG နှင့် KMSS တို့သည် အဖွဲ့အစည်းဆိုင်ရာ တိုးတက်မှုနှင့် ပံ့ပိုးမှု၊ သုတေသန လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မူဝါဒနှင့် လက်တွေ့အသုံးချခြင်းဆိုင်ရာ စွမ်းဆောင်ရည်နှင့် ဆန်းသစ်တီထွင်သည့် စီမံချက် အကောင်အထည်ဖော်ခြင်းတို့တွင်အာရုံစိုက်၍ လုပ်ဆောင်ပါသည်။ မိတ်ဖက်အဖွဲ့များသည် ၎င်းတို့၏ စိတ်ဝင်စားမှုများနှင့် LIFT၏ မဟာဗျူဟာစိတ်ဝင်စားမှုများ ထပ်တူကျသည့် အဓိက သက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များအား လုပ်ကိုင်ဆောင်ရွက်နေကြပါသည်။

၂၀၁၈ ခုနှစ် ပထမနှစ်ဝက်တွင် မဟာဗျူဟာမြောက် မိတ်ဖက်များသည် အရပ်ဘက်လူမှုအဖွဲ့အစည်း ဦးဆောင်မှုနှင့် လေ့လာသင်ယူမှုတို့အတွက် ကိုယ်ပိုင်စုပေါင်းဆောင်ရွက်သည့် ပလက်ဖောင်းကို တည်ထောင်ခဲ့ပါသည်။ LIFT ၏ ရန်ပုံငွေဘုတ်အဖွဲ့နှင့် ရန်ပုံငွေစီမံခန့်ခွဲရေးရုံးသည် မဟာဗျူဟာမြောက်မိတ်ဖက် အဖွဲ့များကို မြန်မာနိုင်ငံတွင် ကျယ်ပြန့်ပြီး အားလုံးပါဝင်သော သက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များ၌ လွှမ်းမိုးမှုရှိသော မဟာဗျူဟာမြောက် ဆောင်ရွက်သူများအဖြစ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## အရပ်ဘက်လူမှုအဖွဲ့အစည်း သုတေသန

၂၀၁၉ ခုနှစ်တွင် အရပ်ဘက်လူမှုအဖွဲ့အစည်းကဏ္ဍဆိုင်ရာ သုတေသနဌာနတစ်ခု တည်ထောင်ရန်ရည်ရွယ်၍ ပြုလုပ်သည့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ သွယ်ဝိုက် ကုန်ကျစရိတ်များအကြောင်း ဆန်းစစ်လေ့လာချက် ပထမပိုင်းအား ၂၀၁၈ ခုနှစ်တွင် လေ့လာပြီးစီးခဲ့ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ လုပ်ရှားဆောင်ရွက်သူများ အားလုံးအနေဖြင့် ၎င်းတို့ရရှိသည့် ရန်ပုံငွေထဲမှ တစိတ်တဒေသကို သွယ်ဝိုက်ကုန်ကျစရိတ်အဖြစ် ကန့်သတ်ထားခြင်းမရှိသော ရန်ပုံငွေအချို့ ရရှိစေမည့် အစီအစဉ်တစ်ခုကို LIFTက စတင်မိတ်ဆက်ခဲ့ပါသည်။ အခြားရန်ပုံငွေများနှင့် အလှူရှင်များအကြား ဤအစီအစဉ် သက်ရောက်မှုအား သိရှိရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန်အတွက် ရည်ရွယ်၍ သွယ်ဝိုက်ကုန်ကျစရိတ် လေ့လာမှုကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

ဤဆန်းစစ် လေ့လာမှု၏ပထမအပိုင်းအား တောင်တန်းဒေသ အသေးစားရန်ပုံငွေမှ ဦးဆောင်ခဲ့ပြီး ဒေသဆိုင်ရာ CSO ၃၆ဖွဲ့၏ အတွေ့အကြုံများ အပေါ် အခြေခံခဲ့ပါသည်။ လေ့လာမှု၏ ဒုတိယပိုင်းတွင် တောင်တန်းဒေသ၊ အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသ အသေးစား ရန်ပုံငွေများတွင်ပါဝင်နေသည့် CSO ၁၂၂ ဖွဲ့မှ ကိုယ်စားလှယ်များ ပါဝင်ခဲ့ပါသည်။ သုတေသန၏ အဓိကမေးခွန်းများမှာ-

- CSO များသည် သွယ်ဝိုက်ကုန်ကျစရိတ်များနှင့် စီမံကိန်းနှင့် မဆိုင်သည့် အခြားရန်ပုံငွေများအား မည်သည့် နေရာသို့ ခွဲဝေထားပါသလဲ။
- ဤခွဲဝေမှုများ၏ ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် မည်သည့်လုပ်ငန်းစဉ်များကို အသုံးပြုပါသလဲ။
- ဤခွဲဝေမှုဆုံးဖြတ်ချက်များ/ လုပ်ငန်းစဉ်များနှင့် CSO ၏ စွမ်းဆောင်ရည် နှစ်ခုအကြား အပြန်အလှန်ဆက်နွယ်မှုရှိသည့် အလားအလာရှိပါသလား။

LIFT ၏ အင်တာနက်ဝက်ဘ်ဆိုဒ်တွင် ဤသုတေသန စာတမ်းအား ရယူနိုင်ပါသည်။ လေ့လာမှု ဒုတိယအပိုင်းအား ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေမည်ဖြစ်ပါသည်။

## ရှေ့သို့မျှော်ကြည့်ခြင်း

LIFT ၏ အရပ်ဘက် လူ့အဖွဲ့အစည်းများအား ပံ့ပိုးပေးမည့် စီမံကိန်း ချဉ်းကပ်နည်းလမ်းအား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် LIFT ရန်ပုံငွေဘုတ်အဖွဲ့ အစည်းအဝေးမှ အတည်ပြုပေးခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ခုနှစ် ကနဦး စမ်းသပ်မှုများ အပေါ် အခြေခံထားသည့် ရန်ပုံငွေအပြည့်အဝပါဝင်ပြီး တခုနှင့်တခု ချိတ်ဆက်နေသည့် ရန်ပုံငွေစနစ်များ ၂၀၁၉ ခုနှစ်တွင် သက်ဝင်လာမည်ဖြစ်သည်။ LIFT ၏ အကြောင်းအရာနယ်ပယ်အလိုက် ရန်ပုံငွေ အခွင့်အလမ်းများတွင် အရပ်ဘက်အဖွဲ့အစည်းများအတွက် ထည့်သွင်းခြင်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်း သုတေသန၊ မဟာဗျူဟာမြောက် မဟာမိတ်ပြုခြင်းများ၊ အသေးစား ရန်ပုံငွေများ၊ နှင့် အရပ်ဘက်အဖွဲ့အစည်းများ လေ့လာသင်ယူခြင်း နှင့် ကွန်ရက်ချိတ်ဆက်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။

ဘေးကင်းလုံခြုံသော
ရွှေ့ပြောင်း
သွားလာမှုမှ

# ခဘောင်နန်းဆိုင်အတွက် ရန်ကုန်မှာ အလုပ်ရဖို့ကို လုပ်ငန်းကျွမ်းကျင်မှု သင်တန်းက အထောက်အကူဖြစ်ခဲ့



ခဘောင်နန်းဆန်သည် တပ်မတော်နှင့်ကချင် လွတ်မြောက်ရေး တပ်မတော်တို့အကြား လက်နက်ကိုင် တိုက်ပွဲများဖြစ်ပွားလေ့ရှိသည့် ကချင်ပြည်နယ်နန့်ယန် ကျေးရွာမှ ဖြစ်ပါသည်။တိုက်ပွဲများသည် သူမ နေထိုင်ရာ ကျေးရွာ၏ မိရိုးဖလာ အသက်မွေး ဝမ်းကျောင်းမှု များစွာကို အနှောင့်အယှက် ဖြစ်စေခဲ့ပါသည်။

အခွင့်အလမ်းအသစ်များ ရှာဖွေနေသည့် သူမသည် သူမ တက်ရောက်နေသည့် ကျောင်းတွင် မသန်စွမ်းများအတွက် ဖြန့်ဝေပေးသည့် သတင်းအချက်အလက် လက်ကမ်းစာစောင်မှတဆင့် အောင်မြင်မှု သင်တန်းကျောင်းအကြောင်း ကြားသိခဲ့ရပါသည်။ သူမအနေဖြင့် အထည်ချုပ် လုပ်ငန်းတွင် အလုပ်အကိုင်ရှာဖွေရန် စိတ်ဝင်စားခဲ့သဖြင့် သင်တန်းတက်ရောက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ သင်တန်းပြီး ဆုံးသည့်အခါ သူမသည် ရန်ကုန်တွင် ရှိသည့် စက်ရုံတစ်ရုံတွင် အလုပ်ရရှိခဲ့ပါသည်။ "ကျွန်မ အောင်မြင်မှုမှာ သင်တန်းတက်ခွင့်ရတာ အရမ်းကံကောင်းတယ်လို့ ခံစားရပါတယ်။ ကျွန်မဟာ မသန်စွမ်းတယောက် ဖြစ်နေတဲ့အတွက် ဒီလို အထည်ချုပ်စက်ရုံ အကြီးကြီး တစ်ခုမှ အလုပ်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဖူးပါဘူး"

အထည်ချုပ်စက်ရုံတစ်ခုတွင် အလုပ်လုပ်ရခြင်းမှာ လွယ်ကူသည့် အလုပ် မဟုတ်သော်လည်း ခဲ့ဘောင်နန်ဆန် တစ်ယောက် ကြိုးစား ရှေ့ဆက်နိုင်ခဲ့ပါသည်။ သူမ၏ နိစ္စဒူဝ အလုပ်များကို မနက် ၆း၀၀ နာရီတွင် စတင်ရပါသည်။ သို့မှသာ သူမ အနေဖြင့် အလုပ် စတင်သည့် မနက် ၇း၃၀ နာရီတွင် စက်ရုံသို့ ရောက်နိုင်မည် ဖြစ်သည်။ သူမ၏ မသန်စွမ်းမှုကြောင့် သူမအနေဖြင့် စက်ရုံပိုင်ရှင်မှ ပေးသည့် အဆောင်တွင် နေထိုင်ရန် အခက်အခဲရှိပါသည်။ "ကျွန်မက မသန်စွမ်း တစ်ဦး ဖြစ်တဲ့အတွက် ရတဲ့အချိန်အတွင်းမှာ သူများတွေနဲ့ တပြိုင်နက်တည်း အတူတူ ရေချိုးရတာ အခက်အခဲရှိပါတယ်။ ဒါကြောင့်မို့ ကိုယ့်ကိုယ်ပိုင်ငွေနဲ့ စိုက်ထုတ်ပြီး အဆောင်မှာ ငှားနေပါတယ်"

စိန်ခေါ်မှုများ ရင်ဆိုင်နေရသော်လည်း၊ ခဲ့ဘောင်န် နန်းဆိုင် အနေဖြင့် လှိုင်သာယာတွင် စက်ချုပ်သမ တဦးအဖြစ် လုပ်ကိုင်နေသည့် သူမ၏ အလုပ်အား များစွာ ဂုဏ်ယူနေပါသည်။ သူမသည် အခြား အလုပ်သမားများနည်းတူ တစ်နေ့ လုပ်အားခ ၄,၈၀၀ ကျပ် (ကန်ဒေါ်လာ ၃.၃၀) နှင့် အချိန်ပို လုပ်အားခ ၁,၂၀၀ ကျပ် ရပါသည်။ "အောင်မြင်မှု သင်တန်းကျောင်းရဲ့ ကျေးဇူးကြောင့် တခြား သင်တန်း မတက်ရတဲ့သူတွေနဲ့ယှဉ်ရင် ကျွန်မ ပိုကောင်းအောင် စွမ်းဆောင်နိုင်ပါတယ်"

*အောင်မြင်မှုစီမံချက်ကို စာမျက်နှာ ၁၃၅တွင် ဖတ်ရှုနိုင်ပါသည်။*

## ဘာကြောင့် ပြဇာတ်ကိုရွေးလဲ..



ချင်းပြည်နယ်၏ တမူထူးခြားသည့်အခြေအနေများမှ သမားရိုးကျ ရွှေ့ပြောင်း သွားလာခြင်းမပြုမီ ကြိုတင်ပြင်ဆင် အသိပေးခြင်း သင်တန်းနည်းစနစ် အတွက် ထူးခြားသည့် စိန်ခေါ်မှု ဖြစ်စေပါသည်။ သင်တန်းတွင်း သင်ယူရသည့် သင်ခန်းစာများနှင့် လေ့ကျင့်ခန်းများဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည့် သမားရိုးကျ သင်ကြားနည်းမှာ ရောက်ရှိရန် ခက်ခဲသည့် ဒေသများမှ စာတတ်မြောက်မှု အဆင့်နိမ့်သည့် ချင်းတောင်နေ ရပ်ရွာလူထုများအတွက် အဆင်ပြေ သင့်တော်မှု မရှိပါ။ သို့ဖြစ်၍ စာတတ်မြောက်မှု အဆင့်နိမ့်ခြင်း ကွာဟချက်ကို ပေါင်းကူးနိုင်ရန် နှုတ်အားဖြင့် သင်ကြားလေ့ကျင့်ပေးခြင်းက ပိုမို သင့်တော်သည့် နည်းလမ်းဖြစ်မည်ဟူသော ဆုံးဖြတ်ချက်ကို မြန်မြန် ဆန်ဆန် ချခဲ့ကြပါသည်။

ချင်းပြည်နယ်တွင် ပြုလုပ်သည့် ရပ်ရွာလူထုအဆင့် ရွှေ့ပြောင်း သွားလာခြင်း မပြုမီ ကြိုတင်ပြင်ဆင် အသိပေးခြင်း ဟောပြောပွဲ တစ်ခု၌ သက်ကြီးပိုင်း အမျိုးသား အများစုသာ တက်ရောက်ခဲ့ကြောင်းကိုလည်း CHRO မှ တွေ့ရှိ ခဲ့ပါသည်။ ဤသို့ဖြစ်ရခြင်း အကြောင်းရင်း၏ တစိတ်တဒေသမှာ ထိုသို့သော အခမ်းအနားများအားအမျိုးသား အများစုသာပါဝင်သည့် အချိုးအစား မမျှတစွာဖြင့် တည်ဆောက်ထားသော ဒေသခံ ခေါင်းဆောင်များ ကွန်ရက်များမှ ဦးဆောင်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ယင်းကြောင့် ရွှေ့ပြောင်း သွားလာခြင်း မပြုမီ ကြိုတင်ပြင်ဆင် အသိပေးခြင်းကို လူထုထံ ပညာပေးသည့် လုပ်ငန်းများတွင် အမျိုးသမီးနှင့် လူငယ်များ ပါဝင်တက်ရောက်မှု နည်းခဲ့ပါသည်။

ကွဲပြားခြားနားပြီး ပိုမိုပွင့်လင်းသည့် လူထုနှင့်ထိတွေ့မှုရှိသည့် ရွှေ့ပြောင်း သွားလာခြင်းမပြုမီ ကြိုတင်ပြင်ဆင် အသိပေးခြင်း နည်းလမ်းတစ်ခု လိုအပ်သည်မှာ ထင်ရှားပါသည်။ ရုပ်မြင်သံကြား ကဲ့သို့သော မီဒီယာတွင် ပြသ သည့် ဇာတ်လမ်းများ မှတဆင့် တိုက်တွန်းအားပေးခြင်းကို တဖက်သတ် ကြည့်ရှုနားဆင်လက်ခံယူရသည်ထက် ပို၍ ကျော်လွန်သည့် မိမိဘာသာ ကောက်ချက်ချနိုင်သည့် ဇာတ်ကြောင်းပြောပြီး တိုက်ရိုက်တင်ဆက်သော တခန်းရပ်ပြဇာတ်များ၏ ထိရောက်မှုများကြောင့် ရွှေ့ပြောင်းသွားလာမှုမပြုမီ လူထုအား အသိပေးခြင်းအတွက် ရွေးချယ်ရန် သင့်တော်သည့် နည်းလမ်း ဖြစ်ခဲ့ပါသည်။

ပြဇာတ်တွင် တိုက်ရိုက်တင်ဆက်သည့် သရုပ်ဆောင်များမှ စိတ်အား ထက်သန်စွာ သရုပ်ဆောင်ပြကြရာပရိသတ်နှင့် ထိတွေ့မှုပိုများလာသည်။ လူအများအား နောက်ခံ အခြေအနေ အရပ်ရပ်ကို တင်ဆက်ပြသပြီး စောင့်စားကြည့်ရှု သုံးသပ်ရသည့် အခွင့်အလမ်းကို ပေးသဖြင့် စိတ်ပါဝင်စားအောင် ဆွဲဆောင်နိုင်ကာ အာရုံစူးစိုက်မှု အပြည့်ရရှိအောင် လုပ်ဆောင်နိုင်ပါသည်။

ထိုင်းနိုင်ငံတွင် တင်ဆက်ခဲ့သည့် အလားတူအစီအစဉ်သည်ပြဇာတ်အား အသိပညာပေး မြှင့်တင်ခြင်း နည်းလမ်းအဖြစ် အသုံးပြုခြင်းမှ အကျိုးကျေးဇူးများစွာ ရရှိခဲ့ကြောင်းတွေ့ရှိရပါသည်။ တိုက်ရိုက် တင်ဆက်သည့် ပြဇာတ်များမှာ ထိတွေ့မှု ပိုများပြီး ပရိသတ်၏ စီးမျောမှုနှင့်အပြန်အလှန် ဆက်သွယ်မှုများပါဝင်ပါသည်။ ပြဇာတ်အား စကားပြောများဖြင့်သာ တင်ဆက်သဖြင့် စာတတ်မြောက်မှု ရှိခြင်း၊ မရှိခြင်းက ပြဿနာမဟုတ်တော့ချေ။ ပြဇာတ်များသည် လူအများတက်ရောက်နိုင်သဖြင့် ပျံ့နှံ့မှု များကာ လျှပ်စစ်မီး၊ ရုပ်ထွေးသည့် အဆောက်အဦနှင့်အခြား အထောက်အကူများလည်း အမြဲတစေ လိုအပ်ခြင်းမရှိဘဲ ဝေးလံ ခေါင်ဖျား အရပ်ဒေသများ၌ပင်

ရပ်ရွာလူထုများအတွက် တင်ဆက်ပြသနိုင်ပါသည်။ ပို၍ အရေးကြီးသည်မှာ ပြဇာတ်များတွင် ဒေသခံအများအပြားကို ဇာတ်ဆောင်များအဖြစ် ပါဝင်စေပြီး ဒေသခံရပ်ရွာလူထုအား ၎င်းတို့၏ဘာသာစကားဖြင့် အသိအမြင်များ ဖြန့်ဖြူးနိုင်ရန် လေ့ကျင့် ပေးရခြင်းဖြစ်ပါသည်။ တခန်းရပ်ပြဇာတ်များသည် မည်သည့် ပညာရေးအဆင့်အတန်း (သို့) ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ ကျွမ်းကျင်မှုအဆင့် ရှိနေသူဖြစ်ပါစေ အသိပညာပေးလမ်းအဖြစ် လူတိုင်းထံ ရောက်ရှိနိုင်ပါသည်။

# အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ကျား၊ မ ရေးရာ





ဒေါ်ဝင်းစေးနှင့်သူမ၏ အမျိုးသားတို့သည် ပန်းစိုက်ပျိုးရေးဖြင့် အသက်မွေးမှုကို ခိုင်မာအောင် လုပ်ဆောင်ခဲ့ကြသည်။

ရပ်ရွာလူထုဥယျာဉ်ခြံအဖွဲ့ ပန်းစိုက်ပျိုးရေး စီမံချက်သည် ပန်းစိုက်ပျိုးခြင်းဖြင့် ဝင်ငွေ ရရှိနိုင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ရှားဆောင်ရွက်မှုကို LIFTရန်ပုံငွေ ပံ့ပိုးပေးသည့် မြစ်ဝကျွန်းပေါ် ဒေသ အသေးစားထောက်ပံ့ငွေ မှတဆင့် ၂၀၁၈ခု၊စက်တင်ဘာလတွင် စတင်ခဲ့ပါသည်။ အဖွဲ့သည် ပန်းတနော် မြို့နယ်ရှိ ကျေးရွာ၅ရွာမှ အိမ်ထောင်စု ၆၀ အား စုစည်းခဲ့ပါသည်။ စီမံချက်သည်ကျေးရွာအဆင့် ပန်းစိုက်ပျိုးရေး ကော်မတီများ ဖွဲ့စည်းပြီး ပန်းစိုက်ပျိုးခြင်းနှင့် ဆက်နွယ်နေသည့် စိုက်ပျိုးရေး အခြေခံ ပညာပေး သင်တန်းများ ပို့ချခဲ့သည်။ ကျေးရွာလည်ပတ် ရန်ပုံငွေမှ ပံ့ပိုးပေးသည့် အကျိုးခံစားခွင့်ရှိသူများနှင့် ပြန်လည်ပေးဆပ်ရမည့် သဘောတူညီမှုပေါ် အခြေခံ၍ ပန်းစိုက်ပျိုးသူအိမ်ထောင်စု ၆၀စု အတွက် ပန်းပျိုးခင်းများ တည်ထောင်ရန် ကနဦး ရင်းနှီးငွေအား ပံ့ပိုးပေးပါသည်။

မြင်းကတောင် ကျေးရွာမှ ဒေါ်ဝင်းစေးသည် သူမ၏ အမျိုးသား နာမကျန်းဖြစ်ခဲ့သည့် ၂၀၁၈ ခုနှစ်မှစ၍ ပန်းရောင်းသည့် အလုပ်အကိုင်ကို လုပ်ကိုင်ခဲ့ပါသည်။ အမျိုးသားဖြစ်သူ အိမ်အပြင်ထွက်၍ အလုပ် မလုပ်နိုင်သည့်အခါ အိမ်ထောင်စု၏ အသုံးစရိတ်များအား စီမံခန့်ခွဲရန်အတွက် သူမ အလုပ်လုပ်ခဲ့ပါသည်။ တခါတရံတွင်လည်း နေ့စား အလုပ်သမားအဖြစ် လုပ်ကိုင်ခဲ့ပါသည်။ သူမရောင်းသည့် ပန်းများကို မြို့ပေါ်ရှိ လက်ကားသမားများထံမှ ဝယ်ယူဖြစ်ခဲ့ပါသည်။ သူမသည် ပန်းများအား ပုံမှန်အားဖြင့် အကြွေးဖြင့် ရယူခဲ့ရာ ဈေးညှိနိုင်သည့် အနေအထားအပေါ် မူတည်၍ အမြတ်အပေါ် သက်ရောက်မှုများ ရှိခဲ့ပါသည်။ တခါတရံတွင် အပြင်ထွက်၍ ပန်းရောင်းရန် မဖြစ်နိုင်သည့်အခါ ဝင်ငွေပုံမှန် မရှိသည့်အခါမျိုးလည်း ရှိသည်။ မိသားစု စားဝတ်နေရေး အတွက် ငွေချေးငှားသူများထံမှ ငွေချေးခဲ့ရပါသည်။

မြစ်ဝကျွန်းပေါ်ဒေသ အသေးစားရန်ပုံငွေမှ ထောက်ပံ့ပေးခဲ့သည့် လူမှုဖွံ့ဖြိုးရေး ဥယျာဉ်အဖွဲ့ထံမှ ပန်းမျိုးစေ့/ အပင်ပေါက်များနှင့် သွင်းအားစုများအတွက် အပင်စိုက်ပျိုးသည့် သင်တန်းနှင့် ကနဦး အရင်းအနှီးအတွက် ပံ့ပိုးငွေ မြန်မာကျပ် ၃၀၀၀၀၀ (အမေရိကန် ဒေါ်လာ ၂၀၀)ကို ဒေါ်ဝင်းစေး ရရှိခဲ့သည်။ ၂၀၁၈ခုနှစ် အောက်တိုဘာလ အစောပိုင်းတွင် ပန်းပျိုးခင်းကို သူမ၏အိမ်၌ တည်ထောင်ခဲ့ပါသည်။

သူမနှင့် သူမ၏ အမျိုးသား(၂)ဦးစလုံးသည် ပန်းပျိုးခင်းထဲတွင် ရေလောင်းခြင်းနှင့် အပင်များအား ပြုစုပျိုးထောင်ခြင်းတို့ လုပ်ဆောင်နိုင်ကြရာ သူမ၏အမျိုးသားမှာ ၎င်းသည် အိမ်ထောင်စု ဝင်ငွေအတွက် တဖက်တလမ်းမှ ပံ့ပိုးလာနိုင်သည်ဟု ခံစားလာရသည်ဟု ပြောပြခဲ့သည်။

"အခု ကျမခြံက ပန်းတွေကို ရောင်းပါတယ်။ ကျမက လမ်းဘေးဈေးသည်လည်း မဟုတ်တော့ဘူး.. နေ့စား အလုပ်သမား မဟုတ်တော့ပါဘူး..ကျွန်မရဲ့ ဒီလဝင်ငွေဟာ အရင်လကထက်ပိုများတယ်.. လာမယ့်လတွေကျရင် ဒီထက်ပိုများ လိမ့်မယ်လို့ ကျမမျှော်လင့်ထားပါတယ်" ဟု ဒေါ်ဝင်းစေးမှ ၂၀၁၈ခုနှစ် ဒီဇင်ဘာတွင် ပြောကြားခဲ့ပါသည်။

*အရပ်ဘက်အဖွဲ့အစည်းနှင့် ကျား၊မရေးရာအကြောင်းကို စာမျက်နှာ ၁၄၄တွင် ဖတ်ရှုနိုင်ပါသည်။*



# အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် မသန်စွမ်းမှု

မသန်စွမ်းသူများ (PWDs)သည် ဝန်ဆောင်မှုများကို လက်လှမ်းမီမှု နည်းပါးပြီး ပံ့ပိုးပေးနိုင်မှုများမှာလည်း အကန့်အသတ်သာ ရှိနေသည့် အခြေအနေကို သတိထားမိပြီးနောက် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့မှ မသန်စွမ်းသူများ အတွက် ပံ့ပိုးသည့် ဝန်ဆောင်မှုများနှင့် လက်လှမ်းမီမှုအား တိုးတက်စေရန်အတွက် Golden Pearl ကို ၂၀၁၅ ခု မေလ၌ လူ ၃ဦးက တည်ထောင်ခဲ့ပါသည်။ Golden Pearl သည် မသန်စွမ်းသူများ၏ နေအိမ်များသို့ သွားရောက် ဆက်သွယ်ဆောင်ရွက်ပြီး စိတ်ခွန်အားအားပေးခြင်းများကို ပရဟိတ လုပ်ကိုင်ခဲ့ပါသည်။

"မသန်စွမ်းတွေ အတွက် ဝန်ဆောင်မှုက မြို့ကြီး တွေမှာထက် ကျေးလက် တွေမှာက ပိုနည်းတယ်လေ..ဘီးတပ်ကုလားထိုင်တလုံး ကိုရဖို့ လားရှိုးကနေ ရန်ကုန်ကို သွားဝယ်ရပါတယ်" ဟု Golden Pearl မှ စီမံချက် လက်ထောက် ဒေါ်မိုးသူဇာမှ ပြောကြားခဲ့ပါသည်။ "ငွေအများကြီး ကုန်ပြီး၊ သွားလာဖို့ အချိန်လည်းကုန်တော့ မိသားစုတွေက မတတ်နိုင်ကြဘူး"

Golden Pearl သည် တောင်တန်း အသေးစားရန်ပုံငွေမှ ထောက်ပံ့မှု ကို လက်ခံရရှိခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် လက်တွဲကာ မသန်စွမ်းများအတွက် လှုံ့ဆော်ပေးသည့် အသိပညာပေးလုပ်ငန်းများ စတင်ရန်၊ အများပြည်သူ၏ အသိအမြင် မြင့်တက် လာစေရန်နှင့် ၂၀၁၅ခုနှစ် မသန်စွမ်းသူများ၏ အခွင့်အရေး ဥပဒေ အကောင်အထည် ဖော်ရန် အတွက် လုပ်ဆောင်ခဲ့ပါသည်။ ရုံးခန်းလည်း ဖွင့်လှစ်ခဲ့ပြီး အချိန်ပြည့် ဝန်ထမ်းများ ခန့်အပ်ခဲ့ပါသည်။

Golden Pearl သည် မသန်စွမ်းသူများနှင့် ပတ်သက်၍ လူထု အသိအမြင်မြှင့်တင်ရေး စည်းရုံးလှုံ့ဆော်မှုအား စီစဉ်ဆောင်ရွက်သည့် Golden Pearl မသန်စွမ်းအုပ်စုများ ကွန်ရက် (Golden Pearl Disabled Groups Network) ကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

"ကျမအိမ်ကို ရွှေပုလဲ က ဝန်ထမ်းလာတုန်းက၊ ကျမအခန်းထဲမှာ ထုံးစံ အတိုင်းပုန်းနေပြီး ကျမမိသားစုကို ကျွန်မအိမ်မှာ မရှိဘူးလို့ ပြောခိုင်းလိုက်တယ်" ဟု အမြင်အာရုံချို့ယွင်းနေသည့် မမျိုးမှ ပြောခဲ့ ပါသည်။ "ကျွန်မက ရဲမေတယောက်အနေနဲ့ ၁၄နှစ်လောက် တာဝန် ထမ်းဆောင်ခဲ့ပါတယ်။ အဲ့ဒီနောက် ကျွန်မအမြင်အာရုံဆုံးရှုံးသွားပြီး ကျွန်မချစ်တဲ့ အလုပ်ကနေ ထွက်ခဲ့လိုက်ပါတယ်။ ကျွန်မအမြင်အာရုံ ရုတ်တရက် ပျောက်ကွယ်သွားပြီးတဲ့နောက်ပိုင်း ဆွေမျိုးတွေ၊ ရင်းနှီးတဲ့ သူငယ်ချင်းတွေက လွဲပြီးဘယ်သူနဲ့မှ စကားလည်း မပြော၊ တွေ့လည်းမတွေ့ချင်တော့ပါဘူး။ Golden Pearl ဝန်ထမ်းတွေရဲ့ အစဉ်တစိုက်အားပေးမှုတွေနဲ့ ပံ့ပိုးမှုတွေကြောင့်သာ ကျွန်မမှာ တခြားမသန်စွမ်းသူတွေနဲ့ တွေ့ဆုံဖို့ ယုံကြည်မှုနှင့်ခွန်အားတွေ ပြန်ရခဲ့တယ်။ အခုတော့ ရပ်ရွာလူထုကို ကူညီပံ့ပိုးပေးသူ တစ်ယောက်ဖြစ်လာခဲ့ပါပြီ။ ကျွန်မကိုယ် ကျွန်မအတွက်၊ ကျွန်မမိသားစုအတွက် အထူးသဖြင့် ကျွန်မကလေးတွေအတွက် အရမ်းကိုဂုဏ်ယူမိပါတယ်။ သူတို့ကလည်း ကျွန်မအတွက် ဂုဏ်ယူနေကြပါတယ်။

Golden Pearl မှလည်း မသန်စွမ်းသူများအား အသေးစား လုပ်ငန်းလေးများ ထူထောင်နိုင်ရန် ငွေကြေးအထောက်အပံ့ ပံ့ပိုးပေးပြီး အလုပ်အကိုင်နှင့် သက်ဆိုင်သည့် သင်တန်းများ ပို့ချပေးပါသည်။ ၎င်းတို့အဖွဲ့သည် စာသင်ကျောင်းများမှ တဆင့်လူထု ထံသို့ ရောက်ရှိ စေမည့် အသိအမြင်မြှင့်တင်ရေး စည်းရုံးလှုံ့ဆော်မှုများကို အခြား CSO များ၊ ဌာနဆိုင်ရာများနှင့်အတူ ဆောင်ရွက်ခဲ့ပါသည်။ မြို့နယ်စည်ပင်သာယာရေး ကော်မတီကို စည်းရုံးလှုံ့ဆော်ခဲ့ရာ ကော်မတီသည် လားရှိုးမြို့တွင် မသန်စွမ်းသူများနှင့် သင့်တော်သည့် အများပြည်သူသုံး အခြေခံ အဆောက်အဦးများ ဆောက်လုပ်ရန်အတွက် ပုဂ္ဂလိက ကုမ္ပဏီအား စာချုပ်ချုပ်ဆိုခဲ့သည်။

ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားရေးရာ ဝန်ကြီးသည် အသေးစား စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲနိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများအတွက် အရင်းအနှီးပံ့ပိုးပေးသည့် ၃ နှစ်စီမံချက်တွင် ပါဝင်လုပ်ကိုင်မည့် မသန်စွမ်းသူလူငယ် ၂၀ ဦးအား ရှာဖွေပေးရန် Golden Pearl နှင့် YMCA အား ချိတ်ဆက်ပေးခဲ့သည်။

LIFT၏ တောင်တန်းဒေသအသေးစား ရန်ပုံငွေ ပံ့ပိုးပေးမှုဖြင့် Golden Pearl သည် ယခုအခါတွင် လားရှိုးမြို့နယ် မသန်စွမ်းသူ အခွင့်အရေးများအား ပံ့ပိုးပေးခြင်းလုပ်ငန်းတွင် ရည်ညွှန်း စံထားရမည့်အဖွဲ့ ဖြစ်လာသည်။ အဖွဲ့သည် ယခုအခါတွင် ၎င်းတို့၏ လုပ်ငန်းအား ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အခြားမြို့နယ်များသို့ တိုးချဲ့ရန်အတွက် ပြည်နယ် အဆင့်အဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်နေပါသည်။

*အရပ်ဘက်အဖွဲ့အစည်းများ အားကောင်းရေးအတွက် ဆောင်ရွက်မှုများကို စာမျက်နှာ ၁၄၄တွင် ဖတ်ရှုနိုင်ပါသည်။*



## ၅.၀

# အားလုံးနှင့် အကျုံးဝင်သည့် နယ်ပယ်များ

### ၅.၁

## အာဟာရ

### ဘဝအစ အရေးကြီးသည့် ပထမ ရက်ပေါင်း ၁,၀၀၀

မြန်မာနိုင်ငံတွင် အသက်ငါးနှစ်အောက် ကလေးသူငယ် သုံးဦးတွင် တစ်ဦးမှာ ပုညက်နေပါသည်။ ပုညက်ခြင်းမှာ အသက်အရွယ်တွင် ရှိသင့်သည့် အရပ်အမြင့်ထက် ပုနေခြင်းဖြစ်သည်။ ယင်းသို့ဖြစ်ခြင်းမှာ အဓိကအားဖြင့် ကိုယ်ဝန်ဆောင်ချိန်မှ ကလေးအသက် နှစ်နှစ်အထိ ဘဝအစ ရက်ပေါင်း ၁,၀၀၀ အတွင်း အစားအစာ လုံလောက်စွာ မစားခြင်း၊ အဏုအာဟာရဓါတ် ချို့တဲ့ခြင်း နှင့် ရောဂါပိုး အကြိမ်ကြိမ်ဝင်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ဘဝအစ ရက်ပေါင်း ၁,၀၀၀ မှာ ဘဝစက်ဝန်းတလျောက်ကောင်းမွန်သည့် ကြီးထွားမှု၊ ဖွံ့ဖြိုးမှု နှင့် ကျန်းမာမှုတို့ ရရှိစေရန် သေချာစေမည့် အခွင့်အလမ်းဖြစ်ပြီး ဆယ်ကျော်သက်ရွယ် မိန်းကလေးငယ်များနှင့် အမျိုးသမီးများ ကိုယ်ဝန်မဆောင်မီ ကာလအတွက် အာဟာရဖွံ့ဖြိုးမှု၏အစ ဖြစ်ပါသည်။ ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များနှင့် အမျိုးသမီးများ ကိုယ်ဝန်မဆောင်မီ နှင့် ကိုယ်ဝန်ဆောင် ကာလအတွင်း ကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှု ရရှိစေခြင်းဖြင့် အာဟာရချို့တဲ့သည့် မိခင်များမှ ကျန်းမာရေး ပြဿနာ နှင့် ပုညက်နိုင်ချေရှိသော ကိုယ်အလေးချိန် မပြည့်သည့် ကလေးငယ်များ မွေးဖွားပြီး မျိုးရိုးစဉ်ဆက် အာဟာရချို့တဲ့ခြင်း စက်ဝန်း၏ အကျိုးဆက်များအား လျော့နည်းစေမည် ဖြစ်ပါသည်။

အာဟာရ ပြည့်ဝမှုသည် တဦးချင်းအဆင့်တွင်ပင် အပြောင်းအလဲကို ဖော်ဆောင်ပေးနိုင်ပါသည်။ ဘဝအစ ရက်ပေါင်း၁,၀၀၀ အတွင်း မှန်ကန်သည့် အာဟာရ ရရှိသည့် ကလေးသူငယ်များ၌ ကျောင်းပညာရေးတွင် အဆင့်ကောင်းခြင်း၊ အရွယ် ရောက်လာသည့်အခါ ဝင်ငွေ ၂၁ ရာခိုင်နှုန်း ပိုများခြင်း နှင့် ကလေးသူငယ်များတွင် ဖြစ်ပွားတတ်သည့် ရောဂါများကြောင့် သေဆုံးနှုန်းမှာလည်း ၁၀ ရာခိုင်နှုန်း လျော့နည်းခြင်း စသော ကောင်းကျိုးများ ရရှိကြသည်။ ကလေးသူငယ် သေဆုံးနှုန်း ၄၅ ရာခိုင်နှုန်းသည် အာဟာရဖွံ့ဖြိုးမှု နိမ့်ကျခြင်းနှင့် ဆက်စပ်နေပါသည်။[၅၅]

### စီမံကိန်းများ နှင့် မူဝါဒရေးရာတွင် ကဏ္ဍမျိုးစုံ ပါဝင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ခြင်း

ပုညက်မှုအား လျှော့ချခြင်းနှင့် အာဟာရဆိုင်ရာ ရလဒ်များ ပိုမိုကောင်းမွန်စေရန် လုပ်ဆောင်ခြင်းတို့သည် ကဏ္ဍ ပေါင်းစုံတွင် ကြိုးပမ်းအားထုတ်ရန်လိုအပ်ပါသည်။

ပုညက်မှုဖြစ်စေသည့် လတ်တလော အကြောင်းရင်းများ အပေါ် တိုက်ရိုက် သက်ရောက်မှု ရှိစေရန် အထူးသဖြင့် မိခင်နို့တိုက်ကျွေးခြင်း၊ ဖြည့်စွက်စာ ကျွေးခြင်းနှင့် မိခင်၏ အာဟာရဖွံ့ဖြိုးမှုတို့နှင့် ဆိုင်သည့် တဦးချင်းစီ၏ အမူအကျင့်များ၊ လူ့အဖွဲ့အစည်း၏သဘောထားအမြင်များကို ပြောင်းလဲပေးစေနိုင်သော ထိရောက်သည့် အမူအကျင့် ပြောင်းလဲမှုများမှ တဆင့် ဘဝအစ ပထမဆုံး ရက်ပေါင်း ၁,၀၀၀ နှင့် ဆယ်ကျော်သက်အရွယ်အတွင်း စားသုံးသည့် အရည်အသွေး၊ အရေအတွက် နှင့် အသက်အရွယ်အရ သင့်တော်သည့် အစားအသောက်များ ပိုမို ကောင်းမွန်စေရန် လမ်းညွှန်ဆောင်ရွက်ပေးမည့် မဟာဗျူဟာများ လိုအပ်ပါသည်။ ယင်းမဟာဗျူဟာအား အမျိုးသမီးများ ကလေးမွေးဖွားပြီးနောက် သင့်လျော်သည့် စောင့်ရှောက်မှု၊ မရှိမဖြစ် လိုအပ်သည့် ဖြည့်စွက် အဏုအာဟာရ များနှင့် မွေးကင်းစများအတွက် အရည်အသွေးကောင်းသည့် စောင့်ရှောက်မှုတို့ သေချာစွာ ရရှိနိုင်စေမည့် ကျန်းမာရေး နှင့် အာဟာရဆိုင်ရာ ဝန်ဆောင်မှုများ လက်လှမ်းမှု တိုးမြှင့်ခြင်းတို့နှင့် ပေါင်းစပ်ဆောင်ရွက်ရန် လိုပါသည်။

စိုက်ပျိုးရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပညာရေးနှင့် ကျန်းမာရေး ကဏ္ဍများရှိ အာဟာရကဏ္ဍကို ထည့်သွင်းပေါင်းစပ်သည့် စီမံကိန်း ဆောင်ရွက်ချက်များဖြင့် အာဟာရ သီးသန့် ဆောင်ရွက်ချက်များတွင် ရှိရမည့် သက်ရောက်မှုတိုင်းကို ထပ်လောင်းအားဖြည့်ပေးရန် လိုအပ်ပါသည်။ ထိခိုက်လွယ်မှု လျှော့ချရန်၊ ဝင်ငွေတိုးရန်၊ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ ဖြစ်ထွန်းရန်နှင့် အာဟာရပြည့်ဝပြီး တန်ဖိုးမျှတသော အစားအသောက်မျိုးစုံရရှိရန် ဒီဇိုင်း ရေးဆွဲထားသည့် စီမံကိန်း ဆောင်ရွက်ချက်များတွင် ပုညက်မှုနှုန်း လျှော့ချရေး၌ အထောက်အကူပြုရန် အတွက် ပိုမိုကောင်းမွန်သည့် အာဟာရဆိုင်ရာ ရလဒ်များ နှင့် ဆက်နွယ်နေသော ရှင်းလင်းပြတ်သားသည့် ရည်ရွယ်ချက်များ ထားရှိရန် လိုအပ်ပါသည်။

၂၀၁၃ ခုနှစ် တွင် The Lancet ဂျာနယ်မှ အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များသည် အာဟာရဖွံ့ဖြိုးမှု ပြဿနာ၏ ၂၀ ရာခိုင်နှုန်းကိုသာ ဖြေရှင်းနိုင်သည်ဟု ခန့်မှန်းခဲ့ပါသည်။ ကျန် ၈၀ ရာခိုင်နှုန်းအား အာဟာရ အလေးထား စီမံကိန်း ဆောင်ရွက်ချက်များ မှတဆင့် ကိုင်တွယ်ဖြေရှင်းရမည် ဖြစ်ပါသည်။

ပုညက်မှုဖြစ်ရခြင်း အကြောင်းတရားများနှင့် အာဟာရချို့တဲ့မှု ကြောင့် ထိခိုက်လွယ်မှုတို့အား ဆန်းစစ်လေ့လာခြင်းသည် အမှန်တကယ် ရှိနေသည့် အတားအဆီးများအား ဦးတည် ဖြေရှင်းမည့် စီမံကိန်း ဆောင်ရွက်မှုများ ဆောင်ရွက်ရာတွင် အလွန်အရေးပါပါသည်။ စီမံကိန်း ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ကဏ္ဍပေါင်းစုံမှ ပူးပေါင်း ဆောင်ရွက်ခြင်းသည် ပုညက်မှုနှုန်း လျော့ကျစေရန် ဆောင်ရွက်ခြင်း၏ သော့ချက် ဖြစ်ပါသည်။

အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းသည် အရေးပါသည့် ကဏ္ဍ ဖြစ်ပါသည်။ အထူးသဖြင့် ပိုမိုကောင်းမွန်သည့် အာဟာရဆိုင်ရာ အကျိုးရလဒ်များ၊ ဘဝအစ ရက်ပေါင်း ၁,၀၀၀ အတွင်း အမျိုးသမီးများနှင့် ကလေးသူငယ်များ ၏ စောင့်ရှောက်မှုဆိုင်ရာ အလေ့အထများနှင့် အာဟာရ ဖွံ့ဖြိုးမှု အဆင့်အတန်းတို့အပေါ် သက်ရောက်မှု ရှိသည့် ပိုမိုကောင်းမွန်သော ဆုံးဖြတ်ချက်ချခြင်း၊ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုတွင် ထိန်းချုပ်နိုင်ခြင်း၊ အသက်မွေး ဝမ်းကျောင်းမှု၊ အသိ အမြင်နှင့် သတင်းအချက်အလက်များ အားလုံး တိုးတက် ကောင်းမွန်လာစေရေးတွင် ဖြစ်ပါသည်။

ဝန်ကြီးဌာနများအချင်းချင်း၊ ကဏ္ဍအချင်းချင်းပေါင်းစပ် ညှိနှိုင်းခြင်း တို့နှင့်အတူ အဆင့်မြင့် နိုင်ငံရေး ဦးဆောင်မှုအား၊ သက်ဆိုင်ရာ ဒေသခံများ ကိုယ်တိုင်က မိမိတို့ ပါဝင်ပတ်သက် ပိုင်ဆိုင်သည့် စီမံကိန်းများနှင့် မိမိတို့ ကြိုးစားမှု၏ ရလဒ်များဟု လက်ခံလာခြင်းဖြင့် အားဖြည့်ပေးမှသာ အာဟာရအလေးထား စီမံကိန်းဆောင်ရွက်ချက်များ၏ အကျိုးကျေးဇူးများ ပိုမိုများပြားလာမည်ဖြစ်သည်။

LIFT ၏ စီမံကိန်း လုပ်ငန်းများ စတင်ဆောင်ရွက်သည့် ၂၀၁၄ ခုနှစ်မှ စတင်ကာ LIFT စီမံကိန်းပံ့ပိုးမှုများရှိသည့် ဒေသများအားလုံးတွင် အာဟာရပေါင်းစပ်ပါဝင်သည့် အစီအစဉ်နှင့် အာဟာရ သီးသန့်အစီအစဉ်များ စတင်လုပ်ဆောင်ခဲ့ပြီး အာဟာရဖွံ့ဖြိုးရေး အတွက် ဝန်ကြီးဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် အတွက် တိုက်တွန်းအသိပေး အရေးဆိုခဲ့ပါသည်။

၅၅။ ၂၀၁၅ ကမ္ဘာလုံးဆိုင်ရာ အာဟာရဖွံ့ဖြိုးမှု အစီရင်ခံစာ

## အာဟာရဖောင်းပေး စိုက်ပျိုးရေး

အာဟာရဖောင်းပေး စိုက်ပျိုးရေးသည် ဆင်းရဲနွမ်းပါးသူများ အထူးသဖြင့် အမျိုးသမီးနှင့်ကလေးငယ်များအတွက် စိုက်ပျိုးရေးစီမံကိန်း ဆောင်ရွက်ချက်များနှင့် မူဝါဒများကြောင့် မရည်ရွယ်ဘဲဖြစ်သည့် အနုတ် လက္ခဏာသဘောဆောင်သော အာဟာရဆိုင်ရာ အကျိုးဆက်များ အနည်းဆုံးဖြစ်စေကာ အာဟာရဆိုင်ရာ အကျိုးရလဒ်များ၏ သက်ရောက်မှုကို အမြင့်ဆုံး ဖြစ်စေရန် ရည်ရွယ်ပါသည်။ ယင်းမှာ စိုက်ပျိုးရေးကို အာဟာရဆိုင်ရာ ရှုထောင့်မှကြည့်ခြင်းဖြစ်ပြီး ကဏ္ဍ၏ ရည်မှန်းချက် ပန်းတိုင်များမှ သွေဖယ်ခြင်းမျိုး မဖြစ်သင့်ပါ။ စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံခြင်းများသည် အာဟာရဖွံ့ဖြိုးမှုအတွက် အပြုသဘောဆောင်သည့် သက်ရောက်မှုရရှိစေရန် ရည်ရွယ်၍ ဒီဇိုင်းဆွဲခြင်း နှင့် စီမံချက်ရေးဆွဲပါက အလားအလာ အမြင့်ဆုံး ရှိပြီးသော အာဟာရဆိုင်ရာအကျိုးရလဒ်များအား ပိုမိုကောင်းမွန်စေရန် (သို့မဟုတ် အားနည်းစေရန်) ကြီးမားသည့် စွမ်းအင် ရှိပါသည်။

LIFT၏ ၂၀၁၄မဟာဗျူဟာတွင် အာဟာရကို ထည့်သွင်းလိုက်သည့်အချိန်မှစ၍ အကောင်အထည်ဖော်ရေး မိတ်ဖက်များမှ အာဟာရ ဖောင်းပေး စိုက်ပျိုးရေး စီမံချက်များအား ဆောင်ရွက်ခဲ့ကြပါသည်။ စိုက်ပျိုးရေးအနေဖြင့် အာဟာရဖွံ့ဖြိုးမှုအပေါ် အကျိုးသက်ရောက်မှု ရှိစေမည့် လမ်းသုံးသွယ်ရှိပါသည်။ ယင်းတို့တွင် အစားအသောက် ထုတ်လုပ်မှု၊ စိုက်ပျိုးရေးဆိုင်ရာ ဝင်ငွေ နှင့် အမျိုးသမီးများ၏ လုပ်ကိုင် နိုင်စွမ်းတို့ ဖြစ်ပါသည်။

တောင်တန်းဒေသနှင့် အပူပိုင်းဇုန် စီမံကိန်းများတွင် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များသည် အမူအကျင့်ပြောင်းလဲခြင်းဆိုင်ရာ ချဉ်းကပ်နည်းလမ်းများ မှတဆင့် အာဟာရဖွံ့ဖြိုးမှုနှင့် ပိုမိုကောင်းမွန်သည့် အစားအသောက်၊ အမူအကျင့်ဆိုင်ရာ သတင်းအချက်အလက်များအား ပံ့ပိုးပေးလျက် တောင်သူအုပ်စုများနှင့် ပူးပေါင်းကာ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ရန် ဆောင်ရွက်ခဲ့ပါသည်။ ချင်းပြည်နယ်တွင် Myanmar Institute for Integrated Development (MIID)သည် ပြည်နယ် စိုက်ပျိုးရေး သိပ္ပံနှင့် အနီးကပ်လက်တွဲ၍ စိုက်ပျိုးရေး ပညာပေး အရာရှိများအတွက် သင်ရိုးညွှန်းတန်းများတွင် အာဟာရဖွံ့ဖြိုးမှု ပညာပေးခြင်းကို ပေါင်းစပ်ထည့်သွင်းနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် WorldFishသည် အိမ်ထောင်စုများတွင် ငါးသေးစားသုံးမှုများ မြှင့်တင်ရန်၊ အထူးသဖြင့် ဖြည့်စွက်စာ စားသည့် ကလေးသူငယ်များအတွက် သင့်လျော်မှန်ကန်သည့် အာဟာရပြည့်ဝသည့် အစားအစာများ ကျွေးမွေးနိုင်စေရန် ရည်ရွယ်၍ အိမ်ခြံဝင်း ငါးကန်များတွင် စီးပွားဖြစ်ငါးမျိုးများနှင့် အဏုအာဟာရဓါတ် ပြည့်ဝသည့် ငါးသေးမျိုးများ မွေးမြူရန် ဆင်းရဲနွမ်းပါးသည့် ကျေးလက်နေ အိမ်ထောင်စုများအား သင်ကြားပေးလျက် ရှိပါသည်။

၂၀၁၈ခုနှစ်အတွင်းတွင် LIFT ၏ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ပါရဂူများသည် LIFT ၏ အာဟာရဖောင်းပေး စိုက်ပျိုးရေး ဆောင်ရွက် မှုများ၊ အာဟာရဖောင်းပေး စိုက်ပျိုးရေးဆိုင်ရာ ကမ္ဘာတဝှမ်းမှ အထောက်အထားများ နှင့် ပိုမိုကောင်းမွန်သည့် အာဟာရ ဖွံ့ဖြိုးမှု အကျိုးရလဒ်များ၏ သက်ရောက်မှုများကို သုံးသပ်လေ့လာခဲ့ပါသည်။ LIFT ၏ ၂၀၁၈ခုနှစ် အလွန် အဓိက ဦးတည်နယ်ပယ်များကို သုံးသပ်မှုမှ ဖော်ထုတ်ရန် ဆောင်ရွက်ခဲ့ပါသည်။ LIFT အတွက် အဓိက အကြံပြုချက်များမှာ -

- LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) ရှိ ရာထူးရာခံ အဆင့်ဆင့်မှ ဝန်ထမ်းများအား အာဟာရဖွံ့ဖြိုးမှု နယ်ပယ်ရှိ အာဟာရဖောင်းပေး စိုက်ပျိုးရေး ဆိုင်ရာ ကြိုးပမ်းမှုများတွင် ဦးဆောင်နိုင်ရန် အတွက် အထောက်အပံ့ပေးရန်
- အာဟာရဖွံ့ဖြိုးမှုအပေါ်တွင် သက်ရောက်မှုရှိပြီး၊ ဦးတည်ချက်များနှင့် အကျိုးရလဒ်များကို တိုင်းတာနိုင်သည့် ညွှန်းကိန်းများ ယှဉ်တွဲပါလာသည့် စိုက်ပျိုးရေး စီမံကိန်းဆောင်ရွက်ချက် ဒီဇိုင်းအတွက် ကူညီပံ့ပိုးပေးသော အာဟာရဖောင်းပေး အခြေအနေ လေ့လာသုံးသပ်မှုတွင် ရင်းနှီးမြှုပ်နှံရန်
- ယနေ့အချိန်အထိဆောင်ရွက်ခဲ့သော LIFT၏ အာဟာရဖောင်းပေး စီမံကိန်းများမှ လေ့လာရရှိခဲ့သည့် သင်ခန်းစာများပေါ်တွင် အခြေခံပြီး စီမံကိန်းဆောင်ရွက်ချက်များ စုပေါင်းစွမ်းအားကို မြှင့်တင်ပေးသည့် အစီအစဉ်များ၏ သက်ရောက်မှုကို ပိုမိုကောင်းမွန်စေရန်
- LIFT၏ အစီအစဉ်များနှင့် မဟာဗျူဟာများတွင် အကောင်အထည်ဖော်ရေး မိတ်ဖက်များအတွက် အကောင်အထည်ဖော်ရေး နည်းလမ်းများနှင့် အတူ ကျား၊မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းကို သိသာထင်ရှားစေရန်

## MCCT နှင့် အာဟာရ

LIFTသည် ၂၀၁၈ခုနှစ်သည် မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး အချို့ရှိကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးခြင်း (MCCT) အစီအစဉ်အတွက် ဆက်လက် ကူညီပံ့ပိုးပေးခဲ့ပါသည်။ MCCT အစီအစဉ်သည် အမျိုးသားအဆင့် လူမှု ကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာ လုပ်ငန်းစီမံချက်တွင် ရေးဆွဲထားသည့် ဘဝစက်ဝန်းတလျှောက်ရှိ ထိခိုက်လွယ်မှုများကို ဖြေရှင်းပေးရန် အကောင်အထည်ဖော်သည့် ဦးဆောင်အစီအစဉ် ၈ ခု အနက်မှ တခုဖြစ်ပြီး၊ ၂၀၁၄ နှစ်မှစတင်၍ LIFT မှ အထောက်အပံ့ပေး လျက်ရှိသည့် အစီအစဉ် ဖြစ်ပါသည်။ငွေကြေးသက်သက်ဖြင့် ထောက်ပံ့မှုများသည် ကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များ ရရှိစေအောင် ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း အထောက်အထားများမှ ထင်ရှားစွာ ပြသခဲ့သောကြောင့် ရခိုင်ပြည်နယ်တွင် ပထမဦးဆုံး ရှေ့ပြေး စမ်းသပ်ခဲ့သည့် အစီအစဉ်မှအစ မြစ်ဝကျွန်းပေါ်ဒေသ၊ အပူပိုင်းဇုန် နှင့် ချင်းပြည်နယ်ရှိ အစီအစဉ်များအထိ အာဟာရ ဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး သတင်းစကားပြောကြားမှု (social and behaviour change communication, SBCC) အား ငွေကြေးထောက်ပံ့မှု နှင့် အတူတွဲ၍ ပေးအပ်ရန် LIFT မှ ဆောင်ရွက်ခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန် အစီအစဉ်များတွင် SBCC ပေးအပ်ဆောင်ရွက်ရန် နည်းလမ်းအမျိုးမျိုး စမ်းသပ်ဆောင်ရွက်ခဲ့ပြီး အစိုးရမှ ဦးဆောင်မည့် MCCT အစီအစဉ်များအတွက် အထောက်အပံ့ ပေးနိုင်ရန် SBCC ချဉ်းကပ်နည်းလမ်းများအား ၂၀၁၉ ခုနှစ်တွင် စုစည်းလေ့လာမှု ပြုလုပ်မည်ဖြစ်သည်။

LIFTသည် ချင်းပြည်နယ်တဝှမ်းလုံးတွင် MCCT အစီအစဉ် ဆောင်ရွက်နိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အခြားအဖွဲ့များနှင့် မိတ်ဖက်ပြုနိုင်ခဲ့ခြင်းမှာ ၂၀၁၇ ခုနှစ်အတွက် ကြီးမားသည့် အောင်မြင်မှု ဖြစ်ပါသည်။ LIFTသည် ၂၀၁၈ ခုနှစ်တွင် ချင်းပြည်နယ်၌ SBCC ဆောင်ရွက်မှု ပိုမို ကောင်းမွန်စေရန်နှင့် အစိုးရ၏ စောင့်ကြည့်ကြီးကြပ်ခြင်း နှင့် အချက်အလက် စုဆောင်းခြင်းတို့တွင် ကူညီပံ့ပိုးပေးရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဆက်လက်၍ အနီးကပ် လက်တွဲ လုပ်ဆောင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် စီမံကိန်း ပထမဦးဆုံး ရန်ပုံငွေ ပံ့ပိုးခဲ့ချိန်မှစ၍ ရည်ရွယ်ထားခဲ့သည့်အတိုင်း ၂၀၁၉ ခုနှစ်အတွက် နိုင်ငံအနှံ့ ငွေကြေးထောက်ပံ့မှုများအား နိုင်ငံတော်ဘတ်ဂျက်မှ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အစိုးရက ၂၀၁၈ ခုနှစ်တွင် ကြေညာခဲ့ပါသည်။ LIFTသည် ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်မည့် ကနဦးစစ်တမ်းအတွက် လုပ်ငန်းလည်ပတ်စရိတ်နှင့် အကောင်အထည်ဖော်ရေးအတွက် အထောက်အပံ့များ မှတဆင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်

တွင် MCCT အစီအစဉ်များ အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ပေးလျက် ရှိပါသည်။

LIFTသည် အဆိုပါ အရေးကြီးသည့် အဟာရဆိုင်ရာ အစီအစဉ်များအတွက် အစိုးရနှင့် ဆက်လက်လက်တွဲ ဆောင်ရွက် နေမည်ဖြစ်ပြီး အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး သတင်းစကားပြောကြားမှုများ ပါဝင်စေရန်အတွက် ဆက်လက်၍ အားသွန်ခွန်စိုက် စည်းရုံးလှုံ့ဆော်သွားမည်ဖြစ်ပြီး ထောက်ပံ့မှုများ ဆက်လက်ပေးအပ်နေမည်ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်တွင် ဒေသအလိုက် ဆောင်ရွက်နေသည့် MCCT နှင့် SBCC စီမံချက်များနှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များ၊ အောင်မြင်မှုများနှင့် ရယူခဲ့သည့် သင်ခန်းစာများ အကြောင်းကို အခန်း ၃ တွင် ဖတ်ရှုနိုင်ပါသည်။

## အားဖြည့်ဆန်

LIFTသည် အဏုအာဟာရများ ပါဝင်သည့် အားဖြည့်ဆန်ကို မိတ်ဆက်ရန် ပုဂ္ဂလိကကဏ္ဍနှင့် လက်တွဲလုပ်ဆောင်ရန် ပံ့ပိုးမှုများပေးအပ်လျက် ရှိပါသည်။ PATHသည် အားဖြည့်ဆန်အား စီးပွားဖြစ် ရောင်းဝယ်မှု တိုးတက်လာစေခြင်းနှင့် အားဖြည့်ဆန်စားသုံးရန် အလိုအပ်ဆုံးသူများ လက်လှမ်းမီ ရရှိစေရန်ဆောင်ရွက်ခြင်းတို့ဖြင့် အားဖြည့်ဆန်စားသုံးမှုကို ပိုမို တိုးတက်များပြားအောင် ဆောင်ရွက်လျက်ရှိပါသည်။ PATH သည် အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာန၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆန်စက် လုပ်ငန်းရှင်များအသင်း၊ Population Services International (PSI) နှင့် အခြား ပတ်သက်ဆက်နွယ်သူများ နှင့် အနီးကပ် လက်တွဲကာ စားသုံးသူများ အားဖြည့်ဆန် ဝယ်ယူစားသုံးမှု တိုးတက်များပြားစေရန် မြှင့်တင်ခြင်း၊ အစိုးရ နှင့် NGO များမှ အားဖြည့်ဆန်များ ဖြန့်ဝေခြင်းတို့ကိုလည်း ဆောင်ရွက် လျက်ရှိပါသည်။ PATH မှ အားဖြည့်ဆန်စေ့များ နှင့် ပုဂ္ဂလိက ဆန်စက်များတွင် ထုတ်လုပ်ရန်အတွက် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန မှ ခွင့်ပြုချက်ရယူထားပါသည်။

၂၀၁၈ ခုနှစ်တွင် PATH သည် ဒုတိယမြောက် အားဖြည့်ဆန်စေ့ ထုတ်လုပ်သူ ဖြစ်သည့် MAPCO ကုမ္ပဏီ (MAPCO-GL) အား ဆန်စေ့ရရှိအောင် ပုံလောင်းသည့် စက်တပ်ဆင်ခြင်း အတွက် အထောက်အပံ့ပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အထိ အားဖြည့်ဆန် တန်ချိန် စုစုပေါင်း ၁,၆၃၉ မက်ထရစ်တန် ထုတ်လုပ်နိုင်ခဲ့ပြီး ရန်ကုန်၊ ဧရာဝတီ၊ နေပြည်တော်၊ပဲခူး၊ မန္တလေး၊ မကွေး ၊ စစ်ကိုင်း၊ ရခိုင်နှင့် ရှမ်းပြည် နယ် တို့ရှိ လက်လီဆိုင် ၈၅၀ ဆိုင်မှ မက်ထရစ်တန် ၁,၅၂၆ တန် ရောင်းချခဲ့ပါသည်။

PATH သည် အားဖြည့်ဆန်စားသုံးရန် အလိုအပ်ဆုံးဖြစ်သည့် ထိခိုက်လွယ် ဆင်းရဲနွမ်းပါးသူများမှ အားဖြည့်ဆန်စားသုံးမှု တိုးတက်လာစေရန် ပိုမိုအားထုတ်ကြိုးပမ်းလျက်ရှိပါသ ည်။ လူမှုရေးကဏ္ဍမှ အားဖြည့်ဆန် မက်ထရစ်တန် ၄၁၃ တန် အထိ ဝယ်ယူခဲ့ပြီး ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ဆေးရုံများနှင့် လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ အာဟာရ တိုက်ကျွေးရေး အစီအစဉ်များ မှတဆင့် ဖြန့်ဖြူးပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်းတွင် လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ ဧရာဝတီ၊ ပဲခူး၊ နေပြည်တော်၊ မန္တလေး၊ မကွေး နှင့် စစ်ကိုင်း တို့ရှိ ကျောင်းများ၏ အာဟာရတိုက်ကျွေးရေး အစီအစဉ်တွင် အားဖြည့်ဆန်တိုက်ကျွေးမှုပါဝင်စေခြင်းဖြင့် တိုးချဲ့ခဲ့ပြီး အကျိုးခံစားခွင့်ရှိသူ ၁၂,၅၀၀ ထံ ရောက်ရှိစေခဲ့ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံပေါင်း ၁,၃၀၀၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၅၅ ကျောင်း၊ အားကစား သိပ္ပံ ၆ ခုတို့ရှိ အာဟာရကျွေးရေး အစီအစဉ်များတွင် အားဖြည့်ဆန်ကို မိတ်ဆက်ရန် တစိုက်မတ်မတ် အားထုတ် ဆောင်ရွက်ခဲ့ပါသည်။

PATHသည် Population Services International (PSI) နှင့် မိတ်ဖက်ပြု၍ ပြည့်စုံကျယ်ပြန့်သည့် ဝယ်လိုအား တိုးမြင့်လာစေရန်အတွက် လူထုဆက်သွယ်ရေး နည်းလမ်းမှတဆင့် ဆောင်ရွက်သည့် လှုပ်ရှားမှုနှင့် ဈေးကွက်တွင် တိုက်ရိုက်အရောင်း မြှင့်တင်ခြင်းတို့အား ဆောင်ရွက်ခဲ့ပါသည်။ PSI နှင့် PATH တို့သည် မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် Business Kind Myanmar တို့နှင့်လက်တွဲ၍ မြို့ပြနှင့် အနီးတဝိုက်ဒေသများရှိ အမျိုးသမီးငယ် အများစု ပါဝင်နေသည့် အထည်ချုပ်စက်ရုံ လုပ်သားများထံ အားဖြည့်ဆန်ကို မိတ်ဆက်ခဲ့ပါသည်။

PATH သည် ရခိုင်ပြည်နယ်ရှိ ဆန်စက်ပိုင်ရှင် နှစ်ဦးအား အားဖြည့်ဆန်နှင့် ပုံမှန်ဆန် ရောနှောပေးသည့်စက် (Blending units)များ ပံ့ပိုးပေးခဲ့ပါသည်။ ကမ္ဘာ့ စားနပ်ရိက္ခာ အစီအစဉ်သည် စစ်တွေတွင် ၂၀၁၈ ခုနှစ် စက်တင်ဘာလမှစတင်၍ အားဖြည့်ဆန် ဖြန့်ဝေပေးခဲ့ပြီး နှစ်ကုန်ပိုင်းတွင် နေရပ်စွန့်ခွာ တိမ်းရှောင်သူစခန်း ခြောက်ခုတွင် နေထိုင်သူ ၁၀,၀၈၈ ဦးထံ အားဖြည့်ဆန် မက်ထရစ်တန် ၃၀၄ တန် ဖြန့်ဖြူးပေးခဲ့ပါသည်။

## အမူအကျင့်ပြောင်းလဲခြင်း

အမူအကျင့်ပြောင်းလဲခြင်း (Social behavior change, SBC) ဆိုသည်မှ စီမံကိန်း ဆောင်ရွက်မှုများတွင် အသုံးပြုသည့် နည်းလမ်းဖြစ်ပါသည်။ဎင်းမှာ သီးသန့် သတ်မှတ်ထားသည့် အုပ်စုများမှ လူများအတွက်နှင့် ၎င်း တို့ကိုယ်တိုင် ကောင်းမွန်သည့် အကျိုးရလဒ်များအပေါ် သက်ရောက်မှု ရှိစေရန် လုပ်ဆောင်မြဲအမူအကျင့်များအား မည်သည့် အတွက်ကြောင့် လုပ်ဆောင် နေသည်၊ ကျယ်ပြန့်သည့် လူမှုရေးနှင့် စီးပွားရေး စနစ်များအတွင်း အပြုအမူများ မည်သို့ ပြောင်းလဲလာသည်နှင့် ပတ်သက်၍ အတွင်းကျကျ လေ့လာသည့် နည်းလမ်း တစ်ခု ဖြစ်ပါသည်။[၅၆] အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲခြင်းဖြင့် ဦးစားပေး အုပ်စုများ ၏ အာဟာရဆိုင်ရာ အကျိုးရလဒ်များ ပိုမို ကောင်းမွန်စေမည့် လူမှုရေးဆိုင်ရာနှင့် တစ်ဦးချင်း အမူအကျင့်ပြောင်းလဲရေးကို ဦးတည်ပါသည်။[၅၇]

SBC ချဉ်းကပ်နည်းလမ်းများအား ပြည့်သူ့ရေးရာ သုတေသနအပေါ်တွင် အခြေခံထားပါသည်။ ၎င်း သုတေသနသည် လွှမ်းမိုးမှုရှိနိုင်မည့် အဓိက အပြုအမူများနှင့် အကြောင်းအချက်များကို ဖော်ထုတ်ပြီး၊ ဦးတည်အုပ်စုများအတွက် သီးသန့်ရည်ရွယ်သည့် သတင်းစကားများပေးနိုင်သည့် နည်းလမ်းများနှင့် လက်ကမ်း စာစောင်တွဲများ ထုတ်လုပ်နိုင်ရန် ရေးဆွဲထားသည်။ SBC အား LIFT ၏ စီမံကိန်းနယ်ပယ် အားလုံးအတွက် အသုံးပြုနိုင်ပါသည်။

အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး ဆိုသည်မှာ လူပုဂ္ဂိုလ် တစ်ဦးချင်း၊ မိသားစုများ၊ ရပ်ရွာလူထုများ၊ အသင်းအဖွဲ့များနှင့် နိုင်ငံများအနေဖြင့် သက်ရောက်မှုမြင့်မားသည့် အာဟာရဆိုင်ရာ အလေ့အကျင့်များ လက်ခံကျင့်သုံးရန် နှင့် ထိန်းသိမ်းထားရန် အတွက် တဦးနှင့်တဦး စကားပြောဆိုဆက်သွယ်ခြင်း၊ အမူအကျင့်ပြောင်းလဲခြင်းနှင့် ရပ်ရွာလူထု စည်းရုံး လှုံ့ဆော်ရေး လှုပ်ရှားမှုများ၊ လူထုဆက်သွယ်ရေးနှင့် စည်းရုံးလှုံ့ဆော်ခြင်းများ ပေါင်းစပ်ထားသည့် စီမံကိန်း ဆောင်ရွက်ချက်များ ဖြစ်ပါသည်။ ထိရောက်မှုရှိသည့် အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲမှု (Social and behavior change communication, SBCC) အတွက် အဟန့်အတားများအား လျှော့ချပေးပြီး အဆိုပါ အမူအကျင့်များကို အားပေးမြှင့်တင်စေမည့် အကြောင်းအချက်များ တိုးတက်စေရန် ဆောင်ရွက်လျက် ရှိပါသည်။ [၅၈]

LIFT၏ MCCT အတွက် ပံ့ပိုးပေးသည့် ရန်ပုံငွေသည် စားသောက်ပုံ အလေ့အထများ နှင့် ပိုမိုကောင်းမွန်သည့်

၅၆။ SPRING ၂၀၁၇ https://www.spring-nutrition.org/

၅၇။ USAID နှင့် Spring- အာဟာရ ဖွံ့ဖြိုးမှု နှင့် အမူအကျင့်ပြောင်းလဲရေး တို့ကို ရှေ့သို့တက်လှမ်းခြင်း– SPRING စီမံချက်မှ သင်ခန်းစာများ

၅၈။ USAID နှင့် Spring- အာဟာရ ဖွံ့ဖြိုးမှု နှင့် အမူအကျင့်ပြောင်းလဲရေး တို့ကို ရှေ့သို့တက်လှမ်းခြင်း– SPRING စီမံချက်မှ သင်ခန်းစာများ

အာဟာရဖွံ့ဖြိုးမှု အကျိုးရလဒ်များအတွက် အထောက်အပံ့ ဖြစ်စေမည့် အာဟာရဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်များပိုမိုကောင်းမွန်စေရန်အတွက် SBCC နှင့် အစဉ်ပူးတွဲဆောင်ရွက်သည့် ချဉ်းကပ်နည်းလမ်း ဖြစ်ပါသည်။

LIFTသည် ချင်းပြည်နယ်တွင် အစိုးရနှင့် လက်တွဲဆောင်ရွက်၍ အထောက်အထားအခြေပြု SBCCမဟာဗျူဟာရေးဆွဲရန် အတွက် Save the Children ကို ရန်ပုံငွေ ပံ့ပိုးပေး ထားပါသည်။ယင်းမဟာဗျူဟာ ရေးဆွဲမှုသည် လေ့လာ သုံးသပ်မှုများ၊ ကျန်းမာရေး ဝန်ထမ်းများ ၊ NGO ဝန်ထမ်းများ နှင့် ဆွေးနွေးတိုင်ပင် သဘောထားရယူခြင်း၊ ရပ်ရွာလူထုအတွက် အရေးကြီးသည့် အာဟာရဆိုင်ရာ အမူအကျင့်များအား ဆန်းစစ်ခြင်းနှင့် ရပ်ရွာလူထု ရင်းမြစ် ဖော်ထုတ်ခြင်းတို့ ပါဝင်သည့် ဆောင်ရွက်မှုများ၏ ရလဒ် တစ်ခုဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းများမှာ SBCC ချဉ်းကပ်နည်းလမ်းအတွက်အရေးပါသည့် လှေကား ထစ်များ ဖြစ်ပြီး စီမံချက်သည် အမျိုးသားအဆင့် SBCC လုပ်ငန်းစီမံချက် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် နေပြည်တော်၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ဤလုပ်ငန်းစဉ်သည် ရခိုင် ပြည်နယ်၊ ရှမ်း ပြည်နယ် နှင့် ဧရာဝတီတိုင်း ဒေသကြီးအပါအဝင် အခြား ဦးစားပေးရမည့် ဒေသများအတွက် MCCT အစီအစဉ်အောက်မှ SBCC ကဏ္ဍအတွက် ပြည်နယ်/တိုင်းဒေသကြီးအဆင့် လုပ်ငန်းစီမံချက်များ ရေးဆွဲရန် လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များထံမှ လမ်းညွှန်ချက်များ ရရှိခြင်းအထိ ဦးတည်ခဲ့ပါသည်။

ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်း (Multi-Sectoral National Plan of Action on Nutrition, MS-NPAN)

မြန်မာနိုင်ငံရှိ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသား အာဟာရဆိုင်ရာ ငါးနှစ် စီမံကိန်း (MS-NPAN) တခုလုံး၏ ရည်မှန်းချက်မှာ မိခင်၊ ကလေးနှင့် အပျိုဖော်ဝင်စ မိန်းကလေးများတွင် ပုံစံမျိုးစုံဖြင့် ဖြစ်ပေါ်နေသော အာဟာရချို့တဲ့မှုအား လျှော့ချရန် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ပိုမို ကျန်းမာပြီး ရည်မှန်းချက်ပြည့်ဝသည့် ဘဝများသို့ ဦးတည်စေကာ နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ရည်မှန်းချက်များအား ပံ့ပိုးဖြည့်ဆည်းပေးနိုင်လိမ့်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိအမျိုးသမီးများ၊ ကလေးသူငယ်များနှင့် အပျိုဖော်ဝင်စ မိန်းကလေးငယ်များ၏ အာဟာရဖွံ့ဖြိုးမှု ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ် ကောင်းမွန် တိုးတက်စေရန်အတွက် အဓိကလုပ်ရှားဆောင်ရွက်သူများနှင့်ပတ်သက်ဆက်နွယ်သူများကြားပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးပါသည်ဟူသော အခြေခံယူဆချက်ပေါ်တွင် MS-NPANကို ဖော်ဆောင်ထားပါသည်။ ကဏ္ဍပေါင်းစုံ၏ စုပေါင်းစွမ်းအားကို အကောင်းဆုံး အသုံးချခြင်း၊ ရပ်ရွာလူထုအဆင့်၊ အိမ်ထောင်စုအဆင့်နှင့် တစ်ဦးချင်း အဆင့်များတွင် လုပ်ကိုင်နိုင်စွမ်းရှိစေမည့် စီမံကိန်း ဆောင်ရွက်ချက်များနှင့် ဝန်ဆောင်မှုများ စုစည်းပေါင်းဆုံခြင်းတို့ဖြင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များအတွက် ထူးခြားသည့် သက်ရောက်မှုများ ရရှိနိုင်စေမည် ဖြစ်သည်။

LIFTသည် ဦးတည်နယ်ပယ် သုံးရပ်ဖြစ်သည့် ၁) စွမ်းဆောင်ရည် ဆန်းစစ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များ ၂) စီမံကိန်း ဆောင်ရွက်ချက်များ ဦးစားပေး ရွေးချယ်ခြင်း နှင့် ၃) စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း တို့ပါဝင်သည့် MS-NPAN စီမံကိန်း စတင် အကောင်အထည်ဖော်ခြင်းအဆင့် (၂၀၁၈ခုနှစ် အောက်တိုဘာ ၁ ရက် - ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်) အတွက် အထောက်အပံ့ပေးရန် ကတိကဝတ်ထားရှိခဲ့ပါသည်။

စွမ်းဆောင်ရည် ဆန်းစစ်မှုမှ ပြည်ထောင်စုအဆင့် နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ကဏ္ဍအချင်းချင်း ပူးပေါင်း ဆောင်ရွက်ခြင်း၊ တာဝန်ခံမှုနှင့် ပေါင်းစပ် ညှိနှိုင်းမှုများအား အကောင်းဆုံးလုပ်ကိုင်နိုင်စွမ်းရှိစေမည့် စနစ်များနှင့် ဖွဲ့စည်းပုံများ အား ဆန်းစစ်သုံးသပ်မည်ဖြစ်ပြီး၊ နယ်မြေအဆင့်၌ လုပ်ငန်းအစီအစဉ်များတွင် စီမံကိန်း ဆောင်ရွက်ချက်များအား အကောင်အထည်ဖော်ရန်အတွက် ကဏ္ဍလေးခုတို့၏ စွမ်းဆောင်ရည်ဆန်းစစ်မှုကို ဆောင်ရွက်မည် ဖြစ်သည်။ထိုစီမံကိန်းဆောင်ရွက်ချက်များ အား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကဏ္ဍတစ်ခုချင်းစီမှ လူ့စွမ်းအားအရင်းအမြစ်များ၊ အခြေခံ အဆောက်အဦနှင့် လုပ်ငန်းလည်ပတ်နိုင်မှု စွမ်းဆောင်ရည်တို့အား အသေးစိတ်သုံးသပ်ရန် လိုအပ်ပါသည်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ကျင်းပမည့် အလုပ်ရုံ ဆွေးနွေးပွဲများနှင့် အပြန်အလှန်ဆွေးနွေးပြော ဆိုမှုများမှ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ပြဿနာအမျိုးမျိုးနှင့် အာဟာရ ဖွံ့ဖြိုးမှုနိမ့်ကျခြင်းကို ဖြစ်စေသည့် အဓိက အကြောင်းရင်းများအား ဆွေးနွေးသုံးသပ်မှုများ ပြုလုပ်ကြမည် ဖြစ်သည်။ ဆွေးနွေးသုံးသပ်မှုများမှ ထွက်ပေါ်လာသည့် အချက်အလက်များနှင့် အကောင်အထည်ဖော်ရန် ဖြစ်နိုင်စွမ်း လေ့လာခြင်းမှရရှိသည့် အချက်အလက်များဖြင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် လုပ်ငန်း အစီအစဉ် များတွင် ထည့်သွင်းမည့် အရေးအကြီးဆုံးသော ဦးစားပေးစီမံကိန်း ဆောင်ရွက်ချက်များတွင် အထောက်အပံ့ပေးမည်ဖြစ်သည်။ နောက်ဆုံးအနေဖြင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များ အား စောင့်ကြည့်ခြင်း၊ ရရှိခဲ့သည့် အောင်မြင်မှုများအား သုံးသပ်ခြင်းနှင့် နောက်ဆုံးအဆင့်တွင် စီမံကိန်း၏ အကျိုးသက်ရောက်မှုအား စွမ်းဆောင်ရည်တိုင်းတာသည့် အဓိက ညွှန်းကိန်းများ ဖြင့် တိုင်းတာခြင်းတို့ကို ဆောင်ရွက်မည့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း စနစ်ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် စီစဉ်ထားဆဲ ဖြစ်ပါသည်။

LIFTနှင့် Access to Health ရန်ပုံငွေတို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ မှတဆင့် MS-NPAN အတွက် အထောက်အကူပေးရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အာဟာရဖွံ့ ဖြိုးရေးနှင့် သုတေသနဌာနနှင့် နီးနွယ်နေသည့် စီမံကိန်း စတင် အကောင်အထည်ဖော်သည့်နှစ် အတွက် ကုန်ကျစရိတ်၏ ၆၀ ရာခိုင်နှုန်းကျော်အား ပံ့ပိုးပေးခဲ့ပါသည်။ LIFTသည် MS-NPAN အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့မှ ပါဝင်ဆောင်ရွက်မည့် အခန်းကဏ္ဍများတွင် မည်သည့် ပံ့ပိုးကူညီမှုများ ပံ့ပိုးပေးနိုင်မည်ကို ဆက်လက် စူးစမ်းဖော်ထုတ်မည် ဖြစ်ပါသည်။

အာဟာရ နှင့် ကြံ့ကြံ့ခံနိုင်မှုစွမ်းရည် အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ လေ့လာသင်ယူခြင်း မေးခွန်းများ (evaluation learning questions, ELQ)

အာဟာရဆိုင်ရာ ELQ လေ့လာမှုတွင် အပိုင်းနှစ်ပိုင်းပါဝင်မည်ဖြစ်ပြီး အာဟာရချို့တဲ့မှု နှင့် ကြံ့ကြံ့ခံနိုင်စွမ်း တို့အကြား ဆက်နွယ်နေသော အရည်အသွေး နှင့် အရေအတွက်ဆိုင်ရာ ရှိဆဲအချက်အလက်များပေါ်တွင် အခြေခံသည့် လေ့လာတွေ့ရှိချက်များအား ဖော်ထုတ်ခြင်းနှင့်သုံးသပ်ခြင်းတို့အပြင် ထပ်မံစုံစမ်းရန် ကျန်ရှိနေသေးသော အထောက်အထားကွာဟချက်များကို ဖော်ထုတ်မည်ဖြစ်သည်။ အစီရင်ခံစာ ပထမပိုင်းသည် အာဟာရဖွံ့ဖြိုးမှု၊ စားနပ် ရိက္ခာဖူလုံမှုနှင့် ကြံ့ကြံ့ခံနိုင်မှုစွမ်းရည် တည်ဆောက်ခြင်းတို့အကြား ဆက်နွယ်ဆောင်ရွက်မှုကို ဖော်ထုတ်ပြသမည့် အယူအဆပိုင်းဆိုင်ရာမူဘောင်ကို တင်ပြပါသည်။ ဒုတိယပိုင်း လေ့လာမှုတွင် ၂၀၁၅ ခုနှစ်နှင့်၂၀၁၇ ခုနှစ် အိမ်ထောင်စု စစ်တမ်းများအား အာဟာရဆိုင်ရာ ကြံ့ကြံ့ခံနိုင်စွမ်းရည် ရှုထောင့်မှ ဆန်းစစ်ပြီး LIFT မှ ရန်ပုံငွေပံ့ပိုးပေးထားသည့် စီမံချက်အချို့အား ရွေးချယ်သုံးသပ်ထားခြင်းများ ပါဝင်ပါသည်။

ပိုမိုကောင်းမွန်သည့် အာဟာရဖွံ့ဖြိုးမှုမှာ ခိုင်မာအားကောင်းသည့် ကြံ့ကြံ့ခံနိုင်စွမ်း၏ ပါဝင်မှုနှင့် အကျိုးရလဒ်တို့ ဖြစ်နေနိုင်ပါသည်။ကောင်းမွန်သည့် အာဟာရဖူလုံမှုသည် ပြည်သူလူထုအား ကာလတို အခက်အခဲ အကျပ်အတည်းများ (သို့) ရေရှည်ဖိစီးမှုများအတွက် ကြိုတင်ပြင်ဆင်ပြီးသားဖြစ်စေရန် အထောက်အကူပြုပါသည်။ထို့အတူ ခိုင်မာအားကောင်းသည့်ကြံ့ကြံ့ခံနိုင်စွမ်းရည်သည် ရပ်ရွာလူထု အသိုက်အဝန်းတစ်ခုလုံး၏ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အဆင့်အတန်းကို တိုးတက် ကောင်းမွန်စေပါသည်။[၁၉]

အစီရင်ခံစာသည် LIFT ၏ မဟာဗျူဟာ အသစ်နှင့် နီးကပ်စွာ ချိန်ညှိထားသည့် အဓိက တွေ့ရှိချက် ခြောက်ခုကို ဖော်ထုတ်ခဲ့ပြီး ယင်းတွေ့ရှိချက်များမှာ ကြံ့ကြံ့ခံနိုင်စွမ်းရည် တည်ဆောက်ရေးအတွက် အာရုံစိုက်ရမည့် အချက်များ ဖြစ်သည့် -

- ရပ်ရွာလူထုနှင့် ဒေသဆိုင်ရာ အာဏာပိုင်များအား အရေးပါသည့် ပူးပေါင်းဆောင်ရွက်ရေး မိတ်ဖက်များအဖြစ် ပေါင်းစည်းစေ၍ အာဟာရဖွံ့ဖြိုးမှု နှင့် ကြံ့ကြံ့ခံနိုင်စွမ်းတို့ကို ဖြေရှင်းရန်
- ကိုယ်ဝန်ဆောင်မိခင်နှင့်အသက်နှစ်နှစ်အောက်ကလေးသူငယ်များအတွက် အာဟာရဖွံ့ဖြိုးစေရန်စောင့်ရှောက်မှုပေးခြင်းဆိုင်ရာ ခိုင်မာအားကောင်းသည့် မူဝါဒများနှင့် အစီအစဉ်များအတွက် စည်းရုံးလှုံ့ဆော်ရန်နှင့် အာဟာရဖောင်းပေး ကျန်းမာရေးစနစ်ကို မြှင့်တင်ရန်
- ဆိုးရွားသည့် ရာသီဥတုဆိုင်ရာ အဖြစ်အပျက်များ မဖြစ်ပွားမီ ကြိုတင်ပြင်ဆင်သည့် အနေဖြင့် အိမ်ထောင်စုနှင့် ရပ်ရွာလူထုအဆင့်တွင် ကြံ့ကြံ့ခံနိုင်စွမ်းရည် တည်ဆောက်ရန်
- မြို့ပြနှင့်အနီးတဝိုက် ဆင်ခြေဖုံးဒေသများနှင့် မြို့ပြ စည်ပင်သာယာရေး နယ်နိမိတ်အတွင်းရှိ ဆင်းရဲနွမ်းပါးသူများ အတွက် ဦးတည်ဆောင်ရွက်ပေးမှု တိုးမြှင့်ရန်
- အာဟာရ ဖောင်းပေး တန်ဖိုးမြှင့်ကွင်းဆက် နှင့် စားနပ်ရိက္ခာ စနစ်များတွင် ရင်းနှီးမြှုပ်နှံရန်
- ကြံ့ကြံ့ခံနိုင်စွမ်းနှင့် အာဟာရဖွံ့ဖြိုးမှုတို့ မည်သို့ အပြန်အလှန် ခိုင်မာအားကောင်းစေမည်ဆိုသည်ကို ဆောင်ရွက်ရန်အတွက် အထောက်အထားနှင့် ဒေသအလိုက် ကျွမ်းကျင်မှုကို တည်ဆောက်ရန်

## ပူးပေါင်းဆောင်ရွက်ခြင်းများ

LIFT သည် ၎င်း၏ အာဟာရဆိုင်ရာလုပ်ငန်းများ၏ ကဏ္ဍအားလုံးနှင့် အကျုံးဝင်သည့် သဘောသဘာဝကို ထင်ဟပ်သည့် များပြား ကျယ်ပြန့်သော မိတ်ဖက်ပြုမှုများတွင် ပါဝင်ပတ်သက်လျက် ရှိပါသည်။ ပုဂ္ဂလိကကဏ္ဍမှ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ ပြည်တွင်း နှင့် နိုင်ငံတကာ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများအပြင် UNICEF၊ UN REACH နှင့် SUN –CSA တို့ကဲ့သို့ ကုလသမဂ္ဂ အဖွဲ့အစည်းများအပါအဝင် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အမျိုးမျိုးနှင့် တက်ကြွစွာ ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါသည်။

၂၀၁၈ ခုနှစ်တွင် LIFTသည် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရေး ရန်ပုံငွေ (Access to Health fund) နှင့် Humanitarian Assistance and Resilience Programme (HARP) တို့နှင့် လက်တွဲ၍ အာဟာရဖွံ့ဖြိုးရေးအတွက် ပိုမို၍ တစုတစုစည်းတည်း ဖြစ်သည့် ချဉ်းကပ်နည်းလမ်းကို မြှင့်တင်မည့် ရန်ပုံငွေအဖွဲ့ တစ်ခုချင်းစီနှင့် သက်ဆိုင်သည့် အားသာချက်များပေါ်တွင် အခြေခံ တည်ဆောက်ထားသော ပူးတွဲဆောင်ရွက်မှုနည်းလမ်းတခုအား ဖော်ဆောင်ခဲ့ပါသည်။ အဆိုပါ ရန်ပုံငွေအဖွဲ့များသည် လူသားချင်းစာနာမှု နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်ရွယ်ချက် နှစ်မျိုးလုံး နှင့် အကျုံးဝင်သော အာဟာရချို့တဲ့ခြင်းကို ဟန့်တားရန် နှင့် တုံ့ပြန်ရန် ဦးတည်ပေါင်းစည်းထားသည့် နည်းပညာဆိုင်ရာ ချဉ်းကပ်နည်းလမ်းဖြင့် လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူညီ ထားကြပါသည်။ ရန်ပုံငွေအဖွဲ့များ၏ ပူးပေါင်းရင်းနှီးမြှုပ်နှံမှုများဖြင့် အသိပေး စည်းရုံးလှုံ့ဆော်မှုဆိုင်ရာ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကျိုး သက်ရောက်မှုများ ရရှိနိုင်ရန်အတွက် ဆောင်ရွက်ပါသည်။

ဤရန်ပုံငွေသုံးရပ်၏ အာဟာရဆိုင်ရာ ချဉ်းကပ်နည်းလမ်း၏ ဦးစားပေးလုပ်ငန်းများမှာ-

- လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဦးစားပေးများအား ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံအစိုးရ နှင့် MS-NPAN တို့၏ ဦးစားပေးလုပ်ငန်းများနှင့် ချိန်ညှိရန်
- လုပ်ငန်းတမျိုးတည်းအား ထပ်ခါထပ်ခါဆောင်ရွက်မိခြင်း၊ လုပ်ငန်းပုံစံတူညီနေခြင်းတို့အား ရှောင်ရှားလျက် ရန်ပုံငွေသုံးရပ်၏ ခိုင်မာအားကောင်းမှုကို တည်ဆောက်ရန်
- ပေါင်းစပ်ညှိနှိုင်းရေးနှင့် ဆက်သွယ်ရေး-
- အောက်ပါတို့ကို သေချာစွာ လုပ်ကိုင်နိုင်ရန်အတွက် ရန်ပုံငွေသုံးရပ်၏ အာဟာရဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီကို သက်ဝင်စေရန်
- စီမံကိန်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းမှ ရယူခဲ့သည့် သင်ခန်းစာများ
- ပူးတွဲမူဝါဒ နှင့် စည်းရုံးလှုံ့ဆော်ရေး အစီအစဉ်များ
- လက်တွေ့ကျပြီး ညှိနှိုင်းဆောင်ရွက်သည့် နည်းပညာနှင့် ရန်ပုံငွေ အထောက်အပံ့

၂၀၁၈ ခုနှစ်အတွင်း ရန်ပုံငွေအဖွဲ့ သုံးဖွဲ့မှ ကချင်နှင့် ရခိုင်ပြည်နယ်များတွင် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အကျိုးရလဒ်များအတွက် ကောင်းမွန်သည့် သက်ရောက်မှုရှိစေမည့် ပေါင်းစပ်ညှိနှိုင်းထားသည့် ချဉ်းကပ်နည်းလမ်းများအတွက် အခွင့်အလမ်းများရှိသည့် ပထဝီအနေအထားအရ တူညီသည့် ဒေသများတွင် ရင်းနှီးမတည်ရန် အဆိုပြုလွှာများ ကို ပူးတွဲသုံးသပ်ခဲ့ပါသည်။

LIFTသည် ရေ၊ တစ်ကိုယ်ရည်သန့်ရှင်းရေး နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ စီမံကိန်းဆောင်ရွက်ချက်များဆိုင်ရာ အကောင်းဆုံး အမူအကျင့်များအား မှတ်တမ်းတင်ရန်နှင့် မိတ်ဖက်များ အနေဖြင့် ပိုမို ပြည့်စုံ ကျယ်ပြန့်သည့် ချဉ်းကပ်နည်းလမ်းများ ကျင့်သုံးစေရန် ရခိုင်ပြည်နယ်တွင် ကျင်းပသည့် ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ လေ့လာသင်ယူခြင်း အလုပ်ရုံ ဆွေးနွေးပွဲအား HARPနှင့် ပူးတွဲထောက်ပံ့ရန် သဘောတူခဲ့ပါသည်။၂၀၁၈ခုနှစ် နှစ်ကုန်အထိ LIFT၊ Access to Health နှင့် HARP တို့သည် နည်းပညာ မိတ်ဖက်အဖွဲ့တစ်ခုနှင့် ပူးပေါင်း၍ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသော အလွန်အမင်း အာဟာရချို့တဲ့မှုကို ဖြေရှင်းရန် နှင့် ဝန်ဆောင်မှုများအား အကန့်အသတ်ဖြင့်သာ လက်လှမ်းမီရရှိကြသည့် ရပ်ရွာလူထုအတွင်းမှ အာဟာရချို့တဲ့မှုဆိုင်ရာ ရောဂါများအား စောလျင်စွာသိရှိပြီး အမြန်ဆုံး ကုသပေးနိုင်ရန် အလားအလာကောင်းသည့် စမ်းသပ်အစီအစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။

## ရှေ့သို့ မျှော်ကြည့်လျှင်

LIFT သည် မြန်မာနိုင်ငံတွင် ၂၀၁၄ခုနှစ်မှ စတင်၍ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ဦးဆောင်သူ၊ ညှိနှိုင်းဆောင်ရွက်သူ နှင့် အထောက်အကူပေးသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာရန် ကိုယ်တိုင် တည်ဆောက်ရယူခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ပြန်လည် ဆန်းသစ်ပြင်ဆင်ထားသည့် ၂၀၁၉-၂၀၂၃ မဟာဗျူဟာကို ရရှိနိုင်သည့် အထောက်အထား၊ LIFT ရန်ပုံငွေ ဘုတ်အဖွဲ့၏ အဆင့်မြင့်ကျွမ်းကျင်မှု၊ အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ အနာဂတ် ချဉ်းကပ်နည်းလမ်းကို ပုံဖော်နိုင်ရန် ကူညီပံ့ပိုးပေးသည့် အစိုးရ နှင့် အစိုးရမဟုတ်သည့် လုပ်ရှားဆောင်ရွက်သူများနှင့် တိုင်ပင်ဆွေးနွေး သဘောထားရယူခြင်းအမျိုးမျိုးတို့အပေါ် အခြေခံ၍ ရေးဆွဲထားပါသည်။

၁၉။ မြန်မာနိုင်ငံရှိ အာဟာရ ဖွံ့ဖြိုးမှု နှင့် ကြံ့ကြံ့ခံနိုင်စွမ်း - ပထမပိုင်း - အထောက်အထား သုံးသပ်လေ့လာခြင်း LIFT မှ ရန်ပုံငွေပံ့ပိုးပေးသည့် LEARN




▲ ပုံ ၅.၁
အာဟာရဖွံ့ဖြိုးမှုနှင့်
ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်အကြား
ဆက်သွယ်မှုအတွက်
အယူအဆပိုင်းဆိုင်ရာ မူဘောင်

မှတ်ချက်- LIFT ၏ အာဟာရဆိုင်ရာ ကျွမ်းကျင်ပညာရှင် မှ ပုံဖော်ထားပါသည်။ ပုံအား Gostelow et al. 2015 နှင့် ယူနီဆက်ဖ် ၂၀၁၃ နှင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ထားပါသည်။ ဘယ်ဖက် (အပြာ) အပိုင်းသည် အာဟာရသည် အဆင့်အမျိုးမျိုးရှိ ကြံ့ကြံ့ခံနိုင်စွမ်းအား မည်သို့ လွှမ်းမိုးနိုင်စွမ်းရှိသည်ကို ပြသပါသည်။ ညာဖက်ရှိ (အစိမ်းရောင်) အပိုင်းသည် ကြံ့ကြံ့ခံနိုင် စွမ်းရည် ရလဒ်အပေါ် အာဟာရမှ မည်သို့ လွှမ်းမိုးနိုင်စွမ်းရှိသည်ကိုပြသပါသည်။ အလယ်ပိုင်းသည် ၂၀၁၃ ခုနှစ် ယူနီဆက်ဖ်၏ အာဟာရဖွံ့ဖြိုးမှု နိမ့်ကျခြင်း ဖြစ်ရသည့် ကြောင်းကျိုးဆက်နွယ်မှု မူဘောင်ပေါ်တွင် အခြေခံထားပါသည်။

မဟာဗျူဟာသည် The Lancet ၏ အထောက်အထားအခြေပြု စီမံကိန်းဆောင်ရွက်ချက်များ၏ အကြံပြုချက်များနှင့် MS-NPAN အတိုင်း လိုက်နာဆောင်ရွက်ပြီး အာဟာရချို့တဲ့မှုဖြစ်သည့် အကြောင်းရင်းများအပေါ်တွင် တိုက်ရိုက်သက်ရောက်စေမည့် ဆောင်ရွက်မှုများတွင် ရင်းနှီးမြှုပ်နှံနိုင်ရေးကို လမ်းညွှန်နိုင်ရန် ဖြစ်သည်။ ယင်းဆောင်ရွက်မှုများတွင် အာဟာရ ဖွံ့ဖြိုးမှု သီးသန့် စီမံကိန်း ဆောင်ရွက်မှုများ နှင့် အာဟာရ ဖောင်းပေးပြီး တိုက်ရိုက်အကျိုး သက်ရောက်မှုရှိစေမည့် စီမံကိန်း ဆောင်ရွက်ချက်များ ပါဝင်ပါသည်။

မဟာဗျူဟာအသစ်သည် အာဟာရ ဖောင်းပေးခြင်းနှင့် အာဟာရ သီးသန့် စီမံကိန်း ဆောင်ရွက်ချက်များကို ဦးတည်ခြင်းဖြင့် အာဟာရ ချို့တဲ့မှု ဖြစ်စေသည့် ကဏ္ဍစုံမှ မောင်းနှင်အားများကို တုံ့ပြန်ဆောင်ရွက်မည်ဖြစ်ကာ အထူးသဖြင့် အာဟာရ ဖောင်းပေးစီမံကိန်းလုပ်ငန်းမှ အထောက်အထားဆိုင်ရာ လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးရန် ရည်မှန်းထားပါသည်။ အာဟာရဖောင်းပေး စီမံကိန်းလုပ်ငန်းကို LIFT၏ အကြောင်းအရာနယ်ပယ် အမျိုးမျိုးတွင် ဖြန့်ကျက်ထားပါသည်။ အကယ်၍သာ စီမံကိန်းဒီဇိုင်းတွင် ထည့်သွင်းရေးဆွဲထားမည်ဆိုပါက မဟာဗျူဟာ အသစ်မှ အာဟာရဖွံ့ဖြိုးမှု အကျိုးရလဒ်များအပေါ် အထောက်အကူဖြစ်စေနိုင်မည့် စိုက်ပျိုးရေး၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုနှင့် သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်တို့တွင် ထည့်သွင်းဆောင်ရွက်မည်ဖြစ်ပါသည်။

ဖြစ်ပွားစေသည့် အကြောင်းရင်းများ၊ ပြည်သူ့ကျန်းမာရေး သုတေသန၊ အမူအကျင့် ပြောင်းလဲရေးဆိုင်ရာ ချဉ်းကပ်နည်းလမ်းများ၊ ဆယ်ကျော်သက်များ နှင့် ပိုမိုကျယ်ပြန့်သည့် ရပ်ရွာလူထုအသိုက်အဝန်း ထိတွေ့ဆောင်ရွက်ခြင်းများကို ထိရောက်သည့် ဆန်းစစ်မှုများမှတဆင့် ဘဝအစ ရက်ပေါင်း ၁,၀၀၀အတွင်း အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများအား ဖြေရှင်းဆောင်ရွက်ရန် အားကောင်းသည့် အထောက်အထားဖော်ထုတ်ရေး စီမံကိန်း အစိတ်အပိုင်းနှင့်အတူ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်မည်ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရေး ရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်ခြင်းသည် LIFT ၏ ဆောင်ရွက်မှုကို အားကောင်းခိုင်မာစေမည် ဖြစ်ပါသည်။ အထူးသဖြင့် အလွန်အမင်း အာဟာရချို့တဲ့မှုကိုဖြေရှင်းရန်နှင့် ဝန်ဆောင်မှုများအား အကန့်အသတ်ဖြင့်သာ လက်လှမ်းမီ ရရှိကြသည့် ရပ်ရွာလူထုအတွင်းမှ အာဟာရချို့တဲ့မှုဆိုင်ရာ ရောဂါများအား စောလျင်စွာ သိရှိပြီး အမြန်ဆုံး ကုသပေးနိုင်မှုတို့အတွက် အထောက်အကူပြုမှုကို တိုးတက်စေခြင်းဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းဆောင်ရွက်မှုများတွင် ဖြစ်ပါသည်။

၅.၂

# ကြံ့ကြံ့ခံနိုင်မှု

## ကြံ့ကြံ့ခံနိုင်မှုအတွက် LIFT ၏ဆောင်ရွက်မှုနည်းလမ်း

မြန်မာနိုင်ငံရှိ နွမ်းပါးသည့် ကျေးလက်ဒေသမှ အိမ်ထောင်စုများ၏ ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ပေးရန်မှာ LIFT၏ စီမံကိန်း လုပ်ငန်းများအားလုံး ဗဟိုချက်တွင် ရှိပါသည်။ LIFT ၏ ရည်ရွယ်ချက်မှာ ကြံ့ကြံ့ခံနိုင်စွမ်း ခိုင်မာအားကောင်းစေရန် ဖြစ်ပါသည်။ LIFT ၏ စီမံကိန်းလုပ်ငန်းများရှိ ကြံ့ကြံ့ခံနိုင်မှုအပိုင်းသည် အခက်အခဲအကျပ်အတည်း၊ ဖိအားအမျိုးမျိုးနှင့်/သို့မဟုတ် မက်ကရိုနှင့် မိုက်ကရို လူမှုစီးပွား ဖိစီးမှုများကို ခံနိုင်စွမ်းရှိစေရန်နှင့် ပြန်လည် ထူထောင်နိုင်ရန်အတွက် တစ်ဦးချင်း၊ အိမ်ထောင်စုများ နှင့် ရပ်ရွာလူထုများ၏ စွမ်းဆောင်ရည် တိုးတက်စေရန်အတွက် ကူညီပံ့ပိုးပေးလျက် ရှိပါသည်။

LIFTသည် ရာသီဥတုဆိုင်ရာ ဖိစီးမှုများ၊ ပဋိပက္ခ နှင့် လူမှုစီးပွားဆိုင်ရာ အန္တရာယ်များကြောင့် ဖိစီးမှုများ အပါအဝင် ကျေးလက်နေ အိမ်ထောင်စုများကြုံတွေ့နေရသောပြဿနာ ဇစ်မြစ်များနှင့် ကျရောက်နိုင်ချေရှိသည့် အန္တရာယ်များအား ကိုင်တွယ် ဖြေရှင်းပေးလျက်ရှိပါသည်။ အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ရပ်ရွာလူထုများ၏ အာဟာရဖွံ့ဖြိုးမှု အဆင့်အတန်းနှင့် ဝင်ငွေများ တိုးတက်ကောင်းမွန်စေခြင်း၊ အခက်အခဲဖိစီးမှု ကြုံတွေ့ချိန်တွင် ၎င်းတို့၏ အားနည်းထိခိုက်လွယ်မှု ကို လျော့နည်းစေခြင်း နှင့် ဆင်းရဲနွမ်းပါးသူ အကျိုးပြု မူဝါဒများရေးဆွဲရာတွင် အထောက်အကူပေးခြင်းတို့ဖြင့် ဆောင်ရွက်ပါသည်။

LIFT၏ စီမံကိန်းများသည် အိမ်ထောင်စုများနှင့်ပြည်သူများအား အဆိုပါ လမ်းကြောင်းများမှတဆင့် -

- စိုက်ပျိုးရေးမှ အောင်မြင်စွာ 'ထွက်ခွာ' ပြီး အကျိုးပို ဖြစ်ထွန်းသည့် အခြား စီးပွားရေးကဏ္ဍများသို့ ဝင်ရောက်ရန်
- စိုက်ပျိုးရေးကဏ္ဍတွင် တန်ဖိုးအဆင့်ဆင့် 'တက်လှမ်း' ရန် နှင့် ဆင်းရဲနွမ်းပါးမှုကို ကျော်လွန်ရောက်ရှိရန်
- (သို့) စိုက်ပျိုးရေးကို သက်စောင့်ပိုက်ကွန်/လုံခြုံရေး အကာအကွယ်အဖြစ် အသုံးပြုလျက် ၎င်းတို့၏ စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရဖွံ့ဖြိုးမှုတို့အား တိုးတက်ကောင်းမွန်ခြင်းဖြင့် 'တောင့်ထား' နိုင်ရန်

မြန်မာနိုင်ငံသည် ကမ္ဘာတဝှမ်းရှိ ရာသီဥတုပြောင်းလဲမှုဒဏ်ကို တတိယ အဆိုးရွားဆုံး ခံစားရသည့် နိုင်ငံဖြစ်ပါသည်။[၆၀] လွန်ခဲ့သည့် ဆယ်စုနှစ် ခြောက်ခုအတွင်းချိန်၍ ကြည့်လျှင် မြန်မာနိုင်ငံတွင် အပူချိန် နှင့် ပျမ်းမျှ မိုးရေချိန်များ မြင့်တက်လာခဲ့ပြီး၊ လွန်ကဲမိုးလေဝသ ဖြစ်ရပ်များလည်း များပြားလာခဲ့ကာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခဲ့သည်။[၆၁] ဤပြောင်းလဲမှုများသည် မြန်မာ တနိုင်ငံလုံးရှိ လူတိုင်းအပေါ် သက်ရောက်မှုများရှိခဲ့ပြီး ဆင်းရဲနွမ်းပါးသူများ၊ထိခိုက်လွယ်သူများနှင့် ဝမ်းစာဖူလုံရုံမျှသာရှိသော တောင်သူများအား အထိခိုက်ဆုံး ဖြစ်စေခဲ့သည်။ LIFTသည် ထိုအိမ်ထောင်စုများအတွက် ရည်ရွယ်ဦးတည်၍ ရာသီဥတု ဘေးအန္တရာယ်များကြောင့် ဖြစ်သည့် ထိတ်လန့်တုန်လှုပ်မှုများ နှင့် ဖိစီးမှုများကို ခံနိုင်ရည်ရှိရန် နှင့် ရာသီဥတုပြောင်းလဲမှုနှင့် ရင်ဆိုင်ရသည့်အခါ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်နိုင်ရန် စွမ်းဆောင်ရည်များ တည်ဆောက်ပေးလျက်ရှိပါသည်။ ယင်းသို့ စွမ်းဆောင်ရည် တည်ဆောက်ရန် အတွက် LIFT၏ ချဉ်းကပ်နည်းလမ်းသည် အဓိကကျသည့် အစိတ်အပိုင်းဖြစ်ပါသည်။ ထို့အပြင် LIFT ၏ ရာသီဥတုနှင့် သဟဇာတ ဖြစ်သည့် စိုက်ပျိုးရေး၊ သစ်တော နှင့် ငါးလုပ်ငန်း အစီအစဉ်များအား နိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိစေရေး လုပ်ငန်းစီမံကိန်း ၂၀၁၂ (National Climate Change Adaptation Programme of Action 2012) နှင့် ကိုက်ညီစေရန် ဆောင်ရွက်ခဲ့ပါသည်။ ရာသီဥတုဘေးအန္တရာယ်ကြောင့်ဖြစ်သည့် ထိတ်လန့်တုန်လှုပ်မှုများ၊ ဖိစီးမှုများ နှင့် လိုက်လျောညီထွေဖြစ်စွာ နေထိုင်နိုင်ရန် LIFT ၏ အစီအစဉ်များ နှင့် စီမံကိန်းလုပ်ငန်းများမှ မည်သို့ ကူညီပေးလျက် ရှိသည်ကို ပြသလျက် ရှိပါသည်။

LIFT၏ စီမံကိန်းများသည် စိုက်ပျိုးဂေဟဇုန် တခုချင်းစီရှိ ဒေသခံ ပြည်သူများ၏ လိုအပ်ချက်များအပေါ် ရည်ရွယ်ဦးတည်သည့် အခြေအနေများအလိုက် ဆောင်ရွက်သည့် လုပ်ငန်းများမှတဆင့် ကြံ့ကြံ့ခံနိုင်စွမ်းရည်ကို တည်ဆောက်လျက်ရှိပါသည်။ စီမံချက်များနှင့် အစီအစဉ်အတော်များများသည် ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ချေများအား ဖော်ထုတ်ပြီး၊ အဆင့်အတန်းသတ်မှတ်ကာ ၎င်းတို့ ပုံမှန်ကောက်ယူထည့်သွင်းသည့် စွန့်စားနိုင်ချေများ မက်ထရစ်/ဇယားကွက်တွင် သင့်လျော်သော လုပ်ဆောင်ချက်များ လုပ်ဆောင်ရန် ဖော်ပြပါသည်။

LIFT၏ စိုက်ပျိုးရေးဆိုင်ရာ အစီအစဉ်၏ အဓိက အကျိုးရလဒ်မှာ ရာသီဥတု ကွဲပြားခြားနားမှုနှင့် ပြောင်းလဲမှုတို့နှင့် တွေ့ကြုံရင်ဆိုင်ရသည့် လုပ်ကွက်ငယ် တောင်သူများအတွက် စိုက်ပျိုးရေးကဏ္ဍ ရေရှည်တည်တံ့မှုနှင့် လယ်ယာအခြေပြု ထုတ်လုပ်မှု စနစ်များ တိုးတက်ကောင်းမွန်စေရန်ဖြစ်ပါသည်။ ရာသီဥတု ကွဲပြားခြားနားမှုအား စီမံခန့်ခွဲခြင်းသည် တောင်ယာ စိုက်ပျိုးခြင်း နှင့် လုပ်ကွက်ငယ် တောင်သူများ ဆုံးဖြတ်ချက်ချရာတွင် ဆောင်ရွက်ရန် အမြဲပါဝင်နေသည့် အခြင်းအရာ ဖြစ်သော်လည်း၊ ရာသီဥတု ပြောင်းလဲမှု၏ အကျိုးဆက်များမှာ တောင်ယာလုပ်ငန်း နှင့် မြန်မာနိုင်ငံရှိ ကျေးလက်နေ ရပ်ရွာလူထုများအား ပိုမိုကြီးမားသည့် ဘေးအန္တရာယ်များသို့ တွန်းပို့လျက်ရှိပါသည်။ LIFTသည် တနိုင်ငံလုံးတွင်ရှိသည့် တောင်ယာလုပ်ငန်း လုပ်ကိုင်သည့် အသိုက်အဝန်းများ၏ ကြံ့ကြံ့ခံနိုင်စွမ်းရည်နှင့် လိုက်လျောညီထွေဖြစ်စေမည့် ပြုပြင်နိုင်စွမ်းကို အလေးထားသည့် အစီအစဉ်နှင့် စီမံကိန်းဆောင်ရွက်ချက် အမျိုးမျိုးအား အထောက်အပံ့ပေးလျက်ရှိပါသည်။ သစ်စိမ်း မြေဩဇာများ အသုံးပြုခြင်းဖြင့် သဘာဝဝန်းကျင် မပျက်စီးစေသည့် စိုက်ပျိုးရေး နည်းစနစ်များ (conservation agriculture practices) အား မြှင့်တင်ပေးခြင်းဖြင့် စီးပွားဖြစ် ထွက်နှုန်းကောင်းများ ရရှိရန်၊ ပုံမှန်ထက် လျော့နည်းသည့် ရေကိုသာလိုအပ်ပြီး စိုက်ပျိုးရာသီတိုတောင်းသည့် မျိုးစိတ်များ ပံ့ပိုးပေးခြင်းဖြင့် ကြံ့ကြံ့ခံနိုင်စွမ်း တည်ဆောက်ခြင်း နှင့် အနာဂတ်တွင် ကြုံတွေ့လာမည့် ရာသီဥတုများ နှင့် လိုက်လျောညီထွေပြုပြင်နိုင်ခြင်းမှာ LIFT မှ ရွေးချယ်ထားသည့် စံနမူနာကောင်းများဖြစ်ပါသည်။ ၂၀၁၈ခုနှစ်တွင် အိမ်ထောင်စု ပေါင်း ၇၇၂,၀၀၀ ကျော်တို့သည် ရာသီဥတု ကွဲပြားခြားနားခြင်း နှင့် ပြောင်းလဲမှုတို့ကို ဖြေရှင်းနိုင်မည့် ချဉ်းကပ်နည်းလမ်း အသစ်များနှင့် မဟာဗျူဟာအသစ်များအား ကြားသိ တွေ့မြင်မှုနှင့်/သို့မဟုတ် လက်ခံကျင့်သုံးခဲ့ကြပြီး ကြံ့ကြံ့ခံနိုင်စွမ်းရည် တည်ဆောက်နိုင်သည့် ပံ့ပိုးကူညီမှုများကို ရရှိခဲ့ကြသည်။

## မြစ်ဝကျွန်းပေါ်

မြစ်ဝကျွန်းပေါ်အစီအစဉ်သည် ရပ်ရွာလူထု၏ စားနပ်ရိက္ခာနှင့် ဝင်ငွေများ တိုးတက်ကောင်းမွန်စေခြင်း နှင့် ၎င်းတို့၏ထိခိုက်လွယ်မှုအား လျော့ကျစေခြင်း တို့ဖြင့် ဆင်းရဲနွမ်းပါးသည့် ကျေးလက်နေ အိမ်ထောင်စုများအား ရာသီဥတုနှင့် လူမှုစီးပွား ဆိုင်ရာ စွန့်စားရမှုများကြောင့် ဖြစ်သည့် အခက်အခဲ အကျပ်အတည်းနှင့် ဖိစီးမှုများကို ကြံ့ကြံ့ခံနိုင်စွမ်းရှိစေရန် တည်ဆောက်ပေးလျက် ရှိပါသည်။ ထိုသို့ ရရှိအောင်မြင်စေရန်အတွက် မျိုးစေ့ဆိုင်ရာ တန်ဖိုးမြှင့် ကွင်းဆက်အား အထူး အလေးထားပြီး၊ တောင်သူများအား စိုက်ပျိုးရေး ကဏ္ဍအတွင်း တန်ဖိုး အဆင့်ဆင့်'တက်လှမ်း'နိုင်ရန် ကူညီပေးလျက် ရှိပါသည်။မြစ်ဝကျွန်းပေါ်

[၆၀]။ ဒီ၊ အက်ခ်စတိုင်န်း၊ အမ်-အယ်လ်၊ ဟတ်ဖေးလ်စ် နှင့် အမ်၊ဝင်းဂ်စ်၊ ၂၀၁၉၊ အနှစ်ချုပ်စာတမ်းတို၊ ကမ္ဘာ့ ရာသီဥတု အန္တရာယ် ညွှန်းကိန်း ၂၀၁၉၊ လွန်ကဲ မိုးလေဝသဖြစ်ရပ်များအား မည်သူက အခံစားရဆုံးလဲ၊ ၂၀၁၇ ခုနှစ် နှင့် ၁၉၉၈ မှ ၂၀၁၇ ခုနှစ်အတွင်း မိုးလေဝသ နှင့် ဆက်နွှယ်နေသည့် ဆုံးရှုံးမှုဖြစ်ရပ်များ ဒေးဗစ် အက်ခ်စတိုင်န်း၊ မာရီ-လီနာ ဟတ်ဖေးလ်စ် နှင့် မိုက်ခ်ဝင်းဂ်စ်၊ ၂၀၁၉ ခုနှစ် ဇွန်လတွင် သုံးသပ်မှု ပြုလုပ်ထားသည့် https://www.germanwatch.org/sites/germanwatch.org/files/Global%20Climate%20Risk%20Index%202019_2.pdf.

[၆၁]။ lobal Climate Change Alliance, ၂၀၁၇, http://www.gcca.eu/national-programmes/asia/gcca-myanmar.




*ဤပုံစံသည် ရာသီဥတုပြောင်းလဲမှုတွင် ကြံ့ကြံ့ခံနိုင်မှု အားကောင်းလာစေရန် LIFT က ဆောင်ရွက်သည့် ပုံစံကို ဖော်ပြထားသည်။ သို့ရာတွင် LIFT ၏ ကြံ့ကြံ့ခံနိုင်မှု အားကောင်းစေရေး ရည်မှန်းချက်မှာ လူတစ်ဦးချင်း၊ အိမ်ထောင်စု နှင့် ရပ်ရွာလူထုတို့အနေဖြင့် ရာသီဥတု ပြောင်းလဲမှုကြောင့်ဖြစ်စေ၊ စီးပွားရေး လူမှုရေးဆိုင်ရာ ဖိစီးမှုများကြောင့် ဖြစ်စေ ရရှိလာသော ဖိစီးမှု နှင့် အခက်အခဲများမှ ပြန်လည်ထူထောင်နိုင်သော စွမ်းရည်များ မြင့်မားလာစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

▲ ပုံ ၅.၂
ရာသီဥတုပြောင်းလဲခြင်း ဆိုင်ရာ LIFT ၏ ချဉ်းကပ်နည်းလမ်း

အစီအစဉ်သည် ရာသီဥတုပြောင်းလဲခြင်းနှင့်ဆိုင်သည့် ရေရှည်သက်ရောက်များကိုလည်း စောင့်ကြည့်လျက်ရှိပြီး အရည်အသွေးပြည့်ဝသောပြည်တွင်းမျိုးစေ့များအား ထိန်းသိမ်းရန်နှင့်ဇီဝမျိုးစုံမျိုးကွဲများအား ကာကွယ်စောင့်ရှောက်ရန် ဆောင်ရွက်လျက်ရှိပါသည်။

တောင်သူများအနေဖြင့် အရည်အသွေးကောင်းမွန်သည့် မျိုးစေ့များ ရရှိသည့်အခါ ရေရှည်တွင် ရာသီဥတုကြောင့်ဖြစ်သည့် အခက်အခဲများနှင့် ဖိစီးမှုများအား ကြံ့ကြံ့ခံနိုင်စွမ်းရည် ပိုမိုကောင်းမွန်လာခဲ့ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် မျိုးစပါးစိုက်ပျိုးသည့် တောင်သူများသည် ရာသီဥတု ပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်များအား ရင်ဆိုင်ဖြေရှင်းရန် အထောက်အကူ ဖြစ်စေပြီး မြစ်ဝကျွန်းပေါ်ဒေသတွင် စိုက်ပျိုးနိုင်သည့် အခြေအနေများနှင့် ကောင်းစွာ လိုက်လျောညီထွေရှိသည့် အရည်အသွေးမြင့် မျိုးစေ့များကို စိုက်ပျိုးထုတ်လုပ်ပါသည်။ စိစစ်သည့် ရာသီတွင် ဆားငန်ရေဝင်ခြင်း၊ရေမျက်နှာပြင်မြင့်တက်ခြင်းတို့နှင့် ကောင်းမွန်စွာ လိုက်လျောညီထွေ ဖြစ်စေမည့် စိုက်ပျိုးရန် သင့်တော်သည့် ပေါ်ဆန်းမျိုးအားမြှင့်တင်ခဲ့ပါသည်။ စိုက်ပျိုးရန် တိုက်တွန်းသည့် စနစ်သစ်များသည် ဓာတ်မြေဩဇာ အနည်းငယ်သာလိုအပ်သဖြင့်နိုက်ထရပ်အောက်ဆိုဒ်ထုတ်လုပ်မှုနှင့် ၎င်းနှင့်ဆက်စပ်နေသည့် မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျော့ကျစေပါသည်။

ပုံမှန်စိုက်ပျိုးရာသီတွင်သာမက နွေရာသီတွင်လည်း စိုက်ပျိုးရန် သင့်လျော်သည့် အထွက်ကောင်း စပ်မျိုးစပါးစိုက်ပျိုးခြင်း ဖြင့် မြစ်ဝကျွန်းပေါ်ဒေသတစ်ခုလုံး၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သည့် ကာလကို တိုးချဲ့နိုင်ပြီး အထွက်တိုးစေမည့် အလားအလာများ ရရှိပါသည်။ ပုဂ္ဂလိက ကဏ္ဍနှင့် ချိတ်ဆက်မှုများရှိသည့် တောင်သူအစည်းအရုံးများမှတဆင့် မြေဆီလွှာစမ်းသပ်စစ်ဆေးမှုရလဒ်များအလိုက် ဓာတ်မြေဩဇာ အသုံးပြုရန် အကြံပေးမှုများပြုလုပ်ခြင်းဖြင့် နိုက်ထရိုဂျင် အသုံးပြုမှုအား ၅၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ခဲ့ပါသည်။ အတန်းလိုက်စိုက်ပျိုးနည်းသည် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိသည့် နည်းလမ်းတခု ဖြစ်ပါသည်။ ၎င်းသည် ရေစုပ်ယူမှုကို ထိန်းထားပြီး မြေဆွေးကို အသုံးပြုကာ မြေသဘာဝကို ပြုပြင်ပေးပါသည်။ စိုတစ်လှည့် ခြောက်တစ်ခါဖြစ်သဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကိုလည်း လျှော့ချပေးပါသည်။

## အပူပိုင်းဇုန်

အပူပိုင်းဇုန်တွင် သစ်စိမ်းမြေဩဇာ နည်းလမ်း အသုံးပြုခြင်းသည် မြေဆီလွှာတွင် အော်ဂင်နစ်ဖြစ်ထွန်းမှု မြင့်မားလာကာ ရေရှည်တွင် ကာဗွန်စုပ်ယူမှုကို တိုးမြင့်စေပြီး ကာလတိုမိုးခေါင်ခြင်းများတွင်မြေဆီလွှာ၏ကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ပေးပါသည်။ မြို့နယ်ခြောက်မြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် တောင်သူ ၂၅,၀၀၀ ကျော်တို့အား သဘာဝ ဝန်းကျင်မပျက် စိုက်ပျိုးရေး နည်းစနစ်ဆိုင်ရာ ကောင်းမွန်သည့် ကျင့်သုံးမှုများအား သင်ကြားပေးခဲ့ပါသည်။ တောင်သူများသည် ရာသီဥတု ပြောင်းလဲခြင်း၏ သက်ရောက်မှု၊ မြေဩဇာကောင်းသည့် မြေဆီလွှာနှင့် ကောင်းမွန်သည့် သီးနှံများကြားဆက်နွယ်မှုကို သိရှိခဲ့ကြပါသည်။ ယခုအခါ ၎င်းတို့သည် အပင်များမှ လိုအပ်သည့် အချိန်တွင်သာ ဓာတ်မြေဩဇာ အသုံးပြုသည့် ပိုမို ကောင်းမွန်သော နည်းလမ်းကို ကျင့်သုံးနေကြပါသည်။ ၎င်းတို့သည့် သီးနှံများ အလှည့်ကျ စိုက်ပျိုးခြင်းနှင့် လက်တွေ့ကျသည့် အပင်ကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများကို သင်ယူခဲ့ကြပြီး ပိုမိုကောင်းမွန်သော မျိုးစိတ်များအား လက်လှမ်းမီ ရရှိခဲ့ကြပါသည်။

## ရခိုင်

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းဒဏ် အခံရဆုံးဒေသဖြစ်ပြီး ရေကြီးရေလျှံခြင်းနှင့် ဆားငန်ရေဝင်ခြင်းအပါအဝင် ရာသီဥတုပြောင်းလဲခြင်း၏ သက်ရောက်မှုများများ အများဆုံးထိခိုက်ခံရသည့် ပြည်နယ်ဖြစ်ပါသည်။[၆၂] ရာသီဥတုဘေးအန္တရာယ်ကြောင့်ဖြစ်သည့် ထိတ်လန့်တုန်လှုပ်မှုများနှင့် ဖိစီးမှုများအပေါ် ရခိုင်ပြည်နယ်ရှိ ရပ်ရွာလူထုများ၏ ကြံ့ကြံ့ခံနိုင်စွမ်းကို တည်ဆောက်ပေးခြင်းသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့်အချက်ဖြစ်ပါသည်။ LIFTသည် နှစ်ပေါင်းများစွာအတွင်း ရေကြီးရေလျှံမှုများနှင့် သဘာဝ ဘေးအန္တရာယ်များအား တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ရပ်ရွာလူထုတို့၏ ဘဝများ ပြန်လည်တည်ဆောက်နိုင်စေရန် အထောက်အပံ့ပေးခြင်းတို့တွင် ကောင်းမွန်သည့် စွမ်းဆောင်မှု မှတ်တမ်းများရှိပါသည်။[၆၃] ဆားငန်ရေဝင်ရောက်ခြင်းမှာ ကမ္ဘာအနှံ့အပြားရှိ တောင်သူများ အထူးသဖြင့် ရခိုင်ပြည်နယ်မှ တောင်သူများ၏ အသက်မွေးမှုကို ခြိမ်းခြောက်လျက်ရှိပါသည်။[၆၄] ၂၀၁၈နှစ်ကုန်ပိုင်းတွင် ရခိုင်ပြည်နယ်ရှိ တက်လမ်းစီမံကိန်းမှ စပါးခင်းဧကပေါင်း ၄၂,၀၀၀ တွင် ဆားငန်ရေဝင်ရောက်ခြင်းကို ကာကွယ်ရန်အတွက် ၃၄၀ ကီလိုမီတာခန့်ရှည်လျားသော တာဘောင်များတည်ဆောက်ပေးခဲ့ပြီး အိမ်ထောင်စုပေါင်း ၇,၀၀၀ ကျော်၏ ကြံ့ကြံ့ခံနိုင်စွမ်းကို ဖြစ်ထွန်းစေခဲ့ပါသည်။ တောင်သူများအား ရာသီဥတုနှင့်သဟဇာတဖြစ်သည့် စိုက်ပျိုးနည်းသစ်များအား သင်ကြားပေးခဲ့ပြီး ထိုနည်းလမ်းများကျင့်သုံးရာတွင် ကောင်းမွန်သည့်ရလဒ်များ ရရှိကြောင်း တောင်သူများက အစီရင်ခံခဲ့ပါသည်။ ဤစီမံကိန်း ဆောင်ရွက်ချက်များသည် တောင်သူများအား စိုက်ပျိုးရေးကဏ္ဍအတွင်း တန်ဖိုးလေ့ကား ထစ်များကို 'တက်လှမ်း'ရန်နှင့် လူမှုစီးပွားအန္တရာယ်များကြောင့်ဖြစ်သည် အခက်အခဲအကြပ်အတည်းများနှင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများ အား ပို၍ ကြံ့ကြံ့ခံ နိုင်စွမ်း ရှိရန် အထောက်အကူပေးလျက်ရှိပါသည်။

## တောင်တန်းဒေသ

ချင်းပြည်နယ်တွင် CORAD မှ ရာသီဥတုနှင့် သဟဇာတဖြစ်သည့် မဟာဗျူဟာအဖြစ် ရိတ်သိမ်းပြီး အပင်အကြွင်းအကျန်များအား မီးရှို့ခြင်းနှင့်စွန့်ပစ်ခြင်းများ မပြုလုပ်ဘဲ စိုက်ပျိုးမြေပေါ်တွင်ပင် ပြန်လည်ဖုံးထားခြင်း နည်းလမ်းများကို မြှင့်တင်ပေးလျက်ရှိပါသည်။ ဤနည်းလမ်းသည် တောင်သူများအား မိရိုးဖလာတောင်ယာခုတ်ထွင် မီးရှို့ရှင်းလင်းသည့် နည်းလမ်းကို စွန့်ခွာစေပြီး မြေဆီလွှာအတွင်း ရေသိုလှောင်မှု နှင့် ရေထိန်းသိမ်းနိုင်မှု ပိုမိုကောင်းမွန်စေခြင်း၊ ဖန်လုံအိမ်ဓါတ်ငွေ့ ထုတ်လွှတ်ခြင်း လျော့ကျစေခြင်းနှင့် မြေဆီလွှာအတွင်း ကာဗွန်သိုလှောင်မှုတို့ လျော့ကျစေပါသည်။ လှေကားထစ် စိုက်ပျိုးခင်းများတွင် အတန်းလိုက်စိုက်ပျိုးနည်းနှင့် စွန့်ပစ်ပစ္စည်းမှ မြေဆွေးထုတ်လုပ်မှုတို့အားလည်း မြှင့်တင်ပေးခဲ့ပါသည်။

ကချင်ပြည်နယ်တွင် မေတ္တာဖောင်ဒေးရှင်းသည် တန်ဖိုးကြီးကျွန်းသစ် နှင့် ဒေသတွင်းရှိ မူရင်းမျိုး (primary succession species)များ အပါအဝင် လိုက်လျာညီထွေမှု ကောင်းစွာရှိသော သစ်ပင်မျိုးနွယ်စိတ်များအား စိုက်ပျိုးပေးခြင်းဖြင့် အရည်အသွေးကျဆင်းနေသည့် သစ်တောများအား အသစ် ပြန်လည်မွေးဖွားနိုင်စေမည့် အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ရန် ကြိုးပမ်းလျက်ရှိပါသည်။

## ကြံ့ကြံ့ခံနိုင်မှုဆိုင်ရာ သုတေသန နှင့် လေ့လာ သင်ယူခြင်း

LIFTသည် တာဝန်အဆင့်အကျိုးရလဒ်များအား မည်ကဲ့သို့ ကူညီပံ့ပိုးပေးလျက်ရှိသည်နှင့် ယင်းတို့မှ ကြံ့ကြံ့ခံနိုင်စွမ်းရည်ကို မည်သို့တည်ဆောက်ပေးလျက်ရှိသည်တို့အား ဆန်းစစ်ထားသည့် စီမံကိန်းအကျိုးရလဒ်ဆိုင်ရာလေ့လာမှု စာတမ်းတွဲများကို

၆၂။ အာရှ ဘေးအန္တရာယ် ပြင်ဆင်ရေး ဗဟိုဌာန http://www.adpc.net/igo/contents/Publications/publications-Details.asp?pid=277#sthash.DkG4r9zM.dpbs
၆၃။ LIFT ၏ ၂၀၁၃-၂၀၁၅ နှစ်ပတ်လည် အစီရင်ခံစာများတွင် လေ့လာနိုင်ပါသည်။
၆၄။ ပင်လယ်ရေမြင့်တက်မှုကြောင့် စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်ခံရခြင်း၊ Science Direct၊ ဇန်နဝါရီ ၂၀၁၇ https://www.sciencedaily.com/releases/2017/01/170118082423.htm

၂၀၁၆ ခုနှစ်တွင် မိတ်ဆက်ခဲ့ပါသည်။ အဆိုပါ လေ့လာမှု စာတမ်း ဒုတိယတွဲအဖြစ် ဝင်ငွေများနှင့် အခြေခံပစ္စည်း ပိုင်ဆိုင်မှု၊ ထိခိုက်လွယ်မှုနှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ လေ့လာမှုတို့အား ၂၀၁၈ ခုနှစ်တွင် အပြီးသတ်ခဲ့ပြီး ကြံ့ကြံ့ခံနိုင်မှု ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှု စာတမ်းနှင့်အတူ ၂၀၁၉ ခုနှစ်တွင် ထုတ်ဝေမည်ဖြစ်သည်။

၅.၃

## လူမှုကာကွယ်စောင့်ရှောက်ရေး

၂၀၁၈ခုနှစ်တွင် နိုင်ငံတော်အစိုးရသည် လူမှုကာကွယ် စောင့်ရှောက်ရေးကဏ္ဍ၌ အကျိုးသက်ရောက်မှု ကောင်းများ ရှိသည့်ဆောင်ရွက်ချက်များ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ၎င်း၏ ကတိကဝတ်များကို ပြသခဲ့ပါသည်။ နိုင်ငံတော် ဘတ်ဂျက်ဖြင့် ပံ့ပိုးပြီး တနိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သည့် လူမှုရေး ပင်စင်ပေးရေး အစီအစဉ်တွင် အကျုံးဝင်သည့် အသက်အရွယ်ကို ၉၀နှစ်မှ၈၅နှစ် အထိ လျှော့ချပေးခြင်းဖြင့် အစီအစဉ်၏လွှမ်းခြုံမှုကို တိုးချဲ့ခဲ့ပါသည်။ အကျိုးခံစားခွင့်ရှိသူ ဦးရေမှာ ၂၀၁၇ ခုနှစ် ကုန်ပိုင်းတွင် ၄၀,၈၇၂ ဦး ရှိရာမှ ၂၀၁၈ ခုနှစ်ကုန်တွင် ၁၆၈,၅၇၈ ဦးအထိ တိုးတက်လာခဲ့ပါသည်။ အစိုးရမှ ဤအစီအစဉ်ကို စတင်ဆောင်ရွက်သည့်အချိန်မှ တစ်နှစ်အတွင်း ဤထူးခြားသည့် ပြောင်းလဲမှု ဖြစ်ထွန်း လာခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၇ ခုနှစ်တွင် LIFT ၏ ရန်ပုံငွေပံ့ပိုးမှုဖြင့် စတင်ခဲ့သည့် ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်း တို့မှ မွေးဖွားလာသော အသက်၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးခြင်း (MCCT) စီမံချက်သည် ၂၀၁၈ခုနှစ် တွင် အစိုးရကနိုင်ငံတော် ဘတ်ဂျက်ဖြင့် စတင်ပံ့ပိုးသည့် ရခိုင်ပြည်နယ် နှင့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ MCCT စီမံကိန်းများကို အထောက်အကူဖြစ်စေခဲ့ပြီး အကျိုးခံစားခွင့်ရှိသူ ၅၈,၉၃၉ ဦးထံ ရောက်ရှိခဲ့ပါသည်။ အစိုးရသည် MCCT စီမံချက်အား ၂၀၁၉ ခုနှစ်အတွင်း ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိုးချဲ့ဆောင်ရွက်ရန် စီစဉ်ထားကြောင်းကို ၂၀၁၈ခုနှစ် ဒုတိယ နှစ်ဝက်တွင် ကြေညာခဲ့ပါသည်။

LIFT သည် နိုင်ငံတော် အစိုးရမှ တနိုင်ငံလုံးအတိုင်းအတာဖြင့် လူမှုရေးပင်စင်ပေးခြင်း နှင့် MCCT အစီအစဉ်များ ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီရာတွင် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ နေပြည်တော်နှင့် အပူပိုင်းဇုန်တို့တွင် လူမှုကာကွယ် စောင့်ရှောက်ရေး မူဝါဒ စီမံချက်များ အကောင်အထည်ဖော်နိုင်ရန် အတွက် HelpAge အား ရန်ပုံငွေ ထောက်ပံ့ပေးထားပါသည်။ LIFT တောင်တန်းဒေသ စီမံကိန်းသည် ချင်းပြည်နယ်တဝှမ်းလုံးရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေး အထောက်အပံ့ပေးခြင်း (Chin MCCT) နှင့် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာ အမူအကျင့် ပြောင်းလဲရေး အသိပညာပေးခြင်း အစီအစဉ်များကို လူမှုဝန်ထမ်းဦးစီးဌာန (DSW)မှ ဆောင်ရွက်ရာတွင် ဘဏ္ဍာငွေ နှင့် နည်းပညာ ထောက်ပံ့မှုများ တိုက်ရိုက် ပံ့ပိုးပေးခဲ့ပါသည်။

အဆိုပါ အစီအစဉ်နှစ်ခုလုံးသည် အစိုးရ၏ လူမှုကာကွယ် စောင့်ရှောက်ရေး ပင်စင်နှင့် အာဟာရဖွံ့ဖြိုးမှု အစီအစဉ်များကို နိုင်ငံတွင်းရှိ အခြားဒေသများတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေမည့် လေ့လာမှုများ၊ အထောက်အထားများနှင့် နည်းစနစ်များရရှိရန် ကူညီပံ့ပိုးပေးခဲ့ပါသည်။ လူမှုဝန်ထမ်း ဦးစီးဌာန အနေဖြင့် လူမှုရေးပင်စင် နှင့် MCCT အစီအစဉ် များ အလျင်အမြန် တိုးချဲ့ရန်အတွက် အကောင်အထည်ဖော်ရေးဆိုင်ရာ စိန်ခေါ်မှုများအား ဖြေရှင်းရာတွင် နည်းပညာ အကြံဉာဏ်များ ပေးခြင်း ၊ စနစ်များ တိုးတက်ကောင်းမွန်စေခြင်း၊ ဒေတာဘေ့စ်များ တိုးတက်ကောင်းမွန်စေခြင်း၊ ဝန်ထမ်းများ လေ့ကျင့်သင်တန်းပေးခြင်း၊ အသိပညာပေး စာစောင်များ ရေးသားပြုစုခြင်း နှင့် ထုတ်ဝေခြင်း တို့ဖြင့် LIFT ၏စီမံချက်များမှ အထောက်အကူပေးလျက် ရှိပါသည်။

ဝန်ကြီးဌာနသည် အစီအစဉ်များအား လျင်မြန်စွာ တိုးချဲ့နိုင်ရန်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေး ဌာနခွဲအသစ်ကို ဖွဲ့စည်း ပေးခဲ့ပြီး ညွှန်ကြားရေးမှူးတဦးအား

ဦးစီးစေခဲ့ပါသည်။ ၂၀၁၈ နှစ်ကုန်တွင် ဌာန၌ ဝန်ထမ်းအင်အား ၃၇ ဦး အထိ ရှိလာခဲ့ပြီး ဌာန၏ စွမ်းဆောင်ရည်၊ စနစ်များနှင့် ဝန်ထမ်းများ၏ ကျွမ်းကျင်မှုများ မြှင့်တင်ပေးခဲ့ပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနမှဌာနဆိုင်ရာ များနှင့် ဦးဆောင်သူများသည် LIFT၏ ကူညီပံ့ပိုးပေးမှုများကို ကောင်းစွာ အသိအမှတ်ပြုခဲ့ကြပါသည်။

လူမှုကာကွယ်စောင့်ရှောက်ရေး ကဏ္ဍခွဲပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် လူမှုကာကွယ် စောင့်ရှောက်ရေး ကဏ္ဍအတွက် ကာလလတ်စီမံကိန်း ၂၀၁၈-၂၀၂၂ [Costed Social Protection Sector Plan (CSPSP) 2018-2022] အား ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ခွင့်ပြုပေးခဲ့ပါသည်။ LIFTသည် ထိုစီမံကိန်းရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန်အတွက် နည်းပညာ ကူညီပံ့ပိုးမှုများပေးခဲ့ပါသည်။မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီ မှ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေ အကောင်အထည်ဖော်ရေး စည်းမျဉ်းများ (Rules for the Implementation of the Elderly People Law) ကို ၂၀၁၈ ခုနှစ်တွင် အတည်ပြုပေးခဲ့ရာ အစိုးရအဖွဲ့ထံမှ ခွင့်ပြုချက်ရရှိရန်အတွက် မတင်သွင်းမီ ဥပဒေရေးရာ ရှုထောင့်မှ အပြီးသတ် သုံးသပ်စစ်ဆေးနိုင်ရန် ရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့ပါသည်။ ဤဖြစ်ပေါ်တိုးတက်မှုများအား မီဒီယာများတွင် အကျယ်တဝင့် ဖော်ပြခဲ့ကြပါသည်။

၂၀၁၈ခုနှစ်အတွင်းတွင် LIFT မှ ရန်ပုံငွေထောက်ပံ့ထားသည့် အပူပိုင်းဇုန်စီမံချက်သည် ဆက်သွယ်ရေး ကုမ္ပဏီများ၏ မိုဘိုင်းလ် ဒီဂျစ်တယ်ငွေကြေးစနစ်ကွန်ရက်များ အား အသုံးပြု၍ လူမှုရေးပင်စင်များ ပေးအပ်နိုင်ရန် အီလက်ထရွန်နစ်စနစ်ဖြင့် ငွေကြေးလွှဲပြောင်းမှုများအား စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်သည် လူမှုရေးပင်စင်များကို အီလက်ထရွန်နစ်စနစ်ဖြင့် ငွေလွှဲပေးပို့ခြင်းအား ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့ပြီး လွှမ်းခြုံမှုကို တဆင့်ချင်းစီ တိုးချဲ့ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်ကုန်တွင် အကျိုးခံစားခွင့်ရှိသူ ၁,၁၃၉ ဦး (အမျိုးသမီး ၆၈ ရာခိုင်နှုန်း)သည် အီလက်ထရွန်နစ်စနစ်ဖြင့် ငွေလွှဲပေးပို့သည့် လူမှုရေးပင်စင်များအား ရရှိခဲ့ကြပါသည်။ မသန်စွမ်းများအတွက် လူမှုရေးထောက်ပံ့ငွေများကို ၂၀၁၉ ခုနှစ် ပထမသုံးလပတ်တွင် အီလက်ထရွန်နစ်အသုံးပြု၍ စတင်ဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၈ ခုနှစ်တွင် LIFTသည် အသက်မွေးဝမ်းကျောင်းမှုနှင့် ရပ်ရွာလူထုဆိုင်ရာ စီမံကိန်း လုပ်ငန်းများတွင် မသန်စွမ်းများ ပါဝင်မှုကို မြှင့်တင်ရန် ပိုမို အားထုတ်ကြိုးပမ်းခဲ့ပါသည်။ LIFTသည် "လူမှုကာကွယ်စောင့်ရှောက်ရေးနဲ့ အသက်မွေးမှု အစီအစဉ်များတွင် မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိသားစုများအား ပါဝင်လာနိုင်စေရေး" (Inclusion of persons with disability and their families in social protection and livelihood programmes) စီမံချက်ကို ၂၀၁၈ ခုနှစ် ဧပြီလတွင် စတင်ခဲ့ပါသည်။ အဆိုပြုလွှာများအား အကဲဖြတ်သုံးသပ်၍ စိစစ်ရွေးချယ်ပြီးနောက် စီမံချက် အကောင်အထည်ဖော်ရန်အတွက် ၂၀၁၈ ခုနှစ် နှောင်းပိုင်းတွင် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့ငါးဖွဲ့နှင့် စာချုပ်များချုပ်ဆိုခဲ့ပါသည်။ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့ များအနက်မှ လေးဖွဲ့မှာ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး နှင့် ကရင်ပြည်နယ်တို့တွင် လုပ်ငန်းများဆောင်ရွက်နေသည့် ဒေသခံ အဖွဲ့အစည်းငယ်များ ဖြစ်ကြပါသည်။

၅.၄

# ကျား၊ မ ရေးရာ

## ကျား၊မ ရေးရာအား ကဏ္ဍအားလုံးနှင့်အကျုံးဝင်စေခြင်း

ကျား၊မ ရေးရာကို ကဏ္ဍအားလုံးတွင် အကျုံးဝင် ပါဝင်စေရန် ဆောင်ရွက်မှုမှာ ၂၀၁၈ ခုနှစ်တွင် ဆက်လက်၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ LIFTသည် ကျား၊မ ရေးရာ အလေးထားသည့် လမ်းညွှန်များအား ရေးဆွဲခဲ့ပြီး စီမံချက် ဒီဇိုင်းရေးဆွဲသည့် အဆင့်မှစ၍ ကျား၊မ ရေးရာ ရှုထောင့်အမြင်များ ပေါင်းစပ်ထည့်သွင်းမှုကို မြှင့်တင်ရန် အဆိုပြုလွှာ ဖိတ်ခေါ်မှုများတွင် ထည့်သွင်း၍ ဖော်ပြခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ကြေညာခဲ့သည့် အဆိုပြုလွှာများ ဖိတ်ခေါ်ခြင်း အားလုံးတွင် ကျား၊မ ရေးရာ အလေးထားသည့် လမ်းညွှန်များအား ထည့်သွင်းခဲ့ပြီး ရန်ပုံငွေစီမံခန့်ခွဲမှုရုံး (Fund Management Office-FMO) မှ အဆိုပြုလွှာများ၏ ကျား၊မ ရေးရာ အလေးထားမှုအပေါ် အမှတ်ပေးနိုင်ရန် အကဲဖြတ် သုံးသပ်ရာတွင် စစ်ဆေးရမည့်စာရင်းကိုလည်း ပြုစုရေးဆွဲခဲ့ပါသည်။ ထို့ပြင် လုပ်အား အမြတ်ထုတ်မှု၊ ကျန်းမာရေး နိမ့်ကျမှုနှင့် အာဟာရဆိုင်ရာရလဒ်များ နိမ့်ကျမှုတို့ကြောင့် ရန်ကုန်မြို့ပြနှင့် အနီးတဝိုက်ရှိ ပြည်တွင်းရွှေ့ပြောင်း သွားလာသူများ၏ ထိခိုက်လွယ်မှု လျော့ကျရေးအတွက်ရည်ရွယ်၍ ၂၀၁၈ ခုနှစ်နှောင်းပိုင်းတွင် ဒီဇိုင်းရေးဆွဲခဲ့ပြီး ၂၀၁၉ ခုနှစ် အစောပိုင်းတွင် ထုတ်ပြန်ခဲ့သည့် အဆိုပြုလွှာဖိတ်ခေါ်မှုများတွင် ရွေးချယ်ခံရရန် လိုအပ်သည့် စံ သတ်မှတ်ချက်များထဲမှ တခုအဖြစ်ဖြင့် ကျား၊မ ရေးရာ နှင့်ဆိုင်သည့် ဘတ်ဂျက် ၂၀% ကို ထည့်သွင်းရမည်ဖြစ်ကြောင်း ပထမဦးဆုံးအနေဖြင့် ထည့်သွင်းသတ်မှတ်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်းတွင် မိတ်ဖက်အဖွဲ့များ အနေဖြင့် ၎င်းတို့၏ အဆိုပြုလွှာများ ပြင်ဆင်ရာတွင် ကျား၊မ ရေးရာ အလေးထားမှု နှင့် စီမံချက်များအားလုံးတွင် ကျား၊မ ရေးရာ ကဏ္ဍအကျုံးဝင်နိုင်စေရန်အတွက် LIFT FMO မှ နည်းပညာဆိုင်ရာ ကူညီပံ့ ပိုးမှု ပေးခဲ့ပါသည်။

၂၀၁၈ ခုနှစ်အစောပိုင်းတွင် LIFT ၏ ကျား၊မ ရေးရာ စီမံချက်ကို အချောသတ်နိုင်ခဲ့ပါသည်။ စီမံချက်တွင် LIFT ၏ စီမံကိန်း အစီအစဉ်တခုချင်းစီမှ ကျား၊မ ရေးရာ တာဝန်ခံနှင့် အဖွဲ့ခေါင်းဆောင်တို့မှ ပါဝင်ရေးဆွဲထားသည့် ကျား၊မ ရေးရာ နှင့် ဆိုင်သည့် ဆောင်ရွက်ချက်များနှင့် ကျား၊မ ရေးရာ သီးသန့် ဆောင်ရွက်ချက်များ ပါဝင်ပါသည်။ လုပ်ငန်းအစီအစဉ်တွင် ပါဝင်သည့် လုပ်ငန်းတိုင်းတွင် ညွှန်းကိန်းများနှင့် လုပ်ငန်းစဉ်ပြီးဆုံးရန် မျှော်မှန်းထားသည့် အချိန်ကာလ သတ်မှတ်ချက် ပါဝင်ပါသည်။ စောင့်ကြည့်ကြီးကြပ်ရာတွင် အသုံးပြုရန် ဇယားပုံစံသစ်များ ရေးဆွဲထားပြီး အစီအစဉ်တခုချင်းစီတိုင်း၏ ကျား၊မရေးရာ တာဝန်ခံများအနေဖြင့် LIFT ၏ ကျား၊မ ရေးရာ အရာရှိ၏ အကူအညီဖြင့် တနှစ်လျှင်နှစ်ကြိမ် ကျား၊မ ရေးရာ ညွှန်းကိန်းများနှင့်ဆိုင်သည့် တိုးတက်မှုအား မှတ်တမ်းတင်ရမည် ဖြစ်သည်။

LIFTသည် မိတ်ဖက်အဖွဲ့များအတွက် စွမ်းဆောင်ရည် တည်ဆောက်မှုဆိုင်ရာ အကူအညီ၏ တစိတ်တဒေသအဖြစ် ၂၀၁၈ ခုနှစ် မေလကုန်တွင် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များအတွက် ကျား၊မ ရေးရာ သင်တန်းအား ဒုတိယ အကြိမ်မြောက် ပြုလုပ်ပေးခဲ့ပါသည်။ ပြည်တွင်း မိတ်ဖက်အဖွဲ့များအနေဖြင့် ကျား၊မ ရေးရာ အား ကဏ္ဍအားလုံးနှင့် အကျုံးဝင်စေရန် ဆောင်ရွက်မှုများအား သေချာနားလည်သဘောပေါက်စေရန် သင်တန်းတွင် မြန်မာဘာသာဖြင့် ပို့ချခဲ့ပါသည်။

၂၀၁၈ ခုနှစ်တွင် ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး (Fund Management Office-FMO) ၌လည်း ကျား၊မရေးရာ သင်တန်းပြုလုပ်ခဲ့ပါသည်။အောက်တိုဘာလတွင် ပြုလုပ်ခဲ့သည့် ကျား၊မ ရေးရာ သင်တန်းသည် FMO မှ စီမံကိန်း ဝန်ထမ်းများနှင့် ကျား၊မ ရေးရာ တာဝန်ခံများအနေဖြင့် LIFT ၏ ၂၀၁၉-၂၀၂၃ စီမံကိန်းလုပ်ငန်းများတွင် ကျား၊မ ရေးရာ အလေး ထားမှုအား

ပိုမို တိုးမြှင့်နိုင်ရန် ရည်ရွယ်၍ ဒီဇိုင်းဆွဲပေးထားသည့် သင်တန်းဖြစ်ပါသည်။

LIFT ၏ ၂၀၁၄-၂၀၁၈ မဟာဗျူဟာမှာ ပြီးဆုံးချိန် နီးကပ်နေပြီဖြစ်သဖြင့် ကျား၊မ ရေးရာတန်းတူညီမျှရေးနှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းတို့အား ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်နှင့် LIFT ၏ ကြိုးပမ်းအားထုတ်မှုများအား သုံးသပ်ရန်အတွက် ကျား၊မ ရေးရာ အကဲဖြတ်သုံးသပ်မှုအား ဒီဇိုင်းရေးဆွဲ ဆောင်ရွက်ခဲ့ပါသည်။ ဤသုံးသပ်မှုအတွက် လုပ်ငန်းအစီအစဉ် မူကြမ်းအား ၂၀၁၈ ခုနှစ်တွင် ရေးဆွဲပြုစုခဲ့ပြီး ကွင်းဆင်းလေ့လာမှုမှာ ၂၀၁၈ခုနှစ် ဒီဇင်ဘာလတွင် စတင်ခဲ့ပါသည်။ အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ သုတေသနလုပ်ငန်းမှ ကျား၊မ ရေးရာ ဆောင်ရွက်ချက်များ၊ မဟာဗျူဟာများအား အကဲဖြတ်သုံးသပ်ပြီး LIFT ၏ အစီအစဉ်များမှတဆင့် ကျား၊မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း ရရှိအောင်မြင်နိုင်ရန် ကျန်ရှိနေသေးသည့် စိန်ခေါ်မှုများအား ဆက်လက် ရှာဖွေဖော်ထုတ် မည်ဖြစ်သည်။ ၂၀၁၈ခုနှစ် နှောင်းပိုင်းတွင် LIFT အနေဖြင့် အစီအစဉ်များအားလုံးအတွက် ကျား၊မ ရေးရာ ကဏ္ဍအား အလေးထား အာရုံစိုက် နိုင်မည့် ကျား၊မ ရေးရာ ဆိုင်ရာ အရာရှိတဦး ခေါ်ယူခန့်ထားရန် ဆုံးဖြတ်ထားပါသည်။

## စိတ်ဝင်စားဖွယ်ရာများ

LIFT ၏ စီမံကိန်း အစီအစဉ်များသည် ကျား၊မ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ၏ လုပ်ကိုင်နိုင်စွမ်းအား ပိုမို ကောင်းမွန်အောင် ဆောင်ရွက်နိုင်စေမည့် ချဉ်းကပ်နည်းလမ်းများအား ရှာဖွေဖော်ထုတ်ရာတွင် ၂၀၁၈ခုနှစ်တွင် အခြေအနေတိုးတက်မှု ရှိပါသည်။

### မြစ်ဝကျွန်းပေါ်ဒေသ- အာဟာရဆိုင်ရာ အရေးကြီး အမူအကျင့် ပြောင်းလဲရေးဆိုင်ရာ အထောက်အထား

မြစ်ဝကျွန်းပေါ်ဒေသတွင် ဆောင်ရွက်နေသည့် BRIGHT SUN အာဟာရ စီမံချက်မှ ယခင်က ကိုယ်ဝန်ဆောင်ချိန် (သို့) ကလေးနို့တိုက်ချိန်တွင်ပင် အခြား မိသားစုဝင်များအတွက် ဦးစားပေးခဲ့ကြသည့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအနေဖြင့် ၎င်းတို့ ကိုယ်တိုင်နှင့် ၎င်းတို့၏ကလေးငယ်များ၏ အစားအစာ စားသောက်မှုပုံစံအား ကိုယ်တိုင်ဦးစားပေး ရွေးချယ်ခြင်းကို လေ့လာနေပါသည်။ ယင်းမှာ အမျိုးသမီးများသည် မိမိတို့ကိုယ်တိုင်ထက်က ၎င်းတို့၏ ခင်ပွန်း၊ ခင်ပွန်း ဖက်မှ မိသားစုဝင်များနှင့် ကလေးသူငယ်များ၏ လိုအပ်ချက်ကိုသာ ဦးစားပေးရမည်ဆိုသည့် အရိုးစွဲနေပြီဖြစ်သည့် ကျား၊မ ရေးရာ စံနှုန်း ဖြစ်ပါသည်။

၂၀၁၈ခုနှစ်အတွင်း ဤစီမံချက်မှ ကောက်ယူခဲ့သည့် အချက်အလက်များက စီမံချက်ကြောင့် အမျိုးသမီးများကြား အမူအကျင့်ပြောင်းလဲမှု ရှိလာခြင်းနှင့် အမျိုးသမီးများအနေဖြင့် ကိုယ်ဝန်ဆောင်ချိန်နှင့် မိခင်နို့တိုက်ကျွေးနေစဉ် စားသုံးရန်လိုအပ်သည့် အာဟာရပြည့်ဝသော အစားအစာများအား ရွေးချယ်ရာတွင် မိမိကိုယ်ကို ယုံကြည်မှုနှင့် စွမ်းအား ပိုမိုရရှိလာသည့်အပြင် ထိုအစားအစာများအား သူတို့အတွက် သေချာရရှိနိုင်ရန် ဆောင်ရွက်လာကြသည်ကို ပြသနိုင်ခဲ့ပါသည်။ ပိုမိုကောင်းမွန်သည့် အစားအသောက်များနှင့် ကျန်းမာရေး စနစ်များ နှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့အား ပိုမို လက်လှမ်းမီရရှိမှုတို့မှတဆင့် စီမံချက်၏ လုပ်ငန်းဆောင်ရွက်ချက်များကြောင့် အမျိုးသမီးတို့၏ ဘဝများအတွက် အပြုသဘော ဆောင်သည့် အကျိုးသက်ရောက်မှုများ ရရှိစေပါသည်။

### အမျိုးသမီးများ၏ တုံ့ပြန်မှုများကြောင့် ဒီဂျစ်တယ် ပလက်ဖောင်းပေါ်တွင် တင်ဆက်သည့် အကြောင်းအရာများနှင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု ပိုမို ကောင်းမွန်လာခြင်း

Koe Koe Tech၊ Save the Children၊ World Vision International နှင့် Population Services International တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သည့် ရွှေမေမေ (Shwe May May) မိုဘိုင်းလ် အပလီကေးရှင်း (Mobile App)[၆၅] သည် အမျိုးသမီးများအတွက် ဦးတည်ရည်ရွယ်၍ ကျန်းမာရေးနှင့် အာဟာရတို့နှင့်သက်ဆိုင်သည့် သတင်း အချက်အလက်များ တိုက်ရိုက်မျှဝေလျက်ရှိပါသည်။ ယင်းအပလီကေးရှင်း App အား အသုံးပြုကြသည့် အမျိုးသမီးများ၏ စိတ်ဝင်စားမှုများနှင့် တုံ့ပြန်မှတ်ချက်များကြောင့် သည့် အဆိုပါမိုဘိုင်းလ် အပလီကေးရှင်း (Mobile App) တွင် ပါဝင်သည့် အကြောင်းအရာများအပေါ် လွှမ်းမိုးမှုများစွာ ရှိပါသည်။ အသုံးပြုသူ အမျိုးသမီးများမှ ပေးသည့် တုံ့ပြန်မှုများအား Koe Koe Tech မှ အသုံးပြုသူ ရှာဖွေဖတ်ရှုသည့် အကြောင်းအရာများ စစ်ဆေးသည့် နည်းလမ်း (user content testing) အား အသုံးပြု၍ အမြဲ ဆန်းစစ်လျက်ရှိပါသည်။ အပလီကေးရှင်း ဒီဇိုင်းဆွဲရာ တွင်လည်းကောင်း၊ ပါဝင်သည့်အကြောင်းအရာများ သတ်မှတ်ရာတွင်လည်းကောင်း အမျိုးသမီးများ၏ အသံများ နှင့် အကြံဉာဏ်များ ထည့်သွင်းခြင်းသည် အမျိုးသမီးထုအကြား အဆိုပါ App ရေပန်းစား အောင်မြင်လာစေသော ထိရောက်သည့် မဟာဗျူဟာဖြစ်ကြောင်း သက်သေပြလျက်ရှိနေပါသည်။ အဆိုပါ App အား ဘာသာစကား ကိုးမျိုးဖြင့် အသုံးပြုနိုင်ပြီး ဝေးလံခေါင်ဖျား ဒေသများမှ ထိခိုက်လွယ်သည့် အမျိုးသမီးများထံအထိ ရောက်ရှိနိုင်စေရန် တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။

### သမားရိုးကျ မဟုတ်သည့်အခန်းကဏ္ဍများတွင် အမျိုးသမီးများနှင့်အမျိုးသားများ ပါဝင်လာမှု တည်ဆောက်ရန် အောင်မြင်စေသည့် ချဉ်းကပ်နည်းလမ်းများ ဖော်ထုတ်ခြင်း

World Vision မြန်မာမှ ဘိုကလေးတွင် ဆောင်ရွက်နေသည့် ဘိုကလေး တွင် အသက်မွေးမှုတိုးပွားလာခြင်း (Growing Livelihood in Bogale) စီမံချက်တွင် ပါဝင်သည့် အမျိုးသမီးများသည် မိသားစု၏ တကိုယ်ရည် သန့်ရှင်းရေးနှင့် အာဟာရဆိုင်ရာအလေ့အထများအပေါ် လွှမ်းမိုးနိုင်သဖြင့် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်သော အမျိုးသမီးများအားဦးတည်၍ ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် တကိုယ်ရည် သန့်ရှင်းရေး သင်တန်းများပို့ချလျက် ရှိပါသည်။

စီမံချက်သည် ရပ်ရွာအခြေပြု အဖွဲ့အစည်းများတွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအုပ်စုများ [Women Development Groups (WDG)] ဖွဲ့စည်းခြင်းဖြင့် အမျိုးသမီးများ၏ အသံကို ကြားနိုင်ရန် နေရာလပ်တခု ပံ့ပိုးပေးပြီး နှင့် ထိုအုပ်စုများအား အမျိုးသားများကြီးစိုးမှုမှ ဟန့်တားနိုင်ရန် ဖန်တီးပေးခဲ့ပါသည်။ WDG များတွင် အမျိုးသမီးများမှ သူတို့၏ အကြံဉာဏ်များနှင့် စိုးရိမ်ပူပန်မှုများအား ပြောဆိုကြပြီး ရပ်ရွာလူထုထဲမှ အသက်မွေးဝမ်းကျောင်းမှု နှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများတွင် ထိုအကြောင်း အရာများကို တင်ပြလာနိုင်ကြသည်။

WorldFish မှ ရပ်ရွာလူထုအား ကူညီဆောင်ရွက်သူများ (community facilitators) အား ကျား၊မ ရေးရာ အလေးထားမှု နှင့် လုပ်ငန်းများ အားလုံးတွင် ကျား၊မရေးရာအား ပါဝင်ပေါင်းစပ်စေခြင်းဆိုင်ရာ သင်တန်းများပေးခဲ့ ပါသည်။ ရလဒ်အနေဖြင့် အဆိုပါသင်တန်းများနှင့် စီမံချက်လုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်မှုများ အရှိန် မှန်မှန်ဖြင့် တိုးတက်လာခဲ့ပါသည်။ အမျိုးသားများအနေဖြင့် အာဟာရ ၏ အရေးပါပုံနှင့် ပတ်သက်၍ ပိုမိုကောင်းမွန်စွာ နားလည် သဘောပေါက်စေရန် အချက်အပြုတ်ဆိုင်ရာ

[၆၅]။ The apps full name - Shwe Kayi Lan Bawga Maymay translates as 'Mothers who are on the golden journey' အပလီကေးရှင်း၏ အမည်အပြည့်အစုံ- ရွှေခရီးလမ်းဘောဂ မေမေ၏ ဆိုလိုရင်းမှာ 'ရွှေခရီးလမ်းပေါ်မှမိခင်များ'

သရုပ်ပြခြင်းများတွင် အမျိုးသားများ ပါဝင်စေရန် တိုက်တွန်းအားပေးခဲ့ပါသည်။

Save the Children ၏ တက်လမ်း စီမံချက်မှ ပထမ ရက်ပေါင်း ၁,၀၀၀ အတွင်း ကလေးများအာဟာရ ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများတွင် အမျိုးသားများပါဝင်လာစေရန် တိုက်တွန်း အားပေးလျက်ရှိပါသည်။ အမျိုးသားများ အနေဖြင့် အာဟာရဆိုင်ရာ သတင်းအချက်အလက်များနှင့် ထိတွေ့သိရှိမှု နှင့် တန်းတူညီသည့် ကျန်းမာရေး စောင့်ရှောက်မှုပေးသူတဦးဖြစ်သည့် ၎င်းတို့၏အရေးပါသည့် အခန်းကဏ္ဍနှင့်ပတ်သက်၍ အသိအမြင်များ ပိုမို တိုးတက် ကောင်းမွန်လာခဲ့ပါသည်။

HelpAge မှ အပူပိုင်းဇုန်တွင် ဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက်မှ ရပ်ရွာလူထုထဲရှိ ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချခြင်းတို့၌ အမျိုးသမီးများ၏ အခန်းကဏ္ဍတည်ဆောက်ရာတွင် ကူညီ ပံ့ပိုးမှု၊လေ့ကျင့် သင်တန်းပေးခြင်းနှင့် လမ်းညွှန်ပေးခြင်းတို့အား တစိုက်မတ်မတ် ပံ့ပိုးပေးလျက် ရှိပါသည်။ စီမံချက်မှ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုကို တည်ဆောက်နိုင်ရန် ကော်မတီဖွဲ့စည်းပုံများ ပြုပြင်ပြောင်းလဲရေးများအား မိတ်ဆက်ပေးခဲ့ပါသည်။ ဥပမာ- ကော်မတီဥက္ကဋ္ဌရာထူးတွင် အမျိုးသားဖြစ်နေပါက ဒုဥက္ကဋ္ဌရာထူးအတွက် အမျိုးသမီးကိုသာ ရွေးချယ်ရန် ဆုံးဖြတ်ခြင်း။ ယခုအချိန်တွင် အမျိုးသမီးများမှာ စာရင်းကိုင် သို့မဟုတ် ဘဏ္ဍာရေးမှူးအနေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အုပ်စုများတွင် ရပ်ရွာလူထုအား ကိုယ်စားပြုသည့် ခေါင်းဆောင်မှု ကဏ္ဍများတွင် ပိုမိုနေရာရလာကြပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် ဝင်ငွေတိုးအောင် လုပ်ဆောင်မည့် လုပ်ငန်းများအတွက် အဆိုပြုလွှာရေးသားပြုစုရာတွင် ပိုစနစ်ကျသည့် ချဉ်းကပ်နည်းလမ်းများ အသုံးပြုနိုင်သည်ကို တွေ့ရှိရပါသည်။ ပခုက္ကူမြို့နယ် ကွန်ရက် ကော်မတီတွင် ဒုဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည့် အမျိုးသမီး၏ ကြိုးပမ်းစွမ်းဆောင်မှုအား အသိအမှတ်ပြုခြင်းခံရပြီး ဥက္ကဋ္ဌ အဖြစ်ရွေးချယ် ခံခဲ့ရပါသည်။ သူမသည် ရပ်ထဲရွာထဲမှ အမျိုးသမီးငယ်များ၏ စံပြပုဂ္ဂိုလ်ဖြစ်လာခဲ့ပါသည်။

ကရင်အမျိုးသမီးအစည်းအရုံး (KWO) ၏ တောင်တန်းဒေသ (Uplands) အစီအစဉ်မှ STAND UP စီမံချက်တွင် ကျား၊မ ရေးရာ အသိအမြင် မြှင့်တင်ရေးသင်တန်းများပေးခြင်း နှင့် ကျား၊မ ရေးရာ ဆိုင်ရာ အဟန့်အတားများအားဖြေရှင်းရန် ရည်ရွယ်ဦးတည်သည့် လုပ်ဆောင်ချက်များ ပြုလုပ်ခြင်းဖြင့် ကျား၊မရေးရာ အလေးထားမှုအား စီမံချက်တွင် ပါဝင်ပေါင်းစည်းနိုင်ရန် အထောက်အကူပေးပါသည်။ KWO မှ အမျိုးသမီးများ ပါဝင်သည့် ကျား၊မ ခွဲခြားမှုနှင့် တန်းတူညီမျှမှု နှင့်ဆိုင်သည့် စီမံချက်လုပ်ငန်းများ နှင့် ဆွေးနွေးမှုများတွင် အမျိုးသားများ ပိုမိုပါဝင်လာစေရန် ဆုံးဖြတ်ခဲ့ပါသည်။ အမျိုးသား ခေါင်းဆောင်များနှင့် ဆုံးဖြတ်ချက်ချသူများသည် အမျိုးသမီးများ လုပ်ဆောင်မည့် ဆောင်ရွက်ချက်များအကြောင်း လေ့လာရင်းဖြင့် ရပ်ရွာလူထုတွင် အမျိုးသမီးများ၏ တန်းတူအခွင့်အရေး တိုးမြှင့်စေရန် လုပ်ဆောင်နိုင်မည့် ဆောင်ရွက်ချက်များအကြောင်း သိရှိနိုင်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်ရှိ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု RAFIN စီမံချက်မှ အသင်းဝင်များအတွက် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်း နှင့် ဝန်ဆောင်မှု အသုံးပြုသူများ အနေဖြင့် လုပ်ငန်းအုပ်စုများ ဖွဲ့စည်းရာတွင် အုပ်စု ဦးဆောင်မှုနှင့် ကော်မတီများ ရွေးချယ် တင်မြှောက်ခြင်းတို့တွင် ဒီမိုကရေစီ နည်းကျသည့် အလေ့အကျင့်များ လေ့ကျင့်ပေးခြင်းတို့ ပါဝင်သည့်ချေးငွေနှင့် မသက်ဆိုင်သည့် ဝန်ဆောင်မှုများ နှင့် ပေါင်းစပ်ထားသည့် အသေးစားငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများအား ပံ့ပိုးပေးလျက်ရှိပါသည်။ အမျိုးသမီးများသည် ငွေစုငွေချေး အုပ်စုများ ဖွဲ့စည်းခြင်း၊ ခေါင်းဆောင်များ ရွေးချယ်ခြင်း အထူးသဖြင့် ရပ်ရွာလူထုအတွင်းမှ အမျိုးသမီးများ၏ အခန်းကဏ္ဍများ အားကောင်းစေရန် ဆောင်ရွက်ခြင်း နှင့် အောက်ခြေအဆင့်ရှိ စီမံချက်လုပ်ငန်းများ၏ ဆုံးဖြတ်ချက်ချသည့် ကိစ္စများတွင် အားလုံးပါဝင်စေခြင်းတို့ လုပ်ဆောင်ကြပါသည်။ ဤချဉ်းကပ်နည်းများ နှင့် စီမံချက် အနေဖြင့် ငွေကြေးဆိုင်ရာ အားလုံးပါဝင်နိုင်မှု မှတဆင့် အမျိုးသမီးများ စီးပွားရေးအရ လုပ်ကိုင်နိုင်စွမ်းအား တိုးမြှင့်ခြင်း နှင့် ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံများနှင့် လုပ်ငန်းစဉ်များအတွက် ကူညီအားဖြည့်ပေးမည့် ရပ်ရွာလူထု ထဲမှလုပ်ငန်းများတွင် အမျိုးသမီးများပါဝင်နိုင်မှု တိုးမြင့်လာစေရန် အထောက်အကူပေးနိုင်ခြင်းတို့ထက် ပိုမို ကျော် လွန်၍ စွမ်းဆောင် နိုင်ခဲ့ပါသည်။

ရွှေ့ပြောင်းသွားလာရေး အစီအစဉ်တွင် CARE မှ အကြမ်းဖက်မှုခံရခြင်းသူများအတွက် အမျိုးမျိုးသော ပတ်သက် ဆက်နွှယ်သူများပါဝင်သည့် အသိပညာပေး လှုပ်ရှားမှုများ နှင့် ရရှိနေသည့် ဝန်ဆောင်မှုများ ပိုမို ကောင်းမွန်စေရန် ဝန်ဆောင်မှုပေးသူများ နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းတို့ဖြင့် ကျား၊မ အခြေပြု အကြမ်းဖက်မှု တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ အသိပညာပေးရေး သင်တန်းများတွင် အမျိုးသားများအား ပါဝင်စေခြင်း နှင့် ရပ်ရွာလူထုထဲတွင် စည်းရုံးလှုံ့ဆော်ရေး လှုပ်ရှားမှုများအတွက် အသိပညာပေးမြှင့်တင်သူများအဖြစ် ပါဝင်စေခြင်းတို့သည် အကြမ်းဖက်ခံရသူများအတွက် ဝန်ဆောင်မှုများနှင့်ပတ်သက်၍အမျိုးသမီးများ၏အသိအမြင် တိုးလာစေသည့် အနာဂတ်တွင် အောင်မြင်လာမည့် အာမခံချက်ရှိသည့် ချဉ်းကပ်နည်းလမ်းတခု ဖြစ်ကြောင်း ညွှန်းကိန်းများက သက်သေပြနေပါသည်။

အသက်မွေးမှု လုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်နိုင်ရန် စိန်ခေါ်မှုများအား ကျော်လွှားခြင်း

Plan Bee စီမံချက်မှ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ခြင်းတွင် ရွှေ့ပြောင်းအလုပ် လုပ်ကိုင်နေကြသည့်အမျိုးသမီးများ တွေ့ကြုံနေကြရသည့် အတားအဆီးများအား ဖော်ထုတ်နိုင် ခဲ့သည်။ စီမံချက်မှ အမျိုးသမီးများ အနေဖြင့် ရာသီအလိုက် ပျားအုံများ ရွှေ့ပြောင်းနိုင်မည့် နည်းလမ်းများနှင့် အိမ်တွင် ကျန်ခဲ့မည့် သားသမီးများအား စောင့်ရှောက်ရမည့် တာဝန် ဝတ္တရားများအား ထမ်းဆောင်နိုင်ရန် နည်းလမ်းများ ရှာဖွေပေးခဲ့ပါသည်။ အမျိုးသမီး ၃ ဦးမှာ စီးပွားဖြစ် ပျားမွေးမြူသူများအဖြစ် အောင်မြင်နေပြီး၊ စီမံချက်က ဤ အောင်မြင်မှုအား ဤကဏ္ဍ၌ အမျိုးသမီးများ ပိုမိုပါဝင်လာခြင်း၏ အစအဖြစ် ရှုမြင်ပါသည်။ ဖယောင်းတိုင် နှင့် အခြား ဖယောင်းပစ္စည်းများ ထုတ်လုပ်ခြင်းဖြစ်သော တန်ဖိုးမြှင့် အသေးစား စီးပွားရေးလုပ်ငန်းများ ဖော်ဆောင် ပေးခြင်းမှာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ခြင်း မရှိသည့် အမျိုးသမီးများအတွက် ဝင်ငွေရလမ်း အဖြစ် ပံ့ပိုးပေးရန် အထူးဒီဇိုင်း ရေးဆွဲပေးထားသည့် လုပ်ငန်းများဖြစ်ပါသည်။

မူဝါဒရေးရာအဆင့်တွင် ကျား၊မ ရေးရာ အလေးထားမှု ပါဝင်ပေါင်းစည်းရန် ဆက်လက်လုပ်ဆောင်ခြင်း

ကျား၊မ ရေးရာ တရားမျှတမှုအတွက် LIFT မှ ဦးတည် ရည်ရွယ်သည့် မိတ်ဖက်အဖွဲ့မှာ ကျား၊မ ရေးရာ တန်းတူ ညီမျှမှုနှင့် အမျိုးသမီးများလုပ်ကိုင်နိုင်စွမ်းအားရှိစေရန် သီးသန့်လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းပေါင်း ၁၂၀ ကျော်ပါဝင် စုစည်းထားသည့် ကျား၊မ ရေးရာ တန်းတူညီမျှရေးကွန်ရက် Gender Equality Network (GEN) ဖြစ်ပါသည်။ GEN သည် အဆင့်အမျိုးမျိုးရှိ အမျိုးသမီးများ၏ ဦးဆောင်မှုကဏ္ဍအား မြှင့်တင်ပေးရန် ဒေသန္တရအဆင့်၊ပြည်ထောင်စု အဆင့် နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့် အလုပ်ရုံဆွေးနွေးပွဲအချို့တွင် ပါဝင်ခြင်းအပြင် အမျိုးသမီးများအား အကြမ်းဖက်မှုများကို ကာကွယ်ရေးနှင့် တားဆီးရေး ဥပဒေမူကြမ်း (PoVAW) အား အတည်ပြုနိုင်ရန်နှင့် ပြည်နယ်နှင့်

တိုင်းဒေသကြီးများမှ အကြမ်းဖက်ခံရသူများအတွက် တနေရာထဲတွင် ဝန်ဆောင်မှုအားလုံး ရနိုင်မည့်ဌာနများ (One Stop Service Centres) များ တည်ထောင်နိုင်ရန် ဦးဆောင်တွန်းအားပေးသည့် အဖွဲ့အစည်း ဖြစ်လာခဲ့သည်။ GEN သည် အလုပ်သမားများနှင့်ဆိုင်သည့် ဥပဒေ လေးခုဖြစ်သည့် - လူမှုဖူလုံရေး ဥပဒေ၊ ခွင့် နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ နှင့် အလုပ်သမားလျော်ကြေး အက်ဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဥပဒေများအား အလုပ်သမားအဖွဲ့အစည်းများ နှင့် ကွန်ရက်များနှင့်အတူ ပူးပေါင်း၍ သုံးသပ်လေ့လာ လျက်ရှိပါသည်။ GEN မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေများ နှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်ဖွံ့ဖြိုးမှု ဥပဒေများအား လည်း သုံးသပ်လေ့လာလျက်ရှိပါသည်။

GEN မှ အဓိက ပတ်သက်ဆက်နွယ်သူများနှင့်ဆိုင်သည့် အထောက်အထား အခြေခံ သုတေသန နှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်းတို့အား ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်တွင် တရားမျှတမှုရရှိရန် အတွက် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့ရသည့် အတားအဆီးများ နှင့်ပတ်သက်၍ ပတ်သက်ဆက်နွယ်သူများအား အသိပေးစည်းရုံးရန် အကြမ်းဖက်မှုပေါင်း ၁၀၀ ဟု အမည်ရသည့် သုတေသန လုပ်ငန်းအား ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ထုတ်ဝေခဲ့သည့် ကျား၊မ အခြေပြု အကြမ်းဖက်မှုအား တွေ့ကြုံခံစားခဲ့ရသူများအတွက် ပေးအပ်လျက်ရှိသော မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုများ စာအုပ်သည် ကျား၊မ အခြေပြု အကြမ်းဖက်မှုခံရသူများအတွက် ပြည့်စုံကျယ်ပြန့်သည့် ဝန်ဆောင်မှုပေးခြင်းတွင်ပင် ကွာဟချက်များ များစွာ ရှိနေသေးကြောင်းကို မီးမောင်းထိုးပြခဲ့သည်။ GEN မှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ဥပဒေဆိုင်ရာ လိုအပ်ချက်များအကြောင်း ရေးသားထားသည့် ‘တိမ်မြုပ်နေသော ဖြည့်ဆည်းရန် ကွက်လပ်များ’ စာအုပ်ကိုလည်း ထုတ်ဝေခဲ့ပါသည်။

## စိန်ခေါ်မှုများ

အသေးစားငွေရေးကြေးရေး လုပ်ငန်းများမှ ရပ်ရွာလူထုအတွင်းရှိ ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှု အလေ့အထများ နှင့် ဆုံးဖြတ်ချက်ချခြင်းများတွင် အမျိုးသမီးများ၏ကဏ္ဍများ ကိုပြောင်းလဲရာ၌ တွေ့ကြုံရင်ဆိုင်ရသည့် စိန်ခေါ်မှုများကို အစီရင်ခံထားပါသည်။ ကျား၊မ ရေးရာ နှင့်ဆိုင်သည့် ရပ်ရွာလူထု၏ အမူအကျင့်များနှင့် စံနှုန်းများအား ထည့်သွင်း စဉ်းစားသည့် ရပ်ရွာလူထု နှင့် ဝန်ဆောင်မှုအသုံးပြုသူများ၏ ကျား၊မ ရေးရာဆိုင်ရာ အသိအမြင်များ မြှင့်တင် ပေးသည့် လုပ်ငန်း များသည် ကျား၊မရေးရာ တန်းတူညီမျှမှု ရှိစေရန် ထိရောက်သည့်ပြောင်းလဲမှုများ ဆောင်ရွက်ရန် လိုအပ်နေ ပါသေးသည်။ ချင်းပြည်နယ်တွင် စိုက်ပျိုးရေးဆိုင်ရာ ပညာပေးရေးလုပ်ငန်း လုပ်ကိုင်နေသည့် LIFT ၏ မိတ်ဖက် အဖွဲ့များက လူမှုရေးစံများနှင့် ကျား၊မ ကဏ္ဍများသည် စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုတွင် အမျိုးသမီးများ အဓိပ္ပာယ်ရှိစွာ တန်းတူညီမျှ ပါဝင်နိုင်ရေးအတွက် အတားအဆီးများ ဖြစ်နေသေးကြောင်း အစီရင်ခံခဲ့သည်။

‘ပျော့ရွာ’ မြစ်ရေတင် စီမံချက်မှ သင်တန်းများတွင် အမျိုးသမီးများပါဝင်မှု (လယ်သမား အုပ်စုများအတွက် သင်တန်း တက်ရောက်သူများ၏ ၃၅%) သည် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိပြီဟူသော သဘော မသက်ရောက်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။ ယင်းအစား အမျိုးသမီးများအား ၎င်းတို့၏ ခင်ပွန်းများမှ သင်တန်းတက်ရန် ခွင့်ပြုပေးသော်လည်း သင်ယူခဲ့သည့် အသိပညာနှင့် ကျွမ်းကျင်မှုများအား စိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းခွင်တွင် ပြန်လည် အသုံးချခွင့် မပေးသည့်ဖြစ်ရပ်များလည်း တွေ့ရှိခဲ့ပါသည်။

ရခိုင်ပြည်နယ်တွင် Danish Refugee Councilနှင့် Norwegian Refugee Council တို့မှ အစဉ်အလာ မဟုတ်သည့်ကဏ္ဍများတွင် အမျိုးသမီးများအား အလုပ်ခန့်ထားခြင်းသည် အိမ်ထောင်စုများတွင် ကျား၊မ ရေးရာ စံများအား စိန်ခေါ်မှုများနှင့် တင်းမာမှုများအား ဖန်တီးသည်ကို တွေ့ရှိရကြောင်း အစီရင်ခံခဲ့ပါသည်။ အမျိုးသမီးများအနေဖြင့် အဓိက ဝင်ငွေရှာသူ သို့မဟုတ် အစဉ်အလာအရ အမျိုးသားများအတွက်သာ သီးသန့်သတ်မှတ်ထားသည့် အလုပ်များတွင် ဝင်ရောက် လုပ်ကိုင်နိုင်သူဖြစ်လာပါက အမျိုးသားများအနေဖြင့် ယောကျ်ားများကြားတွင် မိမိကိုယ်ကို ယောကျ်ား မပီသတော့ဟု ခံစားလာရခြင်းသို့ ဦးတည်သွားပြီး ရံဖန်ရံခါ ၎င်းတို့၏ ကြီးစိုးချုပ်ကိုင်မှုကို ပြန်လည်ရယူနိုင်ရန် ကြမ်းကြမ်းတမ်းတမ်း တုံ့ပြန်လေ့ရှိတတ်ကြသည့် အန္တရာယ်မျိုးနှင့်လည်း ကြုံတွေ့တတ်ပါသည်။

စီမံချက်သည် ကျား၊မ ရေးရာအဖွဲ့များ နှင့် အမျိုးသမီးအုပ်စုများ တည်ထောင်ခြင်း၊ ကျား၊မ အခြေပြု အကြမ်းဖက်မှု ဆိုင်ရာသင်တန်းများ၊ ပြဿနာဖြေရှင်းနည်းလမ်းများ နှင့် အကျိုးခံစားခွင့်ရှိသူများအတွက် နည်းပညာ၊ အသက်မွေးမှုနှင့် ဘဝရပ်တည်နိုင်စေမည့် ကျွမ်းကျင်မှု သင်တန်းများအတွက် ပြောဆိုဆက်သွယ်ရေး ကျွမ်းကျင်မှုများစသည်တို့ကဲ့သို့ ထိရောက်သည့် အစီအမံများ ကျင့်သုံးလျက်ရှိပါသည်။









၆.၀

# မူဝါဒ

၆.၁

## အာဟာရဆိုင်ရာ မူဝါဒ

ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသား အာဟာရဆိုင်ရာ ငါးနှစ်စီမံကိန်း (MS-NPAN) ၂၀၁၈-၂၀၂၂ မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသား အာဟာရဆိုင်ရာ ငါးနှစ်စီမံကိန်း (MS-NPAN) တခုလုံး၏ ရည်မှန်းချက်မှာ မိခင်၊ ကလေးနှင့် အပျိုဖော်ဝင်စ မိန်းကလေးများတွင် ပုံစံမျိုးစုံဖြင့် ဖြစ်ပေါ်နေသော အာဟာရချို့တဲ့မှုအား လျှော့ချရန် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ပိုမို ကျန်းမာပြီး၊ ပိုမိုပြည့်စုံ၍ ရည်မှန်းချက် ပြည့်ဝသည့် ဘဝများသို့ ဦးတည်စေပြီး နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ရည်မှန်းချက်များအား ပံ့ပိုးဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

မြန်မာနိုင်ငံ၏ အာဟာရ မပြည့်ဝမှုများအား ဖြေရှင်းရန်အတွက် အဆင့်မြင့်အုပ်ချုပ်ရေးဆိုင်ရာ ကတိကဝတ်များအတွင်းမှ MS-NPANအား ရေးဆွဲ အကောင်အထည်ဖော်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်မှ ကဏ္ဍစုံနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များအတွက် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်တွင် ပထမအကြိမ် နိုင်ငံတော် အဆင့် အာဟာရ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးအား ကျင်းပခဲ့ပါသည်။ အမျိုးသားအာဟာရ ဖွံ့ဖြိုးမှု ဦးဆောင်ကော်မတီ (NSGC) အား အာဟာရ ဖွံ့ဖြိုးမှုအား အစိုးရ၏ လုပ်ငန်းတရပ်အပြင် ဖွံ့ဖြိုးမှုအကူအညီများ ဆောင်ရွက်ရန် ကဏ္ဍအနေဖြင့် မီးမောင်းထိုး အချက်ပြနိုင်ရန် ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) ၏ အောက်တွင် ဖွဲ့စည်းခဲ့ပါသည်။ MS-NPAN ၏ အဓိက တာဝန်ခံရသည့် ဝန်ကြီးဌာနဖြစ်သော ကျန်းမာရေး နှင့် အားကစား ဝန်ကြီး ဌာန (MoHS) မှ MS-NPAN ၏ ၂၀၁၈-၂၀၂၂ ခုနှစ် ကာလအတွက် မဟာဗျူဟာမူဘောင်များအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့ (DACU) ထံ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။ အမျိုးသား အာဟာရ ဖွံ့ဖြိုးမှု မြှင့်တင်ရေး ဦးဆောင်ကော်မတီ ၏ ပထမအကြိမ် အစည်းအဝေးအား ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပပြီး ဖြစ်ပါသည်။

MS-NPANသည် အာဟာရချို့တဲ့မှုအား လျှော့ချနိုင်ရန် အတွက် ပြည့်စုံကျယ်ပြန့်သည့် စီမံချက်တခု ချမှတ်ထားပါသည်။ ထိုသို့ဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာန လေးခု အချင်းချင်း ပူးပေါင်း ဆောင်ရွက်မှု နှင့် နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပါဝင်ဆက်နွယ်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု များ လိုအပ်ပါသည်။ MS-NPAN အား အတည်ပြုနိုင်ရန်နှင့် အာဟာရချို့တဲ့မှု လျှော့ချရနိုင်ရန်အတွက် ဆောင်ရွက်မည့် ကတိကဝတ်များကို အတည်ပြုနိုင်ရန် ရန်ကုန်မြို့၌ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပသည့် အာဟာရကဏ္ဍဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန၊ ကျန်းမာရေး နှင့် အားကစား ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနများမှ ပြည်ထောင်စု ဝန်ကြီးများ တက်ရောက်ခဲ့ပါသည်။ ထိုအစည်းအဝေးသို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကိုယ်စားလှယ်များ၊အလှူရှင်များ၊ ကုလသမဂ္ဂနှင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ပါသည်။

LIFT သည် မကြာမီ နှစ်များအတွင်းကတည်းက MS-NPAN တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ဝန်ကြီးဌာန အချင်းချင်း အာဟာရနှင့်ဆိုင်သည့် ပူးပေါင်းဆောင်ရွက်မှုကို တည်ဆောက်နိုင်ရန် အစိုးရနှင့်အတူလက်တွဲ လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။ MS-NPAN စီမံချက် စတင်အကောင်အထည်ဖော်ဆောင်ခြင်း အဆင့်ဖြစ်သည့် ၂၀၁၈ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၃၀ ရက်အတွင်းကာလသည် စီမံချက်၏ ကနဦး အကောင်အထည်ဖော်ခြင်းလုပ်ငန်းများအတွက် အခြေခံများအား ပံ့ပိုးပေးပါသည်။ ဤအဆင့်တွင် စီမံကိန်း အကောင် အထည်ဖော်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် အဆင့်များအား စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤကာလအတွင်းတွင် ပြည်နယ်နှင့်တိုင်းဒေသ ကြီးများသည် အဓိက ဦးစားပေး ဆောင်ရွက်ရမည့် နေရာဒေသများ၊ ထိုနေရာဒေသများသို့ သွားရောက်၍ ဆောင်ရွက်နိုင်မည့် အခြေအနေများ နှင့် လိုအပ်ချက်များအား ဖော်ထုတ်နိုင်မည် ဖြစ်ပါသည်။

စီမံချက် ဒုတိယနှစ်တွင် MS-NPAN အား ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် စီမံချက်များပေါ် မူတည်၍ တနိုင်ငံလုံး အတိုင်းအတာဖြင့် တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်သည်။ MS-NPAN သည် အာဟာရချို့တဲ့မှုအား ဖြစ်ပေါ်စေသည့် အဓိက အရေးကြီးသည့် အကြောင်းရင်းများ (၂) ထိရောက်သည့် လုပ်ငန်းဆောင်ရွက်မှု ၊ ပိုမိုကျယ်ပြန့်သည့် လွှမ်းခြုံမှု ရရှိရန်အတွက် ချဲ့ထွင်နိုင်ရန် နှင့် ရလဒ်အနေဖြင့် အကြီးမားဆုံး သက်ရောက်မှု ရရှိစေမှုတို့ပေါ် အခြေခံ၍ ပြည်နယ်/ တိုင်းဒေသကြီး တခုချင်းစီအလိုက် ဦးစားပေးလုပ်ကိုင် ဆောင်ရွက်သွားမည်ဖြစ်သည်။

MS-NPAN စီမံချက်တွင် အဓိက ရလဒ်နယ်ပယ် ခြောက်ခု - (ကျန်းမာရေး၊ လူမှုဝန်ထမ်း၊ ပညာရေး နှင့် စိုက်ပျိုး/ မွေးမြူရေး) ကဏ္ဍ (၄) ရပ် မှ ရလဒ် တခုချင်းစီ၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ ရလဒ်တခုနှင့်၊ စောင့်ကြည့် ကြီးကြပ်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းမှ ရလဒ်တခု ပါဝင်ပါသည်။ အဆိုပါ ရလဒ်နယ်ပယ်များသည် ရည်မှန်း ချက်တခုလုံးဖြစ်သည့် မိခင်များ၊ ကလေးသူငယ်များနှင့် ပျိုဖော်ဝင်ချိန် မိန်းကလေးများ အားလုံး၏ အာဟာရ ချို့တဲ့မှုများ အား လျှော့ချနိုင်ရန် ဦးတည်၍ အဓိကရလဒ် နယ်ပယ် တခုချင်းစီမှ စုပေါင်းထည့်ဝင်မှု ကို ဖော်ပြပါသည်။ MS-NPAN အတွက် အဓိက ရလဒ်များသည် ပိုမိုကောင်းမွန်ပြီး နှစ်ဦးနှစ်ဘက်အတွက် အရေးကြီး ပါသည်။ ကဏ္ဍအလိုက် ဦးစားပေးများ နှင့် အဓိကရလဒ် နယ်ပယ်များသည် အားလုံးအတွက် အလွန်အရေးပါပါသည်။ သို့သော်လည်း အဆိုပါ နယ်ပယ်များကြား ရည်မှန်းချက်တခုတည်းသို့ ဦးတည်ခြင်း နှင့် စုပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း တို့ဖြင့် စီမံချက် တခုလုံးအတွက် ကြီးမားကျယ်ပြန့်သည့် သက်ရောက်မှုများကို ရရှိစေမည်ဖြစ်ပါသည်။

MS-NPAN အကောင်အထည်ဖော်မည့် ၅ နှစ် (၂၀၁၈ /၁၉ မှ ၂၀၂၂/၂၃) အတွက် ညွှန်းဆိုပြထားသည့် စုစုပေါင်း ကုန်ကျမည့်ငွေမှာ မြန်မာကျပ်ငွေ ၉၂၉ ဘီလျံ (အမေရိကန် ဒေါ်လာ ၆၆၁ သန်း) ဖြစ်ပါသည်။ ပါဝင်သည့် ကဏ္ဍလေးရပ်အတွက် ကဏ္ဍအဆင့် အဓိကရလဒ်များ ရရှိအောင် ၅-နှစ်တာအတွက် ဆောင်ရွက်ရန် ညွှန်းဆိုသည့် ကုန်ကျငွေမှာ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန (MoHS) အတွက် မြန်မာကျပ်ငွေ ၂၈၅ ဘီလျံ (အမေရိကန်ဒေါ်လာ ၂၀၃ သန်း)၊ ပညာရေး ဝန်ကြီးဌာန (MoE) အတွက် မြန်မာကျပ်ငွေ ၂၀၄ ဘီလျံ (အမေရိကန်ဒေါ်လာ ၁၄၅ သန်း)၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန (MoALI) အတွက် မြန်မာကျပ်ငွေ ၁၉၇ ဘီလျံ (အမေရိကန် ဒေါ်လာ ၁၄၁ သန်း) နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MSWRR) အတွက် မြန်မာကျပ်ငွေ ၂၂၅ ဘီလျံ (အမေရိကန်ဒေါ်လာ ၁၆၁ သန်း) တို့ဖြစ်ပါသည်။

စီမံချက် တိုးတက်သည်နှင့်အမျှ စောင့်ကြည့်ကြီးကြပ်ရန် လိုအပ်သဖြင့် LIFTတွင် MS-NPANနှင့် ဆိုင်သည့် စောင့်ကြည့်လေ့လာမှု သုံးခု ရှိပါသည်။

¦ အဖွဲ့အစည်း၏ စီမံအုပ်ချုပ်မှုနှင့် ပတ်သက်၍ MS-NPAN အား MoHS အတွင်းမှ NNC သည် အခြား

ဝန်ကြီးဌာနများနှင့် ပင်မ နည်းပညာအဖွဲ့ တို့နှင့် ပူးပေါင်း၍ စီမံအုပ်ချုပ်မည်ဖြစ်သည်။ အခြားနေရာများမှ ရရှိသည့် အတွေ့အကြုံများအပေါ် အခြေခံပြီး၊ ယေဘုယျ ရည်မှန်းချက်မှာ MS-NPAN အား အစိုးရအဖွဲ့ တခုလုံးမှ ဝေမျှပိုင်ဆိုင်ခြင်းကို မြှင့်တင်ရန်နှင့် သေချာစေရန် ဖြစ်သဖြင့် MS-NPAN ရုံးအဖွဲ့အား ဝန်ကြီးဌာနလေးခုလုံး၏ ပြင်ပတွင်ထားရှိရန် သင့်မသင့်ကိုလည်း ဆက်လက် ဆွေးနွေးသွားရန် ဖြစ်ပါသည်။ ဤအချက်သည် ညှိနှိုင်းဆောင်ရွက်ရန် အရေးကြီးသည့်အချက်ဖြစ်ပါသည်။

- MS-NPANသည် ပြည့်စုံကျယ်ပြန့်သည့် စောင့်ကြည့် ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း (M&E) စနစ် တခုကို တည်ဆောက်ရန် ရည်ရွယ်ပါသည်။ MS-NPAN တွင် ပါဝင်သည့် ဝန်ကြီးဌာန (၂) ခု(စိုက်မွေးဆည် ဝန်ကြီးဌာန နှင့် လူကယ်ပြန် ဝန်ကြီးဌာန) သည် M&E စနစ်များ ပြုစုရေးဆွဲမှုများအား မကြာသေးမီက စတင်နေပြီဖြစ်ပါသည်။ ပညာရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန တို့မှာ အချက်အလက်များ ကောက်ယူ၍ M&E စနစ်အတွင်း ထည့်သွင်းရန် ဆောင်ရွက်ခြင်းတွင် ရှေ့သို့ရောက်ရှိနေပါသည်။ စီမံကိန်း စတင်ခြင်း အဆင့်၏ အစိတ်အပိုင်းတခု အနေဖြင့် လက်ရှိရှိနေသည့် M&E စနစ်အား ပြန်လည်သုံးသပ်ပြီး MS-NPANနှင့် လိုက်လျောညီထွေ ဖြစ်စေရန် မည်သို့ပြင်ဆင်ရန် လိုအပ်ကို ပြန်လည်သုံးသပ်မည် ဖြစ်ပါသည်။
- စီမံကိန်း စတင်လုပ်ကိုင်ခြင်း အဆင့် တနှစ်စာ (၂၀၁၈ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ) ဘတ်ဂျက်သည် လက်ရှိတွင် အမေရိကန်ဒေါ်လာသန်း (၁၂၀) ဖြစ်ပါသည်။ LIFT အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီ ရရှိရေး ရန်ပုံငွေ (Access to Health) နှင့် ပူးပေါင်း၍ စီမံကိန်း စတင်လုပ်ကိုင်ခြင်း အဆင့်အတွက် အမေရိကန် ဒေါ်လာ ၁.၂ သန်း ထည့်ဝင်ပါသည်။ စီမံကိန်း စတင်လုပ်ကိုင်ခြင်း အဆင့်တွင် MS-NPAN အား မြန်မာနိုင်ငံ အဏုအာဟာရ နှင့် အစာစားသုံးမှု အခြေအနေ လေ့လာရေး စစ်တမ်းမှ ရရှိ သည့် အချက်အလက်များကို အသုံးပြု၍ ပြည်နယ်/တိုင်းဒေသကြီး (၆)ခုအား ဖော်ထုတ်၍ စတင်ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

## အာဟာရမူဝါဒ လုံ့ဆော်နိုင်ရန်အတွက် အာဟာရမြှင့်တင်ရေး လူမှုအဖွဲ့အစည်းများ ကွန်ရက် (SUN Civil Society Alliance)

အာဟာရ မြှင့်တင်ရေး လူမှုအဖွဲ့အစည်းများ ကွန်ရက် (SUN CSA) သည် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် မူဝါဒအား လုံ့ဆော်သည့် လုပ်ငန်းလုပ်ဆောင်ရန် အလွန်အရေးကြီးသည့် ကြားခံဖိုရမ် တခုအဖြစ် ဆက်လက်ရပ်တည်နေပါသည်။ ယခုလက်ရှိ SUN CSA တွင် ပြည်နယ် (၇)ခု နှင့် တိုင်းဒေသကြီး (၈)ခု တွင် အာဟာရ သီးသန့် နှင့် အာဟာရအလေးထား စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အဖွဲ့ဝင်ပေါင်း ၆၂ဖွဲ့ (INGO ၁၇ ဖွဲ့ နှင့် ပြည်တွင်း အန်န်ဂျီအိုနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်း CBO ၄၅ဖွဲ့ ) ရှိပါသည်။ နှစ်ပတ်လည် အထွေထွေ ညီလာခံကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ်အတွက် ဦးဆောင် ကော်မတီဝင်များအား ထိုညီလာခံတွင် ရွေးချယ်ခဲ့ပါသည်။ ညီလာခံတွင် - ဒေသခံ CSO များ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများ/အကန့်အသတ်များ နှင့် အာဟာရပြည့်ဝမှု အဆင့်အတန်းမြှင့်တင်ရန် အလားအလာရှိသည့် ဖြေရှင်းနည်း လမ်းများ၊ MS-NPAN တွင် CSO များ၏ အခန်းကဏ္ဍများ၊ MS-NPAN နှင့် ပူးပေါင်း ဆောင်ရွက်ရာတွင် CSO များ၏ အခန်းကဏ္ဍ၊ MS-NPAN ဦးစားပေးမှုများအတိုင်း SUN CSA မြန်မာ၏ ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချရေး နှင့် SUN CSA ၏မူဝါဒဆိုင်ရာ လုံ့ဆော်မှု နှင့် လုံ့ဆော်ရန်အတွက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ပါသည်။

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် SUN CSA မှ လူမှုကွန်ရက်အသုံးပြုသူများ နှင့် ဆက်သွယ်ရန်နှင့် ဘဝအစ ပထမရက် ၁,၀၀၀ ကာလနှင့်ဆိုင်သည့် အသိပညာပေးရန်နှင့် စည်းရုံးလှုံ့ဆော်သည့် သတင်းစကားများ မြှင့်တင်ရန်အတွက် Facebook စာမျက်နှာကို ဖန်တီးခဲ့ပါသည်။ ယခုအချိန်အထိ ထိုစာမျက်နှာအား ကြိုက်နှစ်သက်ကြောင်း ထောက်ခံသူပေါင်း ၄,၆၅၇ ဦး ရှိနေပြီ ဖြစ်ပါသည်။ သင်ယူရေးနှင့် ရင်းမြစ်များ မျှဝေရေးအတွက် အင်တာနက် ပေါ်တယ် (Portal) ဖြစ်သော LEARN အွန်လိုင်း စာကြည့်တိုက် ပါဝင်သည့် SUN CSA မြန်မာ၏ အင်တာနက်ဝက်ဘ်ဆိုဒ်[၆၆]ကို လွှင့်တင်ခဲ့ပါသည်။ SUN CSA မှ ဆောင်ရွက်ခဲ့သည့် နောက်ထပ် လုပ်ရှားဆောင်ရွက်မှုတခုအနေဖြင့် အဖွဲ့ဝင်များ အချင်းချင်း သင်ယူလေ့လာခြင်း နှင့် မျှဝေခြင်းဖြစ်ပြီး ၂၀၁၈ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လှုပ်ရှားဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့(၁၀) ဖွဲ့အကြား အပြန်အလှန် သင်ယူရေးခရီးစဉ် (၅) ခုဆောင်ရွက်ခဲ့ပါသည်။ သင်ယူမှုများအား ဆွဲဆောင်ရန်နှင့် ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချသည့် ချဉ်းကပ်မှု အတိုင်းအတာအား ပိုမိုကောင်းမွန်စေရန်အတွက် ဖြစ်ရပ်မှန်လေ့လာမှုတခုကို ဆောင်ရွက်ခဲ့ပါသည်။[၆၇]

၂၀၁၈ ခုနှစ်အတွင်းတွင် SUN CSA သည် ပတ်သက်ဆက်နွယ်သူမျိုးစုံ ပူးပေါင်းထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက် ပြင်ဆင်ရေးဆွဲရန်ကူညီ ပံ့ပိုးခြင်းနှင့် အာဟာရမြှင့်တင်ရေး နှင့် အာဟာရကဏ္ဍ ညှိနှိုင်းဆောင်ရွက်ရေး အုပ်စု၏ ပထမအကြိမ် အစည်းအဝေးအား မီဒီယာအဖွဲ့အစည်းများအား ဖိတ်ကြားခြင်း တို့အပါအဝင် နည်းလမ်းမျိုးစုံဖြင့် MS-NPAN နှင့် NNC အား ပံ့ပိုးကူညီခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် အခြား လှုပ်ရှားမှုများတွင် အောက်ပါတို့ ပါဝင်ပါသည် -

- အမျိုးသား မူဝါဒဆိုင်ရာအဆင့်တွင် LEARN/SUN CSA သည် မြန်မာနိုင်ငံအား မိခင်နို့ရည်တိုက်ကျွေးခြင်းနှင့် အကျွမ်းတဝင်ဖြစ်စေရန် မိခင်နို့စနစ်တကျတိုက်ကျွေးခြင်း လုပ်ငန်းများမြှင့်တင်ရေး (BBF) ဆောင်ရွက်မှု မှတဆင့် အစိုးရအား ကူညီ ပံ့ပိုးပေးခဲ့ ပါသည်။ မြန်မာနိုင်ငံတွင် BBF အကောင်အထည်ဖော်ခြင်း လုပ်ငန်းအား ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် တရားဝင် စတင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် နေပြည်တော်၌ ကျင်းပသည့် ဆဌမအကြိမ်မြောက် BBF အစည်းအဝေးတွင် ဦးစားပေး အကြံပြုချက်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့် အရာရှိကြီးများ၊ လွှတ်တော်အမတ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ နှင့် အခြား ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် မိတ်ဖက်အဖွဲ့များထံ တင်ပြခဲ့ပါသည်။
- ၂၀၁၈ခုနှစ် မေလ က ကျင်းပသည့် ကလေးနို့မှုန့် ထုတ်လုပ်သည့် ကုမ္ပဏီကြီးများအား ကလေးနို့မှုန့် ဈေးကွက်မြှင့်တင်ရာတွင် မိခင်နို့ရည်အစားထိုးခြင်းဆိုင်ရာ ညွှန်ကြားချက်အား ပိုမိုလိုက်နာရန် တောင်းဆိုသည့် Save the Children ၏ Don’t Push It! အစီရင်ခံစာအား မီဒီယာသို့ အသိပေးသည့် အခမ်းအနားတွင် SUN CSA အနေဖြင့် မိခင်နို့တိုက်ကျွေးရေး စည်းရုံးလှုံ့ဆော်မှုတွင် ပါဝင်ကူညီ ပံ့ပိုးခဲ့ပါသည်။
- LEARN နှင့် SUN CSA တို့သည် ကမ္ဘာ့အဆင့်နှင့် ဒေသဆိုင်ရာအဆင့် စည်းရုံးလှုံ့ဆော်သည့် လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြပါသည်။
- SUN CSA သည် လွှတ်တော်အမတ်များနှင့် မီဒီယာတို့အား အာဟာရနှင့် ပတ်သက်သည့် မူဝါဒရေးရာ ကိစ္စများ၊ အသိပေးစည်းရုံးရန် အထောက်အကူပြု လက်စွဲ Toolkit တခု ဖော်ဆောင်ရန် စီစဉ် နေပါသည်။ LIFT မှ အကြံပြုထားသည့်အချက်များနှင့် ပတ်သက်၍ SUN CSA မှ Gender Equality Network (GEN) ကဲ့သို့သော မြန်မာနိုင်ငံတွင် မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၌ ထိရောက်မှုရှိသည့် အခြားအဖွဲ့အစည်းများနှင့် ဆွေးနွေး

၆၆။ www.suncsamyanmar.org
၆၇။ ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချခြင်း - ဧရာဝတီ မြစ်ဝကျွန်းပေါ် ဒေသရှိ SUN CSA မှ လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ

တိုင်ပင်ပြီး အကြံဉာဏ်များရယူမည် ဖြစ်ပါသည်။

### အားဖြည့်ဆန် ဖြစ်ထွန်းစေခြင်း

၂၀၁၈ ခုနှစ်တွင် PATH အနေဖြင့် အားဖြည့်ဆန် လုပ်ငန်းအဖွဲ့ နှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့မှ ထောက်ခံသည့်ဆန်တွင် အဏုအာဟာရ ဖြည့်စွက်ခြင်းဆိုင်ရာ မူဝါဒရေးဆွဲရန် အတွက် မူဝါဒပတ်ဝန်းကျင်တခု ဖြစ်စေရန် အထောက်အကူပြုပေးရာတွင် တိုးတက်မှုများရှိရခဲ့သည်။ ပြည်ထောင်စုဝန်ကြီးမှ အတည်ပြု ပေးခဲ့သည့် ဆန်တွင် အဏုအာဟာရဖြည့်စွက်ခြင်း လမ်းညွှန်အား ၂၀၁၉ ခုနှစ်တွင် စတင်မိတ်ဆက်ပြီး ပုဂ္ဂလိကကဏ္ဍမှ မိတ်ဖက်များ ထံ မျှဝေမည်ဖြစ်သည်။

၆.၂

## စိုက်ပျိုးရေး

### မြန်မာနိုင်ငံ စိုက်ပျိုးရေး တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုး တိုးတက်ရေး

LIFT နှင့် USAID တို့မှ ရန်ပုံငွေ ပူးပေါင်းပံ့ပိုးပေးထားသည့် စိုက်ပျိုးရေး တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေး (Agriculture Value Chain Development, AVCD) စီမံချက်အား မီချီဂန် ပြည်နယ်တက္ကသိုလ် (MSU)၊ မြန်မာ့ လူမှု စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (CESD)နှင့် International Food Policy Research Institute (IFPRI) တို့မှ အကောင်အထည်ဖော်လျက်ရှိပါသည်။ စီမံချက်၏ ရည်ရွယ်ချက်မှာ အားလုံးပါဝင်သည့် စိုက်ပျိုး ကုန်ထုတ်လုပ်ငန်း တိုးတက်စေခြင်း၊ အာဟာရဆိုင်ရာရလဒ်များ ပိုမိုကောင်းမွန်စေခြင်းနှင့် လူများ၏အသက်မွေးမှုဆိုင်ရာ ကြံ့ကြံ့ခံနိုင်စွမ်းအား မြှင့်တင်ခြင်းတို့ကိုမြှင့်တင် အားဖြည့်ပေးမည့် မူဝါဒဆိုင်ရာ ပတ်ဝန်းကျင်အား ပိုမိုကောင်းမွန်စေရေး ဖြစ်ပါသည်။

- မူဝါဒရေးရာ ဆွေးနွေးမှု နှင့် ရေးဆွဲမှုများအတွက် အရေးကြီးသည့် အထောက်အထားကွာဟချက် များအား ဖြေရှင်းရန် နှင့် ဦးတည်ရည်ရွယ်ထားသည့် မူဝါဒရေးရာ ကိစ္စရပ်များဆိုင်ရာ အသိပညာ အသစ်များအား အထူးသဖြင့် စိုက်ပျိုးရိက္ခာ တန်ဖိုးမြှင့်ကွင်းဆက် နှင့် အိမ်ထောင်စုများနှင့် ရပ်ရွာလူထု၏ အသက်မွေးမှုနှင့် ဆိုင်သည့် ထုတ်ဖော်ရန်၊ ပေါင်းစပ်ရန် နှင့် ဖြန့်ဝေရန်
- မြန်မာနိုင်ငံတွင် ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဆိုင်ရာ မူဝါဒစနစ်များ၏ အရေးကြီးသည့် အခြေခံအချက်များ အားကောင်းစေရန်အတွက် ယုံကြည်ရသည့်၊ အားလုံးပါဝင်သည့်၊ ပွင့်လင်းမြင်သာပြီး ရေရှည်တည့်တံ့သည့် မူဝါဒလုပ်ငန်းစဉ်များ မြှင့်တင်ရန်
- သုတေသန လုပ်ငန်းများ ဆောင်ရွက်ရန်၊ ဆန်းစစ်ရန် နှင့် မူဝါဒဆိုင်ရာ သုတေသနရလဒ်များ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အသင်းအဖွဲ့များ၏ စွမ်းဆောင်ရည် တည်ဆောက်ရန်

### ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် သုတေသန နှင့် ရလဒ်များ

အပူပိုင်းဇုန် ကျေးလက်စီးပွားရေးနှင့် စိုက်ပျိုးရေးစစ်တမ်း (Rural Economy and Agriculture Dry Zone Survey, READZ) ၏ အိမ်ထောင်စုများ နှင့် ရပ်ရွာလူထု စစ်တမ်းများ အား ၂၀၁၇ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ၂၀၁၈ နှစ်ဦးပိုင်းတွင် လယ်ယာပြင်ပ စီးပွားရေးလုပ်ငန်းဆိုင်ရာ အချက်အလက် များ ကောက်ယူခဲ့ပြီး သုတေသန ရလဒ် ၄ခု အား ထုတ်ဝေခဲ့သည်။ READZ စစ်တမ်းမှ နောက်ထပ် သုတေသန စာတမ်း နှစ်ခုအား ၂၀၁၉ ခုနှစ် တွင် ထုတ်ဝေရန် ပြင်ဆင်ထားပြီး ဖြစ်ပါသည်။

စီမံချက်အနေဖြင့် ရှမ်းပြည်နယ် အိမ်ထောင်စု၊ လယ်ယာစိုက်ပျိုးရေး နှင့် ကျေးလက် စီးပွားရေး စစ်တမ်း (Shan Household, Agriculture and Rural Economy Survey, SHARES) ၏ အိမ်ထောင်စု နှင့် ရပ်ရွာအဆင့် စစ်တမ်းတွင် ရပ်ရွာလူထု ၈၈ စုမှ အိမ်ထောင်စုပေါင်း ၁,၄၀၀ နီးပါးအား စစ်တမ်း ကောက်ယူ ခဲ့ပါသည်။ စီမံချက်မှ စစ်တမ်းကောက်ယူသည့် သုတေသနပညာရှင်များနှင့် ပါဝင်ဆောင်ရွက်သူများအား မေးခွန်းပုံစံ ပြင်ဆင်မှု၊ စီမံကိန်း အစီအစဉ် နှင့် အိမ်ထောင်စု စစ်တမ်းများ၏ အချက်အလက် စီမံခန့်ခွဲမှုတို့ အားလုံးအား ဒီဂျစ်တယ် ပလက်ဖောင်း (digital platform) ကို အပြည့်အဝအသုံးပြု၍ စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်ရန် သင်တန်းပေးခဲ့ပါသည်။ မြန်မာ့ လူမှု စီးပွားရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (CESD) ၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန လယ်ယာကဏ္ဍ မူဝါဒ ဌာန နှင့် IFPRI တို့ တက်ရောက်သည့် ၂၀၁၇ ခုနှစ် စက်တင်ဘာတွင် ၂ပတ်ကြာ ကျင်းပခဲ့သည့် သုံးသပ် အစည်းအဝေးတွင် SHARES ၏ အချက်အလက် ဆန်းစစ်မှု အများစုအား ပြုလုပ်ခဲ့ကြသည်။ အစည်းအဝေး တက်ရောက်သူများ သည် ဆန်းစစ်မှုနှင့် မူဝါဒဆိုင်ရာ သုတေသနရလဒ်များ ဆောင်ရွက်နိုင်သည့် ကျွမ်းကျင်မှုများ လျင်မြန်စွာ တိုးတက်လာခဲ့သည်။ SHARES ၏ သုတေသနစာတမ်းများအား ၂၀၁၉ ခုနှစ် အတွင်းတွင် ထုတ်ဝေမည် ဖြစ်ပါသည်။

စီမံချက်မှ AVCD ၏ စက်မှု လယ်ယာကဏ္ဍ၊ လယ်ယာ စိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ ကောက်ပဲသီးနှံ ထုတ်လုပ်ရေး နှင့် အမြတ် အစွန်းရရှိရေး၊ မြန်မာနိုင်ငံ ကျေးလက်ဒေသ စီးပွားရေး ပြုပြင်ပြောင်းလဲမှု နှင့် ပို့ကုန် ဦးစားပေး လယ်ယာ ဖွံ့ဖြိုးမှု နှင့် တန်ဖိုးမြှင့်ကွင်းဆက် ဆိုင်ရာ သုတေသနအပေါ် အခြေခံ၍ ၂၀၁၈ ခုနှစ်အတွင်း မူဝါဒဆိုင်ရာစာတမ်းများ နောက်ထပ် ၁၃ စောင် ထုတ်ဝေခဲ့ပါသည်။

### စွမ်းဆောင်ရည် တည်ဆောက်မှု

၂၀၁၈ခုနှစ်အတွင်းတွင် AVCD အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန (MoALI) နှင့် ပူးပေါင်းပြီး မူဝါဒ ဆန်းစစ်လေ့လာရန် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် အားကောင်းစေရန်အတွက် ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် မတ်လတွင် ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ် (Yezin Agricultural Unversity, YAU) နှင့် စီမံကိန်း ဦးစီးဌာန (DoP) တို့နှင့် ပူးပေါင်း၍ မူဝါဒ ဆန်းစစ်ရေး သင်တန်း ဒုတိယအဆင့် အား ပြုလုပ်ခဲ့ပါသည်။ သင်တန်းကို မကြာသေးမီက စတင်ခဲ့သည့် စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ (Agriculture Development Strategy, ADS) အတွက် မူဝါဒ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များတွင် တက်ရောက်သူများအနေဖြင့် အထောက်အကူပြုနိုင်ရန် ဒီဇိုင်းရေးဆွဲထားပါသည်။ ဤသင်တန်း ဒုတိယအဆင့်မှာ လက်တွေ့ လေ့ကျင့်ခန်းများ ပိုမိုပါဝင်သဖြင့် တက်ရောက်သူများအနေဖြင့် မူဝါဒဆန်းစစ်ရန်အတွက် ဆန်းစစ်သည့် နည်းကရိယာများ အသုံးပြုခြင်း နှင့် ပတ်သက်သည် အတွေ့အကြုံများ ပိုမိုရရှိနိုင်စေခြင်းနှင့် လက်ရှိမူဝါဒတွင်ရှိနေသည့် ကွာဟချက်များကို ဖော်ထုတ်ထားသည့် မူဝါဒရှင်းလင်းချက်များအား ဖော်ထုတ်ပြီး မူဝါဒ ရေးဆွဲသူ များ အတွက် အကြံပြုချက်များပေးနိုင်ခဲ့ပါသည်။ အဆိုပါ ဒုတိယအဆင့် သင်တန်းတွင် မြေယာ၊ အာဟာရ၊ မျိုးစေ့ကဏ္ဍ၊ ရေပေးရေး၊ ဆန်၊ အကြံပြုထည့်ဝင်မှုများ နှင့် ကုန်သွယ်ရေး နှင့် ဒေသတွင်း ပေါင်းစည်းရေးနှင့်ဆိုင်သည့် မူဝါဒ လေ့လာရေးသင်ခန်းစာများ ပါဝင်စေရန် ထည့်သွင်း စဉ်းစား ထားပါသည်။

အစိုးရ၊ အလှူရှင်အဖွဲ့များနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများမှ တွေ့ရှိချက်များကို ပုံမှန်တင်ပြရန် အလေးအနက် တိုက်တွန်းတောင်းဆိုမှုများ ရှိနေခြင်းက ယုံကြည်နိုင်သည့် ကိန်းဂဏန်းများ ပါဝင်သည့် မူဝါဒဆိုင်ရာ သုတေသန၏ တန်ဖိုးကို ပြသရာရောက်ကြောင်း AVCDကအစီရင်ခံပါသည်။ဤစီမံချက်သည်၂၀၁၉ခုနှစ်တွင် ပြီးဆုံးမည်ဖြစ်သည် ထို့နောက်တွင် စီမံချက်၏ သုတေသန လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည့် အဖွဲ့အစည်း တိကျစွာ မရှိသေးပါ။

### စိုက်ပျိုးရေး မူဝါဒ ဌာန (APU)

LIFT အနေဖြင့် AVCD စီမံချက်မှတဆင့် စိုက်ပျိုးရေး မူဝါဒဌာန၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်ကူညီ ထောက်ပံ့ပေးလျက် ရှိပါသည်။ APU တွင် MSU အဖွဲ့ခေါင်းဆောင် အပြင် နောက်ထပ် နိုင်ငံတကာ ကျွမ်းကျင်သူနှစ်ဦး အား မြေယာ နှင့် အာဟာရဖေးမပေး စိုက်ပျိုးရေးအတွက် စားနပ်ရိက္ခာ နှင့် အာဟာရ ဖူလုံမှုဆိုင်ရာ သက်ရောက်မှု၊ ကြံ့ကြံ့ခံနိုင်မှု၊ ရေရှည်တည်တံ့မှု နှင့် အသွင်ပြောင်းလဲမှု စီမံချက် (Food and Nutrition Security Impact, Resilience, Sustainability and Transformation,FIRST, project for land and nutrition-sensitive agriculture)၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ နှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းပံ့ပိုးပေးထားပါသည်။ APU တွင် စိုက်မွေးဆည် ဝန်ကြီးဌာန ရှိ ဌာနပေါင်းစုံမှ တာဝန်ပေးထားသည့်နိုင်ငံသား ဝန်ထမ်း ၁၂ ဦးလည်း ပါဝင်ပါသည်။ စီမံချက်၏ စွမ်းဆောင်ရည်တည်ဆောက်ရေး ကြိုးပမ်းမှုများ ရေရှည်တည်တံ့ရန်အတွက် ကန့်သတ်ချက်တခုမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ အုပ်ချုပ်ရေး ဖွဲ့စည်းပုံအဆင့်ဆင့်အတွင်းမှ APU ၏ အနေအထားဖြစ်ပြီး၊ ထိုအချက်ကြောင့်ပင် ဝါရင့်ဝန်ထမ်းများအား ဆွဲဆောင်ရန်နှင့် ဆက်လက်ထိန်းထားရန် အခက်အခဲ ရှိနေပါသည်။ ထိုအခြင်းအရာကို ဖြေရှင်းရန် ရည်ရွယ်၍ AVCD သည် ဝန်ကြီးဌာန၏ အခြားဌာနများနှင့်ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်မှ ဝန်ထမ်းများအား မူဝါဒဆိုင်ရာ သင်တန်းများတွင် ပါဝင်တက်ရောက်စေရန် အလေးထားခြင်း ဖြစ်ပါ သည်။ လိုအပ်သည့်အချိန်တွင် ခေါ်ယူအင်အားဖြည့်နိုင်ရန် စိုက်မွေးဆည် ဝန်ကြီးဌာနရှိ ဌာနများအားလုံး မှ မူဝါဒရေးရာ ဆန်းစစ်သူများအစုအဖွဲ့ ဖွဲ့စည်းရန် နှင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (Agriculture Deveopment Strategy, ADS) အကောင်အထည်ဖော်ရေး အစီအစဉ် တွင် မူဝါဒဆိုင်ရာ ဦးစားပေးကိစ္စများ ဖော်ထုတ်ခြင်း လုပ်ငန်းစဉ်အား ထည့်သွင်းရန် အကြံပြုထားပါသည်။

၆.၃

# မြေယာ လုပ်ပိုင်ခွင့်

၂၀၁၈ အတွင်းတွင် LIFT သည် မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များတွင် တက်ကြွသည့် အခန်းကဏ္ဍမှာ ဆက်လက် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။LIFT၏မြေယာလုပ်ကိုင်ခြင်းဆိုင်ရာ မူဝါဒ ဦးတည်ချက်မှာ မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးစုများ၏ ဓလေ့ထုံးတမ်းမြေယာ လုပ်ပိုင်ခွင့်အပါအဝင် တိုင်းဒေသကြီးများအားလုံးနှင့် ပြည်နယ်များအားလုံးရှိ လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် မြေယာလုပ်ကိုင်ပိုင်ခွင့် ရရှိမှုအား မြှင့်တင်ရန်နှင့် ကူညီပံ့ပိုးပေးရန် ဖြစ်သည်။ LIFT မှ သုတေသန၊ ဥပဒေရေးရာ သင်တန်း နှင့် ရပ်ရွာလူထု အသိအမြင်တိုးစေခြင်း၊ အများပြည်သူများနှင့် တိုင်ပင်ဆွေးနွေး အကြံဉာဏ်ရယူခြင်းများ နှင့် စီမံချက်များ အပါအဝင် မြေယာနှင့်ဆိုင်သည့် လုပ်ငန်းများအတွက် ကူညီပံ့ပိုးပေးခဲ့ပါသည်။

### အမျိုးသား မြေယာအသုံးချမှု မူဝါဒ (National Land Use Policy, NLUP) နှင့် အမျိုးသား မြေယာအသုံးချမှု ကောင်စီ (National Land Use Council, NLUC)

NLUC သည် ဖွဲ့စည်းပုံနှင့် အမျိုးသား မြေယာအသုံးချမှု မူဝါဒ အကောင်အထည်ဖော်ရေးအတွက် ကော်မတီ၏ အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရားများအား သတ်မှတ်ရန်အတွက် ၂၀၁၈ ခုနှစ် ဧပြီလတွင် ပထမဦးဆုံး အကြိမ် အစည်းအဝေး ကျင်းပခဲ့ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးများအားလုံးတွင် မြေယာအသုံးချမှုကော်မတီများ တည်ထောင်၍ နည်းပညာ အကြံပေးကောင်စီကို ဖွဲ့စည်းခဲ့ပြီး အမျိုးသား မြေယာ ဥပဒေများနှင့် အမျိုးသား မြေယာအသုံးချမှု စီမံကိန်း ရေးဆွဲရန် နှင့် မြေယာ သတင်းအချက်အလက် စနစ်များ ဖွဲ့စည်းရန်အတွက် မြေယာလုပ်ငန်း ကော်မတီ သုံးခုအား ဖွဲ့စည်းခဲ့ပါသည်။

အောက်တိုဘာလ ဆန်းပိုင်းတွင် ကျင်းပခဲ့သည့် အမျိုးသားမြေယာအသုံးပြုမှု မူဝါဒဆိုင်ရာဖိုရမ်တွင် NLUC အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အပါအဝင်သက်ဆိုင်ရာ ဝန်ကြီးဌာနများ နှင့် ဦးစီးဌာနများ၊ လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်း ဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု လွှတ်တော်ကော်မတီများနှင့် ကော်မရှင်များ၊ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ လယ်သမား အစည်းအရုံးများ၊ ဒေသခံ တိုင်းရင်းသားလူမျိုးများ၊ မီဒီယာ နှင့် အလှူရှင်အဖွဲ့အစည်းများမှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ပါသည်။ စုစုပေါင်း တက်ရောက်သူ ၃၀၀ ကျော်ရှိပါသည်။ အဆိုပါ ဖိုရမ်မှ NLUC အောက်တွင် ပတ်သက်ဆက်နွယ်သူပေါင်းစုံ ပါဝင်သည့် ဆွေးနွေးညှိနှိုင်းမှု အတွက် အခြေခံအုတ်မြစ် ချပေးခဲ့ပါသည်။ NLUC အနေဖြင့် အမျိုးသား မြေယာဥပဒေ နှင့် လိုက်လျောညီထွေရှိသည့် မြေယာနှင့်ဆိုင်သည့် ဥပဒေများရေးဆွဲခြင်း အပါအဝင် NLUP အား အလုံးစုံ အကောင်အထည်ဖော်ရန်အတွက် တစိုက်မတ်မတ်ဆောင်ရွက်သွားရန် ကတိကဝတ် ပြုခဲ့ပါသည်။ ၂၀၁၇ ခုနှစ်က အထူးကော်မရှင်မှ အကြံပြုခဲ့သည့် ကျားမ ရေးရာတန်းတူညီမျှမှု နှင့် ဓလေ့ထုံးတမ်းအရ မြေယာ လုပ်ပိုင်ခွင့်ဆိုင်ရာ ယခင် အကြံပြုချက်များအား ပြန်လည်ဆွေးနွေးခြင်း မပြုခဲ့ပါ။

အဓိက ကျန်နေသည့်မေးခွန်းတခုမှာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၊ လယ်ယာမြေ စီမံခန့်ခွဲမှု ဗဟိုကော်မတီ၊မြေလွတ်၊မြေလပ်၊မြေရိုင်း (VFV) စီမံခန့်ခွဲရေး ဗဟို ကော်မတီ စသည့် လက်ရှိ မြေယာနှင့်ဆိုင်သည့် ကော်မတီများနှင့် NLUC မည်သို့ ဆက်နွယ်နေကြောင်း ရှာဖွေရန် ဖြစ်သည်။ ဖွဲ့စည်းထားသည့် မည်သည့်လုပ်ငန်းကော်မတီမှ မြေယာနှင့် VFVမြေယာကိစ္စရပ်များအား တိုက်ရိုက်ဖြေရှင်းနိုင်ခြင်း မရှိပါ။

NLUC အနေဖြင့် မြေယာအသုံးချမှု ကော်မတီများနှင့် နည်းပညာ အကြံပေးကောင်စီတို့၏ လုပ်ငန်းလမ်းညွှန် မူကြမ်းများရေးဆွဲရာတွင် LIFT ၏ မဟာဗျူဟာမြောက် မိတ်ဖက်အဖွဲ့ဖြစ်သည့် မြေယာမဏ္ဍိုင်အဖွဲ့ (Land Core Group – LCG) မှ အကူအညီပေးခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး မြေယာအသုံးချမှု ကော်မတီ ဖွဲ့စည်းရေးအတွက် LCG နှင့် ရန်ကုန်တိုင်းဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေးမှုအပြီး ကော်မတီတွင် ပြင်ပမှ ပတ်သက် ဆက်နွယ်သူ ကိုယ်စားလှယ်များအား ရွေးချယ်သည့် လုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာစွာမှု ရှိရန်မှာ အရေးကြီးကြောင်း သဘောတူခဲ့ကြပါသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာတွင် ကျင်းပသည့် ပြင်ပ ပါဝင်ဆက်နွယ်သူ ရွေးချယ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် မြေယာမဏ္ဍိုင်အဖွဲ့မှ ကူညီဆောင်ရွက် ပေးခဲ့ပါသည်။

အလှူရှင်အဖွဲ့များ (Swiss Agency for Development and Cooperation၊ USAID နှင့် ဥရောပ သမဂ္ဂ) နှင့် NLUC ရုံးအဖွဲ့တို့မှ NLUC အတွက် အထောက်အကူပြုပေးသည့် မြေယာမဏ္ဍိုင်အဖွဲ့၏အခန်းကဏ္ဍကို အသိအမှတ်ပြုရန် အတွက် NLUCနှင့်ဆွေးနွေးမှုမှတ်တမ်းတခု ရေးသားပြင်ဆင်လျက် ရှိပါသည်။

### မြေယာ ဆိုင်ရာ ဥပဒေ

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ(BNCAP)ဥပဒေအား ၂၀၁၈ ခုနှစ်မေလ ၂၁ရက်တွင် အတည်ပြု ကြေငြာခဲ့ပါသည်။ ဥပဒေအား အကောင်အထည်ဖော်ရန်အတွက် နည်းဥပဒေများရေးဆွဲရန် အများပြည်သူထံမှ သဘောထားရယူသည့် တိုင်ပင်ဆွေးနွေး

မှုများကို ဆောင်ရွက်ဆဲ ဖြစ်ပါသည်။ သတိပြုရန်မှာ ဥပဒေတွင် "ဒေသခံ အစုအဖွဲ့ သဘာဝထိန်းသိမ်းနယ်မြေ" ဟုခေါ်တွင်သည့် သဘာဝ ထိန်းသိမ်းရေးနယ်မြေ အမျိုးအစားသစ်တခု ပါဝင်လာခြင်းဖြစ်ပြီး ထိုသို့ ပါဝင်လာစေရေးအတွက် မြေယာ မဏ္ဍိုင်အဖွဲ့မှ ထောက်ခံတင်ပြ အရေးဆိုခဲ့ခြင်းဖြစ်ပြီး အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစု အဖွဲ့အစည်းများ နှင့် ဒေသခံ ရပ်ရွာလူထု ပါဝင်သည့် တိုင်ပင် ဆွေးနွေး သဘောထားတောင်းခံသည့် လုပ်ငန်းစဉ်အား စတင် ဆောင်ရွက်ရာတွင် ထင်ရှားသည့်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

ဥပဒေအားအတည်ပြုချိန်တွင် BNCAP အကောင်အထည်ဖော်ရေး နည်းဥပဒေမူကြမ်းများအား CSOများထံမှ သဘောထား ရယူဆွေးနွေးမှုများ ပါဝင်သည့် လုပ်ငန်းစဉ်ဖြင့် ပြင်ဆင်ခဲ့ပြီး ဖြစ်ပါသည်။ မြေယာ မဏ္ဍိုင်အဖွဲ့မှ စည်းမျဉ်း စည်းကမ်းများရေးဆွဲရန် တာဝန်ရှိသည့် သစ်တောဦးစီးဌာနအား ပြည်သူ့ သဘောထား အစစ်အမှန်ရယူနိုင်သည့် လုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် ထောက်ခံ အကြံပြုထားသည်။

ပြန်လည်ပြင်ဆင်ထားသည့် ၂၀၁၈ ခုနှစ် မြေသိမ်းဆည်းရေး အက်ဥပဒေမှာ အမျိုးသားလွှတ်တော်တွင် ရှိနေပြီး ၂၀၁၈ခုနှစ်ကုန်အထိ သုံးသပ်ဆွေးနွေးခြင်း မရှိခဲ့သေးပါ။ ဥပဒေကြမ်းမှာ ၂၀၁၇ ခုနှစ် ဥပဒေအား အစားထိုးသည့် ဥပဒေဖြစ်ပြီး ထိခိုက်ခံ ပြည်သူများ၏ အခွင့်အရေးများနှင့် အသံများ မြှင့်တင်ရန်အတွက် ကြိုတင်အသိပေး၍ လွတ်လပ်သည့် သဘောတူညီချက်ရယူခြင်းကို ဆက်လက် ထိန်းသိမ်းထားရန် အတိအလင်း ဖော်ပြထားပြီး၊ ထိုသို့သော ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့်ရရှိရန်မှာပြည်ထောင်စု လွှတ်တော်၏ ဆုံးဖြတ်ချက်ရရန် လိုအပ်ပါသည်။

သစ်တောဥပဒေ အား ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အတည်ပြုခဲ့ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် မြေယာ မဏ္ဍိုင်အဖွဲ့တို့မှ အကြံပြုထားသည့်ပြင်ဆင်ချက် အနည်းငယ် ပါဝင်ပါသည်။ ဤဥပဒေတွင် ပြောင်းလဲသည့် အချက် နှစ်ချက်မှာ - သဘာဝ ကြိုးဝိုင်းအသစ် (သို့) အများပြည်သူ ထိန်းသိမ်းစောင့်ရှောက်သည့် သစ်တောများ တည်ထောင် သတ်မှတ်သည့်အခါတွင် ဒေသခံရပ်ရွာလူထု ကိုယ်စားလှယ်များပါဝင်သည့် အကဲဖြတ်သုံးသပ်ရေးအဖွဲ့များ ဖွဲ့စည်းရန်နှင့် ဒေသခံတိုင်းရင်းသား အစုအဖွဲ့များမှ အစဉ်အလာရ စောင့်ရှောက်ထားသည့် သစ်တောများအား ပြည်နယ်/ တိုင်းဒေသကြီး အစိုးရ၏ မှတ်ချက်ဖြင့် ဝန်ကြီးမှ အသိအမှတ်ပြုခြင်းတို့ ဖြစ်ပါသည်။

၂၀၁၈ မြေယာ သုတေသန

*GRET*

မြေယာပြန်လည်နေရာချထားရေးဆိုင်ရာ လွတ်လပ်သည့် သုတေသန-တိုင်းဒေသကြီးအစိုးရများ၏ ပန်ကြားချက်ဖြင့် GRET ၏ မြေယာသုတေသနအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အလားအလာရှိသည့်နေရာများတွင် မြေယာပြန်လည် ခွဲဝေချထားရေးဆိုင်ရာ လွတ်လပ်သည့် သုံးသပ်လေ့လာမှု ၂၆ ခု ဆောင်ရွက်ခဲ့ပါသည်။ မြေယာ ပြန်လည်ခွဲဝေချထားရေးဆိုင်ရာ သုံးသပ်လေ့လာမှု အစီရင်ခံစာအား ၂၀၁၈ ခုနှစ် ဖွန်လတွင် အပြီးသတ်ခဲ့ပြီး မြေယာ သမိုင်းကြောင်း၊ မြေယာ အသုံးချမှု၊ ပိုင်ဆိုင်မှု၊ အသက်မွေးဝမ်းကျောင်းမှု၊ အဓိက စိန်ခေါ်မှုများ နှင့် ပြဿနာများ ၊ မြေယာ အငြင်းပွားမှုများ၊ မြေယာ အငြင်းပွားမှု များ၌ အဓိက ပါဝင်ဆက်နွယ်သူများ၊ မြေယာပိုင်ဆိုင်ခွင့်၊ စီမံပိုင်ခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်တို့နှင့်ဆိုင်သည့်အမှုများ၊ မြေယာပြန်လည် ခွဲဝေချထားရေးဆိုင်ရာနှင့် အငြင်းပွါးမှု ဖြေရှင်းရေးဆိုင်ရာ အကြံပြုချက်များအား မီးမောင်း ထိုးပြခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း သုံးသပ်လေ့လာမှုမှ တွေ့ရှိချက်များအား သက်ဆိုင်ရာ အာဏာပိုင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ ၁၀ခု ကျင်းပခဲ့ပါသည်။

လယ်ယာမြေ စနစ်များ ဆန်းစစ်မှု - GRET မှ ပြည်နယ်နှင့် တိုင်းဒေသကြီး ငါးခုတွင် လယ်ယာမြေစနစ်များ လေ့လာမှုများ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ လေ့လာမှုများအား စုစည်းပေါင်းစပ်ထားသည့် အစီရင်ခံစာအား ၂၀၁၈ခုနှစ် ဩဂုတ်လတွင် ကျင်းပသည့် ပတ်သက်ဆက်နွယ်သူများ အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြခဲ့ပါသည်။လေ့လာမှုများ သည် ချင်းပြည်နယ်၊ ကရင်ပြည်နယ် နှင့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ သတ်မှတ်နေရာများရှိ မြေယာစနစ်များ အဆင့်ဆင့် ဖြစ်ပေါ်လာပုံကို ရှင်းပြနိုင်ခဲ့ပါသည်။မြေယာစနစ်များ ဆန်းစစ်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား၂၀၁၉ခုနှစ် အတွင်း နေပြည်တော်တွင် ကျင်းပနိုင်ရန် စီစဉ်ထားပါသည်။

*မြေယာမဏ္ဍိုင်အဖွဲ့ (Land Core Group- LCG)*

၂၀၁၈ ခုနှစ်တွင် မြေယာမဏ္ဍိုင်အဖွဲ့ (LCG)မှ မြေယာ အသုံးချမှု ပြောင်းလဲခြင်း၊ နာဂ ဓလေ့ထုံးတမ်း မြေယာ လုပ်ပိုင်ခွင့်၊ မြေယာ နှင့် ကျား၊မရေးရာ နှင့် မြေယာ သိမ်းယူခြင်း တို့နှင့် သက်ဆိုင်သည့် မြေယာသုတေသန စီမံချက်များ ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ နာဂ ဓလေ့ထုံးတမ်းအရ မြေယာလုပ်ပိုင်ခွင့် အစီရင်ခံစာမှာ ထုတ်ဝေပြီးဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် တရားဝင် ထုတ်ပြန်မည် ဖြစ်သည်။

LCG သည် မြန်မာနိုင်ငံတဝှမ်း မှ မြေယာသိမ်းယူမှုများအား အရေးအတွက်ဆိုင်ရာ သုတေသနများ ဆောင်ရွက်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်း နှင့် အန်န်ဂျီအို ၁၁ ဖွဲ့ တို့၏ စွမ်းဆောင်ရည် တည်ဆောက်သည့် လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ခဲ့ပါသည်။ LCG မှ သုတေသန အလုပ်သင်ဝန်ထမ်းများ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် လက်တွဲ ၍ သုတေသန ဆောင်ရွက်ခဲ့ပါသည်။

LCG မှ အရပ်ဘက် လူမှုအဖွဲ့အစည်းများအား မြေယာ ဥပဒေများ နှင့် မြေယာ အခွင့်အရေးဆိုင်ရာ အသိအမြင်များ နှင့် ပတ်သက်၍ သင်တန်းပေးခဲ့ပါသည်။ ၂၀၁၈ခုနှစ် အကုန်အထိ အရပ်ဘက်လူမှုအဖွဲ့အစည်း ၃၆ဖွဲ့မှ အဖွဲ့ဝင် ၈,၄၀၀ ဦး အား သင်တန်းပေးခဲ့ပါသည်။ သင်တန်းများအား မူလက တောင်သူများ နှင့် အရပ်ဘက် လူမှု အဖွဲ့အစည်းများအတွက်သာ ရည်ရွယ်ခဲ့သော်လည်း ရပ်/ကျေးအဆင့် မြေယာကော်မတီများ၏ ပန်ကြားမှုကြောင့် ရပ်/ကျေးအဖွဲ့များအတွက်လည်း သင်တန်းများ ပို့ချပေးခဲ့ပါသည်။သင်တန်းတွင် အမျိုးသား မြေယာအသုံးချမှုဝါဒ၊ လယ်ယာမြေ ဥပဒေများ၊ မြေသိမ်းဆည်းရေး အက်ဥပဒေ၊ သစ်တောဥပဒေ၊ BNCAP နှင့် မြေယာ အုပ်ချုပ်မှု အဖွဲ့များ ၏ အခန်းကဏ္ဍများ နှင့် တာဝန်ဝတ္တရား နှင့် အငြင်းပွားမှု ဖြေရှင်းရေး ယန္တရားများဆိုင်ရာ အကြောင်းအရာများ ပါဝင်ပါ သည်။

LCG မှ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်စနစ်များ အောက်တွင် မြေယာလုပ်ပိုင်ခွင့် လျှောက်ထားသည့် အမျိုးသမီး အခွင့်အရေး နှင့် အသက်မွေးဝမ်းကျောင်းမှုများ ဆိုင်ရာ ကျရောက်နိုင်ချေရှိသည့် အန္တရာယ်များ နှင့် အခွင့်အရေးများအား ဖော်ထုတ်သည့် တရားဝင် မြေယာ၊ မေ့လျော့ခံအမျိုးသမီးများဟူသည့် မူဝါဒ ရှင်းလင်းချက်များအား ထုတ်ပြန်ခဲ့ပါသည်။ယင်းမှာ ထားဝယ်တွင် ကရင်နှင့် ထားဝယ်အမျိုးသမီးများအား ပြုလုပ်ခဲ့သည့် သုတေသနပေါ်တွင် အခြေခံပါသည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေ

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဥပဒေအား ပြင်ဆင်သည့် ဥပဒေ ကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။VFV

ဗဟို ကော်မတီမှ တရားဝင် ခွင့်ပြုချက်မရှိဘဲ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအား အသုံးပြုနေသူများအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ၆လအတွင်း မှတ်ပုံတင်စေရန် ရည်ရွယ်၍ ပုဒ်မ ၂၂(ခ) အား အကောင်အထည်ဖော်ရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပါသည်။ ဤဆောင်ရွက်ချက်ကြောင့် လွှတ်တော်အမတ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဒေသခံ ရပ်ရွာလူထုများကြား စိတ်ရှုပ်ထွေးမှုများနှင့် စိုးရိမ်မကင်းမှုများ ဖြစ်စေခဲ့ပါသည်။ GRET၊ မြေယာ မဏ္ဍိုင်အဖွဲ့ နှင့် အခြားအဖွဲ့များမှ လယ်/ဆည်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ စိုးရိမ်မကင်းဖြစ်ရကြောင်း စာဖြင့် အကြောင်းကြားစာများ ပေးပို့ခဲ့ကြပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့မှ ဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာ လွှတ်တော် ကော်မတီများထံ မိတ္တူများ ပေးပို့ခဲ့ပါသည်။ အကြံပြုချက်များတွင် ကင်းလွတ်ခွင့်ရမြေအမျိုးအစားများနှင့်ဆိုင်သည့် ရှင်းလင်းတိကျသည့် တရားဥပဒေ အဓိပ္ပါယ် ဖွင့်ဆိုချက်ရှိသည့် အချိန်အထိ ပြင်ဆင်သည့်ဥပဒေ အကောင်အထည်ဖော်ခြင်းအား ရပ်ဆိုင်းထားပေးရန် ပါဝင်ပါသည်။ အဖွဲ့များမှ ဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မဟာဗျူဟာမြောက်ဖြစ်စေရန်နှင့် ထိရောက်စေရန် ပြင်ဆင်မှုများ ပိုမိုလိုအပ်သဖြင့် စိုးရိမ်မကင်းဖြစ်ကြောင်း ထုတ်ဖော်ခဲ့ပါသည်။ အခြား အဖွဲ့အစည်းများမှ လည်း VFV မြေယာဥပဒေနှင့် ထိုဥပဒေအား ပြင်ဆင်သည့်ဥပဒေတို့အား ဖျက်သိမ်းရန် တောင်းဆို ခဲ့ကြပါသည်။

LIFT ၏ အင်တာနက် ဝက်ဘ်ဆိုဒ် စာမျက်နှာတွင် အဆိုပါ စိုးရိမ်မှုများအား မျှဝေခဲ့ပြီး ထုတ်ပြန်ချက်တရပ်လည်း တင်ထားခဲ့ပါသည်။ VFV ဗဟိုကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထံသို့ လည်း LIFT ရန်ပုံငွေ စီမံခန့်ခွဲမှု ဘုတ်အဖွဲ့ဝင်များ အတူလက်မှတ်ရေးထိုးထားသည့် စာတစောင် ပေးပို့ခဲ့ပါသည်။ VFV မြေယာဥပဒေ နှင့် ပတ်သက်သည့် LIFT ၏ စိုးရိမ်ပူပန်မှုများတွင်-

- ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ၂၀၁၉ ခုနှစ် မတ်လတွင် မည်သည့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းတွင် မဆို လုပ်ကိုင်နေသည့် လုပ်ကွက်ငယ်တောင်သူများအနေဖြင့် ၎င်းတို့ လုပ်ကိုင်နေသည့်မြေအား မှတ်ပုံတင်ရန် လိုအပ်သဖြင့် ကျေးလက်နေပြည်သူ သန်းပေါင်းများစွာအား ကျူးကျော်သူများအဖြစ် သတ်မှတ်ခြင်းခံရမည့်အပြင် ထောင်ဒဏ် နှစ်နှစ်အထိ ကျခံရမည်ဖြစ်ပြီး ၎င်းတို့၏ မြေယာကိုလည်း လက်လွှတ်ဆုံးရှုံးရမည်ဖြစ်ခြင်း
- မြေလွတ်၊မြေလပ်နှင့် မြေရိုင်း အများစုမှာ တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများတွင် တည်ရှိနေသဖြင့်၊ တိုင်းရင်းသား ခေါင်းဆောင်များမှ ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်အား အသိအမှတ်ပြုရန် ဦးစားပေးသဖြင့် ဤဥပဒေက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား အားနည်းစေနိုင်ခြင်း
- နိုင်ငံအနှံ့အပြား မြေယာပဋိပက္ခများ နှင့် နစ်နာမှုများ တိုးပွားလာခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား နှောင့်နှေးစေခြင်း
- နေရပ်စွန့်ခွာသူများ (Internally Displaced Persons, IDPs) အနေဖြင့် ၎င်းတို့ နေရပ်ဒေသမှ မြေယာများ ဆုံးရှုံးနိုင်ပြီး လက်ရှိ နေရာများတွင် အသုံးပြုနေသည့် မြေယာများနှင့်ဆိုင်သည့် ပြစ်ဒဏ်များလည်း ရင်ဆိုင်ရနိုင်ချေရှိခြင်း
- အမျိုးသား မြေယာအသုံးချမှု မူဝါဒ ၏ အဓိက ပါဝင်သည့် အချက်များ -ဥပမာ တိုင်းရင်းသား လူမျိုးစုများ၏ မြေယာ အသုံးချပိုင်ခွင့် နှင့် နေရပ်စွန့်ခွါသူများ၏ လျော်ကြေးရပိုင်ခွင့်များအား ဆိုးရွားစွာ ထိခိုက်စေခြင်း

၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် VFV ဗဟို ကော်မတီမှ ကြေငြာခဲ့သည့် နောက်ဆုံးရက် ရောက်ရန် သုံးလသာ ကျန်ရှိတော့ကြောင်း LIFTမှသတိပြုမိပါသည်။မြန်မာနိုင်ငံတွင် ရေရှည်ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးစည်ပင်ပြီး တည်ငြိမ်မှုရှိစေ ရန် မျှော်မှန်းပြီး LIFT မှ အောက်ပါတို့ကို အကြံပြုခဲ့ပါသည်-

- ထောင်ကျနိုင်ခြင်း နှင့် အပြစ်မဲ့ ပြည်သူများနှင့် ရပ်ရွာလူထုအား ဖယ်ရှားနိုင်ခြင်းတို့မှ ကာကွယ်တားဆီးပေး နိုင်ရန်အတွက် ယခုအသုံးပြုထားသည့် VFV မြေယာဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ဆိုင်သည့် စကားလုံး အသုံးအနှုန်းအား ဆိုင်းငံ့ထားသင့်ပါသည်။
- VFV မြေယာဥပဒေ၏ နယ်နိမိတ်နှင့် အမျိုးသား မြေယာအသုံးချမှု မူဝါဒ နှင့် ကိုက်ညီသည့် ဓလေ့ထုံးတမ်းမြေယာလုပ်ပိုင်ခွင့်အား အကာအကွယ်ပေး နိုင်မည့်လုပ်ထုံးလုပ်နည်းများအား ရှင်းလင်း တိကျစွာ သတ်မှတ်သင့်ပါသည်။
- ပုဂ္ဂလိက ကဏ္ဍမှ အဖွဲ့အစည်းများအတွက် VFV မြေယာများ ခွဲဝေချထားပေးနေခြင်းအား ရပ်တန့်သင့်ပါသည်။
- လုပ်ကွက်ငယ် တောင်သူများအား မြေယာ လုပ်ကိုင်ခွင့်ပေးခြင်း နှင့် တိုင်းရင်းသားလူမျိုးစုများ အတွက် ဓလေ့ထုံးတမ်းဆိုင်ရာ လုပ်ပိုင်ခွင့်များပေးခြင်းတို့အား မြှင့်တင်နိုင်ရန် VFV မြေယာ ဥပဒေအား ပြင်ဆင်ရေးဆွဲသင့်ပါသည်။
- အမျိုးသား မြေယာ အသုံးချမှု မူဝါဒနှင့်အညီ တရားမျှတပြီး ထိရောက်သည့် မြေယာ အုပ်ချုပ်မှုမူဘောင် တည်ထောင်နိုင်ရန်အတွက် VFV ဗဟိုကော်မတီသည် တောင်သူလယ်သမားများ၊ တိုင်းရင်းသားလူမျိုးများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အမြဲမပြတ် တက်ကြွစွာ ဆွေးနွေးတိုင်ပင် သဘောထားယူသင့်ပါသည်။
- နောက်ဆုံးအနေဖြင့် မြေယာစီမံအုပ်ချုပ်ရေး ယန္တရားများ နှင့် လုပ်ထုံးလုပ်နည်းများအား နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ကောင်းမွန်သည့် ကျင့်သုံးမှုများနှင့်အညီ ပြုပြင်ပြောင်းလဲနိုင်ရန် နှင့် အားကောင်း စေရန် အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ပြည့်စုံကျယ်ပြန့်သည့် လမ်းပြမြေပုံအား ရေးဆွဲသင့်ပါသည်။

## မြေယာ ပြန်လည်ခွဲဝေချထားခြင်း တွင် LIFT မှ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

အသုံးချမှုနည်းပါးသည့် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်သိမ်းယူခြင်း နှင့် ထိုမြေများအား လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အသက်မွေးမှုပိုမို ကောင်းမွန်စေရန်အတွက် မြေယာရင်းမြစ်များနှင့် ပတ်သက်၍ ခိုင်မာသည့် လုပ်ကိုင်ခွင့်ပေးပြီး လုပ်ကွက်ငယ်တောင်သူများထံ ပြန်လည်ခွဲဝေပေးရန်မှာ ပြည်ထောင်စု အစိုးရ၏ ဦးစားပေး လုပ်ငန်းဖြစ်ပါသည်။ နိုင်ငံတော်ထံသို့ ပြန်အပ်ရသည့် မြေများအား ပြန်လည်ခွဲဝေချထားခြင်းသည် အဓမ္မမြေသိမ်းခြင်း နှင့် ဆက်နွယ်နေသည့် ပြဿနာများအား ဖြေရှင်းရန် နှင့် မူလပိုင်ရှင်များထံ ပြန်လည်အပ်နှံခြင်းဖြင့် ကျေးလက်ဒေသမှ ဆင်းရဲနွမ်းပါးမှု အများဆုံး ရပ်ရွာလူထုများကြားတွင် စိန်ခေါ်လျက်ရှိနေသည့် မြေယာမဲ့မှုဒုက္ခအား ဖြေရှင်းနိုင်မည့် အခွင့်အလမ်း တရပ်အဖြစ် ရှုမြင်ပါသည်။

၂၀၁၇ခုနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOALI) မှ LIFT သို့ အဆိုပြုလွှာတစောင် ပေးပို့ခဲ့ပြီး မြေယာ ပြန်လည် ခွဲဝေချထားခြင်းဆိုင်ရာ ရှေ့ပြေးအစီအစဉ်တရပ် ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးရန် ပန်ကြားခဲ့ပါသည်။ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ အလားအလာရှိသော နေရာများတွင် ကွင်းဆင်း အကဲဖြတ်သုံးသပ်မှုများ ဆောင်ရွက်ခဲ့ပြီး မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ရှေ့ပြေးအစီအစဉ်ဆောင်ရွက်ရန်အတွက် နေရာ၂နေရာ ရွေးချယ်ခဲ့ပါသည်။ "မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများ နိုင်ငံတော်သို့ ပြန်အပ်ခြင်း၊ ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများ ဖွံ့ဖြိုးတိုးတက်စေရေး" စီမံကိန်း (REAL

DEV) စီမံကိန်းဒီဇိုင်း ရေးဆွဲပြင်ဆင်ရန် အတွက် အကြံပေးအဖွဲ့၏ ဒီဇိုင်းမစ်ရှင်သည် ၂၀၁၈ခုနှစ် မတ်လတွင် သွားရောက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် မကွေးမြို့၌ တောင်သူလယ်သမားများနှင့် ရပ်ရွာလူထုတို့နှင့် တွေ့ဆုံဆွေးနွေးသဘောထားတောင်းခံခြင်းဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် REAL DEV စီမံကိန်းအတွက် အဆိုပြုများလွှာ ဖိတ်ခေါ်ခြင်းကို LIFT မှ ထုတ်ပြန်ခဲ့ပါသည်။

စီမံကိန်းစတင်သည့်အချိန်နှင့် ၂၀၁၈ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်ကြေငြာခဲ့သည့်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေ (VFV) အား ပြင်ဆင်သည့် ဥပဒေ နှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ မြင့်တက်နေသည့်အချိန်မှာ တိုက်ဆိုင်နေပါသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဥပဒေအား ဆန့်ကျင်သည့် များစွာသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များက အဆိုပါဥပဒေနှင့်ပတ်သက်၍ LIFT၏ ထောက်ခံမှုမှာ ပေါ်လွင်ထင်ရှားသည်ဟု ထင်မြင်ယူဆခဲ့ကြပါသည်။ အဆိုပါ ဥပဒေ နှင့် ထိုဥပေဒအား ပြင်ဆင်သည့် ဥပဒေတို့နှင့် စပ်လျဉ်း၍ LIFT မှ ၎င်း၏ အင်တာနက် ဝက်ဘ်ဆိုဒ်တွင် ထိုဥပဒေအား အကောင်အထည်ဖော်ခြင်းအား ဆိုင်းငံ့ထားပေးရန်နှင့် အစိုးရအနေဖြင့် သက်ဆိုင်ရာ CSOများနှင့် ဆွေးနွေးတိုင်ပင် သဘောထားရယူရန် တိုက်တွန်းထားသည့် ထုတ်ပြန်ချက်အား ဖော်ပြထားပြီး LIFT ရန်ပုံငွေ ဘုတ်အဖွဲ့မှ အလားတူ စိုးရိမ်ပူပန်မှုများအား ဖော်ပြထားသည့် စာတစောင်အား စိုက်၊မွေး၊ဆည် ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံသို့ ပေးပို့ခဲ့ပါသည်။ (အထက်တွင် အသေးစိတ်ဖော်ပြပြီး)။ LIFTနှင့် ပတ်သက်သည့် စိုးရိမ်ပူပန်မှုများအတွက် LIFT ၏ FMO မှ CSO များနှင့် ဆွေးနွေးတိုင်ပင် သဘောထား တောင်းခံမှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ၂၀၁၉ခုနှစ် ဇန်နဝါရီလတွင် REAL Dev စီမံကိန်းနှင့်ပတ်သက်၍ အများပြည်သူထံမှ သဘောထားတောင်းခံသည့် ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။ LIFT မှ REAL Dev စီမံကိန်းအတွက် အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ခြင်းအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပြီး ၊ VFV မြေယာဥပဒေ နှင့် ဆက်နွယ်နေသည့် အခြေအနေများကြောင့် အဖွဲ့အစည်းများအနေဖြင့် လျှောက်ထားခြင်း မပြုရန် ဆုံးဖြတ်ချက်ချခြင်း ကိုလည်း အသိအမှတ်ပြုကြောင်း ထုတ်ပြန်ခဲ့ပါသည်။ အဆိုပြုလွှာများ တင်သွင်းရမည့် နောက်ဆုံးရက်မှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ဖြစ်ပါသည်။

၆.၄

## ရွှေ့ပြောင်းသွားလာခြင်း

### အိမ်အကူအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်အတွက် မူဝါဒ နှင့် ဥပဒေ အားကောင်းစေခြင်း

အိမ်အကူ အလုပ်သမားများအတွက် ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ မူဝါဒ ရေးရာများ ဆောင်ရွက်ရန် မဟာဗျူဟာရေးဆွဲရာတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) က မူဝါဒ ပြောင်းလဲရေးအား ကူညီပံ့ပိုးရန်အတွက် အကြောင်းအရာအမျိုးမျိုးမှ သဘောတရားများနှင့် နည်းကရိယာများအား ပေါင်းစပ်အသုံးပြုခဲ့ပါသည်။ မူဝါဒ ရေးဆွဲရေး လုပ်ငန်းစဉ်တွင် မူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်သည့် လူပ်ရှား ဆောင်ရွက်သူများ နှင့် ထိတွေ့ ဆက်ဆံမှုမှာ အရေးကြီးကြောင်းလည်း အသိအမှတ်ပြုခဲ့ပါသည်။ အဆိုပါ အကောင်အထည်ဖော်ဆောင်ရွက် သူများသည် မူဝါဒဆိုင်ရာရလဒ်များအား ပုံဖော်နိုင်စွမ်း မြင့်မားသဖြင့် စတင်သည့် အချိန်ကတည်းက ကိစ္စရပ်များ၏ သဘောတရားအား နားလည်ထားရန် လိုအပ်ပါသည်။ မူဝါဒ ရေးဆွဲရေးတွင် လုပ်ငန်းခွင် အခြေအနေများ ပိုမိုကောင်းမွန်စေရန် နှင့် ရွှေ့ပြောင်းလာသူများအတွက် ပေးသည့် ကာကွယ်စောင့်ရှောက်မှုများအတွက် အသိပေးအရေးဆိုသူများဖြစ်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်း နှင့် အလုပ်သမား အဖွဲ့အစည်းများ၏ အရေးပါမှုအား အသိအမှတ်ပြုလျက် ၎င်းတို့၏ အရေးပါသည့် အခန်းကဏ္ဍအား ဤချဉ်းကပ်နည်းလမ်းတွင် ပေါင်းစပ်ထည့်သွင်းထားပါသည်။ ဤမဟာဗျူဟာ၏ မျှော်မှန်းရလဒ်မှာ မြန်မာနိုင်ငံမှ အိမ်အကူ အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်မှု ပိုမိုပေးနိုင်ရန် အမျိုးသား ရေးမူဝါဒများ နှင့် နှစ်နိုင်ငံ ဆိုင်ရာ မူဝါဒများအား ချမှတ်နိုင်ရန် ဖြစ်သည်။

၂၀၁၈ ခုနှစ်အတွင်းတွင် ILO အနေဖြင့် ကာကွယ်စောင့်ရှောက်မှု ပိုပေးနိုင်သည့် မူဝါဒဆိုင်ရာ မူဘောင်တခု ဖော်ဆောင်နိုင်ရေးအတွက် ကနဦး ခြေလှမ်းအဖြစ် အိမ်အကူ လုပ်သားများ နိုင်ငံခြားမသွားရန် ပိတ်ပင်ထားမှုအား ဖြေလျှော့နိုင်ရန် ဆက်လက်ကြိုးပမ်းခဲ့ပါသည်။ ပတ်သက်ဆက်နွယ်သူများအား အလုပ်ရုံဆွေးနွေးပွဲများ၊ သဘောထား ရယူသည့် တိုင်ပင်ဆွေးနွေးမှုများ နှင့် မူဝါဒရှင်းလင်းချက်များ၊ အိမ်အကူအလုပ်သမားမျာအတွက် ကောင်းမွန်သည့် အလုပ်အကိုင်ဆိုင်ရာ ILO သဘောတူညီချက် (အမှတ် ၁၈၉) နှင့် ဆက်စပ် အကြံပြုချက် (အမှတ် ၂၀၁) မှတဆင့် အိမ်အကူအလုပ်သမားများ၏အခွင့်အရေးများအား တရားဝင်အကာအကွယ်ပေးမည့် နိုင်ငံတကာ စံသတ်မှတ်ချက်များအား မိတ်ဆက်ပေးခဲ့ပါသည်။ ILO မှ အထူးသဖြင့် အိမ်အကူအလုပ်သမားများ ကိုယ်တိုင်၏ အသံများအား ပိုမိုမြှင့်တင်ပေး ခြင်းဖြင့် အမူအကျင့်များအား လွှမ်းမိုးနိုင်ရန်နှင့် ခွဲခြားဆက်ဆံသည့် အလေ့အကျင့်များအား ရပ်တန့်စေရန် ရည်ရွယ်သည့် အများပြည်သူ ပါဝင်သည့် လှုပ်ရှားမှုများမှတဆင့် အသိပညာပေးရေး ဆောင်ရွက်ခဲ့ ပါသည်။

၂၀၁၈ခုနှစ်အတွင်းတွင် ILO အနေဖြင့် ကာကွယ်စောင့်ရှောက်မှု ပိုပေးနိုင်သည့် မူဝါဒဆိုင်ရာ မူဘောင်တခုဖော်ဆောင်နိုင်ရေးအတွက်ကနဦးခြေလှမ်းအဖြစ် အိမ်အကူ လုပ်သားများ နိုင်ငံခြား မသွားရန် ပိတ်ပင်ထားမှုအား ဖြေလျှော့နိုင်ရန် ဆက်လက်ကြိုးပမ်းခဲ့ပါသည်။ ပတ်သက်ဆက်နွယ်သူများအား အလုပ်ရုံဆွေးနွေးပွဲများ၊ သဘောထား ရယူသည့် တိုင်ပင်ဆွေးနွေးမှုများ နှင့် မူဝါဒရှင်းလင်းချက်များ၊ အိမ်အကူအလုပ်သမားမျာအတွက် ကောင်းမွန်သည့် အလုပ်အကိုင်ဆိုင်ရာ ILO သဘောတူညီချက် (အမှတ် ၁၈၉) နှင့် ဆက်စပ် အကြံပြုချက် (အမှတ် ၂၀၁) မှတဆင့် အိမ်အကူအလုပ်သမားများ၏ အခွင့်အရေးများအား တရားဝင်အကာအကွယ်ပေးမည့် နိုင်ငံတကာ စံသတ်မှတ်ချက်များအား မိတ်ဆက်ပေးခဲ့ပါသည်။

ILO မှ အထူးသဖြင့် အိမ်အကူအလုပ်သမားများ ကိုယ်တိုင်၏ အသံများအား ပိုမိုမြှင့်တင်ပေးခြင်းဖြင့် အမူအကျင့်များအား လွှမ်းမိုးနိုင်ရန် နှင့် ခွဲခြားဆက်ဆံသည့် အလေ့အကျင့်များအား ရပ်တန့်စေရန် ရည်ရွယ်သည့် အများပြည်သူ ပါဝင်သည့် လှုပ်ရှားမှုများမှတဆင့် အသိပညာပေးရေး ဆောင်ရွက်ခဲ့ပါသည်။

အိမ်အကူအလုပ်သမားများ ပြောင်းရွှေ့လုပ်ကိုင်ခြင်းအား တားဆီးပိတ်ပင်မှုသည် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ နိုင်ငံရပ်ခြားအလုပ်အကိုင် အေဂျင်စီများ အဖွဲ့ချုပ်မှ ထုတ်ပြန်ခဲ့သည့် ညွှန်ကြားချက်မှ စတင်အသက်ဝင်ခဲ့ခြင်း ဖြစ်ပါသည်။ILO မှ ထိုပိတ်ပင်တားဆီးမှုအား ဖြေလျော့ပေးရန် စည်းရုံးလှုံ့ဆော်ခဲ့ပြီး အများပြည်သူပါဝင်သည့် လှုပ်ရှားမှုများမှတဆင့် အများပြည်သူထောက်ခံမှုအား ပိုမိုအားကောင်းစေရန် ကြိုးပမ်းမှုများဖြင့် အိမ်အကူ အလုပ်သမားများ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်မှုဆိုင်ရာ မူဝါဒများ ပြောင်းလဲမှုကို အထောက်အပံ့ဖြစ်စေခဲ့ပြီး ရလဒ်အဖြစ် ယခုအခါ အိမ်အကူအလုပ်သမားများ ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ပြီး အကူအညီလိုအပ်ပါက သံရုံးသို့ ဆက်သွယ်နိုင် လာကြပါသည်။ ပိုမိုအမြင်ကျယ်သည့်မူဝါဒဖြင့် ILO မှ သဘောတူညီချက်များ နှင့် နားလည်မှုစာချွန်လွှာများ၊ အိမ်အကူအလုပ်သမားများ ပြည်ပသို့ မထွက်ခွာမီ လေ့ကျင့်သင်တန်းပေးရန်အတွက် သင်ခန်းစာများ ရေးဆွဲနိုင်ရန် စတင်၍ နည်းပညာဖြင့် ကူညီပံ့ပိုးပေးလျက်ရှိပြီး ILO ၏ အိမ်အကူအလုပ်သမားများဆိုင်ရာ သဘောတူစာချုပ်အား လက်မှတ်ရေးထိုးနိုင်ရန် ထောက်ခံအားပေးလျက် ရှိပါသည်။ ကန့်သတ်မှုများပယ်ဖျက်ခြင်းနှင့်အတူ လုပ်ကိုင်နိုင်စွမ်း ရှိစေရန် နည်းလမ်းများဖော်ဆောင်ပေးခြင်း နှင့် အလုပ်သမား အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန် မူဝါဒ များနှင့် တရားဥပဒေများ ယှဉ်တွဲပါလာစေရန်အတွက် ဤအချက်များအား ထပ်မံ အာရုံစိုက်ရန် လိုအပ်ပါသည်။

ILOမှအိမ်အကူအလုပ်သမားများအလုပ်ခန့်ထားခြင်းဆိုင်ရာ ဥပဒေနှင့် ပတ်သက်၍ လွှတ်တော်အမတ်များနှင့် အတူ လက်တွဲလုပ်ကိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ အလုပ်သမားရွှေ့ပြောင်း အလုပ်လုပ်ကိုင်မှုဆိုင်ရာ စီမံအုပ်ချုပ်မှု ဖော်ဆောင်ရန် လွှတ်တော်အမတ်များ နှင့် တွေ့ဆုံဆွေးနွေးမှု အောင်မြင်ပြီးနောက် လွှတ်တော်အမတ်များမှ အိမ်အကူ လုပ်သားများဆိုင်ရာ ဥပဒေ စတင်ရေးဆွဲနိုင်ရန်အတွက် တရားဝင်လုပ်ငန်းအဖွဲ့ တည်ထောင်ရန် အဆိုပြုခဲ့ကြ ပါသည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ ဆန့်ကျင်မှုများရှိနေသဖြင့် တရားဝင် လုပ်ငန်းအဖွဲ့ တည်ထောင်ရန် မဖြစ်နိုင်သော်လည်း လွှတ်တော်အမတ်များအနေဖြင့် ဥပဒေတရပ် ပြဌာန်းနိုင်ရန် အတွက် ဖြစ်နိုင်ချေများအား ဆွေးနွေးနိုင်ရန် ဆက်လက် တွေ့ဆုံလျက်ရှိပါသည်။

## ကဏ္ဍဆိုင်ရာမူဝါဒများတွင် ရွှေ့ပြောင်းသွားလာခြင်းအား အကျုံးဝင်စေခြင်း

မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာခြင်းသည် အရေးပါသည့် မူဝါဒ ဆိုင်ရာ ကိစ္စရပ်တခုဖြစ်လာသဖြင့် ရွှေ့ပြောင်းသွားလာမှုအား အစိုးရမှ ကူညီပံ့ပိုးမှုဖြင့် ကဏ္ဍပေါင်းစုံတွင် အကျုံးဝင်စေရေး မြှင့်တင်ရန်အတွက် အခွင့်အလမ်း တံခါးတခု ပွင့်လာပါသည်။ သို့သော်လည်း ဤကဏ္ဍမှ တိုးတက်မှုသည် အစိုးရ၏ အဆင့်မြင့်ပိုင်းမှ ထောက်ခံမှုပေါ်တွင် မူတည်နေပါသည်။ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာမှု အဖွဲ့ရုံး (IOM) မှ LIFT နှင့် လက်တွဲပြီးရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာ မူဝါဒအတွက် ပြည့်စုံကျယ်ပြန့်ပြီး၊ အစိုးရအဖွဲ့ တဖွဲ့လုံး ထောက်ခံသည့် ချဉ်းကပ်နည်းလမ်း ဖော်ဆောင်မှုအား အထောက်အကူပြုရန် အခြားအရေးပါသည့် ပတ်သက်ဆက်နွယ်သူများ နှင့် အားကောင်းသည့် မိတ်ဖက်ပြုမှုများ တည်ဆောက်လျက် အစိုးရထံ ၎င်း၏ ထောက်ခံမှုအား တဆင့်ချင်း တဆင့်ချင်း ချဉ်းကပ်သည့် နည်းလမ်းအား အသုံးပြုခဲ့ပါသည်။

၂၀၁၈ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ အမျိုးသားအဆင့် အပြည်ပြည်ဆိုင်ရာ လုပ်သားရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲရေး လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂) (National Plan of Action on the Management of International Labour Migration)အား အချောသတ်နိုင်ရန် ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ လုပ်ငန်းစီမံချက် သည် အထူးသဖြင့် မြန်မာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး စီမံကိန်း နှင့် အမျိုးသားရေး မဟာဗျူဟာများနှင့် ချိတ်ဆက်ပြီးဖြစ်ပါသည်။ လုပ်ငန်းစီမံချက်အား ပြဌာန်းလိုက်ခြင်းဖြင့် မြန်မာနိုင်ငံအတွင်း ကျယ်ပြန့်သည့် ကဏ္ဍဆိုင်ရာ မူဝါဒများတွင် ရွှေ့ပြောင်းသွားလာခြင်း အတွက် ထောက်ခံအားပေးနိုင်သည့် နည်းကိရိယာတခု ပံ့ပိုးပေးလိုက်ခြင်း ဖြစ်သည်။

လုပ်ငန်းစဉ်များရှေ့ဆက်နိုင်ရန် ရွှေ့ပြောင်းသွားလာမှု စီမံအုပ်ချုပ်ခြင်းနှင့်ဆိုင်သည့် ရှိဆဲမူဝါဒများ၊ ယန္တရားများ နှင့် ပါဝင်လှုပ်ရှားဆောင်ရွက်သူများအား အကဲဖြတ်ဆန်းစစ်ပြီး အစိုးရ၏ မူဝါဒ နှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်တို့ အားကောင်းစေကာ IOMမှ ကူညီပံ့ပိုးပေးနိုင်မည့် ကွာဟချက်များအား ဖော်ထုတ်နိုင်ရန်အတွက် လေ့လာ သုံးသပ်မှု တခုဆောင်ရွက်ခဲ့ပါသည်။ လေ့လာမှုမှ တွေ့ရှိချက် များအား ၂၀၁၈ခုနှစ် မေလတွင် IOM နှင့် အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနတို့ မှ ပူးပေါင်းကျင်းပသည့် အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများတွင် ရွှေ့ပြောင်းသွားလာ ခြင်းအား အကျုံးဝင်စေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် ပတ်သက်ဆက်နွယ်သူများအား တင်ပြခဲ့ပါသည်။ ရွှေ့ပြောင်း သွားလာခြင်းအား ကဏ္ဍစုံတွင် အကျုံးဝင်နိုင်ရေးအတွက် ဝန်ကြီးဌာနများအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရန် ယန္တရားတခု ဖန်တီးရန် အကြံပြုထားပါသည်။ရွှေ့ပြောင်းသွား လာရေး စီမံအုပ်ချုပ်မှုအား အစိုးရအဖွဲ့တဖွဲ့လုံး ပါဝင်သည့် ချဉ်းကပ်နည်း၏အရေးပါမှုအား အထူးအလေးပေးရန်နှင့် လေ့လာမှုမှ ပေါ်ထွက်လာသည့် အကြံပြုချက်များအား အစိုးရ၏ ထောက်ခံမှုရရှိရန်၊ ကူညီပံ့ပိုးမှု တောင်းခံရန် နှင့် ရှေ့လုပ်ငန်းစဉ်များအား ဆွေးနွေးရန် ၂၀၁၈ ခုနှစ် နိုဝင်ဘာတွင် MoLIP မှ အဆင့်မြင့် အရာရှိများနှင့် အစည်းအဝေးပြုလုပ်ခဲ့ပါသည်။ MoLIP ပြည်ထောင်စု ဝန်ကြီးမှ IOM အား ရွှေ့ပြောင်းသွားလာမှုအား ကဏ္ဍစုံတွင် ထည့်သွင်းနိုင်ရေး အစီရင်ခံစာအား MoLIP ထံ ပေးပို့ရန် တောင်းဆိုခဲ့ပြီး လက်ရှိတွင် အစိုးရအနေဖြင့် ထောက်ခံမှု ပေးရန် စဉ်းစားသုံးသပ်ဆဲ ဖြစ်ပါသည်။

## မြန်မာနိုင်ငံရှိ အထည်ချုပ်လုပ်ငန်းကဏ္ဍ အတွက် အမျိုးသားအဆင့် လုပ်ငန်းခွင် ကျွမ်းကျင်မှု စံနှုန်းများ သတ်မှတ်ခြင်း

LIFT မှ ရန်ပုံငွေ ပံ့ပိုးပေးသည့် အောင်မြင်မှု (AMH)စီမံချက် မှ အထည်ချုပ်ကဏ္ဍတွင် အလုပ်လုပ်ကိုင်ခြင်းအတွက် အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု စံနှုန်း (NOCS) ၁၀ခု ရေးဆွဲပြင်ဆင်လျက် ရှိပါသည်။ အဆိုပါစံနှုန်းများ သတ်မှတ်ခြင်းဖြင့် ကဏ္ဍတွင်းရှိ အလုပ်သမားများ၏ ကျွမ်းကျင်မှုများအား မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု “စံ”သတ်မှတ်ပြဌာန်းရေးအဖွဲ့ (National Skills Standards Authority, NSSA) မှ မှန်ကန်ကြောင်း လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ လုပ်ငန်းခွင်အတွင်းမှ အလုပ်ရှင်များ တန်ဖိုးထား အသိအမှတ်ပြုသည့်အထောက်အထားကိုထုတ်ပေးနေပါသည်။ ၂၀၁၈ခုနှစ်ကုန်ပိုင်းတွင် AMH စီမံချက်မှ မြန်မာနိုင်ငံသားများ ကျွမ်းကျင်မှု စံနှုန်း သတ်မှတ်ပြဌာန်းရေးအဖွဲ့အား အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု စံနှုန်း (NOCS) ၄ခုရေးဆွဲသတ်မှတ်နိုင်ရန်အတွက် ပံ့ပိုးကူညီထားပြီး ၂၀၁၈ခုနှစ် မတ်လတွင် အထည်ချုပ် လုပ်ငန်းမှ ပတ်သက်ဆက်နွယ်သူများမှ သုံးသပ်ခဲ့ပြီး၊ အထည်ချုပ်လုပ်ငန်း ကဏ္ဍခွဲ ကော်မတီ၏ အတည်ပြုချက် ရယူရန် ကျန်ရှိဆဲ ဖြစ်ပါသည်။ NOCS အတည်ပြုမှု လုပ်ငန်းစဉ်တွင် သိသာထင်ရှားသည့် နှောင့်နှေးမှု အချို့ရှိနေပါသည်။ တင်ပြထားသည့် NOCS လေးခု၏ မူကြမ်းများအား သုံးသပ်ရန် အစည်းအဝေးအား ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် ကျင်းပခဲ့ပါသည်။ ထိုအစည်းအဝေးတွင်

အခြေခံနှင့် သက်ဆိုင်ရာလုပ်ငန်းကျွမ်းကျင် ကဏ္ဍများတွင် အဆိုပြုထားသည့် အခန်းအတော်များများအား ပြန်လည်ပြင်ဆင်ရန်နှင့် အလုပ်သမားအခွင့်အရေးနှင့် သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍ ဆက်ဆံရေးနှင့်ဆိုင်သည့် အပိုဒ်များ ဖြုတ်ပစ်ရန် ဆုံးဖြတ်ခဲ့ပါသည်။ ဤအချက်မှာ အထည်ချုပ်ကဏ္ဍ ပတ်သက်ဆက်နွယ်သူများမှဝေဖန်မှုများပြုလုပ်ခဲ့ကြသည့် ကိစ္စရပ်တခု ဖြစ်ခဲ့ပြီး အဆိုပါ ဆုံးဖြတ်ချက်မျိုးမှာ လူမှုရေးအရ သုံးဦးသုံးဖလုယ် စစ်မှန်သည့် ဆွေးနွေးအဖြေရှာရမည့် လုပ်ငန်းပေါ်တွင် သေချာစွာ အခြေခံရန် စည်းရုံးလှုံ့ဆော်မှုများ ထပ်မံဆောင်ရွက်ရန် လိုအပ်ပါသည်။

စီမံအုပ်ချုပ်ရေးအရ အကဲဆတ်သည့် အနေအထားများကို သတိမူလျက် အလုပ်သမားများ၏ အသိပညာနှင့် ကျွမ်းကျင်မှုများ ပိုမိုကောင်းမွန်စေရန် အရေးပါသည့် အခြေခံနှင့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် သက်ဆိုင်သည့် အခန်းများပါဝင်သည့် NOCS အား အတည်ပြုနိုင်စေရန်အရေးပါသည့်အထည်ချုပ်လုပ်ငန်းဆိုင်ရာ အဓိက ပတ်သက်ဆက်နွယ်သူများနှင့် ဆက်လက် ထိတွေ့ဆောင်ရွက်ပြီး စည်းရုံးလှုံ့ဆော်လျက် ရှိပါသည်။အောင်မြင်မှု စီမံချက်အနေဖြင့် နိုင်ငံတော်အစိုးရ၊ နာမည်ရအမှတ်တံဆိပ် အဝတ်အထည် ထုတ်လုပ်သူများ၊ စက်ရုံများနှင့် အလုပ်သမား အဖွဲ့အစည်းများအား ထောက်ခံ စည်းရုံးဆွေးနွေးနိုင်မည့် အစည်းအဝေးများ နှင့် အခမ်းအနားများ ကျင်းပနိုင်ရန် စီစဉ် ဆောင်ရွက်ထားပါသည်။ အဆိုပါ လုပ်ငန်းများ စတင်ခြင်းကို ၂၀၁၉ ခုနစ်ဖေဖော်ဝါရီလတွင် ကျင်းပမည့် အထည်ချုပ်လုပ်ငန်းမှ အဆင့်မြင့် ပတ်သက်ဆက်နွယ်သူများ တက်ရောက်မည့်အောင်မြင်မှု သင်တန်းကျောင်းမှ ကျောင်းဆင်းများနှင့် ထူးချွန်သင်တန်းသားများ၏ အောင်မြင်မှုများအား အသိအမှတ်ပြုမည့် သင်တန်း အောင်လက်မှတ်ပေးပွဲဖြင့် စတင်မည်ဖြစ်သည်။

## ၆.၅ ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှု နှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း

၂၀၁၈ ဇူလိုင်လတွင် Deloitte မြန်မာ၏ ကူညီပံ့ပိုးမှုဖြင့် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန (Financial Regulatory Department, FRD) မှ မြန်မာ့ ငွေရေးကြေးရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲအား ရန်ကုန်မြို့၌ ၂ ရက်ကြာ ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အစိုးရ အရာရှိများ၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများ နှင့် မြန်မာနိုင်ငံတွင် လုပ်ငန်းများ ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်ရန် အဆင်သင့်ဖြစ်နေသည့် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ တက်ရောက်ခဲ့ကြပါသည်။

- အသေးစားငွေရေးကြေးရေးလုပ်ငန်း ကဏ္ဍမှာ အားကောင်းပြီး သိသိသာသာ တိုးတက်လာနိုင်သည့် အလားအလာရှိပါသည်။
- LIFTကူညီပံ့ပိုးပေးထားသည့် အသေးစားငွေရေးကြေးရေး လုပ်ငန်းများ(Microfinance Institutions, MFI) ၏ ငွေပင်ငွေရင်းပြည့်စုံမှုမှာလည်း အလွန် အားကောင်းလျက်ရှိပါသည် - ၀.၄၄
- ကိုယ့်အားကိုယ်ကိုး လုပ်ငန်းလည်ပတ်နိုင်မှုနှင့်ငွေကြေး ဆိုင်ရာ ကိုယ်အားကိုယ်ကိုး ရပ်တည်နိုင်မှုမှာ ၁၀၀ ရာခိုင်နှုန်းထက် ကျော်လွန်ပါသည်။
- LIFT ကူညီပံ့ပိုးပေးထားသည့် အသေးစား ငွေရေး ကြေးရေး လုပ်ငန်း စုစုပေါင်း၏ ရရန်ရှိချေးငွေ ဆုံးရှုံးနိုင်ချေ ရှိနေခြင်း (Portfolio at Risk- PAR) မှာ တစ်ရာခိုင်နှုန်းထက် လျော့နည်းပါသည်။
- ပြန်မရသည့် ချေးငွေကာမိစေရန် ဖယ်ထားသည့် ငွေပမာဏ မှာ လိုအပ်သည်ထက် ပိုနေပါသည်။
- MFI များမှ အကြွေးတင်မှု အလွန်နည်းနေပါသည်- မ'တည်ငွေရင်း ဈေးကွက် နှင့် စုငွေစုဆောင်းခြင်း တို့မှ ခန့်မှန်းခြေ လုပ်ငန်းတိုးတက်မှုမှ အမေရိကန်ဒေါ်လာ ၁ ဘီလျံ ကျော်လျက်ရှိပြီး၊ တိုးတက်မှုနှုန်းမှာ ၁၃၃ ရာခိုင်နှုန်းရှိပါသည်။
- လျာထား နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန် ဒေါ်လာ ၈၆သန်း ရှိပြီး ၂၀၁၈ - ၂၀၁၉ ခုနစ်တွင် ထပ်မံ၍ အမေရိကန်ဒေါ်လာ ၇၅ သန်း ထပ်မံမြှုပ်နှံမည်ဟု ခန့်မှန်းထားပါသည်။

အပ်ငွေလက်ခံခြင်းမပြုသည့် MFI များအတွက် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများအား ထိန်းကျောင်းသည့် စည်းမျဉ်း စည်းကမ်း (Prudential Regulations) များ မလိုအပ်ပါ။ အဆိုပါ MFI များ တွင် စည်းမျဉ်းကန့်သတ်ချက် အနည်းငယ်သာ လိုအပ်ပါသည်။

အစိုးရမှ လူမှုစွမ်းဆောင်ရေး စံသတ်မှတ်ချက်များဖြင့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများအတွက် တင်းကြပ်မှု မရှိသည့် စည်းမျဉ်းစည်းကမ်း (Non-Prudential Regulations) ဖော်ဆောင်ခဲ့ပါသည် ၁) MFI များအနေဖြင့် FRD ၏ ဝန်ဆောင်မှုအသုံးပြုသူများအား အကာအကွယ်ပေးရေး ဥပဒေသများ [၆၈] ၂) FRD ၏စည်းမျဉ်းစည်းကမ်း အရ လက်ကျန်ငွေမှ တနှစ်လျှင် အတိုး ၃၀ ရာခိုင်နှုန်းထားဖြင့် ငွေထုတ်ချေးနိုင်ခြင်း ၃) အစိုးရမှ MFI ၏ နှစ်စဉ် အတိုးနှုန်းထား (APR)အား စောင့်ကြည့်ကြီးကြပ်ခြင်း တို့ဖြစ်သည်။ ၂၀၁၆ ခုနှစ် နောက်ပိုင်းတွင် အကြီးစား MFI တခု ၏ APR မှာ ၄၀ ရာခိုင်နှုန်းကျော် သဖြင့် ခွင့်ပြုနိုင်သည့် နှုန်း ၁၀၀-၃၀၀ အခြေခံပွိုင့်များအတွင်း ထားရန် (သို့) APR ၃၁ မှ ၃၃ ရာခိုင်နှုန်းအတွင်း ရှိစေရန် အစိုးရ အရေးယူဆောင်ရွက်ပေးခဲ့သည်။

အပ်ငွေလက်ခံသည့် MFI များ သည် MFI ၏ လုံခြုံစိတ်ချရ မှုနှင့် ခိုင်မာမှုတို့ကို အကာအကွယ်ပေးရန် ဘဏ္ဍာရေး ဆိုင်ရာအဖွဲ့အစည်းများအား ထိန်းကျောင်းသည့် စည်းမျဉ်းစည်းကမ်း (Prudential Regulations) များ လိုအပ်ပြီး၊ အပ်ငွေလက်ခံသည့် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် Prudential Regulations ရော (Non-Prudential Regulations ပါ လိုက်နာမှု ရှိ၊ မရှိ ကို ကြီးကြပ်ရန် ဦးဆောင်မှု ပေးသည်။

FRD နှင့် စီမံကိန်း နှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန တို့တွင် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများအား ထိန်းကျောင်းသည့် စည်းမျဉ်းစည်းကမ်း ဖြစ်သော မတည်ငွေရင်းလုံလောက်မှု (၁၂ ရာခိုင်နှုန်း) ဆုံးရှုံးနိုင်ချေရှိသည့် ချေးငွေ ပြဋ္ဌာန်းထားသည့် စည်းမျဉ်းများ (၉၁ ရက်ထက် ကျော်လွန်၍ အကြွေးပြန်မဆပ်နိုင်လျှင် ၁၀၀ ရာခိုင်နှုန်း) ၊ အနိမ့်ဆုံး မတည်ငွေရင်းလိုအပ်ချက်များ (မတည် ငွေရင်း အမေရိကန် ဒေါ်လာ ၂၂၀,၀၀၀) ၊ လုံခြုံမှုမရှိသည့် ငွေချေးပေးမှု အကန့်အသတ်များ (အမေရိကန် ဒေါ်လာ ၃,၇၀၀ နှင့် ညီမျှသည့် မြန်မာကျပ် ၅ သန်း ) နှင့် ငွေဖြစ်လွယ်မှု အချိုး (၂၅ ရာခိုင်နှုန်း) တို့ ရှိပြီးဖြစ်သည်။

FRD/MOPF တွင် အဓိက ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများအား ထိန်းကျောင်းသည့် စည်းမျဉ်း စည်းကမ်းများအား ကြီးကြပ်ရန် (သို့) လိုက်နာစေရန် စွမ်းဆောင်ရည်မရှိပါ။ MFI များအနေဖြင့် ချေးငွေ သက်သက် စနစ်မှ အပ်ငွေ လက်ခံသည့် စနစ်သို့ အသွင်ကူးပြောင်းနေဆဲ ကာလဖြစ်သဖြင့် MFI ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုများ ပြောင်းလဲတိုးတက်လာသည်နှင့် အညီ FRD/MOPF အနေဖြင့် ၎င်း ၏ ကြီးကြပ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ တည်ဆောက်ရန် လိုအပ်ပါမည်။ LIFT မှ ယခုလက်ရှိတွင် FRD ၏ ဝန်ထမ်း စွမ်းဆောင်ရည် ဖွံ့ဖြိုးရေးအတွက် ဆက်လက် အကူအညီပေးလျက် ရှိပါသည်။

၆၈။ ၁)အသင်းဝင်များ လိုအပ်ချက်နှင့် သင့်လျော်သည့် ထုတ်ကုန်ဒီဇိုင်းနှင့် ဆောင်ရွက်ပေးမှု ၂)အကြွေးများစွာတင်ခြင်းမှ တားဆီးကာကွယ်ခြင်း ၃) ပွင့်လင်းမြင်သာမှု - ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ နှင့် ဆိုင်သည့် သတင်းအချက်အလက်များအား အသင်းဝင်များ လက်လှမ်းမီသည့် ဘာသာစကားဖြင့် ဖြန့်ဝေပေးခြင်း ၄) တာဝန်ယူမှုရှိသည့် ဈေးနှုန်းသတ်မှတ်မှု - ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ၏ ဈေးနှုန်းများသည် အသင်းဝင်များအတွက် ဆိုးရွားသည့် သက်ရောက်မှုမရှိစေရန် ၅) အသင်းဝင်များအားမျှတစွာ လေးစားမှုဖြင့် ဆက်ဆံခြင်း ၆)အသင်းဝင်များ၏ အချက်အလက်များအား လျှို့ဝှက်ထားပေးခြင်း - အသင်းဝင်များ၏ အချက်အလက်များအား လုံခြုံမှုရှိစေရန် သေချာစွာ ဆောင်ရွက်ပေးခြင်း၇) တိုင်တန်းမှုများ ဖြေရှင်းရန်အတွက် ယန္တရားများ - အသင်းဝင်များနှင့် အငြင်းပွားမှုအား ဖြေရှင်းနိုင်သည့် လုပ်ထုံးလုပ်နည်းများ ရှိနေခြင်း

၆.၆

# LIFT ၏ ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနအား နည်းပညာ ပံ့ပိုးပေးမှု

LIFT သည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Village Development Planning, VDP) ရှေ့ပြေး စမ်းသပ်သည့် စီမံကိန်းအတွက် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသို့ ၂၀၁၄ ခုနှစ်မှစ၍ နည်းပညာ ပံ့ပိုးမှုပေးခဲ့ပါသည်။ VDP စီမံကိန်းအား အကဲဖြတ်သုံးသပ်ခြင်းကို ၂၀၁၈ခုနှစ် မေလတွင် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ အကဲဖြတ်သုံးသပ်ခြင်းမှ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (VDP)သည် ကျေးရွာများမည်သို့ ဖွဲ့စည်းသည်နှင့် ရပ်ရွာလူထု၏ လိုအပ်ချက် နှင့် ဦးစားပေးခြင်းတို့အပေါ် မည်သို့ လွှမ်းမိုးနိုင်ခဲ့သည် ကို လေ့လာတွေ့ရှိခဲ့ပါသည်။ အကဲဖြတ်သုံးသပ်ခြင်းမှ VDP လုပ်ငန်းစဉ်တွင်ကျေးရွာများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်း ၊LIFT မှ ကူညီပံ့ပိုးမှုပေးနေသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲသူများအား တန်ဖိုးထားခြင်းနှင့် အခြေခံ အဆောက်အဦများ ဆောက်လုပ်နိုင်သည့် ရလဒ်များနှင့် စီမံကိန်းတခုစီတိုင်းတွင် ကျေးရွာဘက်မှ ပံ့ပိုးထည့်ဝင်ခြင်း တို့နှင့်ပတ်သက်၍ ဂုဏ်ယူဝံ့ကြွားခြင်းတို့အား သာဓကများ အဖြစ်တွေ့ရှိခဲ့ပါသည်။ အကဲဖြတ်သုံးသပ်ခြင်း မှ ကျေးလက် ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပိုမိုနစ်သက်သည့် ချဉ်းကပ်နည်းနှင့် အသုံးပြုမည့် နည်းလမ်းများအတွက် မူဝါဒ ဆိုင်ရာ ဆုံးဖြတ်ချက် မချရသေးသည်ကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် လူထုအခြေပြု ဖွံ့ဖြိုးရေး အမျိုးသားစီမံကိန်း အတွက် ငွေကြေးထောက်ပံ့ပေးနေသည့် ကမ္ဘာ့ဘဏ် သည် လက်ရှိတွင် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းများတွင် အမျိုးမျိုးသော ပုံစံများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ DFID၊ UNDP နှင့် INGO တို့ကဲ့သို့သော အခြားဖွံ့ဖြိုးရေး မိတ်ဖက်များသည်လည်း ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများတွင် ချဉ်းကပ်နည်းအမျိုးမျိုး၊ နည်းလမ်းအမျိုးမျိုး အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။ ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ချဉ်းကပ်နည်းလမ်းအမျိုးမျိုး အသုံးပြုနေခြင်းက အောက်ခြေမှ အစ ပြုသည့် စီမံကိန်း နှင့် ဘတ်ဂျက်ရေးဆွဲရေး နှင့် သက်ဆိုင်သည့် အစိုးရ၏ မူဝါဒ ရှင်းလင်းပြတ်သားမှု မရှိခြင်းအား ထင်ဟပ်နေပါသည်။ ထိုမူဝါဒအနေဖြင့် တဖြည်းဖြည်းချင်းဖြင့် နောက်ဆုံးတွင် ထိရောက်သည့် စီမံကိန်း အကောင်အထည်ဖော်ခြင်း နှင့် ကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းများအား ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေး မိတ်ဖက်များ နှင့် အခြား ပတ်သက်ဆက်နွယ်နေသူများကြား ထိရောက်သည့်ညှိနှိုင်းဆောင်ရွက်မှုတို့အားမြှင့်တင်ခြင်းတို့ အတွက် လမ်းညွှန်မှုပေးနိုင်ရန် လိုအပ်ပါသည်။

အကဲဖြတ်သုံးသပ်ခြင်းမှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (Department of Rural Deveopment, DRD) အနေဖြင့် DRD VDP အစီအစဉ် နှင့် စီမံကိန်း နှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန (MoPF) တို့ကြား ဝန်ကြီးဌာနချင်း အဖွဲ့အစည်းပုံဆိုင်ရာ အုပ်ချုပ်မှုပုံစံ ချိတ်ဆက်ခြင်း၏ အရေးပါမှုအပေါ် ဦးဆောင်မှုဆိုင်ရာ အကြံပေးချက်နှင့် ပတ်သက်သည့် LIFT ၏ နည်းပညာထောက်ပံ့မှုအား ကျေးဇူး တင်ကြောင်း တွေ့ရှိရပါသည်။ အကဲဖြတ်သုံးသပ်ခြင်းမှ LIFT ၏ ပံ့ပိုးကူညီမှုသည် DRD အား ကျေးလက် ဖွံ့ဖြိုးမှု စီမံကိန်းအတွက် အရေးပါသည့် နည်းကိရိယာများ ဖော်ဆောင်နိုင်ရန် အထောက်အကူဖြစ်စေခဲ့ကြောင်း တွေ့ရှိ ခဲ့ပါသည်။ အောက်ခြေမှ အစပြုသည့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ အဖွဲ့အစည်း၏ စံသတ်မှတ်သည့် ဆောင်ရွက်ချက်အတွက် ရှင်းလင်းပြတ်သားသည့်အခွင့်အရေးရှိကြောင်းကို အကဲဖြတ် သုံးသပ်ခြင်းမှ ထပ်မံ တွေ့ရှိ ခဲ့ပါသည်။ သို့သော်လည်း အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနကြား ညှိနှိုင်းဆောင်ရွက်မှုအတွက် အစိုးရ အနေဖြင့် ရှင်းလင်းပြတ်သားသည့် မူဝါဒ ဆုံးဖြတ်ချက် ချမှတ်ရန် လိုအပ်မည် ဖြစ်ပါသည်။

အစိုးရ၏ မူဝါဒ လမ်းညွှန်ချက်များ မရရှိမီအချိန်အထိ LIFT ရန်ပုံငွေ ဘုတ်အဖွဲ့မှ VDP အတွက် နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုအား အကဲဖြတ်သုံးသပ်ရေးအဖွဲ့၏ အကြံပြုချက်များအတိုင်း ၂၀၁၉ခုနှစ် မတ်လတွင် ကုန်ဆုံးမည့် သတ်မှတ်ထားသည့် အချိန်အတိုင်း အဆုံးသတ်ရန် အတည်ပြုခဲ့ပါသည်။ ဤလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် ကျေးရွာ အခြေပြု ဖွံ့ဖြိုးမှု စီမံကိန်းနှင့် ပတ်သက်၍ အခြားပါဝင်ဆက်နွယ်သူများအား အသိပေးနိုင်ရန် VDP အဖွဲ့မှ နည်းပညာဆိုင်ရာ စာတမ်းများ နှင့် မူဝါဒ ရှင်းလင်းချက်များအား ပြုစုရေးသားသင့်ကြောင်း အကဲဖြတ် သုံးသပ်ရေးအဖွဲ့မှ အကြံပြုခဲ့ပါသည်။ အကြံပြုချက်များမှာ-

- LIFT အနေဖြင့် DRD မှ လုပ်ဆောင်ရန် ကျန်ရှိနေသည့် ကျေးရွာဆိုင်ရာ အချက်အလက်များအား ၂၀၁၉ ခုနှစ် မတ်လမတိုင်မီ လုပ်ဆောင်ရန်နှင့် DRD မှ ကောက်ယူထားသည့် ကျေးရွာအဆင့် အချက်အလက် စိစစ်ခြင်းအား ပြီးစီးအောင် ဆောင်ရွက်ရန်အတွက် ကူညီပံ့ပိုးပေးရန်၊ ဖော်ပြထားသည့် အကြံပြုချက်အား ၂၀၁၈ခုနှစ် ဒုတိယနှစ်ဝက်အတွင်း ဆောင်ရွက်ရန်အတွက် အာရုံစိုက်ရန်ဖြစ်သည်။ ၂၀၁၈ ခုနှစ် နောက်ဆုံး(၃) လပတ်တွင် VDP အဖွဲ့အနေဖြင့် အချက်အလက် ထည့်သွင်းခြင်းအား ပြီးဆုံးအောင် ဆောင်ရွက်နိုင်မည့် ကောင်းမွန်သည့် လမ်းကြောင်းပေါ်တွင် ရှိနေခဲ့ပါသည်။ LIFT မှ နည်းပညာအကူအညီပေးသည့် အဖွဲ့သည် DRD မှ ထပ်မံတောင်းဆိုလာသည့် အခြား မြို့နယ်များမှ ဝန်ထမ်းများအား VDP သင်တန်း ပေးခြင်းကိုလည်း ပြီးဆုံးအောင် လုပ်ဆောင်ခဲ့ပြီး ဖြစ်ပါသည်။
- LIFT သည် ကျေးလက်ဖွံ့ဖြိုးမှုအတွက် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေး လုပ်ငန်းအဖွဲ့ အား ဖွဲ့စည်းရန် အတွက် အစည်းအဝေးကျင်းပခြင်းနှင့် တိုက်တွန်းအားပေးခြင်းတို့အား ဆောင်ရွက်သင့်ပါသည်။ DRD အနေဖြင့် ထိုသို့သော ဦးဆောင်မှု စတင်ရန် အလွန်လိုလားသည့်ဆန္ဒမျိုး မတွေ့ရပါ။ ယင်းအစား ထိုဒေသများတွင် အကောင်အထည်ဖော်ခြင်းဆိုင်ရာ သင်ခန်းစာများ ဖော်ထုတ်ရန်အတွက် စိတ်ဝင်စားမှုများရှိနေကြောင်း ပြသခဲ့ပြီး အောက်ခြေအဆင့် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းအား အလွန် စိတ်ဝင်စားကြောင်းလည်း ပြသခဲ့ပါသည်။ VDP ရှေ့ပြေး စမ်းသပ်အစီအစဉ်အား LIFT ၏ကူညီပံ့ပိုးမှုပေးခြင်း အဆုံးသပ်ခါနီး အချိန်ကာလတွင် လုပ်ငန်းအဖွဲ့ အစည်းအဝေးများကျင်းပရန်မှာ LIFT အခန်းကဏ္ဍဟု မယုံကြည်ကြောင်း LIFT FMO မှ ကောက်ချက် ချခဲ့ပါသည်။

၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ပိုမိုကျယ်ပြန့်သည့် ပရိသတ်များအား VDP စီမံကိန်း မှ နည်းပညာနှင့် မူဝါဒဆိုင်ရာ သင်ခန်းစာများအား ဖြန့်ဝေခြင်းဖြင့် LIFT အနေဖြင့် စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲနိုင်ရန်အတွက် မည်သို့ ထိရောက်စွာ အကူအညီပေးနိုင်မည်ဆိုသည်ကို LIFT ၏ FMO နှင့် VDP အဖွဲ့တို့အကြား ဆွေးနွေးခဲ့ပါသည်။ ဆွေးနွေးမှုတွင် နည်းပညာနှင့် မူဝါဒရှင်းလင်းချက်များအား အမြင့်ဆုံး ဦးစားပေးထားပြီး ပြုစုရန် နှင့် အဆိုပါ ရှင်းလင်းချက်များသည် အခြား အဓိက ပတ်သက်ဆက်နွယ်သူများ ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများ နှင့် အများပြည်သူ ပါဝင်သည့် အခမ်းအနားများအတွက် အခြေခံဖြစ်စေရန် ဆုံးဖြတ်ချက်ချခဲ့ပါသည်။ LIFT FMO နှင့် DRD ပူးပေါင်း၍ ပြည်ထောင်စု လွှတ်တော်အမတ်များအတွက် အခမ်းအနား တခု နှင့် မကွေးတိုင်းဒေသကြီး နှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော်များမှ အမတ်များနှင့် အစိုးရ အရာရှိများအတွက် အခမ်းအနားများ ကျင်းပရန် သဘောတူခဲ့ပါသည်။နောက်ဆုံး အနေဖြင့် LIFT နှင့် DRD တို့ ပူးပေါင်း၍ ဒေသန္တရ အုပ်ချုပ်ရေး နှင့်/(သို့) ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးမိတ်ဖက်များအတွက် အလုပ်ရုံဆွေးနွေးပွဲတရပ် ကျင်းပရန် သဘောတူခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့်ဆိုင်သည့် နည်းပညာ နှင့် မူဝါဒ ရေးရာများ နှင့် ဆိုင်သည့် သတင်းအချက်အလက်များအား သက်ဆိုင်ရာ ပရိသတ်များထံ ရောက်ရှိစေရန် ရည်ရွယ်၍ အခမ်းအနားတခုစီ တိုင်းအတွက် ဒီဇိုင်း ရေးဆွဲ ခဲ့ပါသည်။ ၂၀၁၉ခုနှစ် မတ်လတွင် အောက်ပါ အခမ်းအနားများအား ကျင်းပခဲ့ပါသည်-

လွှတ်တော် နှင့် ထိတွေ့ဆောင်ရွက်ခြင်း၊ နေပြည်တော် -

VDP အဖွဲ့ခေါင်းဆောင်များမှ လွှတ်တော်အမတ်များ နှင့် အစိုးရ အရာရှိများ (၅၀)ဦးခန့် စုစည်းပြီး ကျေးလက် ဖွံ့ဖြိုးရေး စီမံကိန်း နှင့်ပတ်သက်သည့် အခြေခံနည်းစနစ်များ၊ မူဝါဒများ နှင့် နည်းကရိယာများအား မိတ်ဆက်ရှင်းပြပေးခဲ့ပါသည်။ ရှင်းလင်းတင်ပြရာတွင် VDP နည်းပညာနှင့် မူဝါဒ ဆိုင်ရာ ကိစ္စရပ်များအကြောင်း ဆွေးနွေးမှုများ ထည့်သွင်းထားပါသည်။စိန်ခေါ်မှုကြီးမားသည့် ပြဿနာများထဲမှ တခုမှာ ဒေသဆိုင်ရာအဆင့်တွင် စီမံကိန်းရေးဆွဲခြင်းနှင့် ပြန်လည် သုံးသပ်ခြင်းတို့အား ဆောင်ရွက်နိုင်လောက်သည့် စွမ်းဆောင်ရည် မရှိခြင်းဖြစ်ပါသည်။ မူဝါဒအတွက်မူ အလွန်အရေးကြီးသည့် ပြဿနာမှာ မည်သည့် အဖွဲ့အစည်းတွင် VDP ပုံစံအား မည်သို့ ထားရှိရမည်ဆိုသော ကိစ္စ ဖြစ်ပါသည်။ လွှတ်တော်မှ စီမံကိန်း နှင့် ဘတ်ဂျက် ရေးဆွဲသည့် လုပ်ငန်းစဉ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေး စီမံကိန်း နှင့် သက်ဆိုင်သည့် အဖွဲ့အစည်းဆိုင်ရာ စံများနှင့်ပတ်သက်၍ ဥပဒေပြဌာန်းရန်မှာလည်း အလွန် အရေးကြီးပါသည်။

မကွေးတိုင်းဒေသကြီး နှင့်ပဲခူးတိုင်း ဒေသကြီး ၏ ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ -

ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၏ အဓိက မဟာဗျူဟာဦးတည်ချက်မှာ ဒေသဆိုင်ရာ အဆင့် စီမံကိန်း နှင့် ဘတ်ဂျက် ရေးဆွဲရေးတွင် မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးမှ လွှတ်တော်အမတ်များနှင့် တိုင်းဒေသကြီးအစိုးရတို့ ပူးပေါင်းပါဝင်လာစေရန် အတွက် နည်းစနစ်များ၊ နည်းကရိယာများနှင့် အထောက်အကူပြု ပစ္စည်းများနှင့် အဖွဲ့အစည်းဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်း အသိပေးတင်ပြရန်ဖြစ်သည်။ ဒုတိယဦးတည်ချက်မှာ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်း နှင့် မြို့နယ် ဖွံ့ဖြိုးရေး ဘတ်ဂျက်ရေးဆွဲသည့် အဖွဲ့အစည်းဆိုင်ရာ စံနှုန်းများနှင့် ပတ်သက်သည့် အခွင့်အလမ်းများ အကြောင်းအား ဒေသဆိုင်ရာ လွှတ်တော်အမတ်များနှင့် တိုင်းဒေသကြီးအစိုးရအား အသိပေးနိုင်ရန် ဖြစ်ပါသည်။

VDP မှ သင်ယူခဲ့သည့် သင်ခန်းစာများ အလုပ်ရုံ ဆွေးနွေးပွဲ-

LIFT VDP အဖွဲ့ခေါင်းဆောင်ပိုင်းမှ စီမံကိန်း ကာလအတွင်း သင်ယူရရှိခဲ့သည့် သင်ခန်းစာများအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ယင်းတို့တွင် ရေရှည်တည်တံ့ ခိုင်မြဲမှုအား အဆင့်မြှင့်တင် နိုင်ရန်အတွက် စိန်ခေါ်မှုများ နှင့် အခွင့်အလမ်းများနှင့် သက်ဆိုင်သည့် အဓိက ကိစ္စရပ်များ ပါဝင်ပါသည်။ ဒေသဆိုင်ရာ စီမံအုပ်ချုပ်မှု နှင့်/(သို့) ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းလုပ်ကိုင်နေသည့် ActionAid၊ HelpAge International နှင့် Mercy Corps အပါအဝင် အခြားဖွံ့ဖြိုးရေး မိတ်ဖက်များ နှင့် အကောင်အထည် ဖော်ဆောင်ရွက်နေသည့် အေဂျင်စီများမှ အပါအဝင်ဒေသ ဆိုင်ရာ အုပ်ချုပ်မှုအား ပြန်လည်ပြုပြင် တည်ဆောက်ရေး နှင့် ပတ်သက်သည့် ကွင်းဆင်းလေ့လာမှုမှ တွေ့ရှိချက်များ နှင့် စောင့်ကြည့်လေ့လာမှုများကိုလည်း ရှင်းလင်း တင်ပြခဲ့ပါသည်။ The Asia Foundation၊ Oxfam နှင့် Pact အပါအဝင် အကောင်အထည်ဖော် ဆောင်ရွက်သည့် အေဂျင်စီများ မှ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း အပါအဝင် ဒေသန္တရ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအား ကွင်းဆင်းသုတေသနပြုလုပ်ခြင်းမှ တွေ့ရှိသည့်အချက်များ နှင့် လေ့လာမှုများအား တင်ပြခဲ့ပါသည်။ဆွေးနွေးမှုမှ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသည် နည်းပညာဆိုင်ရာ လက်တွေ့သင်ခန်းစာအတွက် သာမက လူမှုရေးနှင့် နိုင်ငံရေးလုပ်ငန်းစဉ်တွင်လည်း အရေးပါကြောင်း မီးမောင်းထိုးပြခဲ့ပြီး စိုက်ပျိုးရေးဖွံ့ဖြိုးမှု မဟာဗျူဟာ (ADS) အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မူဝါဒဆိုင်ရာ ဦးစားပေးအစီအစဉ်များတွင် ထည့်သွင်း ရမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။









## ၇.၀

# ငွေကုန်ရကျိုးနပ်မှု

LIFT သည် ငွေကုန်ရကျိုးနပ်မှု (Value for Money, VfM) စီမံခန့်ခွဲမှုအား ရန်ပုံငွေ စီမံခန့်ခွဲရေးရုံး (FMO) အဆင့်တွင် အားကောင်းစေရန်နှင့် စီမံချက်အဆင့်တွင် စဉ်ဆက်မပြတ် ဆက်လက် အားကောင်းစေရန် ဆောင်ရွက်လျက်ရှိပါသည်။ "ကျေးလက်နေ ဆင်းရဲနွမ်းပါးသူတို့၏ ဘဝများ ပိုမိုကောင်းမွန်စေရေးအတွက် သုံးစွဲသည့် ငွေတစ်ဒေါ်လာတိုင်းမှ သက်ရောက်မှု အမြင့်ဆုံးဖြစ်စေရန်" မှာ[၆၉] LIFT နှင့် အလှူရှင်အဖွဲ့များအတွက် အလွန်အရေးကြီးသည့် အချက်ဖြစ်ပါသည်။ LIFT သည် ၂၀၁၆ ခုနှစ်က ချမှတ်ခဲ့သည့် VfM လမ်းညွှန်များအပေါ်တွင် အခြေခံ၍ ဆက်လက်တည်ဆောက်လျက်ရှိပါသည်။

၂၀၁၈ ခုနှစ်တွင် LIFT အတွက် VfM မူဘောင်တခုလုံးနှင့် LIFT ၏ စီမံကိန်း တခုချင်းစီနှင့် ရွေးချယ်ထားသည့် စီမံချက်များအတွက် သက်ဆိုင်သည့် မူဘောင်များအား FMO နှင့်အတူ ရေးဆွဲပြင်ဆင်နိုင်ရန်အတွက် VfM ဆိုင်ရာ အတိုင်ပင်ခံတဦး ခေါ်ယူခန့်အပ်ခဲ့ပါသည်။ စီမံကိန်းများ နှင့် စီမံချက်ဆိုင်ရာ ညွှန်းကိန်းများ အတွက် VfM မူဘောင်များ ရေးဆွဲပြင်ဆင်ခြင်းနှင့်အတူ FMO နှင့် စီမံချက် VfMဆိုင်ရာ လက်တွေ့သင်တန်းများ ပို့ချခြင်းသည် တသမတ်တည်းဖြစ်ပြီး ပြည့်စုံသည့် စံနှုန်းများအား အသုံးပြု၍ VfM စီမံခန့်ခွဲမှုအား ပိုမို တိကျတင်းကြပ်စွာ လုပ်ဆောင်နိုင်စွမ်း ရှိစေမည်ဖြစ်သည်။ စီမံချက်အလိုက် သီးသန့်ဆန်းစစ်မှု အမျိုးမျိုးကိုလည်း ခွင့်ပြုထားပါသည်။

LIFT ၏ စီမံကိန်းများ နှင့် စီမံချက်သက်တမ်း တလျှောက် ငွေကုန်ရကျိုးနပ်မှု

လက်ရှိ LIFT VfM လမ်းညွှန်ချက်များသည် စီမံကိန်းနှင့် စီမံချက် သက်တမ်းတလျှောက် (ဒီဇိုင်းရေးဆွဲခြင်း၊ စီမံကိန်း လုပ်ငန်းစတင်ခြင်း၊ စီမံကိန်း ရလဒ်များ ဆောင်ရွက်ခြင်းနှင့် ပိတ်သိမ်းသည့် အဆင့်များတွင်) တင်ဒါ ခေါ်ယူမှုများအား စီမံခန့်ခွဲရန် (သို့) ငွေကုန်ရကျိုးနပ်မှုအား သုံးသပ်ရန် လုပ်ထုံးလုပ်နည်းများ ပါဝင်ပါသည်။

VfM ဖြင့် အရေအတွက်သာမက အရည်အသွေးကိုပါ တိုင်းတာနိုင်ကြောင်း LIFT အနေဖြင့် နားလည်ထားပြီး VfM ဆိုင်ရာ အကြောင်းအချက်များဖြစ်သည့် -

<u>အသုံးအစွဲကျစ်လျစ်မှု/စရိတ်သက်သာမှု</u> အမြင့်ဆုံးအရည်အသွေးအား အသင့်တော်ဆုံးဈေးဖြင့် စာချုပ်ချုပ်ဆိုခြင်း

<u>ခရီးရောက်မှု/စွမ်းဆောင်နိုင်မှု</u> ကောင်းမွန်သည့် ထည့်ဝင်မှုများအား အကျိုးခံစားခွင့်ရှိသူများအတွက် ရလဒ်များအဖြစ် မည်သို့ ပြောင်းလဲပေးနိုင်ခြင်း

<u>ထိရောက်မှု</u> ကောင်းမွန်သည့် ရလဒ်များအား အကျိုးခံစားခွင့်ရှိသူများအတွက် ရေရှည်ရလဒ်များအဖြစ် မည်သို့ပြောင်းလဲပေးပြီး ရေရှည်တည်တံ့အောင် မည်သို့ ဆောင်ရွက်နိုင်ခြင်း

<u>ညီမျှမှု/ခွင့်တူညီမျှမှု</u> အကျိုးခံစားခွင့်ရှိသူများ- ကျား၊မ၊ ဘာသာရေး၊ နွမ်းပါးမှု တိုင်းတာခြင်း နှင့် မျိုးနွယ်စု- များအားလုံး ထံသို့ အကျိုးရလဒ်များအားလုံး မျှဝေပေးခြင်း

ပုံ ၇ -၁ သည် စီမံချက် သက်တမ်းနှင့် ဆက်နွယ်နေသည့် စီမံချက်အဆင့်များတွင် VfM မည်သို့ တိုင်းတာသည်ကို ပြသပါသည်။ အဆင့်အချို့တွင် အချို့အချက်များ ထပ်နေသည့် သဘောသဘာဝရှိပါသည်။

စီမံကိန်းအဆင့် VfM

ဇယား ၇.၁ သည် အသုံးစရိတ်အား ၂၀၁၆-၂၀၁၈ ဘတ်ဂျက်၏ရာခိုင်နှုန်း နှင့် ကြိုတင်စီစဉ်ထားသည့် ရလဒ်များ ရရှိသည့် ရာခိုင်နှုန်းအား ခြုံငုံလေ့လာမှုကို ပြသထားသည်။ ၎င်းနှင့်အတူ စီမံကိန်း အစိတ်အပိုင်းများအလိုက် တခုချင်း၏ တန်ဖိုးအား တွက်ချက်ပြီး နှိုင်းယှဉ်သည့် အောက်ဖော်ပြပါ ဇယား ၇.၂ နှင့် တွဲဖက်လေ့လာနိုင်ပါသည်။

စီမံချက်အဆင့် VFM

၂၀၁၅ - ၂၀၁၈ ခုနှစ် စီမံကိန်းကာလအတွင်း LIFT သည် စီမံချက်အဆင့်တွင် VfM ဆန်းစစ်လေ့လာမှုအား ရလဒ် စီမံခန့်ခွဲသည့် နည်းလမ်းအဖြစ် ဆောင်ရွက်ရန်အတွက် မိတ်ဖက်အဖွဲ့များနှင့် တိုးမြှင့် လုပ်ကိုင်ခဲ့ပါသည်။ ကုန်ကျစရိတ် နည်းနည်းဖြင့် စွမ်းဆောင်မှု အားကောင်းစေရန် စီမံကိန်းအကြောင်းအရာနှင့် အရေအတွက် အချက်အလက်တို့ဖြင့် အသေးစိတ်တွက်ချက်ထားသည့် LIFT က လက်ရှိအသုံးပြုနေသည့် VfM ဆန်းစစ်လေ့လာမှုကို ဆက်လက်ဖော်ပြသွားပါမည်။ ပိုမိုခိုင်မာသည့် VfM ဆန်းစစ်လေ့လာမှု ဆောင်ရွက်နိုင်ရန် နှင့် စီမံခန့်ခွဲနိုင်ရန် အတွက် LIFT၏ မိတ်ဖက်များနှင့် လက်တွဲ၍ နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ ၏ အချက်အလက်ဆန်းစစ်ခြင်း နှင့် ရှင်းလင်းတင်ပြခြင်းတို့အား ဥပမာများဖြင့် တင်ပြမည်ဖြစ်ပါသည်။

အဆိုပြုလွှာ ဖိတ်ခေါ်ခြင်းတွင် ပါဝင်သည့် VfM

အဆိုပြုလွှာခေါ်ယူမှုများကို အများပြည်သူသို့ကြေညာပေးပြီး ပွင့်လင်းမြင်သာစွာ ယှဉ်ပြိုင်တင်သွင်းရသော တင်ဒါ ခေါ်ယူခြင်းဖြင့် LIFT ရန်ပုံငွေပံ့ပိုးပေးမည့် မိတ်ဖက်များကို ရွေးချယ်ပါသည်။ VfM မက်ထရစ် တခုတည်းနှင့် တိုက်ရိုက် ဆက်နွယ်ခြင်းမရှိသော်လည်း လွတ်လပ်စွာ ဖိတ်ခေါ်သည့် အဆိုပြုလွှာတင်သွင်းမှုများနှင့် FMO ၏ အကဲဖြတ်မှု နှင့် စည်းမျဉ်းစည်းကမ်း ကြီးကြပ်မှု တို့အားဖြင့် အားကောင်းသည့်




▶ ပုံ ၇.၁
စီမံချက် သက်တမ်းနှင့် VfM တိုင်းတာမှု

၆၉။ DFID၊ "ငွေကုန်ရကျိုးနပ်မှု လမ်းညွှန်"၊ ၂၀၁၁

ငွေကုန်ရကျိုးနပ်မှု

| | အတိုင်းအတာ /မက်ထရစ် | ၂၀၁၆ ပြီးစီးမှု | ၂၀၁၇ ပြီးစီးမှု | ၂၀၁၈ ပြီးစီးမှု |
|---|---|---|---|---|
| ဒီဇိုင်း<br>စရိတ်သက်သာမှု<br>ခရီးရောက်မှု<br>ထိရောက်မှု<br>ညီမျှမှု | #ဒီဇိုင်းတွင် VfM ဆိုရာ အချက်အလက်ပေးသည့် စီမံချက် အရေအတွက် | ၂၀၁၅ခုနှစ်မှ စ၍ စာချုပ်ချုပ်ဆို ထားသည့် (သို့) သက်တမ်း တိုးထားသည့် ဆောင်ရွက်ဆဲ စီမံချက် ၃၇ ခု မှ ၃၁ ခု (၈၄%) | ၂၀၁၅ခုနှစ်မှ စ၍ စာချုပ်ချုပ်ဆို ထားသည့် (သို့) သက်တမ်း တိုးထားသည့် ဆောင် ရွက်ဆဲ စီမံချက် ၃၇ ခုမှ ၃၁ခု (၈၄%) | ၂၀၁၅ခုနှစ်မှ စ၍ စာချုပ်ချုပ်ဆိုထား သည့် (သို့) သက်တမ်း တိုးထားသည့် ဆောင် ရွက်ဆဲ စီမံချက် ၇၆ ခုမှ ၇၀ခု (၉၂%) |
| စီမံကိန်းစတင်သည့် အဆင့်<br>လုပ်ငန်းဆောင်ရွက်မှု<br><br>စရိတ်သက်သာမှု | # စရိတ်ကုန်ကျစေမှုများ နှင့် ထိန်းချုပ်မှုများကို ဖော်ထုတ်ထားသည့် စီမံချက် အရေအတွက် | ၂၀၁၇ခုနှစ်တွင် ဆောင်ရွက်နေသည့် စီမံချက် ၃၇ ခုရှိရာ ၃၇ ခု လုံးသည် အကုန်အကျများစေသည့် အချက်များကို ဖော်ထုတ်ထားပြီး ထိန်းချုပ်ဆောင် ရွက်နေပါသည် (၁၀၀%) | ၂၀၁၇ခုနှစ်တွင် ဆောင်ရွက်နေသည့် စီမံချက် ၆၆ ခုတွင် ၆၆ခုလုံးသည် အကုန်အကျများစေသည့်အချက်များကို ဖော်ထုတ်ထားပြီး ထိန်းချုပ်ဆောင် ရွက်နေပါသည် (၁၀၀%) | ၂၀၁၇ခုနှစ်တွင် ဆောင်ရွက်နေသည့် စီမံချက် ၇၆ ခုတွင် ၇၆ခုလုံးသည် အကုန်အကျများစေသည့် အချက်များကို ဖော်ထုတ်ထားပြီး ထိန်းချုပ်ဆောင် ရွက်နေပါသည် (၁၀၀%) |
| လုပ်ငန်းဆောင်ရွက်မှု<br><br>ခရီးရောက်မှု/<br>ထိရောက်မှု | မျှော်မှန်းထားသည့် နှစ်စဉ် စရိတ်လမ်းကြောင်းမှန်သည့် စီမံချက် % | ၁၉% က ဘတ်ဂျက်၏ ၉၀ % ကျော် သုံးထားသည်။<br>၃၈% က ဘတ်ဂျက်၏ ၇၁ မှ ၉၀ % ထိ သုံးထားသည်။<br>၄၃ % က ဘတ်ဂျက်၏ ၇၀ % အောက် သာ သုံးထားသည်။ | ၂၄% က ဘတ်ဂျက်၏ ၉၀ % ထက် ပို၍ သုံးထားသည်။<br>၃၉% က ဘတ်ဂျက်၏ ၇၁ မှ ၉၀ % ထိ သုံးထားသည်။<br>၃၆ % က ဘတ်ဂျက်၏ ၇၀ % အောက်သာ သုံးထားသည်။ | ၄၃% က ဘတ်ဂျက်၏ ၉၀ % ထက် ပို၍ သုံးထားသည်။<br>၃၂% က ဘတ်ဂျက်၏ ၇၁ မှ ၉၀ % ထိ သုံးထားသည်။<br>၂၅ % က ဘတ်ဂျက်၏ ၇၀ % အောက် သာ သုံးထားသည်။ |
| | မျှော်မှန်းထားသည့် အတိုင်း အကောင်အထည်ဖော်နိုင်သော စီမံချက် % | ၃၆% က လုပ်ငန်းစဉ်၏ ၉၀ % ကျော် သုံးထားသည်။<br>၂၅% က လုပ်ငန်းစဉ်၏ ၇၁ - ၉၀ % အထိ သုံးထားသည်။<br>၄၀% က လုပ်ငန်းစဉ်၏ ၇၀ % ေ အာက်သာ သုံးထားသည်။ | ၂၈% က လုပ်ငန်းစဉ်၏ ၉၀ % ကျော် သုံးထားသည်။<br>၃၆% က လုပ်ငန်းစဉ်၏ ၇၁ - ၉၀ % အထိ သုံးထားသည်။<br>၃၅% က လုပ်ငန်းစဉ်၏ ၇၀ % အောက် သာ သုံးထားသည်။ | ၄၆% က လုပ်ငန်းစဉ်၏ ၉၀ % ကျော် သုံးထားသည်။<br>၃၀% က လုပ်ငန်းစဉ်၏ ၇၁ - ၉၀ % အထိ သုံးထားသည်။<br>၂၄% က လုပ်ငန်းစဉ်၏ ၇၀ % အောက်သာ သုံးထားသည်။ |

▲ ဇယား ၇.၁
ဒီဇိုင်းရေးဆွဲသည့်အဆင့်မှ ရလဒ်များ ပေးအပ်သည့်အဆင့် အထိ ငွေကုန်ရကျိုးနပ်မှု

| | စီမံချက် အရေအတွက် | | ရောက်ရှိသည့် အိမ်ထောင်စု အရေအတွက် | | LIFT အသုံးစရိတ် | | တအိမ်ထောင် ကုန်ကျစရိတ် (ကန်ဒေါ်လာ) | | လူတဦးကုန်ကျစရိတ် (ကန်ဒေါ်လာ) | |
|---|---|---|---|---|---|---|---|---|---|---|
| | ၂၀၁၇ | ၂၀၁၈ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၇ | ၂၀၁၈ |
| လယ်ယာ ထုတ်ကုန် | ၂၂ | ၂၂ | ၁၀၄,၇၂၈ | ၁၀၁,၀၆၁ | ၁၅,၈၁၈,၈၁၉ | ၁၄,၆၄၂,၀၄၄ | (၁၅၁.၀၄) | ၁၄၄.၈၈ | (၃၄.၃၂) | ၃၂.၉၃ |
| မိခင်နှင့်ကလေးများအား ငွေကြေးပံ့ပိုးခြင်း (MCCT) | ၅ | ၅ | ၈၁,၃၃၃ | ၁၁၉,၈၉၅ | ၅,၆၈၆,၄၄၈ | ၈,၄၉၆,၂၈၆ | (၇၀) | ၇၁ | မရနိုင် | မရနိုင် |
| အသေးစားငွေရေး ကြေးရေးလုပ်ငန်း (လက်ရှိ ဝန်ဆောင်မှု အသုံးပြုသူများ) | ၁၂ | ၁၂ | ၂,၁၃၂,၄၄၇ | ၂,၆၃၂,၂၈၃ | ၅,၅၉၆,၂၅၉ | ၉,၂၄၃,၀၇၀ | (၂.၆၂) | ၃.၅၁ | (၀.၆၀) | ၀.၈၀ |

▲ ဇယား ၇.၂
Unit costs across Programme Components

စီမံကိန်း ဒီဇိုင်း၊ ယှဉ်ပြိုင်နိုင်သည့် စရိတ်သက်သာမှု နှင့် ထိရောက်သည့် အကောင်အထည် ဖော်ဆောင်ရွက်ရေး လုပ်ထုံးလုပ်နည်းများဖြင့် ပံ့ပိုးကူညီပေးပါသည်။

LIFT သည် ၂၀၁၅-၂၀၁၈ စီမံကိန်းကာလတွင် VfMနှင့် ဆိုင်သည့် အချက်များအား အစောပိုင်း စီမံချက် အဆိုပြုလွှာများတွင် ထည့်သွင်းထားခြင်း မရှိခဲ့ပါ။ သို့သော် မကြာသေးမီ နှစ်များမှစ၍ ဒီဇိုင်းရေးဆွဲသည့်အဆင့်တွင် VfM အား ထည့်သွင်းစဉ်းစားလာခဲ့ပါသည်။ ယခုအခါတွင် အဆိုပြုလွှာ ဖိတ်ခေါ်မှုများ၌ တင်သွင်းမည့် အဆိုပြုလွှာများတွင် ပါဝင်ရမည့် VfM လိုအပ်ချက်များ ထည့်သွင်းထားပါသည်။ ၂၀၁၉-၂၀၂၃ တွင် တသမတ်တည်း ဖြစ်သည့် VfM မက်ထရစ် မူဘောင်အား စီမံချက်အများစု၏ အဆိုပြုလွှာအဆင့်၊ သုံးသပ် အကဲဖြတ် ခြင်းအဆင့် ၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအဆင့် နှင့် ပိတ်သိမ်းသည့်အဆင့် တို့တွင် ထည့်သွင်းမည်ဖြစ်သည်။

စီမံကိန်း ဒီဇိုင်းနှင့် အကဲဖြတ်သုံးသပ်သည့် အဆင့်များတွင် ပါဝင်သည့် VfM

LIFT သည် မိတ်ဖက်များ နှင့် စီမံချက်များအား VFM ထည့်သွင်းစဉ်းစားထားပြီး ရှင်းလင်းတိကျစွာ သတ်မှတ်ထားသည့်စံများ အသုံးပြု၍ ရွေးချယ်ပါသည်။ သို့ဖြစ်၍ စီမံချက် စတင်သည့်အဆင့်မှစ၍ LIFT၏ အဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်မှုများ နှင့် အဆိုပြုလွှာ တခုချင်းစီအား FMO မှ အကဲဖြတ်ခြင်းတို့တွင် VfM စဉ်းစားမှုများအား ထည့်သွင်းထားပါသည်။

▶ ဇယား ၇.၃
စီမံကိန်း၏ ကုန်ကျစရိတ်နှင့် ဆောင်ရွက်နိုင်သည့် အချိုး

| လက်ငင်းအကျိုးရလဒ်များ | ရည်မှန်းချက် | ရလဒ်များ | ရည်မှန်းချက်၏ % | *CPR |
|---|---|---|---|---|
| ၁(က) ရေရှည်တည်တံ့ခိုင်မြဲပြီး အရည်အချင်းပြည့်မီသည့် ထုတ်လုပ်သူဆိုင်ရာ အဖွဲ့အစည်းများသည် တန်ဖိုးမြှင့်ကွင်းဆက် တလျှောက်လုံးတွင် ဝန်ဆောင်မှုများပေးခြင်း | ၁,၀၅၀ | ၂,၇၅၂ | ၂၆၂% | ၂.၉၄ |
| ၁.၂(က) ကျေးလက်ဒေသရှိ အိမ်ထောင်စုများသည် အကြံပေးသည့် ဝန်ဆောင်မှုအား လက်လှမ်းမီခြင်း (စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာ အသိပညာရှိခြင်း) | ၃,၂၀၀ | ၆,၁၇၁ | ၁၉၃% | ၁.၉၁ |
| ၁.၂(ခ) ကျေးလက်ဒေသရှိ အိမ်ထောင်စုများ ချေးငွေရယူရာတွင် အခက်အခဲမရှိစေရန် ဆောင်ရွက်ပေးထားခြင်း | ၂,၂၀၀ | ၅,၁၀၃ | ၂၃၂% | ၂.၄၈ |
| ၂(က) ကျေးလက်ဒေသရှိ အိမ်ထောင်စုများသည် (လယ်ယာမြေ ပြင်ပ) အသေးစား လုပ်ငန်းများအား စနစ်တကျထူထောင် လုပ်ကိုင်နိုင်သည့် ကျွမ်းကျင်မှုနှင့် အရည်အချင်းရှိခြင်း | ၄၂၅ | ၁,၂၇၀ | ၂၉၉% | ၃.၁၈ |
| ၃(က) ကျေးလက်ဒေသရှိ အိမ်ထောင်စုများသည် ကောင်းမွန်သည့် အာဟာရဆိုင်ရာ အမူအကျင့်များရှိခြင်း | ၁,၉၁၀ | ၂,၆၅၁ | ၁၃၉% | ၂.၅၂ |

*Cost-Performance Ration (CPR) = ကုန်ကျစရိတ်နှင့် ဆောင်ရွက်နိုင်သည့် အချိုး

▶ ဇယား ၇.၄
ငါးမွေးမြူရေး စီမံချက်၏ ကုန်ကျစရိတ်-အကျိုးအမြတ်

| အသေးစား ငါးမွေးမြူရေး စနစ်များ | ကုန်ကျစရိတ် (ကန်ဒေါ်လာ/ အိမ်ထောင်စု) | ဝင်ငွေ (ကန်ဒေါ်လာ/ အိမ်ထောင်စု) | စုစုပေါင်းအမြတ် (ကန်ဒေါ်လာ/ အိမ်ထောင်စု) | အသားတင်အမြတ် (ကန်ဒေါ်လာ/ အိမ်ထောင်စု) | အသားတင် အမြတ် (ကန်ဒေါ်လာ/ ဧရိယာ ဟက်တာ) | *BCR |
|---|---|---|---|---|---|---|
| ခြံမြောင်း | ၅၄ | ၆၀ | ၆.၉ | ၄ | ၁၂၆ | ၁.၁ |
| ကန် | ၁၀၃ | ၁၂၂ | ၁၉.၅ | ၁၃ | -၆၄ | ၁.၂ |
| ရေလှောင်ကန်ငယ်တွင် ငါးမွေးခြင်း (Wish pond) | ၇ | ၁၂ | ၄.၆ | ၁ | ၁,၃၃၉ | ၂.၂ |
| စုစုပေါင်း | ၇၃ | ၈၆ | ၁၃.၆ | ၉ | ၂၅၂ | ၁.၄ |

*Business-Cost Ratio (BCR) = ကုန်ကျစရိတ်နှင့် အကျိုးအမြတ်

အကဲဖြတ်သည့်အဆင့်တွင် FMO အနေဖြင့် အထူးဂရုပြုမည်မှာ စီမံချက်လားရာအား ညွှန်ပြသည့် စီမံချက် စာရွက်စာတမ်း အထောက်အထားများ (အကောင်အထည်ဖော် ဆောင်ရွက်ရေး အစီအစဉ်၊ ၎င်းအားတိုင်းတာမည့် မူဘောင် နှင့် ဘတ်ဂျက်)နှင့် LIFT ၏ ပြောင်းလဲခြင်းဆိုင်ရာ သီအိုရီ Theory of Change တို့ဖြစ်ပါသည်။ စီမံချက်မှ မျှော်မှန်းထားသည့် လက်ငင်းအကျိုးရလဒ်များ နှင့် ရေရှည်အကျိုးရလဒ်များအား LIFT စီမံကိန်းအဆင့် လက်ငင်းအကျိုးရလဒ်များ နှင့် ရေရှည်အကျိုး ရလဒ်များ နှင့် ချိတ်ဆက်ပါသည်။

အကဲဖြတ်သည့်အဆင့်တွင် FMOသည် VfM ဆိုင်ရာ မေးခွန်းများ နှင့် စံများ သတ်မှတ်ထည့်သွင်းခြင်း အပါအဝင် စီမံချက်များ၏ VfM ဖြစ်နိုင်ချေရှိမှု အကဲဖြတ်ဆန်းစစ်ရန် အရည်အချင်းနှင့် အရေအတွက်ဆိုင်ရာ အချက်အလက်များပါ အသုံးပြုပါသည်။ FMO သည် VfM တိုးမြှင့်နိုင်ရန်အတွက် စီမံချက် ချိန်ညှိမှုများနှင့်ဆိုင်သော အကြံပြုချက်များ ပြုလုပ်သည့်အပြင် ထိုအကြံပြုချက်များအား ရန်ပုံငွေဘုတ်အဖွဲ့သို့လည်း တင်ပြပါသည်။ အကဲဖြတ်သည့် အဆင့်တွင် VfMကို တိုင်းတာသည့် ဥပမာများတွင် -

ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု

အကဲဖြတ်သည့် ကာလအတွင်း စီမံချက်တခုစီ၏ ဘတ်ဂျက်တိကျမှုအား ပြန်လည်သုံးသပ်ပြီး၊ ဘတ်ဂျက် နှင့် အဆိုပြုထားသည့် လုပ်ငန်းများ၊ လုပ်ငန်းအစီအစဉ် နှင့် မျှော်မှန်းထားသည့် လက်ငင်းအကျိုးရလဒ်၊ ရေရှည်အကျိုးရလဒ်များ ကိုက်ညီမှု ရှိမရှိကို သုံးသပ်ပါသည်။ အထူးသဖြင့် စုစုပေါင်း ဘတ်ဂျက်မှ လူ့စွမ်းအား အရင်းအမြစ်များ နှင့် ရုံးလုပ်ငန်း စရိတ်များ၏ ရာခိုင်နှုန်းအား အခြား အသေးစားငွေရေးကြေးရေးလုပ်ငန်း စီမံချက်များ နှင့် နှိုင်းယှဉ်ပါသည်။ FMO သည် အခြား VfM ညွှန်းကိန်းများအား လုပ်ငန်းစံများ ဥပမာအားဖြင့် နေရာအသစ်တွင် ရုံးခန်း ဖွင့်လှစ်စရိတ်များ၊ ရရန်ရှိချေးငွေ ဆုံးရှုံးနိုင်ချေရှိနေခြင်း ၊ လုပ်ငန်းအရ နှင့် ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်မှု (သို့) စီမံချက်မှ အမြင့်ဆုံးအကျိုးရရှိရန် သုံးစွဲခဲ့သည့် ပမာဏ တို့ဖြင့် နှိုင်းယှဉ် အကဲဖြတ်ပါသည်။

မြစ်ဝကျွန်းပေါ် ၃ အစီအစဉ် (Delta 3)

အဆိုပြုလွှာအဆင့်တွင် မြစ်ဝကျွန်းပေါ်-၃ မှ အချို့စီမံကိန်းများသည် စီမံကိန်းပုံစံ ၏ဘဏ္ဍာရေးဆိုင်ရာ

အလားအလာရှိမှု၊ အရွယ်အစား ချိန်ညှိနိုင်မှု နှင့် ရင်းနှီးမြှုပ်နှံမှုမှ ပြန်ရရှိမှု (သို့) စရိတ်-အမြတ်အစွန်း အချိုးနှင့် အဆိုပြုထားသည့် စီမံကိန်း ဆောင်ရွက်ချက်များ၏ အရွယ်အစားချိန်ညှိနိုင်မှုတို့အား တိုင်းတာနိုင်မည့် သီအိုရီအရ “business case” တခုဖော်ဆောင်ရန် အရေအတွက်အခြေခံသော VfM ဆန်းစစ်မှုများ အသုံးပြုခဲ့ကြပါသည်။

### အပူပိုင်းဇုန် အစီအစဉ်

စီမံချက်အများအပြားသည် အရင်းအမြစ်များကို အသုံးပြု၍ အကျိုးခံစားခွင့်ရှိသူများအတွက် ကြီးမားသည့် ရလဒ်များ ဖော်ဆောင်နိုင်ရန် စီမံချက်ရေးဆွဲသည့် အဆင့်တွင် VfM အသုံးပြုခြင်းအား ပြသနိုင်ခဲ့ပါသည်။ ဥပမာ- စိုက်ပျိုးရေး စီမံချက်တခုသည် စီမံကိန်းအကျိုးရလဒ်များ တွက်ချက်ရန် နှင့် ရန်ပုံငွေရရှိရန် အဆိုပြုရမည့် ဆောင်ရွက်ချက်များ ရွေးချယ်သတ်မှတ်ရန်အတွက် အခြားချဉ်းကပ်နည်းလမ်းများဖြင့် VfM တွက်ချက်မှုအား အသုံးပြုခဲ့ပါသည်။အပူပိုင်းဇုန် WASH စီမံကိန်းမှ ဆန်းစစ်မှုအား အသုံးပြုပြီး ဆောင်ရွက်ချက်များ၏ ထိရောက်မှု အမြင့်ဆုံးဖြစ်စေရန် ချဉ်းကပ်နည်းလမ်းတွင် အပြောင်းအလဲများကို မိတ်ဆက်ခဲ့ပါသည်။

### စီမံကိန်းစတင်လုပ်ကိုင်သည့် အဆင့်အတွင်းမှ ငွေကုန်ရကျိုးနပ်မှု

စီမံကိန်း စတင်လုပ်ကိုင်သည့်အဆင့်အတွင်း စရိတ်သက်သာရန်နှင့်တခါတရံစွမ်းဆောင်ရည်အားသေချာစေရန် အရေးပါသည့် အစီအမံများ ဆောင်ရွက်လေ့ရှိပါသည်။ လက်ရှိ LIFTတွင် လူ့စွမ်းအားအရင်းအမြစ် နှင့် ဝန်ထမ်း စရိတ်များပြုပြင် ပြောင်းလဲခြင်း၊ လိုအပ်သည့် ခရီးသွားလာမှု နှင့် အခြား အသေးသုံး ကုန်ကျစရိတ်များအား အတည် ပြုခြင်း၊ လုံလောက်သည့် ဘဏ္ဍာရေးဆိုင်ရာ နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာထိန်းချုပ်မှုများထားရှိခြင်းတို့ဖြင့် စရိတ် သက်သာ မည့် VfM အချက်များအား အာရုံစိုက်နေပါသည်။ ဤချဉ်းကပ်နည်းလမ်းအား LIFT ၏ လုပ်ထုံး လုပ်နည်းများတွင် ထည့်သွင်းထားပါသည်။

အခြားဥပမာများမှာ LIFT ၏ အားကောင်းသည့် စရိတ်သက်သာရေး လုပ်ထုံးလုပ်နည်းများတွင် စီမံကိန်းများ ယှဉ်တွဲ၍ ပူးတွဲနေရာယူခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်းတို့ ပါဝင်ပါသည်။ ဥပမာ ပြည်ပ မိတ်ဖက်အဖွဲ့ တခုမှ ဆောင်ရွက်နေသည့် စီမံချက်အား Access to Health ရန်ပုံငွေတွင် ပေါင်းစည်းထည့်သွင်းခြင်းဖြင့် စရိတ်သက်သာသည့် ချဉ်းကပ်နည်းလမ်းများဖြစ်သော ဝန်ဆောင်မှုများ၊ အဆောက်အဦများနှင့် အသုံးအဆောင်များနှင့် ကူညီပံ့ပိုးသည့် ဝန်ထမ်းများအား မျှသုံးခြင်းတို့အား ပေါင်းစပ်ခြင်းဖြင့် စရိတ်များ သိသာထင်ရှားစွာ သက်သာစေခဲ့ပါသည်။ ထို့ပြင် စီမံချက် ၂ ခုအား တခုတည်းအဖြစ် ပေါင်းစည်းလုပ်ဆောင်မည့် ချဉ်းကပ်နည်းလမ်း ဖြင့် Access to Health ရန်ပုံငွေ လုပ်ငန်းများ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားပါမည်။

### စီမံကိန်းရလဒ်များရရှိအောင် ဆောင်ရွက်သည့် ကာလအတွင်း ငွေကုန်ရကျိုးနပ်မှု

ဆောင်ရွက်ဆဲ စီမံချက် စီမံခန့်ခွဲမှုနှင့် အစီရင်ခံခြင်းတွင် VFM ဆန်းစစ်မှုအား အသုံးပြုခဲ့ပါသည်။ အရေအတွက်အရ တိုင်းတာမှုများအား အဓိကထား အသုံးပြုခဲ့ပြီး စရိတ်-ကုန်ကျစရိတ်နှင့် ဆောင်ရွက်နိုင်သည့် အချိုးများ (CPR)[၇၀]၊ ရင်းနှီးမြှုပ်နှံမှုအပေါ်မှ ပြန်လည်ရရှိမှု (ROI) (သို့) ရိုးရှင်းသည့် ကုန်ကျစရိတ် နှင့် ရရှိသည့် အကျိုးဆန်းစစ်မှုတို့ ဖြင့် အမျိုးမျိုး ကွဲပြားခြားနားပါသည်။ စီမံချက်များအသုံးပြုနေသည့် အရေအတွက်ဆိုင်ရာ တိုင်းတာမှုများ၏ ဥပမာများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

### စိုက်ပျိုးရေး/အာဟာရ/WASH စီမံချက်များ၏ VFM

ဤဥပမာသည် စိုက်ပျိုးရေးစီမံချက်တခုမှ စီမံချက်၏ စွမ်းဆောင်နိုင်စွမ်း - ဆိုလိုသည်မှာ ရန်ပုံငွေများအား ရလဒ်များအဖြစ် ပြောင်းလဲနိုင်စွမ်းအား (ဇယား၇.၃တွင် ဖော်ပြထားသည့်အတိုင်း)စီမံကိန်းလက်ငင်း အကျိုးရလဒ်များအားကုန်ကျစရိတ်နှင့် ဆောင်ရွက်နိုင်သည့် အချိုး(cost-performance ratios, CPR)ဖြင့် တိုင်းတာခြင်းဖြင့် စောင့်ကြည့် ကြီးကြပ်ပါသည်။ စီမံကိန်း လက်ငင်းအကျိုးရလဒ်၏ CPRသည် ဆောင်ရွက်နိုင်စွမ်း၏ အတိုင်းအတာပင်ဖြစ်သည်။ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကာလအတွင်းတွင် CPR အား ပုံမှန် တိုင်းတာမှုသည် အသုံးပြုလိုက်သည့်ငွေ အတွက် မည်မျှ ပြန်ရရှိသည်ဆိုသော ခိုင်မာသည့် သက်သေအထောက်အထားဖြင့် FMO နှင့် စီမံချက် စီမံခန့်ခွဲမှု ၂ခုစလုံးအား လမ်းညွှန်ပေးပါသည်။ စွမ်းဆောင်မှုအားကောင်းစေရန်အတွက် ချိန်ညှိပြုပြင်ခြင်းအား အရေအတွက်ဆိုင်ရာ အထောက်အထားများပေါ် အခြေခံ၍ ပြုလုပ်နိုင်ပါသည်။

WASH စီမံချက်တခုတွင် (ဇယား ၇.၄) စီမံချက်သည် ဒီဇိုင်းအဆင့်တွင် ကြိုတင် တွက်ချက်ထားသည့် ပစ္စည်း/အကြောင်းအရာ တခုချင်း တန်ဖိုးနှင့် စီမံချက် ပိတ်သိမ်းခါနီးကာလ ၂၀၁၈ခုနှစ်တွင် အမှန်တကယ် ကုန်ကျသည့် ပစ္စည်း/အကြောင်းအရာ တခုချင်း တန်ဖိုးအား နှိုင်းယှဉ်ထားပါသည်။စီးပွားရေး ဖြစ်ရပ်မှန်/လုပ်ငန်း စရိတ် ကြိုတင်တွက်ချက်ချိန်တွင် အကျိုးခံစားခွင့်ရှိသူ တယောက်ချင်းစီ၏ ပတ်ဝန်းကျင်သန့်ရှင်းရေး ပိုမိုကောင်းမွန်စေရန် အမေရိကန် ၆ ဒေါ်လာ ပေါ်တွင် အခြေခံထားပါသည်။ စီမံချက်၏ အစိတ်အပိုင်းအဖြစ် အမှန်တကယ် ကုန်ကျသည့် စရိတ်မှာ အမေရိကန် ဒေါ်လာ ၄.၇ သာ ဖြစ်သဖြင့် အကျိုးခံစားခွင့်ရှိသူ တဦးချင်းစီအတွက် အမေရိကန် ဒေါ်လာ ၁.၃၈ ဒေါ်လာစီ စရိတ်သက်သာခဲ့ပါသည်။ တခုချင်း ကုန်ကျစရိတ်များအား စီမံကိန်း အကောင် အထည်ဖော် ဆောင်ရွက်စဉ်ကာလအတွင်း စီမံခန့်ခွဲနိုင်ရန် အသုံးပြုနိုင်ပြီး၊ စရိတ်ချွေတာပြီး စွမ်းဆောင်ရည် ကောင်းမွန်သည့် LIFT စီမံချက်တခုကြောင့် စီမံကိန်း ပိတ်သိမ်းချိန်တွင် စုစုပေါင်း သက်သာခဲ့သည့် စရိတ်များအား တွက်ချက်ပြီး ဆက်သွယ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ကြိုတင် တွက်ချက်ထားသည့် ကုန်ကျစရိတ် နှင့် အမှန်တကယ် ကုန်ကျသည့်စရိတ်ကို နှိုင်းယှဉ်ခြင်းသည် သွင်းအားစုများအား လက်ငင်းရလဒ်များအဖြစ် ပြောင်းလဲရာတွင် စီမံကိန်းစွမ်းဆောင်ရည်ကို သိရှိရန်အတွက် ခိုင်မာသည့် တိုင်းတာမှု တခုဖြစ်ပါသည်။

ဇယား ၇.၄ တွင်ဖော်ပြထားသည့် ငါးမွေးမြူရေး စီမံချက်တွင် ရိုးရှင်းလွယ်ကူသည့် ကုန်ကျစရိတ်-အကျိုးအမြတ် (စီမံချက်အား အကျိုးအမြတ်-ကုန်ကျစရိတ်အချိုး- benfit-cost ratio, BCR)[၇၁] အား နည်းစနစ်အမျိုးစုံ သုံး၍ ငါးမွေးမြူ ထုတ်လုပ်ခြင်း နှင့်ဆိုင်သည့် အလားအလာရှိသည့် အမြတ်အစွန်းကို ရှင်းလင်းစွာပြသနိုင်ရန် အသုံးပြုပါသည်။

ဤဥပမာတွင် အချက်အလက်များအား အတည်ပြုပြီးနောက် စီမံချက်နှင့် FMOတို့သည် မည်သည့်ချဉ်းကပ်နည်းလမ်း များသည် အမြင့်ဆုံးထိရောက်သော ကုန်ကျစရိတ်ဖြစ်သည်၊ မည်သည့် လုပ်ဆောင်ချက်များက အကျိုးအမြတ်မရှိသဖြင့် ပိတ်သိမ်းမည်၊ မည်သည်က အောင်မြင်သည့် ချဉ်းကပ်နည်းလမ်းများ ဖြစ်သည်ကို BCR အသုံးပြု၍ ဆုံးဖြတ်ရန်ဖြစ်သည်။

### ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံချက်များ၏ VFM

LIFT ၏ အားလုံးပါဝင်စေသည့် ငွေကြေးဆိုင်ရာ လုပ်ငန်းများအတွက် ငွေကုန်ရကျိုးနပ်မှု ချဉ်းကပ်နည်းလမ်းသည် အသေးစားငွေရေးကြေးရေးလုပ်ငန်း အဖွဲ့အစည်းများ (MFI)များ၏ စွမ်းဆောင်နိုင်မှုပေါ်တွင် ဗဟိုပြုနေပါသည်။ ငွေကုန်ရကျိုးနပ်မှုအား အကဲဖြတ်သုံးသပ်သည့်

၇၀။ CPR ဆိုသည်မှာ ရည်မှန်းထားသည့် အသုံးစရိတ်အတွက် အကျိုးခံစားခွင့်ရှိသူများရရှိခဲ့သည့် ဆောင်ရွက်နိုင်သည့် ရလဒ်များက ပိုခြင်းကိုညွှန်ပြခြင်းဖြစ်သည်။ ထို့အတူ CPR ၁.၀၀ ထက်နည်းခြင်းသည် ရယူအောင်မြင်ခဲ့သည့် ရလဒ်များအတွက် ကြိုတင် တွက်ချက်ထားသည်ထက် အသုံးစရိတ် ပိုမိုအသုံးပြုခဲ့ခြင်းအား ပြသခြင်း ဖြစ်သည်။ CPR သည် အကောင်အထည်ဖော်ရေး ထိရောက်မှုအား တိုင်းတာသည်။

၇၁။ BCR- အကျိုးအမြတ်- ကုန်ကျစရိတ် အချိုး

| | ငွေကုန်ရကျိုးနပ်မှု | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအောက် | | | တရက် အမေရိကန်ဒေါ်လာ ၁.၂၅ အောက် | | | တရက် အမေရိကန် ဒေါ်လာ ၂.၅ အောက် | | |
| | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ |
| BDA | ၁၅.၀၇ | ၁၁.၉၅ | ၁၃.၆၀ | ၁၆.၅၅ | ၁၂.၇၀ | ၁၄.၆၀ | ၈၆.၆၀ | ၈၃.၀၇ | ၇၉.၀၇ |
| AYO | ၁၅.၁ | ၁၁.၁၂ | ၁၀.၄၀ | ၁၆.၆၀ | ၁၁.၇၂ | ၁၁.၁၁ | ၈၅.၅၅ | ၈၁.၇၆ | ၇၉.၁၉ |
| RMO | ၁၆.၄၅ | ၁၃.၈၆ | ၁၇.၇၀ | ၁၈.၅၇ | ၁၅.၄၂ | ၁၃.၁၀ | ၈၄.၈၅ | ၈၁.၃၄ | ၇၈.၆၈ |
| ECLOF | ၂၆.၄ | ၁၉.၀၆ | ၁၁.၉၉ | ၃၀.၈၅ | ၂၁.၆၄ | ၂၀.၀၀ | ၉၄.၅၃ | ၈၉.၆၃ | ၈၇.၃၈ |
| MHDO | ၁၆.၀၉ | ၁၃.၄၄ | ၁၁.၉၆ | ၁၈.၁၇ | ၁၄.၇၉ | ၁၃.၂၀ | ၈၄.၂၀ | ၈၁.၂၂ | ၇၈.၉၈ |
| SVS | ၁၂.၆ | ၁၁.၅၂ | ၁၀.၈၀ | ၁၃.၇၀ | ၁၂.၄၂ | ၁၁.၆၅ | ၈၁.၄၃ | ၇၉.၅၄ | ၇၈.၁၈ |
| Wanlark | ၃၅.၄၇ | ၃၁.၄၈ | ၁၁.၂၀ | ၄၂.၃၇ | ၃၇.၅၀ | ၃၀.၉၁ | ၉၆.၀၃ | ၉၇.၆၂ | ၉၁.၄၀ |
| YMCA | ၂၁.၁၉ | ၂၀.၃၅ | ၂၆.၂၉ | ၂၄.၅၀ | ၂၃.၄၂ | ၁၉.၂၈ | ၈၈.၇၇ | ၈၆.၅၆ | ၈၄.၇၀ |
| The SUN | ၁၃.၂၅ | ၁၂.၈၈ | ၁၇.၁၂ | ၁၄.၇၃ | ၁၃.၉၈ | ၁၁.၉၅ | ၈၀.၃၃ | ၈၂.၆၄ | ၈၀.၆၄ |
| ပျမ်းမျှ % | ၁၉.၀၇ | ၁၆.၁၉ | ၁၄.၅၆ | ၂၁.၇၈ | ၁၈.၁၈ | ၁၆.၂၀ | ၈၆.၉၂ | ၈၄.၈၂ | ၈၂.၀၂ |
| နှစ်အလိုက်ပြောင်းလဲမှု % | | ၁၉% | | | ၂၀% | | | ၄% | |

▲ ဇယား ၇.၅
ပြည်တွင်း MFI ကိုးခု ၏
PPI ရလဒ်များ

လုပ်ငန်းစဉ်သည် စီမံချက် ကာလတလျှောက်လုံး အတွက် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်ဖြစ်ပါသည်။

စရိတ်သက်သာမှုဆိုသည်မှာ မည်သည့်သွင်းအားစုများအား မှန်ကန်သည့်အရေအတွက် နှင့် မှန်ကန်သည့် ဈေးနှုန်း တို့ဖြင့် မည်သည့်အတိုင်းအတာအထိ ဝယ်ယူနိုင်ခဲ့ခြင်းအား အကဲဖြတ်ခြင်း ဖြစ်ပါသည်။ စီမံချက်တခုချင်းစီ၏ ဘတ်ဂျက်အား တိကျမှုရှိစေရန် နှင့် အဆိုပြုထားသည့် လုပ်ငန်းများ၊ လုပ်ငန်း အစီအစဉ် နှင့် မျှော်မှန်းထားသည့် လက်ငင်းအကျိုးရလဒ်များ နှင့် ရေရှည်အကျိုးရလဒ်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ သုံးသပ်ခြင်းဖြစ်ပါသည်။ အထူးသဖြင့် အသေးစား ငွေရေးကြေးရေး လုပ်ငန်း စီမံချက်များတွင် လူ့စွမ်းအား အရင်းအမြစ်များ နှင့် ရုံးခန်းအတွက် ကုန်ကျငွေအား ဘတ်ဂျက် စုစုပေါင်း ၏ ရာခိုင်နှုန်းဖြင့် တွက်ချက်နှိုင်းယှဉ်ပါသည်။

စွမ်းဆောင်နိုင်မှုသည် စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်တွင် သွင်းအားစုများအား အကျိုးရလဒ်အဖြစ် ပြောင်းလဲသည့်နှုန်း နှင့် စရိတ်ထိရောက်မှု တို့အား ထည့်သွင်းစဉ်းစားလျက် စီမံချက် မှ လက်ငင်းအကျိုးရလဒ်များ မည်သို့ရအောင် ဆောင်ရွက်သည်ကို သုံးသပ်ခြင်းဖြစ်ပါသည်။MFI တခုအတွက် စွမ်းဆောင်နိုင်မှုဆိုသည် လည်ပတ်ဆောင်ရွက်သည့် လုပ်ငန်းများတွင် MFI သည်မည်မျှ ကောင်းမွန်စွာ ပါဝင်နိုင်ခြင်းအား တိုင်းတာခြင်းဖြစ်သည်။

- LIFT MFI များ၏ ၈၀% သည် လုပ်ငန်းလည်ပတ်သည့် ကုန်ကျစရိတ်/ပျမ်းမျှ စုစုပေါင်းပိုင်ဆိုင်မှုလျော့ကျနေခြင်း ကိုပြသခဲ့ပါသည်။
- MFIများ ၏ ၂၀၁၇ ခုနှစ်တွင် လုပ်ငန်းလည်ပတ်သည့် ကုန်ကျစရိတ်/ပျမ်းမျှ စုစုပေါင်းပိုင်ဆိုင်မှုမှာ ၁၃.၃ ရာခိုင်နှုန်း ရှိပြီး ၂၀၁၆ ခုနှစ်တွင် ၁၇.၅ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ အခြေခံနှိုင်းယှဉ်မှုတွင် တကမ္ဘာလုံးရှိ MFI ၏ ရွှေရောင်စံနှုန်း ဟု သတ်မှတ်ထားသည့် အကောင်းဆုံးစံနှုန်းမှာ ၁၀ ရာခိုင်နှုန်း ရှိပါသည်။

ထိရောက်မှုသည် လုပ်ငန်းဆောင်ရွက်ရာတွင် လက်ငင်းအကျိုးရလဒ်များအား ရေရှည်အကျိုးရလဒ်နှင့် သက်ရောက်မှုများအဖြစ် ပြောင်းလဲပေးနိုင်သည့်နှုန်း နှင့် ထိုသို့ပြောင်းလဲခြင်း၏ စရိတ်ထိရောက်မှုအား အကဲဖြတ်ခြင်းဖြင့် စီမံကိန်း၏ လုပ်ငန်းအရည်အသွေးအား အကဲဖြတ်ပါသည်။ MFI အဖွဲ့တခုအတွက် ထိရောက်မှုဆိုသည် လက်ငင်း အကျိုးရလဒ်၏ အရည်အသွေးနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၏ ရေရှည်တည်တံ့မှုတို့အား တိုင်းတာပါသည်။ အဓိက ညွှန်းကိန်းများမှာ ရရန်ရှိချေးငွေ ဆုံးရှုံးနိုင်ချေ ရှိနေခြင်း (PAR)၊ လုပ်ငန်းလည်ပတ်မှု နှင့် ငွေရေးကြေးရေးအရ မိမိဘာသာ ရပ်တည်မှုရှိခြင်းတို့ကို စုစည်းထားခြင်း ဖြစ်ပါသည်။

- LIFT MFI များ၏ ရရန်ရှိချေးငွေ ဆုံးရှုံးနိုင်ချေရှိနေခြင်း (Porfolio at risk, PAR) - မပြေကျန်ငွေဖြစ်သဖြင့်/ပြန်မဆပ်နိုင်သည့် အခြေအနေရှိသည့် ချေးငွေ စုစုပေါင်း၏ အချိုးသည် ၁ရာခိုင်နှုန်း အောက်တွင်သာ ရှိသည်။ ကမ္ဘာတဝှမ်း မှ အကောင်းဆုံး MFIs များ ၏ PAR မှ ၁ ရာခိုင်နှုန်းမှ ၆ ရာခိုင်နှုန်းအတွင်း ရှိပါသည်။
- ပြန်မဆပ်သည့် ချေးငွေအား စာရင်းမှ ပယ်ဖျက်ခြင်းမှာ ၁ ရာခိုင်နှုန်း၏ ဆယ်ပုံတပုံသာ ရှိပါသည်။
- ၂၀၁၇ ခုနှစ်တွင် LIFT ၏ MFI များ အားလုံးသည် လုပ်ငန်းအရမိမိဘာသာရပ်တည်နိုင်စွမ်းရှိပြီး ၉၀ရာခိုင်နှုန်းမှာ ငွေရေးကြေးရေးအရ မိမိဘာသာရပ်တည်နိုင်စွမ်း ရှိပါသည်။

ညီမျှမှုသည် MFI ရင်းနှီးမြှုပ်နှံမှုများအား ညီမျှစွာ ခွဲဝေမှု၏ ရလဒ်များ၏ အဆင့်အတိုင်းအတာကို တိုင်းတာပါသည်။ LIFT မှ အသုံးပြုနေသည့် အဓိကညွှန်းကိန်းမှာ ဆင်းရဲနွမ်းပါးမှု ညွှန်းကိန်းမှ လွတ်မြောက်လာသည့် တိုးတက်မှု ဖြစ်စဉ် ဖြစ်ပါသည်။

LIFT ၏ MARC စီမံချက်သည် Progress out of Poveryt Index[၇၂] (ယခု Poverty Probability Index ဟု ခေါ်သည်) အားအသုံးပြုနေသည့် ပြည်တွင်းအသေးစား ငွေရေးကြေးရေး လုပ်ငန်းအဖွဲ့အစည်း (၉) ခု နှင့် အလုပ်လုပ်ကိုင်လျက်ရှိပါသည်။ ဆင်းရဲနွမ်းပါးမှုများအား တိုင်းတာသည့် အဆင့်မြင့် အထောက်အကူပြုလက်စွဲတခု ဖြစ်သည့် PPI သည် MFI များအနေဖြင့် ၎င်းတို့၏ လူမှုမစ်ရှင်အတွင်း ဖော်ထုတ်ထားသည့် ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း အောက်ရောက်ရှိရန် ဆိုသည့် ရည်မှန်းချက်များအား စောင့်ကြည့်ကြီးကြပ်နိုင်ရန် အတွက် အရေအတွက်နှင့် အထောက်အထားအခြေခံ မူဝါဒများချမှတ်နိုင်ရန် ရှာဖွေနေသည့် MFI များအား သိသာထင်ရှားသည့် တန်ဖိုးများ ပေးအပ်ရန် အလားအလာ ရှိပါသည်။ PPI သည် MFI များအား သူတို့၏ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအောက်ရှိသူများထံ ရောက်ရှိမှုအား အရေအတွက်ဆိုင်ရာ အထောက်အထားများ ကိုလည်း ဖြည့်ဆည်းပေးပါသည်။ ၂၀၁၅-၂၀၁၆အတွင်း MARC MFI များ၏ PPI ရလဒ်များ အရ အမျိုးသားအဆင့် ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း တရက်ဝင်ငွေ (အမေရိကန်ဒေါ်လာ ၁.၂၀) နှင့် (အမေရိကန်ဒေါ်လာ ၁.၂၅) တို့အောက် ရောက်နေသည့် ငွေချေးသူ ၂၀ ရာခိုင်နှုန်းသည် တရက်လျှင် အမေရိကန် ဒေါ်လာ ၁.၂၅ သတ်မှတ်ချက်အောက် မှ ထွက်သွားပြီဖြစ်သည်။ ပိုမိုကျယ်ပြန့်သည့် အမျိုးအစားဖြစ်သည့် တရက် အမေရိကန် ဒေါ်လာ ၂.၅ သတ်မှတ်ချက်အောက်တွင် ရှိသည့် ၄ရာခိုင်နှုန်းသည် နှစ်ပေါင်းများစွာကြာသည့် အချိန်တွင် နောက်တဆင့်သို့ ကူးပြောင်းသွားပြီဖြစ်သည်။ ယင်းသည် ထိခိုက်လွယ်သည့် ငွေစုငွေချေးသူများအား ပိုမိုကြံ့ကြံ့ခံနိုင်သည့် အနေအထားသို့ ကူးပြောင်းနိုင်ရန်

၇၂။ PPI အား MoPF နှင့် ကမ္ဘာ့ဘဏ်မှ ဆောင်ရွက်ခဲ့သည့် ၂၀၁၅ခုနှစ် မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှုနှင့် နေထိုင်မှု အခြေအနေစစ်တမ်းမှ နောက်ဆုံးရ အချက်အလက်များသုံး၍ ပြန်လည်ပြင်ဆင်လျက်ရှိပါသည်။

ကူညီဆောင်ရွက်ပေးရာတွင် ငွေကြေး ဝန်ဆောင်မှုများအား လက်လှမ်းမီမှု၏ အခန်းကဏ္ဍအား ပြသခြင်း ဖြစ်ပါသည်။

## မူဝါဒ ဆိုင်ရာ စီမံချက်များအတွင်း မှ LIFT

ပြောင်းလဲမှုအား အလွယ်တကူ ရေတွက်တိုင်းတာ၍ မရသလို ပြောင်းလဲခြင်းဖြစ်စဉ်မှာလည်းဖြောင့်တန်းနေသည် မဟုတ်ပါ။ ဆိုလိုသည်မှာ ကြိုတင ခန့်မှန်းထားသည့်အတိုင်း တဆင့်ပြီးတဆင့် အစီအစဉ်တကျ ပြောင်းလဲခြင်း မဟုတ်သဖြင့် မူဝါဒ နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ စီမံချက်များအတွင်းရှိ ငွေကုန်ရကျိုးနပ်မှု VfM အား အကဲဖြတ်ရန် ခက်ခဲကြောင်း အများက ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ပြီးဖြစ်ပါသည်။ VfM အကဲဖြတ်မှု စစ်စစ်ဆိုသည်မှာ အသုံးစရိတ်များရှိသော်လည်း ထင်ရှားသည့် ပြောင်းလဲမှုမရှိပါက 'အားနည်း' ဟု သတ်မှတ်သည့် VfM ရှိနိုင်ပါသည်။ သို့သော်လည်း ထိုသို့ သတ်မှတ်ခြင်းမှာ မမှန်ကန်တတ်ပါ။ အမှန်စင်စစ် ဥပဒေပြုမှု (သို့) စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပြောင်းလဲမှုရှိနေပြီဖြစ်သော်လည်း မမြင်ရသေးသည့် သာဓကများ ရှိနေသောကြောင့် ဖြစ်ပါသည်။ မူဝါဒရေးရာ ပြောင်းလဲမှုကို ဖော်ဆောင်ရာတွင် နှစ်ရှည်လများ တစိုက်မတ်မတ် တာဝန်ယူဆောင်ရွက်ရန် လိုအပ်ပါ သည်။

သို့ဖြစ်၍ မူဝါဒ ဆောင်ရွက်ချက်များဆိုင်ရာ VfM အကဲဖြတ်ခြင်းသည် အောင်မြင်မှုညွှန်းကိန်းဖြစ်သည့်အလား အလာရှိသည့် ပြောင်းလဲမှု၏ အထောက်အထားများအား တိုင်းတာရန် ကျန်ရှိခဲ့ခြင်းမျိုး မကြာခဏ ဖြစ်တတ်ပါသည်။ ဥပမာ-

လူမှုကာကွယ် စောင့်ရှောက်မှုပေးသည့် မူဝါဒ စီမံချက်သည် VfM ၏စွမ်းဆောင်ရည် နှင့် ထိရောက်မှုအား တိုင်းတာရန် အမျိုးမျိုးသော ချဉ်းကပ်နည်းလမ်းများကို သရုပ်ပြခဲ့ပါသည်။ LIFT သည် ခွဲဝေပေးထားသည့် ဘတ်ဂျက် ၏ ၉၁% အထိ ချဲ့ထွင်နိုင်ခဲ့သည့်အချိန်တွင် မြန်မာနိုင်ငံတော် အစိုးရနှင့် တပြိုင်နက်တည်း ဆောင်ရွက်နေသည့် လူမှုကာကွယ် စောင့်ရှောက်မှု ပေးသည့် မူဝါဒ စီမံချက်သည် လူမှုဖူလုံရေးအတွက် အသုံးစရိတ်အား အစီရင်ခံနေသည့် ကာလအတွင်း ၂၇၀% [၇၃](စီမံချက်၏ ရည်မှန်းချက် ၂၀% နှင့် နှိုင်းယှဉ် လျှင်) အထိ တိုးချဲ့လျက်ရှိပါသည်။[၇၄] မူဝါဒ စီမံချက်အားနှင့် တိုက်ရိုက် ထည့်ဝင်သည်မဟုတ်သော်လည်း စီမံချက်မှ သိသာထင်ရှားသည့် တိုးတက်မှုများဖြစ်လာစေရန် ကူညီပံ့ပိုးပေးသောကြောင့် အလွန်တန်ဖိုး ရှိပါသည်။

LIFT ၏ ညီမျှမှု အတိုင်းအတာများအား ကျား၊မ ရေးရာ ခွဲခြမ်းစိတ်ဖြာမှုများတွင် ထည့်သွင်းထားပါသည်။ စီမံချက်များတွင် စီမံချက် ဒီဇိုင်း နှင့် သုံးသပ်အကဲဖြတ်သည့် အဆင့်များမှ၊ တိုင်းတာမည့် မူဘောင်များနှင့် အချက်အလက် ကောက်ယူခြင်း အား ဖော်ဆောင်သည့် လုပ်ငန်းအဆင့် အထိ ကျား၊မ ရေးရာများ ထည့်သွင်း စဉ်းစားထားပါသည်။

မြန်မာနိုင်ငံအခြေအနေတွင် ကျား၊မ ရေးရာ ခွဲခြမ်းစိတ်ဖြာသည့် အချက်အလက်များ၏ အရည်အသွေးမှာ ပြောင်းလဲနိုင်သည့် အရာများ ဖြစ်သဖြင့် ရန်ပုံငွေ နှင့် စီမံကိန်းဆောင်ရွက်ချက်များအား ထိခိုက်လွယ်မှု အများဆုံးသူများထံသို့ ရောက်ရှိမှု သေချာစေရန် အကျိုးခံစားခွင့်ရှိသူများ ခွင့်တူညီမျှရှိမည့် အချက်အလက်များ ထပ်မံ ရယူနိုင်ပါက ပိုကောင်း မည် ဖြစ်ပါသည်။

၂၀၁၉-၂၀၂၃ LIFT၏ မဟာဗျူဟာဖြင့် သာတူညီမျှမှု တိုင်းတာသည့် နည်းလမ်းအသစ်အား မိတ်ဆက်ခဲ့ပါသည်။ ကျား၊မ ၊ အသက်၊ ဒေသတို့ အသေးစိတ်ပါဝင်သည့် အကျိုးခံစားခွင့်ရှိသူများ၏ အချက်အလက်နှင့် ဆင်းရဲနွမ်းပါးမှု အဆင့်အတန်းတို့အား LIFT စီမံချက်အများစု နှင့် စီမံကိန်း၏ ညွှန်းကိန်းများတွင် စီစဉ်ထားပါသည်။ ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှုနှင့် အာဟာရဖွံ့ဖြိုးမှု အစီအစဉ်များတွင် စီမံချက်အလိုက် အပိုညွှန်းကိန်းများ ရှိနိုင်ပါသည်။

## ငွေကုန်ရကျိုးနပ်မှု ၂၀၁၉-၂၀၂၃

LIFT တွင် VfM ဆန်းစစ်မှုအသုံးပြုခြင်းသည် ၂၀၁၆ခုနှစ်မှ စ၍ သိသာထင်ရှားစွာ တိုးတက်ခဲ့ပါသည်။ သို့သော်လည်း လက်ရှိ VfM မက်ထရစ်များမှာ လုံလောက်သည့် ပြည့်စုံမှု (သို့) တပြေးညီ မရှိဟု ညွှန်ပြနေသည့် အထောက်အထားများစွာ ရှိနေပြီး FMO နှင့် စီမံချက်များကြား VfM နည်းလမ်းများ စီမံခန့်ခွဲ အသုံးပြုသည့် အသိအမြင်များ ကျယ်ကျယ်ပြန့်ပြန့် ကွဲလွဲလျက် ရှိနေပါသည်။ စီမံချက်အဆင့်တွင် VfM ဆန်းစစ်မှုများ လုပ်ဆောင်နိုင်အတွက် ကူညီပံ့ပိုးရန်လိုအပ်ပြီး ရိုးရှင်းလွယ်ကူခြင်း (သို့) အလိုအလျောက် လုပ်ဆောင်နိုင်ခြင်းတို့လည်း လိုအပ်ပါသည်။ကူညီပံ့ပိုးမှုများ လိုအပ်နေဆဲဖြစ်သော်လည်း LIFT ၏ နောက်လာမည့် အဆင့်အတွက် VfM ဆန်းစစ်မှုအား ချဲ့ထွင်ရန် ခိုင်မာသည့် အခြေခံ အုတ်မြစ်တခု ရှိနေပြီ ဖြစ်ပါသည်။ LIFT ၏ နောက်အဆင့်တွင် မိတ်ဖက် စီမံချက်များ နှင့် ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးတို့မှလည်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်သည်။ သီးသန့်သတ်မှတ်ထားသည့် VfM မူဘောင်များ ဖော်ဆောင်မည်ဖြစ်ပြီး FMO၊ ဒေသဆိုင်ရာ စီမံကိန်း အစီအစဉ် (ရန်ပုံငွေကာလအလိုက်)နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက် (စီမံချက်) အဆင့်များ၏ နယ်ပယ်နှင့် လုပ်ငန်းတာဝန်များအား သတ်မှတ်ရာတွင် အဆင့်သုံးဆင့်ဖြင့် ထောက်ပံ့ထားသည့် MEAL မူဘောင်ကိုလည်း တပြိုင်တည်း အကောင်အထည် ဖော်သွားမည် ဖြစ်သည်။

- ငွေကုန်ရကျိုးနပ်မှု မူဘောင်အား အကောင်အထည်ဖော်ပြီး ဆက်လက်၍ LIFT ယုတ္တိဗေဒမူဘောင် နှင့် LIFT ၏ ရည်မှန်းချက်များ နှင့် ဆက်နွယ်နေသည့် စီမံကိန်းများနှင့် စီမံချက်များ၏ ယုတ္တိဗေဒမူဘောင်များအား အကောင်အထည် ဖော်သွားမည် ဖြစ်ပါသည် -
- VfM ဆန်းစစ်မှု နှင့် အဆင့်တိုင်းရှိ စီမံခန့်ခွဲသူများအတွက် ရိုးရှင်းသော တွက်ချက်မှုများ အသုံးပြုသည့် ရှေ့ပြေး စီမံချက်အား အကောင်အထည်ဖော်မည် ဖြစ်ပါသည်။
- အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့တဖွဲ့ချင်းစီအား သတ်မှတ်ထားသည့် စီမံချက်ဆိုင်ရာ VfM မူဘောင် ကို အသုံးပြု၍ VfM ဆိုင်ရာ သင်တန်းများ လေ့ကျင့် သင်ကြားပေးမည် ဖြစ်ပါသည်။
- အကောင်အထည်ဖော်ရေးမိတ်ဖက် အဖွဲ့တဖွဲ့ချင်းစီ အတွက် သတ်မှတ်ထားသည့် စီမံချက်ဆိုင်ရာ VfM မူဘောင်ကို အသုံးပြု၍ FMO စီမံချက်အရာရှိများအား သင်တန်းပို့ချပေးမည်ဖြစ်သည်။

ရည်မှန်းချက်မှာ စီမံကိန်း၏ အဆင့်တိုင်းတွင် VfM အသုံးပြုဆောင်ရွက်ရန်၊ LIFT နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့အစည်းများရှိ စီမံခန့်ခွဲသူများနှင့် အဓိက အရေးပါသည့်ဝန်ထမ်းများအား သင်တန်းပို့ချပေးရန်၊ ရလဒ်များ ကောင်းစေရန်နှင့် အသုံးစရိတ် လျှော့ချနိုင်ရန် အတွက် တသမတ်တည်းဖြစ်ပြီး အဓိပ္ပာယ်ပြည့်ဝသည့် မက်ထရစ် မူဘောင်တည်ဆောက်ရန်၊ စီမံကိန်း အဆင့်အားလုံးတွင် VfM အချက်အလက်များအား ပုံမှန် ဆန်းစစ်နိုင်ရန်နှင့် ရိုးရှင်းသည့် VfM တွက်ချက် တိုင်းတာမှု ဆောင်ရွက်ရန်တို့ဖြစ်ပါသည်။

၇၃ ဤတိုးမြင့်မှုမှာ HelpAge အသုံးစရိတ်များအတွက် တိုက်ရိုက် မသက်ဆိုင်သော်လည်း LIFT၏ ကူညီပံ့ပိုးမှုမှာ လူမှုဖူလုံရေးအတွက် ငွေလွှဲပေးပို့မှုများ အောင်မြင်သဖြင့် အစိုးရ၏ ယုံကြည်မှု ရရှိအောင် အထောက်အကူဖြစ်စေခဲ့ပါသည်။

၇၄ ၂၀၁၈ ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရက ဘဏ္ဍာရေးနှစ်၏ ရက်စွဲများ ပြောင်းလဲခဲ့သဖြင့် အစီရင်ခံစာ ပြုစုရေးသားနေသည့် အချိန်တွင် ၂၀၁၈ခုနှစ်အတွက် အချက်အလက်များ မရရှိနိုင်ပါ။ ၂၀၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ခုနှစ် ဧပြီလမှအောက်တိုဘာလ အထိဖြစ်ပါသည်။ကိန်းဂဏန်းများအား နောက်နှစ်တွင် ထပ်မံ၍ မှန်ကန်အောင် ပြင်ဆင် ဖြည့်စွက်ပါမည်။









၈.၀

# ရန်ပုံငွေ စီမံခန့်ခွဲမှု

၈.၁

## LIFT ၏ စီမံအုပ်ချုပ်မှု

ပုံ (၈.၁)တွင် ၂၀၁၈ခုနှစ်အတွင်း LIFT၏ စီမံအုပ်ချုပ်ပုံ ဆက်နွယ်မှုများအား ဖော်ပြထားသည်။ အဓိက စီမံအုပ်ချုပ်သည့် စီမံကိန်းစာတမ်းမှာ LIFT အတွက် ရန်ပုံငွေ ပံ့ပိုးပေးသည့် အလှူရှင်အဖွဲ့များအားလုံး လက်မှတ်ရေးထိုးသည့် တရားဥပဒေအရ စည်းနှောင်မှုမရှိသည့် ပူးတွဲဆောင်ရွက်မှု သဘောတူညီချက် (Joint Collaboration Agreement, JCA) ဖြစ်ပါသည်။ JCA တွင် အလှူရှင်အဖွဲ့၊ ရန်ပုံငွေ ဘုတ်အဖွဲ့နှင့် ရန်ပုံငွေစီမံခန့်ခွဲရေး မန်နေဂျာ (Fund Management Office, FMO ဟု ညွှန်းသည်) တို့အတွက် လုပ်ငန်းလမ်းညွှန်များအား နောက်ဆက်တွဲ သုံးခုအဖြစ် ဖော်ပြထားပါသည်။

### အလှူရှင်အဖွဲ့

LIFT ၏ အလှူရှင်အဖွဲ့ သည် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် တွေ့ဆုံစည်းဝေးခဲ့ပြီး LIFT ၏ တိုးတက်မှု အခြေအနေကို သုံးသပ်ကာ ၅-နှစ် သက်တမ်း နောက်ထပ်တဆင့်တိုးရန် ထောက်ခံခဲ့ပါသည်။ ရန်ပုံငွေ ဘုတ်အဖွဲ့အနေဖြင့် ကိုယ်တိုင်သုံးသပ်ချက်မှ တွေ့ရှိသည့်အချက်များအား တင်ပြခဲ့ပြီး ဆောင်ရွက်ရန်လုပ်ငန်းများအား အလှူရှင်အဖွဲ့မှ သဘောတူခဲ့ပါသည်။

၆၉ DFID၊ "ငွေကုန်ရကျိုးနပ်မှု လမ်းညွှန်"၊ ၂၀၁၁

နောက် ငါးနှစ်တာကာလအတွက် မဟာဗျူဟာ ဒီဇိုင်းအား အတည်ပြုနိုင်ရန် အလှူရှင် အဖွဲ့အစည်းအဝေးအား နှစ်ကုန်ပိုင်းတွင် တကြိမ်ထပ်မံ ကျင်းပရန် စီစဉ်ထားပါသည်။

▼ ပုံ ၈.၁
၂၀၁၈ခုနှစ်အတွင်း LIFT၏ စီမံအုပ်ချုပ်ပုံ ဆက်နွယ်မှုများ

| | |
|---|---|
| **အလှူရှင်အဖွဲ့**<br>အလှူရှင်များအားလုံးအား ကိုယ်စားပြုခြင်း | တစ်နှစ်တစ်ကြိမ် တွေ့ဆုံရန်<br>LIFT ၏ မဟာဗျူဟာအား အတည်ပြုရန်<br>စီမံအုပ်ချုပ်မှုအဖွဲ့ဝင်များအား ရွေးချယ်ရန်<br>LIFT ၏ သတ်မှတ်ချိန်အလိုက် သုံးသပ်မှုများ ဆောင်ရွက်ရန် |
| **ရန်ပုံငွေ ဘုတ်အဖွဲ့**<br>အလှူရှင်များအားလုံးအား ကိုယ်စားပြုခြင်း | တစ်နှစ်သုံးကြိမ် တရားဝင်တွေ့ဆုံရန်<br>LIFT ၏ မဟာဗျူဟာ၊ ရန်ပုံငွေ ဆုံးဖြတ်ချက်များ နှင့် ပတ်သက်ဆက်နွယ်သူများ နှင့် ညှိနှိုင်းဆောင်ရွက်မှုများအား အထူးအာရုံစိုက်၍ ဦးဆောင်မှုပေးရန်<br>ရန်ပုံငွေ စီမံခန့်ခွဲမှု ရုံးအဖွဲ့၏ စွမ်းဆောင်မှုအား သုံးသပ်ရန် |
| **ရန်ပုံငွေ စီမံခန့်ခွဲသူ**<br>ရန်ပုံငွေ စီမံခန့်ခွဲရေးရုံးအဖွဲ့ (FMO- UNOPS) | MoPF နှင့် နားလည်မှုစာချွန်လွှာ<br>LIFT ၏ ထိရောက်ပြီး၊ ပွင့်လင်းမြင်သာ၍ စွမ်းဆောင်ရည်ရှိသည့် စီမံခန့်ခွဲမှု ပံ့ပိုးပေးရန်<br>တာဝန်ဝတ္တရားများ တွင် (က) ရန်ပုံငွေ စီမံခန့်ခွဲခြင်း (ခ) စီမံချက်များအား စောင့်ကြည့်ကြီးကြပ်ခြင်း နှင့် စာရင်းစစ်ခြင်း (ဂ) LIFT ၏ သက်ရောက်မှုများအား တိုင်းတာခြင်း (ဃ) ပါဝင်ဆက်နွယ်သူများအား အစီရင်ခံခြင်း |
| **မိတ်ဖက်ခွဲများအပါအဝင် အကောင်အထည်ဖော်ရေး မိတ်ဖက်များ**<br>(UN၊ INGO ၊ CSO ၊ ပုဂ္ဂလိက ကဏ္ဍ၊ သုတေသန နှင့် အစိုးရ) | သက်ဆိုင်ရာ အစိုးရ ဝန်ကြီးဌာနများ/ဦးစီးဌာနများ နှင့် နားလည်မှု စာချွန်လွှာများ<br>LIFT ၏ လုပ်ငန်းဆောင်ရွက်မှု ဆိုင်ရာ လမ်းညွှန်မှုများနှင့်အညီ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း<br>အလွဲသုံးစားပြုမှု နှင့် အကျိုးခံစားခွင့် ရှိသူများအား တာဝန်ခံမှုဆိုင်ရာ မူဝါဒများအား လိုက်နာခြင်း |

ဒီဇိုင်းနှင့် ယုတ္တိဗေဒမူဘောင်အတွက် ရန်ပုံငွေ ဘုတ်အဖွဲ့ ၏ သဘောတူညီမှုရရန် လိုအပ်သည့် အချိန်ထက်ပိုကြာခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် အပြီးသတ်နိုင်ခဲ့ပါသည်။ အလှူရှင်အဖွဲ့အစည်းအဝေးအား ၂၀၁၉ မေလတွင် ကျင်းပရန် စီစဉ်ထားပါသည်။

### ရန်ပုံငွေ ဘုတ်အဖွဲ့

ရန်ပုံငွေဘုတ်အဖွဲ့သည် ၂၀၁၈ ခုနှစ်အတွင်း ပုံမှန်တွေ့ဆုံနေကျထက် ပိုမိုတွေ့ဆုံခဲ့ကာ ၈ကြိမ် တိုင်ရှိခဲ့သည်။ အထူးသဖြင့် နောက်ငါးနှစ်အတွက် မဟာဗျူဟာအသစ်တခုရေးဆွဲရန် အလေးပေးတွေ့ဆုံခဲ့ခြင်းဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် ရန်ပုံငွေ ဘုတ်အဖွဲ့ ကိုယ်စားပြုမှုမှာ - ယူနိုက်တက် ကင်းဒမ် (ဥက္ကဌ)၊ ဥရောပ သမဂ္ဂ၊ ဩစတေးလျ၊ ဆွစ်ဇာလန်၊ အမေရိကန်ပြည်ထောင်စု နှင့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန တို့ဖြင့် ဖွဲ့စည်းထားပါသည်။

### ရန်ပုံငွေ စီမံခန့်ခွဲမှု ရုံး

၂၀၁၈ ခုနှစ်တွင် ရန်ပုံငွေ စီမံခန့်ခွဲမှုရုံးအဖွဲ့ (FMO)တွင် လုပ်သက်ကြာမြင့်သည့် ဝန်ထမ်းများ အလုပ်ထွက်ခြင်းနှင့် ဝန်ထမ်းသစ်များ ရောက်ရှိလာခြင်းတို့ ရှိခဲ့သည်။ စီမံကိန်းဝန်ထမ်း အဖွဲ့ဖြင့် စတင်ခဲ့ပြီး၊ ဝန်ထမ်းများအားလုံးပါဝင်သည့် FMOအား စီမံကိန်း နောက်အဆင့်သို့ ထိရောက်စွာ အသွင်ကူးပြောင်းနိုင်ရန် ကြိုးပမ်းလျက် လက်ရှိလုပ်ငန်းများအား အာရုံစိုက်ပြီး ဆောင်ရွက်ရန်အတွက် ပြန်လည်ထိန်းညှိဆောင်ရွက်ခဲ့ပါသည်။

### မြန်မာနိုင်ငံ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

LIFT ၏ ရန်ပုံငွေ စီမံခန့်ခွဲရေး ရုံးအဖွဲ့ (FMO) နှင့် ရန်ပုံငွေ ဘုတ်အဖွဲ့တို့သည် ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဝန်ကြီး ဌာနအချို့နှင့် ကောင်းမွန်သည့် ဆက်ဆံရေး ထူထောင်ထားပြီးဖြစ်ပါသည်။ ထို့ပြင် LIFT သည် ၎င်း၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များမှတဆင့် အဆင့်တိုင်းရှိ အစိုးရဌာနနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး အသွင်ကူးပြောင်းမှုများနှင့် မြန်မာနိုင်ငံ အစိုးရ၏ ညှိနှိုင်းဆောင်ရွက်ရေး အခန်းကဏ္ဍ အားကောင်းလာခြင်းတို့အား အသိအမှတ်ပြုခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန (MoALI) သည် ၂၀၁၆ ခုနှစ်တွင် ရန်ပုံငွေဘုတ်အဖွဲ့တွင် အစိုးရ၏ ကိုယ်စားလှယ်ဖြစ်လာခဲ့ပါသည်။

LIFT သည် ရန်ပုံငွေ ဘုတ်အဖွဲ့တွင် မြန်မာနိုင်ငံ အစိုးရ ပါဝင်လာစေရန် တဆင့်ချင်း ဆောင်ရွက်ပြီး ကြိုဆိုခဲ့ပါသည်။ ယခုအခါ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (Ethnic Armed Organisations, EAOs) (သို့) အစိုးရမဟုတ်သော လှုပ်ရှားဆောင်ရွက်သူများ (Non-State Actors) များ အပါအဝင် အခြားလှုပ်ရှားဆောင်ရွက်သူများအား အစိုးရ၏ စီမံအုပ်ချုပ်ရေးဖွဲ့စည်းပုံများအတွင်း မည်သို့ ကိုယ်စားပြုမည်ဟူသော မေးခွန်းများ ပေါ်ထွက်လာပါသည်။ စိန်ခေါ်မှုတခုမှာ ကိုယ်စားပြုမှုနှင့် စီမံအုပ်ချုပ်မှု ဆောင်ရွက်ခြင်းတို့ ကိုက်ညီစေရေးဖြစ်ပါသည်။ အဖွဲ့များအားလုံးကို ကိုယ်စားပြုသည့် တရားဝင်သည့် ရပ်တည်မှု ရှာဖွေခြင်းမှာ မဖြစ်နိုင်သည့်အပြင် LIFT အနေဖြင့် ဆုံးဖြတ်ချက်ချမှု နှင့် တာဝန်ခံမှု မြှင့်တင်ခြင်းတို့အား အသိပေးနိုင်ရန် လှုပ်ရှားဆောင်ရွက်သူ အမျိုးမျိုးနှင့် ထိတွေ့ဆောင်ရွက်နိုင်မည့် အခြားသော နေရာများ၊ လုပ်ငန်းစဉ်များနှင့် နည်းလမ်းများ ရှိနိုင်ပါသည်။ ဤကိစ္စအား ၂၀၁၉-၂၀၂၃ မဟာဗျူဟာ အတွက် LIFT ၏ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်အဖြစ် ဆက်လက်ရှာဖွေ ဖော်ထုတ်မည်ဖြစ်သည်။

| ညွှန်းကိန်း | LIFT ၏ ၂၀၁၈ ခုနှစ် ရည်မှန်းချက် | ၂၀၁၈ ခုနှစ်တွင် ပြီးစီးမှု | ပြီးစီးမှု % |
|---|---|---|---|
| သတ်မှတ်ချိန်အတွင်း ရန်ပုံငွေ မန်နေဂျာ (Fund Manager, FM) က ပြီးစီးသည့် ရန်ပုံငွေ ဘုတ်အဖွဲ့ (Fund Board, FB) ၏ အကြံပြုချက်များ % | ၁၀၀% | ၉၂% | ၉၂% |
| စာရင်းစစ်များမှ 'အရေးကြီး ဦးစားပေး' သတ်မှတ်သည့် စာရင်းစစ်သည့် နယ်ပယ်များ (ရန်ပုံငွေ စီမံခန့်ခွဲသူ နှင့် IP များ) နှင့် % | ပါဝင်သူများအားလုံး ၏ '၀' | ၈+ | |

◀ ဇယား ၈.၁
ရန်ပုံငွေ စီမံခန့်ခွဲမှု ရှုံး စွမ်းဆောင်ရည် ညွှန်းကိန်းများ

+ မှတ်ချက်။IPများအတွက် စာရင်းစစ်ခြင်းမှ တွေ့ရှိသည့် (စုစုပေါင်း တွေ့ရှိချက် ၁၇၁ ချက်ထဲမှ) အထူးဦးစားပေး တွေ့ရှိချက် ၈ ခု ရှိပါသည်။ FMO အတွက် အလယ်အလတ် ဦးစားပေးတွေ့ရှိချက် တခု ရှိပါသည်။ ၂၀၁၈ခုနှစ် အသုံးစရိတ်အတွက် စာရင်းစစ်ခြင်းအား ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်မည် ဖြစ်ပါသည်။

## ကဏ္ဍအလိုက်ပေါင်းစပ် ညှိနှိုင်းရေးအုပ်စုများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း

စိုက်ပျိုးရေး နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍပေါင်းစပ်ညှိနှိုင်းရေးအုပ်စု (Agriculture and Rural Development Sector Coordination Group, ARD-SCG)အတွင်း LIFT ၏ လက်ရှိအခန်းကဏ္ဍသည် ARD-SCG လုပ်ငန်းဆောင်ရွက်မှုအပိုင်းအတွက် ပံ့ပိုးကူညီမှုပေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ စီမံကိန်းဦးစီးဌာနနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိကာ USAID နှင့် FAO တို့နှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ တာဝန်အား မူဝါဒအဖွဲ့မှ ကူညီပံ့ပိုးပေးပြီး၊ ပူးပေါင်းဆောင်ရွက်မှုသည် LIFTနှင့် သက်ဆိုင်သည့် အသုံးဝင်သည့် အသိအမြင်များ ဖြစ်ထွန်းစေကာ မိတ်ဖက်များနှင့် စီမံကိန်းများကြား ချိတ်ဆက်ပေးပြီး ကောင်းမွန်သည့် လုပ်ငန်းပိုင်းဆိုင်ရာ ဆက်ဆံရေး ဖြစ်စေရန် ပံ့ပိုးပေးပါသည်။ LIFT သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး၊ ယူနီဆက်ဖ်မှ ပူးတွဲ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် လူမှုကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှု ညှိနှိုင်းရေးအုပ်စုခွဲနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အာဟာရကဏ္ဍတွင် မြန်မာနိုင်ငံရှိ အဓိက အလှူရှင်အဖွဲ့အချို့ နှင့် အာဟာရနည်းပညာဆိုင်ရာ လုပ်ရှားဆောင်ရွက်သူများအား စုစည်းပေးသည့် မြန်မာနိုင်ငံ အာဟာရဆိုင်ရာ နည်းပညာ ကွန်ရက်နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။.

## LIFT မဟာဗျူဟာ ရေးဆွဲရေး

LIFT မဟာဗျူဟာမှာ LIFT ၏ တွေးတောဆင်ခြင်မှု၊ အလေးထားအာရုံစိုက်မှု နှင့် ဦးတည်မှု တို့အား ကိုယ်စားပြုသည့် LIFT ၏ တာဝန်ခံမှုဆိုင်ရာ အဓိက စာတမ်းဖြစ်ပါသည်။ ယခင် မဟာဗျူဟာ မှာ ၂၀၁၄-၂၀၁၈ အား လွှမ်းခြုံပြီး ၂၀၁၈ခုနှစ်အတွင်းတွင် ၂၀၁၉-၂၀၂၃ အတွက် မဟာဗျူဟာအသစ်အား ရေးဆွဲပြုစုခဲ့ပါသည်။ ၂၀၁၇ နှစ်ကုန်ပိုင်းတွင် နောက်တဆင့်စတင်ရန် ရန်ပုံငွေဘုတ်အဖွဲ့နှင့်အတူ ဆွေးနွေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်မှာ ရန်ပုံငွေဘုတ်အဖွဲ့ နှင့် FMO အတွက် အထူးသဖြင့် တာဝန်ကြီးလေးသည့် နှစ်တနှစ် ဖြစ်ခဲ့ပါသည်။ စီမံချက်များ ပိတ်သိမ်းရန်၊ ဘတ်ဂျက်ထပ်မံတိုးခြင်းမရှိဘဲ စီမံချက်ကာလ သက်တမ်းတိုးခြင်း နှင့် ဘတ်ဂျက်နှင့် စီမံချက် ကာလ သက်တမ်းတိုးခြင်းများ ဆောင်ရွက်ရန်ဖြစ်ပြီး မဟာဗျူဟာ အဟောင်း နှင့် အသစ်ကြား ပေါင်းကူးရန်အတွက် အဆိုပြုလွှာအသစ်များလည်း ရေးသားပြုစုခဲ့ကာ တချိန်တည်းမှာပင် မဟာဗျူဟာအသစ်အား ရေးဆွဲခဲ့ရပါသည်။ ရန်ပုံငွေ ဘုတ်အဖွဲ့ မှ မဟာဗျူဟာအား ခွင့်ပြုပေးခဲ့ပြီး အလှူရှင်အဖွဲ့မှ အတည်ပြုပေးရန် တင်ပြမည်ဖြစ်ပါသည်။

## စီမံအုပ်ချုပ်ရေး သုံးသပ်မှု

၂၀၁၈ ခုနှစ်တွင် LIFT ရန်ပုံငွေ ဘုတ်အဖွဲ့သည် LIFT ၏ စီမံအုပ်ချုပ်ရေး ဖွဲ့စည်းပုံက ကောင်းမွန်စွာ ပြည့်စုံခြင်း ရှိမရှိ နှင့် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များ နှင့် သင့်တော်မှု ရှိ၊မရှိ ကို အဓိကထားသည့် ရည်ရွယ်ချက်နှင့်အတူ စီမံအုပ်ချုပ်ရေးသုံးသပ်မှုအား ဆောင်ရွက်စေရန် တာဝန်ပေးခဲ့ပါသည်။ အစီရင်ခံစာအား အချောသတ်လျက်ရှိပြီး LIFT ရန်ပုံငွေ ဘုတ်အဖွဲ့မှ အကြံပြုချက်များအား သုံးသပ်လျက်ရှိပါသည်။

## အစိုးရအတွက် ရန်ပုံငွေ ပံ့ပိုးမှု

၂၀၁၇ခုနှစ်တွင် LIFT ၏ ပထမဦးဆုံး စီမံကိန်း သဘောတူညီချက် ဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေးပံ့ပိုးမှုအစီအစဉ် (MCCT)ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (Ministry of Social Welfare, Relief and Resettlment, MSWRR) အောက်မှ လူမှုဝန်ထမ်း ဦးစီးဌာန နှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။ ချင်းပြည်နယ်တဝှမ်းတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်၎င်းအစီအစဉ်အား အနည်းဆုံး၂၀၁၉ခုနှစ်လယ် အထိ ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။ ၂၀၁၈ခုနှစ်တွင် လေ့လာသင်ယူခဲ့သည့် သင်ခန်းစာများ၊ ကွင်းဆင်းလေ့လာသုံးသပ်မှု ခရီးစဉ်များ၊ ညှိနှိုင်းရေး အစည်းအဝေးများ နှင့် အသိပညာ မျှဝေသည့် သင်ခန်းစာများမှတဆင့် စီမံချက်ဆိုင်ရာ ထိန်းချုပ်မှုများ နှင့် လုပ်ငန်းစဉ်များ အားကောင်းစေခဲ့ပါသည်။ ၎င်းသို့ဖြင့် LIFTသည် အလားတူ စီမံချက်များအား ကယားပြည်နယ် နှင့် ကရင်ပြည်နယ်တို့တွင် ထပ်မံ ဆောင်ရွက်နိုင်စေရန် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကူညီပံ့ပိုးမှု ဖြစ်စေခဲ့ပါသည်။

## ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီ ရရှိရေး ရန်ပုံငွေ (Access to Health Fund) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၂၀၁၈ခုနှစ်တွင် LIFT သည် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီ ရရှိရေး ရန်ပုံငွေ (ယခင် က 3MDG) အဖွဲ့နှင့်အတူ စီမံကိန်း စီမံခန့်ခွဲမှု နှင့် စီမံကိန်း ဆောင်ရွက်မှု တို့တွင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေခဲ့ပါသည်။ အထူးသဖြင့် အာဟာရကဏ္ဍတွင် ရန်ပုံငွေ နှစ်ခုလုံးအတွက် အာဟာရစီမံကိန်းများ နှင့် မဟာဗျူဟာများကို ရေးဆွဲရန် နည်းပညာဆိုင်ရာ အကြံပေးတစ်ဦးကို ခန့်ထားခဲ့သည်။ ထိုအကြံပေးနှင့် အခြားစီမံကိန်းအရာရှိများဖြင့် အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာန (National Nutrition Centre, NNC) ကို ပံ့ပိုးကူညီခဲ့သည်။ NNC သည် Access to Health မှ ရန်ပုံငွေ ပံ့ပိုးမှုကိုလည်း ရရှိခဲ့သည်။

## စီမံကိန်း စီမံခန့်ခွဲမှု ရုံး စတင်ဖွဲ့စည်းခြင်း

၂၀၁၈ခုနှစ်တွင် Global Fund ၏ အဓိက ရန်ပုံငွေ ရရှိသည့် အဖွဲ့အစည်းဖြစ်သည့် UNOPS မြန်မာသည် အလှူရှင်များစွာ စုပေါင်းထည့်ဝင်သည့် ရန်ပုံငွေကြီး သုံးရပ် ( Joint Peace Fund၊ JPF၊ Access to Health နှင့် LIFT) တို့အား စီမံခန့်ခွဲခဲ့ပြီး ၂၀၁၉ခုနှစ် အစောပိုင်းတွင် Switzerland' State Secretariat for Economic Affairs (SECO) စီမံကိန်းအတွက် UN Trade Cluster ၏ ရန်ပုံငွေကို စတင် စီမံခန့်ခွဲခဲ့ပါသည်။ ယခင်က ရန်ပုံငွေ တခုချင်းစီအတွက် ပံ့ပိုးပေးသည့် စီမံကိန်း အထောက်အကူပြုဌာနများ ကိုပေါင်းစည်းရန် သဘောတူညီချက်အား လိုက်နာသည့် အနေဖြင့် စီမံကိန်း စီမံခန့်ခွဲမှု ရုံး (Programme Management Office, PMO) အား ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ ဤရုံး၏ မျှဝေထားသည့် ဖွဲ့စည်းပုံ ပုံစံသည် အဓိက စီမံကိန်း အထောက်အကူပြု အဓိက လုပ်ငန်းတာဝန် (၄) ရပ်ဖြစ်သည့် ထောက်ပံ့ငွေ စီမံခန့်ခွဲခြင်း၊ အုပ်ချုပ်ရေး နှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ ဘတ်ဂျက် ရေးဆွဲခြင်း နှင့် အစီရင်ခံခြင်း၊ ကြီးကြပ်ခြင်း နှင့် စာရင်းစစ်ခြင်းတာဝန်များကို ထမ်းဆောင်လျက်ရှိပြီး ဆုံးရှုံးနိုင်ချေ စီမံခန့်ခွဲခြင်း၊ ဖွဲ့စည်းမှု နှင့် စီမံအုပ်ချုပ်မှုပိုင်း ဆိုင်ရာမူဝါဒများနှင့်အညီ လိုက်နာဆောင်ရွက်မှုရှိမရှိကို လွှမ်းခြုံသုံးသပ်အကြံပြုပေးခြင်း (due diligence) ၊ စွမ်းဆောင်ရည် စီမံခန့်ခွဲခြင်း နှင့် ရန်ပုံငွေများအကြား ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကဲ့သို့သော စီမံကိန်း စီမံခန့်ခွဲမှုမှ သီးခြားခေါင်းစဉ် ခွဲထားခြင်းမရှိသည့် ကိစ္စရပ်များအားလည်း ညှိနှိုင်းဆောင်ရွက်ပေးပါသည်။ ၂၀၁၈ ခုနှစ်တွင် ဤဆောင်ရွက်မှုပုံစံသည် လုပ်ငန်းစဉ်များအား လိုက်လျောညီထွေဖြစ်စေခြင်းနှင့် စံ သတ်မှတ်၍ လုပ်ကိုင်ခြင်းတို့ဖြင့် LIFT နှင့် အခြား ရန်ပုံငွေများအတွက် အလေ့အကျင့်ကောင်းများအား သင်ယူအသုံးပြုနိုင်စေပြီး ရန်ပုံငွေဘုတ်အဖွဲ့နှင့် အလှူရှင်အဖွဲ့များအတွက် ပြောင်းလွယ်ပြင်လွယ်ရှိမှု နှင့် လိုက်လျောညီထွေရှိမှုတို့အား ဆက်လက် ထိန်းသိမ်းထားပါသည်။

အခြား အစီအစဉ်များအပြင် LIFT၏ အလှူရှင်များမှ ဦးဆောင်သည့် due diligence အကဲဖြတ်မှုများအား PMO မှညှိနှိုင်းပေးခဲ့ခြင်း၊ ရန်ပုံငွေ ရယူအသုံးပြုသည့် မိတ်ဖက်အဖွဲ့များ အတွက် due diligence အကဲဖြတ်မှု ဆောင်ရွက်နိုင်ရန် ပြည့်စုံလုံလောက်သည့် PMO အကဲဖြတ်မှုကို ရေးဆွဲခြင်း၊ လုပ်ငန်းဆောင်ရွက်မှုနှင့် မဟာဗျူဟာပိုင်းမှ မိတ်ဖက်အဖွဲ့အစည်းများအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခဲ့ကာနှင့် မိတ်ဖက်များအတွက် စွမ်းဆောင်ရည်တည်ဆောက်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။




▲ ပုံ ၈.၂
၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်ရှိ
ရန်ပုံငွေအလိုက် စီမံချက် အခြေအနေ

၈.၂

## LIFT ၏ ရန်ပုံငွေများ ခွဲဝေမှု

LIFT သည် ရန်ပုံငွေ ဘုတ်အဖွဲ့ မူဝါဒများနှင့်အညီ ပွင့်လင်းမြင်သာသည့် ပုံစံဖြင့် ရန်ပုံငွေခွဲဝေမှုအား မည်သည့် အတိုင်းအတာအထိ ဆောင်ရွက်သည်ကို စောင့်ကြည့်ရန် ညွှန်းကိန်းများအား အသုံးပြုခဲ့ပါသည်။ ရန်ပုံငွေ စီမံခန့်ခွဲရေး ရုံး (FMO) သည် အားကောင်းသည့် ငွေကြေးနှင့် စီမံခန့်ခွဲဆိုင်ရာ ထိန်းချုပ်မှုများ ထားရှိပြီး တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိပါသည်။ LIFT FMO၏ နှစ်အလိုက် စာရင်းစစ်ခြင်းအား ၂၀၁၈ခုနှစ် မေလတွင် ဆောင်ရွက်ခဲ့ပါသည်။ စာရင်းစစ်အဖွဲ့မှ ယေဘုယျအားဖြင့် တခုလုံးအား 'ကျေနပ်ဖွယ်အဆင့်' သတ်မှတ်ပေးခဲ့ပြီး စာရင်းစစ်လုပ်ငန်းတွင် ပါဝင်သည့် ဘဏ္ဍာရေး၊ ဝယ်ယူရေး နှင့် ထောက်ပံ့ရေး၊ လူ့စွမ်းအား အရင်းအမြစ်၊ စီမံချက် စီမံခန့်ခွဲမှု နှင့် အထွေထွေအုပ်ချုပ်ရေး နယ်ပယ်များတွင်လည်း ကျေနပ်ဖွယ်အဆင့် သတ်မှတ်ပေးခဲ့ပါသည်။ ဘဏ္ဍာရေးဌာနတွင် အလယ်အလတ်အဆင့် ဦးစားပေး တွေ့ရှိချက် တခု ရှိပါသည်။

အကောင်အထည်ဖော်ရေး မိတ်ဖက်များအား စာရင်းစစ်သည့် လုပ်ငန်းတွင် စုစုပေါင်း စီမံချက် ၇၁ ခုဖြင့် LIFT စတင်ဖွဲ့စည်းသည့် အချိန်မှ စ၍ စီမံချက်အများဆုံး စာရင်းစစ်ရသည့် နှစ် ဖြစ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် စာရင်းစစ်သည့် စီမံချက် ၆၆ ခုရှိပါသည်။ ယခင်နှစ်က အထူးဦးစားပေး တွေ့ရှိချက် ၇ခုရှိခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ၈ ခု တွေ့ရှိသဖြင့် အနည်းငယ် တိုးလာသည်ကို တွေ့ရှိရပါသည်။

၂၀၁၈ခုနှစ်တွင် LIFT မှ ထောက်ပံ့ငွေ ၈၇ ခု စီမံခန့်ခွဲခဲ့ပြီး ထိုအထဲမှ ဒီဇင်ဘာတွင် ပြီးဆုံးခဲ့သည့် ၅ ခုအပါအဝင် ၁၀ခုမှာ ၂၀၁၈ တွင် ပြီးဆုံးခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်တွင် LIFT တွင် ဆောင်ရွက်ဆဲ စီမံချက် ၇၇ ခုဖြင့် စတင်သည့်အချိန်မှ စီမံချက်အများဆုံး ဆောင်ရွက်ခဲ့သည့် နှစ်ဖြစ်ပါသည်။ ၂၀၁၈ခုနှစ်တွင် LIFT သည် မိတ်ဖက် အဖွဲ့ ၆၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ပြီး ပါဝင်သည့် မိတ်ဖက်အချိုးမှာ ၂၀၁၇ နှင့် တူညီပါသည် ( ပုံ ၈.၁ ကို ကြည့်ရန်)

| | လက်မှတ်ထိုးပြီးစာချုပ်များ | | | စီမံချက်များ | စာချုပ်ပြင်ဆင်ချက် | |
|---|---|---|---|---|---|---|
| | ၂၀၁၇ ဒီဇင်ဘာလကုန်ထိ(B) | ၂၀၁၈ ဒီဇင်ဘာလကုန်ထိ (C) | ပြီးဆုံးသည့်(D) | ဆောင်ရွက်ဆဲ စီမံချက်(E=C-D) | ၂၀၁၇ ဒီဇင်ဘာလကုန်ထိ (G) | ၂၀၁၈ ဒီဇင်ဘာလကုန်ထိ (H) |
| မြစ်ဝကျွန်းပေါ် - ၁ | ၂၂ | ၂၂ | ၂၂ | ၀ | ၃၁ | ၃၁ |
| နိုင်ငံတဝန်း | ၁၉ | ၁၉ | ၁၉ | ၀ | ၄၉ | ၄၉ |
| မြစ်ဝကျွန်းပေါ် -၂ | ၁၀ | ၁၀ | ၁၀ | ၀ | ၂၅ | ၂၅ |
| အခြား<br>တိုက်ရိုက် ထောက်ပံ့မှု နှင့် QESM | ၄ | ၄ | ၃ | ၁ | ၇ | ၈ |
| လေ့လာသင်ယူမှုနှင့် တီထွင်ဆန်းသစ်မှု | ၂၇ | ၂၇ | ၁၉ | ၈ | ၇၀ | ၈၂ |
| ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁၆ | ၁၆ | ၇ | ၉ | ၂၁ | ၃၇ |
| ရခိုင်ဒေသ | ၁၂ | ၁၆ | ၉ | ၇ | ၁၂ | ၁၆ |
| အပူပိုင်းဇုန် | ၁၃ | ၁၈ | ၅ | ၁၃ | ၁၅ | ၂၇ |
| မြစ်ဝကျွန်းပေါ် - ၃ | ၁၀ | ၁၀ | ၀ | ၁၀ | ၁၀ | ၁၇ |
| တောင်တန်းဒေသ | ၁၅ | ၁၆ | ၄ | ၁၂ | ၆ | ၁၆ |
| ပုဂ္ဂလိကကဏ္ဍ | ၂ | ၃ | ၂ | ၁ | ၂ | ၃ |
| ရွှေ့ပြောင်းသွားလာရေး | ၇ | ၇ | ၀ | ၇ | ၇ | ၁၂ |
| အရပ်ဘက်လူမှုအဖွဲ့အစည်း | ၆ | ၆ | ၀ | ၆ | ၄ | ၈ |
| ရေဘေးသင့်ဒေသများအတွက် ပံ့ပိုးမှု | ၃ | ၃ | ၃ | ၀ | ၂ | ၂ |
| အာဟာရ | ၂ | ၃ | ၀ | ၃ | ၀ | ၃ |
| | ၁၆၈ | ၁၈၀ | ၁၀၃ | ၇၇ | ၂၆၁ | ၃၃၆ |

▲ ဇယား၈.၂
၂၀၁၈ခုနှစ်ဒီဇင်ဘာလကုန်ရှိ ရန်ပုံငွေအလိုက် စီမံချက် အခြေအနေ

| ညွှန်းကိန်း | LIFT ၏ ၂၀၁၈ ရည်မှန်းချက် | ၂၀၁၈ ပြီးစီးမှု | ပြီးစီးသည့် ရာခိုင်နှုန်း |
|---|---|---|---|
| IP များနှင့် ချုပ်ဆိုထားသည့် စာချုပ်များနှင့် အညီ FMOက ထုတ်ပေးသည့် ရန်ပုံငွေ ရာခိုင်နှုန်း | ၈၇% | ၉၈.၅% ^ | ၁၁၂% |
| FMOက ဘဏ္ဍာရေး သုံးသပ်ချက် ပြီးစီးသည့် IP ရာခိုင်နှုန်း | ၁၀၀% | ၁၀၀% | ၁၀၀% |

▶ ဇယား ၈.၃
၂၀၁၈ ခုနှစ် ရန်ပုံငွေ စီးဆင်းမှု နှင့် အကောင်အထည်ဖော်ရေး မိတ်ဖက် စွမ်းဆောင်မှု

၈.၃

# ရန်ပုံငွေ စီးဆင်းမှု နှင့် မိတ်ဖက်များ၏ လုပ်ဆောင်မှု

LIFT သည် ရန်ပုံငွေစီးဆင်းမှု စွမ်းဆောင်ရည်အား တိုင်းတာရန် ညွှန်းကိန်း ၂ခု အား အသုံးပြုခဲ့သည်။ ဇယား ၈.၃ တွင် ဖော်ပြထားသည့်အတိုင်း LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များသည်LIFT၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လမ်းညွှန်များအား တိကျစွာ လိုက်နာခဲ့ပြီး ကောင်းမွန်သည့် ငွေကြေးဆိုင်ရာ ထိန်းချုပ်မှုများလည်း ရှိကြသည်။

IPများကအသုံးပြုသည့်စုစုပေါင်းအသုံးစရိတ်၏ ၁.၅ရာခိုင်နှုန်းကို ကိုယ်စားပြုသည့် အမေရိကန်ဒေါ်လာ၇၄၂,၉၂၂ မှာ သုံးခွင့်မရှိသည့် အသုံးစရိတ်များဖြစ်နေသည်ကို တွေ့ရှိရသည်။ (ယခင်နှစ်က .၀၅၃ ရာခိုင်နှုန်းရှိခဲ့သည်)

ထို့ပြင် LIFT သည် အကောင်အထည်ဖော်ရေး မိတ်ဖက်များ၏ စီမံချက် စီမံခန့်ခွဲမှု စွမ်းဆောင်ရည်အား စောင့်ကြည့် ကြီးကြပ်ရန် လိုအပ်ချက်နှင့်အံ့ဝင်ခွင်ကျဖြစ်စေရန် စီမံထားသည့် ‘ဝါစိမ်းနီ’ (Traffic Light) နည်းလမ်းအား ၂၀၁၂ ခုနှစ်မှ စ၍ အသုံးပြုခဲ့သည်။ ၂၀၁၈ခုနှစ်တွင် ဆောင်ရွက်ဆဲဖြစ်သည့် စီမံချက်များ၏ ရလဒ်များအား ဇယား၈.၄တွင် အကျဉ်းချုပ် ဖော်ပြထားပါသည်။ ဤနည်းလမ်းဖြင့် စုစုပေါင်း စီမံချက် ၇၂ခု အား အကဲဖြတ်ခဲ့ပြီး LIFT စီမံကိန်း စတင်သည့်အချိန်မှ အရေအတွက် အများဆုံး ဖြစ်ခဲ့သည်။ယင်းမှာ၂၀၁၈ခုနှစ် စီမံကိန်း ဆောင်ရွက်ချက်တွင် ထင်ဟပ်စေခဲ့ပြီး စီမံကိန်းများ အပြည့်အဝ အကောင်အထည်ဖော်နေခြင်းကို ပြသခဲ့သည်။‘ဝါစိမ်းနီ’ နည်းလမ်း၏ရလဒ်များမှ ၂၀၁၇ ခုနှစ် ရလဒ်များနှင့် တူညီပါသည်။ ယေဘုယျအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှု တိုးမြင့်လာသည့် မိတ်ဖက်အဖွဲ့များ၏ ရာခိုင်နှုန်းတိုးလာမှုနှင့် နှစ်စဉ် အသုံးစရိတ်နှုန်းများတိုးလာမှုကြောင့် ယခင်နှစ်များထက်စာလျှင် မိတ်ဖက်များ၏စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာသည်ကိုတွေ့ရသည်။ သို့ဖြစ်၍ ‘အလယ်အလတ်အဆင့် ဆုံးရှုံးနိုင်ခြေ’ ကော်လံတွင် အနည်းငယ် လျော့ကျသွားစေပါသည်။ လက်တွေ့ပိုကျသည့် ဘတ်ဂျက်များ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ရာတွင် နှောင့်နှေးမှုရှိပါက သတိပေးခြင်းတို့အား အကောင်အထည်ဖော်ရေး မိတ်ဖက်များနှင့်နီးကပ်စွာဆောင်ရွက်ရန်ကြိုးပမ်းနိုင်ခဲ့သဖြင့် ၇၀ရာခိုင်နှုန်းအောက်သာ ဆောင်ရွက်နိုင်သည့် စီမံကိန်း ရာခိုင်နှုန်းမှာ လျော့ကျလာသည်။ (ဥပမာ ၂၀၁၇ အကောင်အထည်ဖော်နှုန်းမှာ အနီရောင်ကော်လံတွင်

| ညွှန်းကိန်း | ဆုံးရှုံးနိုင်ချေ နည်း (အစိမ်း) သတ်မှတ်နှုန်း | ဆုံးရှုံးနိုင်ချေ နည်း (အစိမ်း) ထောက်ပံ့ငွေ% | ဆုံးရှုံးနိုင်ချေ အလယ်အလတ်အဆင့် (အဝါ) သတ်မှတ်နှုန်း | ဆုံးရှုံးနိုင်ချေ အလယ်အလတ်အဆင့် (အဝါ) ထောက်ပံ့ငွေ% | ဆုံးရှုံးနိုင်ချေမြင့် (အနီ) သတ်မှတ်နှုန်း | ဆုံးရှုံးနိုင်ချေမြင့် (အနီ) ထောက်ပံ့ငွေ% |
|---|---|---|---|---|---|---|
| အကောင်အထည်ဖော်နှုန်း | >၉၀% လမ်းကြောင်းမှန် | 46% | ၇၁% - ၉၀% လမ်းကြောင်းမှန် | 31% | <=၇၀% လမ်းကြောင်းမှန် | 24% |
| နှစ်စဉ် အသုံးစရိတ် | >၉၀% သုံးပြီး | 43% | ၇၁% - ၉၀% သုံးပြီး | 32% | <=၇၀% သုံးပြီး | 25% |
| အချိန်မှန် အစီရင်ခံမှု | ၀ ရက်နောက်ကျ | 94% | ၁-၇ ရက်နောက်ကျ | 3% | > ၈ရက်နောက်ကျ | 3% |
| အစီရင်ခံစာ ပြည့်စုံမှု | ၁၀၀%ပြီးစီး | 98% | ၇၁ - ၉၉% ပြီးစီး | 2% | <=၇၀%ပြီးစီး | 0% |
| စီမံခန့်ခွဲနိုင်မှု** | ၀ တွေ့ရှိ | 40% | ၁-၃ တွေ့ရှိ | 46% | >၃ တွေ့ရှိ | 14% |
| ယေဘုယျနှုန်း *** | | | | | | |
| ၂၀၁၈ | 45% | | 44% | | 11% | |
| ၂၀၁၇ | 45% | | 45% | | 11% | |
| ၂၀၁၆ | 49% | | 45% | | 6% | |
| ၂၀၁၅ | 41% | | 45% | | 14% | |
| ၂၀၁၄ | 51% | | 37% | | 12% | |
| ၂၀၁၃ | 48% | | 41% | | 11% | |
| ၂၀၁၂ | 32% | | 41% | | 32% | |

▲ ဇယား ၈.၄
၂၀၁၈ ခုနှစ် 'ဝါစိမ်းနီ'* စီမံချက် စီမံခန့်ခွဲမှု ညွှန်းကိန်းများ အနှစ်ချုပ်

ဖော်ပြထားသည့် ၃၅% ဖြစ်ပြီး ယခုနှစ်တွင် ၂၄ % သာ ရှိသည်)

အသုံးစရိတ် လျော့နည်းရခြင်း အကြောင်းရင်းများမှာ အမျိုးမျိုး ရှိသော်လည်း ရံဖန်ရံခါတွင် အကောင်အထည်ဖော်ရေး မိတ်ဖက်များမှ စီမံချက် စတင်သည့် ပထမနှစ်တွင် ရည်မှန်းချက်များ မြင့်လွန်းသဖြင့် စီမံချက်များ ထူထောင်ရာတွင် နှောင့်နှေးမှုများ တွေ့ကြုံရတတ်သည်။ ထို့ပြင် ၂၀၁၈ခုနှစ်အတွင်း ပဋိပက္ခ ဖြစ်ပွားသည့် ဒေသများတွင် ပိုမိုလုပ်ကိုင် ဆောင်ရွက်ရသည့်အတွက် စီမံကိန်းဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ထပ်မံကြုံတွေ့ခဲ့ရပါသည်။ အကောင်အထည်ဖော်ရေး မိတ်ဖက်တဖွဲ့ချင်းစီ၏ ဝါစိမ်းနီ ရလဒ်များအား သက်ဆိုင်ရာ အဖွဲ့အား အသိပေးမည်ဖြစ်သည်။ တဖက်တွင်လည်း FMOသည် ဝါစိမ်းနီ နည်းလမ်း၏ ယေဘုယျ ရလဒ်များအား အသုံးပြုပြီး ဖော်ဆောင်ထားပြီးဖြစ်သည့် စနစ်များ နှင့် ဆောင်ရွက်ပုံများအား ဆန်းစစ်ရန်မည်ဖြစ်ပါသည်။

၈.၄

## ဘဏ္ဍာရေး

LIFT သည် ၂၀၁၇ နှစ်ကုန်တွင် အမေရိကန်ဒေါ်လာ ၄၅၁ သန်းမှ ၂၀၁၈ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၀၉ သန်း အထိ တိုးမြင့်ခဲ့သည်။ LIFT မှ ၂၀၁၈ ခုနှစ်အတွက် စီမံကိန်းဆောင်ရွက်ရန် ဘတ်ဂျက် အမေရိကန် ဒေါ်လာ ၆၉.၄ သန်း လျာထားခဲ့ပြီး အနည်းငယ်လျော့နည်းကာ အမေရိကန် ဒေါ်လာ ၆၄.၆ သန်းသာ အသုံးပြုခဲ့ပြီး ယင်းပမာဏမှာ ၂၀၁၀ခုနှစ် စီမံကိန်းစတင်လုပ်ကိုင်သည့် အချိန်မှစ၍ နှစ်စဉ်အသုံးစရိတ် ဒုတိယအမြင့်ဆုံးဖြစ်ပါသည်။ လက်ရှိ ထောက်ပံ့ငွေ ရယူနေသည့်အဖွဲ့များမှ ကောင်းစွာ ဆောင်ရွက်နိုင်သော်လည်း အကြောင်းရင်းတချို့ကြောင့် စီမံကိန်း ဆောင်ရွက်မှု အနည်းငယ် နောက်ကျနေပြီး အဓိကအကြောင်းရင်းများမှာ ထောက်ပံ့ငွေ နှောင့်နှေးခြင်း (ဩဘာ၊ မြေယာ၊ ရခိုင်)၊ ထောက်ပံ့ငွေမဟုတ်သော ပံ့ပိုးမှု လျော့ချခြင်း (ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်း) နှင့် ဝန်ထမ်း အပြောင်းအလဲများ နှင့် စွမ်းဆောင်ရည်များကြောင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ ဘတ်ဂျက် အသုံးပြုမှု မှ သတ်မှတ်ဘတ်ဂျက်ထက် လျော့နည်းခြင်း တို့ဖြစ်သည်။

^ ဤရာခိုင်နှုန်းမှာ စုစုပေါင်း အသုံးစရိတ်မှ သုံးခွင့်မရှိယူယူဆသည့် IP အသုံးစရိတ်ပမာဏ ရာခိုင်နှုန်းပေါ်တွင် အခြေခံထားခြင်းဖြစ်ပြီး ၂၀၁၇ အသုံးစရိတ် စာရင်းစစ်ခြင်းပေါ်တွင် အခြေခံပါသည်။ (IP ၏ စုစုပေါင်း အသုံးစရိတ်၏ ၁၅%)
* ၂၀၁၉ခုနှစ် ဧပြီလတွင် ထောက်ပံ့ငွေ အစီအစဉ် ၇၂ခု ခန့်မှ ရရှိသည့် အချက်အလက်ပေါ်တွင် အခြေခံထားခြင်းဖြစ်ပြီး ကုလသမဂ္ဂ အဖွဲ့အစည်းများအတွက် ပေးသည့် ထောက်ပံ့ငွေများအား စာရင်းစစ်ခြင်း မပြုသဖြင့် အချို့သော ညွှန်းကိန်းများတွင် မပါဝင်ချေ။
** ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ခြင်းအား နောက်နှစ်ဒုတိယ ၃လပတ်အတွင်းတွင်ဆောင်ရွက်သဖြင့် ၂၀၁၉ခုနှစ် ဧပြီလတွင် ရနိုင်သည့် အချက်အလက် ပေါ်တွင် အခြေခံထားသည်။
*** ယေဘုယျနှုန်းအား ညွှန်းကိန်း ငါးခု အနက်မှ တခုချင်းစီ၏ ဆုံးရှုံးနိုင်ချေ သုံးသပ်ချက်၏ အမှတ်ပေးဇယား အတိုင်း သတ်မှတ်ထားခြင်းဖြစ်သည်။

* ငွေလဲလှယ်နှုန်း အပြောင်းအလဲ ရှိခြင်းကြောင့် ၂၀၁၇ ခုနှစ် ကတိကဝတ်ပြုခဲ့သည့် ကိန်းဂဏန်းများနှင့် အနည်းငယ် အပြောင်းအလဲရှိနိုင်ပါသည်။

▶ ဇယား ၈.၅
ဒီဇင်ဘာ ၃၁ အထိ
အလှူရှင်/အဖွဲ့များ၏စုစုပေါင်း
ထည့်ဝင်မှုများ

| အလှူရှင် | လက်မှတ်ထိုးပြီး ကတိကဝတ်များ* အမေရိကန်ဒေါ်လာ | ရာခိုင်နှုန်း |
|---|---|---|
| ဩစတေးလျ | ၂၆,၁၇၀,၄၃၉ | ၅.၂% |
| ဒိန်းမတ် | ၉,၉၉၁,၅၆၆ | ၂.၀% |
| ဥရောပ သမဂ္ဂ | ၁၄၄,၀၅၈,၇၉၇ | ၂၈.၅% |
| ပြင်သစ် | ၁,၃၁၉,၈၀၀ | ၀.၃% |
| အိုင်ယာလန် | ၁,၈၀၀,၃၅၄ | ၀.၄% |
| အီတလီ | ၈၅၂,၀၄၀ | ၀.၂% |
| လူဇင်ဘတ် | ၁,၁၃၂,၄၆၃ | ၀.၂% |
| မစ်ဆူဘီရှီ | ၂၀၀,၀၀၀ | ၀.၀% |
| နယ်သာလန် | ၂,၉၅၀,၀၀၀ | ၀.၆% |
| နယူးဇီလန် | ၈၀၉,၆၅၀ | ၀.၂% |
| ဆွီဒင် | ၂,၇၂၅,၇၇၆ | ၀.၅% |
| ဆွစ်ဇာလန် | ၂၅,၂၄၉,၃၁၈ | ၅.၀% |
| ဗြိတိန် | ၂၆၅,၆၄၉,၂၁၀ | ၅၂.၆% |
| အမေရိကန် ပြည်ထောင်စု | ၁၇,၄၃၀,၀၀၀ | ၃.၅% |
| UNDP/ PGMF | ၄,၆၉၄,၃၉၉ | ၀.၉% |
| အလှူရှင်များ၏စုစုပေါင်း ထည့်ဝင်မှုများ | ၅၀၅,၀၃၃,၈၁၁ | ၁၀၀% |
| ရရှိသည့် အတိုးနှုန်း | ၃,၈၈၁,၅၁၇ | |
| | ၅၀၈,၉၁၅,၃၂၈ | |

▶ ပုံ ၈.၃
LIFT အလှူရှင်များ၏
ထည့်ဝင်မှု စုစုပေါင်း
(ကန်ဒေါ်လာ သန်းပေါင်း)
၂၀၁၀ - ၂၀၁၈




▶ ဇယား ၈.၆
၂၀၁၈ ခုနှစ်အတွက် LIFT ၏ အသုံးစရိတ်

| | ဘတ်ဂျက် အမေရိကန်ဒေါ်လာ | အမှန်တကယ်အသုံးပြုမှု အမေရိကန်ဒေါ်လာ | ပို/လို သုံးပြီး | % |
|---|---|---|---|---|
| လုပ်ငန်း ဆောင်ရွက်ချက် | | | | |
| က) IP များသို့ ရန်ပုံငွေ ထောက်ပံ့ခြင်း | ၅၅,၈၉၀,၇၄၇ | ၅၃,၀၅၂,၁၂၉ | (၂,၈၃၈,၆၁၈) | -၅% |
| ခ) အလှူငွေ မပာတ်သော အထောက်အပံ့ | ၄,၉၁၄,၇၆၇ | ၃,၉၃၀,၈၈၇ | (၉၈၃,၈၈၀) | -၂၀% |
| သုတေသန | ၁,၅၃၂,၃၄၂ | ၁,၁၅၄,၁၉၉ | (၃၇၈,၁၄၃) | -၂၅% |
| FMO လုပ်ငန်းစရိတ် | ၅,၇၀၀,၀၆၂ | ၅,၂၅၀,၉၄၁ | (၄၄၉,၁၂၁) | -၈% |
| FB သို့ ထောက်ပံ့ခြင်း | ၃၇,၀၆၀ | ၃၀,၁၉၉ | (၆,၈၆၁) | -၁၉% |
| ရုံးပိုင်းဆိုင်ရာ အဆောက်အဦးများ၊ ပစ္စည်းများနှင့် အုပ်ချုပ်မှုပိုင်း | ၁,၃၄၉,၀၈၈ | ၁,၁၉၄,၅၁၇ | (၁၅၄,၅၇၁) | -၁၁% |
| | 69,424,066 | 64,612,872 | (4,811,194) | - 7% |




◀ ဇယား ၈.၄
LIFT အသုံးစရိတ် စုစုပေါင်း (ကန်ဒေါ်လာ သန်းပေါင်း)
၂၀၁၀ - ၂၀၁၈

၈.၅

## တာဝန်ခံမှု နှင့် သင်ယူမှုအတွက် စောင့်ကြည့်လေ့လာခြင်း နှင့် အကဲဖြတ်ခြင်း (MEAL)

၂၀၁၈ ခုနှစ်တွင် LIFT မှ စီမံချက် အကဲဖြတ်သုံးသပ်မှု အများအပြား ဆောင်ရွက်ခဲ့ခြင်း၊ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း (M&E) တို့နှင့် ဆိုင်သည့်လေ့လာမှုများ အများအပြား ဆောင်ရွက်ခဲ့ခြင်း နှင့် အကောင်အထည် ဖော်ရေး မိတ်ဖက်များ၏ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းဆိုင်ရာ စွမ်းရည်များ အားကောင်း စေခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး MEAL မူဘောင်အား ဆက်လက် အကောင်အထည်ဖော်ခဲ့ပါသည်။

### M&E ဆိုင်ရာ လေ့လာဆန်းစစ်မှုများ နှင့် စီမံချက် အကဲဖြတ်သုံးသပ်မှုများ

၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ LIFT မှ အောက်ပါ စောင့်ကြည့်ကြီးကြပ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း (M&E) လေ့လာမှုဆန်းစစ်မှုများနှင့် စီမံချက် အကဲဖြတ်သုံးသပ်မှုများ ဆောင်ရွက်ခဲ့ပါသည်-

- LIFT၏ အိမ်ထောင်စုအညွှန်းပြ စစ်တမ်း ဒီဇိုင်းရေးဆွဲခြင်းနှင့် အပြီးသတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ယင်းတွင် ၂၀၁၇ ခုနှစ်မှစ၍ ကောက်ယူခဲ့သည့် LIFT ၏ ပင်မ အိမ်ထောင်စုစစ်တမ်း ၏၂၅% နီးပါးဖြစ်သည့် အိမ်ထောင်စုပေါင်း ၁,၅၂၀ ၏ နမူနာကောက်ခြင်း ပါဝင်ပါသည် ။ စစ်တမ်း၏ ရလဒ်များအား ၎င်း၂၀၁၈ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ ယုတ္တိဗေဒမူဘောင်ဆိုင်ရာ ညွှန်းကိန်း ရလဒ်များ တွက်ချက်ရန် အသုံးပြုမည်ဖြစ်ပါသည်။ (အသေးစိတ်အား ရလဒ်များ အခန်းတွင် ကြည့်ရန်)
- စီမံချက် ကြားကာလ လေ့လာသုံးသပ်ချက် ၁၅ ခု နှင့် စီမံချက် အဆုံးသတ်ကာလ အကဲဖြတ်သုံးသပ်ခြင်း ၁၄ ခုတို့အား ဆောင်ရွက်စေခဲ့ပါသည်။

### အကောင်အထည်ဖော်ရေး မိတ်ဖက်များ၏ M&Eစနစ်များ အားကောင်းစေခြင်း

မိတ်ဖက်များ အနေဖြင့် ၎င်း တို့ကိုယ်ပိုင် MEAL စနစ်များ ဖော်ဆောင်နိုင်ရန် FMO မှ ဆက်လက်၍ ကူညီပံ့ပိုး ပေးခဲ့ပါသည်။ ၂၀၁၈ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်ပါသည်-

- LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များ၏ နှစ်ပတ်လည် နှင့် နှစ်ဝက် အစီရင်ခံခြင်း တာဝန်များ၏ တစိတ်တပိုင်း အဖြစ် LIFT ၏ M&E အစီရင်ခံချက်များ အသုံးပြု၍ အကောင်အထည်ဖော်ရေး မိတ်ဖက် အဖွဲ့ ၉ဖွဲ့ အား သင်တန်းပေးခြင်း
- LIFT ၏ ပြန်လည်ပြင်ဆင်ထားသည့် ပုံမှန်အချက်အလက် အရည်အသွေး အကဲဖြတ်မှု စစ်ဆေးရန်စာရင်းကို အသုံးပြု၍ အကောင်အထည်ဖော်ရေးမိတ်ဖက် အဖွဲ့ ၁၁ ဖွဲ့ ၏ M&E စနစ်များအား ပုံမှန်စစ်ဆေးခြင်း

### အကဲဖြတ်သုံးသပ်ခြင်း နှင့် လေ့လာသင်ယူခြင်း မေးခွန်းများ အား လေ့လာခြင်း

LIFT စီမံချက်များ၏ ဝင်ငွေ နှင့် ပိုင်ဆိုင်မှုများ၊ ထိခိုက်လွယ်မှု နှင့် ကြံ့ကြံ့ခံနိုင်မှု နှင့် ရေရှည်တည်တံ့မှု တို့အား အသေးစိတ်သိရှိရန် နှင့် အထောက်အထား စုဆောင်းရန် အလေးထားသည့် လေ့လာမှု လုပ်ငန်းများဆောင်ရွက်ရန် အထူးလမ်းညွှန်မှုအား ၂၀၁၇ ခုနှစ်တွင် စတင်ခဲ့ပါသည်။ အဆိုပါ လေ့လာမှုများအား ကြံ့ကြံ့ခံနိုင်မှု ပေါင်းစည်းရေး ဆိုင်ရာ ယေဘုယျ အစီရင်ခံစာနှင့်အတူ ၂၀၁၉ ခုနှစ်တွင် အချောသတ်ပြီး ထုတ်ပြန်မည်ဖြစ်ပါသည်။

ရန်ပုံငွေ စီမံခန့်ခွဲမှု

| IP များ | စီမံချက်အမည် | အစီအစဉ် |
|---|---|---|
| PGMF-RAFIN | ရခိုင်ပြည်နယ်တွင် အားလုံးပါဝင်လက်လှမ်းမီသော ငွေရေးကြေးရေး စီမံချက် (RAFIN) | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု |
| PGMF | မြန်မာနိုင်ငံတွင် အားလုံးပါဝင်လက်လှမ်းမီသော ငွေရေးကြေးရေး စီမံချက် (MAFIN) | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု |
| CDN | မြန်မာနိုင်ငံ ကရင်ပြည်နယ်မြောက်ပိုင်းရှိ ကျေးလက်နေ နွမ်းပါးသူများ၏ ဝင်ငွေတိုးရေးနှင့် အာဟာရဆိုင်ရာရလဒ်များ ကောင်းမွန်စေရေး | တောင်တန်းဒေသ |
| Twe Let | အားကောင်းသည့် စီမံအုပ်ချုပ်မှု မှတဆင့် လုပ်သားရွှေ့ပြောင်း သွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးဆက်များ တိုးမြင့်အောင် ဆောင်ရွက်ခြင်း (တွဲလက်) | ရွှေ့ပြောင်းသွားလာမှု |
| CORAD | ချင်းပြည်နယ်မြောက်ပိုင်းတွင် စိုက်ပျိုးရေး လုပ်ငန်းမျိုးစုံ ဖြစ်ထွန်း ရေးကို မြှင့်တင်ပြီး ဘက်စုံစီးပွား ဖြစ်ထွန်းရေး | တောင်တန်းဒေသ |
| CRS | ရပ်ရွာလူထုနှင့်ချိတ်ဆက်သည့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး | တောင်တန်းဒေသ |
| MIID | လယ်ယာအကြံပေးလုပ်ငန်းများ၊ အာဟာရ မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းများဖြင့် အာဟာရဆိုင်ရာရလဒ်ကောင်းများ ချင်းပြည်နယ် ကျေးလက်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ ခိုင်မာလာရေး | တောင်တန်းဒေသ |
| IWMI | ပျော့ရွှာ မြစ်ရေတင် စီမံကိန်း ပြင်ဆင်မွမ်းမံ အကောင် အထည်ဖော်ခြင်း | အပူပိုင်းဇုန် |
| BBC | ကျပ်ချပ်- ရွှေ့ပြောင်းသွားလာရေး နှင့် ငွေကြေးတို့အား အကျိုးအရှိဆုံးဖြစ်စေခြင်း | ရွှေ့ပြောင်းသွားလာမှု |
| COARD | ချင်းပြည်နယ်မြောက်ပိုင်းတွင် စိုက်ပျိုးရေး လုပ်ငန်းမျိုးစုံ ဖြစ်ထွန်းရေးကို မြှင့်တင်ပြီး ဘက်စုံစီးပွား ဖြစ်ထွန်းရေး | တောင်တန်းဒေသ |
| CRS | ရပ်ရွာလူထုနှင့်ချိတ်ဆက်သည့် စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး (PACE) | တောင်တန်းဒေသ |
| KDN | နေရပ်စွန့်ခွာတိမ်းရှောင်နေထိုင်သူများ၏ အသက်မွေးမှုများ ပိုမို ကောင်းမွန်လာရေး (ELDP) | တောင်တန်းဒေသ |
| IOM | ရွှေ့ပြောင်းသွားလာမှုအား အသက်မွေးမှု မဟာဗျူဟာ အဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုခြင်း (MILDAS) | မြစ်ဝကျွန်းပေါ် |
| Metta | အားလုံးပါဝင်စေသော တိုးတက်ထွန်းကားမှု နှင့် ရေရှည် တည်တံ့သည့် ဖွံ့ဖြိုးမှု အတွက် တောင်သူလယ်သမားများ စီမံ ခန့်ခွဲသော စီမံချက်များအား မြှင့်တင်ခြင်း | မြစ်ဝကျွန်းပေါ် |
| KDN | နေရပ်စွန့်ခွာတိမ်းရှောင်နေထိုင်သူများအတွက် အသက်မွေးဝမ်းကျောင်းမှု မြှင့်တင်ခြင်း | တောင်တန်းဒေသ |

▼ ဇယား ၈.၈
၂၀၁၈ ခုနှစ် ဇန်နဝါရီ-ဒီဇင်ဘာအတွင်း ဆောင်ရွက်ခဲ့သည့် စီမံချက် အဆုံးသတ်ကာလ အကဲဖြတ်သုံးသပ်မှုများ

▲ ဇယား ၈.၇
၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း ဆောင်ရွက်ခဲ့သည့် စီမံချက် ကြားကာလ သုံးသပ်ချက်များ

| | | |
|---|---|---|
| Mercy Corps-Swisscontact | ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ချင်းပြည်နယ်ရှိ လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက် ဟင်းသီးဟင်းရွက် ဈေးကွက်များ ဖော်ဆောင်ပေးခြင်း | သင်ယူခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း |
| PACT-MARC | ဖွဲ့စည်းပုံအားကောင်းစေခြင်းဖြင့် ကျေးလက်ချေးငွေကို လက်လှမ်းမီစေခြင်း (MARC) | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု |
| TDH | မြေယာမဲ့ နှင့် မေ့လျော့ခံ တောင်သူများအတွက် မြေမဲ့ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း နှင့် အခြား ရေချွေတာသော နည်းပညာ အသစ်များ (SOW IT) | အပူပိုင်းဇုန် |
| MVMW | နွမ်းပါးသူများ အတွက် ဟင်းသီးဟင်းရွက် ဈေးကွက်များ ဖော်ဆောင်ပေးခြင်း | အပူပိုင်းဇုန် |
| UNESCO | ရေရှည်တည်တံ့သော အသက်မွေးမှု နှင့်ရိက္ခာဖူလုံရေးအတွက် ဆက်သွယ်ရေး | အပူပိုင်းဇုန် |
| IFDC | အပူပိုင်းဇုန် စိုက်ပျိုးရေး သွင်းအားစု နှင့် လယ်ယာလုပ်ငန်း ဝန်ဆောင်မှု စီမံချက် | အပူပိုင်းဇုန် |
| Golden Plain | အပူပိုင်းဇုန်တွင် သီးနှံထုတ်လုပ်နိုင်စွမ်းမရှိသော မြေကို သစ်စိမ်းမြေသြဇာ နှင့် ခေတ်မီ သီးနှံပုံစံနစ်တို့ဖြင့် ရေရှည်တည်တံ့သော သီးနှံအထွက်နှုန်းရရှိစေမည့် စီမံချက် | အပူပိုင်းဇုန် |
| MPSWA | ထိခိုက်လွယ်သော ရပ်ရွာလူထု၏ အာဟာရအဆင့်အတန်းကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် တိုးတက်စေခြင်း | အပူပိုင်းဇုန် |
| UNHABITAT | ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့် တကိုယ်ရေ သန့်ရှင်းရေး လုပ်ငန်းများမှ ပိုမို ကျန်းမာသန်စွမ်းသည့် ရပ်ရွာများသို့ | အပူပိုင်းဇုန် |
| HelpAge International | အပူပိုင်းဇုန် လူမှုကာကွယ်စောင့်ရှောက်ရေး | အပူပိုင်းဇုန် |
| LEARN | အာဟာရချို့တဲ့မှုလျော့ချရန် အဓိကကျသော အာဟာရဆိုင်ရာ လုပ်ဆောင်မှုများ အားဖြည့်ခြင်း | အပူပိုင်းဇုန် |
| LEGACY | မူဝါဒရေးရာ အထောက်အကူဖြစ်စေရန် အထောက်အထား ဖော်ထုတ်ခြင်း နှင့် အားပေးလှုံ့ဆော်ခြင်းတို့အား လေ့လာခြင်း | အပူပိုင်းဇုန် |
| MIID | လယ်ယာ အကြံပေးလုပ်ငန်းများ၊ အာဟာရ မြှင့်တင်ရေး အသိပညာပေးလုပ်ငန်း များဖြင့် အာဟာရဆိုင်ရာရလဒ် ကောင်းများ ချင်းပြည်နယ် ကျေးလက်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ ခိုင်မာလာရေး | တောင်တန်းဒေသ |
| UNESCO | ရေရှည်တည်တံ့သော အသက်မွေးမှု နှင့်ရိက္ခာဖူလုံရေးအတွက် ဆက်သွယ်ရေး | သင်ယူခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း |

| IP များ | စီမံချက် အမည် | အစီအစဉ် | ခေါင်းစဉ် |
|---|---|---|---|
| GRET, WAHH, NAG, METTA, LEAD | မြန်မာနိုင်ငံ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ မိုးစပါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့<br><br>မြစ်ဝကျွန်းပေါ်ဒေသရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းအား အားကောင်းစေခြင်း<br><br>အားလုံးပါဝင်စေသော တိုးတက်ထွန်းကားမှု နှင့် ရေရှည် တည်တံ့သည့် ဖွံ့ဖြိုးမှုအတွက် တောင်သူလယ်သမားများ စီမံခန့်ခွဲသော စီမံချက်များအား မြှင့်တင်ခြင်း<br><br>ဧရာဝတီ ရေတိမ်ဒေသ ပူးတွဲစီမံခန့်ခွဲမှု ကောင်းမွန်ရေး<br><br>မြေယာမဲ့အိမ်ထောင်စုများအား ကူညီပံ့ပိုးခြင်း နှင့် ပြင်စလူ မြို့နယ်ခွဲအတွင်း အခြားနည်းလမ်းဖြင့် ဝင်ငွေရရှိအောင် ဖန်တီးနိုင်သည့် လုပ်ငန်းများမှတဆင့် အသက်မွေးမှု နှင့် ရိက္ခာဖူလုံမှုတို့အား ဆောင်ရွက်ခြင်း | မြစ်ဝကျွန်းပေါ် ၃ အရပ်ဘက်လူမှုအဖွဲ့ အစည်း | M&E အချက်အလက် အစီရင်ခံခြင်းနှင့် အချက်အလက် စီမံခန့်ခွဲခြင်းနှင့် ဆန်းစစ်ခြင်းတို့၏ အခြေခံ အခြင်းအရာများ |
| NAG | ဧရာဝတီ ရေတိမ်ဒေသ ရင်းမြစ်များ ပူးတွဲစီမံခန့်ခွဲမှု ကောင်းမွန်ရေး | မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု | မူဝါဒ စီမံချက်များအတွက် M&E အချက်အလက် အစီရင်ခံခြင်း<br><br>သုတေသန နည်းလမ်း |
| The Border Consortium | တောင်တန်းဒေသ အာဟာရ၊ ဖွံ့ဖြိုးရေး နှင့် စိုက်ပျိုးရေး အတွက် ရေရှည်တည်တံ့သည့် အသွင်ကူး ပြောင်းမှု (STAND UP) | တောင်တန်းဒေသ | M&E အစီရင်ခံစာ သင်တန်း |
| Save the Children (TEAM MCCT) | ချင်းပြည်နယ် အာဟာရနှင့် မိခင်နှင့်ကလေး ငွေကြေးထောက်ပံ့ရေး (MCCT) အစီအစဉ်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန သို့ နည်းပညာ အထောက်အကူပေးခြင်း | တောင်တန်းဒေသ | M&E အစီရင်ခံစာ သင်တန်း |
| Tag International Development | Plan Bee- ရှမ်းပြည်နယ်တွင် ခေတ်မီ ပျားမွေးမြူ ရေးအား မိတ်ဆက်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်း နှင့် ပျားရည်ထုတ်လုပ်ခြင်း | သင်ယူခြင်းနှင့် တီထွင် ဆန်းသစ်ခြင်း | M&E အစီရင်ခံစာ သင်တန်း |

▼ ဇယား ၈.၁၀
၂၀၁၈ ဇန်နဝါရီ-ဒီဇင်ဘာ စီမံချက် M&E စနစ်များ စစ်ဆေးခြင်း/RDQA

▲ ဇယား ၈.၉
၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလ အတွင်း M&E ဆိုင်ရာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ နှင့် အစည်းအဝေးများ

| IP များ | စီမံချက် အမည် | အစီအစဉ် |
|---|---|---|
| IOM | အားကောင်းသည့် စီမံအုပ်ချုပ်မှု မှတဆင့် လုပ်သားရွှေ့ပြောင်း သွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးဆက်များ တိုးမြင့်အောင် ဆောင်ရွက်ခြင်း (တွဲလက်) | ရွှေ့ပြောင်းသွားလာခြင်း |
| CARE | အောင်မြင်မှု စီမံချက်။ လုံခြုံစိတ်ချပြီး ခိုင်မာသည့် အလုပ်အကိုင်ရရှိစေရန် လုပ်ငန်းခွင်အတွင်း အဖြေရှာခြင်း | ရွှေ့ပြောင်းသွားလာခြင်း |
| GRET | မြစ်ဝကျွန်းပေါ်ဒေသတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း အားကောင်းစေခြင်း | မြစ်ဝကျွန်းပေါ်ဒေသ အသေးစားရန်ပုံငွေပံ့ပိုးခြင်း |
| WHH | မြန်မာနိုင်ငံ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ မိုးစပါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးမှု | မြစ်ဝကျွန်းပေါ် -၃ |
| METTA | အားလုံးပါဝင်စေသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် လယ်သမားများ စီမံခန့်ခွဲသည့် စီမံကိန်းများ ဖြစ်ထွန်းစေခြင်း | မြစ်ဝကျွန်းပေါ် -၃ |
| NAG | ဧရာဝတီ ရေတိမ်ဒေသ ပူးတွဲစီမံခန့်ခွဲမှု ကောင်းမွန်ရေး | မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု |
| World Vision | ဘိုကလေးတွင် အသက်မွေးဝမ်းကျောင်းမှုများကို ဖြစ်ထွန်းစေခြင်း | မြစ်ဝကျွန်းပေါ် -၃ |
| Radanar Ayar | ဘက်စုံစိုက်ပျိုး-စီးပွားလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး (IARD) | မြစ်ဝကျွန်းပေါ် -၃ |
| WHH | ရေရှည်တည်တံ့သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်ဝကျွန်းပေါ် ကျေးလက်ဒေသအား အလေးထားခြင်း - Delta Rise | မြစ်ဝကျွန်းပေါ် -၃ |

ရန်ပုံငွေ စီမံခန့်ခွဲမှု

| IP များ | စီမံချက် အမည် | အစီအစဉ် |
|---|---|---|
| GRET | ရေရှည်တည်တံ့သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်ဝကျွန်းပေါ် ကျေးလက် ဒေသအား အလေးထားခြင်း - Delta Rise | မြစ်ဝကျွန်းပေါ် -၃ |
| NAG | ဧရာဝတီ မြစ်ဝကျွန်းပေါ်နှင့် အပူပိုင်းဇုန် တို့တွင် ရပ်ရွာလူထု ၏ ရိက္ခာဖူလုံရေး နှင့် ဝင်ငွေတိုးရေးအတွက် ရေရှည်တည်တံ့သော ငါးမွေးမြူရေး ဖွံ့ဖြိုးမှုအား မြှင့်တင် ခြင်း (MYFish-Culture- MYFC) | မြစ်ဝကျွန်းပေါ် -၃ |

၁.၆

# ဆက်သွယ်ပြန်ကြားရေး

## ဆက်သွယ်ပြန်ကြားရေး ဆိုင်ရာ မြင်သာစေမှု လမ်းညွှန် များ အားကောင်းစေခြင်း

၂၀၁၈ခုနှစ်တွင်းတွင် LIFT ၏ ဆက်သွယ်ပြန်ကြားရေး ဌာနသည် မြင်သာစေမှု လိုအပ်ချက်များ အားကောင်းစေရန်အတွက် နည်းလမ်း/နေရာ မျိုးစုံဖြင့် မြင်သာစေမှု လမ်းညွှန်များ ပြန်လည်ပြင်ဆင်ခဲ့ပြီး အကောင်အထည်ဖော်ရေး မိတ်ဖက်များ၏ လိုက်နာမှု ပိုမိုအားကောင်းစေရန် လမ်းညွှန်များအား မျှဝေခဲ့သည်။ ဆက်သွယ်ပြန်ကြားရေးအဖွဲ့သည် စာစောင်များ နှင့် အခမ်းအနားများတွင် အသုံးပြုသည့် စာရွက်စာတမ်းများ၊ ပစ္စည်းများပေါ်တွင် LIFT ၏ အမှတ်တံဆိပ် အသုံးပြုရန်၊ လူမှုကွန်ရက်ဆိုင်ရာ မဟာဗျူဟာ ရေးဆွဲရန်အတွက် လမ်းညွှန်မှု၊ ဆက်သွယ်ဆောင်ရွက်ရေး အတွက် အသုံးပြုသည့် ပစ္စည်းများအတွက် မြင်သာစေသည့် အရာများနှင့်ပတ်သက်၍ ပံ့ပိုးပေးရန် တောင်းဆိုသည့် မိတ်ဖက်များအား ကူညီပံ့ပိုးပေးခဲ့ပါသည်။

## လူမှုကွန်ယက် စာမျက်နှာ မြှင့်တင်ခြင်း

ဆက်သွယ်ပြန်ကြားရေးအဖွဲ့ သည် LIFT မှ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် အလှူရှင်အဖွဲ့များ၏ ပံ့ပိုးမှုများ အား အရေးကြီးသည့် သတင်းစကားများအဖြစ်ဖြင့် စိတ်ဝင်စားသူ ပရိသတ်များ ထံရောက်ရှိနိုင်စေမှုအား ဆန်းစစ်ရန် နှင့် သတင်းဆက်သွယ်ရေး မဟာဗျူဟာ နှင့် လူမှုကွန်ရက် လုပ်ငန်းအစီအစဉ်တို့အား သုံးသပ်ခဲ့ပါသည်။ ဆိုရှယ်မီဒီယာ အစီအစဉ်အား အသစ်ပြန်လည်ပြင်ဆင်ခဲ့ပြီး စိတ်ဝင်စားသည့် ပရိသတ်များနှင့် အပြန်အလှန် ထိတွေ့မှု တိုးမြင့်စေရန်အတွက် အစီအစဉ်ကို ပိုအားကောင်းစေရန် ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၈ ခုနှစ်အတွင်း သတင်းဆက်သွယ်ရေးအဖွဲ့က ဖေ့စ်ဘုတ်တွင် LIFT ၏ လူပ်ရှားဆောင်ရွက်မှုများအား မြှင့်တင်ခဲ့ပြီး ပို့စ်ပေါင်း ၁၆၃ ခု မျှဝေခဲ့ပါသည်။ ဩဂုတ်လနှင့် နိုဝင်ဘာလတွင် လူမှုကွန်ရက် လှုပ်ရှားမှုနှစ်ခု- အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်များ နှင့် ၁၆ ရက်တာ လှုပ်ရှားမှု တို့အား ဖော်ဆောင်ခဲ့ပါသည်။ အာဟာရဖွံ့ဖြိုးရေး ဖေ့စ်ဘုတ်လှုပ်ရှားမှုတွင် ဖြည့်စွက်အာဟာရ ကျွေးခြင်းဆိုင်ရာ အမူအကျင့်များ ဓါတ်ပုံပြိုင်ပွဲ နှင့် အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ မေးခွန်းများဖြေဆိုသည့် ပြိုင်ပွဲများ ပါဝင်ခဲ့ပြီး ကောင်းမွန်သည့် ထိတွေ့ဆောင်ရွက်မှု ဖြစ်ခဲ့ပါသည်။ လှုပ်ရှားမှုအတွင်း တင်သည့် ပို့စ်များ သည် လူပေါင်း ၅၂,၀၀၀ အထိ ရောက်ရှိခဲ့ပြီး စိတ်ဝင်စားသူ ၅,၁၀၀ တိုးမြင့်ခဲ့ကာ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုပေါင်း ၁၄,၅၀၀ ရှိခဲ့ပါသည်။ LIFT ၏ ဖေ့စ်ဘုတ် စာမျက်နှာ အား like လုပ်သူ ၂၈,၀၀၀ အထိ မြင့်တက်ခဲ့ပါသည်။ ပို့စ်များသည့် လစဉ် ပျမ်းမျှ အသုံးပြုသူ ၃၇,၀၀၀ ထံရောက်ရှိပြီး ပျမ်းမျှ အားဖြင့် တလတွင် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်သည့် စိတ်ဝင်စားသူ ပရိသတ် ၅,၅၀၀ ဦးခန့် ရှိပါသည်။

## ကွင်းဆင်း ခရီးစဉ်များ

ဆက်သွယ်ပြန်ကြားရေး အဖွဲ့ မှ အချို့ ကိစ္စရပ်များတွင် 3MDG (ယခု ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီရေး ရန်ပုံငွေ -Access to Health) နှင့် အတူတွဲ၍ အလှူရှင်အဖွဲ့များမှ ကိုယ်စားလှယ်များ၏ အပူပိုင်းဇုန်၊ ကချင် ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မြစ်ဝကျွန်းပေါ်ဒေသနှင့် ရန်ကုန်ရှိ စီမံချက်ဆောင်ရွက်ရာ ဒေသများသို့ ကွင်းဆင်း ခရီးစဉ်များနှင့် စီမံချက်များနှင့် ပတ်သက်၍ ရှင်းလင်းချက်များအား ၁၁ ကြိမ် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

## စာအုပ်စာတမ်းများ

အဖွဲ့မှ ၂၀၁၇ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာအား အင်္ဂလိပ် ဘာသာ နှင့် မြန်မာဘာသာတို့ဖြင့် ထုတ်ဝေခဲ့ခြင်း၊ LIFT ၏ ၂၀၁၈ ခုနှစ် နှစ်ဝက် အစီရင်ခံစာအား အင်္ဂလိပ်ဘာသာ ဖြင့် ထုတ်ဝေခဲ့ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနအတွက် လယ်ယာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကို ဘာသာပြန်ခြင်း အား အချောသတ်ခြင်း နှင့် ချင်း MCCT ကနဦးစစ်တမ်း နှင့် သွယ်ဝိုက်ကုန်ကျစရိတ် လေ့လာမှုအား ဘာသာပြန်ဆို ထုတ်ဝေခြင်း တို့အား ဆောင်ရွက်ခဲ့ပါသည်။

## မီဒီယာ လွှမ်းခြုံမှု

၂၀၁၈ ခုနှစ်တွင် LIFT ၏ သတင်းများ အား Frontier မဂ္ဂဇင်း၊ မြန်မာတိုင်း(မ်)၊ မဇ္ဈိမ၊ နေးရှင်း၊ ဂလိုဘယ် နယူးလိုက် အော့ဖ် မြန်မာ၊ 7 Days၊ Eleven မီဒီယာ၊ ဧရာဝတီ၊ စကိုင်းနက်၊ အမ်အာရ်တီဗွီ၊ ဒီဗွီဘီ၊ မြဝတီ၊ Voice Myanmar, My News online media နှင့် MCNTV online media တို့တွင် ဖော်ပြခြင်းခံခဲ့ရပါသည်။

၁.၇

# အသိအမြင် စီမံခန့်ခွဲမှုနှင့် သင်ယူလေ့လာခြင်း

၂၀၁၈ ခုနှစ်တွင်းတွင် သင်ယူလေ့လာခြင်း နှင့် အသိအမြင် စီမံခန့်ခွဲမှု (Learning and Knowwledge Management, LKM) အရာရှိ နုတ်ထွက်သွားသဖြင့် LKM လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် စွမ်းဆောင်ရည် ကွာဟချက် ရှိခဲ့ပါသည်။ LIFT ၏ မဟာဗျူဟာ အသစ် (နှင့် ဆက်စပ် LKM လိုအပ်ချက်များ) အား ရေးဆွဲနေဆဲဖြစ်သဖြင့် အနာဂတ် စွမ်းဆောင်ရည်ဆိုင်ရာ ဆုံးဖြတ်ချက်အား ဆိုင်းငံ့ထားပါသည်။ ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းတွင် LKM အလုပ်သင်ဝန်ထမ်းခန့်ထားနိုင်ခဲ့ပြီး နောက် ၂၀၁၉ ဇန်နဝါရီတွင် ဌာနအတွက် LKM အရာရှိကို ခန့်ထားနိုင်ခဲ့ပါသည်။ LIFT ၏ နောက်အဆင့်သို့ မျှော်ကြည့်လျှင် ဌာန၏ လုပ်ငန်းတာဝန်၏ ရည်ရွယ်ချက် သည် LIFT ၏ စီမံကိန်း တိုးတက်မှု နှင့် စွမ်းဆောင်ရည် ဆိုင်ရာ အကြောင်းအရာများ အား ရေးသားပြုစု၊ ဆန်းစစ်အကဲဖြတ်ပြီး မျှဝေနိုင်စွမ်းအား ထပ်မံ အားဖြည့်နိုင်စွမ်း ရှိမည်ဖြစ်သည်။ သို့ဖြင့် အောင်မြင်မှုများအား မည်သည့်နေရာတွင် မည်သို့ရယူခဲ့သည် ဆိုသည်နှင့် မည်သည့် နယ်ပယ်များက ပိုမိုကောင်းမွန်အောင် ကြိုးပမ်းဖို့လိုသည် ဆိုသည်တို့အား LIFT နှင့် မိတ်ဖက်များအနေဖြင့် ပိုမိုပြည့်ဝစွာ နားလည်သဘောပေါက်ပြီး သတင်းပြန်ကြားပေးနိုင်မည်ဖြစ်သည်။ ဤကိစ္စတွင် ပိုမို၍ အလေးထား ဆင်ခြင်မှုက ဆုံးဖြတ်ချက်များ နှင့် ရင်းမြစ် ခွဲဝေခြင်း၊ အစီအစဉ် ပိုမိုကောင်းမွန်လာခြင်း နှင့် အခြား ပတ်သက်ဆက်နွယ်သူများအပေါ် ကောင်းမွန်စွာ လွှမ်းမိုးနိုင်သည့် စွမ်းရည် တို့အတွက် ပံ့ပိုးနိုင်ပေးမည် ဖြစ်သည်။

သင်ယူလေ့လာခြင်း အလေ့အထ တိုးတက်လာမှု၏ တစိတ်တပိုင်း အဖြစ် ၂၀၁၇ ခုနှစ်အတွင် LIFT စီမံကိန်းများ အားလုံးတွင် ကဏ္ဍအလိုက် နည်းနာရပ်ဝန်းများ ဖော်ဆောင်ရေးသည် အလေးပေးမှု အသစ်တခု ဖြစ်လာခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အောက်တွင် ဖော်ပြထားသည့် အရေးကြီး အခမ်းအနားများ ကျင်းပခဲ့ပါသည်

| နည်းနာ ရပ်ဝန်း | ရက်စွဲ | လုပ်ငန်းစဉ် နှင့် ခြုံငုံမှု |
|---|---|---|
| မူဝါဒဆိုင်ရာ<br>ဆောင်ရွက်ခြင်းနှင့်  အစီရင်ခံခြင်း | ဇန်နဝါရီ<br>၂၀၁၈ | ယခင် ၂၀၁၆ ခုနှစ် နှင့် ၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့သည့် အလုပ်ရုံ ဆွေးနွေးပွဲများအပေါ် အခြေခံ၍ ကျင်းပသည့် တတိယအကြိမ် နည်းနာရပ်ဝန်း အလုပ်ရုံဆွေးနွေးပွဲ<br><br>¦ မူဝါဒရေးရာ ဆောင်ရွက်သည့် LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များ ၊ FMO အစီအစဉ်နှင့် အထောက်အကူပြု ဝန်ထမ်းများအား ကိုယ်စားပြုသည့် တက်ရောက်သူ ၅၀ခန့် ရှိပါသည်။<br>¦ အလုပ်ရုံဆွေးနွေးပွဲ  ပထမရက်တွင် မူဝါဒလုပ်ငန်းစဉ်များ ဆန်းစစ်သည့် ပုံစံအား မိတ်ဆက်ပေးခဲ့ပြီး တစ်ရက်တာ အပြန်အလှန်ဆွေးနွေး တိုင်ပင်ခဲ့ပါသည်။<br>¦ ဒုတိယရက်တွင် LIFT ၏ M&E အဖွဲ့မှ ဦးဆောင်ပြီး မူဝါဒနှင့်ဆိုင်သည့် လုပ်ငန်းများအတွက် အစီရင်ခံခြင်း ဆိုင်ရာ လိုအပ်ချက်များအား သုံးသပ်ဆွေးနွေးခဲ့ပါသည် ။ |
| ဓလေ့ထုံးတမ်းမြေယာ<br>လုပ်ပိုင်ခွင့်ဆိုင်ရာ ကျင့်သုံးမှုများနှင့်<br>အများပိုင် သစ်တောလုပ်ငန်းဆိုင်ရာ<br>ညွှန်ကြားချက်များအား<br>နားလည်သဘောပေါက်ခြင်း | ဧပြီ<br>၂၀၁၈ | အစည်းအဝေးအား တက်ရောက်သူ ၁၂ ဦးဖြင့် ကျင်းပခဲ့ပြီး အများပိုင် သစ်တောမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် နှင့် တောင်တန်းဒေသတွင် တောင်ယာခုတ်ထွင် မီးရှို့ရှင်းလင်းသည့် စနစ်များအား အလေးထား ဆွေးနွေးခဲ့ပါသည်။  ပါဝင်သည့် ဆွေးနွေးမှုများမှာ-<br><br>¦ အများပိုင်သစ်တော မှတ်ပုံတင်ခြင်း၏ ဥပဒေကြောင်းဆိုင်ရာ နောက်ခံအကြောင်းအရာနှင့် စိန်ခေါ်မှုများအကြောင်း ဆွေးနွေးခြင်း<br>¦ မြေယာ မဏ္ဍိုင်အဖွဲ့မှ အများပိုင်သစ်တော မှတ်ပုံတင်ခြင်း၊ သစ်တောဥပဒေများနှင့် အမျိုးသားမြေယာ လုပ်ပိုင်ခွင့် မူဝါဒများ နှင့် သက်ဆိုင်သည့် ညွှန်ကြားချက်များအကြား မှ ဝိရောဓိများအား တင်ပြခြင်း<br>¦ GRET မှ ချင်းပြည်နယ်ရှိ ဓလေ့ထုံးတမ်း မြေယာ လုပ်ပိုင် ခွင့် ဆိုင်ရာ ကျင့်သုံးမှုများ အား လေ့လာမှု၏ ရလဒ်များအား တင်ပြခဲ့ပါသည်။<br>¦ CORAD မှ အသစ်ပြုလုပ်သည့် မြေသြဇာရည်နှင့် မြေဖုံး အပင်ပစ္စည်းများ စမ်းသပ်မှု၏ ရလဒ်များနှင့် အသုံးပြုနိုင်သည့် အခြေအနေများ |
| တန်ဖိုးမြှင့်ကွင်းဆက်အတွက်<br>ငွေကြေးဆိုင်ရာ ကူညီထောက်ပံ့ခြင်း | ဧပြီ<br>၂၀၁၈ | ပါဝင်သည့် ဆွေးနွေးမှုများမှာ-<br><br>¦ ရိုးမဘဏ် မှ လက်ရှိပေးနေသည့် စိုက်ပျိုးစီးပွားလုပ်ငန်းများအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများအား တင်ပြခဲ့ပြီး အုပ်စုမှ စိုက်ပျိုးရေး တန်ဖိုးမြှင့်ကွင်းဆက် ချေးငွေပုံစံတွင် အရေးကြီးသည့် ကွာဟချက်များ ရှိနေကြောင်း အသိအမှတ်ပြုခဲ့ပါသည်။<br>¦ CDN  မှ ဖာလာစေ့ တန်ဖိုးမြှင့်ကွင်းဆက်နှင့် သက်ဆိုင်သည့် ဈေးကွက်သုတေသန တွေ့ရှိချက်များ နှင့် ဖာလာစေ့ ဆိုင်ရာ ပတ်သက်ဆက်နွယ်သူပေါင်းစုံပါဝင်သည့် ပလက်ဖောင်း Cardamom multi-stakeholder platform မှ တရုတ်ပြည်တွင် တည်ဆောက်ထားသည့် အဆက်အသွယ်များအကြောင်း တင်ပြခဲ့ပါသည်။ |
| ဇာတ်လမ်းများ နှင့်<br>ဖြစ်ရပ်လေ့လာမှုများ | ဇူလိုင်<br>၂၀၁၈ | စီမံချက်လုပ်ငန်းများအကြောင်း ဇာတ်လမ်းများ နှင့် ဓါတ်ပုံများ စုဆောင်းရာတွင်  စီမံချက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေရန် ဒီဇိုင်းရေးဆွဲထားပါသည်။ စီမံချက်နှင့် ပတ်သက်သော စိတ်ဝင်စားဖွယ် အကြောင်းအရာများအား ရေးသားပုံဖော်ခြင်းကို မည်သို့ ပိုကောင်းအောင် လုပ်နိုင်ကြောင်း သင်ယူပြီးနောက် သင်တန်းသားများ ကွင်းဆင်း၍ ဇာတ်လမ်းများ နှင့် ဓါတ်ပုံများ စုဆောင်းလာခဲ့ပြီး CoP သို့ ပြန်တင်ပြခဲ့ပါသည်။ |
| အသက်မွေးမှုသင်တန်း နှင့်<br>လုံခြုံစိတ်ချရသည့် အလုပ်အကိုင်<br>လက်လှမ်းမီမှု | ဒီဇင်ဘာ<br>၂၀၁၈ | ပါဝင်သည့် ဆွေးနွေးမှုများမှာ-<br><br>¦ တင်ပြမှုများမှာ အဓိက ခေါင်းစဉ်သုံးခုအား အလေးပေးထားပါသည်- ရွှေ့ပြောင်းသွားလာခြင်း နှင့် နေရပ်စွန့်ခွာရခြင်း၊ အမျိုးသမီးများအတွက် ကျွမ်းကျင်မှု တိုးတက်ရေးနှင့် အရည်အချင်းနှင့် ကိုက်ညီသည့် အလုပ်ရှာဖွေခြင်းတို့ ဖြစ်ပါ သည်။<br>¦ တက်ရောက်သူများအား ဒေသအလိုက် အုပ်စုများခွဲပြီး ခေါင်းစဉ် ၃ ခုနှင့် ဆက်နွယ်နေသည့် စိန်ခေါ် မှုများနှင့် ဖြစ်နိုင်ချေရှိသည့် ဖြေရှင်းနည်းလမ်းများအား ဆွေးနွေးခြင်း<br>¦ ယုံကြည်မှု တည်ဆောက်ခြင်းနှင့် မိတ်ဖက်ပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးခြင်းတို့မှာ CoP၏ အဓိက ပန်းတိုင်များထဲမှ တခု ဖြစ်ပြီး CoP အပြီးတွင် တက်ရောက်သူများက အနာဂတ် တွင် ပူးပေါင်းဆောင်ရွက်ရန်ရှိသည့် အလားအလာများနှင့် ပတ်သက်၍ အပြုသဘောဆောင်သည့် မှတ်ချက်များ ထုတ်ဖော်ပြောကြားခဲ့ကြသည်။ |
| DSW နှင့် မိုဘိုင်းလ်ငွေလွှဲခြင်းများ | ဒီဇင်ဘာ<br>၂၀၁၈ | အောက်တိုဘာတွင် ကျင်းပခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲ၏ ဆက်လက်လုပ်ဆောင်သည့် CoP လုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည်-<br><br>¦ မိုဘိုင်းလ်ငွေလွှဲခြင်းများ  ဆက်လက်တိုးချဲ့ရန်နှင့် အကောင်အထည်ဖော်ရန် နည်းလမ်းများ ဆွေးနွေးခြင်း<br>¦ ရှေ့ပြေးစမ်းသပ်စီမံချက်များ ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ တင်ပြခြင်းနှင့် ဝန်ဆောင်မှု ပေးသူများမှ ဆွေးနွေးတင်ပြခြင်း<br>¦ အုပ်စုလိုက် ဆွေးနွေးမှုများ နှင့် စိန်ခေါ် မှုများအား ကျော်လွှားရန် နှင့် အီလက်ထရွန်နစ် ငွေကြေးစနစ်အား ယုံကြည်မှု ပိုတိုးနိုင်မည့် နည်းလမ်းများ ဆွေးနွေး အဖြေရှာခြင်း |

▲ ဇယား ၈.၁၁
၂၀၁၈ ခုနှစ်အတွင်း မှ ကဏ္ဍအလိုက် နည်းနာရပ်ဝန်းများ (Communities of practice, CoP)







၉.၀

# LIFT

# ၂၀၁၉ – ၂၀၂၃

# LIFT ၏ မဟာဗျူဟာ နောက်တဆင့် ၂၀၁၉-၂၀၂၃

## LIFT ၂၀၀၉-၂၀၁၈

LIFT အား ၂၀၀၉ ခုနှစ်တွင် အလှူရှင်များစွာ စုပေါင်းထည့်ဝင်သည့် စီမံကိန်း ရန်ပုံငွေအဖွဲ့အဖြစ် စတင်တည်ထောင် ခဲ့ပါသည်။ LIFT တွင် ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်ကြား စီမံကိန်း မဟာဗျူဟာ ကာလ အဆင့်သုံးဆင့် ရှိပါသည်။

LIFT ၏ ပထမဆုံး မဟာဗျူဟာ စီမံကိန်း ၂၀၀၉-၂၀၁၂ မှာ ဆိုင်ကလုန်းမုန်တိုင်း နာဂစ်ဒဏ် ထိခိုက်ခံစားခဲ့ကြရသည့် ကျေးလက်နေအိမ်ထောင်စုများပြန်လည်ထူထောင်ရေးအတွက် ပံ့ပိုးကူညီသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအား အဓိက အာရုံစိုက် လုပ်ဆောင်ခဲ့ပါသည်။

LIFT ၏ ဒုတိယ မဟာဗျူဟာ ၂၀၁၂-၂၀၁၄ ကာလ သည် ပြန်လည်ထူထောင်ရေးသို့ ရှေးရှုသည့် တိုးတက်မှုများနှင့် နိုင်ငံတွင်းရှိ အသစ်ပေါ်ထွက်လာသည့် အခွင့်အလမ်းများအား အသိအမှတ် ပြုပြီး စိုက်ပျိုးရေးနှင့် တောင်ယာပြင်ပ ဝင်ငွေရရှိအောင် ဖန်တီးပေးသည့် လုပ်ငန်းများမှတဆင့် စားနပ်ရိက္ခာဖူလုံမှုနှင့် ဝင်ငွေတိုးတက်စေရန် ဦးစားပေး ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးအသားပေး ချဉ်းကပ်နည်းလမ်းသို့ ပြောင်းလဲခဲ့ပါသည်။

အကြီးစား မဟာဗျူဟာ ပြန်လည်ပြင်ဆင်ခြင်းအား ၂၀၁၄-၂၀၁၈ တွင် ဆောင်ရွက်ခဲ့ပါသည်။ ဤအဆင့်တွင် အမျိုးမျိုးသော အသက်မွေးမှု မဟာဗျူဟာများဖြင့်ကျေးလက်နေ အိမ်ထောင်စုများ 'တက်လှမ်း'၊ 'ထွက်ခွာ' (သို့) 'တောင့်ထား' နိုင်ရန် အကူအညီပေးနိုင်ရန်အတွက် ဖွံ့ဖြိုးရေး အသားပေးချဉ်းကပ်နည်းလမ်းအား ပြတ်ပြတ်သားသား ရွေးချယ်ခဲ့ပါသည်။ စားနပ်ရိက္ခာဖူလုံမှု ဆောင်ရွက်ခြင်း၏ တိုးတက်မှုအား အသိအမှတ်ပြုခြင်းသည် အထူးသဖြင့် အမျိုးသမီးများ နှင့် ကလေးသူငယ်များတွင် သိသာထင်ရှားသည့် အာဟာရချို့တဲ့မှုအား ဖြေရှင်းနိုင်ခဲ့ခြင်း မရှိသဖြင့် LIFT ၏ မဟာဗျူဟာတွင် အာဟာရဖွံ့ဖြိုးမှုအား ပိုမို အာရုံစိုက်ထည့်သွင်းခဲ့ပါသည်။ ပိုမိုကျယ်ပြန့်သည့် 'ထွက်ခွာခြင်း ခြေလှမ်းများ၏ တစိတ်တပိုင်းအဖြစ် ရွှေ့ပြောင်းသွားလာခြင်းအား အာရုံစိုက်ရန် လုပ်ငန်း အသစ်တခု အဖြစ် ဖော်ဆောင်ခဲ့ပြီး ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှု နှင့် စိုက်ပျိုးရေး ကဏ္ဍများမှတဆင့် ပုဂ္ဂလိကကဏ္ဍ နှင့် ပူးပေါင်းဆောင်ရွက်မှုသို့ ဦးတည်ခြင်းနှင့် ပေါင်းစပ်ခဲ့ပါသည်။ဤအဆင့်အား နိုင်ငံတဝှမ်း ဖွံ့ဖြိုးရေး လုပ်ငန်းများ၏ အခြေအနေပေါ် မူတည်၍ ပြောင်းလဲနိုင်သည့် အဓိကအကြောင်းခြင်းရာများအား ဖြေရှင်းရန် ရည်ရွယ်သည့် ဒေသန္တရာဆိုင်ရာ စီမံကိန်း ချဉ်းကပ်နည်းလမ်းဖြင့် ဝိသေသပြုထားပါသည်။

၂၀၁၇ခုနှစ် မေလတွင် LIFT ၏ ကြားကာလ သုံးသပ်ချက်မှ အကြံပြုချက်များအား သုံးသပ်ပြီး ၂၀၁၈ခုနှစ်ကုန်တွင် ကုန်ဆုံးတော့မည်ဖြစ်သည့် LIFT ၏ မဟာဗျူဟာ နှင့် ရန်ပုံငွေဆိုင်ရာ ကတိကဝတ်များအား အသိအမှတ်ပြုလျက် LIFT ရန်ပုံငွေအဖွဲ့မှ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်အား ဒီဇိုင်းရေးဆွဲရန် ဆုံးဖြတ်ခဲ့ပါသည်။ LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့ဝင်များ (ဩစတေးလျ၊ အီးယူ၊ ဆွစ်ဇာလန်၊ ယူကေ၊ ယူအက်စ်) မှ အလှူရှင်များထံမှ ရင်းမြစ်များ စုပေါင်းခြင်းဖြင့် စီမံကိန်းအနေဖြင့် အဆက်အစပ်ရှိစွာ ဆက်လက်လုပ်ကိုင်နိုင်စွမ်း ရှိစေပြီး ပိုမိုကြီးမားသည့် သက်ရောက်မှုသို့ ဦးတည်နိုင်မည်ဟူသော ခိုင်မာသည့် ယုံကြည်ချက်၏ တွန်းအားကြောင့် LIFT အတွက် အလှူရှင်များစွာတို့ မှ ပံ့ပိုးသည့် ရန်ပုံငွေ ယန္တရားအား ဆက်လက်ဆောင်ရွက်ရန် သဘောတူညီခဲ့ပါသည်။

## LIFT ၂၀၁၉-၂၀၂၃ အတွက် ဒီဇိုင်းရေးဆွဲခြင်း

LIFT ရန်ပုံငွေဘုတ်အဖွဲ့မှ ဆက်လက်ဆောင်ရွက်မည့်/ ဆက်ခံမည့် ရန်ပုံငွေအတွက် လေ့လာသုံးသပ်မှု ဆောင်ရွက်ရန် လုပ်ငန်းလမ်းညွှန်ရေးဆွဲ ကြော်ငြာပြီး စိတ်ဝင်စားမည့်အဖွဲ့များအား ဖိတ်ခေါ်ခဲ့သော်လည်း သင့်တော်သည့် အဖွဲ့ကို မရရှိခဲ့ပါ။ သို့ဖြစ်၍ LIFT ရန်ပုံငွေ ဘုတ်အဖွဲ့က ရန်ပုံငွေ ညွှန်ကြားရေးမှူး၏ ဦးဆောင်မှုအောက်တွင် ရန်ပုံငွေဘုတ်အဖွဲ့၏ အရေးကြီးသည့် ဆုံးဖြတ်ချက်များ နှင့် ကတိကဝတ်များ၏ ထိန်းကျောင်းမှုဖြင့် စီမံကိန်းမဟာဗျူဟာ ရေးဆွဲခြင်း လုပ်ငန်းအား ဦးစီးရန် ရန်ပုံငွေ စီမံခန့်ခွဲရေး ရုံး သို့ တာဝန်ပေးအပ်ခဲ့ပါသည်။ LIFT ၏ နောက်အဆင့် ၂၀၁၉-၂၀၂၃ အား ဒီဇိုင်းရေးဆွဲခြင်း နှင့် LIFT ၏ မဟာဗျူဟာအား ပြန်လည်သုံးသပ်ပြင်ဆင်ခြင်း တို့အား ၂၀၁၇ ခုနှစ် ဒုတိယနှစ်ဝက်ကာလတွင် စတင်ခဲ့ပြီး ၂၀၁၈ ခုနှစ် တလျှောက်လုံး ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

ရန်ပုံငွေ ဘုတ်အဖွဲ့မှ ရည်ရွယ်သည့် 'တက်လှမ်း' 'ထွက်ခွာ' (သို့) 'တောင့်ထား' အကျိုးခံစားခွင့်ရှိသည့် အုပ်စုများအတွက် ကူညီပံ့ပိုးပေးမည့် LIFT၏ အထွေထွေ မဟာဗျူဟာ အာရုံစိုက်မှုကို ဆက်လက် ဆောင်ရွက်သွားရန် ကတိကဝတ်ပြုခဲ့ပြီး ၂၀၁၉-၂၀၂၃ တွင် အောက်ပါ မဟာဗျူဟာ ပြောင်းလဲမှုများ ဆောင်ရွက်သွားရန် သဘောတူခဲ့ပါသည်- [၇၆]

- အားလုံးပါဝင်နိုင်မှု နှင့် လူမှုပေါင်းစည်းညီညွတ်မှု/ သဟဇာတဖြစ်မှုတို့အား ပိုမိုအလေးထား အာရုံစိုက်ရန်
- ကျား၊မ တန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း/လုပ်ပိုင်ခွင့်များအတွက် ကြိုးပမ်းရန်
- တိုင်းရင်းသား လူမျိုးများ/နယ်စပ် ပြည်နယ်များနှင့် ပဋိပက္ခဖြစ်ပွားသည့် နယ်မြေများအား အလေးထားမှု တိုးမြှင့်ရန်
- နိုင်ငံတွင်း နေရပ်စွန့်ခွာတိမ်းရှောင်နေထိုင်သူများနှင့် နေရပ်ပြန်သူများအား LIFT၏ ဖွံ့ဖြိုးရေး အစီအစဉ်များတွင် ပါဝင်လာစေရန်
- မြို့ပြနှင့် မြို့ပြအနီးတဝိုက်ရှိ ဝန်ဆောင်မှု မရသေးသော ဒေသများအတွက် အစီအစဉ်များ တိုးချဲ့ရန်
- ရည်မှန်းထားသည့် မူဝါဒများနှင့် မူဝါဒရေးရာပြုပြင်ပြောင်းလဲမှုအဆင့်ဆင့်အား အစိုးရ နှင့် အတူလက်တွဲ လုပ်ဆောင်ရန်

၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သည့် အလှူရှင်အဖွဲ့များ အစည်းအဝေးတွင် LIFT ရန်ပုံငွေ အဖွဲ့၏ မဟာဗျူဟာ ဦးစားပေးလုပ်ငန်းများအား သတ်မှတ်ဖော်ထုတ်ခဲ့ပါသည်။ စီမံကိန်းမှ အာရုံစိုက် ဆောင်ရွက်မည့် နယ်ပယ်တခုချင်းစီ၏ မူဘောင်နှင့် သဘာထားခံယူချက်တို့ကိုလည်း သဘောတူညီခဲ့ပါသည်။ စီမံကိန်းဒီဇိုင်းနှင့် မဟာဗျူဟာ ရေးဆွဲရာတွင် အစိုးရအပါအဝင် အဓိက ပတ်သက်ဆက်နွယ်သူများ အားလုံး ပါဝင်စေရန်နှင့် သဘောထားများ တောင်းခံရန်လည်း သဘောတူညီခဲ့ပါသည်။ စီမံကိန်းဒီဇိုင်းရေးဆွဲရာတွင် မြန်မာနိုင်ငံအစိုးရ၏ စရိတ်တွက်ချက်ထားသည့် ဦးစားပေး ကဏ္ဍစီမံချက်များတွင် သတ်မှတ်ထားသည့် မဟာဗျူဟာ မြောက် ဦးစားပေးလုပ်ငန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်မည်ဖြစ်သည်။

စီမံကိန်းဒီဇိုင်းရေးဆွဲရန်အတွက် အထောက်အကူဖြစ်စေရန် အောက်ပါတို့အပါအဝင် လုပ်ငန်းဆိုင်ရာ အဓိက လုပ်ငန်းဆိုင်ရာ အကြောင်းအရာများအား တောင်းခံ

LIFTမှ အောက်ပါ ရည်ရွယ် အုပ်စုများ အတွက် ရင်းမြစ်များ ပံ့ပိုးမည်ဖြစ်ပါသည်-

- မြေယာ၊ လုပ်အားနှင့်/သို့မဟုတ် စီးပွားရေးအရ စွမ်းဆောင်ရည်ရှိသည့် ကျေးလက်နေ အိမ်ထောင်စုများကို တန်ဖိုးလှေကားထစ်များအား 'တက်လှမ်း' နှင့် လုပ်အားနှင့်မြေယာ ထုတ်ကုန် တိုးမြှင့်စေခြင်း နှင့် ဈေးကွက်သို့တင်ပို့ထုတ်လုပ်နိုင်မည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့မှ တဆင့် ဆင်းရဲနွမ်းပါးမှုပြင်ပသို့ 'တက်လှမ်းခြင်း'
- ကျေးလက်နေအိမ်ထောင်စုများ (သို့)အိမ်ထောင်စုဝင်များကို လယ်ယာစိုက်ပျိုးရေး ကဏ္ဍမှ အကျိုးရှိစွာ 'ထွက်ခွာ' ရန် အချိန်ကာလ တစ်ခုတွင် စီးပွားရေးအရ အကျိုးမည့်ဆီသို့ ဝင်ရောက်ရန်။ယင်းမှာ အခြားကဏ္ဍမှ ပိုမိုကောင်းမွန်သည့် အခွင့်အရေးအား ရယူရန်အတွက် ပြောင်းရွှေ့'ထွက်ခွာ' ရန်
- ကျေးလက်နေအိမ်ထောင်စုများ (သို့) အိမ်ထောင်စုဝင်များအား လယ်ယာ စိုက်ပျိုးရေးကဏ္ဍမှ အကျိုးရှိစွာ 'ထွက်ခွာ' ရန် အချိန်ကာလတစ်ခုတွင် စီးပွားရေးအရ အကျိုးရှိမည့် လုပ်ငန်းများထံသို့ 'ထွက်ခွာ'ရန်။ယင်းမှာဒေသတွင်း လယ်ယာမြေနှင့် မသက်ဆိုင်သည့် လုပ်ငန်းများတွင် လစာပိုမိုကောင်းမွန်သည့် အလုပ်အကိုင်ရှာဖွေရန်အတွက်'ထွက်ခွာ'ခြင်း ဖြစ်နိုင်သလို၊ ရပ်ဝေးတွင် အခွင့်အလမ်းများ ရှာဖွေရန် ရွှေ့ပြောင်း 'ထွက်ခွာ' လည်း ဖြစ်နိုင်ပါသည်။
- စီးပွားရေးအရ အလားအလာမရှိသော အိမ်ထောင်စုများ (သို့) 'ထွက်ခွာ' နိုင်စွမ်းမရှိသည့် အိမ်ထောင်စုဝင်များအား မြန်မာနိုင်ငံ၏ စီးပွားရေး အကူးအပြောင်းကာလအတွင်း စိုက်ပျိုးရေးကို ၎င်းတို့၏ နောက်ဆုံးလုံခြုံမှုပေးနိုင်သည့် လုပ်ငန်းအဖြစ် အသုံးပြု၍ စားနပ်ရိက္ခာ ဖူလုံမှုနှင့် အာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ ရေရှည် အကျိုးရလဒ်များအား ပိုမိုကောင်းမွန်စေရန် 'တောင့်ထား' ခြင်း

ရယူထားပါသည် -

- မီချီဂန်ပြည်နယ် တက္ကသိုလ်မှပြုစုခဲ့သည့်မြန်မာ့ကျေးလက်ဒေသ စီးပွားရေးဆိုင်ရာ အချက်အလက် အနှစ်ချုပ်နှင့် ဆန်းစစ်ချက်
- LIFT၏ ပဋိပက္ခရေးရာ အကြံပေးပုဂ္ဂိုလ်မှ ရေးသားပြုစုခဲ့သည့် ပဋိပက္ခ ဖြစ်ပွားသည့်ဒေသများ နှင့် ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများအတွက် LIFT ၏ လက်ရှိနှင့် ဖြစ်နိုင်ချေရှိသည့် ရှေ့လုပ်ငန်းစဉ်များ အကျဉ်းချုပ်
- တိုးတက်လျက်ရှိသည့် ကျား၊မ ရေးရာ တန်းတူညီမျှမှုနှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိစေရန် ဆောင်ရွက်သည့် အစီအစဉ်များအတွက် ကူညီပံ့ပိုးပေးနိုင်မည့် ၂၀၁၈ ခုနှစ် နောက်ပိုင်း ကျား၊မ ရေးရာ သတ်မှတ်ဖော်ထုတ်မှုလားရာနှင့်ဆိုင်သည့် စာတမ်း
- LIFT ၏ အရပ်ဘက်လူမှုအဖွဲ့အစည်း ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် စီမံကိန်းအစီအစဉ် ခေါင်းဆောင်တို့ ပူးတွဲရေးသားပြုစုခဲ့သည့် ချဉ်းကပ်နည်းလမ်းနှင့်နယ်ပယ်ဆိုင်ရာ အကြံပြုချက်များ ပါဝင်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အားကောင်းစေခြင်း စာတမ်း
- LIFT၏ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ ရေးသားပြုစုသည့် LIFT၏ နောင်အနာဂတ်ကာလအတွက် အာရုံစိုက်မှုများဆိုင်ရာ အကြံပြုချက်များအပါအဝင် အာဟာရဖွံ့ဖြိုးရေး အလေးထားသည့် စိုက်ပျိုးရေးကဏ္ဍတွင် ပါဝင်သည့် LIFT ၏ အခန်းကဏ္ဍအကြောင်း အတွေးအခေါ် စာတမ်း
- LIFT ၏ ခေတ်သစ် ကျွန်ပြုမှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ်မှ အကြံပြုသည့် LIFT ၏ စီမံကိန်းတခုလုံးတွင် ကဏ္ဍအားလုံးတွင် သင့်တော်သည့်အလုပ်အကိုင် (ဘေးကင်းလုံခြုံ၊ အကျိုးဖြစ်ထွန်း၊ ကျွန်ပြုမှုကင်းမဲ့) ဆိုင်ရာ အသေးစိတ် ရှုမြင်မှုများအား မည်သို့ အသုံးချနိုင်မည်ဆိုသည့် မဟာဗျူဟာမြောက် အကြံပြုချက်များ
- အာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ရေရှည်အကျိုးရလဒ်များအတွက် အထောက်အကူဖြစ်စေမည့် အာဟာရပြည့်ဝသည့် စားနပ်ရိက္ခာကဏ္ဍတွင် ဆောင်ရွက်ရမည့် LIFT ၏ ရွေးချယ်ရန်အချက်များ နှင့် ရှေ့ဆက်ရမည့် ခြေလှမ်းများ
- ၂၀၁၈ ခုနှစ် ပထမ သုံးလအတွင်းတွင် LIFT ၏ မဟာဗျူဟာဆိုင်ရာ အကြံပေးအဖွဲ့ Firetail/ALINE ၏ ကူညီပံ့ပိုးမှုဖြင့် LIFT ၏ စောင့်ကြည့် ကြီးကြပ်ရေးနှင့် အကဲဖြတ်သုံးသပ်ရေးအရာရှိ ဦးဆောင်၍ ရေးဆွဲခဲ့သည့် ရလဒ်မူဘောင်

အကြောင်းအရာ နယ်ပယ်လေးခုအတွက် မဟာဗျူဟာမူကြမ်းများရေးဆွဲခြင်း လုပ်ငန်းများမှာ နှစ်လယ်တွင် ပြီးစီးခဲ့ပါသည်။အလှူရှင်အဖွဲ့အများစုမှ နောင်အနာဂတ်အတွက် ကြိုတင်တွက်ချက်ထားသည့် ခန့်မှန်းခြေ ရန်ပုံငွေ ကတိကဝတ်များအား ပေးအပ်ပြီးဖြစ်ပါသည်။ စီမံကိန်း ရန်ပုံငွေများ ပေါင်းကူးရန်နှင့် အကူးအပြောင်းကာလတွက် ရန်ပုံငွေများ ထပ်မံရရှိပြီး ဖြစ်ပါသည်။ နောက်လာမည့် လများအတွင်း လက်ရှိ LIFT၏ စီမံချက်များနှင့် အစီအစဉ်များအား ၂၀၁၉-၂၀၂၃ စီမံကိန်း ကူးပြောင်းမှုနှင့် ကိုက်ညီစေရန် ရန်ပုံငွေဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်မည်ဖြစ်ပါသည်။ စီမံချက် အခု ၂၀ အတွက် ဘတ်ဂျက်ပါဝင်သည့် စီမံချက်ကာလ သက်တမ်းတိုးခွင့် ရရှိခဲ့ပြီး အဆိုပြုလွှာ ဖိတ်ခေါ်ချက် အသစ်များလည်း ရေးဆွဲခဲ့ပါသည်။

နှစ်ကုန်ခါနီးကပ်နေပြီ ဖြစ်သဖြင့် ရန်ပုံငွေ စီမံခန့်ခွဲမှုရုံးမှ မဟာဗျူဟာနှင့် ဆက်စပ် စာရွက်စာတမ်းများအား အချောသတ်ခဲ့ပါသည်။၂၀၁၈ခုနှစ် ဒီဇင်ဘာတွင် ရန်ပုံငွေဘုတ်အဖွဲ့မှ ၂၀၁၉-၂၀၂၃ မဟာဗျူဟာ အား ပြန်လည်ပြင်ဆင်ရန် အချက်များအတွက် မှတ်ချက်များပေး၍ အတည်ပြုခဲ့ပြီး ယုတ္တိဗေဒမူဘောင်နှင့်ပတ်သက်၍ နောက်ဆုံးအကြိမ်ပေးသည့် မှတ်ချက်များလည်း ရရှိခဲ့ပါသည်။စာရွက်စာတမ်းများအားလုံးအား အတည်ပြုပြီးဖြစ်ပြီး LIFT ၏ ဝက်ဘ်ဆိုဒ်တွင် ရယူနိုင်ပါသည်။

၂၀၁၉-၂၀၂၃ ကာလအတွက် အလှူရှင်အဖွဲ့များ ပေးအပ်မည့် ရန်ပုံငွေ ကို ၂၀၁၉ခုနှစ်တွင် သိရှိမည်ဖြစ်သည်။









၁၀.၀

# နောက်ဆက်တွဲများ

| | မြို့နယ် အရေအတွက် | ခရိုင် အရေအတွက် | တိုင်းဒေသကြီး/ ပြည်နယ် အရေအတွက် |
|---|---|---|---|
| LIFT စီမံကိန်းပံ့ပိုးမှုများ ရောက်ရှိမှု စုစုပေါင်း | 247 | 63 | 14 |
| ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ရောက်ရှိမှု | 217 | 59 | 14 |

၁၀.၁

## LIFT ၏ ဆောင်ရွက်ဆဲ စီမံချက်များနှင့် တည်နေရာများ

၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် LIFT အနေဖြင့် တိုင်းဒေသကြီး နှင့် ပြည်နယ် ၁၄ ခု၊ ခရိုင်း ၅၉ ခု နှင့် မြို့နယ်ပေါင်း ၂၁၇ မြို့နယ်တွင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး တနိုင်ငံလုံး အတိုင်းအတာဖြင့် စီမံချက် ၁၈ ခု ရှိပါသည်။

| ပြည်နယ်/တိုင်းဒေသကြီး | ခရိုင် | မြို့နယ် |
|---|---|---|
| ဧရာဝတီ | ဟင်္သာတ | ဟင်္သာတ၊ အင်္ဂပူ၊ကြံခင်း၊လေးမျက်နှာ၊မြန်အောင်၊ဇလွန် |
| | လပွတ္တာ | လပွတ္တာ၊ မော်လမြိုင်ကျွန်း |
| | မအူပင် | ဓနုဖြူ၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော် |
| | မြောင်းမြ | အိမ်မဲ၊ မြောင်းမြ၊ ဝါးခယ်မ |
| | ပုသိမ် | ကန်ကြီးဒေါင့်၊ ကျောင်းကုန်း၊ ကျုံပျော်၊ ငပုတော၊ ပုသိမ်၊ သာပေါင်း၊ ရေကြည် |
| | ဖျာပုံ | ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ ဖျာပုံ |
| ပဲခူး | ပဲခူး | ပဲခူး၊ ဒိုက်ဦး၊ ကဝ၊ကျောက်တံခါး၊ ညောင်လေးပင်၊ ရွှေကျင်၊ ထန်းတပင်၊ ဝေါ |
| | တောင်ငူ | ထန်းတပင်၊ အုတ်တွင်း၊ ဖြူး၊ တောင်ငူ၊ ရေတာရှည် |
| | ပြည် | ပေါက်ခေါင်း၊ ပေါင်းတည်၊ ပြည်၊ ရွှေတောင်၊သဲကုန်း |
| | သာယာဝတီ | ကြို့ပင်ကောက်၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ နတ္တလင်း၊ အုတ်ဖို၊ သာယာဝတီ၊ ဇီးကုန်း |
| ချင်း | ဖလမ်း | ဖလမ်း၊ တီးတိန်၊တွန်းဇံ |
| | ဟားခါး | ဟားခါး၊ ထန်တလန် |
| | မင်းတပ် | ကန်ပက်လက်၊ မတူပီ၊ မင်းတပ်၊ ပလက်ဝ |
| ကချင် | ဗန်းမော် | ဗန်းမော်၊မန်စီ၊ မိုးမောက်၊ ရွှေကူ |
| | မိုးညှင်း | မိုးကောင်း၊ မိုးညှင်း |
| | မြစ်ကြီးနား | အင်ဂျားယန်၊ မြစ်ကြီးနား၊ ဝိုင်းမော် |
| | ပူတာအို | မချမ်းဘော၊ နောင်မွန်း၊ ပူတာအို၊ ဆွမ်ပရာဘွမ် |
| ကယား | လွိုင်ကော် | ဒီမောဆို၊ ဖရူဆို၊ လွိုင်ကော် |
| ကရင် | ဘားအံ | လှိုင်းဘွဲ့၊ ဖားအံ၊ သံတောင်ကြီး |
| | ဖာပွန် | ဖာပွန် |
| | ကော့ကရိတ် | ကော့ကရိတ်၊ကြာအင်းဆိပ်ကြီး |
| | မြဝတီ | မြဝတီ |
| မကွေး | မကွေး | ချောက်၊ မကွေး၊ မြို့သစ်၊ နတ်မောက်၊ တောင်တွင်းကြီး၊ ရေနံချောင်း |
| | မင်းဘူး | မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ စေတုတ္တရာ |
| | ပခုက္ကူ | မြိုင်၊ ပခုက္ကူ၊ ပေါက်၊ ဆိပ်ဖြူ၊ ရေစကြို |
| | သရက် | အောင်လံ၊ ကံမ၊ မင်းလှ၊ ဆင်ပေါင်ဝဲ |

| ပြည်နယ်/တိုင်းဒေသကြီး | ခရိုင် | မြို့နယ် |
|---|---|---|
| မန္တလေး | ကျောက်ဆည် | ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦး |
| | မန္တလေး | အမရပူရ၊ အောင်မြေသာဇံ၊ ချမ်းအေးသာဇံ၊ ချမ်းမြသာစည်၊ မဟာအောင်မြေ၊ ပုသိမ်ကြီး၊ ပြည်ကြီးတံခွန် |
| | မိတ္ထီလာ | မလှိုင်၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း |
| | မြင်းခြံ | မြင်းခြံ၊ နွားထိုးကြီး၊ ငါန်းဇွန်၊ တောင်သာ |
| | ညောင်ဦး | ကျောက်ပန်းတောင်း၊ ညောင်ဦး |
| | ပြင်ဦးလွင် | မတ္တရာ၊ ပြင်ဦးလွင် |
| | ရမည်းသင်း | ပျော်ဘွယ်၊ ရမည်းသင်း |
| | ဒက္ခိဏ | လယ်ဝေး၊ ပျဉ်းမနား |
| | ဥတ္တရ | ဥတ္တရသီရိ၊ ပုဗ္ဗသီရိ၊ တပ်ကုန်း |
| မွန် | မော်လမြိုင် | ချောင်းဆုံ၊ ကျိုက်မရော၊ မော်လမြိုင်၊မုဒုံ၊ သံဖြူဇရပ်၊ ရေး |
| | သထုံ | ဘီးလင်း၊ ကျိုက်ထို၊ ပေါင်၊ သထုံ |
| ရခိုင် | ကျောက်ဖြူ | အမ်း၊ ကျောက်ဖြူ၊ ရမ်းဗြဲ |
| | မောင်တော | မောင်တော |
| | မြောက်ဦး | ကျောက်တော်၊ မင်းပြား၊ မြောက်ဦး၊ မြေပုံ |
| | စစ်တွေ | ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ စစ်တွေ |
| | သံတွဲ | ဂွ၊ သံတွဲ၊ တောင်ကုတ် |
| စစ်ကိုင်း | ကလေး | ကလေး |
| | ကန့်ဗလူ | ကန့်ဗလူ၊ ရေဦး |
| | မော်လိုက် | ဖောင်းပြင် |
| | မုံရွာ | အရာတော်၊ ဘုတလင်၊ ချောင်းဦး၊ မုံရွာ |
| | စစ်ကိုင်း | မြောင်၊ မြင်းမူ၊ စစ်ကိုင်း |
| | ရွှေဘို | ခင်ဦး၊ ရွှေဘို၊ ဝက်လက် |
| | ယင်းမာပင် | ကန္နီ၊ ပုလဲ၊ ဆားလင်းကြီး၊ ယင်းမာပင် |
| ရှမ်း | ကျိုင်းတုံ | ကျိုင်းတုံ |
| | တာချီလိတ် | မိုင်းဖြတ်၊ တာချီလိတ် |
| | ကျောက်မဲ | သီပေါ၊ ကျောက်မဲ၊ နမ္မတူ၊ နောင်ချို |
| | လားရှိုး | သိန္နီ၊ ကွမ်းလုံ၊ လားရှိုး၊ တန့်ယန်း |
| | လောက်ကိုင် | လောက်ကိုင် |
| | မူဆယ် | ကွတ်ခိုင် |
| | လွိုင်လင် | ကျေးသီး၊ လဲချား၊ လွိုင်လင်၊ မိုင်းကိုင် |
| | တောင်ကြီး | ဟိုပုန်း၊ ဆီဆိုင်၊ ကလော၊ ရပ်စောက်၊ ညောင်ရွှေ၊ ဖယ်ခုံ၊ ပင်းတယ၊ ပင်လောင်း၊ တောင်ကြီး၊ရွှာင် |
| တနင်္သာရီ | ထားဝယ် | ထားဝယ်၊ သရက်ချောင်း၊ ရေဖြူ |
| | မြိတ် | မြိတ်၊ ပုလော |

| ပြည်နယ်/တိုင်းဒေသကြီး | ခရိုင် | မြို့နယ် |
|---|---|---|
| ရန်ကုန် | ရန်ကုန် (အရှေ့ပိုင်း) | ဗိုလ်တထောင်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ တာမွေ၊ သာကေတ၊ သင်္ဃန်းကျွန်း၊ ရန်ကင်း |
| | ရန်ကုန် (မြောက်ပိုင်း) | လှိုင်သာယာ၊ လှည်းကူး၊ မှော်ဘီ၊ ထန်းတပင်၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ၊ တိုက်ကြီး |
| | ရန်ကုန် (တောင်ပိုင်း) | ဒလ၊ကော့မှူး၊ ကျောင်းကုန်း၊ ကျောက်တန်း၊ ဆိပ်ကြီး ခနောင်တို၊ သံလျင်၊ သုံးခွ၊ တွံတေး |
| | ရန်ကုန် (အနောက်ပိုင်း) | အလုံ၊ ဗဟန်း၊ ဒဂုံ၊လှိုင်၊ ကမာရွတ်၊ ကျောက်တံတား၊ ကြည့်မြင်တိုင်၊ လမ်းမတော်၊ မရမ်းကုန်း၊ ပန်းဘဲတန်း |

၉.၂

# LIFT၏ ယုတ္တိဗေဒမူဘောင်

တာဝန်။ မြန်မာ ကျေးလက်နေ ဆင်းရဲနွမ်းပါးသူတို့၏ ဝင်ငွေနှင့် စားနပ်ရိက္ခာ အဆင့်အတန်းကို မြှင့်တင်ရန် အတွက် ကြံ့ကြံ့ခံနိုင်သော အသက်မွေးဝမ်းကျောင်းမှုများနှင့် ရိက္ခာဖူလုံမှုတို့ကို ဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရန်

တာဝန်အဆင့်အညွှန်းများ

တာဝန် အဆင့်အကျိုး (Purpose-level Outcome, PO)၁။ကျေးလက်နေ အိမ်ထောင်စုများ ဝင်ငွေ တိုးတက်ခြင်း

PO၁.၁—ဝင်ငွေတိုးလာသောLIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် လွန်ခဲ့သော ၁၂လအတွင်း ဝင်ငွေ တိုးလာသည်ဟု တင်ပြကြသော LIFT အိမ်ထောင်စု စုစုပေါင်း၏ အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

PO ၁.၂— ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း အောက်တွင် ရောက်နေသောLIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် LIFT ကျေးရွာများရှိ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မှု မျဉ်းအောက်တွင် ရှိနေသော အိမ်ထောင်စု%ကို တိုင်းတာသည်။ ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းမှာ တစ်နေ့လျှင် ကန်ဒေါ်လာ ၁.၂၅ ဖြစ်သည်။ ၎င်းမှာ ၂၀၁၁ အခြေခံ မျဉ်းစစ်တမ်းမှ စားသုံးသူ ဈေးနှုန်းအညွှန်း (Purchasing Power Parity PPP ) နှင့် ငွေဖောင်းပွမှုနှုန်းတို့နှင့် ညှိထားသည့် စားသုံးမှုနှင့် သုံးစွဲမှု အသေးစိတ်အကဲဖြတ်မှုကို အခြေခံ ထားသည်။(ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

တာဝန်အဆင့်အကျိုး(PO)၂။ ဆင်းရဲနွမ်းပါးသော ကျေးလက်အိမ်ထောင်စုများ ချောက်ချားမှု၊ ဖိစီးမှု၊ အကျိုးမဲ့မည့် အခြေအနေတို့နှင့် ရင်ဆိုင်ပါက ကြံ့ကြံ့ခံနိုင်ခြင်း

PO ၂.၁—ပစ္စည်းပိုင်ဆိုင်မှု တိုးတက်လာသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းကို လွန်ခဲ့သော ၁၂လအတွင်း ဝင်ငွေ ရလမ်းတိုးလာသည့် LIFT ကျေးရွာများရှိ အိမ်ထောင်စု အရေအတွက် စုစုပေါင်းဖြင့် တိုင်းတာနိုင်သည်။ (ကိန်းဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စုစစ်တမ်း)

PO၂.၂—ဝင်ငွေရလမ်း များပြားလာသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းကို လွန်ခဲ့သော ၁၂လအတွင်း ဝင်ငွေရလမ်း တိုးလာသည့် LIFT ကျေးရွာများရှိ အိမ်ထောင်စု အရေအတွက် စုစုပေါင်းဖြင့် တိုင်းတာနိုင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

PO ၂.၃—ကြံ့ကြံ့ခံနိုင်မှုရှိပြီး အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် လူဦးရေ

ဤအညွှန်းကို ဝင်ငွေတိုးလာခြင်း၊ ပစ္စည်းပိုမို ပိုင်ဆိုင်လာခြင်း၊ ရိက္ခာဖူလုံလာခြင်း တို့ကြောင့် ကြံ့ကြံ့ခံနိုင်မှု တိုးတက်လာသော လူတစ်ဦးချင်းနှင့် အိမ်ထောင်စုများကို ပေါင်းစပ်ဖော်ပြထားသော အညွှန်းဖြစ်သည်။ (ကိန်းဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စုစစ်တမ်း)

တာဝန်အဆင့်အကျိုး PO၃။ အမျိုးသမီးများနှင့် ကလေးများ အာဟာရ တိုးတက်ကောင်းမွန်ခြင်း

PO ၃.၁—လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာ အမျိုးအမည် စုံလင်စွာ ရရှိသည့် LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် လက်ခံနိုင်ဖွယ် အမျိုးအမည် စုံလင်စွာ စားသုံးနိုင်မှု ရမှတ် ၆မှတ် အထက် ရရှိသော LIFT ကျေးရွာများရှိ အိမ်ထောင်စု အရေအတွက် စုစုပေါင်းဖြင့် တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

PO ၃.၂—၁၂ လတာ အစားအစာ လုံလောက်မှုရှိသော LIFT အိမ်ထောင်စု အရေအတွက်

ဤရိက္ခာဖူလုံမှု အညွှန်းသည် ၁၂လအပြည့် ရိက္ခာ ဖူလုံမှုရှိခဲ့သော LIFT ကျေးရွာများရှိ အိမ်ထောင်စု အရေအတွက် စုစုပေါင်းဖြင့် တိုင်းတာနိုင်သည်။ (ကိန်းဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စုစစ်တမ်း)

PO ၃.၃— LIFT ကျေးရွာများရှိ ၅နှစ်အောက် ကလေးများ၏ အလွန်အမင်း/ အသင့်အတင့် ပုညက်မှု ရာခိုင်နှုန်း

ဤအညွှန်းသည် အသက် ၅နှစ်အောက်ရှိ အတန်အသင့် သို့ အလွန်အမင်း ပုညက်သော ကလေးများ ရာခိုင်နှုန်းကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

PO ၃.၄—လွန်ခဲ့သော နှစ်ပတ်အတွင်း ၅နှစ်အောက် ကလေးများ ဝမ်းပျက်ဝမ်းလျှောဖြစ်မှု အချိုးအစား

ဤအညွှန်းသည် လွန်ခဲ့သော ရက်သတ္တပတ် ၂ပတ်အတွင်း ဝမ်းလျှောဝမ်းပျက်ဖြစ်ခဲ့သည့် အသက် ၅နှစ်အောက် ကလေးများ အချိုးအဆကို တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်။ LIFT အိမ်ထောင်စုစစ်တမ်း)

တာဝန်အဆင့်အကျိုး(PO)၄။ ဆင်းရဲနွမ်းပါးသူများ အကျိုးဖြစ်ထွန်းစေမည့် တိုးတက်သော မူဝါဒများ၊ ထိရောက်သော လူထုအသုံးစရိတ်များ

PO ၄.၁—LIFTက ထောက်ပံ့သော ပြည်သူ့ရေးရာ မူဝါဒနှင့် အစီအစဉ် အပြောင်းအလဲ အရေအတွက်နှင့် အမျိုးအစား

ဤအညွှန်းသည် မိတ်ဖက်အဖွဲ့များနှင့် LIFT ၏ ရန်ပုံငွေမန်နေဂျာရုံးတို့က ထောက်ပံ့သော အစိုးရကဏ္ဍ မူဝါဒ နှင့်အစီအစဉ်အပြောင်းအလဲ အမျိုးအစားနှင့် အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်- FMOနှင့် IP)

PO ၄.၂—LIFT က ထောက်ပံ့သော လူထု ကဏ္ဍ/ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဘတ်ဂျက် ခွဲဝေမှု/ သုံးစွဲမှုအပြောင်းအလဲ အရေအတွက်နှင့် အမျိုးအစား

ဤအညွှန်းသည် မိတ်ဖက်အဖွဲ့များမှဖြစ်စေ၊ LIFT၏ ရန်ပုံငွေမန်နေဂျာရုံးမှဖြစ်စေ ထောက်ပံ့သော အစိုးရကဏ္ဍ ဘတ်ဂျက်ခွဲဝေမှုနှင့် သုံးစွဲမှု အပြောင်းအလဲ အမျိုးအစားနှင့် အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်-FMOနှင့် IP)

စီမံကိန်းအဆင့်အညွှန်းများ

စီမံကိန်းအဆင့်ရလဒ် (Programme -level Outcome, PR) ၁။လုပ်ကွက်ငယ် တောင်သူများ၏ ရေရှည် တည်တံ့သော စိုက်ပျိုးရေးလုပ်ငန်း နှင့် လယ်ယာအခြေပြု ထုတ်လုပ်မှုများ

PR ၁.၁—အကြံပေးဝန်ဆောင်မှုရောက်ရှိသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် LIFT၏ အထောက်အပံ့ပေးသည့် စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ရေလုပ်ငန်းဆိုင်ရာအကြံပေး ဝန်ဆောင်မှုများ ရောက်ရှိခဲ့သည့် ကျေးလက် အိမ်ထောင်စုများ၏ အရေအတွက်ကို တိုင်းတာသည်။ IPများက တိုက်ရိုက်ပေးသော (ဥပမာ-တောင်သူ သင်တန်းကျောင်းများ)၊ IPများ၏ မိတ်ဖက်များ (ဥပမာ- ပုဂ္ဂလိက ပညာပေးသူများ)တို့မှတစ်ဆင့် သွယ်ဝိုက်၍ ပေးသော ဝန်ဆောင်မှု အားလုံး ပါဝင်သည်။ (ကိန်းဂဏန်း အရင်းအမြစ် -IP)

PR ၁.၂—နည်းနာကောင်းများ၊ သွင်းအားစုများ၊ နည်းပညာများကို စမ်းသပ်သော/ ကျင့်သုံးသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေ လုပ်ငန်းဆိုင်ရာ လုပ်နည်းလုပ်ဟန် နှင့် သွင်းအားစု နှင့်/သို့ နည်းပညာများအသစ်များ ကိုကျင့်သုံးခဲ့သော အိမ်ထောင်စုအရေအတွက် စုစုပေါင်းကို တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်- LIFTအိမ်ထောင်စု စစ်တမ်း)

PR ၁.၃—သီးနှံထုတ်လုပ်မှုတိုးတက်လာသော LIFT အိမ်ထောင်စုအရေအတွက်

ဤအညွှန်းသည် သီးနှံအထွက် တိုးတက်လာသည်ဟု သတင်းပို့သော အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။
(ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

စီမံကိန်းအဆင့်ရလဒ် PR ၂။ လုပ်ကွက်ငယ် တောင်သူများ ဈေးကွက် လက်လှမ်းမီမှု နှင့် ဈေးကွက် အခြေအနေ တိုးတက်လာခြင်း

PR ၂.၁—ထုတ်လုပ်သူ အုပ်စုဝင် LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် အိမ်ထောင်စုဝင်များက ထုတ်လုပ်မှု အုပ်စုတွင် ပါဝင်နေသော အိမ်ထောင်စု အရေအတွက်ကို ရေတွက်သည်။ ထုတ်လုပ်သူ အုပ်စုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးမွေးမြူရေး၊ ငါးဖမ်းခြင်း၊ စီးပွားရေး၊ ဈေးကွက်တင်ခြင်း၊ကြိတ်ခွဲ ပြုပြင်ဆင်ခြင်း၊ ဝယ်ခြင်းရောင်းခြင်း စသည်တို့ကို လုပ်ကိုင်သည့် အုပ်စုတို့ ပါဝင်သည်။ (ကိန်းဂဏန်း အရင်းအမြစ်- IP)

PR ၂.၂—ဈေးကွက်နည်းနာအသစ်များကို ကျင့်သုံးသည့် LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် စိုက်ပျိုးရေး ထုတ်ကုန်များကို ဈေးကောင်းရရန် ဈေးကွက်တင်သည့်လုပ်နည်း လုပ်ဟန်အသစ်များကို သုံးစွဲသော အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ (ကိန်ဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

PR ၂.၃—စိုက်ပျိုးရေး/ မွေးမြူရေး/ ရေလုပ်ငန်း တို့မှ အမြတ်အစွန်းရရှိသည့် LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် လွန်ခဲ့သာတစ်နှစ်အတွင်း စိုက်ပျိုးရေး /မွေးမြူရေး/ရေလုပ်ငန်းတို့မှ အမြတ်ပို ရလာသည်ဟု သတင်းပို့သောLIFTကျေးရွာများမှ စုစုပေါင်း အိမ်ထောင်စု အရေအတွက်ဖြင့် တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်။ LIFT အိမ်ထောင်စု စစ်တမ်း)

စီမံကိန်းအဆင့်ရလဒ် PR ၃။လုပ်ကွက်ငယ်တောင်သူများ နှင့် လယ်မဲ့မြေမဲ့များအတွက် လယ်ယာ ပြင်ပ အလုပ်အကိုင် တိုးတက်လာခြင်း

PR ၃.၁—စိုက်ပျိုးရေး မဟုတ်သော လုပ်ငန်းကျွမ်းကျင်မှု တိုးတက်ရေးအတွက် အထောက်အပံ့ရရှိသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် လယ်ယာကို အခြေမခံသော လုပ်ငန်းကျွမ်းကျင်မှုများ၊ အသက်မွေးပညာ ကျွမ်းကျင်မှု သင်တန်းများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု များ၊လူမှုဆက်ဆံရေးများ၊ ရွှေ့ပြောင်း သွားလာရေး အကြံဉာဏ်များစသည်တို့ဖြင့် ပံ့ပိုးမှုရရှိခဲ့သော LIFTကျေးရွာမှ စုစုပေါင်း အိမ်ထောင်စုအရေအတွက်ဖြင့် တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- IP)

PR ၃.၂—လုပ်ငန်းထူထောင်နိုင်သော/အလုပ်ရသော သင်တန်းဆင်းဦးရေ

ဤအညွှန်းသည် သင်တန်းဆင်းပြီးသူများထဲမှ မိမိကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သူ (သို့မဟုတ်) ဒေသတွင်း (သို့မဟုတ်) ရွှေ့ပြောင်းသွားလာခြင်းဖြင့် လယ်ယာပြင်ပ အလုပ်များဖြစ်သည့် စီးပွားရေးဖြင့် အလုပ်ရသွားသူ စုစုပေါင်းအရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- IP)

PR ၃.၃—စိုက်ပျိုးရေး မဟုတ်သော အလုပ်ဖြင့် ဝင်ငွေ တိုးတက်လာသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် ယခင်နှစ် ဝင်ငွေဖြင့် နှိုင်းယှဉ်ပါက ယခုနှစ်တွင် စိုက်ပျိုးရေး မဟုတ်သောအလုပ်ဖြင့် ဝင်ငွေတိုးတက်လာသည်ဟု ယင်းတို့ကထင်မြင်သော အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

စီမံကိန်းအဆင့်ရလဒ်Pr၄။ အတိုးနှုန်းသက်သာပြီး လိုအပ်ချက်နှင့် ကိုက်ညီပြည့်စုံမှုရှိသော ငွေကြေး ဝန်ဆောင်မှုများကို လက်လှမ်းမီလာခြင်း

PR ၄.၁—ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သည့် LIFT၏ အသေးစား ငွေကြေးလုပ်ငန်းများ အရေအတွက်

ဤအညွှန်းသည် LIFT က ထောက်ပံ့နေသော MFIများမှ ငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သော အရေအတွက်ကို တိုင်းတာသည်။ နှစ်စဉ်ဝင်ငွေသည် နှစ်စဉ် ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်မှု ကုန်ကျစရိတ်များကိုကျော်လွန်မှသာငွေကြေးအရ မိမိဘာသာ ရပ်တည်နိုင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်- IP)

PR ၄.၂—ငွေကြေးဝန်ဆောင်မှုများသို့ လက်လှမ်းမီသောLIFT အိမ်ထောင်စု အရေအတွက် (လက်ရှိဝန်ဆောင်မှုအသုံးပြုသူများ)

ဤအညွှန်းသည် LIFT အထောက်အပံ့ရရှိသည့် ဘဏ်များနှင့်/သို့ သမဝါယမများ၊ MFI များတွင် မှတ်ပုံတင်ထားသည့် အိမ်ထောင်စုဝင်တစ်ဦး အနည်းဆုံးရှိနေသော အိမ်ထောင်စု အရေအတွက် ကို တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်- IP)

စီမံကိန်းအဆင့်ရလဒ် Pr ၅။ အာဟာရ၊ ရေနှင့် တစ်ကိုယ်ရည် သန့်ရှင်းမှု တိုးတက်ခြင်း

PR ၅.၁။ အာဟာရဆိုင်ရာ သတင်းအချက်အလက်များကို ရရှိလက်လှမ်းမီသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် အာဟာရဆိုင်ရာ အသိပညာများကို LIFT ၏ IP များက ဆောင်ရွက်သည့် လုပ်ငန်းများဖြင့် တိုက်ရိုက် ပံ့ပိုးမှုရရှိသည့်အိမ်ထောင်စု အရေအတွက် စုစုပေါင်းဖြင့် တိုင်းတာသည်။၎င်းတွင် ရပ်ရွာအဆင့် ဆောင်ရွက်သည့် အသိပညာပေးမြှင့်တင်မှုများ မပါဝင်ဘဲ အုပ်စုအဆင့် နှင့် အိမ်ထောင်စုအဆင့် လုပ်ဆောင်များ ပါဝင်သည်။(ကိန်းဂဏန်း အရင်းအမြစ်- IP)

PR ၅.၂—အမျိုးသမီး နှင့် ကလေးများ၏ အာဟာရ လိုအပ်ချက်များကို သိရှိသော လူဦးရေ

ဤအညွှန်းသည် ကလေးဘဝ၏ ပထမရက် ၁၀၀၀ အတွင်း ကိုယ်ဝန်ဆောင်များ စားရမည့် အစားအသောက်များ၊ ကလေးများကို သင့်လျော် သော ကျွေးမွေးမှု ပုံစံများ အပါအဝင် မိခင် နှင့် ကလေးတို့၏ အာဟာရ လိုအပ်ချက်ကို သိမြင်သော LIFT ကျေးရွာများမှ လူဦးရေ (၂နှစ် အောက် ကလေးများကို စောင့်ရှောက်ပေးကြသူ အမျိုးသား၊ အမျိုးသမီးများ) စုစုပေါင်းဖြင့် တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

PR ၅.၃—လက်ခံနိုင်ဖွယ်ရှိသော ရိက္ခာ အမျိုး အမည် စုံလင်စွာရရှိသည့် ၆လမှ ၂၃လ အရွယ် ကလေးဦးရေ

ဤအညွှန်းသည် လက်ခံနိုင်ဖွယ် အမည်စုံလင်သည့် အစားအစာများကို စားရသော ၆လ မှ ၂၃ လအရွယ် ကလေးဦးရေကို တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်-အိမ်ထောင်စုစစ်တမ်း)

PR ၅.၄—လွန်ခဲ့သော ၂၄ နာရီအတွင်း မိခင်နို့ သက်သက်ကိုသာ သောက်သုံးရသော နို့စို့ ကလေး (မွေးစ မှ ၅လ) ဦးရေ

ဤအညွှန်းသည် စစ်တမ်းမကောက်မီနေ့(၂၄ နာရီအတွင်း) က မိခင်နို့သက်သက်ကိုသာ သောက်သုံးခဲ့သော အသက် ၅လ အတွင်း ကလေးများ၏ အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

PR ၅.၅—စိတ်ချရသော သန့်ရှင်းရေး အဆောက်အအုံ /အသုံးအဆောင်များ သုံးစွဲ နေသော LIFT အိမ်ထောင်စုအရေအတွက်

ဤအညွှန်းဖြင့် ကောင်းမွန်သော ရေနှင့် သန့်ရှင်းရေးစနစ်ကို သုံးစွဲနေသော LIFT အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ ယင်းတွင် ရေဆိုးကန်စနစ်၊ မိလ္လာကန်စနစ်တို့ရှိသည့် ရေလောင်း/ရေဆွဲ အိမ်သာ၊ ရိုးရိုး ကျင်းအိမ်သာ၊လေဝင်လေထွက် ကောင်းမွန်အောင် လုပ်ထားသည့် ကျင်းအိမ်သာ၊ အဖုံးပါသည့် ကျင်းအိမ်သာ စသည်တို့ ပါဝင်သည်။ (ကိန်းဂဏန်း အရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

PR ၅.၆—စိတ်ချရသော သောက်ရေ အရင်းအမြစ်ကို သုံးစွဲနေသော LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် နွေရာသီတွင် လုံခြုံစိတ်ချရသော သို့ အရည်အသွေး ကောင်းမွန်သော ရေအရင်းအမြစ်ကို သုံးစွဲနေသော LIFT အိမ်ထောင်စု အရေအတွက် စုစုပေါင်းကို တိုင်းတာသည်။ ယင်းတို့တွင် အိမ်တိုင်ရာရောက် ရေသွယ်ခြင်း၊ အများသုံးရေဘုံပိုင်၊ ရေတွင်း၊ အကာအကွယ်ရှိသည့် လက်တူးရေတွင်း၊ အကာအကွယ်ရှိသည့် စမ်းရေထွက်နှင့် မိုးရေ သိုလှောင်မှု၊ အကာအကွယ်ရှိသည့် ရေကန်များ ပါဝင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စုစစ်တမ်း)

စီမံကိန်းအဆင့်ရလဒ် PR ၆။ လုပ်ကွက်ငယ် တောင်သူများနှင့်လယ်မဲ့မြေမဲ့များအနေဖြင့် သယံဇာတများကို လက်လှမ်းမီရေးနှင့် ရေရှည် အသုံးပြုနိုင်ရေးအတွက် အာမခံချက်ရှိခြင်း

PR ၆.၁—အများပိုင်ပစ္စည်း စီမံခန့်ခွဲမှု ရှိသော ကျေးရွာ အရေအတွက်

ဤအညွှန်းသည် အများပိုင် မြေယာအရင်းအမြစ် သို့မဟုတ် သယံဇာတ(သစ်တော၊ စားကျက်မြေ၊ သဘာဝ အင်းအိုင်၊ဒီရေတော၊ တာရိုး)တို့ကို စီမံခန့်ခွဲနေသည့် LIFTကျေးရွာအရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စုစစ်တမ်း)

PR ၆.၂—ကာကွယ်/စီမံခန့်ခွဲထားသော သယံဇာတများဖြင့် အကျိုးခံစားရသည့် LIFT အိမ်ထောင်စု အရေအတွက်

ဤအညွှန်းသည် အိမ်ထောင်စုဝင် တစ်ဦးက ကာကွယ်ထားသော/စီမံခန့်ခွဲထားသော သယံဇာတများ (သစ်တော၊စားကျက်မြေ၊သဘာဝ အင်းအိုင်၊ ဒီရေတော၊တာရိုး)မှ အကျိုးခံစားရသည့် အိမ်ထောင်စု အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- LIFT အိမ်ထောင်စု စစ်တမ်း)

စီမံကိန်းအဆင့်ရလဒ် Pr ၇ ။ ရိက္ခာနှင့် အသက်မွေးမှု ဖူလုံရေးအတွက် ကူညီထောက်ပံ့နိုင်ရန် ရပ်ရွာလူထု၊ ဒေသအာဏာပိုင်၊ အရပ်ဘက်လူမှု အဖွဲ့အစည်းနှင့် လုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို အားဖြည့်ခြင်း

PR ၇.၁—ပြည်တွင်းအဖွဲ့အစည်းက ခန့်ခွဲနေသော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်း

ဤအညွှန်းသည် ပြည်တွင်းအဖွဲ့အစည်းများက စီမံခန့်ခွဲနေသော LIFT၏ ရန်ပုံငွေ ရာခိုင်နှုန်းကို တိုင်းတာသည်။ယင်းတို့သည် အစိုးရ၊ ပုဂ္ဂလိက၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့ ဖြစ်နိုင်သည်။ (ကိန်းဂဏန်းအရင်းအမြစ်- FMO)

PR ၇.၂—ရိက္ခာနှင့်အသက်မွေးမှု ဖူလုံစေရေးတွင် ပါဝင်ရန်အတွက် ထောက်ပံ့မှုများ ရရှိသော ဒေသခံ အဖွဲ့အရေအတွက် နှင့် အမျိုးအစား

ဤအညွှန်းသည် ရိက္ခာနှင့်အသက်မွေးမှု ဖူလုံစေရေးတွင် ပါဝင်ရန်အတွက် ပံ့ပိုးမှုရရှိသောဒေသခံ အုပ်စုများနှင့်

အဖွဲ့အစည်းများ အရေအတွက်ကို တိုင်းတာသည်။ ယင်းအဖွဲ့တို့တွင် ကျေးရွာအဖွဲ့အစည်းများ၊ ထုတ်လုပ်သူ အဖွဲ့အစည်းများ၊ ငွေစုငွေချေးအုပ်စုများ၊ ဒေသခံ အစိုးရဌာနများ ပါဝင်သည်။ (ကိန်းဂဏန်း အရင်းအမြစ်- IP)

စီမံကိန်းအဆင့်ရလဒ် PR ၈။ ဆင်းရဲနွမ်းပါးသူများ အကျိုးရှိစေမည့် ဖွံ့ဖြိုးရေးအတွက် မူဝါဒ နှင့် သက်ဆိုင်သော အထောက်အထားများကို ပြုစုခြင်း

PR ၈.၁—LIFT ကထောက်ပံ့ခဲ့သော မူဝါဒ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည့် ဆွေးနွေးပွဲ အရေအတွက်

ဤအညွှန်းသည် LIFT သို့ မိတ်ဖက်အဖွဲ့တို့က ကျင်းပခဲ့သော မူဝါဒအပြောင်းအလဲကို ထောက်ပံ့သည့် ဆွေးနွေးပွဲများ၏အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်း အရင်းအမြစ်- FMOနှင့် IP)

PR ၈.၂—ပတ်သက်ဆက်နွယ်သူများ ထံသို့ LIFTက ထုတ်ဝေဖြန့်ချိခဲ့သော မူဝါဒဆိုင်ရာ စာအုပ်စာတမ်းများ

ဤအညွှန်းသည် LIFT၏ FMO အပါအဝင် မိတ်ဖက်အဖွဲ့များကပါ မူဝါဒပြောင်းလဲရေးအတွက် ထောက်ပံ့ရန် ရည်ရွယ်သည့် ထုတ်ဝေခဲ့သော စာအုပ် စာတမ်း အရေအတွက်ကို တိုင်းတာသည်။ (ကိန်းဂဏန်းအရင်းအမြစ်- FMOနှင့် IP)

၁၀.၃

# ၂၀၁၈ ခုနှစ်အတွက် ဆောင်ရွက်ဆဲ စီမံချက်များ

| အဖွဲ့အစည်း/IP အမည် | ထောက်ပံ့သည့် စီမံကိန်း | ဘတ်ဂျက် (ကန်ဒေါ်လာ) | စီမံချက် အမည် |
|---|---|---|---|
| ActionAid-Social Economic Development Network for Regional Development (SEDN) | သင်ယူခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း | ၁,၉၄၃,၂၃၇ | ဒေသတွင်း ဖွံ့ဖြိုးရေးအတွက် လူမှုစီးပွားရေး ကွန်ရက် (SEDN) |
| BBC Media Action | ရွှေ့ပြောင်းသွားလာရေး | ၃,၀၃၅,၉၄၃ | ကျပ်ချပ်။ ရွှေ့ပြောင်းသွားလာရေး နှင့်ငွေကြေးတို့ကို အကျိုးအရှိဆုံးဖြစ်စေခြင်း |
| Canadian Cooperative Association (CCA) | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၃,၀၀၀,၀၀၀ | သမဝါယမ အဖွဲ့အစည်းများဖြင့် အားလုံးလက်လှမ်းမီသော ငွေရေးကြေးရေးကဏ္ဍကို တိုးချဲ့ခြင်း |
| CARE | ရခိုင် | ၉၃၂,၃၀၉ | M&E နှင့် တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့်အသက်မွေးဝမ်းကျောင်းမှု စီမံကိန်း ၂ |
| CARE | ရွှေ့ပြောင်းသွားလာရေး | ၃,၉၈၅,၆၄၃ | အောင်မြင်မှု စီမံချက် - လုံခြုံစိတ်ချပြီး ခိုင်မာသည့် အလုပ်အကိုင် ရရှိစေရန် လုပ်ငန်းခွင်အတွင်း အဖြေရှာခြင်း |
| Catholic Relief Services (CRS) | တောင်တန်းဒေသ | ၁,၈၁၃,၂၀၃ | ရပ်ရွာလူထု နှင့် ချိတ်ဆက်သည့် စိုက်ပျိုးထုတ်လုပ်မှု မြှင့်မားရေး |
| Choklei Organization for Rural and Agricultural Development (CORAD) | တောင်တန်းဒေသ | ၂,၉၄၃,၁၄၁ | ချင်းပြည်နယ်မြောက်ပိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်းမျိုးစုံ ဖြစ်ထွန်းရေးကို မြှင့်တင်ပြီး ဘက်စုံစီးပွား ဖြစ်ထွန်းရေး |
| Cordaid Foundation | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁,၀၀၀,၀၀၀ | LIFT/Cordaid တို့၏ မိတ်ဖက် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအား နည်းပညာပံ့ပိုးမှုပေးခြင်း |
| Danish Refugee Council (DRC) | ရခိုင် | ၃,၅၀၀,၀၀၀ | ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများ နှင့် စခန်းပြင်ပမှ လူငယ်များအတွက် အသက်မွေးမှု ပညာသင်တန်းများ နှင့် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ ပံ့ပိုးခြင်း - ၂ |
| DEPARTMENT OF SOCIAL WELFARE | တောင်တန်းဒေသ | ၁,၅၀၀,၀၀၀ | LIFTက မြန်မာနိုင်ငံအတွက် ရန်ပုံငွေပံ့ပိုးမှု တစ်ခုကို အကောင်အထည်ဖော်ခြင်း |
| DEPARTMENT OF SOCIAL WELFARE | တောင်တန်းဒေသ | ၆,၉၉၃,၉၁၈ | ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွား လာသော အသက် ၂ နှစ်အောက်ကလေးသူငယ်များအား ငွေကြေးပံ့ပိုးမှုပေးရေး အစီအစဉ် |
| EDEN | ရွှေ့ပြောင်းသွားလာရေး | ၁၉၉,၅၀၈ | ရန်ကုန်တွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် သို့မဟုတ် အဓမ္မ ထိမ်းမြားရန် လူကုန်ကူးခြင်း ခံရသည့် မြန်မာရွှေ့ပြောင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကူညီပံ့ပိုးခြင်း - Eden စီမံချက် |

| အဖွဲ့အစည်း/IP အမည် | ထောက်ပံ့သည့် စီမံကိန်း | ဘတ်ဂျက် (ကန်ဒေါ်လာ) | စီမံချက် အမည် |
|---|---|---|---|
| Eden Centre for Disabled Children (ECDC)R1.6/015/2018 | မသန်စွမ်း | ၃၁၆,၇၇၀ | ချင်း လူမှုအဖွဲ့အစည်းအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်ရာတွင် မသန်စွမ်းများ ပါဝင်နိုင်မှု အား မြှင့်တင်ခြင်း |
| FAO Livestock | အပူပိုင်းဇုန် | ၄,၄၀၀,၀၀၀ | မွေးမြူရေးတိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ် စွမ်းအားနှင့် ဈေးကွက်တင်ခြင်းတို့ကို တိုးတက်ကောင်းမွန်စေခြင်းဖြင့် အပူပိုင်းဇုန်ရှိ တောင်သူများ၏ အသက်မွေးမှုကို တိုးတက် ကောင်းမွန်စေခြင်း |
| Food Security Working Group (FSWG) | အရပ်ဘက် လူမှုအဖွဲ့ အစည်း | ၁,၆၂၂,၉၅၈ | မြန်မာနိုင်ငံတွင် စားနပ်ရိက္ခာ ဖူလုံရေးအတွက် အရင်းအမြစ်များနှင့် မိတ်ဖက်များကို စုစည်းခြင်း - ၂ |
| Gender Equality Network (GEN) | အရပ်ဘက် လူမှုအဖွဲ့ အစည်း | ၂,၃၇၂,၁၆၅ | မြန်မာနိုင်ငံတွင် ကျား၊မ ရေးရာ တန်းတူညီမျှရေးအတွက် ကတိကဝတ်ကို နက်ရှိုင်းစေခြင်း |
| Golden Pearl | မသန်စွမ်း | ၁၄၉,၉၉၆ | မသန်စွမ်းများ၏ လူမှုစီးပွားအခြေအနေ ပိုမိုကောင်းမွန် တိုးတက်စေခြင်း |
| Golden Plain Livelihood Development Services Co-operative Ltd. | အပူပိုင်းဇုန် | ၈၀၈,၅၇၉ | အပူပိုင်းဒေသရှိ သီးနှံထုတ်လုပ်နိုင်စွမ်းမရှိသော မြေကို သစ်စိမ်းမြေသြဇာ နှင့် ခေတ်မီသီးနှံပုံစံ စနစ်တို့ဖြင့် ရေရှည်တည်တံ့သော သီးနှံအထွက်နှုန်း ရရှိစေမည့် စီမံချက် |
| GRET | သင်ယူခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း | ၁,၀၅၃,၈၆၄ | မြန်မာနိုင်ငံတွင် ပြည့်စုံကျယ်ပြန့်သည့် မူဝါဒဆိုင်ရာ ဆွေးနွေးမှုများ ဆောင်ရွက်ရန် ကျေးလက်ဒေသ မြေယာ ကိစ္စရပ်များကိုလေ့လာခြင်း သုတေသန စီမံချက် |
| GRET | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၃,၄၆၃,၆၀၀ | အပူပိုင်းဇုန်တွင် အသေးစား ငွေရေးကြေးရေး အဖွဲ့တခု ဖန်တီးခြင်း |
| GRET | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁,၃၂၀,၁၇၆ | ချင်း အသေးစား ငွေရေးကြေးရေးအဖွဲ့၏ ဖွဲ့စည်းပုံ ခိုင်မာစေခြင်းဖြင့် ကျေးလက်ဒေသ ငွေကြေးဈေးကွက်ကို တိုးချဲ့ခြင်း |
| GRET | မြစ်ဝကျွန်းပေါ် ၃ | ၂,၁၁၉,၈၉၈ | မြစ်ဝကျွန်းပေါ်ဒေသရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းအား အားကောင်းစေခြင်း |
| HelpAge International | သင်ယူခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း | ၃,၆၄၀,၀၀၀ | လူမှုကာကွယ်စောင့်ရှောက်ရေး တိုးချဲ့ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာနအား အားဖြည့်ခြင်း |
| HelpAge International | အပူပိုင်းဇုန် | ၅,၅၉၇,၃၉၇ | အပူပိုင်းဇုန် လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက် |
| HelpAge International | မသန်စွမ်း | ၅၂၇,၉၀၆ | မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တွင် အားလုံး ပါဝင်သည့် လူမှုကာကွယ်စောင့်ရှောက်ရေး နှင့် အသက်မွေးဝမ်းကျောင်းမှု |
| International Fertilizer Development Centre (IFDC) | အပူပိုင်းဇုန် | ၆,၂၅၆,၅၆၄ | အပူပိုင်းဇုန် စိုက်ပျိုးရေးသွင်းအားစုနှင့် လယ်ယာလုပ်ငန်း ဝန်ဆောင်မှု စီမံချက် |
| International Labour Organisation (ILO) | ရွှေ့ပြောင်းသွားလာရေး | ၃,၉၉၉,၇၅၂ | ပြည်တွင်းနှင့် နိုင်ငံတကာ လုပ်အားရွှေ့ပြောင်းခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး |
| International Labour Organisation (ILO) | ရခိုင် | ၁,၄၉၄,၉၈၃ | ပိုမိုကောင်းမွန်သည့် အသက်မွေးဝမ်းကျောင်းမှု၊ စီးပွားရေး အခွင့်အလမ်းများ နှင့် ဘေးကင်းလုံခြုံမှုများ ရှိစေရန် ကျွမ်းကျင်မှုများ |
| International Organisation of Migration (IOM) | မြစ်ဝကျွန်းပေါ် ၃ | ၁,၅၄၉,၁၀၀ | ရွှေ့ပြောင်းသွားလာမှုကို အသက်မွေးမှု မဟာဗျူဟာအဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုခြင်း (MILDAS) |
| International Organisation of Migration (IOM) | ရွှေ့ပြောင်းသွားလာရေး | ၁,၉၉၉,၂၁၇ | မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး နှင့် ဘက်စုံ ဖွံ့ဖြိုးရေးအတွက် လုပ်သားရွှေ့လျားမှုကို ရင်းနှီး မတည်ခြင်း (CHIME) |
| International Organisation of Migration (IOM) | ရွှေ့ပြောင်းသွားလာရေး | ၆,၄၇၅,၈၁၉ | ခိုင်ခံ့သောအုပ်ချုပ်မှုနှင့် ပူးပေါင်းလုပ်ဆောင်မှုများဖြင့်လုပ်သား ရွှေ့ပြောင်း သွာလာမှု၏ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအကျိုးဆက်များ ကိုတိုးမြှင့်အောင်ပြုလုပ်ခြင်း (တွဲလက်) အဖွဲ့အစည်းများပူးပေါင်း အကောင်အထည်ဖော်သည့် စီမံချက် |
| International Water Management Institute (IWMI) | အပူပိုင်းဇုန် | ၁,၁၅၈,၇၉၇ | ပျော့ရွှာ မြစ်ရေတင် စီမံချက် အကောင်အထည်ဖော်ခြင်း |

| အဖွဲ့အစည်း/IP အမည် | ထောက်ပံ့သည့် စီမံကိန်း | ဘတ်ဂျက် (ကန်ဒေါ်လာ) | စီမံချက် အမည် |
|---|---|---|---|
| IRC | ရခိုင် | ၁၃,၅၀၀,၀၀၀ | တက်လမ်း ရေရှည်ရိက္ခာဖူလုံမှုနှင့် အသက်မွေး ဝမ်းကျောင်းမှု စီမံကိန်း - ၂ |
| Karen Development Network (KDN) | တောင်တန်းဒေသ | ၂,၂၃၇,၄၁၄ | နေရပ်စွန့်ခွာနေထိုင်သူများ ၏ အသက်မွေးမှုများ ပိုမိုကောင်းမွန်လာရေး (ELDP) |
| Karuna Mission Social Solidarity (KMSS) | အရပ်ဘက် လူမှုအဖွဲ့အစည်း | ၉၉၉,၉၈၂ | အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပိုမို လုပ်ကိုင်နိုင်စွမ်း ရှိစေရန် မဟာဗျူဟာ မိတ်ဘက်ပြုမှု |
| Koe Koe Tech Co., Ltd. | အာဟာရ | ၇၉၉,၇၃၈ | ရွှေခရီးလမ်း ဘောဂမေမေ (ရွှေမေမေ) |
| Land Consulting Group Co., Ltd. | အရပ်ဘက် လူမှုအဖွဲ့ အစည်း | ၂,၁၁၇,၅၆၆ | မြန်မာနိုင်ငံ မြေနှင့်ဆက်စပ် သယံဇာတများ တန်းတူညီမျှ လက်လှမ်းမီရေး |
| Link Emergency Aid & Development (LEAD) | မြစ်ဝကျွန်းပေါ် ၃ | ၄၀၇,၁၀၅ | ပြင်စလူမြို့နယ်ခွဲ ရှိ မြေယာမဲ့ အိမ်ထောင်စုများအား အခြားနည်းလမ်းများဖြင့် ဝင်ငွေရရှိအောင် ဖန်တီးပေးခြင်းမှ တဆင့် အသက်မွေးမှုနှင့် ရိက္ခာဖူလုံမှု ရရှိစေရန်ထောက်ပံ့ခြင်း |
| Lodestar Company Ltd./SPPRG | မသန်စွမ်း | ၃၇၄,၉၉၀ | လက်ရှိလုပ်ရှားဆောင်ရွက်နိုင်သူများ၏ လုပ်ကိုင်နိုင် စွမ်းအားဖြည့်ပေးခြင်းဖြင့် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု |
| Mercy Corps | မြစ်ဝကျွန်းပေါ် ၃ | ၅,၁၈၈,၁၉၇ | လပွတ္တာကို ဈေးကွက်နှင့် ချိတ်ဆက်ပေးခြင်း၊ စိုက်ပျိုးရေး လုပ်ငန်းကျွမ်းကျင်မှု အလုပ်အကိုင် တို့ဖြင့် ဝင်ငွေတိုးစေခြင်း (LLM) |
| Metta Development Foundation | မြစ်ဝကျွန်းပေါ် ၃ | ၈၀၃,၉၄၂ | အားလုံးပါဝင်စေသော တိုးတက်ထွန်းကားမှု နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုအတွက် တောင်သူ များ စီမံခန့်ခွဲသော စီမံချက်များကို ဖြစ်ထွန်း စေခြင်း |
| Metta Development Foundation | တောင်တန်းဒေသ | ၂,၁၂၃,၁၆၈ | တောင်ပေါ်ဒေသ စားနပ်ရိက္ခာဖူလုံရေး နှင့် ဈေးကွက်ဝင်ရောက်ခြင်း |
| Metta Development Foundation | အရပ်ဘက် လူမှုအဖွဲ့ အစည်း | ၉၉၂,၉၃၅ | မဟာဗျူဟာမြောက် မိတ်ဖွဲ့ခြင်းဆိုင်ရာ အဆိုပြုလွှာ |
| Michigan State University | သင်ယူခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း | ၄,၀၄၂,၃၅၄ | မြန်မာနိုင်ငံ၏ စိုက်ပျိုး-ရိက္ခာတန်ဖိုးမြင့် ကွင်းဆက် ဖွံ့ဖြိုးရေး၊ ကျေးလက် ဒေသ နွမ်းပါးသူများ အသက် မွေးမှု ကို သက်ရောက်ခြင်း |
| Myanma Awba Group (Awba) Co., Ltd. | ပုဂ္ဂလိကကဏ္ဍ | ၃,၇၄၉,၇၁၄ | မြန်မာတောင်သူများနှင့် ဖက်စပ်ဖွဲ့စည်းထားသည့် ပထမမျိုးစေ့ ကုမ္ပဏီ (MAFSCO)/ပုဂ္ဂလိက ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ် |
| Myanmar Institute for Integrated Development (MIID) | တောင်တန်းဒေသ | ၁,၆၆၅,၈၅၁ | လယ်ယာ အကြံပေးလုပ်ငန်းများ၊ အာဟာရမြှင့်တင်ရေး၊ အသိပညာပေး လုပ်ငန်းများဖြင့် အာဟာရဆိုင် ရာ ရလဒ်ကောင်းများ ဖော်ဆောင်ရေး၊ ချင်းပြည်နယ် ကျေးလက်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ ခိုင်မာလာရေး |
| Myint Myat Mingalar (MMM) | မသန်စွမ်း | ၆၁၈,၃၄၇ | ကိုယ်ထူကိုယ်ထ အစီအစဉ်များမှတဆင့် ပိုမိုကောင်းမွန်သော အားလုံးပါဝင်သည့် ရပ်ရွာအခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေး |
| NAG | အရပ်ဘက် လူမှုအဖွဲ့အစည်း | ၉၉၉,၈၃၁ | ဧရာဝတီ ရေတိမ်ဒေသ ရင်းမြစ်များ ပူးတွဲစီမံခန့်ခွဲမှု ကောင်းမွန်ရေး |
| PACT (MARC) | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၇,၄၉၀,၃၂၄ | အဖွဲ့အစည်းများအားကောင်းစေခြင်းမှ တဆင့် မြန်မာ့ကျေးလက် ချေးငွေ လက်လှမ်းမီရေး(MARC) |
| Pact Institute, Inc. | အပူပိုင်းဇုန် | ၂,၁၉၉,၅၀၀ | အပူပိုင်းဇုန် အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် အသေးစား ရန်ပုံငွေ ပံ့ပိုးခြင်း |
| PATH | သင်ယူခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း | ၄,၆၅၉,၄၂၆ | မြန်မာနိုင်ငံတွင် အားဖြည့်ဆန်ကို မိတ်ဆက်ခြင်း စီမံချက် |
| PGMF | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၈,၃၂၃,၄၉၇ | ရခိုင်ပြည်နယ်တွင် အားလုံးပါဝင်လက်လှမ်းမီသော ငွေကြေး ဝန်ဆောင်မှု စီမံချက် (RAFIN) |
| Proximity Designs | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၅,၀၉၇,၁၆၄ | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု — ရှေ့သို့ ဆက်လက် ဆောင်ရွက်ခြင်း |
| Radanar Ayar | မြစ်ဝကျွန်းပေါ် ၃ | ၇၂၉,၂၈၀ | ဘက်စုံစိုက်ပျိုး-စီးပွားလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး (IARD) |

| အဖွဲ့အစည်း/IP အမည် | ထောက်ပံ့သည့် စီမံကိန်း | ဘတ်ဂျက် (ကန်ဒေါ်လာ) | စီမံချက် အမည် |
|---|---|---|---|
| Relief International UK | ရခိုင် | ၃,၄၃၅,၆၃၉ | ရခိုင်ပြည်နယ် မြေပုံနှင့် မြောက်ဦးတို့တွင် ကာလ ရှည်ကြာနေရပ်စွန့်ခွာ တိမ်းရှောင်နေထိုင်ရခြင်းအား ရင်ဆိုင်ဖြေရှင်းမည့် တုံ့ပြန်ရေး ယန္တရား |
| Save the Children | မြစ်ဝကျွန်းပေါ် ၃ | ၃,၉၂၄,၅၀၀ | Bright SUN- ကြံ့ကြံ့ခံနိုင်မှု နှင့် အာဟာရပြည့်ဝရေး စုပေါင်း ဆောင်ရွက်မှုတို့ကို တည်ဆောက်ခြင်း |
| Save the Children | အပူပိုင်းဇုန် | ၄,၂၁၆,၄၀၃ | သင်ယူခြင်း အထောက်အထား ဖော်ထုတ်ခြင်း၊ မူဝါဒ အပြောင်းအလဲ ဖြစ်စေရန် ဆွေးနွေးတိုက်တွန်း ဆောင်ရွက်ခြင်း (LEGACY) |
| Save the Children | အာဟာရ | ၁,၆၆၉,၁၄၀ | အာဟာရချို့တဲ့မှု လျော့ချရန် အဓိကကျသော အာဟာရ ဆိုင်ရာ လုပ်ဆောင်မှုများအား အားဖြည့်ခြင်း (LEARN) -၂ |
| Save the Children | တောင်တန်းဒေသ | ၃,၈၅၂,၂၈၃ | ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေးပံ့ပိုးမှုပေးခြင်း စီမံချက်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ နည်းပညာ အကူအညီပေးခြင်း (TEAM MCCT) |
| Save the Children | ရခိုင် | ၅,၅၅၈,၉၄၅ | တက်လမ်း |
| SPECTRUM - Sustainable Development Knowledge Network (SDKN), Myanmar | တောင်တန်းဒေသ | ၂၉၀,၃၂၇ | မြန်မာနိုင်ငံရှိ စားသုံးနိုင်သောသော အင်းဆက်ပိုးများကဏ္ဍ အနာဂတ် ဖွံ့ဖြိုးမှု အလားအလာ ဖော်ဆောင်ခြင်း |
| Stichting ZOA, The Netherlands (Registered as Consortium of Dutch NGOs (CDN) in Myanmar) | တောင်တန်းဒေသ | ၄,၈၄၀,၀၀၀ | ကရင်ပြည်နယ်မြောက်ပိုင်း ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများ၏ ဝင်ငွေများ နှင့် အာဟာရဖွံ့ဖြိုးမှု ရလဒ်များ ပိုမိုကောင်းမွန်စေခြင်း |
| SwissAid | တောင်တန်းဒေသ | ၄,၀၆၉,၇၅၄ | တောင်တန်းဒေသ အရပ်ဘက် လူမှုအဖွဲ့အစည်းများ အတွက် အသေးစား ရန်ပုံငွေပံ့ပိုးခြင်း |
| TAG | သင်ယူခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း | ၁,၈၆၉,၉၆၇ | Plan Bee: ရှမ်းပြည်နယ် တောင်ပိုင်း ခေတ်မီ ပျားမွေးမြူခြင်းအား မိတ်ဆက်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်းနှင့် ပျားရည် ထုတ်လုပ်ခြင်း |
| Terre des Hommes | သင်ယူခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း | ၁,၄၅၉,၅၇၃ | မြေယာမဲ့များ နှင့် မေ့လျော့ခံ တောင်သူလယ်သမားများအတွက် ဟင်းသီးဟင်းရွက်မြေမဲ့စိုက်ပျိုးခြင်း၊ ရေချွေတာနိုင်သော စိုက်ပျိုးနည်း ပညာအသစ်များ |
| The Border Consortium (TBC) | တောင်တန်းဒေသ | ၂,၉၆၆,၉၃၉ | တောင်တန်းဒေသ အာဟာရဖွံ့ဖြိုးရေး နှင့် စိုက်ပျိုးရေးအတွက် ရေရှည် တည်တံ့သည့် အသွင်ကူးပြောင်းမှု (STAND UP) |
| UN-HABITAT | အပူပိုင်းဇုန် | ၄,၄၀၀,၀၀၀ | ရေနှင့် သန့်ရှင်းရေးလုပ်ငန်းများမှ ပိုမို ကျန်းမာသော ရပ်ရွာလူထုများသို့ |
| Vision Fund International | ရွှေ့ပြောင်းသွားလာရေး | ၈၀၀,၀၀၀ | အထည်ချုပ်လုပ်ငန်း ကဏ္ဍတွင် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှု |
| Vision Fund International | ရခိုင် | ၃,၅၀၀,၀၀၀ | ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှု |
| Welthungerhilfe | မြစ်ဝကျွန်းပေါ် ၃ | ၄,၆၀၂,၃၂၉ | ရေရှည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်ဝကျွန်းပေါ်ကျေးလက်ဒေသအား အလေးထားခြင်း (Delta RISE) |
| Welthungerhilfe | မြစ်ဝကျွန်းပေါ် ၃ | ၂,၇၁၉,၆၄၂ | မြန်မာနိုင်ငံ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ မျိုးစပါးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ |
| WFP | အာဟာရ | ၃၈၇,၃၈၀ | မြန်မာနိုင်ငံတဝှမ်း အားဖြည့်ဆန်ထုတ်လုပ်ရေးနှင့် စားသုံးမှု တိုးချဲ့ခြင်း |
| World Bank | QSEM | ၁,၁၀၀,၀၀၀ | စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများ ဆွေးနွေးခြင်း |

| အဖွဲ့အစည်း/IP အမည် | ထောက်ပံ့သည့် စီမံကိန်း | ဘတ်ဂျက် (ကန်ဒေါ်လာ) | စီမံချက် အမည် |
|---|---|---|---|
| WorldFish | သင်ယူခြင်း နှင့် တီထွင်ဆန်းသစ်ခြင်း | ၄,၂၈၄,၅၉၂ | ဧရာဝတီမြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန်တို့တွင် ရိက္ခာဖူလုံရေးနှင့် ဝင်ငွေတိုးရေးအတွက် ရေရှည်တည်တံ့သော ငါးမွေးမြူရေး (MYFish-Culture-MYFC) |
| World Vision International Myanmar | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၄,၅၀၀,၀၀၀ | တောင်တန်းဒေသ စီမံချက်အတွက် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု |
| World Vision International Myanmar | မြစ်ဝကျွန်းပေါ် ၃ | ၂,၃၇၆,၈၃၃ | ဘိုကလေးတွင် အသက်မွေးဝမ်းကျောင်းမှုများကို ဖြစ်ထွန်းစေခြင်း |
| Yoma Bank | ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု | ၁၈,၀၇၀,၀၀၀ | ရိုးမဘဏ် စိုက်ပျိုးစီးပွား ဘဏ္ဍာရေး စီမံကိန်း (ရိုးမဘဏ်-AFP) |
| | Total (USD) | ၂၃၅,၃၉၀,၂၆၆ | |

၁၀.၄
# စီမံချက်များ၏ လုပ်ငန်းဆောင်ရွက်မှုများ

## ၁၀.၄.၁ ၂၀၁၈ ခုနှစ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသရှိ စီမံချက် ၅ ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | GRET<br><br>မြို့နယ်အခြေစိုက် CSO များအား အသေးစား ထောက်ပံ့ငွေပေးခြင်း နှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်း<br><br>ဘတ်ဂျက်။ ကန်ဒေါ်လာ ၂,၁၁၉,၈၉၈<br><br>၁/၁၀/၂၀၁၆ မှ ၃၀/၆/၂၀၁၆<br><br>*ဆောင်ရွက်ဆဲ* | စီမံချက်မှ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်အခြေစိုက် CSO များအား အသေးစားရန်ပုံငွေ ပံ့ပိုးခြင်း နှင့် စွမ်းဆောင်ရည် တည်ဆောက်ခြင်းတို့အတွက် ထောက်ပံ့ပေးနေပါသည်။<br><br>¦ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ဦးတည်ထားသည့် (၈) မြို့နယ် လုံး တွင် လူမှု-မနသသ ဆန်းစစ်ချက်အား ဆောင်ရွက်ခဲ့ပြီး တွေ့ရှိချက်များအား CSO များ နှင့် သက်ဆိုင်ရာ အစိုးရဌာနများသို့ မျှဝေပြီး ဖြစ်ပါသည်။<br>¦ CSO များအတွက် ရန်ပုံငွေစနစ် လုပ်ငန်းလမ်းညွှန်ချက်များ၊ လူမှုစည်းရုံး ဆော်ဩရေး မဟာဗျူဟာများ နှင့် နည်းပညာ အထောက်အကူများ အပြီးသတ်ခဲ့ပါသည်။<br>¦ CSOများအနေဖြင့် အဆိုပြုလွှာ ရေးသားပြုစုသည့် လုပ်ငန်းစဉ်များအတွက် နည်းပညာ အထောက်အကူ ပေးရန် မြို့နယ် ၈ မြို့နယ်တွင် နည်းပညာလုပ်ငန်းအဖွဲ့ (TWG) များ ဖွဲ့စည်းခဲ့ပါသည်။<br>¦ CSO များ၏ အဆိုပြုလွှာများအား သုံးသပ်၊အကဲဖြတ်၊ အတည်ပြုရန် တိုင်းဒေသကြီးအဆင့် အသေးစား ရန်ပုံငွေ ပံ့ပိုးမှုဘုတ်အဖွဲ့အား ဖွဲ့စည်းခဲ့ပါသည်။<br>¦ CSO ၆၉ဖွဲ့အား အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုနှင့် ကွင်းဆင်းအဆင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရန် စီမံချက် ၇၀ အား ခွင့်ပြုခဲ့ပါသည်။ |
| ၂ | Link Emergency Aid and Development (LEAD)<br><br>ပြင်စလူ မြို့နယ်ခွဲအတွင်း အခြား နည်းလမ်းဖြင့် ဝင်ငွေ ရရှိအောင် ဖန်တီးနိုင်သည့် လုပ်ငန်းများမှတဆင့် မြေယာမဲ့ အိမ်ထောင်စုများ၏ အသက်မွေးမှု နှင့် ရိက္ခာ ဖူလုံမှု ရရှိစေရန် ထောက်ပံ့ခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၄၀၇,၁၀၅<br><br>၆/၀၄/၂၀၁၆ မှ ၁၁/၀၃/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | ဤစီမံချက်မှ ဝင်ငွေရလမ်းများပြားစေခြင်းဖြင့် ကျေးလက်ဒေသ လယ်ယာပြင်ပ စီးပွားရေးအတွက် အသက်မွေးဝမ်းကျောင်းမှုအတွက် ကူညီပံ့ပိုးပေးလျက်ရှိပါသည်။၎င်းကို စီးပွားရေးလုပ်ငန်းငယ်များကို ထောက်ပံ့ပေးခြင်း နှင့် အားကောင်းပြီး ရေရှည်တည်တံ့သည့် ကျေးရွာ လည်ပတ် ရန်ပုံငွေ (Sustainable village revolving funds -VRF) ထူထောင်ခြင်း တို့မှတဆင့် ဆောင်ရွက်လျက်ရှိပါသည်။<br><br>¦ စီမံချက်ကျေးရွာ ၂၆ ရွာတွင် ကျေးရွာ လည်ပတ် ရန်ပုံငွေ (VRF) ကော်မတီ ၂၆ ဖွဲ့ ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။ LEAD မှ (VRF) ကော်မတီ ဝင်များအတွက် စာရင်းရေးပညာ၊ စာရင်းကိုင် ပညာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများပေး၍ စွမ်းဆောင်ရည် တည်ဆောက်ပေးခဲ့ပါသည်။<br>¦ အိမ်ထောင်စုများအနေဖြင့် စီးပွားရေး လုပ်ငန်းငယ်များ အကောင်အထည်ဖော်နိုင်ရန် VRF မှ အသေးစား စီမံချက် ၁,၂၇၅ ခု ပံ့ပိုးပေးခဲ့ပါသည်။<br>¦ အကျိုးခံစားခွင့်ရှိသူ ၂,၁၀၄ ဦးအား နည်းပညာနှင့် စီးပွားရေးဆိုင်ရာ သင်တန်းများ လေ့ကျင့်သင်တန်း ပေးခဲ့ပါသည်။ |
| ၃ | Save the Children<br><br>Bright SUN - ကြံ့ကြံ့ခံမှုနိုင်မှု နှင့် အာဟာရပြည့်ဝရေး စုပေါင်းဆောင် ရွက်မှု တို့ကို တည်ဆောက်ခြင်း<br><br>ဘတ်ဂျက်-ကန်ဒေါ်လာ ၃,၉၂၄,၅၀၀<br>ဘတ်ဂျက်ပါဝင်သည့် စီမံချက် သက်တမ်းတိုးခြင်း<br>မူလ ဘတ်ဂျက်မှာ ကန်ဒေါ်လာ ၃,၂၅၃,၃၉၀ ဖြစ်သည်<br><br>၁၁/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈<br>၂၀၁၉ စက်တင်ဘာ ၃၀ ရက်အထိ စီမံချက် သက်တမ်းတိုး ထားပါသည်။ | ဤစီမံချက်မှ မိခင်ဝမ်းတွင်းမှ ကလေး အသက် ၂ နှစ် ပြည့် မွေးနေ့အထိ ဘ၁၀ အစ ရက်ပေါင်း ၁,၀၀၀ အတွင်း မိခင်နှင့် ကလေးများအတွက် ငွေကြေးအထောက်အပံ့ပေးခြင်း နှင့် အမူအကျင့်ပြောင်းလဲရေး သတင်းစကား ပြောကြားမှု (SBCC) များ ဖြန့်ဝေလျက်ရှိသည်။ ဤဆောင်ရွက်ချက်အား Save the Children မှ လက်ရှိ ဆောင်ရွက်နေသည့် 3MDG အစီအစဉ်နှင့် ပေါင်းစည်းပြီး၊ လပွတ္တာရှိ ကျေးရွာများအတွက် ကျန်းမာရေး ဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် မြို့နယ်ကျန်းမာရေးလုပ်သားများအား ငွေကြေးပံ့ပိုးမှုများတွင် ပါဝင် ဆောင်ရွက်စေခြင်း၊ အာဟာရပြည့်ဝမှုရှိခြင်း နှင့် တစ်ကိုယ်ရည်ကျန်းမာရေးဆိုင်ရာ အလေ့အကျင့်များ မြှင့်တင်ခြင်း နှင့် လူထုကျန်းမာရေး လုပ်သားများအနေဖြင့် ပင်မကျန်းမာရေး စောင့်ရှောက်မှုအပြင် အာဟာရဆိုင်ရာ ဆောင်ရွက်ချက်များ လုပ်ဆောင်နိုင်ရန် စွမ်းဆောင်ရည် တည်ဆောက်ပေးခြင်းတို့ လုပ်ဆောင်လျက်ရှိပါသည်။<br><br>¦ SBCC တာဝန်ခံများ နှင့် ရပ်ရွာလူထုအတွင်းမှ စေတနာ့ဝန်ထမ်းများဖြင့် ၂နှစ် အောက် ကလေးသူငယ်များ အစာကျွေးမွေးစောင့်ရှောက်ခြင်း နှင့် နစ်သိမ့်ဆွေးနွေးခြင်း (IYCF)၊ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု နှင့် မွေးဖွားပြီး စောင့်ရှောက်မှု ၊ ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေး နှင့် တစ်ကိုယ်ရည် သန့်ရှင်းရေး (WASH) နှင့် ကျန်းမာရေး လိုက်စားမှုဆိုင်ရာ SBCC ဟောပြောပွဲ/ လှုပ်ရှားမှုပေါင်း ၅,၀၃၆ ခု (၂၀၁၈ ခုနှစ်တွင် ၂,၁၅၆ခု) ဆောင်ရွက်ခဲ့ပြီး) ဆောင်ရွက်ခဲ့သည်။<br>¦ ဟောပြောပွဲများတွင် ဦးတည်ရည်ရွယ်ထားသည့် မိခင် ၄,၅၉၆ ဦးနှင့် အခြား ကျေးရွာသူ၊ ကျေးရွာသား ၄,၄၅၆ ဦး- စုစုပေါင်း ၉,၀၅၂ ဦး တက်ရောက်ခဲ့ပါသည်။ (တက်ရောက်သူ စုစုပေါင်း - ဦးတည် ရည်ရွယ်ထားသည့် မိခင် ၁၃,၃၂၃ နှင့် ကျေးရွာသူ၊ ကျေးရွာသား ၁၃,၈၅၁ ရှိပြီဖြစ်သည်)<br>¦ စီမံချက် စတင်သည့်အချိန်မှစ၍ စာရင်းပေးသွင်းသူ အမျိုးသမီးပေါင်း ၅,၇၇၃ ဦး ရှိပါသည်။(၂၀၁၈ ခုနှစ်တွင် ၁,၁၆၆ ဦး)<br>¦ အမျိုးသမီး ၅,၂၀၂ ဦး MCCT ငွေကြေးထောက်ပံ့မှုများ ရရှိခဲ့သည်။ (၃,၂၃၃ ဦး ကိုယ်တိုင် ထုတ်ယူခဲ့ပြီး ၁,၉၆၉ ဦးမှ မိုဘိုင်းလ်ငွေပေးမှုဖြင့် ထုတ်ယူခဲ့ပါသည်)<br>¦ ငွေကြေးထောက်ပံ့မှု ၁၀၁,၈၇၈ ထုတ်ပေးခဲ့ပါသည်။(အီလက်ထရွန်နစ်နည်းဖြင့် ၁၇,၄၀၈ ကြိမ် ထုတ်ပေးခဲ့ပါသည်။)<br>¦ စီမံချက်စတင်သည့်အချိန်မှစ၍ အရန်သားဖွားဆရာမ/လူထုကျန်းမာရေး လုပ်သားများနှင့် သားဖွားဆရာမ ၃၆၆ဦး ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၄ | World Vision International Myanmar<br><br>ဘိုကလေးတွင် အသက်မွေးဝမ်း ကျောင်းမှုများ ဖြစ်ထွန်းစေခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၂,၃၇၆,၈၃၃<br>ဘတ်ဂျက်ပါဝင်သည့် သက်တမ်း တိုးခြင်း<br>မူလဘတ်ဂျက် မှာ ကန်ဒေါ်လာ ၁,၅၆၀,၁၃၈ ဖြစ်ပါသည်။<br><br>၀၈/၀၉/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈<br>၂၀၁၀ ဇွန် ၃၀ အထိ သက်တမ်း တိုးထားပါသည်။<br><br>*ဆောင်ရွက်ဆဲ* | စီမံချက်မှ မြေယာမဲ့များ နှင့် ထိခိုက်လွယ် အိမ်ထောင်စုများအား ဈေးကွက်၊ လုပ်အား၊ တန်ဖိုးမြှင့်ကွင်းဆက် သုံးသပ်မှုများဆိုင်ရာ သတင်းပေးခြင်းနှင့် ငွေစု ငွေချေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီခြင်းတို့အား မြှင့်တင်ပေးခြင်းတို့ဖြင့် အသက်မွေးမှု ဖွံ့ဖြိုးလာစေရန် နှင့် တိုးပွါးလာစေရန် ကူညီပံ့ပိုးပေးသည်။ စီမံချက်သည် ကျန်းမာရေးကဏ္ဍတွင် ဦးတည်သူများ၏ အာဟာရ နိမ့်ကျမှုနှင့် တစ်ကိုယ်ရည် သန့်ရှင်းရေးဆိုင်ရာ အလေ့အထများအား ပြောင်းလဲစေရန် ပတ်သက်ဆက်နွယ်သူများအနေဖြင့် တိုက်တွန်းအားပေးရာတွင် အထောက်အပံ့ပေးပြီး သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအပါအဝင် ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၏ လုပ်ငန်းအစီအစဉ်များအား အထောက်အပံ့ပေးလျက်ရှိပါသည်။<br><br>¦ လူငယ် ၂၆၂ ဦးအား ကျွမ်းကျင်မှု သင်တန်းများပေးခဲ့သည် ။(အမျိုးသား ၁၁၇ ဦး နှင့် အမျိုးသမီး ၁၄၅ ဦး)<br>¦ ထိခိုက်လွယ်သည့် အိမ်ထောင်စုများနှင့် မြေယာမဲ့ အိမ်ထောင်စုများမှ အမျိုးသမီး ၂၈၅ ဦးအား စီးပွားရေးလုပ်ငန်း ကျွမ်းကျင်မှု သင်တန်းများပေးခဲ့သည်။ ယင်းတို့အထဲမှ အမျိုးသမီး ၁၉၄ ဦးတို့ စီးပွားရေး စီမံချက်များ ရေးဆွဲခဲ့ပြီး အသေးစားစီးပွားရေးလုပ်ငန်းများ စတင်နိုင်ခဲ့သည်။ စီမံချက်မှ ထိခိုက်လွယ် အမျိုးသမီး ၁၆၀ ဦးအား ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ အဆင့်မြှင့်ရန်(သို့) တိုးချဲ့ရန် ငွေကြေးအထောက်အပံ့များ ပေးခဲ့သည်။<br>¦ မြေယာမဲ့တောင်သူ ၉၁ ဦးအား ဟင်းသီးဟင်းရွက်စိုက်ပျိုးသည့် မြေယာမဲ့ အိမ်ထောင်စု အုပ်စု ၁၄စု ဖွဲ့စည်းပေးခဲ့ပါသည်။ (ကျား ၆၉၈ ဦး နှင့် မ ၃၉ဦး )<br>¦ တိရိစ္ဆာန် မွေးမြူသူ ၇၃၇ ဦးအား တိရိစ္ဆာန်မွေးမြူသူများ အုပ်စု ၁၆၈စု ဖွဲ့စည်းပေးခဲ့ပါသည်။<br>¦ ကျေးရွာများတွင် အခြေခံမွေးမြူရေး ဝန်ဆောင်မှုများပေးရန် မွေးမြူရေး ပညာပေးလုပ်သား ၂၇ ဦး (အမျိုးသား ၂၅ ဦးနှင့် အမျိုးသမီး ၂ဦး) တို့အား လေ့ကျင့်သင်တန်းပေးခဲ့ပါသည်။<br>¦ ကျေးရွာ ငွေစုငွေချေးအသင်း (VSLA) ၆၈ သင်းအား အဖွဲ့ဝင် ၁,၂၇၂ ဦး (အမျိုးသား ၁၆၀ ဦးနှင့် အမျိုးသမီး ၁,၁၁၂ ဦး)တို့ဖြင့် ဖွဲ့စည်းပေးခဲ့ပါ သည်။<br>¦ ၂၀၁၈ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၂, ၀၁၄ စုတို့ အာဟာရဖောင်းပေး သတင်းအချက်အလက်များ ရရှိခဲ့ပြီး အသက် ၅ နှစ်အောက် ကလေးသူငယ် ၁,၂၈၃ ဦးတို့သည် ကလေးများကြီးထွားမှု စောင့်ကြည့် စစ်ဆေး စည်းရုံးလှုပ်ရှားမှုများတွင် ပါဝင်ခဲ့ပါသည်။<br>¦ ပြည်သူ့ကျန်းမာရေးလုပ်သား ၄၂ ဦး (အမျိုးသမီး ၂၉ ဦး နှင့် အမျိုးသမီး ၁၃ဦး) နှင့် အခြေခံ ကျန်းမာရေး ဝန်ထမ်း ၁၅ ဦး ( မ ၁၄ နှင့် ကျား ၁) တို့ အား အာဟာရ ဖွံ့ဖြိုးမှု နှင့် တစ်ကိုယ်ရည် ကျန်းမာရေးဆိုင်ရာ သင်တန်းများ ပေးခဲ့ပါသည်။<br>¦ အိမ်ထောင်စု ၈၁၉စု (အမျိုးသား ၄၇၇ ဦးနှင့် အမျိုးသမီး ၈၂ ဦး) တို့အား ကိုယ်ပိုင်ဥယျာဉ်ခြံ တည်ထောင်နိုင်ရန် နည်းပညာနှင့် ပံ့ပိုးပစ္စည်းထောက်ပံ့ပေးခဲ့ပါသည်။<br>¦ ရပ်ရွာအခြေပြု လူမှုအဖွဲ့အစည်း CBO (၃၀) အား စွမ်းဆောင်ရည်တည်ဆောက်မှု နှင့် အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အထောက်အပံ့များ ပေးခဲ့ပါသည်။<br>¦ သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ ၁၁ ဖွဲ့ ဖွဲ့စည်း၍ ဘေးအန္တရာယ် လျော့ချရေးစီမံချက် ရေးဆွဲခဲ့ပြီး စီမံချက်များထဲမှ ၁၁ ခုအား အကောင်အထည် ဖော်ခဲ့ပါသည်။ |
| ၅ | Radanar Ayar<br><br>ဘက်စုံ စိုက်ပျိုးစီးပွားလုပ်ငန်း နှင့် ကျေးလက်ဖွံ့ဖြိုးရေး - IARD<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၇၂၉,၂၈၁<br><br>၀၆/၀၄/၂၀၁၆မှ ၂၈/၀၂/၂၀၁၉<br><br>ဆောင်ရွက်ဆဲ | ဤစီမံချက်မှ ရိတ်သိမ်းချိန်လွန်နည်းနာများ ပိုမိုကောင်းမွန်စေခြင်း၊ တောင်သူဦးဆောင်သည့် ပညာပေး ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းနှင့် ပုဂ္ဂလိကကဏ္ဍနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် စပေါင်း ဈေးကွက်တင်ခြင်းတို့ကို ဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံမျိုးစေ့ စိုက်ပျိုးသူများ၏ မျိုးစေ့ ထုတ်လုပ်မှုအား ပံ့ပိုးပေးပါသည်။<br><br>¦ ၂၀၁၈ ခုနှစ် နွေစပါးရာသီတွင် တောင်သူ ၂၉ဦးမှ လယ် ၄၉ ဧကတွင် အသိအမှတ်ပြု ဆန်စပါးမျိုးစေ့ ၄,၀၆၄ တင်း ကို ထုတ်လုပ်ခဲ့ပါသည်။ ထို မျိုးစေ့ တင်းတောင်းအားလုံးမှ နမူနာမျိုးစေ့များ အားလုံးကို ဓါတ်ခွဲခန်းမှ အရည်အသွေး စစ်ဆေးအောင်မြင်ခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ် မိုးရာသီတွင် တောင်သူ ၄ ဦးမှ မှတ်ပုံတင်ထားသည့် မျိုးစေ့ (RS) ပေါ်ဆန်းယဉ် နှင့် ရက် ၉၀ မျိုးများအား လယ် ၅ ဧကတွင် စိုက်ပျိုး ထုတ်လုပ်ခဲ့ပါသည်။ တောင်သူတစ်ဦး စိုက်ပျိုးသည့် ပေါ်ဆန်းယဉ်မှာ လယ်ကွက် စစ်ဆေးစဉ်ကာလကတည်းက မအောင်မြင်ခဲ့ပါ။ အခြား တောင်သူ ၃ ဦး၏ လယ်များအား လယ်ယာစိုက်ပျိုးရေးဌာန မှ ကွင်းဆင်း စစ်ဆေးရာ အောင်မြင်ခဲ့ပြီး နမူနာမျိုးစေ့များအား ဓါတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရာ အားလုံးအောင်မြင်ခဲ့သဖြင့် ဆန် တင်းပေါင်း ၁၄၄ တင်းအတွက် အရည်အသွေး အာမခံ လက်မှတ် ရရှိခဲ့ပါသည်<br>¦ ၂၀၁၈ ခုနှစ် မိုးရာသီတွင် တောင်သူ ၂၂ ဦးမှ ပေါ်ဆန်းယဉ်၊ သီးထပ်ယဉ် နှင့် ရက် ၉၀ တို့ဖြစ်သည့် အမျိုးအစား ၃ မျိုးအား ၃၀.၄၅ ဧက မှ ၁,၇၁၅ တင်း စိုက်ပျိုးထုတ်လုပ်ခဲ့ပါသည်။ ဓါတ်ခွဲစမ်းသပ်မှုအပြီးတွင် တင်းပေါင်း ၁,၁၀၆ တင်း အရည်အသွေးအာမခံလက်မှတ် ရရှိခဲ့ပါသည်။<br>¦ မကွေးတိုင်းဒေသကြီး တောင်သူလယ်သမားများအသင်းအတွက် တောင်သူများအချင်းချင်း အပြန်အလှန် လေ့လာသည့် ခရီးစဉ် စီစဉ်ခဲ့ပြီး တောင်သူ ၄၀ဦး ပါဝင်ခဲ့ပါသည်။<br>¦ သီးထပ်ယဉ် နှင့် ရက် ၉၀ မျိုးများအား လယ် ၁၇ ဧကခန့်တွင် စိုက်ပျိုး ထုတ်လုပ်ခဲ့ပြီး လယ်ယာစိုက်ပျိုးရေး ဌာနမှ မျိုးစေ့ဆိုင်ရာ တာဝန်ရှိသူများမှ စစ်ဆေးခဲ့ကာ ဆန်တင်းပေါင်း ၁,၇၁၅ တင်း အရည်အသွေး အာမခံ လက်မှတ် ရရှိခဲ့ပါသည်။<br>¦ ၂၀၁၈ နွေရာသီတွင် မျိုးစေ့ စိုက်ပျိုးထုတ်လုပ်သူ ၄ ဦးမှ (မှတ်ပုံတင် ထားသည့် မျိုးစေ့) တင်းပေါင်း ၃၅၃ တင်း ထုတ်လုပ်ခဲ့ပါသည်။<br>¦ ၂၀၁၈ မျိုးစေ့ကုန်သွယ်ပွဲတော်အား ၂၀၁၈ ခုနှစ် မေလတွင် ဘိုကလေးမြို့၌ ကျင်းပခဲ့ပါသည်။ ယင်းပွဲတော်တွင် ဧရာဝတီတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးဌာန၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် နှင့် ကုမ္ပဏီများမှ တက်ရောက်ခဲ့ကြပါသည်။ ပွဲတော်အတွင်း စီမံချက်မှ လေ့ကျင့်သင်ကြားပေးထားသည့် တောင်သူများမှ မျိုးစေ့ ၇၇၁ တင်းအား အခြားတောင်သူများထံ တိုက်ရိုက် ရောင်းချခဲ့ပါသည်။ |

## ၁၀.၄.၂ ၂၀၁၈ ခုနှစ်အတွင်း အပူပိုင်းဇုန်ဒေသရှိ စီမံချက် ၁၂ ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | ActionAid Myanmar<br><br>ဒေသတွင်း ဖွံ့ဖြိုးရေးအတွက် လူမှုစီးပွားရေး ကွန်ရက် (SEDN)<br><br>ဘတ်ဂျက်-ကန်ဒေါ်လာ ၁,၉၁၃,၇၁၇<br><br>၀၈/၀၃/၂၀၁၃ မှ ၁၀/၆/၂၀၁၉ ထိ<br><br>*ဆောင်ရွက်ဆဲ* | - အမျိုးသမီး ထုတ်လုပ်သူများအသင်း ဖွဲ့စည်းပုံအပြီးသတ်ပြင်ဆင်ရန်နှင့် ၎င်းတို့၏ လူမှုစီးပွားလုပ်ငန်းများ တည်ထောင်မှုကိုပံ့ပိုးရန် SEDN စီမံချက်အား ဘတ်ဂျက်မပါဘဲ နောက်ထပ်လေးလ သက်တမ်း တိုးခဲ့ပါသည်။<br>- ထုတ်လုပ်သူ အမျိုးသမီး ၁၄၃ ဦး လှုပ်ရှားဆောင်ရွက်လျက်ရှိပြီး၊ အဆင့်မြင့် သင်တန်း ၃ ကြိမ် တက်ရောက်နိုင်ခဲ့ကာ MWCPA ၏ ၃လပတ် အစည်းအဝေးများနှင့် နှစ်ပတ်လည် အစည်းအဝေးအား တက်ရောက်ခဲ့ပါသည်။ MWCPA ကော်မတီ အဖွဲ့ဝင်များအတွက် ထုတ်လုပ်ရောင်းချသူများ ကျွမ်းကျင်မှု နှင့် စွမ်းဆောင်ရည်ကောင်းစေရန် ရည်ရွယ်သည့် ဈေးကွက်အခြေအနေ လေ့လာရေး ခရီးစဉ် ၂၃ အား စီစဉ်ခဲ့ပါသည်။<br>- MWCPA သည် လူမှုရေးရံပုံငွေအဖြစ် ကျပ် ၉,၀၀၀,၀၀၀ ခန့် ဘဏ်တွင် အပ်နှံထားပါသည်။<br>- ပခုက္ကူနှင့် မြိုင်မြို့နယ်များတွင် စီမံချက်မှပံ့ပိုးပေးနေသည့် လက်မှုပစ္စည်း ထုတ်လုပ်သူများအတွက် မြန်မာအမျိုးသမီး လက်မှုပစ္စည်း ထုတ်လုပ်သူများအသင်း (MWCPA)အား တရားဝင် မှတ်ပုံတင် ထားပါသည်။<br>- အမျိုးသမီး ထုတ်လုပ်သူများအသင်းသည် ပုဂံမြို့သစ်တွင် နေရာ တစ်နေရာအား ၁၀နှစ် ငှားရမ်းထားပြီး MBoutik ဆိုင်သစ် ဆောက်လုပ်မှုမှာ ပြီးစီးနေပြီဖြစ်ပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် စီးပွားရေး စီမံချက်တစ်ခု ဆောင်ရွက်နေပါသည်။<br>- အမျိုးသမီး ၂ ဦးပါဝင်သည့် ဒါရိုက်တာအဖွဲ့ ဝင် ၅ ဦးမှ စီမံခန့်ခွဲသည့် MBoutik ဆိုင်၏ စုစုပေါင်း အရောင်းပမာဏမှာ ကျပ် ၇၆,၆၄၀,၉၂၅ ဖြစ်ပါသည်။<br>- အပြီးသတ် အကဲဖြတ်သုံးသပ်ခြင်းအား ၂၀၁၉ ခုနှစ် မေလတွင် ဆောင်ရွက်မည် ဖြစ်ပါသည်။ |
| ၂ | Food and Agriculture Organization of the United Nations (Livestock)<br><br>မွေးမြူရေး တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ် စွမ်းအားနှင့် ဈေးကွက်တင်ခြင်းတို့ကို တိုးတက် ကောင်းမွန်စေခြင်းဖြင့် အပူပိုင်းဇုန်ရှိ တောင်သူများ၏ အသက်မွေးမှုကို တိုးတက် ကောင်းမွန်စေခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၄,၄၀၀,၀၀၀<br><br>၀၁/၀၁/၂၀၁၆ မှ ၃၀/၉/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | FAO သည် တိရစ္ဆာန်ဆေးကုသရေး၊ ကုန်သွယ်မှုနှင့် မွေးမြူရေးလုပ်ငန်းများတွင်အမျိုးသားအဆင့် မူဝါဒရေးရာ လုပ်ငန်းရပ်များကို အဓိက ဆောင်ရွက်ပါသည်။<br><br>- ၂၀၁၉ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်မှ ရပ်ရွာ တိရစ္ဆာန်ကျန်းမာရေး လုပ်သား (CAHW) များအား လေ့ကျင့်သင်ကြားပေးခြင်း နှင့် သင်တန်းပြန်ပေးမည့်သူများအား သင်တန်းပေးခြင်းတို့အား ရွေ့ပြောင်းစီမံချက်အတွက် ကြိုတင်စီစဉ်ဆောင်ရွက်ခြင်းဖြင့် စီမံကိန်း စတင်ခဲ့ပါသည်။ CAHWs များနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များပါဝင်သည့် ဥပဒေမှာလည်း နောက်ဆုံးအဆင့်သို့ ရောက်နေပြီဖြစ်သည်။<br>- စီမံချက်မှ ပတ်သက်ဆက်နွယ်သူ အလုပ်ရုံဆွေးနွေးပွဲများ၊ မူဝါဒရေးရာ အကြံပြုစာတမ်းများနှင့် နည်းပညာအကူအညီများဖြင့် ကျွဲနွားတိရစ္ဆာန် ကုန်သွယ်ရေး/ရောင်းဝယ်ရေး မူဝါဒအား အထောက်အကူပေးခဲ့ပါသည်။<br>- စီမံချက်မှ ကျွဲနွားတိရစ္ဆာန် ကုန်သွယ်ရေးအကြံပေးအဖွဲ့အား ကျွဲနွားတိရစ္ဆာန်ကဏ္ဍ မူဝါဒရေးရာ၊ အထူးသဖြင့် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချခြင်းဆိုင်ရာများတွင် ဆောင်ရွက်နေသည့် အရေးပါသည့် အစိုးရ နှင့် ပုဂ္ဂလိကပတ်သက်ဆက်နွယ်သူများအား စုစည်းထားသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် တည်ထောင်နိုင်ရန်အတွက် အထောက်အကူပေးခဲ့ပါသည်။<br>- စီမံချက်သည် အစိုးရမှ ထောက်ပံ့သည့် အမျိုးသား တိရစ္ဆာန်ကောင်ရေ စာရင်း ကောက်ယူခြင်း (NLBS) အား နည်းပညာ အကူအညီ ဆက်လက်ထောက်ပံ့ ပေးခဲ့ပါသည်။<br>- NLBS မှ တနိုင်ငံလုံးရှိ ၂၀% သော ကျေးရွာများရှိ အိမ်ထောင်စုများအားလုံးနှင့် ၂၀% သော ရပ်ကွက်များရှိ အိမ်ထောင်စု စုစုပေါင်း ၁,၇၁၈,၃၉၇ ထံမှ စာရင်းကောက်ယူခဲ့ပါသည်။<br>- စီမံချက်ရုံးတွင် NLBS ကိန်းဂဏန်းအချက်အလက် စီမံခန့်ခွဲမှု ဌာနထားရှိပြီး စီမံချက်မှ လေ့ကျင့်ပေးထားသည့် တိမွေးကုဌာနမှ ဝန်ထမ်းများထားရှိပါသည်။ |
| ၃ | Golden Plain Livelihood Development Services Co-operative Ltd.<br><br>အပူပိုင်းဒေသရှိ သီးနှံထုတ်လုပ်နိုင်စွမ်း မရှိသော မြေကို သစ်စိမ်း မြေဩဇာ နှင့် ခေတ်မီ သီးနှံပုံစံ စနစ်တို့ဖြင့် ရေရှည်တည်တံ့သော သီးနှံအထွက်နှုန်းရရှိစေမည့် စီမံချက်<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၈၀၈,၅၇၉<br><br>၀၉/၀၅/၂၀၁၆ မှ ၂၈/၂/၂၀၁၉ ထိ<br><br>*ဆောင်ရွက်ဆဲ* | ဤစီမံချက်သည် ပခုက္ကူနှင့် ရေစကြိုမြို့နယ်အတွင်းရှိ ရွာပေါင်း၄၂ ရွာတွင် ဆောင်ရွက်လျက် ရှိပါသည်။<br><br>- ၂၀၁၈ ခုနှစ်တွင် ဤ ချဉ်းကပ်နည်းလမ်းအသစ်အား အသုံးပြုသည့် တောင်သူ ဦးရေ ၁,၃၀၀ ရှိခဲ့ပြီး စုစုပေါင်း တောင်သူဦးရေ မှာ ၂,၂၄၅ ဦး အထိ တိုးပွါးလာခဲ့ပါသည်။<br>- ပိုက်ဆံလျှော်ကို အသုံးပြုသည့် သစ်စိမ်းမြေဩဇာများ အသုံးပြုခြင်းကြောင့် နှမ်းနှင့် မြေပဲအမျိုးမျိုးတို့ ပိုမိုကောင်းမွန်လာသည်ကို တောင်သူဦးဆောင်သည့် စံပြစိုက်ကွက် ၁၂၀တွင် တောင်သူကွင်းဆင်းနေ့များ ကျင်းပပြီး တောင်သူဦးရေ ၆,၁၆၄ ဦးအား ပြသခဲ့ပါသည်။<br>- စီမံချက်မှ ဓါတ်မြေဩဇာများ အသုံးပြုနည်း၊ မြေဆွေးနှင့် တိရစ္ဆာန်စွန့်ပစ် ပစ္စည်းများဖြင့် ပြုပြင်ထားသည့် မြေပြုလုပ်နည်း၊ ရာသီဥတုနှင့် သဟဇာတဖြစ်သော စိုက်ပျိုးရေးနှင့် သဘာဝ ပိုးသတ်ဆေးများ အသုံးပြုနည်းတို့ အပါအဝင် ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) သင်ကြားပေးသည့်သင်တန်းများနှင့် အကြံပေးသည့်ဝန်ဆောင်မှုများအား ကျေးရွာပေါင်း ၄၂ ရွာမှ တောင်သူ ၉,၁၉၄ ဦး တို့အား ပံ့ပိုးပေးခဲ့ပါသည်။<br>- မြေနမူနာ ၄၂ ခုအား စမ်းသပ်စစ်ဆေးခဲ့ပြီး ထိုမြေကွက်များမှ ၂၀၁၆ ခုနှစ်တွင် ရယူခဲ့သည့် နမူနာများနှင့် နှိုင်းယှဉ်ခဲ့ပါသည်။<br>- အမျိုးသားအဆင့် ပတ်သက်ဆက်နွယ်သူ အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် တက်ရောက်မည့်သူ ၁၅၀ ဦးခန့်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။<br>- ပိုက်ဆံလျှော် လက်စွဲစာအုပ်ကို ရေးသားပြုစုခဲ့ပြီး သင်ထောက်ကူအနေဖြင့် အသုံးပြုခဲ့ပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၄ | HelpAge International Myanmar<br><br>အပူပိုင်းဇုန် လူမှုကာကွယ် စောင့်ရှောက်ရေး စီမံချက်<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၅,၅၈၀,၄၆၃<br><br>၁၇/၁၂/၂၀၁၅ မှ ၃၀/၀၆/၂၀၂၀<br><br>*ဆောင်ရွက်ဆဲ* | ¦ သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင်များအား စီမံချက် မြို့နယ် ၆ မြို့နယ်မှ အသက် ၈၅-၉၀ နှစ်အတွင်း ရှိသူများအား ဆက်လက်ပေးအပ်ခဲ့ပါသည်။ ထောက်ပံ့ငွေ ရရှိသူ ၅၃၂ ဦး မှ ကိုယ်တိုင်လက်ခံရယူခဲ့ပါသည်။<br>¦ စီမံချက်မှ မသန်စွမ်းသူများဆက်လက်၍ ထောက်ပံ့ခဲ့ပြီး ၂,၁၆၅ ဦး တို့ ထောက်ပံ့ငွေ လက်ခံရရှိခဲ့ပါသည်။<br>¦ စီမံချက် ကျေးရွာပေါင်း ၁၈၀ တွင် ရေရှည်တည်တံ့မည့် ကျေးရွာ လူမှုကာကွယ်စောင့်ရှောက်ရေး ယန္တရားများတည်ဆောက်ရန် ရန်ပုံငွေများ ၁)အရေးပေါ် ချေးငွေ ၂)ထိခိုက်လွယ် အိမ်ထောင်စုများအတွက် အသက်မွေးမှု လုပ်ငန်းလုပ်ရန် လည်ပတ်ရန်ပုံငွေ/အတိုးနည်း ချေးငွေများ ရရှိခဲ့ပါသည်။<br>¦ အိမ်ထောင်စုပေါင်း ၁၇,၁၄၆ စုမှ အတိုးနည်းချေးငွေများ ရယူခဲ့ပြီး အကျိုးခံစားခွင့်ရှိသူ အသစ်မှာ ၈,၁၄၁ ဦး ဖြစ်ပါသည်။<br>¦ အိမ်ထောင်စုပေါင်း ၁,၂၀၆ စု မှ အရေးပေါ် ချေးငွေများ ရရှိခဲ့ပါသည်။<br>¦ လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် အီလက်ထရွန်နစ် ငွေလွှဲစနစ် (ECT) အား ဆန်းစစ်လေ့လာခြင်းကို ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ECT ရှေ့ပြေး စမ်းသပ်အစီအစဉ်အား မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ ရှေ့ပြေး အစီအစဉ်မှ ၂၀၁၈ ခုနှစ် ဧပြီလတွင် ရပ်ရွာလူထုများထဲမှ အကျုံးဝင်သူများအားလုံးအတွက် လူမှုရေးပင်စင်များ ပေးအပ်ခဲ့ပါသည်။ လူမှုဝန်ထမ်းဝန်ကြီးဌာန (MSWRR) နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျေးရွာများထပ်တိုး၍ ပေးနိုင်ခဲ့ပါသည်။ ဤနည်းဖြင့် အကျိုးခံစားခွင့်ရှိသူ ၁,၁၃၉ဦး (အမျိုးသမီး ၇၇၂ ဦး) လူမှုရေး ပင်စင်များ ရရှိခဲ့ပါသည်။ |
| ၅ | International Fertilizer Development Centre (IFDC)<br><br>အပူပိုင်းဇုန် စိုက်ပျိုးရေး သွင်းအားစုနှင့် လယ်ယာလုပ်ငန်း ဝန်ဆောင်မှု စီမံချက်<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၆,၂၅၆,၅၆၅<br><br>အပူပိုင်းဇုန်တွင် ၀၁/၁၂/၂၀၁၅ မှ ၃၀/၄/၂၀၁၉ နှင့် တောင်တန်းဒေသတွင် ၀၁/၁၂/၂၀၁၅ မှ ၃၀/၆/၂၀၂၀<br><br>*ဆောင်ရွက်ဆဲ* | ¦ စံပြ စိုက်ကွင်း ၁၉၉ ကွက် ထူထောင်ခဲ့ပြီး တောင်သူပေါင်း ၄,၂၃၃ ဦး ဖြင့် တောင်သူကွင်းဆင်းနေ့ပေါင်း ၉၀ ကျင်းပခဲ့ပါသည်။<br>¦ သွင်းအားစုနှင့် ဝန်ဆောင်မှုပေးသူ (ISP) ၅၃ ဦး ၏ စီးပွားရေးလုပ်ငန်း တိုးတက်ရေးအတွက် ထောက်ပံ့ငွေ တတိယ အရစ်အား ပေးအပ်ခဲ့ပါသည်။<br>¦ အပူပိုင်းဇုန်ရှိ ဦးတည်မြို့နယ် ၆ မြို့နယ်မှ တောင်သူ ၁၄,၈၇၈ ဦး (အမျိုးသမီး ၅,၂၀၃ ဦး) အား တောင်သူသင်တန်း ၂၀၁ ကြိမ် သင်တန်းပေးခဲ့ပါသည်။<br>¦ စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေး ပညာပေးဝန်ထမ်း နှင့် အလုပ်သင်ကျောင်းသား ၂၀၂ ဦး သည် တောင်သူသင်တန်းများ၊ စံပြပြကွက်များ နှင့် တောင်သူကွင်းဆင်းနေ့များတွင် ပါဝင်ခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ်တွင် တောင်သူ ၁,၅၂၄ ဦး (အမျိုးသမီး ၂၈%) အတွက် စီးပွားရေး လုပ်ငန်းတိုးတက်ရေး အထောက်အပံ့များ ပေးအပ်ခြင်းနှင့်အတူ သွင်းအားစုနှင့် ဝန်ဆောင်မှုပေးသူများ ဦးဆောင်သည့် တောင်သူသင်တန်း အကြိမ်(၂၀) ကျင်းပခဲ့ပါသည်။<br>¦ စီမံချက် အပြီးသတ် အကဲဖြတ် သုံးသပ်မှု ပြီးစီးခဲ့ပါသည်။<br>¦ သီးနှံကာကွယ်ရေး ထုတ်ကုန်ပစ္စည်းများ စစ်တမ်း မူကြမ်းအား ပြင်ဆင်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် အစိုးရအရာရှိများထံ တင်ပြမည် ဖြစ်ပါသည်။<br>¦ ISP နှင့် DOA တို့အပါအဝင် တောင်သူများအပေါ် သက်ရောက်မှု စစ်တမ်း ဒီဇိုင်း နှင့် မေးခွန်းများ ပြုစုထားပြီး DOA ၏ ကူညီပံ့ပိုးမှုဖြင့် ၂၀၁၉ ခုနှစ်တွင် ဆောင်ရွက်မည် ဖြစ်သည် ။<br>¦ စီမံချက်အား တောင်တန်းဒေသ -ကယား ပြည်နယ် နှင့် ကရင်ပြည်နယ်ရှိ မြို့နယ် ၅ ခုအတွက် ၂၀၁၉ ခုနှစ်တွင် နောက်ထပ် ၁၈ လ တိုးချဲ့ခဲ့ပါသည်။ |
| ၆ | မြန်မာနိုင်ငံလူမှုရေးပညာရှင်များအသင်း (MPSWA)<br><br>ထိခိုက်လွယ်သော ရပ်ရွာလူထု၏ အာဟာရ အဆင့်အတန်းကို ကိုယ်ထူကိုယ်ထ စနစ်ဖြင့် တိုးတက်စေခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၇၈၂,၄၃၂<br><br>၀၇/၀၄/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈ ထိ<br><br>*ဆောင်ရွက်ဆဲ* | ¦ ရပ်ရွာအခြေပြု အာဟာရ ဖွံ့ဖြိုးရေး အဖွဲ့ (Community-based Nutrition Promotion Groups (CBNPGs) ၉၀ မှာ ကောင်းမွန်သည့် အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲရေးအတွက် ရပ်ရွာလူထုအစုအဖွဲ့ပေါင်း ၉၀ တွက် လုပ်ကိုင်လျက်ရှိပါသည်။<br>¦ အာဟာရဆိုင်ရာ အမူအကျင့်ပြောင်းလဲရေး သတင်းစကားပြောကြားမှု (SBCC) လှုပ်ရှားမှုများအား စီမံချက်ကျေးရွာပေါင်း ၉၀တွင် ဆက်လက် ဆောင်ရွက်လျက်ရှိပါသည်။ တက်ကြွမှုအရှိဆုံး CBNPGs အဖွဲ့ ၂၀ မှ အငယ်စား အာဟာရဆိုင်ရာ ဖွံ့ဖြိုးမှုစီမံချက်များအား ဆောင်ရွက်နေပါသည်။<br>¦ ၂၀၁၈ ခုနှစ်အတွင်း CBNPGs များမှ အကျိုးခံစားခွင့်ရှိသူပေါင်း ၄၅,၉၁၁ ပါဝင်ဆောင်ရွက်သည့် ရပ်ရွာလူထု အာဟာရဆိုင်ရာ အသိပညာပေးရေး ဟောပြောပွဲပေါင်း ၆,၃၂၁ ခုအား ဆောင်ရွက်ခဲ့ပါသည်။<br>¦ MPSWA၊ BHS နှင့် စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် အုပ်စုလိုက် အငယ်စားဆွေးနွေးပွဲများ ၃၂၂ ခု ကို ဆောင်ရွက်ခဲ့ပြီး အိမ်ထောင်စုပေါင်း ၂,၃၂၅ ပါဝင်တက်ရောက်ခဲ့ပါသည်။<br>¦ အစားအစာ အုပ်စု ၃ မျိုးအား အသုံးပြု၍ အချက်အပြုတ် သရုပ်ပြပွဲပေါင်း ၂၀၈ ကြိမ် ပြုလုပ်ခဲ့ရာ ကိုယ်ဝန်ဆောင်အမျိုးသမီး နှင့် အသက် နှစ်နှစ်အောက်ကလေးငယ်များ၏ မိခင် ၂,၇၂၇ ဦး တက်ရောက်ခဲ့ပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၇ | Save the Children<br><br>သင်ယူခြင်း အထောက်အထား ဖော်ထုတ်ခြင်း၊ မူဝါဒ အပြောင်းအလဲ ဖြစ်စေရန် ဆွေးနွေးတိုက်တွန်း ဆောင်ရွက်ခြင်း (LEGACY)<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၄,၉၄၂,၈၄၂<br><br>၁၁/၁၂/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈<br>၂၀၁၉ ခုနှစ် ဧပြီလအထိ ဘတ်ဂျက် မပါသည့် သက်တမ်းတိုးခြင်း<br><br>*ဆောင်ရွက်ဆဲ* | ¦ ဖန်နဝါရီလတွင် Save the Children ဝန်ထမ်းများအတွက် အာဟာရဆိုင်ရာ အမူအကျင့်များ ပြောင်းလဲစေရေး သတင်းစကားပေးခြင်း သင်တန်းအတွက် ဒီဇိုင်းရေးဆွဲပေးခဲ့ပြီး၊ ဖေဖော်ဝါရီလတွင် MNMA မိတ်ဖက်အဖွဲ့ ၏ ဝန်ထမ်းများအတွက် အမူအကျင့်များ ပြောင်းလဲစေရေး သတင်းစကားပေးခြင်း DBC သင်တန်းပို့ချခဲ့ကာ မတ်လတွင် SBCC ကျေးရွာများမှ စေတနာ့ ဝန်ထမ်းများအတွက် DBC နှင့် မွမ်းမံသင်တန်းများ ပို့ချပေးခဲ့ပါသည်။<br>¦ ထောက်ပံ့ငွေပေးခြင်းလုပ်ငန်းအား ပုံမှန်စောင့်ကြည့်ကြီးကြပ်ခြင်းအား ဖန်နဝါရီလတွင် ဆောင်ရွက်ခဲ့ပြီး၊ အစိုးရမှ ဦးဆောင်သည့် ငွေပေးခြင်းပုံစံကို စောင့်ကြည့်ကြီးကြပ်ခြင်းအား မတ်လတွင် ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီလတွင် PGMF ပုံစံဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ငွေပေးအပ်ပြီးနောက်ပိုင်းကာလ စောင့်ကြည့် ကြီးကြပ်ခြင်းအား PGMF ပုံစံအတွက် ဖန်နဝါရီလတွင် ဆောင်ရွက်ခဲ့ပြီး အစိုးရမှဦးဆောင်သည့် ပုံစံအတွက် ဖေဖော်ဝါရီလတွင် ဆောင်ရွက်ခဲ့ပါသည်။<br>¦ ကြိုတင်ပြင်ဆင်ပြီးသား မေးခွန်းများမေးမြန်းပြီး ထိခိုက်လွယ်မှုပိုများသည့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက် မိခင်(PLW)များအား ရွေးချယ်၍ တစ်ဦးချင်း နှစ်သိမ့်ဆွေး နွေးနိုင်ရန်အတွက် သင်တန်းအား ဖေဖော်ဝါရီလတွင် ပို့ချခဲ့ပါသည်။<br>¦ စုစုပေါင်း အမျိုးသမီး ၁၁,၅၈၈ ဦး (PGMF ပုံစံတွင် ၁၀,၃၁၁ ဦး နှင့် အစိုးရမှ ဦးဆောင်သည့် ပုံစံတွင် ၁,၂၇၇ ဦး) စာရင်းပေးသွင်းခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်းတွင် ထောက်ပံ့ငွေပေးမှု ၉၉,၉၈၁ အား ဆောင်ရွက်ခဲ့ပြီး ထောက်ပံ့ငွေပေးမှု စုစုပေါင်း ၁၈၀,၉၁၄ အထိ ရှိခဲ့ပြီ ဖြစ်သည်။<br>¦ စီမံချက်ဒေသများသို့ အစိုးရဌာနမှ လာရောက်ခြင်း - နေပြည်တော်မှ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန နှင့် လွှတ်တော်အမတ်များ ပါဝင်သည့် အဖွဲ့သည် စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေသည့် မြို့နယ် (၃) မြို့နယ်သို့ သွားရောက်ခဲ့ပါသည်။ |
| ၈ | Terre des Hommes (TdH)<br><br>မြေယာမဲ့များ နှင့် မေ့လျော့ခံ တောင်သူလယ်သမားများ အတွက် ဟင်းသီးဟင်းရွက်မြေမဲ့စိုက်ပျိုးခြင်း၊ ရေချွေတာ နိုင်သော စိုက်ပျိုးနည်း ပညာအသစ်များ<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၁,၄၅၉,၅၇၃<br><br>၀၁/၀၂/၂၀၁၄ မှ ၂၈/၂/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | ¦ စီမံချက်ကာလအား ၂၀၁၈ခုနှစ် ဩဂုတ်လမှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ အထိ နောက်ထပ် ၇ လ ထပ်မံ သက်တမ်း တိုးခဲ့ပါသည်။<br>¦ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဦးစီးဌာန (DRD) နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးနောက် စီမံချက်မှ (၂၀၁၈ ခုနှစ် ဩဂုတ်လ မှ စတင်၍) အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နွားထိုးကြီးအပါအဝင် မြို့နယ် ၃ မြို့နယ်မှ ကျေးရွာ စုစုပေါင်း ၄၂ ရွာအား ဦးတည်ဆောင်ရွက်ခဲ့ပါသည်။<br>¦ ကျေးရွာပေါင်း ၄၂ ရွာရှိ တနိုင်တပိုင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေသုံးစွဲမှု ချွေတာရေး စနစ်ပေါင်း ၇၅၃ ခုအား တည်ဆောက်ပေးခဲ့ပါ သည်။<br>¦ စုစုပေါင်း PG အဖွဲ့၄၂ ဖွဲ့ ထူထောင်ခဲ့ပြီး စာရင်းကိုင်၊ ရန်ပုံငွေစီမံခန့်ခွဲမှု၊ ငွေကြေးဆိုင်ရာ အခြေခံ နည်းစနစ် သင်တန်းများ ပို့ချပေးခဲ့ပါသည်။ လုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရန် လည်ပတ်ရန်ပုံငွေကိုလည်း ပံ့ပိုးပေးခဲ့ပါသည်။<br>¦ စနစ်များ၏ ထုတ်လုပ်မှုမှာ မျှော်မှန်းချက်များနှင့် အညီဖြစ်ပြီး အိမ်ထောင်စုများ၏ ဝယ်လိုအား မှာလည်း တိုးမြင့်လျက်ရှိပါသည်။<br>¦ စံပြစိုက်ခင်း၏ လုပ်ငန်းတာဝန်အား စီးပွားရေးအရ ကုန်ထုတ်လုပ်မှုမှ သင်ယူ လေ့လာရေးဌာန အဖြစ် ပြောင်းလဲခဲ့ပါသည်။<br>¦ အထူးသဖြင့် UN- Habitat ကဲ့သို့ LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်များ နှင့် လုပ်ငန်းများ ထပ်တူနေခြင်းသည် အိမ်ခြံဝင်းစိုက်ခင်း ဆောင်ရွက်မှုများအပေါ် ပါဝင်သူများ၏ ကောင်းမွန်သော တုံ့ပြန်မှုများတွင် သိသာထင်ရှားသည့် ကွဲပြားမှုများ ဖြစ်စေခဲ့ပါသည်။<br>¦ အချိန်အနည်းငယ်သာ ကျန်ရှိနေသော်လည်း နွားထိုးကြီးမြို့နယ်အတွင်းမှ ကျေးရွာပေါင်း ၁၂ ရွာအား ထည့်သွင်းခဲ့ခြင်းနိုင်ခဲ့ခြင်းမှာ ကျေးရွာများမှ ပြည်သူများအတွက် ကောင်းမွန်သင့်တော်ပြီး အလေးအနက် စိတ်ဝင်စားမှုရှိခဲ့သည့် ဆောင်ရွက်ချက်ဖြစ်ပါသည်။ |
| ၉ | UN-Habitat<br><br>ရေနှင့် သန့်ရှင်းရေး လုပ်ငန်းများမှ ပိုမို ကျန်းမာသော ရပ်ရွာလူထုများသို့<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၄,၄၀၀,၀၀၀<br><br>၁၅/၀၂/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈<br><br>*ဆောင်ရွက်ဆဲ* | ¦ ကျေးရွာပေါင်း၂၀၀တွင် ရေ၊ ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရည်သန့်ရှင်းရေး (WASH) လှုပ်ရှားမှုများ ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ ကျေးရွာပေါင်း ၂၀၀ ထဲမှ ကျေးရွာ ၁၇၇ တွင် အိမ်ထောင်စုသုံးရေ ရရှိရေးအတွက် ရေပိုက်သွယ်တန်းခြင်း ဆောင်ရွက်ပြီးဖြစ်ပါသည်။<br>¦ WASH ဆိုင်ရာ လုပ်ငန်းများမှ အိမ်ထောင်စု ၃၄,၂၄၃ စု အကျိုးခံစားခွင့်ရရှိပြီး၊ အိမ်ထောင်စု ၂၇,၀၃၀ များထံသို့ ရေပိုက်သွယ်တန်းခြင်း ဆောင်ရွက်ပြီး ဖြစ်ပါသည်။<br>¦ ၂၀၁၈ခုနှစ်တွင် စီမံချက်မှ တစ်စိတ်တစ်ပိုင်းထောက်ပံ့မှုဖြင့် ယင်လုံ အိမ်သာ ၆၆၁ လုံး ဆောက်လုပ် ပေးခဲ့ပြီး စီမံချက်စတင်သည်မှ ယင်လုံအိမ်သာ စုစုပေါင်း ၂,၂၅၀ လုံး ဆောက်လုပ်ပြီး ဖြစ်ပါသည်။<br>¦ ၂၀၁၈ ခုနှစ်တွင် စီမံချက် ကျေးရွာ ၁၃၆ ရွာတွင် တောထိုင်ဝလေ့ ပပျောက်ခြင်း အဆင့်အတန်း ရောက်ရှိခဲ့ပြီး စီမံချက် စတင်သည်မှစ၍ ကျေးရွာ စုစုပေါင်း ၁၅၉ ရွာ ရှိပြီ ဖြစ်ပါသည်။<br>¦ ၂၀၁၈ ခုနှစ်ကုန်တွင် စီမံချက်ကျေးရွာများ မှ အိမ်ထောင်စု ၉၆% သည် အိမ်သာ လက်လှမ်းမီမှု ရရှိနေပြီ ဖြစ်သည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁၀ | PACT<br><br>အပူပိုင်းဇုန် အရပ်ဘက်လူမှု အဖွဲ့အစည်းများ အတွက် အသေးစား ရန်ပုံငွေ ပံ့ပိုးခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၂,၁၉၉,၅၀၀<br><br>၁/၀၃/၂၀၁၇ မှ ၃၀/၀၆/၂၀၁၉ ထိ<br><br>*ဆောင်ရွက်ဆဲ* | ¦ ဦးတည်မြို့နယ် ၉ မြို့နယ်တွင် ဆောင်ရွက်ခဲ့ပါသည်။<br>¦ အဆိုပြုလွှာ တင်သွင်းခြင်း နှင့် စာချုပ်ချုပ်ဆိုခြင်း လုပ်ငန်းစဉ်အား ကူညီပံ့ပိုးမှုရန် ဒေတာဘေ့စ် တည်ဆောက်ခြင်းနှင့် နောက်ဆုံးအဆင့် ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။<br>¦ အရပ်ဘက် လူမှုအဖွဲ့အစည်း ၇၁ ဖွဲ့အတွက် ငွေကြေးထောက်ပံ့မှု ၇၆ ခု ပေးအပ်ခဲ့ပါသည်။<br>¦ ထောက်ပံ့ငွေရယူသူများ၏ ပုံရိပ်စစ်တမ်း (Grantee Reflection Survey - GRS) နှင့် လက်ခွဲ ထောက်ပံ့ငွေရယူသူများ ကျရောက်နိုင်ချေရှိသည့် အန္တရာယ်နှင့် တာဝန်ဝတ္တရား ဆန်းစစ်ချက် (SARRA)ဆိုင်ရာ နည်းကိရိယာများအားအသုံးပြု၍ အဖွဲ့အစည်း၏ စွမ်းဆောင်နိုင်မှုနှင့် ငွေကြေး ဆိုင်ရာ စွမ်းဆောင်ရည်အား အဖွဲ့အစည်းကိုယ်တိုင် သုံးသပ်ရန် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) ၇၁ဖွဲ့ နှင့် ဆွေးနွေးခဲ့ပါသည်။<br>¦ GRS နှင့် SARRA ကနဦး စစ်တမ်းများအပေါ်အခြေခံ၍ ထောက်ပံ့ငွေရရှိသည့် CSO ၇၁ ဖွဲ့သည် မိမိ၏ အဖွဲ့အစည်းဆိုင်ရာ၊ စွမ်းဆောင်ရည်ဆိုင်ရာနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်မှု စီမံချက်ဆိုင်ရာ ဦးစားပေးများအား မိတ်ဖက်အဖွဲ့များ လုပ်ငန်းဆောင်ရွက်ချက် စစ်ဆေးခြင်းပုံစံ (Partner Tracking Sheet) များသုံး၍ ဆောင်ရွက်ကြပါသည်။<br>¦ စီမံကိန်း စိတ်ဝင်စားမှု အဆိုပြုလွှာ (EOI) များ ထုတ်ပြန်ခဲ့ပြီး ၊ အဆိုပါ (EOI)များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား ရှင်းလင်းဆွေးနွေးသည့် အလုပ်ရုံဆွေးနွေးပွဲ ၁၉ ခု ကို မြို့နယ်ပေါင်း ၉ မြို့နယ် ကျင်းပခဲ့ပြီး CSO ၃၃၂ ဖွဲ့ အား အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ စနစ်များ အားကောင်းစေခြင်း နှင့် ထောက်ပံ့ငွေပေးခြင်း လုပ်ငန်းစဉ်များနှင့်ဆိုင်သည့် အချက်အလက်များအား မျှဝေခဲ့ပါသည်။<br>¦ ထိရောက်သည့် အသက်မွေးမှုစနစ် အားကောင်းစေမည့် အဆိုပြုလွှာများရရှိနိုင်ရန် အဆိုပြုလွှာ ရေးသားပြင်ဆင်နည်း သင်တန်း ၁၉ ခု ဆောင်ရွက်ခဲ့ပါသည်။<br>¦ မြို့နယ် ၉ ခု ရှိ စီမံချက်များအတွက် စရိတ်ပြန်ထုတ်ပေးသည့် ထောက်ပံ့ငွေ (Cost Reimbursement Grants - CRGs) ၄၈ ခု နှင့် ပုံသေ ထောက်ပံ့ငွေ (Fixed Amount Awards -FAAs) ၂၈ ခု အပါအဝင် စာချုပ် ၇၆ စောင် လက်မှတ် ရေးထိုးခဲ့ပါသည်။<br>¦ မြို့နယ် ကိုးမြို့နယ်တွင် CRG ၇ ခု နှင့် FAA ၂၄ ခု ဆောင်ရွက်ပြီး ဖြစ်ပါသည်။<br>¦ လိုက်နာမှု၊ စောင့်ကြည့်ကြီးကြပ်မှုနှင့် သင်ယူလေ့လာမှု (MEL) ၁၃ခု ဆောင်ရွက်ခဲ့ပြီး၊ မြို့နယ်များ အားလုံးရှိ ထောက်ပံ့ငွေရရှိသည့် CSO များ နှင့် အကျိုးခံစားခွင့်ရှိသူ တာဝန်ခံမှုဆိုင်ရာ သင်တန်းများ ဆောင်ရွက်ခဲ့ပါသည်။<br>¦ ရွေးချယ်ထားသည့် ထောက်ပံ့ငွေရယူသူ အဖွဲ့များထဲမှ စီမံချက် ပြီးစီးသည့် အဖွဲ့ ၁၇ ဖွဲ့နှင့် အပြီးသတ် ဆန်းစစ်မှုများ ဆောင်ရွက်ခဲ့ပါသည်။ |
| ၁၁ | IWMI<br><br>ပျော့ရှာ မြစ်ရေတင် စီမံချက် ပြင်ဆင်မွမ်းမံ အကောင် အထည် ဖော်ခြင်း<br><br>ဘတ်ဂျက် ကန်ဒေါ်လာ ၁,၁၂၂,၃၁၅<br><br>၀၆/၁၂/၂၀၁၆ မှ ၃၁/၀၃/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | ¦ ၂၀၁၈ ခုနှစ်တွင် သီးနှံမျိုးစုံ (ပဲတီစိမ်း၊ ကုလားပဲ၊ နေကြာ နှင့် ဆန်စပါး ) စံပြစိုက်ခင်း ၂၀၈ ကွက်တွင် - ရေစီမံခန့်ခွဲခြင်း၊ နိုက်ထရိုဂျင် စီမံခန့်ခွဲခြင်း နှင့် ယူရီးယားမြေသြဇာအခဲကို မြေအောက် ၄ လက်မအနက် တွင်ထည့်သွင်းအသုံးပြုခြင်း ၊ ဟင်းသီးဟင်းရွက် (ငရုတ်၊ ရုံးပတီ၊ ပဲတောင့်ရှည်၊ ကြက်ဟင်းခါး ၊ ခရမ်းသီး နှင့် သင်္ဘောသီးပင်များ အား စိုက်ပျိုးခြင်းတို့ကို အကောင်အထည်ဖော်ခဲ့ပါသည်။<br>¦ ယူရီးယားမြေသြဇာအခဲကို မြေအောက် ၄ လက်မအနက်တွင် ထည့်သွင်းအသုံးပြု၍ စိုက်သည့် စပါးခင်းများတွင် ဓါတ်မြေသြဇာ စရိတ်များ လျော့ကျပြီး အထွက်တိုးစေခဲ့ပါသည်။<br>¦ စီမံချက်ကျေးရွာများမှ တောင်သူများကြားတွင် ငရုတ် နှင့် သင်္ဘောအား လူကြိုက်များပါသည်။ ငရုတ် ၏ စုစုပေါင်း အမြတ်တန်ဖိုးမှာ တစ်ဧကလျှင် ကျပ် ၆၇၈,၀၀၀ မှ ကျပ် ၁,၃၇၇,၂၀၀ အထိ တိုးမြင့်ခဲ့ပါသည်။<br>¦ စိုက်ပျိုးရေး စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းကောင်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား မျှဝေရန် ရည်ရွယ်သည့် မိုဘိုင်းလ် အပလီကေးရှင်း အသုံးပြုနည်း သင်တန်းကို ကျင်းပခဲ့ပါသည်။ မိုဘိုင်းလ် အပလီကေးရှင်း ၃ မျိုး - စိုက်ပျိုးရေး ဦးစီးဌာန-သီးနှံ ကာကွယ်ရေး ဌာနခွဲမှ တီထွင်သည့် (PP အပလီကေးရှင်း)၊ စိုက်ပျိုးရေးပညာရှင် မှ တီထွင်သည့် Greenway အစိမ်းရောင်လမ်း အပလီကေးရှင်း နှင့် မြန်မာ့သြဘာ ကုမ္ပဏီမှ တီထွင်သည့် ထွက်တိုး အပလီကေးရှင်းများအား စမ်းသပ်အသုံးပြုခဲ့ပါသည်။<br>¦ စီမံချက်မှ တောင်သူများ ရည်ညွှန်းရန်နှင့် လမ်းညွှန်နိုင်ရန် ကြက်ဟင်းခါးသီး၊ ငရုတ်သီး၊ ရုံးပတီသီးနှင့် ပဲတောင့်ရှည်တို့အတွက် စီမံခန့်ခွဲမှုဆိုင်ရာ အကောင်းဆုံး အလေ့အကျင့်များနှင့်ဆိုင်သည့် လက်စွဲ လမ်းညွှန် ၃ အုပ် ထုတ်ဝေခဲ့ပါသည်။<br>¦ ရေအသုံးပြုသူများအဖွဲ့ကို တည်ထောင်ခဲ့ပါသည်။ ၂၀၁၈ခုနှစ်တွင် ရေအသုံးပြုသူများအဖွဲ့သို့ ရေသွင်းစိုက်ပျိုးသူ ၉၇၀ (အမျိုးသမီး ၉၁) ဦး အဖွဲ့ဝင်ခဲ့ပါသည်။ လက်ရှိတွင် ရေအသုံးပြုသူများအဖွဲ့ အကျိုးခံစားခွင့်ရှိသူပေါင်း ၄,၁၃၂ ဦး ရှိပါသည်။ |
| ၁၂ | UNOPS<br><br>ပျော့ရှာ မြစ်ရေတင် စီမံချက် ပြင်ဆင်မွမ်းမံ အကောင် အထည် ဖော်ခြင်း<br><br>ဘတ်ဂျက် ကန်ဒေါ်လာ ၃,၉၀၀,၀၀၀<br><br>၂၀၁၇ ဇူလိုင် မှ ၂၀၁၈ ဒီဇင်ဘာ ၃၁<br><br>*ဆောင်ရွက်ဆဲ* | ¦ အခြေခံ အဆောက်အဦ ပြန်လည်ပြင်ဆင်ခြင်းအား PS နှင့် PS-၂ တို့တွင် ပင်မ မြောင်း၊ မြောင်း လက်တက်၊ ရေဖြန့်ဖြူးရေးမြောင်း၊ ရေတံခါးများ တပ်ဆင်ခြင်း၊ ဟိုက်ဒရောလစ် တံခါးများ တပ်ဆင်ခြင်း၊ ရေတင်စက်အသစ်များ တပ်ဆင်ခြင်းတို့ ဆောင်ရွက်ခဲ့ပြီး၊ ဆောက်လုပ်ရေးနှင့် ထုတ်လုပ်ရေး လမ်းဖောက်လုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။<br>¦ အဆိုပါ လုပ်ငန်းများမှ ဆည်မြောင်း ရေပေးဝေရေးကဏ္ဍတွင် သိသာထင်ရှားသည့် ပြောင်းလဲမှုများ ဖြစ်စေခဲ့ပြီး ၂၀၁၈ နှစ်လည်မှစ၍ တောင်သူများ ရေလက်လှမ်းမီမှု ပိုမိုရရှိခဲ့သည်။<br>¦ ဆည်မြောင်းရေပေးဝေရေး ပိုမိုကောင်းမွန် ခဲ့ပါသည်။ တောင်သူ ၇၆% အား ပုံမှန်အစီအစဉ်ဖြင့် ရေပေးဝေခဲ့ပြီး ၂၀၁၆ ခုနှစ် တွင် ၄၁% သာ ရရှိခဲ့သည်နှင့် နှိုင်းယှဉ်လျှင် ၂၀၁၈ ခုနှစ်တွင် လုံလောက်သည့် ရေပမာဏ ရရှိခဲ့ပါသည်။<br>¦ PS ၃ မြောင်းအဆုံးရှိ ညောင်ရင်ရွာတွင် တောင်သူများက ယခင်က ရေရရှိရန် ၁၂ နာရီကျော် စောင့်ဆိုင်းရသော်လည်း "အဖျားမှ အရင်းသို့" ရေပေးဝေရေး စနစ် ပေါင်းစပ်အသုံး အသုံးပြုခြင်းဖြင့် ယခုအခါတွင် ၅-၆ နာရီသာ စောင့်ဆိုင်းရန်လိုပါသည်။ |

### ၁၀.၄.၃ ၂၀၁၈ ခုနှစ်အတွင်း ရခိုင်ဒေသရှိ စီမံချက် ၆ ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | CARE Myanmar<br><br>ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်ရှိ အိမ်ထောင်စုများ နှင့် ရပ်ရွာလူထုများတွင် ရိက္ခာဖူလုံရေး၊ ကြံ့ကြံ့ခိုင်ရေး၊ လူမှုပေါင်းစည်း ညီညွတ်ရေး တို့အတွက် ထောက်ပံ့ခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၃,၅၁၉,၁၄၇<br>ပြင်ဆင်သည့် ဘတ်ဂျက်-ကန်ဒေါ်လာ ၂,၃၇၀,၁၃၄<br><br>၀၁/၀၁/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈<br>၂၀၁၈ ဒီဇင်ဘာ ၃၁ တွင် ပြီးဆုံးမည်။ | ¦ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများ နောက်ပိုင်းတွင် စီမံချက်အနေဖြင့် လုံခြုံရေး ကန့်သတ်ချက်များနှင့် လက်လှမ်းမီ ရောက်ရှိမှုနှင့် အကောင်အထည်ဖော်ရေးဆိုင်ရာ ခွင့်ပြုချက် ရယူခြင်းနှင့် ဆိုင်သည့် စိန်ခေါ်မှုများကြောင့် ရသေ့တောင်ရှိ ဦးတည် ရပ်ရွာလူထုထံ မရောက်ရှိနိုင်ခဲ့ပါ။<br>¦ သို့သော်လည်း CARE မှ စီမံကိန်း လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ခြင်း မပြုနိုင်ခဲ့ပါ။ ၂၀၁၈ ခုနှစ် ဧပြီလ ၁၀ ရက်နေ့တွင် ထောက်ပံ့ငွေပေးခြင်းဆိုင်ရာ သဘောတူညီချက် စာချုပ်၏ အထွေထွေ အခြေအနေများနှင့် အညီ စီမံကိန်းအား စတင် ဆိုင်းငံ့ခဲ့ပါသည်။<br>¦ CARE အနေဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ကျန်ရှိနေသေးသည့် ရုံးခွဲများ ဖြင့် ရသေ့တောင်တွင် စီမံကိန်း လုပ်ငန်းများ ပြန်လည် ဆောင်ရွက်ခွင့်ရသည်နှင့် တပြိုင်နက် ပြန်လည်ဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်နှင့် ပတ်သက်ဆက်နွယ်သူများနှင့် ဆက်ဆံရေးအား ဆက်လက် ထိန်းထားလျက် ရှိပါသည်။ သို့သော်လည်း စီမံချက် ကာလ ပြီးဆုံးသည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ လုပ်ငန်းများ (သို့) လှုပ်ရှားမှုများ ပြန်လည်ဆောင်ရွက်ရန် မဖြစ်နိုင်ခဲ့ပါ။ |
| ၂ | Danish Refugee Council (DRC) နှင့် Norwegian Refugee Council (NRC)<br><br>ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်းများနှင့် စခန်း ပြင်ပမှ လူငယ်များအတွက် အသက်မွေးမှုပညာ သင်တန်းများ နှင့် အသက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများ ပံ့ပိုးခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၂,၆၄၈,၂၂၃<br><br>၀၁/၀၆/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈<br>အဆင့် ၁ သည် ၂၀၁၈ ဒီဇင်ဘာ ၃၁ တွင် ပြီးဆုံးပါသည်။<br><br>(ဆောင်ရွက်ဆဲ အဆင့် ၂ - ၀၁/၀၁/၂၀၁၉ - ၃၁/ ၁၂/၂၀၂၀) | ¦ ၂၀၁၆ ခုနှစ်မှ စတင်၍ စစ်တွေရှိ IDP စခန်း ၄ ခုတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ပို့ချပေးခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် တိုးတက်မှုများ ရှိခဲ့ပါသည်။<br>¦ ဆေးသမားကြီး နှင့် မိုးသီးညာ စခန်းများတွင် လူငယ်ပညာပေးဌာန နှစ်ခု ဆောက်လုပ်ပေးခဲ့ပါသည်။<br>¦ တရားဝင် နှင့် တရားမဝင် စခန်းများမှ ဈေးကွက်အခြေအနေ ဆန်းစစ်ချက်အရ ပန်းရံ၊ ရေရှည်အထားခံ အစားအစာများ ထုတ်လုပ်ခြင်း၊ စက်ကိရိယာအငယ်စား ထိန်းသိမ်းရေး၊ လက်သမား၊ ပန်းထိုးလုပ်ငန်းများ အတွက် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများလိုအပ်ကြောင်းကို ဖော်ထုတ်နိုင်ခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ်တွင် စီမံချက်မှ ကောင်းမွန်သည့် တိုးတက်မှုများ ရှိခဲ့ပြီး စီမံချက်မှ ပြုလုပ်ပေးနေသည့် သင်တန်း သုံးမျိုးစလုံးတွင် ရည်မှန်းချက်များ ပြည့်မီခဲ့ပါသည်။<br>¦ စီမံချက်မှ လူငယ် ၃,၆၀၀ ဦးအား ရည်ရွယ်ခဲ့သော်လည်း ရွေ့လျားအသက်မွေးမှု အတတ်သင်တန်းမှ လူငယ် ၃,၈၀၀ ဦး (အမျိုးသမီး- ၅၈%) အား ရက်တိုသင်တန်းများပေးခဲ့ပြီး (မွတ်စ်လင်မ် ၂,၈၁၈ ဦး၊ ရခိုင် ၆၃၉ ဦး၊ ကမန် ၃၃၁ ဦး နှင့် ဟိန္ဒူ ၁၂ ဦး) တက်ရောက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် တွင် လူငယ် ၂,၁၅၃ ဦး (အမျိုးသမီး - ၅၅ %) အား လေ့ကျင့်ပေးခဲ့ပါသည်။<br>¦ IDP စခန်းမှ လူငယ်များသည့် စိတ်ဒဏ်ရာရစေခဲ့သည့် အဖြစ်အပျက်များကြုံတွေ့ခဲ့နိုင်သော်လည်း လူငယ်များအနေဖြင့် သင်တန်းမှ အထောက်အကူပေးခဲ့ပြီးနှင့် အသက်မွေးဝမ်းကျောင်းမှု သင်တန်းများအား လူငယ်များအနေဖြင့် ပြီးဆုံးအောင်တက်နိုင်ရန် မည်သို့ဆောင်ရွက်ရမည်ကိုပါ လမ်းညွှန်ပေးခဲ့ပါသည်။<br>¦ လူငယ် ၁,၈၁၃ ဦး (မွတ်စ်လင်မ် ၁,၂၆၉ ဦး၊ ရခိုင် ၄၀၈ ဦး၊ ကမန် ၁၃၆ ဦး) (အမျိုးသမီး ၅၀%) တို့အား ရွေ့လျားအသက်မွေးမှု အတတ်ပညာများ လေ့ကျင့်သင်တန်းများပေးခဲ့ခြင်းဖြင့် ဦးတည်ထားသည့် လူငယ် ၁,၈၀၀ ဦးအထိ ရောက်ရှိအောင်မြင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် လူငယ် ၁,၄၀၄ ဦး လေ့ကျင့်ပေးခဲ့ပါသည်။ သင်တန်းသားဟောင်းများ ထဲမှ ၈၂% က ၎င်းတို့ ၏ အသက်မွေးမှုအတွက် အထောက်အပံ့ ဖြစ်စေရန် သင်တန်းတွင် သင်ယူထားသည့် ကျွမ်းကျင်မှုများအား အသုံးပြုနေပါသည်ဟု အတည်ပြုခဲ့ပါသည်။ ၂၀၁၉ ခုနှစ် မတ်လတွင် ဆောင်ရွက်ခဲ့သည့် စစ်တမ်းအရ အကျိုး ခံစားခွင့်ရှိသူ မွတ်စ်လင်မ် ၂၉% မှာ ကိုယ်ပိုင်လုပ်ငန်းမှ ဝင်ငွေရရှိ နေပြီး ၁၁% မှာ အလုပ်အကိုင် ရှိပါသည်။ ရခိုင် လူငယ် ၁၄% မှာ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ပြီး ၈% မှာ အလုပ်အကိုင် ရှိပါသည်။<br>¦ အမျိုးသမီး ၅၂% ပါဝင်သည့် လူငယ် ၁,၂၉၀ ဦး(မွတ်စ်လင်မ် ၉၇၉ ဦး နှင့် ရခိုင် ၃၁၁ ဦး ) အား YEP သင်တန်းဌာနများတွင် ၃ လကြာ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု သင်တန်းပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် အတွင်းတွင် အမျိုးသမီး ၅၃% ပါဝင်သည့် လူငယ် ၇၉၄ ဦးအား သင်တန်းပေးခဲ့ပါသည်။ YEP သင်တန်းဌာနများတွင် သင်တန်းသားများအား အငယ်စား စီးပွားရေးလုပ်ငန်း၊ ပိုမိုကောင်းမွန်သည့် သင်ယူမှု အစီအစဉ် နှင့် ဘ၀တွက်တာကျွမ်းကျင်မှုများနှင့်ဆိုင်သည့် သင်ခန်းစာများအား သင်ကြားပေးခဲ့ပါ သည်။ လူငယ်ရာခိုင်နှုန်း အတော်များများသည် အသက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်အပြီးတွင် အသက်မွေးမှုလုပ်ငန်းများ ဆောင်ရွက်ရန် အသစ်လေ့လာသင်ယူခဲ့သည့် ကျွမ်းကျင်မှုများနှင့် လုပ်ငန်းစတင်သည့် ကိရိယာများ အသုံးပြုခဲ့ကြကြောင်း အစီရင်ခံစာများတွင် တွေ့ရှိရပါသည်။<br>¦ သင်တန်းဆရာ ၄၃ ဦး (အမျိုးသမီး - ၄၀%) တို့ စွမ်းဆောင်ရည် တည်ဆောက်ခြင်းဆိုင်ရာ သင်တန်း တက်ခဲ့ပါသည်။<br>¦ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဖြစ်ပွားခဲ့ သည့် အကြမ်းဖက်မှုများက ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဆောင်ရွက်နေသည့် ကြိုးပမ်းမှုများ အားလုံးကို ရပ်တန့်သွားစေခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရမှ ထိုဒေသသို့ သွားလာဝင်ရောက်ခွင့်များ အားလုံးကို တားမြစ်ခဲ့ပါသည်။<br>¦ မောင်တော မြို့လယ်ခေါင်မှ ကန့်သတ်ဇုန် အတွင်းသို့ ဝင်ရောက်ခွင့် ပြန်လည်ရရှိချိန်မှ အစပြု၍ စီမံချက်အနေဖြင့် ၂၀၁၉ခုနှစ် အစောပိုင်းတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ စတင်ပို့ချနိုင်မည်ဟူသော မျှော်မှန်းချက်ဖြင့် ၂၀၁၈ ခုနှစ် တတိယ ၃ လ ကာလတွင် မောင်တောမြို့ရှိ ကန့်သတ်ဇုန်အတွင်းတွင် လူငယ် ၂၁၂ ဦးအား ဘ၀တွက်တာ ကျွမ်းကျင်မှုသင်တန်းများ စတင်ပို့ချခဲ့ပါသည်။<br>¦ ရခိုင်ပြည်နယ် မြောက်ပိုင်း (မောင်တော မြို့နယ်)သို့ ဝင်ရောက်ခွင့် ကန့်သတ်ထားသဖြင့် အဖွဲ့၏လုပ်ငန်း အများစုကို ရခိုင်ပြည်နယ် အလယ်ပိုင်း (စစ်တွေမြို့နယ်) သို့ ပြောင်းရွှေ့လုပ်ဆောင်ခဲ့ပါသည်။ မောင်တောတွင် ရုံးများဆက်လက် ဖွင့်လှစ်ထားသော်လည်း ရုံးလုပ်ငန်းများ အပြည့်အဝ လည်ပတ်ဆောင်ရွက်ခြင်း မရှိတော့သဖြင့် စစ်တွေတွင် စီမံကိန်းလုပ်ငန်းများ တိုးချဲ့ရန် ရန်ပုံငွေများ ပြန်လည်ခွဲဝေနေရာချထားရန် မဟာဗျူဟာမြောက် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခဲ့ပါသည်။<br>¦ စီမံချက်အား ၂၀၁၈ ခုနှစ် ဇွန်လ မှ ဒီဇင်ဘာအထိ ဘတ်ဂျက်မပါသည့် သက်တမ်းတိုးခဲ့ပါသည်။ ၂၀၁၈ ဇူလိုင်လတွင် LIFT မှ ကာလလယ် သုံးသပ်မှုကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် စီမံချက်အနေဖြင့် အဆိုပြုလွှာ အသစ် ဖိတ်ခေါ်မှုအောက်တွင် ဘတ်ဂျက်ပါဝင်သည့် ၂ နှစ် သက်တမ်းတိုးခြင်းကို ရရှိခဲ့ပါသည်။ စီမံချက်သည် ဘတ်ဂျက်ပါဝင်သည့် သက်တမ်းတိုးကာလအတွက် ကာလငယ်သုံးသပ်ချက်တွင် ပါဝင်သည့် အကြံပြုချက်များအား စုစည်းထည့်သွင်းထားသည့် အဆိုပြုလွှာကို ရေးဆွဲ ပြင်ဆင်ခဲ့ပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| | | ¦ စီမံချက်သည် နီးစပ်ရာ ကျေးရွာများ၊ စစ်တွေမြို့နယ်ရှိ နေရပ်စွန့်ခွာ တိမ်းရှောင်သူ စခန်း (၅) ခု နှင့်မောင်တော မြို့နယ်ရှိ ဒေသ(၅) ခုမှ တက်ရောက်မည့်သူများအား စွဲဆောင်နိုင်ရန်အတွက် ကျေးရွာ(၂၀)တွင် ပြန်လည် နေရာချခဲ့ပါသည်။<br>¦ မွတ်စ်လင်မ် ကျေးရွာများတွင် ယာယီသင်တန်းကျောင်း ၇ ကျောင်း ဖွင့်လှစ်ပြီး စစ်တွေ မြို့နယ်အတွင်းမှ ရောက်ရှိရန် ခက်ခဲသည့်ဒေသများနှင့် မြို့ပြနှင့် အနီးတဝိုက်ဒေသများတွင်ရှိသည့် ကျေးရွာများအတွက် အလုပ်သင် အခွင့်အလမ်းများ အားကောင်းစေရန် ဆောင်ရွက်ပေးခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ် ဒုတိယနှစ်ဝက်တွင် စီမံချက်မှ YEP ဌာနများ ပြင်ဆင်မှု အစိတ်အပိုင်းအဖြစ် ကျား၊မ ရေးရာ အလေးထား တုံ့ပြန်သည့် အစီအမံများအား အကောင်အထည်ဖော်ခဲ့ပါသည်။<br>¦ စီမံချက်မှ IDP စခန်း ၂ ခုနှင့် ကျေးရွာအုပ်စုများတွင် ဈေးကွက်သုတေသနများ ဆောင်ရွက်ခဲ့ပါသည်။<br>¦ စီမံချက်မှ GIZ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမား အဖွဲ့အစည်း နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန တို့နှင့် မိတ်ဖက်ပြုကာ ရခိုင်ပြည်နယ်တွင် ပထမဆုံးအလုပ်အကိုင် အခွင့်အလမ်းနှင့် ကျွမ်းကျင်မှုသင်တန်းများ ပြပွဲအား ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ပါသည်။ ပြပွဲတွင် ပံ့ပိုးပေးသည့်ဘက်မှဖြစ်သော အစိုးရနှင့် ပုဂ္ဂလိကသင်တန်းကျောင်းများမှ သင်တန်းများနှင့်ထုတ်ကုန်များအား တင်ဆက်မှုများဖြင့် ပါဝင်ပြခဲ့သဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ပတ်သက်ဆက်နွယ်သူ အမျိုးမျိုးတို့မှ လူငယ်များအတွက် အခြေခံသင်တန်းများ၊ လုပ်ငန်းခွင် စတင်ဝင်ရောက်သည့်အဆင့် အလုပ်အကိုင်များနှင့် လူကုန်ကူးမှုနှင့်ဆိုင်သည့် သတင်းအချက် အလက်များ ပေးခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် စီမံချက်မှ GIZ နှင့် မိတ်ဖက်ပြုပြီး သင်တန်းများ၏ သင်ရိုးညွှန်းတန်း အချို့အား ပြင်ဆင်ခြင်း နှင့် အမျိုးသားအဆင့် လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ် ပြဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) မှ ပြုလုပ်သည့် သင်တန်းဆရာမများ စွမ်းဆောင်ရည် နှင့် မြင့်မားရေး သင်တန်းများတွင် တက်ကြွစွာ ပါဝင်ခဲ့ပါသည်။<br>¦ စီမံချက်သည် ဦးတည်ချက်များ ရရှိခဲ့ပြီး သတ်မှတ်ဘတ်ဂျက် စုစုပေါင်း ၏ ၉၇% အား အသုံးပြုခဲ့ပါသည်။ |
| ၃ | PACT<br><br>ရခိုင်ပြည်နယ်တွင် အားလုံးပါဝင် လက်လှမ်းမီသော ငွေကြေး ဝန်ဆောင် မှု စီမံချက် (RAFIN)<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၈,၃၀၀,၀၀၀<br><br>၁၄/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈<br><br>*ဆောင်ရွက်ဆဲ* | ¦ စီမံချက်မှ ဆင်းရဲနွမ်းပါးသူများအတွက် ဦးတည်ဆောင်ရွက်ပေးသည့် စိုက်ပျိုးရေး ချေးငွေများ၊ အသေးစား စီးပွားရေး ချေးငွေများ၊ စုငွေများ စသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဝန်ဆောင်မှုများအား ဆက်လက် တိုးချဲ့ခဲ့ပါသည်။<br>¦ ကျေးရွာပေါင်း ၁,၉၁၇ ရွာမှ အိမ်ထောင်စုပေါင်း ၅၉,၀၇၄ စု ( ဝန်ဆောင်မှု အသုံးပြုသူများ၏ ၉၈ % မှာ အမျိုးသမီးများ) ထံသို့ ရောက်ရှိခဲ့ပါသည်။<br>¦ ၂၀၁၇ ခုနှစ်တွင် ချေးငွေ အမေရိကန်ဒေါ်လာ ၁၀.၄ သန်း ထုတ်ချေးခဲ့ပါသည်။ အကျိုးခံစားခွင့်ရှိသူ ၉၂ ရာခိုင်နှုန်းမှ ထိုချေးငွေများအား ၎င်းတို့၏ အသေးစားစီးပွားရေး လုပ်ငန်းများ စတင်ရန် (သို့) အဆင့်မြှင့် တင်ရန် အသုံးပြုကြကြောင်း အစီရင်ခံခဲ့ပါသည်။ |
| ၄ | Save the Children, IRC, Oxfam/Scholar Institute, BLO, CARE for M&E<br><br>တက်လမ်း ရေရှည်ရိက္ခာဖူလုံမှု နှင့် အသက်မွေး ဝမ်းကျောင်းမှု စီမံကိန်း - ၂<br><br>စီမံကိန်း အဆင့် ၂ ကာလအတွက် ဘတ်ဂျက်- ကန်ဒေါ်လာ ၂၃,၇၁၆,၄၄၀<br><br>၀၁/၀၁/၂၀၁၆ မှ ၃၁/၁၂/၂၀၁၈<br><br>*ဆောင်ရွက်ဆဲ*<br><br><br>IRC: တက်လမ်း အဆင့် -၂ -၂၀၂၀ ဒီဇင်ဘာ ၃၁ ထိ သက်တမ်းတိုးထား၊<br><br>Save the Children: တက်လမ်း ၂ လက်ရှိ စာချုပ်မှာ၂၀၁၈ ဒီဇင်ဘာ ၃၁ တွင် သက်တမ်း ကုန်မည် ဖြစ်ပြီး စီမံချက် အသစ် တက်လမ်းPlus မှာ ၂၀၁၉ ဇန်နဝါရီ ၁ ရက် မှ ၂၀၂၁ ဇွန် ၃၀ ရက်အထိ ဖြစ်ပါသည်။<br><br>CARE M&E: စာချုပ် မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်း ကုန်ဆုံးပြီး ဖြစ်ပါသည်။ | ¦ LIFT's ရန်ပုံငွေ ဘုတ်အဖွဲ့မှ တက်လမ်း -၂ အစီအစဉ်အား ၂၀၁၆ ခုနှစ် ဇန်နဝါရီမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာအထိ သက်တမ်းတိုးပေးခဲ့ပြီး ထပ်ဆောင်းရန်ပုံငွေ ကန်ဒေါ်လာ ၂၄ သန်းနီးပါးဖြင့် အတည်ပြုပေးခဲ့ပါသည်။<br>¦ တက်လမ်း-၂ မှ အကောင်အထည်ဖော်ရေး မိတ်ဖက်များမှာ တက်လမ်း -၁ မှ မိတ်ဖက်များဖြစ်သည့် - IRC၊ Save the Children၊ Oxfam နှင့် the Better Life Organisationတို့ဖြစ်ပြီး CARE International မှ M&E ဆောင်ရွက်ပါသည်။<br>¦ တက်လမ်း- ၂ တွင် ရွာအသစ်များ နှင့် ကဏ္ဍအသစ်များ ထပ်တိုး ဆောင်ရွက်ခဲ့သည်။ ပေါက်တော၊ မင်းပြားနှင့် မြေပုံတို့တွင် မိခင်နှင့် ကလေး ငွေထောက်ပံ့ခြင်း အစီအစဉ် နှင့် WASH လုပ်ငန်းများအား တိုးချဲ့ခဲ့ပါသည်။<br>¦ ထိခိုက်လွယ် ကျေးရွာ၂၅၉ ရွာ၏ ကြံ့ကြံ့ခံနိုင်စွမ်းတည်ဆောက်ရန်အတွက် လယ်ဧက ၃၇,၆၉၀ ကို ကာကွယ်ရန် တာရိုး ၂၈၀ ကီလိုမီတာနှင့် ရေထိမ်းတံခါး ၁၆၉ခုတို့တည်ဆောက်ပေးခဲ့ပြီး စိုက်ပျိုးရေးနည်း လမ်းသစ်များကိုလည်း သင်တန်းလည်းပေးခဲ့ပါသည်။<br>¦ တက်လမ်း အစီအစဉ်မှ သင်ကြားပေးခဲ့သည့် စိုက်ပျိုးနည်းသစ်များသင်ယူခဲ့သည့် တောင်သူ ၇၉ ရာခိုင်နှုန်းခန့်က တစ်ခုထက်ပိုသည့် စိုက်ပျိုးနည်းသစ်များ အသုံးပြုလျက်ရှိကြောင်း ပြောကြပါသည်။<br>¦ စစ်တမ်းရလဒ်များမှလည်း တက်လမ်းမှ အထောက်အပံ့ပေးခဲ့သည့် စိုက်ပျိုးရေး အလေ့အကျင့်များအား အသုံးပြုသူများထဲမှ ၉၁% ၏ ထုတ်လုပ်မှုနှုန်း တိုးတက်လာခဲ့ကြောင်း အတည်ပြုခဲ့ပါသည်။<br>¦ တက်လမ်း စိုက်ပျိုးရေးလှုပ်ရှားမှုများမှ အထောက်အပံ့ပေးခဲ့သည့် အိမ်ထောင်စုများအား စစ်တမ်း ကောက်ယူခဲ့ရာ ၇၇% မှာ စိုက်ပျိုးနည်းသစ်များ အသုံးပြုခြင်းကြောင့် ဝင်ငွေတိုးလာသည်ဟု အစီရင်ခံခဲ့ပါသည်။<br>¦ ကန် ဒေါ်လာ ၅.၂ သန်းကို တာရိုးများ ဆောက်လုပ်ရန် ရင်းနှီးမြှုပ်နှံခဲ့ပါသည်။ ပျမ်းမျှအားဖြင့် ရခိုင်ပြည်နယ်ရှိ တောင်သူတစ်ဦးသည် လယ်မြေ ၃ဧက မှ၅ ဧက ပိုင်ဆိုင်သဖြင့် တာရိုးများဖြင့် ကာကွယ်ထားသည့် နေရာမှာ တစ်ဧက ဝင်ငွေကန်ဒေါ်လာ ၁၀၀ မှ ၃၀၀ အထိ ရရှိလျက်ရှိသည့် အိမ်ထောင်စု ၇,၅၃၄ မှ - ၁၂,၅၅၇ စု ခန့်အထိအား အကျိုးပြုလျက်ရှိပါသည်။ လယ်မြေ ၃၇,၆၇၀ အတွက် ရခိုင်ကျေးရွာသူ ကျေးရွာသားများ၏ ခန့်မှန်းပျမ်းမျှ ဝင်ငွေ ကန်ဒေါ်လာ ၇.၅ သန်းမျှ တိုးတက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ တာရိုးများမှ ၁၀ နှစ်အထိ တာရှည်ခံသဖြင့် အလွန်အားကောင်းသည့် တန်ဖိုးနှင့် ငွေကြေးမျှတမှုဖြစ်ကြောင်း တွေ့ရှိရပါသည်။<br>¦ LIFT စီမံချက်များမှ အလုပ်နှင့်ငွေဖလှယ်သော (Cash for Work- CfW) အစီအစဉ်များဖြင့် တာရိုးများ ဆောက်ပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်ကုန်တွင် CfW တွင် ပါဝင်ဆောင်ရွက်သူ ၃,၈၄၁ ဦး အလုပ်ရရှိခဲ့ပါသည်။ ထိုအထဲမှ ၅၅% ကျော်မှာ အမျိုးသမီးများ ဖြစ်ကြပြီး ၎င်းတို့သည် အမျိုးသားများ နည်းတူ လုပ်ခရကြပါသည်။ |

| IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|
| | ¦ LIFT သည် ၂၀၁၃ခုနှစ်ကတည်းက ရခိုင်ပြည်နယ်ရှိ ကျေးရွာငွေစုငွေချေးအသင်း (Village Savings and Loans Association -VSLA) များအား ပံ့ပိုးပေးခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ်နှစ်ကုန်တွင် တက်လမ်း စီမံချက်မှ ကျေးရွာပေါင်း ၂၀၃ တွင် VSLA ၃၇၈ ဖွဲ့အား ဖွဲ့စည်းရန်အတွက် ထောက်ပံ့ပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် စိတ်လှုပ်ရှားအောင် အားပေးလှုံ့ဆော်သည့် အဖွဲ့များအားကောင်းစေရန် အလေးထား၍ VSLA ၁၂ဖွဲ့ ဖွဲ့စည်းပေးခဲ့ပြီး ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ စုစုပေါင်း ငွေစုသူ ၉,၄၃ဦးနှင့် ငွေချေးသူ ၉,၁၄၃ ဦးရှိပြီး ငွေထုတ်ချေးမှု ၄၂,၀၁၃ (သို့) ချေးငွေ၏ ၈၇%အား အချိန်မီ အောင်မြင်စွာ ပြန်ဆပ်နိုင်ခဲ့ကြပါသည် ။<br>¦ ၂၀၁၈ ခုနှစ်တွင် စစ်တမ်းကောက်ယူသည့်အချိန်၌ အိမ်ထောင်စုများ၏ ၇၈% မှာ ချေးငွေရယူထားပြီး အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှချေးငွေ ကျပ် ၄၂၀,၉၂၆ ရှိကြောင်း တွေ့ရှိရပါသည်။<br>¦ ၂၀၁၈ ခုနှစ်ကုန်တွင် တက်လမ်းမှ ငွေကြေးဆိုင်ရာပညာပေးခြင်း လုပ်ငန်းများအတွက် အထောက်အပံ့ပေးခဲ့ပြီး VSLA အဖွဲ့ဝင်ရော အဖွဲ့ဝင် မဟုတ်သူရောပါဝင်သည့် အကျိုးခံစာခွင့်ရှိသူ စုစုပေါင်း ၁၃,၈၂၅ဦး (ကလေးသူငယ်၊လူငယ် နှင့် အရွယ်ရောက်ပြီးသူများ) ရှိခဲ့ပါသည်။ပျမ်းမျှအမျိုးသမီး ၈၀% သည် ရပ်ရွာလူထုအဆင့် ဆုံးဖြတ်ချက်ချခြင်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၁၃ ကနဦးစစ်တမ်း နှင့် နှိုင်းယှဉ်လျှင် ၂၈%ဖြင့် သိသာထင်ရှားစွာ မြင့်မားလာခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ်ကုန်တွင် ရခိုင်ပြည်နယ်ရှိ ကိုယ်ဝန်ဆောင်နှင့် နို့တိုက် မိခင် ၁၂,၄၄၅ ဦး တို့သည် မိခင်နှင့် ကလေးအတွက် ငွေကြေးထောက်ပံ့မှု ငွေကျပ် ၁၅,၀၀၀ စီ လစဉ် ရရှိခဲ့ကြပါသည်။<br>¦ ၂၀၁၈ ခုနှစ် အကုန်တွင် ကိုယ်ဝန်ဆောင်ကာလ နှင့် မီးဖွားပြီးနောက် အစားအသောက်နှင့်အဟာရဆိုင်ရာ အသိပညာပေးရေး လှုပ်ရှားမှုများသည့် အမျိုးသမီးနှင့် နှစ်နှစ်အောက် ကလေးမိခင် ၃၁,၃၅၉ဦးတို့ထံ ရောက်ရှိခဲ့သည်။ တက်လမ်း မှ အမူအကျင့်ပြောင်းလဲရေး (BCC) ဟောပြောပွဲများ ၉,၄၂၆ကြိမ် ပြုလုပ်ခဲ့သည်။ ထိုအထဲမှ ၃ ပုံ ၁ပုံ နီးပါး (၃,၄၇၉) ကြိမ်မှာ ၂၀၁၈ ခုနှစ် တစ်နှစ်ထဲတွင် ပို့ချပေးခဲ့ခြင်းဖြစ်သည်။<br>¦ တက်လမ်း၏ အဟာရဆိုင်ရာ လုပ်ဆောင်ချက်များအား စစ်တမ်းကောက်ယူရာတွင် အသက်ခြောက်လနောက်ပိုင်းမှ ဖြည့်စွက်အစားအစာ တိုက်ကျွေးရန် အကောင်းဆုံးကာလ ဖြစ်ကြောင်းအား ၂၀၁၃ခုနှစ်တွင် ကောက်ယူခဲ့သည့် ကနဦး စစ်တမ်းတွင် မှန်ကန်စွာဖြေဆိုနိုင်သည့် အိမ်ထောင်စု ၂၈ % နှင့် နှိုင်းယှဉ်လျှင် မှန်ကန်စွာဖြေဆိုနိုင်သည့် အိမ်ထောင်စုများ၏ ၇၆% အထိ တိုးတက်လာခဲ့ကြောင်း သက်သေပြနိုင်ခဲ့ပါသည်။<br>¦ ၂၀၁၇ ခုနှစ်အစောပိုင်းတွင် လူမှုဝန်ထမ်းဦးစီးဌာန (DSW) မှ ရခိုင်ပြည်နယ်တွင် MCCT အစီအစဉ်ကို စတင်ခဲ့ပါသည်။ Save the Children နှင့် IRC တို့သည် ဗဟို၊ ပြည်နယ်နှင့် မြို့နယ်အဆင့်များတွင် ညှိနှိုင်းဆောင်ရွက်ရန်နှင့် အထောက်အပံ့ပေးရန် လူမှုဝန်ထမ်းဦးစီးဌာနနှင့် အနီးကပ်လက်တွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ Save the Children သည် DSW အတွက် နည်းပညာအကူအညီပေးသည့် နည်းပညာ ရည်ညွှန်း အဖွဲ့ဝင်ဖြစ်ပြီး နည်းပညာအကူအညီရော ငွေကြေးအကူအညီပါ ပံ့ပိုးပေး ခဲ့ပါ သည်။ ရခိုင်ပြည်နယ်တွင် အစိုးရမှဦးဆောင်သည့် MCCT အစီအစဉ် စတင်ရန်အတွက် ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးများ ပြုလုပ်ခဲ့ပြီး IRC နှင့် Save the Children မှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် MCCT နှင့် သက်ဆိုင်သည့်အချက်အလက်များအား လူမှုဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်းပေးခဲ့ပါသည်။၂၀၁၉ခုနှစ် ဧပြီလတွင် Save the Children မှ တက်လမ်း စီမံချက်အတွက် အပြီးသတ် စစ်တမ်းကောက်ယူခဲ့ပါသည်။<br>¦ တက်လမ်း အစီအစဉ်မှ ရေကန်ပေါင်း ၂၅၁ ကန် ပြန်လည်ဆယ်ယူခြင်း/ ကာကွယ်စောင့်ရှောက်ခြင်း/ တူးဖော်ခြင်း၊ ရပ်ရွာလူထုအတွက် ဇီဝ သဲရေစစ် ၂၅၀ ခု ပံ့ပိုးပေးခဲ့ပြီး ရေသန့်စင်စနစ်နှင့် ဘေးကင်းလုံခြုံသည့် သောက်သုံးရေဆိုင်ရာ အသိပညာပေးရေးသင်တန်းများတွင် ၈၅,၅၈၃ ဦးကျော် တက်ရောက်ခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ် စစ်တမ်း တွင် စစ်တမ်းမေးခွန်းဖြေဆိုသူ ၅၉%မှာ ကာကွယ်စောင့်ရှောက်ထားသည့် ရေကန်၊ ရေထွက် နှင့်/သို့ ရေတွင်းမှ ရယူကြောင်း ဖြေခဲ့ပြီး၊ ရေကျိုချက်ခြင်း၊ ကလိုရင်းထည့်ခြင်း သို့မဟုတ် ရေစစ် အသုံးပြုခြင်းတို့ဖြင့် သောက်သုံးရေကို ပြုပြင် သောက်သုံးလေ့ရှိကြောင်း ဖြေခဲ့ကာ ၂၀၁၃ ခုနှစ် ကနဦး စစ်တမ်း ရလဒ် ၃၇%ထက် မြင့်မားပါသည်။<br>¦ တက်လမ်းမှ ရပ်ရွာလူထုအတွက် အိမ်သာ ၉,၈၂၅လုံး ဆောက်လုပ်ရန် ပစ္စည်းများပံ့ပိုးပေးခဲ့ပါသည်။ ထိုအိမ်သာများအနက်မှ ၃,၂၇၀ လုံးမှာ ၂၀၁၈ ခုနှစ်တွင်မှ ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။<br>¦ တက်လမ်းမှ ပိုမိုကောင်းမွန်သည့် တစ်ကိုယ်ရည်သန့်ရှင်းမှု မြှင့်တင်ရန် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာ အသိပညာပေးရေးသင်တန်း ၅,၃၁၈ ကြိမ် ပို့ချခဲ့ပါသည်။ ယေဘူယျအားဖြင့် စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စု ၄၆%မှ ဆပ်ပြာဖြင့်လက်ဆေးခြင်း၊သန့်ရှင်းသည့် အိမ်သာအသုံးပြုခြင်းတို့အားပြုလုပ်ကြောင်းသည် မြို့နယ်အပေါ်မူတည်၍ ကွဲလွဲမှု မရှိကြောင်း အစီရင်ခံခဲ့ပြီး ၂၀၁၃ တွင် ကောက်ယူခဲ့သည့် စစ်တမ်းအရ တစ်ကိုယ်ရည် သန့်ရှင်းမှုဆိုင်ရာ အလေ့အထများ ကွဲလွဲမှု မရှိသည့် မြို့နယ်များတွင်၈% သာရှိခဲ့သောကြောင့် ၂၀၁၈ ခုနှစ်ကုန်တွင် စီမံချက်မှ ဦးတည်ရည်မှန်းထားသည့် ၄၀%ထက် ပိုမိုကျော်လွန်ခဲ့ပါသည်။ ကနဦးစစ်တမ်းကောက်ယူစဉ်က စစ်တမ်းကောက်ယူခဲ့သည့် အိမ်ထောင်စုများ၏ ၈၆%သည် တောထိုင်ခလေ့ဖြင့် မစင်စွန့်ခြင်းအား အမိကကျင့်သုံးခဲ့ကြသည်နှင့် နှိုင်းယှဉ်လျှင် ၃၈% လျော့ကျခဲ့ပြီ ဖြစ်သည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၅ | အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)<br><br>ကျွမ်းကျင်မှု ဖွံ့ဖြိုးရေး စီမံချက် - ရခိုင်ပြည်နယ်<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ - ၂,၉၉၂,၂၆၆<br><br>၀၄/၀၇/၂၀၁၇ မှ ၃၀/၀၆/၂၀၂၀<br><br>*ဆောင်ရွက်ဆဲ* | ¦ စီမံချက်မှ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ၂၀၁၇ တွင် စတင်နိုင်ခဲ့ပြီး ပထမခြောက်လတွင် ပြည်နယ်အဆင့်နှင့် ပြည်ထောင်စုအဆင့် အစိုးရ အရာရှိများ၊ စီမံချက် မိတ်ဖက်အဖွဲ့များနှင့် မိတ်ဆက်ခြင်း နှင့် ဆွေးနွေးတိုင်ပင် သဘောထားရယူခြင်းတို့အပါအဝင် လိုအပ်သည့်မြေပြင်အခြေအနေ ပြင်ဆင်ရေး လုပ်ငန်းများအား အလေးထားဆောင်ရွက်ခဲ့ပါသည်။<br>¦ စီမံချက် မန်နေဂျာခေါ်ယူခန့်ထားခြင်းအား အပြီးသတ်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက် ညှိနှိုင်းရေးမှူးနှင့် အုပ်ချုပ်ရေး/ ဘဏ္ဍာရေးရာထူးအတွက် နိုင်ငံသားတစ်ဦး ခေါ်ယူခန့်ထားရန် အစပျိုးခဲ့ပါသည်။<br>¦ ကနဦးအောင်မြင်မှုများသည် အစိုးရ၊ ပုဂ္ဂလိက နှင့် TVET အဖွဲ့များမှ အရေးပါသည့် ပတ်သက်ဆက်နွယ်သူများ နှင့် ရေရှည်တည်တံ့ပြီး ရခိုင်ပြည်နယ်တွင် အပြုသဘောဆောင်သည့် ဆောင်ရွက်မှုများမှတဆင့် စီမံချက် ရပ်တည်မှု ခိုင်မာစေရန် ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။<br>¦ တတိယ သုံးလတာအစတွင် အစိုးရမှ ကနဦး ခွင့်ပြုမိန့် ရရှိခဲ့ပါသည်။<br>¦ TVET ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့အား TVET အကောင်အထည်ဖော်ရေး ဆောင်ရွက်နေသည့် အေဂျင်စီ ၁၀ဖွဲ့ (ကုလသမဂ္ဂ၊ နစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် အိုင်အန်န်ဂျီအို)ဖြင့် ဖွဲ့စည်းခဲ့ပြီး ၂၀၁၈ ခုနှစ်အတွင်း ညှိနှိုင်း ရေးအစည်းအဝေး ၃ ခု ကျင်းပခဲ့ပါသည်။<br>¦ ရခိုင်ပြည်နယ်တွင် စီမံချက်မှ လုပ်အားဈေးကွက် ဆန်းစစ်ချက်နှင့် အစိုးရ စက်မှုလက်မှုသိပ္ပံများ(GTI) နှင့် အစိုးရ စက်မှုလက်မှုကျောင်း(GTHS) များအား ဆန်းစစ်အကဲဖြတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။<br>¦ DTVET နှင့် ILO တို့ပူးပေါင်း၍ ပဋိပက္ခ စိန်ခေါ်မှုများရှိသည့် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များရှိ တိုင်းရင်းသား လူမျိုးပေါင်းစုံပါဝင်သည့် ရပ်ရွာလူထုများအတွက် ရက်တို အသက်မွေးဝမ်းကျောင်း သင်တန်းများ အောင်မြင်စွာ ပို့ချနိုင်ခဲ့ပါသည်။<br>¦ စီမံချက်အနေဖြင့် ပဏာမအနေဖြင့် မွတ်စ်လင်မ်၊ ဟိန္ဒူ နှင့် ရခိုင် လူမျိုးများထဲမှ ၁၁၈ဦး (အမျိုးသား ၁၀၆ဦး နှင့် အမျိုးသမီး ၁၂ ဦး) အား အကျိုးရရှိ စေခဲ့ပါသည်။ ထိုသူများသည် အခြေခံသင်တန်းများဖြစ်သည့် မော်တော်ဆိုင်ကယ် စက်ပြင်သင်တန်း၊ နေအိမ် လျှပ်စစ်သွယ်တန်းမှု ကျွမ်းကျင်သင်တန်း၊ ပန်းရံသင်တန်းနှင့် ဂဟေဆက်နည်း သင်တန်းတို့ကို တက်ရောက်ခဲ့ကြပါသည်။ သင်တန်းများမှ တိုင်းရင်းသားလူမျိုး ပေါင်းစုံ တစ်နေရာထဲတွင် လာရောက်ဆုံစည်းနိုင်သည့် အခွင့်အလမ်း နှင့်အတူတကွ ကောင်းမွန်စွာ လုပ်ဆောင်ခြင်း၏ အကျိုးကျေးဇူးများ ရှာဖွေတွေ့ရှိစေရန် အခွင့်အလမ်းများအပြင် အပိုဝင်ငွေရရှိစေရန် ပံ့ပိုးပေးခဲ့ပါသည်။<br>¦ သင်တန်းဆင်းပြီးကာလအထောက်အပံ့အဖြစ် စီမံချက်မှ မောင်တောနှင့် ဘူးသီးတောင်တွင်ရောနှောနေသည့် လူမျိုးစုများထဲမှ မော်တော်ဆိုင်ကယ်စက်ပြင်နှင့် ဂဟေဆက်သင်တန်းများတွင် ပြီးမြောက်အောင်မြင်ခဲ့သူ များအတွက် လူမှုအဖွဲ့အစည်းမျိုးစုံပါဝင်သည့် ဝန်ဆောင်မှုမျှဝေပေးသည့် အဆောက်အဦ (ICSSF) နှင့် ကိရိယာများစုဆောင်းထားရှိသည့် နေရာတစ်ခု တည်ထောင်ရန် ရင်းမြစ်များ အထောက်အပံ့ပေးခြင်းကို စတင် ဆောင်ရွက်ခဲ့ပါသည်။<br>¦ ILO မှ မောင်တောရှိ ပန်းရံသင်တန်းဆင်း ၁၀ ဦး နှင့် ဂဟေဆက် သင်တန်းဆင်း ၅ ဦးအား အလုပ်သင်အဖြစ် ခန့်ထားပေးရန် ဒေသခံဆောက်လုပ်ရေး ကုမ္ပဏီ နှင့် ညှိနှိုင်းလျက်ရှိပါသည်။<br>¦ စီမံချက်မှ သံတွဲမြို့ရှိ ဟိုတယ်နှင့် အပန်းဖြေ စခန်းကြီးကြပ်ရေးမှူးများအတွက် ဆရာဖြစ်သင်တန်း (ToT) ပို့ချပေးနိုင်ရန် ငပလီ အပန်းဖြေစခန်း မန်နေဂျာများအသင်းနှင့် တိုင်ပင်၍ အစီအစဉ်ရေးဆွဲခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် စီမံချက်အတွက် ဘတ်ဂျက်ပါဝင်သည့် သက်တမ်းတိုးမှုကို အတည်ပြုခဲ့ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ပဋိပက္ခ ထိခိုက်ခံရပ်ရွာလူထုအတွင်း လူရည်လူသွေးအခြေခံ ကျွမ်းကျင်မှု(soft skills) များ ပေါင်းစပ်ထည့်သွင်းရန် နှင့် တိုးချဲ့ရန် ကန်ဒေါ်လာ ၁.၅ သန်း ထပ်မံ ခွင့်ပြုခဲ့ပါသည်။<br>¦ ခရီးသွားလာခွင့်လျှောက်ထားမှုတိုင်းအတွက် ဝန်ကြီးဌာနနှင့် ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာ ရှိရန် လိုအပ်သဖြင့် DTVET/ပညာရေးဝန်ကြီးဌာန နားလည်မှုစာချွန်လွှာ လက်မှတ်ထိုးပေးရန် နှောင့်နှေးမှုကြောင့် ကွင်းဆင်း စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ အကောင်အထည်ဖော်သည့် အဖွဲ့အတွက် အကန့်အသတ်များ ရှိနေခဲ့ပါသည်။ |
| ၆ | Mercy Corps (Swisscontact နှင့်မိတ်ဖက် ပြုခြင်းဖြင့်)<br><br>နွမ်းပါးသူများအတွက် ဟင်းသီးဟင်းရွက် ဈေးကွက်များ ဖော်ဆောင်ပေးခြင်း (MVMW)<br><br>၀၆/၂၀၁၆ မှ ၃၁/၀၃/၂၀၁၈<br><br>*၂၀၁၈ ခုနှစ်တွင် ကုန်ဆုံးပါသည်။* | ¦ LIFT မှ ရန်ပုံငွေ ထောက်ပံ့ထားသည့် နွမ်းပါးသူများအတွက် ဟင်းသီးဟင်းရွက် ဈေးကွက် ဖော်ဆောင်ပေးခြင်း (MVMW) စီမံချက်သည် ရခိုင်ပြည်နယ်အတွက် ၂၀၁၅ ခုနှစ်ကတည်းက အထောက်အပံ့ပေးထားခဲ့ပြီး ၂၀၁၈ခုနှစ် မတ်လတွင် သက်တမ်းကုန်ဆုံးခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စီမံချက် အပြီးသတ် စစ်တမ်း ဆောင်ရွက်ခဲ့ပါသည်။<br>¦ စီမံချက် အပြီးသတ် စစ်တမ်းရလဒ်များတွင် စီမံချက်မှရရှိသည့် အထောက်အပံ့ဖြင့် တောင်သူ ၂၀% ခန့် ဟင်းသီးဟင်းရွက် စတင် စိုက်ပျိုးနေကြောင်းတွေ့ရှိရပါသည်။ တောင်သူ ၈၀% မှာ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့် ပတ်သက်၍ အတွေ့အကြုံရှိပြီးသား ဖြစ်ပါ သည်။<br>¦ ၂၀၁၇ခုနှစ်ဩဂုတ်လတွင်ဖြစ်ပွားသည့်လူမျိုးရေးအကြမ်းဖက်မှုများသည်စီမံချက်ဧရိယာတွင်ဖြစ်ပွားခဲ့သော်လည်း စီမံချက်အား မြောက်ဦးနှင့် ကျောက်တော် မြို့နယ်များတွင် ဆက်လက် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အကြမ်းဖက်မှု များအပြီး ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် စီမံချက်မှ စိုက်ပျိုး-ကုန်သွယ်ပွဲတော် ကျင်းပခဲ့ပါသည်။ ပွဲတော်တွင် ပြည်နယ်အစိုးရ နှင့် ပုဂ္ဂလိက ကဏ္ဍမှ မိတ်ဖက်အဖွဲ့များအပါအဝင် တက်ရောက်သူဦးရေ ၁၀၀ ခန့်ရှိခဲ့ပါသည်။<br>¦ စီမံချက်ကာလတလျှောက် MVMW မှ Shell Offshore Ventures Myanmar နှင့်အတူ ငွေကြေးပံ့ပိုးပေးပြီး တောင်သူ ၅,၁၂၄ ထံ ရောက်ရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် စီမံချက် သက်တမ်းတိုး ကာလအတွင်း ဆောင်ရွက်ခဲ့သည့် "ဘောင်ချာအစီအစဉ်"မှ တောင်သူများ ၃၀% လျော့ဈေး အကျိုးကို ရရှိ ခံစားခဲ့ရပါသည်။<br>¦ Mercy Corps မှ စံပြစိုက်ခင်းအား သင်ကြားရေး မြေယာအဖြစ် ဆက်လက် အသုံးပြုနိုင်ရန် ပြည်နယ် လယ်ယာစိုက်ပျိုးရေးဌာနသို့ လွှဲပြောင်းပေးခဲ့ပါသည်။ ဗူးသီးတောင်နှင့် မောင်တောမြို့နယ်များ အပါအဝင် မြို့နယ်ပေါင်း ၁၇ မြို့နယ်ကို လယ်ယာစိုက်ပျိုးရေး ဦးစီးဌာန မှ စုစုပေါင်း အရာရှိ ၆၉ဦးတို့သည် EWS မှ တိုးချဲ့ပညာပေးရေး ဝန်ဆောင်မှုများ ရရှိခဲ့ပါသည်။ ပြည်နယ်စိုက်ပျိုးရေး သင်တန်းသားများလည်း အလုပ်သင်များအဖြစ် ပါဝင်ခဲ့ကြပါသည်။<br>¦ ၂၀၁၈ ခုနှစ် မေလတွင် LIFT စီမံချက် အပြီးသတ် အကဲဖြတ်သုံးသပ်မှုအား လွတ်လပ်သည့် အကဲဖြတ် သုံးသပ်မှုပညာရှင်မှ ဆောင်ရွက်ခဲ့ပါသည်။ |

## ၁၀.၄.၄ ၂၀၁၈ ခုနှစ်အတွင်း တောင်တန်းဒေသရှိ စီမံချက် ၁၂ ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | Consortium of Dutch NGOs (CDN) including Cordaid and World Concern Myanmar<br><br>မြန်မာနိုင်ငံ ကရင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးလက်နေ နွမ်းပါးသူများ ၏ ဝင်ငွေတိုးရေးနှင့် အာဟာရဆိုင်ရာ ရလဒ်များ ကောင်းမွန်စေရေး<br><br>ဘတ်ဂျက် ကန်ဒေါ်လာ ၄,၈၄၀,၀၀၀<br>(ဘတ်ဂျက်ပါဝင်သည့် သက်တမ်း ၁ နှစ်တိုးထားခြင်း)<br><br>၀၆/၀၇/၂၀၁၆ မှ ၃၀/၀၆/၂၀၂၀<br><br>*ဆောင်ရွက်ဆဲ* | ¦ ဘတ်ဂျက်ပါဝင်သည့် တစ်နှစ်သက်တမ်းတိုးမှုအား လက်မှတ်ရေးထိုးခဲ့ပြီး စီမံချက်သည် ၂၀၂၀ ခုနှစ် ဇူလိုင်လ အထိ ကျေးရွာ ၁၀ ရွာ အားတိုးချဲ့ အကောင်အထည်ဖော်မည် ဖြစ်သည်။<br>¦ စီမံချက် စတင်သည့်အချိန်မှစ၍ အိမ်ထောင်စု ပေါင်း ၅,၆၁၂ (ဦးတည် ရည်ရွယ်သည့် ကျေးရွာပေါင်း ၁၀၀ ရှိ အိမ်ထောင်စု စုစုပေါင်း၏ ၈၃%) ပါဝင်ခဲ့ပြီး နှင့်/(သို့) အနည်းဆုံး စီမံချက်လုပ်ငန်းတစ်ခုမှ အကျိုးခံစားခွင့် ရရှိပါသည်။<br>¦ အာဟာရ အလေးထား သတင်းအချက်အလက်များသည် အိမ်ထောင်စု ၁,၇၃၅ ထံ ရောက်ရှိခဲ့ပါသည်။ စီမံချက်၏ ကျေးရွာ ၄၀ တွင် ရပ်ရွာလူထုအတွက် အာဟာရ ဖွံ့ဖြိုးမှု၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးသင်တန်းများ ၊ မိခင်အချင်းချင်း ရိုင်းပင်း ကူညီရေး (M2M) အုပ်စုလိုက်ဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။<br>¦ အိမ်ထောင်စု ၃၉၆ စု မှ အိမ်တွင်း ဥယျာဉ် စိုက်ပျိုးရေး သွင်းအားစုများ (မျိုးစေ့များနှင့် ကိရိယာများ) နှင့် သင်တန်းများ ရရှိခဲ့ပါသည်။<br>¦ မြေဆွဲအားကို အသုံးပြုစေသည့် ရေပေးရေးစနစ် (Gravity flow water systems - GFWS) ၉ခု)၊ သဲရေစစ်ကန် (Slow sand filters -SSF) ၇ခု၊ ရေထွက်မှ ရေသွယ်ယူမှု ကာကွယ်စောင့်ရှောက်ခြင်း (Spring catchment protections -SCP) ၉ ခု နှင့် ရေလှောင်ကန် တစ်ခု ဆောင်ရွက် ပြီးစီးခဲ့ပါသည်။<br>¦ ရပ်ရွာလူထုအတွင်း စုစုပေါင်း ၁၂၂ ဦးပါဝင်သည့် WASH ကော်မတီ ၁၅ဖွဲ့ ဖွဲ့စည်းခဲ့ပါသည်။<br>¦ အိမ်ထောင်စု ၂,၄၄၉ မှ အဖွဲ့ဝင်ပေါင်း ၂,၉၃၉ ဖြင့် ဖွဲ့စည်းထားသည့် သီးနှံမျိုးစေ့ ထုတ်လုပ်သူ အုပ်စု (Crop Producer Groups -CPG) ၉၆ ဖွဲ့အား နှစ်ရှည်သီးနှံ စိုက်ပျိုးခြင်း ဆိုင်ရာ သင်တန်းများ ပေးခဲ့သည်။<br>¦ ပြည်ထောင်စု အစိုးရထံ ပတ်သက်ဆက်နွယ်သူပေါင်းစုံ ပါဝင်သည့် ဖာလာစေ့ ပလက်ဖောင်း တည်ထောင်ရန် အကြံပြုတောင်းဆိုခဲ့ပြီး ရလဒ် အနေဖြင့် ဖာလာစေ့အား သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း စာရင်းမှ ထုတ်ပယ်ပြီး ဦးစားပေး သီးနှံအဖြစ် အသိအမှတ်ပြုခဲ့ပါသည်။<br>¦ ကျေးရွာ ၆၆ရွာမှ အိမ်ထောင်စုပေါင်း ၂,၄၃၁ စု ကော်ဖီစေ့များ ရရှိခဲ့ပြီး အိမ်ထောင်စု ၁,၇၁၅ စု တို့အား ပင်ဖြတ်/ကိုင်းဖြတ် ဒါး၊ ကပ်ကြေး၊ တိပ် များ ပေးအပ်ပြီး သင်တန်း ပေးခဲ့သည်။ ကျေးရွာ ၉၂ ရွာမှ CPGs များအား ထောပတ်သီး၊ ဒူးရင်းသီး၊ မင်းဂွတ်သီး နှင့် ကြက်မောက်သီး မျိုးစေ့များ ပံ့ပိုးပေးခဲ့သည်။<br>¦ စပါးစိုက်ပျိုးရေးအတွက် အထောက်အကူဖြစ်စေရန် ကျေးရွာ ၁၆ ရွာအား လယ်ထွန်စက် ၁၆ စီး ခွဲဝေပေးခဲ့ပါသည်။<br>¦ ၂၃.၄၁ ကီလိုမီတာအရှည်ရှိသော မော်တော်ဆိုင်ကယ်သွားလမ်းများ ဖောက်လုပ်ပေးခဲ့သည်။ (ကျေးရွာပေါင်း ၂၆ ရွာမှ) အိမ်ထောင်စုပေါင်း ၁,၁၂၁စု သို့ လက်လှမ်းမီ ရောက်ရှိမှု ပိုမိုကောင်းမွန်လာသဖြင့် တိုက်ရိုက် အကျိုးခံစားခဲ့ရပါသည်။<br>¦ ငွေစုငွေချေး (L&S) အဖွဲ့ ၅၃ ဖွဲ့ တည်ထောင်ပေးခဲ့ပြီး ၄၉ ဖွဲ့ မှာ သက်ဝင်လှုပ်ရှားလျက်ရှိပါသည်။ အဆိုပါအဖွဲ့များတွင် စုစုပေါင်း စုငွေ ကျပ် ၃၂,၀၉၅,၇၀၀ (ကန်ဒေါ်လာ ၂၁,၄၉၉)။<br>¦ ကျေးရွာပေါင်း ၂၀ ရွာမှ ငွေစုငွေချေးအဖွဲ့ ၂၆ ဖွဲ့ ပါဝင်ဖွဲ့စည်းထားသည့် ပထမဆုံး အဖွဲ့ချုပ်အား လိပ်သို မြို့နယ်ခွဲတွင် တည်ထောင်ခဲ့ပါသည်။<br>¦ ရွာပေါင်း ၂၇ ရွာတွင် ဆုံးရှုံးနိုင်ချေ ဖော်ထုတ်ရေးဆွဲခြင်း ဆောင်ရွက်ခဲ့ ပါသည်။<br>¦ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ တိုးမြှင့်ရန် အိမ်သာပိုက်များနှင့် အိမ်သာခွက်များ ဖြန့်ဖြူးပေးခြင်းမှာကျေးရွာပေါင်း ၃၆ ရွာမှ အိမ်ထောင်စုပေါင်း ၁,၆၀၈ စုအထိ ရောက်ရှိခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် ကျေးရွာပေါင်း ၃၅ ရွာမှ ကိုယ်ဝန်ဆောင်နှင့် အသက် ငါးနှစ်အောက် ကလေးသူငယ်များရှိသည့် အိမ်ထောင်စုပေါင်း ၁,၂၉၃ စု ထံ ရေသန့်စင်သည့်ရေစစ်များ ဖြန့်ဖြူးပေးခဲ့ပါသည်။<br>¦ မိခင်အချင်းချင်း ရိုင်းပင်းကူညီရေး အုပ်စု ဆွေးနွေးပွဲပေါင်း ၄၃၃ ကြိမ် ကျင်းပခဲ့သည်။ ကိုယ်အလေးချိန် တိုင်းတာသည့် အချိန်များတွင် ကလေးသူငယ်ပေါင်း ၉၆၆ ဦးအား အာဟာရ တိုက်ကျွေးခဲ့ကြသည်။<br>¦ လေ့လာသင်ယူခြင်း အခမ်းအနားအား နေပြည်တော်တွင် ဒီဇင်ဘာ ၃-၅ ရက် အတွင်း ကျင်းပခဲ့ပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၂ | မေတ္တာ ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း<br><br>တောင်ပေါ်ဒေသ စားနပ်ရိက္ခာဖူလုံရေး နှင့် ဈေးကွက်ဝင်ရောက်ခြင်း (UFS-PM)<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၂,၁၂၃,၁၆၈<br><br>၁၇/၀၆/၂၀၁၆ မှ ၃၁/၀၅/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | ¦ တန်ဖိုးမြှင့်ကွင်းဆက် ထုတ်လုပ်သူအုပ်စု (Producer Groups-PG) နှင့် သက်ဆိုင်သည့်တွဲဖက် တောင်သူသင်တန်းကျောင်းများ ၅၈ ကျောင်း (ကချင် ပြည်နယ်တွင် ၄၁ ကျောင်း နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ၁၇ ကျောင်း) တည်ထောင်ခဲ့သည်။<br>¦ ၂၀၁၈ ခုနှစ်အ တွင်းတွင် အထွက်တိုးသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုကောင်းမွန်စေရန် တောင်သူ ၁,၀၅၄ ဦး (အမျိုးသမီး ၃၄.၅%) အား သင်တန်းပေးခဲ့ပါသည်။<br>¦ ၂၀၁၇ ခုနှစ်တွင် ဆီစက် ၆ခု အား ပူးတွဲပိုင်ဆိုင်မှု နှင့် စီမံခန့်ခွဲမှု တို့အတွက် CMC ၆ခု (ကချင်ပြည်နယ်တွင် ၄ ခုနှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ၂ ခု) တပ်ဆင်ပေးခဲ့ပါသည်။ CMCs များအား ၂၀၁၈ ခုနှစ်တွင် ပြန်လည်ပြုပြင်ခဲ့သည်။ ၎င်းတို့၏ စီမံခန့်ခွဲမှုမှာ ဒါရိုက်တာအဖွဲ့ (Board of Directors – BOD ) အား PG အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသဖြင့် ဒေသခံပိုများပါသည်။<br>¦ ဆီစက် ၆ စက်၏ လုပ်ငန်းစီမံချက်များကို ၂၀၁၈ ခုနှစ်တွင် အပြီးသတ်ခဲ့ပါသည်။<br>¦ ဆီစက် ၆ စက်အတွက် လုပ်ငန်းစတင်ရန် ရန်ပုံငွေ ကျပ် သန်း ၁၀၀ ပံ့ပိုး ပေးခဲ့ပါသည်။<br>¦ တောင်သူများမှ ဆီစက်လုပ်ငန်းအတွက် ထည့်ဝင်သည့် ရှယ်ယာစုစုပေါင်းမှာ ၅၆,၆၅၀,၀၀၀ ကျပ် ဖြစ်ပါသည်။<br>¦ ၂၀၁၈ ခုနှစ်တွင် တောင်သူ ၅၄၉ ဦး (အမျိုးသမီး ၃၅.၅%) အတွက် မြေပဲမျိုးစေ့ ၂,၀၈၂ တင်း (ကချင်ပြည်နယ်အတွက် ၁,၃၈၆တင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းအတွက် ၆၉၆တင်း) နှင့် ကချင်ပြည်နယ်မှ တောင်သူ ၂၅၈ ဦး (အမျိုးသမီး ၂၈.၇%) အတွက် မုန်ညင်းမျိုးစေ့ ၂၄တင်း ပံ့ပိုးပေးခဲ့ပါသည်။<br>¦ ကျေးရွာပေါင်း ၂၆ ရွာတွင် သဘာဝ ရင်းမြစ်စီမံခန့်ခွဲရေး (NRM) အတွက် တောင်သူသင်တန်းကျောင်း (FFS) များ ( ကချင်ပြည်နယ်တွင် (ကချင်ပြည်နယ်တွင် ၉ ကျောင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ၁၇ ကျောင်း) တည်ထောင်ပေးခဲ့ပါသည်။ စီမံကိန်းတွင်ပါဝင်သည့် ကျေးရွာများမှ အဖွဲ့ဝင် ၆၇၆ ဦး (အမျိုးသမီး ၃၈.၄%) မှာ NRM ကြိုးပမ်းမှုများတွင် ပါဝင်ခဲ့ပြီး ထိုအရေအတွက်မှာပါဝင်သည့်ကျေးရွာများမှ အိမ်ထောင်စု စုစုပေါင်း၏ ၂၅% ကို ကိုယ်စားပြုပါသည်။<br>¦ စီမံချက်ရပ်ရွာလူထုများက မြေယာလုပ်ကိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန် နှင့် ဒေသခံ သဘာဝ အရင်းအမြစ်များ စုစည်းမှုရှိစွာနှင့် ရေရှည်တည်တံ့မှုရှိစွာ စီမံခန့်ခွဲရန်အတွက် NRM စီမံချက်များ ရေးဆွဲရန်အတွက် ကူညီဆောင်ရွက်ရန် အဖွဲ့ဝင် ၃၁၂ ဦး ( အမျိုးသမီး ၃၆.၉%) ဖြင့် ပါဝင်သည့် NRM စီမံကိန်းရေးဆွဲရန် အဖွဲ့များ ဖွဲ့စည်းခဲ့ပါသည်။<br>¦ NRM ကျေးရွာ ၂၆ ရွာထဲမှ NRM ၁၉ ရွာ(ကချင်ပြည်နယ်မှ ၉ ရွာ၊ ရှမ်း/မြောက် ၁၀ ရွာ) တွင် အများပိုင် သစ်တော Community forests (CF) များ ထူထောင်ရန်အတွက် သစ်တောအသုံးပြုသူအဖွဲ့များ Forest User Groups (FUG) များ ဖွဲ့စည်းခဲ့သည်။ FUG အဖွဲ့ဝင် ၈၉၃ ဦး (အမျိုးသမီး ၃၂.၅%) မှ CF စီမံခန့်ခွဲမှု ကော်မတီများအား အဖွဲ့ဝင် ၁၁၁ ဦး (အမျိုးသမီး ၂၇.၉% ) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် သစ်တော ဧရိယာ ၅,၄၃၂ ဧက (ကချင်ပြည်နယ်တွင် -၂,၉၉၆ ဧကနှင့် ရှမ်း/မြောက်တွင် -၂,၄၃၆ ဧက) အား အများပိုင်သစ်တောအဖြစ် သတ်မှတ်ရန် စဉ်းစားသုံးသပ်နေဆဲ ဖြစ်ပါသည်။<br>¦ ၂၀၁၈ ခုနှစ်အတွင်းတွင် တောင်သူ ၁၅၃ ဦးမှ ချင်း ၁၄,၄၀၅ ပိဿာ နှင့် နနွင်း ၁၃,၄၀၅ ပိဿာ စိုက်ပျိုး ထုတ်လုပ်ခဲ့ပါသည်။<br>¦ ရှမ်း/မြောက်မှ အများပိုင် သစ်တော ၂ခု အသိအမှတ်ပြု လက်မှတ်ရရှိခဲ့ပါသည် ။ |
| ၃ | GRET<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၅၈၁,၁၃၆<br>ကန်ဒေါ်လာ ၁,၀၅၃,၈၆၄ အထိ တိုးမြှင့်ထားပါသည်<br><br>မေ ၂၀၁၃ မှ ဇူလိုင် ၂၀၁၄ ထိ<br><br>*(ဧပြီ ၂၀၁၉ ထိ သက်တမ်းတိုး ထားပါသည် )* | ¦ ချင်းပြည်နယ်မှ လယ်လုပ်ပိုင်ခွင့်နှင့် အသက်မွေးမှုများအား လေ့လာဆန်းစစ်မှု အစီရင်ခံစာ ထုတ်ဝေခဲ့ပြီး မိတ်ဆက်ခဲ့ပါသည်။ အရေးပါသည့် တွေ့ရှိချက်များနှင့် ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်အား အသိအမှတ်ပြုခြင်းဆိုင်ရာ အကြံပြုချက်များအား စုစည်းတင်ပြထားသည့် ဆန်းစစ်ချက်အား အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာနှင့် ထုတ်ဝေထားပါသည်။<br>¦ မန္တလေးမြို့ပြနှင့် အနီးတဝိုက်ရှိ မြေယာများအား အရည်အသွေး သုတေသနပြုခြင်းအကြောင်း ထုတ်ဝေသည့် စာတမ်း၊ အရည်အတွက်ဆိုင်ရာ ဆန်းစစ်မှု အထောက်အပံ့ပါဝင်သည့် မန္တလေးနှင့် ရန်ကုန်တွင် မြေယာနှင့် မြို့ပြတည်ဆောက်ခြင်းဆိုင်ရာ အစီရင်ခံစာ မူကြမ်းထုတ်ဝေခြင်း<br>¦ ဒုတိယအကြိမ် တနင်္သာရီတောင်တန်းဒေသ လေ့လာမှုအတွက် ကွင်းဆင်းလုပ်ငန်းမစ်ရှင်သည် တနင်္သာရီဒေသမှ အဖွဲ့တစ်ခုလုံးနှင့်အတူ ထားဝယ် နှင့် ပုလော ဒေသများမှ ရွာပေါင်း ၁၅ ရွာတွင် (၃) ရက်ကြာ ပြင်းပြင်းထန်ထန်ကြိုးပမ်း ဆောင်ရွက်ခဲ့ပါသည်။<br>¦ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် မြေယာပြန်လည်ခွဲဝေရေးဆိုင်ရာ ဆန်းစစ်မှု ၂၆ ခု ဆောင်ရွက်ခဲ့ပါသည်။<br>¦ မြေယာဆန်းစစ်မှုများမှ တွေ့ရှိချက်များအားမျှဝေသည့် အလုပ်ရုံဆွေးနွေးပွဲ ၁၀ ခုအား အာဏာပိုင်များ (အချို့ကိစ္စရပ်များတွင် CSO များ) နှင့် ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ အများစုမှာ မြို့နယ်အဆင့်များ ဖြစ်ပြီး ပိုမိုကျယ်ပြန့်သည့် တိုင်းဒေသကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲများအား မုံရွာနှင့် ပုသိမ်မြို့များတွင် ကျင်းပခဲ့ပါသည်။<br>¦ စွမ်းဆောင်ရည် တည်ဆောက်ခြင်းအတွက် MLRG နှင့် ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများဆိုင်ရာသင်တန်း၊ မြေယာမဏ္ဍိုင်အဖွဲ့နှင့် ၎င်း၏မိတ်ဖက် CSO များမှ အလုပ်သင် ၈ ဦးအား သုတေသန စွမ်းရည်တည်ဆောက်ပေးခြင်းကို လုပ်ငန်းခွင်တွင်း ပညာယူသည့်နည်းလမ်း (ပဲခူးရှိ တရားမဝင်သစ်တောလုပ်ပိုင်ခွင့်နှင့် အသက်မွေးမှုများနှင့် စားနပ်ရိက္ခာ လုံခြုံမှုအပေါ် သက်ရောက်မှုများအကြောင်း သုတေသန)၊ သပြေဖောင်ဒေးရှင်း သင်တန်းသားများအတွက် မြေယာပြုပြင်ပြောင်းလဲရေးဆိုင်ရာ သင်တန်းများ ဆောင်ရွက်ခဲ့သည်။<br>¦ မြေလွတ်၊မြေလပ်၊ မြေရိုင်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့်ပတ်သက်သည့် စိုးရိမ်မှုများအား ရေးသားထားသည့် အစိုးရထံ အိတ်ဖွင့်ပေးစာ တစ်စောင်အား အဖွဲ့ ၄၁ ဖွဲ့မှ ပူးပေါင်း ရေးသား လက်မှတ်ထိုးခဲ့ပါသည်။ GRET မှ အဆိုပါ ဥပဒေမူကြမ်း ရေးဆွဲရေး ကော်မတီတွင် ပါဝင်နေပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၄ | မြေယာမဏ္ဍိုင်အဖွဲ့ (LCG)<br><br>ဘတ်ဂျက် - ကန်ဒေါ်လာ ၁,၆၉၉,၄၆၆<br>(ဘတ်ဂျက်ပါဝင်သည့် သက်တမ်းတိုးခြင်း -ကန်ဒေါ်လာ ၂,၃၁၇,၅၆၆)<br><br>၂၀၁၆ ဇန်နဝါရီမှ ၂၀၁၈ ဒီဇင်ဘာ အထိ<br><br>*(၂၀၁၉ ဒီဇင်ဘာ အထိ သက်တမ်းတိုးထားပါသည်)* | ¦ LCG မှ ပြည်သူ့လွှတ်တော်သို့ လယ်ယာမြေဥပဒေအား ပြင်ဆင်သည့် ဥပဒေမူကြမ်းနှင့် သက်ဆိုင်သည့် အကြံပြုချက်များ တင်ပြခဲ့ပါသည်။<br>¦ ၂၀၁၇ ခုနှစ်တွင် ဒုတိယ သမ္မတ - ၂ ၏ လမ်းညွှန်ချက်အတိုင်း LCG မှ MoNREC အနေဖြင့် အမျိုးသား မြေယာအသုံးချမှု ကောင်စီ (NLUP မှ ခွင့်ပြုသည့်) ဖွဲ့စည်းရန်အတွက် လုပ်ငန်းလမ်းညွှန်အပါအဝင် ကြောင်းကျိုးခိုင်လုံသော အဆိုပြုချက်များအား ရေးသားပြင်ဆင်နိုင်ရန် LCG မှ MoNREC အတွက် အရေးကြီးသည့် နည်းပညာဆိုင်ရာ အကူအညီများပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီတွင် အစိုးရအဖွဲ့မှ NLUC ဖွဲ့စည်းရန် အဆိုပြုချက်အား ခွင့်ပြုပေးခဲ့ပါသည်။<br>¦ ရလဒ်များနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ သဘောတူညီချက်ဖြင့် LCG မှ တိုင်းဒေသကြီး အဆင့် မြေယာအသုံးချမှု ကော်မတီဖွဲ့စည်းရန်ပြင်ပမှ ပတ်သက်ဆက်နွယ်သူများ ရွေးချယ်နိုင်ရန် အတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ်အတွင်းတွင် LCG သည် သစ်တောဦးစီးဌာန နှင့်အတူ အမျိုးသား မြေယာအသုံးချမှု မူဝါဒ ဖိုရမ်ကျင်းပနိုင်ရန် အမျိုးသားမြေယာအသုံးချမှု ကောင်စီအား ကူညီပံ့ပိုးခဲ့ပါသည်။<br>¦ BNCAPဥပဒေအား၂၀၁၈ မေလ ၂၁ ရက်နေ့တွင် အတည်ပြုခဲ့ပြီး ထိုဥပဒေတွင် LCG နှင့် တိုင်းရင်းသား လူမျိုးများပါဝင်သည့် CSO များနှင့် ကွန်ရက်များမှ တောင်းဆိုခဲ့သည့် ရပ်ရွာလူထုမှ ထိန်းသိမ်းစောင့်ရှောက်သည့် ဧရိယာအား ထိန်းသိမ်းထားသည့် ဧရိယာအမျိုးအစား တစ်ခုအဖြစ် သတ်မှတ်ထားသည့်အချက် ပါဝင်ပါသည်။<br>¦ LCG မှ အဆိုပြုတင်ပြခဲ့သည့် အရေးကြီးသည့် ပြဌာန်းချက်များ ပါဝင်သည့် မြေလွတ်၊မြေလပ်၊ မြေရိုင်း (VFV) များ စီမံခန့်ခွဲသည့် ဥပဒေအား ပြင်ဆင်သည့်ဥပဒေအား ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် အတည်ပြုခဲ့ပါသည်။ အရေးအကြီးဆုံးမှာ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့် အမျိုးအစားအား VFV မြေများအဖြစ်သတ်မှတ်ခြင်းမှ ဖယ်ထုတ်သည့် အပိုဒ် ၃၀(က) ဖြစ်ပါသည်။<br>¦ လူငယ်ခြောက်ဦးအား အရည်အသွေးအရ ဆန်းစစ်သည့် သုတေသနဆိုင်ရာ တစ်နှစ် သင်တန်းပေးခဲ့ပါသည်။ ထိုလူငယ်များသည် ဆန်းစစ်သုံးသပ်မှုဆိုင်ရာ နှင့် သုတေသနဆိုင်ရာ ကျွမ်းကျင်မှုများအပြင် မြေယာဆိုင်ရာ အသိအမြင်များလည်း တိုးတက်ရရှိခဲ့ပါသည်။<br>¦ ဖြစ်ရပ်မှန် လေ့လာမှုတစ်ခုဖြစ်သည် နာဂရွာပြည် ဓလေ့ထုံးတမ်း မြေယာနှင့် သစ်တောသယံဇာတ စီမံခန့်ခွဲမှုစနစ် အစီရင်ခံစာ (RRtIP) အား ထုတ်ဝေခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ်အတွင်း LCG နှင့် တောင်သူလယ်သမားအခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (FRDO) သည် မကွေး၊ စစ်ကိုင်းနှင့် ရှမ်း မှ LARC တွင် မြေယာဥပဒေ နှင့် မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ သင်တန်းများပေးခဲ့ပြီး တက်ရောက်သူ စုစုပေါင်း ၆၀၆ ဦးအထိ ရှိခဲ့ပါသည်။<br>¦ တရားဥပဒေစိုးမိုးရေးစင်တာ (ကနဦး အလုပ်ရုံဆွေးနွေးပွဲ) အတွက် သင်တန်းအား ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မြစ်ကြီးနားတို့တွင် ကျင်းပခဲ့ပြီး နောက်ဆက်တွဲ အစည်းအဝေးများလည်း ကျင်းပခဲ့ပါသည်။ တစ်ရက်ကြာကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲများတွင် ၁၇၃ ဦး တက်ရောက်ခဲ့ပြီး CSO များမှ ၁၁၂ ဦး၊ အစိုးရ ဝန်ထမ်း ၃၁ဦး နှင့် လွှတ်တော်အမတ် ၁၇ ဦး ပါဝင်ပါသည်။<br>¦ LCG သည် ယခင်က ရခိုင်၊ ပဲခူး၊ ကလေးမြို့ နှင့် တနင်္သာရီတို့တွင် အသိပညာပေးရေးဆရာဖြစ် သင်တန်းများ ပို့ချပေးခဲ့သည့် မိတ်ဖက် CSOများ၏ ပံ့ပိုးမှုဖြင့် သင်တန်းဆရာများအတွက်ပြန်လည်သုံး သပ်ခြင်း နှင့် လေ့လာသင်ယူခြင်း တစ်ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။<br>¦ CSO အဖွဲ့ကိုးဖွဲ့ (ရေကြည်စမ်း၊ စစ်ကိုင်းတိုင်း တောင်သူများ သမဂ္ဂ၊ တောင်သူလယ်သမား အခွင့်အရေး နှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ FRDO၊ ရွှေခြသေ့်၊ KNGY၊ Spring of Love၊ အခွင့်အရေး နှင့် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးနှင့် တရားမျှတမှု နှင့် Sha'it) တို့သည် ၂၀၁၈ ခုနှစ်အတွင်းတွင် LCG ထံမှ အသိပညာပေးရေး ဟောပြောပွဲများ ကျင်းပပြုလုပ်ရန် ထောက်ပံ့ငွေများရရှိကြပါသည်။မြေယာ ဥပဒေ ဆိုင်ရာ အသိပညာပေးရေး ဆရာဖြစ်သင်တန်းများအား အောက်ခြေအဆင့်တွင် ၉,၂၅၀ ဦးအထိ ရောက်ရှိခဲ့ပါသည်။ |

| IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|
| ၅ Choklei Organisation for Rural and Agricultural Development (CORAD)<br><br>ချင်းပြည်နယ်မြောက်ပိုင်းတွင် စိုက်ပျိုးရေးလုပ်ငန်းမျိုးစုံ ဖြစ်ထွန်းရေးကို မြှင့်တင်ပြီး ဘက်စုံစီးပွား ဖြစ်ထွန်းရေး<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ-၂,၂၀၁၄,၂၁၂<br><br>၁၄/၀၆/၂၀၁၆ မှ ၃၁/၀၅/၂၀၁၉<br><br>ဘတ်ဂျက်ပါဝင်သည့် သက်တမ်းတိုးခြင်းအား ၂၀၁၇ ဇူလိုင်တွင် အတည်ပြုခဲ့ပြီး အပိုဆောင်း ဘတ်ဂျက် ကန်ဒေါ်လာ ၇၃၈,၉၂၉ နှင့် အတူ ၂၀၁၉ နှစ်ကုန် အထိ သက်တမ်းတိုးခဲ့ပါသည်။<br><br>၁၄/၀၆/၂၀၁၆ မှ ၃၁/၁၂/၂၀၁၉<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၂,၉၄၃,၁၄၁<br><br>*ဆောင်ရွက်ဆဲ* | ¦ ရိတ်သိမ်းပြီး အပင်အကြွင်းအကျန်များအား မီးရှို့ခြင်းနှင့် စွန့်ပစ်ခြင်းများ မပြုလုပ်ဘဲ စိုက်ပျိုးမြေပေါ်တွင် ပြန်လည်ဖုံးထားခြင်းကို ပူးတွဲဆောင်ရွက်သည့် တောင်သူ ၃၃ဦး နှင့် ပျမ်းမျှထွက်နှုန်း ၄၀% တိုးမြင့်လာခြင်းတို့က ပြသခဲ့ကြပါသည်။ (ထိန်းချုပ်ခြင်း နှင့် စမ်းသပ်စိုက်ကွင်းများ သုံးသပ်ချက်)။ ကျေးရွာပေါင်း ၅၈ ရွာမှ တောင်သူ ၅၄၇ ဦးတို့သည် ရိတ်သိမ်းပြီး အပင်အကြွင်းအကျန်များအား မီးရှို့ခြင်းနှင့် စွန့်ပစ်ခြင်းများ မပြုလုပ်ဘဲ စိုက်ပျိုးမြေပေါ်တွင် ပြန်လည်ဖုံးထားခြင်းအား ကျင့်သုံးခဲ့ကြပါသည်။<br>¦ ပူးတွဲဆောင်ရွက်သည့် တောင်သူ ၃၁ ဦး မှ အရည်အသွေးပြည့် မျိုးစေ့ထုတ်လုပ်မှုကို ပြသနိုင်ခဲ့ပြီး ပျမ်းမျှ တစ်ဟက်တာတွင် ၄.၂၆ တန် ထွက်ရှိခဲ့ပါသည်။ ကျေးရွာပေါင်း ၃၉ ရွာမှ တောင်သူ ၁၉၁ဦးတို့ ဤနည်းလမ်းအား ကျင့်သုံးခဲ့ပါသည်။<br>¦ SRI နည်းလမ်းအား ကျေးရွာပေါင်း ၃၉ ရွာမှ တောင်သူ ၃၅၁ ဦးတို့မှကျင့်သုံးခဲ့ပါသည်။ အထွက်နှုန်းမှာလည် ၄၅%မှ ၇၂% အထိ တိုးတက်ခဲ့ပါသည်။<br>¦ ကောင်းမွန်ပြီး ထုတ်လုပ်နိုင်စွမ်းမြင့်မားတဲ့ မြေဆီလွှာ စီမံခန့်ခွဲမှုကို မိတ်ဆက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ကျေးရွာပေါင်း ၅၀ ဦးတွင် တောင်သူ ၂၁၄ ဦးတို့မှ ကျင့်သုံးနေပါသည်။<br>¦ တီးတိန်နှင့် ဖလမ်းမြို့နယ်များရှိ ကျေးရွာပေါင်း ၄ရွာမှ စပျစ်စိုက်ပျိုးထုတ်လုပ်သူများ အုပ်စုအဖွဲ့ဝင် ၁၁၃ ဦးအား စပျစ်ကိုင်းဖြတ်ခြင်း သင်တန်းပို့ချပေးခဲ့ပါသည်။<br>¦ စပျစ်နှင့် ကြက်သွန်စိုက်ပျိုးထုတ်လုပ်သူများ အုပ်စုအဖွဲ့ဝင် ၁၃၆ ဦးအား ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းနည်း (IPM) သင်တန်းပေးခဲ့ပါသည်။<br>¦ ဖလမ်း နှင့် တီးတိန်မှ စပျစ် စိုက်ပျိုးထုတ်လုပ်သူ ၁၀ ဦးတို့ အသေးစား နှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဦးစီးဌာနမှပို့ချသည့် သင်တန်းအား တက်ရောက်ခဲ့ပါသည်။<br>¦ အိန္ဒိယ နယ်စပ် တမူးမြို့တွင် ပင်ကြီးပဲအမျိုးအစား တန်ဖိုးမြှင့် ကွင်းဆက်များအတွက် လုပ်ငန်းအချင်းချင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ကန့်သတ်မှုများ နှင့် ဖြေရှင်း နည်းလမ်းများအား ဖော်ထုတ်ခဲ့ပါသည်။<br>¦ စိုက်ပျိုးထုတ်လုပ်သူ အုပ်စုများ၊ ပြုပြင်ထုတ်လုပ်သူများ နှင့် ဈေးကွက်တွင် လှုပ်ရှားဆောင်ရွက်သူများသည် စပျစ်၊ ကြက်သွန် နှင့် ဝဥ တန်ဖိုးမြှင့်ကွင်းဆက်များဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပခဲ့ကြပါသည်။<br>¦ အာဟာရဓါတ်အစုံပါ ၅-ရောင်ခြယ် အိမ်ခြံစိုက်ခင်းများအား ရေလက်လှမ်းမီမှု နှင့် ကာကွယ်စောင့်ရှောက်မှု ဆိုင်ရာ လိုအပ်ချက်ဆန်းစစ်မှု ဆောင်ရွက်ခြင်းဖြင့် စတင်လုပ်ဆောင်ခဲ့ပါသည်။ |
| | ¦ အာဟာရပြည့်စုံသည့် သီးနှံ/ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးနည်းများ ပိုမိုကောင်းမွန်စေရန် နှင့် အမျိုးသမီး တောင်သူများအား အလေးထား အားပေးရန် တောင်သူ ၁၀၃ ဦး (အမျိုးသား ၂၆ ဦး၊ အမျိုးသမီး ၇၇ ဦး ) အား အာဟာရဓါတ်အစုံပါ ၅-ရောင်ခြယ်အိမ်ခြံစိုက်ခင်း ဒီဇိုင်းသင်တန်းများ ပို့ချပေးခဲ့သည်။<br>¦ အာဟာရဓါတ်အစုံပါ ၅-ရောင်ခြယ်အိမ်ခြံစိုက်ခင်း စိုက်ပျိုးရန် မြို့နယ် ၅ မြို့နယ်မှ အမျိုးသမီး ဦးရေ ၁၀၀ အား ရွေးချယ်ခဲ့ပြီး အမျိုးသမီး ၁၈ ဦးအား အိမ်ခြံစံပြစိုက်ခင်း တည်ထောင်ရန် ရွေးချယ်ခဲ့ပါသည်။<br>¦ အာဟာရဆိုင်ရာဆိုင်ရာ အသိပညာပေး သင်တန်းများအား ၂၀၁၈ ခုနှစ် ဇန်နဝါရီလ မှ ဖေဖော်ဝါရီလအထိ တောင်သူ ၂,၉၃၂ (အမျိုးသား ၉၃၃ ဦး နှင့် အမျိုးသမီး ၁,၉၉၉ ဦး) ပြုလုပ်ခဲ့ပါသည်။<br>¦ မြို့နယ် ၅ မြို့နယ်မှ ကျေးရွာပေါင်း ၆၃ ရွာမှ လူ ၂,၃၅၅ဦးအား SBCC အာဟာရဆိုင်ရာ လက်ကမ်း စာစောင်များ ဝေမျှခဲ့ပါသည်။<br>¦ အာဟာရဆိုင်ရာ အသိအမြင်များမျှဝေရန် စံပြစိုက်ကွင်းများတွင် တောင်သူကွင်းဆင်းနေ့များအား ေ တာင်သူ ၂,၇၂၅ ဦးတို့ဖြင့် ကျင်းပခဲ့ပါသည်။<br>¦ အာဟာရဖောင်းပေး အသိပညာပေးရေး လက်စွဲများ အသုံးပြု၍ ရွာ ပေါင်း ၁၁၀ မှ တောင်သူ ၅,၀၉၁ဦးအား သင်တန်းပေးခဲ့ပါသည်။<br>¦ ရပ်ရွာလူထုအတွက် အာဟာရဆိုင်ရာ လုပ်ငန်းစီမံချက်များအား ကျေး ရွာ ပေါင်း ၁၀၆ ရွာမှ ၃၈ ရွာတွင် အကောင်အထည်ဖော်ခဲ့ပါသည်။<br>¦ CORAD မှ GRET ၏ ကူညီပံ့ပိုးမှုဖြင့် ရွေ့ပြောင်းစီမံချက် ကျေးရွာများတွင် မြေယာ နှင့် ရေစီမံခန့်ခွဲမှုအား ကူညီဆောင်ရွက်၊ ဆွေးနွေးတိုင်ပင်၍ စစ်တမ်းကောက်ယူခဲ့ပြီး ရေဝေရေလဲဒေသ စီမံခန့်ခွဲမှု အကောင်အထည်ဖော်ခြင်းအတွက် ရပ်ရွာလူထုလုပ်ငန်းစီမံချက်များ ရေးဆွဲခဲ့ပါသည်။ CORAD မှ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း မြို့နယ် ၅ မြို့နယ်မှ အဆိုပြုလွှာများရရှိခဲ့ပြီး မြို့နယ် နှစ်မြို့နယ်မှ ကျေးရွာ ၆ ရွာအတွက် ငွေရေးကြေးရေးဆိုင်ရာ အထောက်အပံ့များ ပေးခဲ့ပါသည်။<br>¦ ကျေးရွာပေါင်း ၃၈ ရွာမှ မိသားစု လယ်ယာစီးပွားစီမံခန့်ခွဲမှု အကြံပေးလုပ်ငန်း (Management Advice For Family Farm-MAFF) အဖွဲ့ဝင်များ ၁၁၄ ဦး (အမျိုးသား ၆၈ ဦး နှင့် အမျိုးသမီး ၄၆ ဦး) အတွက် MAFF ပညာပေးသည့် အကြံပေးများမှ ပုံမှန်လာရောက် အကြံပေးခြင်းများရယူခြင်းနှင့် လာရောက်ချိန်တွင် MAFFဆိုင်ရာ နောက်ဆက်တွဲ လုပ်ငန်းများလုပ်ဆောင်ရန်၊လိုအပ်ချက်များအား ဖြည့်ဆည်းပေးရန် ပစ္စည်းအထောက်အပံ့များ ရရှိခဲ့ပါသည်။<br>¦ Cluster အဆင့် MAFF အလုပ်ရုံဆွေးနွေးပွဲအား မြို့နယ် ၅မြို့နယ်ရှိ ကျေးရွာ ၆ ရွာ မှ လူ ၆၂ ဦး ( အမျိုးသား ၃၂ ဦး ၊ အမျိုးသမီး ၃၀ ) ပါဝင်တက်ရောက်ခဲ့ပါသည်။<br>¦ ချင်းပြည်နယ်မှ တိုးချဲ့ပညာပေးဆိုင်ရာ အကြံပေး၆ ဦး တို့အား အခြားပြည်နယ်များမှ မိသားစု လယ်ယာ စီမံခန့်ခွဲခြင်းဆိုင်ရာများ လေ့လာသင်ယူရန် သွားရောက်ခဲ့ပါသည်။<br>¦ GRET မှ အာဟာရဖောင်းပေး စိုက်ပျိုးရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပေးခဲ့ပြီး CRS ၏ အာဟာရ ကျွမ်းကျင်သူ မှ အလုပ်ရုံဆွေးနွေးပွဲအား ကူညီဆောင်ရွက်ပေးခဲ့ပြီး ချင်းပြည်နယ်ရှိ LIFT ၏ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များမှ ကိုယ်စားလှယ် ၂၀ ဦး နှင့် လူမှုဝန်ထမ်းဦးစီးဌာန (DSW) နှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန (DoPH) တို့မှ အရာရှိများ တက်ရောက်ခဲ့ပါသည်။<br>¦ GRET နှင့် KMSS (ဟားခါး) မှ ပူးပေါင်းကျင်းပပြီး ILO နှင့် Start Improving Your Business (SIYB) တို့မှ နည်းပညာကူညီပံ့ပိုးပေးသည့် စီးပွားရေးအမြင်ဖွင့် ဆရာဖြစ်သင်တန်းအား ပို့ချပေးခဲ့ပါသည်။ CHRO၊ KMSS၊ တောင်သူများ သမဂ္ဂ၊ သစ္စာဥယျာဉ်၊ ZLB၊ CORAD၊ CAD၊ WIN၊ GRET၊ AMICO နှင့် ချင်း CBR တို့မှ စုစုပေါင်း တက်ရောက်သူ ၁၈ ဦး ရှိပါသည်။<br>¦ GRET မြေယာအဖွဲ့မှ ချင်းပြည်နယ် ရှိ MIID၊ FCSN၊CISS၊ CARD၊ CORAD၊ KMSS၊ CAD၊ SDO၊ CBI နှင့် GRET တို့မှ တက်ရောက်သူ ၁၆ ဦးပါဝင်သည့် မြေယာလုပ်ကိုင်ခွင့်ဆိုင်ရာ အသိပညာပေး အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခဲ့ပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၆ | လူမှုဝန်ထမ်း ဦးစီးဌာန<br><br>ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေး အထောက်အပံ့ပေးရေး အစီအစဉ် (Chin MCCT)<br><br>ဘတ်ဂျက်- လုပ်ငန်းဆိုင်ရာ -ကန်ဒေါ်လာ ၁,၅၀၀,၀၀၀<br>ငွေလွှဲပေးပို့မှု- ကျပ် ၉,၃၇၁,၈၅၀,၀၀၀<br><br>၉/၀၃/၂၀၁၇ မှ ၃၀/၀၆/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | ¦ ၂၀၁၈ ခုနှစ် မေလမှ ဇွန်လအတွင်း ကျေးရွာ ခေါင်းဆောင်/အုပ်ချုပ်ရေးမှူး ၁,၅၂၈ ဦးတို့အား MCCT မွမ်းမံသင်တန်းအား ပို့ချခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ်ကုန်တွင် အကျိုးခံစားခွင့် ရှိသူပေါင်း ၂၆,၉၁၇ ဦးထံ ငွေကြေးထောက်ပံ့မှု ၆ ကြိမ်ပြုလုပ်ခဲ့ပါသည်။<br>¦ ပထမအကြိမ် ငွေထုတ်ပေးပြီးနောက် လေ့လာစောင့်ကြည့်ခြင်း (Post-Distribution Monitoring -PDM) အား ၂၀၁၇ ခုနှစ် ဒီဇင်ဘာ မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း အကျိုးခံစားခွင့်ရှိသည့် စစ်တမ်းဖြေဆိုသူ ၃၉၁ ဦး (အကျိုးခံစားခွင့်ရှိသူ အားလုံး၏ ၆%) ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ပထမအကြိမ် PDM ၏ အစီရင်ခံစာအား ၂၀၁၈ ခုနှစ် ဧပြီလတွင် အပြီးသတ်ခဲ့ပါသည်။<br>¦ ဒုတိယအကြိမ် ငွေထုတ်ပေးပြီးနောက် လေ့လာစောင့်ကြည့်ခြင်း (Post-Distribution Monitoring -PDM ) အား ၂၀၁၈ ခုနှစ် ဧပြီလမှ မေလအတွင်း အကျိုးခံစားခွင့်ရှိသည့် စစ်တမ်းဖြေဆိုသူ ၅၉၆ ဦးဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ဆိုလိုရင်းမှာ အကျိုးခံစားခွင့်ရှိသူ စုစုပေါင်း၏ ၄% အား လွှမ်းခြုံမှုရှိခဲ့ပါသည်။ ဒုတိယအကြိမ် PDM ၏ အစီရင်ခံစာအား ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အပြီးသတ်ခဲ့ပါသည်။<br>¦ အခြေခံကျန်းမာရေးလုပ်သားနှင့် ကျန်းမာရေး စေတနာ့ဝန်ထမ်းများမှ မိခင်အချင်းချင်း အကူအညီပေးရေးအဖွဲ့ (MtMSGs)များအတွက် အာဟာရဆိုင်ရာ အသိပညာပေး ဟောပြောပွဲများအား ကျင်းပပေးခဲ့ပါသည်။<br>¦ ၂၀၁၈ခုနှစ် ဒီဇင်ဘာတွင် MCCTလုပ်ငန်းဆောင်ရွက်မှု လက်စွဲအား လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနတို့မှ မြို့နယ်၊ ခရိုင် နှင့် ပြည်နယ်အဆင့် ဝန်ထမ်းများနှင့်အတူ ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ် ဇွန်လတွင် စွမ်းဆောင်ရည် အကဲဖြတ်သုံးသပ်ခြင်းအား နေပြည်တော်နှင့် ချင်းပြည်နယ်တွင် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာတွင် စွမ်းဆောင်ရည် ဖွံ့ဖြိုးမှုစီမံချက်အား ရေးဆွဲခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အခြေခံ Excel သင်တန်းနှင့် အင်္ဂလိပ်စာ ကျွမ်းကျင်မှု သင်တန်းများ ပို့ချခဲ့ပြီး၊ အခြားသင်ကြားပေးရန် ဖော်ထုတ်ထားသည့် သင်တန်းများအား ၂၀၁၉ ခုနှစ် ပထမ သုံးလတွင် ပို့ချပေးမည်ဖြစ်သည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၇ | Save the Children<br><br>ချင်းပြည်နယ်ရှိ ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေး အထောက်အပံ့ပေးခြင်း စီမံချက်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ နည်းပညာ အကူအညီပေးခြင်း (TEAM MCCT)<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၃,၉၅၄,၆၁၈<br><br>၁၁/၀၇/၂၀၁၇ မှ ၃၀/၀၆/၂၀၁၉<br><br>*စီမံကိန်း စတင်လုပ်ကိုင်သည့် အဆင့်* | ¦ ၂၀၁၈ ခုနှစ် ဖွန်လတွင် SBCC ကြားဖြတ် မဟာဗျူဟာ နှင့် SBCC လုပ်ငန်းစီမံချက်များအား ရေးဆွဲခဲ့ပြီး လုပ်ငန်းအဖွဲ့အား တင်ပြခဲ့ပါသည်။ TEAM MCCT စီမံချက်မှ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲအား၂၀၁၈ခုနှစ် ဇူလိုင်တွင် နေပြည်တော်၌ကျင်းပခဲ့ပြီး ချင်းပြည်နယ် ပြည်သူ့ ကျန်းမာရေး ဦးစီးဌာနနှင့် မြို့နယ် ၉ မြို့နယ်မှ ကျန်းမာရေး ဝန်ထမ်းများနှင့် ၂၀၁၈ ခုနှစ် စက်တင်ဘာတွင် ကျင်းပခဲ့ပါသည်။<br>¦ အမျိုးသားအာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ်ဖွင့်ပွဲများနှင့် မိခင်နို့သက်သက် တိုက်ကျွေးခြင်းလှုပ်ရှားမှုအား ရန်ကုန်တွင်ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ချင်းပြည်တွင် မိခင်နို့သက်သက် တိုက်ကျွေးခြင်း လှုပ်ရှားမှုအား တိုးချဲ့ခဲ့ပါသည်။<br>¦ ၂၀၁၈ခုနှစ် ဒီဇင်ဘာလတွင် 'ချင်းပြည်နယ်တွင် အသက်နှစ်နှစ်အောက် ကလေးသူငယ်များ အစာကျွေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်း အလေ့အထများအားလေ့လာခြင်း'သုတေသနအား ဆောင်ရွက်ပြီးစီးခဲ့သည်။<br>¦ ၂၀၁၈ ခုနှစ် မတ်လတွင် ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသား အာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနသည် ယူနီဆက်ဖ်နှင့်TEAM MCCT တို့၏ပံ့ပိုးမှုဖြင့် ချင်းပြည်နယ်ရှိ မြို့နယ်အဆင့် ကျန်းမာရေး ဝန်ထမ်းများအတွက် လူထုအတွင်း နှစ်နှစ်အောက် ကလေးငယ်များ အစာကျွေးခြင်းနှင့်နှစ်သိမ့် ဆွေးနွေးခြင်းဆိုင်ရာ ဆရာဖြစ်သင်တန်း (cIYCF ToT) အား နေပြည်တော်တွင် ကျင်းပခဲ့ပြီး မြို့နယ် ၆ မြို့နယ်ရှိ အခြေခံကျန်းမာရေး ဝန်ထမ်းများ၏ ၇၄% ( ၇၁၄ ဦးအနက်မှ ၅၂၈ ဦး) သည် TEAM MCCT ၏ ထောက်ပံ့မှုဖြင့် (cIYCF) ဆိုင်ရာ သင်တန်းပေးမှုကို ရရှိခဲ့ပါသည်။<br>¦ အခြေခံကျန်းမာရေး ဝန်ထမ်းများ၏ ၄၈%သည် မိခင်အချင်းချင်း အကူအညီပေးရေးအဖွဲ့ (MtMSGs) များ စည်းရုံးလှုံ့ဆော်ရေး သင်တန်းများ တက်ရောက်ခဲ့ကြသည်- ဟားခါး၊ တီးတိန်နှင့် ဖလမ်းမြို့နယ်တို့မှ အခြေခံကျန်းမာရေး ဝန်ထမ်း ၄၃၉ ဦးအနက် ၂၀၉ ဦး တက်ရောက်ခဲ့ပြီး IRC မှ ကန်ပက်လက်နှင့် ပလက်ဝမြို့နယ်တွင် သင်တန်းများပေးခဲ့ပါသည်။<br>¦ အာဟာရဆိုင်ရာ အသိပညာပေးရေး ဟောပြောပွဲများအား မိခင်အချင်းချင်း အကူအညီပေးရေးအဖွဲ့ (MtMSGs) ကူညီဆောင်ရွက်သူများဖြင့် ၅၉% ဆောင်ရွက်ခြင်းဖြင့် လစဉ် ဆွေးနွေးမှု စုစုပေါင်း ၃,၂၃၆ကြိမ်ကို ၂၀၁၈ ခုနှစ်တွင် မြို့နယ်ပေါင်း ၉ မြို့နယ်စလုံးတွင်ဆောင်ရွက် ပြီးစီးခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ် မေလတွင် SCIမှ ဟားခါးရှိ မြို့နယ်ငါးမြို့နယ်မှ MCCT ကွင်းဆင်းဝန်ထမ်းများအား မြို့နယ်တစ်မြို့နယ်ချင်းစီမှ အစိုးရဝန်ထမ်းများနှင့်အတူ ပူးပေါင်းကူညီနိုင်ရန် ၄ ရက်ကြာ cIYCF သင်တန်းအား ကျင်းပ ပြုလုပ်ပေးခဲ့ပါသည်။ မြို့နယ်များတွင် သင်တန်းဆက်တိုက် ကျင်းပသည့် အချိန်တွင် မိတ်ဖက်အဖွဲ့မှ ဝန်ထမ်းများနှင့်အတူ ကူညီဆောင်ရွက်နိုင်ရန် အစိုးရဝန်ထမ်းများအား ဖိတ်ခေါ် ခဲ့ပါသည်။<br>¦ ကျေးရွာများသည် ကျန်းမာရေးဝန်ထမ်းများနှင့် အတူလက်တွဲ၍ ကျေးလက်ကျန်းမာရေးဌာန (RHC)များတွင် ဟင်းချက်ပြိုင်ပွဲများကျင်းပခြင်းကဲ့သို့သော ရပ်ရွာအခြေပြု အာဟာရဖွံ့ဖြိုးရေး လှုပ်ရှားမှုပေါင်း ၄၁ ခုကို အကောင်အထည်ဖော်ခဲ့ပါသည်။<br>¦ မိခင်အချင်းချင်း အကူအညီပေးရေးအဖွဲ့ (MtMSGs)များ၏ ဆွေးနွေးမှုများအား ကူညီဆောင်ရွက်သူများ (အခြေခံ ကျန်းမာရေး ဝန်ထမ်း (သို့) စေတနာ့ဝန်ထမ်းများ) မှ ကြီးကြပ်မှုအား အထောက်အကူပြုသည့် စစ်ဆေးရန် စာရင်းများကို အသုံးပြုပြီး TEAM MCCT ဝန်ထမ်းမှ ကျန်းမာရေးဝန်ထမ်းနှင့် ပူးပေါင်းကြီးကြပ် စစ်ဆေးသည့် ခရီးစဉ် စုစုပေါင်း ၁၇၉ ခု ဆောင်ရွက်ခဲ့ပါသည်။<br>¦ ကျေးရွာလူမှုစောင့်ရှောက်ရေး ကော်မတီ (Village Social Protect Committee - VSPC) အဖွဲ့ဝင်များအတွက် မိခင်အချင်းချင်း အကူအညီပေးရေးအဖွဲ့ (MtMSGs) ၏ အသိအမြင်များ မျှဝေခြင်း ဆွေးနွေးမှုများ၊ အာဟာရဆိုင်ရာ လှုပ်ရှားမှုများအပါအဝင် ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ရေး လှုပ်ရှားမှုများ စုစုပေါင်း ၃,၄၈၅ ခု ဆောင်ရွက်ခဲ့ပါသည်။<br>¦ စောင့်ကြည့် ကြီးကြပ်ရေးလုပ်ငန်း များ ၃ ကြိမ် ဆောင်ရွက်ခဲ့ပါသည်။ TEAM MCCT မှ ၂၀၁၈ ခုနှစ် ဧပြီ-မေ အတွင်း ပထမအကြိမ်တွင် အဓိက သတင်းပေးနိုင်သူနှင့် တွေ့ဆုံမေးမြန်းခြင်း ၈၅၇ကြိမ်၊ ၂၀၁၈ ဇူလိုင်-ဩဂုတ်အတွင်း ဒုတိယအကြိမ်အဖြစ် ၈၄၀ ကြိမ်နှင့် ၂၀၁၈ နိုဝင်ဘာ-ဒီဇင်ဘာတွင် တတိယအကြိမ်အဖြစ် ၈၂၄ ကြိမ် ပြုလုပ်ခဲ့ပါသည်။ ဆောင်ရွက်သည့် အကြိမ်တိုင်းတွင် မြို့ပေါင်း ၉ မြို့မှ ကျေးရွာပေါင်း ၅၇ရွာ လွှမ်းခြုံခဲ့ပါသည်။ |
| ၈ | TAG International<br><br>Plan Bee: ရှမ်းပြည်နယ် တောင်ပိုင်း ခေတ်မီ ပျားမွေးမြူခြင်းအား မိတ်ဆက်ခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခြင်း နှင့် ပျားရည်ထုတ်လုပ်ခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၁,၈၆၉,၉၆၇<br><br>၂၃/၁၀/၂၀၁၃ မှ ၃၀/၀၆/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | ¦ PSBE မှ ဝယ်ယူရန် ပျားရည်ကို ပိုမိုထိရောက်စွာစောင့်ကြည့်ရန်နှင့် အတည်ပြုရန် စနစ်သစ်တစ်ခု ထူထောင်ထားပါသည်။ ဤစနစ်အား လေ့ကျင့်ထားသည့် ပျားမွေးမြူသူများမှ ထုတ်လုပ်ထားသည့် အရည်အသွေးမြင့် အတည်ပြုပြီးသား ပျားရည်ကိုသာလုပ်ငန်းမှ ဝယ်ယူရန် ဒီဇိုင်းထုတ်ထားပါသည်။<br>¦ ပျားရည်ထုတ်လုပ်ခြင်းအား လေ့လာရာတွင် ပင်မ အဆင့်၃ဆင့် ခွဲခြားထားပါသည်- အစာရေစာ ရှားပါးချိန်၊ ဇီးပျားရည်နှင့် ပန်းနှမ်းမှထုတ်သည့်ပျားရည်ဖြစ်ပြီး သင်တန်းဆင်းများ နှင့် သင်တန်းသားများကြား ပျမ်းမျှ ထုတ်လုပ်မှုကို တိုင်းတာပါသည်။<br>¦ ၂၀၁၈ ခုနှစ် ဒီဇင်ဘာအထိ ပျားမွေးမြူခြင်းနှင့် သက်ဆိုင်သည့် လုပ်ငန်းများတွင် ပါဝင်ပတ်သက်ပြီး (HLO1) စီမံချက်နှင့် ဝင်ငွေတိုးလာသည့် အိမ်ထောင်စု ပေါင်း ၄၀၀ ရှိပြီး အမျိုးသမီး ၁၄၉ ဦး ပါဝင်ပါသည်။<br>¦ ၂၀၁၈ ခုနှစ် Plan Bee ပျားမွေးမြူရေး လုပ်ငန်းလုပ်သူများ (သင်တန်းဆင်းများ နှင့် သင်တန်းသားသစ်များ) မှ ထုတ်လုပ်သည့် ပျားရည်ပမာဏ မှာ ၈၅.၂ တန်ဖြစ်ပါသည်။<br>¦ PBSE ဖွဲ့စည်းပုံလက်အောက်တွင် ရှိပြီးသော PBSE TVET သင်တန်းကျောင်းမှာ ပျားမွေးမြူရေး လုပ်ငန်းရှင် အသစ်များအား လုံလောက်သည့် လုပ်ငန်းစတင်ရန် ကိရိယာများရရှိစေနိုင်ခဲ့ပါသည်။<br>¦ PBSE မှ ပျားရည်စစ်ဆေးရန် စနစ်ကျနသည့် အရည်အသွေး ထိန်းချုပ်မှုစနစ်ကို ဖော်ဆောင်ပြီး တရားမျှတသော ကုန်သွယ်မှုအတွက် အသိအမှတ်ပြုလက်မှတ် ရရှိခဲ့ပါသည်။<br>¦ PBSE မှ လုပ်ငန်းဆိုင်ရာ နှင့် လွတ်လပ်သည့် စီမံအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု နှင့် ဘဏ္ဍာရေးဆိုင်ရာ ဖွဲ့စည်းပုံကို ဖော်ဆောင်ခဲ့ပါသည်။<br>¦ ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ သင်တန်းမှတဆင့် Plan Bee စီးပွားဖြစ် ပျားမွေးမြူသူများက ၎င်းတို့ ကိုယ်တိုင် ပျားဘုရင်မ မေထုန်မဲ့မျိုးစပ်ခြင်း ဆောင်ရွက်နိုင်ကြောင်း ပြောဆိုကြပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၉ | Karen Development Network (KDN)<br><br>နေရပ်စွန့်ခွာ နေထိုင်သူများ၏ အသက်မွေးမှုများ ပိုမို ကောင်းမွန်လာရေး (ELDP)<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၁,၈၃၇,၄၁၄<br><br>၀၄/၀၇/၂၀၁၆ မှ ၃၀/၀၆/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | ¦ ရပ်ရွာလူထု အသက်မွေးမှု သင်တန်းကျောင်းမှ စံသတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းရှိသည့် နည်းပညာ သင်တန်း ၆ မျိုး သင်ကြားပေးလျက်ရှိပြီး ၂၀၁၈ ခုနစ်တွင် သင်တန်း ၅ ကြိမ် အောင်မြင်စွာ ကျင်းပပြီး ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်အထိ စီမံကိန်းရွာ မဟုတ်သည့် ရွာများမှ သင်တန်းသားများ အပါအဝင် သင်တန်းသား ၃၅၄ ဦး ( အမျိုးသား - ၁၇၅ ဦး နှင့် အမျိုးသမီး -၁၇၉ ) တို့သည် ဘဝတွက်တာ ကျွမ်းကျင်မှုများ အပါအဝင် ၆- ပတ်ကြာ သင်တန်းများ တက်ရောက်ခဲ့ကြပါသည်။<br>¦ လူထုအခြေပြု အသက်မွေး ပညာသင်တန်းကျောင်း (Community Vocational Trainging Center – CVTC) မှ သင်တန်းဆရာ ၁၁ ဦးတို့သည် သင်ရိုးညွှန်းတန်းဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ဆရာဖြစ် သင်တန်းနှင့် ဘဝတွက်တာ ကျွမ်းကျင်မှု သင်ခန်းစာဆိုင်ရာ ဆရာဖြစ် သင်တန်း ၂ ကြိမ် တက်ရောက်ခဲ့ပြီး၊ ပိုအရေးကြီးသည့် ADRA Thailand မှ ကျွမ်းကျင်သူများပို့ချသည့် အဆင့်မြင့်နှင့် သင်တန်းသား ဗဟိုပြုသင်တန်းနည်းလမ်းအား တက်ရောက်ခဲ့ပါသည်။ အသက်မွေးမှု သင်တန်း ဆရာများက အဆိုပါ ဆရာဖြစ်သင်တန်းများ တက်ရောက်ပြီးသည့်အချိန် တွင် သင်တန်းပို့ချခြင်းဆိုင်ရာ ကျွမ်းကျင်မှုများနှင့် ပတ်သက်၍ မိမိကိုယ်မိမိ ပိုမိုယုံကြည်မှုရှိလာကြောင်း သိရှိရပါသည်။<br>¦ CVTC သင်တန်းကျောင်း အဆောက်အဦ ၅ ခု ပြီးစီးပြီး လုပ်ငန်း စတင်လည်ပတ်နေပြီ ဖြစ်ကာ အမျိုးသမီး အဆောင်များအတွက် လိုအပ်သည့် လုံခြုံရေး အစီအမံများထားရှိပြီး ဖြစ်ပါသည်။<br>¦ လုပ်ငန်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အား ငှားရမ်းခန့်ထားခဲ့ပြီး စိတ်ဝင်စားသူများ နှင့် အသေးစားထောက်ပံ့ငွေ ရရှိသူများအတွက် စီးပွားရေး လုပ်ငန်းဆိုင်ရာ သင်တန်းပေးခဲ့ပါသည်။ အသက်မွေးမှု သင်တန်းများမှ သင်တန်းသား ၂၅ ဦး (အမျိုးသမီး ၁၅ ဦး) အား အသေးစား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ပါသည်။<br>¦ စီမံချက်အနေဖြင့် CVTC တွင် ကျွမ်းကျင်မှု စစ်ဆေးသည့် သင်တန်းတစ်ခု ပို့ချပေးနိုင်ရန် အမျိုးသားအဆင့် လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ် ပြဌာန်းရေးအဖွဲ့ နှင့် သဘောတူညီချက် ရယူနိုင်ခဲ့သဖြင့် သင်တန်းမှာ တန်ဖိုး ပိုမြင့်ခဲ့ပါသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၄၀ ဦး ၏ ပန်းရံ (အုတ်စီလုပ်သား) နှင့် လက်သမား (အောက်ဖော်ပြပါ ဇယား အား ကြည့်ပါ) ဆိုင်ရာ ကျွမ်းကျင်မှု နှစ်မျိုးကို စစ်ဆေးခဲ့ပါသည်။ CVTC ၏ တာဝန်မှာ အစိုးရ နှင့် ပုဂ္ဂလိက ကဏ္ဍ မဟာဗျူဟာတို့နှင့် အပြည့်အဝကိုက်ညီသည့် လုပ်ငန်းဆိုင်ရာ ဈေးကွက်နှင့် သင့်တော်မည့် ကျွမ်းကျင်မှုများ တည်ဆောက်ပေးရန် ဖြစ်သည်။ CVTC တွင် ပို့ချသည့် သင်တန်းများ အားလုံးမှ ဈေးကွက်နှင့် သင့်လျော်သည့် သင်တန်းများဖြစ်သော်လည်း သင်တန်းအနည်းငယ်သာ NSSAဖ နှင့် ရှိဆဲ ကျွမ်းကျင်မှု စံ သတ်မှတ်ချက် ကို ချိတ်ဆက်နိုင်ပါသည်။ မော်တော်ဆိုင်ကယ် ပြင်သင်တန်း (သို့) အချက်အပြုတ်နှင့် မုန့်ဖုတ်သင်တန်းတို့ကဲ့သို့သော အခြားအသက်မွေးမှု သင်တန်းများ၏ ကျွမ်းကျင်မှု စစ်ဆေးရန်လည်း အစီအစဉ် ဆွဲထားပါသည်။<br>¦ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် တနင်္သာရီတိုင်းဒေသကြီး၌ CVTC သည် NSS အသိအမှတ်ပြု ကျွမ်းကျင်မှု စစ်ဆေးသည့်ဌာန ဖြစ်လာခဲ့ပါသည်။ NSSA မှ တရားဝင် အသိအမှတ်ပြုလက်မှတ်အား နှစ်နှစ် သက်တမ်းဖြင့် ထုတ်ပေးခဲ့ပါသည်။<br>¦ CVTC မှ သင်တန်းသားများ၊ ပြင်ပမှ တစ်ဦးချင်း ပုဂ္ဂိုလ်များ နှင့် သင်တန်းဆရာများ ပါဝင်သည့် အယောက် ၄၀ အတွက် ကျွမ်းကျင်မှု စစ်ဆေးခြင်း (NSSA- အဆင့် ၁) နှစ်ကြိမ် ကျင်းပခဲ့ပါသည်။ ထိုသို့ စစ်ဆေးရာတွင် တက်ရောက်သူ စုစုပေါင်း၏ ၈၈%သည် လိုအပ်ချက်များပြည့်မီ၍ အသိအမှတ်ပြု လက်မှတ်များ ရရှိခဲ့ပါသည်။<br>¦ CVTC (ပန်းရန်) သင်တန်းဆရာ တစ်ဦးမှာ ကျွမ်းကျင်မှု စစ်ဆေးသူအဆင့်ကို ရရှိခဲ့ပါသည်။ ထိုသို့ရရှိခြင်းမှ လိုအပ်သည့် ပညာအရည်အချင်း၊ နည်းပညာဆိုင်ရာ နောက်ခံအခြေအနေ နှင့် အသိအမှတ်ပြုသည့် ကျွမ်းကျင်မှု တို့ဖြစ်ပါသည်။ စီမံချက်မှ အခြားသင်တန်းဆရာများအတွက်လည်း ကျွမ်းကျင်မှု စစ်ဆေးသူ အဆင့်ရရှိနိုင်ရန် စီစဉ်လျက် ရှိပါသည်။<br>¦ ရပ်ရွာလူထု/ကျေးရွာပေါင်း ၈ရွာမှ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ဖော်ဆောင်ခဲ့ပါသည်။ တချိန်တည်းမှာပင် ဦးတည်ရွာများအားလုံးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများရှိပြီး ကျေးရွာ ၃၂ ရွာတွင် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် (ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စာအုပ်-Village Book)များ ရှိကြ ပါသည်။<br>¦ လေ့လာ၊ သုံးသပ်ပြီး သင်ခန်းစာများရယူရန် နှင့် အနာဂတ် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်အား လမ်းကြောင်းမှန်ပေါ်တွင် ရှိစေရန် အတွက် လုပ်ငန်း စီမံချက် ရေးဆွဲရန်ရည်ရွယ်သည့် သင်ယူလေ့လာခြင်း နှင့် ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲများအား မြို့နယ် သုံးမြို့နယ် (နေရာ သုံးနေရာ) တွင် ရပ်ရွာလူထု အစုအဖွဲ့ ၃၁ စုမှ တက်ရောက်သူပေါင်း ၁၃၄ ဦး တို့ဖြင့် ကျင်းပခဲ့ပါသည်။<br>¦ သင်ရိုးညွှန်းတမ်းအား ဘာသာစကား သုံးမျိုး- အင်္ဂလိပ် (ပင်မ ဗိုင်)၊ မြန်မာ နှင့် ကရင်ဘာသာစကားတို့ဖြင့် ရရှိနိုင်ပါသည်။<br>¦ ပေါင်းစည်းထားသည့် အဖွဲ့မှ ဒါရိုက်တာဘုတ်အဖွဲ့အတွက် လုပ်ငန်းလမ်းညွှန်နှင့် ကျင့်ဝတ်တို့အား ရေးဆွဲခဲ့ပါသည်။<br>¦ KDN စီမံချက်မှ သက်ဆိုင်ရာ အစိုးရအရာရှိများ၊ နယ်မြေအခြေစိုက် ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ၊ ပါဝင်သည့် မြို့နယ်အဆင့် ပတ်သက်ဆက်နွယ်သူ ပေါင်းစုံပါဝင်သည့် အစည်းအဝေးအား လေးကြိမ် ကျင်းပခဲ့ပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁၀ | Myanmar Institute for Integrated Development (MIID)<br><br>လယ်ယာအကြံပေးလုပ်ငန်းများ၊ အာဟာရဖြည့်တင်ရေး၊ အသိပညာပေး လုပ်ငန်းများဖြင့် အာဟာရဆိုင်ရာ ရလဒ်ကောင်းများ ဖော်ဆောင်ရေး၊ ချင်းပြည်နယ် ကျေးလက်အဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံ ခိုင်မာလာရေး<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၁,၆၇၅,၄၁၀<br><br>၁၄/၀၆/၂၀၁၆ မှ ၃၁/၀၅/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | ¦ စီမံချက်မှ ပြည်နယ် စိုက်ပျိုးရေးသိပ္ပံ (SAI)လုံပီး နှင့် ခိုင်မာအားကောင်းသည့် ဆက်ဆံရေးတစ်ရပ် တည်ဆောက်ခဲ့ပြီး SAI သင်တန်းသားများအတွက် ကွင်းဆင်းလုပ်ငန်း အတွေ့အကြုံရရှိစေရန် သဘောတူညီချက် တစ်ရပ်အား ၂၀၁၈ ခုနှစ် မေလတွင် လက်မှတ်ရေးထိုးခဲ့ပြီး၊ ထိုသဘောတူညီချက်တွင် အကျုံးဝင်သည့် ၂၀၁၈ခုနှစ် မေလ မှ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း သင်တန်းသားများ လက်တွေ့ကွင်းဆင်းခြင်း၃ကြိမ် ဆောင်ရွက်ခဲ့ကြပါသည်။ ပြည်နယ်စိုက်ပျိုးရေး သိပ္ပံတွင် စီမံချက်မှ တည်ထောင်ခဲ့သည့် သရုပ်ပြနေရာအား ချဲ့ထွင်ခြင်း၊ ပစ္စည်းပြန်လည်ဖြည့်တင်းခြင်း နှင့် ေရရရှိရေးအတွက် အသစ်ပြန်လည် လုပ်ဆောင်ခဲ့ပါသည်။ စီမံချက်မှ သင်တန်းသားများအတွက် ေနရာချထားခြင်း၊ အထူးသဖြင့် ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းခြင်း(IPM) ခေါင်းစဉ်များ၊ ပါဝင်သည့် စာသင်ခန်းအတွင်း သင်တန်းသားများအတွက် သင်ထောက်ကူ ပစ္စည်းများအဖြစ် ဓါတ်ခွဲခန်းသုံး ကိရိယာများ - မိုက်ကရို စကုပ်၊ လက်ပ်တော့ပ် နှင့် ပရိုဂျက်တာများ လှူဒါန်းခဲ့ပါသည်။<br>¦ ကြက်မွေးမြူရေး စီမံချက်ခွဲအား တိုးချဲ့ခဲ့ပါသည်။ စီမံချက်၏ အဆင့်မြင့်နည်းပညာ အကြံပေး ပုဂ္ဂိုလ်မှ ကြက်ခြံများ ဆောက်လုပ်ခြင်းနှင့် ကျန်းမာရေးနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ခြင်း သင်တန်းများအား ဦးဆောင် ပို့ချပေးခဲ့ပြီး စီမံချက် ကျေးရွာများအားလုံးတွင် စံပြ ကြက်မွေးမြူရေးခြံများ တည်ထောင်ပေးခဲ့ပါသည်။<br>¦ ဟားခါးရှိ ငါးလုပ်ငန်းဦးစီးဌာန နှင့် စီမံချက်၏ လက်ရှိလုပ်ငန်းရောက်ရှိမှုအား တိုးချဲ့ရန် နှင့် စီမံချက် နှင့် ဌာနဆက်ဆံရေးအား ရေရှည်တည်တံ့သည့် ဆက်ဆံရေးအဖြစ် အားကောင်းစေရန်အတွက် စီမံချက်သည် ငါးလုပ်ငန်းဦးစီးဌာန နှင့် လက်တွဲ၍ ငါးလုပ်ငန်း နှင့် ရေလုပ်ငန်းဆိုင်ရာ ပူးတွဲသင်တန်းများအား အစပျိုးခဲ့ပါသည်။<br>¦ မွေးမြူရေးနှင့် ရေလုပ်ငန်းအတွက် ရေရှည်တည်တံ့မည့် တိရိစ္ဆာန်အစာဆိုင်ရာ ဖြေရှင်းနည်းလမ်းများအား သုတေသနပြုခဲ့ပါသည်။ သုတေသနမှ ကြက်နှင့် ငါးများအတွက် အလားအလာရှိသည့် အစာ ကွာဟချက်များ ရှာဖွေဖော်ထုတ်ခဲ့ပြီး စီမံချက် နောက်ဆုံးအဆင့်တွင် စစ်ဆေးပြီး စမ်းသပ်ဆောင်ရွက်ရန် ရေရှည်တည်တံ့သည့် တိရိစ္ဆာန်အစာဆိုင်ရာ ဖြေရှင်းနည်းလမ်းများအား ရှာဖွေသည့် နည်းလမ်းများကို ဖော်ထုတ်ခဲ့ပါသည်။ ယင်းနည်းလမ်းများတွင် တီကောင်မွေးမြူခြင်းမှာ အားကောင်းပြီး တိုးချဲ့နိုင်သည့် နည်းလမ်းအဖြစ် တွေ့ရှိရပါသည်။<br>¦ စီမံချက်မှ လုံးပီးရှိ ပြည်နယ်စိုက်ပျိုးရေးသိပ္ပံနှင့် ခိုင်မာအားကောင်းသည့် ဆက်ဆံရေးတစ်ရပ် ထူထောင်ထားပြီး ၂၀၁၈ ခုနှစ် မေလတွင် နားလည်မှုစာလွှာ လက်မှတ်ရေးထိုးကာ စိုက်ပျိုးရေး သိပ္ပံကျောင်းသားများ ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကူညီဆောင်ရွက်ပေးရန် သဘောတူခဲ့ပါသည်။<br>¦ ကာလလယ် သုံးသပ်ချက် (MTR) အား မတ်လတွင် အပြီးသတ်ခဲ့ပြီး ယင်းသုံးသပ်ချက်တွင် ပါဝင်သည့် အကြံပြုချက်များအပေါ် မူတည်၍ စီမံချက်လုပ်ငန်းနယ်ပယ်ကို ပြုပြင်ပြောင်းလဲခဲ့ပါသည်။ |
| ၁၁ | SWISSAID<br><br>တောင်တန်းဒေသ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အတွက် အသေးစား ရန်ပုံငွေပံ့ပိုးခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၃,၄၉၉,၉၂၉<br><br>၂၉/၀၇/၂၀၁၆ မှ ၃၀/၁၁/၂၀၁၈<br><br>*ဆောင်ရွက်ဆဲ* | ¦ CSO ၆၄ ဖွဲ့အား တောင်တန်းဒေသ မြို့နယ်ရန်ပုံငွေ (UTF) ထောက်ပံ့ခဲ့ပြီး ထိုထဲမှ တစ်ဝက်ကျော် ( ထောက်ပံ့ငွေ ရရှိသည့်အဖွဲ့ ၃၅ ဖွဲ့) မှာ "ဒေသခံ အာဏာပိုင်များမှ အသိအမှတ်ပြုမှု တိုးမြင့်လာသည်"ဟု သုံးသပ်ခြင်းခံခဲ့ရပါသည်။<br>¦ CSO များမှ မွေးမြူရေးဆိုင်ရာ ကိစ္စရပ်များအား ဒေသခံအာဏာပိုင်များထံ တင်ပြနိုင်ခဲ့ပြီး ကူညီထောက်ပံ့မှု နှင့် ပူးပေါင်းဆောင်ရွက်မှုများလည်း ရယူနိုင်ခဲ့ပါသည်။ အချို့အစိုးရ အရာရှိများသည် CSO များမှ ကျင်းပသည့် အစည်းအဝေးများနှင့် ဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်လိုသည့် ဆန္ဒရှိကြောင်း နှင့် ဌာနဆိုင်ရာ အစည်းအဝေးများနှင့် လှုပ်ရှားမှုများတွင် CSO များအား ဖိတ်ကြားလိုကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ အချို့အစိုးရဌာနများမှ စတင်ဆက်သွယ်ပြီး အစိုးရ၏ ဖွံ့ဖြိုးရေး စီမံချက်များအတွက် အချက်အလက်များ ရရှိနိုင်ရန် CSO များ၏ အစီအစဉ်များနှင့် သတင်းအချက်အလက်များ တောင်းခံခဲ့ပါသည်။<br>¦ လက်ရှိအခြေအနေအထိ အားကောင်းသည့် အသိအမှတ်ပြုမှုရှိသည့် ထောက်ပံ့ငွေရယူခဲ့သည့် အဖွဲ့ ၁၃ဖွဲ့ အား သုံးသပ်ရာတွင် မြို့နယ်အများစုတွင် ပုဂ္ဂလိက ကဏ္ဍ နှင့် ပိုမိုကျယ်ပြန့်သည့် ဈေးကွက် ချိတ်ဆက်ခြင်းမှာ စိန်ခေါ်မှု တစ်ရပ်အဖြစ်ရှိနေဆဲ ဖြစ်ပါသည်။<br>¦ အဆိုပါ ထောက်ပံ့ငွေရယူသည့် အဖွဲ့ ၁၃ ဖွဲ့အပြင် နောက်ထပ် ထောက်ပံ့ငွေရယူသည့် ၁၇ ဖွဲ့မှ ဈေးကွက် နှင့် ထုတ်ကုန် တန်ဖိုးမြှင့်ရေး အခွင့်အလမ်းများဆိုင်ရာ သတင်းအချက်အလက်ရယူရန် စိုက်ပျိုးရေး ထွက်ကုန် ကြားပွဲစားများကဲ့သို့ ဒေသခံ အငယ်စား ပုဂ္ဂလိကကဏ္ဍ နှင့် ထိတွေ့ဆောင်ရွက်မှုများ တိုးမြှင့်ခဲ့ပါသည်။<br>¦ ပတ်သက်ဆက်နွယ်သူ အမျိုးမျိုးနှင့် ဆက်ဆံရေးတည်ဆောက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့သည် ထောက်ပံ့ငွေရယူသည့်အဖွဲ့များ၏ မဟာဗျူဟာများ၏ အရေးကြီးအစိတ်အပိုင်း ဖြစ်လာပြီး ၎င်းတို့မှာ ေတာင်တန်းဒေသ မြို့နယ် ရန်ပုံငွေ၏ အထောက်အပံ့ဖြင့် ဒေသခံအသက်မွေးမှု ကဏ္ဍတွင် အရေးပါသည့် လှုပ်ရှားဆောင်ရွက်သူများ ဖြစ်လာကြပါသည်။<br>¦ ထောက်ပံ့ငွေ ရယူသည့်အဖွဲ့များ၏ ၅၅% မှာ ဒေသခံအာဏာပိုင်များ နှင့် ပူးပေါင်းဆောင်ရွက်ခြင်း/ အသိအမှတ်ပြုခံရခြင်းတို့ သိသာထင်ရှားစွာ တိုးတက်လာပြီး ဖြစ်ပါသည်။ ထောက်ပံ့ငွေရယူသည့် အဖွဲ့များထဲမှ ကျန် ၄၅% သည် ၎င်းတို့၏ စီမံချက် လုပ်ငန်းများအား အစိုးရ အသိအမှတ်ပြုမှု ရရှိရန် ဆက်ဆံရေးများ တိုးမြှင့်တည်ဆောက်ခဲ့ပါသည်။<br>¦ CSO များကြား ဆက်ဆံရေး နှင့် ညှိနှိုင်းဆောင်ရွက်ရေးမှာ ပိုမို တိုးတက်ကောင်းမွန်လာခဲ့ပါသည်။ CSO များကြား ပုံမှန်အစည်းအဝေးများကို မြို့နယ် ၁၁ မြို့နယ်တွင် ကျင်းပလေ့ရှိပြီး ပိုမိုနည်းလမ်းကျနသည့် မြို့နယ် အဆင့် CSO ကွန်ရက်များမှာ မြို့နယ် ရှစ်မြို့နယ်တွင် လှုပ်ရှား ဆောင်ရွက်လျက်ရှိပါသည်။<br>¦ အရပ်ဘက်လူမှုအဖွဲ့အစည်း လှုပ်ရှားဆောင်ရွက်သူများ အချင်းချင်း ချိတ်ဆက်မှုများမှာ သိသာထင်ရှားစွာ အားကောင်းလာပြီး၊ ယခုအခါ ထောက်ပံ့ငွေ ရယူသူ ၉၂% မှာ အခြား လှုပ်ရှားဆောင်ရွက်သူများနှင့် ပိုမိုအား ကောင်းသည့် ချိတ်ဆက်မှုများ ရှိနေပြီဖြစ်သည်။<br>¦ တောင်တန်းဒေသမြို့နယ် ရန်ပုံငွေ (UTF) ချဉ်းကပ်နည်းလမ်းသည် မြို့နယ်အဆင့် CSO များ၏ အစည်းအဝေးများအတွက် အခွင့်အလမ်းများ ယူဆောင်ခဲ့ပြီး ယခုအချိန်အထိ မြို့နယ်လေးမြို့နယ်ရှိ မြို့နယ်အဆင့် အရပ်ဘက် လူမှုအဖွဲ့အစည်း ကွန်ရက်များ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် UTF မှ အထောက်အပံ့ပေးထားပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁၂ | The Border Consortium (TBC)<br><br>တောင်တန်းဒေသ အာဟာရ၊ ဖွံ့ဖြိုးရေး နှင့် စိုက်ပျိုးရေး အတွက် ရေရှည်တည်တံ့သည့် အသွင်ကူးပြောင်းမှု (STAND UP)<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၂,၉၆၆,၉၃၉<br><br>၀၁/၀၅/၂၀၁၇ မှ ၃၀/၀၆/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | - သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှုတွင် အခွင့်အရေး အခြေခံချဉ်းကပ်နည်းလမ်းများ ပိုမိုတိုးမြှင့်ခြင်းမှာ စီမံချက်၏ မဏ္ဍိုင်များထဲမှ တစ်ခု ဖြစ်ပါသည်။ ကရင်အမျိုးသား အစည်းအရုံး(KNU) သို့ တစ်ဦးချင်း မြေယာမှတ်ပုံတင် လျှောက်ထားသည့်လျှောက်လွှာပေါင်း ၉,၅၀၀ ကျော်ရှိပြီး နောက်ထပ် လျှောက်ထားသူ ၄၅၀ မှာ အစိုးရ၏မြေယာ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်မှ အသိအမှတ်ပြုရန် တောင်းခံထားပါသည်။ တောင်သူ ၂,၁၀၀ ကျော်တို့ မှ နှစ်ရှည်လများကြာအောင် ဖြစ်ပွားသည့် ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသဖြင့် စိုက်ပျိုးမြေများ စွန့်လွှတ် ခဲ့ရသူများ (သို့) ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးတွင် ကျွမ်းကျင်မှုများ တိုးတက်ကောင်းမွန်လာသူများ ဖြစ်ကြပါသည်။<br>- စီမံချက်အနေဖြင့် တောင်သူများ ၎င်းတို့၏ မြေယာများအား မှတ်ပုံတင်ရာတွင် အစိုးရ၏ ဖောင်ပုံစံ-၇ လုပ်ငန်းစဉ်ဖြင့် အကူအညီပေးခဲ့ပြီး KNU စိုက်ပျိုးရေး ဦးစီးဌာနတွင် မြေယာမှတ်ပုံတင်နိုင်ရန် နည်းလမ်းများ ရှာဖွေရန် KNU နယ်မြေ အရာရှိများနှင့် တွေ့ဆုံကာ ကူညီဆောင်ရွက် ပေးခဲ့ပါသည်။ ထိုမြေယာများမှ ပြည်ထောင်စုအစိုးရနှင့် KNUတို့၏အုပ်ချုပ်မှုများအောက်တွင် တစ်စိတ်တစ်ပိုင်းစီ ရှိနေကြပြီး၊ ထို့အတွက်ကြောင့် KNU ၏ အသိအမှတ်ပြုမှုအချို့မှာ အနည်းဆုံးအနေဖြင့် မြေယာတောင်းခံမှုများကို အားကောင်းစေပြီး မြေယာအငြင်းပွားမှုများအား လျော့ကျစေရန် သဘောတူခဲ့ပါသည်။ KNU ၏ မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်မှတဆင့် မြေယာအသုံးပြုခွင့် လက်မှတ်များ ထုတ်ပေးခြင်းကြောင့် ဒေသခံရွာသားများအနေဖြင့် ၎င်းတို့၏ ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်များအား အသိအမှတ်ပြုခြင်းဖြင့် အာမခံချက်ရှိပြီဟု ယူဆလျက်ရှိပါသည်။<br>- TBC မှ ဓလေ့ထုံးတမ်း မြေယာလုပ်ကိုင်မှု ဖြစ်ထွန်းအားကောင်းစေခြင်း၏ စိန်ခေါ်မှုများနှင့် ပူးတွဲစည်းရုံးလှုံ့ဆော်ရန် အခွင့်အလမ်းများအား ရှာဖွေဖော်ထုတ်ရန် ၂ ရက်ကြာ မြေယာဌာနမ်းလုပ်ကိုင်ခြင်းနှင့် တိုင်းရင်းသားလူမျိုးများ အလုပ်ရုံဆွေးနွေးပွဲအား ၂၀၁၈ခုနှစ် ဇွန်လတွင် ရန်ကုန်တွင် ကျင်းပခဲ့ပါသည်။အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့အစည်း ၁၈ဖွဲ့ (CSO ၁၅ဖွဲ့၊ အိုင်အန်န်ဂျီအို ၂ ဖွဲ့ နှင့် LIFT) တို့မှ ကိုယ်စားလှယ် ၄၁ ဦး (အမျိုးသမီး ၄၁%) တက်ရောက်ခဲ့ပါသည်။<br>- TRIPNET သည် ဇန်နဝါရီလတွင် သယံဇာတထိန်းသိမ်းစောင့်ရှောက်ရေး အသိအမြင်တိုးမြှင့်ရေး လှုပ်ရှားမှုအဖြစ် နှစ် ၃၀၀ သက်တမ်းရှိ နော်ဘောဘော ပိတောက်နက်ပင် (Afzelia Xylocarpas) အား သက်န်းစည်းပေးသည့် အခမ်းအနားကို ကျင်းပခဲ့ပါသည်။ ထိုအခမ်းအနားတွင် KNLA၊ KNU၊ မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံ သစ်တောဦးစီးဌာန၊ CSO များနှင့် ဒေသခံများတက်ရောက်ခဲ့ပြီး အဆိုပါထူးခြားသည့် သစ်ပင်အား အသိအမှတ်ပြုခြင်း ထိန်းသိမ်းစောင့်ရှောက်ထားမှုအား အောင်ပွဲခံခြင်းနှင့် ရေရှည်တည်တံ့သည့် သစ်တောစီမံခန့်ခွဲမှု၏ အရေးပါပုံကို ဆွေးနွေးခဲ့ကြပါသည်။<br>- TRIPNET မှ ထားဝယ်မြို့နယ်တွင် သယံဇာတ စီမံခန့်ခွဲရေးဆိုင်ရာ အသိပညာပေးရေးအတွက် အခြားဆန်းသစ်တီထွင်သည့် ချဉ်းကပ်နည်းလမ်းများဖြင့် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ဖေဖော်ဝါရီလက အမ်လား (ထီးခဲ) ဒေသတွင် KNU မှ လူငယ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးရေး အစီအစဉ်များ၊ ရပ်ရွာအခြေပြု ထိန်းသိမ်းစောင့်ရှောက်ရေး နည်းလမ်းများ နှင့် မျိုးစေ့ စုဆောင်းခြင်းတို့တွင် TRIPNET၏ အကြံဉာဏ်များ တောင်းခံခဲ့ပါသည်။<br>- TBC မှ အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့များ တစ်ခုချင်းစီအတွက် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ဆန်းစစ်ချက်များ ပြုလုပ်ခဲ့ပါသည်။ ယင်းတို့တွင် အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများ၊ စားနပ်ရိက္ခာဖူလုံရေး နှင့် အသက်မွေးဝမ်းကျောင်းမှု စီမံကိန်းဆောင်ရွက်ခြင်းဆိုင်ရာ နည်းပညာ စွမ်းဆောင်ရည်များအား ဆန်းစစ်ခြင်းတို့ပါ ပါဝင်ပါသည်။ အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု စီမံချက်များအားလည်း သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ဖွဲ့ချင်းစီ အလိုက် ရေးဆွဲသွားမည် ဖြစ်ပါသည်။ |

## ၁၀.၄.၅ ၂၁၀၈ ခုနှစ်အတွင်း ရွှေ့ပြောင်းသွားလာရေး အစီအစဉ် ၇ ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | BBC Media Action<br><br>ကျပ်ချပ်၊ ရွှေ့ပြောင်းသွားလာရေး နှင့်ငွေကြေးတို့ကို အကျိုးအရှိဆုံးဖြစ်စေခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၃,၀၃၅,၉၄၃<br><br>၀၁/၁၀/၂၀၁၆ မှ ၃၀/၀၉/၂၀၂၀<br><br>*ဆောင်ရွက်ဆဲ* | ¦ ရေကြည်ရာ ဇာတ်လမ်းတွဲ ၅၂ ခု (ဇာတ်လမ်းတွဲ ၁၇ -၆၈ အထိ) ကို ထုတ်လွှင့်ခဲ့ပါသည်။<br>¦ ရေကြည်ရာ ဖေ့စ်ဘုတ် စာမျက်နှာတွင် ဓါတ်ပုံများ နှင့် ဗွီဒီယိုများအပါအဝင် ပုံစံအမျိုးမျိုး အသုံးပြု၍ ပို့စ်ပေါင်း ၃၄၃ ခု တင်ခဲ့ပါသည်။<br>¦ ပြည်နယ်နှင့်တိုင်း ၁၄ ခုတွင် အပတ်စဉ် နားဆင်သူ ကလပ်အဖွဲ့ပေါင်း ၄၀ အား ဆောင်ရွက်ရန် အဖွဲ့အစည်း ၁၃ ခုနှင့် မိတ်ဖက်ပြုထားပါသည်။ တစ်ဦးချင်းနားဆင်သူ စုစုပေါင်း ၂,၀၁၀ တို့ နားဆင်သူ အုပ်စုတွေ့ဆုံပွဲများတွင် ပါဝင်ဆင်နွှဲခဲ့ကြပြီး ပါဝင်တက်ရောက်သူများ၏ ၆၈% မှာ အမျိုးသမီးများဖြစ်ပါသည်။<br>¦ Outreach အဖွဲ့မှ ပြည်နယ်/တိုင်း ၉ ခုသို့ စောင့်ကြည့်ကြီးကြပ်ခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း ခရီးစဉ်များ စေလွှတ်ခဲ့ပါသည်။<br>¦ စွမ်းဆောင်ရည်မြှင့်တင်ရေး လှုပ်ရှားမှုများအတွက် အလားအလာရှိသော မီဒီယာ မိတ်ဖက်များအား ဖော်ထုတ်ရန် လေ့လာမှုကို ဆောင်ရွက်ခဲ့ပါသည်။ (MAP ရေဒီယို အပါအဝင်) မီဒီယာ မိတ်ဖက်အဖွဲ့ ကိုးဖွဲ့နှင့် မိတ်ဖက်ပြုမှုဆိုင်ရာ သဘောတူညီချက်စာချုပ်များ လက်မှတ်ရေးထိုးခဲ့ပါသည်။<br>¦ လက်လှမ်းမီမှု နှင့် ထုတ်လုပ်ရေးဆိုင်ရာ သင်တန်းပို့ချပေးနိုင်သည့် စွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်ချက်ဖြင့် ရေကြည်ရာအဖွဲ့အတွက် ဆရာဖြစ်သင်တန်း အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပပေးခဲ့ပါသည်။<br>¦ ရန်ကုန်၊ ကယားနှင့် တနင်္သာရီ တို့တွင် မီဒီယာ မိတ်ဖက်အဖွဲ့ ကိုးဖွဲ့မှ ပါဝင်တက်ရောက်သူ ၃၇ ဦးအား ရေဒီယိုဇာတ်လမ်းပုံစံဖြင့် သတင်းတင်ဆက်ခြင်းနှင့် မီဒီယာ သင်တန်း ၃ကြိမ် ပို့ချပေးခဲ့ပါသည်။<br>¦ ရေဒီယို မိတ်ဖက် ၇ ဖွဲ့လုံးအား စဉ်ဆက်မပြတ် သင်ကြားပို့ချပေးခဲ့ပါသည်။<br>¦ ကမ္ဘာ့ရေဒီယိုနေ့ ဆွေးနွေးခန်း ၅ ခုအား မီဒီယာမိတ်ဖက်အဖွဲ့များနှင့် လက်တွဲ၍ ကချင်၊ ကရင်၊ ရှမ်းနှင့် ချင်းပြည်နယ်တို့တွင် တိုင်းရင်းသား ဘာသာစကား ၅ မျိုးဖြင့် တင်ဆက်ခဲ့ပါသည်။<br>¦ ရေကြည်ရာ နားဆင်သူ ကလပ်အဖွဲ့၏လှုပ်ရှားမှုအား အကဲဖြတ်သုံးသပ်ရန် အရည်အသွေး သုတေသနပြုလုပ်ခဲ့ပါသည်။ (ရန်ကုန်၊ ကရင် နှင့် စစ်ကိုင်း) နေရာသုံးနေရာတွင် တွေ့ဆုံပွဲများ ပုံမှန် တက်လေ့ရှိသည့် နားဆင်သူ ကလပ်အဖွဲ့များနှင့် မေးမြန်းခန်းများ ပြုလုပ်ခဲ့ပါသည်။<br>¦ ရေကြည်ရာ အစီအစဉ်၏ ရောက်ရှိမှုနှင့် သက်ရောက်မှုတို့ကို တိုင်းတာရန် နိုင်ငံအဝှမ်း အရည်အသွေး အကဲဖြတ်သုံးသပ်မှုကို ဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် အဆင့်မျိုးစုံမှ ကျပန်းနမူနာယူခြင်း (Multi-stage random sampling) အား ပြည်နယ် နှင့် တိုင်းဒေသကြီး ၁၅ ခုတွင် ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းဖြေဆိုသူ ၃,၀၀၀ အား မေးမြန်းခဲ့ပါသည်။ ရေကြည်ရာ အစီအစဉ်အား ပုံမှန် နားထောင်သူ ၃၀၀ အား ထပ်ဆောင်း "အားဖြည့်နမူနာ" အဖြစ် မေးမြန်းခဲ့ပါသည်။ |
| ၂ | အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့<br><br>ပြည်တွင်းနှင့် နိုင်ငံတကာ လုပ်အားရွှေ့ပြောင်းခြင်းဆိုင်ရာ စီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၃,၉၉၉,၇၅၂<br><br>၀၁/၀၂/၂၀၁၆ မှ ၃၀/၀၆/၂၀၂၀<br><br>*ဆောင်ရွက်ဆဲ* | ¦ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေမူကြမ်းအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ရေးဆွဲခဲ့ပြီး ILO မှ နိုင်ငံတကာ အလုပ်သမား စံနှုန်းများ နှင့် ကိုက်ညီစေရန် နည်းပညာဆိုင်ရာ မှတ်ချက်များ ပေးခဲ့သည်။<br>¦ လုပ်သားများရွှေ့ပြောင်းခြင်း စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယ ၅နှစ်တာ လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၂)ရေးဆွဲရာတွင် ထည့်သွင်းရန် အချက်များ ပံ့ပိုးပေးခဲ့ပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများ နှင့် အလုပ်သမား အဖွဲ့အစည်းများ ပါဝင်ရေးဆွဲနိုင်ရန် ကူညီပံ့ပိုးပေးခဲ့သည်။<br>¦ အိမ်အကူလုပ်သားများအား ခေါင်းပုံဖြတ်ခြင်းကို ဖြေရှင်းနိုင်ရန် သတင်းမီဒီယာနှင့် တွေ့ဆုံမေးမြန်းခြင်း အပါအဝင် လွှတ်တော်အမတ်များ၊ အစိုးရအရာရှိများ၊ အလုပ်ရှင်များ၊ အိမ်အကူလုပ်သားများ၊ အလုပ်သမား အဖွဲ့အစည်းများနှင့် CSOများနှင့် ဆွေးနွေးသဘောထားယူခြင်းမှတဆင့် အလုပ်သမား အခွင့်အရေးများအတွက် စည်းရုံးလှုံ့ဆော်သည့် ချဉ်းကပ်နည်းလမ်းကို အသုံးပြုခဲ့ပါသည်။<br>¦ "အိမ်အကူအလုပ်သမားနေ့" အား အများပြည်သူပါဝင်ဆင်နွှဲနိုင်ရန် လှုံ့ဆော်သည့် လှုပ်ရှားမှုအား စီစဉ်ဆောင်ရွက်ခဲ့ပြီး လူထုပါဝင်သည့် အဓိကပွဲမှတဆင့် လူထောင်ပေါင်းများစွာထံ လက်လှမ်းမီနိုင်ခဲ့ပါသည်။<br>¦ အိမ်အကူအလုပ်သမားများအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်းနှင့် လှုပ်ရှားမှုများတွင် အထောက်အကူဖြစ်စေရန် လက်ကမ်း စာစောင်တွဲများ ပြုစုထားပါသည်။<br>¦ "မူဝါဒရေးဆွဲဖော်ဆောင်ရန်အတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အချက်အလက်- နိုင်ငံတကာလုပ်သား ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အချက်အလက်နှင့် ကိန်းဂဏန်းများအား သုံးသပ်လေ့လာခြင်း"အား အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့ပါသည်။<br>¦ လုပ်သားရွှေ့ပြောင်းခြင်း မူဝါဒကြောင်း ကျိုးဆက်စပ်မှုဆိုင်ရာ စာတမ်းမူကြမ်းများလည်း ရေးသား ပြုစုခဲ့ပါသည်။<br>¦ အလုပ်သမား ညှိနှိုင်းကြားရေး ဦးစီးဌာန ရွှေ့ပြောင်းအလုပ်သမားဌာနခွဲနှင့် ပူးပေါင်း၍ တိုင်ကြားလာသည့် အမှုများနှင့်ဆိုင်သည့် အချက်အလက်များအား ကုဒ်နံပါတ်သတ်မှတ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် ဆန်းစစ်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ အစိုးရ ဝန်ထမ်းများအားလည်း အချက်အလက်များအား မည်သို့ စီမံခန့်ခွဲရမည်ကို လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။<br>¦ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားသမ္မတ နိုင်ငံများတွင် တာဝန်ထမ်းဆောင်ရမည့် အလုပ်သမား သံမှူးအသစ်များအား သင်တန်းပို့ချပေးခဲ့ပါသည်။လက်ရှိတွင် အလုပ်သမား သံမှူးရာထူးအတွက် အမျိုးသမီးများ လျှောက်ထားခွင့်အား ကန့်သတ်ထားသော်လည်း သင်တန်းတွင် အမျိုးသမီး အလုပ်သမားအရာရှိများအား ပါဝင်တက်ရောက်စေခဲ့ပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| | | ¦ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေမူကြမ်းရေးဆွဲနေသည့် အခြေအနေ နှင့် အမျိုးသမီး အိမ်အကူ အလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေရေးဆွဲနေမှုအား ဆွေးနွေးရန် လွှတ်တော်အမတ် ၁၁ ဦး နှင့် တိုင်ပင်ဆွေးနွေး သဘောထား ရယူခဲ့ပါသည်။<br>¦ ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ အသိပညာပေးရန်အတွက် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအလုပ်သမားများနေ့ အခမ်းအနားအား ကြီးကျယ်ခမ်းနားစွာ ကျင်းပခဲ့ရာ အလုပ်သမား ၁,၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့ပါသည်။ |
| ၃ | ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း(IOM)၊ မေတ္တာဖွံ့ဖြိုးမှု ဖောင်ဒေးရှင်း နှင့် University of Sussex<br><br>မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး နှင့် ဘက်စုံဖွံ့ဖြိုးရေးအတွက် လုပ်သားရွှေ့လျားမှုကို ရင်းနှီး မတည်ခြင်း (CHIME)<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၁,၉၉၉,၂၁၈<br><br>၀၁/၀၁/၂၀၁၆ မှ ၃၀/၀၆/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | ¦ CHIME သုတေသန အစီရင်ခံစာအား ထုတ်ဝေနိုင်ရန် ပြင်ဆင်သည့်အနေဖြင့် အစီရင်ခံစာအား ထပ်မံ တည်းဖြတ်ပြီး ဖြစ်ပါသည်။<br>¦ CHIME သုတေသနလေ့လာမှု၏ အဓိက တွေ့ရှိချက်များအား နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့တွင် ဗွီဒီယိုတင်ဆက်မှုဖြင့် တင်ပြခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံ ဒုတိယ သမ္မတ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန (MoLIP) ပြည်ထောင်စုဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန(MoLIP) ညွှန်ကြားရေးမှူးချုပ်၊အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အဓိက ဆုံးဖြတ်ချက်ချသူများ၊ သံတမန်များ၊ ကုလသမဂ္ဂ နှင့် အန်န်ဂျီအို အဖွဲ့များမှ ကိုယ်စားလှယ်များအပါအဝင် ပရိသတ် ၅၀၀ ဦး တက်ရောက်ခဲ့ပါသည်။ တက်ရောက်သူများအားလုံးကို CHIME သုတေသနလေ့လာမှု အစီရင်ခံစာ အကျဉ်းချုပ်များ ဝေငှခဲ့ပါသည်။<br>¦ IOMမှ ပတ်သက် ဆက်နွယ်သူများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် အသုံးပြုရန် အစီရင်ခံစာမှ တွေ့ရှိချက်များအားအသုံးပြု၍ ဒေသန္တရနှင့် အကြောင်းအရာအလိုက် အနှစ်ချုပ်များရေးသားပြုစုခဲ့ပါသည်။<br>¦ IOM မှ CHIME လေ့လာမှုတွင်ပါဝင်သည့် အရည်အသွေးဆိုင်ရာ သုတေသနမေးမြန်းမှု ၂၀၀အား USAID မှ ရန်ပုံငွေထောက်ပံ့မှုဖြင့် ပြုလုပ်သည့် ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာမှုကို အားပေးပြီး၊ လူကုန်ကူးမှု နှင့် အမြတ်ထုတ်မှုတို့အား လူထုမှ ဟန့်တားမည့် IOM၏ မာလ်တီမီဒီယာဖြင့် လှုံ့ဆော်သည့် ဒေသတွင်းလှုပ်ရှားမှု IOM X သို့ မျှဝေခဲ့ ပါသည်။ ဤတွေ့ဆုံမေးမြန်းမှုများအပေါ် အခြေခံ၍ အသိပညာပေး ဗီဒီယို ၄ခု ထုတ်လုပ်ပြီး မိတ်ဆက်ခဲ့ပါသည်။<br>¦ မေတ္တာမှ ရှမ်းပြည်နယ် မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ဒေသခံ CSO ၁၉ ဖွဲ့အား ရပ်ရွာလူထုနှင့် ထိတွေ့ဆောင်ရွက်သည့်အခါ ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ အခွင့်အလမ်းများ နှင့် ဆုံးရှုံးနိုင်ချေများအား လူမှုအဖွဲ့အစည်းများအား နားလည် သဘောပေါက်စေပြီး အထောက်အကူဖြစ်စေရန် ရွှေ့ပြောင်းသွားလာခြင်း နှင့် ကျေးလက်နေ ပြည်သူများအပေါ် လူမှုစီးပွား သက်ရောက်မှုများအကြောင်း သင်တန်းပေးခဲ့ပါသည်။ |
| ၄ | ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း(IOM)၊ PGMF၊ မွန်အမျိုးသမီးအဖွဲ့၊ ပါရမီ ဖွံ့ဖြိုးရေး ကွန်ရက်၊ ချင်းလူ့အခွင့်အရေးအဖွဲ့<br><br>အားကောင်းသည့် စီမံအုပ်ချုပ်မှုမှတဆင့် လုပ်သားရွှေ့ပြောင်း သွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးဆက်များ တိုးမြင့်အောင် ပြုလုပ်ခြင်း (တွဲလက်)<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၆,၄၇၅,၈၃၉<br><br>၀၁/၀၁/၂၀၁၇ မှ ၃၀/၀၆/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | ¦ စီမံချက် အကြံပေးကော်မတီ ဒုတိယအကြိမ် အစည်းအဝေးအား နိဝင်ဘာလတွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။<br>¦ ရယူခဲ့သည့် သင်ခန်းစာများနှင့် အလေ့အထကောင်းများအားဆွေးနွေးရန် ဒေသကြီး ၄ခုစလုံးတွင် ရွှေ့ပြောင်းသွားလာခြင်းမပြုမီ ကြိုတင်ပြင်ဆင် အသိပေးချင်းအား ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲများ၊ ငွေကြေးဆိုင်ရာ အသိပညာသင်တန်းများ၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများ နှင့် အရည်အချင်းနှင့် ကိုက်ညီသည့် အလုပ်အကိုင်ရှာဖွေခြင်း လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့ပါသည်။<br>¦ သင်တန်းများ၏ ထိရောက်မှုကို သုံးသပ်ရန်၊ စီမံချက်ညွှန်းကိန်းများအား တိုင်းတာရန်နှင့် သင်ကြားရေးဆိုင်ရာ မေးခွန်းများအား တုံ့ပြန်မှုကို သိရှိနိုင်ရန် အကျိုးခံစားခွင့်ရှိသူပေါင်း ၂,၀၄၁ဦးဖြင့် ရလဒ်စစ်တမ်းအား ကောက်ယူခဲ့ပါသည်။<br>¦ ကျေးရွာပေါင်း ၃၅၆ ရွာမှ အကျိုးခံစားခွင့်ရှိသူပေါင်း ၁၁,၄၂၄ ဦး (အမျိုးသား ၄,၄၇၈ ဦး နှင့် အမျိုးသမီး ၆,၉၄၆ ဦး) တို့အတွက် ရွှေ့ပြောင်းသွားလာခြင်းမပြုမီ ကြိုတင်ပြင်ဆင်အသိပေးခြင်း သင်တန်းပေါင်း ၄၃၁ခု ပေးခဲ့ပါသည်။<br>¦ ချင်းပြည်နယ်တွင် ဟားခါး၊ ထန်တလန်၊ ဖလမ်းနှင့် တီးတိန်မြို့နယ်များရှိ ကျေးရွာပေါင်း ၅၂ ရွာမှ ရွာသူရွာသားပေါင်း ၉,၈၉၇ ဦး (အမျိုးသား ၄,၉၅၄ ဦး နှင့် အမျိုးသမီး ၄,၉၄၃ ဦး) တို့ထံ ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းခြင်းဆိုင်ရာ သတင်းစကားများအား ပြဇာတ်များအသွင် ဖန်တီး၍ အရောက်ပို့ခဲ့ပါသည်။<br>¦ လွှဲပို့ငွေ စုဆောင်းခြင်း၏ အရေးပါပုံ သင်တန်းအား ကျေးရွာပေါင်း ၃၉၁ ရွာမှအကျိုးခံစားခွင့်ရှိသူပေါင်း ၁၄,၄၃၆ ဦး ( အမျိုးသား ၄,၆၆၀ ဦး နှင့် အမျိုးသမီး ၉,၇၇၆ ဦး) တို့အား ပို့ချပေးခဲ့သည်။<br>¦ ဝင်ငွေတိုးလုပ်ငန်းများ နှင့် လုပ်ငန်းလည်ပတ်ငွေ စီမံခန့်ခွဲခြင်း သင်တန်းများအား အကျိုးခံစားခွင့် ရှိသူပေါင်း ၁,၈၃၅ ဦး ( အမျိုးသား ၆၅၂ ဦး နှင့် အမျိုးသမီး ၁,၁၈၃ ဦး) တို့အား သင်တန်း ၈၄ ကြိမ် ပို့ချပေးခဲ့ပါသည်။<br>¦ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် အပူပိုင်းဇုန်တို့တွင် အလုပ်အကိုင်အမျိုးအစား ၂၄မျိုး အတွက် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများအား အကျိုးခံစားခွင့်ရှိသူပေါင်း ၁,၆၆၃ဦး (အမျိုးသား ၁,၀၈၉ ဦး နှင့် အမျိုးသမီး ၅၇၄ ဦး) တို့အား ပို့ချပေးခဲ့ပါသည်။<br>¦ အလုပ်အကိုင်ရှာဖွေခြင်း ဝန်ဆောင်မှုများမှ အကျိုးခံစားခွင့် ရှိသူပေါင်း ၇၃၆ ဦးအား ကူညီ၍ အလုပ်အကိုင် ရှာဖွေပေးခဲ့သည်။<br>¦ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများတွင် ရွှေ့ပြောင်းသွားလာခြင်းအား အကျုံးဝင်စေခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအား နေပြည်တော်တွင် ကျင်းပခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် ဝန်ကြီးဌာန ၁၃ခု၊ သမ္မတရုံး၊ နိုင်ငံတော်၏ အတိုင်ပင်ခံရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၄၂ ဦး တက်ရောက်ခဲ့ပါသည်။<br>¦ အလုပ်ရုံဆွေးနွေးပွဲမှ ကဏ္ဍအလိုက်မူဝါဒများတွင် ရွှေ့ပြောင်းသွားလာခြင်းအား အကျုံးဝင်စေခြင်းဆိုင်ရာ အဓိက အကြံပြုချက်များအားတင်ပြပြီး အစိုးရ၏ ထောက်ခံမှုရရှိရန် MoLIP မှ အဆင့်မြင့် အရာရှိများနှင့် အစည်းအဝေးတစ်ရပ်အား နိုဝင်ဘာလတွင် ကျင်းပခဲ့ပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၅ | CARE, Business Kind Myanmar<br><br>အောင်မြင်မှု စီမံချက် - လုံခြုံစိတ်ချပြီး ခိုင်မာသည့် အလုပ်အကိုင်ရရှိစေရန် လုပ်ငန်းခွင်အတွင်း အဖြေရှာခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၅,၉၈၅,၆၄၃<br><br>၀၁/၀၃/၂၀၁၇ မှ ၁၀/၀၆/၂၀၂၁<br><br>*ဆောင်ရွက်ဆဲ* | ¦ အောင်မြင်မှုသင်တန်းကျောင်းမှ စက်ရုံသင်ကြားရေးလိုင်းများဖြင့် လုပ်သားပေါင်း၁,၈၄၈ဦးအား သင်တန်းပေးခဲ့ပြီး ၉၅%မှာ NSSA စစ်ဆေးမှု ဖြေဆိုအောင်မြင်ခဲ့ကာ အသိအမှတ်ပြု လုပ်သားများ ဖြစ်လာခဲ့ပါသည်။<br>¦ သင်တန်းဆင်းပြီး ၄ လအကြာတွင် အောင်မြင်မှုမှ သင်တန်းပေးခဲ့သည့် လုပ်သား ၆၄%မှာ သင်တန်းဆင်း မဟုတ်သူများထက် ပိုမြင့်သည့် လစာကို ရရှိလာကြပါသည်။<br>¦ စက်ရုံများတွင် အသိအမှတ်ပြု သင်ကြားရေးလိုင်းများ ထားရှိဆောင်ရွက်ရန် စက်ရုံ ၆ ရုံနှင့် နားလည်မှု စာချွန်လွှာ ရေးထိုးခဲ့ပါသည်။<br>¦ အမျိုးသားအဆင့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှုစံနှုန်း (Four National Occupational Competency Standards - NOCS) - လေးခု- ဖြတ်ညှပ်ခြင်း၊ အရည်အသွေး ထိန်းချုပ်ခြင်း (QC)၊ အချောသတ်ခြင်းနှင့် အပ်ချုပ်စက် အသုံးပြုသူအား သုံးသပ်ခြင်းတို့အား သတ်မှတ်ခဲ့ပါသည်။<br>¦ စု အသက်မွေးဝမ်းကျောင်း သိပ္ပံ (SVI)တွင် အရည်အသွေး ထိန်းချုပ်ရေးသင်တန်း ဖွင့်လှစ်ပို့ချနိုင်ရန် သဘောတူညီချက် စာချုပ်လက်မှတ်ရေး ထိုးခဲ့ပါသည်။<br>¦ ရွှေ့ပြောင်းသင်တန်းသားများအတွက် သယ်ယူပို့ဆောင်ရေး ပံ့ပိုးပေးနိုင်ရန် လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် သဘောတူညီချက် ရရှိခဲ့ပါသည်။<br>¦ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဆိုင်ရာ ဥပဒေ ထွက်ပေါ်လာရေးအတွက် Overseas Development Institute နှင့် လက်တွဲ ဆောင်ရွက်နိုင်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနှင့် သဘောတူညီချက် ရရှိခဲ့ပါသည်။<br>¦ ရွှေ့ပြောင်း အမျိုးသမီး ၄,၆၇၇ ဦးတို့ သက်ဆိုင်သည့် သတင်း အချက်အလက်ပေးရန် နှင့် ရင်းရင်းနှီးနှီး အကူအညီပေးခြင်းကို တည် ဆောက်ရန် ကျင်းပသည့် သုံးပန်လှ (TPL) Sunday Café လှုပ်ရှားမှုပေါင်း ၈၁ ခု တွင် ပါဝင်ခဲ့ကြပါသည်။<br>¦ Sunday Café သတင်းစကားပေးခြင်းအား အဆင့်တူ ခေါင်းဆောင်များမှ အသံပိုမြှင့်ပေးပြီး ပြင်ပ ကွန်ရက်မှ အလုပ်သမား ပေါင်း ၄၀,၆၀၀ အား သတင်း အချက်အလက်များ ဖြန့်ဝေခဲ့သည်။<br>¦ ရွှေ့ပြောင်းအမျိုးသမီး ၃,၂၅၅ဦး သုံးပန်လှ အားလပ်ရက်လှုပ်ရှားမှု (Holiday Event) မှာ ပါဝင်ခဲ့ကြပါသည်။ ထိုလှုပ်ရှားမှုများသည် အမျိုးသမီး ရွှေ့ပြောင်းလုပ်သားများနှင့် စက်ရုံပိုင်ရှင်များ/မန်နေဂျာများအတွက် အောင်မြင်မှုစီမံချက် ဝန်ဆောင်မှုများအားမြှင့်တင်ရန် အခွင့်အလမ်းများပေးပါသည်။<br>¦ တနင်္ဂနွေနေ့ နေ့လည်ပိုင်းများနှင့် ညနေပိုင်းများတွင် သုံးပန်လှ သင်တန်းကျောင်းတွင် ပြုလုပ်သည့် ၈ ပတ်ကြာ အခြေခံကွန်ပျူတာ သင်တန်းတွင် ၅၈ ဦး တက်ရောက်ခဲ့ပါသည်။<br>¦ သုံးပန်လှ သင်တန်းကျောင်းတွင်မှ ပို့ချသည့် လူမှုကွန်ရက် နှင့် ဒီဂျစ်တယ် နည်းပညာ၊ ပြည်တွင်း/ပြည်ပ ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ ဆုံးရှုံးနိုင်ချေများနှင့် အကျိုးကျေးဇူးများ၊ လူကုန်ကူးခြင်းဆိုင်ရာ အသိအမြင်များ ၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခြင်း နှင့် ကျား၊မ အခြေပြု အကြမ်းဖက်မှု၊ လေးစားမှုရှိသည့် လုပ်ငန်းခွင်ပြောဆိုဆက်သွယ်မှုသင်တန်းများ၊ ငွေကြေးဆိုင်ရာ အသိပညာ သင်တန်းများ၊ HIV ရောဂါပိုး ကာကွယ်ရေး၊ အလုပ်သမား အခွင့်အရေး၊ ဥပဒေရေးရာနှင့် ကျန်းမာရေး ဝန်ဆောင်မှုများ လက်လှမ်းမီမှု 'ကျွန်ုပ်တို့ အစိုးရ မည်သို့ အလုပ်လုပ်နေသနည်း' နှင့် အာဟာရဆိုင်ရာ သင်တန်းများအပါအဝင် သင်တန်းများတွင် သင်တန်း သားပေါင်း ၃၃၆ ဦး တက်ရောက် ခဲ့ပါသည်။<br>¦ ရွှေ့ပြောင်း အမျိုးသမီး ၁၀၃,၄၄၂ ဦး တို့ သုံးပန်လှ ဖေ့စ်ဘုတ် စာမျက်နှာ နှင့် စာတိုပေးပို့ခြင်း (SMS) တို့မှ တဆင့်ဖြန့်ဝေသည့် Sunday Café ဆွေးနွေးမှုများမှ လှုံ့ဆော်ခဲ့သည့် အခြေခံပြီး ဆီလျော်ပြီး အချိန်နှင့် တပြေးညီဖြစ်သည့် Sunday Blast သတင်းစကား (၅၁)ခု လက်ခံရရှိခဲ့ပါသည်။<br>¦ ရွှေ့ပြောင်းသွားလာသည့် အမျိုးသမီး ၁၂၅ ဦး တို့သည် အကျပ်အတည်းကြားမှ အမျိုးသမီးများ အရေးပေါ် တယ်လီဖုန်းလိုင်း၊ အလွှာတူ ခေါင်းဆောင်များ (သို့) အခြား ရပ်ရွာလူထု အဆက်အသွယ်များမှ တဆင့် ချက်ချင်း ကူညီပေးသည့် ဝန်ဆောင်မှုများ ရရှိခဲ့ပါသည်။<br>¦ အောင်မြင်မှု သင်တန်းကျောင်းမှ သင်တန်းဆင်း ၄၆၉ ဦးတို့သည် သုံးပန်လှ သင်တန်းဆရာများမှ ပို့ချသည့် ဘဝရပ်တည်နိုင်စေမည့် ကျွမ်းကျင်မှုသင်တန်းများ ရရှိခဲ့ပါသည်။အောင်မြင်မှု သင်တန်းကျောင်းဆင်းများသည် သုံးပန်လှ Sunday Cafés နှင့် အခမ်းအနားများတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။<br>¦ အောင်မြင်မှု သင်တန်းသား ၂၂ ဦးအား အဆောင်တွင် အခမဲ့နေထိုင်ခွင့်ပေးခဲ့ပြီး သင်တန်းဆင်း ၈ ဦးတို့မှာ သုံးပန်လှမှ အလွှာတူ ခေါင်းဆောင်များ ဖြစ်လာခဲ့ပါသည်။<br>¦ ကျား၊မ အခြေပြုတုံ့ပြန်မှုအဖွဲ့များ၊ CSO ဝန်ဆောင်မှုပေးသူများနှင့် အစိုးရအရာရှိများ ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် ရပ်ရွာလူထုထဲမှ ကျား၊မ အခြေပြုအကြမ်းဖက်မှု ခံစားရသူ ၂၆၈ ဦး အား စိတ်ပိုင်းဆိုင်ရာနှင့် ဥပဒေရေးရာ အကူအညီများပေးခဲ့ပါသည်။<br>¦ ၂၀၁၈ ခုနှစ်အတွင်းတွင် အထည်ချုပ်ကဏ္ဍတွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုကိုဖော်ထုတ် ဖြေရှင်းနိုင်မည့်လုပ်ငန်းစဉ်အား ဖွံ့ဖြိုးတိုးတက်မှုအတွက် အထည်ချုပ်ကဏ္ဍအတွင်းမှ ပတ်သက် ဆက်နွယ်သူများ တစ်စုတစ်စည်းတည်းစုပေါင်း၍ စည်းရုံးလှုံ့ဆော်ရန် တိုင်ပင်ဆွေးနွေး သဘောထားရယူသည့် အလုပ်ရုံဆွေးနွေးပွဲ သုံးကြိမ်ပြုလုပ်ခဲ့ပါသည်။<br>¦ အလုပ်သမား သမဂ္ဂများ/အလုပ်သမား အခွင့်အရေး အဖွဲ့အစည်းများနှင့် CSO များအတွက် ကျား၊မ အခြေပြု အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုဆိုင်ရာ သင်တန်းဆရာများအား သင်တန်းပေးသည့် အလုပ်ရုံဆွေးနွေးပွဲအား ကျင်းပခဲ့ပါသည်။<br>¦ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်မြို့အပြင် အခြားမြို့များမှ အမျိုးသမီးများအား ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာရေး သတင်းစကား ၂၆၅,၂၆၀ ခု ဝေမျှခဲ့ပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၆ | Eden Ministry<br><br>ရန်ကုန်တွင် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ရန် သို့မဟုတ် အဓမ္မ ထိမ်းမြားရန် လူကုန်ကူးခြင်းခံရသည့် မြန်မာရွှေ့ပြောင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ကူညီကယ်ဆယ်ခြင်း - Eden စီမံချက်<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၉၄၆,၉၇၅<br><br>၀၁/၀၃/၂၀၁၇ မှ ၃၁/၀၃/၂၀၂၁<br><br>*ဆောင်ရွက်ဆဲ* | ¦ လိင်လုပ်သားအများစုရှိတတ်သည့် နေရာများမှ အကျိုးခံစားခွင့်ရှိသူ ၁၀၂ ဦး ( အမျိုးသမီး ၈၈ ဦး နှင့် အမျိုးသား ၁၄ ဦး ) တို့အား HIV ပိုး ရှိ၊ မရှိ စစ်ဆေးပေးခဲ့ပါသည်။<br>¦ HIV ပိုးတွေ့ရှိသူ လူနာ ၁၄ ဦးအား ဆက်လက် စမ်းသပ်စစ်ဆေးရန် နှင့် ဆေးကုသမှုခံရယူရန် အစိုးရ အသိအမှတ်ပြု ဆေးခန်းသို့ လွှဲပြောင်းပေးခဲ့ပါသည်။<br>¦ လူကုန်ကူးခံရခြင်းမှ လွတ်မြောက်လာသူများအား EDEN၏ လက်လှမ်းမီရောက်ရှိမှုဖြင့် ဖော်ထုတ်နိုင်ခဲ့ပါသည် ။<br>¦ အမျိုးသမီး ၃၆ ဦးအား နားခိုရာအတွက် ဝန်ဆောင်မှုပေးခဲ့ပါသည်။<br>¦ လူကုန်ကူးခြင်းခံရသူ ၃၉ ဦး ၏ စိတ်ဒဏ်ရာများအား နှစ်သိမ့်ဆွေးနွေးပေးခဲ့ပါသည်။<br>¦ လက်ဝတ်ရတနာ ပြုလုပ်နည်း၊ ဆံပင်အလှပြင်နည်း၊ အခြေခံကွန်ပျူတာ ကျွမ်းကျင်မှုသင်တန်း၊ အရောင်း၊ ဈေးကွက်မြှင့်တင်ခြင်း၊ သင်္ချာသင်တန်း၊ မြန်မာဘာသာစကား၊ တရုတ်ဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားအပါအဝင် အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများကို အမျိုးသမီး (၃၉)ဦးအား ပို့ချပေးခဲ့ပါသည်။<br>¦ ပုံမှန်လမ်းကြောင်းများဖြင့် မှတ်ပုံတင်ရယူရန် မစွမ်းနိုင်သည့် အကျိုးခံစားခွင့်ရှိသူ ၆ ဦးအတွက် မှတ်ပုံတင်များ ရယူပေးခဲ့ပါသည်။<br>¦ Eden မှ အကျိုးခံစားခွင့်ရှိသူ ၇ ဦးအား ပြင်ပအသက်မွေးဝမ်းကျောင်း သင်တန်းများသို့ အလုပ်သင်များအဖြစ် ညွှန်းပေးခဲ့ပါသည်။ |
| ၇ | ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း(IOM)<br><br>ရွှေ့ပြောင်းသွားလာမှုအား အသက်မွေးမှု မဟာဗျူဟာ အဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် အသုံးပြုခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၁,၅၄၉,၁၀၀<br><br>၁၅/၁၂/၂၀၁၅ မှ ၂၈/၀၂/၂၀၂၀<br><br>*ဆောင်ရွက်ဆဲ* | ¦ ဘေးကင်းအကျိုးရှိသည့် ရွှေ့ပြောင်းသွားလာခြင်း သင်တန်းအား ကျေးရွာပေါင်း ၈၁ ရွာမှ ရွှေ့ပြောင်းရန် အလားအလာရှိသူ ၃,၁၂၅ ဦး အားပို့ချပေးခဲ့ပြီး ရွှေ့ပြောင်းသွားလာခြင်းအား အကျိုးရှိအောင်လုပ်ခြင်း သင်တန်းအား ရွှေ့ပြောင်းသွားလာသူ မိသားစုပေါင်း ၂,၂၃၃ တို့အား ပို့ချပေးခဲ့ပါသည်။<br>¦ အကျိုးရှိသည့် ရွှေ့ပြောင်းသွားလာခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်းမှ အကျိုးရှိအောင်လုပ်ခြင်း သင်ရိုးညွှန်းတမ်းအား ပြန်လည်ပြင်ဆင်ပြီး အလားအလာရှိသည့် ရွှေ့ပြောင်းသွားလာသူများကို သာမက မိသားစုများကိုပါ ဦးတည်သည့် နှစ်မျိုးသုံးသင်ရိုးညွှန်းတမ်းအဖြစ် ပေါင်းစပ်ခဲ့သည်။ သင်ရိုးညွှန်းတမ်းအသစ်အတွက် နည်းပြသင်တန်းများ ပို့ချပေးခဲ့သည်။<br>¦ CSO များ နှင့် မိတ်ဖက်ပြု၍ ဦးတည်စမ်းသပ် ကျေးရွာ၂၁ ရွာတွင် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လည်ပတ်ရန်ပုံငွေများအတွက် လမ်းညွှန်များကို ပြုစုခဲ့သည်။<br>¦ အကြောင်းအရာများမျှဝေရန် မယ်ရွှေ့ပြောင်း chatbot နှင့် လူမှုကွန်ရက်ပလက်ဖောင်း တို့အား ဖန်တီးခဲ့ ပါသည်။ဝန်ဆောင်မှုဆိုင်ရာ အသိပညာမြှင့်တင်ခြင်းအား အဓိက မိတ်ဖက်များထံ လက်လှမ်းမီရောက်ရှိမှု နှင့် ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။<br>¦ လွှဲပို့ငွေ လက်ခံရရှိသည့် အိမ်ထောင်စုများအတွက် ငွေကြေးဆိုင်ရာ အသိပညာ နှင့် စီးပွားရေးလုပ်ငန်း စတင်နိုင်ရန် Opportunity Now (ONOW) မှ အထောက်အကူများပေးခဲ့ပါသည်။<br>¦ စီမံချက် ပထမအဆင့် အပြီးသတ် စစ်တမ်းအား ပြီးစီးခဲ့ပါသည်။ |

## ၁၀.၄.၆ ၂၀၁၈ ခုနှစ်အတွင်း အားလုံးပါဝင်စေသည့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု စီမံချက် ၁၂ ခု၏ အရေးပါသော တင်ပြချက်များ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | Canadian Co-operative Association (CCA)<br><br>"မြန်မာ- သမဝါယမအသင်းများမှတဆင့် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု တိုးချဲ့ခြင်း" (MyFINANCE)<br><br>ဘတ်ဂျက်- ကနေဒါ်လာ ၃,၀၀၀,၀၀၀<br><br>၃၁/၁၀/၂၀၁၆ မှ ၃၀/၀၆/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | MyFINANCE သည် အပူပိုင်းဇုန်မြို့နယ်အဆင့် သမဝါယမအသင်း နှစ်သင်း၏ ငွေကြေး လုပ်ငန်းများ ရေရှည်တည်တံ့စေရန် အကူးအပြောင်းကာလတွင် အကူအညီပေးနေပါသည်။<br><br>¦ CCA သည် အသင်းဝင် ၃၀,၁၃၂ ဦးရှိသော မြင်းခြံမြို့နယ်နှင့် အသင်းဝင် ၁၆,၄၉၄ ဦးရှိသော နွားထိုးကြီး မြို့နယ်တို့ကို ဦးတည်မြို့နယ်များအဖြစ် အတည်ပြုရွေးချယ်ခဲ့ပါသည်။<br>¦ CCA သည် ပြည်ထဲရေးဝန်ကြီးဌာနမှ အိုင်အန်န်ဂျီအို မှတ်ပုံတင်လက်မှ ရရှိခဲ့ပါသည်။<br>¦ သမဝါယမ ဦးစီးဌာနနှင့် မြို့နယ်များနှင့် နားလည်မှု စာချွန်လွှာ MOU များ လက်မှတ်ရေးထိုးခဲ့ပါသည်။ မြို့နယ်နှစ်ခုလုံးတွင် ငွေစုငွေချေး သမဝါယမအသင်း (TSC) များ စတင်ဆောင်ရွက်ခဲ့ပါသည်။<br>¦ CCA မှ မြင်းခြံနှင့် နွားထိုးကြီးမြို့နယ်တို့တွင် စျေးကွက်စစ်တမ်း ကောက်ယူခဲ့ပြီး မြို့နယ်သမဝါယမ အသင်းများမှ တဆင့်ထုတ်ပေးမည့် ချေးငွေစုငွေ ဒီဇိုင်းများ ရေးဆွဲခဲ့သည်။<br>¦ ၂၀၁၈ခုနှစ် မေလတွင် စုငွေပုံစံများစတင်ခဲ့ပြီး အသင်းဝင်များထံမှ စုငွေများရယူခဲ့ပါသည်။ အခြားကျေးရွာများမှ ငွေစုငွေချေးနှင့် ပတ်သက်၍ ငွေကြေးဆိုင်ရာ အသိပညာများမျှဝေခြင်းဖြင့် အသင်းဝင်များ ထပ်မံရရှိနိုင်ရန် ကြိုးပမ်းခဲ့သည်။ အများအားဖြင့် စုငွေများ ရယူစုဆောင်းခြင်းနှင့် ချေးငွေများထုတ်ပေးခြင်းတို့အား အသင်းဝင်-ငွေချေးသူများအတွက် ပိုမိုအဆင်ပြေပြီး စရိတ်သက်သာသဖြင့် ကျေးရွာများတွင်သာ ဆောင်ရွက်ပါသည်။ CCA မှ စျေးကွက်စစ်တမ်း ရလဒ်အပေါ် မူတည်ပြီး ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု ဒီဇိုင်းများ ရေးဆွဲပြုစုလျက် ရှိသည်။ အသင်းဝင်များ၏ စုငွေများအား တိုးပွားလာစေရန် စီမံချက်မှ စျေးကွက်မြှင့်တင်ခြင်း မဟာဗျူဟာ ဒီဇိုင်းရေးဆွဲခဲ့ပါသည်။<br>¦ စီမံချက်မှ ချေးငွေများအား ဩဂုတ်လတွင် စတင် ထုတ်ပေးခဲ့ပြီး TSC ၂ ခု မှ အသင်းဝင်ပေါင်း ၆,၂၉၉ ဦး (အမျိုးသမီး ၇၁%) တို့အား ကျပ်ငွေ ၆၂၉ သန်း ထုတ်ချေးခဲ့ပါသည်။ ချေးငွေ ၉၆.၅%အား စိုက်ပျိုးရေးအတွက်ဖြစ်ပြီး ၃.၅% မှ စီးပွားရေး လုပ်ငန်းများအတွက် အသုံးပြုရန် ဖြစ်ပါသည်။<br>¦ မြို့နယ် ငွေစု/ငွေချေးအသင်းနှစ်သင်းမှ အိမ်ထောင်စု ၄၃,၈၈၉ စုအတွက် ကျပ်ငွေ ၈.၉ ဘီလျံ ထုတ်ပေးခဲ့ပါသည်။ ချေးငွေ ၈၇% အား စိုက်ပျိုး ထုတ်လုပ်ရေးအတွက် ဖြစ်ပြီး၊ ၁၂.၆% မှ စီးပွားရေး/ကုန်သွယ်ရေး အတွက် နှင့် မွေးမြူရေးအတွက် လုပ်ငန်းများအတွက် ၀.၄% ဖြစ်ပါသည်။<br>¦ စီမံချက်မှ ပြည်တွင်းဘဏ် နှစ်ခုဖြစ်သည့် ရိုးမဘဏ် နှင့် A ဘဏ်တို့မှ အာမခံ ရန်ပုံငွေများ လျှောက်ထားခဲ့ပါသည်။ ရိုးမဘဏ်မှ အရစ်ကျ ချေးငွေဖြင့် ပစ္စည်းဝယ်ယူခြင်း စနစ် (Hire-purchase) အစီအစဉ်အား အာရုံစိုက်လိုသဖြင့် အာမခံရန်ပုံငွေအတွက် မိတ်ဖက်ဘဏ်အဖြစ် ဆောင်ရွက်ပေးရန် ငြင်းပယ်ခဲ့ပါသည်။ A ဘဏ်မှ အတည်ပြုရန် အချက်များနှင့်ဆိုင်သည့် စိုးရိမ်မှုများ ရှိနေ၍ TSC များနှင့် ပတ်သက်၍ ရှင်းလင်းချက်များ ပေးပို့ထားပါသည်။ |
| ၂ | Cordaid Foundation<br><br>LIFT/Cordaid တို့၏ မိတ်ဖက် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများအား နည်းပညာ အထောက်အပံ့ပေးခြင်း<br><br>ဘတ်ဂျက်- ကနေဒါ်လာ ၁,၀၀၀,၀၀၀<br><br>၁၅/၃/၂၀၁၆ မှ ၃၀/၀၆/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | ¦ မိတ်ဖက် MFI များမှာ PGMF၊ Proximity Designs၊ Vision Fund Myanmar နှင့် CARD Myanmar တို့ဖြစ်ပါသည်။ CordAid မှ ပြည်တွင်း MFI များ ဖြစ်သည့် ECLOF၊ Unique Quality နှင့် Pyae Mahar နှင့် နိုင်ငံတကာ MFI အဖွဲ့ဖြစ်သည့် Entrepreneur Dumonde တို့အား နည်းပညာဆိုင်ရာ ကူညီပံ့ပိုးမှုများပေးနိုင်ရန် နည်းလမ်းရှာဖွေလျက် ရှိပါသည်။<br>¦ ဘတ်ဂျက် စုစုပေါင်း၏ ၈၇% အား MFI များအတွက် နည်းပညာဆိုင်ရာ အထောက်အပံ့ပေးရန် သတ်မှတ်ထားပါသည်။<br>¦ CordAid မှ PGMF၊ CARD Myanmar၊ Vision Fund နှင့် Proximity Designs တို့ နှင့် သဘောတူညီချက် ချုပ်ဆိုထားသည့်အတိုင်း ချေးငွေ ကနေဒါ်လာ ၁၀.၄ သန်း ထုတ်ချေးခဲ့ပါသည်။ Cordaid မှ ဒေသခံ မိတ်ဖက် အဖွဲ့လေးဖွဲ့အား တန်ပြန်ကာကွယ်သည့်ချေးငွေများအား အရစ် ကိုးရစ်ခွဲ၍ ထုတ်ပေးခဲ့ပြီး စုစုပေါင်း ချေးငွေပမာဏမှာ ကနေဒါ်လာ ၆.၃ သန်း (၈၀.၇%) ဖြစ်ပါသည်။ |
| ၃ | GRET<br><br>မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် အသေးစား ငွေရေးကြေးရေး အဖွဲ့တစ်ခု ဖန်တီးခြင်း<br><br>ဘတ်ဂျက် ကနေဒါ်လာ ၃,၄၆၃,၆၀၀<br><br>၁/၁၂/၂၀၁၃ မှ ၃၀/၀၆/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | ¦ GRETသည် အန်န်ဂျီအို ပုံစံဆောင်ရွက်နေသည့် MFIမှ ကုမ္ပဏီပုံစံMFIအဖြစ် အောင်မြင်စွာ ပြောင်းလဲပြီးနောက် သစ္စာဥယျာဉ် ကုမ္ပဏီလီမိတက်အဖြစ် ဆောင်ရွက်နေပါသည်။<br>¦ သစ္စာဥယျာဉ် စီမံခန့်ခွဲမှုကော်မတီတွင် ချင်းပြည်နယ်မှ အထွေထွေမန်နေဂျာက ကော်မတီ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အပူပိုင်းဇုန် အထွေထွေ မန်နေဂျာနှင့် အပူပိုင်းဇုန် စီမံချက် မန်နေဂျာတို့မှ နည်းပညာလက်ထောက်များအဖြစ် ဆောင်ရွက်ပါသည်။<br>¦ ကော်မတီ အစည်းအဝေးများအား ဧပြီ၊ ဇူလိုင် နှင့် စက်တင်ဘာတွင် ကျင်းပပါသည်။<br>¦ ရန်ပုံငွေ လျော့ကျမှုကြောင့် စီမံချက်၏ လက်လှမ်းမီရောက်ရှိမှု ၅.၇% လျော့ကျခဲ့ပါသည်။<br>¦ (၂၀၁၈ ခုနှစ် ဒီဇင်ဘာလ) မှစ၍ FMO မှ ရရှိသည့် ချေးငွေ ရန်ပုံငွေအသစ်ကို ရရှိခဲ့သဖြင့် အပူပိုင်းဇုန် ဌာနခွဲကွန်ရက်မှ ဌာနခွဲ အသစ်တစ်ခု (ယခု ၄ ခု) ထပ်တိုးခဲ့ပါသည်။<br>¦ FMO ထံမှ ချေးငွေမှုများ စတင်ခဲ့ပြီး၊ သစ္စာဥယျာဉ်မှ ပထမအကြိမ် ထုတ်ပေးသည့် ချေးငွေ ကနေဒါ်လာ ၅၀၀,၀၀၀ ရရှိခဲ့ပါသည်။<br>¦ အပူပိုင်းဇုန်ရှိ သစ္စာဥယျာဉ်၏ကိုယ့်အားကိုယ်ကိုး လုပ်ငန်းလည်ပတ်နိုင်မှုမှာ ၁၆၁.၁%နှင့်ငွေကြေးဆိုင်ရာ ကိုယ်အားကိုယ်ကိုး ရပ်တည်နိုင်မှုမှာ ၁၄၁.၂% တို့ ဖြစ်ပါသည်။<br>¦ အိမ်ထောင်စုပေါင်း ၁၀,၉၆၃ စုမှ ကနေဒါ်လာ ၁.၈၆ သန်း ချေးငွေရယူခဲ့ပြီး မွေးမြူရေးအတွက် ၆၃%၊ စိုက်ပျိုးရေးအတွက် ၁၈% နှင့် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ အတွက် ၁၈% သုံးစွဲခဲ့ပါသည်။ လက်ရှိ သက်ဝင်လှုပ်ရှားနေသည့် ဆောင်ရွက်ဆဲ အသင်းဝင်များ၏ ၈၃% မှာ အမျိုးသမီးများ ဖြစ်ပါသည်။ အုပ်စုခေါင်းဆောင် အားလုံး၏ ၇၉.၇% မှာ အမျိုးသမီးများ ဖြစ်ပြီး VCS/BCS ချေးငွေ ကော်မတီဝင်များ၏ ၆၅.၃%မှာ အမျိုးသမီးများဖြစ်သည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၄ | GRET<br><br>ချင်း အသေးစား ငွေရေးကြေးရေးအဖွဲ့၏ ဖွံ့စည်းပုံ ခိုင်မာစေခြင်းဖြင့် ကျေးလက်ဒေသ ငွေကြေးဈေးကွက်ကို တိုးချဲ့ခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၁,၃၂၀,၁၇၆<br><br>၁၄/၁၂/၂၀၁၅ မှ ၃၁/၁၂/၂၀၁၈<br><br>*ဆောင်ရွက်ဆဲ* | ¦ ချင်း MFIအတွက် GRET၏ နည်းပညာအကူအညီမှာ ဥပဒေနှင့်အညီ တရားဝင်ဖြစ်စေရေး လုပ်ငန်းစဉ်အတွက် ညှိနှိုင်းဆောင်ရွက်ရေးမှာ အရေးကြီးသလို ၎င်းတို့၏ စီမံခန့်ခွဲမှုဆိုင်ရာ၊ အသင်းအဖွဲ့ဆိုင်ရာ နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စွမ်းဆောင်ရည်များ အားကောင်းစေရန်အတွက် ပြင်ပ ကျွမ်းကျင်သူများ၏ အကူအညီဖြင့် ဆောင်ရွက်ပေးရန်လည်း အရေးကြီးပါသည်။ချင်း MFIသည် ဆင်းရဲနွမ်းပါးသူများအတွက် ငွေကြေးဝန်ဆောင်မှုများအား နေရာအသစ်ဖြစ်သည့် ကလေးမြို့နယ်များတွင် တိုးချဲ့ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။ကျေးလက်ဒေသနေ အိမ်ထောင်စုများအတွက် ရွှေ့ပြောင်းအဆင့်အဖြစ် ဝန်ဆောင်မှု အသစ်များအား စမ်းသပ်ဆောင်ရွက်မည် ဖြစ်ပါသည်။<br>¦ ၂၀၁၈ ခုနှစ် နိုဝင်ဘာတွင် ချင်းပြည်နယ်ရှိ ရုံးခွဲများအတွက် Quick Book (စာရင်းကိုင် ဆော့ဖ်ဝဲ) အကောင်အထည်ဖော်ရေးအတွက် Kredits မစ်ရှင်မှ စာရင်းကိုင် ၆ဦး၊ ငွေကိုင် ၃ ဦး၊ ဘဏ္ဍာရေး အရာရှိ ၁ ဦး နှင့် မန်နေဂျာ ၄ ဦး အား Quick Book သင်တန်းပေးခဲ့ပါသည်။<br>¦ GRET မှ အနာဂတ်တွင် ဆောင်ရွက်မည့် ကုမ္ပဏီအတွက် အဆင့်မြင့် စီမံခန့်ခွဲရေးအဖွဲ့ဝင်များ ပါဝင်သည့် အစည်းအဝေးများကျင်းပခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များ၊ ငွေကြေးစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များနှင့် အခြားစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့ပါသည်။ ဆုံးရှုံးနိုင်ချေ စီမံခန့်ခွဲမှု လက်စွဲနှင့် နည်းကိရိယာများအား အပြီးသတ်ခဲ့သည်။<br>¦ GRET မှ ၂၀၁၉ ခုနှစ် ဖွန်လအထိ တိုးချဲ့ဆောင်ရွက်ရန် ရည်ရွယ်ချက်များ သေချာရရှိအောင်မြင်စေရန် ဘတ်ဂျက် မပါဝင်သည့် သက်တမ်းတိုးခြင်းအား ရရှိခဲ့ပါသည်။<br>¦ ကလေးမြို့နယ်တွင် ရုံးခွဲ တစ်ခု ဖွင့်လှစ်ထားပြီး ကျေးရွာ ၇ ရွာမှ ငွေချေးသူ ၆၅၇ ဦးအား ချေးငွေများ ထုတ်ပေးခဲ့ပြီး စုစုပေါင်း ချေးငွေပမာဏမှာ ကန်ဒေါ်လာ ၄.၂ သန်း ဖြစ်ပါသည်။<br>¦ သစ္စာဥယျာဉ် ၏ ကိုယ့်အားကိုယ်ကိုး လုပ်ငန်းလည်ပတ်နိုင်မှုမှာ ၁၃၅.၄% နှင့် ငွေကြေးဆိုင်ရာ ကိုယ်အားကိုယ်ကိုး ရပ်တည်နိုင်မှုမှာ ၁၀၃.၈% တို့ ဖြစ်ပါသည်။<br>¦ ချင်း TSO မှ အိမ်ထောင်စုပေါင်း ၁၀,၆၁၃ စုအတွက် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခဲ့ရာ ချေးငွေ ကန်ဒေါ်လာ ၁.၉၆ သန်း ထုတ်ပေးခဲ့ပြီး၊ ထိုအထဲမှ မွေးမြူရေးအတွက် ၆၈%၊ စိုက်ပျိုးရေးအတွက် ၁၁%၊ ထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုများ အတွက် ၁၈% နှင့် အဖွဲ့လိုက်ချေးငွေများအတွက် ၃% သုံးစွဲခဲ့ပါသည်။ လက်ရှိ သက်ဝင်လှုပ်ရှားနေသည့် အဖွဲ့ဝင်များ၏ ၆၈%မှာ အမျိုးသမီးများ ဖြစ်ပါသည်။ |
| ၅ | နိုင်ငံတကာ ငွေကြေးကော်ပိုရေးရှင်း (IFC)<br><br>အားလုံးပါဝင်သော ငွေရေးကြေးရေးကဏ္ဍ စွမ်းဆောင်ရည် တည်ဆောက်ခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၃,၆၁၉,၅၅၂<br><br>၀၁/၀၇/၂၀၁၄ မှ ၃၀/၀၆/၂၀၁၈<br><br>*ဆောင်ရွက်ဆဲ* | ကဏ္ဍအဆင့်နှင့် အဖွဲ့အစည်းအဆင့်တို့တွင် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေရန် အကူအညီပေးခြင်း -<br>¦ စီမံချက်မှ မြန်မာ့အသေးစား ငွေရေးကြေးရေးလုပ်ငန်းကူညီရေးအသင်း (MMFA) အတွက် ပံ့ပိုးပေးခဲ့ပြီး ၂၀၁၈ခုနှစ် မတ်လတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပါသည်။ IFC မှ MMFA ၏ အဖွဲ့ဝင်များအတွက် သင်တန်းပို့ချရန် နယ်ပယ်များနှင့် နောက် ၅ နှစ် သက်တမ်းအတွက် လုပ်ငန်းစီမံချက်ရေးဆွဲရန် လိုအပ်ချက် ဆန်းစစ်မှု ဆောင်ရွက်ခဲ့ပါသည်။<br>¦ IFC မှ MMFA ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ နှင့် စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ တိုးမြှင့်နိုင်ရန် စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေး ကော်မတီအား ဆက်လက် ကူညီလျက်ရှိပါသည်။<br>¦ IFC သည် ကြီးကြပ်စစ်ဆေးသူများအတွက် တာဝန်ခံမှုရှိသော ငွေကြေးဆိုင်ရာ သင်တန်းများ ဆက်လက် ပို့ချခဲ့ပါသည်။ သင်တန်းတွင် MFI ၁၆ ဖွဲ့ နှင့် ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဌာနတို့မှ တက်ရောက်ခဲ့ကြပါသည်။ IFC မှ MMFA နှင့် ပူးပေါင်း၍ MFI များအနေဖြင့် ၎င်းတို့လုပ်ငန်း ရေရှည်တည်တံ့နိုင်ရန် အရေးကြီးသည့် လုပ်ငန်းဖွံ့ဖြိုး တိုးတက်လာပြီး ပိုမိုကျယ်ပြန့်သည့် ဝန်ဆောင်မှု အသုံးပြုသူများအား ဝန်ဆောင်မှု ပုံစံအမျိုးမျိုးပေးနိုင်ရန် လိုအပ်သည့် လုပ်ငန်းစီမံအုပ်ချုပ်ပုံ မူဘောင်များ နှင့် အသေးစား ငွေရေးကြေးရေးဝန်ဆောင်မှုပေးသူများ၏ အလေ့အကျင့်များ ပိုမိုကောင်းမွန်စေရန် ရည်ရွယ်၍ စီးပွားရေးလုပ်ငန်း စီမံအုပ်ချုပ်မှုဆိုင်ရာ ၂ ရက်ကြာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။<br>¦ IFC မှ VisionFund နှင့် ပူးပေါင်းလက်တွဲ၍ မန်နေဂျာအချို့အားရွေးချယ်ပြီး ၎င်းတို့၏ လက်တွေ့ဆောင်ရွက်နေသည့် စီမံချက်များတွင် အသုံးချနိုင်ရန် တိုက်ရိုက်လမ်းညွှန်သင်ကြားပေးခြင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ စီမံချက်များမှာ ထုတ်ကုန်ပစ္စည်း ဖွံ့ဖြိုးတိုးတက်မှု၊ နည်းစနစ်အသစ်များ မိတ်ဆက်ခြင်း၊ စွမ်းဆောင်ရည် ပိုမိုကောင်းမွန်စေခြင်းနှင့် နောက်ကျဆပ်ငွေ လျှော့ချခြင်း၊ အိုင်တီနည်းပညာနှင့် ငွေကြေးဆိုင်ရာ အစီရင်ခံသည့် နည်းစနစ်များ ပိုမိုကောင်းမွန်စေခြင်းတို့နှင့် ဆက်နွယ်နေပါသည်။ IFCမှ VisionFund မန်နေဂျာများအား လမ်းညွှန်မှုပေးခြင်း၊ စီမံချက်များအားပြန်လည်သုံးသပ်ခြင်း၊ Vision Fund မန်နေဂျာများမှ ဆက်လက် အကောင်အထည်ဖော်နိုင်ရန်အတွက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရမည့် ကဏ္ဍများနှင့် ရယူခဲ့သည့်သင်ခန်းစာများအား ဖော်ထုတ်ခြင်းတို့ ဆောင်ရွက်ပေးခဲ့သည်။<br>¦ Fullerton Myanmar (FFMCL) ။ ။ ၂၀၁၈ မတ်လတွင် IFC မှ Fullerton Myanmar (FFMCL) အတွက် စွမ်းဆောင်ရည် အခြေခံထောက်ပံ့ငွေမှ တတိယအရစ် ကန်ဒေါ်လာ ၃၀၀,၀၀၀ အား ထုတ်ပေးခဲ့ပြီး စုစုပေါင်း ထုတ်ပေးငွေမှာ ကန်ဒေါ်လာ ၁ သန်း ဖြစ်ပါသည်။ ဤအရစ်ကျ ထုတ်ပေးခြင်းဖြင့် IFC ၏ ထောက်ပံ့ငွေ အားလုံးထုတ်ပေးပြီးဖြစ်ကာ Fullerton၏ ဝန်ထမ်းစွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ဝန်ဆောင်မှုအသစ်များ ပြုလုပ်ခြင်း၊ လုပ်ငန်းရှေ့ဆက်ဆောင်ရွက်ခြင်းနှင့် တာဝန်ခံမှုရှိသည့်ငွေကြေးဆိုင်ရာ မဟာဗျူဟာ စတင် ဆောင်ရွက်ခြင်းတို့အတွက် အထောက်အပံ့ဖြစ်စေခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာတွင် Fullerton ၏ စုစုပေါင်းလုပ်ငန်းများမှာ မြို့နယ်ပေါင်း ၆၂ မြို့နယ်တွင် ဝန်ဆောင်မှု အသုံးပြုသူ ၁၃၉,၀၉၉ဦး အထိ တိုးတက်များပြားလာခဲ့ပါသည်။ စုစုပေါင်းရရှိသည့် ချေးငွေတန်ဖိုးမှာ ကန်ဒေါ်လာ ၃၃.၇ သန်းအထိ တိုးတက်လာခဲ့ပြီး ၂၀၁၇ခုနှစ် ဒီဇင်ဘာလထက် ကန်ဒေါ်လာ ၇.၅ သန်း ပိုမိုလာသည်။ ရက် ၃၀ ကျော်သည့် ချေးငွေ ၀.၄၁၄ ရာခိုင်နှုန်းသာရှိသဖြင့် ရရန်ရှိချေးငွေ ဆုံးရှုံးနိုင်ချေ (Portfolio at Risk- PAR) မှာကောင်းစွာ ထိန်းချုပ်ထားနိုင်ခဲ့ပါသည်။ Fullerton ၏ ကိုယ့်အားကိုယ်ကိုး လုပ်ငန်းလည်ပတ်နိုင်မှု နှင့် ငွေကြေးဆိုင်ရာ ကိုယ့်အားကိုယ်ကိုးနိုင်မှု မှာ ၁၂၆% နှင့် ၉၅% အသီးသီး ရှိပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၆ | PACT Global Microfinance Fund (PGMF)<br><br>မြန်မာ့ကျေးလက်ချေးငွေ လက်လှမ်းမီရေး (MARC)<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၇,၃၂၇,၃၂၄<br><br>၁၆/၀၇/၂၀၁၂ မှ ၁၅/၀၇/၂၀၁၇ အထိ<br><br>*ဆောင်ရွက်ဆဲ* | PGMF မှ ဒေသခံ FMI ၉ ဖွဲ့ တို့၏ လုပ်ငန်းလည်ပတ်မှု နှင့် ငွေကြေးဆိုင်ရာ ကိုယ့်အားကိုယ်ကိုးနိုင်မှု ရရှိနိုင်စေရန် စွမ်းဆောင်ရေ ဖွံ့ဖြိုးမှုဆိုင်ရာ အကူအညီပံ့ပိုးပေးခဲ့ပါသည်။ စီမံချက်အား အန်န်ဂျီအိုအခြေခံ MFIမှ ကုမ္ပဏီအခြေခံ MFI သို့ ပြောင်းလဲခြင်းလုပ်ငန်းစဉ်ကို ကူညီဆောင်ရွက်ပေးရန် ၂၀၁၉ ခုနှစ် ဖွန်လ ၃၀ ရက်အထိ သက်တမ်းတိုးခဲ့ပါသည်။<br><br>¦ မိတ်ဖက်အဖွဲ့ ၄ ဖွဲ့ (ECLOF၊ BDA၊ MHDO နှင့် AYO ) တို့အတွက် ငွေရေးကြေးရေးဆိုင်ရာ ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန (FRD) မှ လိုင်စင်ရရှိခဲ့ပါသည်။<br>¦ မိတ်ဖက်အဖွဲ့ ၃ ဖွဲ့ (Wanlark Foundation၊ YMCA နှင့် The Sun Institute) တို့ ပြည်နယ်အဆင့် FRD မှ အကြံပြုချက်ရရှိခဲ့ပြီးနောက် FRD မှ လိုင်စင်ရရှိရန် နောက်ဆုံးအဆင့်တွင် အသေးစား ငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှု ကော်မတီထံ တင်ပြမှုများ ပြုလုပ်ခဲ့ပါသည်။<br>¦ MFI ၂ ခု (SVS နှင့် ရတနာ့ မေတ္တာ) တို့သည် သက်ဆိုင်ရာဒေသရှိ FRD မှ ခွင့်ပြုမိန့် စောင့်ဆိုင်းဆဲ ဖြစ်ပါသည်။<br>¦ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် PGMF မှ ရုံးခွဲ များမှ မန်နေဂျာများနှင့် လက်ထောက် မန်နေဂျာ ၂၆ဦး အတွက် လုပ်ငန်းဆောင်ရွက်ပုံ စီမံခန့်ခွဲရေး မွမ်းမံသင်တန်း ပို့ချပေးခဲ့ပါသည်။<br>¦ PGMF/MARC မှ MFI မိတ်ဖက်များတွင် အဖွဲ့အစည်းအတွင်း စာရင်းစစ်စနစ် ထူထောင်ရန် ကြိုးပမ်းလျက်ရှိပြီး ထိုမိတ်ဖက် အဖွဲ့တစ်ဖွဲ့ချင်းစီ၏ ဌာနတွင်း စာရင်းစစ်များအား စာရင်းစစ်နေချိန်တွင် အလုပ်လုပ်ရင်း သင်တန်းပေးခြင်းကို ဆောင်ရွက်ခဲ့ပါသည်။<br>¦ ၂၀၁၄ ခုနှစ်မှ ၂၀၁၈ နှစ်ကုန်အထိ၊ ဒေသခံ MFI ၉ခု မှ အိမ်ထောင်စု ပေါင်း ၇၀,၈၂၄ စု (အမျိုးသမီး ၉၉%) အား ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခဲ့ပါသည်။ ၂၀၁၈ ခုနှစ်အတွင်း ဒေသခံ MFI များမှ ထုတ်ပေးငွေ စုစုပေါင်း မှ ကန်ဒေါ်လာ ၁၅ သန်း ရှိပါသည်။<br>¦ ချေးငွေ အသုံးချမှုများမှ စိုက်ပျိုးရေးတွင် ၃၈%၊ လယ်ယာပြင်ပ ချေးငွေများတွင် ၅၅% နှင့် လူမှုရေးလှုပ်ရှားမှုများတွင် ၆ % တို့ ဖြစ်ကြပါသည်။<br>¦ ဒေသခံ အသေးစား ငွေရေးကြေးရေးလုပ်ငန်းများမှာ ငွေရေးကြေးရေးအရ ရေရှည်တည်တံ့ပါသည်။ ဆိုလိုရင်းမှာ အသေးစား ငွေရေးကြေးရေး လုပ်ငန်းများမှ ပြန်ရငွေများသည့် လုပ်ငန်း လည်ပတ်စရိတ်များ နှင့် ငွေကြေးဆိုင်ရာ စရိတ်များအား ကာမိပါသည်။ |
| ၇ | PACT Global Microfinance Fund (PGMF)<br><br>ရခိုင်ပြည်နယ်တွင် အားလုံးပါဝင် လက်လှမ်းမီသော ငွေကြေးဝန်ဆောင်မှု စီမံချက် (RAFIN)<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၈,၃၂၃,၄၉၇<br><br>၁၄/၁၂/၂၀၁၅ မှ ၃၀/၀၆/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | RAFIN စီမံကိန်း၏ ရည်ရွယ်ချက်မှာ ရခိုင်ပြည်နယ်တွင် ဝန်ဆောင်မှုအသုံးပြုသူ အသစ်များအတွက် ငွေကြေးဝန်ဆောင်မှုပေးရန် အသေးစား ငွေရေးကြေးရေးဌာနများ ဖွင့်လှစ်ရန် ဖြစ်သည်။<br><br>၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်နေ့တွင် -<br>¦ ရခိုင်ပြည်နယ်ရှိ မြို့နယ် ၅စ်မြို့နယ်တွင် ငွေကြေး ဝန်ဆောင်မှုပေးခဲ့သည်။<br>¦ ဝန်ဆောင်မှုအသုံးပြုသူ စုစုပေါင်း - ၇၈,၄၄၀ (အမျိုးသမီး ၉၈%)<br>¦ ငွေကြေးကောက်ယူသည့် နေရာများ - ကျေးရွာပေါင်း ၁,၇၄၁ ရွာ<br>¦ ထုတ်ချေးသည့် ချေးငွေပမာဏမှာ ကန်ဒေါ်လာ ၃၇.၇ သန်း<br>¦ ချေးငွေ ၉၂% အား အသေးစား စီးပွားရေးလုပ်ငန်းနှင့် မွေးမြူရေးအတွက် အသုံးပြုပါသည်။<br>¦ အဖွဲ့အစည်း လုပ်ငန်းအနေဖြင့် မြို့နယ်ပေါင်း ၇၉ မြို့နယ်တွင် ဝန်ဆောင်မှု အသုံးပြုသူပေါင်း ၉၈၅,၄၅၈ နှင့် ကန်ဒေါ်လာ ၂၁၀.၃၅သန်း ရှိပါသည်။ |
| ၈ | Proximity Designs<br><br>ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု — ရှေ့သို့ ဆက်လက် ဆောင်ရွက်ခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၅,၀၉၇,၁၆၄<br><br>၁၄/၁၂/၂၀၁၅ မှ ၃၀/၀၆/ ၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | ဤစီမံချက်အား Proximity Designs မှ စီမံခန့်ခွဲပြီး LIFT ၏ အထောက်အပံ့ဖြင့် Promximity Finance အသေးစား ငွေရေးကြေးရေး ကုမ္ပဏီလီမိတက်အဖြစ် အသွင်ပြောင်းလဲခဲ့ပါသည်။ Proximity Finance (PF) မှ ရွှေ့ပြောင်းသွားလာသူ မိသားစုများ နှင့် အသေးစား စွန့်ဦးတီထွင်သူများအတွက် သီးသန့်စျေးကွက်အပိုင်းအတွက် ချေးငွေ ပုံစံအသစ်များ ဒီဇိုင်း ရေးဆွဲခဲ့ပါသည်။<br><br>¦ အပူပိုင်းဇုန်- မြင်းခြံ၊ မကွေး၊ မုံရွာ၊ ပခုက္ကူ နှင့် မလှိုင်တို့ရှိ ရွှေ့ပြောင်းသွားလာသူများ၏ မိသားစုများ အတွက် ချေးငွေ ၂,၂၀၀ ရှေ့ပြေးစမ်းသပ်ပြီး စတင် ထုတ်ချေးခဲ့ပါသည်။<br>¦ အပူပိုင်းဇုန်တွင် မိသားစုပေါင်း ၈,၈၀၀ အတွက် စီးပွားရေးလုပ်ငန်းငယ် ချေးငွေများ ထုတ်ပေးခဲ့ပါသည်။<br>¦ PF မှ မြို့နယ်ပေါင်း ၅၇ မြို့နယ်ရှိ ဝန်ဆောင်မှုအသုံးပြုသူ ၉၉,၉၃၉ ဦး ( အမျိုးသမီး ၆၆%) အား ကန်ဒေါ်လာ ၂၆.၄ သန်း ထုတ်ချေး ခဲ့ပါသည်။ ဝန်ဆောင်မှုအသုံးပြုသူများ၏ ချေးငွေပေါင်း ၁၂၂,၃၂၄ခု ရရှိခဲ့ပြီး လက်ရှိချေးငွေ ပမာဏမှာ ကန်ဒေါ်လာ ၁၈. ၈ သန်း ဖြစ်ပါသည်။ |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၉ | World Vision Myanmar/VisionFund Myanmar (VFM)<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၄,၅၀၀,၀၀၀<br><br>၁၂/၁၁/၂၀၁၅ မှ ၃၀/၀၆/ ၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | စီမံချက်မှ LIFT ၏ တောင်တန်း ဒေသ ဦးတည်ဇရိယာများ အတွက် ဆန်းသစ်တီထွင်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးပါသည်။<br><br>¦ ချေးငွေထုတ်ပေးခြင်း (ချေးငွေအရေအတွက်နှင့် ပမာဏ)- ၂၀၁၈ ခုနှစ်တွင် LIFT ၏ ရုံးခွဲများမှ ဝန်ဆောင်မှုအသုံးပြုသူ အသစ် ၁၂,၆၂၀ ဦး အား ချေးငွေထုတ်ပေးခဲ့ခြင်းဖြင့် စုစုပေါင်း ဝန်ဆောင်မှု အသုံးပြုသူ ၃၀,၇၅၇ ဦးသို့ ရောက်ရှိခဲ့ပါသည်။ LIFT ရုံးခွဲများမှ လက်ရှိ ဝန်ဆောင်မှု အသုံးပြုနေသူပေါင်း ၂၉,၈၅၇ ဦး နှင့် ချေးငွေ ကန်ဒေါ်လာ ၁၆၂,၅၉၂.၈၆ ထုတ်ချေးခဲ့သည်။ အခြေခံ စီးပွားရေး ချေးငွေအား VFM ၏ ရန်ပုံငွေမှ ထုတ်ချေးခဲ့ပြီး ချေးငွေ ပုံစံအသစ်များ (SSAT၊ ငွေကြေး ထပ်မံပံ့ပိုးခြင်းနှင့်ငွေချေးသူအား အကြွေးပမာတစ်ခုအထိ ပေးထားခြင်း) တို့အား LIFT မှ ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပါသည်။ တစ်ဦးချင်း တစ်ရက်ဝင်ငွေ ၁.၅ ဒေါ်လာအောက် ရရှိသူများအတွက် တစ်ဦးချင်း ဖွံ့ဖြိုးရေး စုငွေ စာရင်း ဝန်ဆောင်မှုအား စတင်မိတ်ဆက်ခဲ့ပါသည်။<br>¦ ဝန်ဆောင်မှု ဖော်ဆောင်ခြင်း- အကြွေးတင်နေမှုအား ပြေလည်စေသည့် ချေးငွေအား မန္တလေးဒေသရှိ LIFT ရန်ပုံငွေမဟုတ်သည့် ရုံးခွဲခြောက်ခုတွင် ရနိုင်ပြီး၊ အဆိုပါ ရုံးခွဲများထဲမှတစ်ခုတွင် SSAT ချေးငွေများ ရနိုင်ပါသည်။<br>¦ စုငွေဆိုင်ရာ နောက်ဆုံး အခြေအနေ- ၂၀၁၈ ခုနှစ်တွင် LIFT ရုံးခွဲများမှ ဝန်ဆောင်မှုရယူသူ ၄၁,၃၄၁ဦး ထံမှ မိမိသဘော ဆန္ဒအလျောက် စုဆောင်းငွေ နှင့် မစုမနေရ စုဆောင်းငွေ ကန်ဒေါ်လာ ၁,၅၆၀,၁၀၁ ရရှိခဲ့ပါသည်။<br>¦ အသင်းအဖွဲ့အဆင့် လုပ်ငန်းအခြေအနေမှာ မြို့ပေါင်း ၄၈ မြို့နယ်မှ ဝန်ဆောင်မှု အသုံးပြုသူပေါင်း ၁၈၇,၅၈၄ ဦးနှင့် ကန်ဒေါ်လာ ၃၆ သန်း ရှိပါသည်။ |
| ၁၀ | VisionFund International<br><br>အထည်ချုပ်လုပ်ငန်း ကဏ္ဍတွင် ငွေကြေးဆိုင်ရာ အားလုံးပါဝင်စေမှု<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၈၀၀,၀၀၀<br><br>၅/၉/၂၀၁၇ မှ ၃၀/၆/၂၀၁၉<br><br>*ဆောင်ရွက်ဆဲ* | စီမံချက်မှ ရေရှည်တွင် ပြန်မဆပ်နိုင်သည့် ချေးငွေရယူခြင်း နှင့် အစားသောက် ချွေတာခြင်းတို့ကဲ့သို့ အန္တရာယ်ရှိသည့် ရင်ဆိုင်ဖြေရှင်းနည်းလမ်းများ ကျင့်သုံးနေသည့် ရွှေ့ပြောင်းသွားလာသူများလျော့ချနိုင်ရန် ရည်ရွယ်ပါသည်။ ယင်းသို့ ဆောင်ရွက်ရန်မှာ ရွှေ့ပြောင်းလုပ်သားများအနေဖြင့် အတိုးနှုန်းနည်းသည့် ချေးငွေများနှင့် ငွေစုသည့် ပုံစံများအား လက်လှမ်းမီရရှိရန် ကြိုးပမ်းရာတွင် တွေ့ကြုံရင်ဆိုင်ရသည့် အတားအဆီးများအား ဖြေရှင်းနိုင်မည့် သီးသန့်ပြင်ဆင်ထားသည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုကို ဖော်ဆောင်နိုင်မှ အောင်မြင်နိုင်မည်ဖြစ်သည်။<br><br>¦ ၂၀၁၈ ခုနှစ် ဇန်နဝါရီတွင် လှိုင်သာယာ ရုံးခွဲ -၂ (HTY2) ကို ဖွင့်လှစ် ခဲ့ပါသည်။ မူလက ရှိဆဲရွှေ့ပြောင်း လုပ်သားများအား ဝန်ဆောင်မှုပေးနေသည့် လှိုင်သာသာ ၁ (HTY1) အပြင်တွင် လုပ်ငန်းဆောင်ရွက်နေသည့် ရုံးခွဲငယ်ဖြစ်ပါသည်။<br>¦ VFM မှ စက်ရုံ ၁၅ ခု နှင့် မိတ်ဖက်ပြုနိုင်ခဲ့ပြီး အဆိုပါ စက်ရုံများတွင် ချေးငွေများ ထုတ်ပေးနိုင်ခဲ့ပါသည်။<br>¦ အထည်ချုပ်လုပ်သားများအတွက် ပထမဆုံး ချေးငွေထုတ်ပေးခြင်းအား ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁၉ ရက်နေ့တွင် ZES အထည်ချုပ်စက်ရုံ တွင်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်မှ ၂၀၁၈ ခုနှစ်အတွင်းရွှေ့ပြောင်း လုပ်သား/မိသားစု ၂,၃၄၃ ဦးအတွက် ကန်ဒေါ်လာ ၈၀၅,၀၃၀၃ ထုတ်ချေးပေးခဲ့ပါသည်။ |
| ၁၁ | Vision Fund International (VFI)<br><br>ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သည့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၃,၅၀၀,၀၀၀<br><br>၁၅/၉/၂၀၁၈ မှ ၁၄/၀၉/၂၀၂၁<br><br>*ဆောင်ရွက်ဆဲ* | စီမံချက်လုပ်ငန်း စတင်လုပ်ကိုင်သည့် အဆင့်<br><br>ဒီဇင်ဘာ နောက်ဆုံးပတ်တွင် စစ်တွေမြို့၌ ဝန်ဆောင်မှုအသုံးပြုသူ ၁၅ ဦးအား ကျပ်ငွေ ၁၅,၇၅၀,၀၀၀ ထုတ်ချေးခဲ့ပါသည်။ |
| ၁၂ | The Currency Exchange Fund (TCX)<br><br>ငွေလဲနှုန်းကြောင့် ဖြစ်ပေါ်နိုင်သော စွန့်စားရမှုများအတွက် တစ်စိတ်တစ်ပိုင်း အထောက်အကူပေးခြင်း<br><br>ဘတ်ဂျက်- ကန်ဒေါ်လာ ၁၀,၀၀၀,၀၀၀<br><br>နိုဝင်ဘာ ၂၀၁၆ မှ ၂၀၁၈ ဒီဇင်ဘာ | ¦ LIFT ၏ ပံ့ပိုးငွေ ဒေါ်လာ ၁၀ သန်းကြောင့် TCX သည် မြန်မာနိုင်ငံ၏ MFI ၁၂ ခု အတွက် ငွေချေးသူ ၁၁ ဦးအား တန်ပြန်ကာကွယ်သည့် ချေးငွေ ၄၀ ထုတ်ချေးနိုင်ခဲ့သည်။<br>¦ TCX သည် ကျပ်ငွေ ၁၀၉.၃ ဘီလျံနှင့် ညီမျှသည့် ကန်ဒေါ်လာ ၈၆သန်းကို တန်ပြန်ကာကွယ်ထားခဲ့သည်။<br>¦ ကျပ်ငွေဖြင့် ချေးငွေများရလာသည့်အခါ MFIများမှ ဝန်ဆောင်မှု အသုံးပြုသူ ၃၃၇,၆၄၂ဦးအား ထုတ်ချေးပေးခဲ့သည်။ ပျမ်းမျှချေးငွေ ပမာဏမှာ ၂၃၇ ဒေါ်လာ ဖြစ်သည်။ ဝန်ဆောင်မှု အသုံးပြုသူ ၈၄%မှာ အမျိုးသမီးများဖြစ်ပြီး ၆၄%မှာ ကျေးလက်ဒေသတွင် နေထိုင်သူများ ဖြစ်ကြပါသည်။ သို့ဖြစ်၍ TCX မှ ငွေချေးသူ ၃၃၇,၆၄၂ ဦး ( အမျိုးသမီး ၂၈၃,၆၁၉ ဦး ) ကို သွယ်ဝိုက်ငွေချေးခဲ့သည်။<br>¦ LIFT ၏ ဆောင်ရွက်မှုကြောင့် MFI ၁၂ ခုတွင် ဝန်ထမ်းအင်အား ၂၁% မြင့်မားလာခဲ့ပါသည် (MFI များတွင် အလုပ်အကိုင်သစ် ၁,၀၂၇ နေရာ ဖန်တီးပေးခဲ့ပါသည်) |

## ၁၀.၄.၇ ၂၀၁၈ ခုနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍနှင့် ချိတ်ဆက်ဆောင်ရွက်သည့်စီမံချက်များ၏ အရေးပါသည့် တင်ပြမှုများ

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၁ | မီချီဂန် ပြည်နယ် တက္ကသိုလ်<br><br>မြန်မာနိုင်ငံတွင် စိုက်ပျိုး-ရိက္ခာ တန်ဖိုးမြှင့်ကွင်းဆက် ဖွံ့ဖြိုးရေး - ကျေးလက်နေ နွမ်းပါးသူများ၏ အသက်မွေးဝမ်းကျောင်းမှုကို သက်ရောက်ခြင်း စီမံချက်<br><br>ဘတ်ဂျက် -ကန်ဒေါ်လာ ၄,၀၄၂,၃၅၄<br><br>၂၀၁၅ ခုနှစ် ဇူလိုင်လ မှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ဆောင်ရွက်ဆဲ | • စီမံချက်သည် စိုက်ပျိုးရေး မူဝါဒ ဌာနနှင့် စိုက်ပျိုးရေး သုတေသန ဦးစီးဌာနတို့၏ နည်းပညာပိုင်းနှင့် ထိရောက်မှုအပိုင်းတို့တွင် တိုးမြှင့်ရန် ပြုပြင်ပြောင်းလဲနေသည့် လုပ်ငန်းစဉ်တွင် အထောက်အပံ့ပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်းတို့အား ဆက်လက် ပံ့ပိုးပေးလျက်ရှိသည်။<br>• စီမံချက်သည် စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) - အထူးသဖြင့် မဏ္ဍိုင် ၂ - တောင်ယာ ကုန်ထုတ်လုပ်ငန်းနှင့် ဝင်ငွေတိုးတက် စေခြင်း နှင့် မဏ္ဍိုင် ၁ ဖြစ်သည့် စီမံအုပ်ချုပ်ခြင်းတို့အား အထောက်အပံ့ပေးရန် တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါသည်။ အဓိကအားဖြင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဆောင်ရွက်သည့် မြန်မာ့စိုက်ပျိုးရေး သုတေသန စနစ်ဆိုင်ရာ အစီရင်ခံစာမူကြမ်းသည် ADS ၏ မဏ္ဍိုင် ၂ တွင် အထောက်အပံ့ဖြစ်ခဲ့ပါသည်။ စီမံကိန်း ဝန်ထမ်းများသည် ADS အကောင်အထည်ဖော်ရေး အထောက်အပံ့ ဌာနစိတ်အသစ် တည်ထောင်ရန်အတွက် လုပ်ငန်းလမ်းညွှန်များ ရေးဆွဲခဲ့ကြသည်။<br>• စီမံချက်မှ မိတ်ဖက် သုတေသန ပညာရှင်များသည် ကုန်သွယ်ရေး မူဝါဒ၏ အကျိုးသက်ရောက်မှုများ အပါအဝင် မြန်မာနိုင်ငံ၏ နည်းပညာအရ နှင့် စီးပွားရေးအရ ဖြစ်နိုင်စွမ်းရှိသည့် ဆည်မြောင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နယ်မြေအနေအထား အချက်အလက်သုံးသပ်မှု၏ သုတေသန ရလဒ်များကို နေပြည်တော်တွင် မတ်လ ၂၀ ရက် နေ့က စိုက်ပျိုးရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ကျင်းပခဲ့သည့် မူဝါဒရေးရာ ဖိုရမ်တွင် တင်ပြခဲ့ပါသည်။<br>• စီမံချက်သည် အနှစ်ချုပ် စာတမ်းတစောင် ပြုစုခဲ့ပြီး မြန်မာနိုင်ငံတွင် LIFT ၏ နောက်ထပ်တစ်ဆင့် ရင်းနှီးမြှုပ်နှံမှုများ ဒီဇိုင်း ရေးဆွဲရာတွင် အထောက်အကူ ဖြစ်စေရန် LIFT ၏ ရန်ပုံငွေ ဘုတ်အဖွဲ့ထံ တင်ပြခဲ့ပါသည်။ https://www.canr. msu.edu/fsp/publications/research-papers/RP104_for_pdf_temporary_Recent%20Transformation.pdf<br>• စီမံချက်သည် မြန်မာနိုင်ငံတွင် ငါးမွေးမြူရေး နှင့် ရေလုပ်ငန်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ မူဝါဒနှင့် ဆိုင်သည့် စာတမ်းတစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ (မြန်မာရေလုပ်ငန်း အသွင်ကူးပြောင်းခြင်း။ လက်ရှိ အခြေအနေနှင့် ၊ မူဝါဒ ပြုပြင်ပြောင်းလဲရေးအတွက် အခွင့်အလမ်းများ) ကမ္ဘာ့ဖွံ့ဖြိုး တိုးတက်မှု ဂျာနယ်များတွင် တင်ပြ ထုတ်ဝေခဲ့ပါသည်။<br>• စီမံချက်သည် အပူပိုင်းဇုန် ကျေးလက်စီးပွားရေးနှင့် စိုက်ပျိုးရေးစစ်တမ်း၊ လယ်ယာပြင်ပ တန်ဖိုးမြှင့်ကွင်းဆက် ကဏ္ဍ စစ်တမ်းများအား ၂၀၁၈ခုနှစ် ပထမနစ်ဝက်တွင် ကောက်ယူပြီးစီးခဲ့ပါသည်။<br>• စီမံချက်သည် ရှမ်းပြည်နယ်တောင်ပိုင်း မြို့နယ်ပေါင်း ၉ မြို့နယ်ရှိ စစ်တမ်းကောက်ယူသည့် ဒေသ ၉၉ ခု ကိုလွှမ်းခြုံသည့် ရှမ်းပြည်နယ်ရှိ အိမ်ထောင်စုများ၏ စိုက်ပျိုးရေး စစ်တမ်းနှင့် လယ်ယာပြင်ပ တန်ဖိုးမြှင့်ကွင်းဆက်ကဏ္ဍ စစ်တမ်းတို့အား ဆောင်ရွက်ပြီးစီးခဲ့ပြီး မြို့နယ် ၁၂ မြို့နယ်မှ ရပ်ရွာလူထု အဖွဲ့အစည်း ၂၂၅ ဖွဲ့တွင်လည်း ပြည်တွင်း သုတေသန မိတ်ဖက်များ (CESD နှင့် MMRD) ဖြင့် စစ်တမ်းများ ကောက်ယူပြီးစီးခဲ့ပါသည်။<br>• ထုတ်ဝေထားသည့် သုတေသန စာတမ်းများ၊ အရေးကြီး တင်ပြချက်များ နှင့် စာအုပ်ပါ အခန်းများအား LIFT ၏ ဝက်ဘ်ဆိုဒ် စာမျက်နှာ https://www.lift-fund.org/publications တွင် လွှင့်တင်ထားပါသည်။<br>• စီမံချက်သည် ပြည်တွင်း သုတေသန ပညာရှင်များနှင့် MoALI လက်အောက်ရှိ ဦးစီးဌာနများအား ဆက်လက် ကူညီပံ့ပိုးပေးလျက် ရှိပါသည်။<br>• စီမံချက်သည် ဆစ်ဒနီ တက္ကသိုလ်နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ ကျေးလက်ဒေသတွင် မကြာသေးခင်က ဆောင်ရွက်ခဲ့သော "စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး နှင့် အသက် မွေးဝမ်းကျောင်းမှု ကူးပြောင်းသည့် လုပ်ငန်းစဉ်" သုတသန အလုပ်ရုံ ဆွေးနွေးပွဲ အား ၂၀၁၈ ခုနှစ် အောက်တိုဘာ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။ |
| ၂ | ရိုးမဘဏ်<br>ရိုးမ လယ်ယာစီးပွား ငွေကြေးပံ့ပိုးမှု အစီအစဉ် (AFP)<br><br>ဘတ်ဂျက် - ကန်ဒေါ်လာ ၁၈,၀၇၀,၀၀၀<br><br>၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ | • ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် အစီအစဉ်မှ စက်ပစ္စည်း ရောင်းချသူ ၁၈ ဦး နှင့် နေပြည်တော် အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၂ ခုရှိ ရိုးမ ဘဏ်ခွဲများပေါင်း ၄၇ ခု တို့မှတဆင့် ကန်ဒေါ်လာ ၁၃၈ သန်း (နစ်ရှည် အရစ်ကျ စနစ်ဖြင့် ဝယ်ယူခြင်းအတွက် ချေးငွေ ကန်ဒေါ်လာ ၁၁၅ သန်း) တန်ဖိုး ရှိသည့် လယ်ယာသုံး စက်ပစ္စည်းများ ငှားရမ်းမှု စာချုပ် ၆,၅၃၀၈ အတွက် ငွေကြေးပံ့ပိုးပေးခဲ့ပါသည်။<br>• AFP အစီအစဉ်အောက်တွင် လေးဘီး ထွန်စက် ၄,၀၀၂ စီး၊ ရိတ်ခြွေစက် ၉၅၄ စီး၊ လယ်ယာလုပ်ငန်းသုံး သယ်ယူပို့ဆောင်ရေး ယာဉ် ၁,၂၈၉ စီး၊ ရိတ်သိမ်းစက် ၁၃ စီးနှင့် လက်တွန်း လယ်ထွန်စက် ၂၅၅ စီး ဝယ်ယူခဲ့ပါသည်။<br>• စီမံချက် အကောင်အထည်ဖော်ခဲ့သည့် ၃နှစ်အတွင်း အစီအစဉ်မှ ရိုးမဘဏ်၏ ကန်ဒေါ်လာသန်း ၂၀၀ နီးပါး ပူးတွဲ ငွေကြေးပံ့ပိုးမှုကို အကောင်းဆုံး အသုံးချခဲ့ပြီး ကျေးလက်ဒေသ အိမ်ထောင်စုပေါင်း ၄၄၂,၀၀၀ ခန့်ကို သက်ရောက်မှု ရှိစေခဲ့ပါသည်။<br>• ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် ပြောင်းကုန်သည် ၇၂ ဦးအား ကန်ဒေါ်လာ ၉.၄ သန်း ထုတ်ပေးခဲ့ပြီး ခန့်မှန်းခြေ တောင်သူ ၁၄,၄၀၀ ဦးထံ ရောက်ရှိခဲ့ပါသည် ။<br>• နိုင်ငံရပ်ခြား ရန်ပုံငွေ ဆုံးရှုံးခြင်းမှ အကာအကွယ်ပေးနိုင်သည့် MFI များအတွက် ထုတ်ချေးထားသည့် ချေးငွေ များအတွက် ပြန်လည် ချေးငှားပေးသည့် ရိုးမဘဏ်၏ အာမခံရာနှုန်းပြည့် ထားစရာမလိုသော ၃နှစ်တာ ရန်ပုံငွေ ဝန်ဆောင်မှု အစီအစဉ် အောက်မှ ကန်ဒေါ်လာ ၆၀ သန်း ထုတ်ချေးပေး ခြင်းဖြင့် တောင်သူများအတွက် အသေးစား ချေးငွေ များ ရရှိ စေကာ လုပ်ကွက်ငယ် တောင်သူပေါင်း ၁၉၂,၀၀၀ ခန့် အကျိုး ရရှိခံစားခဲ့ရပါသည် ။<br>• တစ်ဦးချင်း ဖွံ့ဖြိုးရေး စာရင်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ချေးငွေများ ရှေ့ပြေးစမ်းသပ်ခဲ့ပြီး ၂၀၁၈ ခုနှစ်ကုန်တွင် ရိုးမဘဏ်၏ ဝန်ဆောင်မှု ရယူသူ ၁,၀၀၀ခန့်အား ချေးငွေပေါင်း ၂,၅၀၀ ထုတ်ချေးပေးခဲ့ပါသည်။ Wave Money ကိုယ်စားလှယ်များမှတဆင့် ငွေသွင်း ငွေထုတ်သည့် လုပ်ငန်းများကို ဗဟိုဘဏ်မှ ခွင့်ပြုပေးခြင်းသည် ရိုးမဘဏ်အနေဖြင့် ၎င်း၏ ဘဏ်ဝန်ဆောင်မှုရယူသည့် SMART စာရင်းပိုင်ရှင်ပေါင်း ၁၇၅,၀၀၀ ကျော်အား ဤ ဝန်ဆောင်မှုကို အသုံးပြုရန် ကမ်းလှမ်းနိုင်မည် ဖြစ်သည်။<br>• မှတ်ချက် ကန်ဒေါ်လာ ၁ = ၁,၄၁၄ ကျပ် (၂၀၁၈ခုနှစ်) |

| | IP နှင့် စီမံချက် အသေးစိတ် | အရေးပါသော နောက်ဆုံးတင်ပြချက်များ |
|---|---|---|
| ၃ | ဩဘာ<br><br>မြန်မာတောင်သူများနှင့် ဖက်စပ် ဖွဲ့စည်းထားသည့် ပထမမျိုးစေ့ ကုမ္ပဏီ (MAFSCO)<br><br>ဘတ်ဂျက် ကန်ဒေါ်လာ ၃,၇၄၉,၇၃၅<br><br>၂၀၁၈ ခုနှစ် ဧပြီလ မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအထိ | ¦ MAFSCO စီမံချက်သည် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် တရားဝင် ဖွဲ့စည်းခဲ့သော ဒေသခံပိုင်ဆိုင်သည့် ပထမမျိုးစေ့ ကုမ္ပဏီကို အောင်မြင်စွာ တည်ထောင်ပေးနိုင်ခဲ့ပါသည်။<br>¦ အဖွဲ့ဝင်ဖြစ်မှု၊ ရှယ်ယာပိုင်ဆိုင်မှု၊ ရှယ်ယာမှ ရသည့် အမြတ်၊ မျိုးစေ့ထုတ်လုပ်ရန် တောင်သူများမှ တာဝန်ခံမှုများရှိသော ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် အရည်အသွေးမြင့် မျိုးစေ့များ ထောက်ပံ့မှုကို တိုးမြှင့်ရန် ရည်ရွယ်ပါသည်။<br>¦ ပြန်လည်ပြင်ဆင်ထားသည့် လုပ်ငန်းစီမံချက် နှင့် အဆိုပြုလွှာတွင် ကုမ္ပဏီ သုံးခု ဖြစ်သည့် ပထမ မျိုးစေ့၊ တောင်သူ အဖွဲ့အစည်း နှင့် ဩဘာတို့ ပါဝင်သည့် မိတ်ဖက်ပြုမှု သဘောတူညီချက် ပါဝင်ပါသည်။<br>¦ ကုမ္ပဏီဖွဲ့စည်းရာတွင် တောင်သူ အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် ဆောင်ရွက်မည့် ကုမ္ပဏီ လီမိတက် (Company Limited by Guarantee) အမျိုးအစားကို ရွေးချယ်ခဲ့ပါသည်။<br>¦ စီမံချက်အဖွဲ့သည် ပြင်ပမိတ်ဖက်အဖွဲ့နှင့် လက်တွဲ၍ တောင်သူအဖွဲ့အစည်း အသစ်ဖွဲ့စည်းခြင်း၊ စာချုပ်စနစ်ဖြင့် မျိုးစေ့ စိုက်ပျိုး ထုတ်လုပ်သူများနှင့် MAFSCO အဖွဲ့ဝင်များ စည်းရုံးခြင်း တို့ကို ကူညီပံ့ပိုးပေးမည်ဖြစ်သည်။<br>¦ တောင်သူအဖွဲ့အစည်းသည် ပထမမျိုးစေ့ ကုမ္ပဏီကို အရည်အသွေးမြင့် မျိုးစေ့များ ပံ့ပိုးပေးခြင်း၊ တောင်သူအဖွဲ့အစည်းနှင့် သက်ဆိုင်သည့် ဝန်ဆောင်မှုများနှင့် ကိုယ်စားပြုမှုပေးခြင်းနှင့် အောင်မြင်နေသည့် ပထမ မျိုးစေ့ မဟာဗျူဟာကို ပံ့ပိုးပေးမည် ဖြစ်ပါသည်။<br>¦ စီမံချက်အဖွဲ့သည် တောင်သူအဖွဲ့အစည်းအတွက် တောင်သူများအား စည်းရုံးရာတွင် အထောက်အကူပေးနိုင်ရန် မြန်မာနိုင်ငံ အခြေစိုက် INGO တဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းမှုများ စတင်ခဲ့ပါသည် ။<br>¦ ပထမမျိုးစေ့ ကုမ္ပဏီလီမိတက်သည် ပဲတီစိမ်းမျိုးစေ့များ စိုက်ပျိုးထုတ်လုပ်ရန် မုံရွာရှိ ပုလဲ နှင့် သုံးခွတို့မှ စိုက်ပျိုးသူ ၆၀ ကျော်နှင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် စာချုပ်ချုပ်ခဲ့ပါသည်။<br>¦ မျိုးစေ့ စိုက်ပျိုးထုတ်လုပ်ခြင်း ပြက္ခဒိန်အပါအဝင် ပထမ ၁၂ လအတွက် စီမံချက်လုပ်ငန်း အသေးစိတ်ကို ရေးဆွဲခဲ့ပါသည်။ စီမံချက် လုပ်ငန်း ပထမနှစ် အား ပဲတီစိမ်း၊ မတ်ပဲ နှင့် နှမ်းစိုက်ပျိုးထုတ်လုပ်မှုကို အလေးထားပြီး ဒုတိယနှစ်တွင် မြေပဲ၊ ကုလားပဲ နှင့် ပဲစဉ်းငုံတို့ကဲ့သော ရာသီပေါ် သီးနှံအမျိုးစုံအား နေရာမျိုးစုံတွင် စိုက်ပျိုးထုတ်လုပ်ခဲ့ပါသည်။ စီမံကိန်းသည် သတ်မှတ်ထားသည့် သီးနှံစိုက်ပျိုးချိန်များ ကန့်သတ်ထားခြင်း မရှိဘဲ စီမံချက်အဖွဲ့မှ အကောင်အထည်ဖော်ရာ၌ လိုအပ်သည့်အချိန်တွင် တောင်သူများပါဝင်လာနိုင်ရန် ပြောင်းလွယ်ပြင်လွယ်ရှိမှုကို ခွင့်ပြုထားပါသည်။<br>¦ MAFSCO သည် စိုက်ပျိုးရေးဦးစီးဌာန ၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ စက်မှု လယ်ယာဦးစီးဌာနနှင့် မြေအောက်ရေစီမံခန့်ခွဲရေးဌာနတို့မှ နိုင်ငံတော်၊ ပြည်နယ် နှင့် တိုင်းဒေသကြီး အဆင့်ရှိအစိုးရ အရာရှိကြီးများနှင့် နေပြည်တော်၌ တွေ့ဆုံ ဆွေးနွေး သဘောထားရယူမှု အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် MAFSCO မှ ထုတ်လုပ်ရန် မျှော်မှန်းသည့် သီးနှံအမျိုးအစားတခုချင်းစီ အတွက် သီးနှံမျိုးစိတ်ဆိုင်ရာ အကြောင်းအရာ နှင့် ပိုးမွှားနှိမ်နင်းခြင်းကို အကောင်အထည်ဖော်ခဲ့ပါ သည်။ သီးနှံတမျိုးချင်းစီအတွက် စံသတ်မှတ်ထားသည့် စိုက်ပျိုးရေး လမ်းညွှန်အား အသုံးပြုမည်ဖြစ်ပြီး စိုက်ပျိုးသူများနှင့် ကွင်းဆင်းဝန်ထမ်းများအတွက် သင်တန်းအစီအစဉ်များ ပေးအပ်သွားမည်ဖြစ်ပါသည်။<br>¦ အထူးပြုထားသည့် မျိုးစေ့ထုတ်လုပ်ခြင်းအတွက် ပံ့ပိုးပေးသော အစီအစဉ်ဖြစ်သည့် FarmForce အက်ပလီ ကေးရှင်းမှတဆင့် အချက်အလက်များအား အီလက်ထရွန်နစ်နည်းဖြင့် စုစည်းရန်အတွက် နေ့စဉ် သီးနှံမှတ်တမ်းများ ထိန်းသိမ်းခြင်း၊ သတင်းအချက် အလက် စုစည်းသည့် ပုံစံများနှင့် အရည်အသွေးညွှံ့ဖျင်းသည့် အပင်(သို့) အစေ့များအား ဖယ်ရှားသည့် အစီရင်ခံစာ အပါအဝင် လယ်ယာစီမံခန့်ခွဲသည့် စနစ်များအား အကောင်အထည် ဖော်ခဲ့ပါသည်။ ယင်းမှာ စိုက်ပျိုးသူများ၏ စွမ်းဆောင်မှုကို စောင့်ကြည့်တိုင်းတာသည့် နည်းလမ်း တခုလည်းဖြစ်ပါသည်။<br>¦ မျိုးစေ့ထုတ်လုပ်ရန် စာချုပ်များချုပ်ဆိုခဲ့ပြီး တောင်သူအစည်းအဝေးများကို မြို့သစ်၊ မကွေး၊ ပွင့်ဖြူ၊ ကျောက်ဆည် (ကူလ ကျေးရွာ)နှင့် ပဲခူးအနောက်ပိုင်း(ဝက်ပုတ်ကျေးရွာ) တို့တွင် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ စီမံချက်သည် သီးနှံစိုက်ပျိုးရာသီ ပထမ နှင့် ဒုတိယ စက်ဝန်းနှစ်ခုစလုံးတွင် ပဲတီစိမ်း ၁၀.၄ ဧက (ရေဆင်း ၁၁)၊ မြင်းခြံတွင် နှမ်း ၁ဧက ၊ ပုလဲတွင် ကုလားပဲ ၁၂၄.၂၄ ဧက (ရေဆင်း ၆ နှင့် ၈ ) နှင့် သုံးခွတွင် ပဲတီစိမ်း ၁၅ဧက တို့အတွက် စာချုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ပါသည်။ နောက်လာမည့် စိုက်ပျိုးရာသီ၌ ကျောက်ဆည်တွင် နေကြာစေ့ (၁၅ ဧက) နေပြည်တော်တွင် နှမ်း၊ ဆားလင်း နှင့် ကံမတွင် ပဲတီစိမ်း မျိုးစေ့များ ထည့်သွင်း စိုက်ပျိုး ထုတ်လုပ်ရန်အတွက် စီစဉ်ထားခဲ့ပါသည်။<br>¦ မြင်းခြံရှိတောင်သူများသည် ပဲတီစိမ်း၏ ပထမဆုံးရာသီအား မေလနှင့် ဒုတိယရာသီအား နိုဝင်ဘာလတွင် ရိတ်သိမ်းခဲ့ရာ မျိုးစေ့ တဧကပျမ်းမျှ ၁၂တင်းမှ ၁၄တင်းကြား ရရှိခဲ့ပါသည်။ သန့်စင်ထုတ်လုပ်မှုအား စိုက်ပျိုးရေးဦးစီးဌာနမှ ဆက်လက် ဆောင်ရွက်ပြီး၊ အညှောင့်ဖောက် စမ်းသပ်မှုကို ပြုလုပ်ခဲ့ပါသည်။ သီးနှံတမျိုးချင်းစီ အတွက် နည်းပညာ ဆိုင်ရာအချက်အလက် စာရွက်များဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။ လက်ရှိတွင် စီမံချက်၌ စာရင်းသွင်းမှတ်တမ်းတင်ထားသည့်မျိုးစေ့ (၁.၆) တန်ရှိပါသည်။<br>¦ မျိုးစေ့စမ်းသပ်ထုတ်လုပ်မှုများအား စီမံကိန်းစတင်သည့် အဆင့်တွင် နေပြည်တော်၌ လုပ်ဆောင်ခဲ့ပါသည်။ မျိုးစေ့သန့်စင် စက်ရုံနေရာအတွက် နေပြည်တော်တွင် မြေ ၁၀ ဧက ရွေးချယ် ထားပါသည်။ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသေးသည့် လုပ်ငန်းများလည်း ရှိပါသည်။ |
| ၄ | Mercy Corps (in partnership with Swiss Contact)<br>Making Vegetable Markets<br>Work (MVMW) for the Poor<br><br>Budget USD 4,000,000<br><br>From Jun-14 to Mar-18 | ¦ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ရခိုင်ပြည်နယ်၌ အကောင်အထည် ဖော်သည့် စီမံချက်အတွက် အပြီးသတ် စစ်တမ်း ဆောင်ရွက်ခဲ့ပါသည်။<br>¦ စီမံချက် အပြီးသတ် စစ်တမ်းရလဒ်များတွင် စီမံချက်မှ ရရှိသည့် အထောက်အပံ့ဖြင့် တောင်သူ ၂၀% ခန့် ဟင်းသီးဟင်းရွက် စတင် စိုက်ပျိုးနေကြောင်း တွေ့ရှိရပါသည်။ တောင်သူ ၈၀% မှာ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးနှင့် ပတ်သက်၍ အတွေ့အကြုံ ရှိထားပြီး ဖြစ်ပါသည်။<br>¦ စီမံချက်ကာလ တလျှောက်တွင် MVMWသည် Shell Offshore Ventures Myanmar နှင့်အတူ ငွေကြေး ပံ့ပိုးပေးပြီး တောင်သူ ၅,၁၂၄ ဦး ထံ ရောက်ရှိခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် စီမံချက် သက်တမ်းတိုးကာလ အတွင်း ဆောင်ရွက်ခဲ့သည့် ဘောင်ချာ အစီအစဉ်ဖြင့် တောင်သူများသည် ၃၀% လျှော့ဈေးကို ရရှိ ခံစားခဲ့ရပါသည်။ |

- Mercy Corpsသည် စံပြစိုက်ခင်းအား သင်ကြားရေးအဖြစ် ဆက်လက်အသုံးပြုနိုင်ရန် ပြည်နယ်စိုက်ပျိုးရေးဦးစီဌာနသို့ လွှဲပြောင်းပေးခဲ့ပါသည်။ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များ အပါအဝင် မြို့နယ်ပေါင်း ၁၇ မြို့နယ်ရှိ စိုက်ပျိုးရေး ဦးစီးဌာန မှ စုစုပေါင်း အရာရှိ ၆၉ဦး တို့သည် East-West Seed မှ စိုက်ပျိုးရေးပညာပေးလုပ်ငန်းများ ရရှိခဲ့ပါသည်။ ပြည်နယ်စိုက်ပျိုးရေး သင်တန်းသားများလည်း အလုပ်သင်များအဖြစ် ပါဝင်ခဲ့ကြပါသည်။
- ရခိုင်ပြည်နယ်တွင် East-West Seed ကုမ္ပဏီ နှင့် စီမံချက် တောင်သူ ၂၄ ဦး တို့မှ စံပြစိုက်ခင်း ၃၁ ခု တည်ထောင်ခဲ့ပါသည်။
- ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် "ဘောင်ချာအစီအစဉ်" မှတဆင့် စိုက်ပျိုးရေး နည်းပညာ/ မျိုးစေ့ အသစ်များ ကျင့်သုံးနိုင်ရန် တောင်သူ ၄၉၂ ဦးအား ကူညီပံ့ပိုးပေးခဲ့ပါသည်။
- ရှမ်းပြည်နယ်တွင် AgroBio မှ လုပ်ငန်း ဆောင်ရွက်သည့် ပျိုးခင်းမှ တောင်သူ စုစုပေါင်း ၈၃ ဦးတို့သည် အပင်ပေါက်များ ဝယ်ယူခဲ့ကြပါသည်။
- ၂၀၁၈ ခုနှစ် မေလတွင် LIFT မှ ငှားရမ်းထားသည့် လွတ်လပ်သည့် အကဲဖြတ်သုံးသပ်မှု ပညာရှင်သည် ရှမ်းပြည်နယ် စီမံချက် အပြီးသတ် အကဲဖြတ်သုံးသပ်မှု ကို ဆောင်ရွက်ခဲ့ပါသည်။

၁၀.၅

# LIFT၏ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှု မိတ်ဖက်များ၏ ဆောင်ရွက်ပြီးစီးမှု (၃၁/၁၂/၂၀၁၈)

| | ဝန်ဆောင်မှု အသုံးပြုသူများ | | | ချေးငွေ (ကန်ဒေါ်လာ) | | | စုငွေ (ကန်ဒေါ်လာ) | | စုစုပေါင်း ပိုင်ဆိုင်မှု (ကန်ဒေါ်လာ) | | | ကိုယ့်အားကိုယ်ကိုး လုပ်ငန်း လည်ပတ်နိုင်မှု % | | | ငွေကြေးဆိုင်ရာ ကိုယ့်အားကိုယ်ကိုး နိုင်မှု % | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | 2016 | 2017 | 2018 | 2016 | 2017 | 2018 | 2017 | 2018 | 2016 | 2017 | 2018 | 2016 | 2017 | 2018 | 2016 | 2017 | 2018 |
| **ပြည်တွင်း အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများ** | | | | | | | | | | | | | | | | | |
| Ar Yone Oo | 7,161<br>r 7,112 | 8,378<br>r 8,317 | 6,348<br>r 6,318 | 379,438 | 461,291 | 754,292 | 197,389 | 148,686 | 798,730 | 960,617 | 1,045,284 | 179 | 139 | 161 | 119 | 166 | 126 |
| Border Development Association | 6,934<br>r 6,930 | 7,533<br>r 7,526 | 6,360<br>r 6,343 | 621,646 | 877,277 | 1,123,888 | 189,365 | 223,707 | 849,190 | 1,038,730 | 1,211,050 | 196 | 151 | 201 | 143 | 204 | 145 |
| Environmental Conservation and Livelihood outreach Foundation - ECLOF | 7,596<br>r 7,545 | 8,273<br>r 8,215 | 5,972<br>r 5,911 | 701,864 | 928,682 | 936,053 | 262,836 | 291,923 | 805,561 | 969,137 | 1,022,499 | 158 | 128 | 159 | 121 | 168 | 132 |
| Myanmar Heart Development Organization | 7,335<br>r 7,152 | 8,375<br>r 8,137 | 6,153<br>r 6,038 | 542,304 | 709,484 | 671,046 | 179,373 | 149,740 | 680,835 | 813,032 | 861,454 | 156 | 132 | 152 | 117 | 163 | 124 |
| Ratana Metta Organization | 7,195<br>r 7,059 | 7,899<br>r 7,761 | 5,512<br>r 5,394 | 713,002 | 901,537 | 1,027,874 | 178,180 | 197,324 | 800,601 | 957,041 | 1,070,698 | 161 | 129 | 186 | 131 | 183 | 131 |
| Social Vision Service | 6,871<br>r 6,819 | 7,747<br>r 7,671 | 5,270<br>r 5,235 | 506,720 | 692,820 | 937,458 | 161,401 | 203,559 | 640,857 | 778,600 | 966,165 | 149 | 129 | 159 | 120 | 159 | 125 |
| The Sun Institute | 7,230<br>r 7,105 | 8,112<br>r 7,970 | 5,066<br>r 5,066 | 496,169 | 618,428 | 339,102 | 158,586 | 52,255 | 613,623 | 733,500 | 604,205 | 147 | 132 | 136 | 106 | 97 | 78 |
| Wan Lark | 6,049<br>r 5,823 | 7,156<br>r 6,915 | 5,494<br>r 5,323 | 515,188 | 692,461 | 756,203 | 125,368 | 162,580 | 584,991 | 705,642 | 812,050 | 150 | 135 | 162 | 119 | 164 | 124 |
| YMCA Microfinance | 6,217<br>r 6,110 | 7,351<br>r 7,222 | 6,166<br>r 6,094 | 409,464 | 535,702 | 1,123,888 | 154,810 | 223,707 | 643,958 | 764,089 | 1,211,050 | 162 | 134 | 149 | 110 | 155 | 119 |
| **ဖက်စပ်ကုမ္ပဏီ** | | | | | | | | | | | | | | | | | |
| Myanmar Finance | r &8<br>r r &8 | 52,506<br>r 44,919 | 72,118<br>r 61,796 | r &8 | 7,869,392 | 16,065,909 | 1,425,441 | 1,864,025 | r &8 | 8,803,577 | 24,612,380 | r &8 | 123 | 116 | r &8 | 122 | 92 |
| **သမဝါယမများ** | | | | | | | | | | | | | | | | | |
| 38 Saving and Credit Cooperatives | 19,029<br>r 9,514 | 25,500<br>r 15,045 | r &8<br>r r &8 | 473,638 | 917,900 | r &8 | 593,143 | r &8 | 725,893 | 970,960 | r &8 | 102 | 146 | 0 | r &8 | 137 | 0 |
| Townships Saving and Credit Coops (Myingyan) | r &8<br>r r &8 | 36,039<br>r 14,021 | 36,778<br>r 16,939 | r &8 | 2,881,931 | 2,158,876 | 2,115,682 | 23,103 | r &8 | 2,969,767 | 2,478,443 | r &8 | 169 | 120 | r &8 | 147 | 104 |
| Townships Saving and Credit Coops (Natogyi) | r &8<br>r r &8 | 16,231<br>r 5,391 | 22,897<br>r 11,501 | r &8 | 1,559,055 | 1,394,479 | 612,162 | 12,212 | r &8 | 1,806,113 | 1,977,024 | r &8 | 265 | 139 | r &8 | 147 | 121 |

| | ဝန်ဆောင်မှု အသုံးပြုသူများ | | | ချေးငွေ (ကန်ဒေါ်လာ) | | | စုငွေ (ကန်ဒေါ်လာ) | | စုစုပေါင်း ပိုင်ဆိုင်မှု (ကန်ဒေါ်လာ) | | | ကိုယ့်အားကိုယ်ကိုး လုပ်ငန်း လည်ပတ်နိုင်မှု % | | | ငွေကြေးဆိုင်ရာ ကိုယ့်အားကိုယ်ကိုး နိုင်မှု % | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | 2016 | 2017 | 2018 | 2016 | 2017 | 2018 | 2017 | 2018 | 2016 | 2017 | 2018 | 2016 | 2017 | 2018 | 2016 | 2017 | 2018 |
| **နိုင်ငံတကာ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ** | | | | | | | | | | | | | | | | | |
| Alliance Myanmar | 21,857<br>r 18,427 | 148,005<br>r 122,134 | r &$<br>r r &$ | 4,738,897 | 13,916,486 | r &$ | 2,689,822 | r &$ | 5,046,180 | 14,790,075 | r &$ | 94 | 122 | 0 | 87 | 110 | 0 |
| ASA Myanmar * | 67,433<br>r 67,433 | 114,401<br>r 113,786 | 142,353<br>r 141,110 | 8,669,113 | 17,166,200 | 21,484,346 | 2,228,574 | 2,474,605 | 9,808,470 | 19,675,904 | 24,436,755 | 99 | 157 | 135 | 98 | 119 | 132 |
| Fullerton Myanmar * | 58,469<br>r 53,207 | 92,109<br>r 82,375 | 151,182<br>r 142,954 | 11,145,860 | 21,321,392 | 33,712,171 | 772,391 | 1,368,526 | 17,295,017 | 25,590,156 | 48,903,324 | 126 | 126 | 126 | 81 | 86 | 95 |
| Gret Microfinance (Chin) - Thitsar Oo Yin | 10,065<br>r 6,236 | 10,126<br>r 6,484 | 10,613<br>r 7,250 | 1,913,749 | 1,973,274 | 3,420,689 | - | - | 1,981,167 | 2,131,961 | 4,395,846 | 161 | 147 | 135 | 109 | 107 | 104 |
| Gret Microfinance (Dryzone) - Thitsar Oo Yin | 8,656<br>r 6,983 | 11,370<br>r 9,173 | 10,963<br>r 9,141 | 881,826 | 1,410,290 | 1,458,884 | - | - | 1,600,440 | 1,641,934 | 1,645,890 | 108 | 121 | 161 | 95 | 108 | 141 |
| Pact Global Microfinance Fund * | 1,201,507<br>r 1,177,477 | 858,093<br>r 850,069 | 991,897<br>r 991,113 | 144,435,650 | 181,304,686 | 210,359,843 | 63,873,003 | 66,822,199 | 165,502,635 | 201,675,188 | 233,922,852 | 136 | 165 | 155 | 106 | 145 | 133 |
| Proximity Designs * | 79,198<br>r 41,423 | 91,209<br>r 54,725 | 99,939<br>r 66,253 | 11,698,644 | 18,050,007 | 18,755,472 | - | 3,933 | 13,376,660 | 24,628,174 | 24,825,609 | 119 | 127 | 111 | 104 | 109 | 106 |
| Vision Fund Myanmar * | 104,157<br>r 90,397 | 174,874<br>r 147,065 | 270,486<br>r 228,219 | 14,996,046 | 28,346,697 | 36,013,036 | 3,475,452 | 5,984,764 | 18,970,073 | 31,750,705 | 42,195,218 | 71 | 102 | 114 | 67 | 96 | 108 |
| ACLEDA* | r &$<br>r r &$ | 63,170<br>r 41,814 | 116,435<br>r 73,470 | r &$ | 22,777,948 | 23,839,701 | 1,786,628 | 3,316,462 | r &$ | 26,023,001 | 25,240,491 | r &$ | 283 | 152 | r &$ | 270 | 119 |
| BRAC* | r &$<br>r r &$ | 50,977<br>r 50,915 | 89,337<br>r 88,665 | r &$ | 8,951,932 | 13,431,844 | 824,960 | 1,349,571 | r &$ | 9,996,160 | 17,776,098 | r &$ | 101 | 102 | r &$ | 88 | 93 |
| CARD* | r &$<br>r r &$ | 10,662<br>r 10,657 | 16,792<br>r 16,792 | r &$ | 757,491 | 988,926 | 174,632 | 168,404 | r &$ | 1,203,310 | 1,416,798 | r &$ | 119 | 142 | r &$ | 108 | 114 |
| Early Dawn* | r &$<br>r r &$ | 125,939<br>r 125,930 | 197,771<br>r 197,592 | r &$ | 23,956,894 | 32,324,068 | 1,293,652 | 1,565,825 | r &$ | 52,542,441 | 46,375,577 | r &$ | 109 | 122 | r &$ | 66 | 92 |
| LOLC* | r &$<br>r r &$ | 67,894<br>r 64,830 | 134,530<br>r 127,805 | r &$ | 18,333,936 | 33,758,899 | 3,341,122 | 5,798,410 | r &$ | 27,931,811 | 45,694,286 | r &$ | 130 | 121 | r &$ | 123 | 115 |
| Sathapana* | r &$<br>r r &$ | 107,647<br>r 81,130 | 211,811<br>r 156,783 | r &$ | 22,466,965 | 41,776,916 | 1,716,513 | 3,494,798 | r &$ | 24,843,593 | 45,766,834 | r &$ | 187 | 152 | r &$ | 144 | 134 |
| **ပုဂ္ဂလိကဘဏ်** | | | | | | | | | | | | | | | | | |
| Yoma Bank Hire Purchase | 2,974<br>r 223 | 4,871<br>r 328 | 3,893<br>r 268 | 154,151 | 56,910,399 | 49,107,994 | | | | | | | | | | | |
| Un(der)secured Lending | | | | | | | | | | | | | | | | | |
| Dicounted Receivable Finance/ borrowing base (Input Suppliers) | | | 4 | | | 2,801,985 | | | | | | | | | | | |
| Payable Financ (Input Dealers) | | | 60 | | | 773,127 | | | | | | | | | | | |
| Seasonal Overdraft (Maize Traders) | | | 72 | | | 1,626,067 | | | | | | | | | | | |
| MFI lending | | | 11 | | | 31,268,657 | | | | | | | | | | | |

| | | | | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| Total for all LIFT financial inclusion (25 partners) | 1,635,933 | 2,132,447 | 2,632,283 | 203,993,369 | 457,290,557 | 584,191,695 | 88,530,485 | 95,900,316 | 240,724,881 | | | | | | | | |

၁၀.၆

# ၂၀၁၈ ခုနှစ်အတွင်း မူဝါဒဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုများ

ငွေကြေးဆိုင်ရာတွင်<br>အားလုံးပါဝင်စေမှု

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ- အသေးစားငွေရေးကြေးရေး ဆိုင်ရာ ကြီးကြပ်စစ်ဆေးရေး မူဘောင် ပြုပြင်ပြောင်းလဲမှု<br><br>LIFT<br>အကောင်အထည်ဖော်ရေး မိတ်ဖက်- IFC<br><br>ပူးပေါင်းသည့်အဖွဲ့များ<br>-MMFA၊ FRD | အသေးစားငွေရေးကြေးရေး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်- ဤစီမံချက်သည် MMFA၊ FRD နှင့် MFI တို့အနေဖြင့် မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့ပြီး တာဝန်ခံမှုရှိသည့် အသေးစား ငွေရေးကြေးရေးဆိုင်ရာ စီးပွားရေးကဏ္ဍ ဖော်ဆောင်နိုင်ရန် အကြံပေးခြင်း နှင့် နည်းပညာအထောက်အကူပေးခြင်းတို့ ဆောင်ရွက်ပါသည်။ ဤအစီအစဉ်သည် ၂၀၁၈ ခုနှစ် ဇွန်လတွင် ပြီးဆုံးခဲ့ပါသည်။<br><br>၂၀၁၈ ခုနှစ် မတ်လ MMFA မှ တရားဝင် အဆင့်အတန်းရရှိခဲ့ပြီးနောက် ၎င်းတို့ လက်ရှိပေးနေသည့် အကြံပေးခြင်းဆိုင်ရာ ဆက်ဆံရေးအား တရားဝင်ဖြစ်စေရန် IFC နှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပါသည်။ စီမံချက်မှ MMFA အတွက် သင်တန်းပို့ချခြင်း မူဘောင်ရေးဆွဲရန်နှင့် အုပ်ချုပ်မှု ကော်မတီထံမှရရှိသည့် မှတ်ချက်များပေါ် အခြေခံ၍ အသင်း၏ ၅နှစ် သက်တမ်း စီးပွားရေးလုပ်ငန်း စီမံချက်အား နောက်ဆုံးအခြေအနေနှင့် လျော်ညီအောင် ပြင်ဆင်ရန် အကြံပေးဝန်ဆောင်မှုများ ဆက်လက်ပေးခဲ့ပါသည်။ စီမံချက်မှ MMFA စီမံခန့်ခွဲမှုအဖွဲ့အား ပံ့ပိုးလမ်းညွှန်မှုပေးခြင်း အပါအဝင် စီးပွားရေး လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ရန်အတွက် နည်းပညာအကူအညီ ပေးခဲ့ပါသည်။<br><br>၂၀၁၈ ခုနှစ် အတွင်းတွင် စီမံချက်၏ အကူအညီဖြင့် MMFA မှ မူဝါဒရေးရာ သုံးသပ်ချက် စာတမ်း ၂ စောင် ရေးသား ပြုစုခဲ့ပါသည်-<br>¦ ပထမ စာတမ်းမှာ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်စစ်ဆေးခြင်း မူဘောင်ဆိုင်ရာ မူဝါဒ ပြုပြင်ပြောင်းလဲရေးဖြစ်ပြီး၊ ဤစာတမ်းကြောင့် FRD မှ မူဝါဒ ပြုပြင် ပြောင်းလဲရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ခဲ့သဖြင့် MFI ကြီးကြပ်စစ်ဆေးရေး ပတ်ဝန်းကျင်မှာ သိသာထင်ရှားစွာ တိုးတက်ကောင်းမွန်လာခဲ့ပါသည်။<br>¦ ဒုတိယစာတမ်းမှာ အကြံပြုထားသည့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေဆိုင်ရာ ပြုပြင်ရန်လိုသည့်အချက်များ/ပြုပြင် ပြောင်းလဲရေးများအား အကျဉ်းချုံးထားခြင်းဖြစ်ပြီး FRD မှ ခွင့်ပြုချက်ရရှိရန် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ပေးပို့တင်ပြခဲ့ပါသည်။ |
| မူဝါဒဆိုင်ရာအကြောင်းအရာ- ပုဂ္ဂလိက ဘဏ်လုပ်ငန်းမှ တရားဝင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးချေးငွေများ ဖော်ဆောင်ခြင်း<br><br>LIFT<br>အကောင်အထည်ဖော်ရေး မိတ်ဖက် - ရိုးမဘဏ် | ရိုးမဘဏ် စိုက်ပျိုးစီးပွား ငွေကြေးဆိုင်ရာ အစီအစဉ် - ဤစီမံချက်မှ စိုက်ပျိုးစီးပွားလုပ်ငန်းများအတွက် ရေရှည်အရစ်ကျ စနစ်ဖြင့် ဝယ်ယူခြင်းဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန် ရည်ရွယ်ပါသည်။ စီမံချက်ကာလ သုံးနှစ်အတွင်း ဘဏ်အနေဖြင့် ယခင်က မသိရှိခဲ့သည့် ဈေးကွက်နှင့် ပို၍ကျွမ်းဝင်လာခဲ့ပါသည်။ ချေးငွေ ဆုံးရှုံးမှု အရန်ငွေထားရှိပေးသည့် LIFT ၏ ပံ့ပိုးမှုဖြင့် ရိုးမဘဏ်မှ နောင်နှစ်ပေါင်းများစွာတိုင် ကျေးလက်ဒေသများသို့ ဝန်ဆောင်မှုများ ရောက်ရှိနိုင်သည်အထိ တိုးချဲ့သွားရန် မျှော်မှန်း ထားပါသည်။<br><br>၂၀၁၈ ခုနှစ်အတွင်းတွင် ရိုးမဘဏ်မှ လယ်ယာသုံး စက်ကိရိယာ သစ် ၆,၅၃၀ ခု (ထွန်စက် ၄,၀၀၂ စီး၊ ရိတ်ခြွေစက် ၉၆၇ စီး၊ လက်တွန်းထွန်စက် ၂၇၂ စီး နှင့် လယ်ယာလုပ်ငန်းသုံး သယ်ယူပို့ဆောင်ရေး ယာဉ် ၁,၂၈၉ စီး) ဝယ်ယူရန် ငွေကြေးပံ့ပိုးပေးခဲ့ပြီး ကျေးလက်ဒေသမှ မိသားစုပေါင်း ၂၀၀,၀၀၀ ထံ ဝန်ဆောင်မှုများ ရောက်ရှိစေခဲ့ပါသည်။ ၃ နှစ်အတွင်း ငွေကြေးပံ့ပိုးပေးခဲ့သည့် လယ်ယာသုံးစက်ကိရိယာ စုစုပေါင်းတန်ဖိုးမှာ ကျပ် ၁၈၃ ဘီလျံ ဖြစ်ပါသည်။<br><br>ကုန်ပစ္စည်းရောင်းချသူများမှတဆင့် အရစ်ကျစနစ်ဖြင့် ဝယ်ယူသူများထံရောက်ရှိရန် ဘဏ်မှ စက်မှုလယ်ယာဦးစီးဌာနနှင့် လက်တွဲအလုပ်လုပ်ခဲ့ပါသည်။ လယ်ယာလုပ်ငန်းသုံး စက်ကိရိယာရောင်းချသူများနှင့် အစိုးရ တို့ ကြား အစိုးရ-ပုဂ္ဂလိက ကဏ္ဍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ ကျေးလက်ဒေသတွင် စက်မှုလုပ်ငန်း တိုးတက်လာစေရေးအတွက် ရည်မှန်းချက်ထားရှိပါသည်။ |

စားနပ်ရိက္ခာ ဖူလုံရေး

| | |
|---|---|
| မူဝါဒအကြောင်းအရာ- စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာရေးဆွဲခြင်း နှင့် အကောင်အထည်ဖော်ခြင်း<br><br>LIFT<br>အကောင်အထည်ဖော်ရေး မိတ်ဖက်<br>- လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန<br><br>ပူးပေါင်းသည့်အဖွဲ့များ- ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၊ LIFT၊ USAID၊ FAO၊ ADB၊ FSWG၊ LCG နှင့် အခြား မိတ်ဖက်များ | စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (Agricultural Development Strategy ) - LIFT ၏ နိုင်ငံသား အကြံပေး ၂ဦး နှင့် ADB မှ ပြည်ပအကြံပေးပုဂ္ဂိုလ် တစ်ဦးတို့ထံမှ နည်းပညာအကူအညီဖြင့် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (စိုက်/မွေး/ဆည် ဝန်ကြီးဌာန) မှ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ကို ၂၀၁၆ ခုနှစ်တွင် စတင် ရေးဆွဲခဲ့ပါသည်။ ADB၊ LIFT၊ FSWG၊ LCG၊ FAO နှင့် အခြား မိတ်ဖက်များ၏ အကူအညီဖြင့် မဟာဗျူဟာအား သေချာကျနစွာ ပြင်ဆင်ပြီးနောက်၂၀၁၈ခုနှစ် အစောပိုင်းတွင် အချောသတ်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန် ၇ ရက်နေ့တွင် စတင် မိတ်ဆက်ခဲ့ပါသည်။ ယင်း မဟာဗျူဟာတွင် မဏ္ဍိုင် ၃ ရပ် - စီမံအုပ်ချုပ်မှု၊ ထုတ်လုပ်မှု၊ ဈေးကွက်ချိတ်ဆက်မှုများနှင့် ပြိုင်ဆိုင်မှုတို့ ပါဝင်ပါသည်။ ဤမဟာဗျူဟာသည် ပြောင်းလဲနေသည့် အခြေအနေများပေါ် လိုက်၍ ပြောင်းလဲမှုများကို ထည့်သွင်းနိုင်သည့် သက်ဝင်လှုပ်ရှားနေသည့် မဟာဗျူဟာ ဖြစ်ပါသည်။ ADS မိတ်ဆက်ခြင်းအပြီးတွင် စိုက်/မွေး/ဆည် ဝန်ကြီးဌာနမှ အရာရှိများနှင့် ပူးပေါင်း၍ LIFT၊FAO နှင့် USAID တို့မှ စိုက်ပျိုးရေး နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးအား ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ |

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ- ပိုမိုကောင်းမွန်သည့် စားနပ်ရိက္ခာ မူဝါဒ ဆိုင်ရာ နည်းကိရိယာများ<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက် - FSWG<br><br>ပူးပေါင်းသည့်အဖွဲ့များ - စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး အစိုးရဖွဲ့၊ LIFT၊ FAO၊ LCG၊ ဒေသခံ CSO များ၊ အလှူရှင် အဖွဲ့များ နှင့် နိုင်ငံတကာအစိုးရ မဟုတ်သည့် အဖွဲ့အစည်းများ | မြန်မာနိုင်ငံ စားနပ်ရိက္ခာဖူလုံရေးအတွက် သယံဇာတရင်းမြစ်များ နှင့် မိတ်ဖက်ပြုမှုများအား ထိန်းညှိအသုံးပြုခြင်း စီမံချက် အဆင့် - ၂ - ဤ စီမံချက် မှ FSWG အဖွဲ့ဝင်များ၏ စွမ်းဆောင် ရည်မြှင့်တင်ခြင်း နှင့် မူဝါဒရေးဆွဲသူများ နှင့် ထိရောက်စွာ ထိတွေ့ဆောင်ရွက်နိုင်စွမ်းကို အားပေးမြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ထိရောက်သည့် စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာ မူဝါဒများအား ကူညီပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။ FSWG မှ ၂၀၁၈ ခုနှစ်အတွင်း အောက်ပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ခဲ့ပါသည် -<br><br>FSWG မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS)ကို အောင်မြင်စွာရေးဆွဲပြီး ၂၀၁၈ ခုနှစ် ဖွန်လတွင် မိတ်ဆက်နိုင်ရန် နည်းပညာနှင့် ဘဏ္ဍာရေး အထောက်အပံ့ပေးခဲ့ပါသည်။<br><br>FSWG နှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ထိုအလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာ ၃ နှစ် စီမံကိန်း အတွက် ဦးစားပေးလုပ်ငန်းများ ဖော်ထုတ်ခဲ့ပါသည်။<br>FSWG ၏ မြစ်ဝကျွန်းပေါ်တိုင်းဒေသကြီးအဆင့် ကွန်ရက်မှ မြို့နယ် ၅ မြို့နယ်တွင် ရေချို ငါးမွေးမြူရေး သုတေသနအား ဆောင်ရွက်ခဲ့ပြီး သုတေသနရလဒ်များအား တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြပြီး ဥပဒေပြုရေး ကော်မတီထံ ဧရာဝတီ ရေချိုငါးလုပ်ငန်း ဥပဒေကို ဖြည့်စွက်သည့် ဥပဒေမူကြမ်းနှင့် သက်ဆိုင်သည့် အချက် ၂၉ ချက်အား အဆိုပြုခဲ့ပြီး ထိုအချက်များထဲမှ ၇ ချက်အား ပြဌာန်းခဲ့ပါသည်။<br><br>ရှိဆဲ မကွေးတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်း ဥပဒေ (၂၀၁၃) အား အပူပိုင်းဇုန်ဒေသန္တရကွန်ရက် (Sub-National Sector- SNN) အဖွဲ့ဝင်များမှ စေ့စေ့စပ်စပ် လေ့လာသုံးသပ်ခဲ့ပြီး မူဝါဒဆန်းစစ်ချက် စာတမ်း၊ သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ နှင့် အများပြည်သူ သဘောထားတောင်းခံသည့် ဆွေးနွေးပွဲတို့ကို ကျင်းပခဲ့ပါသည်။ FSWG မှ ကျန်တိုင်းဒေသကြီး /ပြည်နယ် ထင်းစိုက်ခင်း ဥပဒေများအား ဆက်လက် လေ့လာသုံးသပ်ရန် စီစဉ်ထားပါသည်။<br><br>FSWG မှ အများပိုင် သစ်တောအကောင်အထည်ဖော်ရေး ဖြစ်ရပ်မှန်လေ့လာမှုများအား ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ကျေးရွာ ၉ ရွာတွင် ဆောင်ရွက်ခဲ့ပြီး တွေ့ရှိချက်များအား ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံအဆင့်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအဖွဲ့ (Community Forestry National Working Group – CFNWG ) အစည်းအဝေးတွင် တင်ပြခဲ့ပါသည်။ အစည်းအဝေးအပြီး ၄ လ အကြာတွင် ကျေးရွာလေးရွာမှ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောများ မှတ်ပုံတင်ခွင့် ရရှိခဲ့ပါသည်။ |
| မူဝါဒဆိုင်ရာအကြောင်းအရာ- ဧရာဝတီတိုင်းဒေသကြီးတွင် အသေးစား ငါးမွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးရေး<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက်- NAG<br><br>ပူးပေါင်းသည့်အဖွဲ့များ - ဧရာဝတီတိုင်းဒေသကြီး အစိုးရ၊ သစ်တောဦးစီးဌာန၊ ARFN | ဧရာဝတီ စိမ့်မြေ/ရေတိမ်ဒေသ ရင်းမြစ်များ ပူးတွဲစီမံခန့်ခွဲမှု ကောင်းမွန်စေရေးစီမံချက် - ၂၀၁၈ခုနှစ်တွင် LIFT၏ မဟာဗျူဟာမြောက် မိတ်ဖက် NAG မှ ဧရာဝတီတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ သဘာဝ သယံဇာတ နှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးအသစ်အား ယခင်ဝန်ကြီးလက်ထက် အင်း/တင်ဒါ များအား ရပ်ရွာလူထုအတွက် ကြမ်းခင်းဈေးဖြင့် ခွဲတမ်းချပေးသည့် မူဝါဒအား ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ၎င်း၏ ရင်းမြစ်များအား ပေးအပ်ပါမည့်အကြောင်း အာမခံခဲ့ပါသည်။ ၎င်းတို့ကြိုးပမ်းချက်များ၏ ရလဒ်အဖြစ် ရပ်ရွာလူထု ပါဝင်ဆောင်ရွက်ခွင့်ပေးသည့် မူဝါဒအား ဆက်လက်ကျင့်သုံးခဲ့ပါသည်။<br><br>နောက်ထပ်အောင်မြင်မှု တစ်ခုမှာ ဧရာဝတီ ရေချိုငါးလုပ်ငန်းဥပဒေအား ၂၀၁၈ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် အတည်ပြုခဲ့ပါသည်။ ဥပဒေသစ်မှ ရပ်ရွာလူထု ငါးလုပ်ငန်းများအား ရပ်ရွာလူထုမှ ပူးတွဲ စီမံခန့်ခွဲခွင့် ပြုထားပါသည်။ စီမံချက်မှ သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ မြို့နယ်များတွင် ဥပဒေဆိုင်ရာအသိပညာပေးရေး အစည်းအဝေးများ ကျင်းပခဲ့ပါသည်။<br><br>စီမံချက်မှ ရပ်ရွာလူထု ငါးလုပ်ငန်း အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်း နှင့် စီမံအုပ်ချုပ်ခြင်းအား အထောက်အကူပြုမည့် ရပ်ရွာလူထု စီမံခန့်ခွဲသည့် ငါးလုပ်ငန်း နည်းဥပဒေများ ရေးဆွဲရန် အာရုံစိုက်လျက်ရှိပါသည်။<br><br>စီမံချက်မှ အရာရှိများအား ၂၀၁၈ ခုနှစ် မတ်လ ၇ ရက်မှ ၁၂ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံသို့ လေ့လာရေးခရီး စီစဉ်ပေးခဲ့ပါသည်။ အဆိုပါ ခရီးစဉ်မှ ဒေသန္တရ အတွေ့အကြုံသိပ်မရှိသည့် တိုင်းဒေသကြီး အစိုးရဝန်ထမ်းများနှင့် သစ်တောဦးစီးဌာနတို့မှ အရာရှိများအား ကမ္ဘောဒီးယားနိုင်ငံမှ ငါးလုပ်ငန်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အား လေ့လာခွင့်ရရှိခဲ့ပြီး မြန်မာနိုင်ငံ၏ အတိတ်နှင့် ခေတ်ပြိုင် ပြုပြင်ပြောင်းလဲမှုများနှင့် နှိုင်းယှဉ်လေ့လာခွင့် ရရှိခဲ့ပါသည်။ |

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ- စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက် - နိုင်ငံတကာ မြေသြဇာ ဖွံ့ဖြိုးမှုဌာန | အပူပိုင်းဇုန် စိုက်ပျိုးရေးသွင်းအားစုနှင့် လယ်ယာလုပ်ငန်း ဝန်ဆောင်မှု စီမံချက်သည် အရည်အသွေးမြင့် မြေယာအကြံပေး ဝန်ဆောင်မှုများဖြင့် လုပ်ကွက်ငယ်တောင်သူများ၏ ထုတ်လုပ်မှုနှင့် ဝင်ငွေတိုးတက်လာစေရန် ရည်ရွယ်ပါသည်။ စီမံချက်မှ အသိအမြင်များ မျှဝေခြင်း နှင့် လက်လှမ်းမီရောက်ရှိခြင်းတို့ဖြင့် တောင်သူများ (အစိုးရ စိုက်ပျိုးရေး ပညာပေး လုပ်သားများ အပါအဝင်) နှင့် ပုဂ္ဂလိကကဏ္ဍ လုပ်ရှားဆောင်ရွက်သူများကြားမှ ဆက်ဆံရေးများ ပိုမိုကောင်းမွန်စေရန် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ပါသည်။<br><br>၂၀၁၈ ခုနှစ်အတွင်းတွင် စီမံချက်မှ စိုက်/မွေး/ဆည် ဝန်ကြီးဌာနအတွက် မူဝါဒဆိုင်ရာ အကြံပြုချက်များ အပါအဝင် အပူပိုင်းဇုန်အတွက် မြေသြဇာအရည်အသွေး ဆန်းစစ်ချက် အစီရင်ခံစာအား အပြီးသတ်ခဲ့ပါသည်။ စီမံချက်မှ အစီရင်ခံစာ တွေ့ရှိချက်များအား နေပြည်တော်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ အရာရှိများနှင့် အစည်းအဝေးတွင် တင်ပြခဲ့ပါသည်။ စွမ်းဆောင်ရည် တည်ဆောက်ခြင်း ပိုမိုကောင်းမွန်စေရန် စီမံချက်မှ ရွာပေါင်း ၁၃၃ ရွာမှ တောင်သူပေါင်း ၄,၂၃၃ ဦး နှင့် စိုက်ပျိုးရေး ဦးစီးဌာနမှ ပညာပေးဝန်ထမ်း ၂၂၂ ဦးတို့နှင့် အတူ စီမံချက် စံပြစိုက်ကွင်း၁၅၉ ကွက်များတွင် ရိတ်သိမ်းခြင်းနှင့်တွဲဖက်၍ တောင်သူကွင်းဆင်းနေ့ ပေါင်း ၉၀ စီစဉ်ကျင်းပခဲ့ပါသည်။ |
| မူဝါဒဆိုင်ရာအကြောင်းအရာ- ငါးမွေးမြူရေး ဖွံ့ဖြိုးမှု<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက်- WorldFish<br><br>ပူးပေါင်းသည့်အဖွဲ့များ- ငါးလုပ်ငန်းဦးစီးဌာန, မြန်မာနိုင်ငံ ငါးလုပ်ငန်း အသင်းချုပ်၊ GRET၊ NAG နှင့် PACT | ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်ရှိ ရပ်ရွာလူထုများ၏ စားနပ်ရိက္ခာ နှင့် ဝင်ငွေတိုးတက်ကောင်းမွန်စေရန် ငါးမွေးမြူရေးလုပ်ငန်း၏ ရေရှည်တိုးတက်စေရန် မြှင့်တင်ခြင်း - စီမံချက်မှ ငါးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်မှု၊ ငါးများတွင် ဖြစ်သည့် ရောဂါများ ရှာဖွေခြင်း၊ ဒီဖိုင်းထုတ်ခြင်း၊ စမ်းသပ်ခြင်းတို့ဆောင်ရွက်နေသည့် အဓိက ပြည်တွင်း အသင်းအဖွဲ့များနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်တည်ဆောက်ရန် ရည်ရွယ်ပါသည်။ စီမံချက်မှ ရေရှည်တည်တံ့သည့် ငါးလုပ်ငန်း ဖြစ်ထွန်းစေရန်နှင့် စားနပ်ရိက္ခာဖူလုံစေမှု တိုးတက်ကောင်းမွန်စေရန် အသေးစား ငါးမွေးမြူရေးလုပ်ငန်း (SSA) မူဝါဒဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုအတွက် တီထွင်ဆန်းသစ်မှုများနှင့် သင်ခန်းစာများအား မှတ်တမ်းတင်မည်ဖြစ်သည်။<br><br>၂၀၁၈ ခုနှစ် အတွင်းတွင် မြစ်ဝကျွန်းပေါ် နှင့် အပူပိုင်းဇုန်ဒေသများရှိ တောင်သူပေါင်း ၃,၁၄၉ ဦး အား တောင်သူအဖွဲ့ပေါင်း ၁၉၁ဖွဲ့ ဖွဲ့စည်းပေးခဲ့ပါသည်။ ငါးမွေးမြူရေးစနစ် ၅ မျိုးအား မတူညီသော ပုံစံများ (ရေကန်များ၊ မြောင်း နှင့် ကန်ငယ်တွင် တနိုင်တပိုင် ငါးမွေးမြူခြင်း) ဖြင့် ဆက်လက် လေ့လာစမ်းသပ်လျက်ရှိပါသည်။ စီမံချက်မှ SSA များအတွက် ကျပ် ၅.၀၇ သန်းရှိ စုငွေရန်ပုံငွေ ၁၆ ခု (GRET ၁၃ + WHH ၃) ဖြင့် အသေးစားချေးငွေများ လက်လှမ်းမီ ရယူနိုင်စေရန် ကူညီဆောင်ရွက်ပေးခဲ့ပါသည်။<br><br>စီမံချက်မှ SSA နှင့် သက်ဆိုင်သည့် သင်တန်းများလည်း ပို့ချပေးခဲ့ပါသည်။ အဆိုပါ သင်တန်းများအား WorldFish အကောင်အထည်ဖော်ရေး မိတ်ဖက်အဖွဲ့ ဝန်ထမ်းများမှ စီစဉ်ဆောင်ရွက်ပြီး သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ပျိုးပင်စိုက် တောင်သူများ နှင့် တောင်သူ ခေါင်းဆောင်များအား ပို့ချပေးခဲ့ပါသည်။ |
| မူဝါဒဆိုင်ရာအကြောင်းအရာ- မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက် - FAO<br><br>ပူးပေါင်းသည့်အဖွဲ့များ - တိမွေးကု ဦးစီးဌာန၊ MVC၊ MVA နှင့် UVS | မွေးမြူရေး တိရစ္ဆာန်များ၏ ကျန်းမာရေး၊ ကုန်ထုတ်စွမ်းအား နှင့် ဈေးကွက်မြှင့်တင်ခြင်းတို့ ပိုမိုတိုးတက် ကောင်းမွန်စေခြင်းဖြင့် အပူပိုင်းဇုန်ရှိ တောင်သူများ၏ အသက်မွေးဝမ်းကျောင်းမှု တိုးတက်စေခြင်း - ၂၀၁၈ ခုနှစ် အတွင်းတွင် စီမံချက်မှ အမျိုးသားအဆင့် မူဝါဒရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးတို့အတွက် အောက်ပါ အဓိက နယ်ပယ် ၅ ခု ကို အာရုံစိုက်ဆောင်ရွက်ခဲ့ပါသည်။ တိမွေးကုဦးစီးဌာနအတွက် မူဝါဒဆိုင်ရာ အကြံဉာဏ်ပေးသည့် စီမံချက်၏ Chief Technical Adviser သည် ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့၏ မွေးမြူရေး ကဏ္ဍဆိုင်ရာ ကော်မတီခွဲ၏ အဖွဲ့ဝင်ဖြစ်လာခဲ့ပါသည်။<br><br>အမျိုးသား တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်း ကနဦးစစ်တမ်း- စီမံချက် မှ အစိုးရမှ ရန်ပုံငွေထောက်ပံ့သည့် အမျိုးသား တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်း ကနဦးစစ်တမ်း (National Livestock Baseline Survey - NLBS)အား နည်းပညာဆိုင်ရာ အထောက်အကူ ပေးခဲ့ပါသည်။ NLBS မှ တနိုင်ငံလုံးရှိ တိရိစ္ဆာန်ကောင်ရေ စာရင်း၊ အသက်မွေးဝမ်းကျောင်းမှုတွင် မွေးမြူရေး တိရိစ္ဆာန်များ၏ အခန်းကဏ္ဍ၊ မှန်လုံအိမ်ဓါတ်ငွေ့များတွင် မွေးမြူရေး တိရိစ္ဆာန်များ၏ပံ့ပိုးမှုနှင့် ပြည်တွင်းနှင့် ပြည်ပ ကုန်သွယ်ရေးအပါအဝင် မွေးမြူရေးကဏ္ဍဆိုင်ရာ မူဝါဒများအတွက် အခြေခံများအတွက် ခန့်မှန်းချေ ကိန်းဂဏန်းများ ရရှိနိုင်မည် ဖြစ်သည်။<br><br>ရပ်ရွာ တိရိစ္ဆာန်ကျန်းမာရေး လုပ်သား (Community Animal Health Worker -CAHW) မူဝါဒ- စတုတ္ထအကြိမ် CAHW မူဝါဒအဖွဲ့ အစည်းအဝေးအား ဖွန်လ ၂၉ ရက်နေ့တွင် ကျင်းပခဲ့ပြီး ရှေ့ပြေးအစီအစဉ်၊ သင်တန်းပို့ချခြင်း နှင့် စီမံချက် နယ်မြေများ အသိအမှတ်ပြုခြင်းတို့ဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များအား အတည်ပြုခဲ့ပြီး အမျိုးသားအဆင့် ၅ နှစ် စီမံကိန်း စတင် ဆောင်ရွက်ရန် အစီအစဉ်မူကြမ်းအား သုံးသပ်ခဲ့ပါသည်။ CAHW များနှင့်ဆိုင်သည့် ပြဌာန်းချက်များပါဝင်သည့် ဥပဒေမှာ အတည်ပြုခွင့်ရရန် စောင့်ဆိုင်းဆဲဖြစ်ပါသည်။<br><br>ကျွဲနွား တိရစ္ဆာန် ကုန်သွယ်မှု မူဝါဒ- စီမံချက်မှ အစီရင်သည့် ကာလအတွင်း ကျွဲနွားတိရိစ္ဆာန် ကုန်သွယ်မှု မူဝါဒအတွက် နည်းပညာ အထောက်အကူ ဆက်လက်ပေးခဲ့ပြီး ပတ်သက်ဆက်နွယ်သူ အလုပ်ရုံ ဆွေးနွေးပွဲများ၊ မူဝါဒဆိုင်ရာ အကြံဉာဏ်ပေးသည့် စာတမ်းများ နှင့် အခြားနည်းပညာ အကူအညီများပေးခဲ့ပါသည်။<br><br>ပိုမိုကောင်းမွန်သည့် ကျွဲနွားတိရစ္ဆာန် သားဖောက်ရေး မူဝါဒ- စီမံချက်မှ ပိုမိုကောင်းမွန်သည့် ကျွဲနွားတိရိစ္ဆာန် သားဖောက်ရေးဆိုင်ရာ မူဝါဒရေးဆွဲရန် လုပ်ငန်းအဖွဲ့အား တည်ထောင်ပြီး ဖြစ်သလို မူဝါဒရေးဆွဲရန် တနိုင်ငံလုံးအဆင့် ကနဦး စစ်တမ်းအား ကောက်ယူပြီး ဖြစ်ပါသည်။ NLBS ကိန်းဂဏန်း အချက်အလက်များအား နို့နှင့် နို့ထွက်ပစ္စည်းများတွင် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက်လည်း ထည့်သွင်းစဉ်းစားနိုင်ပါသည်။<br><br>အာဟာရဖွံ့ဖြိုးမှု - စီမံချက်မှ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ်စီမံကိန်း (MS-NPAN) အောက်မှ အမျိုးသားအဆင့် အာဟာရဆိုင်ရာ ပန်းတိုင်များအတွက် အထောက်အပံ့ဖြစ်စေမည့် မွေးမြူရေးကဏ္ဍ ဆောင်ရွက်ချက်များ နှင့် စပ်လျဉ်း၍ တိမွေးကုဦးစီးဌာနသို့ နည်းပညာအကူအညီများ ပံ့ပိုးပေးခဲ့ပါသည်။ |

ကျား၊ မ ရေးရာ

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ - ကျား၊မ ရေးရာ တန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှု<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက် - GEN<br><br>ပူးပေါင်းသည့်အဖွဲ့များ- လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | မြန်မာနိုင်ငံ ကျား၊မ ရေးရာ တန်းတူညီမျှမှုကို အလေးအနက် ကတိကဝတ်ပြုခြင်း - ဤစီမံချက်သည် မြန်မာနိုင်ငံတွင် ကျား၊မ တန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းရှိမှု တိုးမြင့်စေရန် ကြိုးပမ်းလျက်ရှိပါသည်။ ဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် အဆင့်မြင့်ကော်မတီဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ (MNCWA) ၏ အဖွဲ့ဝင်ဖြစ်သည့် GENသည် ကော်မတီ၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (NSPAW) တွင် ပါဝင်ဆောင်ရွက်လျက်ရှိပြီး နှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးရေး (PoVAW) ဥပဒေ ရေးဆွဲရာတွင်လည်း ပါဝင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလက နေပြည်တော်တွင် ကျင်းပသည့် အမျိုးသမီးများ နှင့် မိန်းကလေးငယ်များအား အကြမ်းဖက်မှု ကာကွယ်တားဆီးရေးဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ အစည်းအဝေးအား GEN မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပါသည်။<br><br>GEN သည် PoVAW ဥပဒေရေးဆွဲရေးအဖွဲ့တွင် ပါဝင်လှုပ်ရှားခဲ့သည်မှာ လေးနှစ်ကျော်ခဲ့ပြီ ဖြစ်သည်။ အုပ်ချုပ်ရေးပိုင်းမှ အဆင့်မြင့်ပုဂ္ဂိုလ်များ/ အဖွဲ့အစည်းများ၏ ကျား၊မ အခြေပြု အကြမ်းဖက်မှု၏ တန်ပြန်ဆိုးကျိုးများနှင့် တားဆီးခြင်း/ကာကွယ်ခြင်း တို့၏ အရေးပါပုံများအပေါ် သဘောပေါက်နားလည်မှုမှာ အကန့်အသတ်ရှိသည့်အတွက် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းမှာ ယခင်ကရော ယခုလက်ရှိတွင်ပါ အလွန်ပြင်းထန်သည့် စိန်ခေါ်မှုဖြစ်ပါသည်။ ထိုစိန်ခေါ်မှုအား ရင်ဆိုင်ကျော်လွှားရန် နည်းလမ်းအဖြစ် ဥပဒေတစ်ရပ်ပေါ်ထွန်းလာရေးအတွက် တစုတစည်းတည်း ဆက်လက် တွန်းအားပေးရန် အမျိုးသမီး အုပ်စုများကြား ပူးတွဲစည်းရုံး လှုံ့ဆော်ရေးအဖွဲ့ ဖွဲ့စည်းပေးခဲ့ပါသည်။ GEN သည် ကျား၊မ ရေးရာ တန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်းနှင့် ပတ်သက်၍ ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့အား နည်းပညာ အကူအညီပေးသည့် ကျား၊မ ရေးရာ တန်းတူညီမျှမှု နှင့် အမျိုးသမီးများ လုပ်ကိုင်နိုင်စွမ်း ဖွံ့ဖြိုးရေးမိတ်ဖက်များ အဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။<br><br>ယခုနှစ်တွင် GEN မှ MoE နှင့် MoLIP တို့၏ သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်များတွင် ကျား၊မ ရေးရာ တန်းတူညီမျှမှုအား စည်းရုံးလှုံ့ဆော်ရန် နှင့် ဝန်ကြီးဌာနများတွင် ကျား၊မ ရေးရာအား ကဏ္ဍပေါင်းစုံတွင်အကျုံးဝင်စေရန် ရည်ရွယ်၍ ထိုဝန်ကြီးဌာနများနှင့် ပူးပေါင်း ဆောင်ရွက်မှုဖြင့် နယ်ပယ်ကို ချဲ့ထွင်လိုက်ပါသည်။ |

အားလုံးပါဝင်စေသည့်
တန်ဖိုးမြှင့် ကွင်းဆက်

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ- မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေး<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက်များ - မြန်မာ့သြဘာ၊ WHH၊ တောင်သူ သမဝါယမ အသင်းများ နှင့် တောင်သူများ<br><br>ပူးပေါင်းသည့်အဖွဲ့ - စိုက်ပျိုးရေး ဦးစီးဌာန | ၂၀၁၈ ခုနှစ်အတွင်း LIFT မှ လုပ်ကွက်ငယ် တောင်သူများအတွက် ပိုမိုကောင်းမွန်စွာ ပံ့ပိုးပေးနိုင်ရန်အတွက် ရေရှည် တည်တံ့သည့် ပြည်တွင်းမျိုးစေ့ ထုတ်လုပ်မှုအား ပံ့ပိုးခြင်းဖြင့် အရည်အသွေးပြည့် မျိုးစေ့ရောင်းလိုအား (မြန်မာနိုင်ငံ၏ ဝယ်လိုအား ၁ ရာခိုင်နှုန်းသာ ပြည့်မီသည့်) ကို ပိုမိုကောင်းမွန်စေရန် စီမံချက်အသစ် နှစ်ခုအား ရန်ပုံငွေ ပံ့ပိုးပေးပါသည်။ စီမံချက်မှ မျိုးစေ့ကဏ္ဍ အားကောင်းလာစေရန် ကြိုးပမ်းမှုအဖြစ် အရည်အသွေးကောင်း မျိုးစေ့ရရှိနိုင်ရန် အထူးလိုအပ်သည့် ရန်ပုံငွေများ၊ နည်းပညာ၊ စက်ကိရိယာ၊ သင်တန်းပို့ချပေးခြင်း နှင့် အခြားရင်းမြစ်များအား ပံ့ပိုးပေးခဲ့ပါသည်။<br><br>မြန်မာတောင်သူများနှင့် ဖက်စပ်ဖွဲ့စည်းထားသည့် ပထမမျိုးစေ့ ကုမ္ပဏီ (MAFSCO)/ပုဂ္ဂလိက ကဏ္ဍပူးပေါင်း ဆောင်ရွက်ရေး အစီအစဉ် - စီမံချက်မှ အပူပိုင်းဇုန်တွင် သဘာဝ အလျောက် ဝတ်မှုန်ကူးနည်းဖြင့် မျိုးစေ့များထုတ်လုပ်၊ ပြုပြင် ဈေးကွက်တင်ခြင်း ဆောင်ရွက်ရန် သမဝါယမ စည်းမျဉ်းစည်းကမ်း အတိုင်း မြန်မာတောင်သူများနှင့် ဖက်စပ်ဖွဲ့စည်းထားသည့် ပထမမျိုးစေ့ကုမ္ပဏီ (MAFSCO) တည်ထောင်မည်ဖြစ်ပါသည်။ ရေရှည်တည်တံ့သည့် စီးပွားရေး လုပ်ငန်း တစ်ခုအဖြစ် တည်ဆောက်ရန်အတွက် အကောင်းဆုံးမျိုးစေ့များနှင့် ဆက်စပ်ဝန်ဆောင်မှုများ အကောင်းဆုံး ပေါင်းစီးဖော်ထုတ်ခြင်းဖြင့် မျိုးစေ့ကုမ္ပဏီတစ်ခု တည်ထောင်နိုင်ရန်အတွက် မြန်မာ့သြဘာအား ပုဂ္ဂလိက အကောင်အထည်ဖော်ရေး မိတ်ဖက်အဖြစ် ရွေးချယ်ခဲ့ပါသည်။ စီမံကိန်း စတင်လုပ်ကိုင်သည့် အဆင့်တွင် MAFASCOအား တရားဝင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းခဲ့ပြီး "First Seed Company" မြန်မာဘာသာဖြင့် "ပထမ မျိုးစေ့ကုမ္ပဏီ လီမိတက်" ဟု အမည်ပေးခဲ့ပါသည်။ မှတ်ပုံတင်ထားသည့် မျိုးစေ့များ ကိုယ်တိုင်ဖူလုံရေးကို ရေရှည်ပန်းတိုင်အဖြစ် သတ်မှတ်ကြိုးပမ်းရန် ဖြစ်သော်လည်း တောင်သူများအနေဖြင့် ကောင်းမွန်သည့် မျိုးစေ့များအား လက်လှမ်းမီစေရန် စီမံချက်မှ စိုက်ပျိုးရေး သုတေသနဦးစီးဌာန (DAR) နှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ခဲ့ပါသည်။<br><br>မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ စပါးမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (RSSD) - RSSD စီမံချက်မှ လုပ်ကွက်ငယ် တောင်သူများအတွက် အရည်အသွေးကောင်း မျိုးစေ့များလက်လှမ်းမီမှု နှင့် အသုံးချမှုတို့ ပိုမိုကောင်းမွန်စေခြင်း မှတဆင့် ထိုတောင်သူများ၏ ရေရှည်တည်တံ့သည့် စိုက်ပျိုးရေး ဝင်ငွေ နှင့် ထုတ်လုပ်မှုတို့အား တိုးတက်စေကာ အမျိုးသား ဆင်းရဲနွမ်းပါးမှု လျှော့ချရေးပန်းတိုင်အား အထောက်အပံ့ဖြစ်ရန် ရည်ရွယ်ပါသည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာတွင် စတင်ခဲ့သည့် စီမံချက်သည် စိုက်ပျိုးရေးသုတေသန ဦးစီးဌာန နှင့် စိုက်ပျိုးရေး ဦးစီးဌာနတွင် မျိုးစေ့ စိုက်ခင်းများအား ကူညီပံ့ပိုးရန် အခြေခံ မျိုးသန့် မျိုးစေ့ ထုတ်လုပ်မှုဆိုင်ရာ အဓိကစိန်ခေါ်မှုများအား ဖြေရှင်းရန် ကြိုးပမ်းလျက်ရှိပါသည်။ ယင်းသို့ကြိုးပမ်းရာတွင် နည်းပညာအကူအညီ၊ သုတေသန၊ ရင်းနှီးမြှုပ်နှံမှု၊ ချိတ်ဆက်မှုများ မြှင့်တင်ခြင်း စသဖြင့်တို့ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ |
| မူဝါဒဆိုင်ရာအကြောင်းအရာ- ဟင်းသီးဟင်းရွက် ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက်-Mercy Corps Europe<br><br>ပူးပေါင်းသည့်အဖွဲ့များ- Swisscontact နှင့် East-West Seed International | လုပ်ကွက်ငယ် စိုက်ပျိုးသူများအတွက် ဟင်းသီးဟင်းရွက် ဈေးကွက်များ ဖော်ဆောင်ပေးခြင်း - ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ဆောင်ရွက်နေသည့် ဤစီမံချက်မှ ဟင်းသီးဟင်းရွက်ကဏ္ဍအတွက် ပတ်ဝန်းကျင်ကောင်းဖြစ်စေရန် ဟင်းသီးဟင်းရွက်ကဏ္ဍ အရှိန်မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ (Vegetable Sector Acceleration Taskforce -VSAT) အား ပူးပေါင်းဖွဲ့စည်းပေးပြီး နည်းပညာ အထောက်အပံ့ပေးခဲ့ပါသည်။ VSAT သည် ကမ္ဘာ့စီးပွားရေးဖိုရမ်မှ ဖွဲ့စည်းပေးခဲ့သည့် မြန်မာစိုက်ပျိုးရေးကွန်ရက်၏ လုပ်ငန်းအဖွဲ့ဖြစ်ပါသည်။ စီမံချက်မှ သုတေသနနှင့် မူဝါဒဆိုင်ရာ စည်းရုံးလှုံ့ဆော်ခြင်းတို့ ဆောင်ရွက်ရန်အတွက် ပတ်သက်ဆက်နွယ်သူများနှင့် ညှိနှိုင်းဆောင်ရွက်သည့် VSAT၏ လုပ်ငန်းအများအပြားအတွက် ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပါသည်။ VSAT ဆွေးနွေးမှုများမှ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတွင် ဟင်းသီးဟင်းရွက် ဆိုင်ရာများအား ပိုမို အလေးပေးရန်ကဲ့သို့သော သီးသန့် မူဝါဒရည်မှန်းချက်များ နှင့် အမျိုးသားအဆင့် မျိုးစေ့အသင်း ဖွဲ့စည်းရေးတို့ ပေါ်ထွက်လာခဲ့ပါသည်။ စီမံချက်မှာ ၂၀၁၈ မတ်လတွင် ပြီးဆုံးခဲ့ပါသည်။ |

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ- စိုက်ပျိုးရေး တန်ဖိုးမြှင့် ကွင်းဆက်<br><br>LIFT<br>အကောင်အထည်ဖော်ရေး မိတ်ဖက် - မီချီဂန် ပြည်နယ် တက္ကသိုလ်<br><br>ပူးပေါင်းသည့်အဖွဲ့များ- CESD၊ IFPRI၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန- စီမံကိန်းဦးစီးဌာန | မြန်မာနိုင်ငံတွင် စိုက်ပျိုး-ရိက္ခာ တန်ဖိုးကွင်းဆက်ဖွံ့ဖြိုးရေး - ကျေးလက်နေနွမ်းပါးသူများ၏ အသက်မွေးဝမ်းကျောင်းမှုကို သက်ရောက်ခြင်း စီမံချက် - စီမံချက်တွင် အပိုင်း ၄ ပိုင်း ပါဝင်သည်- ၁) မူဝါဒဆိုင်ရာ မဟာဗျူဟာ အကြံဉာဏ်ပေးခြင်း ၂) စိုက်ပျိုး-ရိက္ခာ တန်ဖိုးမြှင့်ကွင်းဆက်များ ၃) အိမ်ထောင်စုနှင့် ရပ်ရွာလူထု အသက်မွေးဝမ်းကျောင်းမှု နှင့် ၄) စွမ်းဆောင်ရည် နှင့် ကွန်ရက် တည်ဆောက်ခြင်း<br><br>မူဝါဒဆိုင်ရာမဟာဗျူဟာ အကြံဉာဏ်ပေးခြင်း - ဤအပိုင်းမှ စိုက်ပျိုးရေးမူဝါဒဌာန (Agricultural Policy Unit -APU)ကို မဟာဗျူဟာမြောက် မူဝါဒဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ APU နှင့် စိုက်၊ မွေး၊ ဆည်ဝန်ကြီးဌာနမှ ဝန်ထမ်းများအား မူဝါဒ ရေးဆွဲခြင်း လုပ်ငန်းစဉ်အတွက် စွမ်းဆောင်ရည်တည်ဆောက်ပေးရန် အကူအညီပေးလျက်ရှိပါသည်။အစီရင်ခံသည့် ကာလအတွင်း APU မှ DAR ၏ သုတေသနအား ဒေသန္တရအဆင့်သို့ ပြောင်းရွှေ့ခြင်းဖြင့် ဗဟိုဦးစီးချုပ်ကိုင်မှုကို လျှော့ချရန် အကြံပြုချက်ပေးခဲ့ခြင်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရနှင့် ဒေသတွင်းမှ တောင်သူများ၏ ပံ့ပိုးမှုဖြင့် ဖေဖော်ဝါရီလအတွင်းတွင် စစ်ကိုင်းတိုင်း၌ ရွေ့ပြေးအစီအစဉ်  စတင်ဆောင်ရွက်နိုင်ခြင်းသို့ ဦးတည်နိုင်ခဲ့ပါသည်။<br><br>စိုက်ပျိုး- ရိက္ခာ တန်ဖိုးမြှင့်ကွင်းဆက်များနှင့် အိမ်ထောင်စုများ နှင့် ရပ်ရွာလူထု အသက်မွေးဝမ်းကျောင်းမှု - အပူပိုင်းဇုန် ကျေးလက်စီးပွားရေးနှင့် စိုက်ပျိုးရေးစစ်တမ်း (READZ) အပြီးတွင် စီမံချက်မှ လယ်ယာပြင်ပ စီးပွားရေး လုပ်ငန်းများဆိုင်ရာ အချက်အလက်ကောက်ယူခြင်းနှင့် ၎င်းဆက်စပ်နေသည့် အချက်အလက်များ ဆန်းစစ်ခြင်းတို့ကို အာရုံစိုက် ဆောင်ရွက်ခဲ့ပါသည်။ စိုက်/မွေး/ဆည်ဝန်ကြီးဌာန ဝန်ကြီး၏ မူဝါဒမှတ်စုများတွင် ထည့်သွင်းနိုင်ရန် ရေတို နှင့် ရေရှည် မူဝါဒ နည်းလမ်းများအတွက် အကြံပြုချက်များ နှင့်အတူ သုတေသန အစီရင်ခံစာ အမျိုးစုံပြုစုခဲ့ပါသည်။ အစီရင်ခံသည့် ကာလအတွင်း နောက်ထပ်ဆောင်ရွက်ခဲ့သည့် သုတေသနစစ်တမ်းမှာ ရှမ်းပြည်နယ် အိမ်ထောင်စု၊ လယ်ယာစိုက်ပျိုးရေး နှင့် ကျေးလက် စီးပွားရေးစစ်တမ်း (SHARES) ဖြစ်ပါသည်။  SHARES သည် ရှမ်းပြည်နယ်တွင် မြေယာ၊ စက်မှုလုပ်ငန်း၊ လယ်ယာကဏ္ဍပြင်ပ အလုပ်အကိုင်၊ ရွှေ့ပြောင်းကုန်သည်များအား အကြွေးပေးခြင်း၊ ပြောင်းစိုက်ပျိုးစီးပွားနှင့် အာဟာရ ဖွံ့ဖြိုးမှု အလေးထားသည့် စိုက်ပျိုးရေးတို့နှင့်ဆိုင်သည့် အကြောင်းခြင်းရာများကို သတင်းပေးပါသည်။<br><br>စွမ်းဆောင်ရည်နှင့် ကွန်ရက်တည်ဆောက်ခြင်း- စီမံချက်မှ ၂၀၁၈ ခုနစ် ဖေဖော်ဝါရီလတွင် သုတေသနတွေ့ရှိချက်များနှင့် နည်းစနစ်များအားသုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ ပါသည်။ စီမံချက်တွင် ပါဝင်ခဲ့သည့် CESD၊ MSU နှင့် IFPRI သုတေသန ဝန်ထမ်းများသည် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ၎င်းတို့ကိုယ်တိုင်တွေ့ကြုံခဲ့သည်များအား ပြန်လည် သုံးသပ်ခဲ့ကြပါသည်။ ဒုတိယသင်တန်းအား စိုက်/မွေး/ဆည် ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ်မှ ဝန်ထမ်းများအတွက် စိုက်/မွေး/ဆည် ဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ |

မြေယာ

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ- မြေယာ လုပ်ပိုင်ခွင့် မူဝါဒများ<br><br>LIFT<br>အကောင်အထည်ဖော်ရေး မိတ်ဖက်- LCG<br><br>ပူးပေါင်းသည့်အဖွဲ့များ- MONREC, စိုက်/မွေး/ဆည် ဝန်ကြီးဌာန, FSWG၊ အခြား CSO များ နှင့် ဖွံ့ဖြိုးရေး မိတ်ဖက်များ | မြန်မာနိုင်ငံရှိ မြေနှင့်ဆက်စပ် သယံဇာတများတန်းတူညီမျှစွာ လက်လမ်းမီထိန်းညှိနိုင်မှု  ဖြစ်ထွန်းရေးစီမံချက် - စီမံချက်မှ NLUP ပေါ်ပေါက်လာစေရေး တက်ကြွစွာ ပံ့ပိုးပေးခဲ့ပြီး ၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် အစိုးရအဖွဲ့မှ အတည်ပြုပေးခဲ့သည့် အမျိုးသားမြေယာအသုံးချမှု ကောင်စီဖွဲ့စည်းနိုင်ရန် MoNREC အား ဆက်လက်၍ နည်းပညာအကူအညီ ပံ့ပိုးပေးခဲ့ပါသည်။<br><br>LCG မှ NLUC ဉက္ကဋ္ဌအတွက် အောက်ပါတို့အပါအဝင် အရေးပါသည့် အကြံဉာဏ်များပေးခဲ့ပါသည် -၁) တိုင်းရင်းသား လူမျိုးစုများ၏ မြေယာအသုံးချပိုင်ခွင့်နှင့် အမျိုးသားနှင့် အမျိုးသမီး မြေယာလုပ်ပိုင်ခွင့် တန်းတူညီမျှရှိရေး အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး မြေယာအသုံးချမှု ကော်မတီများ၏ ရှင်းလင်းပြတ်သားသည့် အခန်းကဏ္ဍများ လိုအပ်မှု၊ (၂) တောင်သူများ၊ ဒေသခံ တိုင်းရင်းသားအစုအဖွဲ့များ၊ အမျိုးသမီးများ နှင့် သက်ကြီးရွယ်အိုများအား ပြင်ပကိုယ်စားလှယ်များအဖြစ် ရွေးချယ်ရာတွင် ပတ်သက်ဆက်နွယ်သူများ ကိုယ်တိုင် ရွေးချယ်ရမည်ဖြစ်ခြင်း။<br><br>LCG မှ NLUC ရုံးအဖွဲ့အား အောက်တိုဘာ ၂-၃ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားမြေယာအသုံးချမှု မူဝါဒဆိုင်ရာဖိုရမ် ကျင်းပရာတွင် အကူအညီပေးခဲ့ပါသည်။ ဖိုရမ်တွင် NLUC  အဖွဲ့ဝင်များ၊ အစိုးရ ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ လွှတ်တော်၊ ပြည်နယ်/ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ CSO များ၊ လယ်သမား အသင်းအဖွဲ့များ၊ ဒေသခံ တိုင်းရင်းသားများ၊ မီဒီယာ နှင့် အလှူရှင်အဖွဲ့များ တက်ရောက်ခဲ့ပါသည်။<br><br>LCGမှ ပြင်ပပတ်သက်ဆက်နွယ်သူ ကိုယ်စားလှယ်များပါဝင်သည့် တိုင်းဒေသကြီး မြေယာအသုံးချမှု ကော်မတီ တည်ထောင်ရန် အတွက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လက်တွဲ၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။LCG မှ အသိပေးအရေးဆိုခဲ့သည့် ဒေသခံ အစုအဖွဲ့မှ ဦးဆောင်သည့် ထိန်းသိမ်းစောင့်ရှောက်မှု ပါဝင်သည့် ပြန်လည်ပြင်ဆင်ထားသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအား ၂၀၁၈ ခုနစ် မေလ ၂၁ ရက်တွင် ပြဌာန်းခဲ့ပါသည်။ LCG မှ အများပြည်သူ သဘောထားတောင်းခံသည့် ဆွေးနွေးပွဲများကျင်းပပေးခြင်းဖြင့် နည်းဥပဒေများ ရေးဆွဲရာတွင် ဒေသခံ နှင့် တိုင်းရင်းသားအစုအဖွဲ့များ၏ အသံများကိုလည်း ထင်ဟပ် စေနိုင်ခဲ့ပါသည်။<br><br>LCG မှ IDP မြေယာကိစ္စရပ်များဆိုင်ရာ ဦးစားပေးလိုအပ်ချက်များ နှင့် အခွင့်အလမ်းများဖော်ထုတ်ရန် နှင့် လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရန်အတွက် လုပ်ငန်းအဖွဲ့တည်ထောင်ရန် ကူညီပေးခဲ့ပါသည်။စီမံချက်မှ လယ်ယာမြေဥပဒေအား ပြင်ဆင်သည့် ဥပဒေ နှင့် မြေယာသိမ်းဆည်းရေး အက်ဥပဒေမူကြမ်း အသစ်တို့တွင် ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်ဆိုင်ရာ အကြောင်းအရာများ ပါဝင်နိုင်ရေးအတွက် စည်းရုံးလှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်ခဲ့ပါသည်။<br><br>LCG မှ ဖြစ်ရပ်မှန် လေ့လာမှု  သုတေသန ၁) မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၊ မြေယာ အခွင့်အရေးများ နှင့်  သစ်တော ထိန်းသိမ်းရေး နှင့် ၂)  နာဂရွာပြည် ဓလေ့ထုံးတမ်း မြေယာနှင့် သစ်တောသယံဇာတ စီမံခန့်ခွဲမှုစနစ်တို့အား ရန်ပုံငွေ ထောက်ပံ့ပေးခဲ့ပါသည်။  LCG မှ ရှမ်းပြည်နယ်တွင် ဓလေ့ထုံးတမ်း မြေယာလုပ်ပိုင်ခွင့်ကို အသိအမှတ်ပြုရန် ဒေသခံအစုအဖွဲ့ပိုင် သစ်တောလက်မှတ် ရွေ့ပြေး စီမံချက်အနေဖြင့် စမ်းသပ်ထုတ်ပေးနေခြင်းအားလည်း သုတေသန ပြုခဲ့ပါသည်။ |

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ- စိုက်/မွေး/ဆည် ဝန်ကြီးဌာန၏ မြေယာ ပြ ပန်လည်ခွဲဝေချထားခြင်း အစီအစဉ် (သို့) REAL DEV အစီအစဉ်အား အထောက်အပံ့ပေးခြင်း<br><br>အကောင်အထည်ဖော်သူများ- စိုက်/မွေး/ဆည် ဝန်ကြီးဌာန နှင့် မကွေးတိုင်းဒေသကြီး အစိုးရ<br><br>ပူးပေါင်းသည့်အဖွဲ့ များ - GRET၊ Landesa နှင့် WHH | "ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများ၏ ပါဝင်ဆောင်ရွက်မှုဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်စွန့်လွှတ်လွှဲပြောင်းပေးခြင်း၊ ပြန်လည် ခွဲဝေချထားခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်း" စီမံကိန်း (REAL DEV) - ၂၀၁၇ခုနှစ်လယ်တွင် စိုက်/မွေး/ဆည် ဝန်ကြီးဌာနသည် နိုင်ငံတော်မှ အသုံးပြုခွင့်ချထားပေးပြီး အသုံးမပြုသည့် မြေများအား ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများ၊ အမျိုးသမီးများနှင့် မြေယာမဲ့များအတွက် ပြန်လည်ခွဲဝေချထားခြင်း အစီအစဉ်ကို LIFT မှ အထောက်အပံ့ပေးရန် အဆိုပြုခဲ့သဖြင့် LIFT မှ သဘောတူခဲ့ပါသည်။ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် LIFT မှ GRET၏ မြေယာဆန်းစစ်မှု စစ်တမ်းတွင် စိုက်/မွေး/ဆည် ဝန်ကြီးဌာန မှ အကြံပြုသည့် မကွေးတိုင်းဒေသကြီး နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ဖြစ်နိုင်ချေရှိသည့် နေရာများအား ထည့်သွင်းစစ်တမ်းကောက်ကူရန် တောင်းဆိုခဲ့ပါသည်။ စစ်တမ်းတွေ့ရှိချက်များပေါ် တွင် အခြေခံ၍ စိုက်၊ မွေး၊ဆည် ဝန်ကြီးဌာနမှ မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ နေရာနှစ်ခုအား ရှေ့ပြေးစမ်းသပ် မြေယာပြန်ပေးသည့် နေရာများအဖြစ် ဆုံးဖြတ်ခဲ့ပါသည်။ LIFT ၏ အတိုင်ပင်ခံအဖွဲ့သည် ရှေ့ပြေးစမ်းသပ် အစီအစဉ်တွင် ပါဝင်မည့် အခြေခံအကြောင်းအရာများအား စိုက်၊မွေး၊ ဆည် ဝန်ကြီးဌာန နှင့် တိုင်ပင်၍ ဒီဇိုင်းဆွဲခဲ့ပါသည်။<br><br>၁၈ ရက်ကြာ ကွင်းဆင်းဆောင်ရွက်မှု နှင့် သဘောထားရယူသည့် ဆွေးနွေးမှုများအပါအဝင် ၁၂ လကြာ ဒီဇိုင်းရေးဆွဲပြီးနောက် စိုက်/မွေး/ဆည် ဝန်ကြီးဌာန နှင့် မကွေးတိုင်းဒေသကြီး အစိုးရ တို့အနေဖြင့် ရှေ့ပြေးစမ်းသပ်အစီအစဉ် စီမံခန့်ခွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အတွက် ကူညီပံ့ပိုးရန် အကောင်အထည်ဖော်ရေး မိတ်ဖက် အဆိုပြုလွှာ ဖိတ်ခေါ် ချက်အား ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကြေငြာခဲ့ပါသည်။ REAL DEV အစီအစဉ်မှ နိုင်ငံတော်မှ ချထားပေးသည့် မြေများအား လုပ်ပိုင်ခွင့်ရသူများထံမှ ပြန်လည်ရယူပြီး ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများ၊ မြေယာမဲ့များ နှင့် အခြားသူများအား ပြန်လည်ခွဲဝေချထားပေးရန်အတွက် ပံ့တူပွါးနိုင်မည့် ချဉ်းကပ်နည်းလမ်း နှင့် မူဘောင်ရေးဆွဲရန် မကွေးတိုင်းဒေသကြီးအတွင်း အစိုးရမှ မြေယာ ပြန်လည်ရယူခြင်း နှင့် ပြန်လည်နေရာချထားပေးခြင်းတို့ကို ဆောင်ရွက်ရာတွင် အစိုးရနှင့် အတူလက်တွဲ ဆောင်ရွက်လိုသည့် မိတ်ဖက်များအား ဖိတ်ခေါ် ခဲ့ပါသည်။ |
| မူဝါဒဆိုင်ရာအကြောင်းအရာ- တိုင်းရင်းသား လူနည်းစု များ၏ အခွင့်အရေးများ<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက် - KMSS<br><br>ပူးပေါင်းသည့်အဖွဲ့ များ - LIFT FMO၊ LCG၊ FSWG | အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပိုမိုလုပ်ကိုင်နိုင်စွမ်းရှိစေရန် မဟာဗျူဟာမြောက် မိတ်ဖက်ပြုခြင်း - LIFT၏ မဟာဗျူဟာမြောက် မိတ်ဖက်ဖြစ်သည့် KMSS မှ ဆိတ်ဆိတ်နေခြင်း ယဉ်ကျေးမှုကို ချိုးဖောက်ခြင်း နှင့် အထောက်အထား အခြေခံစည်းရုံး လှုံ့ဆော်ခြင်းတို့ကို တိုက်ရိုက် လူမှုဆောင်ရွက်ချက်ဖြင့် ဆောင်ရွက်ခြင်းတို့ဖြင့် မေ့လျော့ခံ ပြည်သူများ၏ အခွင့်အရေးများအား အကာအကွယ်ပေးလျက်ရှိပါသည်။<br><br>၂၀၁၈ ခုနှစ်အတွင်းတွင် KMSS မှ ရပ်ရွာအခြေပြု ဓလေ့ထုံးတမ်း မြေသာအသုံးပြုမှုဆိုင်ရာ သုတေသနကို ဆောင်ရွက်ခဲ့ပါသည်။ သုတေသနတွေ့ရှိချက်များအား LIFT နှင့် KMSS ၏ အင်တာနက် ဝက်ဘ်ဆိုဒ် စာမျက်နှာများတွင် ရယူနိုင်မည်ဖြစ်ပြီး အခြားCSOများအား မျှဝေမည် ဖြစ်ပါသည်။ KMSS မှ ကြိုတင်ပုံဖော် ပုံစံချထားသည့် သုတေသန စီမံချက်အဖြစ် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်သူများ၏ အာဟာရဖွံ့ဖြိုးမှု အဆင့်အတန်းဆိုင်ရာ သုတေသနဒီဇိုင်းအား အပြီးသတ်ပြီး ဖြစ်ပါသည်။ |

ရွှေ့ပြောင်းသွားလာခြင်း နှင့် ကောင်းမွန်သည့် အလုပ်အကိုင်

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ- ပြည်တွင်းနှင့် ပြည်ပ ရွှေ့ပြောင်းသွားလာမှုအတွက် မူဝါဒ နှင့် ဥပဒေမူဘောင် ရေးဆွဲခြင်း<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက်- အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO)<br><br>ပူးပေါင်းသည့်အဖွဲ့များ- အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့ အင်အား ဦးစီးဌာန | ပြည်တွင်းနှင့် နိုင်ငံတကာလုပ်သားရွှေ့ပြောင်းသွားလာရေး စီမံအုပ်ချုပ်မှု - စီမံချက်မှ ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ မူဝါဒ နှင့် ဥပဒေများ ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ပါသည်။ ၂၀၁၈ ခုနှစ် အတွင်းတွင် စီမံချက်မှ ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ လွှတ်တော်အမတ်များ လုပ်ငန်းအဖွဲ့ အစည်းအဝေး သုံးကြိမ် ကျင်းပခဲ့ပါသည်။ ILO မှ ဦးဆောင် ဆွေးနွေးသည့် အခြား စည်းရုံးလှုံ့ဆော်ရေး အကြောင်းအရာများအပြင် အဆိုပါ ဆွေးနွေးပွဲများတွင် အောက်ပါအကြောင်း အရာများအား ဆွေးနွေးခဲ့ပါသည်။<br><br>အိမ်အကူ အလုပ်သမားများအတွက် ဥပဒေဖြင့် အကာအကွယ်ပေးခြင်း - စီမံချက်မှ ပြည်ပတွင် အိမ်အကူ အလုပ်လုပ်ကိုင်ခြင်း မပြုရန် တားမြစ်ခြင်းခံရသည့် အိမ်အကူ အလုပ်သမားများအတွက် ဥပဒေဖြင့် အကာအကွယ်ပေးခြင်းကို ဆောင်ရွက်ပါသည်။ ILO မှ အသိပညာပေးခြင်း ပိုမိုတိုးမြှင့်စေရန် အလုပ်ရုံဆွေးနွေးပွဲများ၊ အများပြည်သူအား ဖိတ်ကြားသည့် အခမ်းအနားများနှင့် မီဒီယာတွေ့ဆုံမေးမြန်းမှုများအား ပြုလုပ်ခဲ့ပါသည်။ အစီရင်ခံနေသည့် ကာလအတွင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ အိမ်အကူ အလုပ်သမားများ သွားရောက်လုပ်ကိုင်သည့် နိုင်ငံများနှင့် သဘောတူညီချက်များ ပြင်ဆင်လျက်ရှိပါသည်။ ILOမှ အိမ်အကူအလုပ်သမားများအတွက် ပြည်ပသို့ မထွက်ခွာမီ သင်တန်းပေးခြင်းအပြင် သဘောတူညီချက်များနှင့် အကာအကွယ်ပေးရန်အတွက် နားလည်မှု စာချွန်လွှာများ ရေးသားပြင်ဆင်ရာတွင် နည်းပညာ အကြံဉာဏ်များပေးခြင်းတို့ဖြင့် အနေအထားကောင်းတွင် ရပ်တည်ပေးလျက် ရှိပါသည်။<br><br>ပြည်ပ အလုပ်အကိုင်ဆိုင်ရာ ဥပဒေ (၁၉၉၉)ကို ပြန်လည်ပြင်ဆင်သည့် ဥပဒေကို သုံးသပ်ခြင်း - MOLIP မှ ၂၀၁၈ခုနှစ် စက်တင်ဘာလတွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ မူကြမ်းအား ရေးဆွဲပြီးစီးခဲ့ပြီး ILO မှ မှတ်ချက်များ ပေးရန် တရားဝင် တောင်းခံခဲ့ပါသည်။ သို့ဖြင့် စီမံချက်မှ ILO မှ အထူးကျွမ်းကျင်သူများ နှင့် အဖွဲ့အစည်းအတွင်း သဘောထားတောင်းခံသည့် ဆွေးနွေးပွဲ ကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် အပြီးသတ်မှတ်ချက်များအား ဝန်ကြီးဌာသို့ တင်ပြခဲ့ ပါသည်။<br><br>အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ဒုတိယအဆင့် (၂၀၁၈-၂၀၂၃) ရေးဆွဲခြင်း- စီမံချက်မှ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ (၅) နှစ်တာ လုပ်ငန်းစီမံချက် (၂၀၁၈-၂၀၂၃) ရေးဆွဲရန် အစိုးရနှင့် အခြားပတ်သက် ဆက်နွယ်သူများအား နည်းပညာ အကူအညီပံ့ပိုးပေးခဲ့ပြီး ရေးဆွဲသည့် လုပ်ငန်းစဉ်တွင် အလုပ်သမား အဖွဲ့အစည်းများ နှင့် CSO များ ပါဝင် ဆောင်ရွက်စေခဲ့ပါသည်။ ရလဒ်အနေဖြင့် လုပ်ငန်းစီမံချက်မှ ရွှေ့ပြောင်းသွားလာသူများ၏ အခွင့်အရေးများ၊ ရွှေ့ပြောင်းသွားလာသူများ အမြတ်ထုတ်ခံရခြင်း နှင့် ညှင်းပန်းခံရခြင်း တို့မှ အကာအကွယ်ပေးရန်အတွက် မူဝါဒ နှင့် အလေ့အကျင့်များအပေါ် ပိုမို အာရုံစိုက် လုပ်ဆောင်ခဲ့ပါသည်။ |

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ- လုပ်သားရွှေ့ပြောင်းသွားလာရေး စီမံအုပ်ချုပ်မှု -<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက်- ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)<br><br>ပူးပေါင်းသည့်အဖွဲ့များ- အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဦးစီးဌာန၊ ချင်းလူ့အခွင့်အရေး အဖွဲ့ ၊ မွန်အမျိုးသမီးအဖွဲ့ နှင့် ပါရမီဖွံ့ဖြိုးရေး ကွန်ရက် | အားကောင်းသည့် စီမံအုပ်ချုပ်မှုမှတဆင့် လုပ်သားရွှေ့ပြောင်းသွားလာမှု၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးဆက်များ တိုးမြင့်အောင်ပြုလုပ်ခြင်း (တွဲလက်) - တွဲလက်စီမံချက်မှ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းသွားလာရေး စီမံအုပ်ချုပ်မှု မူဘောင်အား အဖွဲ့အစည်း စံ ဖြစ်စေရန် MoLIP အား နည်းပညာအကူအညီပေးလျက်ရှိပါသည်။ ၂၀၁၈ ခုနှစ်အတွင်းတွင် စီမံချက်မှ ဝန်ကြီးဌာနအနေဖြင့် ရွှေ့ပြောင်းသွားလာရေး စီမံအုပ်ချုပ်မှုအား အစိုးရတစ်ဖွဲ့လုံး၏ ချဉ်းကပ်မှု နည်းလမ်းအဖြစ် ဖော်ဆောင်ရန် ကြိုးပမ်းသည့် အစီအစဉ်တွင် အကူအညီပေးခဲ့ပါသည်။ IOM မှ MoLIP အနေဖြင့် သတင်းအချက်အလက် စုဆောင်းခြင်း၊ ဆန်းစစ်ခြင်း နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းတို့တွင် နည်းပညာ အကူအညီပေးခြင်းဖြင့် ရွှေ့ပြောင်းသွားလာခြင်းအား အမျိုးသား မဟာဗျူဟာများတွင် အကျုံးဝင်စေမည့် လေ့လာသုံးသပ်မှု ဆောင်ရွက်ရာတွင် အကူအညီ ပေးခဲ့ပါသည်။<br><br>မြန်မာနိုင်ငံ ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းအား အသုံးပြု၍ သက်ဆိုင်ရာ ကဏ္ဍဆိုင်ရာ မူဝါဒများ နှင့် ရွှေ့ပြောင်းသွားလာရေးတို့အား ချိတ်ဆက်နိုင်ရန် အလားအလာရှိသည့် နည်းလမ်းများ ဆွေးနွေးနိုင်ရန်အတွက် ဝန်ကြီးဌာန ၁၃ ခု၊ သမ္မတရုံး၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး နှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံး တို့မှ ကိုယ်စားလှယ်များအား လေ့လာမှုမှ တွေ့ရှိချက်များအား မျှဝေရန် ရည်ရွယ်သည့် အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ဆွေးနွေးမှုများပေါ် အခြေခံ၍ အလားအလာရှိသည့် ရှေ့လုပ်ငန်းစဉ်များတွင် အစိုးရဘက်မှ ထည့်သွင်းစဉ်းစားနိုင်ရန် အကြံပြုချက်များပါဝင်သည့် အစီရင်ခံစာ တစ်စောင်ကို ထုတ်ပြန်ခဲ့ပါသည်။ IOM မှ အကြံပြုချက်များအား အဆင့်မြင့် အစိုးရဌာနမှ ထောက်ခံချက်ရနိုင်ရန် MoLLIP နှင့် ဆက်လက်၍ လက်တွဲ ဆောင်ရွက်လျက် ရှိပါသည်။ |
| မူဝါဒဆိုင်ရာ အကြောင်းအရာ - ရခိုင်ပြည်နယ်တွင် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး နှင့် အလုပ်အကိုင် အခွင့်အလမ်းများ<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက် - အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) | ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် - ရခိုင်ပြည်နယ် - စီမံချက်မှ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေး ၅ နှစ် စီမံချက်၏ ရည်ရွယ်ချက် နှင့် ရခိုင်အကြံပေးကော်မရှင်၏ အကြံပြုချက်များပေါ် တွင်အခြေခံ၍ ကျယ်ပြန့်ပြည့်စုံသည့် TVET မဟာဗျူဟာ နှင့် အလုပ်အကိုင်၊ သင်တန်း နှင့် ကျွမ်းကျင်မှုများတွင် ခွဲခြားမှု မရှိဘဲ အားလုံးပါဝင်စေသည့် စီမံချက်အား ဖော်ဆောင်နိုင်ရန် ရခိုင်ပြည်နယ်အစိုးရအား အထောက်အပံ့ပေးရန်အတွက် ကြိုးပမ်းလျက်ရှိပါသည်။ ယင်းတွင် ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်ခြင်း၊ သင်ကြားပို့ချခြင်း နှင့် ကျား၊မ ရေးရာ၊ ဥပဒေ ရေးရာ နှင့် လူမှု အတားအဆီးများအား သုံးသပ်ခြင်းတို့တွင် လိုအပ်ချက်များ သတ်မှတ်ဖော်ထုတ်နိုင်ရန် အလုပ်သမား ဈေးကွက် ဆန်းစစ်လေ့လာမှု ဆောင်ရွက်ရန် လိုပါသည်။ ဤဆန်းစစ်လေ့လာမှုအား Myanmar Survey Research မှ ၂၀၁၈ ခုနှစ် ဧပြီတွင် လုပ်ဆောင်ခဲ့ပါသည်။<br><br>အစီရင်ခံသည့်ကာလအတွင်း မြို့နယ်အများအပြားတွင် အလုပ်သမား ဈေးကွက် ဆန်းစစ်လေ့လာမှု ဆောင်ရွက်ခဲ့ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည့် နယ်ပယ်များ ဖော်ထုတ်ရန် UEHRD နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းချုပ်တို့အပါအဝင် ပတ်သက်ဆက်နွယ်သူများနှင့် သဘောထားရယူသည့် ဆွေးနွေးပွဲများ ကျင်းပခဲ့ပါသည်။<br><br>စီမံချက်မှ ရခိုင်ပြည်နယ် ပညာရေး မဟာဗျူဟာမြောက်စီမံကိန်း၊ အထူးသဖြင့် TVET အခန်းကဏ္ဍများ ရေးသားပြုစုရာတွင် နည်းပညာ အကူအညီပေးရန် ပညာရေးဝန်ကြီးဌာန၏ ပန်ကြားချက်အား  လက်ခံရရှိခဲ့ပါသည်။<br><br>စီမံချက်မှ ပြည်နယ်ဝန်ကြီးဌာနများ၊ UEHRD၊ ပုဂ္ဂလိက ကဏ္ဍအသင်းအဖွဲ့များ၊ သင်ကြားရေး အဖွဲ့အစည်း နှင့် အခြား ပတ်သက်ဆက်နွယ်သူများ နှင့် အပြုသဘော ထိတွေ့ဆောင်ရွက်ရာတွင် မဟာဗျူဟာ ချိတ်ဆက်မှု ပြုလုပ်နိုင်ရန် ရခိုင်ပြည်နယ် အသက်မွေးဝမ်းကျောင်း ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (TCG) အား တည်ထောင်ဖွဲ့စည်းပေးခဲ့ပါသည်။<br><br>စီမံချက် တိုးတက်လာသည်နှင့်အမျှ TCG အား ရခိုင်ပြည်နယ်တွင် နည်းပညာကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းမြစ်ခွဲဝေရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ယန္တရားအဖြစ် ဆောင်ရွက်ရန် မျှော်မှန်းထားပါသည်။ |
| မူဝါဒဆိုင်ရာအကြောင်းအရာ- လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုမှ ဟန့်တားခြင်း<br><br>LIFT အကောင်အထည် ဖော်ရေး မိတ်ဖက်- Care International<br><br>ပူးပေါင်းသည့်အဖွဲ့များ- အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ BusinessKind Myanmar နှင့်  ဥပဒေရေးရာ ကုစားရေးအဖွဲ့ မြန်မာ | အောင်မြင်မှု စီမံချက် - ဘေးကင်းလုံခြုံသည့် အလုပ်အကိုင်ရရှိရန် လုပ်ငန်းနယ်ပယ်အတွင်းမှ ဖြေရှင်းနည်းလမ်းများ - လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု ကင်းစင်သည့် လုပ်ငန်းခွင်ဆိုသည်မှာ ဘေးကင်းလုံခြုံသည့် အလုပ်အကိုင်၏ အဓိက အစိတ်အပိုင်း ဖြစ်ပါသည်။ သို့ဖြစ်၍ အောင်မြင်မှု စီမံချက်မှ လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများအား ဖြေရှင်းရန် အကောင်အထည်ဖော်ရေးလမ်းညွှန် နှင့် တိုင်ပင်ဆွေးနွေးခြင်း မူဘောင်တို့နှင့်အတူ စက်ရုံ အလုပ်ရုံအဆင့် မူဝါဒအား ရေးဆွဲခဲ့ပါသည်။ အသိပညာပေးလုပ်ငန်းများ မြှင့်တင်နိုင်ရန်အတွက် ပူးပေါင်းစည်းရုံးလှုံ့ဆော်ရေး မဟာဗျူဟာ ရေးဆွဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သုံးခုအား အမျိုးသမီးအဖွဲ့များ၊ အလုပ်သမား သမဂ္ဂများ၊  အလုပ်သမားအခွင့်အရေး အဖွဲ့အစည်းများအတွက် ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ ယခုနှစ်အတွင်း စီမံချက်မှ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေနှင့် အမျိုးသား အလုပ်အကိုင် ကျွမ်းကျင်မှုစံများ(NOCS)တွင် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုကို ကာကွယ်ခြင်းဆိုင်ရာ ပြဌာန်းချက်များ ထည့်သွင်းနိုင်ရန် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။<br><br>လုပ်ငန်းခွင်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအား သုံးသပ်ရန် စီမံချက်မှ ပြန်လည်ပြင်ဆင်ထားသည့် ဥပဒေတွင် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေ ပါဝင်စေရန် MoLIP အား နည်းပညာ အကူအညီ ပံ့ပိုးပေးခဲ့ပါသည်။  Care မှ Overseas Development Institute နှင့် ပူးပေါင်း၍ ဝန်ကြီးဌာနအတွင်း ရန်ပုံငွေဖွဲ့စည်း တည်ဆောက်ရန် နှင့် ရန်ပုံငွေ သုံးစွဲမှုကို ကူညီဆောင်ရွက်ရန် အကြံပြုချက်များ ပါဝင်သည့် နည်းပညာဆိုင်ရာ အစီရင်ခံစာအား ရေးသား ပြုစုပေးခဲ့ပါသည်။<br><br>၂၀၁၈ ခုနှစ်အတွင်းတွင် LIFT မှ မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍအတွက် အမျိုးသားအဆင့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှု စံနှုန်း (NOCS) ရေးဆွဲဖော်ဆောင်ရန်အတွက် ရန်ပုံငွေ ပံ့ပိုးပေးခဲ့ပြီး အထည်ချုပ်ကဏ္ဍမှ အလုပ်သမားများအနေဖြင့် ၎င်းတို့၏ ကျွမ်းကျင်မှုများအား လုပ်ငန်းနယ်ပယ်အတွင်း အလုပ်ရှင်များမှ အသိအမှတ်ပြု တန်ဖိုးထားသည့် အမျိုးသားအဆင့်ကျွမ်းကျင်မှု စံနှုန်း သတ်မှတ်ပြဌာန်းရေးအဖွဲ့၏ အသိအမှတ်ပြု လက်မှတ်များ ရယူနိုင်ပြီ ဖြစ်သည်။ စီမံချက်၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံသားများ ကျွမ်းကျင်မှု စံနှုန်း သတ်မှတ် ပြဌာန်းရေးအဖွဲ့မှ အမျိုးသားအဆင့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှု စံနှုန်း (NOCS) ၄မျိုး - ဖြတ်ညှပ်ခြင်း၊ အရည်အသွေး ထိန်းချုပ်ခြင်း (QC)၊ အချောသတ်ခြင်း နှင့် အပ်ချုပ်စက် အသုံးပြုသူများအား သုံးသပ်ခြင်းတို့အား သတ်မှတ်ခဲ့ပြီး အထည်ချုပ်ကဏ္ဍ ကော်မတီခွဲမှ အတည်ပြုရန် စောင့်ဆိုင်းဆဲဖြစ်ပါသည်။ |

အာဟာရဆိုင်ရာ

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ- အာဟာရပြည့်ဝရေး စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ အမျိုးသား မူဝါဒ<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက်- Save the Children International | အာဟာရချို့တဲ့မှု လျှော့ချရန် အဓိကကျသော အာဟာရဆိုင်ရာ လုပ်ဆောင်မှုများအား အားဖြည့်ခြင်း (LEARN)- SUN SCA ရုံးအဖွဲ့မှ ပံ့ပိုးပေးသည့် LEARN မှ အားကောင်းသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပေါ်ထွန်းလာစေရန်အတွက် LIFT၏ ကြိုးပမ်းမှုများနှင့် အမျိုးသားအဆင့်နှင့် ဒေသန္တရအဆင့် စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝမှုဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များဆိုင်ရာ LIFT ၏ စည်းရုံးလှုံ့ဆော်မှုအား ကူညီပံ့ပိုးပေးရန် ကြိုးပမ်းလျက်ရှိပါသည်။<br><br>၂၀၁၈ ခုနှစ်အတွင်းတွင် LEARN မှ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ်စီမံကိန်း(MS-NPAN) ၂၀၁၈-၂၀၂၂ အတွက် နည်းပညာအကူအညီ ဆက်လက်ပံ့ပိုးပေးခဲ့ပါသည်။ ဇန်နဝါရီလတွင် NNC သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှတဆင့် MS-NPAN ၏ အပြီးသတ် မဟာဗျူဟာမူဘောင်အား ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ထံသို့ တင်ပြခဲ့ပါသည်။ LEARN ၏ အရေးပါသည့် တာဝန်ယူထားသော ပုဂ္ဂိုလ်များမှလည်း ကမ္ဘာ့ဘဏ်မှဆောင်ရွက်နေသည့် MS-NPAN အတွက် စဉ်ဆက်မပြတ် စွမ်းဆောင်ရည် အကဲဖြတ်ဆန်းစစ်မှုများအတွက် SUN CSA နှင့် ထိတွေ့ဆောင်ရွက်ပြီး ကိုယ်စားပြုခဲ့ပါသည်။ ထို့အတူ LEARN မှ မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်း လုပ်ငန်းများမြှင့်တင်ရေး အဖွဲ့များ၊ NNC၊ UNICEF၊ Alive and Thrive နှင့် အခြားပတ်သက်ဆက်နွယ်သူများနှင့် ပြုလုပ်သည့် မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းလုပ်ငန်း (BBF) များဆိုင်ရာ အစည်းအဝေးများအားလုံးအတွက် နည်းပညာကူညီပံ့ပိုးမှုများလည်း ပြုလုပ်ပေးခဲ့ပါသည်။<br><br>BBF ၏ မူဝါဒဆိုင်ရာ အကြံပြုချက်များအား ဒီဇင်ဘာ ၂၆ ရက်နေ့က နေပြည်တော်တွင် ကျင်းပခဲ့သည့် "မိခင်နို့စနစ်တကျ တိုက်ကျွေးခြင်းလုပ်ငန်းများ မြှင့်တင်ရေးဆိုင်ရာ အကြံပြုချက်များအား ပတ်သက်ဆက်နွယ်သူများမှ အတည်ပြုခြင်း" အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အတည်ပြုချက်ကို ရရှိခဲ့ပါသည်။ |
| မူဝါဒဆိုင်ရာအကြောင်းအရာ- ဘဝအစ ရက်ပေါင်း၁,၀၀၀ အတွက် MCCT ရှေ့ပြေး အစီအစဉ်<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက် - Save the Children International<br><br>ပူးပေါင်းသည့်အဖွဲ့များ- MOHS၊ GAD၊ 3MDG၊ MNMA၊ PGMF၊ IPA၊ IRC | MCCT စီမံချက်များ - LIFT မှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်နှင့် အပူပိုင်းဇုန်တွင် SC မှ မူဝါဒဆုံးဖြတ်ချက်များ၊ အစီအစဉ် ဒီဇိုင်းတို့အတွက် အထောက်အထားရရှိစေရန်နှင့် DSW မှ ဘတ်ဂျက်ခွဲဝေသတ်မှတ်နိုင်ရန် ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သည့် MCCT စီမံချက် ၃ ခုအား ရန်ပုံငွေပံ့ပိုးပေးခဲ့ပါသည်။ DSW MCCT အစီအစဉ် မစတင်ခင် အဆိုပါ စီမံချက်များမှ မြန်မာနိုင်ငံတွင် ထိရောက်သည့် MCCT အကောင်အထည်ဖော်ရေးအတွက် စံနမူနာအဖြစ် ပြသနိုင်ခဲ့ပါသည်။<br><br>၂၀၁၈ ခုနှစ်အတွင်းတွင် Bright SUN မှ SBCC နှင့်တွဲ၍ လူကိုယ်တိုင်နှင့်မိုဘိုင်းလ်ငွေလွှဲပို့မှုများအား ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ်နှောင်းပိုင်း အောက်တိုဘာလနှင့် ဒီဇင်ဘာလတွင် နေပြည်တော်၌ LIFT နှင့် DSWမှ ကျင်းပသည့် မိုဘိုင်းလ်ငွေပေးချေမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများတွင် စီမံချက်မှ မိုဘိုင်းလ်ငွေကြေးဆိုင်ရာ အတွေ့အကြုံများ မျှဝေခဲ့ပါသည်။<br><br>တက်လမ်း - ၂ ပေါက်တော၊ မြေပုံနှင့် မင်းပြားမြို့နယ်များရှိ ကျေးရွာပေါင်း ၈၀ တွင် MCCT နှင့် SBCC တွဲ၍ ဆောင်ရွက်ခဲ့ပြီး DSW မှ SC ၏ နည်းပညာအကူအညီဖြင့် ရခိုင်ပြည်နယ်ရှိ ကျန်ဒေသများတွင် MCCT အစီအစဉ်ကို စတင်ခဲ့ပါသည်။<br><br>LEGACY သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီမှစ၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှတဆင့် အစိုးရမှဦးဆောင်သည့် ပုံစံအပါအဝင် အပူပိုင်းဇုန်ရှိ ရေစကြို၊ မလှိုင် နှင့် ပခုက္ကူမြို့နယ်ရှိ ကျေးရွာပေါင်း ၂၉၈ ရွာတွင် MCCT ပုံစံ စီမံချက်များ စမ်းသပ်ခဲ့ပါသည်။ ဤစီမံချက်မှ မြန်မာနိုင်ငံတွင် တိုးတက်များပြားလာနေသည့် လူမှုဖူလုံရေးစီမံချက်များအပေါ် လွှမ်းမိုးမှုရှိသော ကျပန်းထိန်းချုပ်သည့် စမ်းသပ်မှုမှတဆင့် ဆောင်ရွက်ခြင်းအပါအဝင် အားကောင်းသည့် အထောက်အထားများအား ဖော်ထုတ်မည် ဖြစ်ပါသည်။ |
| မူဝါဒဆိုင်ရာအကြောင်းအရာ- ဘဝအစ ရက်ပေါင်း ၁,၀၀၀ အတွက် MCCT<br><br>LIFT အကောင်အထည်ဖော်ရေး မိတ်ဖက် - DSW နှင့် Team MCCT ပူးပေါင်းအဖွဲ့ (Save the Children International, IRC, DRC နှင့်MRCS)<br><br>ပူးပေါင်းသည့်အဖွဲ့များ - DOPH၊ NNC၊ HLPU၊ GAD၊ Team MCCT ပူးပေါင်းအဖွဲ့ (Save the Children) နှင့် UNICEF | ချင်းပြည်နယ်တွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ၄င်းမှ မွေးဖွားသော ကလေးအသက် (၂)နှစ်အထိ ငွေကြေးထောက်ပံ့မှု အစီအစဉ် - ချင်းပြည်နယ်ရှိ MCCT စီမံချက်မှာ အစိုးရမှတိုက်ရိုက်အကောင်အထည်ဖော်သည့် စီမံချက်အား LIFTမှ ပထမဦးဆုံး ရန်ပုံငွေထောက်ပံ့သည့် အစီအစဉ်ဖြစ်ပါသည်။ ဤစီမံချက်သည် ၂၀၁၄ ခုနှစ်တွင် ပြည်ထောင်စုအစိုးရမှ အတည်ပြုလိုက်သည့် အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာလုပ်ငန်း စီမံချက်မှ အကောင်အထည်ဖော်သည့် ဦးဆောင် အစီအစဉ် ၈ ခု အနက်မှ ပထမဦးဆုံး ခြေလှမ်းဖြစ်ပါသည်။ ဤစီမံချက်မှ ကလေးသူငယ်အားလုံး ဘဝအစ ရက်ပေါင်း ၁,၀၀၀အတွင်း ငွေကြေးထောက်ပံ့မှုနှင့် အမူအကျင့်ပြောင်းလဲရေး သတင်းစကားပြောကြားမှု (SBCC) တို့မှတဆင့် အာဟာရပြည့်ဝမှုရရှိစေရန် ရည်ရွယ်လုပ်ဆောင်ပါသည်။ ငွေကြေးထောက်ပံ့မှုအား ထွေ/အုပ် ဦးစီးဌာန၏ အကူအညီဖြင့် DSW မှ ဆောင်ရွက်ပြီး Save the Children ဦးဆောင်သည့် အဖွဲ့ကနည်းပညာ အကူအညီနှင့် စောင့်ကြည့်ကြီးကြပ်သည့် လုပ်ငန်းကို လုပ်ဆောင်ပါသည်။ SBCC ကဏ္ဍအား ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၏ NNC နှင့် HLPU တို့မှ ဦးဆောင်ပြီး ပူးပေါင်းအဖွဲ့မှ အကူအညီပေးပါသည်။ |

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ-<br>အားဖြည့်ဆန်ဖြစ်ထွန်းစေခြင်း<br><br>LIFT<br>အကောင်အထည်ဖော်ရေး<br>မိတ်ဖက်- PATH<br><br>ပူးပေါင်းသည့်အဖွဲ့များ-<br>DOPH၊NNC၊ FDA၊ DMR၊<br>DOA၊ DAR၊ MMCWA၊ MCU၊<br>NUDI၊ PSI၊ MMBDC | မြန်မာနိုင်ငံတွင် အားဖြည့်ဆန်ကို မိတ်ဆက်ခြင်း စီမံချက် - ယင်းစီမံချက်သည် မြန်မာနိုင်ငံတွင် အဏုအာဟာရချို့တဲ့ခြင်းကို လျှော့ချနိုင်ရန် ယခင်က မရှိခဲ့ဖူးသေးသည့် ဆန်အားဖြည့်ခြင်းမူဝါဒအား ဖော်ဆောင်ခဲ့ပါသည်။<br><br>၂၀၁၈ ခုနှစ်အတွင်းတွင် PATH မှ ဆန်တွင် အဏုအာဟာရဖြည့်စွက်ခြင်းဆိုင်ရာ မူဝါဒအားရေးဆွဲခဲ့ပြီး အားဖြည့်ဆန် လုပ်ငန်းအဖွဲ့နှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့၏ ထောက်ခံမှုကိုရရှိခဲ့ပါသည်။ အဆိုပါ မူဝါဒအား ပြည်ထောင်စု ဝန်ကြီးမှ သုံးသပ်ပြီး အတည်ပြုပေးနိုင်ရန် NNC သို့ တင်ပြမည် ဖြစ်ပါသည်။ ဆန်တွင် အဏုအာဟာရ ဖြည့်စွက်ခြင်းလမ်းညွှန်အား ပြည်ထောင်စုဝန်ကြီးမှ အတည်ပြုပေးခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် စတင်မိတ်ဆက်၍ ပုဂ္ဂလိကကဏ္ဍမှ မိတ်ဖက်များထံ မျှဝေမည်ဖြစ်သည်။ PATH မှ နောက်ထပ် မူဝါဒအနှစ်ချုပ် ၇ စောင်ကို ဝါရှင်တန် တက္ကသိုလ်၏ ကူညီပံ့ပိုးမှုဖြင့် ရေးသားပြုစုခဲ့ပါသည်။ အဆိုပါ မူဝါဒ အနှစ်ချုပ်များအား ၂၀၁၉ ခုနှစ်တွင် အားဖြည့်ဆန်လုပ်ငန်းအဖွဲ့သို့ မျှဝေမည်ဖြစ်ပါသည်။<br><br>PATH သည် ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဆိုင်ရာ ငါးနှစ်စီမံကိန်း(MS-NPAN) ၂၀၁၈-၂၀၂၂ ရေးဆွဲရေးတွင် ပါဝင်ခဲ့ပါသည်။ အစိုးရမှ ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ အာဟာရဖွံ့ဖြိုးမှု မြှင့်တင်ရေး အမျိုးသားအဆင့် ဦးဆောင်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် MS-NPAN အား အတည်ပြုခဲ့ပါသည်။ အဆိုပါ အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးမှ အားဖြည့်ဆန်ကျွေးမွေးခြင်း အမှုအကျင့်များနှင့် အနာဂတ်အစီအစဉ်များမှာ ရင်းနီးမြှုပ်နှံမှုအတွက် အမျိုးသားအဆင့် ဦးစားပေးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အားဖြည့်ဆန်ဖြစ်ထွန်းစေရေးအတွက် ဝန်ကြီးဌာနမှ ကူညီပံ့ပိုးမှု သေချာစွာရရှိရန် စီမံချက်မှ စီမံဘဏ္ဍာ ဝန်ကြီးဌာန၊ စိုက်/မွေး/ ဆည် ဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်အမတ်များ နှင့် ထိတွေ့ဆောင်ရွက်ခဲ့ပါသည်။ |

လူမှုကာကွယ်<br>စောင့်ရှောက်ရေး

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ-<br>ရပ်ရွာလူထု အခြေပြု လူမှု<br>ကာကွယ်စောင့်ရှောက်ရေး<br><br>LIFT<br>အကောင်အထည်ဖော်ရေး<br>မိတ်ဖက်- အပြည်ပြည်ဆိုင်ရာ<br>သက်ကြီးရွယ်အို<br>စောင့်ရှောက်ရေးအဖွဲ့ (မြန်မာ)<br><br>ပူးပေါင်းသည့်အဖွဲ့များ-<br>မန္တလေး YMCA၊ DSW၊<br>တိုင်းဒေသကြီး အစိုးရများ | အပူပိုင်းဇုန် လူမှုကာကွယ်စောင့်ရှောက်ရေး စီမံချက် - စီမံချက်မှ အမျိုးသား လူမှုကာကွယ်စောင့်ရှောက်မှု မဟာဗျူဟာ လုပ်ငန်းစီမံချက်နှင့်အညီ ရပ်ရွာလူထုကြိုးပမ်းမှုကို အားဖြည့်ပေးရန်အတွက် DSW နှင့် တိုင်းဒေသကြီး အစိုးရ၏ စွမ်းဆောင်ရည်ကို မြှင့်တင်နေစဉ်အတွင်း အပူပိုင်းဇုန်ရှိ ထိခိုက်လွယ်မှုကို ဖြေရှင်းရန်အတွက် ရေရှည်တည်တံ့သည့် ရပ်ရွာအခြေပြု ယန္တရားများ တည်ဆောက်ရန် ရည်ရွယ်ပါသည်။<br><br>၂၀၁၈ ခုနှစ်အတွင်းတွင် စီမံချက်မှ မြင်းခြံ မြို့နယ် မှ ရပ်ရွာလူထုအားလုံးအတွက် မိုဘိုင်းလ်ဖုန်းနည်းပညာ (WAVE Money နှင့် M-Pitesan တို့မှ တဆင့်) လူမှုရေးပင်စင်များပေးရန် အီလက်ထရွန်နစ် ငွေလွှဲပို့မှုကို စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ထွေ/အုပ် ဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ၂၀၁၈ခုနှစ် ဧပြီလတွင် ရှေ့ပြေးအစီအစဉ်ကို မိတ်ဆက်ခဲ့ပါသည်။ ဒီဂျစ်တယ် ငွေလွှဲမှုဆိုင်ရာ ဗဟုသုတ မရှိခြင်းကြောင့်ဖြစ်သည့် နည်းပညာကိစ္စရပ်များ ရှိခဲ့သော်လည်း အကျိုးခံစားခွင့်ရှိသူ ၉၃% မှာ ပြဿနာ တစ်စုံတရာမရှိဘဲ လူမှုရေးပင်စင်များ ရရှိခဲ့ပါသည်။<br><br>စီမံချက်မှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (VCD)များ နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ကော်မတီများ (SPCs) တို့ ရေရှည် တည်တံ့နိုင်စေရန် ထိုကော်မတီများ၏ စွမ်းဆောင်နိုင်မှုကို သုံးသပ်ခဲ့ပါသည်။ စီမံချက်၏ပံ့ပိုးမှုဖြင့် VDCများနှင့် SPCများသည် လုပ်ငန်းများအဆုံးသတ်ခဲ့ပြီး စီမံချက်ပြီးစီးပြီး နောက်သုံးနှစ်တာကာလအတွက် ၎င်းတို့၏လုပ်ငန်းများနှင့် ငွေကြေးဆိုင်ရာစီမံချက်များ အပြီးသတ်ခဲ့ပါသည်။ ထို့ပြင် စီမံချက်ကျေးရွာပေါင်း ၁၈၀ ရွာလုံးတွင် ရေရှည်တည်တံ့မည့် ကျေးရွာလူမှုကာကွယ်စောင့်ရှောက်ရေး ယန္တရားများ တည်ဆောက်နိုင်ရန် စီမံချက်မှ ရန်ပုံငွေများ ရရှိခဲ့ပါသည်။ စီမံချက် သက်တမ်းကုန်ဆုံးရက်နောက်ပိုင်း အစိုးရထံမှ ကူညီပံ့ပိုးမှုရရှိရန် မြို့နယ်အဆင့် အစိုးရဌာနများနှင့် အစည်းအဝေးများ ကျင်းပခဲ့ပါသည်။ |
| မူဝါဒဆိုင်ရာအကြောင်းအရာ-<br>သက်ကြီးရွယ်အိုများအတွက်<br>လူမှုရေးပင်စင်<br><br>LIFT<br>အကောင်အထည်ဖော်ရေး<br>မိတ်ဖက်- အပြည်ပြည်ဆိုင်ရာ<br>သက်ကြီးရွယ်အို<br>စောင့်ရှောက်ရေးအဖွဲ့ (မြန်မာ)<br><br>ပူးပေါင်းသည့်အဖွဲ့များ- DSW၊<br>ဒေသဆိုင်ရာ အစိုးရများ | လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းတိုးချဲ့ရာတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကို အားကောင်းစေခြင်း - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကို အားကောင်းစေသည့် ဤစီမံချက်သည် လူမှုကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ ခိုင်မာသည့်မူဝါဒများနှင့် ထိရောက်သည့် အများပြည်သူအသုံးစရိတ်တို့ ရရှိနိုင်ရန် အားဖြည့်ပေးပါသည်။ ၂၀၁၈ ခုနှစ်အတွင်း အဓိကရရှိခဲ့သည့် အောင်မြင်မှု နှစ်ခုမှာ -<br><br>ဝန်ကြီးဌာနမှ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးစီမံချက်ပါ ဦးဆောင်စီမံချက်များအား အကောင်အထည်ဖော်ရန် ဘတ်ဂျက်ပါဝင်သည့် ကာလလတ် လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ အစီအစဉ် (CPSP) ၂၀၁၈-၂၀၂၂ ကို ဖွံ့ဖြိုးမှု အကူအညီများ ညှိနှိုင်းရေးအဖွဲ့သို့ တင်ပြခဲ့ပြီး ခွင့်ပြုချက်ရရှိခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ (မြန်မာ) မှ CPSP မူကြမ်းအပေါ် သုံးသပ်ချက်များနှင့် တုံ့ပြန်သည့် မှတ်ချက်များပေးခဲ့ပြီး အဓိက ဦးဆောင်အစီအစဉ် ရှစ်ခုအနက်မှ နှစ်ခု လူမှုရေးပင်စင်ပေးရေး အစီအစဉ်နှင့် အားလုံးပါဝင်စေသည့် ကိုယ့်အားကိုယ်ကိုးအုပ်စုများအတွက် မူဝါဒအနှစ်ချုပ် အကျဉ်းများရေးဆွဲပေးခဲ့ပါသည် - အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကော်မတီအား ဖွဲ့စည်းခဲ့ပြီး ဖွင့်ပွဲအခမ်းအနား အစည်းအဝေးတွင် ဒုတိယသမ္မတမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန နှင့် MoLIP ပြည်ထောင်စုဝန်ကြီးတို့မှ ဒုတိယဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့ပါသည်။<br><br>သက်ကြီးရွယ်အိုများအတွက် လူမှုရေးမူဝါဒများနှင့်စပ်လျဉ်း၍ အစိုးရမှ လူမှုရေးပင်စင်ရရှိရန်အတွက် အရည်အချင်းပြည့်မီရန် အသက် သတ်မှတ်ချက်အား ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စ၍ အသက် ၉၀ မှ ၈၅ နှစ်အထိ လျှော့ချခဲ့ပြီး အကျိုးခံစားခွင့်ရှိသူ လွှမ်းခြုံမှု လေးဆအထိ တိုးမြှင့်ပေးနိုင်ခဲ့ပါသည်။ ထိုကဲ့သို့ အရှိန်အဟုန်မြင့်စွာ တိုးချဲ့လိုက်သည့်ဝန်ဆောင်မှုကို ဖြည့်ဆည်းရန် လူမှုကာကွယ်စောင့်ရှောက်ရေး ဌာနခွဲသစ်အား ဝန်ထမ်း ၃၇ ဦးနှင့် ဖွဲ့စည်းလိုက်ပြီး စီမံချက်မှလည်း နည်းပညာအကူအညီ ဆက်လက် ပံ့ပိုးပေးလျက်ရှိပါသည်။ |

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ- အထောက်အထားအခြေခံ မူဝါဒများချမှတ်နိုင်ရန်အတွက် လူမှုကာကွယ်စောင့်ရှာက်ရေး သုတေသန<br><br>LIFT<br>အကောင်အထည်ဖော်ရေး မိတ်ဖက်- SPPRG<br><br>ပူးပေါင်းသည့်အဖွဲ့များ- DRD၊ DSW၊ DSS၊ The Leprosy Mission Myanmar၊ ActionAid Myanmar နှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ (မြန်မာ)၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ PAO၊ PYN | ရပ်ရွာလူထု အခြေပြု လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်နှင့် ရှေ့ပြေးအစီအစဉ်၏ စွမ်းဆောင်နိုင်မှုနှင့် ကျွမ်းကျင်မှု - ဤစီမံချက်မှ စစ်ကိုင်းတိုင်းအစိုးရကြီး၏ လူမှုကာကွယ် စောင့်ရှောက်ရေး မူဝါဒများအား မြောင်မြို့နယ်တွင် အစဉ်အလာအတိုင်း ရှိခဲ့သည့် ရပ်ရွာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ အတူလက်တွဲလျက် ရှေ့ပြေးအစီအစဉ်အဖြစ် အကောင်အထည်ဖော်ခဲ့ပါသည်။ စီမံချက်သည် ၂၀၁၈ ခုနှစ် မေလတွင် ပြီးဆုံးခဲ့ပါသည်။<br><br>စီမံချက် ကျေးရွာများအားလုံး မျိုးစေ့ရန်ပုံငွေ ကျပ် ၄၅၀,၀၀၀ စီရခဲ့ကြပါသည်။ တာဝန်ခံသည့်ကျေးရွာ အဖွဲ့အစည်းများအားလုံး ရန်ပုံငွေတိုးပွားရန် အများအားဖြင့် တစ်ဦးချင်းစီနှင့် ဒေသခံ စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေထုတ်ပေးခြင်းဖြင့် မျိုးစေ့ရန်ပုံငွေတွင် ရင်းနှီးမြှုပ်နှံကြပါသည်။ တိုးပွားလာသည့် အတိုးများအား လိုအပ်သည့်သူများနှင့် အိမ်ထောင်စုများ အတွက် လူမှုရေးအထောက်အပံ့အဖြစ် ပေးပါသည်။ သို့ဖြင့် ရပ်ရွာအဖွဲ့အစည်းများအနေဖြင့် စီမံချက် ကာလတလျှောက် ကနဦး ရင်းနှီးမြှုပ်နှံငွေမှ ၃၀% အထိ တိုးပွားလာခဲ့သဖြင့် အကျိုးခံစားခွင့်ရှိသူ ပေါင်း ၃,၀၀၀ အတွက် လူမှုရေး ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ခဲ့ပါသည်။<br><br>စီမံချက်မှ ရပ်ရွာလူထုအဖွဲ့အစည်းများနှင့် မိတ်ဖက်ပြု၍ MCCT ရှေ့ပြေးအစီအစဉ်များ စမ်းသပ်ခဲ့ပါသည်။ MCCTထောက်ပံ့ငွေပေးခြင်းမှာ ၂၀၁၈ ခုနှစ် မတ်လတွင် ပြီးစီးခဲ့သဖြင့် ပြင်ပမှ ရန်ပုံငွေရရှိမှု ရပ်ဆိုင်းသွားသော်လည်း ရပ်ရွာလူထု လူမှုရေးအဖွဲ့အစည်းများမှ နွမ်းပါး သူများ၊ ထိခိုက်လွယ် အမျိုးသမီးများ နှင့် ကလေးသူငယ်များအတွက် လူမှုဖူလုံရေး အထောက် အပံ့များ ဆက်လက်ပံ့ပိုးပေးခြင်းဖြင့် ရေရှည်ရပ်တည်နိုင်မှုကို ပြသခဲ့ပါသည်။ |

ကျေးလက်ဒေသ ဖွံ့ဖြိုးရေး

| | |
|---|---|
| မူဝါဒဆိုင်ရာအကြောင်းအရာ- ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်းအတွက် ကျေးလက် ဖွံ့ဖြိုးရေး ဦးစီးဌာနအား နည်းပညာ အကူအညီ<br><br>အကောင်အထည်ဖော်သူ - LIFT ၏ နည်းပညာ အကူအညီပေးရေးအဖွဲ့<br><br>ပူးပေါင်းသူ- DRD | ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရေးအတွက် DRD အား နည်းပညာအထောက် အပံ့ပေးခြင်း - ၂၀၁၃ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြည်ထောင်စုအစိုးရမှ DRD အား အောက်ခြေအဆင့်မှစတင်၍ ဖော်ဆောင်ရမည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းစဉ်အတွက် မဟာဗျူဟာမူဘောင်ရေးဆွဲရန် တာဝန်ပေးခဲ့ပါသည်။ DRD မှ ထိုတာဝန်အတွက် LIFT မှ နည်းပညာအကူအညီပေးရန် တောင်းခံခဲ့ပြီး LIFT မှ သဘောတူခဲ့ပါသည်။ သို့ဖြစ်၍ LIFT၏ နည်းပညာအကူအညီပေးရေးအဖွဲ့မှ DRD ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ရင်းနှီး မြှုပ်နှံခြင်းအတွက် နိုင်ငံအဆင့် စံပြ ပုံစံကိုရေးဆွဲရာတွင် အကူအညီပေးခဲ့ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးတွင် ထိုပုံစံအား ရှေ့ပြေးစမ်းသပ်ဆောင်ရွက်နိုင်ရန် DRD နှင့် ကျေးရွာများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးခဲ့ပါသည်။ ဤ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (VDP) ပုံစံအား DRD တွင် စံပြု၍ ဆောင်ရွက်လျက်ရှိပါသည်။<br><br>၂၀၁၅ ခုနှစ်မှ စ၍ မြို့နယ်ပေါင်း ၂၄ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၁,၃၇၃ ရွာတွင် LIFT ၏ နည်းပညာ အကူအညီပေးရေး အဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် ကျေးရွာလူထုနှင့် DRDတို့မှ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်များအား ဖော်ဆောင်ခဲ့ပါသည်။ ထိုအထဲမှကျေးရွာပေါင်း ၄,၇၁၈ ရွာတွင် အစိုးရမှပံ့ပိုးသည့် ရန်ပုံငွေ ကျပ် ၁၀သန်းစီဖြင့် ဦးစားပေး ဖွံ့ဖြိုးရေးစီမံချက်များအား အကောင်အထည်ဖော်ခဲ့ပါသည်။ သို့ဖြစ်၍ အကောင်အထည်ဖော်ခဲ့သည့် စီမံချက်များအပေါ် ကျေးရွာ၏ ပိုင်ဆိုင်မှု ခိုင်မာအားကောင်းပါသည်။ အဆိုပါ ကျေးရွာလူထုများသည် ၎င်းတို့ရွာ၏ ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင် ပါဝင်ခဲ့ပြီး အဆိုပါစီမံချက်များအား အကောင်အထည်ဖော်ရာတွင်လည်း မိမိသဘောဆန္ဒဖြင့် ရန်ပုံငွေနှင့်လုပ်အားများ ထည့်ဝင်ခဲ့ကြပါသည်။ LIFT၏ နည်းပညာ အကူအညီပေးရေးအဖွဲ့သည့် DRD နှင့် လက်တွဲ၍ ကျေးရွာအဆင့် စီမံချက်များအား မြို့နယ်အဆင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် အဖြစ် စုစည်းရန်ယန္တရားကို ရေးဆွဲခဲ့ကြပါသည်။ DRD တွင် LIFT မှ စီမံချက်အကြောင်းအရာ ရှင်းလင်းရာတွင် DRD အဆင့်မြင့် စီမံခန့်ခွဲသူများမှ VDP ရေရှည်တည်တံ့ရန်အတွက် တစိုက်မတ်မတ် ဆောင်ရွက်မည်ဟု ကတိကဝတ်ပြုကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ |
| မူဝါဒဆိုင်ရာအကြောင်းအရာ- ဆင်းရဲနွမ်းပါးသူများအတွက် အကျိုးပြုမည့် ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒများ<br><br>LIFT<br>အကောင်အထည်ဖော်ရေး မိတ်ဖက် - မေတ္တာဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း<br><br>ပူးပေါင်းသည့်အဖွဲ့များ - စိုက်၊သု ဦးစီးနှင့် စိုက်ပျိုးရေး ဦးစီးဌာန | CSO မဟာဗျူဟာမြောက် မိတ်ဖက်ပြုမှု စီမံချက် - LIFTမှ အထောက်အထားအခြေခံ နွမ်းပါးသူများအတွက် အကျိုးပြုမည့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ ဖော်ဆောင်ရာတွင် မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၏ စွမ်းဆောင်ရည်ကို အားကောင်းစေရန်ဆောင်ရွက်ပေးလျက် ရှိပါသည်။<br><br>အစီရင်ခံနေသည့်ကာလအတွင်း စီမံချက်မှ စိုက်/မွေး/ဆည် ဝန်ကြီးဌာနအောက်မှ သုတေသနအဖွဲ့အစည်း/ဌာန၂ခု(ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသုတေသနဦးစီး) တို့နှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက် လက်မှတ် ရေးထိုးခဲ့ပါသည်။ မေတ္တာမှ ၎င်း၏ ရုံးများတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဘွဲ့ကြိုကျောင်းသားများအား အလုပ်သင်အဖြစ် အတွေ့အကြုံယူနိုင်ရန် ပံ့ပိုးပေးပြီး စပါးမျိုးကွဲ အမျိုးမျိုး စမ်းသပ်ထုတ်လုပ်ခြင်းနှင့် မြစ်ဝကျွန်းပေါ်တွင် လယ်သမား စိုက်ကွင်း သင်တန်းများ၏ လူမှုစီးပွား သက်ရောက်မှုများအတွက် ဘွဲ့လွန်ကျောင်းသား (၂) ဦး အား သုတေသန ထောက်ပံ့ငွေများ ပံ့ပိုးပေးခဲ့ပါသည်။ ထို့အတူ မေတ္တာ မှ စိုက်ပျိုးရေးသုတေသန ဦးစီးနှင့် ပူးပေါင်း၍ စိုက်ပျိုးရေး သုတေသန စမ်းသပ်မှုများ နိုင်ငံအနှံ့ဆောင်ရွက်ခဲ့ပါသည်။ DAR မှ ရိုးရှင်းလွယ်ကူသည့် ရပ်ရွာလူထုသုတေသန နည်းလမ်းနှင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များအတွက် နည်းပညာအကူအညီပေးရန် တာဝန်ရှိပါသည်။ မေတ္တာမှ ကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များ ထူထောင်ရန်အတွက် ကျေးရွာ ရွေးချယ်ခြင်း၊ ရပ်ရွာလူထု ဖွဲ့စည်းခြင်း၊ မျိုးစေ့ပံ့ပိုးခြင်း နှင့် ထောက်ပံ့ပို့ဆောင်ရေး အကူအညီပေးရန် တာဝန်ရှိခဲ့ပါသည်။ |

၁၀.၇

# ၂၀၁၈ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် LIFT၏ လေ့လာမှုများ

| ထုတ်ဝေခဲ့သည့် စာတမ်းအမည်နှင့် ရေးသားပြုစုသူ | အကြောင်းအရာ |
|---|---|
| မြန်မာနိုင်ငံ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးအတွက် လုပ်သားရွှေ့လျားမှုကို ရင်းနှီးမတည်ခြင်း (CHIME)<br><br>ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) ၊ US၊ မေတ္တာ၊ MoLIP<br><br>အကြောင်းအရာများ-ရွှေ့ပြောင်းသွားလာမှု၊ စိုက်ပျိုးရေး၊ ကျား၊ မ ရေးရာ၊ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုတို့အား နယ်ပယ်အားလုံးတွင် အကျုံးဝင်စေခြင်း | ရည်ရွယ်ချက်<br>မြန်မာနိုင်ငံတွင် ပြည်တွင်းနှင့် ပြည်ပရွှေ့ပြောင်းသွားလာသူများသည် လူဦးရေမှာ စုစုပေါင်း လူဦးရေ၏ လေးပုံတစ်ပုံကျော်ရှိပါသည်။ ကျေးလက်နေနွမ်းပါးသူတို့အတွက် ရွှေ့ပြောင်းသွားလာခြင်းမှ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ပြီး အခွင့်အလမ်းကောင်းများ ရရှိစေနိုင်သော်လည်း ရွှေ့ပြောင်းသူများ ရင်ဆိုင်ရသည့် ဆုံးရှုံးနိုင်ချေနှင့် ဆင်းရဲဒုက္ခများအား ကောင်းမွန်စွာ စီမံခန့်ခွဲရန် လိုအပ်သည့်အပြင် မူဝါဒနှင့် အစီအစဉ်များအတွက် ပံ့ပိုးပေးနိုင်ရန် သက်ဆိုင်သည့် သတင်း အချက်အလက်များပေးနိုင်ခြင်းလည်း မရှိပါ။ ဤလေ့လာမှုမှ စစ်တမ်းများနှင့် တွေ့ဆုံမေးမြန်းမှုများမှတဆင့် မြန်မာနိုင်ငံရှိဒေသကြီးလေးခု ဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လုပ်သားရွှေ့ပြောင်းမှုဆိုင်ရာ အသိအမြင်ကွာဟချက်ကို ဖြေရှင်းရန်နှင့် လုပ်သားရွှေ့ပြောင်းမှု၊ ဆင်းရဲနွမ်းပါးမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကြား ဆက်နွယ်မှုတို့အား ဖြေရှင်းရန် ရည်ရွယ်ပါသည်။<br><br>တွေ့ရှိချက်များ<br>ယေဘူယျတွေ့ရှိချက်များအရ ကျေးလက်နေအိမ်ထောင်စုများမှ ပြည်ပထွက်ခွာရွှေ့ပြောင်းမှုများ တိုးတက်များပြားလျက်ရှိနေပြီး ရွှေ့ပြောင်းသွားလာသူအများစုမှာ ပိုမိုငယ်ရွယ်လာကြကြောင်း တွေ့ရှိရသည့်အပြင် ရွှေ့ပြောင်းသွားလာသည့်အကြောင်းရင်းမှာအခြားအကြောင်းများစွာရှိသော်လည်း အဓိကမှာအလုပ်အကိုင်အတွက်ဖြစ်ကြောင်းတွေ့ရှိရပါသည်။ ဤသုတေသနမှ ဆင်းရဲနွမ်းပါးမှုနှင့် ရွှေ့ပြောင်းသွားလာမှုကြား ရှုပ်ထွေးနက်နဲသည့်ဆက်နွယ်မှုကို မီးမောင်းထိုးပြခဲ့ပြီး ရွှေ့ပြောင်းသွားလာခြင်းသည်သာလျှင်တစ်ခုနှင့်တစ်ခု တွဲစပ်ဆက်နွယ်နေသည့် အကြွေးပြဿနာများကြောင့် ပိတ်မိနေခြင်းနှင့် အလွန်အမင်း ဆင်းရဲနွမ်းပါးမှုပြဿနာများ၏ တစ်ခုတည်းသော ထွက်ပေါက်အဖြစ် ယူဆထားခြင်းဖြစ်နိုင်သော်လည်း တချိန်တည်းမှာပင် ရွှေ့ပြောင်းသွားလာလိုသည့်အတွက် ထပ်မံချေးငှားရခြင်းနှင့် ရွှေ့ပြောင်းသည့်စရိတ်အတွက် အကြွေးတင်ခြင်းသို့ တွန်းပို့လိုက်သည့် အခြေအနေမျိုးလည်း ဖြစ်နိုင်ပါသည်။ ပညာ ဆက်လက်သင်ယူရန် သို့မဟုတ် ခေတ်မီ ဘဝနေထိုင်မှုပုံစံ ကဲ့သို့သော အခြားအကြောင်းအချက်များအပြင် ဝင်ငွေနှင့် အခွင့်အလမ်းများ တိုးတက်လာရန်မှာ ရွှေ့ပြောင်းသွားလာသူများ စိတ်ထဲတွင် အမြဲမျှော်မှန်းထားလေ့ရှိသည့် ရေရှည်အကျိုးအမြတ် ဖြစ်ပါသည်။ ရွှေ့လျားမှုကို ကောင်းမွန်စွာ ဖြေရှင်းနိုင်နှင့် ဆုံးရှုံးနိုင်ချေနှင့် ထိခိုက်လွယ်မှုများ လျော့ချရန် ပြည်သူတို့၏ ကောင်းမွန်သည့် ဘဝ ပိုင်ဆိုင်ရေး မျှော်မှန်းချက် များနှင့် ကိုက်ညီမှုရှိသည့် မူဝါဒတစ်ရပ် လိုအပ်လျက်ရှိပါသည်။ ထိုလားရာ သို့ ဆက်လက်လျှောက်လှမ်းရန် အရေးကြီးသည့် ပထမဆုံးခြေလှမ်းမှာ ရွှေ့ပြောင်းသွားလာခြင်းအား ကဏ္ဍအားလုံးတွင် အကျုံးဝင်စေမည့် လုပ်ငန်းစဉ်စတင်ရန် အတွက် ရွှေ့ပြောင်းသွားလာရေးဆိုင်ရာ အစိုးရ၏ တရားဝင် မူဝါဒ တစ်ရပ် ရေးဆွဲရန် ဖြစ်ပါသည်။ ရွှေ့ပြောင်းသွားလာခြင်း နှင့် ဆက်နွယ်နေသည့် စိုက်ပျိုးရေး၊ ကျားမရေးရာ၊ မြို့ပြဆိုင်ရာ၊ ဆင်းရဲနွမ်းပါးမှု နှင့် အကြွေးနွံနစ်ခြင်း တို့အပြင် ဤသုတေသန လေ့လာမှု မှ လွှမ်းခြုံမှု သည့် အဓိက ဒေသများ အား အသေးစိတ် လေ့လာထားသည့် မူဝါဒ အနှစ်ချုပ်များလည်း ရေးသားပြုစုခဲ့ပါသည်။ |
| မြန်မာနိုင်ငံ မြေသိမ်းဥပဒေ၂၀၁၇ (မူကြမ်း) အပေါ် နည်းပညာပိုင်းဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာ<br><br>မြေယာမဏ္ဍိုင်အဖွဲ့<br><br>အကြောင်းအရာ- မြေယာလုပ်ကိုင်ခွင့်၊ မူဝါဒ | ရည်ရွယ်ချက်<br>မြန်မာနိုင်ငံသည် ကိုလိုနီခေတ်မှ ၁၈၉၄ မြေသိမ်းဥပဒေကို ၂၁ ရာစု နိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များအား ထင်ဟပ်နိုင်ရန် နောက်ဆုံးပေါ် အခြေအနေများထည့်သွင်းနိုင်ရန် ကြိုးစားလျက်ရှိပါသည်။ ဤနည်းပညာပိုင်းဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာအား မြေယာပြန်လည် နေရာချထားရေး ထိန်းသိမ်းစောင့်ရှောက်မှု ကျွမ်းကျင်သူများမှ ရေးသားပြုစုခဲ့ခြင်းမှာ ဆုံးဖြတ်ချက်ချသူများနှင့် ၂၀၁၇ မြေသိမ်းဥပဒေမူကြမ်းဆိုင်ရာ ပတ်သက်ဆက်နွယ်သူများအတွက် အချက်အလက်များ အသိပေးနိုင်ရန် ဖြစ်ပါသည်။ ဤလေ့လာသုံးသပ်ချက်မှ ဗြိတိသျှ ကိုလိုနီနိုင်ငံဟောင်းများတွင် ကျင့်သုံးခဲ့သည့် ခေတ်နောက်ကျနေပြီဖြစ်သော ၁၈၉၄ ခု ဥပဒေ အပါအဝင် ကိုလိုနီဥပဒေများကို ပြုပြင်ရန် ပထမဆုံး စတင် ကြိုးပမ်းချိန်မှစ၍ ဆယ်စုနှစ်ပေါင်းများစွာ အတွေ့အကြုံများရှိသည့် တောင်အာရှနှင့် အရှေ့အာရှမှ ယခင် ဗြိတိသျှကိုလိုနီနိုင်ငံများ တွေ့ကြုံခဲ့ရသည့် သင်ခန်းစာများအား ထည့်သွင်းထားပါသည်။<br><br>တွေ့ရှိချက်များ<br>ဤသုံးသပ်ချက်တွင် အပိုင်းနှစ်ပိုင်း ရှိပါသည် - ပထမပိုင်းမှာ ဥပဒေတွင် အရေးပါသည့် အကြောင်းအရာများအား သုံးသပ်ဆွေးနွေးတင်ပြထားပြီး အကြောင်းအရာ တစ်ခုချင်းစီနှင့်ဆိုင်သည့် အကြံပြုချက်များ ထောက်ခံတင်ပြထားသည့် စာတမ်းဖြစ်ပါသည်။ ဒုတိယအပိုင်းမှာ ဥပဒေ ပုဒ်မတစ်ခုချင်းစီနှင့်ဆိုင်သည့် သုံးသပ်ချက်များအား မှတ်ချက်များနှင့် အကြံပေးချက်များအား ဇယားနှင့် ဖော်ပြထားခြင်း ဖြစ်ပါသည်။ ဤသုံးသပ်မှုမှ ဥပဒေရေးဆွဲရေးဆိုင်ရာ ပြုလုပ်ကျင်းပဆဲ ဆွေးနွေးပွဲများအတွက်နှင့် ပိုမိုကျယ်ပြန့်သည့် မြေယာစီမံအုပ်ချုပ်မှု မူဘောင်တို့အတွက် အချက်အလက်ပိုင်းဆိုင်ရာ အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။<br><br>*မှတ်ချက် - ဤလေ့လာသုံးသပ်ချက်အား မြေယာဥပဒေကို ပြင်ဆင်သည့် ဥပဒေများ ပြဋ္ဌာန်းခြင်းမပြုမီ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ထုတ်ဝေခဲ့ပါသည်။ * |

| ထုတ်ဝေခဲ့သည့် စာတမ်းအမည်နှင့် ရေးသားပြုစုသူ | အကြောင်းအရာ |
|---|---|
| မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် စက်မှုလယ်ယာသို့ ကူးပြောင်းခြင်း နှင့် သီးနှံထုတ်လုပ်မှု၊ အမြတ်အစွန်း ရရှိမှုနှင့် လုပ်သားအင်အား အသုံးပြုမှု<br><br>MSU<br><br>အကြောင်းအရာများ- စိုက်ပျိုးရေး၊ စက်မှုလယ်ယာ၊ လုပ်သားအင်အား | ရည်ရွယ်ချက်<br>ဤစာတမ်းသည် မြန်မာနိုင်ငံ အပူပိုင်းဇုန်မှ ထွက်ရှိသော အဓိက သီးနှံလေးမျိုး - မိုးစပါး၊ နွေစပါး၊ နှမ်းနှင့် မြေပဲ ထွက်ရှိမှု၊ အမြတ်အစွန်းရရှိမှုနှင့် လုပ်သားအင်အား အသုံးပြုမှုတို့၏ ကွဲပြား ခြားနားပုံကို လေ့လာ ဆန်းစစ်ထားပါသည်။ ဤစာတမ်းတွင် မြေယာပြုပြင် ပြင်ဆင်ရာတွင် စက်ပစ္စည်းများ အသုံးပြုသည့် တောင်သူများနှင့် တိရိစ္ဆာန်များအင်အားကိုသာ အသုံးပြုသည့် တောင်သူများအား နှိုင်းယှဉ်ထားသလို သီးနှံရိတ် သိမ်း/ခြွေလှေ့စက်များ အသုံးပြုသည့် တောင်သူများနှင့် လူအားသက်သက် (သို့) ပေါင်းစပ် နည်းလမ်းများ အသုံးပြုသည့် တောင်သူများအားလည်း နှိုင်းယှဉ်ထားပါသည်။ အပူပိုင်းဇုန်ရှိ တောင်သူ အများစုမှ သီးနှံအထွက်နှုန်း နှင့် အသားတင် ဝင်ငွေနိမ့်ကျမှု ခံစားနေရသဖြင့် ဤဆန်းစစ်မှုမှာ အရေးကြီးသည့်အပြင် အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် သက်ရောက်မှု လည်း ရှိပါသည်။ တွေ့ရှိချက်များအား ၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ဆန်းစစ်မှုစစ်တမ်းမှ ရရှိပြီး အပူပိုင်းဇုန် အလယ်ပိုင်းရှိ မြို့နယ်လေးခုဖြစ်သည့် ဘုတလင်၊ မကွေး၊ ပွင့်ဖြူ နှင့် မြစ်သား မြို့နယ်များကို ကိုယ်စားပြုပါသည်။<br><br>တွေ့ရှိချက်များ<br>ဤစာတမ်းမှ ရယူခဲ့သည့် အဓိက ကောက်ချက်ချမှုများမှာ - (၁) လယ်ယာမြေ ပြုပြင်ခြင်းအား စက်ကိရိယာများ အသုံးပြုခြင်းသည် နွေစပါးနှင့် မြေပဲစိုက်ပျိုးမှုတို့တွင် အထွက်တိုးခြင်းနှင့် ဆက်စပ်မှု ရှိပြီး နှမ်း (သို့) မိုးစပါး စိုက်ပျိုးမှုတို့တွင်မူ ထိုသို့မဟုတ်ချေ။ (၂) စက်မှုလယ်ယာစနစ်ဖြင့် မြေပြုပြင်ခြင်း နှင့် ဆက်စပ်နေသည့် အထွက်တိုးခြင်းမှာ သဟဇာတဖြစ်ပြီး အချိန်ကိုက်ဖြစ်စေသည့် စိုက်ပျိုးချိန်ကို ကျင့်သုံးသဖြင့် တောင်သူများအနေဖြင့် စိုက်ပျိုးချိန် နောက်ကျသဖြင့် မိုးရွာသွန်းမှုများသောကြောင့် သီးနှံထွက်ဆုံးရှုံးမှုကို ဖြစ်စေခြင်းကို ရှောင်ရှားနိုင်ခြင်း၏ရလဒ်ဟု ထင်မြင်ရပါသည်။ (၃) မြေပြုပြင်ခြင်းအား လယ်ထွန်စက် (သို့) ကျွဲနွားဖြင့် ပြုလုပ်ခြင်းတို့တွင် သီးနှံမှရရှိသည့် အကျိုးအမြတ်များ ကွဲပြားခြားနားမှု မတွေ့ရှိပါ။ (၄) စပါးရိတ်သိမ်းရာတွင်နှင့် ခြွေလှေ့ရာတွင် စက်ကိရိယာများ အသုံးပြုခြင်းဖြင့် အထွက်တိုးလာသည်ဆိုခြင်းမှာ ရိတ်သိမ်း/ခြွေလှေ့ချိန်တွင် သီးနှံများဆုံးရှုံးမှု လျော့ကျခြင်း၏ ရလဒ်ဖြစ်သည်ကို တွေ့ရှိရပြီး (မိုးရာသီတွင် ပိုမိုကောင်းမွန်သည့် စပါးမျိုးများနှင့် ဓါတ်မြေသြဇာများ အသုံးပြုခြင်းများကြောင့် ဖြစ်နိုင်ချေ အလွန်များပါသည်။ (၅) အံ့သြရမည့်အချက်မှာ လုပ်သားလိုအပ်ချက်များ သိသိသာသာ လျော့ကျသွားသော်လည်း စက်ကိရိယာသုံး ရိတ်သိမ်းခြင်း နှင့်/သို့ ခြွေလှေ့ခြင်းတို့ကြောင့် ပျမ်းမျှထုတ်လုပ်မှု စရိတ်လျော့ကျခြင်း မရှိသည်ကို တွေ့ရှိရခြင်း (သို့) စုစုပေါင်းအမြတ် (သို့) အသားတင်အမြတ်များ သိသိသာသာ တိုးမြင့်လာခြင်း မရှိခြင်းဖြစ်ပါသည်။ (၆) အဆိုပါ တွေ့ရှိချက်များမှ တစ်စုတစ်စည်းတည်း အကြံပေးသည်မှာ လယ်လုပ်သူ အိမ်ထောင်စုများအတွက် စက်မှုလယ်ယာကူးပြောင်းခြင်း၏ အဓိက အကျိုးကျေးဇူးအချို့မှာ - လယ်ယာလုပ်ငန်းအတွက် အလုပ်သမားရရှိရန်ခက်ခဲသည့် အခြေအနေတွင် ပိုမိုအားထားနိုင်ပြီး အချိန်နှင့်တပြေးညီ စိုက်ပျိုးနိုင်ခြင်းနှင့် ရိတ်သိမ်းနိုင်ခြင်း၊ မိုးလေဝသကြောင့်ဖြစ်သည့် သီးနှံဆုံးရှုံးနိုင်ချေ လျော့ကျခြင်း၊ ရိတ်သိမ်း/ ခြွေလှေ့ချိန်တွင် လူအားနှင့် စက်အား ပေါင်းစပ် အသုံးပြုနိုင်သဖြင့် လယ်ယာလုပ်ငန်းခွင်တွင် ကိုယ်ကာယအား အသုံးပြုရမှု အနည်းဆုံး လျှော့ချနိုင်ခြင်းတို့ဖြစ်ပါသည်။ |
| မြန်မာနိုင်ငံ အပူပိုင်းဇုန်တွင် သီးနှံ ထုတ်လုပ်မှု၊ အမြတ်အစွန်း ရရှိမှု<br><br>MSU<br><br>အကြောင်းအရာများ- စိုက်ပျိုးရေး၊တန်ဖိုးမြှင့် ကွင်းဆက်၊ မြေယာ လုပ်ကိုင်ခွင့်နှင့် ရာသီဥတုပြောင်းလဲမှု | ရည်ရွယ်ချက်<br>ဤအစီရင်ခံစာသည် မြန်မာနိုင်ငံအပူပိုင်းဇုန်ရှိ စိုက်ပျိုးရေးနှင့် ကျေးလက်စီးပွားရေးကို တိုးတက်ကောင်းမွန်စေရန် နည်းလမ်းများ ရှာဖွေဖော်ထုတ်ပေးပါသည်။ တွေ့ရှိသည့် ရလဒ်များမှာ သီးနှံထုတ်လုပ်သည့် အိမ်ထောင်စုပေါင်း ၉၅၀နီးပါးမှရသည့် - စစ်တမ်းမေးမြန်းမှု မတိုင်မီ ရည်ညွှန်းကာလ ၁၂ လအတွင်းက စိုက်ပျိုးဧရိယာ၊ ရိတ်သိမ်းသည့် ပမာဏနှင့် ရောင်းချသည့် ပမာဏနှင့် အပူပိုင်းဇုန်ရှိ စိုက်ပျိုးမှုအများဆုံး သီးနှံ ၁၃ မျိုး ၏ စုစုပေါင်း ထုတ်လုပ်မှု စရိတ်ဖြစ်သည့် သီးနှံအချက်အလက်များပေါ်တွင် အခြေခံပါသည်။ စစ်တမ်းမှ  အဓိက သီးနှံ ၄ မျိုးဖြစ်သည့် ဆန်၊ မြေပဲ၊ နှမ်းနှင့် ပဲတီစိမ်းတို့အနက်မှ အနည်းဆုံးတစ်မျိုး စိုက်ပျိုးသည့် အိမ်ထောင်စု တစ်စုစီချင်း၏ အဓိက စိုက်ပျိုးရေးဆိုင်ရာ ရည်ညွှန်းအချက်အလက်ကို ကောက်ယူပါသည်။ ဤ ကိန်းဂဏန်း အချက်အလက်များတွင် မျိုးစေ့များ စိုက်ပျိုးသည့်ရာသီ နှင့် သီးနှံတစ်ခုချင်းစီအတွက် အခြားသွင်းအားစုများ၊ မိသားစုလုပ်အားနှင့် ငှားရမ်းလုပ်သား အသုံးပြုမှု၊ စက်ကိရိယာ အသုံးပြုမှု နှင့်/ သို့ ကျွဲနွားတိရိစ္ဆာန်ခွန်အား အသုံးပြုမှု၊ ရေသွင်း စိုက်ပျိုးစရိတ် နှင့် ရိတ်သိမ်း ပမာဏများ ပါဝင်ပါသည်။<br><br>တွေ့ရှိချက်များ<br>အဓိက တွေ့ရှိချက်များတွင် မြေယာ လက်လှမ်းမီမှု နှင့် အသုံးပြုမှု၊ ရေသွင်းစိုက်ပျိုးရန် လက်လှမ်းမီမှု၊ အသုံးပြုသည့် သွင်းအားစု၊ သီးနှံအထွက်နှုန်း နှင့် သီးနှံမှ အမြတ်အစွန်း ရရှိမှုတို့ ပါဝင်ပါသည်။တောင်တန်းဒေသများတွင် ရေသွင်းစိုက်ပျိုးမှုနည်းပါးပြီး ထွက်နှုန်း ကွာခြားမှုမြင့်မားသည့်အပြင် မြေယာမဲ့ နှုန်းမြင့်မားသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ အတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် မိုးရေချိန်အပေါ် ကြီးမားသည့် သက်ရောက်မှု ရှိခဲ့ပြီး စိုက်ပျိုးရေးအတွက် အဆင်မပြေသည့် အခြေအနေများ ဖြစ်ပေါ်စေသောကြောင့် ဖော်ပြခဲ့သည့်အတိုင်း ထွက်နှုန်းကွာခြားမှု များပြားသည်ကို တွေ့ရှိရပါသည်။ သီးနှံမှ အမြတ်အစွန်း ပိုမိုကောင်းမွန်စွာ ရရှိနိုင်ရေးတွက် ရေထိန်းချုပ်နိုင်မှု ပိုမိုကောင်းမွန်စေခြင်း၊ ရေသွင်းစိုက်ပျိုးမှု လက်လှမ်းမီမှုနှင့် ဆည်မြောင်း များ၏ အရည်အသွေး ပိုမိုကောင်းမွန်စေခြင်းနှင့် အရည်အသွေး ပိုမို ကောင်းမွန်သည့် မျိုးစေ့များ ပိုမိုကျယ်ပြန့်စွာ အသုံးပြုနိုင်ခြင်းတို့အား အကြံပြုသည့် ပြောင်းလဲမှုများ အဖြစ် မီးမောင်း ထိုးပြခဲ့ပါသည်။ |

| ထုတ်ဝေခဲ့သည့် စာတမ်းအမည်နှင့် ရေးသားပြုစုသူ | အကြောင်းအရာ |
| --- | --- |
| တစ်ဦးတည်းချုပ်ကိုင်ဝယ်ယူသည့် ဈေးကွက်များနှင့် ပို့ကုန်ဦးဆောင်သော စိုက်ပျိုးရေး တိုးတက်မှုကြားမှ စိန်ခေါ်မှု - မြန်မာ့ ပဲအမျိုးမျိုး ကဏ္ဍနှင့် အိန္ဒိယ နှင့် ကုန်သွယ်ခြင်း<br><br>MSU<br><br>အကြောင်းအရာများ- စိုက်ပျိုးရေး၊ တန်ဖိုးမြှင့်ကွင်းဆက်၊ နိုင်ငံတကာ ကုန်သွယ်ရေး | ရည်ရွယ်ချက်<br>မြန်မာနိုင်ငံမှ ပဲမျိုးစုံ ပြည်ပတင်ပို့မှုများမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀အတွင်း သုံညမှ ကန်ဒေါ်လာ ၁ ဘီလျံရှိသည့် ပို့ကုန်လုပ်ငန်းအဖြစ် ကြီးထွားလာခဲ့ပါသည်။ဆယ်စုနှစ် ၃ စုတိုင် နိုင်ငံတကာနှင့် မထိတွေ့ဘဲ အထီးကျန်နေခဲ့ခြင်းနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုနည်းပါးခဲ့ခြင်း ရှိခဲ့သည့်အချိန်တွင် ဤကဏ္ဍမှ လုပ်ကွက်ငယ်တောင်သူများနှင့် ကုန်သည်ငယ်များအတွက် ထူးထူးခြားခြား မက်မောလောက်သည့်အမြတ်များ ရရှိစေခဲ့ပါ သည်။ မြန်မာနိုင်ငံသည် ငွေကြေးဆိုင်ရာ ပိတ်ဆို့မှုများ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်စီးဆင်းမှု နည်းလမ်းအားလုံးအား ဆိုးရွားစွာ ကန့်သတ်မှုထားမှုများနှင့် အရှေ့တောင်အာရှတွင် အချိန့်ဆုံးကျေးလက်ဒေသ အခြေခံအဆောက်အဦများကြားမှ ဤသို့မကြုံစဖူး ထူးခြားသည့် အောင်မြင်မှုတစ်ရပ်ကို စီမံခန့်ခွဲ နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ နှစ်ငါးဆယ်အတွင်း ပထမဦးစုံ ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်တင်မြှောက်ခံရသည့် အစိုးရမှ ဤအောင်မြင်မှုပေါ် အခြေခံ၍ စိုက်ပျိုးရေးမူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအား ၂၀၁၇ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။သို့ရာတွင် ထိုတစ်နှစ်တည်းမှာပင် မြန်မာ့ပဲမျိုးစုံ ပို့ကုန်များ၏ အဓိက ဝယ်လက်ဖြစ်သည့် အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ တင်သွင်းသည့် ပဲမျိုးစုံအား တင်သွင်းခွင့် ပိတ်ပင်ခဲ့သဖြင့် မတ်ပဲနှင့် ပဲစဉ်းငုံတို့ ပြည်တွင်း ဈေးနှုန်းများ ပြိုလဲခဲ့ပါသည်။ အဆိုပါ သီးနှံနှစ်မျိုး နှင့်စပ်လျဉ်း၍ တောင်သူများ ယုံကြည်မှု ပျောက် ဆုံးသွားခြင်းက နှစ်နိုင်ငံ ကုန်သွယ်ရာတွင် အလားအလာရှိသည့် အကျိုးများကို ခြိမ်းခြောက်ခဲ့ပြီး မြန်မာနိုင်ငံကဲ့သို့ ဆန်စပါး အခြေခံသီးနှံစိုက်ပျိုးမှု စနစ်များအတွက် အလားအလာရှိသည့် ကောင်းမွန်သည့် မြေဆီလွှာမှ ရရှိသည့် အကျိုးကျေးဇူးများ ဆုံးရှုံးခဲ့ပါသည်။<br><br>တွေ့ရှိချက်များ<br>ဤ သုတေသန စာတမ်းမှ (၁) မြန်မာ့ ပဲမျိုးစုံ ကဏ္ဍ၏ ဆင့်ကဲဖြစ်စဉ်၊ ဖွဲ့စည်းပုံနှင့် စွမ်းဆောင်မှု (၂) အိန္ဒိယနိုင်ငံနှင့်ကုန်သွယ်ရေး ဆက်ဆံမှု နှင့် (၃) ဤကဏ္ဍ၏ ရေရှည်နိုင်ငံတကာတွင် ဈေးကွက်ပြိုင်ဆိုင်မှုကို ခြိမ်းခြောက်နေသည့် အခြေခံအားနည်းချက်များအား ဖြေရှင်းနေစဉ် လက်ရှိ အကျပ်အတည်းအား တုံ့ပြန်ဖြေရှင်းနိုင်မည့် မူဝါဒနည်းလမ်းများကို လေ့လာသုံးသပ်ပါသည်။ ဤအစီရင်ခံစာမှ မြန်မာနိုင်ငံ၏ ပဲမျိုးစုံဈေးကွက် ပိုမို မြင့်မားသည့် အဆင့်များသို့ တက်လှမ်းနိုင်ရန် အထောက်အကူပြုပြီး အပြန်အလှန် အားဖြည့်ပေးနိုင်မည့် အခွင့်အလမ်းများ ဖြစ်သော - (၁) ပို့ကုန်ဝင်ငွေ တိုးမြှင့်ခြင်း (ဈေးကွက်သစ်များနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များမှ) ၊ (၂) လယ်ယာထုတ်လုပ်မှု တိုးတက် ကောင်းမွန်လာခြင်း နှင့် (၃) တိုးမြင့်လာသည့် ပြည်တွင်းဝယ်လိုအားတို့အား ဖော်ထုတ်ပေးထားပါသည်။ |
| မြန်မာနိုင်ငံ အလယ်ပိုင်းရှိ အပူပိုင်းဇုန်တွင် ရာသီဥတုပြောင်းလဲမှုအပေါ် ရပ်ရွာလူထု၏ သဘောထားအမြင်<br><br>MSU<br><br>အကြောင်းအရာ- စိုက်ပျိုးရေး၊ ရာသီဥတု ပြောင်းလဲမှု | ရည်ရွယ်ချက်<br>မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို အခံစားရဆုံးတိုင်းပြည်များ စာရင်းတွင် ဒုတိယ နေရာတွင် ရပ်တည်နေပြီး မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဇုန်မှာ မြင့်မားသည့် အပူချိန်များ၊ မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း နှင့် မုန်တိုင်းများ ကဲ့သို့ အစွန်းရောက် ပြင်းထန်သည့် ရာသီဥတုကို ခံစားရသည့် ဒေသဖြစ်ပါသည်။ ထို့ပြင် ထိုဒေသရှိ အသက်မွေးဝမ်းကျောင်းမှုမှာ စိုက်ပျိုးရေးအပေါ် များစွာ မှီခိုနေရသဖြင့် ရာသီဥတု ပြောင်းလဲမှု နှင့် သီးနှံများအပေါ် သက်ရောက်မှု တို့နှင့် ပတ်သက်သည့် အချက်အလက် ရယူစုဆောင်းခြင်းမှာ အလွန်အသုံးဝင်ပါသည်။ ထိုအချက်ကို ထည့်သွင်း စဉ်းစားလျက် ပြောင်းလဲနေသည့် ရာသီဥတုနှင့် စိုက်ပျိုးရေး ကဏ္ဍအပေါ် သက်ရောက်မှုများအပေါ် ရပ်ရွာလူထု၏ သဘောထားအမြင်ကို သိရှိနိုင်ရန် စစ်တမ်း ကောက်ယူခြင်းကို ထိုဒေသတွင် နှစ်ရှည်လများ နေထိုင်ခဲ့သည့် အသိအမြင်များသူများ နှင့် အုပ်စုလိုက် တွေ့ဆုံ မေးမြန်း ခြင်း တို့ ဆောင်ရွက် ခဲ့ပါသည်။<br><br>တွေ့ရှိချက်များ<br><br>မြန်မာနိုင်ငံအလယ်ပိုင်းရှိ အပူပိုင်းဇုန်မှ ရပ်ရွာလူထုမှ ပြတ်ပြတ်သားသား အတည်ပြုသည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ အတွင်း ရာသီဥတုအခြေအနေများ ပြောင်းလဲခဲ့သည်ဆိုသော အချက်ဖြစ်ပါသည်။ အပြောင်းအလဲပိုမြန်သည့်(သို့)လျော့ကျလာသည့် မိုးရေချိန်နှင့် ပိုတိုးမြင့်လာသည့် အပူချိန် တို့မှာ အများဆုံး အစီရင်ခံကြသည့် အပြောင်းအလဲများ ဖြစ်ကြပါသည်။ ရပ်ရွာလူထု အတော်များများတွင် စိုက်ပျိုးထုတ်ကုန်များအပေါ် ဆိုးရွားသည့်သက်ရောက်မှု ကျရောက်ရန် အလားအလာရှိသည့် ရေကြီးခြင်း၊မိုးခေါင်ရေရှားခြင်း၊မုတ်သုန်ဝင်ချိန်နောက်ကျခြင်း၊ သဲမုန်တိုင်းများ နှင့် ဆိုင်ကလုန်း/ မုန်တိုင်းများအပါအဝင် ရာသီဥတုဆိုင်ရာ ဖြစ်စဉ်များအားလုံး ဖြစ်ပွားသည့် ကြိမ်ရေ များပြားလာသည်ကိုလည်း အစီရင်ခံခဲ့ကြပါသည်။သီးနှံအထွက်နှုန်းများမှာလည်း ရာသီဥတု အခြေအနေများပေါ် မူတည်၍ ပြောင်းလဲလာသည်ကို တွေ့ရှိရပါသည်။ သို့သော်လည်း ရပ်ရွာလူထုများမှ ပြောင်းလဲနေသည့် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်ရန် တက်ကြွစွာ ဆောင်ရွက်နေပြီး ဆုံးရှုံးနိုင်ချေများအား အနည်းဆုံးဖြစ်စေမည့် ဆန်းသစ်တီထွင်မှု အသစ်များကိုလည်း လက်ကမ်းကြိုဆိုရန် အသင့်ရှိနေပါသည်။ ဤအခြေအနေမျိုးအား အထောက်အပံ့ဖြစ်စေရန် နယ်မြေအခြေအနေနှင့် လိုက်လျောညီထွေရှိသည့် ရာသီဥတုဒဏ်ခံနိုင်သည့် သီးနှံများအား ထပ်မံ သုတေသနပြုရန် လိုအပ်ပါသည်။ |

| ထုတ်ဝေခဲ့သည့် စာတမ်းအမည်နှင့် ရေးသားပြုစုသူ | အကြောင်းအရာ |
|---|---|
| လူသားအတွက် ငါးကန် တစ်ကန်ပေးခြင်း - ကျေးလက်ဒေသ စီးပွားရေးတွင် ရေလုပ်ငန်း၏ သက်ရောက်မှုများကို ပုံစံထုတ်ခြင်း<br><br>MSU<br><br>အကြောင်းအရာ- ရေလုပ်ငန်း၊ ကျေးလက် တန်ဖိုးမြှင့် ကွင်းဆက်များ | ရည်ရွယ်ချက်<br>လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်း ၃ ခုအတွင်း ငါးမွေးမြူရေးလုပ်ငန်း လျင်မြန်စွာ ဖွံ့ဖြိုးလာခြင်းမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွင်း ရေလုပ်ငန်း၏ အခန်းကဏ္ဍနှင့် ဆင်းရဲမွဲတေမှု လျော့ချခြင်း တို့အပေါ် အကြိတ်အနယ် ဆွေးနွေးငြင်းခုံမှုများ ပေါ်ပေါက်လာစေခဲ့ပါသည်။ အဆိုပါဆွေးနွေးငြင်းခုံမှုများ၏ အဓိက အကြောင်းအရာမှာ ဒေသခံများ၏ဝင်ငွေနှင့် အလုပ်အကိုင်များအပေါ် ရေလုပ်ငန်းမှ အကျိုးသက်ရောက်မှု ရှိမရှိနှင့် အကယ်၍ ရှိခဲ့ပါက မည်သို့မည်ပုံ ရှိသည်ဆိုသည့် အကြောင်းအရာဖြစ်ပြီး ဤကိစ္စရပ်နှင့် ပတ်သက်၍ လက်တွေ့ကျသည့် အထောက်အထားမှာလည်း အနည်းငယ်သာ တွေ့ရှိရပါသေးသည်။ ဤကိစ္စရပ်ကို ဖြေရှင်းရန်အတွက် ငါးမွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စုများ၊ ထိုအစုအဖွဲ့အတွင်းမှ သီးနှံစိုက်ပျိုးသည့် အိမ်ထောင်စုများနှင့် သီးနှံစိုက်ပျိုးခြင်း မရှိသည့် အိမ်ထောင်စုများ၏ ဝင်ငွေများအပေါ် ရေလုပ်ငန်း၏ သက်ရောက်မှုနှင့် လုပ်သားဈေးကွက် ရလဒ်များအား လေ့လာရန် ဒေသခံ စီးပွားရေးကဏ္ဍ သက်ရောက်မှုကို အကဲဖြတ် သုံးသပ်ခြင်းအား အသုံးပြု၍ ဆောင်ရွက်ခဲ့ပါသည်။<br><br>တွေ့ရှိချက်များ<br>မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ ရေလုပ်ငန်းများ၏ ၆၀%ကို ကိုယ်စားပြုသည့် အဓိက ရေလုပ်ငန်းဇုန်အတွင်းရှိ အိမ်ထောင်စုပေါင်း ၁,၁၀၂ စု မှ ရရှိသည့် မူရင်း အချက်အလက် များ နှင့်ကို အသုံးပြုခြင်းနှင့် ကန်/မြေကွက် မျက်နှာပြင် တစ်ဧက ထွက်တိုးနှုန်းကို နမူနာယူ၍ တွက်ချက်ခြင်း တို့မှ အောက်ပါတို့ကို တွေ့ရှိရပါသည်-<br><br>¦ ရေလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းထက် တစ်ဧကချင်းအနေဖြင့် ပိုမိုများပြားသည့် ဝင်ငွေကို ရရှိစေပါသည်။<br>¦ လက်လီရောင်းဝယ်မှုနှင့် လုပ်သားဈေးကွက်တွင် လယ်ယာပြင်ပလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများအတွက် စိုက်ပျိုးရေးလုပ်ငန်းထက် ရေလုပ်ငန်းသည် ပိုလျှံသည့်ဝင်ငွေ ရရှိစေပါသည်။<br>¦ ထို့ပြင် စီးပွားဖြစ် ငါးမွေးမြူရေး လုပ်ငန်းအသေးစားလေးများသည် ငါးမွေးမြူရေးခြံ အကြီးစားများထက် ဝင်ငွေပိုလျှံမှု ပိုများပါသည်။ |
| ချင်းပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် (၂) နှစ်အောက် ကလေးသူငယ်များအား ငွေကြေး အထောက်အပံ့ပေးရေး အစီအစဉ် ကနဦးစစ်တမ်း အစီရင်ခံစာ ၂၀၁၇<br><br>MSWRR၊ LIFT<br><br>အကြောင်းအရာ- အာဟာရပြည့်ဝမှု၊ လူမှုရေးတွင် အားလုံးကို ပါဝင်စေခြင်း | ရည်ရွယ်ချက်<br>၂၀၁၇ ခုနှစ်တွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (MSWRR) သည် လူမှုဝန်ထမ်းဦးစီးဌာန (DSW) မှတဆင့် ချင်းပြည်နယ်တွင် ကိုယ်ဝန်ဆောင် မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက် ၂နှစ်အောက် ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးခြင်း (Chin MCCT) အစီအစဉ်ကို စတင်အကောင်အထည် ဖော်ခဲ့ပါသည်။ အဆိုပါ အစီအစဉ်၏ အဓိက ရည်ရွယ်ချက်များအနက်မှ တစ်ခုမှာ ဘ၀အစ ရက်ပေါင်း ၁,၀၀၀ ကာလအတွင်း ချင်းပြည်နယ်ရှိ မိခင်နှင့် ကလေးသူငယ်များအားလုံး ပြည့်ဝသည့်အာဟာရဆိုင်ရာ ရလဒ်များ ရရှိရန်ဖြစ်သည်။<br><br>MCCT အစီအစဉ် အကောင်အထည်မဖော်မီ ချင်းပြည်နယ်တစ်ခုလုံးတွင် ကနဦးစစ်တမ်း ကောက်ယူမှု အစီရင်ခံစာကို ဆောင်ရွက်ခဲ့ပါသည်။ အုပ်စုတူများအား ကာလတို-ကာလရှည် တောက်လျှောက် နှိုင်းယှဉ် လေ့လာဆန်းစစ်သည့်ပုံစံ (Longitudinal Evaluation Design) ၏ အဓိကအစိတ်အပိုင်းအဖြစ် ကနဦးစစ်တမ်းမှ အချိန် ကာလတစ်ခုအတွင်း အစီအစဉ်၏ ရလဒ်များအား တိုင်းတာရန်နှင့် အကဲဖြတ် သုံးသပ်ရန် အခြေခံများ ပံ့ပိုးပေးပါသည်။ သို့ဖြင့် အာဟာရပြည့်ဝမှုဆိုင်ရာ နိုင်ငံတကာမှ လက်ရှိ လက်ခံထားသည့် ညွှန်းကိန်းများ၊ နှစ်နှစ်အောက် ကလေးသူငယ်များအား ဖြည့်စွက်စာကျွေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုရယူသည့်အမူအကျင့်များအား ကနဦးစစ်တမ်းအတွက် အကဲဖြတ် ဆန်းစစ်ပါသည်။<br><br>တွေ့ရှိချက်<br>အာဟာရဆိုင်ရာ ရလဒ်များနှင့် စပ်လျဉ်း၍ စစ်တမ်းမှ အသက် ငါးနှစ်အောက် ကလေးသူငယ်များ၏ ၃၇%တွင် ကြီးထွားမှုနှေးကွေးခြင်း တွေ့ရှိရပြီး အမျိုးသားအဆင့် ပျမ်းမျှထက် ၁၀% နီးပါး ပိုပါသည်။ ကလေးသူငယ်များ၏ ၁၈%မှာ ရှိသင့်သည့် ခန္ဓာကိုယ်အလေးချိန်ထက် နိမ့်ပြီး ၃% မှာ ချိနဲ့နေသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများ၏ အာဟာရ ပြည့်ဝမှု ဆိုင်ရာ ရလဒ်များနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များမှ မြို့ပြဒေသများရှိ အမျိုးသမီး ၅ဦးအနက်မှ တစ်ဦးမှာ ရှိသင့်သည့် ကိုယ်အလေးချိန်ထက်များနေခြင်း (သို့) အဝလွန်ခြင်း ဖြစ်နေကြောင်း တွေ့ရှိရပါသည်။ ကလေးသူငယ် အများစုမှ တစ်နေ့တာတွင် ရရှိရမည့် အစားအသောက် ကျွေးမွေးမှုသတ်မှတ်သည့် အကြိမ်အရေအတွက် ရရှိသည်ကို တွေ့ရှိရသော်လည်း ထိုကိန်းဂဏန်းမှာ ကလေးအသက် တစ်နှစ်ပြည့်ပြီးနောက် သိသိသာသာ လျော့ကျသွားပြီး အသက်အရွယ်လိုက် အုပ်စုများတွင် အာဟာရ အမယ်စုံလင်စွာ စားသုံးမှုမှာ လုံလောက်မှုမရှိသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် ဤနမူနာမှ ကလေးသူငယ် သုံးပုံတစ်ပုံသာ အသက်တစ်နှစ် ပြည့်ပြီးနောက် မိခင်နို့သောက်သုံးလျက်ရှိပါသည်။ မီးမဖွားမီနှင့် မီးဖွားပြီးနောက် မိခင်များအတွက် စောင့်ရှောက်မှုမှာလည်း လုံလောက်မှု မရှိသည်ကို တွေ့ရှိရပြီး အထူးသဖြင့် ဝေးလံခေါင်သီသည့် အရပ်ဒေသများတွင် နေထိုင်သည့် အမျိုးသမီးများအတွက် စောင့်ရှောက်မှု နိမ့်ကျသည်ကို တွေ့ရှိရပါသည်။ ပြည်နယ်အတွင်း လုံလောက်သည့် ကျန်းမာရေး ဆိုင်ရာ အဆောက်အဦများ လက်လှမ်းမီမှု မရှိခြင်းမှာ ကျန်းမာရေးစောင့်ရှောက်မှု ရယူသည့် အမူအကျင့်များအတွက် အဓိက အတားအဆီးသဖွယ်ဖြစ်နေကြောင်း အထူးပြု ဖော်ပြထားပါသည်။ |

| ထုတ်ဝေခဲ့သည့် စာတမ်းအမည်နှင့် ရေးသားပြုစုသူ | အကြောင်းအရာ |
|---|---|
| မြန်မာနိုင်ငံရှိ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ၎င်းတို့၏ သွယ်ဝိုက် ကုန်ကျစရိတ်များအကြောင်း ဆန်းစစ်လေ့လာချက်- အပိုင်း -၁<br><br>LIFT<br><br>အကြောင်းအရာ- အရပ်ဘက်လူမှု အဖွဲ့အစည်း | ရည်ရွယ်ချက်<br>အလွန်ရှားပါးသည့် ချွင်းချက်မှအပ ဒေသခံအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အလှူရှင်အဖွဲ့များကြားမှ အပြန်အလှန်ဆက်သွယ်မှုများမှ နိုင်ငံတကာ ကြားခံအဖွဲ့များမှ တဆင့်ချုပ်ဆိုသည့် ဆင့်ပွားခွဲဝေ လုပ်ကိုင်ခွင့် စာချုပ်များအပေါ်တွင် အခြေခံပါသည်။အချို့အရပ်ဘက် လူမှုလှုပ်ရှားဆောင်ရွက်သူများမှ နိုင်ငံတကာ ကြားခံအဖွဲ့များအနေဖြင့် ရင်းနှီးမြှုပ်နှံသူများထံမှ ပြန်လည်ရရှိသည့် သွယ်ဝိုက်စရိတ်များဖြင့် ၎င်းတို့၏ အဖွဲ့အစည်းများအား တစ်စိတ်တဒေသအားဖြင့် ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယူဆထားပါသည်။<br><br>၂၀၁၅ ခုနစ်တွင် LIFT မှ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းဆိုင်ရာ လမ်းညွှန်ကို ပြန်လည်ပြင်ဆင်ခဲ့ပြီး ဒေသခံ CSO များအပါအဝင် အကောင်အထည်ဖော်ဆောင်ရွက်သည့် အဖွဲ့အစည်းများအားလုံး အနေဖြင့် သွယ်ဝိုက်စရိတ်များအား ၎င်းတို့၏ ဘတ်ဂျက်ပေါ် အခြေခံ၍ အချိုးကျ မျှဝေကျခံရန်ဖော်ပြခဲ့ပါသည်။ ဤအစီရင်ခံစာတွင် သွယ်ဝိုက်စရိတ်များ၏ အကျိုးသက်ရောက်မှုများအား ရှာဖွေဖော်ထုတ် ဖြေရှင်းခဲ့သည့် CSO ၃၆ ဖွဲ့အား ကောက်ယူခဲ့သည့် စစ်တမ်းရလဒ်များကို ဆွေးနွေးတင်ပြထားပါသည်။<br><br>တွေ့ရှိချက်များ<br>စစ်တမ်းကောက်ယူခဲ့သည့် CSO အဖွဲ့ ၃၆ ဖွဲ့လုံးသည် LIFT ၏ တောင်တန်းဒေသ စီမံချက် မြို့နယ်ရန်ပုံငွေမှ ထောက်ပံ့ငွေ ရရှိသူများဖြစ်ခဲ့ပြီး LIFT၏ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းဆိုင်ရာ လက်စွဲတွင် သတ်မှတ်ထားသည့်အတိုင်း ၆% ကောက်ယူကာ သွယ်ဝိုက်စရိတ်များအားလုံးကို ပြန်လည်ရယူခဲ့ပါသည်။ CSO များအနက်မှ အဖွဲ့ ၃၀ အတွက် LIFT မှာ တစ်ခုတည်းသော ရန်ပုံငွေ ရင်းမြစ်ဖြစ်ပြီး CSO တစ်ခုတည်းကသာ သွယ်ဝိုက်စရိတ်များအား အခြားရင်းမြစ်မှ ပြန်လည်ရယူနိုင်ခဲ့ပါသည်။ စစ်တမ်းရလဒ်များအရ သွယ်ဝိုက်စရိတ်များက အဖွဲ့အစည်း စွမ်းဆောင်ရည် ဖွံ့ဖြိုးစေရန် အကူအညီဖြစ်နိုင်သည်ဟု ယူဆရသော်လည်း အများစုမှာ တိကျသည့် တွေ့ရှိချက်များထက် ပိုများသည့် မေးခွန်းများသာ ပေါ်ထွက်လာခဲ့ပါသည်။ ဤလေ့လာမှု ၏ အပိုင်း-၂ တွင် နမူနာပုံစံ အား ဒေသခံအဖွဲ့အစည်း ၈၀ ဖြင့် တည်ဆောက်မည်ဖြစ်ပြီး နောက်ဆက်တွဲ ဆောင်ရွက်ရမည့် မေးခွန်းများရှာဖွေခြင်းအပြင် နှင့် ကနဦး တွေ့ရှိချက်များအား စမ်းသပ်မည်ဖြစ်ပါသည်။ |
| မြန်မာနိုင်ငံ ချင်းပြည်နယ်ရှိ မြို့နယ် သုံးခုတွင် တန်ဖိုးမြှင့်ကွင်းဆက်များ ဖော်ဆောင်ရန် ကတိကဝတ်ပြုခြင်း<br><br>CRS<br><br>အကြောင်းအရာများ- စိုက်ပျိုးရေး၊ တန်ဖိုးမြှင့်ကွင်းဆက်၊ ကျေးလက်ဒေသ စီးပွားရေး | ရည်ရွယ်ချက်<br>ချင်းပြည်နယ်ရှိ တောင်သူများ၏ စိတ်ဝင်စားမှုမှာ ပြောင်းနှင့် ပဲအမျိုးမျိုးမှ ဈေးကွက်ဝင် သီးနှံများသို့ ပြောင်းသွားသည့်အခါ၊ တောင်သူများ၏ ပိုမိုကျယ်ပြန့်သည့် ဈေးကွက်ဆိုင်ရာ ကြိုးပမ်းမှုများ၊ အလားအလာများနှင့် စိန်ခေါ်မှုများအား နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ဤ လေ့လာမှုမှ ချင်းပြည်နယ်ရှိ မြို့နယ်သုံးမြို့နယ် - ဖလမ်း၊ ထန်တလန်နှင့် တီးတိန်မြို့နယ်များတွင် ရပ်ရွာမှ စိုက်ပျိုးသည့် သီးနှံအမျိုးမျိုး၏ တန်ဖိုးကွင်းဆက် တိုးမြှင့်နိုင်မည့် အလားအလာကို ရှာဖွေ ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။<br><br>တွေ့ရှိချက်များ<br>တောင်သူများသည် ဈေးကွက်တွင်ရှိသည့် ဈေးနှုန်းများနှင့် ကုန်သည်နှင့် ဆက်ဆံရေးတို့အပေါ် အားရကျေနပ်သည်ဟု ထင်မြင်ရသော်လည်း ဤလေ့လာမှုမှ စုပေါင်း ဈေးကွက်တင်ခြင်းနှင့် အခြေခံ တန်ဖိုးထပ်တိုးစေခြင်းဆိုင်ရာ ဖြစ်နိုင်ချေများနှင့် စပ်လျဉ်း၍ အတွေ့အကြုံဗဟုသုတမရှိခြင်းက ၎င်းတို့၏ ဝင်ငွေရရှိရန် အလားအလာအား ကန့်သတ်နေခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဤအခြေအနေကို အခြေခံ၍ လေ့လာမှုမှ ဝဥ၊ မျောက်ငိုသီး၊ ခရမ်းချဉ်၊ ကြက်သွန်၊စပျစ်နှင့် ပန်းမုန်လာကဲ့သို့ ဝင်ငွေရ သီးနှံများ၏ ထုတ်လုပ်မှုမတိုင်မီ၊ ထုတ်လုပ်ခြင်းနှင့် ထုတ်လုပ်ပြီးနောက်ပိုင်း ရှုထောင့်များအား အခြေခံ သုံးခုဖြစ်သည့် - အမြတ်အစွန်းရရှိမှု၊ ရပ်ရွာလူထု လုပ်ကိုင်နိုင်စွမ်းရှိခြင်းနှင့် သယံဇာတများအား ရေရှည်အသုံးပြုနိုင်မှုတို့၏ စွမ်းဆောင်နိုင်မှုကို တိုးမြှင့်စေရန် တောင်သူများနှင့်အတူ လုပ်ကိုင်နိုင်မည့် ထူးခြားသည့် အခွင့်အလမ်းများကို တွေ့ရှိခဲ့ပါသည်။ |
| မြေသြဇာရည်နှင့် မြေဖုံး အပင်ပစ္စည်းများဖြင့် ရေရှည် တည်တံ့သည့် စိုက်ပျိုးရေး - ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းကို အစားထိုးနိုင်မည့် နည်းလမ်းအား ရှာဖွေခြင်း<br><br>CORAD<br><br>အကြောင်းအရာများ- စိုက်ပျိုးရေး၊ ရာသီဥတုပြောင်းလဲခြင်း | ရည်ရွယ်ချက်<br>ချင်းပြည်နယ်ရှိ စိုက်ပျိုးရေးစနစ်များမှာ အခြေခံကျကျ ပြောင်းလဲလျက်ရှိပါသည်၊ မြန်မာနိုင်ငံရှိ ကျန်ဒေသများတွင် ဆန်စပါးသည်အဓိက စားသုံးသည့် သီးနှံဖြစ်နေသော်လည်း ချင်းပြည်နယ်ရှိ အိမ်ထောင်စုများအနေဖြင့် ဟင်းသီးဟင်းရွက်များနှင့် နှစ်ရှည်ခံပင်များအပေါ် အခြေခံ၍ ငွေကြေးဦးစားပေး စီးပွားရေးစနစ်သို့ ဦးတည်ကူးပြောင်းနေပြီ ဖြစ်ပါသည်။ ထို့အတူ ရေသွင်းစိုက်ပျိုးမှု တိုးတက်ဖွံ့ဖြိုးလာခြင်းနှင့် အိမ်ရာများတနေရာတည်းတွင် သိပ်သည်းစွာရှိနေခြင်းတို့က ရေအရင်းအမြစ်များအပေါ် ပိုမိုဖိအားဖြစ်စေပါသည်။ဤစိုက်ပျိုးရေး စနစ်အရွေ့များမှ ပြန်ရချက် ဆုတ်ယုတ်ခြင်းများနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ရုတ်သိမ်းသွားသည့် သံသရာများဖြစ်ပေါ်စေပါသည်။ ထိုအချင်းအရာအားတုံ့ပြန်ရန် ဤအစီရင်ခံစာမှ ထိုပြဿနာများအတွက် ရေရှည်တည်တံ့မည့် ဖြေရှင်းနည်းလမ်းများကို ရှာဖွေနိုင်မည့်အလားအလာရှိသည့် စိုက်ပျိုးရေးနည်းပညာများအား ဆွေးနွေးတင်ပြထားပါသည်။<br><br>တွေ့ရှိချက်များ<br>တောင်ယာခုတ်ထွင် မီးရှို့ရှင်းလင်းသည့် နည်းလမ်းနှင့်တွဲ၍ ကာလတို အလှည့်ကျ စိုက်ပျိုးရေး စနစ်သည် သစ်တော ဖုံးလွှမ်းဧရိယာအား ပြန်လည်ရှင်သန်ခြင်းမရှိတော့ဘဲ မြေဆီလွှာ အရည်အသွေးကိုလည်း ကျဆင်းစေပြီး၊ မြေဆီလွှာ တိုက်စားပြုန်းတီးခြင်းနှင့် သန့်ရှင်းသည့် ရေရရှိသည့် ကာလကိုလည်း တိုတောင်းစေပါသည်။ မြေသြဇာရည်နှင့် မြေဖုံး အပင်ပစ္စည်းများဖြင့် စိုက်ပျိုးနည်းမှာ ထုတ်လုပ်မှု ၄၀% ပိုလာသော ပိုမိုထိရောက်သည့် နည်းလမ်းဖြစ်ကြောင်း သက်သေပြခဲ့ပါသည်။ ဤနည်းလမ်းမှာ အလွန်အကျွံ တောင်ယာခုတ်ထွင် မီးရှို့ခြင်းကြောင့်ဖြစ်သည့် မြေဆီလွှာနှင့် သဘာဝပေါက်ပင် အရည် အသွေး နိမ့်ကျခြင်း တို့ကို လျော့ချနိုင်သည့် ရိုးရှင်းသည့် နည်းလမ်းဖြစ်ပြီး ပို၍ ရေရှည်တည်တံ့နိုင်ပါသည်။ |

| ထုတ်ဝေခဲ့သည့် စာတမ်းအမည်နှင့် ရေးသားပြုစုသူ | အကြောင်းအရာ |
|---|---|
| မြန်မာနိုင်ငံ ချင်းပြည်နယ် ဟားခါးမြို့နယ်တွင် တောင်ယာစနစ် ဆင့်ကဲဖြစ်စဉ် နှင့် စားသုံးသည့် အစာ<br><br>GRET<br><br>အကြောင်းအရာ- စိုက်ပျိုးရေး၊ လယ်ယာလုပ်ငန်းစနစ်များ၊ အာဟာရ | ရည်ရွယ်ချက်<br>ချင်းပြည်နယ်မှာ မြန်မာနိုင်ငံတွင်ရှိသည့် ပြည်နယ်နှင့်တိုင်းများအားလုံးတွင် ကြီးထွားမှု နှေးကွေးခြင်းနှုန်း အမြင့်မားဆုံးဖြစ်ပြီး အဆင်းရဲဆုံး အဆင့်သတ်မှတ်ခံရကာ စုစုပေါင်း လူဦးရေ၏ ၈၀% နီးပါးမှာ အသက်မွေးဝမ်းကျောင်းမှုအတွက် စိုက်ပျိုးရေးကို မှီခိုနေရသောကြောင့် ဤဒေသတွင်ရှိသည့် လယ်ယာလုပ်ငန်းစနစ်များအား သဘောပေါက် နားလည်ရန် လိုအပ်ပါသည်။ ထို့ပြင် ချင်းပြည်နယ် ဟားခါးရှိ ကျေးလက်နေ အိမ်ထောင်စုများ၏ လယ်ယာလုပ်ငန်းစနစ်များမှာ ကိုလိုနီခေတ်မတိုင်မီကတည်းက လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး မောင်းနှင်အားများကြောင့် တဆင့်ချင်း ပြောင်းလဲလာခဲ့ပါသည်။ ထိုသို့သော အခြေအနေတွင် ဤလေ့လာမှုမှ လယ်ယာလုပ်ငန်းစနစ်များ၏ ပြောင်းလဲမှု ဖြစ်စဉ်ကို သမိုင်းနောက်ခံအမြင်ဖြင့် ဆန်းစစ်လေ့လာပြီး ဂေဟစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးသည့် ထွက်ကုန်မျိုးကွဲများ အပေါ် သက်ရောက်မှု အလားအလာများကို ဆန်းစစ် လေ့လာပါသည်။<br><br>တွေ့ရှိချက်များ<br>ဤလေ့လာမှုမှ စိုက်ပျိုးရေးဆိုင်ရာ အလေ့အထများနှင့် စားသောက်ပုံတို့ကို လေ့လာရာတွင် သမိုင်းကြောင်းများကို မေးမြန်းခြင်း၊ စီးပွားရေးဆိုင်ရာ၊ အရည်အသွေး နှင့် အရေအတွက် ဆန်းစစ်သည့် မေးမြန်းမှုများ နှင့် ဒေသခံ တောင်သူများနှင့် ဂေဟ စိုက်ပျိုးဇုန်များ ဆောင်ရွက်ခြင်းတို့ ပါဝင်သည့် ပေါင်းစပ်နည်းလမ်းများသုံးသည့် တိုင်းရင်းသား လူမျိုးစုဆိုင်ရာ ချဉ်းကပ်နည်းလမ်း ကို အသုံးပြုပါသည်။ ဤလေ့လာမှုမှ လုပ်သား အင်အား လျော့ကျမှု၊ ဆန်ဦးစားပေး စားသုံးမှု နှင့် ဒေသခံတို့ အသုံးပြုနေကျ မူလ လယ်ယာလုပ်ငန်း စနစ်ကို ရှေးရိုးစွဲလိုခြင်းတို့ကို တုံ့ပြန်ရန် ရွှေ့ပြောင်းတောင်ယာစနစ်ကို လျော့ချခြင်းနှင့် ထွန်ယက်စိုက်ပျိုးခြင်းအား ရိုးရှင်းလွယ်ကူစေသည့် ပုံစံသို့ ပြောင်းလဲခြင်းတို့ကို လေ့လာဖော်ထုတ်ခဲ့ပါသည်။ ထို့အတူ ဝင်ငွေရ သီးနှံထုတ်လုပ်မှု တိုးတက်လာပြီး သစ်သီးခြံများ ဝဥစိုက်ခင်းများကဲ့သို့ လုပ်သားအင်အား အများအပြားမလိုသည့် စိုက်ပျိုးရေးနည်းလမ်းများ ပိုမို လူကြိုက်များလာခဲ့ပါသည်။ |
| ဟားခါး ချင်းမြေယာ နှင့် သယံဇာတ လုပ်ပိုင်ခွင့်တို့တွင် မဆုတ်မနစ် ကြိုးစားခြင်းနှင့် ပြောင်းလဲမှု- ဟားခါး မြို့စွန်မြို့ဖျားရှိ မြေယာဆိုင်ရာ လူပ်ရှားပြောင်းလဲမှုများအား လေ့လာခြင်း<br><br>GRET<br><br>အကြောင်းအရာ- မြေယာလုပ်ကိုင်ခွင့်၊ မူဝါဒ | ရည်ရွယ်ချက်<br>ချင်းပြည်နယ်သည် မြေမျက်နှာသွင်ပြင် ကြမ်းတမ်းပြီး ဝေးလံသီခေါင်သည့် ဒေသဖြစ်ပြီး နေထိုင်သူ အများစုသည် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူခြင်းအား ၎င်းတို့၏အသက်မွေးဝမ်းကျောင်းမှုအတွက် မရှိမဖြစ် မှီခိုအားထားနေကြရပါသည်။လွန်ခဲ့သည့် ဆယ်စုနှစ်များ ကတည်းက ဆောင်ရွက်ဆဲဖြစ်သည့် မြေယာ ပြုပြင်ပြောင်းလဲမှုများနှင့် နှစ်ပေါင်းများစွာ ပြင်ပသို့ ရွှေ့ပြောင်းသွားလာခြင်းတို့ဖြင့် ပြည်နယ်အတွင်း မြေယာလုပ်ကိုင်ခွင့်နှင့် သက်ဆိုင်သည့် မေးခွန်းသစ်များများစွာ ထွက်ပေါ် လာခဲ့ပါသည်။ ဤအစီရင်ခံစာ မှ ချင်းပြည်နယ်ရှိ တစ်ဦးချင်း နှင့် ရပ်ရွာလူထု မှ ရင်ဆိုင်နေရသည့် လက်ရှိပြဿနာများအား နားလည်သဘောပေါက်ရန် ကြိုးပမ်းမှုအနေဖြင့် ကိုလိုနီခေတ်မှစ၍ ပစ္စုပန် အထိ ဟားခါးမြို့နယ်ရှိ မြေယာလုပ်ကိုင်ခွင့် စနစ်များအား လေ့လာခဲ့ပါသည်။ မြန်မာနိုင်ငံတွင် မကြာသေးမီက ပြောင်းလဲလိုက်သည့် VFV မြေယာဥပဒေနှင့် အခြား တိုးတက်မှုများဆိုင်ရာ အပြောင်းအလဲများကို ထည့်သွင်းစဉ်းစားခြင်းဖြင့် အစဉ်အလာ မြေယာလုပ်ကိုင်ခွင့်စနစ်များအား နားလည်သဘောပေါက်ရန်မှာ အမျိုးသားအဆင့်တွင် ငြိမ်းချမ်းရေးနှင့် နားလည်မှုဆီသို့ တက်လှမ်းရန် အတွက် အလွန်အရေးကြီးသည့် အချက်ဖြစ်ပါ သည်။<br><br>တွေ့ရှိချက်များ<br>ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနေသည့် အလေ့အကျင့် တော်တော်များများသည် လက်ရှိ ဥပဒေ မူဘောင် နှင့် အံဝင်မှုမရှိတော့ဘဲ ချင်းပြည်နယ်ရှိ ကျေးရွာသူကျေးရွာသားများ အသုံးပြုနေသည့် မြေယာနှင့် သယံဇာတအများစုမှာ တရားဝင် အသုံးပြုခွင့်မရှိကြချေ။ သို့ဖြစ်၍ ဟားခါးမြို့နယ်တွင် မြို့ပြနှင့် အနီးတဝိုက်နေရာများ၌ မြေယာလုပ်ပိုင်ခွင့်စနစ်များ ပြိုင်ဆိုင်မှုမှ ပြဋ္ဌာန်းချက် ဥပဒေနှင့် ဓလေ့ထုံးတမ်းဥပဒေများကြား ပဋိပက္ခများ ဖြစ်ပေါ် စေခဲ့ပါသည်။ ပြောင်းလဲခြင်းနှင့် လိုက်လျော ညီထွေဖြစ်စေခြင်းတို့အတွက် နေရာပေးရန် ဓလေ့ထုံးတမ်း အစဉ်အလာ မြေယာစနစ်များအား တရားဝင်ဖြစ်စေရန် အတွက် ဆောင်ရွက်ရန်နှင့် ရှိပြီးသား အခွင့်အရေးများနှင့် မြေယာလုပ်ပိုင်ခွင့် အမျိုးမျိုးတို့အား ပေါင်းစပ်စုစည်းရန် လိုအပ်ပါသည်။ အသက်မွေးဝမ်းကျောင်းမှုကို ပြောင်းလဲ စေရန်နှင့် မြေယာအသုံးချမှုကို စနစ်တကျ အတည်ပြုပေးမည့် ကောင်းမွန်သည့် စည်းမျဉ်း စည်းကမ်းများက ပဋိပက္ခများကို လျော့ကျစေနိုင်မည့် သဘောထားအမြင် ကွာဟမှုများကိုလည်း ကူညီဖြေရှင်းပေးနိုင်မည် ဖြစ်ပါသည်။ ရေရှည်တည်တံ့သည့် သယံဇာတ စီမံခန့်ခွဲရေးနှင့် မြေယာ အကောင်းဆုံး အသုံးချရေးတို့ သေချာစေရန် အားလုံးပါဝင်သည့် ရပ်ရွာလူထု အစုအဖွဲ့ပိုင်မြေယာ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်တစ်ရပ် လိုအပ်လျက် ရှိနေပါသည်။ |

| ထုတ်ဝေခဲ့သည့် စာတမ်းအမည်နှင့် ရေးသားပြုစုသူ | အကြောင်းအရာ |
|---|---|
| နေအိမ်သုံးရေအတွက် ပုဂ္ဂလိကနှင့် ကျေးရွာမှ စီမံသည့် ရေပေးဝေရေးဆိုင်ရာ စီးပွားရေး<br><br>M-CRIL<br><br>အကြောင်းအရာ- စိုက်ပျိုးရေး၊ WASH | ရည်ရွယ်ချက်<br>ဤလေ့လာမှုမှ အပူပိုင်းဇုန်တွင် ပြည်သူလူထုစီမံခန့်ခွဲသော ရေပေးဝေရေးစနစ်များ၏ စရိတ်ထိရောက်မှုကို ရှာဖွေဖော်ထုတ်ပါသည်။ ဤလေ့လာမှုမှ ရရှိသည့် အချက်အလက်များအား WASH အတွက် အထောက်အကူဖြစ်စေရန် အသုံးပြုနိုင်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးစီမံချက်များ၏ အစိတ်အပိုင်းဖြစ်သော ရပ်ရွာလူထုအနေဖြင့် ရင်းမြစ်များအား စီမံခန့်ခွဲရာတွင် သင့်တော်သည့် ရေအရင်းအမြစ်နှင့် ကောင်းမွန်သည့် လမ်း ကြောင်းများကို ရွေးချယ်ရာတွင် အထောက်အကူပြုရန် အသုံးပြုနိုင်ပါသည်။ ရည်ရွယ်ချက်မှာ ပုဂ္ဂလိကနှင့် ကျေးရွာမှ ဆောင်ရွက်နေသည့် ရေပေးဝေရေး စနစ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စုစည်းပြီး အလားအလာရှိသော ရင်းနှီးမြှုပ်နှံသူများနှင့် ရပ်ရွာလူထု စီမံခန့်ခွဲသည့် ရေပေးဝေရေးစနစ် အကောင်အထည်ဖော်ရန်အတွက် ကျေးလက်ဒေသတွင် ငွေကြေးဝန်ဆောင်မှုပေးသူများထံ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးပေးရန် ဖြစ်ပါသည်။<br><br>တွေ့ရှိချက်များ<br>သုတေသနဆောင်ရွက်သည့် ကျေးရွာများတွင် ပြည်သူလူထုစီမံခန့်ခွဲသော ရေပေးဝေရေး စနစ်များသည် အဓိက ရေပေးဝေသူများ ဖြစ်လာကြပါသည်။ ရလဒ်များအရ ထိရောက်သည့် စီမံခန့်ခွဲမှုနှင့် လုပ်ငန်းလည်ပတ်မှုတို့အတွက် စွမ်းဆောင်ရည် တည်ဆောက်ခြင်း၊ ရေပေးဝေရေး စနစ်များအား နည်းပညာအရ စစ်ဆေးခြင်း၊ စံ အတိုင်းအတာများ မိတ်ဆက်ခြင်း/သတ်မှတ်ခြင်း၊ သန့်စင်သည့်ရေ လက်လှမ်းမီရန် အကန့်အသတ်ရှိသည့် နေရာများတွင် ပုဂ္ဂလိက လုပ်ငန်းရှင်များအား ပိုမို လုပ်ကိုင်လာစေခြင်းတို့ အပါအဝင် ပြည်သူလူထုစီမံခန့်ခွဲသော ရေပေးဝေရေးစနစ်များ အောင်မြင်စေမည့် လက်တွေ့လမ်းညွှန်များကို  ဖော်ထုတ်ပေးပါသည်။ ရေပေးဝေရေး စနစ်ကို ဖွဲ့စည်းတည်ဆောက်နိုင်ရန်အတွက် ချေးငွေများကို ထိရောက်စွာ ပြန်ဆပ်နိုင်မည့် အနိမ့်ဆုံး ကောက်ခံရမည့် အဖိုးအခများအားပြသပြီး ငွေကြေးဆိုင်ရာ ဖြစ်နိုင်ချေ ရှိသည့် ဖြစ်ရပ် တစ်ချို့ကိုလည်း တင်ပြထားပါသည်။ |
| မှတ်သုံရာသီ အစောပိုင်းတွင် အပူပိုင်းဇုန်ရှိ စီးပွားရေးအရ အရေးကြီးသည့် သီးနှံများအား ရေစုပ်စက်အသုံးပြု ၍ ရေသွင်းစိုက်ပျိုးခြင်း၏ စရိတ်-အကျိုးအမြတ် ဆန်းစစ်ချက်<br><br>M-CRIL<br><br>အကြောင်းအရာများ- ရေသွင်းစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေး | ရည်ရွယ်ချက်<br>ဤလေ့လာမှုမှ အပူပိုင်းဇုန်တွင် ရာသီဥတုနှင့် သဟဇာတ ဖြစ်သော စိုက်ပျိုးရေး၏ အစိတ်အပိုင်းအဖြစ် မိုးရေအားကိုး သီးနှံစိုက်ပျိုးမှုတွင် ထိရောက်သည့် ရေစီမံခန့်ခွဲခြင်း၏ သက်ရောက်မှုကို လေ့လာခဲ့ပါသည်။ အပူပိုင်းဇုန်ရှိ လယ်သမားများအတွက် သီးနှံ ထုတ်လုပ်ရာတွင် ဆုံးရှုံးနိုင်ချေ လျှော့ချနိုင်မည့် ပမာဏကို သုံးသပ်ခြင်းနှင့် မုတ်သုန်ရာသီတွင် ရေစုပ်စက် အသုံးပြုခြင်း၏ ကောင်းကျိုး နှင့် ဆိုးပြစ်များဆိုင်ရာ အချက်အလက်များအား ရယူခြင်းသည် စိုက်ပျိုးရေးနှင့် သီးနှံပုံစံ ရွေးချယ်နိုင်ရန် နှင့် ရေသွင်းစိုက်ပျိုးရေးအတွက် ယေဘုယျ ချဉ်းကပ်နည်းလမ်းများအား အသိပေးနိုင်မည် ဖြစ်ပါသည်။<br><br>တွေ့ရှိချက်များ<br>ဤလေ့လာမှုမှ ယေဘုယျတွေ့ရှိချက်များသည် တောင်သူများအနေဖြင့် သီးနှံ မအောင်မြင်မှုကြောင့် ဆုံးရှုံးနိုင်ချေများအား သိသိသာသာ လျှော့ချနိုင်သည်ကို ဖော်ပြခဲ့ပြီး သို့ဖြစ်၍ တောင်သူများအနေဖြင့် လိုက်ဖက်သည့် သီးနှံရွေးချယ်မှုနှင့် သင့်လျော်သည့် အသုံးပြုမှုတို့ရှိပါက မုတ်သုန်ရာသီ ကွာဟချက်ကာလတွင် မုတ်သုံသီးနှံများအား လက်လှမ်းမီပြီး အချိန်နှင့် တပြေးညီရေသွင်း စိုက်ပျိုးနိုင်ခဲ့လျှင် ရလဒ်ကောင်းများ သေချာစွာ ရရှိနိုင်မည်ကို သဘောပေါက်နိုင်မည်ဖြစ်သည်။ သို့သော်လည်း အပူပိုင်းဇုန်ရှိ တောင်သူအများစုမှာ ရေသွင်းစိုက်ပျိုးစနစ်များ တပ်ဆင်ရန် ရန်ပုံငွေ မရှိသလို သင့်တော်သည့် ငွေကြေးဆိုင်ရာအထောက်အကူပေးခြင်းများအားလည်း လက်လှမ်းမီခြင်းမရှိပါ။ ဆည်မြောင်းစနစ်ကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ထိုတောင်သူများအား အထောက်အပံ့ပေးခြင်းသည် အထွက်နှုန်းပိုကောင်းလာခြင်းနှင့် အခွင့်အလမ်းများ ပိုမို ကောင်းမွန်လာခြင်း ရလဒ်များ ရရှိစေနိုင်မည် ဖြစ်ပါသည်။ |
| တိမ်မြုပ်နေသော ဖြည့်ဆည်းရန် ကွက်လပ်များ<br><br>GEN<br><br>အကြောင်းအရာများ- ကျား၊မ ရေးရာ၊ မူဝါဒ | ရည်ရွယ်ချက်<br>အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဥပဒေ မူကြမ်း ရေးဆွဲရာတွင် အမျိုးသမီးများအတွက် ပိုမိုကောင်းမွန်စွာ စောင့်ရှောက်ပေးနိုင်ရန် ပထမဦးစွာ တည်ဆဲဥပဒေများမှ ဖြေရှင်းဆောင်ရွက်ရမည့် ကွာဟချက်များအားသိရှိရန် အရေးကြီးပါသည်။ ဤစာအုပ်မှ အမျိုးသမီးများအား အကြမ်းဖက်မှုကို ဥပဒေဖြင့် တားဆီးနိုင်ရန်အတွက် ဥပဒေတွင် ထည့်သွင်းနိုင်ရန် အချက်များအား ပံ့ပိုးပေးထားပြီး အမျိုးသမီးများအား အကာအကွယ်ပေးရန်နှင့် အကြမ်းဖက်ခြင်းခံရသူများအား အကူအညီပေးရန် မည်သည့်အတွက်ကြောင့် ဤဥပဒေလိုအပ်သည်ကို ဆွေးနွေးထားပါသည်။<br><br>တွေ့ရှိချက်များ<br>ပထမဆုံးနှင့် အရေးကြီးသည့် ခြေလှမ်းမှာ အမျိုးသမီးများအား အကြမ်းဖက်မှုကို အဓိပ္ပါယ်ဖွင့်ရန် ဖြစ်ပါသည်။ ရှင်းလင်းတိကျသည့် အဓိပ္ပါယ်ဖွင့်ဆိုချက် အား ဥပဒေတွင် ထည့်သွင်းနိုင်မှသာ ဥပဒေဖြင့် အရေးယူနိုင်မည်ဖြစ်သည်။ လက်ရှိ အစိုးရမှ အတည်ပြုရန် စဉ်းစားနေသည့် ဥပဒေကြမ်းမှာ မိမိနှင့် ရင်းနှီးစွာအတူရှိနေသူချင်း အကြမ်းဖက်ပြုမူမှု၊ အိမ်ထောင်ဖက်မှ မုဒိမ်းကျင့်မှု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ နောက်ယောင်ခံလိုက်၍ နှောင့်ယှက်ခြင်း၊ လုပ်ငန်းခွင်နှင့် အများပြည်သူသွားလာသည့် နေရာများတွင် နှောင့်ယှက်ခြင်းနှင့် ရိုးရာ ဓလေ့ထုံးတမ်းများအရ အကြမ်းဖက်ခြင်းတို့အပါအဝင် အမျိုးသမီးများအား အကြမ်းဖက်မှုမျိုးစုံမှ ကာကွယ်နိုင်ရန်  ထည့်သွင်းရေးဆွဲထားပါသည်။ ဤဥပဒေကြမ်းအား အစိုးရမှ အတည်ပြုပြီး ဥပဒေတစ်ရပ် ပြဋ္ဌာန်းရန် အရေးတကြီး လိုအပ်ပါသည်။ |

| ထုတ်ဝေခဲ့သည့် စာတမ်းအမည်နှင့် ရေးသားပြုစုသူ | အကြောင်းအရာ |
|---|---|
| ကျား၊မ အခြေပြု အကြမ်းဖက်မှုကို တွေ့ကြုံခံစားရသူများအတွက် မြန်မာနိုင်ငံရှိ ဝန်ဆောင်မှုများ<br><br>GEN<br><br>အကြောင်းအရာ- ကျား၊မ ရေးရာ၊ ကျား၊မ အခြေပြု အကြမ်းဖက်မှု | ရည်ရွယ်ချက်<br>မြန်မာနိုင်ငံသည့် ထီးတည်းနေထိုင်ခြင်းမှ ရုန်းထွက်လာသည့်အချိန်တွင် နိုင်ငံအတွင်းရှိ ကျား၊မ အခြေပြု အကြမ်းဖက်မှု ကိစ္စရပ်များကို ဖြေရှင်းရန် မူဝါဒနှင့် ဥပဒေမူဘောင်များ စတင်တည်ထောင်ရန် လိုအပ်ပါသည်။ အစိုးရအဖွဲ့အစည်းများ၊ CSOများနှင့် ကုလသမဂ္ဂများသည် ကျား၊မ ရေးရာ ကိစ္စရပ်များအား တုံ့ပြန်ဆောင်ရွက်နိုင်ရန် စတင် ပူးပေါင်းလုပ်ဆောင်လာကြပြီး ဤ လေ့လာမှုမှ ကျား၊မ အခြေပြု အကြမ်းဖက်မှုခံရသူများအတွက်ရနိုင်မည့် ရင်းမြစ်များကို ဖော်ထုတ်ရန် ရည်ရွယ်ပါသည်။ အဆိုပါ ရင်းမြစ်များသည် အကြမ်းဖက်ချင်းခံရသူများ၏ လိုအပ်ချက်များနှင့် ၎င်းတို့ ရင်ဆိုင်ရသည့် စိန်ခေါ်မှုများအား တိုက်ရိုက်တုံ့ပြန်နိုင်ရန်လည်း အရေးကြီးပါသည်။<br><br>တွေ့ရှိချက်များ<br>မြန်မာနိုင်ငံတွင် ကျား၊မ အခြေပြု အကြမ်းဖက်မှုခံရသူများ ရင်ဆိုင်နေရသည့် ကွက်လပ်များနှင့် စိန်ခေါ်မှုများ အများအပြား ရှိပါသည်။ ယင်းတို့တွင်  - အမျိုးသမီးများ ညှင်းပန်းနှိပ်စက်ခံရခြင်းကို ထုတ်ဖော်ပြောဆိုခြင်းနှင့် ဆက်ဆံရေးမှ ရုန်းထွက်ခြင်းတို့မှ ဟန့်တားထားသည့် ရှေးရိုးစွဲ ယဉ်ကျေးမှုနှင့် လူမှုရေး စံများ၊ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက် အကန့်အသတ်ရှိခြင်း၊ ခိုလှုံရန်နေရာများအား လက်လှမ်းမီမှု အကန့်အသတ်ရှိခြင်း၊ ကျန်းမာရေးကဏ္ဍတွင် လုပ်ထုံးလုပ်နည်းများ မရှိခြင်း၊ ဝန်ဆောင်မှုများ၏ စရိတ်များနှင့် အခြား အကြောင်းအရာများစွာ ပါဝင်ပါသည်။ အစိုးရ နှင့် CSO များ သည် မြန်မာနိုင်ငံတွင် ကျား၊မ အခြေပြု အကြမ်းဖက်မှုကို တားဆီးကာကွယ်ရန် ကြိုးပမ်းမှုများ စတင် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ သို့သော်လည်း ထိုကြိုးပမ်းမှုများအား ပေါင်းစပ်ညှိနှိုင်းရန် ထိရောက်သည့် ယန္တရားတစ်ရပ် ရှိထားရန် လိုအပ်ပြီး ကြိုးပမ်းမှုများသည်လည်း အကြမ်းဖက်ခံရသူ ဗဟိုပြု ချဉ်းကပ်သည့် နည်းလမ်းဖြစ်ရန် လိုပါသည်။ ဤအခြေအနေတွင် အရေးကြီးသည့်ခြေလှမ်းမှာ  လက်ရှိ ဥပဒေပြုသူများ စဉ်းစားနေဆဲဖြစ်သည့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းအား အတည်ပြုရန် လိုပါသည်။ |
| အကြမ်းဖက်မှု ၁၀၀<br><br>GEN<br><br>အကြောင်းအရာများ- ဖြစ်ရပ်မှန် လေ့လာမှုများ၊ ကျား၊မ အခြေပြု အကြမ်းဖက်မှု | ရည်ရွယ်ချက်<br>ဤ စာအုပ်မှ တရားမျှတမှု လက်လှမ်းမီရရှိရန် အမျိုးသမီးများနှင့် ကလေးသူငယ်များ မကြာခဏ ရင်ဆိုင်ရတဲ့ အတားအဆီးများနှင့် အခက်အခဲများအား မီးမောင်းထိုးပြ ထားပါသည်။ ဤစာအုပ်၏ ရည်ရွယ်ချက်မှာ အဆိုပါ စိန်ခေါ်မှုများနှင့် ပတ်သက်၍ အများပြည်သူတို့ ပိုမိုသိမြင်လာစေရန်နှင့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန် ဖြစ်ပါ သည်။ ဤစာအုပ်တွင် ညှင်းပန်းနှိပ်စက်ခြင်းအကြောင်းမျှသာမကဘဲ  ညှင်းပန်းနှိပ် စက်ခံခဲ့ရ သူများအတွက် မှန်ကန်သည့် ပြန်လည်ထူထောင်ရန် နည်းလမ်းမရှိခြင်းတို့ကို ညွှန်ပြသည့် အသေးစိတ်အချက်များက အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရန်၊ သူတို့အတွက် တရားမျှတမှုကို ရှာဖွေရန်နှင့် တရားစီရင်ရေး နည်းလမ်းများအား ပိုမို ကောင်းမွန်အောင် ဆောင်ရွက်ရန်အတွက် ရှင်းလင်းပြတ်သားသည့် လိုအပ်ချက်ဖြစ်ကြောင်း ပြသနေပါသည်။<br><br>တွေ့ရှိချက်များ<br>မြန်မာနိုင်ငံရှိ မတူညီသော လိင်ပိုင်းဆိုင်ရာ၊ ခန္ဓာကိုယ်၊ စိတ်ပိုင်းဆိုင်ရာနှင့် အိမ်တွင်း အကြမ်းဖက်မှု အမျိုးပေါင်း ၁၀၀ ကို ဖော်ပြထားပါသည်။  အဆိုပါ စိတ်အနှောင့်အယှက် ဖြစ်စရာအဖြစ်အပျက်များမှ မြန်မာနိုင်ငံတွင် လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုနှင့် အကြမ်းဖက်မှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်းနှင့်  ဤပြဿနာကို ရင်ဆိုင်ကျော်လွှားရာတွင် ဖုံးကွယ်ထားခြင်း မပြုဘဲ ပထမဆုံး အဆင့်အနေဖြင့် ပွင့်လင်းစွာ တိုင်ပင်သင့်ကြောင်း ပြသနေပါသည်။ |
| မြန်မာနိုင်ငံရှိ မသန်စွမ်းများနှင့် သက်ကြီးရွယ်အိုများ အခြေအနေ ဆန်းစစ်ချက်<br><br>အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့<br><br>အကြောင်းအရာများ- လူမှုကာကွယ်စောင့်ရှောက်ခြင်း၊ မသန်စွမ်း | ရည်ရွယ်ချက်<br>ကုလသမဂ္ဂ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်မှ မသန်စွမ်းမှုအား ကျန်းမာရေးဆိုင်ရာ အခြေအနေမဟုတ်ဘဲ ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ၎င်းတို့၏ ပတ်ဝန်းကျင်ကို အကန့်အသတ်ဖြစ်စေမည့် အခြေအနေမှ ဖြစ်ပေါ်လာသည့် လူမှုရေးရာတည်ဆောက်ခြင်းဟု အသိအမှတ်ပြုပါသည်။ထို့အပြင် မသန်စွမ်းမှုအား ဘဝသက်တမ်း တစ်လျှောက်လုံး၏ အလားအလာရှိသည့် အစိတ်အပိုင်းဟု ရှုမြင်သင့်ပါသည်။ မေ့လျော့ခံ ပြည်သူများ၏ လိုအပ်ချက်များ ဖြည့်ဆည်းရန် ရင်းမြစ်များ အကန့်အသတ်ရှိနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် မသန်စွမ်းခြင်းအား လူမှုရေးရာ တည်ဆောက်ခြင်း ရှုထောင့်မှ စတင်ချဉ်းကပ်နေပြီ ဖြစ်ပါသည်။ မသန်စွမ်းဆိုင်ရာ သတင်းအချက်အလက်များသည် ကျန်းမာရေးရှုထောင့်မှသာ ထွက်ပေါ်လာခြင်း ဖြစ်သဖြင့် မသန်စွမ်းဆိုင်ရာနှင့် သက်ကြီးဆိုင်ရာမူဝါဒများ လုံးဝနီးပါး သီးခြားစီ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသဖြင့် နှစ်မျိုးစလုံးအတွက် များစွာ အကျိုးမဲ့စေပါသည်။<br><br>တွေ့ရှိချက်များ<br>မြန်မာနိုင်ငံတွင် မသန်စွမ်းဆိုင်ရာ အချက်အလက်များမှာ အလွန်ရှားပါးပြီး ကွာဟချက်ကြီးမားသဖြင့် ယုံကြည်နိုင်ခြင်း မရှိပါသည်။ ထို့ပြင် သက်ကြီးများနှင့် အဓိက သက်ဆိုင်သည့် အခြေအနေဟု ရှုမြင်သဖြင့် အသက်ငယ်ရွယ်သူ မသန်စွမ်းများနှင့် ပတ်သက်သည့်အချက်များ ထုတ်ဖော်မှု နည်းပါးခြင်းကို ဦးတည်နေပါသည်။ မြန်မာနိုင်ငံတွင် မသန်စွမ်းခြင်းအား ဆောင်ရွက်ဆဲ တားဆီးကာကွယ်ခြင်းကို အာရုံစိုက်မှု မရှိခြင်း၊ ကောင်းမွန်သည့် ကျန်းမာရေး စောင့်ရှောက်မှု အခြေခံအဆောက်အဦ မရှိခြင်းနှင့် မသန်စွမ်းများအား မည်သို့ ဆက်ဆံရမည်ဟူသော သက်ဆိုင်သည့် အသိအမြင် မရှိခြင်းတို့နှင့် ဆက်စပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံရှိ မသန်စွမ်းများအတွက် အထူးသဖြင့် အသက်ကြီးသူများအတွက် အရေးအကြီးသည့်အချက်မှာ ကာကွယ်ရေးနှင့် ကုသရေး အစီအစဉ်များတွင် အစိုးရနှင့် အလှူရှင်အဖွဲ့များက ၎င်းတို့၏ ကြိုးပမ်းမှုများနှင့် ရင်းမြစ်များအား ပြန်လည်အာရုံစိုက်ရန်နှင့်  ချက်ချင်းဆောင်ရွက်ရန်  လိုအပ်ပါသည်။အဘယ်ကြောင့်ဆိုသော် အသက်ကြီးသူများက ရပ်တန့်စောင့်ဆိုင်းနေမည် မဟုတ်သော ကြောင့် ဖြစ်ပါသည်။ |

၁၀.၈

# LIFT ၏ ပြောင်းလဲမှုဆိုင်ရာ သီအိုရီ



## အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ

UNOPS ရန်ပုံငွေ စီမံခန့်ခွဲမှုရုံး
အမှတ် ၁၂ (အို)၊ ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
ဖုန်း ။ ။ ၀၁ - ၆၅၇ ၂၈၀~၇၊ ဖက်စ် ၀၁ - ၆၅၇ ၂၇၉
အီးမေးလ် ။ ။ lift@unops.org
lift-fund.org | facebook.com/liftfund | twitter.com/liftfund

LIFT ကို ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံးမှ စီမံခန့်ခွဲသည်။